ဝိပဿနာတရားတော်

သီတဂူဆရာတော်

ဒေါက်တာအရှင်ဉာဏိဿရ

(အဂ္ဂမဟာပဏ္ဍိတ ၊ D.Litt, Ph.D)



သီတဂူကမ္ဘာဗုဒ္ဓတက္ကသိုလ်

သုတေသနနှင့် ကျမ်းပြုဌာန မှ စီစဉ် ပုံနှိပ်ထုတ်ဝေသည်။

သာသနာ - ၂၅၅၄ ကောဇာ - ၁၃၇၂ ခရစ် - ၂၀၁၀


သီတဂူမဓမ္မစာစဉ် (၁၆၅)

ဝိမုတ္တိကသုတ္တန်တရားတော်

သီတဂူဆရာတော်

ဒေါက်တာအရှင်ဉာဏိသရ

(အဂ္ဂမဟာပဏ္ဍိတ၊ D.Litt, Ph.D)



သီတဂူကမ္ဘာဓုဒ္ဓတက္ကသိုလ်

သုတေသနနှင့် ကျမ်းပြုကွာန မှ စီစဉ် ပုံနှိပ်ထုတ်ဝေသည်။

သာသနာ - ၂၅၅၄ ဂေဟာ - ၁၃၇၂ ခရစ် - ၂၀၁၀

နိဒါန်း

လူသုံးပါးတို့၏ ကိုးစားရာအစစ်ဖြစ်ကြီးဖြစ်တော်မူသော မြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်တော်ကို စိုးယူပိုင်သ လက်ကိုင်ရတော်မူပြီးသော အခါမှစ၍ ပရိနိဗ္ဗာန်ဝင်စံတော်မူသည့်အထိ (၄၅)နှစ်ပတ်လုံး ပြဟ္မာ နတ်လူ သုံးဘုံသူတို့အား တရားအမြိုက်ဆေးကို တိုက်ကျွေးတော်မူခဲ့လေသည်။ ထိုသို့(၄၅)ဝါပတ်လုံး ဟောကြားတော်မူအပ်သော တရားတော်တို့သည်၊ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင်မကအောင်ပင် များမြောင်လှကုန်၏၊ ထိုသို့ဓမ္မက္ခန္ဓာအနေအားဖြင့် များမြောင်လှသော်လည်း ထိုတရားတော်တို့၏ ဦးတည်ချက်ကာ ဝိသုဒ္ဓိ (စင်ကြယ်ရေး)နှင့် ဝိမုတ္တိ (ကိလေသာမှလွတ်မြောက်ရေး) တစ်ခုတည်းသာဖြစ်လေသည်။ ဝိသုဒ္ဓိနှင့်ဝိမုတ္တိကိုဦးတည်၍ ဟောအပ်သောတရားတော်တို့တွင် သုတ္တန္တပိဋကတ မဇ္ဈိမနိကာယ် မူလပဏ္ဏာသ ပါဠိတော် ဩပမ္မဝဂ်၌လာရှိသော ဝမ္မိကသုတ်တော်လည်း တစ်သုတ်အပါအဝင်ဖြစ်ပေသည်။

သိမ်မွေ့နက်နဲခက်ခဲသော ဓမ္မက္ခန္ဓာ

မြတ်ဘုရားဟောကြားတော်မူခဲ့သည့် ဓမ္မက္ခန္ဓာများသည် အထူးထူးသောနည်းတို့ဖြင့် သိမ်မွေ့နက်နဲခက်ခဲသောကြောင့်-(၁) အာဒီကလျာဏ-(အစ၏ကောင်းခြင်း)။ (၂)မဇ္ဈေကလျာဏ-(အလယ်၏ကောင်းခြင်း)။ (၃) ပရိယောသာန ကလျာဏ-(အဆုံး၏ကောင်းခြင်း)ဟုဆိုအပ်သော ကောင်းခြင်းသုံးမျိုးတို့တွင် သုံးမျိုးလုံးနှင့်ပြည့်စုံနေသည့်အတွက် ခက်လည်းခက်၊ နက်လည်းနက်နဲလှပေသည်။ သာမန်လေ့လာသိရှိရုံမျှဖြင့် ပိဋကတ်အဏ္ဏဝါကို ဖြတ်သန်းရန် မလွယ်ကူလှပေ။ ထိုသိမ်မွေ့နက်နဲခက်ခဲသော ဓမ္မက္ခန္ဓာများတွင် တစ်ခုအပါအဝင်ဖြစ်သော ဝမ္မိကသုတ္တန်ဒေသနာတော်ကို လွယ်ကူစွာနားလည်သဘောပေါက်ဖို့ရန်နှင့် နားလည်သဘောပေါက်ပြောဟောဖို့

ရန်လည်း မလွယ်ကူလှပေ။

ဥပမာဖြင့်တန်ဆာဆင်၍

ဝမ်မိကသုတ်တော်တွင် ဥပမာတို့ဖြင့်တန်ဆာဆင်၍ အရှင်ကုမာရကဿပမထေရ်အား သူငယ်ချင်း ဇြဟ္မာကြီးက ပြဿနာတစ်ဆယ့်ငါးရပ်တို့ကို သင်ပေးလိုက်သည်။ သူငယ်ချင်း ဒီ ပြဿနာတစ်ဆယ့်ငါးရပ်တို့ကို မြတ်ဘုရားအား မေးလျှောက်ပါ။ ဤပြဿနာတွေရဲ့အဖြေကို မြတ်ဘုရားမှတစ်ပါး ဖြေဆိုနိုင်မည်သူ ဤလောကတွင် ရှိမည်မဟုတ်ဟု အမှာတော်ပါးလိုက်ပြန်ပါသေးသည်။

ပြဿနာတစ်ဆယ့်ငါးရပ်

သူငယ်ချင်းဇြဟ္မာကြီးသင်ပေးလိုက်သော ထို ပြဿနာတစ်ဆယ့်ငါးရပ်များကား-

၁။ တောင်ပို့ဆိုတာဘာလဲ။

၂။ ညည်းမီးခိုးတွေ ထွက်တယ်ဆိုတာဘာလဲ။

၃။ နေ့ နေ့ မီးတောက်တယ်ဆိုတာဘာလဲ။

၄။ ဆရာ ဆိုတာ ဘယ်သူလဲ။

၅။ တပည့် လိမ္မာဆိုတာ ဘယ်သူလဲ။

၆။ တောင်ပို့တူးတဲ့လက်နက်ဆိုတာ ဘာလဲ။

၇။ တူးတယ်ဆိုတာ ဘာလဲ။

၈။ တံခါးပိတ်တဲ့မင်းတုပ်ဆိုတာ ဘာလဲ။

၉။ ဖားပွဆိုတာ ဘာလဲ။

၁၀။ လမ်းနှစ်ခွဆိုတာ ဘာလဲ။

၁၁။ ရေစစ်ဆိုတာ ဘာလဲ။

၁၂။ လိပ်ဆိုတာ ဘာလဲ။

၁၃။ သန်လျက်နဲ့စဉ့်တီတုံးဆိုတာ ဘာလဲ။

၁၄။ သားတစ်ဆိုတာ ဘာလဲ။

၁၅။ နာဂဆိုတာဘာလဲဆိုသည့်ပြဿနာမျှားပင်ဖြစ်သည်။ ထို ပြဿနာတစ်ဆယ့်ငါးရပ်ကို ဘုရားရှင်ကိုယ်တော်မြတ်ကအစဉ်အတိုင်း အဖြေ ပေးခဲ့သည်။

ကံကောင်းလှသည့် မြန်မာပြည်

ပြည်ထောင်စုမြန်မာနိုင်ငံတော်သူ နိုင်ငံတော်သားများသည် အလွန် ကံကောင်းလှသည်ဟုထင်မြင်မိသည်။ အဘယ်ကြောင့်ဆိုသော သီရိဓမ္မာ အသောကမင်းကြီး၏ကောင်းမှုဖြင့် ကိုးတိုင်းကိုးဌာနသို့ သာသနာပြုအကျော် ဆရာတော်များကြွရောက် သာသနာစတင်ရောက်ရှိသည့်အချိန်မှ ယနေ့တိုင် အောင် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ နှုတ်ပယ်ခြင်းမရှိ မူရင်းကျကျ သန့်ရှင်း လှသည့် ထေရဝါဒ သာသနာတော်ကို ယုံကြည်လေးမြတ်စွာ ခံယူကိုးကွယ် ဆည်းကပ်လာခဲ့ကြသည့်အတွက်ကြောင့်ပင်ဖြစ်ပါသည်။

ခေါက်ရှာငှက်ပျံသကဲ့သို့ နိမ့်ချည်တစ်ခါ မြင့်ချည်တလှည့် သာသနာ အဆက်ဆက် ခေတ်အမျိုးမျိုးကိုကျော်ဖြတ်၍ ဆရာတော်သံဃာတော်များက ပြည်သူ ပြည်သားများအား တရားရေအေးကိုတိုက်ကျွေးခဲ့ကြသည်။ ထို့ ကြောင့် ပြည်သူ ပြည်သားများ ခေတ်အဆက်ဆက် မြတ်ဗုဒ္ဓ၏တရားတော် များကို နားကြားခွင့်ရရှိခဲ့ကြသည်။

ဤဝမ္မိကသုတ္တန်တရားတော်ကို ဒေသကဆရာတော်သည် မူရင်းပါဠိ တော်ကိုအရင်းတည်၍ အဋ္ဌကထာ ဋီကာများနှင့် အခြားဗဟုသုတရဖွယ်ရာ အစုံအလင်တို့ဖြင့် တန်ဆာဆင်၍ ဟောကြားထားသည်မှာ နာကြားရသူများ အဖို့ အသိဉာဏ်တိုးပွား၍ နောက်ဆုံးသံသရာမှလွတ်မြောက်ရာလမ်းကိုပင် မြင်နိုင်သည်အထိဖြစ်ပေသည်။

အားကျအတုယူဖွယ်ရာ

ကဿပဘုရားရှင်၏ သာသနာတော်နောက်ပိုင်းကာလ သာသနာ

တော်၏အားနည်းခြင်းသုံးမျိုးတို့ကြုံတွေ့ကြရသောအခါ အခို့သော ရဟန်းရှင် လူတို့ အကျင့်ဖောက်ပြန် မကောင်းမှုတွေများပြားလာသည်ကို သံဝေဂရကြသော အရှင်မြတ်ခုနှစ်ပါးတို့ တောထွက်ကာ တက်လမ်း ဆင်းလမ်းမရှိသောတောင်ပေါ်သို့တက်၍ ကိုယ် အသက်ကိုငဲ့ကွက်ခြင်းမရှိဘဲ တရားတော်များ ကြိုးစားအားထုတ်ပုံကို အားကျဖွယ်ရာများ အတုယူဖွယ်ရာများရရှိခဲ့ပေသည်။ ကဿပဘုရားလက်ထက်တော်က ကိုယ်နှင့်အသက်ငဲ့ကွက်ခြင်းမရှိကျင့်ကြံကြိုးကုတ်အားထုတ်ခဲ့ကြသည့် တကယ့်ပါရမီရှင်ကြီးများပင်လျှင် နောက်ဆုံးဘဝတွင် ကိုယ့်ကိုယ်ကို ဘုရားတစ်ဆူဟု အကိုးကွယ်ခံနေသော တက္ကတွန်းကြီးဖြစ်ရသေးသည်။ သူငယ်ချင်းဟောင်း သူငယ်ချင်းကောင်းဖြစ်သောငြဟ်ဂြီးက သတိပေးခါမှ မြတ်ဘုရားရှိရာသို့ အပြေးအလွှာသွားရသည်။ အခိုန်မီရုံလေးသာရှိသည်။ ဘဝသံသရာခရီးတွင် ထိုကဲ့သို့ပါရမီရှင်ကြီးပင်လျှင် ဤကဲ့သို့ကြုံရခဲ့သေးသည်။ အကျွန်ုပ်တို့လို ပါမွှား အလကားသတ္တဝါမျိုးအဖို့ သံသရာလည်ရမှာ ကြောက်စရာကြီးပါကလားဟု သံဝေဂယူဖွယ်ရာရရှိခဲ့ပါသည်။

သူတော်ကောင်းပြစ်မှားလျှင် ကန်းမည်

ဤသုတ္တန်ထဲက အနွဓန်တောဆိုသည်မှာ အကြောင်းမဲ့ခေါ်ဝေါ်ကြခြင်းမဟုတ်။ ကဿပဘုရားပရိနိဗ္ဗာန်စံဝင်တော်မူသော ဘုရားရှင်ရုပ်ကလာပ်တော်ကြီးကို ဌာပနာသွင်း၍ တစ်ယူဇနာအမြင့်ရှိသောစေတီတော်ကြီးတည်ဖို့ ရန်တိုင်းသူပြည်သားအတွက်တာဝန်ကျသော ယသောရတအမည်ရှိသော အနာဂါမ်ဒယကာကြီးဦးဆောင်သောအဖွဲ့ တိုင်းပြည်အနှံ့လှည့်လည်၍ အလှူခံကြသည်။ အလှူခံပြန် အနာဂါမ်ဒယကာကြီးကို အနွဓန်တောအုပ်အတွင်း ပ ဒါးမြင်းရာတို့သည် အနာဂါမ်ဒယကာကြီးထံမှ ပစ္စည်းများမရတာနဲ့ မျက်နှာချင်း တမ်းမိ မှန်းမိနေသည့်အတွက် သတ်ပြစ်လိုက်ကြသည်။ ဒါးမင်းရာအကုန်လုံးမျက်စိကန်းကုန်ကြသည်။ ထိုကြောင့် အကန်းတွေနေတဲ့ တော

နိဒါန်း

ဖြစ်ခြင်းကြောင့် အန္ဓဝန အကန်းတော ခေါ်ကြောင်းနာကြားရသောအခါ အော် သူတော်ကောင်းပြစ်မှားသောပုဂ္ဂိုလ်များအတွက် သံဝေဂယူစရာပင် ဖြစ်ပါတော့သည်။

ယုံမှားမှုကင်းအောင်

သုတ္တန်ထဲမှ လမ်းနှစ်ခွနှင့်ပတ်သက်၍ ဝိစိကိစ္ဆာသဘောတရားများနှင့် ယုံမှားခြင်းရှစ်မျိုး၊ ယုံမှားခြင်းတစ်ဆယ့်ခြောက်မျိုးတို့ကိုလည်း တစ်ခုချင်းရှင်းလင်းစွာဟောပြထားပါသည်၊ ဝိတက်အကြောင်းများကိုလည်း အသေးစိပ်ဟောပြထားခြင်း။ ပြဿနာတစ်ဆယ့်ငါးရပ်ကို တစ်ခုချင်းစီ၏အဓိပ္ပါယ်ပေါ်လွင် ဥပမာ ဥပမေယျတို့ဖြင့်ဟောပြထားသည်မှာ ဖတ်ရှုသူများအတွက် ဗဟုသုတရဖွယ်ရာ နာကြားရသူများအတွက် ကုသိုလ်တရားတိုးပွားရန် သံဝေဂရရန်များဖြစ်သည့်အတွက် မလွတ်တန်းဖတ်သင့်သောစာအုပ်ဖြစ်ပါသည်။

သမိုင်းမှတ်တိုင်

သီတဂူဆရာတော်သည် "တောင်စစ်ကိုင်း ချောင်တိုင်းဝေမယ်"ဟူသောအဓိဋ္ဌာန်ဖြင့် သီတဂူရေအလှူတော်စီမံကိန်းကြီးဖြင့် သီတဂူသာသနာပြုလုပ်ငန်းကြီးစတင်တည်ထောင်ခဲ့ရာ ယနေ့အချိန်အခါဆိုလျှင် မြန်မာနိုင်ငံတော်အတွင်း ဒေသအသီးသီး၌ သီတဂူအလှူတော်များ ပြန့်နှံ့လျက်ရှိနေပါသည်။ "ပရေသံ ဟိတမိစ္ဆေယျ" ဆိုသောမူကို လက်ကိုင်ထားလျက် ဆေးအလှူ၊ ပညာအလှူ၊ လူမှုရေးအလှူ၊ ကရုဏာအလှူ၊ မေတ္တာအလှူစသည့်အလှူမျိုးစုံတို့ကို နေရာဒေသ မသတ်မှတ်၊ လူမျိုးရေးမခွဲခြား၊ ပုဂ္ဂိုလ်မရွေးဆောင်ရွက်ပေးလှူနေသောဆရာတော်ဖြစ်ခြင်း။ "သဖလံ မမ ဇီဝိတံ" ငါ၏အသက်ရှင်မှုသည် တိုင်းပြည်နှင့်သာသနာ တိုင်းပြည်နှင့်လူမျိုးအတွက် ဖြစ်ရမည်ဟု သံဓိဋ္ဌာန်ချထားသော ဆရာတော်ဖြစ်ပါသည်။

နိဒါန်း၏နိဂုံး

ဆရာတော်သည် မိမိခန္ဓာကိုယ်ကြီးကို တောင်ပို့ကြီးဥပမာပြု၍

ဝမ်မိကသုတ္တန်တရားတော်

တရားဘာဝနာရှာမှီးနေကြသော ရှာမှီးလိုကြသော ယောဂီသူတော်စင်တို့ အတွက် ရှောင်သင့်သည်များကိုရှောင် ဆောင်သင့်သည်များကိုဆောင်နိုင်ရန် အတွက် ဝမ်မိကသုတ္တန်ကြီး ဆိုင်ရာ ဆိုင်ရာ ပါဠိတော် အဋ္ဌကထာ ဋီကာတို့ မှထုတ်နှုတ်၍ အကျင်းပိုင်း အတွေးအခေါ်အယူအဆပိုင်း ဝါဒရေးရာအပိုင်း တို့နှိုင်းယှဉ်၍ စကားအလင်္ကာတန်ဆာဆင်၍ဟောပြထားသည့်အတွက် အရသာအစုံပါသည့် ဟင်းလေးအိုးဟုဆိုနိုင်သောစာအုပ်တစ်အုပ်ဖြစ်ပါသည်။

ဆရာတော်၏တရားတော်ကို ကက်ဆက်တိပ်ခွေမှ လက်ရေးမူကွန်ပျူတာဖြစ်အောင်ဆောင်ရွက်ပေးကြသော အရှင်တိလောက အရှင်သုမန အရှင်ခန္တီစာရ အရှင်ဉာဏဝရ တို့အားလည်းကောင်း။ စာမူများကို မအားသည့်ကြားမှအပြန်ပြန်အလှန်လှန်စိစစ်ပေးကြသော အရှင်ဣသရိယနှင့် အရှင်ဝိဒိတ တို့အားလည်းကောင်း။ စာအုပ်ဖြစ်အောင် အစ အဆုံးတာဝန်ယူဆောင်ရွက်ပေးသော အရှင်ကောဝိဒ အားလည်းကောင်း။ မျက်နှာဖုံးဆွဲပေးသော သီတဂူမောင်မျိုးလွင်ဦးအားလည်းကောင်း ကျေဇူးတင်ထိုက်သူ အားလုံးအား ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

ဤစာအုပ်ပြုစုရာတွင် အချိန်မီအောင် ကျရာတာဝန်ကိုထမ်းဆောင်ကြသောအရှင်များကလည်း မိမိတို့တာဝန်အားလပ်သည့်အချိန်လေးအတွင်း စာအုပ်ဖြစ်မြောက်အောင်ဝိုင်းဝန်းကူညီဆောင်ရွက်ကြရသည့်အတွက် ချွတ်ယွင်းချက် လစ်ဟင်းချက်များရှိနိုင်ပါသည်၊ ပိုသည်ကိုဖျက် လိုသည့်ကိုစွက်၍ ဆောင်ရွက်သူများကို အပြစ်မမြင်ပဲ ဝေဖန်အကြံပြုခြင်း အမှားပြင်ဆင်ချက်ပေးခြင်းများကို ကျေးဇူးတင်စွာဖြင့် လက်ခံကြိုဆိုပါကြောင်း။

သုတေသနနှင့်ကျမ်းပြုဌာန
သီတဂူကမ္ဘာ့ပုဒ္ဓတက္ကသိုလ်
စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့။

နိဒါန်း

ပထမပိုင်း

မဟာနမက္ကာရဘုရားရှိခိုး ၁
ဝမ္မိကသုတ်နိဒါန်း ၃
အရေအတွက်လေးများ ဂုဏ်အားဖြင့်လေးမြတ်တဲ့သံဃာ ၄
ဝိဟာရလေးပါး ၅
သတ္တဝါများ ကျင့်ဖောက်ပြား နေငြားဒိဗ္ဗဝိဟာရ ၆
လောကကြီးကိုတစ်နေ့ခြောက်ကြိမ်ကြည့် ၆
စမရီသားကောင်ပမာ ၇
ဘဝချမ်းသာအောင်နေနည်း ၉
အာဏာရပေ ညှင်းဆဲလေ နေပေငြဟ္မဝိဟာရ ၁၂
အရိယာဝိဟာရဟူသည် ၁၄
အဓိကရုဏ်းငြိမ်းအောင်နေနည်း ၁၅
ဣရိယာပထဝိဟာရ ၁၈
ကာယဝိဝေကဖြစ်တဲ့နေရာ ၂၀
ကာယဝိဝေကဆိုတာဘာလဲ ၂၁
စိတ်ရဲ့အပေါင်းအဖော်ဆိုတာ ဘာလဲ ၂၁
သူငယ်ချင်းငြဟ္မာကြီးရောက်လာ အန္ဓဝန်တောမှာ ၂၆
ပကတိသုခုမရုပ်နဲ့ နတ်ငြဟ္မာ မြေကြီးပေါ် ရပ် ထိုင်မရပါ ၂၈
သူငယ်ချင်းခုနှစ်ပါး တောထွက်ရန်တိုင်ပင် ၃၀
သာသနာတော်မှာ အားနည်းခြင်းသုံးမျိုး ၃၀
ရဟန်းတော်ခုနှစ်ပါးတောထွက်သွား ၃၁

တရားထူးရသွား ထေရ်နှစ်ပါး ၃၂
အနာဂါမ်း ရဟန္တာနှစ်ပါးသာ တရားထူးရရှာ ၃၅
တရားထူးမရသည့် ကိုယ်တော်ငါးပါး ဘယ်ရောက်သွား ၃၅
အန္ဓဝန အကန်းတော ခေါ်ပုံ ၃၈
ဘုရားကြီးအတွက် ရွှေအလှူခံထွက် ၄၀
အနာဂါမ်ဘုရားလူကြီးသတ်တဲ့လူဆိုးတွေ မျက်စိကန်းလိုနေ ၄၁

ဒုတိယပိုင်း

ကောသလမင်းကြီးတရားနာ ၄၄
သုတ္တန်နှစ်ခုနှိုင်းယှဉ်ပြု ၄၅
စိတြကထီဓမ္မကထိကဘွဲ့ရ ကုမာရကဿပ ၄၆
တစ်ယောက်ထဲ တစ်စိတ်ထဲနေရတာ လွန်ချမ်းသာ ၅၀
ငြုပ်သီးဥပမာ ကာမတဏှာ ၅၀
အဝိဇ္ဇာဆိုတာ ဘာလဲ ၅၂
ဝိဝေကသုံးမျိုး ၅၃
အရှင်ကုမာရကဿပဘဝဇာတ်ကြောင်း ၅၅
ရာဇဂြိုဟ်မြို့က နက္ခတ်ပွဲသဘင် ၅၆
အလှမပြင်သင့်ပါ ကိုယ်ခန္ဓာ ၅၇
ရဟန်းမဝတ်ခွင့်ရ သူမဘဝ ၅၉
ရဟန်းမဘဝရောက်မှ အာဝေဏိကဒုက္ခ ၆၀
ငိုခြင်းချရ ရဟန်းမလေးဘဝ ၆၁
ဘုရားရှင်ထံပို့ရန် သူတောင်းပန် ၆၂
ကိုယ်ဝန်သည်အတွက် ဝိနိစ္ဆယဖွဲ့ ၆၃
ရှင်ဥပါလိဆုံးဖြတ်ချက်ချ ကိုယ်ဝန်သည်လူမထွက်ရ ၆၅

ဘိက္ခုနီမသား ဘုရင်ကမွေးစား ၆၆
ရှင်သာမဏေဘဝရ ကုမာရကဿပ ၆၇
ကုမာရအမည်နှစ်ထပ်ရ ကုမာရကဿပ ၆၈
နည်းလမ်းညွှန်ပြ သူငယ်ချင်းဖြဟ္မာကြီးက ၇၄
ဖြဟ္မာပြောကြား တောင်ပို့တရား ၇၅
နံပါတ်(၁) မေးခွန်း ၇၇
တောင်ပို့ထဲက တံခါးပိတ်တဲ့မင်းတုပ်ကြီးရ ၇၇
ဒုတိယ ဖားပွတစ်ကောင်းတွေ့ ၇၈
တတိယတွေ့ရ လမ်းနှစ်ခွ ၇၉
စတုတ္ထတွေ့ရ ရေစစ် ၈၀
လိပ်တစ်ကောင်တွေ့ရ ပဉ္စမ ၈၀
ခြောက်ကြိမ်မြောက်က သံလျက်နဲ့စဉ့်တီတုံးတွေ့ရ ၈၁
အသားတစ် အသားတုံးတွေ့ရ သတ္တမ ၈၁
နာဂဆိုတာ ဘာလဲ ၈၂
ဘုရားထံမှောက် မေးလျှောက်ရန်ညွှန်ကြား ၈၃
အမေးပုစ္ဆာ ဘုရားမှတစ်ပါး ဖြေဆိုနိုင်သူမရှိပါ ၈၄

တတိယပိုင်း

ပြဿနာပဟေဠိကို အဖြေညှိရန် ၈၇
ပြဿနာဖြေဆိုနိုင်မည့်ပုဂ္ဂိုလ် သူညွှန်းဆို ၉၀
ဖြဟ္မာကြီးအမေးစကား မြတ်ဘုရားအားလျှောက်ထား ၉၁
ပြဿနာငါးခု မေးလျှောက်ပြု ၉၃
သူငယ်ချင်းတရားရစေချင်၍ အမေးပြဿနာသင်ပေး ၉၅
ဆရာပုဏ္ဏားဆိုတာ မြတ်ဘုရားပါ ၉၇

ပညာရှိလုလင်ဆိုတာ သေကွပါ ၉၈
လက်နက်ဆိုတာ ပညာ ၁၀၀
တူးတယ်ဆိုတာ ဝီရိယ ၁၀၁
တောင်ပို့ဆိုတာ ဘာလဲ ၁၀၃
တောင်ပို့ဆိုတာ ဤခန္ဓာ ၁၀၄
ကံတရားအကျိုးပေးပုံ ဆန်းကြယ်စုံ ၁၀၉
မျိုးစေ့ပမာ ဤခန္ဓာ ၁၁၀
တောင်ပို့ခေါ်နည်းမျိုးစုံ ၁၁၂
အရိုးပေါင်းသုံးရာခြောက်ဆယ် ၁၂၈

စတုတ္ထပိုင်း

နေ့လောင် ညထွက် ထိုဝိတက် ၁၃၄
ဝိတက်ကိုးမျိုး ၁၃၉
ဉာတိဝိတက်အကျယ် ၁၄၀
ဇနပဒဝိတက် ၁၄၀
စရိယသုံးပါး ၁၄၁
ပရာနုဒယတာ ပဋိသံယုတ္တဝိတက် ၁၄၂
ကရုဏာယောင်ဆောင်သော သောက ၁၄၂
အနဝိညတ္တိ ပဋိသံယုတ္တဝိတက် ၁၄၃
လာဘသက္ကာရသိလောကပဋိသံယုတ္တဝိတက် ၁၄၃
အမရာဝိတက် ၁၄၄
ထီထိုးပြီး စိတ်ကူးယဉ်တာ အမရာဝိတက်ပါ ၁၄၅
ကြံသင့်သောဝိတက် ၁၅၂
တောမီး ဥပမာ ၁၅၃

ရသင့်တဲ့ကုသိုလ်တရားတွေ ဆုံးရှုံးနေ ၁၅၉
တရားအားထုတ်တာ ခက်သလား ၁၅၉
ပုဂ္ဂိုလ်အစားစား ထွက်လေ ဝင်လေ ကွဲပြား ၁၆၁
အစ အလယ် အဆုံး သုံးပါးမှတ်ဖွယ် ၁၆၂
စိတ်ဆိုတာ နွားတစ်ကောင်ပမာ ၁၆၄
တိုင်မကျွတ် ကြိုးမပြတ်အောင် သတိဆောင် ၁၆၅
ထွက်လေ ဝင်လေမရှိသူ ခုနှစ်ယောက် ၁၆၇
ဂိတ်စောင့် ဥပမာ ၁၆၈
ပုခက်လွဲတဲ့ ဥပမာ ၁၆၉
လွှဆွဲတဲ့ဥပမာ ၁၇၀
နေ. မီးတောက်တယ်ဆိုတာ ဘာလဲ ၁၇၁

ပဉ္စမပိုင်း

တံခါးပိတ်တဲ့ မင်းတုပ်ဆိုတာ အဝိဇ္ဇာ ၁၈၀
အဝိဇ္ဇာဆိုတာ ဘာလဲ ၁၈၃
အသိနှစ်မျိုး ၁၈၅
သံသရာအရှည်ဆုံးပုဂ္ဂိုလ်ဆိုတာ ၁၈၆
ဒုက္ခဆိုတာ ခန္ဓာ ၁၈၇
ခန္ဓာဘာကြောင့်ဆင်းရဲသလဲ ၁၈၈
သံသရာဆိုတာ ဘာလဲ ၁၉၁
ချစ်ခြင်း မုန်းခြင်း မကင်းသမျှ တွေ့ရတဲ့ဒုက္ခ ၁၉၂
ချစ်ခြင်း မုန်းခြင်း ဘာကြောင့်ဖြစ် ၁၉၃
ချစ်ခြင်း မုန်းခြင်း ဆန္ဒကြောင့်ဖြစ် ၁၉၄
ဆန္ဒဆိုတာ တရဏာတဏှာ ၁၉၆
တရားအားထုတ်တယ်ဆိုတာ ဒုက္ခရှာတာ ၁၉၇

သစ္စကမ္မဌာန်း ၂၀၀
တဏှာသုံးမျိုး ၂၀၂
ဒုက္ခဘာကြောင့်ဖြစ် ၂၀၃
အခိုးမထွက်အောင် သာဓုဆောင် ၂၀၇

ဆဋ္ဌမပိုင်း

ဖားပွဆိုတာ ဒေါသ ၂၂၈
ဒေါသကြီးတဲ့သူ ဖားကလေးနဲ့တူ ၂၂၈
အပြုံး၏နောက်ကွယ်က ၂၃၂
ဒေါသဆိုတာ တောမီးပမာ ၂၃၃
ဟဒယဝတ္ထုရုပ်၏တည်ရာ ၂၃၄
ရာဂများတဲ့ပုဂ္ဂိုလ် အသားနီတယ် ၂၃၅
စရိုက်ခြောက်မျိုးနှင့် အသားအရောင်ခြောက်မျိုး ၂၃၆
ခန္ဓာက ရွာ- ဒေါသက သူပုန် ၂၃၉
ဒေါသသူပုန်ကြောင့် ပစ္စည်းခုနှစ်မျိုးဆုံးရှုံးရ ၂၄၀
ဒေါသဖြစ်လျှင် အကန်းသွင် ၂၄၂
ဒေါသ၏လက္ခဏာများ ၂၄၃
အာယာတနှင့်အာယာတဝတ္ထု ၂၄၅
ဘဝများစွာက တော်ခဲ့ဘူးတဲ့ဆွေမျိုးတွေ ၂၅၀
ဒေါသငြိမ်းကြောင်း ၂၅၂
မေတ္တာ၏သဘောတရား ၂၅၄
ချစ်သူများခြင်ရင် မေတ္တာများများပွား ၂၅၆
ကျယ်ပြန့်တဲ့စိတ်ထားနဲ့မေတ္တာသမား ၂၅၇
ခွဲခြားမှုမရှိတဲ့မေတ္တာ ၂၅၈

သတ္တမပိုင်း

ကျွန်ဖြင်းပါး ညီညွတ်စွာထား ၂၆၃
မျိုးစေ့မှန်က ကြီးပွားရ ၂၆၅
အကောင်းသုံးပါးညီမှ တရားရ ၂၆၆
သဒ္ဓါတရားဆိုတာ လက် ၂၆၉
ဟင်းကောင်းတစ်ခွက် ၂၇၂
အမှား အမှန်မသိ ယုံတာ ဝိစိကိစ္ဆာ ၂၇၄
ယုံမှားမှုပျောက်အောင် ဘာတွေလိုအပ်သလဲ ၂၇၅
ပြင်းထန်တဲ့ဒေါသဆိုတာ ဖားပွပါ ၂၇၆
ဒေါသကို မေတ္တာနဲ့ပယ် ၂၇၇
လမ်းနှစ်ခွဆိုတာ ဝိစိကိစ္ဆာ ၂၇၉
ဝိစိကစ္ဆာရဲ့အဓိပ္ပါယ် ၂၈၁
စိတ်ကောင်းမရှိတာ အယောနိသောမနသိကာရ ၂၈၃
ဝိစိကိစ္ဆာဖြစ်စေခြင်းနဲ့ ပယ်ခြင်း အကြောင်းရင်း ၂၈၄
ယုံမှားခြင်း (၈) ပါး ၂၈၇
ယုံမှားခြင်း (၁၆) ပါး ၂၉၁
သစ္စာကိုမသိလျှင် အမှန်ကိုမမြင် ၂၉၆
ငါးရံ့ဥပမာ ဝိစိကိစ္ဆာ ၂၉၉
သံသယဝင်ရောက် အမှန်တရားတွေပျောက် ၃၀၀
မရှိကမ္မဋ္ဌာန်း ၃၀၂
စူဠသောတာပန် ၃၀၆
အတိတ်အကြောင်းငါးပါး ၃၀၈
စေတနာမှန်သော ကံတရား ၃၁၃
မျိုးစေ့ အပင် ဥပမာ ဝိပါကာ ၃၁၅

အကြောင်းကင်းသော အကျိုးမရှိ ၃၁၆

အဋ္ဌမပိုင်း

ဓမ္မပါးရောဂါအတွက် ဆေးကောင်းတစ်ခွက် ၃၂၁
အရှင်နုရုဒ္ဓါ၏လေနာရောဂါ ၃၂၁
လေနာရောဂါအတွက် ကိုရင်သုမနဆေးရှာထွက် ၃၂၂
ကိုရင်သုမနကြောင့် ပန္နဂအရှက်ကွဲရ ၃၂၆
ပန္နဂတောင်းပန် ရေအတွက် လျှုရန် သူဝန်ခံ ၃၂၈
သီတဂူရေသောက်နည်း ၃၂၉
အစာကြေဘို့အကြောင်းနှစ်ပါး ၃၃၁
ဝိစိကိစ္ဆာကင်းကြောင်းသုံးပါး ၃၃၉
လူတိုင်းအတွက် လိုအပ်တဲ့ အကောင်းသုံးပါး ၃၄၀
ဆပ်ပြာရေစစ်ဆိုတာ ဘာလဲ ၃၄၃
ဆပ်ပြာရေစစ်ဆိုတာ နီဝရဏတရား ၃၄၄
အမှားသုံးမျိုး ၃၄၆
နီဝရဏပယ်ဖို့ရန် အဂီါလေးပါး ၃၄၈
သန္ဓိဆိုတာ ဘာလဲ ၃၅၀
ကုက္ကုစ္စဆိုတာ ဘာလဲ ၃၅၂
မြို့ကြီးရဲ့တန်ဆာ သီရိမာ ၃၅၃
သီရိမာအိမ်ဆွမ်းခံရေး တောရွာကကိုယ်တော်လေး ၃၅၈
ဘတ္တာဒ္ဒေသကရဲ့တာဝန် ဝါတွေစဉ် ၃၅၈
ဆွမ်းအမကြီး သီရိမာ သေလောက်တဲ့ဝေဒနာစွဲကပ်လာ ၃၅၉
ဘုရားလက်ထက်က ဆွမ်းကပ်ပုံအစီအစဉ် ၃၆၀
ဆွမ်းခံကိုယ်တော်လေး သီရိမာအတွက် ကာမဝိတက် ၃၆၁
ဘဝများစွာကသိုလှောင်ထားတဲ့ကိလေသာတွေပေါက်ကွဲ ၃၆၁

သီရိမာကွယ်လွန် ၃၆၃
ဆူးစူးလျှင် ဆူးနဲ့.ထွင် ၃၆၄
သီရိမာအလောင်းလေလံတင် ၃၆၅
သေတယ်ဆိုတာ ဘာလဲ ၃၆၆
ကွန်ဒိုယသံဝရသီလပျက် အဘိဇ္ဈာနှိပ်စက် ၃၆၈
ကမ္မဋ္ဌာန်းအားထုတ်ရမည့်နေရာ ၃၇၁
ထိန မိဒ္ဓ ကင်းပျောက်နိုင်သည့်နေရာ ၃၇၁
နိဝရဏဖြိမ်းအောင် အားထုတ်ရန်အဂီါ ၃၇၂
အမည်အမျိုးမျိုးရ ထိုဒေါသ ၃၇၄
အလင်းရောင်ရောက် အိပ်ချင်စိတ်ပျောက် ၃၇၅
ငြိမ်လည်းငြိမ် ငြိမ်းလည်းငြိမ်း ၃၇၇
ကျူးလွန်မိတဲ့မကောင်းမှု လက်လွတ်ဆုံးရှုံးသွားတဲ့ကောင်းမှု ၃၇၈
ဝမ်းမြောက်ကြည်နူးလိုလျှင် နိဝရဏတွေပယ် ၃၇၉
နိဝရဏကင်းခြင်းသည် ကြွေးကင်းတဲ့ပုဂ္ဂိုလ်နဲ့.တူတယ် ၃၈၀
နိဝရဏကင်းခြင်းသည် ရောဂါပျောက်သလို ၃၈၁
နိဝရဏကင်းသူ ထောင်ထွက်သမားနဲ့.တူ ၃၈၁
နိဝရဏမကင်းသေးသူ ကျွန်နှင့်အလာတူ ၃၈၂
နိဝရဏမကင်းသေးသူ ကန္တာရခရီးသွားနဲ့.တူ ၃၈၃

နဝမပိုင်း

လိပ်ဆိုတာ ဘာလဲ ၃၉၂
လိပ်ဆိုတာ ခန္ဓာငါးပါး ၃၉၃
ဥပါဒါန်လေးပါး ၃၉၅
ခန္ဓာနှင့်ဥပါဒါနက္ခန္ဓာ ၃၉၉
မြေးခွေးနဲ့.လိပ်ကလေး ၄၀၂

လိပ်ကလေးအတွက် မြေခွေးရတက်ပွေ ၄၀၅
လိပ်ကိုချောင်းတဲ့မြေခွေး မိုးလင်းတော့ သူထွက်ပြေး ၄၀၆
မြေခွေးဆိုတာ ကိလေသမာရ် ၄၀၇
သခ်ၤတ အသခ်ၤတပရမတ် ၄၀၈
မြေခွေးနဲ့တူတဲ့ကိလေသာ ၄၀၉
အနိစ္စလက္ခဏာမြင်အောင်ရှု့ ၄၁၈
လိပ်ဆိုတာ ခန္ဓာ မြေခွေးဆိုတာ ကိလေသာ ၄၂၃
လိပ်ကိုပယ်ပစ်ဆိုတာ ဘာကိုပယ်ရမလဲ ၄၂၇

ဒသမပိုင်း

သံလျက်နဲ့စဉ့်တီတုံးဆိုတာဘာလဲ ၄၃၀
သံလျက်နဲ့စဉ့်တီတုံးဆိုတာ ကာမဂုဏ်ငါးပါး ၄၃၂
ရာဂ၏အမည်အမျိုးမျိုး ၄၃၅
ဝတ္ထုကာမဆိုတာ ဘာလဲ ၄၃၅
စဉ့်တီတုံးနှင့် စဉ်းလှီးတုံး ၄၃၇
ပုဂ္ဂိုလ်လေးမျိုး ၄၃၈
ဘဝများစွာ သံသရာ ၄၄၁
နည်းလမ်းမျိုးစုံ သေခဲ့ပုံ ၄၄၁
ငါးကြိမ်ရဲ့ငိုရှိုက်သံ ၄၄၂
ကုန်းပေါ်မှာလဲပူ ရေထဲမှာလဲပူတဲ့ငါး ၄၄၆
မန္ဓာတုစကြာမင်း ၄၄၈
လူ့ဘုံကာမ အားမရ နတ်ပြည်ကြွတဲ့ရှင်ဘုရင် ၄၄၉
မန္ဓာတုမင်းတစ်သက် သိကြားမင်း(၃၆)ဆက် ၄၅၀
သိကြားမင်းသတ်လိုသော မန္ဓာတု ၄၅၁
အလိုမပြည့်ပဲ သေကြရတယ် ၄၅၃

မပေးနိုင်တော့ စောင့်ရှောက်ရ ၄၅၃
စောင့်ရှောက်ရတော့ ရန်များ ၄၅၃
ငါးဖြာအာရုံ ကာမဂုဏ်ကိုပယ်လိုက်ပါ ၄၅၉
ကာမဂုဏ်ကိုပယ်လိုလျှင် ကာမရဲ့အပြစ်ကိုရှု ၄၆၁
အမဲရိုးကြိုက်တဲ့ခွေးကလေး အညှိနှံ့ကမ္ဘေး ၄၆၂
သတ္တဝါတွေကိုလှည့်စားတတ်သောတရားနှစ်ပါး ၄၆၅

ဧကာဒသမပိုင်း

အိုးကင်းပူထဲကပ်နေတဲ့ အသားတုံးကြီး ၄၇၆
နှစ်သက်စရာ သုံးမျိုး ၄၇၉
သေခြင်းတရားကို ကြိုက်သူနှင့် မကြိုက်သူ ၄၈၁
အသားတစ်ဆိုတာ လောဘတဏှာ ၄၈၃
ကာမဂုဏ်ဆိုတာ သွေးသံရဲရဲနဲ့အသားတုံး ၄၈၃
ကာမဂုဏ်ခင်တွယ် ရန်များမယ် ၄၈၆
မြတ်မီးရှူးနဲ့တူတဲ့ ကာမဂုဏ် ၄၈၈
သုဇြဟ္မာနတ်သားရဲ့အပူ ၄၉၁
ကာမတရားဆိုတာ မီးကျီးတွင်း ၄၉၂
၁၅-ခုမြောက်မေးခွန်းနှင့်အဖြေ ၄၉၄
နာဂအဓိပ္ပါယ်ဖွင့်ဆိုချက် ၄၉၅
နာဂခေါ်ပုံ နည်းမျိုးစုံ ၄၉၆

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဝမ္မိကသုတ္တန်တရားတော်

၁၃၄၃-ခုနှစ်၊ သီတင်းကျွတ်လဆန်း(၇)ဂ်နေ့၊ မန္တလေးမြို့၊ ဦးသာရပ်ရှိ ပေါက်ပေါက်တောမမွာရုံ၌ ဆင်ယင်ကျင်းပသည့် ဓမ္မသဘင်ဝယ် မဇ္ဈိမနိကာယ်၊ မူလပဏ္ဏာသပါဠိတော်၌လာသော ဝမ္မိကသုတ္တန်တရားတော် ပထမအပိုင်း။ ဝမ္မိကသုတ္တန်တရားတော်ရဲ့ ပထမကဏ္ဍ တရားအစ မဟာကြားသေးခင် မနာကြားသေးခင် တရားပိုင်ရှင်ဖြစ်တော်မူသော သဗ္ဗညုမြတ်စွာဘုရားအား ရိုသေစွာ လက်အုပ်ချီမိုး ရှိခိုးကြရအောင်။

ဘဝသံသရာများစွာတုန်းက ကာယဒုစရိုက်ပြုဘက်မှာ အဆွေဖြစ်ခဲ့ကြတဲ့ ဤလက်နှစ်ဘက်နဲ့ ယခုအခါ သူတော်ကောင်းတို့ရဲ့လုပ်ငန်းဝယ် မစ္ဆရိယမဖြစ်ကြဘဲ ယခုပင် အားပါးတရ ကရုဏာတော်ဖြင့် အေးမျှသောစိတ်နှလုံး၊ ပညာတော်ဖြင့် အစဉ်အေးမျှသော စိတ်နှလုံး၊ ကရုဏာပညာ ဤနှစ်ဖြာတို့ဖြင့် အေးမျှသောနှလုံးဓာတ်ကိန်းတော်မူသော သဗ္ဗညုတဉာဏ်တော်ဖြင့် သာဝတ္ထိပြည် ဇေတဝန်ရွှေကျောင်းတိုက်ရဲ့အလယ် ခင်းကျင်းတည်ထားအပ်သော ဗုဒ္ဓါသနဓမ္မပလ္လင်၌ကိန်းဝပ်တော်မူပြီးလျှင် အရှင်ကုမာရကဿပမထေရ်သူမြတ်အား ဤဝမ္မိကသုတ်တော်ကို ဘုရားရှင်ကိုယ်တော်မြတ် ကိုယ်တော်တိုင် ဟောကြားတော်မူပုံကို အာရုံယူလျက် ရိုသေစွာ လက်အုပ်ချီမိုး ရှိခိုးကြရအောင်။

ဘုရားရှိခိုး

ကရုဏာသီတလ ဟဒယံ၊ ပညာပဇ္ဇောတ ဝိဟတမောဟတမံ။
သနရာမရ လောကဂရုံ၊ ဝန္ဒေ သုဂတံ ဂတိဝိမုတ္တံ။
ဧတေန သစ္စဝဇ္ဇေန၊ သုခိတာ ဟောန္တု သာဓဝေါ။

ကရုဏာသီတလ ဟဒယံ၊ မဟာကရုဏာတော်မြတ် အတွင်းဓာတ်ဖြင့် လှပ်လှပ်ဖွေးလှ အေးမြစည်ပင် ကြည်လင်သော ရွှေစိတ်နှလုံးတော်လည်း

ရှိတော်မူပေထသော။ ပညာပဇ္ဇောတ ဝိဟတမောဟတမံ၊ အရဟတ္တမဂ်ပညာတည်းဟူသော ဆီမီးရောင်ဖြင့် အဝိဇ္ဇာတည်းဟူသော အမိုက်မှောင်ကို ပယ်ဖျောက်တော်မူပြီးထသော။ သနရာမရ လောကဂရုံ၊ လူနတ်တို့နှင့်တကွ ဖြစ်သော သတ္တလောကအလုံး၏ ညွှတ်ရုံးဦးခိုက်ရာ အလေးအမြတ်ပြုထိုက်သော ဆရာတစ်ဆူဖြစ်တော်မူပါပေထသော။ ဂတိဝိမုတ္တံ၊ ဒေဝ မနုဿ နိရယနှင့် ပေတ တိရစ္ဆာန် လားရန်အရှိ ငါးတန်သောဂတိမှလည်း အထူးသဖြင့် ကင်းလွတ်တော်မူပြီးထသော။ သုဂတံ၊ စကားခြောက်ခွန်း လူ၌ထွန်းလည်းနှစ်ခွန်းကိုသာ ကျိုးရှိရာကို ကောင်းစွာမသွေ ဆိုတော်မူတတ်ပေထသော။ ဗုဒ္ဓံ၊ သစ္စာလေးပါး မြတ်တရားကို ပြတ်သားထင်ထင် သိမြင်ပေတတ် ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို။ မယံ၊ တရားဟောပုဂ္ဂိုလ် တရားနာပုဂ္ဂိုလ်ဟူဆိုကြကုန်သော ထိုထိုမျှားစွာ ငါးခန္ဓာကို သူငါသမုတ် အကျွန်ုပ်တို့သည်။ ဝန္ဒေ ဝန္ဒာမ၊ တရားဟော တရားနာ ဘေးရန်ကွာ၍ ချမ်းသာစေကြောင်း ဆုမွန်တောင်းလျက် ဦးခေါင်းညွှတ်ကြိုး လက်စုံမိုးလျက် ရှိခိုးကြပါကုန်၏· မြတ်စွာဘုရား။ ဇတေန သစ္စဝဇ္ဇေန၊ ဤသို့နှုတ်သံ ဖော်ထုတ်ပြန်၍ ဟုတ်မှန်သော ပဏာမသစ္စာစကားကို ပြောဆိုရလေသောကြောင့်။ သာဓဝေါ၊ တရားချစ်ခင် စိတ်ကောင်းဝင်ကြကုန်သော သူတော်စင် ပရိသတ်အပေါင်းတို့သည်။ သုခိတာ၊ ဘေးရန်ကင်းကွာ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ နိဒ္ဒုက္ခာစ၊ ဆင်းရဲခပ်သိမ်းမှလည်း ကင်းငြိမ်းကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ နိဇ္ဇဟာစ၊ ဘေးရန်ခပ်သိမ်းမှလည်း ကင်းငြိမ်းကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ အသောကာစ၊ မည်းမှိုင်း တန်ခိုးရှိန်၍ စိုးရိမ်မနှောင့် ကြောင့်ကြပူဆွေး ငို ကြွေးခြင်းမှလည်း ကင်းဝေးကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ ပသန္နာ၊ တရားသို့က်တူးဖော် ထူးပျော်ထူးရွှင် အထူးပင်ကြည်လင်ကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ ဟောန္တု၊ ယခုဆိုအပ်သော သစ္စာစကားနှင့် ပို့လွှတ်အပ်တဲ့ မေတ္တာဓာတ်အရှိန်အဝါကြောင့် အချိန်မကြာ ကိုယ်စီကိုယ်ငှ ဖြစ်တော်မူကြပါစေကုန်သတည်း။

သာဓု သာဓု သာဓုပါဘုရား။

ဝမ်မိကသုတ်၏နိဒါန်း

မဇ္ဈိမနိကာယ်၊ မူလပဏ္ဏာသပါဠိတော် ဩပမ္မဝဂ်မှာ ဝမ်မိကသုတ္တန်လို့ အလတ်စားသုတ္တန်တစ်ခု သင်္ဂီယနာတင်ထားကြောင်းတွေ့ရတယ်၊ ထိုဝမ်မိကသုတ္တန်ကို မြတ်စွာဘုရားရှင်ကိုယ်တော်မြတ် သာဝတ္ထိပြည်မွန် ဇေတဝန်ရွှေကျောင်း ကိန်းအောင်းတော်မူဆဲကာလ အရှင်ကုမာရကဿပ အရှင်သူမြတ်ကို ယောဂါဝစရ တရားအားထုတ်ဆဲယောဂီသူမြတ်ဖြစ်တဲ့ရဟန္တာမထေရ်သူမြတ်တို့ကိုရော စိတြကထီဓမ္မကထိက ဇေတဒင်ဘွဲ့ရ မဟာသာဝကစာရင်းမှာပါဝင်တဲ့ရဟန္တာမထေရ်ပေါ့၊ ဤဝမ်မိကသုတ္တန်ဖြင့်ရဟန္တာဖြစ်တော်မူပါတယ်၊ ဤဝမ်မိကသုတ္တန်သည် အရှင်ကုမာရကဿပမထေရ်သူမြတ်ရဲ့ကမ္မဋ္ဌာန်းဘဲ၊ အရှင်ကုမာရကဿပမထေရ်သူမြတ်ရဲ့ကမ္မဋ္ဌာန်းဖြစ်တဲ့ ဤဝမ်မိကသုတ္တန်ကို ဤယနေ့ညကစပြီးတော့ ဘုန်းကြီးတို့ သုတ္တန်မဆုံးမချင်း အစီအစဉ်အတိုင်း ရောက်ရာရောက်ရာမှာ ဆုံးရာဆုံးရာမှာရပ်ရပ်ပြီးတော့ ရောက်ရာ ရောက်ရာက ဆက်ဆက်ပြီးတော့ ဘုန်းကြီးတို့ဟောသွားပါမယ်။

ဤယနေ့ည ဝမ်မိကသုတ္တန်အစပထမပိုင်းနိဒါန်းပိုင်းလို့ ဘုန်းကြီးတို့ပရိသတ် မှတ်သားပြီးတော့ထား။ ဝမ်မိကသုတ္တန်ကိုအကြောင်းပြုတာက အရှင်ကုမာရကဿပမထေရ်၊ ဟောတော်မူသည့် ဒေသကပုဂ္ဂိုလ်က မြတ်စွာဘုရား၊ မြတ်စွာဘုရားဟောတော်မူတယ် အရှင်ကုမာရကဿပမထေရ်ကြီးက ဤသုတ္တန်မှာပဓာနပုဂ္ဂိုလ်ပါဘဲ၊ ဒီသုတ္တန်ရဲ့ပဓာနဇာတ်ဆောင်ဖြစ်တဲ့ အရှင်ကုမာရကဿပမထေရ်ရဲ့ အတ္ထုပ္ပတ္တိသည် နှစ်ပိုင်းရှိတယ်၊ ပစ္ဆုပ္ပန်အပိုင်းနဲ့ အတိတ်အပိုင်း နှစ်ပိုင်းရှိပါတယ်၊ ဒီကနေ့ ဘုန်းကြီးတို့ပရိသတ်အပေါင်းသူတော်ကောင်းတို့အတွက် အရှင်ကုမာရကဿပမထေရ်သူမြတ်ရဲ့ အတိတ်ပစ္ဆုပ္ပန်ဆိုတဲ့အတ္ထုပ္ပတ္တိ အပိုင်းနှစ်ပိုင်းရှိရာတွင် အတိတ်ပိုင်းတစ်ခုကို ဘုန်းကြီးတို့ပရိသတ်အား ပြောပြထားခဲ့မယ်၊ ဒီတော့ ပါဠိတော်ကိုစတင်ပြီးတော့ နာကြားကြည်ညိုကြရအောင်။

ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထ

ပဏ္ဏိကဿ အာရာမေ။ တေန ခေါ ပန သမယေန အာယသ္မာ ကုမာရကဿပေါ အန္ဓဝနေ ဝိဟာရတိ။ [၁]

၎ကဲ့ သမယံ၊ အခါတစ်ပါး၌။ ဘဂဝါ၊ သဗ္ဗညု ဘုရားရှင်ကိုယ်တော် မြတ်သည်။ သာဝတ္ထိယံ၊ သာဝတ္ထိနေပြည်တော်အနီး၌။ အနာထပိဏ္ဍိကဿ၊ အနာထပိဏ်သူဌေး၏။ အာရာမေ၊ နှလုံးမွေ့လျော် ပျော်ဘွယ်ရာ ကောင်းပေထသော။ ဇေတဝနေ၊ ဇေတဝန်ရောင်မောင်း သူဌေးကျောင်း၌။ မဟတာ၊ ဂုဏ်အားဖြင့်မြတ်သော ဝါ အရေအတွက်အားဖြင့် များပြားလှစွာသော။ ဘိက္ခုသံဃေန၊ ရဟန်းတော်အပေါင်းနှင့်။ ဝိဟာရတိ၊ ဝိဟာရလေးလီဖြင့် မျှညှိ ရွှင်ပြုံး၍ သီတင်းသုံးတော်မူခဲ့ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

အရေအတွက်လဲများ ဂုဏ်အားဖြင့်လဲ မြတ်တဲ့သံဃာတော်

ဝမ်မိကသုတ္တန်ဆိုသောဓမ္မကထာဒေသနာဖြစ်ပေါ်လာတဲ့အချိန် တရားပိုင်ရှင်ဖြစ်တော်မူသောမြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ရွှေကျောင်းတိုက် အနာထပိဏ်ကျောင်းဒါယကာ ဆောက်လုပ်လှူဒါန်းသည့် ဇေတဝန်ရွှေကျောင်းတိုက်မှာ သံဃာတော်များစွာခြံရံ၍ သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ် ဝိမုံတ္တိဂုဏ် ဝိမုတ္တိဉာဏဒဿနဂုဏ်ဆိုသော ဂုဏ်ငါးမျိုးတို့ဖြင့် မြင့်မြတ်တော်မူသော။ မဟတာ ဂုဏ်အားဖြင့်မြတ်ဆိုတာ ဤဂုဏ်ငါးပါး သီလဂုဏ်အားဖြင့်မြတ်တော်မူတယ်၊ သမာဓိဂုဏ်မြတ်တော်မူတယ်၊ ပညာဂုဏ်မြတ်တော်မူတယ်၊ ဝိမုတ္တိဂုဏ်မြတ်တော်မူတယ်၊ ဝိမုတ္တိဉာဏဒဿနဂုဏ် အားဖြင့် မြတ်တော်မူတယ်။ မဟတာ၊ ဂုဏ်အားဖြင့်မြတ်သော၊ ဝါ မဟတာ၊ အရေအတွက်အားဖြင့်လည်းများပြားလှစွာသော၊ များလိုက်တာအနည်းဆုံး ဇေတဝန်ရွှေကျောင်း မြတ်စွာဘုရားကိန်းအောင်းတဲ့ကာလ ခြံရံသည့်သံဃပရိသတ်ဟာ ငါးရာအနည်းဆုံးရှိတယ်။ ဒါ့ကြောင့် မဟတာ၊ အရေအတွက်အားဖြင့်လည်းများပြားလှစွာသော။ အရေအတွက်များလို့လည်း မဟာ၊ သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ် ဝိမုတ္တိဂုဏ် ဝိမုတ္တိဉာဏဒဿနဂုဏ်ဆိုပြီးတော့ ဂုဏ်

၁။ မ၊ ၁။ ၁၉၅

ငါးမျိုးတို့ဖြင့်လည်း မြင့်မြတ်တော်မူသောကြောင့် မဟာ။ မဟတာ၊ များသော မြတ်သော။ ဘိက္ခုသံယေန၊ ရဟန်းတော်အပေါင်းနှင့်။ သဒ္ဓိံ၊ အတူတကွ။ ဝိဟရတိ၊ ဝိဟာရလေးလီဖြင့် မျှညီရွှင်ပြုံးကာ သီတင်းသုံးတော်မူ၏။

ဝိဟာရလေးပါး

ဝိဟာရ လေးပါးနဲ့ မြတ်စွာဘုရား သီတင်းသုံးတယ်၊ ဝိဟာရလေးပါး ဒိဗ္ဗဝိဟာရရှိတယ် ဗြဟ္မဝိဟာရရှိတယ် အရိယာဝိဟာရရှိတယ် ဣရိယာပထ ဝိဟာရရှိတယ်လို့ ဝိဟာရတရားလေးပါး။ တစ်နည်း မြန်မာလိုပြောရရင် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ် တစ်နေရာရာမှာ ကျောင်းတိုက်တစ်ခုခုမှာ ဝိဟာရတိ နေ၏။ နေ၏ဆိုတာ ဘယ်လိုနေတုန်းဆိုရင် ယခုပြောခဲ့တဲ့နေနည်း လေးပါးနဲ့နေတယ်။

ဒိဗ္ဗဝိဟာရနဲ့နေတယ် ဒိဗ္ဗဝိဟာရဆိုတာ စျာန်သမာပတ်နဲ့နေတာ၊ ဗြဟ္မဝိဟာရနဲ့နေတယ်တဲ့ မေတ္တာနဲ့နေတာ၊ အရိယာဝိဟာရနဲ့နေ တယ် ဒါက ဖလသမာပတ်နဲ့နေတာ၊ ဣရိယာပထဝိဟာရနဲ့နေတယ် ဒါကတော့ လျောင်း လိုက် ထိုင်လိုက် ရပ်လိုက် သွားလိုက် အဲဒီကိုယ်အနေအထားလေးမျိုး တစ်မျိုး ပြီးတစ်မျိုး ပြောင်းလဲ ပြောင်းလဲ၍နေခြင်းကို ဣရိယာပထဝိဟာရနဲ့နေတယ် လို့ခေါ်ပါတယ်။ ဣရိယာပထဝိဟာရကတော့ ဘယ်အရပ်ဒေသမှာမှ မလွတ်ပါဘူး၊ ဒိဗ္ဗဝိဟာရ ဗြဟ္မဝိဟာရ အရိယာဝိဟာရဆိုတဲ့ ဝိဟာရသုံးပါးကတော့ အခါအားလျော်စွာ မြတ်စွာဘုရားအသုံးပြု၍နေတယ်။ ဒိဗ္ဗဝိဟာရ စျာန်ဝင်စားလိုက်တယ်၊ စျာန်ဝင်စားလိုက်တော့ အဲဒီစျာန်က ဘာသတ္တိရှိတုန်းဆိုလိုရှိရင် ကာမစ္ဆန္ဒ ကာမဂုဏ်ကိုလိုလားတောင့်တတယ်ဆိုတဲ့ နီဝရဏတွေကို အဲဒါဖယ်ထားတယ်။

ကာမစ္ဆန္ဒအစရှိတဲ့နီဝရဏတွေကို ဘာနဲ့ ဖယ်တုန်းဆိုလို့ရှိရင် စျာန်နဲ့ ဖယ်ပါတယ်၊ စျာန်က သမာပတ်ဝင်စားလိုက်လို့ရှိရင် ကာမစ္ဆန္ဒနီဝရဏကို ခွါပြီးတော့ ချမ်းသာစွာနေတယ်၊ ဒီတော့ ဘုရားကိုယ်တော်မြတ်မှာ ကာမစ္ဆန္ဒ အစရှိတဲ့နီဝရဏတွေရှိသေးလား လို့မေး နီဝရဏတော့မရှိပါဘူး၊ တစ်ခါတစ်ခါ စျာန်ချမ်းသာနဲ့ မြတ်စွာဘုရားကိုယ်တော်မြတ် ကိုယ်တော်တိုင်တစ်ပါးတည်း

ချမ်းချမ်းသာသာနေချင်တဲ့အခါကြတော့ သမာပတ်အမျိုးမျိုးဝင်စားတယ်။ မြတ်စွာဘုရားကိုယ်တော်မြတ်သည် တစ်ခါတစ်ရံ စျာန်သမာပတ်ကိုလည်းဝင်စားပြီးတော့နေသေးတယ်၊ တစ်ခါတစ်ခါကြတော့ မေတ္တာသမာပတ်ဝင်စားတယ်၊ တစ်ခါတစ်ခါကြတော့ ဖလသမာပတ်ဝင်စားတယ် သမာပတ်သုံးမျိုး၊ စျာနသမာပတ်ဆိုတဲ့ ဒိဗ္ဗဝိဟာရကို ဘယ်အခါဝင်စား၍နေတုန်းလို့ဆိုတော့

သတ္တဝါများကျင့်ဖောက်ပြား နေကြားဒိဗ္ဗဝိဟာရ

တထာ ဟိ ယဒါ သတ္တာ ကာမေသု ဝိပ္ပဋိပဇ္ဇန္တိ၊ တဒါ ကိရ ဘဂဝါ ဒိဗ္ဗေန ဝိဟာရေန ဝိဟရတိ။ ၁

ယဒါ၊ အကြင်အခါမှာ။ သတ္တာ၊ သတ္တဝါတို့သည်။ ကာမေသု၊ ဝတ္ထုအာရုံ ငါးစုံသော ကာမဂုဏ်တရားတို့၌။ ဝိပ္ပဋိပဇ္ဇန္တိ၊ ဖောက်ဖောက်ပြန်ပြန်ဖြစ်ကြ၏ ဝါ ဖောက်ဖောက်ပြန်ပြန်ကျင့်ကြလေကုန်၏။ တဒါ၊ ထိုအခါမှာ။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ ဒိဗ္ဗဝိဟာရေန၊ ဒိဗ္ဗဝိဟာရဖြင့်။ ဝိဟရတိ၊ နေတော်မူပြတယ်။

လောကကြီးကိုတစ်နေ့ခြောက်ကြိမ်ကြည့်

သတ္တလောက ကြီး မြတ်စွာဘုရားရှင်ကိုယ်တော်မြတ် ကြည့်တော်မူလိုက်တော့ သတ္တဝါတွေ ရူပ သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗဆိုတဲ့ဝတ္ထုအာရုံ ကာမဂုဏ်တရားလွန်လွန်ကျူးကျူးလိုက်စားကြပြီဆိုသည့်ကာလ မြတ်စွာဘုရား သတ္တလောကကို တစ်နေ့နဲ့တစ်ညဉ့်မှာ ခြောက်ကြိမ်ကြည့်တော်မူတယ် စောင့်ရှောက်တော်မူတယ်၊ သတ္တလောကကိုချစ်လွန်းလို့ သနားလွန်းလို့ တစ်နေ့နဲ့တစ်ညဉ့်မှာခြောက်ကြိမ်ခြောက်ကြိမ် ကြည့်ရှု့စောင့်ရှောက်တော်မူတယ်၊ နံနက်ခင်းမိုးလင်းရင် သတ္တလောကတစ်ကြိမ်ကြည့်လိုက်တယ်၊ နေ့လည်ခင်းတစ်ကြိမ်ကြည့်လိုက်တယ်၊ ညနေခင်းတစ်ကြိမ်ကြည့်လိုက်တယ်၊ ညဉ့်ဦးယာမ်တစ်ကြိမ်ကြည့်တယ်၊ သန်းခေါင်ယာမ်တစ်ကြိမ်ကြည့်တယ်၊ မိုးသောက်ယာမ်လင်းအားကြီးကာလမှာတစ်ကြိမ်ကြည့်တယ်၊ နေ့သုံးကြိမ် ညဉ့်သုံးကြိမ် တစ်နေ့

၁။ သာရတ္ထ။ ၁။ ၂၀၄

နဲ့တစ်ညဉ့်ဆိုတော့ခြောက်ကြိမ် သတ္တဝါတွေကို မြတ်စွာဘုရားအမြဲတမ်းကြည့်တယ်။ ဘယ်သတ္တဝါဒုက္ခရောက်နေတုန်း၊ ဘယ်သတ္တဝါကို ငါဘုရားရှင်ကိုယ်တော်မြတ် သောတာပတ္တိမဂ်ဖိုလ် သကဒါဂါမိမဂ်ဖိုလ် အနာဂါမိမဂ်ဖိုလ် အရဟတ္တမဂ်ဖိုလ်ဆိုတဲ့မဂ်ဖိုလ်လေးပါး တစ်ပါးပါးရအောင် ရောက်အောင် ခိုးမြောက်ရပါမလဲလို့ တစ်နေ့နဲ့တစ်ညဉ့်မှာခြောက်ကြိမ်၊ ဒီဝါသဿ တယော ဝါရေ၊ ရတ္တိယာ တယော ဝါရေ၊ ဒီဝါသဿ၊ နေ့အခါမှာ။ တယော ဝါရေ၊ သုံးကြိမ်။ ရတ္တိယာ၊ ညဉ့်အခါကြတော့လည်း။ တယော ဝါရေ၊ သုံးကြိမ်။ ဘဂဝါ၊ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်သည်။ သြလောကေသိ၊ ကြည့်တော်မူခဲ့ပါတယ်။

စာမရီသားကောင်ပမာ

သပ္ပုလောကကို နေ့သုံးကြိမ် ညဉ့်သုံးကြိမ် ကြည့်လိုက်တယ်။ စမရီ၊ စမရီမည်သောသားကောင်သည်။ အတ္တာနော၀ါဠ္ဍရိ ံ၊ မိမိရဲ့မြီးဆံကို။ အနုရက္ခတိ ကု၀၊ အစဉ်စောင့်ရှောက်သလိုဘဲ စမရီမည်သော သားကောင်သည် မြီးဆံကိုချစ်လွန်းလို့ အသက်နဲ့လဲပြီးတော့ ကာကွယ်စောင့်ရှောက်သလို့၊ စမရီမည်သောသားကောင်သည် မိမိရဲ့မြီးဆံကိုချစ်လွန်းလို့ စမရီးသားမျိုး တိဘက်နယ်ကန္တားအင်ယစ်စားလေးတွေကို စမရီခေါ်တယ်၊ အမြီးချစ်လိုက်တာ တောထဲမုဆိုးနဲ့တွေ့လို့များပြေးတဲ့အခါ သူတို့ရဲ့အမြီး ခြုံနွယ် သစ်ငုတ် သစ်ကိုင်းတို့နဲ့ငြိနေတယ်၊ အသက်သာအသေခံမယ် သူတို့ရဲ့အမြီးပြတ်အောင် ဒီသားကောင်မရုန်းဘူးတဲ့၊ အမြီးကလေး တစ်ပင်ပြတ်မယ်ဆိုရင်မရုန်းဘူး အသက်ဘဲအသေခံခဲ့တယ် အမြီးကိုအဲသည် လောက်ချစ်တယ်။ ဘုရားကိုယ်တော်မြတ် သတ္တလောကကိုချစ်တာဟာ စမရီသားကောင် သူ့အမြီးချစ်သလိုဘဲ။ စ၀ရီ၊ စမရီမည်သောသားကောင်သည်။ အတ္တာနော၀ါဠ္ဍရိ ံ၊ မိမိရဲ့မြီးဆံကို။ အနုရက္ခတိ ကု၀၊ အစဉ်စောင့်ရှောက်သလိုဘဲ။

ကိကီ၊ ကိကီမည်သောဌက်မသည်။ အတ္တာနော၊ မိမိရဲ့။ အဏ္ဍံ၊ ဥကို။ အနုရက္ခတိ ကု၀၊ အစဉ်စောင့်ရှောက်သလိုဘဲ။ ကိကီခေါ်သောဌက်မ၊ ကိကီဆိုသောဌက်ဟာလည်း သူ့ဥကိုချစ်လွန်းလို့ အသက်နဲ့လဲပြီးတော့ ကာကွယ်

စောင့်ရှောက်တယ်။ ထိုနည်းအတိုင်းဘဲ ကိုကို၊ ကိုကိုမည်သောဌက်မသည်။ အတ္တနော အဏ္ဍံ၊ မိမိရဲ့ဥကို အစဉ်စောင့်ရှောက်သလိုဘဲ။ သတ္တာ၊ လူနတ်တို့ ဆရာဖြစ်တော်မူသော သဗ္ဗညုမြတ်စွာဘုရားလည်းဘဲ။ သတ္တလောကံ၊ သတ္တလောကကြီးကို။ ဒိဝါသဿ တယော ဝါရေ၊ နေ့အခါ သုံးကြိမ်။ ရတ္တိယာ တယောဝါရေ၊ ညဉ့်အခါသုံးကြိမ်။ သြလောကေသိ၊ ကြည့်ရှု့စောင့်ရှောက်တော်မူခဲ့တယ်။ စမရီမည်သောသားကောင် အမြီးချစ်လို့ အသက်နဲ့လဲပြီးတော့ မြီးဆံကိုကာကွယ်စောင့်ရှောက်သလို ဘုရားကိုယ်တော်မြတ် သတ္တလောကကို တစ်နေ့ခြောက်ကြိမ် ကြည့်တော်မူတယ်စောင့်ရှောက်တော်မူတယ်၊ ကိုကိုမည်သောဌက်မသည် မိမိရဲ့ဥကိုချစ်လွန်းလို့ အသက်နဲ့လဲပြီးတော့ ကာကွယ်စောင့်ရှောက်သလို ဘုရားကိုယ်တော်မြတ်လည်း သတ္တလောကကို ချစ်မြတ်နိုးကော်မူလွန်းလို့ တစ်နေ့နဲ့တစ်ညဉ့်မှာ ခြောက်ကြိမ်ခြောက်ကြိမ်ကြည့်ရှု့ဖောင့်ရှောက်တော်မူကြောင်း၊

၈ကေစက္ခုပိ ဓေါ ပုရိသော၊ မျက်စိတစ်ဘက်တည်းရှိသော။ ပုရိသော၊ ယောကျ်ားသည်။ အတ္တနော၊ မိမိရဲ့။ ဧကံ၊ လုံးလုံးတစ်ခုတည်းသော မျက်စိကို။ အနုရက္ခတိ ဣဝ၊ အစဉ်စောင့် ရှောက်သလိုဘဲ။ မျက်စိတစ်ဘက်သာမြင် သောယောကျ်ား ထိုတစ်ဘက်တည်းသောမျက်စိကို အသက်လောက်မက ချစ်ပြီးတော့ ကာကွယ်စောင့်ရှောက်ရသလို၊ သတ္ထာပိ၊ လူနတ်တို့ဆရာဖြစ် တော်မူသော သဗ္ဗညုမြတ်စွာဘုရားလည်းဘဲ။ သတ္တလောကံ၊ သတ္တလောက ကြီးကို။ ဒိဝသဿ တယော ဝါရေ၊ ရတ္တိယာ တယော ဝါရေ၊ တစ်နေ့နဲ့ တစ်ညဉ့်မှာ ခြောက်ကြိမ်ခြောက်ကြိမ်။ သြလောကေသိ၊ ကြည့်တော်မူတယ် စောင့်ရှောက်တော်မူတယ်။

မျက်စိတစ်ဘက်တည်းရှိတဲ့လူဟာ ထိုတစ်ဘက်တည်းသောမျက်စိကိုချစ်လွန်းလို့ အသက်လောက်မကချစ်လွန်းလို့ ကာကွယ်ရ စောင့်ရှောက်ရသလို မြတ်စွာဘုရား သတ္တလောကကိုစောင့်ရှောက်တော်မူတယ်။ ဧကပုတ္တိမာ၊ သားတစ်ယောက်တည်းရှိသော။ မာတာ၊ မိခင်သည်။ အတ္တနော၊ မိမိရဲ့။ ပိယံ၊ ချစ်စွာသော။ ဧကပုတ္တံ၊ တစ်ယောက်တည်းသောသားကို။ အနုရက္ခတိ ဣဝ၊ အစဉ်စောင့်ရှောက်ရသလိုပါဘဲ သားတစ်ယောက်တည်းရှိသောမိခင်သည်

ချစ်စွာသောသားကို အသက်လောက်မကချစ်လွန်းလို့ ကာကွယ်စောင့်ရှောက်ရသလို။ သတ္ထာပိ၊ လူနတ်တို့ဆရာဖြစ်တော်မူသော သဗ္ဗညုမြတ်စွာဘုရားလည်းဘဲ။ သတ္တာလောကံ၊ သတ္တာလောကကြီးကို။ ဒိဝသဿ တယော ဝါရေ၊ နေ့သုံးကြိမ်။ ရတ္တိယာ တယောဝါရေ၊ ည၌သုံးကြိမ်။ သြလောကေသိ၊ ကောင်းစွာမသွေ ကြည့်ရှု့စောင့်ရှောက်တော်မူခဲ့ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

ဘဝချမ်းသာအောင်နေနည်း

ကရုဏာရှင် မေတ္တာရှင်ဖြစ်တော်မူသောမြတ်စွာဘုရား သတ္တာလောကကို ထိုက်သို့ချစ်ယွန်းလို့ စောင့်ရှောက်တော့ တစ်နေ့နဲ့တစ်ည၌မှာ ခြောက်ကြိမ် ခြောက်ကြိမ်ကြည့်လိုက်တဲ့အခါ သတ္တာလောကကြီး တစ်ခါတစ်ရံ ဘယ်လိုတွေ့လိုက်ရတုန်း သတ္တာဝါတွေဟာ အဆင်းနောက်အတင်းလိုက်၊ အသံနောက်အတင်းလိုက်၊ အနံ့နောက်အတင်းလိုက်၊ အရသာနောက်၊ အတွေ့အထိနောက်၊ ရူပ သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗဆိုတဲ့ ဝတ္ထုကာမရဲ့နောက်မှာ ကိလေသာကာမနဲ့တအားလိုက်ပြီးတော့ ပူပန်နှိပ်စက်ပြီးတော့ သိပ်ပင်ပန်းနေကြတာကို တစ်ခါတစ်ရံ မြတ်စွာဘုရားတွေ့တယ်၊ ကာမဂုဏ်ငါးကို သိပ်ပြီးတော့ ပူလောင်နှိပ်စက် အခံခက်အောင် ပင်ပန်းပြီးတော့ သေလုမျောပါးဖြစ်နေတဲ့ သတ္တာလောကကြီး ကြည့်ပြီးတော့ သတ္တာလောကကြီး သနားလွန်းလို့ အဲဒီကာမဂုဏ်အပူမီနေတဲ့သတ္တဝါတွေကို အေးစေချင်လွန်းလို့ မြတ်စွာဘုရားက ဒီလိုနေကြဆိုပြီးတော့ နေနည်းထိုင်နည်းကိုပြဖို့ရန် ဟာဒီမှာ ဒီဗွဝိဟာရနဲ့နေပြတယ်၊ ဒါ့ကြောင့်

ယဒါ သတ္တာ ကာမေသု ဝိပွဋိပဇ္ဇန္တိ၊ တဒါ ကိရ ဘဂဝါ ဒိဗ္ဗေန ဝိဟာရေန ဝိဟရတိ။

ယဒါ၊ အကြင်အခါမှာ။ သတ္တာ၊ သတ္တာဝါတို့သည်။ ကာမေ၊ ဝတ္ထုအာရုံငါးစုံသော ကာမဂုဏ်တရားတို့၌။ ဝိပွဋိပဇ္ဇန္တိ၊ ဖောက်ဖောက်ပြန်ပြန် အကျင့်လွဲ၍နေကြလေကုန်၏။ ကာမဂုဏ်ငါးပါးမှာ ဖောက်ဖောက်ပြန်ပြန် ဖြစ်လာပြီဆိုတဲ့ခေတ်ကြီး။ သတ္ထာ၊ လူနတ်တို့ဆရာဖြစ်တော်မူသော သဗ္ဗညုမြတ်စွာ

ဘုရားသည်။ ဒိဗ္ဗေန ဝိဟာရေန၊ ဒိဗ္ဗဝိဟာရဆိုသော စျာန်ဝင်စား၍နေခြင်း ဖြင့်။ ဝိဟာရတိ၊ နေပြတယ်။ ကာမဂုဏ်ငါးပါးနဲ့ သတ္တလောက ပင်ပန်းပြီဆိုရင် ဘုရားရှင်ကိုယ်တော်မြတ် ဒိဗ္ဗဝိဟာရနဲ့နေပြတယ်တဲ့ စျာန်နဲ့နေလိုက်တာ။ ငါဘုရားကိုယ်တော်မြတ်သည် ကာမစ္ဆန္ဒကိုခွါဖို့ရန် ဟောဒီမှာ ချစ်သား ချစ်သမီးတို့ကြည့်ကြ စျာန်ဝင်စားနေထားတယ်၊ ချစ်သားချစ်သမီးတို့ ကာမ ဂုဏ်ကြောင့် ပင်ပန်းနေကြတာ ဟောဒီ စျာန်နဲ့နေမှသက်သာမယ်ဆိုပြီးတော့ နေနည်းထိုင်နည်းပြတာ။ကာမဂုဏ်ငါးပါး လွှမ်းမိုးတဲ့ခေတ်ကြီး မြတ်စွာဘုရား ဒိဗ္ဗဝိဟာရနဲ့နေတယ်လို့တစ်ခုမှတ်ထား။ အဲဒီ ဒိဗ္ဗဝိဟာရမှာ ပြဋ္ဌာန်းတဲ့တရား က မှတ်သားရမယ် သမာဓိပြဋ္ဌာန်းတယ်။ သမာဓိကြီးကြီးထား စိတ်ဓာတ် ကြံ့ကြံ့ခိုင်ခိုင်နဲ့ သမာဓိနဲ့နေနိုင်ရင် ထိုပုဂ္ဂိုလ်ဟာ ကာမဂုဏ်လျှိုင်းတံပိုးရဲ့ရိုက်ခတ်တဲ့ဒဏ် ဘယ်တော့မှမခံရဘူး၊ သမာဓိခိုင်တဲ့ပုဂ္ဂိုလ်ဟာ ကာမဂုဏ်လျှိုင်းတံပိုးဒဏ် မခံရဘူး၊ သမာဓိနည်းပြီးပျော့ပြိုဆိုရင်တော့ အေး ကာမဂုဏ်ငါးပါး လျှိုင်းတံပိုးရိုက်ခတ်တဲ့အခါ ပူလောင်နှိပ်စက် အခံခက်ပြီးတော့ အလွန်တရာ ပင်ပန်းကြတယ်၊ ဒါ့ကြောင့် ကာမဂုဏ်လျှိုင်းတံပိုးကို ဘာနဲ့တွန်းလှန်မတုန်းဆိုရင် သမာဓိနဲ့တွန်းလှန်ရတယ်တဲ့ အဲဒါ ဒိဗ္ဗဝိဟာရခေါ်တယ်။

ယဒါ သတ္တာ ကာမေသု ဝိပ္ပဋိပဇ္ဇတိ၊ တဒါ ကိရ ဘဂဝါ ဒိဗ္ဗေန ဝိဟာရေန ဝိဟာရတိ။ [၁]

ယဒါ၊ အကြင်အခါမှာ။ သတ္တာ၊ သတ္တဝါတို့သည်။ ကာမေသု၊ ကာမဂုဏ်ငါးပါးတို့၌။ ဝိပ္ပဋိပဇ္ဇန္တိ၊ ဖောက်ဖောက်ပြန်ပြန်ကျင့်၍ နေကြလေကုန်၏။ တဒါ၊ ထိုအခါမှာ။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်သည်။ ဒိဗ္ဗေနဝိဟာရေန၊ ဒိဗ္ဗဝိဟာရဖြင့်။ ဝိဟာရတိ၊ နေပြတယ်။

အပ္ပေဝ နာမ ဣမံ ပဋိပတ္တိံ ဒိသွာ ဧတ္ထ ရုစိံ ဥပ္ပါဒေဿာ။ [၂]

ဣမေ သတ္တာ၊ ဤသတ္တဝါတို့သည်။ ဣမံ ပဋိပတ္တိံ၊ ဤငါဘုရားရှင်ကိုယ်တော်မြတ် သမာဓိကြီးကြီးထားနေတယ်ဆိုတဲ့ ဒိဗ္ဗဝိဟာရအကျင့်ကို။

၁။ ၂။ သာရတ္ထ၊ ၁၊ ၂၀၄

ဒိသွာ၊ တွေ့ကြမယ်ဆိုရင်။ ဧတံ၊ ဤငါဘုရားရှင်ကိုယ်တော်မြတ်ရဲ့သမာဓိကြီးကြီးထားနေရတဲ့ ဒိဗ္ဗဝိဟာရအကျင့်ပဋိပတ်၌။ ရူစိ ၊ နှစ်သက်ခြင်း မြတ်နိုးခြင်း လိုလားခြင်း တောင့်တခြင်းကို။ ဥပပါဒေတွာ၊ ဖြစ်စေကြကုန်၍။ တေသံ၊ ထိုကာမဂုဏ်ငါးပါးလိုက်စားလွန်ကြူးကြတဲ့သတ္တဝါတို့ရဲ့သန္တာန်မှာ။ အပ္ပေဝ နာမ ဣမံပဋိပတ္တိ ဒိသွာ ဧတ္ထရူစိ ဥပပါဒေန္တာ။ တေသံ၊ ထိုကာမဂုဏ်ငါးပါးလိုက်စားလွန်ကြူးကြတဲ့သတ္တဝါတို့ရဲ့သန္တာန်မှာ။ ဣမေန ဒိဗ္ဗဝိဟာရေန၊ ဤဒိဗ္ဗဝိဟာရဖြင့်။ လောဘံ၊ လောဘတည်းဟူသောကိလေသာကာမကို။ ဝူပသမေယျုံ၊ ငြိမ်းစေနိုင်ကြကုန်မူကား ဝါ ငြိမ်းအောင်အားထုတ်နိုင်ကြကုန်မူကား။ အဟော သာဓု၊ ချော် ကောင်းလေစွ။ ဣတိ၊ ဤသို့ရည် ရွယ်၍။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်သည်။ ဒိဗ္ဗေနဝိဟာရေန၊ ဒိဗ္ဗဝိဟာရဖြင့်။ ဝိဟရတိ၊ ကောင်းစွာမသွေ သီတင်းသုံးတော်မူခဲ့ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

ငါဘုရားရှင်ကိုယ်တော်မြတ် သမာဓိကြီးကြီးထားပြီးနေပြတဲ့အခါ ဤကဲ့သို့ သမာဓိကြီးကြီးထားနေရတဲ့ ဒိဗ္ဗဝိဟာရကို တွေ့ကြမြင်ကြကြည်ညိုကြတဲ့ သတ္တဝါတွေဟာ ငါဘုရားအတုလိုက်ပြီးတော့ ကျင့်ကြ ကြံကြ သမာဓိနဲ့သာနေကြမယ်ဆိုရင် သူတို့သန္တာန်မှာ ကိလေသာကာမ တဏှာလောဘတွေ ချုပ်ငြိမ်းပြီးတော့ သက်သာရာရကြမှာဘဲ။

အပ္ပေဝ နာမ ဣမံ ပဋိပတ္တိံ ဒိသွာ ဧတ္ထ ရူစိံ ဥပပါဒေတွာ တေသံ အလောဘေန လောဘံ ဝူပသမေယျုံ။ [1]

တေသံ၊ ထိုသတ္တဝါတို့ရဲ့သန္တာန်မှာ။ အလောဘေန၊ အလောဘတည်းဟူသောကုသိုလ်မူလဖြင့်။ လောဘံ၊ လောဘတည်းဟူသော အကုသိုလ်မူလကို။ ဝူပသမေယျုံ၊ ငြိမ်းအောင်သာကျင့်နိုင်ကြမယ်ဆိုရင်တော့။ အဟော သာဓု၊ ချော် ကောင်းလေစွဟူသော ရည်ရွယ်ချက်ဖြင့်။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်သည်။ ဒိဗ္ဗေနဝိဟာရေန၊ ဒိဗ္ဗဝိဟာရဖြင့်။

၁။ သာရတ္ထ၊ ၁၊ ၂၀၄

ဝိဟာရတိ၊ နေပြတယ်။ ကာမဂုဏ်လိုက်ဆိုတာ လောဘ၊ လောဘတည်းဟူသောအကုသိုလ်မူလနဲ့ ကာမဂုဏ်လိုက်တာ၊ ကာမဂုဏ်ငါးပါးနောက်ကို လိုက်တယ်ဆိုတာ လောဘတည်းဟူသော အကုသိုလ်မူလ၊ အဲဒီ လောဘဆိုတဲ့ အကုသိုလ်မူလကို အလောဘဆိုတဲ့ကုသိုလ်မူလနဲ့ငြိမ်းအောင် အားထုတ်နိုင်ကြပါစေ သမာဓိကြီးကြီးထားရင် လောဘဆိုတဲ့အကုသိုလ်မူလ ထွက်ခွါသွားပြီးတော့ အလောဘဆိုတဲ့ ကုသိုလ်မူလတွေ သူတို့သန္တာန်တိုးပွားလာကြလိမ့်မယ်၊ အေး ဒီနေနည်း ထိုင်နည်းနဲ့နေပြီးတော့ ဒီသတ္တဝါတွေ ချမ်းသာကြပါစေဆိုတဲ့ ရည်ရွယ်ချက်ဖြင့် ဒိဗ္ဗဝိဟာရကို မြတ်စွာဘုရား အသုံးပြုတယ်။ ခေတ်က ကာမဂုဏ်လွှမ်းမိုးတဲ့ခေတ်တဲ့၊ ကာမဂုဏ်လွှမ်းမိုးတဲ့ခေတ်မှာ ဒိဗ္ဗဝိဟာရဆိုသောသမာဓိနဲ့ မြတ်စွာဘုရားနေတယ်။ နောက် ဒုတိယနည်း တစ်ခုက-

အာဏာရပေ ညှင်းဆဲလေ နေပေဗြဟ္မဝိဟာရ

ယဒါ ပန ဣဿရိယတ္တံ သတ္တော်သူ ဝိပ္ပဋိပဇ္ဇန္တိ၊ တဒါ ပန ဗြဟ္မဝိဟာရေန ဝိဟာရတိ။ [၁]

ယဒါ၊ အကြင်အခါမှာ။ သတ္တာ၊ သတ္တဝါတို့သည်။ ဣဿရိယတ္တံ၊ အာဏာတန်ခိုး အစိုးတရဖြစ်ဖို့ရန်။ ဝိပ္ပဋိပဇ္ဇန္တိ၊ ဖောက်ဖောက်ပြန်ပြန် ကျင့်ကြလေကုန်၏။ အာဏာတန်ခိုး အစိုးတရဖြစ်ချင်လို့ ဖောက်ဖောက်ပြန်ပြန် ကျင့်သုံး၍နေကြလေကုန်၏။ အာဏာတန်ခိုး အစိုးတရဖြစ်ဖို့ရန် တစ်ယောက်နဲ့ တစ်ယောက် ညှင်းဆဲ၍နေကြလေကုန်၏၊ တဒါ၊ ထိုအခါမှာ။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော် မြတ်ကြီးသည်။ ဗြဟ္မဝိဟာရေန၊ ဗြဟ္မဝိဟာရဖြင့်။ ဝိဟာရတိ၊ နေပြတယ်။

အာဏာတန်ခိုး အစိုးတရဖြစ်ဖို့ရန် သတ္တဝါတွေ တစ်ယောက်နဲ့တစ်ယောက် ညှင်းဆဲနှိပ်စက်သည့် ခေတ်ကာလ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ် ဗြဟ္မဝိဟာရနဲ့နေတော်မူတယ်။ အာဏာရဖို့ရန် တစ်ယောက်နဲ့တစ်ယောက်၊ တန်ခိုးကြီးဖို့ရန် တစ်ယောက်နဲ့တစ်ယောက် ညှင်းဆဲကြ နှိပ်စက်ကြ၊ ရာထူး

၁။ သာရတ္ထ ၁၊ ၂၀၄

အတွက် အာဏာအတွက် ညှင်းဆဲနှိပ်စက် သတ်ဖြတ်လာတဲ့အခါကြီးမှာ မြတ်စွာဘုရားသည် ငြဟ္မဝိဟာရနဲ့နေပြတယ်။ ငြဟ္မဝိဟာရ ငြဟ္မာကြီးတွေ နေသလို လူမြတ်တို့ရဲ့နေနည်း၊ တရားကိုယ်က မေတ္တာ၊ အာဏာတန်ခိုး အစိုးတရဖြစ်ဖို့ရန် တစ်ယောက်နဲ့တစ်ယောက် ညှင်းဆဲဆိုတဲ့နေရာမှာ ပြဋ္ဌာန်း တာက ဒေါသ၊ အဲဒီ ဒေါသကိုဘာနဲ့ဖယ်ပစ်ရမလဲလို့ဆိုလို့ရှိရင် မေတ္တာတရား နဲ့ဖယ်ရမှာ၊ ဒါ့ကြောင့် အာဏာတန်ခိုးအစိုးတရဖြစ်ဖို့ရန် တစ်ယောက်နဲ့ တစ်ယောက် ညှင်းဆဲတဲ့ခေတ်ကာလ မြတ်စွာဘုရားတွေ.ပြီဆိုလို့ရှိရင် မေတ္တာစျာန်ဝင်စားပြီးတော့ ငြဟ္မဝိဟာရနဲ့ နေပြလိုက်တယ်၊

အပေဝ နာမ ဣမံ ပဋိပတ္တိ ဧတ္ထ ရုစိ ဉပ္ပါဒေန္တာ ကာမေသု ဝိရဇ္ဇေယျုန္တိ။ ယဒါ ပန ဣဿရိယတ္တံ သတ္တေသု ဝိပ္ပဋိပဇ္ဇန္တိ၊ တဒါ ပန ငြဟ္မဝိဟာရေန ဝိဟရတိ တေသံ အဒေါသကုသလမူလုပ္ပါဒနတ္ထံ။ [၁]

ဣမံ ပဋိပတ္တိ၊ ဤငါဘုရားရှင်ကိုယ်တော်မြတ်ရဲ့ မေတ္တာနဲ့နေနည်း ထိုင်နည်းဆိုတဲ့အကျင့်ပဋိပတ်ကို။ ဒိသွာ၊ တွေ့.ကြမြင်ကြသည်ရှိသော်။ တေသံ၊ ထိုငါဘုရားရှင်ကိုယ်တော်မြတ်ရဲ့မေတ္တာနဲ့နေသော ငြဟ္မဝိဟာရတည်းဟူသော အကျင့်ပဋိပတ်၌။ ရုစိ၊ နှစ်သက်ခြင်း မြတ်နိုးခြင်းကို။ ဉပ္ပါဒေတွာ၊ ဖြစ်စေကြ ကုန်၍။ တေသံ၊ ထိုသတ္တဝါတို့ရဲ့သန္တာန်မှာ။ အဒေါသကုသလမူလုပ္ပါဒနတ္ထံ၊ အဒေါသဆိုသောကုသိုလ်မူလ မေတ္တာရဲ့ကြောင်းရင်းဖြစ်တဲ့ အဒေါသတည်း ဟူသော ကုသိုလ်မူလဖြစ်ပါစေခြင်းငှာ။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ တဒါ၊ ထိုကဲ့သို့ အာဏာတန်ခိုးအစိုးတရ ဖြစ်ဖို့ရန် ညှင်းဆဲတဲ့ခေတ်ကာလမှာ။ ငြဟ္မဝိဟာရေန၊ လူမြတ်တို့ရဲ့နေနည်း ထိုင်နည်း ငြဟ္မာကြီးတို့ရဲ့နေနည်းထိုင်နည်းလို့ဆိုရတဲ့ မေတ္တာစျာန်ဝင်စား၍ နေခြင်းတည်းဟူသော ငြဟ္မဝိဟာရဖြင့်။ ဝိဟရတိ၊ ကောင်းစွာမသွေ သီတင်း သုံးတော်မူခဲ့ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

ဒုတိယတစ်နည်း အာဏာတန်ခိုး အစိုးတရဖြစ်ဖို့ရန် ရာထူးအာဏာ

၁။ သာရတ္ထ၊ ၁။ ၂၀၄

ရဖို့ရန် တစ်ယောက်နဲ့တစ်ယောက်ညှင်းဆဲကြပြီ နှိပ်စက်ကြပြီဆိုတဲ့အခါ မြတ်စွာဘုရားသည် ဗြဟ္မဝိဟာရနဲ့နေတယ်၊ ဗြဟ္မဝိဟာရရဲ့ တရားကိုယ်သည် မေတ္တာတရား၊ ညှင်းပန်းနှိပ်စက်ဆိုတာ အရကောက်လိုက်တော့ ဒေါသ၊ အဲဒီ ညှင်းဆဲခြင်းရဲ့အကြောင်းရင်းဖြစ်တဲ့ ဒေါသကို မေတ္တာနဲ့ပယ်ရမယ်ဆိုပြီးတော့ သတ္တလောကကြီးကို တစ်နေ့ခြောက်ကြိမ်ကြည့်လို့ မြတ်စွာဘုရားရဲ့ဉာဏ်တော်ထဲမှာ အော် ညှင်းဆဲနှိပ်စက်မှုတွေတော့ လွှမ်းမိုးပြီဟေ့ဆိုလို့ရှိရင် အဲဒီအခါ မြတ်စွာဘုရားက မေတ္တာသမာပတ်ဝင်စား ပြီးတော့နေလိုက်ပြီတဲ့၊ သူ့ခေတ်နဲ့ သူ့အခါ ဒါ ကြည့်ပြီးတော့နေဘို့ဘဲ၊ ကာမဂုဏ်ငါးပါးကြောင့် သိပ်ပူလောင်တဲ့အခါကြရင် သမာဓိကိုရအောင် ကြိုးစားပြီးတော့ သမာဓိကြီးကြီးထားရင်ရတယ်၊ ညှင်းဆဲနှိပ်စက်မှုတွေလွှမ်း မိုးတဲ့ အခါကြတော့ ဒေါသကိုချုံးနှိမ်ပြီးတော့ မေတ္တာနဲ့နေရမယ်တဲ့ ဒီနေ့နည်း။ နောက်တတိယနေ့နည်းတစ်ခုရှိပါတယ် -

အရိယာဝိဟာရဟူသည်

ယဒါ ပန ပဗ္ဘဇိတာ ဓမ္မာဓိကရဏံ ဝိဝဒန္တိ၊ တဒါ အရိယာဝိဟာရေန ဝိဟရတိ။ [၁]

ယဒါ၊ အကြင်အခါမှာ။ ဘိက္ခူသူ၊ ရဟန်းတော်တို့ရဲ့လောက၌။ ဓမ္မာဓိကရဏံ၊ ဓမ္မအဓမ္မကိုအခြေခံပြီးတော့။ ဝိဝဒန္တိ၊ ငြင်းခုံ၍ နေကြလေကုန်၏။ တဒါ၊ ထိုအခါမှာ။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ အရိယာဝိဟာရေန၊ အရိယာဝိဟာရဖြင့်။ ဝိဟရတိ၊ နေတော်မူပြတယ်။

တတိယနေ့နည်းက အရိယာဝိဟာရ၊ အရိယာသူတော်ကောင်းတို့ရဲ့နေနည်းထိုင်နည်း၊ အရိယာသူတော်ကောင်းတို့ရဲ့နေနည်းဆိုတာက အသိဉာဏ်နဲ့နေတာ၊

ယခုနက ဒိဗ္ဗဝိဟာရမှာက စျာန်ဝင်စား သမာဓိနဲ့နေတာ၊ ဘယ်အခါလဲဆိုတော့ ကာမဂုဏ်နှိပ်စက်တဲ့အခါများ၊

၁။ သာရတ္ထ၊ ၁။ ၂၀၄

ပြဟ္မဝိဟာရနဲ့နေတယ်ဆိုတာက မေတ္တာတရားနဲ့နေရတာ၊ ဘယ်အခါလဲဆိုတော့ အာဏာတန်ခိုး အစိုးတရ ဖြစ်ဖို့ရန်ညှင်းဆဲမှုတွေလွှမ်းမိုးတဲ့အခါ၊ ယခုပြောတဲ့ အရိယာဝိဟာရ အရိယာတို့ရဲ့နေနည်းထိုင်နည်းဆိုတာက ဉာဏ်ပြဋ္ဌာန်းပြီးတော့နေတယ်၊ အဲဒီ အသိဉာဏ်က ဒီဉာဏ်ကဘယ်လိုဉာဏ်မျိုးတုန်းဆိုလို့ရှိရင် ဖိုလ်စိတ်လေးပါး တစ်ပါးပါးနဲ့ယှဉ်တဲ့ဉာဏ်ကို ဒီနေရာမှာ တိုက်ရိုက်အားဖြင့်ကောက်ယူရပါတယ်၊ မိမိတို့ဆိုင်ရာဆိုင်ရာရရှိတဲ့ဖိုလ်ကို ဝင်စား ထိုဖိုလ်စိတ်နဲ့ တစ်ခါတည်း အသိဉာဏ်တွဲပြီးတော့ နိဗ္ဗာန်အာရုံပြုလို့ ချမ်းသာစွာနေတာကို ဒါ အရိယာဝိဟာရခေါ်တယ်၊ ဒီတော့ အရိယာဝိဟာရမှာ ဘုန်းကြီးတို့ပရိသတ် လွယ်လွယ်မှတ်ဖို့က အရိယာဝိဟာရဆိုတာ အသိဉာဏ်ကြီးကြီးထားပြီးတော့နေတာကိုဆိုလိုပါတယ်လို့သဘောကျ၊ အချိန်အခါကာလက ဘယ်အခါတုန်း။

ယဒါ၊ အကြင်အခါမှာ။ ဘိက္ခဖြသူ၊ ရဟန်းတော်တို့ရဲ့လောမှာ။ ရဟန်းတော် တို့ရဲ့လောက၊ အခုနက ဒိဗ္ဗဝိဟာရက သာမန်လူ့လောကကြီးကို ကြည့်ပြောတာ၊ ပြဟ္မဝိဟာရကတော့ မင်းစိုးရာဇာတို့ရဲ့လောကကို ကြည့်ပြီးတော့ပြောတာ၊ အရိယာဝိဟာရကတော့ ရဟန်းသံဃာတော်တို့ရဲ့လောကကို ကြည့်ပြီး တော့ပြောတာ၊ သူ့လောကနဲ့ သူ့နေနည်းနဲ့ လူသာမန်တို့ရဲ့လောက ကာမဂုဏ် နှိပ်စက်ရင် သမာဓိသာခိုင်ခိုင်ထားတော့တဲ့ ဒိဗ္ဗဝိဟာရနဲ့နေလိုက်၊ အာဏာရှိပုဂ္ဂိုလ်တို့ရဲ့ မင်းစိုးရာဇာတို့ရဲ့လောကမှာ အာဏာတန်ခိုး အစိုးတရ ဖြစ်ချင်လို့ ညှင်းဆဲလာကြပြီဆိုရင်တော့ မေတ္တာသာဝင်စား မေတ္တာစျာန်ဝင်စားပြီးတော့ ပြဟ္မဝိဟာရနဲ့နေလိုက်တဲ့၊ အေး ရဟန်းတော်များရဲ့လောကမှာ ကြည့်လိုက်ပါ-

အဓိကရဏ်ငြိမ်းအောင်နေနည်း

ယဒါ၊ အကြင်အခါမှာ။ ဘိက္ခဖြသူ၊ ရဟန်းတော်သံဃာတော်တို့ရဲ့လောကဌ်။ ဓမ္မာဓိကရဏံ၊ ဓမ္မကိုအခြေခံပြီးတော့ ဓမ္မ အဓမ္မဝါဒကွဲပြီးတော့ ငြင်းခုံမှုတွေဖြစ်လာကြသောကာလမှာ၊ ဓမ္မာဓိကရဏံ၊ ဓမ္မ အဓမ္မအခြေခံ၍။ ဝိဝဒန္တိ၊ ငြင်းခုံတော်မူကြလေကုန်၏။ ရဟန်းတော်သံဃာတော်များ ဓမ္မနဲ့အဓမ္မ

ဤသည်ကားဓမ္မဝါဒ ဤသည်ကား အဓမ္မဝါဒရယ်လို့ ဓမ္မဝါဒီပုဂ္ဂိုလ်တို့က တစ်ဖက် အဓမ္မဝါဒီပုဂ္ဂိုလ်တို့ကတစ်ဖက် ဓမ္မနဲ့အဓမ္မ ဝါဒနှစ်ရပ်ကွဲပြီးတော့ ဓမ္မာဓိကရုဏ်းဖြစ်လို့ ငြင်းခုံကြပြီဆိုရင် ရဟန်းတော်များရဲ့လောကမှာ ဓမ္မဝါဒနဲ့အဓမ္မဝါဒ ဓမ္မဝါဒီနဲ့အဓမ္မဝါဒီ ဓမ္မနဲ့အဓမ္မအခြေခံပြီးတော့ သံဃာတော်များ ငြင်းခုံလာကြပြီဆိုသည့်ကာလ။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင်ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ အရိယာဝိဟာရေန၊ အရိယာဝိဟာရဖြင့်။ ဝိဟရတိ၊ နေပြတော်မူတယ်။ ရဟန်းသံဃာများရဲ့လောကမှာ ဓမ္မာဓိကရုဏ်းဖြစ်ပြီဆိုရင် မြတ်စွာဘုရားသည် အရိယာဝိဟာရနဲ့နေပြလိုက်ပါတယ်။ ငါဘုရားနေသလို နေကြ အဲဒီအဓိကရုဏ်းတွေငြိမ်းသွားလိမ့်မယ် ဒီအဓိပ္ပါယ်ပေါ့။

ဓမ္မာဓိကရဏံ ဝိဝဒန္တိ တဒါ ကိရ ဘဂဝါ အရိယာဝိဟာရေန ဝိဟရတီတေသံ အမောဟကုသလမူလုပ္ပါဒနတ္ထံ။

တေသံ၊ ထိုရဟန်းတော် သံဃာတော်တို့ရဲ့သန္တာန်မှာ။ အမောဟကုသလမူလုပ္ပါဒနတ္ထံ၊ အမောဟတည်းဟူသောကုသိုလ်မူလဖြစ်ပါစေခြင်းငှာ။ ဓမ္မနဲ့အဓမ္မခွဲခြားနားမလည်ရင် ငြင်းခုံဆိုတာဟာ မောဟလွှမ်းမိုးလို့ဖြစ်တာတဲ့။ ဤသည်ကားဓမ္မ ဤသည်ကား အဓမ္မလို့ ကွဲကွဲပြားပြားနားမလည်ခြင်းသည် မောဟဆိုတဲ့အဝိဇ္ဇာဖိစီးလို့ဖြစ်တာ၊ ဒါ့ကြောင့် အဲဒီအဝိဇ္ဇာဆိုတဲ့မောဟကို ဝိဇ္ဇာနဲ့ခွါမှဖြစ်မယ်ဘိုပြီးတော့ အသိဉာဏ်ပြဋ္ဌာန်းသော နေနည်းထိုင်နည်း အရိယာဝိဟာရနဲ့နေပြဆိုတဲ့အဓိပ္ပါယ် မြတ်စွာဘုရားကိုယ်တိုင်နေပြလိုက်တယ်။ မောဟဖိစီးလို့ ဓမ္မနဲ့အဓမ္မ မကွဲပြား ငြင်းခုံကြသော သံဃာတော်တို့ရဲ့သန္တာန်မှာ ထိုငြင်းခုံခြင်းရဲ့အကြောင်းရင်းဖြစ်တဲ့မောဟကို ပယ်ဖျောက်ဖို့ရန်အတွက်-

တေသံ၊ ထိုငြင်းခုံကြသောရဟန်းတော်တို့ရဲ့သန္တာန်မှာ။ အမောဟကုသလ မူလုပ္ပါဒနတ္ထံ၊ အမောဟတည်းဟူသော ကုသိုလ်မူလဖြစ်ပါစေခြင်းအကျိုးငှာ။ အပ္ပေဝနာမ ဣမံ ပဋိပတ္တိ ဒိဿာ ဧတ္ထ ရုစိ ဥပ္ပါဒေတွာ တေသံ အမောဟေန မောဟံ ဝူပသမေယျုံ။ ဣမံ ပဋိပတ္တိ ၊ ငါဘုရားရှင် ကိုယ်တော်မြတ်ရဲ့အကျင့်ပဋိပတ်ကို။ ဒိဿာ၊ တွေ့မြင်ကြကုန်သည်ရှိသော်။ ရုစိ ၊ ငါဘုရားရှင်ကိုယ်တော်မြတ်ရဲ့အကျင့်ပဋိပတ်ကိုမြင်၍ နှစ်သက်ခြင်း မြတ်နိုးခြင်းကို။ ဥပ္ပါဒေတွာ၊ ဖြစ်စေကြကုန်၍။ တေသံ၊ ထိုဓမ္မာဓိကရုဏ်းဖြစ်ပြီးတော့

ငြင်းကြခုံကြသောရဟန်းတော်တို့ရဲ့သန္တာန်မှာ။ အမောဟေန၊ အမောဟတည်း ဟူသောကုသိုလ်မူလဖြင့်။ မောဟံ၊ မောဟတည်းဟူသော အကုသိုလ်မူလကို။ အပ္ပေဝ နာမ ဝူပသမေယျုံ၊ ငြိမ်းအောင်များ ကျင့်နိုင်ကြမယ်ဆိုရင်တော့။ အဟော သာဓု၊ အော် ကောင်းလေစွဟူသောရည်ရွယ်ချက်ဖြင့်။ ဘဂဝါ၊ မြတ် စွာဘုရားသည်။ တဒါ၊ ထိုကဲ့သို့ ဓမ္မာဓိကရုဏ်းဖြစ်ပြီးတော့ ငြင်းကြခုံကြ သည့်ခေတ်ကာလမှာ။ အရိယာဝိဟာရေန၊ အရိယာသူတော်ကောင်းတို့ရဲ့ နေနည်းထိုင်နည်းဆိုရသောအရိယာဝိဟာရဖြင့် အသိဉာဏ်ကြီးကြီးထားပြီး၍ နေရထိုင်ရသော အရိယာဝိဟာရဖြင့်။ ဝိဟရတိ၊ ကောင်းစွာမသွေ သီတင်းသုံး တော်မူခဲ့ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

နေနည်းသုံးခုရသွားတယ် သာမန်လူ့လောကမှာ ကာမဂုဏ်ငါးပါး သွမ်းမိုးလို့ သိပ်ပူလောင်လာကြပြီဆိုရင် ဒိဗ္ဗဝိဟာရနဲ့ မြတ်စွာဘုရားနေပြ လိုက်တယ် အဓိပ္ပါယ်ကတော့ ကာမဂုဏ်လှိုင်းတံပိုးဒဏ်ကိုခံနိုင်အောင် သမာဓိနဲ့နေကြလို့ ကိုယ်တော်မြတ်ကိုယ်တော်တိုင်နေပြတယ်၊

နောက်တစ်ခု ကတော့ မင်းစိုးရာဇာတို့ရဲ့လောကမှာ အာဏာတန်ခိုး အစိုးတရအတွက် ညှင်းပန်းနှိပ်စက်မှုတွေလွှမ်းမိုးလာရင်တော့ ပြဟ္မဝိဟာရ နဲ့နေကြ မေတ္တာနဲ့နေကြမှ နှိပ်စက်မှုတွေ ညှင်းဆဲမှုတွေကင်းမယ်ဆိုပြီးတော့ အာဏာတန်ခိုး အစိုးတရအတွက် ညှင်းပန်းနှိပ်စက်မှုတွေလွှမ်းမိုးတဲ့ခေတ် ကာလမှာ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်သည် ပြဟ္မဝိဟာရ ပြဟ္မာကြီးတို့ရဲ့ နေနည်းနဲ့ နေပြတယ် မေတ္တာ၊

တစ်ခါတစ်ရံမှာ သံဃာတော်များရဲ့လောကမှာ ဓမ္မ အဓမ္မ ငြင်းခုံမှု တွေဖြစ်လာပြီ ဓမ္မာဓိကရုဏ်းဖြစ်လာပြီဆိုသည့်ကာလ ဘုရားရှင်ကိုယ်တော် မြတ်က အရိယာဝိဟာရ အရိယာသူတော်ကောင်းတို့ရဲ့နေနည်း ထိုင်နည်း အသိဉာဏ်နဲ့နေကြဆိုပြီးတော့ အရိယာဝိဟာရနဲ့နေတော်မူပြပါတယ်။ နေနည်းသုံးခုရပြီ။

ဣရိယာပထဝိဟာရ

ကိုယ်တော်မြတ်ကိုယ်တော်တိုင်ပင်ပန်းပြီ စကြိမ်တွေအများကြီး သွားရလို့ ခရီးရှည်သွားရလို့ တရားတွေ နေ့ပွဲညပွဲ တစ်ခါတည်းဆက်နေအောင် နေရော ညရော ထိုင်သောဣရိယာပုဒ်ကိုများများကြီးအသုံးပြု တရားတွေအများကြီးဟောရလို့ ကိုယ်တော်မြတ်ပင်ပန်းပြီ၊ ဒေသစာရီများများကြီးသွားရလို့ ကိုယ်တော်မြတ်ပင်ပန်းပြီ ဒီလိုဆိုလို့ရှိရင် ဣရိယာပထမမျှဘူးတဲ့၊ လျှောင်းတာရယ် ထိုင်တာရယ် ရပ်တာရယ် သွားတာရယ် ဒီလေးမျိုး အနေအထိုင်မမျှတာကို ဣရိယာပထမမျှတာခေါ်တယ်၊ အထိုင်ကများ အရပ်ကနည်း၊ ရပ်တာကများပြီးတော့ အိပ်တာကနည်း၊ သွားတာကနည်း လျှောက်တာကနည်းပြီးတော့ ထိုင်တာကများ အဲဒီလို လျှောင်းထိုင်ရပ်သွား ဣရိယာပုဒ်လေးပါး အနေအထိုင်မမျှတာကို ဣရိယာပထမမျှဘူးလို့ဆိုတယ်၊ လျှောင်းတာရယ် ထိုင်တာရယ် ရပ်တာရယ် သွားတာရယ်လေးခု အချိန်နာရီ တစ်ခုနဲ့တစ်ခု မျှနေတယ်ဆိုတော့၊ ဣရိယာပထမမျှတယ်တဲ့၊ ဣရိယာပထမမျှတော့ ဘာဖြစ်တုန်းကျန်းမာတယ်၊ ဣရိယာပထမမျှတော့ကျန်းမာရေးထိခိုက်တယ်။

ဒါကြောင့် ကိုယ်တော်မြတ်မှာ လျှောင်းလို့ပင်ပန်း၊ ရပ်လို့ပင်ပန်း၊ ထိုင်လို့ပင်ပန်း၊ သွားလို့ပင်ပန်း အဒီလိုအနေအထားတစ်ခုတည်း ကြာကြာကြီးအသုံးပြုလို့ ကာယိကဒုက္ခဖြစ်လာရင် မြတ်စွာဘုရားသည် ဣရိယာပုထ်တစ်မျိုးမှတစ်မျိုး ပြောင်း ပြောင်းပေးပါတယ်၊ ဒေသစာရီလှည့်ရတာများလို့ ပင်ပန်းရင် လျှောင်းစက်ပေးရတယ်၊ လျှောင်းစက်လာလို့ ကြာလာပြန်ပြီဆိုတဲ့အခါကြတော့မှ လေကအထက်ဆန်လာဦးမယ် အဲဒီအခါမျိုးကြ ဘာလုပ်ပေးရမလဲ ထိုင်ပေးရမယ်၊ အို ထိုင်တာများလို့ ညောင်းလာတော့ စကြိမ်လျှောက်ပေါ့၊ လျှောင်းထိုင် ရပ်သွား ဣရိယာပုထ်လေးပါးမျှတစွာနေတာဟာ ဘာအတွက်တုန်းဆိုတော့ ကိုယ်တော်မြတ်ရဲ့ကာယိကဒုက္ခကို ပယ်ဖျောက်ဖို့ရန် ဒီနေနည်း ထိုင်နည်းလေးပါး မျှအောင်နေလိုက်တယ်။

လျှောင်းခြင်းကြောင့်ဖြစ်လာတဲ့ ကာယိကဒုက္ခကို ထိုင်၍ပယ်ဖျောက်တယ်၊ အထိုင်များလို့ဖြစ်လာတဲ့ကာယိကဒုက္ခကို ရပ်၍ သွား၍

ပယ်ဖျောက်တယ်၊ ရပ်ခြင်းသွားခြင်းကြောင့်ဖြစ်လာတဲ့ ကာယိကဒုက္ခကို ထိုင်၍ ပယ်ဖျောက်တယ်၊ အနေအထားတစ်ခုတည်းမှာဖြစ်လာတဲ့ ကာယိကဒုက္ခကို အနေအထားတစ်မျိုးကိုပြောင်းပြီးတော့ ဣရိယာပုထ်မျှအောင် သီတင်းသုံးတာကို ဣရိယာပထဝိဟာရလို့ခေါ်ပါတယ်။ ဒိဗ္ဗဝိဟာရရယ် ဗြဟ္မဝိဟာရရယ် အရိယာဝိဟာရရယ် ဣရိယာပထဝိဟာရရယ်လို့ ဝိဟာရလေးပါး၊ ထိုဝိဟာရလေးပါးနှင့်နေတော်မူတာကိုပင်လျှင် ဝိဟရတိ နေ၏လို့ဆိုတယ်၊ ဒါ ကြောင့်-

ဧကံသမယံ၊ အခါတစ်ပါး၌။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညုမြတ်စွာဘုရားရှင်သည်။ သာဝတ္ထိယံ၊ သာဝတ္ထိနေပြည်မော်[1]၌။ ဒဃာဝု ပိဏ္ဍိကဿ၊ အနာထပိဏ်သူဌေးကြီး၏။ အာရာမေ၊ စိတ်နှလုံးမှာ ပျော်မွေ့ဖွယ်ရာကောင်းပေထသော။ ဧဇတဝနေ၊ ဧဇတဝန်ကျောင်းတိုက်၌။ မဟတာ၊ ဂုဏ်ဘားဖြင့်မြတ်သော ဝါ အရေအတွက်အားဖြင့် များပြားလှစွာသော။ ဘိက္ခုသံဃေန၊ ရဟန်းတော်သံဃာတော်အပေါင်းနှင့်။ သဒ္ဓိံ၊ အတူတကွ။ ဝိဟရတိ၊ ဒိဗ္ဗဝိဟာရ ဗြဟ္မဝိဟာရ အရိယာဝိဟာရ ဣရိယာပထဝိဟာရဆိုသော ဝိဟာရလေးလိုဖြင့် မျှညီရွှင်ပြုံး၍ သီတင်းသုံးတော်မူခဲ့ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

မြတ်စွာဘုရားရှင်ကိုယ်တော်မြတ် သာဝတ္ထိပြည်မွန် ဧဇတဝန်ကျောင်းတိုက်မှာ သံဃာတော်များစွာခြံရံပြီးတော့ ဝိဟာရလေးပါးဖြင့် ကာမဂုဏ်လွှမ်းမိုးတဲ့အခါ ဒိဗ္ဗဝိဟာရ၊ နှိပ်စက်ညှင်းဆဲမှုတွေ လွှမ်းမိုးတဲ့အခါ ဗြဟ္မဝိဟာရ၊ ရဟန်းတော်သံဃာတော်တို့ရဲ့အလယ်မှာ ဓမ္မ အဓမ္မ ဝိဝါဒဖြစ်ပြီးတော့ ငြင်းခုံတဲ့အခါမှာ အရိယာဝိဟာရ၊ ကိုယ်တော်မြတ်ပင်ပန်းတဲ့အခါကြတော့ ဣရိယာပထဝိဟာရဆိုသော ဝိဟာရလေးလိုဖြင့် မျှညီရွှင်ပြုံး၍ သီတင်းသုံးတော်မူစဉ်၊

တေန ခေါ ပန သမယေန အာယသ္မာ ကုမာရကဿပေါ အန္ဓဝနေ ဝိဟရတိ။ ။

တေန ခေါ ပန သမယေန၊ ထိုကဲ့သို့ ဘုရားရှင်ကိုယ်တော်မြတ် သာဝတ္ထိပြည်မွန် ဧဇတဝန်ရွှေကျောင်း ကိန်းအောင်းတော်မူဆဲကာလမှာ။

၁။ မ။ ၁၊ ၁၉၅

အာယသ္မာ ကုမာရကဿပေါ၊ အရှင်ကုမာရကဿပမထေရ်သည်။ အန္ဓဝနေ၊ အန္ဓဝန်တောအုပ်၌။ ဝါ- အန္ဓဝနေ၊ အကန်းတော၌။ ဝိဟရတိ၊ ကောင်းစွာမသွေ သီတင်းသုံးတော်မူခဲ့ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

မြတ်စွာဘုရားက သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတိုက်ထဲ ဝိဟာရလေးပါး တစ်ပါးပါးနဲ့မျှတစွာ သီတင်းသုံး၍နေစဉ် အရှင်ကုမာရကဿပမထေရ်က အန္ဓဝန်တောမှာ နေနေတယ်၊ အန္ဓဝနဆိုတဲ့တောအုပ်မှာနေနေတယ်၊ အန္ဓဝနဆိုတဲ့တောအုပ်က ဘယ်တုန်းဆိုရင် သာဝတ္ထိရဲ့တောင်ဘက် ဇေတဝန်ကျောင်းရဲ့နောက်ကျောနားမှာရှိတယ်၊ သာဝတ္ထိမြို့နဲ့ဆိုရင် သုံးမိုင်လောက်ကွာတယ် ဇေတဝန်ကျောင်းနဲ့ဆိုရင်တော့ အဲဒီ သုံးမိုင်တော့ကွာပုံမပေါ်ဘူး၊ တစ်မိုင်လောက်ဘဲ ကွာဟန်လက္ခဏာရှိတယ်၊ သာဝတ္ထိရဲ့တောင်ဘက် ဇေတဝန်ကျောင်းရဲ့နောက်ကျောနားမှာ တောအုပ်ကြီး စိမ်းညို့နေတဲ့သားကောင်တွေဘေးမဲ့ပေး၊ ငှက်တွေကိုဘေးမဲ့ပေး၊ သစ်ပင်တွေကိုမခုတ်၊ ကျေး ငှက်နဲ့သစ်ပင်တွေဘေးမဲ့ပေးထားတဲ့တောကြီး။ ဤတောကြီးကိုအန္ဓဝနအန္ဓဝန်တောခေါ်ပါတယ်။

ကာယဝိဝေကဖြစ်တဲ့နေရာ

ရဟန္တာဖြစ်ပြီးတဲ့ မထေရ်ကြီးများလည်း ဆွမ်းဘုဉ်းပေးပြီးတဲ့အခါကြတော့ ကျောင်းတိုက်ထဲပရိသတ်တွေစည်လွန်းလို့ ကာယဝိဝေကမဖြစ်ဘူးဆိုပြီးတော့ ဇေတဝန်ကျောင်းကနေဖဲခွါ၊ ထိုအန္ဓဝန်တောထဲ မကြာမကြာသွားပြီးတော့ တစ်ပါးတည်းနေတော်မူလေ့ရှိကြတယ်၊ ရဟန္တာမထေရ်ကြီးများလည်း ဒီအတိုင်းဘဲနေကြတယ်၊ ဘိက္ခုနီမ ထေရ်ရီမကြီးတွေလည်းဒီအတိုင်းဘဲ ဆွမ်းဘုဉ်းပေးပြီးပြီဆိုလို့ရှိရင် ကျောင်းတိုက်ထဲကနေထွက်ခွါ ပရိသတ်ကင်းတဲ့နေရာမှာ တစ်ပါးတည်းတိတ်တိတ်ဆိတ်ဆိတ် ဒို့ ဖလသမာပတ်နဲ့နေဦးမယ်ဆိုပြီးတော့ အန္ဓဝန်တောထဲကို သွားတော်မူလေ့ရှိကြတယ်၊ ဒီတော့ရဟန်းတော် သံဃာတော်တို့ဟာ အန္ဓဝန်တောကြီးထဲ မကြာမကြာသွားရောက်ပြီးတော့ မှီဝဲသီတင်းသုံးကြဆိုတာဟာ ကာယဝိဝေကအလို့ငှာ သွား

သုတေသနစာကြည့်တိုက်
ဝမ်မိကသုတ္တန်ထုတ်ဝေရေးဌာနဆိုင်ရာတာဝန်ခံဦးစီးဌာန
စာမျှော်အား၊ ရန်ကုန်။

ရောက်ပြီးတော့တိတ်ဆိတ်ဆိတ်နေကြတယ်လို့ ဒီလိုသဘောကျရမယ်။

ကာယဝိဝေကဆိုတာဘာလဲ

တစ်ယောက်တည်းနေတဲ့အကျင့်ကို ကာယဝိဝေကဆိုတာကို ဘုန်းကြီးဟိုတရားပွဲတိုင်းမှာ အကြိမ်ကြိမ်ပြောဘူးတယ်၊ ကာယဝိဝေကဆိုတဲ့ တစ်ယောက်တည်းနေတဲ့အကျင့်ကို မမြတ်နိုးရင် ထိုပုဂ္ဂိုလ်သည် တရားရဖို့ မလွယ်ဘူး၊ အပေါင်းအဖော်များများကြီးနဲ့မပျော်တယ် တစ်ယောက်တည်းမပျော်ဘူးဆိုလို့ရှိရင် အဲဒီပုဂ္ဂိုလ်ဟာတရားနဲ့တယ်မနီးစပ်ဘူး၊ အပေါင်းအဖော်တွေကိုငြိုးငွေ့ပြီးတော့ တစ်ယောက်တည်းနေတဲ့အကျင့်ကို ပျော်မွေ့လာမှ တရားနဲ့နီးစပ်ပါတယ်၊ ဒါ့ကြောင့် -

စိတ်ရဲ့အပေါင်းအဖော်ဆိုတာဘာလဲ

ဝိဝေကာရမ္မဿ ယံ မမ္မော နာ ပန္ဓံမော သင်္ဂနိကာရမ္မဿ။ [၁]

အယံ မမ္မော၊ ဤလောကုတ္တရာတရားကိုးပါးသည်။ ဝိဝေကရမ္မဿ၊ ဝိဝေကအကျင့်၌ ပျော်မွေ့တဲ့ပုဂ္ဂိုလ်မှသာလျှင်။ ဟောတိ၊ ဖြစ်နိုင်တယ်။ သဓိန်ကာရမ္မဿ၊ အပေါင်းအဖော်တွေမှာပျော်မွေ့တဲ့ပုဂ္ဂိုလ်ဟာ။ နဟောတိ၊ မဖြစ်နိုင်ဘူး။ လောကုတ္တရာတရားဆိုတာ တစ်ယောက်တည်းနေတဲ့ ကာယဝိဝေကအကျင့်ကိုပျော်မွေ့တဲ့ပုဂ္ဂိုလ်မှရနိုင်တယ်၊ လူအပေါင်းအဖော်တွေကို များများကြီးပျော်မွေ့တယ်ဆိုရင် အဲဒီပုဂ္ဂိုလ် လောကုတ္တရာတရားနဲ့ဝေးတယ်၊ လူမှာလည်း အပေါင်းအဖော်ကင်းရမယ်၊ စိတ်ကောဆိုတော့ စိတ်ထဲမှာလည်း အပေါင်းအဖော်ကင်းရမယ်၊ လူတော့အပေါင်းအဖော်ကင်း တစ်ခါတစ်လေ စိတ်မှာအပေါင်းအဖော်များနေရင် ဒါလည်း ဝိဝေကမဖြစ်ဘူးတဲ့၊ စိတ်ရဲ့အပေါင်းအဖော်က ဘာတုန်းလို့မေးရင် အာရုံငါးပါး၊ ကိလေသာတည်းဟူသော အပေါင်းအဖော် အာရုံတည်းဟူသောအပေါင်းအဖော်က စိတ်၊ စိတ်မှာ ကိလေသာဆိုတဲ့အပေါင်းအဖော်နဲ့ အာရုံငါးပါးအပေါင်းအဖော်ကင်းလို့ တစ်အာရုံတည်းမှာ တစ်စိတ်တည်းနေလို့ရှိရင် ဒါကို စိတ္တဝိဝေကခေါ်တယ်။

၁။ ခမွပဒ၊ ၄၊ ၁။ ၃၄၅

ကာယဝိဝေကာ ဂဏသန်နိကာ ဝိနောဒေတိ။ ကာယဝိဝေကဆိုတာ လူအပေါင်းအဖော်တွေကို ပယ်ရှား၍နေခြင်း၊ စိတ္တဝိဝေကော ကိလေသသန်နိကာ ဝိနောဒေတိ။ စိတ္တဝိဝေကဆိုတာက ကိလေသာအပေါင်းအဖော်တွေကို ပယ်ရှား၍နေခြင်း။ စိတ္တဝိဝေကော အာရမ္မဏသန်နိကံ ဝိနောဒေတိ။ စိတ္တဝိဝေကဆိုတာ အာရုံအပေါင်းအဖော်တွေကို ပယ်ရှား၍နေခြင်း၊ တစ်ယောက်တည်း တစ်စိတ်တည်းနေတဲ့ဝိဝေကအကျင့်ကို ပျော်မွေ့ရင် ထိုပုဂ္ဂိုလ်သည်တရားနီးစပ်တယ်၊ တစ်ယောက်တည်း တစ်အာရုံတည်း တစ်စိတ်တည်းနေတဲ့အကျင့်မပျော်ဘူး လူအပေါင်းအဖော်ရှာ စိတ်ရဲ့အပေါင်းအဖော်တွေရှာရင် ဒီပုဂ္ဂိုလ်တရားဝေးတယ်။

ဒါကြောင့် ဇေတဝန်ကျောင်းတိုက်ကြီးထဲမှာ မြတ်စွာဘုရားရှင် သီတင်းသုံးတယ်၊ အရှင်သာရိပုတြာ အရှင်မောဂ္ဂလ္လာန်မထေရ်ကြီးတို့ အရှင်အာနန္ဒာမထေရ်ကြီးတို့ သီတင်းသုံးတယ်ဆိုရင် ပရိသတ်ကအလွန်စည်ကားသကိုး၊ မြတ်စွာဘုရားရှိတယ်ဆိုရင် တစ်နေ့သုံးကြိမ်တရားပွဲ ဇံဝင်းပတဲ့ ဇေတဝန်မှာ ပရိသတ်တွေကအလွန်စည်ကားတော့ တစ်ပါးတည်းတိတ်တိတ် ဆိတ်ဆိတ်နေလို့တဲ့ပုဂ္ဂိုလ်များဟာ ဆွမ်းဘဉ်းပေးပြီးရင် ဇေတဝန်ကျောင်းက ထွက်ခွါပြီးတော့ အန္ဓဝန်တောကို ကြွတော်မူလေ့ရှိကြပါတယ်၊ ဘာအလို့ငှာလည်းဆိုရင် ဝိဝေကချမ်းသာအလို့ငှာကြွကြတယ်တဲ့ တစ်ယောက်တည်းနေတဲ့ချမ်းသာ၊ တစ်စိတ်တည်းနေတဲ့ချမ်းသာအတွက် အန္ဓဝန်တောကိုကြွကြတာ၊ အေး ဒါ ကြောင့် အရှင်ကုမာရကဿပမထေရ်ကြီးလည်းဘဲ တစ်ယောက်တည်းနေဖို့ရန် တစ်အာရုံတည်းမှာ တစ်စိတ်တည်းနေဖို့ရန် အန္ဓဝန်တောကို ကြွတယ်၊ တေန ခေါ် ပန သမယေန၊ ထိုကဲ့သို့ ဘုရားရှင်ကိုယ်တော်မြတ် သာဝတ္ထိပြည်မွန် ဇေတဝန်ရွှေကျောင်း ကိန်းအောင်းတော်မူဆဲကာလမှာ။ အာယသ္မာ ကုမာရကဿပေါ၊ အရှင်ကုမာရကဿပမထေရ် သူမြတ်သည်။ အန္ဓဝနေ၊ အန္ဓဝန်ခေါ်တောအုပ်ကြီး၌။ ဝိဟရတိ၊ ကျင့်ရိယာပထလေးလီဖြင့် မျှညီရွှင်ပြုံး၍ သီတင်းသုံးခဲ့ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

၁။ ဓမ္မပဒ၊ ဋ္ဌ၊ ၁။ ၃၄၅

မနက်ခင်း သပိတ်သင်္ကန်းပြင် သာဝတ္ထိမြို့ထဲ ဆွမ်းခံဝင် ဆွမ်းဘုဉ်းပေးပြီးတော့ အရှင်ကုမာရကဿပမထေရ် သပိတ်သင်္ကန်းထမ်း အန္ဓဝန်တောအုပ်ကို ကြွတော်မူသွားတယ်၊ အာယသ္မာ ကုမာရကဿပေါ၊ အရှင်ကုမာရကဿပမထေရ်သူမြတ်သည်။ ပုဗ္ဗဏှသမယံ၊ နံနက်ခင်းမှာ။ နိဝါသေတ္ဝာ၊ သင်္ကန်းကိုပြင်ဝတ်၍။ ပတ္တစီဝရံ၊ သပိတ်နဲ့သင်္ကန်းကို။ အာဒါယ၊ ယူဆောင်၍။ သာဝတ္ထိံ၊ သာဝတ္ထိမြို့ထဲသို့။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှာ။ ပါဝိသိ၊ ကြွဝင်တော်မူခဲ့လေပြီ။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှာ။ ပဝိသိတ္ဝာ၊ ကြွဝင်တော်မူပြီးတော့။ ပိဏ္ဍာယ စရိတ္ဝာ၊ ဆွမ်းအလို့ငှာလှည့်လည်တော်မူပြီးလျှင်။ ပစ္ဆာဘတ္တံ၊ ဆွမ်းဘုဉ်းပေးပြီးသည်မှ နောက်ကာလ၌။ ပိဏ္ဍပါတပဋိက္ကန္တော၊ ဆွမ်းစားရာမှ ဖဲခွါခဲ့၍။ ဝါ ဆွမ်းစားကျောင်း ဆွမ်းစားဇရပ်မှဖဲခွါခဲ့၍။ ယေန၊ အကြင် အရပ်၌။ အန္ဓဝနံ၊ အန္ဓဝန်ခေါ်တောအုပ်ကြီးသည်။အတ္ထိ၊ ရှိပါပေ၏။ တေန၊ ထို အန္ဓဝန်တောကြီးရှိရာသို့။ ဥပသင်္ကမိ၊ ချဉ်းကပ်တော်မူခဲ့လေပြီ။ ဥပသင်္ကမိတ္ဝာ၊ ချဉ်းကပ်ပြီး၍။ ဝါ အန္ဓဝနံ၊ အန္ဓဝန်တောအုပ်ကြီးသို့။ အဇ္ဈောဂါဟေတ္ဝာ၊ သင်္ဃာ၍။ အညတြသ္မိံ၊ တစ်ခုသော။ ရုက္ခမူလေ၊ သစ်ပင်ရင်း၌။ သယ်ာဉ်္ဇိ၊ မိမိနှင့်ပါလာသော နှစ်ထပ်သင်္ကန်းကို။ စတုဂ္ဂုဏံ၊ လေးထပ်လေးလွှာ။ ကတ္ဝာ၊ ခေါက်ပြီးတော့ခင်းလိုက်၍။ ပလ္လင်္ကံ အာဘုဇိတ္ဝာ၊ ခါးရဲ့ အောက်ပိုင်းကိုခွေလိုက်ပြီးတော့။ ဥဇုံကာယံ ပဏိဓာယ၊ ခါးရဲ့အထက်ပိုင်း ဖြောင့်ဖြောင့်ထားလျက်။ သတိံ၊ သတိကို။ ပရိမုခံ၊ ကမ္မဋ္ဌာန်းအာရုံရှိရာရှေ့ရှု။ ဥပဋ္ဌာပေတ္ဝာ၊ ဖြစ်စေ၍။ နိသီဒိ၊ ကောင်းစွာမသွေ သီတင်းသုံးနေထိုင် တော်မူခဲ့ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

အန္ဓဝန်တော အရှင်ကုမာရကဿပမထေရ်ကြီး ဘယ်အချိန်ကြွတုန်း ဆွမ်းဘုဉ်းပေးပြီးတော့ကြွသွားတယ်၊ အဖော်ပါသေးသလားမေး တစ်ယောက်တည်းနေတဲ့ ဝိဝေကအတွက်ကြွတာဆိုတော့ အဖော်မပါဘူး တစ်ပါးတည်း။ ဆွမ်းဘုဉ်းပေးပြီး ဆွမ်းစားကျောင်းကနေဆင်း သပိတ်သင်္ကန်းထမ်းပြီးတော့ တောတန်းထဲအရှင်ကုမာရကဿပမထေရ်ကြီးဝင်သွား၊ တောအုပ်ကြီးထဲရောက်တော့ သစ်ပင်တစ်ခုရဲ့အရင်းမှာ မိမိနဲ့ပါလာတဲ့နှစ်ထပ်သင်္ကန်း လေး

ခေါက်ကလေးခေါက်ပြီးတော့ သစ်ပင်ရင်းခင်း သပိတ်ကလေးဘေးနားမှာချ ထိုခင်းထားသောနှစ်ထပ်သင်္ကန်းထက်မှာ-

ပလွက်ီ အာဘုဇိတွာ၊ ခါးရဲ့ အောက် ပိုင်းကို ခွထားလိုက်တယ်၊ ဥဇုံကာယံ ပဏီဓာယ၊ ခါးရဲ့အထက်ပိုင်း ဖြောင့်ဖြောင့်ထားလိုက်တယ်၊ ပရိမုခံ သတီ ဥပဋ္ဌာပေတွာ၊ သတိကို ကမ္မဋ္ဌာန်း အာရုံရှိရာရှေ့ရှု သတိကို ကမ္မဋ္ဌာန်း အာရုံရှိရာမူလိုက်ပါတယ်၊ ကမ္မဋ္ဌာန်းအာရုံရှိရာသတိမူပြီးတော့ အရှင် ကုမာရကဿပမထေရ်ထိုင်နေခဲ့ပြီ၊ အန္ဓဝန်တောထဲမှာ မှန်းမျော်ပြီးတော့ ဖူးကြည့်ပါ။ ဘာလုပ်နေတာလဲလို့ဆိုလို့ရှိရင် တရားအားထုတ်နေတာ၊ အရှင် ကုမာရကဿပမထေရ်သည် ပုထုဇဉ်မျှဘဲရှိသေးတယ်၊ အန္ဓဝန်တော အရှင် ကုမာရကဿပ ဘာအပျက်ကွဆို အဖြေက တရားအားထုတ်ဖို့ကြွတယ်၊ အဲဒီလို ပလွက်ီအာဘုဇိတွာ၊ ခါးရဲ့အောက်ပိုင်းခွပြီးတော့။ ဥဇုံကာယံ ပဏီဓာယ၊ ခါးရဲ့အထက်ပိုင်း ဖြောင့်ဖြောင့်ထားလျှက်။ . သတိ ံ၊ သတိကို။ ပရိမုခံ၊ ကမ္မဋ္ဌာန်းအာရုံရှိရာရှေ့ရှု။ ဥပဋ္ဌာပေတွာ၊ ဖြစ်စေ၍။ နိသီဒိ၊ ထိုင်၍ နေခဲ့ပါတယ်။ နေ့လည်ဆွမ်းဘုဉ်းပေးပြီးကတည်းက အန္ဓဝန်တောထဲဝင်ပြီး တော့ အရှင်ကုမာရကဿပ တရားအားထုတ်ပြီးတော့ ထိုင်နေလိုက်တာ ညနေ နေစောင်းတော့ ခဏာပန်းမျှထပြီးတော့စကြိ်ကြွ၊ စကြိ်ကြွ ကိုယ်လက် သုတ်သင်ပြီးတော့ ညဉ့်ဦးယာမ်ဆက်ပြီးတော့ထိုင်။

ဇေတဝန်ကျောင်းတိုက်ထဲ မြတ်စွာဘုရားက ညဉ့်ဦးယာမ်တရားပွဲ ကြီးတောင်ဆင်နွဲနေပြီတဲ့၊ နေ့လည်ခင်းတရားပွဲကြီးလည်းပြီးသွားပြီ အရှင် ကုမာရကဿပ တရားမနားဘူးဆက်ပြီးအားထုတ်တယ်၊ ညနေ စောင်းတော့ ခေတ္တအပန်းဖြေ အညောင်းအညာဖြေ ကိုယ်လက်သုတ်သင်ပြီးတော့ တစ်ခါ ပြန်ထိုင်၊ ညဉ့်ဦးယာမ်တရားပွဲ မြတ်စွာဘုရားက ဇေတဝန်ကျောင်းမှာနွဲ နေတုန်း အရှင်ကုမာရကဿပ အန္ဓဝန်တောထဲမှာအားထုတ်ဆဲရှိသေးတယ်၊ ညဉ့်ဦးယာမ်တရားပွဲပြီးသွားပြီ၊ ဆယ်နာရီခွဲ ဆယ့်တစ်နာရီလောက် ညဉ့်ဦး ယာမ်တရားပွဲကြီးသိမ်းတော့ အရှင်ကုမာရကဿပ ကျောင်းပြန်ပလားလို့မေး မပြန်သေးဘူး၊ ဆက်ထိုင်တုန်းဘဲ၊ တဖြည်းဖြည်းနဲ့ အရှင်ကုမာရကဿပ မထေရ်ကြီးထိုင်နေလိုက်တာ ဘုန်းကြီးတို့ပရိသတ်များ သန်းခေါင်ကျော်သွား

တယ်၊ သန်းခေါင်ကျော်သွားတော့ ဘာဖြစ်တုန်းဆိုတော့ အန္ဓဝန်တောကို မှန်းပြီးတော့ လှမ်းပြီးတော့မျှော်ကြည့်စမ်းပါ။

သန်းခေါင်ကျော်လဲလာရော အန္ဓဝန်တောအုပ်ကြီးတစ်ခုလုံးမှာ အရောင်တွေတလက်လက်နဲ့ တစ်ခါတည်းကြည်နူးစရာကောင်းလိုက်တာ လထွက်တာလည်းမဟုတ်ဘူး၊ နေထွက်တာလည်းမဟုတ်ဘူး၊ ကြယ်ရောင်လည်းမဟုတ်ဘူး၊ အန္ဓဝန်တောအုပ်ကြီးတစ်ခုလုံး အရောင်တွေလင်းပြီးတော့ ဝင်းတက်လာတယ် သန်းခေါင်ကျော်မှ၊ အဋ္ဌကထာက မဇ္ဈိမယာမသမနန္တရေ လို့ဆိုထားတယ် မဇ္ဈိမယာမ်ကိုကျော်သွားတယ်၊ သန်းခေါင်ရဲ့ ဟိုဘက်ကျော်လို့ လင်းအားကြီးပိုင်းတောင်ကူးပြီးလို့ဆိုရမယ်၊ မဇ္ဈိမယာမသမနန္တရေ၊ မဇ္ဈိမယာမ်ကိုကျော်လွန်သောကာလ၌။ အန္ဓဝနံ၊ အန္ဓဝန်တောအုပ်ကြီးကို။ ဩဘာသေတွာ၊ တစ်တောလုံးထွန်းလင်းစေ၍။ အန္ဓဝန်တောကြီးတစ်တောလုံးထွန်းလာတယ် လင်းလာတယ် တောက်ပြောင်လာတယ်၊ ဘာတွေနဲ့လင်းလာတာပါလိမ့်မလဲ မျှော်ပြီးတော့ ကြည့်လိုက်စမ်းပါ -

တေန ခေါ ပန သမယေန အညတြာ ဒေဝတာ အာဘိက္ကန္တာယ ရတ္တိယာ အာဘိက္ကန္တဝဏ္ဏံ ကေဝလကပ္ပံ အန္ဓဝနံ ဩဘာသေတွာ၊ ယေနာယသ္မာ ကုမာရကဿပေါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ အာယသ္မန္တံ ကုမာရကဿပံ အာဘိဝါဒေတွာ ဧကမန္တံ အဋ္ဌာသိ တဲ့။ [၁]

တေန ခေါ ပန သမယေန၊ ထိုကဲ့သို့ အရှင်ကုမာရကဿပမထေရ်သူမြ ၂ အန္ဓဝန်တောမှာ ညသန်းခေါင်ကျော်ပြီးတော့ လင်းအားကြီးပိုင်းရောက်လာသည့်အထိ ကမ္မဋ္ဌာန်းတရားပွားများကျင့်သုံး အားထုတ်တော်မူနေခဲ့ ဂလဝယ်။ အာဘိက္ကန္တာယ ရတ္တိယာ၊ ညဉ့်ဦးယာမ်ကိုလည်းကျော်ခဲ့ပြီ ညဉ့်ရဲ့အလယ်ပိုင်းကိုလည်းကျော်ခဲ့ပြီ ညဉ့်အပိုင်းသုံးပိုင်းရှိရာတွင် နှစ်ပိုင်းကျော်သွားပြီ ညဉ့်ဦးယာမ်ကိုကျော်သွားပြီ ညဉ့်ရဲ့အလယ်ပိုင်းကျော်သွားပြီ စာလိုပြောရင် ပုရိမယာမ်ကိုလည်းကျော်သွားပြီ မဇ္ဈိမယာမ်ကိုလည်းကျော်သွားပြီ မိုးသောက်ယာမ်ပိုင်းကို တဖြည်းဖြည်းချဉ်းနင်းဝင်ရောက်လာပြီ၊

၁။ မ၊ ဋ၊ ၁၉၅

အဘိက္ကန္တာယ ရတ္တိယာ၊ ညဉ့်ဦးယာမ်ကျော်ခဲ့ပြီးတော့။ အဘိက္ကန္တာယ၊ ညဉ့်ဦးယာမ်ကျော်ခဲ့ပြီးသော။ အဘိက္ကန္တာယ၊ ညဉ့်ရဲ့ အလယ်ပိုင်းကိုကျော်ခဲ့ပြီးသော။ ရတ္တိယာ၊ မိုးသောက်ယာမ်ကာလ၌။ အဘိက္ကန္တဝဏ္ဏံ၊ အလွန်နှစ်လိုဖွယ်ကောင်းတဲ့အရောင်အဆင်းရှိသည်ဖြစ်၍။

အရောင်ကတယ်ပြီးတော့ကြည်နူးစရာကောင်းတယ်၊ အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တဝဏ္ဏံ၊ အလွန်နှစ်သက်ဖွယ်ကောင်းတဲ့အရောင်အဆင်းရှိသည်ဖြစ်၍။ ကေဝလကပ္ပံ အန္ဓဝနံ၊ အန္ဓဝန်တောအုပ်ကြီးတစ်ခုလုံးကို။ ဩဘာသေတွာ၊ ကိုယ်ရောင် ကိုယ်ဝါဖြင့်ထွန်းလင်းစေ၍။ ဝါ- အဘိက္ကန္တဝဏ္ဏာ၊ ပင်ကိုယ်အဆင်းထက်လွန်ကဲသောအဆင်းရှိသည်ဖြစ်၍။ အဘိက္ကန္တဝဏ္ဏံ၊ အလွန်နှစ်သက်ဖွယ်ကောင်းတဲ့အရောင် အဆင်းရှိသည်ဖြစ်၍။ ကေဝလကပ္ပံ၊ အလုံးစုံသော။ အန္ဓဝနံ၊ အန္ဓဝန်တောအုပ်ကြီးတစ်ခုလုံးကို။ ဩဘာသေတွာ၊ လင်းလက်စေ၍။ ယေန၊ အကြင်အရပ်၌။ အာယသ္မာကုမာရကဿပေါ၊ အရှင်ကုမာရကဿပမထေရ်ကြီးသည်။ အတ္ထိ၊ ရှိပါပေ၏။ တေန၊ ထိုအရှင်ကုမာရကဿပ မထေရ်ကြီးရှိရာသို့။ အညတရာ ဒေဝတာ၊ ငြဟ္မာကြီးတစ်ယောက်သည်။ ဥပသင်္ကမိ၊ ချဉ်းကပ်လာတယ်။ ဥပသင်္ကမိတွာ၊ ချဉ်းကပ်ပြီး၍။ အာယသ္မန္တံ ကုမာရကဿပံ၊ အရှင်ကုမာရကဿပမထေရ်ကို။ အဘိဝါဒေတွာ၊ အလွန်အလွန် ရိုသေစွာရှိခိုး၍။ ဧကမန္တံ၊ အပြစ်ခြောက်ပါးကင်းသင့်တင့်လျောက်ပတ် ကောင်းမြတ်သော နေရာ၌။ အဋ္ဌာသိ၊ ကောင်းစွာမသွေရပ်တည်၍နေခဲ့ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

သူငယ်ချင်းငြဟ္မာကြီးရောက်လာ အန္ဓဝန်တောမှာ

အမျိုန်က ညဉ့်ဦးယာမ်ရော သန်းခေါင်ယာမ်ရော ကျော်သွားပြီ သန်းခေါင်ကျော်လို့ မဖျိမယာမ်လွန်လို့ လင်းအားကြီးဘက်ကို ကူးစအချိန်လေးမှာ တောအုပ်ကြီးတစ်ခုလုံးလင်းဆိုပြီးတော့ အရောင်တွေပေါ်၊ အရှင်ကုမာရကဿပမထေရ်ကြီးလည်းဘဲ အာရုံပြုလိုက်မိတယ် သမာဓိကကောင်းစွာမရတရအချိန်ကလေး သူက၊ ဘာ့ကြောင့် သမာဓိကောင်းစွာမရတရလို့ပြောရ

တုန်းဆိုတော့ အရောင်တွေ တောကြီးထဲ လင်းကနဲပေါ်လာတာကို သိလိုက်တယ်ဆိုကတည်းကိုက ဒီစိတ်ဟာ မူလကမ္မဋ္ဌာန်းပေါ်မှာမရှိဘူး၊ ဘာအရောင်တွေဘဲပေါ်လာလာ တစ်တောလုံးလင်းရုံမကလို့ မီးဘဲလောင်နေနေ အဲဒါတွေကို ဘာမှမသိဘူးဆိုမှ မိမိကမ္မဋ္ဌာန်းပေါ်မှာရှိတယ်လို့ဆိုနိုင်တယ်။

အရောင်ပေါ်လာလည်းသိလိုက်တယ်၊ အသံကြားလည်းသိလိုက်တယ်၊ တောကြီးတော့လင်းလာတယ် ဘာမျှားလဲဘာဖြစ်တာပါလိမ့်၊ တစ်တောလုံးလင်းနေတာကို အာရုံယူလိုက်တယ်၊ လင်းလာတာကဘယ်သူတုန်းဆိုတော့ ဗြဟ္မာကြီးတစ်ယောက်ဘွားကနဲ့ပေါ်လာတယ်၊ သုဒ္ဓါဝါသဘုံက အနာဂါမ်ဗြဟ္မာကြီး အန္ဓဝန်တောအုပ်ကြီးထဲ တစ်ခါတည်းဘွားကနဲ့ရောက်လာတယ် တစ်တောလုံးအရောင်တွေလွှတ်လိုက်တယ်၊ ဘာအကျိုးငှာလွှတ်တာတုန်းဆိုတော့ သူလာတယ်ဆိုတာကိုသိစေချင်လို့ ကြုံတင်ပြီးတော့ အရောင်တွေလွှတ်တာ၊ မိမိဆိုက်ရောက်လာတယ်ဆိုတာသိစေချင်လို့ ဗြဟ္မာကြီးက အရောင်တွေ လွှတ်လိုက်တယ်၊ အရှင်ကုမာရကဿပမထေရ်က အရောင်ကိုမြင်လိုက်ရတယ်၊ ဗြဟ္မာကြီးတော့မမြင်သေးဘူး။

အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တဝဏ္ဏာ။ အဘိက္ကန္တဝဏ္ဏာ၊ အလွန်နှစ်သက်ဖွယ်ကောင်းတဲ့အရောင်တွေ၊ အရောင်ကတယ်ကြည်နူးစရာကောင်း၊ ဝါ- အဘိက္ကန္တဝဏ္ဏာ၊ ပင်ကိုယ်အဆင်းထက်လွန်ကဲသောအဆင်းရှိသည်ဖြစ်၍တဲ့။ ဗြဟ္မာကြီး အဲဒီအချိန်တောထဲကို ရောက်လာတော့ ပင်ကိုယ်ကရှိနေတဲ့အဆင်းထက် သာလွန်သောအဆင်းနဲ့လာတယ်၊ ဒါကိုလည်း အဘိက္ကန္တဝဏ္ဏာလို့ဆိုပါတယ်။ အလွန်နှစ်သက်ဖွယ်ကောင်းတဲ့ အရောင်တွေလွှတ်လိုက်တာကိုလည်းဘဲ အဘိက္ကန္တဝဏ္ဏာလို့ဆိုပါတယ်၊ အဘိက္ကန္တဝဏ္ဏာရဲ့အဓိပ္ပါယ်သည် နှစ်မျိုးရတယ်၊ အလွန်နှစ်သက်ဖွယ်ကောင်းသောအရောင် အဘိက္ကန္တဝဏ္ဏာ၊ ပင်ကိုယ်အဆင်းထက်သာလွန်တဲ့အဆင်းကို သူသည် ဒီမှာဖန်ဆင်းလာတယ်တဲ့ ဒါကိုလည်းဘဲ အဘိက္ကန္တဝဏ္ဏာ။

ဗြဟ္မာကြီးရဲ့မျက်နှာဟာ ခါတိုင်းနဲ့မတူဘူးပေါ့ ဒီကနေ့အန္ဓဝန်တောထဲလာတဲ့နေ့မှာ ပိုပြီးတော့လှနေတယ်လို့ ဒီလိုဆိုနိုင်တယ်၊ အဘိက္ကန္တဝဏ္ဏာ၊ မျက်နှာကသာလှနေတာ ရုပ်ကတော့ရုပ်ကြမ်းတဲ့၊ သုခုမရုပ်မဟုတ်ဘူး သြဠာ

ရိကရုပ်ကြီးနဲ့ သူလာရတာ၊ အလွန်တရာကံအားကောင်းတဲ့အတွက်ကြောင့် သုခုမရုပ်ကိုရထားတဲ့ငြဟ္မာကြီးတွေ နတ်တွေဟာ ဟောဒီမြေပြင်ပေါ်ဆင်းပြီးတော့ ဘုရားထံမှောက် သို့မဟုတ် ရဟန္တာမထေရ်ကြီးများရဲ့ထံမှောက်ဆိုက်ရောက်ပြီးတော့ တရားနာတော့မယ် မြေကြီးမှာရပ်၍တရားနာတော့မယ်ဆိုရင် အလွန်ကံအားကောင်းလို့ရထားတဲ့သုခုမရုပ်နဲ့ မြေကြီးပေါ်မရပ်နိုင်ကြဘူး။

ပကတိသုခုမရုပ်နဲ့နတ်ငြဟ္မာ မြေကြီးပေါ်ရပ် ထိုင်မရပါ

အလွန်နူးညံ့သိမ်မွေ့တဲ့သုခုမရုပ်နဲ့ မြေကြီးပေါ်ရပ်ရင် ထိုင်ရင် ဘာဖြစ်တုန်းဆိုတော့ သဲပုံကြီးပေါ်ကိုရေလောင်းလိုက်သလိုဖြစ်သွားတယ်၊ သဲပုံကြီးထဲရေတွေလောင်းတော့ ရေတွေဟာစိမ့်ပြီးတော့ဝင်သွားတာ၊ ဘယ်အကြားအကြားက ဘယ်လိုဝင်သွားတယ်ဆိုတာကိုမသိလိုက်ရဘူး၊ ရေတွေအကုန်ပျောက်သွားတယ်၊ ဒီအတိုင်းဘဲ နတ်တွေ ငြဟ္မာတွေရဲ့ပကတိကိုယ်ခန္ဓာ မြေကြီးပေါ် ချထားလိုက်လို့ရှိရင် မြေကြီးထဲတဖြည်းဖြည်း တအိအိနဲ့စိမ့်ပြီးတော့ဝင်သွားတယ်တဲ့၊ သူတို့ရုပ်ဟာနူးညံ့လွန်းလို့၊ အဲဒါကြောင့် ပကတိနူးညံ့တဲ့သုခုမရုပ်နဲ့သူတို့မလာဘူး ပကတိသုခုမရုပ်ကိုကျော်လွန်တဲ့ ဩဇာရိကရုပ် ကြမ်းတမ်းတဲ့ရုပ်ကိုဖန်ဆင်းပြီးတော့သူတို့လာရတယ်၊ ရုပ်ကသာကြမ်းတာ မျက်နှာကတော့ ပိုလှတယ်လို့ ဒီလိုဆိုရမယ်၊ ဒါကို အဘိက္ကန္တဝဏ္ဏာ၊ ကြမ်းတမ်းတဲ့ရုပ်နဲ့ မြေကြီးပေါ်ရပ်တော့ ဘာဖြစ်တုန်းဆိုတော့ မြေထဲမှာ ဟောဒီရုပ်ကြီးဟာစိမ့်ပြီးတော့ဝင်မသွားဘူး၊ သဲပုံထဲကိုရေလောင်းကြည့် ချက်ခြင်းစိမ့်ဝင်သွားတယ် သဲပုံထဲကို ဘုန်းကြီးတို့ကရိသတ်များ ပျားရည်တွေလောင်းကြည့်တဲ့ အခါကြတော့ ချက်ခြင်းမစိမ့်တော့ဘူးပေါ့၊ တဖြည်းတဖြည်း ပြစ်ခွဲခဲနေတဲ့အရာဝတ္ထုလောင်းရင် မစိမ့်ဘူးဆိုတဲ့သဘောမျိုးဘဲ၊ ကြမ်းတမ်းတဲ့ရုပ်ကိုဖန်ဆင်း မြေကြီးပေါ်ရပ်ရင် သူတို့ဟာကြာကြာလေးရပ်နိုင်တယ်။

ဒါကြောင့် အဘိက္ကန္တဝဏ္ဏာ၊ ပင်ကိုယ်အဆင်းထက်လှပတဲ့အဆင်းရှိသည်ဖြစ်၍။ ဝါ- အဘိက္ကန္တဝဏ္ဏာ၊ အလွန်နှစ်သက်ဖွယ်ကောင်းတဲ့အရောင်းအဆင်းရှိသည်ဖြစ်၍။ ဝါ- အဘိက္ကန္တဝဏ္ဏာ၊ ပင်ကိုယ်ရုပ်သွင်ကိုကျော်လွန်ပြီး

တော့ ကြမ်းတမ်းတဲ့ရုပ်အဆင်းကိုဖန်ဆင်းလာခဲ့သည်ဖြစ်၍။ ကေဝလကပ္ပံ အန္ဓဝနံ၊ အန္ဓဝန်တောအုပ်ကြီးတစ်ခုလုံးကို။ ဩဘာသေတွာ၊ နှစ်သက်ဖွယ်သော အရောင်တွေထွန်းလင်းစေခဲ့၍။ အာယသ္မန္တံ ကုမာရကဿပံ၊ ယေနာသ္မာကုမာရကဿပေါ တေနုပသင်္ကမိ၊ အရှင်ကုမာရကဿပမထေရ်ရှိရာ ချဉ်းကပ်၍လာခဲ့လေပြီ။ ဥပသင်္ကမိတွာ၊ ချဉ်းကပ်ပြီးတော့။ အာယသ္မန္တံ ကုမာရကဿပံ၊ အရှင်ကုမာရကဿပမထေရ်သူမြတ်ကို။ အဘိဝါဒေတွာ၊ အလွန့်အလွန် ရိုသေစွာရှိခိုးလိုက်၍။ အရိုအသေရှိခိုးပါတယ်၊ ရိုသေစွာရှိခိုးပြီးတော့ ဘာလုပ်မတုန်း ဧကမန္တံ၊ နိမ့်လွန်းတဲ့နေရာ၊ မြင့်လွန်းတဲ့နေရာ၊ နောက်တည့်တည့်ကနေရာ၊ ရှေ့တည့်တည့်ကနေရာ၊ ဘေးတည့်တည့်ကနေရာ၊ လေညာကနေရာ၊ အပြစ်ခြောက်ပါးကင်း သင့်တင့်လျောက်ပတ် ကောင်းမြတ်သောနေရာ၌။ အဋ္ဌာသိ၊ ကောင်းစွာမသွေ ရပ်တည်၍နေခဲ့ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

ဝေးလည်းမဝေးလွန်းသောနေရာ၊ နီးလည်းမနီးလွန်းသောနေရာ၊ မြင့်လည်းမမြင့်တဲ့နေရာ၊ လေညာမဟုတ်တဲ့နေရာ၊ နောက်တည့်တည့် မဟုတ်တဲ့နေရာ၊ ရှေ့တည့်တည့်မဟုတ်တဲ့နေရာ၊ အေး အဲဒီခြောက်မျိုးသော အပြစ်မှကင်းသောနေရာသည် ဧကမန္တံ အပြစ်ကင်းသောနေရာ။ ဧကမန္တံ၊ အပြစ်ခြောက်ပါးကင်း သင့်တင့်လျောက်ပတ် ကောင်းမြတ်သောနေရာမှာ၊ အဋ္ဌာသိ၊ ရပ်တည်ခဲ့တယ်။ မထိုင်ဘူး မတ်တတ် သုဒ္ဓါဝါသဘုံက အနာဂါမ်ငြဟ္မာကြီး အရှင်ကုမာရကဿပမထေရ်ရဲ့ တရားစခန်းအနီးသို့ရောက်လာပါတယ်၊ တစ်တောလုံးလင်းနေပြီ အရှင်ကုမာရကဿပမထေရ်ကြီးလည်းဘဲ တစ်တောလုံးလင်းနေ၌အရောင်အဆင်းကိုလည်းဘဲမြင်ရတယ်၊ ဒါတင်ဘဲလား လို့ဆိုတော့ မိမိအနီးမှာရပ်နေတဲ့ အရောင်တွေ တလက်လက်ထွက်နေတဲ့ ငြဟ္မာကြီးကိုလည်းဘဲမြင်နေရတယ်၊ ငြဟ္မာကြီးကလည်း မတ်တတ်ရပ် လက်အုပ်ချီပြီးတော့ အရှင်ကုမာရကဿပမထေရ်ရဲ့မျက်နှာတော်မော်ပြီးတော့ အားပါတရဖူးနေတယ်၊ ဘာဖြစ်လို့ အားပါတရဖူးနေရတာတုန်းဆိုတော့ ဟောဒီငြဟ္မာကြီးနဲ့အရှင်ကုမာရကဿပမထေရ်တို့ဟာ သငြဟ္မစာရီပုဂ္ဂိုလ်တွေတဲ့ သငြဟ္မစာရီ။ သဟငြဟ္မစာရီပေါ့။ သဟ၊ အတူတကွ။ ငြဟ္မစာရီ၊ တရားကျင့်ဘက်။

သူငယ်ချင်းခုနှစ်ပါး တောထွက်ရန်တိုင်ပင်

အတူတကွတရားကျင့်ဖော်ကျင့်ဘက်ပုဂ္ဂိုလ်များ၊ တနည်းဆိုရရင်တော့ မိတ်ဟောင်းဆွေဟောင်းတွေ၊ အရှင်ကုမာရကဿမထေရ်နဲ့ ဒီဗြဟ္မာကြီးတို့ဟာ ကဿပဘုရားရှင်လက်ထက်တုန်းက ဘုရားသာသနာမှာ အတူတကွတရားကျင့်ခဲ့ဘူးကြဆိုဘဲ။ ယခု ဂေါတမရှင်တော်ဘုရားရဲ့ရှေ့လူတွေ နှစ်ပေါင်းနှစ်သောင်းအသက်ရှည်တဲ့ခေတ်တုံးက ကဿပဘုရားဆိုတာပွင့်သွားတယ်၊ ကဿပမြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ရဲ့သာသနာမှာ အရှင်ကုမာရကဿပမထေရ်ကလဲ ရဟန်းတစ်ပါး၊ ဤဗြဟ္မာကြီးလည်းဘဲ အဲဒီကဿပဘုရားသာသနာတော်တုံးက သူလည်းဘဲရဟန်းတစ်ပါး၊ ကဿပမြတ်စွာဘုရားသည် လူတွေရဲ့နှစ်ပေါင်းနှစ်သောင်းအသက်ရှည်တဲ့ခေတ်မှာပွင့်တယ်၊ ဒါပေမယ့် မြတ်စွာဘုရားဟာ သက်တော်နှစ်သောင်းထိနေမသွားဘဲနဲ့ တစ်သောင်းခြောက်ထောင်သက်တော်အရ မြတ်စွာဘုရားပရိနိဗ္ဗာန်ပြုသွားတယ်။

သက်တော် တစ်သောင်းခြောက်ထောင်အရ ပရိနိဗ္ဗာန်ပြုတော့ ကဿပဘုရားပရိနိဗ္ဗာန်စံပြီးလဲဆိုရော တဖြေးဖြေးနဲ့သာသနာဟာအားနည်းသွားတယ်၊ သာသနာတော်မှာ သီလ သမာဓိ ပညာ သိက္ခာသုံးပါး ကျင့်ကြံကြိုးကုတ် အားထုတ်တဲ့ပုဂ္ဂိုလ်တွေ တဖြည်းဖြည်းခေါင်းပါးခေါင်းပါးပြီးတော့ သွားခဲ့တဲ့အတွက်ကြောင့် ဘုရားပရိနိဗ္ဗာန်စံပြီးလို့မကြာမှီမှာဘဲ ဤသာသနာကွယ်ရမယ်ဆိုတဲ့အခြေအနေကို တဖြည်းဖြည်းဦးတည်လာတယ်၊ သာသနာတော်ကြီးအားနည်းလာတယ်လို့ဆိုပါတယ်၊ အဲဒီလိုသာသနာအားနည်း မှေးမှိန်လာတဲ့အတွက်ကြောင့် သာသနာကိုချစ်မြတ်နိုးတဲ့ပုဂ္ဂိုလ်တွေဟာစုပြီးတော့ တိုင်ပင် ကြတယ် ဆွေးနွေးကြတယ်၊ သာသနာတော်ကိုချစ်မြတ်နိုးလို့ တိုင်ပင်ကြ ဆွေးနွေးကြတဲ့အထဲမှာ ရဟန်းတော်ခုနှစ်ပါးစုပြီးတော့ တိုင်ပင်မိကြတယ်။

သာသနာတော်မှာအားနည်းခြင်းသုံးမျိုး

ကဿပ ဘုရားပရိနိဗ္ဗာန်စံသွားပြီး ဘုရားရှင်ပရိနိဗ္ဗာန်စံပြီးမကြာခင် ဤသာသနာတော်ကလဲ တဖြည်းတဖြည်းအားနည်းလာတယ် ညှိုးမှိန်လာတယ် မှေးမှိန်လာတယ်၊ သာသနာတော်ကိုကျင့်သုံးတဲ့ပုဂ္ဂိုလ်တွေကလဲ

၁။ အကျင့်အားနည်းလာတယ်၊
သာသနာတော်ကို ထောက်ပံ့တဲ့ပုဂ္ဂိုလ်တွေအပိုင်းကလဲ -
၂။ ထောက်ပံ့ပုံအားနည်းလာတယ်၊
သာသနာတော်ကိုစောင့်ရှောက်တဲ့ပုဂ္ဂိုလ်တွေအပိုင်းကလဲ-
၃။ စောင့်ရှောက်မှုအားနည်းလာတယ်၊

အားနည်းပုံသုံးမျိုးပေါ့၊ သာသနာတော်ကိုကျင့်တဲ့အပိုင်း၊ သာသနာတော်ကိုထောက်ပံ့သည့်အပိုင်း၊ သာသနာတော်ကိုစောင့်ရှောက်သည့်အပိုင်း၊ သုံးပိုင်းစလုံးအားနည်းလာတယ်၊ ဒါကြောင့် ဒီသာသနာမကြာခင်ကွယ်တော့မှာ၊ ဒို့ ကဿပမြတ်စွာဘုရား သာသနာတော်မှာရဟန်းပြုကြတယ်၊ ဘုရားကိုယ်တော်မြတ်ကိုဖူးလည်းဖူးရတယ်၊ ဘုရားသက်တော်ထင်ရှားရှိစဉ်မှာ ဒို့ရဟန်းဖြစ်တာ၊ သက်တော်ထင်ရှားရှိစဉ်မှာရဟန်းဖြစ်ပေမယ့်လည်း သက်တော်ထင်ရှားရှိစဉ်မှာ ဒို့ တစ်မဂ် တစ်ဖိုလ်ကိုမရကြဘူး၊ ဒီဘုရားသာသနာကွယ်သွားရင် မဂ်ဖိုလ်မရဘဲနဲ့ ဒို့အချည်းအနှီးဖြစ်တော့မှာ။

ရဟန်းတော်ခုနှစ်ပါးတောထွက်သွား

ကိုင်း ဘုရားသာသနာတော်ကြီးမကုန်သေးမှီ ဘုရားရှင်ကိုယ်တော်မြတ်ကိုမှီလိုက်ပါလျှက်နဲ့ တစ်မဂ် တစ်ဖိုလ်ကိုမရတဲ့ ဒို့တစ်တွေ ဒီအတိုင်းနေလို့သေလို့တော့ မကောင်းဘူးကွာ အသက်နဲ့လဲပြီးတော့အားထုတ်ကြရအောင်ဆိုပြီးတော့ မထေရ်မြတ်ခုနှစ်ပါးတို့ သပိတ်သင်္ကန်းအပြည့်အစုံထမ်း ရိက္ခာပါထမ်းပြီးတော့ ရိက္ခာဆိုတော့ လျှောက်ပတ်တဲ့ဆေးဝါးပစ္စည်းတို့ စတုမဓုတို့ ဒီလိုရိက္ခာမျိုးပေါ့၊ ဆန်ဆီ ဆားငြုပ်ကြက်သွန်ဆိုတဲ့ ရိက္ခာမျိုးတွေမဟုတ်ပါဘူး၊ ပျားရည်တို့ ထောပတ်တို့ တင်လဲတို့ရက်ရှည်ထားပြီးတော့သုံးကောင်းတဲ့ ပစ္စည်းကလေးများ သပိတ်ထဲပါသလောက်သယ်ပြီးတော့ မြို့ကိုစွန့်ပြီးတော့ တောကိုထွက်သွားကြတယ်။

တောထဲရောက်တော့ လူအရောက်အပေါက်အလွန်နည်း၊ မြင့်မားမတ်စောက်တဲ့တောင်ကြီးတစ်ခု သူတို့တတွေဟာ လှေကားထောင်ပြီးတော့ တက်သွားကြတယ်၊ အရှင်မြတ်ခုနှစ်ပါး တောင်ထိပ်ရောက်ပြီလဲဆိုရော ခေါင်း

ချင်း ဆိုင်တိုင်ပင်ကတိကဝတ်ထား၊ အရှင်ဘုရားတို့ ကိုယ့်အသက်ကိုင့်တဲ့ပုဂ္ဂိုလ်တွေ ဒီနေရာကပဲပြန်ဆင်းကြဘုရား၊ ကိုယ့်အသက်ကိုင့်တဲ့ပုဂ္ဂိုလ်တွေ ဤကဘဲပြန်ကြပါ၊ အသက်မင့်တဲ့ပုဂ္ဂိုလ်များ ဤတောင်ထိပ်မှာအားထုတ်တော်မူကြပါ၊ အသက်ငဲ့ရင်ဒီကပြန်ကြပါ၊ တောင်ထိပ်ရောက်ရင် တပည့်တော်တို့လေ့ကာကိုတွန်းလိုက်မယ်၊ ခုနှစ်ပါးတောင်ထိပ်တက်၊ တောင်ထိပ်ကြ အသက်ငဲ့တဲ့ပုဂ္ဂိုလ်ပြန်ဆင်းဆိုတော့ တစ်ပါးမှပြန်မဆင်းကြဘူး၊ တစ်ပါးမှပြန်မဆင်းကြတော့ မထေရ်ကြီးလုပ်တဲ့ပုဂ္ဂိုလ်က ကိုင်း ဒီလိုဆိုအရှင်ဘုရားတို့အားလုံးဘဲ ဒီတောင်ထိပ်အသေခံ အားထုတ်ကြမှာလား၊ မှန်လှပါဘုရား၊ ကောင်းပြီဆိုပြီးတော့ အဲဒီမှာလေ့ကာကြီးတွန်းချလိုက်ကြတယ်။ဆင်းဘို့ရန်လမ်းမရှိကြဘူး၊ တောင်ထိပ်မှာခုနှစ်ပါး၊ ဆင်းဖို့ရန်လမ်းမရှိဘူး မထေရ်သူမြတ်တို့ တောင်ထိပ်မှာတရားအားထုတ်ကြတာ။

တရားထူးရသွားထေရ်နှစ်ပါး

တောင်ထိပ်မှာအားထုတ်တော့ အကြီးဆုံးဖြစ်တဲ့မထေရ်ကြီးက ပါရမီဉာဏ်ကအပြည့်အစုံပါလာသည်ဖြစ်၍ **ဧ**ကရတ္တာတိက္ကမေနေဝ တစ်ညဉ့်လွန်သဖြင့်သာလျှင်၊ ဗာဟိယသုတ္တန်အဋ္ဌကထာနဲ့ ဝမ္မိကသုတ္တန်အဋ္ဌကထာနှစ်ခုကိုညှိပြီးတော့ ကြည့်လိုက်တဲ့အခါကြတော့ ဘုန်းကြီးတို့ပရိသတ်များ ဒီအဆိုကပိုပြီးတော့ကောင်းတယ်၊ ဧကရတ္တာတိက္ကမေနေဝ၊ တစ်ညဉ့်လွန်သဖြင့်သာလျှင်။ မဟာထေရော၊ အကြီးဆုံးဖြစ်သောမထေရ်ကြီးသည်။ ဆဋ္ဌဘိညာဟိ၊ အဘိညာဉ်တရားခြောက်ပါးတို့နှင့်လည်းကောင်း။ စတုပဋိသမ္ဘိဒါဟိ စ၊ ပဋိသမ္ဘိဒါဉာဏ်လေးပါးတို့နှင့်လည်းကောင်း။ အဋ္ဌသမာပတ္တိစ၊ သမာပတ်တရားရှစ်ပါးတို့နှင့် လည်းကောင်း။ သဟ၊ အတူတကွ။ အရဟတ္တံ၊ အာသဝေါကင်းကွာရဟန္တာသူမြတ်၏အဖြစ်သို့။ သမ္ပါပုဏိ၊ ကောင်းစွာမသွေဆိုက်ရောက်တော်မူခဲ့ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

မဟာထေရော ဧကရတ္တာတိက္ကမေဝ အရဟတ္တံ ပါပုဏိ၊ အကြီးဆုံးမထေရ်ကြီးသည် တစ်ညဉ့်ဘဲအားထုတ်ရတယ်တဲ့ တောင်ထိပ်မှာရဟန္တာဖြစ်

တော်မူခဲ့ပါတယ်၊ အကြီးဆုံးမထေရ်ကြီး တစ်ညဘဲအားထုတ်လိုက်ရတယ် ဤတောင်ထိပ်မှာရဟန္တာဖြစ်သွားတယ်၊ ရဟန္တာဖြစ်ပြီးဆိုတော့ အကြီးဆုံးမထေရ်ကြီးက ကျန်တဲ့ခြောက်ပါးကို အရှင်ဘုရားတို့ ချမ်းချမ်းသာသာအားထုတ်ကြဘုရား၊ တပည့်တော့တော့ကိစ္စပြီးပြီ၊ အရှင်ဘုရားတို့ခြောက်ပါးအတွက် မြောက်ကျွန်းကနေ ဆွမ်းခံပြီးတော့ကျွေးပါ့မယ်၊ ရဟန္တာဖြစ်ပြီးတဲ့မထေရ်ကြီး မြောက်ကျွန်းသွားပြီးတော့ဆွမ်းခံ၊ တောင်ထိပ်သီတင်းသုံးနေတဲ့မထေရ် ခြောက်ပါးတို့ကို မြောက်ကျွန်းကဆွမ်းတွေလာပြီတော့ကပ်တော့ အား ကျန်တဲ့မထေရ်ခြောက်ပါးတို့က လျှောက်တင်ကြတယ်။

အရှင်ဘုရား တပည့်တော်တို့တောင်ပေါ်တက်တရားအားထုတ်တဲ့အခါ တစ်ပါးနဲ့တစ်ပါး ကတိကဝတ်များထားသလား၊ ရှေ့ဦးစွာရဟန္တာဖြစ်တဲ့ပုဂ္ဂိုလ်က ကျန်တဲ့ပုဂ္ဂိုလ်တွေကိုဆွမ်းခံ၍ကျွေးစတမ်းလို့ ဒီလိုကတိကဝတ်ထားခဲ့သလားဘုရား၊ မထားခဲ့ပါဘူး၊ ကတိကဝတ်မထားဘဲနဲ့ အရှင်ဘုရားဘယ်နှယ့်ကြောင့်ဆွမ်းခံကျွေးရတာတုန်း၊ ကတိကဝတ်မထားဘဲနဲ့ခံကျွေးတဲ့ဆွမ်းတပည့်တော်တို့မစားလိုပါ၊ နောက်တစ်မျိုးက အရှင်ဘုရားကရဟန္တာကိလေသာကင်းနေပြီ၊ တပည့်တော်တို့ကကိလေသာအပြည့်နဲ့၊ ကိလေသာကင်းပြီးတဲ့ရဟန္တာကြီးရှာကျွေးတဲ့ဆွမ်းကို ကိလေသာအပြည့်နဲ့ တပည့်တော်တို့ကမစားရဲပါဆိုပြီးတော့ တပါးမှမစားကြဘူး၊ အဲဒါနဲ့ ရဟန္တာမထေရ်ကြီးကကျန်တဲ့ခြောက်ပါးသောကိုယ်တော်တို့ကို သူခံယူလာတဲ့ဆွမ်းတွေတို့ကိုဘဉ်းပေးဖို့အမျိုးမျိုးတိုက်တွန်းပေမယ့် ဘယ်လိုမှတိုက်တွန်း မရတာနဲ့လက်လျှော့ပြီးတော့ တောင်ထိပ်ကနေစွန့်ခွါသွားတယ်၊ ခြောက်ပါးဆက်လက်ပြီးတော့ အားထုတ်ကြတယ်၊ ခြောက်ပါးဆက်လက်ပြီးတော့ အားထုတ်တော့-

ဒုတိယဒိဝသေ၊ နှစ်ရက်မြောက်သောနေ့မှာ။ ဒုတိယထေရော၊ ဒုတိယအကြီးဆုံးဖြစ်တဲ့မထေရ်ကြီးက။ ဆဋ္ဌဘိညာဟိ၊ အဘိညာဉ်တရားခြောက်ပါးတို့နှင့်လည်းကောင်း။ အဋ္ဌသမာပတ္တိစ၊ သမာပတ်အပြား ရှစ်ပါးတို့နှင့်လည်းကောင်း။ သဟ၊ အတ္တုတက္ကေ။ အနာဂါမိဖလေ၊ အနာဂါမိမဂ်ဉာဏ်ဖိုလ်ဉာဏ်၌။ ပတိဋ္ဌဟိ၊ ကောင်းစွာမသွေ တည်ခဲ့ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

နှစ်ရက်မြောက်နှစ်ညလွန်တော့ ဒုတိယမထေရ်ကြီးကအနာဂါမ်တည်ခဲ့တယ်၊ နှစ်ညလွန်မြောက်တော့ဒုတိယမထေရ်ကြီ အနာဂါမ်တည်ခဲ့တော့ ဒုတိယမထေရ်ကြီးကလည်းဘဲ လောကီအဘိဉာဉ်ငါးပါးကို အပြည့်အစုံရတယ်၊ အေး ဆဋ္ဌဘိညာဟိ မဟုတ်ဘူး၊ ပဉ္စာဘိညာဟိဖြစ်ရမယ်၊ ဘာကြောင့်လဲဆိုတော့ အာသဝက္ခယဉာဏ်ကို သူမရသေးတဲ့အတွက်ကြောင့် လောကီအဘိဉာဉ်ငါးပါးဘဲရရမယ်၊ လောကီအဘိဉာဉ်ငါးပါး လောကီသမာပတ်ရှစ်ပါးနဲ့တကွ အနာဂါမိမဂ်ဉာဏ်ဖိုလ်ဉာဏ်၊ ဒုတိယမထေရ်ကြီး နှစ်ညအားထုတ်လို့ပြီးသွားတယ်၊ ဒီတော့ အနာဂါမ်မထေရ်ကြီးကလဲ အဘိဉာဉ်ရထားတော့ သူလည်းကောင်းကင်ပျံနိုင်တယ်၊ မြောက်ကျွန်းတွေ ဘာတွေသွားပြီးတော့ ဆွမ်းခံနိုင်တော့ -

အရှင်ဘုရားတို့ တပည့်တော့ ဆွမ်းခံလာပြီးတော့ တောင်ထိပ်တက်ကိုယ်တော်တို့ကို ဆွမ်းကျွေးမယ်ဘုရား၊ ချမ်းချမ်းသာသာအားထုတ်ကြပါသူကလည်းဘဲ၊ မိတ်ကောင်းဆွေကောင်း ကလျာဏမိတ္တာတို့ရဲ့ဝတ္တရားကို စောင့်ရှောက်တဲ့အနေနဲ့ ကလျာဏမိတ္တာတို့ရဲ့ ဝတ္တရားကိုထမ်းဆောင်တဲ့အနေနဲ့ ဆွမ်းခံကျွေးမယ်လို့ပြော၊ ကျန်တဲ့ငါးပါးသောကိုယ်တော်တို့က အရှင်ဘုရား တောင်ထိပ်တက်လာတုန်းက ဒီလိုမျှား တပည့်တော်တို့ အချိန်းအချက်ထားခဲ့သလား၊ အချိန်းအချက်မထားခဲ့ဘူး၊ အချိန်းအချက်မထားရင် ဆွမ်းခံမကျွေးနဲ့ကိုယ်တော် သေချင်သေကြပါစေ၊ အရှင်ဘုရားကအနာဂါမ်၊ သုံးမဂ်သုံးဖိုလ်ရောက်ထားတဲ့အနာဂါမ်ဆိုတော့ ကာမရာဂကုန်ပြီးသားပါဘုရား၊ တပည့်တော်တို့က တစ်မဂ်တစ်ဖိုလ်တောင်မှ မရောက်သေးတော့ ကာမရာဂတွေနဲ့ဆိုတော့ ကာမရာဂသံယောဇဉ် ဗျာပါဒသံယောဇဉ် ထိနမိဒ္ဓ သံယောဇဉ် ဝိစိကိစ္ဆာသံယောဇဉ် သီလဗ္ဗတပရာမာသ သံယောဇဉ်ဆိုတဲ့ သံယောဇဉ်ငါးပါးပယ်ပြီးတဲ့ အရှင်ဘုရားရှာကျွေးတဲ့ဆွမ်းကို သံယောဇဉ်ဆယ်ပါးအပြည့်နဲ့ တပည့်တော်တို့က ဘယ်စားရဲပါမလဲ၊ အရှင်ဘုရား ချမ်းချမ်းသာသာကြွတော်မူ၊ တပည့်တော်တို့ ဘယ်လိုဘဲနေနေ ဤတောင်ထိပ်မှာ သေချင်လည်းသေကြပါစေတော့ ကိလေသာကင်းကွာ ရဟန္တာဖြစ်ချင်လည်း ဖြစ်ကြပါစေ၊ တစ်မဂ်တစ်ဖိုလ်ရချင်လည်းရပါစေ မရချင်လည်းနေပါစေတော့ အရှင်ဘုရားတို့ အရိ

ယာပုဂ္ဂိုလ်များရှာကျွေးတဲ့ဆွမ်းကို တပည့်တော်တို့တော့ မဘုဉ်းပေးဘူးဆိုပြီး တော့ ငြင်းပစ်လိုက်ကြတယ်၊ ဒါနဲ့ အနာဂါမ်ကိုယ်တော်ကြီးလည်းဘဲဆွမ်းခံ ကျွေးဖို့ရန် ကြိုးစားပေမယ့် လက်မခံတာနဲ့ သူလည်း ရှောင်ထွက်သွားတယ်။

အနာဂါမ် ရဟန္တာ နှစ်ပါးသာ တရားထူးရရှာ

ငါးပါးသောကိုယ်တော်တို့ ဤတောင်ထိပ်မှာ ဤအတိုင်းအဝေဟံခံပြီး အားထုတ်လိုက်ကြတာ အစာရေစာတဖြည်းဖြည်း ခေါင်းပါးခေါင်းပါးပြီးတော့ အရှင်မြတ်တို့ဟာ ထိုတောင်ထိပ်မှာဘဲအာယုသင်္ခါရကုန်သွားကြတယ်။ ပုံလွန်တော်မူသွားကြတယ်ပေါ့၊ တစ်ပါးမှတစ်မက်တစ်ဖိုလ်မရဘူး ငါးပါးထဲက၊ အားလုံးခုနှစ်ပါးတက်ပြီးတော့ တရားအားထုတ်ကြရာမှာ တစ်ပါးကတစ်ညဘဲ အားထုတ်ရတယ် ရဟန္တာဖြစ်သွားတယ်၊ တစ်ပါးသောကိုယ်တော်က နှစ်ည အားထုတ်ရတယ် အနာဂါမ်ဖြစ်သွားတယ်၊ ငါးပါးသောကိုယ်တော်တို့က သေ သည်အထိအားထုတ်ကြတယ် ဘာမှမဖြစ်ကြဘူး၊ ရဟန္တာကိုယ်တော်ကြီး ထိုဘဝမှာဘဲပရိနိဗ္ဗာန်စံသွားတယ်၊ ဘဝဇာတ်ချုပ်ငြိမ်းမီးပုံကြီးငြိမ်းသလို ငြိမ်း သွားပြီ ရဟန္တာမထေရ်ကြီးက၊ အနာဂါမ်မထေရ်ကြီးက အဲဒီကနေကွယ်လွန် တော့ ဘယ်သွားတုန်းဆိုတော့ သုဒ္ဓါဝါသဗြဟ္မာပြည်တဲ့ အနာဂါမ်ရဟန္တာ တွေသီးသန့်နေတဲ့ဗြဟ္မာ့ပြည်ပေါ့ အနာဂါမ်ကိုယ်တော်ကြီးကွဲသွားတယ်၊ အနာ ဂါမ်ကိုယ်တော်ကြီးကွယ်လွန်တော့ အနာဂါမ်ကိုယ်တော်ကြီးပုံလွန်တော်မူ တော့ သုဒ္ဓါဝါသဗြဟ္မာ့ပြည်ကို သူကဆိုက်ရောက်ပါတယ်။

တရားထူးမရသည့်ကိုယ်တော်ငါးပါး ဘယ်ရောက်သွား

ကျန်တဲ့ကိုယ်တော် ငါးပါးတို့ကတော့ ထိုဘဝမှကွယ်လွန်ပြီးတော့ နတ်ပြည်ကိုလားကြပါတယ်၊ ဂေါတမရှင်တော်ဘုရားပွင့်ပေါ်တော်မူတဲ့ ယခု ခေတ်ကာလကြတော့ ထိုကိုယ်တော်ငါးပါးတို့က ဂေါတမဘုရားသာသနာ ထွန်းကားတဲ့မဇ္ဈိမဒေသမှာ အကုန်လုံးလာပြီးတော့လူဖြစ်ကြတယ်၊ တစ်ပါး သောကိုယ်တော်က ဗာဟိယတိုင်းက ဒါရုစီယကိုယ်တော်ကြီးလာဖြစ်တယ်၊ တစ်ပါးသောကိုယ်တော်က မဇ္ဈန္တိကတိုင်းက သဘိယပရိဗိုဇ်ကြီးလာပြီးတော့ ဖြစ်တယ်၊ တစ်ပါးသောကိုယ်တော်က တက္ကသိုလ်ပြည်တော်က ပက္ကုသာတိရှင်

ဘုရင်ကြီးလာပြီးတော့ဖြစ်တယ်၊ တစ်ပါးသောကိုယ်တော်က ရာဇဂြိုဟ်နေပြည်တော်က အရှင်ကုမာရကဿပမထေရ်လာပြီးတော့ဖြစ်တယ်၊ တစ်ပါးသောကိုယ်တော်က မလ္လတိုင်းက အရှင်ဒဗ္ဗမထေရ်လာပြီးတော့ဖြစ်တယ်၊ ငါးပါး တစ်ပါးက ဗာဟိယဒါရုစီရိယ၊ တစ်ပါးက ပက္ကုသာတိရှင်ဘုရင်၊ တစ်ပါးသောကိုယ်တော်က သဘိယပရိဗိဇ်၊ တစ်ပါးသောကိုယ်တော်က အရှင်ဒဗ္ဗ၊ ညတုန်းကဘုရားသုံးဆူဟောခဲ့တယ် အရှင်ဒဗ္ဗ၊ တစ်ပါးသောကိုယ်တော်ကတော့ ရာဇဂြိုဟ်နေပြည်တော်က အရှင်ကုမာရကဿပ ငါးပါး၊

ဒါကြောင့် သုဒ္ဓါဝါသဘုံရောက်နေတဲ့ အနာဂါမ်ပြဟ္မာကြီးက သုဒ္ဓါဝါသပြဟ္မာပြည်ကနေပြီးတော့ မကြာမကြာလှမ်းလှမ်းပြီးတော့ သူငယ်ချင်းတွေကိုရှာတာ သူက၊ ငါ့သူငယ်ချင်းတွေ ဘယ်ဘဝရောက်နေတုန်း ဘယ်ရောက်နေတုန်းလို့ ပြဟ္မာပြည်ကနေလှမ်းလှမ်းကြည့်တော့ အော် သူငယ်ချင်းငါးယောက်နတ်ပြည်မှာဟဲ့၊ ဂေါတမဘုရားမပွင့်သေးဘူး သူငယ်ချင်းတို့နေကြဦးပေါ့၊ ဂေါတမရှင်တော်ဘုရားပွင့်လာတယ် သူငယ်ချင်းငါးယောက်ဘယ်ရောက်တုန်း ပြဟ္မာပြည်ကနေရှာတော့ ငါးပါးသောကိုယ်တော်တွေ အကုန်လုံးဂေါတမသာသနာမှာလာဖြစ်နေကြတယ်၊ ကျန်တဲ့လေးပါးတော့အသာထား ဤသုတ္တန်နဲ့မဆိုင်ပါဘူး၊ ဤသုတ္တန်နဲ့ဆိုင်တဲ့ အရှင်ကုမာရကဿပမထေရ်ကိုဟိုး တရားကျင့်ဘက် ဘဝဟောင်းက မိတ်ဟောင်း ဆွေဟောင်းဖြစ်ခဲ့တဲ့ ပြဟ္မာကြီးကရှာရင်းဖွေရင်းနဲ့ ဘယ်လာတွေ့တာတုန်းဆိုတော့ အန္ဓဝန်တောထဲလာတွေ့တာ အန္ဓဝန်တောထဲမှာငါ့သူငယ်ချင်းအရှင်ကုမာရကဿပ ငါ့ရဲ့သီတင်းသုံးဖော် အရှင်ကုမာရပဿပ မိတ်ဟောင်း ဆွေဟောင်းကြီး အားထုတ်နေပြီ၊ ဇေတဝန်ရွှေကျောင်းတိုက်ရဲ့ အနီးအနားကတောအုပ်ထဲမှာအားထုတ်နေတယ်၊ ဘုရားရှင်ကိုယ်တော်မြတ်နဲ့သူနဲ့နီးတယ်၊ ငါ့ရဲ့သီတင်းသုံးဖော် ကုမာရကဿပ ရဟန္တာဖြစ်ဖို့ရန်အချိန်အခါကာလတန်ပြီ ဘုရားနဲ့နီးပြီး တရားနဲ့နီးပြီးဆိုပြီးတော-

အထခေါ၊ ထိုအခါမှာ။ အညတရာ ဒေဝတာ၊ ပါဠိတော်ကတော့ အညတရာ ဒေဝတာတဲ့ နာမည်မှမပါဘဲ အညတရာပေါ့။ အညတရာ ဒေဝတာ၊ နာမည်ထင်ရှားခြင်းမရှိသောပြဟ္မာကြီးသည်။ ဒေဝတာဆိုတာဤနေရာ

မှာဗြဟ္မာဆိုတဲ့အနက်ကိုယူရပါတယ်။ နတ်ဆိုတဲ့အနက်ဒီနေရာမယူရဘူး၊ အညတရာ ဒေဝတာ၊ နာမည်ထင်ရှားခြင်းမရှိတဲ့ သုဒ္ဓါဝါသဘုံကကြွလာတဲ့ အနာဂါမ်ဗြဟ္မာကြီးသည်။ အဘိက္ကန္တာ ရတ္တိယာ၊ အဘိက္ကန္တာယ၊ ညဉ့်ဦးယာမ်နဲ့ ညဉ့်အလယ်ပိုင်းကိုကျော်ခဲ့ပြီးတော့။ ရတ္တိယာ၊ မိုးသောက်ယာမ်ကာလ ရောက်လုလုအချိန်မှာ။ အဘိက္ကန္တဝဏ္ဏာ၊ အလွန်နှစ်သက်ဖွယ်ကောင်းတဲ့ အရောင်အဆင်းရှိသည် ဖြစ်၍။ ဝါ - အဘိက္ကန္တဝဏ္ဏာ၊ လွန်သောအဆင်းရှိသည်ဖြစ်၍။ အဘိက္ကန္တ ဝဏ္ဏာ၊ ပကတိအဆင်းကိုကျော်လွန်သောအရောင်အဆင်းရှိသည် ဖြစ်၍။ အဘိက္ကန္တဝဏ္ဏာ၊ ပကတိရုပ်အသွင်ထက်ကျော်လွန်သော ရုပ်အဆင်းရှိသည်ဖြစ်၍။ ကေဝလကပ္ပံ အန္ဓဝနံ၊ အန္ဓဝန်တောအုပ်ကြီးတစ်ခုလုံးကို။ ဩဘာသေတွာ၊ ကိုယ်ရောင်ကိုယ်ဝါဖြင့်ထွန်းလင်းစေ၍။ ယေနယသ္မာ ကုမာရကဿပေါ၊ ကဿပဘုရားလက်ထက်တုန်းက တောင်ထိပ်တက်ပြီးတော့ အသေခံလျက် အသက်နဲ့ခန္ဓာကိုစွန့်လျက် အသက်နဲ့ခန္ဓာကို ငဲ့ကွက်ခြင်းမရှိပါဘဲ ရဟန်းတရားပွါးများကြိုးကုတ် အားထုတ်တော်မူခဲ့ဘူးသော အရှင်ကုမာရကဿပမထေရ်ရှိရာသို့။

ကဿပဘုရားသာသနာဟာ လူ့သက်တမ်းအနှစ်နှစ်သောင်းမှာပွင့်တာဆိုတော့ ဤအရှင်တို့ကဿပဘုရားသာသနာမှာ နှစ်သောင်းအပြည့် အတိအကျမဟုတ်တောင်မှ အနှစ်နှစ်သောင်း ဘုရားသာသနာကျင့်ခဲ့တယ် လို့ဆိုနိုင်ခွင့်ရှိပါတယ် တောင်ထိပ်တက်ပြီးတော့ တရားအားထုတ်တာကတော့ နှစ်သောင်းဘယ်ဖြစ်မတုန်းဗျ၊ ထမင်းအသက်ဟာ ဘုန်းကြီးတို့ပရိသတ်သိပါတယ်ခုနှစ်ရက်၊ ရေအသက်တမနက်ကိုးဗျ၊ အစာနဲ့ရေနဲ့ ပြတ်ပြီးတော့နေတာ အရှင်မြတ်ဝို့တောင်ထိပ်မှာ ဘုန်းကြီးတို့ပရိသတ်ရက်ပိုင်းလောက်ဘဲရှိမှာပေါ့။ ရက်ပိုင်းလောက်အတွင်း တောင်ထိပ်မှာအရှင်မြတ်တို့ အသေခံပြီးတော့အားထုတ်ခဲ့ကြတယ်၊ ဤတောင်ထိပ်မတက်ခင်တုန်းကတော့ ကဿပဘုရား သာသနာမှာအားထုတ်ခဲ့တာ နှစ်သောင်းနီးပါးဘဲလို့ဆိုနိုင်ပါတယ်။ ဒါကြောင့် အနှစ်နှစ်သောင်းတရားအားထုတ်ခဲ့တဲ့ အားထုတ်ဖော် အားထုတ်ဘက် ဗြဟ္မာကြီးသည် အနှစ်နှစ်သောင်းတို့ကာလပတ်လုံး အတူကျင့်ဖော်ကျင့်ဘက်ဖြစ်တဲ့ အရှင်ကုမာရကဿပမထေရ်ရှိရာသို့။ ဥပသင်္ကမိ၊ ချဉ်းကပ်၍လာခဲ့လေပြီ။

ဥပသက်မိတွာ၊ ချဉ်းကပ်ပြီး၍။ အာယသ္မန်ံ ကုမာရ ကဿပံ၊ အရှင်ကုမာရ ကဿပမထေရ်သူမြတ်ကို။ အဘိဝါဒေတွာ၊ အလွန့် အလွန် ရိုသေစွာရှိခိုး၍။ ဧကမန်ံ၊ အပြစ်ခြောက်ပါးကင်း သင့်တင့်လျောက်ပတ် ကောင်းမြတ်သော နေရာဌာနဒ်။ အဌာသိ၊ ကောင်းစွာမသွေ ရပ်တည်၍နေခဲ့ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

အရှင်ကုမာရပဿပအနီး အနာဂါမ်ဗြဟ္မာကြီးရောက်လာတယ်၊ လက်အုပ်ချီမိုးရှိခိုးပြီးတော့ အနီးမှာရပ်နေတယ်။ ဘာလုပ်ဖို့လာတာလဲမေးရင် အကူအညီပေးမယ်၊ အရှင်ကုမာရကဿပမထေရ်ကို သူသည်အကူအညီပေး။ ဘာအတွက်ကူညီမှာပါလဲလို့မေးရင် အရဟတ္တမဂ်အရဟတ္တဖိုလ်ဉာဏ်အတွက် သူသည်အကူအညီပေးမလို့ချဉ်းကပ်လာတာပါ။ လောကီကိစ္စမဟုတ်ဘူး။ ဘယ်နေရာတုန်းတဲ့ သူတို့နှစ်ယောက်အခုဆုံမိနေတာဟာ အန္ဓဝန အန္ဓဝန်တောတဲ့။

အန္ဓဝန အကန်းတောခေါ်ပုံ

ဒီတောကြီးဟာ ကဿပဘုရားလက်ထက်တုန်းကလည်း အန္ဓဝန အကန်းတောဘဲခေါ်တာ။ ယခုဂေါတမဘုရားလက်ထက်တော်ကြတော့လည်း ဒီတောကြီးဟာ အန္ဓဝနအကန်းတောဒီလိုဘဲခေါ်တယ်။ ကဿပဘုရားလက်ထက်တုန်းက ဒီတောရှိတယ် ဂေါတမဘုရားလက်ထက်လည်းဘဲ ဒီတောရှိတယ်။ နာမည်သည်တစ်ခုတည်းဘဲ အန္ဓဝန အကန်းတောလို့ဘဲခေါ်တယ်။ ဘာဖြစ်လို့ အကန်းတောခေါ်တုန်းဆိုတော့ သူကအကြောင်း ရှိတယ်။ ကဿပမြတ်စွာဘုရားပရိနိဗ္ဗာန်ပြုတော့ ဘုရားကိုယ်တော်မြတ်ရဲ့ ရုပ်ကလာပ်တော်ကြီးဟာ ဂေါတမရှင်တော်ဘုရားများ ပရိနိဗ္ဗာန်စံသလို အစိပ်စိပ်အမွှာအမွှာ ဓာတ်တော်များအဖြစ်သို့မပြောင်းဘူး။ ကဿပဘုရားကိုယ်တော်မြတ်ရဲ့ရုပ်ကလာပ်တော်ကြီးဟာ ရွှေအဆင်းလိုဝင်းပြီးတော့ ပုံမပျက်ဘဲဒီအတိုင်းရှိတယ်။ အဲ ရုပ်ကလာပ်တော်ကြီး မီးမသင်္ကြိုဟ်ဘဲနဲ့ မင်းရော ရဟန်းတော်တွေရော တိုင်းသူပြည်သားတွေပါစု ခေါင်းခြင်းဆိုင်ပြီးတော့ တိုင်ပင်ကြတယ်။ ဤကဿပဘုရားရဲ့ရုပ် ကလာပ်တော်ကြီးကို မီးမသင်္ကြိုဟ်ဘဲနဲ့ ရွှေလိုဝင်းနေတဲ့

ဤကိုယ်တော်ကြီးကို ဒီအတိုင်းဘဲ ရွှေစေတီကြီးထဲမှာထည့်ပြီးတော့ထား ဌာပနာလိုက်ကြရအောင်လို့စည်းဝေးကြတယ်။

အားလုံးကနေသဘောတူတော့ ကဿပရှင်တော်ဘုရားရဲ့သရီရ ဓာတ်တော်ကြီးကို သာရီရိကဓာတ်တော်ကြီးကို ရွှေစေတီတည်ပြီးတော့ ဌာပနာကြရအောင် ရှင်ဘုရင်ကမျက်နှာတစ်ဖက်ကတာဝန်ယူ စေတီတော်ကြီးမှာ၊ ရှင်ဘုရင်ရဲ့သားတော်ဖြစ်တဲ့ပထဝီန္ဒြလို့အမည်ရတဲ့အိမ်ရှေ့မင်းသားက မျက်နှာတစ်ဖက်ကတာဝန်ယူ။ ရှင်ဘုရင်က မျက်နှာတစ်ဖက်၊ အိမ်ရှေ့မင်းသားက မျက်နှာတစ်ဖက်၊ စစ်သေနာပတိနဲ့ အမတ်ကြီးတွေက မျက်နှာတစ်ဖက်၊ သုံးမျက်နှာ၊ သူဌေးကြီးတွေဦးဆောင်တဲ့တိုင်းသူပြည်သားတွေက မျက်နှာတစ်ဖက်၊ လေးမျက်နှာ လေးဦးသား တာဝန်တွေခွဲပြီးတော့ ယူကြတယ်။ ရှင်ဘုရင့်မျက်နှာကတော့ ရွှေအုဋ်ဌတွေ တစ်ခါတည်း တစ်အုဋ်ပြီး တစ်အုဋ်စီပြီးစီပြီးတော့ တက်တက်လာလိုက်တာ ဘုရားပစ္စယာတော်တော်တောင်မြင့်လာပြီ၊ စစ်သေနာပတိကြီးရဲ့မျက်နှာကလည်း ရွှေအုဋ်ဌတွေစီကာစီကာ တက်ပြီးတော့လာလိုက်တာ ဘုရားရဲ့မျက်နှာတော်တော်မြင့်လာတယ်။ အိမ်ရှေ့မင်းပထဝီန္ဒြမင်းသားလေးရဲ့တာဝန်ကျတဲ့ မျက်နှာကလည်း ရွှေအုဋ်ဌတွေစီကာစီကာ တက်ပြီးတော့လာလိုက်တာ ဘုရားရဲ့မျက်နှာပြင် ပစ္စယာတွေတော်တော်မြင့်လာပြီ။

သူဌေး သူကြွယ် ကုန်သည် လယ်လုပ် ဆင်းရဲသားတွေစုပြီးတော့ စီရမယ့်မျက်နှာစာဘက်ကြတော့တဲ့ တိုင်းသူပြည်သားတွေ ဘုံစုလုပ်ရတာ အဲဒီဘက်ကတော့မြေကြီးထဲက Foundation ကို အုဋ်ဌမြစ်ကကို မတက်နိုင်ဘူးဖြစ်နေတယ်၊ ဘာဖြစ်လို့တုန်းဆိုတော့ တိုင်းသူပြည်သားတွေလက်ထဲ ရွှေကသိပ်မရှိတော့ ရွှေအုဋ်ဌကအဲဒီမှာတယ်မလာဘူး။ ရှင်ဘုရင့်မျက်နှာစာကတော့ ရွှေအုဋ်ဌတွေ တစ်ခါတည်း တစ်အုဋ်ပြီး တစ်အုဋ်တက်တက်လာတာ၊ ရွှေတွင်းတွေလဲသူပိုင်တာဘဲ ရွှေတိုက်တွေလည်း သူပိုင်တာဘဲဆိုတော့ သူမျက်နှာက ရွှေအုဋ်ဌတွေ တစ်ခါတည်းတက်လာတာ ဘုရားကြီးတော်တော်မြင့်သွားတယ်။ အိမ်ရှေ့မင်းသားမျက်နှာလည်း ဒီအတိုင်းဘဲ၊ စစ်သေနာပတိမျက်နှာကလည်း ရွှေအုဋ်ဌတွေဆင့်ဆင့်တက်လာတယ်၊

စေတီတော်ကြီးက ဘယ်လောက်ကြီး အောင်တည်မတုန်းလို့မေးရင် တစ်ယူဇနာအမြင့်တည်မယ်။ တစ်ယူဇနာမြင့် တဲ့ရွှေစေတီကြီး၊ လေးမျက်နှာ လေးဦးသားတာဝန်ခွဲပြီးတော့တည်ကြတော့ သူဌေး သူကြွယ် ကုန်သည် လယ် လုပ်၊ တိုင်သူပြည်သားလူအများတို့ရဲ့မျက်နှာစာကအတက်နှေးနေတဲ့အတွက် ကြောင့် အဲဒီမှာ ယသောရတလို့ခေါ်တဲ့အနာဂါမ်ဒါယကာကြီးက သူက တရား ဟောလည်းကောင်းတယ် ပိဋကတ်သုံးပုံလည်းနှုတ်ငုံဆောင်ထားတယ်။ ခုနက တိုင်းသူပြည်သားတွေရဲ့မျက်နှာစာဘက်မှာ တိုင်းသူပြည်သားတွေစုပြီးတော့ တည်တဲ့ မျက်နှာစာဘက်မှာ ရွှေအုဋ်တွေ အတက်နှေးနေတော့ တရားဟော ကောင်း ပိဋကတ်သုံးပုံဆောင်တဲ့ ယသောရတအနာဂါမ်ဒါယကာကြီးက-

ဘုရားကြီးအတွက် ရွှေအလှူခံထွက်

ကိုင်း ဒီလိုဆိုရင်ရွှေတွေမြန်မြန်ရအောင် အကျွန်ုပ်တိုင်းပြည် လှည့်ပြီး တော့တရားဟောပြီးတော့ရှာပေးပါမယ်ဆိုပြီး အနာဂါမ်ဒါယကာကြီးနဲ့ ဥပါသကာတွေစုပြီးတော့ တိုင်းပြည်လှည့်ပြီးတော့ ဘုရားကြီးအတွက်ဆိုပြီ တော့ တရားဟောထွက်ကြတာ ရွှေအုဋ်တွေမြန်မြန်ရအောင် ကပသဿပဘုရား ရဲ့ရွှေစေတီတော်ကြီးအတွက် တိုင်းပြည်လှည့်ပြီးတော့တရားဟောထွက် ကပသဿပဘုရားရဲ့ရွှေစေတီတော်ကြီးအတွက် ရွှေအုဋ်တွေလှူကြပါ ငွေအုဋ် တွေ ပတ္တမြားအုဋ်တွေ စိန်အုဋ်တွေလှူကြပါတဲ့ လှည့်လှည့်ပြီးတော့ တရား ဟော တစ်တိုင်းလုံး တစ်ပြည်လုံး အုံ့အုံ့ကြွက်ကြွက်နဲ့ ရတနာတွေလှူလိုက် ကြတာ ရတိုင်းရတိုင်းသောရတနာတွေကို စုစု စုစုပြီးတော့ ဘုရားတည်တဲ့ နေရာကိုပြန်ပြီးတော့ ခပ်မြန်မြန်ပို့ကြတယ်။ အဲဒီလိုနဲ့ ယသောရတာဒါယ ကာကြီး တရားဟောထွက်လှည့်လည်ပြီးတော့ ထွက်ခွါသွားလိုက်တာ တိုင်း ပြည်ရဲ့အစွန်း တော်တော်ဝေးတဲ့အရပ်တစ်ခုကို သူသည်ရောက်သွားတယ်တဲ့၊ တိုင်းပြည်ရဲ့အစွန်း တော်တော်ဝေးတဲ့အရပ်တစ်ခုကို သူသည်ရောက်သွား တော့ အဲဒီအရပ်ကနေပြီးတော့ တရားဟောရင်းနဲ့စုဆောင်းပြီးလှူလိုက်တဲ့ ရွှေတွေ ငွေတွေ စိန်တွေကျောက်တွေ နည်းတာတွေမဟုတ်ဘူး။ ဒါတွေကိုစု ဆောင်းပြီးတော့ ဘုရားရှိရာကိုမြင်းရထားနဲ့ပို့ပြီးတော့ သူက ရတနာတွေ ဘုရားရှိရာမြန်မြန်ပို့ သူကတော့လှည့်ပြီးတော့ဟောဆဲ၊ အဲဒီအချိန်မှာ ဘုရား

တည်နေတဲ့နေရာက သူဆီသတင်းလာတယ်။ ဆရာကြီး ဘုရားကြီးအတွက် ရွှေအုင်္ဂတွေပြည့်ပါပြီ ဆရာကြီးပြန်လာခဲ့ပါတော့ဆိုတဲ့သတင်းကိုသူရတယ်။ သတင်းရတာနဲ့ သူပြန်လာတာ ဘယ်နေရာရောက်တုန်းဆိုတော့ ခုပြောနေတဲ့အနွှဝန်တောအုပ်ဆိုတဲ့တောအုပ်ကြီးထဲကို သူသည်ရောက်လာတာ။

ဘုရားအတွက်တရားဟောပြီးတော့ပြန်လာတာ တောအုပ်ကြီးထဲအဝင်၊ တောအုပ်ထဲမှာခါးပြတွေငါးရာစောင့်နေကြတယ်၊ ဘုရားလူကြီး တိုင်းပြည်လှည့်ပြီးတော့ ရွှေရော ငွေရော စိန်ရော သံရော ကျောက်ရော ပတ္တမြားရော အကုန်လုံးတစ်ပြည်လုံးကသိမ်းကြုံးပြီးတော့ စုပြီးတော့ပြန်လာတဲ့ဘုရားလူကြီးဟော့ဆိုပြီးတော့ ဓားပြတိုက်မယ့်လူဆိုးငါးရာတောကနေစောင့်ကြတယ်။ တောထဲ ယသောရတဒါယကာကြီးဝင်လာပြီဆိုတဲ့ကာလ ဓားပြငါးရာတစ်ခါတည်း ယသောရတ အနာဂါမ်ဒါယကာကြီး ဖမ်းကြတယ်၊ ဖမ်းပြီးတော့ ဆရာကြီး ခင်ဗျားပါလာတဲ့ပစ္စည်းတွေ ကျွန်ုပ်တို့အကုန်ပေးဆိုတော့ ဆရာကြီးက ငါ တိုင်းပြည်အလှူခံလို့ရတဲ့ပစ္စည်းတွေ ငါ့လက်ထဲတစ်ပြားမှမရှိပါဘူးတဲ့ တိုင်းပြည်လှည့်လည်အလှူခံတဲ့ပစ္စည်းတွေ လက်ထဲတစ်ပြားမှမရှိပါဘူး၊ တစ်ပြားမှမရှိရင် ခင်ဗျား အဲဒါတွေဘယ်သွားထားတုန်း ဒီနေ့ခေတ်လိုဆိုရင်တော့ ဘဏ်ထဲထားတယ်လို့ပြောရမှာဘဲ ယသောရတဒါယကာကြီးက မဟုတ်ဘူးဗျ ကျုပ်ကရ၊ ချက်ချင်းရ ချက်ချင်းဘုရားရှိရာပို့လိုက်တာ အဲဒါတွေအကုန်လုံးကသပရဲ့စေတီတော်ကြီးထဲရောက်ကုန်ပြီ၊ ဘုရားကြီးအတွက် ရတနာတွေလုံလောက်ပြီဆိုလို့ ကျုပ်ပြန်လာတာ၊ ကျုပ်လက်ထဲ ဟောဒီမှာ ဘာမှမရှိဘူးဗျာ။ ခင်ဗျားတို့မြင်တဲ့အတိုင်းဘဲ လမ်းလည်းဖွက်ထားခဲ့တာ မဟုတ်ပါဘူးဆိုတော့၊

အနာဂါမ်ဘုရားလူကြီးသတ်တဲ့လူဆိုးတွေ မျက်စိကန်းလိုနေ

လူဆိုးငါးရာထဲမှာ ယသောရတဒါယကာကြီးကို ကြည်ညိုလေးစားပြီးတော့ အထင်ကြီးတဲ့လူဆိုးတွေကလည်းပါသေးတာ။ အဲဒီ အထင်ကြီးပြီးတော့ လေးစားတဲ့လူဆိုးတွေက ဘာပြောတုန်းဆိုတော့ အေးကွာ ဒီဆရာကြီးပြောတာဟုတ်မှာပါ။ အနာဂါမ်ဒါယကာ ကြီးဆိုတော့ သူသည်မလိမ်တတ်ပါ

ဘူးကွာ အမှန်ပြောတာနေမှာပါ လွတ်လိုက်ကြပါ ဒီလို။ လွတ်လိုက်ကြပါ ဆိုတော့ တော်တော်မိုက်တဲ့လူဆိုးတစ်စုက ယသောရတဒါယကာကြီးလွတ် လို့မဖြစ်ဘူး ဒီလူကြီးလွတ်လို့ဘယ်ဖြစ်မှာလဲ၊ ရာဇဝတ္တဘ မင်းနဲ့အကျွမ်းဝင်တဲ့ပုဂ္ဂိုလ်ဆိုတာ လွတ်လို့မဖြစ်ဘူးကွ။ မင်းနဲ့အကျွမ်းဝင်တဲ့ပုဂ္ဂိုလ်လွတ်လိုက်မယ်ဆိုရင် နောင်တစ်ချိန်ကျတော့ မင်းထံရောက်ရင် တောထဲမှာဘုရားတည်တဲ့ ဘုရားတည်ဖို့ရန်ပစ္စည်းတွေ စုရင်းဆောင်းရင်းနဲ့ပြန်လာ လမ်းခုလတ်ခါးပြနဲ့တွေ့ခဲ့တယ်၊ အဲဒီ ဓားပြခေါင်းဆောင်ကဘယ်သူ၊ လက်ထောက်ကဘယ်သူ၊ အဲဒီ ဓားပြတပ်ကို တပ်ခွဲအုပ်ချုပ်တာကဘယ်သူ၊ တပ်စိပ်အုပ်ချုပ်တာက ဘယ်သူဆိုတာတွေကို အကုန်သိပြီးတော့ မင်းထံသံတော်ဦးတင်ရင်တော့ ဒို့တစ်တွေ အကုန်လုံးပျက်စီးဖို့အကြောင်းရှိတယ်ကွ၊ မင်းနဲ့အကျွမ်းဝင်တဲ့ပုဂ္ဂိုလ်ဆိုတာကြောက်စရာကောင်းတယ်၊ သူ့လွတ်လိုက်ရင် မြွေပွေးပြန်လွတ်တာနဲ့တူတယ်၊ ဒါကြောင့်မို့လို့ ဒီလူကြီးလွတ်လို့တော့မဖြစ်ဘူး ဒီတောထဲသတ်လိုက်ကြ။ သတ်မယ်ဆိုတာကတစ်ဖက်၊ လွတ်မယ်ဆိုတာကတစ်ဖက်ငြင်းကြခုံကြ အချင်းချင်းဖြစ်နေကြတာ ငြင်းကြ ခုံကြ အချင်းချင်းဖြစ်နေကြတုန်းမှာဘဲ သတ်မယ်ဆိုတဲ့လူစုက ဒေါသမထိမ်းနိုင်တဲ့လူစုက ချက်ချင်းထပြီးတော့ အဲဒီ အနာဂါမ်ဆရာကြီးလည်ပင်းဓားနဲ့ပိုင်းလိုက်တော့ ဘုရားလူကြီးဟာ ဒီတောထဲမှာ ယသောရတဒါယကာကြီး ဓားပြလက်ချက်နဲ့ကွယ်လွန်ရှာတယ်၊ အနာဂါမ် ဘုရားလူကြီး ဥပါသကာဒါယကာကြီးကို သတ်လိုက်တဲ့လူဆိုးတွေ လက်ရှိသူတို့တစ်တွေ မျက်စိကွယ်ကုန်ကြတယ်။

လူပေါင်းငါးရာ အားလုံးမျက်စိကွယ်ကုန်ကြတော့ ဒီတောကြီး တစ်တောလုံးကြည့်လိုက်စမ်းပါ၊ အကန်းငါးရာစုပြီးတော့နေထိုင်ရာတောကြီးဖြစ်ပါတယ်၊ ဆွမျိုးတွေ မိဘတွေ ဉာတိတွေရှိတဲ့ပုဂ္ဂိုလ်များကတော့ ဆွမျိုးမျိုးများကခေါ်သွား မိဘတွေကခေါ်သွား မောင်များနှမများကလာပြီတော့ ခေါ်သွား ညီအစ်ကိုမောင်နှမတွေခေါ်သွား၊ အဲ ကူညီစောင့်ရှောက်မယ့်သူ မရှိတဲ့ပုဂ္ဂိုလ်တွေကျတော့ အကန်းတွေအကုန်လုံး ဒီတောထဲဘဲနေကြရတာ။ ခရီးသွားပုဂ္ဂိုလ်တွေက ထမင်းလေးပေးသွား အစာလေးပေးတာ မုန့်လေးပေးတာ ပေးသမျှ ကျွေးသမျှစားပြီးတော့ ထိုမျက်စိမမြင်တဲ့ပုဂ္ဂိုလ်တွေ တော

ထဲမှာဘဲဒီလိုဘဲနေကြရတာ အသက်သေဆုံးတဲ့အထိပါဘဲ။ ဒါကြောင့် ကဿပဘုရားသာသနာတော်တုန်းက ဓားပြငါးရာမျက်စိကွယ်လို့ သူကန်းတွေစုနေတဲ့တော ဒါကြောင့် ဒီတောကို အန္ဓဝန အကန်းတောလို့ခေါ်တယ်။ ကဿပဘုရားပရိနိဗ္ဗာန်စံပြီးစကတည်းက ရလာတဲ့အမည်တဲ့ ဂေါတမဘုရားလက်ထက်အထိ။

ကဿပရှင်တော်ဘုရားရယ် ဂေါတမရှင်တော်ဘုရား သာသနာနှစ်ခုကြားကာလမှာ အဲဒီ အန္ဓဝန်တောကြီးသည် လူသူမရောက်တဲ့တောဆိုးကြီးဖြစ်ခဲ့တယ်၊ ကဿပဘုရားသာသနာတော်တုန်းက လူတွေ သွားလမ်း လာလမ်းကြပေမယ့် ကြားခေတ်ကြတော့ သူကဘာဖြစ်နေလဲ ပုဒ္ဓန္တရ ကြားခေတ်ကြတော့ သူကတောဆိုးကြီးဖြစ်ပြီတော့နေခဲ့တယ်။ ဂေါတမဘုရား သာသနာခေတ်ကြတော့ ဇေတဝန်ရွှေကျောင်းတိုက်နဲ့နီးစပ်တဲ့နေရာ။ သံဃာတော်များတိတ်တိတ်ဆိတ်ဆိတ်နဲ့ ကာယဝိဝေကအလို့ငှာ သီတင်းသုံးရာနေရာဖြစ်လာခဲ့ပါတယ်။ ဇေတဝန်ကျောင်းရဲ့နောက်နားက အန္ဓဝန်တောသည် ကဿပဘုရားရှင်လက်ထက်တော်တုန်းက လူဆိုးတွေခိုအောင်းရာတော၊ ကဿပဘုရားသာသနာနဲ့ ဂေါတမဘုရားသာသနာ ကြားကာလကြတော့ ဘီလူးတွေအုပ်စိုးတဲ့တော၊ ဂေါတမဘုရားသာသနာခေတ်ရောက်လာတဲ့ကာလကြတော့ ရဟန်း သံဃာတော်များကိန်းအောင်းတဲ့တော။ အမည်တော့ တစ်ခုတည်းဘဲ နေထိုင်သူတွေသာကွာသွားကြတာ။ ဒီတော့ ဒီစကားဟာဘာပြောတာလဲဆိုတော့ အန္ဓဝနံ အန္ဓဝန်တောရဲ့ အတိတ်ဖြစ်ရပ်ကို ဘုန်းကြီးတို့ပရိသတ်များနားလည်အောင်ပြောပြခြင်းဖြစ်ပါတယ်။ အရှင်ကုမာရကဿပမထေရ်နဲ့ ဗြဟ္မာကြီးတို့ရဲ့ အတိတ်ဖြစ်ရပ်ကို နားလည်အောင်ပြောပြခြင်းဖြစ်ပါတယ်။

အရှင်ကုမာရကဿပသည် ထိုအန္ဓဝန်တောမှာ တရားအားထုတ်နေစဉ် ဘဝဟောင်းက တရားအားထုတ်ဖော် အားထုတ်ဖက် အနာဂါမ်ဗြဟ္မာကြီးဆိုက်ရောက်လာပြီး အနီးအနားချဉ်းကပ်၍ရပ်နေပြီ လျှောက်စရာရှိသည့်စကားတို့ကိုလျှောက်တင်ပါလိမ့်မယ်။ အဲဒီလျှောက်တင်တဲ့အခန်းကို မနက်ဖြန်နေ့ခင်း မဟာမြတ်မုနိဘုရားကြီးထဲကြမှ လျှောက်မယ်တဲ့ ဒီကနေ့ ညတော့ ဒီမှာဘဲတော်ကြရအောင်။

ဒုတိယပိုင်း

၁၃၄၃-ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈-ရက်နေ့၊ နေ့ ၂-နာရီ၊ ၁၅-မိနစ်အချိန်၊ မန္တလေးမြို့၊ မဟာမြတ်မုနိရုပ်ရှင်တော် မြတ်စွာဘုရား ကိုယ်တော်မြတ်၏ စေတီယဂ်နအတွင်း တည်ခင်းအပ်သော မိုးကောင်း ဓမ္မာရုံကြီးအတွင်း၌ဟောကြားအပ်သော မဇ္ဈိမနိကာယ်၊ မူလပဏ္ဏာသပါဠိတော်၌ လာသော ဝမ္မိကသုတ္တန်တရားတော်ဒုတိယအပိုင်း။ ဝမ္မိကသုတ္တန်တရားတော် ဒုတိယအပိုင်း မဟောကြားသေးခင်း မနာကြားသေးခင် တရားပိုင်ရှင်ဖြစ်တော်မူသော သဗ္ဗညုမြတ်စွာဘုရားအား ရိုသေစွာလက်အုပ်ချီမိုး ရှိခိုးကြရအောင်--- အားလုံးသော ပရိသတ်များလက်အုပ်ချီ၍ ထားကြပါ။ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်၏ ကရုဏာတော်ဖြင့် အေးမျှသော စိတ်နှလုံး၊ ပညာတော်ဖြင့် အေးမျှသောစိတ်နှလုံး၊ ကရုဏာပညာ ဤနှစ်ဖြာဖြင့် အေးမျှသော နှလုံးသားကိန်းဝပ်တော်မူသော သဗ္ဗညုတရွှေဉာဏ်တော်ဖြင့် ဤဝမ္မိကသုတ္တန်တရားတော်ကို သာဝတ္ထိမြို့၊ ဇေတဝန်ရွှေကျောင်းတိုက်အလယ် တည်ခင်းအပ်သောမဏ္ဍာလမလွှ သံဃာများစွာစည်းဝေးညီမူရာ၌ အရှင်ကုမာရကဿပအရှင်သူမြတ်အား ဟောကြားတော်မူပုံအာရုံယူလျက် ရိုသေစွာလက်အုပ်ချီမိုး၍ ရှိခိုးရအောင်---

ကောသလမင်းကြီးတရားနာ

နေ့ခင်းပိုင်းတရားပွဲက သာဝတ္ထိပြည်မွန် ဇေတဝန်ရွှေကျောင်းမှာ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ် ပဿေနဒီကောသလမင်းကြီးကိုတရားဟောတုန်းက ကောသလမင်းကြီး တရားနာရင်း နာရင်းနဲ့ ဘယ်ဖက်စောင်းလိုက် ညာဖက်စောင်းလိုက် ရှေ့တိုးလိုက် နောက်ဆုတ်လိုက် အဲဒီလိုဖြစ်နေတယ်။ တော်တော်ကြာတော့ ဘယ်ဖက် ညာဖက်စောင်းခြင်း၊ ရှေ့တိုးခြင်း နောက်ဆုတ်ခြင်းမလုပ်တော့ဘဲနဲ့ တရားနာရင်းနာရင်းနဲ့ ကောသလမင်းကြီးဟာ မေးနှစ်ဖက်ကို လက်နဲ့မနည်းကြီးထောက်ထားရတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီခေါင်းကိုသူမသယ်နိုင်တော့ဘူး မဟန်နိုင်တော့ဘူး အလွန်အစား

ကောင်းတဲ့မင်းကြီး စားပြီးတရားနာတော့ မြတ်စွာဘုရားရှေ့မှာဟန်လုပ်မရဘူးတဲ့၊ ဟန်လုပ်လို့မရဘူး ကောသလမင်းကြီး တလူးလူးတလိမ့်လိမ့်နဲ့ငိုက်ပြီးတော့နေရှာတယ်။ ဒါကြောင့် ကောသလမင်းကြီးကြည့်ပြီးတော့ အော် မင်းတရားကြီးတော့ ငိုက်ရှာပြီ ငါ တရားသိမ်းမှဘဲလို့ ကောသလမင်းကြီးငိုက်တာကြည့်ပြီးတော့ မြတ်စွာဘုရားဟာ တရားတိုတိုနဲ့သိမ်းရတယ်။

ဒီကနေ့ မဟာမြတ်မုနိ ရုပ်ရှင်တော်ကြီးရဲ့စေတီယဂ်ိုန လာရောက်ပြီးတော့တရားနာကြတဲ့ ဘုန်းကြီးတို့တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့ကို ကောသလမင်းကြီးလို အစားကြီးတဲ့ပုဂ္ဂိုလ်တွေလို့မဆိုပါဘူးနော် မဆိုပါဘူး။ ဒီကနေ့ တရားနာရမှာဆိုပြီးတော့ အားလုံးပဲလျှာ့လျှာ့ပေါ့ပေါ့စားလာကြတာနဲ့တူပါတယ်။ လူတွေကြည့်ရတာ အကုန်လုံးခေါင်းကိုထောင်လို့၊ ဘုန်းကြီးက နှစ်ချက်မှတက်တာဆိုတော့ စောစောကအိပ်ထားတယ်ထင်ပါတယ်။ ဘုန်းကြီးတို့က ဒီကနေ့တရားပွဲကို လျှာ့လျှာ့ပေါ့ပေါ့ဟောရမှာ လျှာ့ဟောရမှာဘာဖြစ်လို့လည်းဆိုတော့ ဘုန်းကြီးတို့ ကျေးဇူးရှင်အနီးစခန်းဆရာတော်ကြီးပြောသလိုပေါ့ ထွန်းလှဟိုတယ်မှာ အနီးစခန်းဆရာတော်ကြီးနဲ့ ဘုန်းကြီးတို့တစ်ခါဆွမ်းစားတယ်၊ စားရင်းစားရင်း ဆရာတော်က လက်တစ်ဖက်သက်နဲ်းထဲရောက်သွားတယ်။ ကိုယ့်လူရေ လျှာ့စားကိုယ့်လူရေလျှာ့စား ဆရာတော်ကပြောတယ်၊ ကြည့်လိုက်တော့ လက်တစ်ဖက်ကသက်နဲ်းထဲခါးပန်းကြိုးဖြေနေတာ၊ ဟား ဟား။ ဟုတ်လား၊ လျှာ့စားဆိုတာ လက်စသတ်တော့ ခါးပန်းကြိုးလျှာ့တာပြောတာ။ ဘုန်းကြီးတို့လည်း ဒီနေ့လျှာ့ဟောပါ့မယ်နော်။ ဘာဖြစ်လို့လည်းဆိုတော့ ခါးပန်းကြိုးလျှာ့ဟောတာ။ ဆွမ်းစားကောင်းကောင်းနဲ့တအားစားထား၊ စားပြီးတစ်မှေးမှမအိပ်ရတော့ ပလ္လင်ပေါ်အိပ်ချင်နေတော့ ဒါ လျှာ့ဟောရမယ်ပေါ့။

သုတ္တန်နှစ်ခုနှိုင်းယှဉ်ပြု

ဝမ်မကသုတ္တန်ကို ဘုန်းကြီးတို့ ပါယာသိရာဇည်သုတ်ရဲ့ရှေ့ကဟောဖို့ဘဲ။ ဒါပေမယ့် မန္တလေးနေပြည်တော်မှာ ပါယာသိရာဇည်သုတ်ကို ရှေ့ဦးစွာဟောလိုက်ဖြစ်တယ်။ ဝမ်မကသုတ်ကိုနောက်မှဟောရတယ်။ အစီအစဉ်

ကတော့ဝမ်မိကသုတ္တန်သည်ရှေ့က၊ ပါယာသိသုတ္တန်သည်နောက်က ဒီလို ဟောမှ သဘာဝကျတယ်။ ဘာဖြစ်လို့တုန်းဆိုတော့ အရှင်ကုမာရကဿပ အရှင်သူမြတ်သည် ဝမ်မိကသုတ္တန်နဲ့ရဟန္တာဖြစ်ပါတယ်။ ဝမ်မိကသုတ္တန်နဲ့ရဟန္တာဖြစ်၊ ရဟန္တာဖြစ်သောအရှင်ကုမာရကဿပသည် သေတဗျမြို့စား ပါယာသိမင်းကြီးကို မိစ္ဆာဒိဋ္ဌိအယူမှချေဖြိုတ်တော်မူတယ်တဲ့။ ဝမ်မိကသုတ္တန်ဖြင့်ရဟန္တာဖြစ်တော်မူသော အရှင်ကုမာရကဿပသည် သေတဗျမြို့စားပါယာသိမင်းကြီးကို မိစ္ဆာဒိဋ္ဌိအယူမှချေဖြိုတ်တော်မူတဲ့ ထိုပါယာသိသုတ်မှာဥပမာတစ်ဆယ့်လေးပါးတို့ဖြင့်တန်ဆာဆင် ဆန်းဆန်းကြယ်ကြယ် ကပ်သီးကပ်သပ်နိုင်လှတဲ့ပါယာသိမင်းကြီးရဲ့အယူမှားကို ချေဖြိုတ်တော်မူခဲ့တယ်။ ပါယာသိမင်းကြီးအယူမှားပျောက်ပြီးတော့ အယူမှန်ရောက် သရဏဂုံဆောက်တည် ဗုဒ္ဓဘာသာဥပါသကာဖြစ်သွားပြီး။

စိတြကထီဓမ္မကထိကဘွဲ့တံဆိပ်ရ

မြတ်စွာဘုရားက ဒီလောက်တောင်ကပ်သီးကပ်သပ်နိုင်လှတဲ့ပါယာသိမင်းကို အိုးရွဲ့ရင်စလောင်းရွဲ့နဲ့ဖုံးဆိုတာမျိုးလို ကပ်သပ်တဲ့မင်းကို ကပ်သပ်တရားဟောပြီးတော့ချေဖြိုတ်တဲ့ အရှင်ကုမာရကဿပကို မြတ်စွာဘုရားက စိတြကထီဓမ္မကထိကဧတဒဂ်ပေးလိုက်တယ်ဗျ။ ဒီတော့ ဘုန်းကြီးက ဒီနေရာသဘောကျသွားတာတစ်ခုကဘာလဲဆိုတော့၊ အော် အိုးရွဲ့ရင်စလောင်းရွဲ့နဲ့ဖုံးတဲ့တရားမျိုးဟောတာဟာ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က စိတြကထီဓမ္မကထိကဧတဒဂ်ပေးလိုက်တယ်လို့ အားရှိသွားတယ်။ ပါယာသိမင်းက အကပ်ချည်းပြောတယ် အရှင်ကုမာရကဿပကလည်း သူ့ကိုအကပ်ဘဲပြန်ပြောတယ်။ အရွဲ့အရွဲ့ချင်းဖုံးလိုက်တော့ ဒါတည့်သွားတယ်။ အတည့်ကိုအရွဲ့နဲ့ဖုံးဘယ်တော့မှမလုံဘူး။

ဒါကြောင့် ဤသုတ္တန်ကြီးနှစ်ခုဟာ အရှင်ကုမာရကဿပမထေရ်ရဟန္တာဖြစ်တာကဝမ်မိကသုတ်၊ အရှင်ကုမာရကဿပမထေရ် စိတြကထီဓမ္မကထိကဧတဒဂ်ရတာက ပါယာသိသုတ်၊ ဒီသုတ်နှစ်ခုကို ရှေ့နောက်စဉ်ပြီးတော့ဟောရရင်အလွန်ကောင်းတယ်။ ဒါကြောင့် မန္တလေးနေပြည်တော်

ဘုန်းကြီးတို့ဟောလိုက်တော့ ရှေ့နောက်စီစဉ်ပြီးတော့ ဟောတော့ ဟောပါတယ်၊ ရှေ့နဲ့နောက်နဲ့အဲဒါပြောင်းပြန်ဖြစ်နေတယ်။ ပါယာသိသုတ်က ရှေ့ဟောမိသွားတယ် တစ်ဆယ့်နှစ်ညတိုင်တိုင် ဒီသုတ္တန်ကိုဟောလို့ ဘုန်းကြီးတို့ပြီးပြည့်စုံသွားပြီ။ ဝမ်မိကသုတ္တန်ကိုထပ်မံ၍ဟောပါဦးလို့ ဘုန်းကြီးတို့မန္တလေးမြို့က ဒါယကာကြီးများတောင်းပန်ကြတော့ ဝမ်မိကသုတ္တန် ဘုန်းကြီးတို့ဆက်ပြီးဟောတာ မနေ့ကညကစပြီးတော့ဟော ဤယနေ့ နေ့ခင်းပွဲအထိဆို ဒီကနေ့နှစ်ပွဲမြောက် ဒုတိယအကြိမ်မြောက်တရားပွဲပါဘဲ။ ဒါကြောင့် ဝမ်မိကသုတ္တန်ရဲ့ဒုတိယအပိုင်းလို့ ဘုန်းကြီးတို့ဆိုခဲ့ပါတယ်။ ဝမ်မိကသုတ္တန်ရဲ့ ဒုတိယအပိုင်းကို ဘုန်းကြီးတို့ပရိသတ်များ ပထမအပိုင်းနဲ့ ပြန်ပြီးတော့ဆက်စပ်ကြည့်လိုက်ပါ။

ဧကံသမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပဏ္ဍိကဿ အာရာမေ။ [၁]

ဧကံသမယံ၊ အခါတစ်ပါး၌။ ဘဂဝါ၊ သဗ္ဗညုဘုရားရှင် ကိုယ်တော်မြတ်သည်။ သာဝတ္ထိယံ၊ သာဝတ္ထိနေပြည်တော်၌။ အနာထပိဏ္ဍိကဿ၊ အနာထပိဏ်သဒ္ဒေးကြီး၏။ အာရာမေ၊ နှလုံးမွေ့လျော် ပျော်ဖွယ်ရာကောင်းလှပေသော။ ဇေတဝနေ၊ ဇေတဝန်ရောင်မောင်း သူဌေးကျောင်း၌။ မဟတာ၊ ဂုဏ်အားဖြင့်မြတ်သော၊ ဝါ အရေအတွက်အားဖြင့် များပြားလှစွာသော။ ဘိက္ခု သံဃေန၊ ရဟန်းတော်အပေါင်းနှင့်။ သဒ္ဓိ၊ အတူတကွ။ ဝိဟရတိ၊ ဝိဟာရလေးလီဖြင့် မျှညီရွှင်ပြုံးစွာ သီတင်းသုံးတော်မူခဲ့ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

ဝမ်မိကသုတ္တန်ဆိုသော ဓမ္မကထာဒေသနာစတင်ဖြစ်ပေါ်လာသည့် အခ်ိန်တုန်းက သဗ္ဗညုမြတ်စွာဘုရား သာဝတ္ထိမြို့အနီး အနာထပိဏ်ကျောင်း ဒါယကာဆောက်လုပ်လှူဒါန်းသည့် ဇေတဝန်ရွှေကျောင်းတိုက်မှာ သံဃာတော်များစွာခြံရံ၍ ကိန်းအောင်းစံပျော် မွေ့လျော်၍ နေပျော်တော်မူဆဲကာလ

တေနခေါ ပန သမယေန အာယသ္မာ ကုမာရကဿပေါ အန္ဓဝနေ ဝိဟရတိ။

၁။ မ။ ဝ၊ ၁၉၅

တနခေါ ပန သမယေန၊ ထိုကဲ့သို့ ဘုရားရှင်ကိုယ်တော်မြတ် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတိုက် ကိန်းအောင်းတော်မူသော ကာလတုန်းက။ အာယသ္မာ ကုမာရကဿပေါ၊ အရှင်ကုမာရကဿမထေရ်သည်။ အန္ဓဝနေ၊ အန္ဓဝန်ခေါ် တောအုပ်ကြီး၌။ ဝိဟရတိ၊ ဣရိယာပထ မျှတရွှင်ပြုံး၍ သီတင်းသုံးနေတော်မူခဲ့ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

ဘုန်းကြီးတို့ ပရိသတ်များ သာဓုများ မနှမျောကြပါနဲ့။ ဘာဖြစ်လို့လဲဆိုတော့ အိပ်ချင်ပြေတယ်ဗျ၊ ဒီအချိန် သာဓုကျယ်ကျယ်ခေါ်ပေးရမယ်။ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ် သာဝတ္ထိပြည်မွန် ဇေတဝန်ရွှေကျောင်း ကိန်းအောင်းတော်မူဆဲကာလမှာ အရှင်ကုမာရကဿပမထေရ်သည် အန္ဓဝန်တောအုပ်ထဲမှာသီတင်းသုံးတော်မူတယ်။ အန္ဓဝန်တောဆိုတာက သာဝတ္ထိမြို့ရဲ့တောင်ဘက် ဇေတဝန်ကျောင်းရဲ့နောက်ကျောနားက တောအုပ်ကြီး၊ သာဝတ္ထိမြို့ရဲ့တောင်ဘက် ဇေတဝန်ကျောင်းရဲ့နောက်ကျောနားက တောအုပ်ကြီးတဲ့ကဿပဘုရားလက်ထက်တုန်းကလည်း ဤတောအုပ်ကြီးရှိတာဘဲ၊ ထိုစဉ်ကတည်းကိုက ထိုတောအုပ်ကို အန္ဓဝန်တောလို့ခေါ်ခဲ့တယ်။

အန္ဓဝန်တောခေါ်ခြင်းရဲ့အကြောင်းကို ညတုန်းကတရားပွဲမှာ ဘုန်းကြီးတို့အကျယ်ရှင်းလင်းတင်ပြထားတယ်။ ကဿပမြတ်စွာဘုရားရဲ့ ရုပ်ကလာပ်တော်ကြီးဌာပနာရာ တစ်ယူဇနာအမြင့်ရှိတဲ့ရွှေစေတီတော်ကြီးအတွက် တစ်ပြည်လုံးလှည့်ပြီးတော့ ရွှေတွေအလှူခံတဲ့ ယသောရတလို့ခေါ်တဲ့အနာဂါမ်ဘုရားလူကြီး ဒါယကာကြီး၊ ရွှေတွေအလှူခံပြီးပြန်လာ၊ တောအုပ်ကြီးထဲ လမ်းမှာမားပြတွေနဲ့တွေ့ကြတာ၊ မားပြတွေက ပစ္စည်းတောင်း၊ ဘုရားကြီးအကုန်လှူပြီးပါပြီ၊ ကျုပ်လက်ထဲ ရွှေမရှိတော့ပါဘူး။ ပစ္စည်းမရတာနဲ့ဘဲ မျက်နှာချင်း တမ်းမိမှန်းမိနေတဲ့လူဆိုးတွေက ထိုဘုရားလူကြီး ယသောရတကို တောထဲမှာသတ်လိုက်ကြတာ။ အနာဂါမ်ဒါယကာကြီးသတ်လိုက်တော့ အဲဒီမားပြငါးရာအကုန်လုံးမျက်စိကန်းကုန်ကြတယ်။ ဒါကြောင့် အကန်းတွေနေတဲ့တောဆိုပြီးတော့ ဒီတောကြီးကို အန္ဓဝန အကန်းတော အကန်းတောလို့ခေါ်ပါသတဲ့။

ကဿပဘုရားသာသနာတော်နောက်ပိုင်း ကဿပမြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ပရိနိဗ္ဗာန်စံပြီးတဲ့အခါန်မှာ အမည်တွင်လာတဲ့ တောကြီးဟာအန္ဓဝန်တောလို့ခေါ်တယ်။ ထိုအန္ဓဝန်တောအုပ်သည် ကဿပမြတ်စွာဘုရားသာသနာတော်ကွယ်ပြီးတဲ့နောက် ဂေါတမမြတ်စွာဘုရား သာသနာတော်မပေါ်ပေါက်သေးခင် ကြားခေတ်မှာ ဘီးလူးတွေအုပ်စိုးပြီးတော့နေတယ်။ ဂေါတမရှင်တော်ဘုရားလက်ထက်တော်ကာလကြတော့ ဇေတဝန်ကျောင်းနောက်နားက သံဃာတော်များ တိတ်တိတ်ဆိတ်ဆိတ်နေရာတောကြီးဖြစ်လာခဲ့တယ်။ ဇေတဝန်ကျောင်းတိုက်နားရောက်နေတော့ ဂေါတမရှင်တော်ဘုရားရဲ့သာသနာတော်မှာ သံဃာတော်များစွာတို့သည် ထိုတောအုပ်ကြီးထဲသွားပြီးတော့ ကာယဝိဝေကအလို့ငှာ စိတ္တဝိဝေကအလို့ငှာ တိတ်တိတ် ဆိတ်ဆိတ် သီတင်းသုံးတော်မူကြပါတယ်။ ဒါကြောင့် -

အထခေါ်၊ ထိုအခါမှာ။ အာယသ္မာ ကုမာရကဿပေါ်၊ အရှင်ကုမာရကဿပမထေရ်သည်။ ပုဗ္ဗကမ္မသမယေ၊ နံနက်ခင်းကာလ၌၊ နိဝါသေတွာ၊ သင်္ကန်းကိုပြင်ဝတ်၍။ ပတ္တစီဝရံ၊ သပိတ်နဲ့သင်္ကန်းကို။ အာဒါယ၊ ယူဆောင်၍။ သာဝတ္ထာ၊ သာဝတ္ထိမြို့ထဲသို့။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှာ။ ပါဝိသိ၊ ကြွဝင်တော်မူခဲ့လေပြီ။ သာဝတ္ထိ ပိဏ္ဍာယ စရိတွာ၊ သာဝတ္ထိမြို့ထဲ ဆွမ်းခံလှည့်လည်တော်မူပြီး၍။ ပစ္ဆာဘတ္တံ၊ ဆွမ်းဘုဉ်းပေးပြီးသည်မှနောက်ကာဝယ်။ ပိဏ္ဍပါတပဋိက္ကန္တော၊ ဆွမ်းစားဇရပ် ဆွမ်းစားကျောင်းမှထွက်ခွါတော်မူခဲ့၍။ ယေန၊ အကြင်အရပ်၌။ အန္ဓဝနံ၊ အန္ဓဝန်တောအုပ်ကြီးသည်။ အတ္ထိ၊ ရှိပါပေ၏။ တေန၊ ထိုအန္ဓန်တောအုပ်ကြီးရှိရာသို့။ ဥပသင်္ကမိ၊ ချဉ်းကပ်တော်မူခဲ့လေပြီ။ (ဝါ)အန္ဓဝနံ၊ အန္ဓဝန်တောအုပ်ကြီးသို့။ အဇ္ဈောဂါဟေတွာ၊ သက်ဝင်တော်မူခဲ့၍။

မနက်ခင်း သပိတ်သင်္ကန်းဖြင့် သာဝတ္ထိဆွမ်းခံဝင်၊ ဆွမ်းဘုဉ်းပေးတော်မူပြီးတော့ ဆွမ်းစားဇရပ်ကထွက်ခွါပြီးတော့ အရှင်ကုမာရကဿပမထေရ်သည် မိမိရဲ့သပိတ်သင်္ကန်း မိမိကိုယ်တိုင်ဘဲထမ်းပြီးတော့ ဇေတဝန်ကျောင်းတိုက်ရဲ့နောက်ကျောနားမှာရှိနေတဲ့ အန္ဓဝန်တောအုပ်ကြီးထဲကို ကြွဝင်တော်မူသွားတယ်။

တစ်ယောက်ထဲ တစ်စိတ်ထဲနေရတာ လွန်ချမ်းသာ

ဘာအလို့ဌာလဲဆိုတော့ ဝိဝေကအလို့ဌာ။ အပေါင်းအဖော်တွေကို စွန့်ပြီးတော့တစ်ယောက်တည်းနေခြင်း၊ အာရုံတွေကိုစွန့်ပြီးတော့ တစ်စိတ်တည်းနေခြင်း။ လူလည်းတစ်ယောက်တည်းနေမလို့၊ စိတ်လည်းတစ်စိတ်တည်းနေမလို့၊ အဲဒီလို တစ်ယောက်တည်း တစ်စိတ်တည်းနေခြင်းကို ကာယဝိဝေက စိတ္တဝိဝေကတဲ့၊ အဲဒါ အချမ်းသာဆုံးဘဲ။ ဂဏသင်္ဂနိကနဲ့နေရတာ ကတကယ်ချမ်းသာမှမဟုတ်ဘဲ။ ကာမသင်္ဂနိက၊ ကာမဂုဏ်အပေါင်းအဖော်နဲ့နေရတာလည်း တကယ်ချမ်းသာမဟုတ်ကြဘူး။ အလွန်တရာပူလောင်တဲ့ချမ်းသာ၊ ကာမဂုဏ်ချမ်းသာဆိုတာ အလွန်တရာပူလောင်တဲ့ချမ်းသာ တကယ့်ချမ်းသာအစစ်မျိုးမဟုတ်တတ်ဘူး။ တစ်ယောက်တည်း တစ်အာရုံတည်းမှာ တစ်စိတ်တည်း တိတ်တိတ်ကလေးနေရတဲ့ချမ်းသာကို ဝိဝေကချမ်းသာလို့ ခေါ်တယ်။ အဲဒီဝိဝေကချမ်းသာကိုတကယ်ရပြီဆိုရင် နတ်စည်းစိမ်လောက်သူ ကောင်းတာ။ ဝိဝေကသုခမရသေးဘူးဆိုလို့ရှိရင် ကာမသုခဘယ်လောက်ဘဲရရ တကယ့်ချမ်းသာအစစ်ကိုရသည် မမည်ပါဘူးတဲ့။ ပူစပ်ပူလောင် ချမ်းသာကြီးလို့ဆိုရမယ် ကာမချမ်းသာဟာ။ ဒါပေမယ့် အပူကြိုက်နေတဲ့သူကတော့ ဒါဘဲ အရသာထင်တာ၊ ငြုပ်သီးကြိုက်တဲ့လူလိုပေါ့။ ငြုပ်သီးကြိုက်တဲ့သူသူဟာ သူ တစ်တောင့်ပြီးတစ်တောင့်ဝါးနေတယ် ခွေးတွေရော နွားတ်ခမ်းတွေရော နွာခေါင်းတွေရောနီရဲပြီးတော့ မျက်လုံးကြီးထွက်ကျမလားအောက်မေ့ရတယ် လောင်ထားတာ။ အဲဒါလို ဝါးရင်းဝါးရင်းနဲ့ အရသာတွေ့နေတယ်။

ငြုပ်သီးဥပမာ ကာမတဏှာ

ဘုန်းကြီးတို့ဖတ်ဖူးတဲ့ စာအုပ်တစ်အုပ်ထဲ ပုံလေးတစ်ခုပါတယ်၊ အဲဒီကာမဂုဏ်ချမ်းသာရဲ့ တကယ့်ချမ်းသာအစစ်မဟုတ်ကြောင်းကိုဖော်ပြတဲ့ပုံလေးတစ်ခုကို ဘုန်းကြီးတို့ ဖတ်ထားတဲ့ စာအုပ်တစ်အုပ်ထဲမှာ ဘုန်းကြီးတို့တွေ့ရတယ်။ တော်တော်ဥပမာပေးကောင်းပါတယ် ထိုကျမ်းဆရာကလည်းဘဲ။ လောကီချမ်းသာတွေဟာ ချမ်းသာအစစ်မဟုတ်ကြောင်းကို ဥပမာဘယ့်နှယ်ပေးထားတုန်းဆိုတော့ အနောက်တိုင်းကလာတဲ့စာအုပ်တစ်အုပ်မှာ မူလာ

ဆိုတဲ့ ကုလားကြီးတစ်ယောက် ငြုပ်သီးအလွန်ကြိုက်တာ။ မနက်တောင်းကြီး တစ်တောင်းထမ်းပြီးတော့ စျေးထဲသွားတယ် ငြုပ်သီးတွေဝယ်လာတယ် တစ် တောင်းအပြည့်။ အိမ်လည်းကျရော ငြုပ်သီးတောင်းကြီးဘေးနားချ၊ ထမင်း ပန်းကန်လေးချ ဆားနဲ့ရေနဲ့ဖျော်ပြီးတော့ထမင်းစား ငြုပ်သီးတစ်တောင့်ပြီး တစ်တောင့် တစ်တောင့်ပြီးတစ်တောင့်ကိုက်တာ၊ ငြုပ်သီးတစ်တောင့်ပြီး တစ် တောင့်ကိုက်ခါကိုက်ခါစား၊ ထမင်းနဲ့ဆားနဲ့ရေနဲ့ဖျော်ပြီးတော့စား၊ စားရင်း စားရင်းနဲ့ ခွဲတွေကျ နှပ်တွေကျ ခွေးတွေကျ မျက်ရည်တွေကျ၊ မျက်နှာကြီးနီလို့ နှာခေါင်းကြီးလည်းနီလို့ တစ်ခါတည်းတစ်ကိုယ်လုံးခွေးတွေသန်တွေနဲ့လောင် ထားတာ၊ အဲဒါလည်း ငြုပ်သီးတောင်ထဲသူနီုက်တုန်းပါဘဲ။ ဒီတော့ ဘေးနားက မိတ်ဆွေတွေကရောက်လာပြီးတော့ ဗျို့ မိုလာ၊ ဘာတုန်း၊ ဘာလုပ်တာတုန်း၊ ထမင်းစား၊ ဘာဟင်းနဲ့စားလဲ၊ ကြည့်ဗျာ ဆားရယ် ငြုပ်သီးရယ်ဒါပါဘဲ။

အမလေး မင်းငြုပ်သီးကလဲနည်းသေးသလားကွား တောင်းကြီးတစ် တောင်းတောင်ဘဲ အဲဒါစားနေတာတစ်ဝက်လောက်ကုန်ရော၊ ဟိုထဲနီုက်တုန်း ရှိသေးတယ်၊ တစ်ကိုယ်လုံးလည်းလောင်ထားပြီး ခွေးတွေနှပ်တွေ ခွေးတွေ သန်တွေ မျက်ရည်တွေယိုစီးပြီတော့ ရှူးရဲ့နဲ့သူ့ဖြစ်နေတာ။ ဟာ တော်တော့ကွ မင်း ငြုပ်သီးတောင်းထဲ ဒီလောက်လောင်နေတာတောင် ဒီတောင်းထဲနီုက်တုန်း ဘဲလားလို့ဆိုလိုက်တော့ မိုလာကပြန်ပြောတယ်၊ အဲ အချို့လေးများတစ် တောင့်တစ်လေရမလားလို့ ငါနီုက်နေတာလို့ပြောတယ်။ ဘုန်းကြီးတို့ပရိသတ် များ အချို့လေးများ တစ်တောင့်တစ်လေရမလားလို့ တောင်းကြီးထဲရှာနေတာ မိုလာနော်။

ကဲ မန္တလေးကဒါယကာကြီးတွေကော ဘယ်လို့တုန်း အချို့တောင့် လေး ဘာလေး တော်တော်တွေ့ရဲ့လား၊ ပြောကြလေး ဟေဟေ။ တွေ့ရဲ့လား အချို့တောင့်လေး ဘာလေး တစ်တောင့်တစ်လေများ။ မတွေ့လဲနီုက်တုန်း ဘဲနော်။ ဟိုမလဲ တစ်တောင့်ပြီးတစ်တောင့်ဝါးလို့လောင်ထားပြီး ပူထားပြီး ဟုတ်ရဲ့လား။ လောင်လို့မဆုံး ပူလို့မဆုံး ဝါးထားတဲ့ငြုပ်သီး အဲဒါတောင် ဟို တောင်းကြီးထဲအချို့ရှာနေတယ်ဆိုတော့ ကိုင်း ဘယ်တော့ ဒီဒုက္ခဟာ ငြိမ်း

မတုန်း ဒီတောင်းကြီးတစ်တောင်းလုံးက ငြုပ်သီးအချို့ထင်တယ်ဆိုတာ ဘာတုန်း နားလည်ရဲ့လား။

အဝိဇ္ဇာဆိုတာဘာလဲ

ဒုက္ခေ အညာနံ အဝိဇ္ဇာ၊ [၁]

ဒါပြောတယ်နော်၊ ဒုက္ခေ၊ ဒုက္ခဆိုတဲ့သဘောတရား၌။ အညာနံ၊ မသိခြင်းသည်။ အဝိဇ္ဇာ၊ အဝိဇ္ဇာတရား။ ဒုက္ခကိုမသိတာ ဘာတရားလဲ၊ (အဝိဇ္ဇာတရားပါဘုရား)။

ဒုက္ခသမုဒယေ အညာနံ အဝိဇ္ဇာ၊ [၂]

ဒုက္ခဘာကြောင့်ဖြစ်တယ်ဆိုတာမသိခြင်းသည် အဝိဇ္ဇာတရား။ ငြုပ်သီးလောင်တာ ဒုက္ခ။ မသိတာ အဝိဇ္ဇာတရား၊ ငြုပ်သီးကြိုက်တာက တဏှာ၊ လောင်မှန်းမသိမှုသည် အဝိဇ္ဇာ၊ ကြိုက်နေတာက တဏှာ၊ အေး အဲဒါ သမုဒယသစ္စာ သူဘဲ၊ လောင်မှန်းမသိတာ ဘယ်သူလဲ၊ (အဝိဇ္ဇာပါဘုရား)။ လောင်မှန်းမသိလို့ ကြိုက်ပြီးတော့နှိုက်နေတာ တစ်တောင့်ပြီးတစ်တောင့် အချို့တောင့်တောင်ရှာနေသေးသတဲ့ အဲဒါဘယ်သူလဲ၊ (အဝိဇ္ဇာပါဘုရား)။

အေး အဝိဇ္ဇာ တဏှာ ဒီတရားနှစ်ပါးသည် သမုဒယခေါ်ပါတယ်။ ဒုက္ခသမုဒယေ အညာနံ အဝိဇ္ဇာ၊ အဲဒီ သမုဒယကို မသိခြင်းလည်းဘဲအဝိဇ္ဇာ၊

ဒုက္ခနိရောဓေ အညာနံ၊ [၃] ဒုက္ခနိရောဓေ၊ ဒုက္ခချုပ်ခြင်း၌။ အညာနံ၊ မသိခြင်းသည်။ အဝိဇ္ဇာ၊ အဝိဇ္ဇာတရား။ **ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ အညာဏံ အဝိဇ္ဇာ။** [၄] ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ၊ ဒုက္ခချုပ်ကြောင်းအကျင့် ကောင်းကိုမသိခြင်းသည်။ အဝိဇ္ဇာ၊ အဝိဇ္ဇာတရားလို့။ ဒုက္ခမသိတာ အဝိဇ္ဇာ၊ ဒုက္ခရဲ့အကြောင်းမှန်ကို မသိတာ အဝိဇ္ဇာ၊ ဒုက္ခချုပ်ငြိမ်းရာကိုမသိတာ အဝိဇ္ဇာ၊ ဒုက္ခချုပ်ငြိမ်းကြောင်းအကျင့်ကောင်းကို လမ်းမှန်ကိုမသိတာအဝိဇ္ဇာ၊ ဟုတ် လား။ ဒါကြောင့် ကာမသုခဆိုတာဟာ မှတ်ထားလိုက်ကြ အနှီးစပ်ဆုံးဥပမာ ငြုပ်သီးတောင်းကြီးထဲကချမ်းသာမျိုးပါဘဲတဲ့ ဟုတ်လား။ ဘယ်ချမ်း

၁။ ၂။ ၃။ ၄။ အဘိ၊ ၂။ ၁၄၂

သာမှ ကောင်းတုန်းဆိုရင် မှတ်ရမယ်၊ ဝိဝေကချမ်းသာသည် အကောင်းဆုံး။ ဘယ်ချမ်းသာမှ အကောင်းဆုံးလဲ၊
(ဝိဝေကချမ်းသာပါဘုရား)။

ဝိဝေကသုံးမျိုး

ကာယဝိဝေက၊ စိတ္တဝိဝေက၊ ဥပဓိဝိဝေက၊ ဘယ်နှစ်ပါးလဲ၊ သုံးပါးပါဘုရား။ ကာယဝိဝေကဆိုတာ တစ်ယောက်တည်းနေရင်ချမ်းသာတယ်။ တစ်ယောက်တည်းနေရင်ဘယ်လိုတုန်း၊ ချမ်းသာပါဘုရား။ ဘုန်းကြီးတို့ ပရိသတ်က တစ်ယောက်တည်းကိုမနေချင်ဘူး။ တစ်ယောက်တည်းနေ ချမ်းသာတယ်တဲ့ အမယ်သီသလိုလိုဘဲ ပြောတော့ပြောတယ်။ ပြီးတော့တစ်ယောက်တည်း တကယ်နေမလားဆိုတော့ မနေဘူးဗျ။ တစ်ယောက်တည်း သူတို့ကနေလို့ကို မဖြစ်ဘူး၊ ဘာကြောင့်မှန်းတော့ မသိဘူး။ နေမဖြစ်တာတော့ သေချာတယ်။

စိတ္တဝိဝေကော ကိလေသသင်္ကိတံ ဝိနောဒေတိ။ [1]

စိတ္တဝိဝေကဆိုတာက ကိလေသာအပေါင်းအဖော်တွေနဲ့ အာရုံအပေါင်းအဖော်တွေကို ပယ်ရှားထားတယ်။ စိတ်ထဲမှာ အာရုံအပေါင်းအဖော်တွေကိုဖယ်ပစ်လိုက်တာဟာ စိတ္တဝိဝေက။ စိတ်မှာအာရုံတွေ တိတ်ဆိတ်သွားတာတဲ့ စိတ္တဝိဝေက အဲဒါ ချမ်းသာတယ်။ လူမှာလည်းဘဲ အပေါင်းအဖော်တွေကင်းသွားလို့ တစ်ယောက်တည်းဆိုတာ ကာယဝိဝေက။ သူလည်းချမ်းသာတယ်။ လူမှာလည်း အဖော်ကင်းသွားပြီး စိတ်လည်း အဖော်ကင်းသွားပြီ အဲဒီလူနဲ့စိတ်မှာအဖော်ကင်းပြီးဆိုရင် အဲဒီပုဂ္ဂိုလ်ဟာ သခ်ၤါရတို့မှကင်းဆိတ်မှုဆိုတဲ့ ဥပဓိဝိဝေကအတွက် အဲဒါလမ်းတစ်ဝက်ကျိုးသွားပြီနော်။ သခ်ၤါရတရားတို့မှ ကင်းဆိတ်သွားတဲ့ ဥပဓိဝိဝေကဆိုတာ နိဗ္ဗာန်ကိုပြောတာဟုတ်လား။

အဲဒီ ဥပဓိဝိဝေကဆိုတဲ့နိဗ္ဗာန်သည် ဘုန်းကြီးတို့ပရိသတ်အပေါင်းသူတော်ကောင်းတို့ ဝိဝေက သုံးပါးမှာသူကထိပ်ဆုံးဘဲတဲ့၊ အကျိုးတရားသူက။ အကြောင်းအနေနဲ့ ကျင့်စရာဝိဝေကသည်- ၁၊ ကာယဝိဝေကရယ်၊ ၂၊ စိတ္တဝိ

၁။ ခမ္မပဒ၊ ၎၊ ၁။ ၃၄၅

ဝေကရယ်၊ ဒီနှစ်ပါးပေါ့ဗျာ။ ကာယ စိတ္တနှစ်ဌာနဝိဝေကဖြစ်အောင်ကျင့်ရင် ဥပဓိဝိဝေကဆိုတဲ့အကျိုးဟာ နောက်နားကလာမှာပေါ့နော်။ ဒါကြောင့် တော ကြီးထဲချဉ်းကပ်ဆိုတာ ဘာအလို့ဌာလဲလို့ဆိုရင် ရှင်းအောင်မှတ်လိုက်၊ ကာယဝိ ဝေကအလို့ဌာတောသို့ချဉ်းကပ်တယ်။ စိတ္တဝိဝေကအလို့ဌာတောအုပ်သို့ချဉ်း ကပ်တယ်။ အရှင်ကုမာရကဿပ အန္ဓဝန်တောဘာကြောင့်ချဉ်းကပ်တုန်း ဝိဝေကသုခကိုခံစားလို၍ချဉ်းကပ်ပါတယ်တဲ့။ အန္ဓဝနံ၊ အန္ဓဝန်တော အုပ်ကြီးသို့။ အလျောဂါဟေတွာ၊ သက်ဝင်၍။ အညတြသို့ ၊ တစ်ခုသော။ ရုက္ခမူလေ၊ သစ်ပင်းရင်း၌။ သယ်ာဠိ ၊ နှစ်ထပ်သင်္ကန်းကြီးကို။ စတုဂ္ဂုဏံ၊ လေးထပ်လေးလွှာ ခေါက်ခင်း၍။ နိသီဒိ၊ ထိုင်လိုက်ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

အန္ဓဝန်တောထဲသို့ ချဉ်းနင်းဝင်ရောက် သစ်ပင်ရင်းတစ်ခုသို့ ချဉ်းကပ် ပြီးတော့ မိမိနဲ့ပါလာသည့် နှစ်ထပ်သင်္ကန်းကို လေးထပ်လေးလွှာ ခေါက်ခင်း၍ ထိုင်လိုက်တယ်။ ဘယ်လိုမျှား ထိုင်လိုက်တုန်းဆိုတော့ ပလ္လင်္ကော် အာဘုဇီတွာ ခါးရဲ့အောက်ပိုင်းကို ခွေထားတယ်။ ဥဇုကာယံ ပဏိဓာယ ခါးရဲ့အထက် ပိုင်းကြတော့ ဖြောင့်ဖြောင့် မတ်မတ်ထားတယ်။ ခါးရဲ့အောက်ပိုင်းခွေပြီးတော့ ခါးရဲ့အထက်ပိုင်းဖြောင့်ဖြောင့်ထားပြီးတော့။ သတိ ၊ သတိကိုလည်း။ ပရိမုခံ၊ ကမ္မဋ္ဌာန်းအာရုံရှိရာရှေ့ရှု။ ဥပဋ္ဌာပေတွာ၊ ဖြစ်စေ၍။ နိသီဒိ၊ ထိုင်တော်မူ ခဲ့ပါတယ်။ သတိက ကမ္မဋ္ဌာန်းအာရုံယူပြီးတော့ ကောင်းစွာထိုင်တော်မူခဲ့ပြီ။ အရှင်ကုမာရကဿပရဲ့ အန္ဓဝန်တောအုပ်က သစ်ပင်ရိပ်မှာ သီတင်းသုံးပုံကို မှန်းမျှော်ပြီးတော့ ကြည့်လိုက်ပါ။ ကမ္မဋ္ဌာန်းတရားအားထုတ်နေတယ်ဆိုတာကို ဖော်ပြနေတယ်နော်။

နေ့လည်ဆွမ်းဘုဉ်းပေးပြီးကတည်းကိုက ထိုအန္ဓဝန်တောကြီးထဲကြွ သွား၊ သစ်ပင်ရိပ်တစ်ခုချဉ်းကပ်၊ နှစ်ထပ်သင်္ကန်းကြီး လေးခေါက်ခေါက်ခင်း သပိတ်လေးဘေးနားမှချ တစ်ပါးတည်းအသာ တင်ပလ္လင်ခွေထိုင် အထက်ပိုင်း ကိုယ်ကိုဖြောင့်ဖြောင့်ထား သတိကဘယ်မှာတုန်းဆိုတော့ ယူထားတဲ့ကမ္မဋ္ဌာန်း ပေါ်မှာ။ အရှင်ကုမာရကဿပမထေရ်ကြီးထိုင်နေတယ်။ ဒီတော့ဘုန်းကြီးတို့ ပရိသတ်များ အန္ဓဝန်တောအကြောင်းကို ညတုန်းကအကျယ်ရှင်းလင်းတင်ပြ

ထားတယ်။ ယခု အမြွက်မျှကလေး ဘုန်းကြီးတို့ပရိသတ်အားပြောခဲ့ပါတယ်။ ကုမာရကဿပမထေရ်ဆိုတဲ့ ဤဝမ်ိဳကသုတ္တန်ကိုနာကြားမယ့်အရှင်သူမြတ်ရဲ့အတ္ထုပ္ပတ္တိကို ဘုန်းကြီးတို့ပရိသတ်အားပြောပြဖို့လိုအပ်သေးတယ်။ ဤအကြောင်းအရာကို ဘုန်းကြီးတို့ပါဃာသိသုတ္တန်ကိုစဟောတော့ နိဂြောဓမိဂဇာတ်ဖြင့်အရှင်ကုမာရကဿပရဲ့အကြောင်းကို အကျယ်တဝင့်ရှင်းလင်းဟောပြောခဲ့ပြီးပါပြီ။ သို့သော် ယခု အကျဉ်းအမြွက်မျှ ပြန်ပြီးတော့ဆက်ပေးမယ်။

အရှင်ကုမာရကဿပ ဘဝဇာတ်ကြောင်း

အရှင်ကုမာရကဿပရဲ့ပစ္စုပ္ပန်ဖြစ်ရပ် ရာဇဂြိုဟ်မြို့သား အရှင်ကုမာရကဿပဟာ ပစ္စည်းဥစ္စာကြွယ်ဝတဲ့ သူဌေးမျိုးထဲကပါဘဲ။ အမျိုးလည်းမည့်ဘူး။ ကုမာရကဿပရဲ့မိခင်ဟာ အရွယ်ရောက်စ တစ်ဆယ့်ခြောက်နှစ်သမီးအရွယ်ကစပြီးတော့ ဘုရားတရား သံဃာနဲ့နေလာတဲ့မိန်းကလေးဆိုတော့ ဝေဠုဝန်ရွှေကျောင်း ဘုရားရှိရာ မကြာမကြာရောက် တရားမပြတ်မပြတ်နာလေ့ရှိတဲ့မိန်းကလေး၊ ဒီအမျိုးကောင်းသမီးရဲ့နှလုံးသားမှာဓမ္မဓာတ်ရည်ဝင်ပြီးတော့ကိန်းနေတာ၊ တစ်ဦးတည်းသောသမီး၊ အမိအဖနှစ်ယောက်ကလည်း ချစ်လိုက်တာ၊ ဒီမိန်းကလေး ဘုရားသွား ကျောင်းသွား တရားနာ သံဃာတော်တွေကိုလုပ်ကျွေး၊ ဒီလိုချည်း ရတနာသုံးပါးနဲ့အချိန်ကုန်ပြီးတော့နေတာ စိတ်ဓာတ်ဟာနူးညံ့ပျော့ပျောင်းနေတဲ့မိန်းကလေးတစ်ယောက် တဖြည်းဖြည်းအရွယ်ရောက်လာတဲ့အခါကျတော့ မိဘနှစ်ပါးတို့က ငါတို့ရဲ့မျိုးဆက်လဲမပြတ်ရအောင် ပစ္စည်းဥစ္စာတွေလည်းဘဲအမွေခံရရလေအောင်ဟဲ့ဆိုပြီးတော့ သမီးကို သင့်တော်တဲ့အမျိုးသားနဲ့ထိမ်းမြားဖို့ရန်အကြိမ်ကြိမ်နားချတယ်ဆုံးမတယ်။

ရတနာသုံးပါးနဲ့သာလျှင် ပျော်မွေ့တဲ့မိန်းကလေးဆိုတော့ အိမ်ထောင်ရေးကို လုံးဝစိတ်မဝင်စားဘူး။ တစ်နည်းအားဖြင့် ကာမာနံအာဒီနဝကထာကို ကောင်းကောင်းကြီးနာထားတော့ ကာမဂုဏ်ရဲ့အပြစ်ပြတဲ့တရားတွေကို များများကြီးနာထားသည်ဖြစ်ခြင်းကြောင့် ဤမိန်းကလေးသည် ကာမဂုဏ်နဲ့ပျော်ဖို့ရန်ဆိုတာ သူသည်စိတ်မဝင်စားဘူးတဲ့။ မိဘနှစ်ပါးအကြိမ်ကြိမ်နားချသူက ဘုရားနဲ့နေချင်တယ် တရားနဲ့နေချင်တယ် သံဃာနဲ့နေချင်တယ် ကာမ

ဂုဏ်တွေကိုမျက်နှာလွှဲချင်တယ်။ သို့သော်လည်း မိဘစကားမလွန်ဆန်နိုင်သည်ဖြစ်ခြင်းကြောင့် မိဘကအကြိမ်ကြိမ်နားချဆုံးမတဲ့အခါ ထိုမိန်းကလေးငယ်သည် မိဘသဘောတူတဲ့အမျိုးကောင်းသားနဲ့ လက်ထပ်ခဲ့ရပါတယ်၊ ထိမ်းမြားခဲ့ရပါတယ်။ စိတ်မပါဘဲနဲ့ အိမ်ထောင်ပြုလိုက်ရတယ်။

ရာဇဂြိုဟ်မြို့က နက္ခတ်ပွဲသဘင်

စိတ်မပါဘဲနဲ့ အိမ်ထောင်ပြုပြီးတော့နေ တစ်နေ့တော့ ရာဇဂြိုဟ်နေပြည်တော်ကြီးမှာ တစ်မြို့လုံးကြွေးကြော်တဲ့နက္ခတ်ပွဲတဲ့၊ နက္ခတ်ပူဇော်တဲ့ပွဲကြီးတစ်ခါတည်း ရာဇဂြိုဟ်မှာအကြီးအကျယ်ကျင်းပတယ်။ နက္ခတ်ကိုအလေးအမြတ်ပြုတဲ့လူမျိုးတွေရဲ့ထုံးစံ၊ လစဉ် လစဉ်ဘဲ သူ့လနဲ့သူ့နက္ခတ် သူ့ဟာသူ မွန်းတည့်တိုင်း မွန်းတည့်တိုင်း နက္ခတ်ပွဲဟာ အမြဲတမ်းကျင်းပလေ့ရှိပါတယ်။ တစ်ဆယ့်နှစ်လဆိုရင် နက္ခတ်ကလဲဘဲ နက္ခတ်ပူဇော်တဲ့ပွဲကလည်း တစ်ဆယ့်နှစ်ပွဲဘဲရှိတာဘဲ။ တစ်လတစ်ပွဲ တစ်ပွဲ၊ နက္ခတ်ပွဲကြီးအကြီးအကျယ် ကြွေးကြော် တစ်မြို့လုံးတန်ဆာဆင် လူတွေရော မြို့ပါတန်ဆာဆင် အုံးအုံးကျွက်ကျွက်နဲ့ပျော်နေတဲ့အခါ အဲဒီမှာ စိတ်မဝင်စားဘဲနဲ့အိမ်ထောင်ပြုခဲ့ရတဲ့မိန်းကလေးကို ခင်ပွန်းသည်က၊

ဟေ့ ချစ်နှမ ဒို့ ဒီကနေ့ ရာဇဂြိုဟ်မှာနက္ခတ်ပွဲကြီး ကွယ်။ နက္ခပွဲကြီး တစ်မြို့လုံးပျော်ပါးနေကြတာ ဒို့နှစ်ယောက်လည်း နက္ခတ်ပွဲသွားရှုစားကြစို့ချစ်နှမ။ ဒီလို ပြင်ဆင်လိုက်ပါတော့လို့ ကြည့်ရှုကောင်းအောင် ဖီးပါလိမ်းပါ ပြင်ဆင်ပါလို့ခင်ပွန်းယောက်ျားကတိုက်တွန်း။ နက္ခတ်ပွဲသွားမလို့ ဒါယကာယောက်ျားကတော့ ပြင်ဆင်လို့ ဖီးလို့ လိမ်းလို့ ပြင်လို့ ဆင်လို့ပြီးခဲ့ပြီ၊ သူ့ရဲ့ဇနီးကို ခန္ဓာကိုယ်အလှဆင်တန်ဆာဆင်ဖို့ရန် တိုက်တွန်းတော့ရင် ဇနီးကအဲဒီမှာပြန်ပြီးတော့ပြောတာ ဘုန်းကြီးတို့ပရိသတ်ရေ တရားတစ်ပုဒ်ကြီးကိုဖြစ်ကရော ခန္ဓာကိုယ်ကိုတန်ဆာဆင်ဖို့ရန်မသင့်ကြောင်း၊ ဒီခန္ဓာကိုယ်ဟာ အပုတ်ကောင်ကြီးဖြစ်တယ်ဆိုတဲ့အကြောင်းကို ခင်ပွန်းယောက်ျားအား ပွဲသွားခါနီး ပြန်ပြောနေတာတဲ့၊ တခမ်းတနားဘဲ ဝိဇယသုတ္တန်ကဂါထာသုံးပုံနှစ်ပုံလောက်ဟာ ဒီနေရာမှာဒီမိန်းကလေးဟောတာ။ ဒီတော့ ဘုန်းကြီးတို့ပရိသတ်ကို လို

ရင်းတစ်ချက်ပြောလိုက်မယ်။ အကျယ်အဓိပ္ပါယ်တွေကိုတော့ နိဂြောဓမိဂ ဇာတ်မှာ ပြောထားပြီးဖြစ်လို့ ဒီနေရာမှာတစ်ချက်ပြောလိုက်မယ်။

အလှမပြင်ပါ ကိုယ်ခန္ဓာ

မောင် ခန္ဓာကိုယ်ကို အလှဆင် တန်ဆာဆင်ဆိုတာဟာ မောင်စဉ်းစားကြည့်ပါ ဟောဒီခန္ဓာကိုယ်ကြီးဟာ အညစ်အကြေးများစွာတွေစုပြီးတော့ လှောင်ထားတာတဲ့၊ ကိုယ်ထဲမှာအညစ်အကြေးတွေ အပြည့်အစုံလှောင်ထားတယ်။ ဥပမာပုံပြောရမယ်ဆိုရင် အိုးတစ်လုံးထဲမှာမစင်အပြည့်ထည့်ထားသလိုပေါ့။ အိုးတစ်လုံး မစင်အပြည့်ထည့် အနံ့အသက်မထွက်ရအောင် ဒီအိုးကိုအလုံပိတ်၊ အလုံပိတ်ပြီးတော့မှ ဘေးကတစ်ခါတည်း အလွန်တရာမှ ဆန်းကြယ်သောပန်းချီကိုရေးတတ်တဲ့ ပန်းချီဆရာကိုခေါ်ပြီးတော့ မစင်အပြည့်ထည့်ထားတဲ့အိုးကို ဆရာ အဲဒါအလှဆင်ပေးစမ်းပါဆိုရင် ပန်းချီဆရာဟာ ဆင်လိမ့်မယ်။ အိုးထဲဘာရှိမှန်းတော့သူမသိဘူး။ မစင်အပြည့်ထည့်ထားတဲ့အိုးကို ပန်းချီဆရာကဆန်းကြယ်တဲ့ပန်းချီဆေးတွေ ဘေးကရေးပြီးတော့ထားတယ်။ ထိုပန်းချီဆရာ အိုးထဲဘာရှိတယ်ဆိုတာမသိရှာဘူး၊ ဟောဒီအိုးထဲမှာ ကိုယ်တိုင်မစင်ထည့်ထားတဲ့ပုဂ္ဂိုလ်တွေကလည်း အိုးထဲဘာရှိတယ်ဆိုတာသိပါတယ်။ မောင် ကောင်းစွာနားလည်လိုက်စမ်းပါ။

ခန္ဓာကိုယ်တစ်ကိုယ်လုံး အလှပြင်ဆိုတာက မစင်အိုးကိုပန်းချီရေးတာနဲ့တူတယ်လို့ပြောလိုက်တော့တယ်။ ခန္ဓာကိုယ်ကို အလှပြင်ဆိုတာ မစင်အိုးကိုပန်းချီရေးနေတာနဲ့တူပါတယ်။ များများကြီးပြောရင် မှတ်မိဖို့ခက်တယ် ဒီတစ်လုံးသာမှတ်သွားကြ။ ကိုယ့်ကိုယ်ကို အလှပြင်တော့မယ်ကြံရင် အဲဒါသာဆင်ခြင်တဲ့၊ ငါခန္ဓာကိုယ်အလှပြင် တန်ဆာဆင်တာဟာ မစင်အပြည့်ထည့်ထားတဲ့အိုးကို ပန်းချီရေးနေသလိုတော့ဖြစ်ပြီလို့ ဆင်ခြင်လိုက်ပါ။ ဒါကြောင့်

သစေ ဣမသ္မ ကာယသ္မ၊ အန္တော ဗာဟိရကော သိယာ။
ဒဏ္ဍံ နူန ဂဟေတ္ဝာန၊ ကာကေ သောဏေ စ ဝါရယေတိ။ [၁]

၁။ ဇာ၊ ၄၊ ၁၊ ၁၆၃

ပြောလိုက်တယ်။ ဣမသာ ကာယသာ၊ ဤခန္ဓာကိုယ်ရဲ့။ အန္တော၊ အတွင်းပိုင်းသည်။ ဂဟေတွာ၊ အပြင်ကိုထုတ်ပြန်ိုင်သည်။ သစေ သိယာ၊ အကယ်၍မျှားဖြစ်မယ်ဆိုရင်။ ဟောဒိ ခန္ဓာကိုယ်ကြီးရဲ့အတွင်းပိုင်းကို အပြင်ထုတ်ပြီးတော့ပြန်ိုင်မယ်ဆိုရင်တဲ့၊ ဗမာလို လွယ်လွယ်ပြောလိုက်မယ် ဟောဒိ ခန္ဓာကိုယ်ကြီးကို လုံချည် အင်္ကျီမျှား အတွင်းအပြင် ပြောင်ပြန်လှန်သလိုပေါ့၊ ထိုတစ်ကိုယ်လုံး အတွင်းနဲ့အပြင် ပြောင်းပြန်လှန်လိုက်စမ်းပါ ဖြစ်နိုင်ရင်ပေါ့။

သစေ ဣမသာ ကာယသာ၊ အန္တော ဗာဟိရကော သိယာ၊ ဟောဒိ ခန္ဓာကိုယ်ရဲ့ အတွင်းကအရာဝတ္ထုတွေကို အပြင်ထုတ်ပြီးတော့ပြန်ိုင်မယ်ဆိုလိုရှိရင်ပေါ့ ဘာဖြစ်လဲ ဒဏ္ဍံ နူန ဂဟေတွာန၊ ကာကေ သောဏော စ ဝါရယေ။ ဒဏ္ဍံ၊ ဒုတ်ကို။ ဂဟေတွာန၊ ကိုင်စွဲ၍။ ကာကေစ၊ ကျီးတို့ကိုလည်း ကောင်း။ သောဏော၊ ခွေးတို့ကိုလည်းကောင်း။ ဝါရယေ၊ လုံးဝတားမျှား တားရလေမလား။ ထိုကိုယ်ကြီး ပြောင်းပြန်လှန်ပြီတော့မျှား ထားလိုက်မယ်ဆိုရင် ဒုတ်ကိုင်ပြီးတော့ ကျီးတွေခွေးတွေစောင့်ရလိမ့်မယ်ထင်တယ်တဲ့ ကျီးစာ ခွေးစာတွေအပြည့်ဘဲတဲ့။ နွားကြီးတစ်ကောင် ဝက်ကြီးတစ်ကောင်ဖျက်ပြီးတော့ ဘုန်းကြီးတို့ပရိသတ်မျှား ပြောင်းပြန်ပြန်ပြီးတော့ထားကြည့်ပါလား၊ ကျီးတစ်ရုံးရုံး ခွေးတစ်ရုံးရုံးနေတယ်နော် ဟုတ်ကဲ့လား။ ဒီကိုယ်ကြီးလဲအဲဒီလိုပေါ့၊ အတွင်း အပြင်မျှားစိတ်ကူးနဲ့လှန်ပြီးတော့ တစ်ခါတည်းအိမ်ရှေ့မှာပုံထားကြည့်စမ်းပါ တစ်ခါတည်း ကျီးတရုံးရုံး ခွေးတစ်ရုံးရုံး ဖြစ်လိမ့်မယ်ဟုတ်လား။

မှန်လှပါဘုရား။

ဒဏ္ဍံ နူန ဂဟေတွာန၊ ကာကေ သောဏော စ ဝါရယေ။ ဒဏ္ဍံ၊ ဒုတ်ကို။ ဂဟေတွာန၊ ကိုင်စွဲ၍။ ကာကေစ၊ ကျီးတို့ကိုလည်းကောင်း။ သောဏော၊ ခွေးတို့ကိုလည်းကောင်း။ ဝါရယေ၊ လုံးဝတားမျှားတားရလေမလား။ မောင့် ခန္ဓာကိုယ်တန်းဆာဆင်တာဟာ မစင်အိုးကို ကြည့်နေတာနဲ့တူတယ်။ တကယ်တော့ ခန္ဓာကိုယ်ရဲ့အတွင်းမှာ အညစ်အကြေးတွေအပြည့်ဖြစ်နေတဲ့ ကျီးစာ ခွေးစာတွေအပြည့်ဖြစ်နေတဲ့ အတွင်းအပြင် ပြောင်းပြန်လှန်လိုက်မယ်ဆိုရင်တော့ ဒုတ်ကိုင်ပြီးတော့ ကျီးတွေ ခွေးတွေကို မောင်းရ ခြောက်ရပါလိမ့်မယ် ဒါကြောင့် ဒီလောက်တောင် ကျီးစာ ခွေးစာဖြစ်နေတဲ့ မစင်အိုးနဲ့တူတဲ့

ခန္ဓာကိုယ်ကြီးကို အလှမပြင်ပါရစေနဲ့တော့လို့ ဒါယိကာမပြောတာ။ ပွဲသွားကာနီးသူတို့ပြောနေတာ။ ဘယ်လိုအချိန်လဲဗျာ ပွဲသွားကာနီးလေးမှာ ရာဇဂြိုဟ်ကဇနီးခင်ပွန်းက ဒီစကားများပြောသတဲ့။

မန္တလေးက ဒါယကာကြီးတွေ ဒါယိကာမကြီးတွေ ပွဲသွားကာနီး ဘာပြောလဲ၊ ဟဲ ဟဲ သိဘူးဟုတ်လား။ မပြောနဲ့ အဲဒီဥစ္စာကိုနော်။ အော် သူတို့များကြတော့ သာသနာတော်နဲ့နီးစပ် တရားနဲ့နီးစပ်တော့ ဒီလိုဗျ ပွဲသွားကာနီးတောင် ပွဲစကားမပြောဘူးတဲ့။ တရားစကားပြောဖြစ်ကြတယ်၊ ဒါကြောင့် လည်းဘဲ နိဗ္ဗာန်ဝင်ကုန်ကြတာပေါ့ဗျ။

ရဟန်းဝတ်ခွင့်ရ သူမဘဝ

အဲဒီတော့ ခင်ပွန်းလုပ်သူက မင်းကွာ ဒီလောက်တောင်တရားကြရင် ကာမနဲ့ဘဝကိုငြီးငွေ့နေလို့ရှိရင် မင်းအိမ်မှာနေဖို့တောင်မကောင်းဘူး၊ ကျောင်းသွားပြီး သင်္ကန်းဝတ်လိုက်ပါတော့လား အံမယ်ဟိုလူကတော့ ဒါ ရွဲ့ပြီးတော့ပြောတာ စောင်းပြောတာ။ တကယ်ပြောတာမဟုတ်ပါဘူး ဟိုလူပြောတာကရွဲ့ပြီးတော့ပြောလိုက်တာ။ ဒီတော့ ဒါယိကာမလေးက အဲဒီစကားကြားပြီလည်းဆိုရော မောင်တကယ်ပြောတာလား တကယ်ပြောတာပေါ့၊ မင်း ဒီလောက်တောင်တရားရ၊ သွားဘိက္ခုနီမကြီးလုပ်လိုက်ပါတော့လား။ ဟုတ်ကဲ့ ကျမအဲဒီစကားမျိုးမျှော်နေတာကြာလှပြီ ဒီကနေ့ရတာ ကျမလာဘ်ကြီးတစ်ခုဘဲ။ ကိုင်းကျမကျောင်းသာပို့ဆိုတော့။ ဟိုလူကြီးနှုတ်လွန်သွားတာ တကယ်ဖြစ်နေတယ်။

အဲဒီမှာ နံ့သာအိုးပေါင်းများစွာတို့ဖြင့် တစ်ကိုယ်လုံးရေလောင်းချိုးပြီးတော့ အမွန်မြတ်ဆုံးတန်းဆာတွေဆင်တဲ့ ဘိက္ခုနီမကျောင်းပို့ဆိုပါလား။ ပွဲသွားဖို့ကျတော့ အလှမပြင်ဘူးနော်၊ ဘိက္ခုနီမကျောင်း သင်္ကန်းဝတ်မလို့သွားတဲ့အခါကြတော့ မွန်မြတ်တဲ့တန်းဆာတွေဆင်ခဲ့တယ်။ ဒါက သာသနာတော်ကိုပူဇော်ခြင်းတစ်မျိုးပေါ့။ နံ့သာရေနဲ့ချိုး မွန်မြတ်တဲ့တန်းဆာနဲ့ တစ်ကိုယ်လုံးဆင် ဘိက္ခုနီမကျောင်းပို့လိုက်တော့ ဟောဒီဒါယိကာမလေး ခေါင်းကဆံပင်ရိတ်ပယ်ရှင်းလင်းပြီးတော့ ဖန်ဝါနီမြန်း ကြာသင်္ကန်းနဲ့ ရဟန်းမဘဝ

လှလှကြီးရခဲ့လေပြီ။ ဘိက္ခူနီမလေးဖြစ်တယ်။ အိမ်ယာတည်ထောင်လူဘောင်မှာ ဘယ်နှစ်လနေခဲ့တယ်ဆိုတာကို အတိအကျမှတ်တမ်းမရှိဘူး၊ အိမ်ထောင်ပြုခဲ့တာလပိုင်းတော့သေချာတယ်။ ပြီးတော့မှ ကျောင်းသွားရဟန်းပြုတော့ ဘိက္ခူနီမကလေးဖြစ်ရှာတယ်။

ရဟန်းမဘဝရောက်မှ အာဝေဏိကဒုက္ခ

သူရဟန်းပြုတဲ့အုပ်စုက ဘယ်အုပ်စုတုန်းဆိုတော့ ရှင်ဒေဝဒတ်ကြီးအုပ်ချုပ်တဲ့ အုပ်စုထဲဝင်မိတာဘဲ။ အဲဒါ သူ့အတွက် တစ်မျိုးတော့ကံကောင်းတယ်ဆိုရမလား ကံဆိုးတယ်ပြောရမလား စဉ်းစားကြည့် ဒေဝဒတ်အုပ်ချုပ်တဲ့အုပ်စုထဲ သူကရဟန်းဝတ်မိပါတယ်။ ရဟန်းဘဝရောက်လို့ နှစ်လ သုံးလလေးငါးလလဲကြာရော ဘုန်းကြီးတို့ ပရိသတ်ရေ ခန္ဓာကိုယ်ကရောင်လာတယ်၊ ခန္ဓာကိုယ်ကြီးရောင်လာတယ် မပေါ့ပါးတဲ့အသွင်ကြီးထင်ရှားလာတယ်။ ခန္ဓာကိုယ်ရောင်လာတယ် မပေါ့ပါးတဲ့အသွင်ကြီးထင်ရှားလာတယ်။ ခြေခုံ လက်ခုံလေးများတောင်ရောင်လို့ ဆံပင်လေးတွေ ဘာလေးတွေခြောက်လို့ နားထင်လေးတွေ ဟိုက်လို့ ဒီလိုဖြစ်လာတာ။ တအော့အော့နဲ့လေချဉ်တက်ပြီးတော့ စားလို့လည်းမဝင်ဘူး၊ အိပ်လို့လဲမပျော်ဘူး၊ ဘေးနားက ဘိက္ခူနီမတွေက မေးကြတယ်။

ရှင်မဘာဖြစ်တာတုန်း ညည်းကြည့်ရတာကိုယ်ကြီးကလည်းရောင်လာတယ် ခြေတွေလက်တွေကလည်းရောင်လာတယ် ဘယ်လိုတုန်းတိုးတိုးတိတ်တိတ်စောစောစီးစီးပြောပါနော် တော်တော်ကြာရှက်စရာကြီးဖြစ်နေမယ်။ ဘယ်နှယ့်တဲ့တုန်း ဘယ်သူနဲ့တုန်းပြောစမ်းပါ ဟာ အနားနေတဲ့ဘိက္ခူနီမတွေက တိုးတိုးနဲ့မေးကြတာ။ ဘယ်သူနဲ့မှမဖြစ်ရပါဘူး သီလဆိုလို့ နည်းနည်းမှမငြိုးနွမ်းရပါဘူး တပည့်တော်မစောင့်ထိမ်းတဲ့သီလ ရဟန်းသိက္ခာ သာဇီဝါကိုယ်မှာအပြည့်ရှိပါတယ် သီလမပျက်ကြောင်းပါ။ သီလမပျက်ဘူးသာဆိုတယ် ရှင်မရဲ့ကိုယ်ကြည့်ရတာကတော့ ဟန်မကျတော့ဘူး အဲဒါ ရှင်းရှင်းလင်းလင်းစောစောစီးစီးလုပ်မှ၊ ဘယ်လိုဖြစ်မှန်းလည်း မပြောတတ်တော့ပါဘူး ခန္ဓာကိုယ်မပေါ့မပါးဖြစ်လာတာလည်းမှန်တယ်။ သီလမငြိုးနွမ်းတာလည်းမှန်တယ်။

ဒီပြဿနာ ဘယ်လိုလုပ်ရှင်မတုန်း။အခက်အခဲဖြစ်ကြတယ်။ တဖြေးဖြေးနဲ့ နေ့ရွှေ့ ရက်ရွှေ့ ရွှေ့ရင်း ရွှေ့ရင်းကြာလာပြီဆိုတော့ ပိုပြီးတော့ကိုထင်ရှား လာတယ် မြင်လို့ကိုမကောင်းဘူးပေါ့။ အဲဒီတော့မှ မထူးဘူး ဒီအမှုတော့ရှင်းမှ ဘဲဆိုပြီးတော့ အုပ်စုအုပ်ချုပ်တာက အရှင်ဒေဝဒတ်။ ဟောဒီ ကိုယ်ဝန်ပေါ်လာတဲ့ဘိက္ခုနီမကို အရှင်ဒေဝဒတ်ထံပို့မယ်။

ငိုခြင်းချရ ရဟန်းမလေးဘဝ

ဆရာကြီးဒေဝဒတ်ဆီပို့ကြတယ်။ ဆရာကြီးဒေဝဒတ်က ဟေ့ ဘိက္ခုနီမတစ်ယောက် ကိုယ်ဝန်ကြီးနဲ့ခေါ်လာတယ် ဘယ်လိုဖြစ်တာတုန်း၊ ဘယ်လိုဖြစ်မှန်း ဘယ်သိမတုန်း ကိုယ်ဝန်ကြီးဖြစ်နေတာတော့ အထင်အရှားဘဲ အဲဒါဆရာဒေဝဒတ်ဆုံးဖြတ်တော်မူပါ။ ဟာ ဘာဆုံးဖြတ်နေစရာလိုသေးလဲ ဒါရှင်းရှင်းဘဲ ကိုယ်ဝန်ကသက်သေခံနေတာလူထွက်စေ ချက်ခြင်းဒေဝဒတ်အမိန့်ချတယ်။ အဲဒီအခါ ဘိက္ခုနီမလေးရဲ့ ငိုပွဲဘဲတဲ့ ငိုခြင်းဘွဲ့ဗျ အဲဒီနေရာမှာ ကိုယ့်ဘာသာကိုငိုကြည့် ဘုန်းကြီးတို့ပရိသတ်ကြီး။ သာသနာတော်ကို ချစ်မြတ်နိုးစွာနဲ့ဝင်လာတယ် တကယ့်သဒ္ဓါပဗ္ဗဇိတမိန်းကလေးဟာ ကိုယ်ဝန်ရတာလဲ အမှန်ဘဲ သီလလည်းမပျက်ဘူး အဲဒါကို ရှင်ဒေဝဒတ်ထံ ဆုံးဖြတ်ဆိုတော့ ဒေဝဒတ်ကြီးကထွက်စေ သာသနာမနေနဲ့ ဒို့အတွက် အရှက်ကွဲလိမ့်မယ်ဆိုထုတ်လိုက်တော့ အဲ့ ဘိက္ခုနီမလေးဆိုတာ အကြီးအကျယ်ငိုပွဲဆင်တယ်။ ဟို ဘိက္ခုနီမလေးက ဒီအတိုင်းသာလျှင်၊

ဤသာသနာသည်ကား၊ ဒေဝဒတ္တဿ၊ ဒေဝဒတ်ရဲ့။ န သာသနံ၊ သာသနာမဟုတ်ဘူး။ ဤသာသနာ ဒေဝဒတ်ရဲ့သာသနာမဟုတ်ဘူး။ အဟံ၊ ငါသည်။ ဒေဝဒတ္တဿ သာသနေ၊ ဒေဝဒတ်ရဲ့သာသနာမှာ။ မယံ၊ ငါတို့သည်။ ဒေဝဒတ္တဿ သာသနေ၊ ဒေဝဒတ်ရဲ့သာသနာမှာ။ န ပဗ္ဗဇိတာ၊ ရဟန်းပြုလာတာမဟုတ်ဘူး။ ဒီသာသနာသည် အရှင်ဒေဝဒတ်ကြီးရဲ့သာသနာမှမဟုတ်ဘဲ။ ငါသည် အရှင်ဒေဝဒတ်ရဲ့သာသနာမှာရဟန်းပြုလာတာမှမဟုတ်ဘဲ။ ဒေဝဒတ္တော၊ ဒေဝဒတ်သည်။ န သေဋ္ဌော၊ ဘုရားလည်းမဟုတ်ဘူး။ တသ္မာ ထိုသို့ ဘုရားမဟုတ်သောကြောင့်။ န သတ္ထာ၊ အလုံးစုံအကုန်လုံးရဲ့

ဒီအတိုင်း ဘယ်လိုသိမှာလဲ၊ ဘုရားမဟုတ်ရင် အကုန်သူမသိနိုင်ဘူး။ အလုံးစုံ အကုန်မသိဘဲနဲ့ ငါ့ လူထွက်စေတဲ့။ ထိုကဲ့သို့ပြောတာဟာ ဓမ္မိကဝိနိစ္ဆယ တရား နဲ့လျော်ညီတဲ့ဆုံးဖြတ်ချက်ဆိုတာ ဘယ်နည်းနဲ့မှမဖြစ်နိုင်ဘူး။ တသွာ၊ ထို့ကြောင့်။ မံ၊ ငါ့ကို။ သဗ္ဗေမေဝ၊ အလုံးစုံကိုသိမြင်တော်မူသော။ ဗုဒ္ဓဿ၊ သစ္စာလေးပါး တတ်အပ်သိမြင်ဘုရားရှင်ကိုယ်တော်မြတ်ရဲ့။ သန္တိကံ၊ အထံသို့။ ပို့ကြပါ။

အေး ငါ ဒေဝဒတ်သာသနာရဟန်းပြုလာတာမှမဟုတ်ဘဲ ဒေဝဒတ်လည်း သဗ္ဗညုမဟုတ်တဲ့အတွက်ကြောင့် အလုံးစုံကိုအကုန်မသိသောကြောင့် မသိဘဲနဲ့ချတဲ့ ဆုံးဖြတ်ချက်ဘယ်မှန်မှာလည်း။ ဒေဝဒတ်ဟာ မေတ္တာကင်းမဲ့တဲ့ပုဂ္ဂိုလ်တစ်ယောက်၊ ကရုဏာကင်းမဲ့တဲ့ပုဂ္ဂိုလ်တစ်ယောက်၊ အသိဉာဏ်ကင်းမဲ့တဲ့ပုဂ္ဂိုလ်တစ်ယောက် မေတ္တာ ကရုဏာ အသိဉာဏ်ကင်းမဲ့တဲ့ပုဂ္ဂိုလ်ရဲ့ အဆုံးအဖြတ်တော့ ငါမခံဘူး၊ သဗ္ဗညုမြတ်စွာဘုရားထံ ငါပို့ကြပါ။ အဲဒီတော့မှ ဘိက္ခုနီမလေး ကိုယ်ဝန်ကြီးနဲ့ဘိက္ခုနီမလေး ရာဇဂြိုဟ်ကနေပြီးတော့ သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်း မြတ်စွာဘုရားရှိရာခေါ်သွားကြရတယ်တဲ့။ လေးဆယ့်ငါး ယူဇနာဝေးတဲ့ခရီးခေါ်သွားကြရတယ်။

ဘုရားရှင်ထံပို့ရန် သူတောင်ပန်း

သာဝတ္ထိပြည်မှန် ဇေတဝန်ရွှေကျောင်းရောက် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ် ထိုင်လျက်ဆင်ခြင်တော်မူရာသို့ လက်အုပ်ချီ ရှိခိုးလို့ မြတ်စွာဘုရားကိုလျှောက်ကြပါတယ်။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဤဘိက္ခုနီမ ကိုယ်ဝန်ရနေတဲ့အချိန်မှာ သီလမပျက်ဘူးလည်းပြောပါတယ်၊ ရှင် ဒေဝဒတ်ကြီးကတော့ ဟောဒီမှာကိုယ်ဝန်ထင်ရှားရှိနေလို့ အဲဒါ သီလ မပျက်ဘူးဆိုတာ ဘယ့်နှယ့်လုပ်ယုတ္တိရှိမှာတဲ့လဲ။ ဤဘိက္ခုနီမကို လူထွက်စေရမယ်လို့ ရှင်ဒေဝဒတ်ကအမိန့်တော်ချပါတယ်ဘုရား။ ဒီဘိက္ခုနီမလေးက ဒေဝဒတ်ရဲ့အဆုံးအဖြတ်ကိုမခံနိုင်ဘူး ဘုရားရှင်ကိုယ်တော်မြတ်ရဲ့အဆုံးအဖြတ်ကိုမှ ခံမယ်ဆိုလို့ ဘုရားကိုယ်တော်မြတ်ထံပို့ရကြောင်းပါလို့လျှောက်ထားကြတော့ ဘုန်းတော်ခြောက်ပါးသခင်ဘုရားရှင်ကိုယ်တော်မြတ်က ဝိနည်းအတိုင်း

ထား ဝိနိစ္ဆယဝိနယဓရနေရာမှာ ဧတဒဂ်ရတဲ့ အရှင်ဥပါလိမထေရ်ကို မြတ်စွာဘုရားခေါ်တယ်။

ချစ်သားဥပါလိ ဒီအမှုကိုပြေလျှောအောင် ချစ်သားစီရင်ရမယ် မြတ်စွာဘုရားသိပြီးသားဘဲ ဒီအမျိုးသမီးရဲ့ကိုယ်ဝန်သည် ရဟန်းဘဝမှာဖြစ်သောကိုယ်ဝန်မဟုတ်ဘူးဆိုတာ ဘုရားကိုယ်တိုင်သိပြီးသား။ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်တစ်ပါးတည်း သိရုံနဲ့ဘဲနေသာနေ အပြစ်မရှိဘူးဆိုရင် ဒါဟာတရားဥပဒေအရတော့ သဘာဝမကျသေးဘူး ဥပဒေပိုင်းဆိုင်ရာနဲ့ စနစ်တကျစစ်ဆေးဦးမှဘဲဆိုပြီးတော့ အရှင်ဥပါလိကိုအပ်ပါတယ်။

ကိုယ်ဝန်သည်အတွက်ဝိနိစ္ဆယဖွဲ့

အရှင်ဥပါလိမထေရ်ကြီးက ပသေနဒီကောသလမင်းကြီးကိုခေါ်လိုက်တယ်။ ကောသလမင်းကြီးရယ် ကျောင်းဒါယကာကြီး အနာထပိဏ်ရယ် ကျောင်းအမကြီးဝိသာခါတို့ရယ်ခေါ်လိုက်တယ်။ အနာထပိဏ်ကသောတာပန်၊ ဝိသာခါကျောင်းအမကြီးသောတာပန်၊ သောတာပန်အရိယာပုဂ္ဂိုလ်တို့သည် ဘယ်တော့မှ အဂတိတရားတွေလိုက်စားပြီး ဆုံးဖြတ်တယ်ဆိုတာမရှိဘူး၊ ဒါကြောင့် အရိယာပုဂ္ဂိုလ်တွေနဲ့ အဲဒီဝိနိစ္ဆယအဖွဲ့မှာ အရှင်ဥပါလိမထေရ်က ဦးဆောင်ပြီးတော့ဖွဲ့ပေးလိုက်ပါတယ်။ ကောသလမင်းကြီးနဲ့ အနာထပိဏ်တို့က ဝိသာခါကိုတစ်ဆင့်လွှဲကြတယ်၊ အမျိုးသမီးပိုင်းဆိုင်ရာအမှုကို တော်တော်လေးအတွင်းကျကျစစ်ဆေးစရာရှိတယ်တဲ့ ဒါကြောင့် ယောကျ်ားတွေစစ်လို့ဘယ်တော်မှာလဲ ကောသလမင်းကြီးစစ်လို့လဲမဖြစ်ဘူး၊ အမတ်တွေဝန်ကြီးတွေစစ်လို့လည်းမဖြစ်ဘူး၊ အရှင်ဥပါလိမထေရ်ကြီးစစ်လို့လည်းမတော်ဘူး၊ အနာထပိဏ်ကျောင်းဒါယကာကြီး စစ်ဆေးလို့လဲမခိုင်းဘူး။

ဒါကြောင့် ဝိသာခါကျောင်းအမကြီးသာ အဲဒါ ခုံရုံးရဲ့အဖွဲ့မှာခေါင်းဆောင်ပေါ့ဗျာ၊ သူကခေါင်းဆောင်နေရာယူပြီးတော့ ဘိက္ခုနီမတွေရယ် သာဝတ္ထိက အရိယာဥပါသိကာဒါယိကာမတွေရယ်စုပြီးတော့ အဖွဲ့တစ်ဖွဲ့ဖွဲ့မယ် ဒီကိုယ်ဝန်သည် ဘိက္ခုနီမလေးကို တိတ်တိတ်ဆိတ်ဆိတ် ကျောင်းကလေးတစ်ခုထဲထည့်ပြီးတော့ ဘေးကဘယ်သူမှချောင်းပြီးတော့နားမထောင်

ရအောင် အစောင့်အနေနဲ့ ကျပ်ကျပ်မတ်မတ်လုံလုံခြုံခြုံထားပြီးတော့ ဝိသာခါက တရားဟောပြီးတော့ အေးအေး ဆေးဆေး အချက်အလက်တွေကို ပြည့်ပြည့်စုံစုံ မေးမြန်းစစ်ဆေးပါတယ်။ ဝိသာခါက အမျိုးသမီးအချင်းချင်း အချက်အလက်တွေ ပြည့်ပြည့်စုံစုံ မေးတယ်၊ ဝိသာခါဘက်ကို ပြန်ကြည့် သောတာပန်သာဝတ္ထိမြို့မှာ အမျိုးသမီးအားလုံးတို့ရဲ့ မိခင်အရာမှာတည်သော ဒါယိကာမကြီး၊ ဒီလိုဒါယိကာမကြီးက စစ်တယ်ဆိုတော့ ဘိက္ခုနီမလေးအနေနဲ့က ကိုယ့်အမေက သမီးမေးတာလို သဘောထားပြီးတော့ ပြောစရာကိစ္စတွေကိုလည်း အားလုံးဘဲ မခြွင်းမကျန်ပြောပါလိမ့်မယ်၊ ပြောပါတယ်လို့ဘဲ ဘုန်းကြီးတို့ပရိသတ်မှတ်လိုက်ပါတော့။ ဘာတွေမေး ဘာတွေပြောဆိုတာ ဘုန်းကြီးတို့လည်း မသိဘူးဗျာ။ ဟုတ်လား အခန်းထဲ တွတ်တိတွတ်တိမေးတာဆိုတော့ ဘုန်းကြီးတို့လည်းဘဲမသိဘူး ဘာတွေမေးမှန်း အတွင်းကျကျမေးတော့ မေးလိုက်တာဘဲ။ ဒီတော့ ဝိသာခါ နားလည်သွား ပြီး အော် ဤကိုယ်ဝန်သည် ရဟန်းဘဝကျတော့မှပေါ်လာတာ၊ ကိုယ်ဝန်တည်ခဲ့တာက လူ့ဘဝ အိမ်ထောင်နဲ့နေစဉ်ကတည်းက ကိုယ်ဝန်တည်တယ်၊ အဲဒါ မထင်ရှားလို့ မပေါ်လွင်လို့ အဲဒါ မသိကြတာ။ကလလ ရေကြည်တို့ ဘာတို့ စတင်ဖြစ်နေတယ်။

ပဌမံ ကလလံ ဟောတိ၊ ကလလာ ဟောတိ အဗ္ဗုဒံ၊
အဗ္ဗုဒါ ဇာယတေ ပေသိ၊ ပေသိ နိဗ္ဗတ္တတိ ဃနော။
ဃနာ ပသာခါ ဇာယန္တိ၊ ကေသာ လောမာ နခါပိ စ။ [၁]

ဆိုပြီးတော့ အဲဒီ သတ္တာတွေဖြစ်နေတာ ဘယ်ထင်ရှားမတုံးဗျ၊ ပထမံ ကလလံ ဟောတိ ကလလရေကြည့် ခုနှစ်ရက်တည်တယ်၊ ကလလာ ဟောတိ အဗ္ဗုဒံ၊ အဗ္ဗုဒံ အမြှုပ်က ခုနှစ်ရက်တည်တယ်၊ ကလလရေကြည် ခုနှစ်ရက်၊ အမြှုပ်ဆိုတာက ခုနှစ်ရက်၊ သွေးဆိုတာက ခုနှစ်ရက်၊ သားတစ်ဆိုတာက ခုနှစ်ရက်၊ အဲဒီ ခုနှစ်ရက် ခုနှစ်ရက်တွေမှာတောင်မှ ဘာတွေထင်ရှားဦးမှာလဲ၊ ခက်မငါးဖြာလောက်ပေါ်လာတော့မှ နည်းနည်းဖြေးဖြေးလေးပေါ်တဲ့ လက္ခဏာရှိမှာပါ။ ဒါကြောင့် လူ့လောကတုံးမှာတည်တဲ့ကိုယ်ဝန်သည် မပေါ်

၁။ သံ၊ ၁။ ၂၀၈

လို့ ကိုယ်ဝန်မရှိဘူးထင်ခဲ့တယ်၊ အဲဒါကြောင့် သူသည်ရဟန်းပြုခဲ့တာ၊ လူ့လော က လူ့ဘဝကတည်းကိုက ကိုယ်ဝန်ရှိမှန်းသူသိရင် ဘယ်ရဟန်းဝတ်မှာတုန်း သားဖွားပြီးမှရဟန်းပြုမှာပေါ့။ ဒီတော့ ကိုယ်ဝန်တည်နေတာ သူလည်းမသိ၊ သူ့ခင်ပွန်းယောကျ်ားလည်းမသိတော့ သူသည်ရဟန်းပြုခဲ့တာ၊ အဲဒီ ကိုယ်ဝန် သည် ရဟန်းဘဝသုံးလေးငါးလလောက်ကြာတော့မှ ဘွားကနဲချည်းပေါ်လာ တာ ဘယ့်နှယ်တုံး၊ လူဘဝတုံးက ဘယ်နှစ်လ ရဟန်းဘဝ ဘယ်နှစ်လ အဲဒါ တွေ ပေါင်းစပ်ကြည့်လိုက်တော့ ဒီကိုယ်ဝန်ဟာ ဘယ်နှစ်လဆိုတာ ဝိသာခါ သည် သေသေချာချာဆုံးဖြတ်လိုက်ပါတယ်။ ဝိသာခါရဲ့ဆုံးဖြတ်ချက် ဤ ဘိက္ခုနီမလေးရဲ့အစစ်ခံချက် အဲဒါတွေစုပေါင်းပြီးတော့ ဒီအမှုတွဲကို အရှင် ဥပါလိမထေရ်ရဲ့ ရုံးတော်ကိုတင်ပို့။

အရှင်ဥပါလိဆုံးဖြတ်ချက်ချ ကိုယ်ဝန်သည်လူမထွက်ရ

အရှင်ဥပါလိ မထေရ်ကြီးရဲ့ဝိနိစ္ဆယရုံး တင်ပို့လိုက်တော့မှ အရှင်ဥပါ လိမထေရ်ကြီးရဲ့ဝိနိစ္ဆယအဖွဲ့ကနေပြီးတော့ ပဗ္ဗဇ္ဇာအရောဂါတဲ့။ ပဗ္ဗဇ္ဇာ၊ ရဟန်း အဖြစ်မှ၊ အရောဂါ။ ဟာအပြစ်မှမရှိပါဘဲ သီလပျက်စီးခြင်းဆိုတာမရှိပါဘဲ ဤကိုယ်ဝန်လူ့ဘဝတုံးကပါလာတာ ရဟန်းသီလမပျက်စီးတဲ့အတွက်ကြောင့် ဤဘိက္ခုနီမ ဤကိုယ်ဝန်ကြီးနဲ့ သာသနာတော်မှာ ပျော်ပျော်ကြီးနေပါစေတဲ့။ စံဆိုတဲ့ဆုံးဖြတ်ချက်တစ်ခုပေါ့ဗျာ။ သီလမပျက်ဘူး လူ့လောကကပါလာတဲ့ ကိုယ်ဝန် ရဟန်းဘဝမှာပေါ်တယ်၊ အခြားအခြားသော ဘိက္ခုနီမတွေကတော့ အမျိုးမျိုးသမုတ်ကြမှာပေါ့ ခေတ်လိုပြောရင် ဟုတ်လား၊ ဒီတော့ ဆရာတော် ကြီးတစ်ပါးကပြောတယ် သမုတ်ဘာဖြစ်တုန်းကွာတဲ့ ကျပ်ကျပ်သမုတ်သိမ်ဖြစ် တာပေါ့တဲ့ ဟဲဟဲ၊ သိမ်သမုတ်ရတယ်မို့လားဗျ။ ဟောဒီ ဘိက္ခုနီမလေး သမုတ် လိုက်မယ့်ဖြစ်ခြင်း စဉ်းစားသာကြည့်ကြ။ အရှင်ဥပါလိရဲ့ဆုံးဖြတ်ချက်ကလည်း အံ့သြစရာချည်းဘဲ၊ ဘယ်နှယ့်ကြောင့် အံ့သြစရာကောင်းလဲ၊ သီလမပျက်တဲ့ အတွက်ကြောင့် ကိုယ်ဝန်ဘယ်လိုဘဲရရ လူမထွက်စေနဲ့ ဒီအတိုင်းသာနေဆို တာဟာ၊ အံ့သြစရာအဆုံးအဖြတ်ပေါ့။ ဘုရားရှင်ကိုယ်တော်မြတ်ထံ ဒီအဆုံး အဖြတ်ဆက်လက်တင်ပို့တော့ ဘုရားကိုယ်တော်မြတ်ကလည်း သဘော တူတော်မူတယ် ကျေနပ်တော်မူတယ် ခွင့်ပြုတော်မူတယ်။

ကိုင်း ကိုယ်ဝန်ဆောင် ဘိက္ခုနီမ ဒီအတိုင်းနေရသတဲ့ သာသနာမှာ အပြစ်မရှိတဲ့ပုဂ္ဂိုလ်ကို ဘုရားကိုယ်တော်မြတ်သည် အပြစ်မရှိကြောင်းလည်း ပြတ်ပြတ်သားသား ဆုံးဖြတ်ပေးလိုက်တယ်။ အရှင်ဥပါလိမထေရ်ကြီးရဲ့ အဆုံးအဖြတ်ကို ဘုရားကိုယ်တော်မြတ်က ပြတ်ပြတ်သားသား ထောက်ခံပေးလိုက်တယ်။ သဒ္ဓါပဋိဇ္ဈတ သဒ္ဓါလို့ ရဟန်းပြုလာတာတဲ့၊ ရဟန်းသီလ မပျက်စီးတဲ့အတွက်ကြောင့် သာသနာပျော်ပျော်ကြီးနေပါစေ။ နောက်တစ်ဖက်က စဉ်းစားကြည့်ဦး ဟာ သီလဘယ်လိုဘဲမပျက်မပျက်၊ ကိုယ်ဝန်လူ့လောကကပါတာ ဘယ်လိုဘဲဆိုဆို သာသနာတော်မှာ သင်္ဃန်းဝတ်နဲ့ကိုယ်ဝန်ကြီးနဲ့တော့ မတော်ပါဘူးလို့ ဘိက္ခုနီမသင်္ဃန်းဝတ်နဲ့သားဖွားရတယ်ဆိုတာလဲ ကြည့်လို့ ဘယ်ကောင်းမှာတုန်း၊ ကြားလို့လဲဘယ်ကောင်းမှာတုန်း၊ အဲဒါကြောင့် သူများမြင်မကောင်း ကြားမကောင်းတဲ့အတွက်ကြောင့် သူများရဲ့အမြင်အကြားမှာ ကျေနပ်သွားအောင် ခဏလောက် သားဖွားတဲ့အထိ လူထွက်လိုက်ပါဦးဆိုတာ ဒီကနေ့ခေတ်ဆို လုပ်ချင်လုပ်မှာ။ ဘုရားကိုယ်တော်မြတ်လက်ထက်မှာ မလုပ်ဘူး။ အပြစ်မရှိတဲ့ပုဂ္ဂိုလ် ထွက်ကိုမထွက်နဲ့ ဒီအတိုင်းနေစေ။ ဒီတော့ ဒီကိုယ်ဝန်ဘယ်လိုလုပ်ဖွားလဲ၊ သင်္ဃန်းဝတ်နဲ့ဘဲဖွားပါတယ်တဲ့။ သင်္ဃန်းဝတ်နဲ့ဘဲ ဖွားတယ်။ ဘိက္ခုနီမကျောင်း မှန်းကြည့်ပေါ့ဗျာ။ အပေါင်းအဖော် ဘိက္ခုနီမတွေဘယ်လောက်အလုပ်ရှုပ်ကြမလဲဆိုတာ အနှီးလျှော်တဲ့သူကလျှော်၊ ကလေးချီတဲ့သူကချီ၊ ပုခက်လွှဲတဲ့သူကလွှဲ ကျောင်းထဲအလုပ်ရှုပ်နေကြမှာ၊ ဟုတ်လား တွေးလို့ရတာ၊

ဘိက္ခုနီမသားဘုရင်ကမွေးစား

ကောသလဘုရင်းကြီးက တစ်နေ့တော့ ဘိက္ခုနီမကျောင်းနားက ဖြတ်ပြီးတော့ ကျောင်းထဲလျှောက်လာတယ်၊ ကျောင်းထဲမှာကလေးငိုသံကြားတယ် ဟ ကျောင်းထဲ ကလေးငိုသံကြားတယ် ကောသလမင်းကြီးက စုံစမ်းတော့ အံမယ် ကျောင်းပေါ်ပုခက်ကြီးနဲ့ ဟာ ဒါ ဘယ်သူ့ကလေးတုန်းဆိုတော့ ဟိုရာဇဂြိုဟ်ကလာတဲ့ ဘိက္ခုနီမလေးရဲ့ကလေးပါ။ ဟာ သင်္ဃန်းဝတ်ကြီးနဲ့ ဘိက္ခုနီမတို့ရဲ့ဘဝ ကလေးချီလို့ ကလေးကို အင်း ဟုတ်လား။ ကလေးချီလို့ အနှီးလျှော်လို့ ကျောင်းထဲမှာကလေးငိုလို့ ဘယ်ကောင်းမလဲ။ ချော့တာတွေ

ဘာတာတွေ ညာတာတွေမျိုးကိုစုံနေမှာပေါ့ ဘယ်ကြည့်ကောင်းမလဲ။ အဲဒါကြောင့် ဒီဘိက္ခုနီမရဲ့ကလေးကို တပည့်တော်မွေးပါ့မယ်ဆို ကောသလမင်းကြီးက ကလေးလေးနန်းတော်ခေါ်သွားရောဗျ။

ကောသလမင်းကြီးကမွေးတော့ နန်းတော်ထဲမှာမင်းကမွေးတဲ့မင်းသားဆိုတာဟာ ပါဠိမှာ ကုမာရ ကုမာရ ဒီလိုခေါ်သကိုး။ မင်းသားဆိုရင် ကုမာရ၊ ဒါနဲ့ လူဒကာယောက်ျား အဖေ၊ အမေကတော့ ဘိက္ခုနီ၊ အဖေဒကာယောက်ျား အမေ ဘိက္ခုနီမတို့ကမွေး၊ ကောသလမင်းကြီးရဲ့လက်ထဲမှာကြီးတော့ ဒီကလေးကို နန်းတော်ထဲမှာ ထုံးစံအတိုင်း ကုမာရ ကုမာရခေါ်ကြတာပေါ့။ ကုမာရခေါ်တာက ထုံးစံအတိုင်း ခေါ်ရိုးခေါ်စဉ်ခေါ်တာ။ သီးသန့်နာမည်တော့ပေးဦးမှဘဲဆိုပြီးတော့ ကောသလမင်းကြီးက ကဿပဆိုတဲ့နာမည်လေးပေးထားတယ်။ မင်းသားဖြစ်ခြင်းကြောင့် ကုမာရ၊ သူ့ရဲ့ပင်ကိုယ်နာမည် ကောသလမင်းက ချစ်စနိုးနဲ့နာမည်တပ်ခေါ်တော့ ကဿပ။ ဒီနှစ်ခုစပ်လိုက်တော့ ကုမာရကဿပတဲ့၊ ကောသလမင်းကြီးရဲ့နန်းတော်မှာကြီးလာတဲ့၊ ဖွားတာကဘိက္ခုနီမရဲ့သက်နှံးကျောင်းမှာ၊ သန္ဓေတည်တာကရာဇဂြိုဟ်ကအိမ်မှာ။ အမလေး သူ့ကြည့်ရတာအဆန်းချည်း။ ခုနှစ်နှစ်သားအရွယ်ရောက် ကောသလမင်းကြီးက ချစ်စနိုး ကလေးလေးကို ကုမာရကဿပလေးကိုချစ်လွန်းလို့ မင်းမြှောက်တန်ဆာတွေဆင်ပြီးတော့ ဘုရားကျောင်းပို့ပြီး ကောသလမင်းက ရှင်ပြုပေးတယ်တဲ့

ရှင်သာမဏေဘဝရ ကုမာရကဿပ

ရှင့်ဒကာ ကောသလမင်း။ ကောသလမင်းက ရှင်သာမဏေပြု ဘုရားရှင် ကိုယ်တော်မြတ်ထံမှာ ကုမာရကဿပ ကိုရင်ကလေး ရှင်သာမဏေလေးဖြစ်လာတော့ မြတ်စွာဘုရားကလည်း ချစ်လွန်းလို့ သနားလွန်းလို့ ကုမာရကဿပလေးကို ဘုရားကိုယ်တော်မြတ်ရဲ့ကျောင်းတော်အနီးမှာထားတယ်။ ဘုရားကိုယ်တော်မြတ် ဆွမ်းခံပြန်လာပြီး သပိတ်ထဲမုန့်လေးတွေပါလာတယ်ဆိုရင် ငှက်ပြောသီးလေးတွေပါလာတယ်ဆိုရင် အာနန္ဒ ငါဘုရားရဲ့ထံတော်ပါးဌ ခစားလိမ်မာညီဘွား အာနန္ဒာ။ ဣဒံ ခါဒနီယံ၊ ဤမုန့်လေးကို၊ ကဿပ

ကဿပလေးအား။ ဒေထ၊ ပေးလိုက်ပါ။ ချစ်သားအာနန္ဒာ ဒီမုန့်လေး ကဿပလေးပေးလိုက်ပါ၊ ဤငှက်ပြောသီးလေးကို ကဿပလေးပေးလိုက်ပါ၊ ဘုရားကလဲဗျ ဆွမ်းခံပြန် မုန့်လေး ငှက်ပြောသီးလေ ကဿပကိုကျွေးတယ်။ အဲဒီတော့ သံဃာတော်များကမေးတယ်၊ ကဿပပေးလိုက်ပါဆိုတော့ ကဿပတွေကလည်းအများကြီးရှိသကိုးဗျ။ ဘယ်ကဿပကိုပေးရမှာလည်း ဂယာကဿပတို့ နဒီကဿပတို့ ဥရုဝေလကဿပတို့ အရှင်မဟာကဿပတို့ ကဿပတွေကအများကြီး၊ ကဿပပေးလိုက်ပါ ကဿပပေးလိုက်ပါဆိုတော့ ဘယ်ကဿပပေးရမှာတုန်းလို့မေးတော့။

ကုမာရအမည်နှစ်ထပ်ရ ကုမာရကဿပ

ဘုရားက ကုမာရကဿပကိုပေးဆိုတော့ ဟော ကုမာရအမည်နှစ်ထပ်အဲဒီမှာရတယ်။ ကောသလမင်းကြီးက နန်းတော်ထဲမှာမင်းသားတို့ကို ခေါ်ရိုးခေါ်စဉ်ထုံးစံအတိုင်း ကုမာရခေါ်တဲ့အတွက်ကြောင့် ကုမာရကဿပ၊ ကလေးအရွယ်ဖြစ်တဲ့အတွက်ကြောင့် ကျောင်းတော်ရောက်လာတော့ ရှင်သာမဏေအရွယ်ကလေးဖြစ်တဲ့အတွက်ကြောင့် ကျောင်းတော်ရောက်လာပြန်တော့လဲ ဘုရားရှင်ကိုယ်တော်မြတ်က ကုမာရကဿပ ကုမာရကဿပခေါ်လို့ ဤအမျိုးသားသည် ကောသလမင်းကြီးခေါ်တဲ့ ကုမာရကဿပရယ် ဘုရားရှင်ကိုယ်တော်မြတ်ခေါ်တော်မူတဲ့ ကုမာရကဿပရယ် အမည်နှစ်ထပ်ကို တစ်မျိုးတည်းနဲ့သူရခဲ့ပါတယ် အဲဒါ ကုမာရကဿပခေါ်ပါတယ် ဤဘဝမှာ။ အဲဒါဖြစ်စဉ်အတိုင်း ကုမာရကဿပဆိုပြီးတော့ ကျောင်းတော်မှာခုနှစ်နှစ်သား ကတည်းက ဘုရားကျောင်းတော်ရောက်ပြီးတော့ အသက်နှစ်ဆယ့်ပြည့်တော့ ကောသလမင်းကြီးက ရဟန်းဒကာပြုလို့ အဲဒီမှာရဟန်းဘဝလှလှကြီး ကောင်းစွာရတယ်တဲ့၊ အမေဘိက္ခုနီမလည်း မကြာခင်အာသဝေါကင်းကွာ ရဟန္တာဖြစ်တော်သွားတယ်တဲ့ အဖေတော့ ဘုန်းကြီးတို့ အဌကထာ ဋီကာကဘာမှ မပြောဘူး။ အမေလုပ်သူက မကြာခင် အာသဝေါကင်းကွာရဟန္တာဖြစ်ပါတယ် အသက်နှစ်ဆယ်ပြည့်တော့ ရဟန်းဘဝလှလှကြီးသူရတော့ ဒီကုမာရကဿပသည် ရဟန်းတရားကို ပွားများကြိုးကုတ် အားထုတ်မယ်ဆိုပြီးတော့ ဇေတဝန်

ကျောင်းရဲ့နောက်ကျောနားက အန္ဓဝနဆိုတဲ့ အကန်းတောထဲကိုသွားသွားပြီး တော နေ့ဆွမ်းစားပြီးကတည်းက တစ်နေ့လုံးလုံး တစ်ညနေလုံး တစ်ညလုံးလုံး တောကြီးထဲမှာ တရားအားထုတ်တယ်။ အရှင်တက်လင်းတော့မှ တောအုပ်ကပြန်ပြီးတော့ သာဝတ္ထိဆွမ်းခံကြွတယ်လို့ ဘုန်းကြီးတို့ ပါဠိတော်က ဖော်ပြထားတယ်။

တေန ခေါ ပန သမယေန၊ ထိုသို့ ဘုရားရှင် ကိုယ်တော်မြတ် သာဝတ္ထိပြည်မွန် ဇေတဝန်ရွှေကျောင်း ကိန်းအောင်းတော်မူတဲ့ကာလမှာ။ အာယသ္မာ ကုမာရကဿပေါ၊ အရှင်ကုမာရကဿပမထေရ် သူမြတ်သည်။ ပုဗ္ဗကမ္မသမယံ နံနက်ခင်းမှာ။ နိဝါသေတွာ၊ သင်္ကန်းကိုပြင်ဝတ်၍။ ပတ္တစီဝရံ၊ သပိတ်နဲ့ သင်္ကန်းကို။ အာဒါယ၊ ယူဆောင်၍။ သာဝတ္ထိ ၊ သာဝတ္ထိမြို့ထဲသို့။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှာ။ ပါဝိသိ၊ ကြွဝင်တော်မူခဲ့လေပြီ။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှာ။ ပဝိသိတွာ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှာ။ စရိတွာ၊ လှည့်လည်တော်မူခဲ့ပြီး၍။ ပစ္ဆာဘတ္တံ၊ ဆွမ်းဘုဉ်းပေးပြီးသည်မှနောက်ကာလ၌။ ပိဏ္ဍပါတပဋိက္ကန္တော ဆွမ်းစားဇရပ်မှဖဲခွါတော်မူခဲ့၍။ အန္ဓဝနံ၊ အန္ဓဝန်တောအုပ်ကြီးသို့။ အဇ္ဈောဂါဟေတွာ၊ သက်ဝင်တော်မူခဲ့၍။ ယေန၊ အကြင်အရပ်၌။ အညတရံ၊ တစ်ခုသော။ ရုက္ခမူလံ၊ သစ်ပင်းရင်းသည်။ အတ္ထိ၊ ရှိပါပေ၏။ တေန၊ ထိုသစ်ပင်ရိပ်ရှိရာသို့။ ဥပသင်္ကမိ၊ ချဉ်းကပ်လေပြီ။ ဥပသင်္ကမိတွာ၊ ချဉ်းကပ်ပြီး၍။ သယ်ာ ဋ္ဌ ံ၊ မိမိနဲ့ပါ လာတဲ့နှစ်ထပ်သင်္ကန်းကြီးကို။ စတုဂ္ဂုဏံ၊ လေးထပ် လေးလွှာခေါက်ခင်း၍။ ပလ္လင်္ကံအာဘုဇိတွာ၊ ခါးရဲ့အောက်ပိုင်းမှာခွေလိုက်ပြီးတော့မှ။ ဥဇုံ ကာယံ ပဏိဓာယ၊ အထက်ပိုင်းကို ဖြောင့်ဖြောင့်ထား၍။ သတိ ၊ သတိကို။ ပရိမုခံ၊ ကမ္မဋ္ဌာန်းအာရုံရှိရာသို့ရှေ့ရှု။ ဥပဋ္ဌာပေတွာ၊ ဖြစ်စေ၍။ နိသီဒိ၊ ကောင်းစွာမသွေ ထိုင်လိုက်ပါပေးသတည်း။

သာဓု သာဓု သာဓုပါဘုရား။

အရှင်ကုမာရကဿပမထေရ်ရဲ့ ပစ္စုပ္ပန်ဘဝဖြစ်စဉ်အကျဉ်းချုပ် ဘုန်းကြီးတို့ပရိသတ်အားတင်ပြလိုက်ပါတယ်။ အကျယ်အဓိပ္ပါယ်ကို နိဂြောဓမိဂဇာတ်မှာရှာဖွေပြီးတော့ နာကြားပါတဲ့။ ဘုန်းကြီးတို့ ပါယာသိသုတ်ရဲ့နိဂုံးမှာလဲ အကျယ်ဟောထားပါတယ်။ ထိုကဲ့သို့ အရှင်ကုမာရကဿပ အန္ဓဝန်

တောမှာ တစ်ပါးတည်းကမ္မဋ္ဌာန်းတရားပွားများကြိုးကုတ် အားထုတ်၍နေစဉ်-

အထ ခေါ် အညတရာ ဒေဝတာ အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တ ဝဏ္ဏာ ကေဝလကပ္ပံ အန္ဓဝနံ ဩဘာသေတွာ ယေနာယသ္မာ ကုမာရကဿပေါ် တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဧကမန္တံ အဋ္ဌာသိ။ [၁]

အထ ခေါ်။ ထိုကဲ့သို့ အရှင်ကုမာရကဿပမထေရ်ကြီး အန္ဓဝန်တောထဲမှာ တရားနှလုံး ကျင့်သုံးနေသောကာလ၌။ အညတြရာ ဒေဝတာ၊ ငြဟ်မာကြီးတစ်ယောက်သည်။ အညတရာ ဒေဝတာ၊ အညတရာ ဒေဝတာကို နတ်သားတစ်ယောက်သည်လို့ ဘာသာပြန်လို့မလျှော်ဘူး။ အညတရာ ဒေဝတာ နတ်သားတစ်ယောက်မဟုတ်ဘူးတဲ့ ငြဟ်မာကြီးတစ်ယောက်ဆိုက်ရောက်လာတယ်။ ဟို ကဿပဘုရားလက်ထက်တုန်းက တောင်ထိပ်မှာတက်ပြီးတော့ အသေခံတရားအားထုတ်တဲ့ပုဂ္ဂိုလ်တွေထဲက ဘယ်နှစ်ယောက်တက်ပြီးတော့ တောင်ထိပ်တရားအားထုတ်သလဲ ခုနှစ်ပါးတက်ပြီးတော့တောင်ထိပ်မှာတရားအားထုတ်ကြတာ တစ်ပါးကရဟန္တာအဖြစ်နဲ့ပရိနိဗ္ဗာန်စံတယ်။ တစ်ပါးက အနာဂါမ်တည်ပြီးတော့ သုဒ္ဓါဝါသငြဟ်မာပြည်သွားတယ်။ ငါးပါးသောကိုယ်တော်တွေက ပုထုဇဉ်အဖြစ်နဲ့ထိုတောင်ထိပ်မှာ ပျံလွန်ကြတယ်။ ပုထုဇဉ်အဖြစ်နဲ့ကွယ်လွန်ကြတဲ့ ထိုတောင်ထိပ်ကကိုယ်တော်ငါးပါး။

ယခုဂေါတမဘုရားသာသနာမှာ တစ်ပါးက သဘိယပရိဗ္ဗိုဇ်၊ တစ်ပါးက ဗာဟိယဒါရုစီရိယ၊ တစ်ပါးက ပုက္ကုသာတိရှင်ဘုရင်၊ တစ်ပါးက အရှင်ဒဗ္ဗမလ္လပုတ္တာ၊ တစ်ပါးက ယခုပြောနေတဲ့အရှင်ကုမာရကဿပတဲ့ ငါးပါးလာဖြစ်ကြတယ်။ ဒါကြောင့် အရှင်ကုမာရကဿပတရားအားထုတ်တော့ အန္ဓဝန်တောထဲမှာ အရောင်တွေတလက်လက်နဲ့ သန်းခေါင်ကျော်ရောက်လာတဲ့ပုဂ္ဂိုဟ်ဟာ နတ်သားမဟုတ်ဘူး။ ကဿပဘုရားလက်ထက်တုန်းက အတူတူတရားအားထုတ်ခဲ့ကြတဲ့ ဘုန်းကြီးလူထွက်ငြဟ်မာကြီးလို့မှတ်လိုက်ပါ။ ဟုတ်လား။ အနာဂါမ် ငြဟ်မာကြီး ဒါကြောင့် -

အညတရာ ဒေဝတာ၊ သုဒ္ဓါဝါသဘုံကလာခဲ့တဲ့ အနာဂါမ်ငြဟ်မာကြီး

၁။ မ၊ ၁။ ၁၉၅

တစ်ယောက်သည်။ အဘိက္ကန္တာယ၊ ညဉ်ဦးယာမ် သန်းခေါင်းယာမ် အဲဒီညဉ့်ရဲ့ ယာမ်နှစ်ပါးကိုကျော်ခဲ့ပြီးသော။ရတ္တိယာ၊ လင်းအားကြီးအချိန်အခါကာလ၌။ အဘိက္ကန္တာယ ရတ္တိယာ၊ ညဉ်ဦးယာမ်နဲ့ သန်းခေါင်းယာမ်ကို လွန်ခဲ့ပြီ လင်းအားကြီးပိုင်းရောက်ပြီဆိုသောကာလ၌။ အဘိက္ကန္တဝဏ္ဏာ၊ အလွန်နှစ်သက်ဖွယ်ကောင်းတဲ့အရောင်အဆင်းရှိသည်ဖြစ်၍။ ဝါ- အဘိက္ကန္တဝဏ္ဏာ၊ ပုံမှန်အဆင်းထက် လွန်ကဲသောအရောင်အဆင်းရှိသည်ဖြစ်၍။ ကေလဝကပ္ပံ အန္ဓဝန်၊ **အန္ဓဝန်**တောအုပ်ကြီးတစ်ခုလုံးကို။ ဩဘာသေတ္တာ၊ မိမိရဲ့ကိုယ်ရောင်ဖြင့် ထွန်းလင်းစေ၍။ အန္ဓဝန်တောကြီးတစ်ခုလုံး အရောင်တွေလင်းနေအောင် လွတ်ပြီးတော့မှ ပကတိအဆင်းထက်ကျော်လွန်သောအဆင်း နှစ်သက်ဖွယ်ကောင်းသောအဆင်းရှိသည်ဖြစ်၍။ ယေန၊ အကြင်အရပ်၌။ အာယသ္မာ ကုမာရကဿပေါ၊ အရှင်ကုမာကဿပမထေရ်သူမြတ်သည်။ အတ္ထိ၊ ရှိပါပေ၏။ တေန၊ ထိုအရှင်ကုမာကဿပမထေရ်သူမြတ်ရှိရာသို့။ ဥပသင်္ကမိ၊ ချဉ်းကပ်တော်မူလာခဲ့တယ်။ ဥပသင်္ကမိတ္တာ၊ ချဉ်းကပ်ပြီး၍။ အာယသ္မန္တံ ကုမာရကဿပံ၊ အရှင်ကုမာကဿပမထေရ်ကို။ အဘိဝါဒေတ္တာ၊ အလွန်အလွန်ရိုသေစွာရှိခိုး၍။ ဧကမန္တံ၊ အပြစ်ခြောက်ပါးကင်း သင့်တင့်လျောက်ပတ် ကောင်းမြတ်သောနေရာ၌။ အဋ္ဌာသိ၊ ကောင်းစွာမသွေ ရပ်တည်၍နေခဲ့ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

ညဉ်ဦးယာမ်ကိုလည်းကျော်သွားပြီ၊ သန်းခေါင်ယာမ်ကိုလည်းကျော်ခဲ့ပြီ လင်းအားကြီးပိုင်းကူးပြီဆိုတဲ့ သန်းခေါင်ယာမ်နဲ့လင်းအားကြီးပိုင်းအချိန်အဲဒီကူးတဲ့ အဲဒီအစပ်ကာလလေးမှာ ဗြဟ္မာကြီးတစ်ယောက်ဘွားကနဲရောက်လာပြီးတော့ အန္ဓဝန်တောကြီးတစ်ခုလုံးလည်း အရောင်တွေလင်းသွား အောင်လွှတ်လိုက်သည်။အလွန်ကြည်နူးဖွယ်ကောင်းတဲ့အဆင်းကိုဆောင်လို့ အရှင်ကုမာရကဿပကိုရှိခိုး။ အနီးမှာဗြဟ္မာကြီးဟာမတ်တပ်ရပ်ပါပြီ။ ဗြဟ္မာကြီးရပ်နေပြီ။ သီတင်းသုံးဖော် နှစ်ပေါင်းနှစ်သောင်း အတူတကွတရားအားထုတ်ခဲ့တဲ့ဗြဟ္မာကြီးက ငါ့သူငယ်ချင်းသီတင်းသုံးဖော် အန္ဓဝန်တောထဲမှာတရားအားထုတ်နေတယ်။ တရားများရပလား၊ မရသေးဘူး။ ဒီတော့ ငါ့သီတင်းသုံးဖော်

တွေကို ငါလိုက်ပြီးတော့ကူညီစောင့်ရှောက်ဦးမယ်ဆိုပြီးတော့ ကလျာဏာမိတ္တတို့ရဲ့ဝတ္တရားထမ်းဖို့ရန် ဇြဟ္မာကြီးသည် ဒီမှာလာတာ။ မိတ်ဆွေကိုအကူအညီပေးမယ်ဆိုတဲ့သဘောနဲ့လာခဲ့တာ။

လက်အုပ်ချီမိုးရှိခိုး သင့်တော်သောနေရာကရပ်ပြီတော့ အရှင်ကုမာရကဿပမထေရ်ကိုဖူးမျှော်ကန်တော့။ အရှင်ကုမာရကဿပမထေရ်ကြီးကလည်းကြည့်လိုက်တယ် ဟာ တစ်တောလုံးလင်းနေတာဘဲ ဘာရောင်တွေတုန်း အနားမှာမားမားကြီးရပ်နေတဲ့ဇြဟ္မာကြီးတွေ.ရတော့ အနားမှာ မားမားကြီးရပ်နေတဲ့ဇြဟ္မာကြီးတွေ.ရတဲ့ကာလ အရှင်ကုမာရကဿပမထေရ်က၊ **ကောသိ တွံ အာဝုသော** တဲ့ မေးလိုက်သေးတယ်။ အာဝုသော၊ အို ငါ့ရှင်။ တွံ၊ သင်သည်ကား။ ကော၊ ဘယ်သူသည်။ အသိ၊ ဖြစ်ပါသနည်း။ ဟေ့ ငါနားရပ်နေတာ ဘယ်သူတုန်းကွ၊ **အဟံ တဝ ပုရာဏသာလောဟိတာ ဒေဝတာ** တပည့်တော်သည် အရှင်ဘုရား၏ ဘဝဟောင်းတုန်းက သဟယ်ချင်း သူငယ်ချင်း ဘယ်တုန်းက သူငယ်ချင်းတော်တုန်းပြောပါဦးဆိုတော့။

ကဿပဘုရားလက်ထက်ကလေ ကိုယ်တော်မေ့သွားပလား တပည့်တော်တို့တွေခုနှစ်ပါး တောင်ထိပ်မှာအသေခံပြီးတော့ တရားအားထုတ်ကြတာ၊ တစ်ပါးကရဟန္တာဖြစ်လို့ ပရိနိဗ္ဗာန်ပြုတယ်ကိုယ်တော်၊ တစ်ပါးကအနာဂါမ်တည်ပြီးတော့ဇြဟ္မာပြည်သွားတာ၊ ငါးပါးကပုထုဇဉ်အဖြစ်နဲ့ယေကြတာလေ၊ ပုထုဇဉ်အဖြစ်နဲ့သေတဲ့ငါးပါးထဲမှာ အရှင်ဘုရားဟာ တစ်ပါးပေါ့ဘုရား၊ အနာဂါမ်တည်ပြီးတော့ ဇြဟ္မာပြည်တက်တာကတပည့်တော်ဘဲ၊ ဟာ ဘာလို့လဲ နဲ့လာတာတုန်း ပြောစမ်းပါဦးလာတဲ့ကိစ္စ။

အရှင်ဘုရားတရားအားထုတ်နေတာ တပည့်တော်ကူညီ မလို့ပေါ့ တာပါဘုရား။ အံမယ် တရားအားထုတ်ရင်လာတတ်တယ် နတ်တွေလာတာတို့ ဇြဟ္မာတွေလာတာတို့ ဘိုးတော်တွေလာတာတို့တော်တော်စုံတယ်နော်။ အရှင်ကုမာရကဿပတရားအားထုတ်တဲ့နေရာတော့ ဘယ်သူလာတုန်း၊ ဇြဟ္မာကြီးလာတယ်။ ဟာဟိယ ဒါရုစီရိယကြီး ဟို သုပ္ပါဒကသင်္ဘောဆိပ်မှာ ရဟန္တာကြီးလုပ်နေတုန်းကလည်းဘဲ ဒီဇြဟ္မာကြီးဘဲလာတာနော်။ ဘုန်းကြီးတို့

ပရိသတ်အားထုတ်တော့ ဘယ်သူလာလဲ။ ဟင်း ဟင်း ပြောကြပါဦး ဘယ်သူတွေလာလဲ။ လာတာဘဲလား။ နောက်မှတိုးတိုးပြောဒါယကာကြီးရေ။ လာတော့လာလိမ့်မယ်ထင်တယ်နော်။ စုံတယ် သူတို့လဲ ဟိုလူလာတယ် ဒီလူလာတယ် ဘာတွေတွေ့တယ် ညာတွေတွေ့တယ် တော်တော်တွေ့ကြတယ်။ အိုး ရုပ်တရား နာမ်တရားရဲ့အဖြစ်အပျက်များတွေ့မလားအောက်မေ့တယ်၊ အဲဒါတွေချည်းတွေ့တယ် သူတို့ကနော်။ တကယ်တွေ့အောင်အားထုတ်ရမှာက နှစ်မျိုးတည်းရယ် နှစ်မျိုးတည်းရယ်။ ဘယ်နှစ်မျိုးလဲ၊ (နှစ်မျိုးပါဘုရား)

ဒုက္ခရယ် သုခရယ်၊ ဘယ်နှစ်မျိုးလဲ၊ (နှစ်မျိုးပါဘုရား)။ ဘာနဲ့ဘာလဲ၊ (ဒုက္ခနဲ့သုခပါဘုရား)။

ဒုက္ခဆိုတာ ခန္ဓာ၊ ဒုက္ခဆိုတာ၊ (ခန္ဓာပါဘုရား) ခန္ဓာရဲ့ဒုက္ခကိုတွေ့ရမယ် တစ်။ အဲဒီ ခန္ဓာဒုက္ခကို ရှုနေတာက မင်၊ ခန္ဓာဒုက္ခကိုရှုနေတာကမင်၊ ဘာမင်တုန်းဆိုတော့ အဲဒါ လောကီမင်နော်။ ခန္ဓာရဲ့ဒုက္ခတွေ ဆုံးပြီဆိုတော့ သန္တိသုခဆိုတဲ့နိဗ္ဗာန်ကိုတွေ့ရမှာ။ ခန္ဓာဒုက္ခအဆုံးက ဘာတွေ့ရမှာလဲ၊

(သန္တိသုခပါဘုရား)။

သန္တိသုခဆိုတဲ့နိဗ္ဗာန် ဒါတွေ့ရမယ်မို့လား။ ခန္ဓာဆင်းရဲမှုဆိုတာနဲ့ နိဗ္ဗာန်ဆိုတဲ့ချမ်းသာမှု ဒီနှစ်ခုဘဲတွေ့ရမှာ အကျဉ်းချုပ်ရင်ဒါဘဲ။ ခန္ဓာဆိုတဲ့ဆင်းရဲဒုက္ခကိုဝိပဿနာဉာဏ်ဆယ်တန်ရဲ့အတွင်းမှာတွေ့ရမယ်။ ဝိပဿနာဉာဏ်ဆယ်တန်ဆုံးတော့ နိဗ္ဗာန်ဆိုတာကိုတွေ့ရမယ်။ အဲဒီနှစ်မျိုးကိုတွေ့ရမှာ၊ ဘုန်းကြီးတို့ပရိသတ်က ဘယ်နှစ်မျိုးတောင်တွေ့တုန်း။ ပြောမဆုံးပေါင် တောသုံးတောင်ကြနေတာဘဲ။

တွေ့လိုက်တဲ့ဖြစ်ခြင်း၊ တော်တော်ကြာပိတ်ဖြူကြီးနဲ့လာပြန်ပြီတဲ့။ ဟား တော်တော်ကြာ မားမားနဲ့တောင်ဝှေးကြီးနဲ့လာပြန်ပြီတဲ့။ တော်ကြာ ဘာပြောသွားတယ်တဲ့၊ တရားအားထုတ်ရင်း အားထုတ်ရင်းနဲ့တော်တော်ကြာတော့ အဲဒီတရားအားထုတ်တဲ့ယောဂီဟာ နတ်ကတော်လိုလို ဂိုဏ်းဆရာလိုလို ဘိုးတော်လိုလို ဘာလိုလိုဖြစ်သွားရော၊ ယောင်တောင်တောင်နဲ့ဟုတ်လား၊ တရားတွေပျောက်လို့နော်။ လာချင်တာလာပစေပေါ့၊ မလာရဘူးလို့လဲမဆိုလိုပါဘူး။

မလာဘူးလို့လဲ ဘုန်းကြီးတို့မငြင်းပါဘူး၊ လာတော့လာမှာဘဲ လာချင်တာလာ၊ ကိုယ်က အဲဒါတွေလာစေချင်လို့အားထုတ်တာမှမဟုတ်ဘဲ၊ ဒါလေး မမေ့လိုက်နဲ့။ အဲဒီ နတ်တွေ ဗြဟ္မာတွေလာစေချင်လို့ အားထုတ်တာမဟုတ်ဘူး ဒုက္ခကိုတွေ့ချင်လို့ အားထုတ်တာ၊ ဘာတွေ့ချင်လို့၊

(ဒုက္ခတွေ့ချင်လို့ပါဘုရား)။

ဒုက္ခကိုတွေ့ချင်လို့ အားထုတ်တာ ဒုက္ခကိုတွေ့အောင်ရှာ၊ အဲဒီဒုက္ခဘယ်ထဲရှိတုန်းဆိုတော့ ခန္ဓာထဲမှာရှိတယ်ဟုတ်လား။ ခန္ဓာဒုက္ခကိုမတွေ့ရင် တရားမတွေ့သေးဘူး၊ ဒုက္ခကိုတွေ့အောင်ရှာ ခန္ဓာဒုက္ခကိုတွေ့သဖြင့် အဲဒါမှ တရား၊ ခန္ဓာဒုက္ခဆုံးရင် ခန္ဓာမရှိတဲ့ နိဗ္ဗာန်ဆိုတာတွေ့ရမယ် ဒီနှစ်မျိုး။ ဒါဟာ ယောဂီရဲ့အလုပ်ပဲမဟုတ်လား၊ (မှန်ပါဘုရား)။ အဲဒါမမေ့လိုက်ပါနဲ့ အခုလည်း အရှင်ကုမာရကဿပအားထုတ်တာ အားထုတ်ရင်းအားထုတ်ရင်းနဲ့ခန္ဓာလည်းတွေ့လား မတွေ့လားတော့မသိဘူး နိဗ္ဗာန်တော့မတွေ့သေးတာ သေချာတယ်။ နိဗ္ဗာန်မတွေ့သေးတဲ့အရှင်ကုမာရကဿပ အခုတော့ဘာတွေ့လဲ ဗြဟ္မာကြီးတွေ့တယ်။ ဗြဟ္မာကြီးကကူညီမယ်ဆိုတော့ အံမယ်တော်သေးတယ် အဲဒါမျိုးတွေ့ရင်တော်သေးတယ်နော်၊ ဗြဟ္မာကြီးက သင့်ရဲ့မိတ်ဟောင်း ဆွေဟောင်းပါ ကူညီချင်လို့ပါဗျာ။ ကဲ ကူညီချင်ရင်ပြော ဘယ်လိုကူညီမှာတုန်းဆိုတော့-

နည်းလမ်းညွှန်ပြ သူငယ်ချင်းဗြဟ္မာကြီးက

ဧကမန္တံ ဌိတာ ခေါ် သာ ဒေဝတာ အာယသ္မန္တံ ကုမာရကဿပံ ဧတဒဝေါစ။ [၁]

ကေမန္တံ ဌိတာ၊ ထိုအခါ၌။ သာဒေဝတာ၊ ထိုဗြဟ္မာကြီးသည်။ အာယသ္မန္တံ ကုမာရကဿပံ၊ အရှင်ကုမာရကဿပမထေရ်သူမြတ်ကို။ ဧတံ ဝစနံ၊ ဤဆိုလတံ့စကားကို။ အဝေါစ၊ လျှောက်ထားပါတယ်။ ဗြဟ္မာကြီးက အဲဒီမှာလျှောက်တဲ့ယ်၊ ဘာလျှောက်မလဲဆိုတော့၊ ဘိက္ခု ဘိက္ခု၊ ခေါ်ပုံကနှစ်ခွန်းဆင့်ကြီးဗျ။ ဘိက္ခု ရဟန်းတစ်လုံးတည်းမခေါ်ဘူးဗျ။ ဘိက္ခု ဘိက္ခု

၁။ မ၊ ၁။ ၁၉၅

နှစ်လုံးဆင့်တယ်၊ ဘာဖြစ်လို့ဒီလိုခေါ်တာလဲဆိုတော့ ရင်းနှီးလွန်းလို့ ဒီလိုဆို ပါလား။ ရင်းနှီးလွန်းလို့နော်။ အရေးလည်းကြီးသကိုးဗျ အရေးလည်းကြီးတယ် ရင်းလည်းရင်းနှီးတယ် အဲဒီလိုဆိုတော့ ခေါ်လိုက်ရင်နှစ်လုံးဆင့်ကြီး ဘိုက္ခု၊ ဘိုက္ခု၊ ဗမာလိုဆိုတော့ ကိုယ်တော့် ကိုယ်တော် အဲဒီလိုခေါ်တာ။

ဘိုက္ခု ဘိုက္ခု၊ ရဟန်း ရဟန်း၊ အယံ ဝမ်မိကော၊ ဤတောင်ပို့ကြီး သည်ကား။ ရတ္တိ၊ ညဉ့်အခါ မှာ။ ဓူမာယတိ၊ အခိုးတွေထွက်တယ် ကိုယ်တော့် ကိုယ်တော် တောင်ပို့ကြီး ညညအခိုးတွေထွက်တယ်။ ဒိဝါ၊ နေ့အခါကြတော့။ ပဇ္ဇလတိ၊ မီးအလျှံတွေ တောက်တယ်။ အရှင်ကုမာရကဿပကို ငြဟ်မာကြီးက ပြောကြားနေတာ၊ အရှင်ဘုရား တောင်ပို့ကြီးသည် ညမှာအခိုးထွက်တယ်၊ နေ့အခါကြတော့ ဘာထွက်တုန်း၊ (မီးအလျှံထွက်ပါတယ်ဘုရား)။

ငြဟ်မာပြောကြား တောင်ပို့တရား

မီးတောက်တယ်။ ဘိုက္ခု ဘိုက္ခု အို ရဟန်းရဟန်း။ အယံ ဝမ်မိကော၊ ဤတောင်ပို့ကြီးသည်ကား။ ရတ္တိ၊ ညဉ့်အခါမှာ။ ဓူမာယတိ၊ အခိုးတွေထွက် တယ်၊ ဒိဝါ၊ နေ့အခါကြတော့။ ပဇ္ဇလတိ၊ အလျှံတွေတောက်တယ်၊ မီးတွေ တောက်ပါတယ်။ ၁၊ တောင်ပို့၊ ၂၊ ညအခိုးထွက်တယ်၊ ၃၊ နေ့ မီးထွက်တယ်။ ပြဿနာသုံးခု။

ဘိုက္ခု ဘိုက္ခု အယံ ဝမ်မိကော ရတ္တိ ဓူမာယတိ၊ ငြဟ်မကော ဇဝမာဟ။

ဘိုက္ခု ဘိုက္ခု၊ အို ရဟန်း ရဟန်း။ ငြဟ်မကော၊ ဆရာ ပုဏ္ဏားသည်။ ဇဝံ၊ ဤသို့။ အာဟ၊ ပြောကြားလာတယ်။ အရှင်ဘုရား အဲဒီအခါဆရာပုဏ္ဏား တစ်ယောက်လာပြီးတော့ပြောလိမ့်မယ်။ ဆရာပုဏ္ဏားတစ်ခုတိုးလာပြီ။ ငြဟ်မ ကော ဇဝ မာဟ၊ ဆရာပုဏ္ဏားကလာပြီးတော့ပြောတယ်။ ဘာပြောတုန်း။

အဘိက္ခဏာ သုမေဓ သတ္ထုံ အာဒါယ။ ၂

သုမေဓ၊ အမောင်ပညာရှိ။ သတ္ထုံ၊ လက်နက်ကို။ အာဒါယ၊ ကိုင်စွဲပြီး တော့။ အဘိက္ခဏာ၊ အဲဒီတောင်ပို့ကို တူးပါ။ ဆရာပုဏ္ဏားက တပည့်ပညာ

၁။ ၂။ မ၊ ၁။ ၁၉၆

ရှိကိုပြောတယ် လက်နက်ကိုကိုင်စွဲပြီးတော့ တောင်ပို့ကိုတူးပါ။ ဆရာပုဏ္ဏားက တပည့်ပညာရှိကိုပြောတယ် လက်နက်ကိုကိုင်လိုက်ပါ၊ တောင်ပို့ကြီးကိုတူးလိုက်ပါ။ ည အခိုးထွက်၊ နေ့ မီးတောက်တဲ့တောင်ပို့ကြီး လက်နက်ကိုင်ပြီးတော့တူးတဲ့ဗျာ။ လက်နက်ဆိုတာကို ပါဠိအတိုင်းသာပြောရတယ်။ ဗမာလိုနားလည်အောင်ကတော့။ သတ္ထံ၊ တူရွင်းပြားကို။ အာဒါယ၊ ကိုင်ပြီးတော့။ အာဘိက္ခဏ၊ တူးပါ။ တူရွင်းပြားနဲ့တူးပေါ့ဗျာ။ အဲဒီထဲ ပြဿနာဘယ်နှစ်ချက်ဝင်နေပလဲ။

၁။ တောင်ပို့ရယ်၊
၂။ နေ့ မီးထွက်တာရယ်
၃။ တပည့်လုလင်ရယ်၊
၄။ တူးတာရယ်၊
၅။ ညအခိုး လွှတ်တာရယ်၊
၆။ ဆရာပုဏ္ဏားရယ်၊
၇။ လက်နက်ရယ်၊

ဘယ်လောက်ရပြီးလဲ၊ (ခုနှစ်မျိုးပါဘုရား)။ အဲ ပြဿနာခုနှစ်ခုတောင် ဖြစ်သွားပြီ။ ဘုန်းကြီးတို့ပရိသတ် ငိုက်ပြီလား၊

(မငိုက်သေးပါဘုရား)။

ငိုက်ရမယ့် အပိုင်းတော့ရောက်ပြီ။

အာဘိက္ခဏ သတ္ထံ သုမေဓ အာဒါယ။

သုမေဓ၊ ပညာရှိ။ သတ္ထံ၊ တူ ရွင်းကို။ အာဒါယ၊ ကိုင်းပြီးတော့။ တံဝမ်မိကံ၊ ထိုတောင်ပို့ကို။ အာဘိက္ခဏ၊ တူးလို့။ ပြဟ္မဏော၊ ဆရာပုဏ္ဏားက။ သုမေဓံ၊ ပညာရှိလုလင်တပည့်ကို။ အာဟ၊ ကောင်းစွာမသွေပြောကြားခဲ့ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

ဘာတဲ့တုန်းဗျာ၊ (တောင်ပို့ပါဘုရား)။ ၁၊ တောင်ပို့။ ၂၊ အခိုးလွှဲ ညအခိုးထွက်တယ်။ ၃၊ နေ့ မီးတောက်တယ်။ ၄၊ ဆရာပုဏ္ဏားလာတယ်။ ၅၊ တပည့်ပညာရှိကိုပြောတယ်။ ၆၊ တူရွင်းပြားကြီးကိုင်လိုက်ပါ။ ၇၊ တူးလိုက်ပါတဲ့ တောင်ပို့ကြီး တူးလိုက်စမ်းပါနော်။ ကိုင်း တူးကြည့်ရအောင်။

၁။ မ၊ ၁။ ၁၉၆

နံပါတ်(၁)မေးခွန်း

အဘိက္ခဏန္တော သုမေဓော သတ္ထံ အာဒါယ အဒ္ဒသ လဂီ။ ဝ တွေ့ပြီ၊ သုမေဓော၊ ပညာရှိသည်။ ဗြဟ္မဏသဿ၊ ဆရာပုဏ္ဏားရဲ့။ ဝစနံ၊ စကားကို။ ပဋိသုတွာ၊ ဝင်ခံပြီတော့။ သတ္ထံ၊ တူရွင်းပြားကို။ အာဒါယ၊ ကိုင်စွဲလျှက်။ အဘိက္ခဏန္တော၊ တူးလိုက်သည်ရှိသော်။ လဂီ၊ တံခါးပိတ်တဲ့မင်းတုတ်ကြီးကို။ အဒ္ဒသ၊ တွေ့ခဲ့တယ်။ တူရွင်းပြာကိုင်တောင်ပို့ကြီးတူးလိုက်တဲ့ကာလ တောင်ပို့ထဲ တံခါးမင်းတုပ်ကြီးထွက်လာတယ်တဲ့။ တောင်ပို့ထဲက ဘာကြီးရ၊ တံခါးမင်းတုပ်ကြီးပါဘုရား။

ဘုန်းကြီးတို့ပရိသတ်တူးပြီလား။ (တူးပါပြီးဘုရား)။ ဘာနဲ့တူးမလဲ၊ (တူရွင်းပြားနဲ့ပါဘုရား)။ တူရွင်းပြားနဲ့ အေး တူးကြတွေ့လိမ့်မယ်။ တူရွင်းပြားကိုင် တောင်ပို့တူးတော့ ဟောဒီမှာ-

တောင်ပို့ထဲက တံခါးပိတ်တဲ့မင်းတုပ်ကြီးရ

လဂီ၊ တံခါးပိတ်တဲ့မင်းတုပ်ကြီးကို။ အဒ္ဒသ၊ တွေ့ခဲ့ပါသတဲ့။ တပည့်လုလင်တောင်ပို့တူးတာ ယခုအခါ မင်းတုပ်တစ်ခုရပြီ၊ ဘာရ၊ (မင်းတုပ်ပါဘုရား)။ တံခါးပိတ်တဲ့မင်းတုပ်ကြီးရပြီ၊ ခုနက ခုနှစ်ထဲမှာမင်းတုပ်ထည့်လိုက်တော့ ရှစ်နော်။ အဒ္ဒသ လဂီ၊ မင်းတုပ်ကိုတွေ့ခဲ့တယ်ဆိုတော့။ လဂီ ဘဒ္ဒန္တေ၊ တောင်ပို့တူးတဲ့လုလင်က ဆရာလှမ်းပြီးတော့၊ ဘဒန္တေ၊ အိုဆရာ။ အယံ၊ ဤတောင်ပို့ထဲတွေ့သည်အရာကား။ လဂီ၊ တံခါးပိတ်တဲ့မင်းတုပ်ကြီးပါဆရာ။ ဆရာ မင်းတုပ်ကြီးတွေ့တယ်ဗျို့ မင်းတုပ်ကြီးတွေ့တယ်။ ဒီလိုပြောလိုက်တော့၊ ဆရာက လှမ်းပြီးတော့ပြောတယ် ဟုတ်ပြီ။ ဥက္ခိပ လဂီ၊ သုမေဓ၊ ပညာရှိ။ လဂီ၊ အဲဒီမင်းတုပ်ကြီးကို။ ဥက္ခိပ၊ ပယ်ပစ်လိုက်ပါ။ ဖယ်ပစ်လိုက်ပါ။ မင်းတုပ်ကြီးကောက်ပစ်လိုက်။ ဆရာ မင်းတုပ်ကြီးပစ်ပြီးပါပြီ ဘာလုပ်ရမှာတုန်း ဥက္ခိပ လဂီ၊ လဂီ၊ အဲဒီမင်းတုပ်ကို။ ဥက္ခိပ၊ ပယ် ပစ်လိုက်ပါ။ လဂီ၊ အဲဒီမင်းတုပ်ကို။ ဥက္ခိပိတွာ၊ ပယ်ပစ်ပြီးတော့မှ။

အဘိက္ခဏ သုမေဓ သတ္ထံ အာဒါယ၊ လက်နက်ကိုင်ပြီးတော့ ဆက်

သာတူးတဲ့။ မင်းတုပ်ကြီးကောက်ပစ်လိုက်ပါပြီ ဘာလုပ်ရဦးမလဲ၊ (ဆက်တူးရမှာပါဘုရား)။ ဆက်တူး။ မင်းတုပ်တစ်ခုတွေ့တယ် တစ်နော်။ တောင်ပို့ထဲကတွေ့တာအဲဒီကစပြီးတော့ သပ်သပ်ကလေးမှတ်ထား။ ခုနကတစ်ပိုင်း၊ တောင်ပို့ထဲကတွေ့တာ မင်းတုပ်ကစတွေ့တယ်၊ ခုနက အရှေ့ပိုင်းက ခုနှစ်နော်၊ တောင်ပို့ထဲကတွေ့တာတွေ ခု မင်းတုပ်တစ်ခု၊

လဏီ ဘဒန္တေ ဥက္ခိပလဏီ၊ မင်းတုပ်ကိုကောက်ပစ်လိုက်၊ မင်းတုပ်ကိုပစ်ပြီးပြီ ဘာလုပ်မလဲ၊ အဘိက္ခဏာ သုမေဓ သတ္ထံ အာဒါယ၊ တူရွင်းကိုင်ပြီးတော့ ဆက်တူး၊ တူရွင်းကိုင်ပြီးတော့ ဆက်တူးပါပြီ။

ဒုတိယ ဖားပွတစ်ကောင်တွေ့

အဘိက္ခဏန္တော သုမေဓော သတ္ထံ အာဒါယ အဒ္ဒသ ဥဒ္ဓုမာယိကံ

သုမေဓော၊ ပညာရှိသည်။ သတ္ထံ၊ တူ ရွင်းကို။ အာဒါယ၊ ကိုင်စွဲ၍။ အဘိက္ခဏန္တော၊ ဆက်တူးပြန်သည်ရှိသော်။ ဥဒ္ဓုမာယိကံ၊ ဖားပွတစ်ကောင်ကို။ အဒ္ဒသ၊ တွေ့ခဲ့ပြန်တယ်။ အံမယ် ဖားတစ်ကောင်တွေ့သတဲ့၊ ဘာတွေ့သလဲ၊ (ဖားပွပါဘုရား)။ အဲဒီဖားက ဖားပွ ဖားပွ။ ဥဒ္ဓုမာယိကာ ဖားဆိုတာ ဖားပွ။ ဖားလေးက သေးသေးကလေးရယ် ခြေသည်းလက်သည်းလောက်ရှိတာအကောင်လေး၊ အဲဒီ ခြေသည်း လက်သည်းလောက်ရှိတဲ့ ဖားကောင်လေး သေးသေးလေးကို ဒုတ်ကလေးနဲ့နည်းနည်းလေးတို့လိုက် ဟာစိတ်ဆိုးပြီးတော့ တစ်ခါတည်းပွလာတယ်။ စိတ်ဆိုးပြီးတော့ပွလာတဲ့အခါကြတော့ ဒုတ်နဲ့တို့ ခြေနဲ့တို့ ပွလာ၊ တို့လေ ပွလေ တို့လေ ပွလေ နောက်ဆုံးကြတော့ စိတ်ဆိုးလွန်းလို့ အဲဒီ ဖားကြီးကပွပြီးတော့ ခြေတွေ လက်တွေကို တစ်ခါတည်း လေးဘက်ထောင်ပြီးတော့ကားနေတယ် ဘာမှမလုပ်နိုင်တော့ဘူး၊ စိတ်ဆိုးလွန်းလို့ကားနေတယ် ပွလွန်းအားကြီးပြီးတော့ နောက်ဆုံးခြေတွေလက်တွေက လေးဘက်မြောက်ပြီးတော့ ဘုန်းကြီးတို့ပရိသတ်များ ဖားဟာပက်လက်ကိုလန်လို့ဗျ။ ပက်လက်လန်နေတဲ့အချိန်ကြတော့မှ ကျီးစာ ငှက်စာဖြစ်ရောတဲ့ အဲဒီဖားဟာ။ အဲဒီဖားဟာ ဘာဆိုလိုတယ်ဆိုတဲ့ဥစ္စာကို ဆက်တူးရဦးမယ်နော်။

၁။ မ၊ ၁။ ၁၉၆

ဘုန်းကြီးတို့ ပရိသတ်ရေ တောင်ပို့တူးရတာ ဘယ်နှစ်ခုရပြီလဲ၊ (နှစ်ခုရပါပြီဘုရား)။ နှစ်ခုရပြီ လေးနာရီးကလည်းထိုးတော့မယ် တောင်ပို့လည်း အခုမှစရုံရှိသေးတယ်နော်။ တံခါးမင်းတုပ်တစ်ခုရတယ် အဲဒါ ဖယ်ပစ်လိုက်၊ ယခုအခါ ဖားပွဆိုတဲ့ အကောင်တစ်ကောင်တွေ့တယ် အဲဒါကိုဖယ်ပစ်လိုက်။

ဥဒ္ဓုမာယိကာ ဘဒ္ဒန္တေ ဆရာ ဖားပွတစ်ကောင်တော့ရပြီ။ အဘိက္ခဏာ ဥက္ခိပ ဥဒ္ဓုမာယိကံ။ သုမေဓ၊ ပညာရှိ။ ဥဒ္ဓုမာယိကံ၊ အဲဒီဖားပွကို။ ဥက္ခိပ၊ ဖယ်ပစ်လိုက်ပါ။ တပည့် အဲဒီ ဖားပွကို ကောက်ပစ် ကောက်ပစ်။ ဖားပွကြီး ကောက်ပြီးပါပြီဆရာ ဘာဆက်လက်လုပ်ရမှာလဲ၊ **အဘိက္ခဏာ သုမေဓ သတ္ထံ အာဒါယ**၊ ဟဲ့ ငါတပည့် အဲဒီတောင်ပို့ ဆက်သာတူးတဲ့ ဖားကြီးကောက်ပစ်ပြီးပြီ ဘာလုပ်ရမှာလဲ ဆက်တူးပါ ငါတပည့် ကောင်းပြီဆိုပြီး။

တတိယတွေ့ရ လမ်းနှစ်ခွ

အဘိက္ခဏန္တော သုမေဓ သတ္ထံ အာဒါယ။ [၀]

သုမေဓော၊ ပညာရှင်သည်။ သတ္ထံ၊ တူရွင်းကို။ အာဒါယ၊ ကိုင်စွဲ၍။ အဘိက္ခဏန္တော၊ တူးခဲ့ပြန်သည်ရှိသော်။ ဒွိဓာပထံ၊ လမ်းစုံနှစ်ခွကို။ အဒ္ဒသ၊ တွေ့ပြန်တယ်။ တောင်ပို့တူးရင်းတူးရင်းနဲ့ ယခုအခါ တွေ့တာက အရာဝတ္ထုမဟုတ်ဘူး။ တောင်ပို့ထဲလမ်းလေးနှစ်ခွ၊ လမ်းဆုံလမ်းခွလေးတစ်ခုတွေ့တယ်တဲ့၊ လမ်းလေးကဟိုဘက်တစ်ခွ ဒီဘက်တစ်ခွ၊ အဲဒီလမ်း နှစ်ခုဆုံနေတယ် တစ်နေရာရာမှာလမ်းနှစ်ခွတွေ့တယ်၊ ပရိသတ်ဘာတွေ့လဲ၊

(လမ်းနှစ်ခွပါဘုရား)။

ဒွိဓာပထော ဘဒန္တေ၊ [၂] ဘဒန္တေ၊ ဆရာပုဏ္ဏား။ ဒွိဓာပထော၊ လမ်းနှစ်ခွတော့ရောက်ပါပြီ ဘာလုပ်ရမတုန်း။ ဥက္ခိပ ဒွိဓာပထံ၊ အဲဒီလမ်းနှစ်ခွကိုလည်းတူးသာပစ်လိုက်။ လမ်းနှစ်ခွဘာလုပ်ရမလဲ၊ (တူးပစ်ရမှာပါဘုရား)။ ဘယ်နှစ်ခုတွေ့ပြီလဲ၊ (သုံးခုပါဘုရား)။ တစ်က မင်းတုတ်၊ နှစ်ကဖား၊ သုံးက (လမ်းနှစ်ခွပါဘုရား)။ လမ်းနှစ်ခွရောက်။ တူးပစ်လိုက်တော့လမ်း

၁။ [၂]။ မ၊ ၁။ ၁၉၆

ပျောက်သွားပြီ၊ ဆရာ လမ်းနှစ်ခွတူးပြီးပါပြီ အဲဒီလမ်းနှစ်ခွမရှိတော့ဘူး၊ ဘာဆက်လုပ်ရမလဲ။ **အဘိက္ခဏာ သုမေဓ သတ္ထံ အာဒါယ**။ သုမေဓ၊ တပည့်။ သတ္ထံ၊ တူးရွင်းကို။ အာဒါယ၊ ကိုင်စွဲ၍။ အဘိက္ခဏာ၊ ဆက်သာတူးတဲ့ ဆက်တူးပြန်တော့ အဘိက္ခဏာန္တော သုမေဓ သတ္ထံ အာဒါယ၊ လက်နက်ကိုင်ပြီးတော့ တပည့်ဆက်တူးပြန်တော့ ဘာတွေ့ပြန်တုန်းဆိုတော့-

စတုတ္ထတွေ့ရ ရေစစ်

စက်ဝါရံ အဒ္ဒသ။ စက်ဝါရံ၊ ဆပ်ပြာရေစစ်ဆိုတဲ့ ရေစစ်တစ်မျိုးကို။ အဒ္ဒသ၊ တွေ့တယ်။ သဲဆပ်ပြာတွေ ဘာတွေညာတွေ ဘုန်းကြီးတို့ပရိသတ် အရည်ဖျော် သဲတွေ ရွံ့တွေမပါရအောင် အရည်ကြည်ချည်း ကော့စတစ်ဓာတ်တွေသပ်သပ်ရအောင်စစ်တာကို ဆပ်ပြာရေစစ်တဲ့ဟုတ်လား။ စက်ဝါရံဘဒန္တေ၊ ဆပ်ပြာရေစစ်တွေ့ပါတယ်ဆရာ။ ဟာ ငါ့တပည့် ဥက္ခိပ စက်ဝါရံအဲဒီဆပ်ပြာရေစစ်ကြီးလည်းဘဲ ကောက်ပစ်လိုက်ကွာ။ ဥက္ခိပိတွာ ကောက်ပစ်လိုက်ပြီးသည်ဖြစ်၍။ ဆပ်ပြာရေစစ်ကို ကောက်ပစ်ပြီးပြီ ဆရာ ဘာဆက်လုပ်ရမလဲ အဘိက္ခဏာ သုမေဓ သတ္ထံ အာဒါယ။ ငါ့တပည့် ဆက်သာတူး ဆက်တူး ဆက်တူး ခွေးတွေတစ်လုံးလုံးနဲ့ တပည့်လုပ်သူ တူးပါတယ် တူးရင်း တူးရင်းနဲ့ ဘုန်းကြီးတို့ပရိသတ်ရေ တွေ့ပြန်ပြီတစ်ခု -

လိပ်တစ်ကောင်တွေ့ရ ပဉ္စမ

ကုမ္ဘော ဘဒန္တေ။ ဘဒ္ဒန္တေ၊ အိုဆရာ။ ကုမ္ဘော၊ လိပ်ကြီးတစ်ကောင်တွေ့ပြီ။ တောင်ပို့ထဲက ဘာရလဲ၊ လိပ်ကြီးပါဘုရား။ လိပ်တစ်ကောင် ရတယ်။ ကုမ္ဘော ဘဒန္တေ လိပ်တစ်ကောင်ရတယ် ဆရာ။ လိပ်တွေ့ပြန်ပလား တွေ့ပြီ။ ဥက္ခိပ ကုမ္ဘံ။ ကုမ္ဘံ၊ လိပ်ကြီးကို။ ဥက္ခိပ၊ မြှောက်လိုက်ပါ ကောက်လိုက်ပါ ပယ်လိုက်ပါ ပစ်လိုက်ပါ ငါ့တပည့် အဲဒီလိပ်ကြီး ကောက်ပစ်ကွာ။ ဘယ်နှစ်ခုရပြီလဲ ငါးခုပါဘုရား။ မင်းတုတ် ဖားပွား လမ်းနှစ်ခွ ဆပ်ပြာရေစစ် လိပ်တစ်ကောင် ငါးခုရပြီ။ မှန်လှပါဘုရား။ လိပ်ကြီးကောက်ပစ်ပြီးပြီ ဆရာ့ ဘာဆက်လုပ်ရဦးမှာတုန်း။ ဟာ ငါတပည့် မလျှော့နဲ့ဆက်သာတူး။ အတင်းချည်းတူးခိုင်းနေတာဘဲ တစ်ခုပြီးတစ်ခု ကောက်ပစ်။

ခြောက်ကြိမ်မြောက်က သန်လျက်နဲ့စဉ့်တီတုံးတွေ့ရ

သတ္ထံ၊ လက်နက်ကို။ အာဒါယ၊ ကိုင်စွဲ၍။ အဘိက္ခဏန္တော၊ ဆက်တူးပြန်သည်ရှိသော်။

အဘိက္ခဏန္တော သုမေဓော သတ္ထံ အာဒါယ အဒ္ဒသ အသိသူနံ၊ အသိသူနံ၊ သန်လျက်နဲ့စဉ့်တီတုံးကို။ အဒ္ဒသ၊ တွေ့တယ်။ ဘာတွေ့လဲ၊ သန်လျက်နဲ့စဉ့်တီတုံးပါဘုရား။ သန်လျက်စဉ့်တီတုံး။ ဟို မီးဖိုချောင်စကားပြောရင်တော့ ဓားဦးချွန်းတစ်ချောင်းနဲ့စဉ့်တီတုံးရတယ် ဟုတ်လား။ သန်လျက်နဲ့ဓားဦးချွန်းနဲ့သိပ်မကွာဘူး။ တစ်ဖက်သွား နှစ်ဖက်သွား ဒါဘဲကွာတယ်။ ဓားဦးချွန်းက တစ်ဖက်သွားရှိတယ်၊ သန်လျက်က နှစ်ဖက်သွားရှိတယ် ဒါပါဘဲ။

အေး သန်လျက်ဓားဦးချွန်းတစ်ချောင်းနဲ့စဉ့်တီတုံး။ စဉ်းပြီးတော့ လှီးတာ ကြက်ကလေးတွေ စဉ်းတာ လှီးတာ ဝက်ကလေးတွေ စဉ်းတာ လှီးတာ တုံးလေးပေါ်မှာလေ။ အဲဒီတုံးလေးဟာ သားကောင်တွေစဉ်းစဉ်းပြီးတော့ လှီးတဲ့အတွက်ကြောင့် စဉ်းလှီးတုံး ဟုတ်လား (မှန်ပါဘုရား)။ စဉ်းလှီးတုံးနဲ့ဓားနဲ့က အံမယ် သူတို့က မိတ်ဖက်ကိုဗျ။ ဆရာ ဓားတစ်ချောင်း (သို့မဟုတ်) သန်လျက် (သို့မဟုတ်) ဓားဦးချွန်းကြီးနဲ့ စဉ်းလှီးတုံးကြီးဗျို့။ ငါ့တပည့် ဥက္ခိုပအသိသူနံ။ အသိသူနံ၊ စဉ်းလှီးတုံးနဲ့သန်လျက်ကိုလည်းဘဲ။ ဥက္ခိုပ၊ ဖယ်ပစ်လိုက်ပါ မြောက်ပစ်လိုက်ပါ ခွါပစ်လိုက်ပါ စွန့်ပစ်လိုက်ပါ စဉ်းလှီးတုံးနဲ့ဓားကိုကောက်ပစ် ပယ်ပစ်ပြီးပြီ။ ဘာဆက်လုပ်ရမလဲ အဘိက္ခဏ သုမေဓ သတ္ထံ အာဒါယ တူရွင်းကို ဆက်သာတူးပါ။ ဆက်တူးချည်းဘဲ။

အသားတစ် အသားတုံးတွေ့ရ သတ္တမ

အဘိက္ခဏန္တော သုမေဓော သတ္ထံ အာဒါယ အဒ္ဒသ မံသပေသိ[1]။

သုမေဓော၊ ပညာရှင်သည်။ သတ္ထံ၊ လက်နက်ကို။ အာဒါယ၊ ကိုင်စွဲ၍။ အဘိက္ခဏန္တော၊ ဆက်ကာဆက်ကာတူးလိုက်သည်ရှိသော်။ ဆက်ကာတူးလိုက်သည်ရှိသော် နောက်တစ်ခါတွေ့လိမ့်ဦးမယ်၊ အဒ္ဒသ မံသပေသိ[1]၊ မံသ

၁။ မ။ ၁၊ ၁၉၆

ပေသီ၊ သွေးသံရဲနေတဲ့အသားတုံးတစ်ခုကို။ အဒ္ဒသ၊ တွေ့ပြန်တယ်။ အောင်မယ် အသားတုံးကြီး တောင်ပို့ထဲဘယ်သူမျှားထည့်ထားသလဲ။ သွေးရဲနေတဲ့အသားတုံးကြီးတစ်ခုတွေ့တော့ ဆရာ မံသပေသိ ဘဒန္တေ အသားတုံးကြီးတွေ့တယ် အသားတုံးကြီးတွေ့တယ်ဆရာ။ သုမေဓ၊ ပညာရှိ၊ တံ မံသပေသိ ံ၊ ထိုတွေ့နေတဲ့အသားတုံးကြီးကို။ ဥက္ခိပ၊ ပယ်ပစ်လိုက်ပါ။ အသားတုံးကြီးကို ပယ်လိုက်ပါ။ အသားတုံးကြီးကိုပယ်ပြီးပါပြီဆရာ ဘာဆက်လုပ်ရမလဲ

အဘိက္ခဏန္တော သုမေဓော သတ္ထံ အာဒါယ အဒ္ဒသ နာဂံ။ တူရွင်းကိုင်ပြီးတော့ ငါတပည့် ဆက်သာတူးတဲ့။ ကောင်းပြီးဆရာ တူးဆိုရင် တူးပါ့မယ်ဆိုပြီးတော့ သုမေဓော၊ ပညာရှင်သည်။ သတ္ထံ၊ တူရွင်းကို။ အာဒါယ၊ ကိုင်စွဲ၍။ အဘိက္ခဏန္တော၊ ဆက်တူးပြန်သည်ရှိသော် တူရွင်းကိုင်ဆက်တူးတဲ့အခါကြတော့ နောက်တစ်ခါဘာတွေ့ပြန်တုန်း၊ အဒ္ဒသ နာဂံ၊ နာဂံ၊ နဂါးတစ်ကောင်ကို။ အဒ္ဒသ၊ တွေ့ပြီနဂါးကြီးတွေ့တယ် ဘာတွေ့လဲ (နဂါးတွေ့ပါတယ် ဘုရား)။ နာဂံ၊ နဂါးကို။ အဒ္ဒသ၊ တွေ့ပြီ၊ နဂါးဆိုရင်ဘုန်းကြီးတို့ပရိသတ်အပေါင်းသူတော်ကောင်းတို့ကတော့ ဟောဒိဓမ္မာရုံကြီးအပေါက်ဝက ပါးစပ်ဖြဲပြီးတွဲလောင်းချိတ်နေတဲ့အကောင်ကြီးသွားသွားမြင်မယ်။ အဲဒါကို သွားသွားပြီးမရှလိုက်ပါနဲ့၊ ပါဠိမှာ နာဂ၊ အဲဒီ နာဂကို ပါဠိသက်ဝေါဟာရနဲ့ဘာသာပြန်တော့နဂါး ဒီလိုဖြစ်လာတယ်၊ နာဂကနေ နဂါးဟုတ်လား။

နာဂ ဆိုတာဘာလဲ

နာဂဆိုတာ တကယ့်ကိုဘဲ မြွေမျိုးထဲကနဂါးကိုလည်းဟောပါတယ်၊ ခြေလေးချောင်းနဲ့ အစွယ်ပြူးပြူးနဲ့ဆင်ပြောင်ကြီးကိုလည်းနာဂလို့ခေါ်ပါတယ်၊ သိမ်ကဆင်းတဲ့ရဟန်းလောင်းကိုလည်းနာဂခေါ်ပါတယ်၊ ရဟန္တာကြီးမျှားကိုလည်းဘဲနာဂခေါ်ပါတယ်တဲ့၊ နာဂပုဒ်က အဲဒီအနက်တွေကိုဟောတယ်။ ဒီနေရာမှာ နာဂဟာဘာကိုဆိုလိုတယ်ဆိုတာကို အကျယ်ရှင်းလင်းချက်ကြမှသူဖွင့်မှာဆိုတော့ အသာလေးထား စောစောစီးစီးမေးခွန်းမပေါက်နဲ့ သူ့နေရာနဲ့သူကြမှ။

နာဂေါ ဘဒန္တေ ၊ ဘဒန္တေ၊ အိုဆရာ။ နာဂေါ၊ နဂါးကြီးပါဘုရား၊

နာဂေါ၊ နဂါးကြီးပါဆရာ၊ နဂါးတွံ့ပြီ နာဂကိုတွေ့ပြီဆိုတဲ့အခါကြတော့ အဲဒီအခါ ဆရာပုဏ္ဏားကလှမ်းပြီးတော့ပြောတယ်။ ဟာ ငါတပည့် နာဂကိုတွေ့ရင် မင်းဆက်မတူးနဲ့တော့၊

တိဋ္ဌတု နာဂေါ၊ နာဂေါ၊ နာဂသည်။ တိဋ္ဌတု၊ ရှိပါစေ။ နာဂဒီအတိုင်းထား မထိနဲ့နော်၊ တိဋ္ဌတု နာဂေါ့ နာဂေါ၊ နာဂသည်။ တိဋ္ဌတု၊ ရှိပါစေတော့။ **မာ နာဂံ ယဇ္ဇေသိ။** နာဂံ၊ နဂါးကို။ မာ ယဇ္ဇေသိ၊ တူရွင်းပြားနဲ့ မပုတ်လိုက်ပါနဲ့။ နာဂကို မပုတ်နဲ့။ နာဂကို၊ မပုတ်နဲ့ပါဘုရား တူရွင်းပြားနဲ့ မတို့လိုက်ပါနဲ့ မရိုက်လိုက်ပါနဲ့ မပုတ်လိုက်ပါနဲ့ မတူးလိုက်ပါနဲ့ နာဂကို အသာလေးထားပါ။ ဘာလုပ်ရမှာတုန်းဆိုတော့ မာ နာဂံ ယဇ္ဇေသိ နာဂကို မထိခိုက်ပါနဲ့။

နမော ကရောဟိ နာဂဿ။ နာဂဿ၊ အဲဒီနာဂအား။ နမော၊ ရှိခိုးခြင်းကို။ ကရောဟိ၊ ပြုပါ။ နဂါးတွေ့ရင် တူရွင်းနဲ့သွား မရိုက်ပါနဲ့ ရှိခိုးပါတဲ့။ နာဂတွေ့ရင် ဘာလုပ်ရမလဲ၊ (ရှိခိုးရမှာပါဘုရား)။ တူရွင်းပြားနဲ့ရိုက်ရမှာလား။ (မရိုက်ရပါဘုရား)။ တူးပစ်ရမှာလား၊ (မတူးပစ်ရပါဘုရား)။ ဘာလုပ်ရမလဲ၊ (ရှိခိုးရမှာပါဘုရား)။ ဘုန်းကြီးတို့ပရိသတ် တောင်ပို့ကြီးတူးလို့ နဂါးတွေ့ရင် ဘာလုပ်ရမလဲ (ရှိခိုးရမှာပါဘုရား)။ အင်း နဂါးတွေ့ရှိခိုးရင်တရုပ်မျိုးဖြစ်သွားမယ်။ နာဂကိုရှိခိုးရမယ်တဲ့ ဘာကိုလဲ၊ (နာဂကိုပါဘုရား)။ နာဂဆိုတာ ရဟန်းလောင်းလား၊ ဆင်ပြောင်လား၊ ရဟန္တာလား၊ တစ်ခုခုဘဲ မြွေမျိုးထဲကနဂါးတော့မဟုတ်ဘူး။ တိဋ္ဌတု နာဂေါ၊ နာဂဒီအတိုင်းရှိပါစေ။ မာ နာဂါ ယဇ္ဇေသိ၊ နာဂကိုမထိခိုက်ပါနဲ့။ နမော ကရောဟိ နာဂဿ၊ နာဂကိုရှိခိုးပါလေ။

ဘုရားထံမှောက် မေးလျှောက်ရန်ညွှန်ကြား

တွင်းထဲက ဘယ်နှစ်မျိုးတွေ့သလဲ၊ (ရှစ်မျိုးပါဘုရား)။ မင်းတုပ်၊ ဖားပွလမ်းနှစ်ခွ၊ ဆပ်ပြာရေစစ်၊ လိပ်၊ ဓားနဲ့စဉ်းလှီးတုံးပုဒ်ကိုတစ်ခုတည်းယူပါ အေးဓားနဲ့စဉ်းလှီးတုံး၊ ပြီးတော့အသားတစ်၊ နာဂ ရှစ်ခုရတယ်မို့လား။ (မှန်လှပါဘုရား)။ တောင်ပို့တူးလိုက်တာ အဲဒီရှစ်ခုရတယ် ဘယ်ကျမှရပ်တုန်းဆိုတော့

၁။ ၂။ မ။ ၁၊ ၁၉၆

နာဂတွေ့.မှဘဲရပ်တော့်တယ်တဲ့။ နာဂတွေ့.ရင်ရပ်ပလား၊ (ရပ်ပါပြီဘုရား)။ ရပ်ပြီဗျာ လေးနာရီကျော်ပြီ၊ နာဂတွေ့.ရင်ရပ်မှ လေးနာရီထိုးပြီဟုတ်လား။ ဘိက္ခု၊ ရဟန်း။ ဣမေ ပဥ္စ၊ ဤမေးခွန်းတို့ကို။ ဘဂဝန္တံ၊ ဘုန်းတော်ခြောက်ပါးသခင်း ဘုရားရှင်ကိုယ်တော်မြတ်ကို။ ဥပသင်္ကမိတွာ၊ ချဉ်းကပ်ပြီးတော့။ ပုစ္ဆ၊ မေးတော်မူပါတော့ဘုရား ဗြဟ္မာကြီးက။ အရှင်ဘုရား အဲဒီမေးခွန်းတွေကို သယ်ဆောင်သွားပြီတော့ မြတ်စွာဘုရားကိုယ်တော်မြတ်ကို ချဉ်းကပ်၍ မေးတော်မူပါ။

ယထာ စ တေ ဘဂဝါ ဗျာကရောတိ၊ တထာ နံ ဓာရေယျာသိ။ [၁]

ယထာ ယေန အာကာရေန၊ အကြင်သို့သောအခြင်းအရာအားဖြင့်။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်သည်။ ဗျာကရောတိ၊ ဖြေကြားတော်မူခဲ့ပေရာ၏။ တထာ၊ ထိုဘုရားရှင်ကိုယ်တော်မြတ် ဖြေကြားတော်မူသည့်အတိုင်းသာလျှင်။ နံ၊ ထိုအမေးအဖြေကို။ ဓာရေယျာသိ၊ မှတ်သားပါလေ။အရှင်ဘုရား ဒီမေးခွန်းတွေကို မြတ်စွာဘုရားထံချဉ်း ကပ်ပြီတော့မေးပါ ဘုရားရှင်ကိုယ်တော်မြတ်ဖြေကြားပါလိမ့်မယ် ဘုရားကိုယ် တော်မြတ်ဖြေကြားတော်မူသည့်အတိုင်း ဤမေးခွန်းရဲ့အဖြေတွေကို အရှင် ဘုရား မှတ်သားတော်မူပါ ဗြဟ္မာကြီးကနော်။ မှန်လှပါဘုရား။

နာဟံ တံ ဘိက္ခု ပဿာမိ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ၊ ယော ဣမေ သံ ပဉ္ဉာနံ ဝေယျာကရဏေန စိတ္တံ အာရာဓေယျ။ [၂]

အမေးပုစ္ဆာ ဘုရားမှတပါး ဖြေဆိုနိုင်သူမရှိပါ

ယော၊ အကြင်သူသည်၊ ဣမေသံ ပဉ္ဉာနံ၊ ဤပြဿနာတို့ကို။ ဝေယျာကရဏေန၊ ဖြေဆိုခြင်းဖြင့်။ တေ၊ အရှင်ဘုရား၏။ စိတ္တံ၊ စိတ်ကို။ အာရာဓေယျ၊ ကျေနပ်နှစ်သက်စေနိုင်လောက်ရာ၏။ တံ တာဒိသံ၊ ထိုကဲ့သို့သော ရှိသော။ ပုဂ္ဂလံ၊ အရှင်ဘုရား စိတ်ကျေနပ်အောင်ဖြေကြားနိုင်မယ့်ပုဂ္ဂိုလ်ကို။

၁။ ၂။ မ။ ၁၊ ၁၉၆

သဒေဝကေ လောကေ၊ သမာရကေ လောကေ၊ သဒေဝကေ လောကေ သမာရကေ၊ သမာရကေ၊ မာရ်မင်းပြည်ဝသဝတ္တီနတ်ပြည်နှင့်တကွသော။ သဒေဝကေ၊ ဝသဝတ္တီနတ်ပြည်မှကြွင်းသော နတ်ပြည်ငါးထပ်နှင့်တကွဖြစ်သော။ သဗြဟ္မကေ၊ ဗြဟ္မာ့ပြည်နှင့်တကွဖြစ်သော။ လောကေ၊ ဤသြကာသလောကသတ္တလောကကြီးရဲ့အတွင်း၌။ သဿမဏဗြဟ္မဏိယာ၊ သမဏာ ဗြဟ္မဏာခေါ်ဆိုပုဂ္ဂိုလ်သူမြတ်နှင့်တကွဖြစ်သော။ ဒေဝမနုဿာယ၊ သမုတိနတ်ဆိုသောမင်းကြွင်းသောလူအပေါင်းနှင့်တကွဖြစ်သော။ ပဇာယ၊ သတ္တလောက၌။ အဟံ၊ တပည့်တော်သည်။ နု ပဿာမိ၊ တွေ့မြင်ခြင်းမရှိပါဘုရား။

ဤ ပြဿနာဖြေကြားနိုင်မယ့်ပုဂ္ဂိုလ်ကို ဘုရားမှတပါးအခြားပုဂ္ဂိုလ်ကို လူ့လောကမှာလည်းမတွေ့ဘူး၊ နတ်လောကမှာလည်းမတွေ့ဘူး၊ ဗြဟ္မာလောကမှာလည်း မတွေ့ဘူး၊ ဒါကြောင့် အရှင်ဘုရားဟာ ဤပြဿနာတို့ရဲ့အဖြေကို ဘုရားထံမှာသွားပြီးတော့တောင်းပါ။ တထာဂတံ၊ တထာဂတခေါ်ဆို ဘုရားရှင်ကိုယ်တော်မြတ်ကို။ ဥပသင်္ကမိတွာ၊ ချဉ်းကပ်ပြီး၍။ ဣမေသံ ပဉ္ဉာနံ၊ ဤပြဿနာတို့ရဲ့။ ဝေယျာကရဏံ၊ အဖြေကို။ ဘဂဝန္တံ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရား ရှင်ကိုယ်တော်မြတ်ကို။ ဥပသင်္ကမိတွာ၊ ချဉ်းကပ်ပြီးတော့။ ပုစ္ဆ၊ မေးပါ။ ယတ္ထ ယေန အာကာရေန၊ အကြင်သို့သော အခြင်းအရားဖြင့်။ ဘဂဝါ၊ ဘုရားရှင်ကိုယ်တော်မြတ်သည်။ ဗျာကရေယျ၊ ဖြေကြားစေရာ၏။ တတ္ထ၊ ထိုကဲ့သို့မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ဖြေကြားတော်မူသည့် အတိုင်းသာလျှင်။ မာရေယျာသိ၊ အရှင်ဘုရားမှတ်သားတော်မူပါလော့လို့။ ဣတော၊ ဤတပည့်တော်ရဲ့အထံမှ။ သုတ္တာ၊ ကြားနာပြီလို့။ ဘဂဝတော၊ ဘုရားရှင်ကိုယ်တော်မြတ်ထံမှာ။ သုဏာဟိ၊ နာကြားတော်မူပါဦးဘုရား။ ဗြဟ္မာကြီးထံကနာကြားခဲ့ရတာက ပြဿနာတို့ရဲ့အမေးလို့ဆိုကြပါစို့။ မာတိကာခေါင်းစဉ်လောက်ဘဲနာရတယ် အဖြေလို့ဆိုရတဲ့အဓိပ္ပါယ်အကျယ်ကို ဘုရားထံမှာနာပါ ဗြဟ္မာကြီးကအရှင်ကုမာရကသဃပကိုသင်ပေးလိုက်ပါတယ်။

ဣဒမဝေါ စ သာ ဒေဝတာ ဣဒံ ဝတွာ တတ္ထေဝန္တရဓာယိ။ [၁]

၁။ မ။ ၁၊ ၁၉၆

သာဒေ ဝတာ၊ ထိုဗြဟ္မာကြီးသည်။ ဣဒံ ဝစနံ၊ ဤစကားကို။ အဝေါစ၊ လျှောက် တင်ခဲ့တယ်။ ဣဒံ၊ ဤစကားကို။ ဝတွာ၊ လျှောက်တင်ပြီးတော့မှ။ သာဒေဝတာ၊ ထိုဗြဟ္မာကြီးသည်။ တတ္ထေဝ၊ ထိုအနွံဝန်တောထဲမှာပင်လျှင်။ အန္တရဓာယတိ၊ ကောင်းစွာမသွေ ကွယ်ပျောက်ခဲ့ပါပေတော့သတည်း။

သာဓု သာဓု သာဓုပါဘုရား။

ဗြဟ္မာကြီးက မေးခွန်းတွေ စီစဉ်ပြီးတော့ အရှင်ကုမာရကဿပအား လျှောက်ကြား မြတ်စွာဘုရားကိုမေးပါတော့ အဖြေကတော့ ဘုရားထံဘဲ နာကြားပါ။မေးခွန်းရဲ့ မာတိကာစဉ် တပည့်တော်သင်ပေးခဲ့ပါတယ်ဆိုပြီးတော့ လျှောက်ကြား။ အရိုအသေပြုပြီးတော့ ဗြဟ္မာကြီးအနွံဝန်တောအုပ်က တဖြည်းဖြည်း အရောင်တွေမှိန်၍မှိန်၍ ဗြဟ္မာ့ပြည်သို့ပြန်ပါပြီနော်။ ဘုန်းကြီးတို့ ပရိသတ်လည်းဘဲ ပြန်ဖို့အချိန်ကျပါပြီတဲ့။ မေးခွန်းရဲ့အဖြေများ မနက်ဖန် ခါညကြမှဆက်ကြရအောင်နော်။ ဒီကနေ့တော့လေးနာရီတိတိ ဒီမှာဘဲရပ်ဆိုင်းပြီးတော့ထား

တတိယပိုင်း

၁၃၄၃-ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉-ရက်နေ့ည၊ မန္တလေးမြို့၊ ၂၅-လမ်း၊ ဒေါ်အမာက ဓမ္မဒါနပြုသဖြင့် ဆင်ယင်ကျင်းပသည့် ဓမ္မသဘင်၌ ဟောကြားအပ်သော မဇ္ဈိမနိကာယ်၊ မူလပဏ္ဏာသပါဠိတော်၌လာသော ဝမ္မိကသုတ္တန်တရားတော် တတိယအပိုင်း၊ ဝမ္မိကသုတ္တန်တရားတော် တတိယအပိုင်း မဟောကြားသေခင် မနာကြားသေးခင် တရားပိုင်ရှင်ဖြစ်တော်မူသော သပ္ပဲညူ မြတ်စွာဘုရားအား လက်အုပ်ချီမိုး ရှိခိုးကြရအောင်။

ဝမ္မိကသုတ္တန်တရားတော်ကို မနေ့က ဘုရားကြီး မဟာမြတ်မုနိ ရုပ်ရှင်တော်ရဲ့ စေတီယဂ်ဏအတွင်း တည်ခင်းထားသော မိုးကောင်းဓမ္မာရုံတော်ကြီးမှာ ဒုတိယပိုင်းအဖြစ်နဲ့ အရှင်ကုမာရကဿပမထေရ် တရားနှလုံးကျင့်သုံးတဲ့ အနွံဝန်တောအုပ် ထိုအနွံဝန်တောအုပ်ထဲ သန်းခေါင်ကျော်ကာလမှာ ဘဝဟောင်းက တရားကျင့်ဖော်ကျင့်ဖက် တရားအားထုတ်ဖော် တရားအားထုတ်ဖက်ဖြစ်ခဲ့သော အနာဂါမ်ဗြဟ္မာကြီး ဆိုက်ရောက်လာပြီး အရှင်ကုမာရကဿပ

မထေရ်အား ပြဿနာ တစ်ဆယ့်ငါးရပ်ကို တင်ပြသွား။ တစ်နည်းတော့ မေးဖို့ ရန် မေးခွန်းတစ်ဆယ့်ငါးခုကို အရှင်ကုမာရကဿပမထေရ်အား သင်ပေးသွား တယ်။ ထိုမေးခွန်းတစ်ဆယ့်ငါးခုတင်ပြသွားပြီးတော့ ဗြဟ္မာကြီးလည်းဘဲ အရှင် ကုမာရကဿပမထေရ်ကို လက်အုပ်ချီမိုးရှိခိုးပြီးတော့ ဗြဟ္မာ့ပြည်ပြန်သွား တယ်။ အဲဒီမှာ ဘုန်းကြီးတို့တရားနိဂုံးချုပ်ထားပစ်ခဲ့တော့ ရောက်ရာကနေ ဒီကနေ့ဆက်ရအောင်။ ထိုသုဒ္ဓါဝါသဘုံကလာခဲ့တဲ့ အနာဂါမ်ဗြဟ္မာကြီး အရှင် ကုမာရကဿပမထေရ်ကို လျှောက်ထားသွားတဲ့အထဲမှာ နိဂုံးချုပ်လျှောက် ထားချက်ကလေးကို ကြည့်လိုက်စမ်းပါ။

ပြဿနာပဟေဠိကို အဖြေညှိရန်

နာဟံ တံ ဘိက္ခု ပဿာမိ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏဗြဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ၊ ယော ဣမေသံ ပဉ္ဉာနံ ဝေယျာကရဏေန စိတ္တံ အာရာဓေယျ အညတြ တထာ ဂတေန ဝါ တထာဂတသာဝကေန ဝါ ဣတော၀ါ ပန သုတ္ဝာတိ။

ဘိက္ခု၊ ရဟန်း။ တံ တာဒိသံ၊ ထိုကဲ့သို့သဘောရှိသော။ ပုဂ္ဂလံ၊ ဤ ပြဿနာတစ်ဆယ့်ငါးရပ်ကို ဖြေကြားနိုင်မည့်ပုဂ္ဂိုလ်ကို။ နာ သမနုပဿာမိ၊ တွေ့မြင်ခြင်း အလျင်းမရှိပါပေ။ နာ သမနုပဿာမိ၊ မတွေ့မမြင်ခဲ့ပါ။ ဘာကို မတွေ့မမြင်တာလဲ။ တံ တာဒိသံ၊ ထိုကဲ့သို့သဘောရှိသော။ ပုဂ္ဂလံ၊ ထိုပြဿနာ တစ်ဆယ့်ငါးရပ်ကို ဖြေကြားနိုင်မည့်ပုဂ္ဂိုလ်ကို။ နာ သမနုပဿာမိ၊ မတွေ့မမြင် ခဲ့ပါ။ ဘယ်မှမတွေ့မမြင်တာတုန်းဆိုတော့ သဒေဝကေ လောကေ သမာရ ကေ၊ နတ်ပြည်ခြောက်ထပ်ဆိုတဲ့လောကကြီးတစ်ခုလုံးမှာ။ တံ တာဒိသံ၊ ထိုကဲ့ သို့သဘောရှိသော။ ပုဂ္ဂလံ၊ ပုဂ္ဂိုလ်ကို။ နာ သမနုပဿာမိ၊ မတွေ့မမြင်ခဲ့ပါ။ သဗြဟ္မကေ လောကေ၊ ဗြဟ္မာ့ပြည်နှစ်ဆယ်နှင့်တကွဖြစ်သော လောကမှာ လည်းဘဲ။ နာ သမနုပဿာမိ၊ မတွေ့မမြင်ခဲ့ပါ။

သဒေဝကေ လောကေ သမာရကေ။ သဒေဝကေ-က ဝသဝတ္တီမာရ် မင်းပြည်မှတစ်ပါး ကြွင်းကျန်တဲ့ နတ်ပြည်ငါးထပ်ကို သဒေဝကေ လောကေ။ သမာရကေ လောကဆိုတော့ ဝသဝတ္တီ နတ်ပြည်ကိုပြောတယ် အဲဒါကြောင့်

ဒီနှစ်ပိုဒ်ကို တစ်ပေါင်းတည်း ပြုပြီးတော့ နတ်ပြည်ခြောက်ထပ်မှာ ဤပြဿနာဖြေကြားနိုင်မည့်ပုဂ္ဂိုလ်ကို ငါမတွေ့ဘူး။ သမာရကေ လောကေ သဗြဟ္မကေ။ သဗြဟ္မကေ၊ ဗြဟ္မာ့ပြည်နှင့်တကွသော။ လောကေ၊ လောကမှာလည်းဘဲ။ နသမနုပသဿာမိ၊ တွေ့ မြင်ခြင်းမရှိခဲ့ပါပေ။ ဗြဟ္မာ့ပြည်မှာလည်း ဤပြဿနာတစ်ဆယ့်ငါးရပ်ကို ဖြေကြားနိုင်မည့်ပုဂ္ဂိုလ်ကို ငါမတွေ့ခဲ့ပါ။ သဒေဝမနုဿာယ ပဇာယ၊ သမ္မုတိနတ်ဆိုသောမင်း လူနှင့်တကွဖြစ်သော သတ္တလောကကြီးမှာလည်းဘဲ။ နှ သမနုပသဿာမိ၊ မတွေ့မမြင်ခဲ့ပါ။ သဿမဏဗြဟ္မဏိယာ၊ သမဏဗြဟ္မဏခေါ်ဆိုတဲ့ သူတော်သူမြတ်အပေါင်းနဲ့တကွဖြစ်သော သတ္တလောကကြီးမှာလည်းဘဲ။ နှ သမနုပသဿာမိ၊ မတွေ့မမြင်ခဲ့ပါ။ ဆိုလိုတာကတော့ လူ့လောကရော နတ်လောကရော ဗြဟ္မာလောကရော ရဟန်းရောရသေ့ သူတော်စင်တို့ရဲ့လောကမှာပါ ဤပြဿနာတစ်ဆယ့်ငါးရပ်ဖြေကြားနိုင်မည့်ပုဂ္ဂိုလ်ကို ငါမတွေ့ခဲ့ဘူး။

သဿမဏဗြဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ၊ သမဏ ဗြဟ္မဏ ဆိုရတဲ့သူတော်ကောင်းပရိသတ်နှင့်တကွ သမ္မုတိနတ်ဆိုရသောမင်းနှင့်တကွသော လူ့လောကကြီးတစ်ခုလုံးမှာလည်းဘဲ။ ဧတံ တာဒိသံ၊ ထိုကဲ့သို့သဘောရှိသော။ ပုဂ္ဂလံ၊ ဤပြဿနာတစ်ဆယ့်ငါးရပ် ဖြေကြားနိုင် မည့်ပုဂ္ဂိုလ်ကို။ အဟံ၊ တပည့်တော်သည်။ နှ သမနုပသဿာမိ၊ မတွေ့မမြင်ခဲ့ပါဘုရား။ အညတြ တထာဂတေန ဝါ။ မြတ်စွာဘုရားမှတစ်ပါးလည်းကောင်း။ အညတြ တထာဂတသာဝကေန ဝါ၊ မြတ်စွာဘုရားရဲ့သာဝကမှတစ်ပါးလည်းကောင်း။ မြတ်စွာဘုရားမှတစ်ပါး ဘုရားရဲ့သာဝကမှတစ်ပါး ဤပြဿနာတစ်ဆယ့်ငါးရပ်ဖြေကြားနိုင်မည့်ပုဂ္ဂိုလ် သတ္တလောက ဩကာသလောကတစ်ခုလုံး ဘယ်မှာမှ တပည့်တော် ကြည့်မမြင်ဘူးဘုရား။

ဣတောဝါ ပန သုတ္တာ။ ဣတောဝါ ပန သုတ္တာဆိုတာက ဣတောဝါ၊ ဤတပည့်တော်ရဲ့ထံမှလည်းဘဲ။ သုတ္တာ၊ ကြားနာ၍လည်းဘဲ။ ဣမေသံ ပဥ္စာနံ၊ ဤပြဿနာတို့ကို။ ဝေယျာကရဏေန၊ ဖြေဆိုခြင်းဖြင့်။ တော၊ အရှင်ဘုရားရဲ့။ စိတ္တံ၊ စိတ်ကို။ အာရာဓေယျ၊ နှစ်သက်စေနိုင်ခဲ့ပေရာ၏။ တပည့်တော်ထံကနာကြားပြီးတော့လည်းဘဲ ဤပြဿနာတို့ရဲ့အဖြေကို အရှင်

ဘုရားရဲ့စိတ်ကို နှစ်သက်လောက်အောင်ဖြေကြားနိုင်သော။ တံ တာဒိသံ၊ ထိုကဲ့သို့ သဘောရှိသော။ ပုဂ္ဂလံ၊ ပုဂ္ဂိုလ်ကို။ န သမနုပဿာမိ၊ မတွေ့မမြင်ခဲ့ပါ။ ဆိုလိုတာကတော့ လူ့လောကတစ်ခုလုံး နတ်လောကတစ်ခုလုံး ဗြဟ္မာလောကတစ်ခုလုံး ဤပြဿနာတစ်ဆယ့်ငါးရပ်ရဲ့အဖြေကို အရှင်ဘုရားလျှောက်ပြီးတော့မေး၊ အရှင်ဘုရားရဲ့စိတ်ကျေနပ်အောင်ဖြေကြားနိုင်မည့် ပုဂ္ဂိုလ်ကို အရှင်ဘုရားတွေ့မည်မဟုတ်ဘူးဘုရား။ ဣတောဝါ သုတ္တာ၊ တပည့်တော်ထံက နားထောင်ပြီးလို့လည်းဘဲ အရှင်ဘုရားဤပြဿနာတစ်ဆယ့်ငါးရပ်ရဲ့အဖြေကို ကျေနပ်အောင်ဖြေကြားနိုင်မည့်ပုဂ္ဂိုလ်ဟာတွေ့လိမ့်မည်မဟုတ်ဘူး၊ တပည့်တော်လည်းဘဲ အရှင်ဘုရားရဲ့စိတ်နှလုံးကျေနပ်အောင် ပြဿနာတစ်ဆယ့်ငါးခု မဖြေကြားနိုင်ဘူး အဓိပ္ပါယ်ကိုမပြောနိုင်ဘူးဘုရား ဒီလိုဆိုလိုတာ-

ဣတောဝါ ပန သုတ္တာ။ ဣတောဝါ၊ ဤတပည့်တော်ရဲ့ထံမှလည်းဘဲ။ သုတ္တာ၊ ကြားနာ၍။ ဣမေသံ ပဉ္ဉာနံ၊ ဤပြဿနာတို့ကို။ ဝေယျာကရဏောန၊ ဖြေဆိုခြင်းဖြင့်။ တေ၊ အရှင်ဘုရားရဲ့။ စိတ္တာသ၊ စိတ်ကို။ အာရာဓေယျ၊ နှစ်သက်စေနိုင်ခဲ့ပေရာ၏။ တံ တာဒိသံ၊ ထိုကဲ့သို့ အရှင်ဘုရားရဲ့စိတ်ကို ကျေနပ်အောင် ဖြေကြားနိုင်မည့်ပုဂ္ဂိုလ်ကို။ အဟံ၊ တပည့်တော်သည်။ သဒေဝကေ လောကေ သမာရကေ၊ နတ်လောကတစ်ခုလုံးမှာ။ သပြဟ္မကေ လောကေ၊ ဗြဟ္မာ့လောကတစ်ခုလုံးမှာ။ ပဇာယ သဒေဝမနုဿာယ ၊ လူ့လောကတစ်ခုလုံးမှာ။ န ပဿာမိ၊ မမြင်ခဲ့ပါဘုရား။ ဘော ကဿပ၊ အို အရှင်ကဿပ၊ တသ္မာ၊ ထို့ကြောင့်။ တွံ၊ အရှင်ဘုရားသည်။ ဣမေ ပဉ္ဉေ၊ ဤပြဿနာတို့ကို။ ပရိယာပုဏိတွာ၊ သင်ယူပြီးတော့ မှတ်သားပြီးတော့။ ဥဂ္ဂဟိတွာ၊ သင်ယူပြီးတော့။ ဓာရယိတွာ၊ ဆောင်ထားပြီးတော့။ သလ္လက္ခေတွာ၊ ကောင်းစွာမှတ်ပြီးတော့။ ယေန ဘဂဝါ တေနုပသင်္ကမ ဘုရားရှိရာချဉ်းကပ်တော်မူပါဦးဘုရား။ ဥပသင်္ကမိတွာ၊ ချဉ်းကပ်ပြီးတော့။ ဘဂဝန္တံ၊ ဘုန်းတော်ခြောက်ပါးသခင်ဘုရားရှင်ကိုယ်တော်မြတ်ကို။ ဣမေ ပဉ္ဉေ၊ ဤပြဿနာတို့ကို။ ပုစ္ဆ၊ မေးပါလေလော့။ ယထာ တေ ဘဂဝါ ဗျာကရောတိ။ ယတ္ထ၊ အကြင်သို့သော အခြင်းအရာဖြင့်။ ဘဂဝါ၊ မြတ်စွာဘုရားရှင်သည်။ တေ၊ အရှင်ဘုရားအား။

ဗျာကရေယျ၊ ဖြေကြားခဲ့ပေရာ၏။ တထာ တေန အာကာရေန၊ ထိုမြတ်စွာဘုရားရှင်ကိုယ်တော်မြတ် ဖြေကြားတော်မူသည့်အတိုင်းသာလျှင်။ တွံ၊ အရှင်ဘုရားသည်။ ဣမေသံ ပဉ္စာနံ၊ ဤပြဿနာတို့ရဲ့။ ဝေယျာကရဏံ၊ အဖြေကို။ ဓာရေယျာသိ၊ မှတ်ပါလေလော့။ ဘော ကဿပ၊ အို အရှင် ကဿပ။ ဘဂဝန်၊ ဘုန်းတော်ခြောက်ပါးသခင်ဘုရားရှင်ကိုယ်တော်မြတ်ကို။ ဥပသင်္ကမိတွာ၊ ချဉ်းကပ်ပြီးတော့။ ပုစ္ဆ၊ မေးပါလေလော့။ ဣတိ၊ ဤသို့။ သာ ဒေဝတာ ပုရာဏာသာလောဟိတာ ဒေဝတာ၊ ရှေဘဝဟောင်းတုန်းက သဟယ်ချင်း သူငယ်ချင်း သီတင်းသုံးဖော်ဖြစ်ခဲ့သော အနာဂါမ်ပြဟ္မာကြီးသည်။ အာယသ္မန္တံ ကုမာရကဿပံ၊ အရှင်ကုမာရကဿပမထေရ်ကို။ ဧတံ ဝစနံ၊ ဤစကားကို။ အဝေါစ၊ ကောင်းစွာမသွေလျှောက်ထား လိုက်ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

ပြဿနာဖြေဆိုနိုင်မည့်ပုဂ္ဂိုလ် သူညွှန်းဆို

ပြဟ္မာကြီးရဲ့လျှောက်ထားချက်ဟာ အရှင်ဘုရားဤပြဿနာတို့ရဲ့အဖြေကို လူ့လောက နတ်လောက ပြဟ္မာလောက ရဟန်းလောက မင်းတို့ရဲ့လောက လူသာမန်တို့ရဲ့လောက ဘယ်လောကမှာဘဲမေးမေး အရှင်ဘုရားရဲ့စိတ်ကို ကျေနပ်အောင် ဖြေကြားနိုင်မည့်ပုဂ္ဂိုလ်တော့ မမြင်ဘူးဘုရား တပည့်တော်ထံကနားကြားလို့လဲ အရှင်ဘုရားကျေနပ်မှာမဟုတ်ဘူး။ ဣတောဝါ ပန သုတ္တာ တပည့်တော်ထံကနာကြား၍လည်းဘဲ အရှင်ဘုရားရဲ့စိတ်ဟာ ကျေနပ်လိမ့်မည်မဟုတ်ဘူး။

ဒါ့ကြောင့် မြတ်စွာဘုရားကိုသာ ချဉ်းကပ်၍မေးတော်မူလို့လျှောက်ထား အရိုအသေပြုရှိခိုးပြီးတော့ ပြဟ္မာကြီးဟာ ပြဟ္မာ့ပြည်ပြန်တယ်ပေါ့လေ။ သိကြားမင်းဆိုရင်တော့ တာဝတိံ သာနတ်ပြည်ပြန်ရမှာ။ ဤသုတ္တန်အရ ပုရာဏသာလောဟိတာ ဒေဝတာလို့ဆိုပေမယ့် နတ်ပြည်ခြောက်ထပ်က နတ်သားတစ်ယောက်ယော်က်မဟုတ်ဘူး။ ပုရာဏ သာလောဟိတာ ပြဟ္မာလို့ ဒီလိုဆိုရမှာ ပါဠိတော်မှာဆိုရိုးဆိုစဉ်နှုတ်ကျိုးတဲ့စကား ပုရာဏ သာ လောဟိတာ ဒေဝတာ ဒီလောက်ဘဲလာတယ်။ တကယ်တော့ရှေ့ဘဝဟောင်းက တရား

ကျင့်ဘက်ပြဟ္မာကြီး၊ ပြဟ္မာကြီးပြန်သွားတော့ အရုဏ်ကျင်းလို့လင်းပါပြီ။ အရုဏ်ကျင်းအလင်းရောက်တော့ အရှင်ကုမာရကဿပမထေရ်ကြီး ဤပြဿနာတို့ကိုမှတ်သား တစ်ဆယ့်ငါးခု၊ မှတ်သားပြီးတော့ သာဝတ္ထိပြည် မွန်ဇေတဝန်ကျောင်းတိုက် မြတ်စွာဘုရားရှိရာကိုချဉ်းနင်းဝင်ရောက်လို့ မြတ်စွာဘုရားကိုလက်အုပ်ချီမိုးရှိခိုး သင့်တော်သောနေရာမှာထိုင်ပြီးတော့ တစ်ညလုံး ပြဟ္မာကြီးနဲ့သူနဲ့ အန္ဓဝန်တောထဲမှာဆွေးနွေးခဲ့တဲ့အကြောင်းအရာများ ပြဟ္မာကြီးကလျှောက်တင်ခဲ့တဲ့အကြောင်းအရာများကို ပြည့်စုံအောင် အရှင်ကုမာရကဿပမထေရ်ကြီး မြတ်စွာဘုရားအား လျှောက်ထားပါတယ်။

ပြဟ္မာကြီးရဲ့အမေးစကား မြတ်ဘုရားအားလျှောက်ထား

တာယံ၊ ထိုအခါ၌။ အာယသ္မာ ကုမာရကဿပေါ၊ အရှင်ကုမာရကဿပမထေရ်သည်။ ပုဗ္ဗဏှသမယံ၊ နံနက်ခင်းကာလမှာ။ နိဝါသေတွာ၊ သင်္ကန်းကိုသပ်ရပ်စွာပြင်ဆင်ဝတ်ရုံ၍။ ယေန၊ အကြင်အရပ်၌၊ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်သည်။ အတ္ထိ၊ ရှိပါပေ၏။ တေန၊ ထိုဘုရားရှင်ကိုယ်တော်မြတ်ရှိရာသို့။ ဥပသင်္ကမိ၊ ချဉ်းကပ်တော်မူခဲ့လေပြီ။ ဥပသင်္ကမိတွာ၊ ချဉ်းကပ်ပြီး၍။ ဘဂဝန္တံ၊ ဘုန်တော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကို။ အဘိဝါဒေတွာ၊ အလွန့်အလွန် ရိုသေစွာရှိခိုး၍။ ဧကမန္တံ၊ သင့်လျော်ရာမှာ။ နိသိဒိ၊ ထိုင်ခဲ့လေပြီ။ ဧကမန္တံ၊ သင့်လျော်ရာ၌၊ နိသိန္နော၊ ထိုင်ခဲ့ပြီးသော။ အာယသ္မာ ကုမာရကဿပေါ၊ အရှင်ကုမာရကဿပမထေရ်သည်။ ဘဂဝန္တံ၊ ဘုန်တော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကို။ ဧတံ ဝစနံ၊ ဤဆိုလတ့ံသောစကားကို။ အဝေါစ၊ ရွှေနားတော် ကြားအောင် လျှောက်ထားလေတော့သတည်း။

သာဓု သာဓု သာဓုပါဘုရား။

အရှင်ကုမာရကဿပမထေရ် မြတ်စွာဘုရားထံမှောက်သို့ အရုဏ်ကျင်းအလင်းရောက်တဲ့အခါ ရောက်သွားတယ် ဇေတဝန်ကျောင်းတိုက်ထဲ မြတ်စွာဘုရားထံမှောက်ရောက်တော့ လက်အုပ်ချီမိုးရှိခိုးပြီးတော့ ဘုရားရှင်ကိုယ်တော်မြတ်အားလျှောက်ထားတယ်။ ဘာတွေလျှောက်လဲဆိုတော့ သန်း

ခေါင်ကျော်ကာလမှာ ပြဟ္မာကြီးရောက်လာတဲ့အကြောင်း၊ ပြဟ္မာကြီးက အရှင်ကုမာရကဿပမထေရ်ကြီးအား ပြဿနာတစ်ဆယ့်ငါးခု သင်ပြသွားတဲ့အကြောင်းအရာတွေကို အစီအရီအားလုံးဘဲလျှောက်ပါတယ်။ အားလုံးဘဲလျှောက်ပါတယ်ဆိုတော့ ဤစကားတွေကိုထပ်ပြောခြင်းသည် ဤနေရာမှာ စကားနှပ်ရပ်ထပ်သွားလိမ့်မယ်၊ အရှင်ကုမာရကဿပရဲ့မေးခွန်း ကို တိုက်ရိုက်လျှောက်တင်လိုက်ရအောင်ပါ။ အရှင်ကုမာရကဿပမထေရ်ကြီးက မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကို ပြဟ္မာကြီးတင်ပြသွားတဲ့ ပြဿနာတစ်ဆယ့်ငါးရပ်တို့ကို ဒီမှာ တစ်ခုစီ တစ်ခုစီ အစီအရီနဲ့တင်ပြလျှောက်ထားပြီးတော့မေးမှာ။ အဲဒီ တင်ပြလျှောက်ထားပြီးတော့ မေးမှာဖြစ်ခြင်းကြောင့် ထိုမေးခွန်းတစ်ဆယ့်ငါးခုရဲ့အဖြေကို ဘုန်းကြီးတို့ပရိသတ်အပေါင်း သူတော်ကောင်းတို့ရဲ့နှုတ်ထဲမှာ ရှေ့ဦးစွာထည့်မယ်။ ပြီးတော့မှ ဘုန်းကြီးတို့ ပါဠိတော်ကိုရွတ်ရအောင်။ လက်ာလေးတွေလိုက်ပြီးတော့ဆိုကြပါ --

ဆရာပုဏ္ဏား၊ မြတ်ဘုရား၊ မှတ်သားတစ်ခုပါ၊
ပညာရှိအား၊ သေက္ခထား၊ မှတ်သားနှစ်ခုပါ။
လက်နက်ကိုကား၊ ပညာထား၊ မှတ်သားသုံးခုပါ။
တူးဆွသည်ကား၊ လုံ့လထား၊ မှတ်သားလေးခုပါ။
တောင်ပို့ဟူငြား၊ ဤကိုယ်ထား၊ မှတ်သားငါးခုပါ။ (၃ခေါက်စီဆို)

မြတ်စွာဘုရား ညသန်းခေါင်ကျော်ကာလ ပြဟ္မာကြီးတစ်ယောက်ရောက်လာတယ်၊ အနွဓနတောအုပ်ကြီးတစ်ခုလုံး အရောင်အဝါတွေလွှတ်ပြီးတော့ ဤပြဿနာတစ်ဆယ့်ငါးခုတင်ပြသွားပါတယ်။ ထိုပြဿနာတစ်ဆယ့်ငါးခုတို့ကို မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်အား ဘုရားတပည့်တော်မေးလျှောက်ပါမယ်ဆိုပြီးတော့ အရှင်ကုမာရကဿပမထေရ်ကြီး မေးတယ်

ကော နုခေါ ဘန္တေ ပြဟ္မာဏာ။ ဘန္တေ၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ ပြဟ္မဏော၊ ပြဟ္မဏခေါ်ဆိုသောဆရာသည်။ ကော၊ အဘယ်ပါနည်းအရှင်ဘုရား။ ပြဟ္မဏဆိုသောဆရာပုဂ္ဂိုလ်ကား ဘယ်လိုပုဂ္ဂိုလ်ကိုခေါ်ပါတုန်းမြတ်စွာဘုရား။ ကော သုမေဓော။ သုမေဓော၊ သုမေဓခေါ်ဆိုသော

ပညာရှိသည်ကား။ ကော၊ အဘယ်ပါနည်းအရှင်ဘုရား။ ကိ ံသတ္ထံ၊ သတ္ထံ၊ လက်နက်ဆိုသည်ကား။ ကိ ံ၊ အဘယ်ပါနည်း မြတ်စွာဘုရား။ ကိ အဘိက္ခဏံ။ အဘိက္ခဏံ၊ တူးခြင်း ဆွခြင်း တူးဖြိုခြင်းဟူသည်ကား။ ကိ ံ၊ အဘယ်ပါနည်းအရှင်ဘုရား။ ဝမ်မိကော၊ တောင်ပို့ဟူသည်။ ကော၊ အဘယ်ပါနည်း အရှင်ဘုရား။ ငါးခုတစ်တွဲ။ ဘုန်းကြီးတို့ပရိသတ်အပေါင်းသူတော်ကောင်းတို့ ရဲ့နှုတ်ထဲကို ထည့်ပေးလိုက်တဲ့ အခုနက စာငါးပိုဒ်ဟာ ဒီအထိပါ။

ပြဿနာငါးခု မေးလျှောက်ပြု

ကော ပြဟ္မဏော၊ ကော သုမေဓော၊ ကိ ံ သတ္ထံ၊ ကိ ံ အဘိက္ခဏံ၊ ကော ဝမ်မိကော။

ဘန္တေ၊ ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား။ ပြဟ္မဏော၊ ပုဏ္ဏားဟူသည်။ ကော၊ အဘယ်ပါနည်း။ သုမေဓော၊ ပညာရှိတပည့်ဟူသည်။ ကော၊ အဘယ်ပါနည်း။ သတ္ထံ၊ လက်နက်ဟူသည်။ ကိ ံ၊ အဘယ်ပါနည်း။ အဘိက္ခဏံ၊ တူးဆွခြင်းဟူသည်။ ကိ ံ၊ အဘယ်ပါနည်း။ ဝမ်မိကော၊ တောင်ပို့ဟူသည်။ ကော၊ အဘယ်ပါနည်း ငါးခု တစ်တွဲ။ ကာ ရတ္တိ ဓူမယနံ၊ ရတ္တိ ဓူမယနံ၊ ညဉ့်အခိုးထွက်တယ်ဆိုတာ။ ကာ၊ အဘယ်ပါနည်းအရှင်ဘုရား။ ဒိဝါ ပဇ္ဇလနံ၊ နေ့အခါ မီးလျှံတောက်တယ်ဆိုတာက။ ကာ၊ အဘယ်ပါနည်းအရှင်ဘုရား။ လဏီ၊ တံခါးမင်းတုပ်ကြီးတွေ့ရတယ်ဆိုတာက။ ကာ၊ အဘယ်ပါနည်းအရှင်ဘုရား။ ဥဒ္ဓုမာယိကံ၊ ဖားပွတစ်ကောင်တွေ့ရတယ်ဆိုတာက။ ကာ၊ အဘယ်ပါနည်းအရှင်ဘုရား။ ဒွိဓာပထံ၊ လမ်းနှစ်ခွဆိုသည်ကား။ ကော၊ အဘယ်ပါနည်းအရှင်ဘုရား ငါးခုတစ်တွဲ။ စက်ဝါဠံ၊ ဆပ်ပြာရေစစ်ဟူသည်ကား။ ကိ ံ၊ အဘယ်ပါနည်းအရှင်ဘုရား။ ကုမ္ဘော၊ လိပ်ဟူသည်။ ကော၊ အဘယ်ပါနည်း အရှင်ဘုရား။ အသိသူနံ၊ ဓားသန်လျက်နဲ့ စဉ်းလှီးတုံးဟူသည်။ ကာ၊ အဘယ်ပါနည်းအရှင်ဘုရား။ မံသမေသိ၊ အသားတစ်ဟူသည်။ ကာ၊ အဘယ်ပါနည်း အရှင်ဘုရား။ နာဂေါ၊ နာဂဟူသည်။ ကော၊ အဘယ်ပါနည်းအရှင်ဘုရား။ ဣကတိ၊ ဤသို့။ အာယသ္မာ ကုမာရကဿပေါ၊ အရှင်ကုမာ ရကဿပ မထေရ်သည်။ ဣမာနိ ပဉ္စဒသ ပဉ္ဟာနိ၊ ဤတစ်ဆယ့်ငါးရပ်သော ပြဿနာတို့ကို။ ဘဂဝန်၊ ဘုန်းတော်ခြောက်ပါးသခင်ဘုရားရှင်ကိုယ်တော် မြတ်ကို။ အပုစ္ဆိ၊

သိလိုရေးနှင့်မေးလျှောက်ရှာလေတော့သတည်း။

သာဓု သာဓု သာဓုပါဘုရား။

မြတ်စွာဘုရား ဇြဟ္မာကြီး တပည့်တော်ကို ပြောသွားတယ် တောင်ပို့ကြီးဟာ ညည အခိုးတွေထွက်တယ်၊ နေ့အခါ မီးတွေတောက်တယ်၊ ည အခိုးလွှတ်ပြီးတော့ နေ့ မီးတောက်တဲ့၊ ထိုတောင်ပို့ကြီးကို ဆရာပုဏ္ဏားက တပည့်ပညာရှိလုလင်ကိုပြောတယ် တူရွင်းပြားကိုင်ပြီးတော့ နာနာတူးလို့ပြောတယ်။ ဆရာပုဏ္ဏားက တပည့်ပညာရှိကိုပြောတယ် ည အခိုးထွက်ပြီးတော့ နေ့ မီးလွှတ်တဲ့ တောင်ပို့ကို နာနာတူးရမည်တဲ့၊ တူးလိုက်တဲ့အခါကြတော့ ရွှေဥိးစွာ အဲဒီတောင်ပို့က ဘာတွေ့မလဲဆိုတော့၊ **လဏီ** တံခါးမင်းတုပ်တစ်ခု တွေ့တယ် တံခါးမင်းတုပ်ကြီးဖယ်ပြီးလို့ နောက်တစ်ခါဆက်တူးလို့ ဘာတွေ့လဲ **ဥဒ္ဓုမာယိက** ဖားပွတစ်ကောင်တွေ့တယ်၊ ဖားပွတစ်ကောင်ကိုဖယ်ပစ်လိုက်ပြီးတော့ ဆက်တူးပြန်တော့၊ **ဒွိဓာပထော** လမ်းနှစ်ခွရောက်ပြန်တယ် လမ်းနှစ်ခွကိုဖယ်ပြီးတော့ဆက်တူးတော့၊ **စက်ဝါရဲ့** ဆပ်ပြာရေစစ်ဆိုတာကိုတွေ့ တယ် ဆပ်ပြာရေစစ်ကိုဖယ်ပစ်ပြီးတော့ဆက်တူးပြန်တော့၊ **ကုမ္မော** လိပ်တစ်ကောင်တွေ့တယ် လိပ်ကြီးဖယ်ပစ်ပြီးတော့ဆက်တူးပြန်တော့၊ **အသီသူနာ** သန်လျက်နဲ့ဟောဒီမှာစဉ်းလှီးတုံးတစ်ခု အတွဲလိုက်တွေ့ပြန်တယ် သန်လျက် နဲ့စဉ်းလှီးတုံး ဖယ်ပစ်ပြီးတော့ ဆက်တူးပြန်တော့၊ တောင်ပို့ထဲက ဘာတွေ့တုံး **မံသပေသီ** အသားတုံးကြီးတစ်ခုတွေ့သတဲ့ အသားတုံးကြီးကို ဖယ်ပစ်လိုက် ဆက်တူးပြန်တော့၊ **နာဂ**ဆိုတဲ့သတ္တဝါ နာဂဆိုတာကို တွေ့တယ်။

ဘုန်းကြီးတို့ပရိသတ်များ တောင်ပို့ထဲကဘယ်နှစ်ခုများတွေ့လိုက်သတုန်း၊ (ရှစ်ခုတွေ့ပါတယ်ဘုရား)။ တောင်ပို့ထဲကတွေ့တာရှစ်မျိုး။ တောင်ပို့ကြီးတူးလျှင်ရှစ်မျိုးခုနှစ်ခုရှိတယ် တောင်ပို့တူးဖို့ရန်အခြေခံခုနှစ်ခု၊ တူးတဲ့အခါတွေ့တာက ရှစ်ခု၊ ပေါင်းလိုက်ရင်တစ်ဆယ့်ငါး။ အဲဒါ ဝမ္မိကသုတ္တန်ရဲ့ ပြဿနာတစ်ဆယ့်ငါးဆိုတာဒါပါဘဲ။ တင်သွားတဲ့ပြဿနာက ဘယ်သူတင်တာတုန်းဆိုလို့ရှိရင် ပြဿနာတင်သွားတာကဇြဟ္မာကြီး အဲဒီ တင်သွားတဲ့ပြဿနာတွေကို အရှင်ကုမာရကဿပက သယ်ဆောင်လာပြီးတော့ ဇေတဝန်ကျောင်းက ဘုရားထံ ချဉ်းကပ်ပြီးတော့မေးတယ်။

သူငယ်ချင်းတရားရစေချင်၍ အမေးပြဿနာသင်ပေး

ဒီပြဿနာတစ်ဆယ့်ငါးရပ်ရဲ့အဖြေကို မြတ်စွာ ဘုရားကဖြေမယ်တဲ့။ အဖြေက ဘုရား၊ အမေးကတော့ ဗြဟ္မာကြီးလို့ဆို လိုက်ပါ။ ဗြဟ္မာကြီးက မြတ်စွာဘုရားကိုမေးတာဟာ တိုက်ရိုက်မမေးဘူး၊ အရှင်ကုမာရကဿပကို အမေးခိုင်းလိုက်တယ် ဘာကြောင့်လဲဆိုတော့၊ သူ့ရဲ့ဟိုး ကဿပဘုရား လက်ထက်တုံးက နှစ်ပေါင်းနှစ်သောင်းတို့ကာလပတ်လုံး တောင်ထိပ်မှာတက်ပြီးတော့ အသေခံပြီးတော့ တရားနှလုံးကျင့်သုံးခဲကြတဲ့ မိတ်ဟောင်းဆွေဟောင်း တစ်ယောက် တရားထူးတရားမြတ်ရစေချင်လို့ ပြဿနာရပ်တွေကို စီစဉ်ပြီးတော့ အရှင်ဘုရား ဟောဒီပြဿနာတွေကို ဘုရားသွားပြီးတော့မေး၊ အရှင်ဘုရား ပြဿနာတစ်ဆယ့်ငါးရပ် တပည့်တော်လည်းဘဲ ကိုယ်တော်ကျေနပ်အောင်မဖြေနိုင်ဘူး၊ ဘယ်လူ ဘယ်နတ် ဘယ်ဗြဟ္မာ ဘယ်သတ္တဝါ တစ်စုံတစ်ယောက်ကိုမေးမေး ကိုယ်တော့်ကျေနပ်အောင် ဖြေကြားနိုင်မည်မဟုတ်ဘူး။ ဘုရားကိုယ်တော်မြတ်ကိုသာမေး၊ ဘုရားကိုယ်တော်မြတ်သည်လည်းကောင်း ဘုရားကိုယ်တော်မြတ်ရဲ့သာဝက တစ်စုံတစ်ယောက်သည်လည်းကောင်း အရှင်ဘုရားရဲ့စိတ်ကိုကျေနပ်အောင် ဤပြဿနာဖြေကြားနိုင်ပါလိမ့်မယ်လို့ သင်ပေးလိုက်တာ။

တကယ့်မေးခွန်းရှင်သည် ဗြဟ္မာကြီးဖြစ်ပါတယ်။ ဗြဟ္မာကြီးသည် တိုက်ရိုက်ဘာ့ကြောင့် မမေးတုန်းဆိုတော့ သူ့အတွက်ဒီပြဿနာမေးဖို့ကိုမလိုပါဘူး၊ ဘာကြောင့်လည်း သူသည် တတိယမဂ်ဖိုလ်ကိုရပြီး ရောက်ပြီးခြင်းကြောင့် ဗြဟ္မာကြီးအတွက်အထူးကျင့်စရာမလိုဘူး စတုတ္ထမဂ်ဖိုလ်သည် သူ့အတွက်သေချာပြီးသားဖြစ်နေတယ်။ သူ့ရဲ့သီတင်းသုံးဖော်အရှင်ကုမာရကဿပမထေရ်သည်သာလျှင် ပုထုဇဉ်မျှသာရှိသေးတော့ ငါ့ရဲ့သီတင်းသုံးဖော်တော့ အရဟတ္တဖိုလ်ပေါက်အောင် ငါကူညီစောင့်ရှောက်မယ်လို့ ကလျာဏမိတ္တရဲ့ဝတ်ကို ဆောင်ရွက်ဖို့ရန် ဤမေးခွန်းပြဿနာတစ်ဆယ့်ငါးခုကို လာရောက်သင်ပေးခြင်းဖြစ်ပါတယ်။ ဒါကြောင့် အရှင်ကုမာရကဿပမထေရ်ကြီးက မြတ်စွာဘုရားကိုယ်တော်မြတ်ကို မေးပါတယ်။

ဘန္တေ၊ ဘုန်းတော်ကြီး မြတ်တော်မူသော မြတ်စွာဘုရား ပြဟ္မာကြီး လာသင်ပြတဲ့ ပြဿနာတစ်ဆယ့်ငါးတို့တွင် ရှေ့ဦးစွာ ပြဟ္မဏ် ဆရာပုဏ္ဏားက လာပြောတယ်ဆိုတာ။ ကော၊ ဘယ်လိုဆရာ ပုဏ္ဏားပါလဲ မြတ်စွာဘုရား။ ဒီလို အရှင်ကုမာရကဿပမေးတာကတော့၊ ကော နုခေါ ဘန္တေ ဝမ်မိကော၊ တောင်ပို့ဆိုတာ ဘာပါလဲဘုရား၊ ကာ ရတ္တိ ဓူမယနံ၊ ညဉ့်အခိုးလွှတ်တယ်ဆိုတာဘာပါလဲဘုရား၊ ကာ ဒိဝါ ပဇ္ဇလနံ၊ နေ့အခါမီးတွေတောက်တယ်ဆိုတာ ဘာပါလိမ့်မလဲဘုရားလို့ အဲဒီတောင်ပို့ရယ် ညဉ့်အခိုးလွှတ်တာရယ် နေ့မီးထွက်တာရယ် အဲဒီသုံးခုကို အရှင်ကုမာရကဿပစ၍မေးတယ်။ ဒါပေမယ့် ဘုန်းကြီးတို့က ဘယ်ပြဿနာကိုအမေးစထားတုန်းဆိုတော့-

ကော ဘန္တေ ပြဟ္မဏော။

ဘန္တေ၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ ပြဟ္မဏော၊ ဆရာပုဏ္ဏားဟူသည်။ ကော၊ အဘယ်ပါနည်းအရှင်ဘုရားလို့ ဆရာပုဏ္ဏားကို ဘုန်းကြီးတို့ကရှေ့ဦးစွာစထားတယ်။ တစ်နည်းဆိုရင်တော့ ဆရာဟာဘယ်သူလဲလို့စပြီးတော့ ဘုန်းကြီးတို့ကမေးထားတယ်၊ တောင်ပို့ကြီးတူးနည်းဖြုန်းနည်းနဲ့ တောင်ပို့ထဲကတွေ့တဲ့အရာဝတ္ထုတို့ရဲ့အဖြေကို ပြောပြမည့်ဆရာပုဏ္ဏားဟာ ဘယ်သူဆိုတာကို ဘုန်းကြီးတို့ကရှေ့ဦးစွာတင်ပြတယ်။ အဲဒီ တောင်ပို့တူးတာကို ဘယ်သူဆိုတာကို ဒုတိယတင်ပြတယ်။ တောင်ပို့တူးတဲ့ပုဂ္ဂိုလ်ဟာ ဘယ်လိုလက်နက်ကိုင်ရမယ်ဆိုတာကို ဘုန်းကြီးတို့တတိယနေရာကတင်ပြရမည်။ တောင်ပို့တူးဆိုတာ ဘာလုပ်တာလဲဆိုတာကို စတုတ္ထနေရာကဘုန်းကြီးတို့တင်ပြမယ်၊ ပြီတော့မှ အဲဒီတောင်ပို့ဆိုတာဘာဆိုတာကိုပဉ္စမနေရာကနေ ဘုန်းကြီးတို့ကတင်ပြမယ်။

အစီအစဉ်ကို ဘုန်းကြီးတို့က ဆရာပုဏ္ဏားကိုရှေ့ဆုံးကနေထားလိုက်ပါတယ်။ နားထောင်ကြည့်လိုက်ပေါ့။ ကော ဘန္တေ ပြဟ္မဏော။ ဘန္တေ၊ ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား။ ပြဟ္မဏော၊ ဆရာပုဏ္ဏားဟူသည်။ ကော၊ အဘယ်ပါနည်းအရှင်ဘုရား။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တောင်ပို့ကိုတူးရမယ် တူးရမယ် တူးရင်း တူးရင်း ဒီလိုတူးရင် ဒါတွေ

တွေ့တယ်၊ ဒါတွေ့ရင် ဒီလိုယူရမည်လို့ ပြောဆိုညွှန်ကြားဆိုဆုံးမတဲ့ဆရာပုဏ္ဏားသည်ကား။ ကော၊ အဘယ်ပါနည်းအရှင်ဘုရား။ ဣတိ၊ ဤသို့။ အာယသ္မာ ကုမာရကဿပေါ၊ အရှင်ကုမာရ ကဿပမထေရ်သည်။ ဘဂဝန္တံ၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားကို။ ပုစ္ဆတိ၊ မေးခဲ့ပါသတဲ့။ တောင်ပို့ တူးပုံ တူးနည်းကိုညွှန်ကြားတဲ့ဆရာပုဏ္ဏာဆိုတာ ဘယ်သူတုန်းလို့ မြတ်စွာဘုရားကို မေးလိုက်တော့၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်က=

၄ ဆရာပုဏ္ဏားဆိုတာ မြတ်ဘုရားပါ

"ပြဟ္မဏော"တိ ခေါ ဘိက္ခု၊ တထာဂတသေတံ အဓိဝစနံ အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ [၁]

ဘိက္ခု၊ ချစ်သားရဟန်း။ ပြဟ္မဏောတိ ဧတံ အဓိဝစနံ၊ ပြဟ္မဏော ဟူသောဤစကားသည်။ သမ္မာသမ္ဗုဒ္ဓဿ၊ သိစရာရှိသမျှ တရားဥာဏ်အလုံးစုံကို အကုန်အစင် သိမြင်တော်မူသော။ အရဟတော၊ လူနတ်ဦးခိုက် ပူဇော်ခြင်းကိုခံယူတော်မူထိုက်သော။ တထာဂတဿ၊ တထာဂတခေါ်တွင် ငါဘုရားရှင်ကိုယ်တော်မြတ်ရဲ့။ အဓိဝစနံ၊ အမည်ပါပေတည်း။ ချစ်သားကုမာရကဿပ တောင်ပို့တူးရမည့်နည်းညွှန်ကြားတဲ့ တောင်ပို့ထဲကတွေ့ရတဲ့အရာဝတ္ထုတွေဟာ ဘာတွေလဲဆိုတာကိုဖြေကြားတဲ့ ဆရာပုဏ္ဏားဆိုတာ တစ်ခြားမဟုတ်ဘူး၊ သိစရာရှိသမျှ တရားဥာဏ်အလုံးစုံကို အကုန်အစင် သိမြင်တော်မူသော လူနတ်ဦးခိုက် ပူဇော်ခြင်းကိုခံယူတော်မူထိုက်သော ငါဘုရားရှင်ကိုယ်တော်မြတ်ကိုဆိုလိုတာလို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်သည်။ ဗျာကရောသိ၊ ကောင်းစွာမသွေ ဖြေကြားတော်မူခဲ့ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

"ပြဟ္မဏော"တိ ခေါ ဘိက္ခု၊ တထာဂတသေတံ အဓိဝစနံ အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁။ မ။ ၁၊ ၁၉၇

ဆရာပုဏ္ဏားဆိုတာ မြတ်စွာဘုရားကိုဆိုလိုတာ။ တောင်ပို့ကြီး တူးရမည့်နည်း ညွှန်ကြားတဲ့ဆရာ တောင်ပို့ထဲကတွေ့တဲ့အရာဝတ္ထုတွေကို အဖြေပေးမည့်ဆရာပုဏ္ဏားဆိုတာ တစ်ခြားမဟုတ်ဘူး တောင်ပို့တူးဖို့ ညွှန်ကြားတာနဲ့ တွေ့လာတဲ့ပစ္စည်းတွေကိုဖြေကြားမည့် ဆရာပုဏ္ဏားသည် ချစ်သားကုမာရကဿပ ငါဘုရားကိုဆိုလိုတာ သင့်မိတ်ဆွေ ဇဟွာကြီးပြောသွားတာ ဆရာပုဏ္ဏားဆိုတာ တကယ့်ပုဏ္ဏားပြောတာမဟုတ်ဘူး ငါဘုရားဘဲတဲ့၊ တောင်ပို့တူးဖို့ညွှန်ကြားတာရယ် တောင်ပို့ထဲကပစ္စည်းတွေကိုဖြေကြားတာရယ် ဘုန်းကြီးတို့ပရိသတ် ဘယ်သူပါလိမ့်ဗျာ၊ (မြတ်စွာဘုရားပါဘုရား)။ အဲဒါကြောင့် ရှေ့ဦးစွာ အဖြေပေးထားတယ်။

ဆရာပုဏ္ဏား၊ မြတ်ဘုရား၊ မှတ်သားတစ်ခုပါ။ (၃-ခေါက်ဆို)

အဖြေတစ်ခုပြီးပါတယ်။ ကော သုမေဓော။ ဘန္တေ၊ ဘုန်းတော်ကြီး တော်မူသော မြတ်စွာဘုရား။ သုမေဓောတိ ဧတံ အဓိဝစနံ၊ သုမေဓဟူသော ဤစကားသည်ကား။ ကော၊ အဘယ်ပါနည်းအရှင်ဘုရား။ သုမေဓောတိ၊ သုမေဓဟူသည်ကား၊ ကော၊ ဘယ်သူပါနည်းအရှင်ဘုရား ဘုန်တော်ကြီးတော်မူသော မြတ်စွာဘုရား သုမေဓဆိုတာ ဘယ်သူပါလဲအရှင်ဘုရား။ သုမေဓပါဠို၊ မြန်မာလိုဆိုရင်တော့ပညာရှိ တပည့်လုလင်ပေါ့၊ တောင်ပို့ကိုတူးမည့် ဖြိုမည့် တပည့်လုလင်ဆိုတာ ဘယ်သူတုန်းဘုရားမေးတော့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က-

၅ ပညာရှိလုလင်ဆိုတာ သေက္ခပါ

"သုမေဓော"တိ ဓေါ ဘိက္ခု သေက္ခဿေတံ ဘိက္ခုနော အဓိဝစနံ။

ဘိက္ခု၊ ချစ်သားရဟန်း ဝါ ချစ်သားကုမာရကဿပ သုမေဓောတိ ဧတံအဓိဝစနံ၊ သုမေဓဟူသော ဤစကားသည်။ သေက္ခဿ ဘိက္ခုနော၊ ကျင့်ဆဲဖြစ်သော ဘုရားသားတော်ရဟန်းတစ်ပါးရဲ့။ အဓိဝစနံ၊ အမည်ပါပေတည်း။ တောင်ပို့ကို တူးမည့်ဖြိုမည့် တပည့်လုလင်ဆိုတာ တစ်ခြားမဟုတ်ဘူး တရားကျင့်ဆဲဖြစ်သော သေက္ခရဟန်းတော် သေက္ခဆိုတာအရဟတ္တဖိုလ်

၁။ မ။ ၁၊ ၁၉၇

မပေါက်သေးလို့ ကျင့်ဆဲဖြစ်တဲ့ပုဂ္ဂိုလ်ကို ဘုန်းကြီးတို့ သာသနာတော်တွင်းက သေက္ခ ဒီလိုခေါ်ပါတယ်။ ဒီတော့ ဘုန်းကြီးတို့ပရိသတ်များ နားလည်အောင် မှတ်ရမှာက တရားအားထုတ်ဆဲပုဂ္ဂိုလ်ကို ဒီနေရာသေက္ခ ဒီလိုမှတ်လိုက်ပါ ယောဂီပုဂ္ဂိုလ်ပေါ့။ အေး တောင်ပို့တူးနည်း ညွှန်ကြားတာက ဘုရား၊ တကယ် တောင်ပို့တူးနေတာက ယောဂီပုဂ္ဂိုလ်၊ ဘိက္ခု၊ ချစ်သားရဟန်း။ သုမေဓောတိ ဧတံ အဓိဝစနံ၊ သုမေဓ၊ သုမေဓဟူသောဤစကားသည်ကား။ သေက္ခဿ၊ ကျင့်ဆဲဖြစ်သော။ ဘိက္ခုနော၊ ငါဘုရားသားတော်ရဟန်းတော်ရဲ့။ အဓိဝစနံ၊ အမည်ပါပေတည်း။ ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်သည်။ ဒုတိယံ၊ နှစ်ခုမြောက်သော။ ပဉ္ဉံ၊ ပြဿနာကို။ ဗျာကရောသိ၊ ကောင်းစွာမသွေ ဖြေကြားတော်မူခဲ့ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

တောင်ပို့တူးသော ပညာရှိလုလင်ဆိုတာက တရားကျင့်ဆဲ ယောဂီဖြစ်သော ရဟန်းတော်၊ ဒါကြောင့် -

ပညာရှိကား သေက္ခပါ မှတ်သားနှစ်ခုပါ၊ (၃-ခေါက်ဆို)

ဘုန်းကြီးတို့ပရိသတ်အားပြောထားတယ်။ တတိယမေးခွန်းက၊ သတ္ထာလက်နက်၊ ကောင်းပြီး ညွှန်ကြားမည့်ဆရာ တောင်ပို့တူးဖို့ရာ ညွှန်ကြားမည့်ဆရာလည်းရပြီ၊ တူးမည့်ပညာရှိလုလင်လည်းရှိပါပြီ၊ တောင်ပို့တူးဆိုတာ လက်နက်တစ်စုံတစ်ခုကိုကိုင်ပေးရမှာ လက်နက်ကိုင်ပြီတော့တောင်ပို့တူး၊ အဘိက္ခဏာ သုမေဓ သတ္ထံ အာဒါယလို့ဆရာကဆိုထားတယ်။

သုမေဓ၊ ပညာရှိတပည့် လုလင်။ သတ္ထံ၊ လက်နက်ကို။ အာဒါယ၊ ကိုင်စွဲပြီးတော့။ အဘိက္ခဏာ၊ တူးပါလေလော့။ သုမေဓ၊ ပညာရှိတပည့်လုလင်။ သတ္ထံ၊ လက်နက်ကို။ အာဒါယ၊ ကိုင်စွဲပြီးတော့သာလျှင်။ အဘိက္ခဏာ၊ တူးပါလေလော့ ငါ့တပည့် လက်နက်ကိုင်ပြီးတော့တောင်ပို့ကိုတူး။ ငါ့တပည့် လက်နက်ကိုင်ပြီးတော့ တောင်ပို့တူးလို့ ဆရာကညွှန်တော့လက်နက်ကိုင် အဲဒီလက်နက်ဆိုတာ ဘာလဲဆိုတာကို၊ ဒီမှာ =

၁။ မ။ ၁၊ ၁၉၇

ကီ ဘန္တေ သတ္ထံ။ ဘန္တေ၊ ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား။ သတ္ထံ၊ လက်နက်ဆိုသည်ကား။ ကီ၊ အဘယ်ပါနည်းအရှင်ဘုရား လက်နက်ဆိုတာ ဘာပါလိမ့်မလဲဆိုတော့ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က-

လက်နက်ဆိုတာ ပညာ

"သတ္ထ"န္တိ ခေါ ဘိက္ခု အရိယာယေတံ ပညာယ အဓိဝစနံ။

ဘိက္ခု၊ ချစ်သားရဟန်း၊ သတ္ထံတိ ဧတံ အဓိဝစနံ၊ တောင်ပို့တူးရမည့် လက်နက် လက်နက်ဆိုတဲ့စကားဟာ။ အရိယာယ ပညာယ၊ မြတ်သောဝိပဿနာပညာရဲ့။ အဓိဝစနံ၊ အမည်ပါပေတည်း။ တောင်ပို့ကို တူးရဖြို့ရမည့် လက်နက်ဆိုတာက တစ်ခြားမဟုတ်ဘူး မြတ်သောအရိယာပုဂ္ဂိုလ်တို့ ကိုင်စွဲရမည့် ဝိပဿနာဉာဏ်ပညာကိုပြောတာ သေက္ခပုဂ္ဂိုလ်တို့ ကိုင်စွဲရမည့် ဝိပဿနာဉာဏ်ပညာကိုပြောတာ။ အရိယာယ၊ မြတ်လှစွာသော ဝါ အရိယာပုဂ္ဂိုလ်တို့ရဲ့ ဥစ္စာဖြစ်သော။ ပညာယ၊ ဝိပဿနာဉာဏ်ပညာရဲ့။ အဓိဝစနံ၊ အမည်ပါပေတည်း။ ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်သည်။ တတိယံ၊ သုံးခုမြောက်ဖြစ်သော။ ပဉ္ဉံ၊ ပြဿနာကို။ ဗျာကရောသိ၊ ကောင်းစွာမသွေ ဖြေကြားတော်မူခဲ့ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

လက်နက်ကိုကား၊ ပညာထား၊ မှတ်သားသုံးခုပါ။

ဘုန်းကြီးတို့ပရိသတ်အားပေးထားတယ်။ လက်နက်ဆိုတာ တစ်ခြားမဟုတ်ဘူး ဝိပဿနာဉာဏ်ပညာကိုဆိုလိုတာ။

တောင်ပို့တူးဖို့ရန် ညွှန်ကြားသူ ဆရာပုဏ္ဏားဆိုတာဘုရား၊ တောင်ပို့ကိုတူးဆွရမည့် လုလင်ပညာရှင်ဆိုတာက တရားအားထုတ်သောယောဂီ၊ ထို့တောင်ပို့တူးတဲ့ ပညာရှင်ကိုင်ထားတဲ့လက်နက်ဆိုတာက ဝိပဿနာဉာဏ်တဲ့၊

အဘိက္ခဏာ၊ တူးတယ် ဆွတယ်။ အဘိက္ခဏာ၊ တူးတယ် ဆွတယ်။ အဲဒီမေးခွန်း။ ကီ ဘန္တေ အဘိက္ခဏံ၊ ဘန္တေ၊ ဘုန်းတော်ကြီးတော်မူသော

၁။ မ။ ၁၊ ၁၉၇

မြတ်စွာဘုရား။ အဘိက္ခဏံ၊ တူးဆွခြင်းဆိုသည်ကား။ ကိ၊ အဘယ်ပါနည်း အရှင်ဘုရား အမေး။ အဘိက္ခ ဏံ၊ တူးတယ်ဆွတယ်ဆိုတာက၊ ကိ၊ အဘယ်ပါနည်းအရှင်ဘုရား ဒီမေးခွန်း ဘုရားရှင်ကိုယ်တော်မြတ်က-

တူးတယ်ဆိုတာ ဝီရိယ

"အဘိက္ခဏ"ဆိုတဲ့ ခေါ် ဘိက္ခု ဝီရိယာရမ္ဘသေတံ အဓိဝစနံ။ [၁]

ဘိက္ခု၊ ချစ်သားရဟန်း။ အဘိက္ခဏဆိုတဲ့ ဧတံ အဓိဝစနံ၊ တူးတယ် တူးတယ်ဆိုသော ဤစကားသည်။ ဝီရိယာရမ္ဘသ၊ ဝီရိယဖြင့် အပတ်တကုတ် အားထုတ်ခြင်းရဲ့။ အဓိဝစနံ၊ အမည်ပါပေတည်း။ ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်သည်။ စတုတ္ထံ၊ လေးခု မြောက်ဖြစ်သော။ ပဒံ၊ ပြဿနာကို။ ဗျာကရောသိ၊ ကောင်းစွာမသွေ ဖြေကြား တော်မူခဲ့ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

ဝီရိယာရမ္ဘ ဝီရိယဖြင့် အပတ်တကုတ်အားထုတ်ခြင်းသည် ဒီနေရာမှာတူးတာ၊ ဒီတော့ သမ္မပ္ပဓာန်တရားနဲ့ပြောရင်တော့ သမ္မပ္ပဓာန်လုံ့လဝီရိယ လေးပါး သမ္မပ္ပဓာန်တရားလေးပါးဟာ ဒီနေရာမှာ လက်နက်၊ ကိုင်စွဲတဲ့ပုဂ္ဂိုလ်ရဲ့ တူးခြင်းဆွခြင်းဆိုတဲ့ လုံ့လပယောဂဘဲ။

* **အနုပ္ပန္နာနံ ပါပကာနံ အကုသလာနံ ဓမ္မာနံ အနုပ္ပဒါယ ဝါယာမော၊** မဖြစ်သေးတဲ့အကုသိုလ်တွေကို ဖြစ်ခွင့်မရအောင် တားမယ်ဆိုတဲ့ ရဲစွမ်းသတ္တိ၊

* **ဥပ္ပန္နာနံ ပါပကာနံ အကုသလာနံ ဓမ္မာနံ ပဟာနာယ ဝါယာမော၊** ဖြစ်ခဲ့ပြီးတဲ့အကုသိုလ်တွေကို အကျိုးပေးခွင့်မရအောင် ပယ်ပစ်မယ်ဆိုတဲ့ ရဲစွမ်းသတ္တိ၊

* **အနုပ္ပန္နာနံ ကုသလာနံ ဓမ္မာနံ ဥပ္ပါဒါယ ဝါယာမော၊** မဖြစ်သေးတဲ့ကုသိုလ်တွေကို ဖြစ်အောင်အားထုတ်မယ်ဆိုတဲ့ရဲစွမ်းသတ္တိ၊

* **ဥပ္ပန္နာနံ ကုသလာနံ ဓမ္မာနံ ဘိယ္ယောဘာဝါယ ဝါယာမော၊** ဖြစ်ပြီးတဲ့

၁။ မ။ ဝ၊ ၁၉၇ * အဘိ၊ ၂။ ၂၁၆

ကုသိုလ်တွေကို တိုးပွားတိုးပွားလာအောင် ကြိုးစားမယ်ဆိုသော ရဲစွမ်းသတ္တိ၊ အေး ဝီရိယဆိုတာက ဝီရမာတ်ကိုဆိုလိုတယ်၊ ဝီရမာတ်က ဘာလဲဆိုတော့ ရဲစွမ်းသတ္တိကို ဝီရမာတ် မဖြစ်သေးတဲ့အကုသိုလ်တွေဖြစ်ခွင့်မရအောင် ဖြစ်ပြီးတဲ့အကုသိုလ်တွေ အကျိုးပေးခွင့်မရအောင် မဖြစ်သေးတဲ့ကုသိုလ်တွေဖြစ်လာအောင် ဖြစ်ပြီးတဲ့ကုသိုလ်တွေ ခိုင်မြဲအောင် တိုးပွားအောင် ကြိုးစားမယ်တဲ့ အဲဒီရဲစွမ်းသတ္တိ ဝီရမာတ် လုံးလဝီရိယဖြင့်အားထုတ်ခြင်းသည် အဘိက္ခဏာတူးခြင်းပါဘဲ။

ကိ˙ အဘိက္ခဏံ ဘန္တေ။

ဘန္တေ၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာ ဘုရား။ အဘိက္ခဏံ၊ တူးခြင်းဟူသည်။ ကိ˙၊ အဘယ်ပါနည်းအရှင်ဘုရား။ ဘုရားရှင်ကိုယ်တော်မြတ်က ဘိက္ခု၊ ချစ်သားရဟန်း။ အဘိက္ခဏန္တို့ ဧတံ အဓိဝစနံ၊ တူးဆွခြင်းဟူသောဤစကားသည်ကား။ ဝီရိယာရမ္ဘဿ၊ ဝီရိယဖြင့် အပတ်တကုတ်အားထုတ်ခြင်းရဲ့။ အဓိဝစနံ၊ အမည်ပါပေတည်း။ တူးဆွတယ်ဆိုတာက လုံ့လဝီရိယကိုပြောတာ လေးခု။ ဒါကြောင့် ဘုန်းကြီးတို့ပရိသတ်ရဲ့နှုတ်ထဲ အခုနကထည့်ထားတယ်။

တူးဆွသည်ကား၊ လုံ့လထား၊ မှတ်သားလေးခုပါ။

ညွှန်ကြားသူဆရာ မြတ်စွာဘုရား၊ တူးတဲ့ပညာရှင်က တရားအားထုတ်တဲ့ယောဂီ၊ တူးရမည့်လက်နက် တူးတဲ့အခါကိုင်စွဲသောလက်နက် ဝိပဿနာဉာဏ်၊ တူးဆွခြင်းဆိုတာက ဝီရိယ၊ ဒီတော့ ဒီနေရာယောဂီပုဂ္ဂိုလ်မှာ စတင်အားထုတ်ရင် ဘာအသုံးပြုရတုန်းဆိုလို့ရှိရင် ဝီရိယနှင့် ပညာလို့ ဒီမှာပြောထားတယ်၊ ပညာဆိုသောလက်နက်ကို ဝီရိယဆိုသောလက်နဲ့ကိုင်ပြီးတော့ခန္ဓာဆိုတဲ့တောင်ပို့ကိုတူးဒီအဓိပ္ပါယ်။ ဒါကြောင့် ပဉ္စမမေးခွန်းကို အရှင်ကုမာရကဿပက၊ ကော နု ခေါ ဘန္တေ ဝမ္မိကော။ ဘန္တေ၊ ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား။ ဝမ္မိကော၊ တောင်ပို့ဆိုသည်ကား။ ကော နုခေါ၊ အဘယ်ပါနည်းအရှင်ဘုရား။ တောင်ပို့ဆိုတာ ဘာပါလိမ့်မလဲဘုရား။ ဒီအခါ ဘုန်းတော်ခြောက်ပါးသခင် ဘုရာရှင်ကိုယ်တော်မြတ်က-

၁ တောင်ပို့ဆိုတာဘယ်ဟာလဲ

"ဝမ္မိကော"တိ ခေါ ဘိက္ခု ဣမသ္မေတံ စာတုမဟာဘူတိကဿ ကာယဿ အဓိဝစနံ၊ မာတာပေတ္တိကသမ္ဘဝဿ ဩဒနကုမ္မာသူပစယဿ အနိစ္စုစ္ဆာဒန ပရိမဒ္ဒန ဘေဒန ဝိဒ္ဓံသန ဓမ္မဿ။ °

ဘိက္ခု၊ ချစ်သားရဟန်း။ ဝမ္မိကောတိ ဧတံ အဓိဝစနံ၊ ဝမ္မိက ဝမ္မိက တောင်ပို့ တောင်ပို့ဆိုသော ဤစကားသည်။ စာတုမဟာဘူတိကဿ၊ ပထဝီ အာပေါ တေဇော ဝါယောဆိုတဲ့ ဓာတ်လေးပါးကိုအခြေခံပြီးတော့ တည် ဆောက်ထားသော။ ဣမဿ ကာယဿ၊ ဤခန္ဓာကိုယ်ကြီးရဲ့။ အဓိဝစနံ၊ အမည်ပါပေတည်း။

တောင်ပို့ဆိုတာ ဓာတ်လေးပါးအခြေခံပြီးတော့ တည်ဆောက်ထား တဲ့ခန္ဓာကိုယ်ကြီးကိုပြောတာ။ စာတုမဟာဘူတိကဿ ကာယ ဿ အဓိဝစနံ၊ မာတာပေတ္တိကသမ္ဘဝဿ၊ အမိ အဖနှစ်ပါးတို့ရဲ့သွေးရောခြင်းကြောင့်ဖြစ် ပေါ်၍လာခဲ့သော၊ အမိသွေးနှင့် အဖသွေးရောခြင်းကြောင့် စတင်၍ဖြစ်လာ တာ ဒါကို မာတာပေတ္တိက သမ္ဘဝဿ၊ မိဖနှစ်ခု သွေးရောခြင်းကြောင့် စတင် ၍ဖြစ်လာသော။ ဩဒနကုမ္မာသူပစယဿ၊ အမိစားတဲ့ ထမင်း မုယောမှုန့်စ သည်တို့ဖြင့်ကြီးထွား၍လာခဲ့သော။ အနိစ္စုစ္ဆာဒန ပရိမဒ္ဒန ဘေဒန ဝိဒ္ဓံသန ဓမ္မဿ။ အနိစ္စ၊ ဒလစပ်ပျက်စီးနေတဲ့အတွက်ကြောင့်။ ဥစ္စာရဏာ၊ လိမ်းပေး ရတယ် ဖီးပေးရတယ်။ ပရိမဒ္ဒနဘေဒန အနိစ္စုစ္ဆာဒန၊ အမြဲမပြတ် လိမ်းကျံခြင်း ဆုပ်နယ်ခြင်း ရေချိုးခြင်း ဆေးကျွေးခြင်း အစာကျွေးခြင်းစသည် ပြုပြင်ရခြင်း သဘောရှိပေထသော။ ပရိမဒ္ဒန၊ နှိပ်နယ်ရခြင်းသဘောရှိပေတတ်သော။ ဘေဒန၊ ပျက်စီးခြင်းသဘောရှိပေတတ်သော။ ဝိဒ္ဓံသန၊ ဒလစပ်ပျက်စီးခြင်း သဘောရှိ၍နေပေတတ်သော။ ဤသည် စာတုမဟာဘူတိကဿ ကာယဿ။ ဤမာတ်လေးပါးအခြေခံတည်ဆောက်ထားသော ခန္ဓာကိုယ်ကြီးရဲ့။ အဓိဝစနံ၊ အမည်ပါပေတည်း။ ဤတို၊ ဤသို့။ ပဌမံ၊ ငါးခုမြောက်သော။ ပဋိ၊ ပြဿနာ ကို။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရား ရှင်ကိုယ်တော်မြတ်သည်။

၁။ မ၊ ၁။ ၁၉၇

ဗျာကရောသိ၊ ကောင်းစွာမသွေ ဖြေကြားတော်မူခဲ့ ပါပေသတည်း။
သာဓု သာဓု သာဓုပါဘုရား။

တောင်ပို့ဆိုတာ ဤခန္ဓာ

ပဋ္ဌမမေးခွန်းရဲ့အဖြေမှာ အရှင်ဘုရား ဝမ်မိကဆိုတာ ဘာပါလဲ၊ အဖြေကတော့ ချစ်သား ဝမ်မိကဆိုတာဤခန္ဓာကိုယ်ကြီးကိုပြောတာ။ ခန္ဓာကိုယ်ကြီးကိုပြောတာ။ ခန္ဓာကိုယ်ပြောဆိုတော့ ခန္ဓာကိုယ်ငါးခုရှိရာတွင် ဘုန်းကြီးတို့ပရိသတ်များ ဝမ်မိကအရယူမည့်ခန္ဓာကိုတိုက်ရိုက်ပြောပါတယ်။ ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်ဆိုတဲ့ နာမ်ခန္ဓာတွေကိုမဆိုလိုပါဘူး၊ ဝမ်မိကတောင်ပို့လို့ဆိုတဲ့ နေရာမှာ ရုပ်နှစ်ဆယ့်ရှစ်ပါးတို့ရဲ့အစုအပေါင်းလို့ခေါ်ဆိုရတဲ့ ရုပ်အစုအဝေး ရူပက္ခန္ဓာကြီးကိုပြောတာလို့ တိုက်ရိုက်အားဖြင့် နားလည်လိုက်ကြပါ။ အဲဒီ ရူပက္ခန္ဓာကြီး ဘယ်လိုလုပ်တည်ဆောက်ထားတုန်းဆိုတော့-

မာတာ ပေတ္တိကသမ္ဘဝဿ၊ အမိအဖနှစ်ဦးသားတို့ရဲ့ သွေးမျှားရောမိတဲ့အခါကြရင် အဲဒီမှာခန္ဓာစတင်တည်ဆောက်ပြီတဲ့။ အမိရဲ့သွေး အဖရဲ့သွေး သွေးနှစ်ခုပေါင်းမိတဲ့အခါကြတော့ ကလလလိုခေါ်တဲ့ရေကြည်ဓာတ်ကလေး အဲဒီမှာပေါ်လာတယ်၊ ထိုကလလလို့ခေါ်တဲ့ အညိုကလေး အကြည်ဓာတ်ကလေးကနေပြီးတော့ တဖြည်းတဖြည်းသူကခဲခဲပြီးတော့ အမြုပ်ကလေးသဖွယ်ဖြစ်လာတယ်၊ ထိုအမြုပ်ကလေးကနေ တဖြည်းတဖြည်းအရောင်ပြောင်းပြီးတော့ အနီရောင်သို့ကူးပြီးတော့ သွေးကလေးဖြစ်လာတယ်၊ အဲဒီသွေးကနေ တဖြည်းတဖြည်း အရောင်ရင့်ရင့် ရင့်ရင့်ခဲခဲသွားပြီးတော့ နောက်ဆုံးကြတော့ သွေးခဲ၊ ထိုမှတဆင့် တဖြည်းတဖြည်းသွေးခဲကနေပြီးတော့ အသားတစ် ၊ အသားတစ်ကနေ တဖြည်းတဖြည်း မိဘရဲ့ခန္ဓာမှာ အမိရဲ့ကိုယ်ကာယမှာရှိနေတဲ့ ပထဝီ အာပေါ တေဇော ဝါယော ဓာတ်လေးပါးမှာမှီပြီးတော့၊ အမိရဲ့ဥတု အမိရဲ့အာဟာရကိုအမှီပြုပြီးတော့၊ ဟောဒီအသားတစ်ကနေ တဖြည်းတဖြည်း ဘာတွေဖြစ်လာတုန်းဆိုတော့ ခက်မငါးဖြာဆိုပြီးတော့ အဖုကလေးငါးခုပေါ်လာတယ်။ ထိုအဖုကလေးငါးခုကနေ တဖြည်းတဖြည်း ရင့်လာမှ ခြေနှစ်ဖက် လက်နှစ်ဖက်နဲ့ ဦးခေါင်းဆိုတဲ့ငါးခုသောသဏ္ဌာန်

လေးတွေဟာ တဖြည်းဖြည်းထင်ရှားထင်ရှားပြီးတော့လာတာ။

ဒါကို ဒီမှာချိန်စုပြီးတော့ ဘာကိုပြောလိုက်သလဲဆိုတော့ မာတာပေတ္တိကသမ္ဘဝသ၊ မိဖနှစ်ပါးတို့ရဲ့သွေးရောစပ်ခြင်းကြောင့်ဖြစ်ပေါ်၍လာခဲ့သော။ ဩဒနကုမ္မာသူပစယသ၊ အမိစားတဲ့ မုယောမှုန့် ဂျုံ ဆန်ဆိုသောအာဟာရတို့ဖြင့်ကြီးထွား၍လာခဲ့သော။ အနိစ္စစ္စာရဏာ ပရိမဒ္ဒန ဘေဒန ဝိဒ္ဓံသန ဓမ္မသ။ ဒလစပ်ပျက်စီးနေတယ် ပျက်ပြီးရင်းပျက်ရင်းဖြစ်နေတဲ့သဘောရှိသောကြောင့်။ ပရိမဒ္ဒန ဘေဒန ဝိဒ္ဓံသန ဓမ္မသ။ ပျက်စီးခြင်းသဘောရှိတယ် ဒလစပ်ပျက်စီးခြင်းသဘောရှိတယ်၊ ဒါကြောင့်မို့လို့ ဥစ္စာရဏာ အပြင်ရောက်လာတဲ့အခါကြတော့ ရေကလေးချိုးလိုက် ဆုပ်ရ နယ်ရ နဲ့သာများလိမ်းကျံရ အဝတ်အထည်ကလေးများနဲ့အုပ်ပေးရ ပြုပြင်လိုက်ရတဲ့သခ်ါရဒုက္ခကိုအနည်းငယ်မျ မြတ်စွာဘုရားထည့်ပြီးတော့ပြောပြတယ်။ ဤကိုယ်ကာယကြီးထွားဖို့ရန်စောင့်ရှောက်ရတယ်၊ ဒုက္ခကိုမြတ်စွာဘုရားရှင်ကိုယ်တော်မြတ် အနည်းငယ်မျထုတ်ဖော်ပြီးတော့ ဒီမှာပြတယ်။

အခြေခံအားဖြင့်ပြလိုတာကတော့ ခန္ဓာကိုယ်စတင်ဖြစ်ပေါ်လာ တာဟာ အမိသွေး အဖသွေးဆိုတဲ့သွေးနှစ်ခုရောတာ အဲဒီတော့မှ ဓာတ်လေးပါးအခြေခံပါတယ်၊ ပထဝီဓာတ်ဆိုတဲ့ခက်မာမှုကလေး ပျော့ပြောင်းမှုကလေးပါတယ်၊ တေဇောဓာတ်လို့ခေါ်တဲ့ပူနွေးတဲ့သဘောလေး အဲဒီသွေးနှစ်ခုရောတဲ့ထဲမှာပါတယ်၊ အာပေါလို့ခေါ်တဲ့ ဖွဲ့စည်းတဲ့သဘော စီးထန်းတဲ့သဘောကလေးလည်းဘဲပါတယ်၊ ဝါယောလို့ခေါ်တဲ့ လှုပ်ရှားမှုလေးလည်းဘဲပါတယ် လို့ဓာတ်လေးပါးစုပြီးတော့တည်ဆောက်ထားတာ၊ ဒါကို စာတုမဟာဘူတိကဿ၊ ဓာတ်လေးပါးအခြေခံထားတယ်။ အဲဒီဓာတ်လေးပါးအခြေခံလို့ ဒီလေးပါးပေါင်းမိတဲ့အခါကြတော့ မှတ်ရမယ် ကာယလို့ခေါ်တယ်။ ဒီသဘာဝတရားလေးခု ဘုတ်ကြီးလေးခုပေါင်းမိတာကို ကာယ၊ **ကာယောတိ သမူဟော**။ ပေါင်းမိတာကို ဘာခေါ်၊ (ကာယခေါ်ပါတယ်ဘုရား)။

ကာယလို့ခေါ်လိုက်တယ်။ ခက်မာမှုရယ် ပူနွေးမှုရယ် တွန်းကန်မှုရယ် ဖွဲစည်းမှုရယ် ဘယ်နှစ်ခုလဲ၊ (လေးခုပါဘုရား)။ ခက်မာမှုရှိရင် နူးညံ့မှုဆိုတာရှိမယ်၊ ပူမှုရှိရင် အေးမှုဆိုတာရှိမယ်၊ တွန်းမှုရှိရင် လှုပ်တယ်ဆိုတာရှိတယ်

ဖွဲ့စည်းမှုရှိရင် ယိုစီးမှုဆိုတာရှိတယ်၊ အတွဲလိုက် ဒီသဘာဝကြီးလေးခု အပေါ်မှာ ဘုန်းကြီးတို့ပရိသတ်များ ဝတ္ထာ အရောင်ကလေးရှိတယ်၊ ဤလေးခုပေါင်းထားတဲ့အပေါ်မှာ ဝတ္ထာ အရောင်ရှိတယ်၊ ဂန္ဓ အနံ့ရှိတယ်၊ ရသ အရသာဓာတ်ပါတယ်၊ ဩဇာ ဩဇာဓာတ်ပါတယ်၊ ဘယ်နှစ်ခုလဲ၊(လေးခုပါဘုရား)။

အဲဒီလေးခု လေးခုခြင်း ပေါင်းလိုက်တော့ ရှစ်မနေလား၊ အဲဒါကို အဋ္ဌကလာပတဲ့ ရုပ်ရှစ်ခုရဲ့အပေါင်းအစုလို့ခေါ်ပါတယ်။ သတ္တဝါတစ်ယောက်မိခင်ရဲ့ဝမ်းမှာပဋိသန္ဓေယူပြီဆိုလို့ရှိရင် ဘုန်းကြီးတို့ပရိသတ်များ သွေးနှစ်ခုစတင်ရောတဲ့အချိန် ကလလရေကြည်ဆိုတဲ့အထဲမှာ အဲဒီရုပ်ရှစ်မျိုးပါဝင်ပါတယ်။ ရုပ်ဘယ်နှစ်မျိုးလဲ၊ (ရှစ်မျိုးပါဘုရား)။ ပထဝီ အာပေါ တေဇော ဝါယော ဝတ္ထာ ဂန္ဓ ရသ ဩဇာ ရှစ်ပါးနော်။ အဲဒီ ရုပ်ရှစ်ပါးရဲ့အပေါ်မှာထပ်ဆင့်ပြီးတော့ထည့်လိုက်စမ်းပါဦး ဘာတွေပါလာပြန်တုန်းဆိုလို့ရှိရင် ကာယပသာဒ။ ဘာတဲ့တုန်း၊ (ကာယပသာဒပါဘုရား)။

ဘုန်းကြီးတို့ပရိသတ်များ မျက်စိရယ် နားရယ် နှာရယ် လျှာရယ် အဲဒီလေးခုမှတစ်ပါး ခန္ဓာကိုယ်တစ်ကိုယ်လုံး ပူတာနဲ့ထိ၊ ပူမှန်းသိတယ်နော်၊ အေးတာနဲ့ထိတော့ကော၊

(အေးမှန်းသိပါတယ်ဘုရား)။

အမာနဲ့ထိတော့ကော၊

(မာမှန်းသိပါတယ်ဘုရား)။

ပျော့တာလေးနဲ့ထိတော့ကော၊

(ပျော့မှန်းသိပါတယ်ဘုရား)။

တွန်းတော့ကော၊

(တွန်းမှန်းသိပါတယ်ဘုရား)။

အေး တွန်းမှန်းသိတယ်၊ မာတဲ့မာတ်နဲ့ထိတော့ မာမှန်းသိတယ်၊ ပျော့တာနဲ့ထိလည်းပျော့မှန်းသိတယ်၊ ပူတာနဲ့ထိလည်းပူမှန်းသိတယ်၊ အေးတာနဲ့ထိလည်းအေးမှန်းသိတယ် တွန်းတာနဲ့ထိတော့လည်းဘဲ လှုပ်သွား တယ်ဆိုတော့-

ကာယတစ်ခုလုံးမှာ ဘုန်းကြီးတို့ ပရိသတ်အပေါင်းသူတော်ကောင်းတို့ အတွေ့အထိကိုခံယူတဲ့ရုပ်တစ်မျိုးဆိုတာရှိတယ်၊ ဆံပင် မွေးညှင်း ခြေသည်း လက်သည်းတို့ကိုဖယ်ထား၊ ဆံပင် မွေးညှင်း ခြေသည်း လက်သည်း အဲဒီအရာဝတ္ထုတွေမှာကတော့ အခုနကအတွေ့အထိကိုခံယူနိုင်တဲ့ရုပ်တစ်မျိုးသူတို့မှာမရှိကြဘူး။ ဆံပင်မီးနဲ့ရို့ ပူတယ်လို့ဘယ်တော့မှမရှိဘူး၊ (မှန်လှပါဘုရား)။ ခြေသည်းလက်သည်းဓားနဲ့ဖြတ် ဘယ်တော့မှနာတယ်လို့မှမရှိဘဲ၊ ဒါကြောင့် အဲဒီ ဆံပင် မွေးညှင်း ခြေသည်း လက်သည်းတို့မှာ ကာယပသာဒရုပ်မရှိပါဘူးတဲ့။ ကျန်တဲ့ကိုယ်တစ်ကိုယ်လုံးမှာဆိုလို့ရှိရင် ဘယ်နေရာကြည့်လိုက် ကြည့်လိုက် အခုနကပြောခဲ့တဲ့ အတွေ့အထိတို့ကို ခံယူနိုင်စွမ်းသောရုပ်တစ်မျိုးဟာ နေရာအနှံ့ရှိနေပါတယ်တဲ့ဗျာ။ အတွေ့အထိကို ခြုံပြောလိုက်မယ်၊ အခုနက ဓာတ်တွေနဲ့လျှောက်ပြောတော့မှားလိုက်တာ ခြုံပြောရင်သုံးခုတည်းပါ။ ပထဝီရဲ့အတွေ့ တေဇောရဲ့အတွေ့ ဝါယောရဲ့အတွေ့၊ အဲဒီသုံးခုကို ဖောဋ္ဌဗ္ဗခေါ်တာကိုး။

အာပေါဓာတု ဝိဝဋ္ဋိတံ ဘူတတ္တယသဒ္ဒါတံ ဖောဋ္ဌဗ္ဗံ ဂေါစရရူပံ နာမ။ အာပေါဓာတ်သည် ဖောဋ္ဌဗ္ဗထဲမပါဘူး။ ပထဝီ တေဇော ဝါယော ဒီသုံးခုသည်တွေ့ထိလို့ရစကောင်းတယ်နော်၊ ပထဝီ တေဇော ဝါယော ဒီသုံးခုသည် တွေ့ထိလို့ရစကောင်းတယ်။ ဖောဋ္ဌဗ္ဗအာရုံအနေနဲ့ယူရင်ရနိုင်တယ်၊ ဒါကြောင့် သူ့ကို ဂေါစရရူပ်၊ ဖောဋ္ဌဗ္ဗာအာရုံအနေနဲ့ ယူလို့ရတဲ့ရုပ်သည် ဂေါစရရူပ်လို့ခေါ်သကိုး။ ဒီတော့ရင် ကာယပသာဒက ဘယ်အာရုံကိုခံယူသလဲဆိုရင် အဲဒီအတွေ့ အထိဆိုတဲ့ ဖောဋ္ဌဗ္ဗအာရုံတွေကို ခံယူတဲ့ရုပ်။ အတွေ့အထိအာရုံကို ခံယူတဲ့ရုပ်သည် ဘာလဲ၊ ကာယပသာဒရုပ်။ အခုနက အဋ္ဌကထာပရုပ်ရှစ်မျိုးရဲ့အပေါင်းထဲမှာ အတွေ့အထိကိုခံယူတဲ့ ကာယပသာဒ ထပ်ထည့်တော့ ကိုးခုမနေလား၊ (ကိုးခုပါဘုရား)။

အဲဒီရုပ်ကိုးခုကို သေမသွားရအောင် ထိန်းထားပေးတဲ့ရုပ်တစ်မျိုးထပ်ထည့်၊ အဲဒါကို ဇီဝိတရုပ်ခေါ်တယ်။ အခုနက ရုပ်ကိုးမျိုးကို ရပ်စဲမသွားအောင် ထိန်းပေးတဲ့ဓာတ်တစ်မျိုးထည့်လိုက်ပါ အဲဒါကို ဇီဝိတ။ ဇီဝိတရုပ်ထည့်လိုက်တော့ တစ်ဆယ်မနေလား။ အဲဒီဇီဝိတရုပ်တစ်ဆယ်ထဲမှာ နောက်တစ်ခါ

ဘာထပ်ထည့်မတုန်းဆိုလို့ရှိရင် ဘုန်းကြီးတို့ပရိသတ်အပေါင်း သူတော်ကောင်းတို့ ယောက်ျားဖြစ်မည့်ပုဂ္ဂိုလ်ဆိုရင် ယောက်ျားတို့ရဲ့ရုပ်တစ်မျိုး ပဉ္စမာဝရုပ်ကို ထည့်ပါ၊ အမျိုးသမီးဖြစ်မည်ဆိုရင် ဣတ္ထိတို့ရဲ့ရုပ်ဣတ္ထိဘာဝရုပ်တစ်မျိုး မိန်းမတို့ရဲ့ဣတ္ထိဘာဝဆိုတဲ့သဘောလေးထည့်လိုက်စမ်းပါ။

ဒါကြောင့် တစ်ဆယ့်နှစ်ခုလား၊ (မှန်လှပါဘုရား)။ ဣတ္ထိဘာဝနဲ့ ပဉ္စမာဝကနှစ်ခုတွဲကြီးသွားသလား၊ နှစ်ခုတွဲကြီးသွားရင် ဘယ့်နှယ်ဖြစ်နေမလဲ၊ ဒကာယောက်ျားဖြစ်မည့်ပုဂ္ဂိုလ်မှာ ဒါယကာမတို့ရဲ့ဣတ္ထိဘာဝရုပ်မပါရဘူး။ ဒါယိကာမဖြစ်မည့်ပုဂ္ဂိုလ်မှာ ဒါယကာယောက်ျားတို့ရဲ့ပဉ္စမာဝရုပ်မပါရဘူး၊ အဲဒီ တစ်ယောက်တည်း ဣတ္ထိဘာဝ ပဉ္စမာဝနှစ်မျိုးလုံးပါရင်တော့ အဲဒါတစ်မျိုးကြီးပေါ့။ ရှိတော့ရှိတတ်တယ် ဒါမျိုးကိုဘုန်းကြီးတို့စာပေက ဥဘတောဗျည်းလို့ခေါ်တယ် အသွင်နှစ်မျိုးစလုံး ရုပ်နှစ်မျိုးစလုံးပါလာတာနော်၊ ဆန်းဆန်းကျယ်ကျယ်တွေရှိတော့ရှိတတ်ပါတယ်။ ဒါပေမယ့် သဘာဝအတိုင်း ဒီနေရာမှာပြောပါ။

အဋ္ဌကလာပ်ရုပ်ရှစ်ခု ကာယပသာဒရုပ်ကတစ်ခု ကိုး၊ အဲဒီရုပ်တွေကို ထိန်းပေးထားတဲ့ စောင့်ပေးထားတဲ့ဇီဝိတကိုထည့်တော့ တစ်ဆယ်၊ အမျိုးသမီးအတွက် ဣတ္ထိဘာဝရုပ်ထည့်၊ အမျိုးသားအတွက် ပဉ္စမာဝရုပ်ကိုထည့်တော့ ဘယ်လောက်ရလဲ၊ တစ်ဆယ့်တစ်ခုရတယ်၊ (မှန်လှပါဘုရား)။ တစ်ဆယ့်တစ်ခုရတယ်။ နောက်ပြီးတစ်ခုထည့် ဟဒယဝတ္ထုရုပ်ထည့် စိတ်ရဲ့မှီရာဟဒယထည့်လိုက်ပါဦး စိတ်ရဲ့မှီရာဟဒယမပါရင် ရုပ်ချည်းသက်သက်ဖြစ်နေလိမ့်မယ် စိတ်မပါဘဲနဲ့ စိတ်မှီစရာလေးထည့်ပေးဦး၊ ဘာရဲ့မှီရာ၊

(စိတ်ရဲ့မှီရာပါဘုရား)။

အေး နောက်တစ်မျိုးပြောမယ် နာမ်ခန္ဓာလေးပါးတို့ရဲ့မှီရာဘာပါလိမ့်၊

(နာမ်ခန္ဓာလေးပါးတို့ရဲ့မှီရာပါဘုရား)။

ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်၊ ဘယ်နှစ်မျိုး၊ (လေးမျိုးပါဘုရား)။ ခံစားမှုရဲ့မှီရာ၊ မှတ်သားမှုရဲ့မှီရာ၊ သိမှုရဲ့မှီရာ၊ နှိုးဆော် မှုရဲ့မှီရာ ဘယ်နှစ်မျိုးလဲ၊ (လေးမျိုးပါဘုရား)။ ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် နာမ်ခန္ဓာလေးပါးတို့ရဲ့မှီရာ ဟဒယဝတ္ထုရုပ်ကိုတစ်ခါထည့်ပါ။ ဟဒယဝတ္ထုရုပ်မရှိဘူးဆိုရင် နာမ်ခန္ဓာ

တို့ရဲ့မိုရာမရှိဘူးပေါ့။ နာမ်ခန္ဓာတို့ရဲ့မိုရာမရှိရင် အဲဒီပုဂ္ဂိုလ်ခန္ဓာငါးပါးမစုံတော့ဘူး၊ ရူပက္ခန္ဓာဘဲရလိမ့်မယ်။ ဒီတော့ သူ့ရဲ့မိုရာ မိုရာစုံအောင်ထည့်မှ မိုတတ်တဲ့အရာဝတ္ထုတွေအစုံလာတယ်ပေါ့ဗျ။

ကံတရားအကျိုးပေးပုံ ဆန်းကြယ်စုံ

ဟဒယဝတ္ထုကိုမရှိရင် ဟဒယမိုဖြစ်တဲ့နာမ်တရားတွေမလာတော့ဘူးဗျ၊ ဒါကြောင့် ဟဒယတ္ထုထည့်လိုက်တဲ့ ရုပ်ဘယ်နှစ်မျိုးဖြစ်သွားလဲ၊ (တစ်ဆယ့်နှစ်မျိုးပါဘုရား)။ ဟဲဟဲ တစ်ဆယ့်နှစ်မျိုးပေါ့။ ဣတ္ထိဘာဝနဲ့ပုမ္ဘာဝ အတွဲလိုက်ကြီးမလုပ်ပါနဲ့နော်။ ဟင်း ဣတ္ထိဘာဝနဲ့ပုမ္ဘာဝတွဲရင် တစ်ဆယ့်သုံးမျိုးဖြစ်မှာဘဲ။ အဲဒီနှစ်မျိုးလုံးမပါတာလည်းရှိသေးတယ်ဗျာ၊ ဣတ္ထိဘာဝရုပ်လည်းမပါဘူး ပုမ္ဘာဝလည်းမပါဘူး ဘာကြီးမှန်းလည်းမသိဘူး၊ အဲဒီလိုဟာလည်းရှိသေးသကိုးဗျ ဟုတ်လား၊ နှစ်မျိုးစလုံးအတွဲလိုက်ပါတာတွေလည်းရှိသေးသဗျ။ နှစ်မျိုးစလုံးအတွဲလိုက်မဟုတ်ဘဲနဲ့ အံမယ် တစ်ဆယ့်ငါးရက် တစ်လှည့်စီ တစ်လှည့်စီလည်းရှိသေးတယ်ဗျာ။ ဆန်းတယ်နော် ကံတရားအကျိုးပေးပုံတွေက။

အမျိုးသမီးဘာဝရုပ်က တစ်လှည့် တစ်ဆယ့်ငါး ရက်ပေါ်လိုက်ရောဣတ္ထိဘာဝရုပ်တစ်လှည့် တစ်ဆယ့်ငါးရက်၊ ဟာ အဲဒါပျောက်သွားပြီတော့ နောက်တစ်ခါ ပုမ္ဘာဝရုပ်လာပြန်ပြီ တစ်ဆယ့်ငါးရက်တစ်လှည့် တစ်လမှာ အမျိုးသားတစ်ဆယ့်ငါးရက် အမျိုးသမီးတစ်ဆယ့်ငါးရက်ဖြစ်ရတဲ့ပုဂ္ဂိုလ်တွေတဲ့ရှိသကိုးဗျ၊ အဲဒါမျိုးကြတော့ ပေကွပဏ္ဏာပ်လို့ခေါ်တယ်၊ အသွင်နှစ်မျိုး တစ်ပြိုင်တည်းအမြဲတမ်းပေါ်လာတော့ ဥဘတောဗျည်းလို့ခေါ်တယ်၊ နှစ်မျိုးလုံးဘမှကိုမရှိဘူးဆိုတော့ နပုံးလို့ခေါ်တယ်ဟုတ်လား။ အဲဒါ မပီသဘူးပေါ့ဗျာ။ အဲဒီလိုတွေဖြစ်ကြတာဘာကြောင့်လဲ ကံတရားရဲ့ဆန်းကြယ်ပုံဟာဘုန်းကြီးတို့ပရိသတ်များ ဉာဏ်လိုက်လို့မမှီနိုင်ကြဘူးဗျ။ ကံတရားရဲ့ဆန်းကြယ်မှုကို ဉာဏ်ဘယ်လောက် ဆန်းကြယ်ဆန်းကြယ် လိုက်လို့မမှီနိုင်ဘူး။ သဗ္ဗညုတ ဉာဏ်နဲ့လိုက်တော့အကုန်မှီတယ်ဗျာ၊ သဗ္ဗညုတဉာဏ်တော်ကြီးနဲ့လိုက်တာမှီတော့-

မြတ်စွာဘုရားက ဘာပြောတုန်းဆိုတော့ အဲဒီလိုဖြစ်တာတွေဟာ တစ်

ခြားမဟုတ်ဘူး ကာမေသုမိစ္ဆာစာရကံကြောင့်ဖြစ်တာတွေလို့ဟောပါတယ်ဗျာ။ ဒီတော့ အဲဒါတွေအသာထားတော့ ဒီနေရာမှာ ဘုန်းကြီးတို့ပရိသတ်များစတုမဟာဘူတိကဿ မာတာပေတ္တိကဿမ္ဘဝဿလို့ ရူပက္ခန္ဓာဖြစ်ပုံကို ဘုန်းကြီးတို့ပရိသတ်အားအခြေခံမျှပြောနေတော့ရင် မိဘနှစ်ပါးသွေးနှစ်ခုပေါင်းစပ်တဲ့အခါကစပြီးတော့ ကလလလို့ခေါ်တဲ့အညှိကလေးပေါ်လာတယ်၊ အဲဒီကလလကနေပြီးတော့ အမြွှေပ်ကလေးဖြစ်လာတယ်၊ နည်းနည်းခဲသွားတယ်၊ အမြွှေပ်ကလေးကနေတော့အရောင်ပြောင်းပြီးတော့ သွေးကြည်ကလေးဖြစ်လာတယ်၊ သွေးကြည်ကလေးကနေ အရင့်ရောင် သွေးနီရင့်ရောင်ပြောင်းပြီးတော့ အခဲကလေးဖြစ်လာတယ် သွေးခဲ၊ အဲဒီကနေအသားတုံးလေးအဖြစ်သို့ပြောင်းသွားတယ်၊ အသားတုံးကနေပြီးတော့ ဘာတဲ့တုန်း အဖုကလေးငါးခုပေါ်လာတယ်၊ တဖြည်းတဖြည်းကြီးထွားလာတဲ့သဘောနော်။ အဲဒီ ရူပက္ခန္ဓာဘယ်အာဟာရနဲ့ကြီးတုန်းဆိုတော့ အမိစားတဲ့အာဟာရနဲ့ကြီးလာတာ၊ ဘယ်ဥတုနဲ့ကြီးတုန်းဆိုတော့ မိခင်ရဲ့ဝမ်းထဲမှာရှိတဲ့ဥတုနဲ့ဘဲကြီးရတယ်၊ ဒီဥတု အာဟာရတင်ဘဲလားလို့ဆိုတော့မဟုတ်သေးဘူးတဲ့၊ ဘုန်းကြီးတို့ပြောထားခဲ့ပြီးပါပြီ ဟို အရိုးကလေးတုန်းကပြောခဲ့တယ်နော်။

မျိုးစေ့ပမာဏ၌ခန္ဓာ

အဝိဇ္ဇာ တဏှာ ကံ မြေဓာတ် မျိုးဓာတ် ရေဓာတ်၊ ဘယ်နှစ်ဓာတ်လဲ၊ (သုံးဓာတ်ပါဘုရား)။ မျိုးစေ့က ဘယ်လောက်ဘဲကောင်းနေနေ မြေကြီးကိုအမှီမရရင် ဒီမျိုးဟာမပေါက်ဘူး၊ မျိုးကတော့မျိုးကောင်းမျိုးသန့်ဘဲ သေသေချာချာလေလုံမိုးလုံ ခြောက်ခြောက်သွေ့သွေ့ ပိုးမထိုး လောက်မကိုက်အောင်သိမ်းထားတာ၊ ဒါပေမယ့် မြေကြီးပေါ်မချသေးသမျှတော့ ဒီမျိုးဟာအပင်မပေါက်ပါဘူး၊ မြေကြီးပေါ်တော့ချတယ်၊ သို့သော် မြေကအခြောက်တိုက်ကြီး ကျပ်တည်းကုန်းကြီးပေါ်သွားချလည်းမပေါက်ဘူး၊ မြေဩဇာကောင်းရမယ် မြေဩဇာကောင်းပါတယ်၊ သို့သော် ရေအစိုဓာတ်နည်းနည်းမှမရဘူးဆိုတော့လည်းပေါက်ဦးမလား (မပေါက်ပါဘုရား)။ မျိုးလည်းကောင်းပါစေ၊ မြေလည်းကောင်းပါစေ၊ ရေမိုးလည်းကောင်းပါစေ၊ အကြောင်းသုံးပါးညီညွတ်ရင် အဲဒီမျိုး

စေ့သည် အညွှန့်ကလေးလည်းတက်လာတယ် အမြစ်ကလေးလည်းတွယ်ထားတယ်ပေါက်တာပေါ့။ အညွှန့်ကလေးတက်လာတယ် အမြစ်လည်းဘဲတွယ်ထားတယ်။

တဏှာက မျိုး။ ကံဆိုတာ၊ (မျိုးစေ့ပါဘုရား)။ ဟို သတ္တဝါတစ်ယောက်ဆိုတဲ့အပင်ပေါက်တာဟာ အဝိဇ္ဇာ တဏှာ ကံ ဒီအကြောင်းသုံးပါး။ အခြားအကြောင်းကြောင့် သတ္တဝါဖြစ်တာမဟုတ်ဘူး။ ဒီအကြောင်းသုံးပါးကြောင့်ဖြစ်တာ။ ဒီအကြောင်းသုံးပါးကို အခြေခံပြီးတော့ အခုနကမိဘနှစ်ပါးရဲ့သွေးနှစ်ခုပေါင်းမိတာဘဲ။ မိဘနှစ်ပါးရဲ့သွေးနှစ်ခုပေါင်းတာကိုးက ပစ္စုပ္ပန်သေသေချာချာကြည့်ရင် အဝိဇ္ဇာပါတယ်၊ တဏှာပါတယ်၊ စေတနာပါတယ်၊ ဟိုး တဏှာရယ် စေတနာရယ် အဝိဇ္ဇာရယ် ဒီသုံးခုပေါင်းတာသည်ပင်လျှင် မိဘနှစ်ပါးရဲ့သွေးပေါင်းသွားတာ၊ ဒါ ပစ္စုပ္ပန်မှာလည်း ဒီအတိုင်း ဘဲ၊ အတိတ်ကလည်းဘဲ၊ ဒီအတိုင်းပါဘဲဘုရား။ အဲဒါကို ဘုန်းကြီးတို့များ သတ္တဝါတစ်ယောက်ဖြစ်ခြင်းရဲ့အကြောင်းရင်းဆိုတာသူဘဲ သမုဒယနော်။

အေး ဖန်ဆင်းရှင်ကောင်းကင်မှာ မရှိဘူး။ အဝိဇ္ဇာ တဏှာ ကံဆိုတဲ့ဒီတရားသုံးလုံးသည် သတ္တဝါတွေကိုဖန်ဆင်းတာ။ အဝိဇ္ဇာ တဏှာ ကံဆိုတဲ့ဒီတရားသုံးလုံးက သတ္တဝါတွေကိုဖန်ဆင်းတော့ ဘယ်ပေါ်ဖန်ဆင်းထားတုန်းဆိုရင် အခုနကပြောခဲ့တဲ့ ရုပ်တစ်ဆယ့်နှစ်မျိုးပေါ်မှာဖန်ဆင်းထားတယ်။ အဲဒီရုပ်တစ်ဆယ့်နှစ်မျိုးပေါ်မှာဖန်ဆင်းခဲ့တော့ အဝိဇ္ဇာ တဏှာ ကံကအမြစ်လို့ သဘောထားလိုက်ပါ၊ ဖြစ်လာတဲ့ခန္ဓာက အပင်လို့သဘောထားလိုက်ပါဟုတ်ပြီလား၊ (မှန်လှပါဘုရား)။

တောင်ပို့ကို ဘုန်းကြီးတို့ ပရိသတ်များ နည်းနည်းလေးတူးကြည့်တာပေါ့။ တောင်ပို့ နည်းနည်းတူးကြည့်တော့တွေ့ပြီနော် အမြစ်လည်းဘဲတွေ့တယ် အပင်ကလေးလည်းဘဲတွေ့တယ် ဘယ်လိုပေါက်လာတယ်ဆိုတာလေးလည်းဘဲ သဘောတရားတွေ့တယ်၊ ဒါကို မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကဘိုက္ခု၊ ချစ်သားရဟန်း။ ဝမ်မိကောတိ ဧတံ အဓိဝစနံ၊ တောင်ပို့ တောင်ပို့ဆိုသော ဤစကားသည်ကား။ စတုမဟာဘူတိကဿ၊ ပထဝီဓာတ်ရယ် အာပေါ

ဓာတ်ရယ် တေဇောဓာတ်ရယ် ဝါယောဓာတ်ရယ်ဆိုသော ဓာတ်လေးပါးကို အခြေခံပြီးတော့ တည်ဆောက်ထားသော သူ့အခြေခံတည်လိုက်တော့ ဝဏ္ဏ ဂန္ဓ ရသ ဩဇာလေးခုဆင့်လာတယ်၊ အဲဒီအပေါ်မှာထပ်ဆင့်လိုက်တော့ အဲဒီအပေါ်ထပ်ဆင့်လိုက်တော့ ကာယပသာဒရုပ်၊ နောက်ပြီးတော့ဝတ္ထုရုပ် နောက်ပြီးတော့ ဇီဝိတရုပ်၊ နောက်ပြီးတော့ ဘာဝရုပ် လေးခုမနေလား၊ (မှန်ပါဘုရား)။ အားလုံးပေါင်းတစ်ဆယ့်နှစ်မျိုး။ ပဋိသန္ဓေစတင်ယူစဉ်ကာလ ရုပ်ပေါင်းအမျိုးအစား ဘယ်နှစ်မျိုးရတုန်းဆိုရင် အဲဒီတစ်ဆယ့်နှစ်မျိုးရတယ်။ ဟုတ်ပြီလား အဲဒီရုပ်တစ်ဆယ့်နှစ်မျိုးကိုမှီပြီးတော့ အခုနက ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် မှီပြီးတော့ဖြစ်တာ။

စတုမဟာဘူတိကဿ၊ ပထဝီ အာပေါ တေဇော ဝါယော ဓာတ်လေးပါးကို အခြေခံ၍တည်ဆောက်ထားသော။ မာတာပေတ္တိကဿမ္ဘဝဿ၊ အမိအဖနှစ်ဦးသားတို့ရဲ့ သွေးနှစ်ခုရောတဲ့အချိန်ကစတင်၍ ဖြစ်လာခဲ့သော။ ဩဒနကုမ္မာသူပစယဿ၊ အမိစားတဲ့အစားအစာအာဟာရတို့ဖြင့်ကြီးထွား၍လာခဲ့သော။ အနိစ္စုစ္ဆာဒန ပရိမဒ္ဒန ဘေဒန ဝိဒ္ဓံသန ဓမ္မဿ၊ ဒလစပ်ပျက်စီး၍နေသည်ဖြစ်ခြင်းကြောင့် မြောက်များစွာသောသဘာဝတို့ဖြင့်ပြုပြင်ရခြင်းသဘောရှိ၍နေပေထသော။ ဣမဿ ကာယဿ၊ ဤခန္ဓာကိုယ်ကြီးရဲ့။ အဓိဝစန်၊ အမည်ပါပေတည်း။ ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင်ဘုရားရှင်ကိုယ်တော်မြတ်သည်။ ပဗ္ဗမံ၊ ငါးခုမြောက်သော။ ပဉ္စံ၊ ပြဿနာကို။ ဗျာကရောသိ၊ ဆုတ်ဆိုင်းမရှိ ဟုတ်တိုင်းမှန်စွာ ဖြေကြားတော်မူခဲ့ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

တောင်ပို့ခေါ်ပုံ နည်းမျိုးစုံ

ဘုန်းကြီးတို့ပရိသတ် ပကတိခြတောင်ပို့ကြီးကို ကြည့်လိုက်ပါ၊ ပကတိခြတောင်ပို့ခြတောင်ပို့ကြီးကိုကြည့်လိုက်ပါ ခြကလေးတွေ ဘုန်းကြီးတို့ပရိသတ်များ ကြံ့ရာကြံ့ရာ ဆုံရာဆုံရာက မြေကြီးလေးတွေကို ပါးစပ်နဲ့သူတို့ကိုက်ယူ စုပ်ယူပြီးတော့သယ်လာကြတယ်နော်၊ မြေကြီးကလေးတွေကို သူတို့ရဲ့

ပါးစပ်နဲ့ဆန့်ရုံ နှိုင်ရုံသယ်လာ သယ်လာပြီးတော့ သူတို့ တောင်ပို့လို့ ဆိုပြီးတော့ တည်ဆောက်မည့်နေရာမှာအဲဒီမြေကြီးကလေးတွေကို အန်ထုတ်လိုက်ကြတာ ဘာလုပ်လိုက်ကြ၊ (အန်ထုတ်လိုက်ကြတာပါဘုရား)။ ဒီတော့ ခြတောင်ပို့ဆို တာ ဘာလဲလို့မေးရင် ခြတွေအန်ထုတ်ထားတဲ့မြေကြီးပုံကြီးဘဲတဲ့ သဘောကျလား၊ (မှန်လှပါဘုရား)။ ခြအကောင်ပေါင်းများစွာတို့ ပါးစပ်ကနေအန်ထုတ်ထားတဲ့ မြေကြီးတို့ရဲ့အစုအပုံကြီးကို ဝမ်မိကလို့ခေါ်တာ။

အခုနက ဘုန်းကြီးတို့ပရိသတ်အပေါင်း သူတော်ကောင်းတို့ကိုပြောပြထားခဲ့တဲ့ သွေးနှစ်ခုရောမိတဲ့အချိန်ကစပြီးတော့ ရုပ်တွေ ဝေဒနာတွေ သညာ သင်္ခါရ ဝိညာဉ်တွေ တဖြည်းဖြည်းဖြစ်ပြီးတော့ ကြီးထွားကြီးထားပြီးတော့ ဒီခန္ဓာကိုယ်ဆိုတဲ့ ကိုယ်ကြီးတဖြည်းဖြည်းကြီးထွားပြီးတော ပေါ်မလာဘူးလား၊ (ပေါ်လာပါတယ်ဘုရား) ဤခန္ဓာကိုယ်ကြီးကို အခုနကပြောခဲ့တဲ့ ရုပ်တွေပေါင်းစုတာကို သေသေချာချာဝိပဿနာနဲ့ရှု၊ နာမ်တရားတွေပေါင်းစုတာကို ဝိပဿနာဉာဏ်နဲ့သေသေချာချာရှု။ ဘုန်းကြီးတို့ပရိသတ်အပေါင်း သူတော်ကောင်းတို့ များများကြီးမမြင်ပါနဲ့ ဟာဒီခန္ဓာဆိုတဲ့တောင်ပို့ကြီးကို ခြတွေအန်ထုတ်ထားတဲ့မြေကြီးပုံကြီးလို့ဘဲဆိုတာကို သဘောသာကျခဲ့မယ်ဆိုရင် ဒီခန္ဓာကိုယ်ကြီးကို ဘယ်သူမှတွယ်တာကြမယ်မဟုတ်ဘူးဗျ။

အေး ဒုက္ခသစ္စာကိုသေသေချာချာမြင်ပြီးတော်မူကြတဲ့ အရိယာသခင် အရှင်သူမြတ်များ နိရောဓသစ္စာဆိုတဲ့နိဗ္ဗာန်ကို သေသေချာချာမြင်တော်မူကြပြီးတဲ့ အရိယာသခင်အရှင်သူမြတ်များ ဟာဒီနှစ်ခုယှဉ်ကြည့်လိုက်ပါ ဒုက္ခသစ္စာဆိုတာကခန္ဓာ၊ နိရောဓသစ္စာဆိုတာကနိဗ္ဗာန်၊ နိဗ္ဗာန်ကခန္ဓာမရှိဘူးနော်၊ ဒုက္ခသစ္စာဆိုတာခန္ဓာ၊ နိရောဓဆိုတဲ့သန္တိသုခဆိုတာကနိဗ္ဗာန် ဟုတ်လား၊ အဲဒီနှစ်ခုကိုယှဉ်ဟပ်ပြီးတော့ သဘောကိုသေသေချာချာပိုင်ထားတဲ့အရိယာပုဂ္ဂိုလ်တွေက တကယ့်သန္တိသုခလို့ဆိုရတဲ့နိဗ္ဗာန်ကိုမြင်ပြီးရင် ဟာဒီခန္ဓာကိုယ်ကြီးကိုပြန်ပြီးတော့ သူတို့တစ်တွေဟာ လိုချင်ကြသေးသလား၊

(မလိုချင်ကြတော့ပါဘုရား)

နိဗ္ဗာန်မြင်ပြီးတဲ့အရိယာပုဂ္ဂိုလ်တို့သည် ခန္ဓာကိုယ်လိုချင်ကြသေးသလား၊ (မလိုချင်တော့ပါဘုရား) ဒီတော့ အဓိပ္ပါယ်ဘယ့်နှယ်ဖြစ်သွား သလဲ

ဆိုရင် နိဗ္ဗာန်ကိုမြင်လည်းပြီးရော ခန္ဓာကိုအန်ထုတ်ပစ်လိုက်တဲ့ အန်ဖတ်တွေလို သဘောကျသွားတယ်လို့ဆိုလိုက်ပါ။ ခြလေးတွေဟာ အန်ထုတ်လိုက်ပြီးတော သူတို့ ခြတောင်ပို့ကို ဘယ်တော့မှပြန်ပြီးတော့မစားတော့ဘူးဗျ။ အခြားနေရာက မြေကြီးသယ်လာပြီးတော ဒီနေရာတောင်ပို့လုပ်ပေမယ့် ဤတောင်ပို့ကြီးပြန်စားတယ်ဆိုတာ ခြများမရှိဘူးနော်။

ဒီအတိုင်းဘဲတဲ့ နိဗ္ဗာန်ကိုမြင်ပြီးတဲ့အရိယာပုဂ္ဂိုလ်တို့ဟာ ခန္ဓာဆိုတဲ့ ဒုက္ခသစ္စာအစုအပုံကြီးကို အန်ထုတ်ပစ်လိုက်ပြီ၊ ခြတွေဟာ မြေကြီးတွေကို အန်ထုတ် အန်ထုတ်ပြီး တောင်ပို့လုပ်ထားသလို၊ အရိယာသူတော်ကောင်းတို့လည်းဘဲ ရုပ်အစုအဝေး ဝေဒနာအစုအဝေး သညာအစုအဝေး သင်္ခါရအစုအဝေး ဝိညာဉ်အစုအဝေးဆိုတဲ့ ဒီခန္ဓာကိုယ်ကြီးကိုစွန့်တော်မူ အန်ထုတ်တော်မူ ပယ်ထုတ်တော်မူ စွန့်ပစ်တော်မူကြခဲ့ပြီဖြစ်သောကြောင့် ဤခန္ဓာကိုယ်ကြီးကို အရိယာပုဂ္ဂိုလ်တို့ရဲ့ အန်ထုတ်ထားတဲ့ အန်ဖတ်ပုံကြီးနဲ့တူ သောကြောင့် ဘာခေါ်တုန်း တောင်ပို့ကြီးပါ ဟုတ်လား၊ (မှန်လှပါဘုရား)။ ခြတွေအန်ထားတဲ့ ခြတောင်ပို့ကြီးလိုဘဲ အရိယာပုဂ္ဂိုလ်တွေအန်ထုတ်ထားတာ စွန့်ပစ်ထားတာ ဒါကြောင့် ဒီခန္ဓာ ကိုယ်ကိုဘာခေါ်ရ၊ (တောင်ပို့လို့ခေါ်ရပါတယ်ဘုရား)။ ဘုန်းကြီးတို့ ပရိသတ်အပေါင်းသူတော်ကောင်းတို့ ဟောဒီမှာနှုတ်ထဲထည့်လိုက်။

အရိယာထိုထို စွန့်ပစ်လို ဤကိုယ်တောင်ပို့ပါ။ (ဆိုလိုက်)

ထိုထိုအရိယာပုဂ္ဂိုလ်တို့သည် နိဗ္ဗာန်ကို မြင်ပြီးပြီ ဒုက္ခသစ္စာကို မြင်ပြီးပြီ နိရောဓသစ္စာကို မြင်ပြီးပြီ။ အဲဒီသစ္စာနှစ်ပါးကို သေသေချာချာမြင်ပြီးပြီဆိုတော့ဘုန်းကြီးတို့ပရိသတ်ရေ ဒီခန္ဓာကိုယ်ဆိုတဲ့ ဒုက္ခအပေါ်မှာတွယ်တာတဲ့သဘော ဘယ့်နှယ်တုန်း၊ မရှိတော့ပါဘုရား။ ခန္ဓာကိုယ်ကြီးကိုသုခထင်တွယ်တာထားတာက တစ်နည်း။ မျိုထားတာက တဏှာကမျိုထားတာ၊ ခန္ဓာကိုယ်ကြီးကို ဘယ်သူကမျိုထား၊ (တဏှာကပါဘုရား)။ မျက်လုံးကလေးလှလိုက်တာ တဏှာနဲ့မျိုတာဘဲ၊ အသံလေးကောင်းလိုက်တာ တဏှာနဲ့မျိုတာဘဲ၊ အဆင်းကလေးလှလိုက်တာ တဏှာနဲ့မျိုတာဘဲ၊ ဒီတော့ခြုံပြီးတော့မှတ်

လိုက်ကြပြီးတော့ ဒီခန္ဓာကိုယ်ဆိုတဲ့တောင်ပို့ကြီးမျိုထားတာက တဏှာ၊ တဏှာကို အကြွင်းမဲ့ပယ်ပြီးတဲ့အရိယာပုဂ္ဂိုလ်တို့သည် ခန္ဓာကိုယ်ဆိုတဲ့တောင်ပို့ကြီးကို မမျိုတော့ဘူးတဲ့၊ အန်ထုတ်ပစ်လိုက်ပါပြီ။ ခြကလေးများမြေကြီးတွေအန်ထုတ်ပြီးတော့ ပုံထားတာမျိုးဖြစ်ပြီးတဲ့ အရိယာသူတော်ကောင်းတွေ အန်ထုတ်ထားတာမို့လို့ ခန္ဓာကိုယ်ကြီးကိုတောင်ပို့လို့ခေါ်တယ်တဲ့နော်။

အရိယာထိုထို၊ စွန့်ပစ်လို၊ ဤကိုယ်တောင်ပို့ပါ။

ဘိက္ခု၊ ချစ်သားရဟန်း။ အရိယေဟိ၊ အရိယာပုဂ္ဂိုလ်တို့သည်။ ဝန္တကော၊ ထွေးအန်၍ထားအပ်ပါပေ၏။ ဘိက္ခု၊ ချစ်သားရဟန်း။ အယံ ကာယော ဤခန္ဓာကိုယ်ဆိုတဲ့တောင်ပို့ကြီးကို ဤခန္ဓာကိုယ်ကြီးကို။ အရိယေဟိ၊ အရိယာပုဂ္ဂိုလ်တို့သည်။ ဝန္တကော၊ ထွေး၍အန်၍ထားအပ်ပါပေတော့၏။ ဣတိ တသ္မာ၊ ထိုကဲ့သို့အရိယာသူတော်ကောင်းတို့ ထွေးထားတာ အန်ထားတာဖြစ်ခြင်းကြောင့်။ အယံကာယော၊ အညစ်အကြေးတွေ စုအောင်းနေတဲ့ဤခန္ဓာကိုယ်ကြီးကို။ ဝမ်မိကော တိ၊ ဝမ်မိကဟူ၍။ ဝုစ္စတိ၊ မုချကိန်းသေ ဆိုသင့်ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

ခန္ဓာကိုယ်ကြီးကို တောင်ပို့လို့ဆိုခြင်းရဲ့အကြောင်းတဲ့ တစ်ခုရတယ်နော်။ (မှန်လှပါဘုရား)။ နောက်တစ်ခါကြတော့ အသုစိ၊

အသုစိ ကလိမလံ ဝမတီတိ ဝမ်မိကော။ [၁]

အယံကာယော၊ ဤခန္ဓာကိုယ်ကြီးကို၊ အယံကာယော အသုစိကလိမလံ၊ အသုစိဆိုတာက မစင်ကြယ်တာ၊ ကလိဆိုတာက အညစ်၊ မလဆိုတာကလည်း အညစ်ဘဲ၊ အသုစိ မစင်ကြယ်တဲ့အရာဝတ္ထုတွေ ကလိဆိုတာလည်း အညစ်အကြေးဘဲ မလဆိုတာလည်း အညစ်အကြေးဘဲ။ အသုစိ ကလိ မလံ၊ မစင်မကြယ် ရွံရှာဖွယ်ကောင်းတဲ့ အညစ်အကြေးမှန်သမျှတွေကို။ ဝမတီတိ၊ ပျို့အန်တတ်သည်ဖြစ်သောကြောင့် (ဝါ) ဝမတီတိ၊ ထုတ်တတ်သည်ဖြစ်သောကြောင့်။ အယံကာယော၊ ဤခန္ဓာကိုယ်ကြီးသည်။ ဝမ်မိကော သဒိသော၊

၁။ မ၊ ဋ၊ ၂၊ ၃၅

ဝမ်မိကဆိုတဲ့တောင်ပို့နဲ့တူပါပေ၏။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်သည်။ ဗျာကရောသိ၊ ကောင်းစွာမသွေ ဖြေကြားတော်မူခဲ့ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

ဒီကြတော့တစ်မျိုးလာတယ်၊

အသုစိကလိ မလံ ဝမတိတိ ဝမ်မိကော။

ကာယကိုယူရမယ်။ အသုစိကလိ မလံ၊ ရွံစရာကောင်းတဲ့အညစ်အကြေးမှန်သမျှကိုထုတ်နေတယ်တဲ့ ရွံရှာဖွယ်ကောင်းတဲ့ အညစ်အကြေးမှန်သမျှ နေ့တိုင်းထွက်နေတယ်တဲ့ ဒါကြောင့် ဤခန္ဓာကိုယ်ကြီးကို ဝမ်မိကလို့ ခေါ်လိုက်ပါတယ်။ ပကတိတောင်ပို့ကြီးကြည့်စမ်းပါ ပကတိတောင်ပို့ကြီးကြည့်လိုက်လို့ရှိရင် အဲဒီထဲက မြွေတွေလည်းထွက်တယ်၊ ကြွက်တွေလည်းထွက်တယ်၊ ဖွတ်တွေလည်းထွက်တယ်၊ ပဒက်တွေလည်းထွက်တယ်နော် အကောင်ပေါင်းများစွာ ရွံစရာကောင်းတဲ့သတ္တဝါ ပိုးကောင်ပေါင်းများစွာတို့ဟာ ထိုတောင်ပို့ထဲက နေ့တိုင်း နေ့တိုင်း မထွက်ဘူးလား၊ (ထွက်ပါတယ်ဘုရား)။ မြွေတွေ ကြွက်တွေ ဟုတ်လား ဖွတ်တွေ ပဒက်တွေ တောင်ပို့ထဲက နေ့တိုင်း ထွက်ပြီးတော့နေကြတာ အားလုံး ဟာ အသုစိ မစင်ကြယ်တဲ့သတ္တဝါတွေ။ ကလိ မလ၊ သိပ်ပြီးတော့ညစ်နေတဲ့ အညစ်အကြေးတွေကိုး။ ဟိုး အလွန့်တရာ ရွံရှာ စက် ဆုပ်ဖွယ်ကောင်းတဲ့ အညစ်အကြေးတွေ ရွံစရာကောင်းတဲ့သတ္တဝါအကောင်ပေါင်းများစွာတွေတဲ့ တောင်ပို့ကြီးထဲက တစိစိ တပွက်ပွက် နေ့တိုင်း ထွက်ဆိုတာလိုဘဲ ဤခန္ဓာကိုယ်ဆိုတဲ့တောင်ပို့ထဲကလည်းဘဲထွက်ပါတယ်။ ဘုန်းကြီးတို့ပရိသတ်များ မထွက်ဘူးလား။ (ထွက်ပါတယ်ဘုရား)။

အက္ခီမှာ အက္ခီဂူထကော၊ ကဏ္ဏမှာ ကဏ္ဏဂူတကော။
သိယ်ာနိကာ စ နာသတော၊ မုခေန ဝမွတေ ကဒါ။
ပိတ္တံ သေမ္ဟ ဝမတိ၊ ကာယမှာ သေဒလ္လမှာ။ °

၁။ သုတ္တန်။ ၃၀၈

အကွိမ့၊ မျက်စိနှစ်ဖက်ကိုကြည့်လိုက်စမ်းပါ။ အကွိဂူထကော၊ မျက်ဝတ်မျက်ချေးနဲ့မျက်ရည်တွေ မထွက်ဘူးလား၊ ထွက်ပါတယ်ဘုရား။ မျက်လုံးလေးလှလိုက်တာ အမယ်လေ သူ့မျက်တောင်ကော့လေးနဲ့ သမင်မျက်လုံးလေးလိုဘဲ ဘာပဲပြောပြော မျက်ရည်နဲ့မျက်ချေးဘဲထွက်တာဘဲ။ မျက်ခမ်းစပ်တဲ့လူလည်း ဒါဘဲ၊ စကြာဝတေးမင်းကြီးရဲ့သမီးတော်လေးလည်း ဒီလိုဘဲ မဟုတ်လား၊ မထူးခြားပါဘူးတဲ့ဟုတ်လား (မှန်လှပါဘုရား)။

အကွိမ့ အကွိဂူ တကော၊ ကဏ္ဍမ့ ကဏ္ဍဂူတကော။

ကဏ္ဍမ့၊ နားနှစ် ဖက်ကြည့်လိုက်စမ်းပါ။ ကဏ္ဍဂူတကော၊ နားဖားချေးနားပြည်ဆိုတဲ့အညစ်အကြေးတွေက။ ဝမ္မတိ၊ နေ့တိုင်းအန်ထွက်တယ်။ နားထဲကထွက်တော့လည်း နားဖားချေးတွေ။ သိယ်ာနိကာ စ နာသတော။ နာသတော၊ နှာခေါင်းနှစ်ဖက်က။ သိယ်ာနိကာ၊ နှပ်တွေ။ နှာခေါင်းလေးကလှလိုက်တာ နှာတံပေါ်လေးနဲ့ နှပ်ဘဲထွက်မှာဘဲ။

သိယ်ာနိကာ စ နာသတော၊ မုခေန ဝမ္မတေ ကဒါ။

အဲဒီနှပ်ကတစ်ခါတစ်ခါလမ်းပျောက်ရင်ပါးစပ်ကထွက်တယ်။ မုခေန၊ ခံတွင်းက။ ဧကဒါ၊ တစ်ရံတစ်ခါ။ ဝမ္မတိ၊ ထွက်တယ်တဲ့။ သူ့နှုတ်ခမ်းလေးကကျိုးအာသီးလေးလိုဘဲ ထွက်လိမ့်မယ်တံတွေးတွေနဲ့နှပ်တွေနော်။ ကိုင်းဗျာလူတွေကအလှလို့သမုတ်တဲ့ဦးခေါင်းတစ်ခုလုံးဟာ လူတကာအမြတ်ဆုံးကိုယ်အင်္ဂါလို့သမုတ်တဲ့ ဦးခေါင်းတစ်ခုလုံးဟာ အညစ်အကြေးတွေမထွက်ဘူးလား။ (ထွက်ပါတယ်ဘုရား) လူတစ်ကိုယ်လုံးရဲ့အမြတ်ဆုံးအင်္ဂါသည်ဦးခေါင်း၊ ထွက်သမျှတော့ အညစ်အကြေးပါဘဲ။ တောသားတောင်သူ ဆင်းရဲသားတို့ရဲ့ဦးခေါင်းလည်းဒီလိုဘဲ အညစ်အကြေးထွက်တာဘဲ၊ သူဌေး သူကြွယ် ကုန်သည်လယ်လုပ်တို့ရဲ့ဦးခေါင်းလည်းဘဲ ဒီလိုအညစ်အကြေးထွက်တာဘဲ၊ မင်းပုဏ္ဏားစကြာမင်းကြီးရဲ့သားတော်သမီးတော်လေးတွေရဲ့ဦးခေါင်းရော ဒီအတိုင်းဘဲတဲ့ကံအကျိုးပေးဆန်းကြယ်လို့သာ ဆင်းရဲသားရယ် ကုန်သည်ရယ် သူဌေးရယ် လယ်လုပ်ရယ် မင်းရယ် ပုဏ္ဏားရယ် ဘာရယ်ဒီလိုကွဲနေတာ။ ဟောဒီမှာဘုန်းကြီးတို့ပရိသတ်များ တောင်ပို့အနေထားကြည့်လို့ကတော့ အားလုံးဟာအညစ်အကြေးထွက်ပုံချင်းအတူတူဘဲနော်။

အသုစိကလိ မလံ ဝမတီတိ ဝမွကော။

အယံကာယော၊ ဤတောင်ပို့ကြီးသည်ကား၊ ဒိနေဒိနေ၊ နေ့တိုင်း နေ့တိုင်း။ သဒါ၊ အခါခပ်သိမ်း၊ အသုစိ ကလိ မလံ၊ အညစ်အကြေး ရွံရှာဖွယ် ကောင်းတဲ့အညစ်အကြေးတွေကို။ ဝမတီ၊ ထွက်စေတယ် အန်စေတယ်။ ဣတိ၊ ထို့ကြောင့်။ ဝမွိကော၊ ဝမ်ွက သဒိသော၊ တောင်ပို့ကြီးနဲ့တူလှပါပေ၏။ တောင်ပို့ထဲကလည်းဘဲ အညစ်အကြေးတွေ နေ့တိုင်းထွက်သလိုပေါ့ ဤခန္ဓာကိုယ် တောင်ပို့ကလည်း အညစ်အကြေးတွေနေ့တိုင်းထွက်ပါတယ်။ ကြွက်တွေ မြွေတွေ ခြင်တွေ အကောင်လေးတွေ တောင်ပို့ထဲကမျှားစွာမထွက်လား၊ (ထွက်ပါတယ်ဘုရား) ဒီခန္ဓာကိုယ်ထဲကြည့်လိုက်ပြန်တော့လည်းဘဲ အရေပါးမှာ မှိနေတဲ့ပိုးတွေ၊ အရေထူမှာမှိနေတဲ့ပိုးတွေ၊ အကြောမှာမှိနေတဲ့ပိုးတွေ၊ အရိုးမှာ မှိုပြိုတော့နေတဲ့ပိုးတွေ၊ ချဉ်ဆီထဲမှာမှိ၍နေတဲ့ပိုးကောင်လေးတွေ၊ အသည်းမှာ မှိနေတဲ့ပိုးတွေ အဆုတ်ထဲမှာမှိနေတဲ့ပိုးတွေ အူထဲမှာမှိနေတဲ့ပိုးတွေ နှလုံးထဲမှာ ကိန်းအောင်းနေတဲ့ပိုးတွေ သွားထဲမှာမှိနေတဲ့ပိုးတွေ မျက်လုံးထဲကပိုးတွေ နားထဲကပိုးတွေ တစ်ကိုယ်လုံးပိုးတွေချည်းဘဲမဟုတ်လား။ (မှန်လှပါဘုရား) အစာသစ်အိမ်ထဲမှာလည်းပိုးတွေ အစာဟောင်းအိမ်ထဲမှာလည်းပိုးတွေ၊ ပိုးအမျိုးပေါင်းတစ်ကိုယ်လုံးရှစ်သောင်းရှိတယ်။

ပိုးအမျိုးပေါင်းရှစ်သောင်းတဲ့ ဟောဒီဝမွိကသုတ်ကဖွင့်ထားတာ။ ဘုန်းကြီးတို့ပရိသတ်အပေါင်းသူတော်ကောင်းတို့ရထားတာ ပိုးမျိုးရှစ်ဆယ်ပေါ့နော်၊ တိုးလိုက်စမ်းပါ တိုးလိုက်စမ်းပါ အဆရှစ်ဆယ်လောက်တိုးလိုက်စမ်းပါ။ ဝမွိကသုတ်တော်အရ ပိုးအမျိုးပေါင်းရှစ်သောင်းမနည်းပါဘူး။ ဒီလောက် ပိုးမျိုးပေါင်းများစွာတို့ရဲ့ခိုမှီရာဖြစ်ခြင်းကြောင့်လည်းဘဲ ဤကိုယ်ကြီးသည်တောင်ပို့နဲ့သေသေချာချာတူတာပါဘဲ။ တောင်ပို့ထဲ သတ္တဝါအကောင်ပေါင်းများစွာဝင်နေရင် အညစ်အကြေးများစွာလည်းရှိဆိုတာသေချာတယ်ပေါ့။ ဒါကြောင့် အညစ်အကြေးများစွာတို့ရဲ့ခိုအောင်းရာဖြစ်ခြင်းကြောင့် ဤခန္ဓာကိုယ်သည် တောင်ပို့ကြီးပါ ဒါကြောင့်နှစ်ချက်မှတ်လိုက်ပေတော့။ ပိုးအကောင်ပေါင်းများစွာတို့ရဲ့ ထွက်ရာဝင်ရာ၊ အညစ်အကြေးများစွာတို့ရဲ့ခိုမှီးရာထွက်ရာ ဟုတ်လား ဤသဘာဝနှစ်မျိုးတို့ကြောင့် ဤခန္ဓာကိုယ်ကြီးကို ဘာခေါ်ရပါသလဲ၊ (တောင်ပို့

ပါးစပ်နဲ့ဆန့်ရုံ နှိုင်ရုံသယ်လာ သယ်လာပြီးတော့ သူတို့ တောင်ပို့လို့ ဆိုပြီးတော့ တည်ဆောက်မည့်နေရာမှာအဲဒီမြေကြီးကလေးတွေကို အန်ထုတ်လိုက်ကြတာ ဘာလုပ်လိုက်ကြ၊ (အန်ထုတ်လိုက်ကြတာပါဘုရား)။ ဒီတော့ ခြတောင်ပို့ဆို တာ ဘာလဲလို့မေးရင် ခြတွေအန်ထုတ်ထားတဲ့မြေကြီးပုံကြီးဘဲတဲ့ သဘောကျလား၊ (မှန်လှပါဘုရား)။ ခြအကောင်ပေါင်းများစွာတို့ ပါးစပ်ကနေအန်ထုတ်ထားတဲ့ မြေကြီးတို့ရဲ့အစုအပုံကြီးကို ဝမ်မိကလို့ခေါ်တာ။

အခုနက ဘုန်းကြီးတို့ပရိသတ်အပေါင်း သူတော်ကောင်းတို့ကိုပြောပြထားခဲ့တဲ့ သွေးနှစ်ခုရောမိတဲ့အချိန်ကစပြီးတော့ ရုပ်တွေ ဝေဒနာတွေ သညာ သင်္ခါရ ဝိညာဉ်တွေ တဖြည်းဖြည်းဖြစ်ပြီးတော့ ကြီးထွားကြီးထားပြီးတော့ ဒီခန္ဓာကိုယ်ဆိုတဲ့ ကိုယ်ကြီးတဖြည်းဖြည်းကြီးထွားပြီးတော ပေါ်မလာဘူးလား၊ (ပေါ်လာပါတယ်ဘုရား) ဤခန္ဓာကိုယ်ကြီးကို အခုနကပြောခဲ့တဲ့ ရုပ်တွေပေါင်းစုတာကို သေသေချာချာဝိပဿနာနဲ့ရှု၊ နာမ်တရားတွေပေါင်းစုတာကို ဝိပဿနာဉာဏ်နဲ့သေသေချာချာရှု။ ဘုန်းကြီးတို့ပရိသတ်အပေါင်း သူတော်ကောင်းတို့ များများကြီးမမြင်ပါနဲ့ ဟာဒီခန္ဓာဆိုတဲ့တောင်ပို့ကြီးကို ခြတွေအန်ထုတ်ထားတဲ့မြေကြီးပုံကြီးလို့ဘဲဆိုတာကို သဘောသာကျခဲ့မယ်ဆိုရင် ဒီခန္ဓာကိုယ်ကြီးကို ဘယ်သူမှတွယ်တာကြမယ်မဟုတ်ဘူးဗျ။

အေး ဒုက္ခသစ္စာကိုသေသေချာချာမြင်ပြီးတော်မူကြတဲ့ အရိယာသခင် အရှင်သူမြတ်များ နိရောဓသစ္စာဆိုတဲ့နိဗ္ဗာန်ကို သေသေချာချာမြင်တော်မူကြပြီးတဲ့ အရိယာသခင်အရှင်သူမြတ်များ ဟာဒီနှစ်ခုယှဉ်ကြည့်လိုက်ပါ ဒုက္ခသစ္စာဆိုတာကခန္ဓာ၊ နိရောဓသစ္စာဆိုတာကနိဗ္ဗာန်၊ နိဗ္ဗာန်ကခန္ဓာမရှိဘူးနော်၊ ဒုက္ခသစ္စာဆိုတာခန္ဓာ၊ နိရောဓဆိုတဲ့သန္တိသုခဆိုတာကနိဗ္ဗာန် ဟုတ်လား၊ အဲဒီနှစ်ခုကိုယှဉ်ဟပ်ပြီးတော့ သဘောကိုသေသေချာချာပိုင်ထားတဲ့အရိယာပုဂ္ဂိုလ်တွေက တကယ့်သန္တိသုခလို့ဆိုရတဲ့နိဗ္ဗာန်ကိုမြင်ပြီးရင် ဟာဒီခန္ဓာကိုယ်ကြီးကိုပြန်ပြီးတော့ သူတို့တစ်တွေဟာ လိုချင်ကြသေးသလား၊

(မလိုချင်ကြတော့ပါဘုရား)

နိဗ္ဗာန်မြင်ပြီးတဲ့အရိယာပုဂ္ဂိုလ်တို့သည် ခန္ဓာကိုယ်လိုချင်ကြသေးသလား၊ (မလိုချင်တော့ပါဘုရား) ဒီတော့ အဓိပ္ပါယ်ဘယ့်နှယ်ဖြစ်သွား သလဲ

ဆိုရင် နိဗ္ဗာန်ကိုမြင်လည်းပြီးရော ခန္ဓာကိုအန်ထုတ်ပစ်လိုက်တဲ့ အန်ဖတ်တွေလို သဘောကျသွားတယ်လို့ဆိုလိုက်ပါ။ ခြလေးတွေဟာ အန်ထုတ်လိုက်ပြီးတော သူတို့ ခြတောင်ပို့ကို ဘယ်တော့မှပြန်ပြီးတော့မစားတော့ဘူးဗျ၊ အခြားနေရာက မြေကြီးသယ်လာပြီးတော ဒီနေရာတောင်ပို့လုပ်ပေမယ့် ဤတောင်ပို့ကြီးပြန်စားတယ်ဆိုတာ ခြများမရှိဘူးနော်။

ဒီအတိုင်းဘဲတဲ့ နိဗ္ဗာန်ကိုမြင်ပြီးတဲ့အရိယာပုဂ္ဂိုလ်တို့ဟာ ခန္ဓာဆိုတဲ့ ဒုက္ခသစ္စာအစုအပုံကြီးကို အန်ထုတ်ပစ်လိုက်ပြီ၊ ခြတွေဟာ မြေကြီးတွေကို အန်ထုတ် အန်ထုတ်ပြီး တောင်ပို့လုပ်ထားသလို၊ အရိယာသူတော်ကောင်းတို့လည်းဘဲ ရုပ်အစုအဝေး ဝေဒနာအစုအဝေး သညာအစုအဝေး သင်္ခါရအစုအဝေး ဝိညာဉ်အစုအဝေးဆိုတဲ့ ဒီခန္ဓာကိုယ်ကြီးကိုစွန့်တော်မူ အန်ထုတ်တော်မူ ပယ်ထုတ်တော်မူ စွန့်ပစ်တော်မူကြခဲ့ပြီဖြစ်သောကြောင့် ဤခန္ဓာကိုယ်ကြီးကို အရိယာပုဂ္ဂိုလ်တို့ရဲ့ အန်ထုတ်ထားတဲ့ အန်ဖတ်ပုံကြီးနဲ့တူ သောကြောင့် ဘာခေါ်တုန်း တောင်ပို့ကြီးပါ ဟုတ်လား၊ (မှန်လှပါဘုရား)။ ခြတွေအန်ထားတဲ့ ခြတောင်ပို့ကြီးလိုဘဲ အရိယာပုဂ္ဂိုလ်တွေအန်ထုတ်ထားတာ စွန့်ပစ်ထားတာ ဒါကြောင့် ဒီခန္ဓာ ကိုယ်ကိုဘာခေါ်ရ၊ (တောင်ပို့လို့ခေါ်ရပါတယ်ဘုရား)။ ဘုန်းကြီးတို့ ပရိသတ်အပေါင်းသူတော်ကောင်းတို့ ဟောဒီမှာနှုတ်ထဲထည့်လိုက်။

အရိယာထိုထို စွန့်ပစ်လို ဤကိုယ်တောင်ပို့ပါ။ (ဆိုလိုက်)

ထိုထိုအရိယာပုဂ္ဂိုလ်တို့သည် နိဗ္ဗာန်ကို မြင်ပြီးပြီ ဒုက္ခသစ္စာကို မြင်ပြီးပြီ နိရောဓသစ္စာကို မြင်ပြီးပြီ။ အဲဒီသစ္စာနှစ်ပါးကို သေသေချာချာမြင်ပြီးပြီဆိုတော့ဘုန်းကြီးတို့ပရိသတ်ရေ ဒီခန္ဓာကိုယ်ဆိုတဲ့ ဒုက္ခအပေါ်မှာတွယ်တာတဲ့သဘော ဘယ့်နှယ်တုန်း၊ မရှိတော့ပါဘုရား။ ခန္ဓာကိုယ်ကြီးကိုသုခထင်တွယ်တာထားတာက တစ်နည်း။ မျိုထားတာက တဏှာကမျိုထားတာ၊ ခန္ဓာကိုယ်ကြီးကို ဘယ်သူကမျိုထား၊ (တဏှာကပါဘုရား)။ မျက်လုံးကလေးလှလိုက်တာ တဏှာနဲ့မျိုတာဘဲ၊ အသံလေးကောင်းလိုက်တာ တဏှာနဲ့မျိုတာဘဲ၊ အဆင်းကလေးလှလိုက်တာ တဏှာနဲ့မျိုတာဘဲ၊ ဒီတော့ခြုံပြီးတော့မှတ်

စုစု စုစုပြီးတော့ တစ်ခုနဲ့တစ်ခု ထပ်ခါ ထပ်ခါ ဆင့်ခါဆင့်ခါ မြေကြီးအတုံး လေးများဆက်ပြီးတော့ တည်ဆောက်ထားတာမျိုးဘဲ၊ အရိုးပေါင်းသုံးရာကို အကြောပေါင်းကိုးရာနဲ့ တုပ်ဆိုင်းချည်နှောင်ပြီးတော့မှ အသားထစ်တွေနဲ့ပိတ် အရေထူကြီးနဲ့အုပ် အရေပါးနဲ့လွှမ်းပြီးတော့ တည်ဆောက်ထားတဲ့ ခန္ဓာကိုယ် မို့လို့ အခုနကပြောပြထားတယ် ခြတွေအန်ထုတ်ထားတဲ့မြေကြီးတို့ဖြင့် တစ်ခုနဲ့တစ်ခု ဆင့်ကဲဆင့်ကဲ ဆက်စပ်၍ ဆက်စပ်၍တည်ဆောက်ထားတဲ့ တောင်ပို့ကြီးလိုပါဘဲ၊ ဤခန္ဓာကိုယ်ဆိုတဲ့တောင်ပို့ကြီးဟာလည်းဘဲ အရိယာ သူတော်ကောင်းများ ရွံရှာစက်ဆုပ်တော်မူသော အဋ္ဌိက။

ဟော ကမ္မဋ္ဌာန်းထဲမှာအဋ္ဌိကကမ္မဋ္ဌာန်းမရှိဘူးလား၊ (ရှိပါတယ် ဘုရား) အရိုးကမ္မဋ္ဌာန်းစရှု။ အရိုးကစ အသုဘထင်လာတာနော်၊ အသုဘ ကမ္မဋ္ဌာန်းဆယ်မျိုးရှိပါတယ်။ ဒီနေရာအကျယ် ဘုန်းကြီးတို့ပရိသတ် မချဲ့ကြ စို့နဲ့။ အသုဘကမ္မဋ္ဌာန်း ဒီနေရာအကျယ်ချဲ့ထည့်လိုက်ရင် ဝမ်မိကသုတ်တော် ကြီးဆုံးတော့မယ်မဟုတ်ဘူးဗျ။ အရိယာသူတော်ကောင်းတို့ဟာ အရိုးကစ ကြည့်ပြီးတော့ အသုဘလို့သဘောထားပြီးတော့ တဏှာဖြင့်မျှမထားဘဲနဲ့ အန် ထုတ်ထားကြပြီဆိုတာ သဘောသာကျလိုက်ပါတော့။ အရိယာသူတော် ကောင်းတွေ အန်ထုတ်ထားတဲ့ သုံးဆယ့်နှစ်ကောဋ္ဌာသကို တစ်ခုချင်း တစ်ခု ချင်းစုစပ်ပြီးတော့ ဒီမှာတည်ဆောက်ထားတာတဲ့ဟုတ်ပလား၊ မှန်လှပါဘုရား။

အရိယာဝန္တမလေဟိ၊ အရိယာသူတော်ကောင်းတွေ အန်ထုတ်ထား သော သုံးဆယ့်နှစ်ကောဋ္ဌာသဆိုသောအညစ်အကြေးတို့ဖြင့်။ ဥဿီတော၊ ဆိုက်ထောင်ထားတာ တည်ဆောက်ထားတာ။ ဣတိ တသ္မာ၊ ထို့ကြောင့်။ အယံ ကာယော၊ ဤခန္ဓာကိုယ်ကြီးသည်။ ဝမ်မိကသဒိသော၊ တောင်ပို့ကြီးနဲ့ တူလှပါပေ၏။ ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါး သခင်ဘုရား ရှင်ကိုယ်တော်မြတ်သည်။ ဗျာကရောသိ၊ ကောင်းစွာမသွေဖြကြား တော်မူခဲ့ ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

ဆိုလိုက်ပါ ဘုန်းကြီးတို့ပရိသတ်အပေါင်းသူတော်ကောင်းတို့ -

ညစ်ကြေးထိုထို၊ တည်းဆောက်လို၊ ဤကိုယ်တောင်ပို့ပါ။

အရိယာသူတော်ကောင်းတို့ စွန့်ထားသော အညစ်အကြေး အရိုးက စပြီးတော့ ဒါ အညစ်အကြေးလို့ ဆိုလိုတယ်နော်၊ အရိယာသူတော်ကောင်းများ စွန့်ပစ်ထားသော အညစ်အကြေးတွေကို စုစပ်ပြီးတော့ တည်ဆောက်ထားသောကြောင့် ခြများခံတွင်းက အန်ထုတ်ထားတဲ့ မြေကြီးကလေးတွေ တစ်ခုချင်း တစ်ခုချင်း စပ်ပြီးတော့ တည်သလို တည်ဆောက်ထားတဲ့အတွက်ကြောင့် ခန္ဓာကိုယ်ကြီးသည် တောင်ပို့ ဟုတ်ပလား။ မှန်လှပါဘုရား။ ဘယ်နှစ်နည်းရပလဲ၊ အစက မပြန်ပါရစေနဲ့တော့ သုံးနည်းရပါပြီ။

အရိယာထိုထို၊ စွန့်ပစ်လို၊ ဤကိုယ်တောင်ပို့ပါ။ တစ်။
ညစ်ကြေးထိုထို၊ ပျို့အန်လို၊ ဤကိုယ်တောင်ပို့ပါ။ နှစ်။
ညစ်ကြေးထိုထို၊ တည်ဆောက်လို၊ ဤကိုယ်တောင်ပို့ပါ။ သုံး။

နောက် တစ်နည်းပြောမယ်။ ခန္ဓာကိုယ်ကြီးတောင်ပို့နဲ့တူတာ ဘယ်နှစ်နည်းလဲဆိုတော့ လေးနည်းရရမယ်။

အရိယေဟိ ဝန္တေနေဝ တဏှာသိနေဟေန သမ္မဒ္ဓေါ အယန္တိ ဝန္တသိနေဟေန သမ္မဒ္ဓေါတိပိ ဝမ္မိကော။ [၁]

အရိယာဝန္တ တဏှာသိနေဟေန၊ အရိယာပုဂ္ဂိုလ်တို့အန်ထုတ်ထားသော တဏှာတည်းဟူသောအစေးဖြင့်။ သမ္မဒ္ဓေါ၊ ဆက်စပ်ထားတာ။ ဣတိ တသ္မာ၊ ထို့ကြောင့်။ အယံ ကာယော၊ ဤခန္ဓာကိုယ်ကြီးသည်။ ဝမ္မိကော၊ ဝမ္မိကမည်ပါပေ၏။ အရိယာပုဂ္ဂိုလ်တို့ အန်ထုတ်ထားသော တဏှာအစေးဖြင့် ဆက်စပ်ပြီးတော့ တည်ဆောက်ထားတယ်တဲ့။ အခုနက ဘုန်းကြီးတို့ပရိသတ်ကိုပြောထားတာ အရိယာတို့အန်ထားသောခန္ဓာလို့ပြောခဲ့တယ်နော်၊ ယခုပြောလာတာက အရိယာပုဂ္ဂိုလ်တို့ အန်ထုတ်ထားသောတဏှာအစေး၊ အခုနက ခြလေးများဟာ ပါးစပ်ထဲကမြေကြီးလေးတွေကိုအန်ထုတ်တော့ မြေကြီးအခြောက်တိုက်ဆိုရင် ဘယ်ကပ်မလဲဗျ သူတို့အာခံတွင်းက အစေးဓာတ်လေးပါမှ ဒီမြေကြီး တစ်ခုနဲ့တစ်ခုကပ်လို့ အဲဒါမှခိုင်တာ။ တဖြည်းတဖြည်း ဆင့်ကဲ

၁။ မ၊ ဋ္ဌ၊ ၂၊ ၃၅

လို့ခေါ်ပါတယ်ဘုရား) တောင်ပို့လို့ခေါ်တယ် တောင်ပို့နဲ့တူပါသတဲ့။ ဆိုလိုက်ပါဦး -

ညစ်ကြေးထိုထို၊ ပျို့အန်လို၊ ဤကိုယ်တောင်ပို့ပါ။ (၃ခေါက်ဆို)

ဒါက **ဝမတီတိ ဝမ်မိကော**။[1] ပျို့တတ် အန်တတ်လို့ဝမ်မိကဆိုပါတယ်ဆိုတဲ့စကားကိုရှင်းလင်းတင်ပြတာ။ ဘာတွေအန်ထုတ်တုန်းဆိုလို့ရှိရင်-

၁။ ပိုးကောင်းတွေ၊

၂။အညစ်အကြေးတွေ၊

ဘယ်နှစ်မျိုးလဲ၊ (နှစ်မျိုးပါဘုရား) အညစ်အကြေးတွေပိုးကောင်တွေကိုအန်ထုတ်လို့တဲ့ဒီခန္ဓာကိုယ်ကြီးဟာ တောင်ပို့နဲ့တူတဲ့အတွက်ကြောင့် ဒီကိုယ်ကိုတောင်ပို့ခေါ်တာ။ အခုနကပြောခဲ့တာကတော့ တဏှာနဲ့မျိုထားတဲ့ ခန္ဓာကိုယ်၊ တဏှာဆိုတဲ့သမုဒယသစ္စာကိုပယ်ပြီးတဲ့အရိယာသူတော်ကောင်းတို့သည် တဏှာကိုပယ်ပြီးဆိုရင် ခန္ဓာကိုလည်း၊ (ပယ်ပြီးပါပြီဘုရား) ပယ်ပြီးသား။ တဏှာကိုအန်ထုတ်ပြီးပြီဆိုကတည်းက ခန္ဓာကိုယ်ကြီးကိုလည်းဘဲ အန်ထုတ်ပြီးပြီ။ ဒါကြောင့် အရိယာသူတော်ကောင်းတို့ အန်ထုတ်ထားတဲ့အတွက်ကြောင့် ဒီခန္ဓာကိုယ်ကြီးဟာလည်းဘဲ ခြများအန်ထားတဲ့အန်ပုံကြီးနဲ့တူလို့တောင်ပို့။ နှစ်နည်းရပါတယ်နော်၊ နောက် တတိယတစ်နည်း-

အရိယာ ဝန္တမလေဟိ ဥဿယောတိ ဝမ်မိကော။ အယံ ကာယော၊ ဤခန္ဓာကိုယ်ကြီးသည်။ အရိယာဝန္တမလေဟိ၊ အရိယာသူတော်ကောင်းတို့အန်ထားသော အညစ်အကြေးတို့ဖြင့်။ ဥဿယော ဥဿိတော၊ စိုက်ထောင်ထားတယ်။ ဥဿိတော၊ စိုက်ထောင်ထားတယ် ဘာတွေနဲ့စိုက်ထောင်ထားတုန်းဆိုတော့ အရိယာသူတော်ကောင်းတွေ အန်ထုတ်ထားတဲ့ အန်ဖတ်တွေနဲ့ စိုက်ထောင်ထားတာ။ တသ္မာ၊ ထို့ကြောင့်။ အယံ ကာယော၊ ဤခန္ဓာကိုယ်ကြီးကို။ ဝမ်မိကောတိ၊ ဝမ်မိကလို့ (ဝါ)တောင်ပို့နဲ့တူလှပေတယ်လို့။ဝုစ္စတိ၊ မုချကိန်းသေဆို အပ်ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

၁။ မ၊ ဌ၊ ၂၊ ၃၄

အရိယာသူတော်ကောင်းတို့ အန်ထုတ်ထားသောပစ္စည်းတို့နှင့် စုစပ်ပြီးတော့စိုက်ထောင်ထားတာ စိုက်ထူထားတာ။ အရိယာသူတော်ကောင်းတို့ အန်ထုတ်ထားတာ အခုနကပြောပြီးပါပြီ ခန္ဓာငါးပါးစလုံး အရိယာသူတော်ကောင်းတွေ အန်ထားတာနော်၊ တဏှာကိုစွန့်အန်တော်မူပြီးတဲ့ အရိယာသူတော်ကောင်းတို့သည် တဏှာနဲ့မျိုထားတဲ့ ခန္ဓာကိုလည်း အန်ထုတ်ထားပြီးသားပေါ့။ နာမ်ခန္ဓာလေးပါးအသာချန်ထား ရူပက္ခန္ဓာ မျက်မြင်နဲ့မြင်ရတာကြည့်လိုက်ပါ။

အဋ္ဌနဟာရုသံယုတ္တော၊ တစမံသာဝလေပနော။
ဆဝိယာ ကာယော ပဋိစ္ဆန္နော၊ ယထာဘူတံ နု ဒိဿတိ။ [၁]

အယံ ကာယော၊ ဤခန္ဓာကိုယ်ကြီးသည် ကား။ အဋ္ဌနာရုသံယုတ္တော၊ အရိုးပေါင်းသုံးရာကို အကြောပေါင်းကိုးရာတို့ဖြင့် ချည်နှောင်တုပ်ဆိုင်း၍ထားအပ်ပါပေ၏။ ဒီခန္ဓာကိုယ်ကို မျက်မြင်ကောင်္ဘာသနဲ့တည်ဆောက်တဲ့အခါ ဟို မိခင်ရဲ့ဝမ်းထဲမှာ မျက်စိနဲ့ မမြင်ရတာ ဘုန်းကြီးတို့ပရိသတ်များ ဉာဏ်မျက်စိနဲ့ကြည့်ပြီးတော့ ပကတိမျက်စိနဲ့မမြင်ရတဲ့ မိခင်ရဲ့ဝမ်းထဲကတည်ဆောက်ပုံကို ဉာဏ်မျက်စိနဲ့ကြည့်လိုက်တော့ အခုနက မိခင်ရဲ့သွေးရယ် ဖခင်ရဲ့သွေးရယ် ဤသွေးနှစ်ခုရောတဲ့အချိန်ကစလို့ ဘယ်လိုတည်ဆောက်ဆိုတာကို အမြွက်မျှပြောထားတယ် ပကတိမျက်စိနဲ့မြင်လို့ရတဲ့ တည်ဆောက်ပုံကို ကြည့်လိုက်ပါဦး အရိုးပေါင်းသုံးရာစုလိုက်ပါ အရိုးပေါင်းသုံးရာ။ အဲဒီအရိုးသုံးရာ တစ်ခုနဲ့တစ်ခု ထိပ်ချင်းတွေ့တွေ့ တွေ့တွေ့ပြီးတော့ဆက် အဆက်ကတစ်ရာ့ရှစ်ဆယ်ရှိပါတယ်။ ဣမသ္မိ ကာယေ၊ အတွင်းပတ်ဝန်းကျင် မစင်ပြည့်မွန်း ရွံဖွယ်လွန်းတတ်တစ်လံမျှသော ဤကာယမှာ။ အဋ္ဌိ၊ အဆင်းခြေစွာ နှာနှလုံးအူ နဖူးတစ်ပါး မျက်နှာမေးရိုး ညှပ်ရိုးပခုံး လက်ရုံးပေါင်ခါး ဒူးခေါင်းခြေနောက် ရောက်သည့် နှစ်ချက် ဖားမြက်မြင်းခေါင်း မောင်းပြားလေးမည် လည်ခုနှစ်ရိုး ခေါင်းခွံကိုးတည်း ရင်ရိုးစုဒွ ဌာရကျောက်မှန် နံနှစ်ဆယ့်လေး ခြောက်ဆယ့်လေးထွေ လက်ခြေရိုးနု သုံးရာသောအရိုးစုတို့သည်။ အတ္ထိ သံဝိဇ္ဇတိ၊ ထင်ရှားပုံသေ

၁။ သုတ္တနိ။ ၃၀၇

ရှိတုံချေ၏တကားတဲ့။ ဝိဇယသုတ္တန်ဟောတုန်းက ဘုန်းကြီးတို့အကျယ်ဟော ထားတယ်။

အရိုးပေါင်းသုံးရာခြောက်ဆယ်

အဆင်ခြေစွာ နှာနှလုံးအူ နဖူးတစ်ပါး၊ တစ်ချောင်းစီ တစ်ချောင်းစီ နေတဲ့အရိုး၊ နှာခေါင်းရိုး နှလုံးရိုး ဦးထိပ်ရိုး အဲဒါ တစ်ခုစီ တစ်ခုစီနေတယ်။ နှာနှလုံးအူ နဖူးတစ်ပါး မျက်နှာမေးရိုး နှစ်ခုစီနေတာက မျက်ကွင်းရိုးနှစ်ခု နားကွင်းရိုးနှစ်ခု မေးရိုးကနှစ်ခု ညှပ်ရိုးကနှစ်ခု၊ မျက်နှာမေးရိုး ညှပ်ရိုးပခုံး လက်ရုံး၊ လက်မောင်းရိုးကနှစ်ခု ပေါင်ရိုးကနှစ်ခု ခါးရိုးကနှစ်ခု ဒူးရိုးကနှစ်ခု ခြေဖနောင့်ရိုးကနှစ်ခု နှစ်ခုစီနှစ်ခုစီ။ ဒူးခေါင်းခြေနောက် ရောက်သည့်နှစ်ချက် ဖားမြက်မြင်းခေါင် မောင်းပြားလေးမည်၊ ခြေဖားမြက်ရိုးကနှစ်ခု ခြေမျက်စိရိုးပေါ့ဗျာ ခြေမျက်စိက ခြေတစ်ဖက်တစ်ဖက်နှစ်လုံးပါတယ်မို့လား အောက်စမ်းကြည့် ဘုလေးနှစ်ခု အဲဒါခြေမျက်စိခေါ်တယ်၊ အေး မျက်နှာမေးရိုး ညှပ်ရိုး ပခုံး လက်ရုံးပေါင်ခါး ဒူးခေါင်းခြေနောက် ရောက်သည့်နှစ်ချက် ဖားမြက်မြင်း ခေါင် မောင်းပြားလေးမည် လက်ဖျံရိုးနှစ်ချောင်း တစ်ဖက်တစ်ဖက်နှစ်ချောင်း နှစ်ဖက်လေးချောင်း။

မောင်းပြားလေးမည် လည်ခုနှစ်ရိုး ခေါင်းခွံကိုးတည်း။ မောင်းပြား လေးမည် လည်ခုနှစ်ရိုး၊ လည်ပင်းကြတော့အရိုးခုနှစ်ခုရှိတယ်၊ လည်ပင်းမှာ အရိုးခုနှစ်ခုဆင့်ထားတယ်။ ခေါင်းခွံကြတော့ ကိုးခုသောအရိုးတွေ အကုန်ဆက် ထားတာဦးခေါင်းဖြစ်ပါတယ်၊ ခေါင်းမှာအဆက်ကိုးခုရှိတယ်။ ရင်ရိုးစုဒွ၊ ရင် ဘတ်ရိုးက တစ်ဖက်ခုနှစ်ချောင်း နှစ်ဖက်တစ်ဆယ့်လေးချောင်း။ ဌာရသ် ကျောက်မှန် ကျောကုန်းရိုးက တစ်ဆယ့်ရှစ်ခု၊ တစ်ဖက် တစ်ဖက်ကိုးချောင်း။ နံနှစ်ဆယ့်လေး နံရိုးကနှစ်ဆယ့်လေးချောင်း တစ်ဖက်တစ်ဖက်တစ်ဒါဇင်။ နံနှစ်ဆယ့်လေး ခြောက်ဆယ့်လေးထွေ လက်ခြေရိုးနှု လက်အရိုးနှု၊ လက် ကောက်ဝတ်ကနေ အဖျားပိုင်း၊ ခြေကျင်းဝတ်တဲ့နေရာကနေ အဖျားပိုင်း၊ တစ် ဖက်တစ်ဖက်မှာ အရိုးအဖုအဖုလေးတွေ သုံးဆယ့်နဲ့နှစ်ခုတဲ့ဆက်ထားတာ နှစ်ဖက်ဆိုတော့ခြောက်ဆယ့်လေးရှိတယ်ပေါ့။ ခြောက်ဆယ့်လေးထွေ လက်

ခြေရိုးနှ သုံးရာသောအရိုးအစုတို့သည် အားလုံးပေါင်း အဲဒါ အရိုးသုံးရာ။ အရိုးသုံးရာထိပ်ချင်းတွေ့ပြီးတော့ဆက် လူသာမန်တွေအားလုံးတွေ့ဆက်တယ်။ ပစ္စေကဗုဒ္ဓါတွေ ခြိတ်ဆက်တယ်။ ဘုရားရှင်ကိုယ်တော်မြတ်တို့ကြတော့ ကွင်းဆက်တယ်တဲ့။ အရိုးဆက်သုံးမျိုးရှိပါတယ်။

အေး ထိပ်ချင်းတွေ့ဆက်တဲ့အရိုးတွေ မပြုတ်အောင်ဘာနဲ့ချည်ထားလဲဆိုတော့ အကြောနဲ့ချည်ထားတာ၊ အကြောကကိုးရာရှိတယ် အကြောကိုးရာနဲ့ အဲဒါအကုန်တုပ် အကြောပေါင်းကိုးရာနဲ့ချည်တုပ်ပြီးတော့မှ ဒါတွေကို ဘုန်းကြီးတို့ပရိသတ်များ ပိုပြီးတော့သေချာအောင် အိမ်နံရံ အင်္ဂတေကျံသလိုကျံလိုက်ပါ၊ အသားတစ်တွေနဲ့ပိတ် အဲဒါတွေပိုပြီးတော့ခိုင်မာအောင် အမြှေးကလေးတစ်ထပ်အုပ်လိုက်ဦးပြီးတော့မှ အပေါ်ကအရေအထူကြီးတစ်ထပ်အုပ်လိုက်ပါဦး ပြီးတော့မှအရေပါးလေး တစ်ထပ်အုပ်လိုက်ပါဦး၊ အံမယ် အခေါင်းကြီးဖြစ်သွားပြီ အထဲမှာမျက်စိပေါက်၊ နားပေါက်၊ နှာခေါင်းပေါက်၊ ပါးစပ်ပေါက် အပေါက်တွေ အပေါက်တွေ အသီးသီးဖောက်ပြီးတော့မှ အသဲထည့် အဆုတ်ထည့် နှလုံးထည့် အူသိမ်ထည့် အူမထည့် ထည့်ချင်တာအကုန်ထည့် သုံးဆယ့်နှစ်ပါးစုံသွားတော့ ဟော တောင်ပို့ကြီးနဲ့ဘယ်လောက်တူတုန်းလို့ အပေါက်တွေ အပေါက်တွေကနေ ဝင်လိုက်ထွက်လိုက် ဟုတ်လား။

အေး ပိုးကောင်ကလေးတွေ ကြွက်တွေ မြွေတွေ အခုနက ဖားတွေ ဖွတ်တွေ ပဒက်တွေ တောင်ပို့ရဲ့အပေါက်ရှိရာရှိရာက ဝင်ကြထွက်ကြသလိုဘဲ ဘုန်းကြီးတို့ပရိသတ်အပေါင်းသူတော်ကောင်းတို့ အသက်ရှူတိုင်းရှူတိုင်း ပါးစပ်ထဲလေထဲက ပိုးတွေပါလာတယ်ဗျ၊ နှာခေါင်းရှူတိုင်းရှူတိုင်း နှာခေါင်း ထဲကလည်းဘဲ ဖုန်တွေရော မြူတွေရော ပိုးတွေရော အကုန်လုံးဝင်တာဘဲ မဟုတ်လား။ စားတိုင်း စားတိုင်း အစားအစာတွေထဲမှာလည်းဘဲ သောက်တဲ့ရေတွေထဲမှာလည်းဘဲ ပိုးတွေမပါဘူးလား၊ (ပါပါတယ်ဘုရား) အို ပိုးကောင်ပေါင်းများစွာ တောင်ပို့ကြီးထဲ ထွက်ချည်ဝင်ချည် သတ္တဝါများစွာ တောင်ပို့ထဲဝင်ချည်ထွက်ချည်လုပ်နေကြသလိုဘဲ ဤခန္ဓာကိုယ်ဆိုတဲ့တောင်ပို့ထဲမှာ ဝင်လိုက် ထွက်လိုက်လုပ်နေကြတဲ့အကောင်တွေမနည်းဘူးနော်။ တောင်ပို့ကြီးကို ခြကောင်လေးတွေက မြေကြီးနည်းနည်းချင်း နည်းနည်းချင်း

စုစု စုစုပြီးတော့ တစ်ခုနဲ့တစ်ခု ထပ်ခါ ထပ်ခါ ဆင့်ခါဆင့်ခါ မြေကြီးအတုံး လေးများဆက်ပြီးတော့ တည်ဆောက်ထားတာမျိုးဘဲ၊ အရိုးပေါင်းသုံးရာကို အကြောပေါင်းကိုးရာနဲ့ တုပ်ဆိုင်းချည်နှောင်ပြီးတော့မှ အသားထစ်တွေနဲ့ပိတ် အရေထူကြီးနဲ့အုပ် အရေပါးနဲ့လွှမ်းပြီးတော့ တည်ဆောက်ထားတဲ့ ခန္ဓာကိုယ် မို့လို့ အခုနကပြောပြထားတယ် ခြတွေအန်ထုတ်ထားတဲ့မြေကြီးတို့ဖြင့် တစ်ခုနဲ့တစ်ခု ဆင့်ကဲဆင့်ကဲ ဆက်စပ်၍ ဆက်စပ်၍တည်ဆောက်ထားတဲ့ တောင်ပို့ကြီးလိုပါဘဲ၊ ဤခန္ဓာကိုယ်ဆိုတဲ့တောင်ပို့ကြီးဟာလည်းဘဲ အရိယာသူတော်ကောင်းများ ရွံရှာစက်ဆုပ်တော်မူသော အဋ္ဌိက။

ဟော ကမ္မဋ္ဌာန်းထဲမှာအဋ္ဌိကကမ္မဋ္ဌာန်းမရှိဘူးလား၊ (ရှိပါတယ် ဘုရား) အရိုးကမ္မဋ္ဌာန်းစရှု။ အရိုးကစ အသုဘထင်လာတာနော်၊ အသုဘ ကမ္မဋ္ဌာန်းဆယ်မျိုးရှိပါတယ်။ ဒီနေရာအကျယ် ဘုန်းကြီးတို့ပရိသတ် မချဲ့ကြစို့နဲ့။ အသုဘကမ္မဋ္ဌာန်း ဒီနေရာအကျယ်ချဲ့ထည့်လိုက်ရင် ဝမ်မိကသုတ်တော် ကြီးဆုံးတော့မယ်မဟုတ်ဘူးဗျ။ အရိယာသူတော်ကောင်းတို့ဟာ အရိုးကစ ကြည့်ပြီးတော့ အသုဘလို့သဘောထားပြီးတော့ တဏှာဖြင့်မျှမထားဘဲနဲ့ အန် ထုတ်ထားကြပြီဆိုတာ သဘောသာကျလိုက်ပါတော့။ အရိယာသူတော် ကောင်းတွေ အန်ထုတ်ထားတဲ့ သုံးဆယ့်နှစ်ကောဋ္ဌာသကို တစ်ခုချင်း တစ်ခု ချင်းစုစပ်ပြီးတော့ ဒီမှာတည်ဆောက်ထားတာတဲ့ဟုတ်ပလား၊ မှန်လှပါဘုရား။

အရိယာဝန္တမလေဟိ၊ အရိယာသူတော်ကောင်းတွေ အန်ထုတ်ထား သော သုံးဆယ့်နှစ်ကောဋ္ဌာသဆိုသောအညစ်အကြေးတို့ဖြင့်။ ဥဿီတော၊ ဆိုက်ထောင်ထားတာ တည်ဆောက်ထားတာ။ ဣတိ တသ္မာ၊ ထို့ကြောင့်။ အယံ ကာယော၊ ဤခန္ဓာကိုယ်ကြီးသည်။ ဝမ်မိကသဒိသော၊ တောင်ပို့ကြီးနဲ့ တူလှပါပေ၏။ ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါး သခင်ဘုရား ရှင်ကိုယ်တော်မြတ်သည်။ ဗျာကရောသိ၊ ကောင်းစွာမသွေဖြကြား တော်မူခဲ့ ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

ဆိုလိုက်ပါ ဘုန်းကြီးတို့ပရိသတ်အပေါင်းသူတော်ကောင်းတို့ -

ဆင့်ကဲတည်ထား အမလေး ခုနှစ်မိုး ရှစ်မိုး ဆယ်မိုး တစ်ဆယ့်ငါးမိုး ဘယ်နှစ်မိုး ရွာရွာ တောင်ပို့ကြီး ခြတောင်ပို့ကြီး မြေကြီးထဲပျော်သွားတယ်ဆိုတာမျှားရှိသေးလား၊ (မရှိပါဘုရား)။ အစေးဓာတ်မျှားကောင်းလိုက်တာ၊ အစေးဓာတ်မျှားကောင်းလိုက်တာ။ ခြလေးတွေရဲ့ပါးစပ်ကထွက်တဲ့ အစေးဟာ ခြတောင်ပို့ကြီးခိုင်မာတယ်နော်။ ခြတောင်ပို့ကြီးကို ခိုင်စေတယ် မာစေတယ် တွဲစပ်ထားတယ်ဟုတ်ကဲ့လား။ (မှန်လှပါဘုရား)။

ဘုန်းကြီးတို့ပရိသတ်အပေါင်းသူတော်ကောင်းတို့ရဲ့ ဟောဒီခန္ဓာကိုယ်ကြီး ရူပက္ခန္ဓာဆိုတဲ့ရုပ်အစုအဝေး အခုနကပြောထားတယ် မျက်စိနဲ့မြင်ရတဲ့ရုပ်၊ မမြင်ရတဲ့ရုပ်၊ အဲဒီရုပ်နှစ်မျိုးလုံးဟာ အရိယာသူတော်ကောင်းတို့ အန်ထုတ်ထားတဲ့ အညစ်အကြေးတွေဘဲမဟုတ်လား၊ (မှန်လှပါဘုရား) အဲဒါကမြေကြီးတွေနော်၊ အဲဒီမြေကြီးတွေ ဘာနဲ့စပ်မလဲဆိုလို့ရှိရင် အစေးဓာတ်နဲ့စပ်ရတယ်၊ တဏှာဆိုတာအစေးဓာတ်တဲ့။ တဏှာဆိုတာ၊ (အစေးဓာတ်ပါဘုရား)။ ကပ်ထားတယ် ခွါလို့မရဘူးနော်၊ တဏှာဆိုတဲ့အစေးနဲ့စပ်ပြီးတော့ထားတာ အရိုးကဘယ်လိုဘဲ အညစ်အကြေးဆိုပြီးတော့ရင် ရွံရှာဖွယ်ကောင်းတယ်ပြောပြော တဏှာက အဲဒီအရိုးလေးကိုဘဲကျေနပ်နေတယ်။ တဏှာကအရိုးလေးကြိုက်တယ်၊ မကြိုက်ဘူးလား၊ (ကြိုက်ပါတယ်ဘုရား)။ လူ့ခန္ဓာကိုယ်ထဲကအရိုးမပြောနဲ့ ဆိတ်ရိုး ဝက်ရိုးတောင် ကြိုက်လွန်းလို့ဗျာ ဟုတ်လား။

တဏှာဆိုတဲ့အစေးဓာတ်ကတဲ့ အဲဒီအရိုးဆိုတဲ့ကောဋ္ဌာသကို ကပ်ထားတာ၊ အရေဆိုတဲ့ကောဋ္ဌာသရော၊ (ကပ်ထားပါတယ်ဘုရား)။ ဟာ ကပ်ထားတာဘဲ အရိုးနဲ့အရေခွါလို့မရတော့ဘူး၊ အသားဆိုတဲ့ကောဋ္ဌာသရော၊ (ကပ်ထားပါတယ်ဘုရား)။ သုံးဆယ့်နှစ်ကောဋ္ဌာသအကုန်လုံး၊ ဘာနဲ့ကပ်၊ (တဏှာအစေးနဲ့ကပ်ထားပါတယ်ဘုရား) တဏှာအစေးနဲ့ကပ်ထားတာ မျက်လုံးလေးလည်းခွါလို့မရဘူး၊ မျက်ခုံးမွှေးလေးလည်း ခွါလို့မရဘူး၊ နှာတံလေးလည်းခွါလို့မရဘူး ဒါ သမ္မုတိသစ္စာနယ်ကပြောနေတာနော်။ ပရမတ္ထသစ္စာနယ်ကပြောရင် ရူပက္ခန္ဓာကြီးခွါလို့မရဘူး ဘယ်အစေးနဲ့ကပ်၊

(တဏှာအစေးနဲ့ ကပ်ပါဘုရား)

အေး တဏှာအစေးနဲ့ကပ်တော့ ရူပက္ခန္ဓာကိုလည်းခွါလို့မရနိုင်ဘူး။

ဝေဒနာကွန္ဓာကိုကရော၊ (မရုပါဘုရား)။ ခံစားမှုကလေးကောင်းကောင်းတွေ့ရင် အဲဒီခံစားချက်မလွတ်ချင်ဘူးနော်၊ အေး အရဿာကောင်းစွာခံစားရလဲ မလွတ်ချင်ဘူး။ ရူပါရုံရဲ့အရဿာ၊ သဒ္ဒါရုံရဲ့အရဿာ၊ ဂန္ဓာရုံရဲ့ အရဿာ၊ ရဿာရုံ ဖောဋ္ဌဗ္ဗာရုံ အာရုံငါးပါးရဲ့အရဿာတွေ့ရင် လွတ်သေးလား၊ (မလွတ်ပါဘုရား)။ အာရုံငါးပါးကပ်ထားတာ တဏှာအစေး၊ (မှန်လှပါဘုရား) ကောင်းပြီ အရဿာခံစားတော့ ဝေဒနာ၊ အာရုံငါးပါး အရဿာကိုခံစားတာက ဝေဒနာနော်၊ ကိုင်းအာရုံငါးပါးအရဿာ ကောင်းကောင်းခံစားရတော့လည်း ဝေဒနာဘဲ၊ မကောင်းတာကြီးခံစားရတော့လဲ၊ (ဝေဒနာပါဘုရား) မကောင်းတကောင်းခံစားရ တော့လဲ၊ (ဝေဒနာပါဘုရား)။ ဘယ်ဝေဒနာမှမလွတ်ဘူးဗျ။

တစ်ယောက်နဲ့တစ်ယောက် အကြီးအကျယ်ရန်ဖြစ်တာ စိတ်မဆိုးဘူးလား၊ (ဆိုးပါတယ်ဘုရား) အဲဒီ စိတ်ဆိုးထားတဲ့ စိတ်ညစ်ထားတဲ့ သူ့အပေါ် ငါမကျေနပ်ဘူးဆိုတဲ့ မကျေနပ်မှုကို ဘယ်သူမေ့ပစ်တုန်း၊ (မမေ့ပါဘုရား) အမလေး မကောင်းတဲ့ဝေဒနာကြီး ကြုံဖန်ခံစားတာနော်၊ သူ့အပေါ်မကျေနပ်ဘူး မကျေနပ်ရင်ခံစားရတဲ့ဝေဒနာဟာ ဒေါမနဿမသေချာဘူးလား၊ အဲဒီဒေါမနဿဖြစ်နေရင် ညမျှားအိပ်ယာထဲနဖူးပေါ်လက်တင် လက်ပေါ်နဖူးတင် မိုးလင်းတဲ့အထိလူးလိမ့်ပြီး ဒါစဉ်းစားနေရတာ အိပ်လို့တောင်မပျော်ဘူး။ အဲဒါဘယ်လိုပြောတယ်အောက်မေ့လဲ ဒီကောင် ငါဂလဲ့စားကိုချေပစ်လိုက်ဦးမယ် တစ်ညလုံးအိပ်လို့မပျော်ဘူးကွာ၊ စဉ်းစားလိုက်ရတာ ဘာကျေနပ်နေတာတုန်းဆိုတော့ အဲဒီဒုက္ခဝေဒနာ ဒေါမနဿဝေဒနာကိုခံစားနေရတာ သူခွါလို့မရဘူးတဲ့။တဏှာအစေးကကပ်ထားလိုက်တာ။

ဒုက္ခဒေါမနဿတောင်ခွါမရဘူးဆိုတော့ သုခသောမနဿဆိုဘယ်ခွါလို့ရတော့မလဲ။ ဟုတ်လား၊ အေး ဒုက္ခဒေါမနဿမခံစားချင်ရင် မေ့ပစ်လိုက်ပေါ့။ ဒါပေမယ့် မေ့လို့မရဘူးနော် အေး အဲဒါတဏှာဘဲ။ သုခသောမနဿကြတော့ပိုဆိုးတာပေါ့။ တဏှာအစေးနဲ့ကပ်ထားတာ။ ခြတောင်ပို့တစ်ခုတည်ဆောက်မည်ကြံရင် ခြကလေးများဟာ မြေဆိုင်ခဲကလေးတွေ တစ်လုံးစီတစ်လုံးစီ တစ်ကောင်စီ တစ်ကောင်စီအန်ထုတ် တစ်ကောင်ချင်း တစ်ကောင်းချင်းရဲ့အာခံတွင်းကနေ အစေးဓာတ်လေးတွေအန်ထုတ် အဲဒီမြေလုံးကလေး

တွေကိုစပ်ထားတယ်၊ မိုး ဘယ်လောက်ရွာရွာမပြိုဘူးနော်၊ ဒီခန္ဓာကိုယ်တောင် ပို့ကြီးကိုလည်းဘဲ တည်ဆောက်တဲ့အခါကြတော့ ရုပ်တရားတွေစုစပ်တည် ဆောက်၊ ဝေဒနာတွေစုစပ်တည်ဆောက်၊ သညာသခ်ါရဝိညဉ်ဆိုတဲ့ခန္ဓာတွေ စုကာစပ်ကာတည်ဆောက် တည်ဆောက်ထားလိုက်တာ အဲဒီအကြားအကြား မှာ တဏှာအစေးဆိုတဲ့သိနေဟန့်စပ်ပြီးတော့ထားလိုက်တာ ခန္ဓာကိုယ်ကြီး လည်းဘဲ သူလည်း ခြတောင်ပို့လောက်တော့ ခိုင်တာဘဲ။ တစ်သက်တော့ခိုင် ပေါ့ဗျာ ဟုတ်လား။ အေး ဒါကြောင့် -

အရိယာဝန္တ တဏှာသိနေဟန၊ အရိယာသူတော်ကောင်းတို့ အန် ထုတ်ထားသော တဏှာတည်းဟူသောအစေးဖြင့်။ သမ္မဒ္ဓေါ၊ ဆက်စပ်၍ထား ခဲ့ပါ၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ အယံကာယော၊ ဤခန္ဓာကိုယ်ကြီးသည်။ ဝမ်မိကော၊ ခြကလေးတွေအန်ထုတ်ထားတဲ့ မြေဆိုင်ခဲနဲ့အာခံတွင်းက အစေး နှစ်ခုစပ်ပြီးတော့ တည်ဆောက်ထားသောတောင်ပို့ကြီးနှင့်တူလှပါပေ၏။ ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင်ဘုရား ရှင်ကိုယ်တော်မြတ် ကြီးသည်။ ဗျာကရောတိ၊ ကောင်းစွာမသွေဖြကြားတော်မူခဲ့ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

ဆိုလိုက်ပါ -

တဏှာအစေးကို၊ မှေးစပ်လို၊ ဤကိုယ်တောင်ပို့ပါ။ (၃ခေါက်ဆို)

တောင်ပို့ ခန္ဓာ၊ ခန္ဓာကိုယ်တောင်ပို့ဆိုတာဟာ အကြောင်းလေးမျိုးနဲ့ ပြောပါတယ်။ ခြကလေးများ အန်ထုတ်ထားသော မြေဆိုင်ခဲတို့ဖြင့် စုစပ်တည် ဆောက်ထားတဲ့ တောင်ပို့ကြီးလိုပါဘဲ အရိယာသူတော်ကောင်းတို့ အန်ထုတ် ထားတဲ့ ရုပ်တရားတို့ရဲ့အစုအပုံကြီးတဲ့ ဒီခန္ဓာကြီးဟာ ဒါကြောင့်တောင်ပို့ ဟုတ်လား။ ခြကလေးများ ခံတွင်းကနေအန်ထုတ်ထားတဲ့ မြေဆိုင်ခဲတွေ တစ်ခုချင်း တစ်ခုချင်း စုစပ်တည်ဆောက် တောင်ပို့ကြီးဖြစ် အဲဒီတောင်ပို့ကြီး ဝင်ပေါက်ထွက်ပေါက် ဟိုကဒီကအပေါက်တွေဖောက်ထားတော့ ခြတောင် ပို့ဆိုတဲ့ အခေါင်းကြီးထဲ မြွေတွေလည်းဝင်တာဘဲ ကြွက်တွေလည်းဝင်တာဘဲ အခြားအခြားတိရိစ္ဆာန်များစွာဟာ ဖားတွေရော ဘဝဲတွေရော ဖွတ်တွေရော

ပဒက်တွေရော ဝင်လိုက်ထွက်လိုက်နဲ့ မနေကြဘူးလား၊ (နေကြပါတယ်ဘုရား) အဲဒီအကောင်ပေါင်းများစွာ ဝင်ချည်ထွက်ချည်လုပ်ကတည်းကိုက အညစ်အကြေးတွေဝင်ထွက်နေတယ်လို့သဘောကျ။ ဒါကြောင့် အညစ်အကြေးပေါင်းများစွာတို့ကို တောင်ပို့ကြီးက အန်ထုတ်သလိုပါဘဲ တောင်ပို့ကြီးထဲမှာ အညစ်အကြေးပေါင်းများစွာကို သိုလှောင်ထားသလိုပါဘဲ ဒီခန္ဓာကိုယ်ဆိုတဲ့ တောင်ပို့ကြီးထဲမှာ အညစ်အကြေးတွေအများကြီး သိုလှောင်ထားပြီးတော့ အညစ်အကြေးတွေကို နေ့တိုင်းအန်ထုတ်နေတဲ့အတွက်ကြောင့် ဒီခန္ဓာကိုယ်ကြီးဟာ တောင်ပို့တဲ့ဟုတ်လား၊ (မှန်လှပါဘုရား)။ နောက်တစ်ခါတတိယနည်းက ဘာပါလိမ့် -

ညစ်ကြေးထိုထို၊ တည်ဆောက်လို၊ ဤကိုယ်တောင်ပို့ပါ။

အညစ်အကြေးတွေကိုစုပြီတော့တည်ဆောက်ထားတဲ့အတွက်ကြောင့် ဒီခန္ဓာကိုယ်ကြီးသည် တောင်ပို့ပါ။ အရိယာဝန္တမလေဟိ၊ အရိယာပုဂ္ဂိုလ်တို့သည် ထွေးအန်၍ထားအပ်သောအညစ်အကြေးတို့ဖြင့်လည်း။ ဥဿာပိတော၊ ဆိုက်ထောင်၍ထားအပ်ပါပေ၏။ ခြင်္သေးများပါးစပ်က အန်ထုတ်ဆိုတာဟာ ဘုန်းကြီးတို့ပရိသတ်များ အညစ်အကြေးတွေဗျ ခံတွင်းကထွက်လာတဲ့အစေးဓာတ်ဆိုတာလည်း အညစ်အကြေး မြေကြီးဆိုတာလည်း သူတို့စားပြီးတော့ အန်ထုတ်ထားတာဆိုတော့ အညစ်အကြေး၊ အန်ထုတ်ထားတဲ့အညစ်အကြေးတွေစုပြီးတော့ တည်ဆောက်ထားတာ။

ဒီအတိုင်းဘဲတဲ့ ဒီခန္ဓာကိုယ်ကြီးဟာလည်းဘဲ အညစ်အကြေးတွေကို တစ်ခုချင်းတစ်ခုချင်း ဆက်စပ်ဆက်စပ်ပြီးတော့ တည်ဆောက်ထားတာမို့ တောင်ပို့ဟုတ်လား၊ (မှန်လှပါဘုရား) အေး ခြကလေးတွေရဲ့ခံတွင်းကထွက်လာတဲ့အညစ်အကြေးတွေ ထဲမှာ အစေးဓာတ်မပါဘူးလား၊ (ပါပါတယ်ဘုရား) အစေးဓာတ်နဲ့မြေကြီးကိုကပ်ပြီတော့ မှေးပြီးတော့တည်ဆောက်ထားတဲ့အတွက်ကြောင့် တောင်ပို့ကြီးဖြစ်ရဒါမို့ဘဲ၊ ဤ ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာဆိုတဲ့ခန္ဓာငါးပါး၊ အထူးသဖြင့် ရူပက္ခန္ဓာဆိုတဲ့တောင်ပို့ကြီးမှာလည်းဘဲ တဏှာအစေးနဲ့မှေးပြီးတော့ တည်ဆောက်ထားတဲ့အတွက်ကြောင့် ခန္ဓာကိုယ်ကြီးသည်တောင်ပို့ပါ။ ဘယ်နှစ်

နည်းရလဲ လေးနည်းရတယ်။ ဘုန်းကြီးတို့ပရိသတ်များဆိုလိုက်ပါ။

ဆရာပုဏ္ဏား၊ မြတ်ဘုရား၊ ပြောကြားခဲ့သည်မှာ၊
တောင်ပို့ဟူက၊ ဤကာယ၊ တူထလေးချက်ပါ။ (၃ခေါက်ဆို)

လုပ်ပြီး ပုဇွန်ခြေကျိုး၊ ပုဇွန်ဆိုတဲ့ အောက်ပိုင်းခေါ်တဲ့ ဂဏန်းကောင်လေ ခြေရှစ်ချောင်းရှိတယ်လေ အဲဒီကောင် ခြေကျိုး၊ သွားတာကြည့်လို့ကို အဆင်မပြေဘူး ဆိုကြ ပုဇွန်ခြေကျိုးမလုပ်ပါနဲ့၊ တော်ပါပြီးနော် ဒီတော့ ဘုန်းကြီးတို့ပရိသတ်အပေါင်းသူတော်ကောင်းတို့ မေးခွန်းအားလုံးငါးခုပြီးသွားပါတယ် မေးခွန်းငါးခုပြီးသွားပါတယ်၊ ကျန်တဲ့မေးခွန်းတွေ မနက်ဖြန်ညဆိုရင် ဘုန်းကြီးတို့တရားပွဲ အမရပူရမှာရှိမယ်နော် အမရပူရမှာဆိုတော့ မန္တလေးကပရိသတ်နဲ့ဝေးနေတော့ ဝမ်မိကသုတ်တော်ကိုမဆက်သေးပါဘူး မန္တလေးတရားပွဲပြန်ရှိတဲ့ ဟိုး ဆယ့်တစ်ရက်ကျမှ ဘုန်းကြီးတို့ ဝမ်မိကသုတ်တော်ကို ပြန်ဆက်မယ် ဒီကနေ့ညတော့ ဝမ်မိကသုတ်တော် တတိယပိုင်းအနေနဲ့ ခန္ဓာကိုယ်ကြီးတောင်ပို့နဲ့တူကြောင်း လေးနည်းတို့ဖြင့်ပြောကြားလို့ပြီးပါပြီတဲ့ ဤမှာဘဲနားကြဦးစို့ပါ။

ဝမ်မိကသုတ္တန် တတိယပိုင်းပြီး၏

စတုတ္ထပိုင်း

၁၃၄၃-ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁-ရက်နေ့ည၊ မန္တလေးမြို့၊ ဒေဝန်း ဒေဝမိကဓမ္မာရုံ၌ ဆင်ယင်ကျင်းပသည့် ဓမ္မသဘင်ဝယ် ဟောကြားအပ်သော မဇ္ဈိမနိကာယ်၊ မူလပဏ္ဏာသပါဠိတော်၌လာသော ဝမ်မိကသုတ္တန်တရားတော် စတုတ္ထအပိုင်း။ ဝမ်မိကသုတ္တန်တရားတော်ရဲ့ စတုတ္ထအပိုင်းတရားမဟောကြားသေးခင် မနာကြားသေခင် တရားပိုင်ရှင်ဖြစ်တော်မူသော သဗ္ဗညုမြတ်စွာဘုရားအား ရိုသေစွာလက်အုပ်ချီမိုး၍ ရှိခိုးကြရအောင်။

အစီအစဉ်အတိုင်း ရောက်ရာရောက်ရာ ပြီးဆုံးရာပြီးဆုံးရာမှာရပ်ပြီးတော့ ဆုံးရာကဆက်ကာဆက်ကာဟောလာတဲ့ဝမ္မိကသုတ္တန်။ ယခုအခါဘုန်းကြီးတို့ ပရိသတ်အပေါင်းသူတော်ကောင်းတို့ စတုတ္ထကဏ္ဍ စတုတ္ထတရားပဲအဖြစ်နဲ့ ဘုန်းကြီးတို့ရောက်ရာမေးခွန်းကနေ ဆက်ကြရအောင်---

ဘဝဟောင်းက တရားအားထုတ်ဖက် သုဒ္ဓါဝါသဘုံကဆင်းလာသော အနာဂါမ်ပြဟ္မာ အန္ဓဝန်တောမှာ တရားနှလုံးကျင့်သုံးနေသော အရှင်ကုမာရကဿပအား လျှောက်ထားခဲ့တဲ့ ပြဿနာတစ်ဆယ့်ငါးရပ် ထိုအရှင်ကုမာရကဿမထေရ်က ထိုပြဿနာတို့ကို သယ်ဆောင်သွားပြီးတော့ သာဝတ္ထိပြည်မွန် ဇေတဝန်ရွှေကျောင်း ကိန်းအောင်းတော်မူသော သဗ္ဗညုမြတ်စွာဘုရားထံချဉ်းကပ်ပြီးတော့ ညတုန်းကသန်းခေါင်ကျော်လင်းအားကြီးပိုင်းကူးလုလု အချိန်မှာ ပြဟ္မာကြီးရောက်လာပြီး ဤပြဿနာတစ်ဆယ့်ငါးရပ် တပည့်တော်အားပေးသွားတယ်ဘုရား။ ဤပြဿနာတစ်ဆယ့်ငါးရပ်တို့ကို တပည့်တော်ဘုရားရှင်ကိုယ်တော်မြတ်အား တစ်ခုစီ တစ်ခုစီ မေးလျှောက်ပါတယ်၊ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ဖြေကြားတော်မူပါလို့၊ ပြဟ္မာကြီးသင်ပေးသွားတဲ့ပြဿနာတစ်ဆယ့်ငါးရပ်ကို အရှင်ကုမာရကဿပက မြတ်စွာဘုရားအားပြန်မေးတော့ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က ပြဿနာတစ်ဆယ့်ငါးရပ်တို့ကို အစဉ်အတိုင်းဖြေကြားတော်မူရာမှာ ဘုန်းကြီးတို့ပရိသတ်အပေါင်း သူတော်ကောင်းတို့ ပြဿနာဘယ်အထိရောက်ခဲ့ပြီလဲဆိုလို့ရှိရင် အားလုံးခြောက်အထိရောက်သွားပြီ။

ကော နုခေါ ဘန္တေ ဝမ္မိကော။ ဘန္တေ၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ ဝမ္မိကော၊ တောင်ပို့ဟူသည်။ ကော နုခေါ၊ အဘယ်ပါနည်းအရှင်ဘုရား။ အဲဒီအဖြေလည်းပြီးသွားပြီ။ ကော ပြဟ္မဏော၊ ပြဟ္မဏော၊ ဆရာပုဏ္ဏားဟူသည်။ ကော၊ အဘယ်ပါနည်းအရှင်ဘုရား။ ဒီမေးခွန်းရဲ့အဖြေလည်းပြီးသွားပြီ။ ကော သုမေဓော၊ သုမေဓော၊ တောင်ပို့တူးတတ်တဲ့ပညာရှိတပည့်ဟူသည်။ ကော၊ အဘယ်ပါနည်းအရှင်ဘုရား။ ဒီမေးခွန်းရဲ့အဖြေလည်းပြီးသွားပြီ။ ကိ သတ္ထံ။ သတ္ထံ၊ တောင်ပို့တူးသည့်အခါမှာ ပညာရှိလုလင်ကိုင်စွဲတဲ့လက်နက်ဟူသည်ကား။ ကိ ၊ အဘယ်ပါနည်းအရှင်ဘုရား။ ဤမေး

ခွန်းရဲ့အဖြေလည်းပြီးသွားပြီ။ ကိ အဘိက္ခဏံ။ အဘိက္ခဏံ၊ တူးခြင်း ဆွခြင်း တူးဆွခြင်းဆိုသည်းလည်း၊ ကိ၊ အဘယ်ပါနည်းအရှင်ဘုရား။ ဤမေးခွန်းလည်းဘဲပြီးသွားပြီ။

တောင်ပို့ဆိုတာဘာလဲ၊ **ဤကိုယ်ကာယ**၊

တူးဖို့ရန် ညွှန်ကြားတဲ့ ဆရာပုဏ္ဏားဆိုတာဘယ်သူလဲ၊ **မြတ်စွာဘုရား**၊

ဤတောင်ပို့ တူးတတ်တဲ့တပည့်ဆိုတာဘယ်သူလဲ၊

ကမ္မဋ္ဌာန်းအားထုတ်တဲ့ယောဂီပုဂ္ဂိုလ် နံပါတ်သုံးမေးခွန်း။

လက်နက်ကိုင်ထားရမည်လက်နက်ဆိုတာ၊ ကိ သတ္ထံ၊ တူးရမည့်လက်နက်ဆိုတာကတော့ ဘာလဲဆိုတော့၊ အရိယာယေတံ ပညာယ အဓိဝစနံ ဝိပဿနာဉာဏ်ကိုဆိုလိုတယ်။

တူးခြင်းဆွခြင်းဆိုတာက ဘာပါလိမ့်မလဲဆိုတော့ တူးဆွတာက ဝီရိယာရမ္ဘသေတံ အဓိဝစနံ။ အဘိက္ခဏန္တိ ခေါ ဘိက္ခု၊ ဝီရိယာရမ္ဘသေတံ အဓိဝစနံ။

ဘိက္ခု၊ ချစ်သားရဟန်း။ အဘိက္ခဏန္တိ ဧတံ အဓိဝစနံ၊ တူးခြင်းဆွခြင်း တူးဆွခြင်းဆိုသောဤစကားသည်။ ဝီရိယာရမ္ဘသ၊ ဝီရိယဖြင့်အားထုတ်ခြင်းရဲ့။ အဓိဝစနံ၊ အမည်ပါပေတည်း။ ဝီရိယဖြင့်အားထုတ်ခြင်းရဲ့အမည်။ တူးတယ်ဆွတယ်ဆိုတာက သမ္မပ္ပဓာန်လုံးလဝီရိယလို့ ခြောက်ခုမဟုတ်ဘူး ငါးခုပြီးသွားပြီ။ မေးခွန်းငါးခုအထိပြီးသွားပြီ။ ဒီကနေ့ ရောက်ရာကဆက် ဘုန်းကြီးတို့ပရိသတ်အပေါင်းသူတော်ကောင်းတို့ နဂိုပြောပြီးတာတွေကို ဤမှာတစ်ခါပြန်လည်ပြောနေလို့ရှိရင် တရားဟာသိပ်ပြီးတော့ရှည်လျားသွားမယ် အမေးနဲ့အဖြေရဲ့ မာတိကစဉ်ဤမျှရရင် ရှေ့ကိုဆက်လိုက်ရအောင်။

တောင်ပို့ဆိုတာက **ကိုယ်ကာယ**၊

တူးဖို့ ရန်ညွှန်ကြားသူဆရာ ပုဏ္ဏားသည် **မြတ်စွာဘုရား**၊

တူးတဲ့ပုဂ္ဂိုလ်က **ယောဂီ**၊

ကိုင်ရမည့် လက်နက်ဆိုတာက **ဝိပဿနာဉာဏ်**၊

တူးခြင်းဆွခြင်း အားထုတ်ခြင်းဆိုတာက **လုံးလဝီရိယ**၊

ဒီလိုလာတယ်။ အဲဒီမှာ တောင်ပို့နဲ့ပတ်သက်လို့နှစ်ခုချန်ထားပစ်ခဲ့တယ်၊ တောင်ပို့ကြီးဟာ ညဉ့်အခါကြတော့အခိုးတွေလွှတ်တယ်၊ နေ့အခါကြကော့ မီးတွေတောက်တယ်တဲ့ အဲဒီပြဿနာနှစ်ခု တောင်ပို့နှင့်ပတ်သက်လို့ ဘုန်းကြီးတို့သီးသန့်ချန်ထားခဲ့တယ်။

အယံ ဝမ္မိကော ရတ္တိ ဓူမာယတိ၊ ဒိဝါ ပဇ္ဇလတိ။

အယံ ဝမ္မိကော၊ ဤတောင်ပို့ကြီးသည်ကား။ ရတ္တိ၊ ညဉ့်အခါမှာ။ ဓူမာယတိ၊ အခိုးထွက်တယ်။ ဒိဝါ၊ နေ့အခါကြတော့။ ပဇ္ဇလတိ၊ မီးအလျှံတွေတောက်တယ်။ အယံ ဝမ္မိကော၊ ဤတောင်ပို့ကြီးသည်ကား။ ရတ္တိ ဓူမာယတိ၊ ညညအခိုးတွေလွှတ်ပြီးတော့။ ဒိဝါ ပဇ္ဇလတိ၊ နေ့ကြတော့မီးအလျှံတွေထွက်တယ်၊ တောင်ပို့ကြီး ညအခါအခိုးတွေလွှတ်ပြီးတော့ နေ့မီးတွေထွက်တယ်။

ဘန္တေ၊ ဘုန်းတော်ကြီးတော်မူ သောမြတ်စွာဘုရား။ ရတ္တိ ဓူမာယနာရတ္တိ ဓူမာယနာ၊ ညအခိုးလွှတ်တယ် ညဉ့်အခိုးလွှတ်တယ်လို့။ ဝုစ္စတိ၊ ပြောကြဆိုကြပါတယ်။ ဘန္တေ၊ ဘုန်းတော် ကြီးတော်မူသောမြတ်စွာဘုရား။ ကာ၊ အဘယ်သဘောတရားကို။ ရတ္တိ ဓူမာယနာတိ၊ ညဉ့်အခိုးလွှတ်သည်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပါသနည်းမြတ်စွာဘုရား။ ညဉ့်အခိုးလွှတ်တယ် တောင်ပို့ ညည ကြတော့ အခိုးတွေထွက်တယ်လို့ဆိုပါတယ်။ ကာ ရတ္တိ ဓူမာယနံ၊ ညအခိုးထွက်တယ်ဆိုတာက ဘယ်သဘောပါတုန်းမြတ်စွာဘုရား။ ဣတိ၊ ဤသို့။ အာယသ္မာ ကုမာရကဿပေါ၊ အရှင် ကုမာရကဿပမထေရ်သည်။ ဘဂဝန္တံ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကို။ ဣမံ ပဉ်ဟံ၊ ဤမေးခွန်းကို။ အပုစ္ဆိ၊ သိလိုရေးနှင့်မေးမြန်း တော်မူခဲ့ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

တောင်ပို့ကြီး ညဉ့်အခိုးတွေထွက်တယ်လို့ မြတ်စွာဘုရားမိန့်ပါတယ် ည အခိုးလွှတ်ဆိုတာဘာများပါလိမ့်မလဲ မြတ်စွာဘုရား တောင်ပို့ဆိုတဲ့ ကိုယ်ကာယကိုတော့ တပည့်တော်များနားလည်ပါပြီ၊ ကိုယ်ကာယသည် တောင်ပို့နှင့် တူကြောင်းကို နည်းပေါင်းလေးနည်းတို့နဲ့ ဘုန်းကြီးတို့ ၂၅-လမ်း တရားပွဲတုန်း

က ပြောပြထားပါတယ်။ နည်းလေးနည်းတို့ဖြင့် ဤကိုယ်ကာယ တောင်ပို့နှင့် တူတယ်၊ ဤတောင်ပို့ဆိုသောကိုယ်ကာယသည် ညကြတော့ အခိုးထွက်တယ် အဲဒီအခိုးထွက်ဆိုတာ ဘာများပါတုန်း မြတ်စွာဘုရား။ ဇပဟ္မာကြီးက တောင်ပို့ အခိုးထွက်တယ်လို့တော့ပြောသွားတယ် အဖြေတော့မပေးဘူး၊ အဲဒီအခိုးဟာ မြတ်စွာဘုရား ဘယ်နှယ်လွတ်မတုန်းလို့ အရှင်ကုမာရကဿပအရှင်သူမြတ်က မြတ်စွာဘုရားအားမေးပါတယ်။ ဒီတော့ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ အဖြေကို ဘုန်းကြီးတို့ပရိသတ်များရဲ့ နှုတ်ထဲတစ်ခါတည်းထည့်လိုက်စမ်းပါ ပြီးတော့မှ ဘုန်းကြီးတို့ ပါဠိရွတ်ရအောင်။

မီးခိုးဟူငြား၊ ဝိတက်ထား၊ မှတ်သားခြောက်ခုပါ။ (၃ခေါက်ဆို)

ဒီတော့ ညအခိုးလွတ်တယ်ဆိုတာ ဝိတက်တွေပေါ်တာ၊ အခိုးလွတ်ဆိုတာဘာလဲ၊ ဝိတက်ပါဘုရား။ ဟာ အခိုးထတယ်ဆိုတာ ဝိတက်တွေများနေတာတဲ့။ အခိုးတွေ လွတ်လွတ်နေတယ်ဆိုတာ ဝိတက်တွေသောင်းကျန်းနေတာလို့ဆိုလိုက်တယ်။ မီးခိုးဟူငြား၊ ဝိတက်ထား၊ မှတ်သားခြောက်ခုပါလို့ ခြောက်ခုမြောက်က မီးခိုးဆိုတာ ဝိတက်။

ဒါကြောင့် ဘန္တေ၊ ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား။ ရတို့ ဓူမာယနံ၊ ညဉ့်အခိုးလွတ်တယ်ဆိုတာက။ ကာ၊ အဘယ်ပါနည်းအရှင်ဘုရား။ ညဉ့်အခိုးလွတ်တယ်ဆိုတာက ဘယ်သဘောပါလဲအရှင်ဘုရားဆိုတော့ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က-

ယံ ခေါ ဘိက္ခု ဒိဝါ ကမ္မန္တေ အာရဗ္ဘ ရတ္တိ အနုဝိတက္ကေတိ အနုဝိစာရေတိ အယံ ရတ္တိ ဓူမာယနာ။ [၁]

ဘိက္ခု၊ ချစ်သားကုမာရကဿပ။ ဒိဝါ ကမ္မန္တေ၊ နေ့တုန်းကလုပ်ထားတဲ့ လုပ်ငန်းတွေကို (ဝါ) နေ့လုပ်ရမည့်လုပ်ငန်းတွေကို (ဝါ) နေ့တုန်းကလုပ်ခဲ့ပြီးတဲ့ လုပ်ငန်းတွေကိုနှစ်မျိုး။ ဒိဝါ ကမ္မန္တေ၊ နေ့ခင်းပိုင်းတုန်းက လုပ်ခဲ့ပြီးတဲ့လုပ်ငန်းတွေကို၊ (ဝါ) ဒိဝါ ကမ္မန္တေ၊ နောက်နေ့ကြရင်လုပ်လတ်ံ ဖြစ်တဲ့လုပ်ငန်းတွေကို။ ဘယ်နှစ်မျိုးလဲ၊ (နှစ်မျိုးပါဘုရား) ဒီကနေ့ နေ့ခင်းပိုင်းတုန်းကလုပ်ထားခဲ့ပြီး

၁။ မ။ ၁၊ ၁၉၇

တဲ့လုပ်ငန်းတွေ၊ မနက်ဖြန်နေ့ပိုင်းလုပ်လတ်ဖြစ်တဲ့လုပ်ငန်းတွေ၊ လုပ်ပြီးတဲ့ လုပ်ငန်းရော လုပ်ဦးမည့်လုပ်ငန်းရော ဒီဝါ ကမ္မန္တာ။ ဒီဝါ ကမ္မန္တော့၊ နေ့အခါမှာလုပ်ပြီးတဲ့ လုပ်လတ်ဖြစ်တဲ့လုပ်ငန်းတွေကို။ အာရုဏ္ဓာ၊ အကြောင်းပြု၍။ အနုဝိတက္ကောတိ၊ အဖန်ဖန်ကြံစည်ခဲ့ပါပေ၏။ အနုဝိစာရေ တိ၊ အဖန်ဖန်စဉ်းစား၍နေခဲ့ပါပေ၏။

ဘယ်အခါမှာတုန်းဆိုတော့ ရတ္တိယာ၊ ညဉ့်အခါ၌။ ဒီဝါ ကမ္မန္တော့၊ နေ့ခင်းကလုပ်ခဲ့တဲ့လုပ်ငန်းတွေကို။ ရတ္တိယာ၊ ညဉ့်ကြတော့။ အနုဝိတက္ကောတိ အနုဝိစာရေတိ၊ အဖန်ဖန်ကြံစည်စဉ်းစား၍နေခဲ့ပါပေ၏။ ဒီဝါ ကမ္မန္တော့၊ မနက်ဖြန်ခါနေ့ခင်းပိုင်းလုပ်ရမည့်လုပ်ငန်းတွေကို။ ရတ္တိယာ၊ ညဉ့်အခါမှာ။ အနုဝိတက္ကောတိ အနုဝိစာရေတိ၊ အဖန်ဖန်ကြံစည်စဉ်းစား၍ နေခဲ့ပါပေတော့၏ အယံ၊ ဤကဲ့သို့နေ့ခင်းကလုပ်ခဲ့သည့်လုပ်ငန်း မနက်ဖြန်ခါနေ့ခင်းလုပ်ရမည့် လုပ်ငန်းတွေကို ညဉ့်အခါကြံစည်စဉ်းစား ကြံစည်စဉ်းစား၍နေခြင်း ကိုပင် လျှင်။ ရတ္တိဓူမာယနာတိ၊ ဤတောင်ပို့ကြီး ညအခိုးလွှတ်သည်ဟူ၍။ ဝုစ္စတိ၊ မုချကိန်းသေဆိုသင့်ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

နေ့လောင် ညထွက် ထိုဝိတက်

ဒီဝါ ကမ္မန္တော့ အာရုဏ္ဓ ရတ္တိ အနုဝိတက္ကောတိ အနုဝိစာရေတိ အယံ ရတ္တိ ဓူမာယနာ။

ဤယနေ့ တစ်နေ့လုံးလုပ်ပြီးတဲ့လုပ်ငန်းတွေ လုပ်ပြီးဆိုတာက လုပ်ခဲ့လို့လွန်သွားတာကိုဘဲ လုပ်ပြီးလို့ပြောတာ လုပ်ငန်းကိစ္စပြီးတာ မပြီးတာမဆိုလိုပါဘူး။ နေ့ခင်းတုန်းကလုပ်ခဲ့တယ် ပြီးချင်ပြီး မပြီးချင်နေ ဤယနေ့ တစ်နေ့တာတော့လုပ်ငန်းတွေလွန်သွားပြီ ပြီးပြီးတာလည်းရှိမယ် မပြီးတာလည်းရှိမယ် ပြီးပြီးတဲ့လုပ်ငန်းကိုရော မပြီးသေးတဲ့လုပ်ငန်းကိုရော ညကြတော့တယ်ပြီးတော့စဉ်းစားကြတယ်။ မနက်ဖြန်ခါ ဘာတွေလုပ်ရဦးမယ်ဆိုတာလည်း ညချမ်းအခါ ကြိုတင် ကြိုတင်ပြီးတော့စဉ်းစားကြတယ်။ စဉ်းစားလိုက်ကြတာ နဖူးပေါ်လက်ကလေးများတင် လက်ပေါ်နဖူးလေးတင်လို့၊ လက်ပေါ်နဖူးတင်

ဆိုတော့ မှောက်ခုံဟုတ်လား၊ နဖူးပေါ်လက်တင်ဆိုတော့ ပက်လက်ပေါ့။ ဒါ့ကြောင့်ဆိုထင်ပါရဲ့ သီချင်းထဲ ဖူးရွှေလက်တင်ဆိုတာ။ စဉ်းစားကြတာ အခိုးလွှတ်တာ အဲဒါ၊ ဖူးရွှေလက်တင်ဆိုတာ ဘာမှမဟုတ်ဘူး၊ အခိုးထွက်နေတာ၊ ဘယ်အခါထွက်တာတုန်းဆိုတော့ ညထွက်တာ၊ နေ့ကြလောင်တော့မယ် ဟုတ်လား၊ အေး ပက်လက်လှန်ပြီးတော နဖူးပေါ်လက်တင် မှောက်ခုံမှောက်ပြီးတော လက်ပေါ်နဖူးတင် ဖူးရွှေလက်တင် သိပ်လုပ်မနေကြနဲ့ အဲဒါ အခိုးတွေထနေတာ မနက်ဖြန်ခါမိုးလင်းရင်တော့ လောင်တော့မယ်လို့။

ရတ္တိယာ၊ ညဥ့်အခါမှာ။ ဒီဝါ ကမ္မန္တေ၊ နေ့ခင်းကလုပ်ခဲ့တဲ့လုပ်ငန်းမနက်ဖြန်ခါနေ့ပိုင်း လုပ်ရမည့်လုပ်ငန်းတွေကို။အနုဝိတက္ကတိ၊ အဖန်ဖန်ကြံစည်ခဲ့ပါပေတော့၏။ အနုဝိစာရေတိ၊ အဖန်ဖန်စဉ်းစား၍နေခဲ့ပါပေတော့၏တဲ့။ ကြံစည်တယ် နေ့ခင်းပိုင်းလုပ်ပြီးတာ နောက်တစ်နေ့လုပ်ရမှာ အဲဒီနှစ်မျိုးစလုံးကို ညချမ်းအခါကြံစည်ပြီးတော့နေတာ၊ နှုတ်နဲ့လည်းမပြောအားတော့ဘူး အိပ်ယာထဲရောက်နေပြီ၊ လက်နဲ့လည်းဘာမှထမလုပ်နိုင်တော့ဘူး၊ စိတ်ထဲဘဲ မဟုတ်လား။

အဲဒီ စိတ်ထဲကြံရင်းကြံရင်းနဲ့ တစ်ခါတစ်လေရင်ဘတ်လက်နဲ့စမ်းကြည့် ငယ်ထိပ်လက်နဲ့စမ်းကြည့် ရင်ဘတ်စမ်းကြည့်တော့လည်း ပူပြီးတော့ ဒိန်းဒိန်းနေမှာဘဲ ငယ်ထိပ်စမ်းကြည့်တော့လည်းပူပြီးတော့ ဒိန်းဒိန်းနေမှာဘဲ ဆောင်းတွင်းများသာဆိုရင် အဲဒီလိုကြံကောင်းတဲ့အချိန်မှာ ဘုန်းကြီးတို့ ပရိသတ် မျက်မှန်တပ်ပြီးတော့မျက်လုံးကိုကျယ်ကျယ်ပြူးပြီးတော့ဖွင့်ကြည့်ပြီးတော့မှ မျက်မှန်ချွတ်ပြီးတော့ကြည့်လိုက်စမ်းပါ မျက်မှန်မှာဘယ်လိုဖြစ်နေမလဲဆိုတာ အခိုးတွေကပ်ပြီးတော့ ဝေနေလိမ့်မယ်ဗျ။ ဘာဖြစ်တာလဲ အခိုးထွက်ဆိုတာ သိသာတယ်နော်။

မြတ်စွာဘုရားကိုယ်တော်မြတ် မိန့်တော်မူတဲ့အခိုးကတော့ ဝိတက်ကိုပြောတာ၊ အဲဒီဝိတက်ထဲမှာ ကိလေသာဝင်တော့ ကိလေသာတွေကလောင်ပြီးတော့ တစ်ကိုယ်လုံးဟာ တေဇော တကယ့်တေဇောဓာတ်တွေကိုထလာတယ်။ တကယ့်တေဇောဓာတ်တွေထလာတာ ခြေဖျားတွေလည်းပူလို့ လက်

ဖျားတွေလည်းပူလို့ ရင်ဘတ်တွေလည်းပူလို့ ငယ်ထိပ်တွေလည်းပူလို့ မျက်လုံးကြီးလည်းပူလို့ အိပ်လို့မပျော်ဘူး။ တစ်ခါတလေများ စဉ်းစားရင် မိုးတောင်လင်းချင်လင်းသွားလိမ့်မယ်ထင်ပါတယ် စဉ်းစားလိုက်ရတာဝိတက်တဲ့။ အခိုးလွတ်ဆိုတာဘာပါလိမ့်၊ (ဝိတက်ပါဘုရား)။

အာရမ္မဏော စိတ္တသ အဘိနိရောပနလက္ခဏော ဝိတက္ကော။ ဝိတက္ကော၊ ဝိတက်ဆိုသည်ကား။ အာရမ္မဏော စိတ္တသ အဘိနိရောပန လက္ခဏော၊ စိတ်ကိုအာရုံရှိရာသို့ပို့ဆောင်ခြင်းလက္ခဏာရှိ၏တဲ့။ စိတ်ကိုအာရုံရှိရာပို့ဆောင်လိုက်တာဝိတက်၊ မိမိရဲ့စိတ်ကိုအာရုံရှိရာ ဘယ်သူကပို့ပေး၊ (ဝိတက်ကပါဘုရား) အာရမ္မဏအဘိနိရောပနလက္ခဏော၊ စိတ်ကိုအာရုံရှိရာ အာရုံရှိရာပို့ပေးခြင်း ပို့ပေးခြင်းဆိုသောလက္ခဏာရှိ၏။ စိတ်နဲ့အာရုံနဲ့ကပ်ပေးတယ်ပေါ့၊ စိတ်ကိုအာရုံရှိရာတင်ပေးလိုက်တယ် ပို့ပေးလိုက်တယ် ပြောင်းပြန်ပြန်ချင်ရင် အာရမ္မဏော စိတ္တသ အဘိနိရောပနလက္ခဏော ဝိတက္ကော၊ အာရုံကိုစိတ်ပေါ်သို့တင်ပေးတယ် ဒီလိုလည်းဆိုတယ်၊ ဆိုလိုတဲ့အဓိပ္ပါယ်ကတော့ စိတ်နဲ့အာရုံနဲ့တစ်ခါတည်းတွဲမိသွားအောင် နှိုးဆော်ပေးတဲ့သဘောကိုဝိတက်လို့ပြောတာ။ အဲဒါကိုဘဲ အာရုံပေါ်ကိုစိတ်ကိုတင်ပေးတယ် ဒီလိုသုံးထားတယ်၊ တစ်နည်းပြောရင်တော့ စိတ်ပေါ်ကို အာရုံကိုယူပြီးဆွဲတင်လိုက်တယ်၊ အာရုံနဲ့စိတ်နဲ့ကပ်မိသွားပြီ ဘယ်သူကပူးပေးတာပါလိမ့်မလဲဆိုတော့ ဝိတက်က။ အာရမ္မဏအဘိနိရောပနလက္ခဏော ဝိတက္ကောတဲ့ အာရုံသို့စိတ်ကိုတင်ပေးခြင်း ဝါ စိတ်ရှိရာသို့အာရုံကိုဆွဲယူ၍ တင်ပေးခြင်းလက္ခဏာရှိတာဝိတက်။ အာရုံတွေက ဘုန်းကြီးတို့ပရိသတ်အပေါင်း သူတော်ကောင်းတို့ စာအတိုင်းပြောရင်တော့ခြောက်မျိုးဘဲ။ သမ္မုတိသစ္စာအနေနဲ့ပြောလို့ရှိရင်တော့ အာရုံဟာမရေမတွက်နိုင်သောအာရုံတွေရှိတယ်။

ရူပါရုံလို့ဆိုရပေမယ့် အဲဒီရူပဆိုတဲ့အဆင်းဟာ မျိုးစုံအောင်ရှိတယ်၊ ပရမတ္ထသစ္စာနယ်ကတော့ရင် အဆင်းမှန်ရူပါရုံချည်းဘဲ၊ အဲဒီအဆင်းသည်မဲသောအဆင်း၊ ဖြူသောအဆင်း၊ ဝါသောအဆင်း၊ ဟိုး မရေတွက်နိုင်တဲ့အဆင်းတွေများစွာရှိလိမ့်မယ်ပေါ့ သမ္မုတိသစ္စာနယ်မှာအများကြီးနော်။

၁။ အဘိ။ ၄၊ ၁။ ၁၅၇

ပရမတ္ထဓာတ်သားနဲ့ပေါင်းလိုက်တော့ ရူပါရုံရုပ်တရားဆိုပြီးတော့ တစ်မျိုးတည်းရှိတယ်။ ဝိတက်ကခဲ့ပစ်လိုက်တာတဲ့ အဲဒီအဆင်းဟာ ဘယ်လိုအဆင်းဖြူသောအဆင်း၊ နီသောအဆင်း၊ ဝါသောအဆင်း၊ အေး မဲသောအဆင်း မဲတဲ့အဆင်းကလည်း ဘယ်နည်းဘယ်ပုံမဲတာ ဘယ်နေရာကမဲတယ် ဘယ်နေရာကဖြူတယ် ဘယ်နေရာကအမဲအားကောင်းတယ် ဘယ်နေရာကအမဲအားမျှားတယ် အဖြူကဘယ်နေရာကပိုတယ်စသည်။ ဝိတက်ရဲ့သဘောဟာ အမျိုးမျိုး ဘုန်းကြီးတို့ပရိသတ် စိတ်ကိုလေ ကြံစည်ဖို့ရန် သိဖို့ရန်တိုးခဲ့ပြီးတော့ သူကအားပေးတယ်။

စိတ်ရဲ့လုပ်ငန်းကိုတိုးခဲ့ပေးတာဟာ ဘယ်သူတုန်းဆိုရင် ဝိတက်ပါ။ စိတ်ကအာရုံကိုသိတယ်။

အာရမ္မဏံ ဝိစာရဏလက္ခဏံ ဝိညာဏံ - ဒီလိုကိုး။

ဝိညာဏ်၊ စိတ်ဆိုသောဝိညာဏ်သည်။ အာရမ္မဏံ ဝိစာရဏလက္ခဏံ၊ အာရုံကိုသိခြင်းလက္ခဏာရှိ၏။ အာရုံမှန်သမျှသိတာက စိတ်။ သိဖို့ရန် အာရုံနဲ့စိတ်နဲ့တွဲစပ်ပေးတာက ဝိတက်။

အာရမ္မဏော အဘိနိရောပနလက္ခဏော ဝိတက္ကော။ ဝိတက္ကော၊ ဝိတက်ဆိုသည်ကား။ အာရမ္မဏော အဘိနိရောပန လက္ခဏော၊ သိတတ်တဲ့စိတ်ကို သိစရာအာရုံပေါ်သို့ပို့ပေးတယ်။ သိတတ်တဲ့စိတ်ကို သိစရာအာရုံပေါ်သို့ပို့ပေးတယ်။ သိစရာအာရုံကို သိတတ်တဲ့စိတ်ပေါ်သို့ယူပြီးတော့တင်ပေးတယ် ဝိတက်ဆိုတာဘာမျှားလဲဆိုရင်၊ အာရုံနဲ့စိတ်နဲ့ကပ်ပေးတာ။ တစ်နည်း၊ အာရုံကို သိစရာအာရုံရှိရာသို့ စိတ်ကိုလှမ်းပို့ပေးလိုက်တယ်၊ အာရုံပေါ်စိတ်ကိုတင်ပေးလိုက်တယ်၊ ကစ်နည်း၊ စိတ်ပေါ်သို့ အာရုံကိုဆွဲယူပြီးတော့တင်ပေးပါတယ်။ ဝိတက်ကဆွဲပြီးတော့ စိတ်နဲ့အာရုံနဲ့ပူးစပ်ပေးလိုက်တဲ့အခါကြတော့မှ စိတ်ဆိုတဲ့ဝိညာဏ်ကသိလိုက်ရတာ။

ဝိတက်အလုပ်များလေ ယောဂီပုဂ္ဂိုလ်ကဘယ်နှယ်ပြောတုန်းဆိုတော့ ငါဟယ် ဒီနေ့ ဝိတက်တွေများလိုက်တာတဲ့နော်။ ဝိတက်တွေများလိုက်တာဆိုကတည်းကိုက သိစရာတွေများလိုက်တာ။ သိစရာတွေများလိုက်တာဆို

ကတည်းက သိနေတာတွေလည်းများလိုက်တာ။ တရားမှတ်ရင်းကျင့်သုံးတာက တစ်ခုတည်းသိရမယ်။ တစ်ခုတည်းသိရမှာ။ တစ်ခုတည်းသောအာရုံပေါ်မှာငြိမ်နေတဲ့စိတ်သည်၊ တစ်ခုတည်းသောအာရုံကိုဘဲသိရမယ် မှန်ရဲ့လား၊ (မှန်ပါဘုရား) တစ်ခုတည်သောအာရုံပေါ်မှာငြိမ်နေတယ်ဆိုရင် ဤစိတ်သည် တစ်ခုတည်းကိုဘဲသိရမယ်ပေါ့။ တစ်ခုတည်းသော အာရုံပေါ်မှာမငြိမ်ဘူးဆိုရင် ဒီစိတ်သိစရာတွေအများကြီးဖြစ်ပြီပေါ့။ အဲဒီတော့ ဘာပြောလဲဆိုတော့ ဝိတက်များရင် ဘာဖြစ်သွားလဲ သမာဓိပျက်သွားတယ်။ ဘာဖြစ်သွား၊

(သမာဓိပျက်သွားပါတယ်ဘုရား)

အဲဒါကို ဝိက္ခေပဖြစ်တယ်လို့ခေါ်ပါတယ်။ ဘာဖြစ်။

(ဝိက္ခေပဖြစ်သွားပါတယ်ဘုရား)

ပြာပုံကြီးတစ်ပုံထဲ ကျောက်ပြားကြီးတစ်ခုပစ်ချလိုက်၊ ကျောက်တုံးကြီးတစ်ခုပစ်ချလိုက် ပြာပုံထဲကျောက်ပြားကြီး ကျောက်တုံးကြီးဝုန်းဆိုပစ်ချလိုက်ရင် ပြာတွေဟာထောင်းကနဲ အရပ်လေးမျက်နှာ ကောင်းကင်လွှင့်တက်တယ်နော်။

ဟောဒီ ဝိတက်ကလည်းဘဲ အာရုံရှိရာ အာရုံရှိတိုင်းရှိတိုင်း အာရုံပေါ်တိုင်းပေါ်တိုင်း အာရုံရှိရာရှိရာသို့ ဒီစိတ်ကို ပို့ပို့ ပို့ပို့ပေးနေတဲ့အတွက်ကြောင့် တစ်အာရုံပြီး တစ်အာရုံ တစ်အာရုံပြီး တစ်အာရုံ ပြောင်းလဲပြောင်းလဲပြီးတော့ နေတဲ့ဒီစိတ်ဟာ ဘုန်းကြီးတို့ပရိသတ်များ ဥပမာအခုနကပြောထားတယ် ပြာပုံကြီးခဲနဲ့ပစ်သလိုဘဲတဲ့ အမြဲတမ်းပျံ့လွှင့်နေတယ် ဒါကို ဝိက္ခေပလို့ခေါ်ပါတယ်။ ဒီတော့ ဆရာတော်ကြီးများက နောက်တစ်မျိုးဥပမာပေးထားတာက တော့ ဘယ့်နှယ်ပေးသတုန်းဆိုတော့ ရေထဲကဆယ်ပြီးတော့ ငါးတစ်ကောင် ကုန်းပေါ်တင်ထားသလိုဘဲတဲ့။ ရေထဲနေတတ်တဲ့ငါး ကုန်းပေါ်ဆယ်တင်ထားဟာ အဲဒီငါး ငြိမ်ငြိမ်မနေဘူး ဖျပ်ဖျပ် ဖျပ်ဖျပ်နဲ့ လူးနေတယ်နော်။ စိတ်တွေများပျံ့လွှင့်ရင် အဲဒီလိုဘဲတဲ့ လူးနေဆိုပါလား။ ဘုန်းကြီးတို့ပရိသတ် လူးဘူးရဲ့လား။ လူကိုယ်တိုင် လူးတာ မလူးတာထား စိတ်ဟာ အဲဒီငါးလိုဖြစ်နေတယ်၊ ခုန်နေတယ် နေလို့မဖြစ် ထိုင်လို့မဖြစ် ဟိုပျံ့ဒီပျံ့ ဟိုလွှင့်ဒီလွှင့် ဟိုသွား ဒီသွား လူမသွားပေမယ့် စိတ်ကသွားနေတယ်နော်။ အာရမ္မဏော အဘိနိရောပန လက္ခ

ကောာ ဝိတက္ကော။ ဝိတက္ကော၊ ဝိတက်သည်။ အာရမ္မဏအဘိနိရောပန လက္ခ
ကောာ၊ စိတ်ကိုအာရုံရှိရာသို့တင်ပေးခြင်း အာရုံကိုစိတ်ပေါ်သို့ဆွဲတင် ပေးခြင်း
ဆိုသောလက္ခဏာရှိ၏။ ဝိတက်တွေများလို့ အကြံတွေများနေလို့ ပင်ပန်းနေ
တာကို မြတ်စွာဘုရားက-

ဒိဝါ ကမ္မန္တေ၊ ယနေ့လုပ်စရာကိစ္စတွေကို။ အာရဗ္ဘ၊ အကြောင်းပြု၍။
ရတ္တိယာ၊ ညဉ့်အခါ၌။ အနုဝိတက္ကေတိ၊ အဖန်ဖန်ကြံစည်၍နေပါပေ၏။ အနုဝိ
စာရေတိ၊ အဖန်ဖန်စဉ်းစား၍နေခဲ့ပါပေတော့၏။ အယံ၊ ဤကဲ့သို့ နေ့ခင်း
လုပ်စရာကိစ္စ လုပ်ခဲ့ပြီးတဲ့ကိစ္စတွေကို ညဉ့်အခါကြံစည်ခြင်း စဉ်းစားခြင်း
ကိုပင်လျှင်။ ရတ္တိဓူမာယနာတိ၊ ညဉ့်အခိုးလွတ်သည် ညဉ့်အခိုးလွတ်သည်
ဟူ၍။ ဝုစ္စတိ၊ မုချကိန်းသေဆိုအပ်ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

ဝိတက်ကိုးမျိုး

ဝိတက်သဘောကို ဘုန်းကြီးတို့ပရိသတ်နားလည်ရင် ဝိတက်အမျိုး
အစားကို ဒီနေရာစဉ်းစားပါ။ မကောင်းတဲ့ဝိတက်ဘက်ကနေပြီးတော့ ဘုန်းကြီး
တို့ပရိသတ်မှတ်ရမယ်၊ ကောင်းတဲ့ဝိတက်တော့ အထူးပြောစရာမလိုပါဘူး၊
နေကျမှဝိတက်တို့ အဗျာပါဒဝိတက်တို့ အဝိဟိ သာဝိတက်တို့ကြတော့ ပြောဖို့
မလိုဘူး၊ အခိုးလွတ်ဆိုတဲ့နေရာမှာ မိစ္ဆာဝိတက်ပိုင်း မကောင်းတဲ့ဝိတက်ပိုင်း
ကနေစဉ်းစားရအောင် ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိ သာဝိတက်၊ ဘယ်
နှစ်ခုလဲ၊ (သုံးခုပါဘုရား)။ ဉာတိဝိတက်၊ ဇနပဒဝိတက်၊ အမရာဝိတက်၊ ဘယ်
နှစ်ခုလဲ၊ (သုံးခုပါဘုရား)။ နောက်ထပ်သုံးခုနော်။ နောက်တစ်ခါ ပရာနုဒယ
တာပဋိသံယုတ္တဝိတက်၊ လာဘသက္ကာရသိလောကပဋိသံယုတ္တဝိတက်၊ အနဝ
ညတိပဋိသံယုတ္တဝိတက်၊ အေး ဘယ်နှစ်ပါးနေပြီးလဲ၊ (ကိုးပါးပါဘုရား)။

ကာမဝိတက် ကာမဂုဏ်ကိုကြံစည်၍နေတယ်၊ ကာမဂုဏ်ခံစားဖို့
အရေးကြံစည်၍နေတာ ကာမဝိတက်တဲ့၊ ဗျာပါဒဝိတက် သူတစ်ပါးကိုသူတစ်
ပါးရဲ့ချမ်းသာကိုဖျက်စီးဖို့ကိုကြံစည်၍နေတယ်ဗျာပါဒဝိတက်၊ ဝိဟိ သာဝိတက်
သူတစ်ပါးကို ညှင်းဆဲဖို့ကြံစည်၍နေတယ် သုံးခုတစ်တွဲ၊ မှန်လှပါဘုရား။

ဉာတိဝိတက်အကျယ်

ဉာတိဝိတက်တဲ့ ဆွေမျိုးတွေရဲ့အကြောင်းကိုစဉ်းစားပြီးတော့နေကြတယ် ဆွေကြောင်း မျိုးကြောင်းကို စဉ်းစားပြီးတော့နေလိုက်တာ ပုတီးတောင်မှေ့သွားတယ် ဆွေမျိုးတယ်များရင် စဉ်းစားရသကိုးဗျ။ ဆွေမျိုးတွေက တင့်တောင့်တင့်တယ်ဆိုရင်တော့ အဟုတ်သား ကိုယ့်ပတ်ဝန်းကျင်ဝိုင်းနေတဲ့ ဆွေမျိုးတွေက ရာထူးအဆင်မပြေ စီးပွားရေးအဆင်မပြေ ကျန်းမာရေးအဆင်မပြေ ပေါင်းသင်းဆက်ဆံရေးအဆင်မပြေ အဲဒီဆွေမျိုးတွေများဝိုင်းနေရင် ဘုန်းကြီးတို့ပရိသတ်ရေ ဝိတက်ဟာ တော်တော်များမိမှာဘဲနော်၊ အဲဒီအခါကြ စဉ်းစားသာကြည့် အခိုးတော့တော်တော်ထွက်ပြီ။ အခိုးထွက်ပြီ ညအခိုးထွက်တယ် အဲဒီဆွေမျိုးတွေ အတွက်စဉ်းစားပြီးတော့နေ့ကြတော့ သူတို့ကိစ္စ ဆောင်ရွက်ပေးရတာက အဲဒါ မီးတောက်တယ်၊ ရတ္တိယာ၊ ညဉ့်အခါမှာ။ အနုဝိတက္ကတိ အနုဝိစာရေတိ၊ အဖန်ဖန်စဉ်းစားတယ် ဆွေမျိုးအကြောင်းစဉ်းစားနေရတာက ဉာတိဝိတက်။ ဟုတ်လား။

ဇနပဒဝိတက်အကျယ်

နောက်တစ်ခါ ဇနပဒဝိတက်တဲ့ ဇနပဒဝိတက်ဆိုတာက ရပ်ရေးရွာရေး တိုင်းရေးပြည်ရေးကိုစဉ်းစားပြီးတော့ ပင်ပန်းနေတတ်တယ်။ အဲဒါ ဇနပဒဝိတက်၊ ရပ်အကြောင်း ရွာအကြောင်း တိုင်းအကြောင်း ပြည်အကြောင်း စဉ်းစားပြီးတော့ အဲဒီဥစ္စာကိုတစ်နေကုန် ပြောဆိုဆွေးနွေးတိုင်ပင် ညအခါကြတော့ အဲဒီရပ်ရေးရွာရေး တိုင်းရေးပြည်ရေး ကမ္ဘာ့အရေးပေါ်လေ ဒါတွေစဉ်းစား အဲဒါ ဇနပဒဝိတက်၊ တိုင်းရေးပြည်ရေးတကယ် လုပ်ပြီဆိုရင်တော့ လည်း ဒါကတကယ်စဉ်းစားရမှာဘဲ၊ ဆွေမျိုးတွေရဲ့အကျိုး တကယ်ဆောင်တော့မယ် ဉာတတ္ထစရိယကျင့်တော့မယ်ဆိုရင်လည်းဘဲ ဆွေမျိုးအကြောင်းစဉ်းစားရမှာပေါ့။ တိုင်းကျိုးပြည်ကျိုး ရပ်ကျိုးရွာကျိုး တကယ်လုပ်တော့မယ် လောကတ္ထစရိယကို ငါလုပ်တော့မယ်ဆိုရင်လည်းဘဲ လောကကြီးအကြောင်းစဉ်းစားရမှာဘဲနော်၊ ဆွေမျိုးတွေရဲ့အကျိုးအသာထား တိုင်းသူပြည်သား လူအများရဲ့အကျိုးစီးပွားကိုအသားထား ငါတစ်ယောက်တည်းအကျိုးအတွက်

ငါအားထုတ်တော့မယ်ဆိုရင်တော့ အဲဒါတွေအကုန်ချထားလိုက်။ ဒီလို မဟုတ်လား။ မိမိတစ်ယောက်ကောင်းကျိုး တရားနှလုံးကိုကျင့်သုံးပြီးတော့ အားထုတ်တော့မယ်ဆိုရင်တော့ အခုနက ဆွေမျိုးတွေကိုလည်း မစဉ်းစားနဲ့ ရပ်ရေးရွာရေးလည်း မစဉ်းစားနဲ့။ အေး ဆွေမျိုးအကြောင်း ရပ်ရွာအကြောင်းစဉ်းစားပြီးတော့နေခြင်းဖြင့် မိမိတရားနှလုံးကျင့်သုံးမှုပျက်ပြားတယ်။ ဉာတတ္ထစရိယကိုဘဲ တကယ်အားထုတ်တော့မယ် လောကတ္ထစရိယအတွက် တကယ်အားထုတ်တော့မယ်ဆိုရင်တော့ အဲဒါစဉ်းစားရမှာဘဲ မစဉ်းစားလို့မဖြစ်ဘူး။

စရိယသုံးပါး

ဘုရားကိုယ်တော်မြတ်ကြီးကျင့်သုံးတော်မူတဲ့ စရိယသုံးပါးရှိတယ်။ အတ္တတ္ထစရိယ၊ မိမိကိုယ်တိုင်ဘုရားဖြစ်ဖို့ကျင့်ရတယ်။ ဉာတတ္ထစရိယ၊ ဆွေတော် မျိုးတော်တို့အတွက်ကျင့်ရတယ်။ လောကတ္ထစရိယ၊ သတ္တလောကကြီးတစ်ခုလုံးအတွက်ကျင့်တော်မူရတယ်။ ဘယ်နှစ်မျိုးကျင့်၊ (သုံးမျိုးကျင့်ပါတယ် ဘုရား)။ ဘုရားဆုပန်ပြီဘုရားအလောင်းတော်ကြီးများရဲ့ကျင့်ထုံးဘဲကျင့်တော့မယ်ဆိုရင် စရိယသုံးမျိုးအကုန်တစ်ခါတည်း အလေးအနက်ကျင့်သွားတယ်။ လောကအကျိုးလည်းဘဲငါမဆောင်ရွက်နိုင်ဘူး၊ ဆောင်ရွက်နိုင်တဲ့စွမ်းအားမရှိဘူး၊ ဆွေတွေမျိုးတွေရဲ့အကျိုးလည်းဘဲ ငါဆောင်ရွက်နိုင်တဲ့စွမ်းအားမရှိဘူး၊ ဆွေမျိုးများရဲ့အကျိုးနဲ့တိုင်းကျိုးပြည်ကျိုးကိုဆောင်ရွက်နိုင်တဲ့ စွမ်းအားမရှိဘူး၊ ဆွေမျိုးများရဲ့အကျိုးနဲ့တိုင်းကျိုးပြည်ကျိုးကိုဆောင်ရွက်နိုင်တဲ့ စွမ်းအားမရှိဘူးဆိုတာကို ကိုယ့်အစွမ်းမရှိကြောင်း ကိုယ့်ဟာကိုသိရင်တော့ မိမိတစ်ယောက်တည်း အကျိုးတော့ကျင့်ကိုကျင့်မှဖြစ်မှာ။ မိမိတစ်ယောက်တည်းအကျိုးကို တကယ်ကျင့်ပြီဆိုရင် အခုနကစရိယနှစ်ပါးအတွက် ကြံရစည်ရတာတွေ မျက်နှာလွှဲလိုက်ဒါမှဖြစ်မယ်ပေါ့ဟုတ်လား၊ (မှန်လှပါဘုရား)။

သူတစ်ပါးအကျိုးဆောင်လည်းဆောင်ချင်တယ် ဆောင်နိုင်တဲ့စွမ်းအားလည်းမရှိဘူး၊ ဆွေတွေမျိုးတွေရဲ့အကျိုးကိုဆောင်လည်း ဆောင်ချင်တယ် ဆောင်နိုင်တဲ့စွမ်းအားလည်းမရှိဘူး၊ ထိုင်စဉ်းစားပြီတော့ အဲဒါအခိုးထွက်ရုံမက တော်တော်ကြာလောင်လာလိမ့်မယ်။ ဒါကြောင့် ဉာတိဝိတက်ဆိုတာတွေ တရားနှလုံးကျင့်သုံးတဲ့အခါအနှောက်အယှက်ဖြစ်တာဘဲ၊

ဇနပဒဝိတက်ဆိုတာလည်းဘဲ တရားနှလုံးကျင့်သုံးတဲ့အခါ သူလည်း အနှောက်အယှက်ဖြစ်တယ်။

ပရာနုဒယတာပဋိသံယုတ္တဝိတက်

ပရာနုဒ္ဒယတာပဋိသံယုတ္တဝိတက် ပရာနုဒ္ဒယတာ သနားမှုနဲ့စက်စပ်ပြီးတော့ ကြံစည်ခြင်းဆိုတာက ပရာနုဒ္ဒယတာပဋိသံယုတ္တဝိတက်။ ပရာနုဒ္ဒယတာပဋိသံယုတ္တဝိတက် သနားစရာသတ္တဝါတွေကို စဉ်းစားကြံစည်ရင်း ကြံစည်ရင်းနဲ့ မိမိရဲ့လုပ်ငန်းတွေလှစ်ဟင်းကုန်တာတွေရှိတယ်။ ဒုက္ခရောက်နေတဲ့ပုဂ္ဂိုလ်တစ်ယောက်က ကိုယ့်ကိုမှီခိုချင်းကပ်နေလို့ အဲဒီ ဒုက္ခိတပုဂ္ဂိုလ်တွေကို ကူညီဖို့ရန် စောင့်ရှောက်ဖို့ရန်ကြံစည်ရတာ စဉ်းစားရတာဒါမျိုးကိုပရာနုဒယတာပဋိသံယုတ္တဝိတက်။ ကရုဏာဟာ တစ်ခါတစ်ခါစဉ်းစားရင်း စဉ်းစားရင်းနဲ့အဲဒီဝိတက်မှာ ဒေါမနဿဝင်ပူးပြီးလည်းဆိုရော ကရုဏာကနေသောကထဲရောက်သွားတယ်။

ကရုဏာယောင်ဆောင်သော သောက

သောကော ကရုဏာယနာယ ဝဠွေတိ၊ တဲ့

သောကသည် ဘုန်းကြီးတို့ပရိသတ်များ ကရုဏာယောင်ဆောင်ပြီးတော့ လောကကိုတစ်ခါတစ်ခါလှည့်စားဆိုပါလား။ ကရုဏာနဲ့သောကရောရောသွားတယ်။ အမလေး သူ့သနားလိုက်တာ သနားလိုက်တာ သနားတယ်ဆိုတဲ့သဘောဟာ သူ့ကိစ္စကိုကူညီမှုဟုတ်လား ရှေ့တန်းတင်တယ်။ သူတစ်ပါးရဲ့ကိစ္စကိုကူညီဖို့ရှေ့တန်းတင် ဒါကရုဏာခေါ်တယ်။ ကူညီစောင့်ရှောက်ဖို့ ရှေ့တန်းတင်ရမည့် ကရုဏာဟာဘာဖြစ်သွားတုန်းဆိုတော့ သူ့ကိစ္စသူကစဉ်းစားရင်နဲ့ အံမယ် သူကိုယ်တိုင်ပြန်ဒုက္ခိတကြီးဖြစ်သွားတယ်၊ သူ့အကြောင်းစဉ်းစားလိုက်ရတာသနားစရာဘဲ၊ သနားရင်းသနားရင်းနဲ့ သောကဖြစ်သွားတယ်၊ သောကသည် ကရုဏာယောင်ဆောင်ပြီးတော့လောကကိုလှည့်စားတယ်လို့ဝဠနာတရားမှာပြတယ်။ ဒီတော့ ပရာနုဒ္ဒယတာပဋိသံယုတ္တဝိတက် ဒုက္ခိတပုဂ္ဂိုလ်တွေ ဒုက္ခရောက်နေတဲ့ပုဂ္ဂိုလ်တွေ ကိုယ်ဆင်းရဲစိတ်ဆင်းရဲဖြစ်နေတဲ့ပုဂ္ဂိုလ်တွေ စားရေး ဝတ်ရေး နေရေးမဲ့နေတဲ့ပုဂ္ဂိုလ်တွေ ခိုကိုးရာမဲ့နေတဲ့ပုဂ္ဂိုလ်တွေနဲ့များများကြီးဆက်ဆံရလိုရှိရင် အဲဒီ ပရာနုဒယ

တာပဋိသံယုတ္တဝိတက်ဟာ ဘုန်းကြီးတို့ပရိသတ်များ သောကထဲရောက်ရောက်ပြီးတော့ နှိပ်စက်တော့မယ်နော်။ အဲဒါကြောင့် ပရာနုဒယတာပဋိသံယုတ္တဝိတက် သူလည်းစဉ်းစားရင်း စဉ်းစားရင်းနဲ့အခိုးထွက်တယ်။ အဲဒီကိစ္စတွေလိုက်လုပ်ဆောင်ရွက်တော့ တောက်လောင်တယ်။

ဉာတိဝိတက်၊ ဇနပဒဝိတက်၊ ပရာနုဒ္ဒယတာပဋိသံယုတ္တဝိတက် သုံးခုတစ်တွဲ။ ဆွေမျိုးအကြောင်းစဉ်းစားခြင်း၊ ရပ်ရွာအကြောင်း တိုင်းပြည်အကြောင်းစဉ်းစားခြင်း၊ သနားစရာဒုက္ခိတပုဂ္ဂိုလ်တို့ရဲ့အကြောင်းကိုစဉ်းစားခြင်း၊ သုံးခုတွဲ။

အနဝညတ္တိပဋိသံယုတ္တဝိတက်

နောက်တစ်ခါ အနဝညတိပဋိသံယုတ္တာဝိတက်၊ အနဝညတိ ပဋိသံယုတ္တဝိတက်ဆိုတာက သူတစ်ပါးတို့က မိမိရဲ့အပေါ်မှာအပြစ်တင်ထားတယ် စွဲချက်တင်ထားတယ် အပြစ်တင်ထားတာတွေ စွဲချက်တင်ထားတာတွေ ကဲ့ရဲ့ထားတာတွေ အတင်းဖုတ်ထားတာတွေ ကြားပြီးတော့ စိတ်ထဲဆင်းရဲ၊ ဒါတွေကို ဘယ်လိုမျှားတွန်းလှန်ခြေပလိုက်ရပါ့မလဲလို့ စဉ်းစားရင် အနဝညတိပဋိသံယုတ္တာဝိတက်လို့ခေါ်ပါတယ်နော်။

ဘုန်းကြီးတို့ပရိသတ် လောကဓမ္မ ရှစ်ပါးထဲမှာ နိန္ဒာနဲ့ ပသံသာ နှစ်ခုစီတစ်တွဲ၊ နိန္ဒာ ခြိုးမွှမ်းခြင်း ကဲ့ရဲ့ခြင်းဆိုတဲ့အထဲမှာ ဟုတ်လား၊ နိန္ဒာ ကဲ့ရဲ့ခြင်း၊ ပသံသာ ခြိုးမွှမ်းခြင်း၊ တစ်နည်း နိန္ဒာ အပြစ်ပြောခြင်း၊ ပသံသာ ဂုဏ်သတင်းပြောခြင်း။ အဲဒီလောကဓမ္မနှစ်ခုမှာ နိန္ဒာဆိုတဲ့လောကဓံနဲ့ကြုံရတဲ့အခါကြတော့ ဘုန်းကြီးတို့ပရိသတ်များ ဘာဝိတက်ဝင်တုန်းဆိုတော့ အနဝညတိပဋိသံယုတ္တဝိတက်တဲ့။ ကဲ့ရဲ့ပြစ်ဆို အတင်းဆိုပြီးတော့ အပြစ်ပြောခံရတဲ့အခါမျှား အဲဒါတွေကိုမကျေမနပ်ဖြစ်ပြီး တော့ စဉ်းစားပြီးတော့နေလိုက်တာကို အနဝညတိပဋိသံယုတ္တာဝိတက်တဲ့ သူလည်းဘဲ လုပ်ငန်းပျက်တာဘဲ။

လာဘသက္ကာရသိလောကပဋိသံယုတ္တဝိတက်

နောက်တစ်ခါ လာဘသက္ကာရသိလောကပဋိသံယုတ္တဝိတက် လာဘ

လာဘ်ရတယ်၊ သက္ကာရ ပူဇော်ခံရတယ်၊ သိလောက ကျော်စောသတင်းတွေ ထွက်တယ်၊ ကြံကြ လာဘ်ပူဇော်သက္ကာရအတွက် ကြံစည်ကြံစည်ပြီးတော့နေကြတာကိုတော့ လာဘသက္ကာရသိလောကပဋိသံယုတ္တဝိတက် ဒီလိုခေါ်တယ်။ အဲဒီ လာဘသက္ကာရသိလောကပဋိသံယုတ္တဝိတက်က ဘယ်အခါဖြစ်တတ်တုန်းဆိုတဲ့အခါကြတော့ ပသံသာဆိုတဲ့လောကဓံနဲ့ကြုံတဲ့အခါ ဖြစ်တတ်တယ်။ ချီးမွမ်းလို့ ဂုဏ်သတင်းတွေ ပျံ့လို့ဆိုလို့ရှိရင် အဲဒါ ကျေနပ်သာယာပြီးတော့ အဲဒီ လာဘ်ပူဇော်သက္ကာရအတွက် ကြံစည်ပြီးတော့ ပင်ပန်းနေတတ်ပြန်သေးတယ် ဒါကို လာဘသက္ကာရ သိလောကပဋိသံယုတ္တဝိတက်တဲ့။

နောက် ကိုးခုမြောက်ဝိတက်က အမရာဝိတက်၊ ဘာပါလိမ့်၊ (အမရာဝိတက်ပါဘုရား)။

အမရာဝိတက်ဆိုတာက အကောင်အထည်မရှိဘူး မူမရှိဘူး။ ကျန်တဲ့ပြောခဲ့ပြီးတဲ့ဝိတက်ရှစ်ပါးကမူနဲ့၊ ကာမဂုဏ်တစ်ခုတည်းရှာ ကာမဝိတက်၊ သူတစ်ပါးဖျက်စီးဖို့ကြံ ဗျာပါဒဝိတက်၊ ညှင်းဆဲဖို့ကြံ ဝိဟိ သာဝိတက်၊ ဆွေးမျိုးအကြောင်းစဉ်းစား ဉာတိဝိတက်၊ ရပ်ရေးရွာရေး တိုင်းရေးပြည်ရေး ကမ္ဘာ့အရေးစဉ်းစား ဇနပဒဝိတက်၊ သနားစရာဒုက္ခိတပုဂ္ဂိုလ်အကြောင်းစဉ်းစားတော့ ပရာနုဒယတာပဋိသံယုတ္တဝိတက်၊ အပြစ်ပြောခံရတဲ့အခါ အတင်းပြောခံရတဲ့အခါ နှိမ့်ချခံရတဲ့အခါ တုန့်ပြန်ဖို့စဉ်းစား ချေပဖို့စဉ်းစား အနဝညတိပဋိသံယုတ္တာဝိတက်၊ ပြီးတော့ လာဘသက္ကာရသိလောက လာဘ်ပူဇော်သက္ကာရစဉ်းစား လာဘသက္ကာရ သိလောကပဋိသံယုတ္တဝိတက်၊ အဲဒါတွေက မူတွေနဲ့ သူ့ဟာနဲ့ သူအခြေခံရှိတယ်၊

အမရာဝိတက်

ဟောဒီကိုးခုမြောက် အမရာဝိတက်ဆိုတာကတော့ အခြေခံမူမရှိဘူး၊ ရောက်ရာ ရောက်ရာ ဦးတည့်ရာလျှောက်ကြံပြီးတော့နေတာ ဘာရယ်လို့ အခြေခံမူတစ်ခုသူချထားတာမရှိဘဲနဲ့ ကြံမိရာရာကို ကြံနေတာ ဦးတည့်ရာမရှိဘဲကြံနေတာ အမရာဝိတက်။ အဖမ်းရအလွန်ခက်တယ် သူကပိုဆိုးလိမ့်မယ် အမရာဝိတက်ဆိုတာက အမရာမည်သောငါးလိုဘဲ အဖမ်းရအလွန်ခက်

တယ်၊ အမရာဆိုတဲ့ငါး ရေထဲမှာ ဟိုး ရေအောက်လည်းမနေဘူး ရေပေါ်လည်းမနေဘဲနဲ့ အလယ်လောက်နေတာ ငါးကလုံးလုံးခွၽန်ခွၽန်ခွဲပြီးတော့ ချောနေတာ ဘယ်လိုမှဖမ်းလို့မရဘူး အလွန်အပြေးလည်းသန်တယ် မြန်လည်း မြန်တယ် ရုန်းအားလည်းတယ်ကောင်းတယ် အမရာမည်သောငါး အဖမ်းရခက်သလိုဘဲတဲ့ မင်းဘာကြံနေတုန်းလို့မေးလိုက်ရင် ဟိုဟာလိုလို ဒီဟာလိုလိုနဲ့ ဘာရယ်လို့အကောင်အထည်မရှိဘူး ဦးတည့်ရာကြံတယ်။

ထီထိုးပြီး စိတ်ကူးယဉ်တာ အမရာဝိတက်ပါ

ဒါယကာကြီးတွေ ထီးထိုးပြီးစဉ်းစားသလိုပေါ့။ အဲဒါမှၽင်းတာ ထီလက်မှတ်အိတ်ထဲထည့်ပြီးကြံလိုက်တာ အကောင်အထည်တစ်ခုမှမရှိဘူး၊ တကယ်လည်း ငွေလည်း ကိုယ်ရသေးတာမှမဟုတ်ဘဲနဲ့ ကြံလိုက်တာတော့ ကားလည်းဝယ်မှာဘဲ တိုက်လည်းဆောက်မှာဘဲ စုံလို့ကြံလိုက်တာ ကိုယ့်အိတ်ထဲကလက်မှတ်နဲ့ ဟိုကကြေငြာတဲ့ဂဏန်းမတိုက်ဘူးဆိုတော့မှ အကုန်လုံးပျော်ကြ၊ ဆားတစ်တင်းရေထဲထည့်ရင်ဖမ်းလို့ကိုမရဘူး၊ ဆားတစ်တင်းရေထဲထည့်လိုက် စောင့်ကြည့်နေတဖြည်းဖြည်းပျော်ကြသွားတာ ပြန်သုံးလို့ရသေးလား၊ (မရတော့ပါဘုရား)။ ဟာ အမရာဝိတက်ဟာဒီအတိုင်းဘဲတဲ့။ ဆားလေ့မှောက်သလိုဘဲလို့ပြောလိုက်ဦးမယ်၊ ဆားလေ့ကြိများမှောက် ကောက်လို့ရလား၊ (မရပါဘုရား)။ အမရာဝိတက်ဘာရယ်လို့ကောက်မရဘူး ကြံမိကြံရာကိုကြံတာဘဲ၊ အားလုံး ဝိတက်ကိုးပါး၊ စေတသိက်ကတော့တစ်လုံးတည်းဘဲ အဲဒီစေတသိက်ရဲ့အာရုံယူရာကိုစွဲပြီးတော့ ဟောဒီမှာ ဝိတက်ကိုးမျိုးလို့ခွဲပြတယ်။

ညချမ်းအခါ အိပ်ရာထဲပက်လက်လှန် နဖူးပေါ်လက်တင် မှောက်ခုံမှောက် လက်ပေါ် နဖူးတင်ပြီးတော့ ကြံစည် စဉ်းစားပြီးတော့နေလိုက်ကြတာ၊ အဲဒီကိုးမျိုး တစ်မျိုးမျိုးကြံကြမယ်။ ဝိတက်ကိုးမျိုးတစ်မျိုးမျိုးကြံစည်ပြီးတော့ နေကြတော့ နေ့ခင်းဒီကနေ့နေ့ခင်းကလုပ်ခဲ့ပြီးပြီ ညကြတော့စဉ်းစားကြတယ်၊ မနက်ဖြန်အတွက်ဘာတွေလုပ်ဦးမယ် ညကြတော့စဉ်းစားကြတယ်၊ ဒီဝါကမွန္တေ၊ နေ့ခင်းကလုပ်ခဲ့တဲ့လုပ်ငန်းတွေကို။ အာရဏ္ဍ၊ အကြောင်းပြုပြီးတော့။ ရတ္တိ၊ ညဉ့်ကြတော့မှ။ အနုဝိတက္ကေတိ၊ အဖန်ဖန်စဉ်းစား၏။ အနုဝိစာရေတိ၊ အဖန်ဖန်ကြံစည်၍နေခဲ့ပါပေတော့၏။ အယံ၊ ဤကဲ့သို့ နေ့ခင်းကလုပ်ကိုင်ခဲ့

တဲ့လုပ်ငန်းတွေကို ညချမ်းကာလ ပြန်လည်၍ ပြန်လည်၍ စဉ်းစားခြင်းကို။ (၀၀) အယံ၊ ဤမနက်ဖြန်လုပ်ရမည့်လုပ်ငန်းတွေကို ဤယနေ့ ညချမ်းက ကြို့တင်၍ ကြို့တင်၍စဉ်းစားခြင်းကို။ ရတို့မူမာယနာတိ၊ ညဉ့်အခိုးလွတ်သည် ဟူ၍။ ဝုစ္စတိ၊ မုချကိန်းသေဆိုသင့်ပါပေ၏။ ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော် ခြောက်ပါး သခင်ဘုရား ရှင်ကိုယ်တော်မြတ်သည်။ ဗျာကရောတိ၊ ကောင်းစွာ မသွေ ဖြေကြားတော်မူခဲ့ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

ဝိတက်ရဲ့သဘော ဝိတက်ရဲ့အမျိုးအစား ရပြီနော်၊ (မှန်လှပါဘုရား)။

ဝိတက်ရဲ့သဘော ဝိတက်ရဲ့အမျိုးအစား

စရံ ဝါ ယဒိ ဝါ တိဋ္ဌံ၊ နိသိန္နံ ဥဒ ဝါ သယံ။
ယော ဝိတက္ကံ ဝိတက္ကေတိ၊ ပါပကံ ဧဟနိသိတံ။ °

ဘိက္ခဝေ၊ ရဟန်းတော်များအိုချစ်သားတို့။ ယော၊ အကြင် သူသည်။ စရံဝါ ယဒိဝ စရံ၊ သွားသည်မူလည်းဖြစ်စေ။ ယဒိဝ တိဋ္ဌံ၊ ရပ်သည်မူလည်း ဖြစ်စေ။ ဥဒ၊ ထို့ပြင်။ ယဒိ နိသိန္နံဝါ၊ ထိုင်သည်မူလည်းဖြစ်စေ။ ဥဒ၊ ထို့ပြင်။ ယဒိ သယံဝါ၊ အိပ်သည်မူလည်းဖြစ်စေ။ သွားချင်သွား ရပ်ချင်ရပ် အိပ်ချင်အိပ် ထိုင်ချင်ထိုင်၊ ယံ ဝိတက္ကံ ဝိတက္ကေတိ ပါပကံ ဧဟနိသိတံ။ ယော၊ အကြင်သူ သည်။ ပါပကံ၊ ယုတ်မာလှစွာသော အခုနကပြောထားတဲ့ကိုးမျိုးဟာ ကောင်း တဲ့ဝိတက်မျိုးမဟုတ်ဘူး။ ပါပကံ၊ ယုတ်မာလှစွာသော။ ဧဟနိသိတံ၊ တဏှာ တည်းဟူသောအိမ်ကြီးကိုမှီ၍ဖြစ်ပေါ်လာသော။ ဝိတက္ကံ၊ ဝိတက်တရားကိုး ပါးတို့ကို။ ဝိတက္ကေတိ၊ ကြံစည်၍နေခဲ့ပါပေ၏။ သွားလည်းကြံတာဘဲ အခုနက ဝမ်မိကသုတ်ပါဠိတော်ကတော့ ညဉ့်အခိုးလွတ်ဆိုတာဟာ ညကြံစည်တာ ကိုပြောတယ်တဲ့ ဒီလောက်ဘဲနော်။

အဂုံတွာရနိကာယ်၊ စုတုက္ကနိပါတ်ပါဠိတော်မှာ စရသုတ္တန်လို့ သုတ္တန် တစ်ခုရှိတယ် ထိုစရသုတ္တန်တို့ကြတော့ စရံ ဝါ ယဒိ ဝါ တိဋ္ဌံ နိသိန္နံ ဥဒ ဝါ သယံ။ သွားရင်လည်းကြံတယ်၊ အံမယ်လမ်းသွားရင်း တစ်ခုခုမျှားကြံနေလိုက်

၁။ အံ၊ ၁။ ၃၂၁

တာ ဘုန်းကြီးတို့ညတရားဟောပြန်သွား ညနေစောင်းတရားဟောလာ မော်တော်ကားလမ်းမှာ ခဏ ခဏတွေ့တယ်၊ ညနေစောင်းမိုးချုပ်တော့ ဒါယကာကြီးတွေလည်း သုတ်ပြာသုတ်ပြာနဲ့အိမ်ပြန်ကြ ဒါယိကာမကြီးတွေလည်း ရေးကြီးသုတ်ပြနဲ့အိမ်ပြန်ကြ လမ်းပေါ်မှာလေလွယ်အိတ်ကလေးတွေလွယ်လို့ လက်ချိတ်တာကချိတ်လို့ လက်ဆွဲတာကဆွဲလို့ တစ်ချို့တောင်းလေးတွေရွက်လို့လမ်းပေါ်မှာ ဟိုဘက်ဒီဘက်ဖြတ်ကူး မော်တော်ကားဟွန်းတီးတာတောင် သူတို့မကြားဘူး ကားတိုက်တော့မလို့၊ ဘာလုပ်လာတာလဲဆိုတော့၊ စရံ ဝါ၊ သွားသည်မူလည်းဖြစ်စေ သွားရင်းသူဘာလုပ်နေတာလဲ၊ (ကြံနေတာပါဘုရား) အခိုးလွှတ်နေတာ။ လမ်းပေါ်မှာသွားရင်အခိုးထွက်နေတာ တစ်ချို့များလက်ကလေးချိတ်လို့ တွက်နေတယ်၊ ဒီကနေ့ ဘယ်လောက်ရှုံးတယ် ဘယ်လောက်မြတ်တယ်၊ အံမယ် ပွန်ဆိုမော်တော်ကားဟွန်းတီးလိုက်တော့မှ အဲဒီမှာလန့်ပြီးတစ်ခါတည်း ကားတွေဘာတွေပတ်ပြီးပြေးတာနော်။

စရံ ဝါ ယဒိ ဝါ တိဋ္ဌံ၊ နိသိန္နံ ဥဒ ဝါ သယံ။ ဒါယကာကြီးတစ်ယောက်အိမ်မှာ ဒါယကာကြီးတစ်ယောက်က ခရီးသွားတာ အိမ်အရောက် ညနေကြတော့ ဟိုကလည်း ထမင်းစားနေတော့ သူကလည်းဘဲတင်ပလ္လင်ခွေကလေးထိုင်လို့ ဒူးကိုလက်ကလေးနဲ့သိုင်းလို့ ဒူးတစ်ဖက်နဲ့အသာလေးထိုင်ပြီးတော့ လက်နှစ်ဖက်နဲ့တစ်ခါတည်း ချိတ်သိုင်းလို့ပြီးတော့ မှေးပြီးတော့သူကထိုင်နေတယ် အဲဒီဒူးလေးကိုး နှံ့.နှံ့. နှံ့.နှံ့.ပြီးတော့ သူကစဉ်းစားနေတာကိုးဗျ စဉ်းစားနေတာ စောစောကထမင်းစားကြွပါဦးခင်ဗျာလို့ခေါ်တယ် နေပါစေဗျာ မစားပါဘူး၊ ထမင်းစားကြွပါဦးခင်ဗျာလို့ခေါ်တယ် မစားဘူးတဲ့ သူကဧည့်သည်ကိုးအိမ်ပေါ်ရောက်လာ သူ့.ဒူးလေး သူ့.ဟာသူလက်နဲ့သိုင်းပြီးတော့ ထိုင်ရင်း ထိုင်ရင်းနဲ့ အဲဒါ သူကဒူးလေးနန့်နန့်ပြီတော့စဉ်းစားနေတာ။

အဲဒီစဉ်းစားခန်းထဲမှာ ဗျုံးကနဲဆိုထမင်းစားပွဲကလည်းဘဲ နှစ်ကြိမ်သုံးကြိမ်လောက်ခေါ်တယ်၊ ထမင်းစားပွဲကဟင်းအနံ့ကသူ့.ဆီရောက်သွားပြီးတော့ ထမင်းစားကြွပါခင်ဗျာလို့ တတိယအကြိမ်လောက်လည်းခေါ်လိုက်ရောချဉ်ရည်ဟင်းလေးနဲ့ဆိုတော့ ကောင်းသားပေါ့ဗျာတဲ့ ဟဲဟဲဟဲ၊ ချဉ်ရည်ဟင်းအနံ့က သူ့.နှာခေါင်းရောက်သွားတယ်၊ အေး အခိုးလွှတ်တာ၊ စောစော

ကတော့သူ့စိတ်ကူးလေးနဲ့သူ အံမယ် ဒူးလေးပိုက်လို့ ဒါ ဘုန်းကြီးကိုယ်တိုင်တွေ့တာ ဒါယကာကြီး အော် စောစောက သူစားတော့စားချင်သား ဒါပေမယ့် သူ့စဉ်းစားခန်းကမပြီးသေးတော့ ထမင်းစားပွဲကိုအာရုံမရောက်မိဘူး၊ စဉ်းစားရင်းက တဖြည်းတဖြည်း အားလျော့အားလျော့သွားပြီးတော့ ထမင်းစားပွဲက ဂန္ဓာရုံကနှာခေါင်းရောက်လည်းလာရော၊ ဝိတက်က ဂန္ဓာရုံဘက်ပြောင်းသွားတယ်။ စောစောကတော့သူ့စဉ်းစားရင်းကမမွှာရုံနော်၊ ယခုတော့ ထမင်းစားပွဲကချဉ်ရည်ဟင်းအနံ့က နှာခေါင်းရိုက်ခတ်တော့ ဂန္ဓာရုံကိုပြောင်းမကြဲဘူးလား၊ (ကြံပါတယ်ဘုရား) အဲဒီတော့မှ ချဉ်ရည်ဟင်းနဲ့ဆိုကောင်းသားဗျာဆိုပြီး လက်ကသိုင်းထားတာဗျုံးဆိုလွှတ်လာတယ်၊ အော် ထိုင်းရင်းလည်းကြံတယ် ဆိုတာသေချာတယ်နော်။ ဒါယကာကြီး ထိုင်ရင်းမကြဲဘူးလား၊ (ကြံပါတယ်ဘုရား)။ အခုတရားပွဲထိုင်ရင်းဘာကြံနေလဲ ဘာကြံမှန်းကိုမသိဘူး၊ ဘုန်းကြီးကလည်း အကြားအမြင်မရတော့ခက်တယ် ကြံကြပေါ့ ကြံကြ ဟုတ်လား။

စရံ ဝါ ယဒိ ဝါ တိဋ္ဌ နိသိန္နံ ဥဒ ဝါ သယံ။ သူများမပြောနဲ့ ဘုန်းကြီးတို့ပလ္လင်ပေါ်ကတောင် တစ်ခါတစ်လေကြံသေးတယ် တရားဟောရင်းကြံတာနော်။ အေး ပါဠိမှာသွားလို့ သူကသတိပေးတယ် ပရိသတ်ကမသိဘူး ကြံရင်းကြံရင်းနဲ့ အဲဒါပါဠိတွေတစ်ခါတစ်ခါမှားရွတ်တာဟုတ်လား၊ အေး ဒီလို၊ တစ်ခါကြ ဘုန်းကြီးတို့တရားပွဲတွေကလည်းဆက် နေ့ညရောဆိုတော့ ခရီးကလည်းပန်း တရားဟောရင်းနဲ့ အိပ်ချင်စိတ်ပေါက်လာတာ။ ပရိသတ်ကိုသံပေါက်အကြီးကြီး သုံးခေါက်ချပေးပြီးဆိုခိုင်းထား ပလ္လင်ပေါ်မှာငိုက်ခနဲဆိုတော်တော်ဟန်ကြသား။

ဟောရင်းနဲ့ပဲအစွန်းထွက်တာ တရားပွဲတွေများ ဆက်လိုက်တာကွာ နွေရာသီကြီး ကဆုန်လသိပ်ပူသိပ်ပန်းဟုတ်လား၊ ခရီးကလည်း မနက်သွားနေ့ခင်းဟော နေ့ခင်းအလုပ်လုပ်ပြီး ညနေပွဲဆက် ညနေပွဲပြီးညပွဲဆက်၊ အဲဒါမျိုး ခရီးပန်းရင်း ပန်းရင်းနဲ့တရားဟောတော့ ရာသီကလည်းပူ အအိပ်ကပျက်အစားကပျက် ပလ္လင်ပေါ်တက်ပြီးတော့ အော် ဒီကနေ့ညတရားပွဲစောစောသိမ်းအိပ်ရရင်ကောင်းမှာဘဲ၊ အံမယ် အခိုးလွှတ်နေတာနော်၊ အဲဒါနဲ့ စိတ်ထဲအိပ်ချင်စိတ်ပေါက်လာတာနဲ့ ဘယ်လိုလုပ်လိုက်တယ်မှတ်လဲ သံပေါက်ရှည်

ရှည်ကြီးသုံးခေါက်ချပေးလိုက်တယ် ဆိုဟဲ့ဆိုပြီတော့ အသားလေးမှေးပစ်လိုက်တာ။ အသားလေးမှေးနေလိုက်တာ။ တစ်ခါတစ်ခါကြတော့ပရိသတ်က ဘုန်းကြီးတို့ပရိသတ် ဆိုရင်းဆိုရင်းက သုံးခေါက်ကတစ်ပေါင်းတည်းကြီးဆိုတော့ အချိုးကအဆင်မပြေဘူးဗျ၊ ဒီလောက်ဘဲ ကျုပ်ချပေးထားတာ ဆိုရမှာပေါ့။ ဟိုတစ်နေ့က နှစ်ပုဒ်တွဲဆိုသေးတယ်၊ ၂၅-လမ်းမှာလေ နှစ်ပုဒ်တွဲဆိုဆိုတော့မထွက်ဘူး သုံးပုဒ်တွဲဆိုပိုဆိုးတာ၊ ဆိုရအောင်လို့ ပလွင်ပေါ်နည်းနည်းငိုက်ချင်လို့ လုပ်ပေးတာမရဘူး၊ ဘုန်းကြီးတို့ပရိသတ်က အဲဒါ သူတို့ကပုဇွန်ခြေကျိုးဖြစ်နေတော့ အအိပ်အငိုက်ပြေသွားတယ်။ ပုဇွန်ခြေကျိုးဆိုကြတော့ အငိုက်ပျယ်သွားတယ်၊ ပရိသတ်ကလည်း လေးတွဲ့လေးတွဲ့နဲ့ကျွဲလှည်းကြီးလို အိအို အိအိနဲ့ဆိုနေတာ ဟာ ဒီကလည်း သိပ်ဟန်ကြပေါ့။ ဘုန်းကြီးတို့ပရိသတ်များ ဘာပြောတာတုန်း -

နိသိန္နော ဝါ၊ ထိုင်သည်မူလည်းဖြစ်ပါစေကြံမှာဘဲ။ ဥဒ၊ ထို့အပြင်။ သယံ ဝါ၊ အိပ်သည်မူလည်းဖြစ်ပါစေ။ အိပ်ရင်းလည်းဘဲကြံမှာဘဲတဲ့၊ ထိုင်ရင်းလည်းကြံမှာဘဲ၊ ရပ်ရင်းလည်းကြံမှာဘဲ သွားရင်းလည်းကြံမှာဘဲ၊ ဣရိယာပုဒ်လေးပါးစလုံးမှာ ဝိတက်ဆိုတာမလွတ်ဘူးနော်။

ယော၊ အကြင်ပုဂ္ဂိုလ်သည်။ စရံ ဝါ၊ သွားချင်သွားပါစေ။ တိဋ္ဌံ ဝါ၊ ရပ်ချင်ရပ်ပါစေ။ နိသိန္နံ ဝါ၊ ထိုင်ချင်လည်းထိုင်ပါစေ။ သယံ ဝါ၊ အိပ်ချင်လည်းအိပ်ပါစေ။ ပါပကံ၊ ယုတ်ညံ့လှစွာသော။ ဧဟနိ ဃသိတံ၊ တဏှာတည်းဟူသောအိမ်ကိုမှီ၍ဖြစ်ပေါ်လာသော။ ဝိတက္ကံ၊ ဝိတက်ကို။ ဝိတက္ကေတိ၊ ကြံစည်၍နေခဲ့ပါပေ၏။ သော ပုဂ္ဂလော၊ ထိုကဲ့သို့ လျှောင်းရင်းကြံ ရပ်ရင်းကြံ ထိုင်ရင်းကြံ သွားရင်းကြံ ကြံနေသောပုဂ္ဂိုလ်သည်။ ကုမ္မဂ္ဂပဋိပန္နော၊ လမ်းမှားသည်ဖြစ်သောကြောင့်။ အဲဒီလိုအကြံများပြီးတော့ ဝိတက်တွေနှိပ်စက်နေတာဟာဘာလဲဆိုတော့၊ ကုမ္မဂ္ဂပဋိပန္နောတဲ့ သူသည်လမ်းမှားသွားနေပြီ၊ ကုမ္မဂ္ဂပဋိပန္နော၊ လမ်းမှားကိုကြံမိသည်ဖြစ်သောကြောင့် လမ်းမှားကို လျှောက်ခဲ့မိသည်ဖြစ်သောကြောင့်။ မောဟနေယျသု၊ တွေဝေထိုက်သောအရာတို့မှာ။ မုစ္ဆိတော၊ တွေဝေ၍နေသည်။ ဟောတိ၊ ဖြစ်၏။ မောဟနေယျသု မုစ္ဆိတော၊ တွေဝေထိုက်သော အရာဝတ္ထုတစ်ခုခုမှာ သူသည်တွေဝေ

နေပြီ၊ ကာမဂုဏ်ကြံတော့ ကာမထဲတွေဝေနေတာ၊ စိတ်ဆိုးစရာ စိတ်ညစ်စရာ ထပ်ကာထပ်ကာကြံတော့ အဲဒီအနိဋ္ဌာရုံထဲမှာတွေဝေနေတာ။ မောဟနေယျသူ မုစ္ဆိတော၊ အိပ်ချင်တယ်စဉ်းစားတော့လည်းဘဲ ထိနမိဒ္ဓထဲတွေဝေနေစာဘဲနော်၊ မောဟနေယျသူ၊ တွေဝေသင့်သောအရာတို့မှာ။ မုစ္ဆိတော၊ တွေဝေ၍နေခဲ့သည်။ ဟောတိ၊ ဖြစ်ပါပေ၏။

ကုမ္မဂ္ဂပဋိပန္နော သော၊ မောဟနေယျသူ မုစ္ဆိတော။
အဘဇ္ဇော တာဒိသော ဘိက္ခု၊ ဖုဋ္ဌံ သမ္မောဓိမုတ္တမံ။ [၁]

ဘိက္ခဝေ၊ ရဟန်းတော်များအိုချစ်သားတို့။ တာဒိသော၊ ထိုကဲ့သို့သဘောရှိသော။ ဘိက္ခု၊ ဘုရားသားတော်ရဟန်းတော်သည်။ ဥတ္တမံ၊ မြတ်လှစွာသော။ သမ္မောဓိ၊ မဂ်ဉာဏ်သို့။ ဖုဋ္ဌံ၊ လက်ဆုပ်လက်ကိုင် ပိုင်ပိုင်မိမိရရှိဖို့ရန်။ အဘဇ္ဇော၊ မထိုက်တော့ပါပေ။ ဝိတက်တွေနှိပ်စက်ပြီးတော့ တွေဝေနေလို့ရှိရင် ဤပုဂ္ဂိုလ်သည်တဲ့ ဥတ္တမံ၊ မြတ်လှစွာသော။ ဗောဓိ၊ ဗောဓိဉာဏ်ကို။ ဖုဋ္ဌံ၊ ရရှိဖို့ရန်။ အဘဇ္ဇော၊ မထိုက်တော့ပါပေ။ ဗောဓိဉာဏ်ရဖို့ရန် မထိုက်တော့ဘူး ဗောဓိဉာဏ်နဲ့ဝေးသွားပြီ၊ လုပ်ရင်းနားလည်ဖို့က ဝိတက်များရင် ဗောဓိဉာဏ်နဲ့ဝေးတယ်တဲ့နော်။ ဗောဓိဉာဏ်ကိုမပြောပါနဲ့ ဝိတက်နှိပ်စက်ရင် ဝိပဿနာဉာဏ်နဲ့တောင်မှဝေးပါတယ်၊ တသွာ၊ ထို့ကြောင့်။ ဘိက္ခဝေ၊ ရဟန်းတော်များအိုချစ်သားတို့။ တုမ္ဟေ၊ သင်ချစ်သားတို့သည်။ ပါပကော၊ ယုတ်မာလှစွာကုန်သော။ အကုသလေဟိ ဓမ္မေဟိ၊ အကုသိုလ်ဖြစ်သောဝိတက်တို့ကို။ မာဝိတက္ကေထ၊ ဘယ်လိုနည်းနှင့်မှ မကြံစည်သင့်ပါပေကုန်တော့သတည်း။

သာဓု သာဓု သာဓုပါဘုရား။

ဒီတော့ ဝိတက်ကိုမကြံနဲ့တဲ့နော်၊ ဘယ်လိုဝိတက်ကြံရမလဲဆိုတော့ ပြောင်းပြန်လှန်ရင်တော နေကျမှဝိတက်ကိုကြံပါ၊ အဗျာပါဒဝိတက်ကိုကြံပါ၊ အဝိဟိံ သာဝိတက်ကိုကြံပါ၊ ကုသလဝိတက် ကုသိုလ်နှင့်စပ်သောဝိတက်ကိုကြံ။ ဘိက္ခဝေ၊ ရဟန်းတော်များအိုချစ်သားတို့။ တာဒိသာနိ၊ ထိုကဲ့သို့သဘောရှိကုန်သော။ ဝိတက္ကာနိ၊ ဝိတက်တို့သည်။ သမ္မောဓာယ၊ မဂ်ဉာဏ်ကို ထိုးထွင်းသိ

၁၊ အံ၊ ၁။ ၃၂၁

ဖို့ရန်လည်းဘဲ။ နသံဝတ္တန္တိ၊ မဖြစ်ကြလေကုန်။ အဘိညာယ၊ သစ္စာလေးပါး တရားတော်ကို ကောင်းစွာထင်ထင် ထိုးထွင်း၍သိဖို့ရန်လည်းဘဲ။ နသံဝတ္တန္တိ၊ မဖြစ်ကြလေကုန်။ န အဘိညာယ န သမ္မောဓာယ န နိဗ္ဗာနာယ။ နိဗ္ဗာနာယ၊ နိဗ္ဗာန်အလို့ငှာလည်းဘဲ။ န သံဝတ္တန္တိ၊ မဖြစ်ကြလေကုန်။ နိဗ္ဗိဒါယ၊ သံသရာဝဋ်ဥ ငြီးငွေ့ဖို့ရန်လည်းဘဲ။ န သံဝတ္တန္တိ၊ မဖြစ်ကြလေကုန်။ ဝါ- နိဗ္ဗိဒါယ၊ ကိလေသာကို ဖောက်ခွဲဖို့ရန်လည်းဘဲ။ န သံဝတ္တန္တိ၊ မဖြစ်ကြလေကုန်။ ယခုနကပြောထားတဲ့ ဝိတက်ကိုးမျိုးဟာ န အဘိညာယ သံဝတ္တန္တိ၊ သစ္စာလေးပါး ထိုးထွင်းသိဖို့လည်းမဖြစ်နိုင်ဘူး။ န သမ္မောဓာယ သံဝတ္တန္တိ၊ မဂ်ဉာဏ်အလို့ငှာလည်းမဖြစ်နိုင်ဘူး။ န နိဗ္ဗာနာယ သံဝတ္တန္တိ၊ နိဗ္ဗာန်အလို့ငှာလည်းမဖြစ်ဘူးတဲ့၊ န နိဗ္ဗိဒါယ၊ ကိလေသာဖောက်ခွဲဖို့လည်းဘဲမဖြစ်နိုင်ဘူးဟုတ်လား။ **နအဘိညာယ နသမ္မောဓာယ နနိဗ္ဗာနာယ နအာဒိဗြဟ္မစရိယကာ**။ အာဒိ ဗြဟ္မစရိယကာ၊ သာသနာတော်ရဲ့အကျင့်ရဲ အစတောင်မှ ဖြစ်ကြကုန်သည်။ န ဟောန္တိ၊ မဟုတ်ကြလေကုန်။

ကာမဝိတက်အစရှိတဲ့ဝိတက်ကိုးပါးကိုကြံခြင်းသည်။ နအာဒိဗြဟ္မစရိယကာ၊ သာသနာတော်အကျင့်ရဲ့အစတောင်မရဘူးတဲ့။ ယခုနကကိုးမျိုးသောအကြံကိုကြံရင် သာသနာအကျင့်အစတောင် မစနိုင်ဘူးလို့ဆိုလိုတယ်။ နအာဒိဗြဟ္မစရိယကာ၊ သာသနာတော်အကျင့်ရဲ့အစတောင်မှမရနိုင်ကြကုန်သည်လည်း။ ဟောန္တိ။ ဖြစ်ကြလေကုန်၏။ (ဝါ) အာဒိ ဗြဟ္မစရိယကာ၊ သာသနာတော်အကျင့်ရဲ့အစကိုစတင်နိုင်ကြကုန်သည်။ န ဟောန္တိ၊ မဟုတ်ကြလေကုန်။ ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ ဧတာဒိသာနိ ဝိတက္ကာနိ၊ ထိုသို့သဘောရှိကုန်သောဝိတက်တို့သည်။ ဒိဋ္ဌေဝ ဓမ္မေ၊ မျက်မှောက်ဘဝမှာလည်းကောင်း။ သမ္ပရာယိကေ စ၊ တမလွန်လောကနောက်ဘဝမှာလည်းကောင်း။ အတ္ထာယ၊ အကျိုးဖြစ်ဖို့ရန်။ ဟိတာယ၊ အစီးအပွားဖြစ်ဖို့ရန်။ သုခါယ၊ ချမ်းသာဖို့ရန်။ န သံဝတ္တန္တိ၊ မဖြစ်နိုင်ကြလေကုန်။ နိဗ္ဗာန်အလို့ငှာမဖြစ်တာထား ပါတော့ ပစ္စုပ္ပန်ဘဝချမ်းသာဖို့တောင်မှမဖြစ်နိုင်ဘူး၊ သံသရာချမ်းသာဖို့ရန်လည်းမဖြစ်နိုင်ဘူး။ တသ္မာ၊ ထို့ကြောင့်။ တုမ္ဟေ၊ သင်ချစ်သားတို့သည်။ တာဒိ

၁။ သံ၊ ၃။ ၃၆၆

သေ၊ ထိုသို့သဘောရှိကုန်သော။ အကုသလေ ဝိတက္ကော၊ အကုသိုလ်ဝိတက်တို့ကို။ မာဝိတက္ကေထ၊ ဘယ်လိုနည်းနှင့်မှမကြံစည်သင့်ပါပေကုန်သတည်း။

သာဓု သာဓု သာဓုပါဘုရား။

ယခုလိုဝိတက်မျိုးကို မဂ်ဉာဏ်ဖိုလ်ဉာဏ် သစ္စဉာဏ်အလို့ငှာ မဖြစ်သောကြောင့်မကြံနဲ့။ ပစ္စုပ္ပန်သံသရာ နှစ်ဖြာချမ်းသာဖို့ရန် မဖြစ်သာကြောင့်မကြံနဲ့၊ သာသနာတော်အကျင့်ရဲ့အစကို သာသနာတော်အကျင့်ရဲ့လုပ်ငန်းကိုစကို မစနိုင်တဲ့အတွက်ကြောင့် ဒီအကြံမျိုးကို မကြံနဲ့၊ အကုသိုလ်ဝိတက်များမကြံသင့်ကြောင်းကို မြတ်စွာဘုရား ဆုံးမတော်မူတယ်။ ဒါဖြင့်ရင် ဘယ်လိုဝိတက်ကို ကြံရမတုန်းဆိုတော့-

ကြံသင့်သောဝိတက်

ဝိတက္ကေန္တာ စ ခေါ တုမ္ဟေ ဘိက္ခဝေ "ဣဒံ ဒုက္ခ"န္တိ ဝိတက္ကေယျာထ။ [၁]

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ တုမ္ဟေ၊ သင်ချစ်သားတို့သည်။ ဝိတက္ကေယျာထ၊ ကြံစည်ကြကုန်သည်ရှိသော်၊ ဝါ- ကြံကြမယ်ဆိုရင်။ ဧဝံ၊ ဤသို့။ ဝိတက္ကေယျာထ၊ ကြံကြကုန်လော့။ ချစ်သားတို့ ကြံချင်ကြရင် ဒီလို ကြံကြစမ်းပါ၊ ဘာကြံရမတုန်းဆိုတော့ **ဣဒံ ဒုက္ခန္တိ ဝိတက္ကေယျာထ၊** ကြံရမယ်။ ဣဒံ၊ ဤသည်ကား။ ဒုက္ခံ။ ဒုက္ခတရားပါပေတည်း။ ဣတိ၊ ဤသို့။ ဝိတက္ကေယျာထ၊ ကြံကြကုန်လော့။ ဒုက္ခသစ္စာဆိုတာဘယ်လိုမျှားလဲဒါကြံပေးရမယ်၊ **အယံ ဒုက္ခသမုဒယောတိ ဝိတက္ကေယျာထ။** အယံ၊ ဤသည်ကား။ ဒုက္ခ သမုဒယော၊ ဒုက္ခရဲ့အကြောင်းပါဘဲ။ ဣတိ၊ ဤသို့။ ဝိတက္ကေယျာထ၊ ကြံကြ ကုန်လော့။ ဤသည်ကားဒုက္ခရဲ့အကြောင်း၊ ဤသည်ကားဒုက္ခသစ္စာ၊ ဤသည်ကား သမုဒယသစ္စာ၊ ဒီလိုကြံကြ။

ဒုက္ခကိုကြံပါ၊ ဒုက္ခဆိုတာဘာမျှားလဲဆိုတာကိုကြံစည်ရမယ်၊ ဤဒုက္ခဘာကြောင့်ဖြစ်တယ်ဆိုတာကို ကြံစည်ရမယ်အတွဲလိုက်။ ဝဋ္ဋသစ္စာကိုကြံ

၁။ သံ၊ ၃။ ၃၆၆

ရမယ်ပေါ့ဗျာ၊ ကွဲဒံ ဒုက္ခန္တိ ဝိတက္ကော ယျာထ။ ကွဲဒံ၊ ဤသည်ကား။ ဒုက္ခံ။ ဒုက္ခတရားပါပေတည်း။ ကွတိ၊ ဤသို့။ ဝိတက္ကောယျာထ၊ ကြံကြကုန်လော့။ ကွဲဒံ၊ ဤသည်ကား။ ဒုက္ခသမုဒယော၊ ဒုက္ခရဲ့အကြောင်းပါပေတည်း။ ကွတိပိ၊ ဤသို့လည်း။ တုမ္ဟေ၊ သင်ချစ်သား တို့သည်။ ဝိတက္ကောယျာထ၊ ကြံကြကုန်လော့။ **အယံ ဒုက္ခနိရောဓောတိ**၊ ဤ သည်ကား ဒုက္ခရဲ့ချုပ်ရာ (၀ါ) ဒုက္ခရဲ့ချုပ်ကြောင်းကိုလည်း။ ဝိတက္ကောယျာထ၊ ကြံကြကုန်လော့။ ဒုက္ခချုပ်ဆိုတာ ဘယ်လိုများလည်းဆိုတာကိုကြံထိုက်တယ်။

အယံ ဒုက္ခနိရောဓ ဂါမိနီပဋိပဒါတိ ဝိတက္ကောယျာထ။ [၁]

အယံ၊ ဤသည်ကား။ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ၊ ဒုက္ခချုပ်ကြောင်းအကျင့်ကောင်းဟူ၍။ ဝိတက္ကောယျာထ၊ ကြံကြကုန်လော့။ ဤသည်ကားဒုက္ခ၊ ဤသည်ကား ဒုက္ခရဲ့အကြောင်းရင်း၊ ဤသည်ကား ဒုက္ခချုပ်ငြိမ်းခြင်း၊ ဤသည်ကား ဒုက္ခချုပ်ငြိမ်းကြောင်းအကျင့်ကောင်းဆိုတာကိုတော့။ တုမ္ဟေ၊ သင်ချစ်သားတို့သည်။ ဝိတက္ကောယျာထ၊ ကြံကြပေကုန်လော့။ ဒီတော့ ဤလေးချက်ဟာ ဘုန်းကြီးတို့ပရိသတ်များ သစ္စာတရားကိုကြံရမည်လို့ညွှန်ကြားတာ။ ဘာကိုကြံရမလဲ၊ (သစ္စာတရားကိုကြံရမှာပါဘုရား)။ ဘာသစ္စာလဲလို့မေးရင် အရိယသစ္စာ၊ အရိယသစ္စာကိုကြံခြင်းဖြင့်တဲ့၊ သမ္မာဝိတက်ဖြစ်တယ်နော်။ ဒုက္ခဘာကြောင့်ဖြစ်တယ်ဆိုတာကိုကြံပါ။ အကြောင်းကိုရှာတွေ့ရင် အကျိုးဒုက္ခဆိုတာကိုကြံပါ။ အကြောင်းကိုစတင် မကြံဘူးပဲထား၊ အကျိုးဆိုတဲ့ဒုက္ခရှိရင် အကြောင်းဆိုတဲ့ သမုဒယရှိရမယ်။

တောမီးဥပမာ

တောကြီးတစ်တော မီးခိုးတွေတစ်လူလူထ အဝေးကလှမ်းကြည့်တောအုပ်ပေါ်မှာ မီးခိုးတွေလွှမ်းနေတာ အဝေးကနေကြည့်ရင် မမြင်ဘူးလား။ တောပေါ်မှာ မီးခိုးတွေဖုံးလွှမ်းနေတာကို မြင်ရခြင်းဖြင့် ဒီတောအုပ်ထဲမှာ မီးလောင်နေတယ်ဆိုတာကို မသိဘူးလား၊ မြင်ရတာကို မီးခိုးနော် တောထဲမီး

၁။ သံ၊ ၃။ ၃၆၆

လောင်းတယ်ဆိုတာကိုသိရတယ်၊ ဒီအတိုင်းပေါ့ဗျာ။ ဘုန်းကြီးတို့ပရိသတ်အပေါင်းသူတော်ကောင်းတို့ မီးလောင်တယ်ဆိုတာရယ် အခိုးလွှတ်တယ်ဆိုတာရယ်နော် အခိုးတွေထွက်နေတာကိုကြည့်ခြင်းဖြင့် မီးလောင်တယ်ဆိုတာလည်းသိရပေပြီပေါ့။ နှစ်ခု ဒါကြောင့်မြတ်စွာဘုရားအတွဲလိုက်ဟောထားတာ။

မီးခိုးသည်အကျိုးတရား။ လောင်နေတဲ့မီးသည်အကြောင်း၊ သေချာစဉ်းစားနော်၊ မီးခိုးက မီးကြောင့်ဖြစ်တာ ဒီပြင်ဆိုလို့ရှိရင်မီးခိုးထွက်ကိုမထွက်ဘူး။ ဒါတော့ မီးခိုးသည်အကျိုး။ လောင်နေတာကအကြောင်း။ ဟောဒီ တစ်မျိုးစဉ်းစားလိုက်ပါဦး ဒုက္ခဆိုတာကအကျိုး၊ သမုဒယကအကြောင်း၊ အကြောင်းကိုစဉ်းစားခြင်းဖြင့်လည်းဘဲ အကျိုးကိုသိရမယ်ပေါ့။ အကျိုးကိုစဉ်းစားခြင်းဖြင့်လည်းဘဲ အကြောင်းကိုသိရမယ်၊ မီးခိုးမြင် မီးရှိဆိုတာသိရမယ်၊ ဒုက္ခကိုစဉ်းစားခြင်းဖြင့် သမုဒယကိုမသိနိုင်ဘူးလား၊

(သိနိုင်ပါတယ်ဘုရား)။

ဣဒံ ဒုက္ခန္တိ ဝိတက္ကောယျာထ၊ ဤသည်ကား ဒုက္ခ ဒုက္ခလို့ စဉ်းစားရင်း စဉ်းစားရင်း သမုဒယဟာ ဘွားကနဲပေါ်လာတယ်၊ မီးခိုးကို စဉ်းစားရင်း စဉ်းစားရင်း မီးလောင်တယ်ဆိုတာကို မြင်လာရသလိုဘဲ သိမြင်လာရသလိုပါဘဲ ဒုက္ခကို ကြံရင်းကြံရင်းနဲ့ သမုဒယဆိုတာလည်းဘဲ အကြောင်းဆိုတာ ဒုက္ခနားကပ်ပြီးတော့ပေါ်လာလိမ့်မယ်၊ နိရောဓကို စဉ်းစားရင်း စဉ်းစားရင်း ကြံစည်ရင်း ကြံစည်ရင်းနဲ့ မဂ္ဂဆိုတာပေါ်လာရမယ်။

နောက်တစ်မျိုး နိရောဓဆိုတဲ့ ဒုက္ခချုပ်မှုကို ကြံရင်းကြံရင်းနဲ့ ပဋိပဒါ။ မဂ်နဲ့ပဋိပဒါ ဒီနေရာဝေါဟာရအတူတူဘဲ၊ ပဋိပဒါဆိုတဲ့ဒုက္ခချုပ်ကြောင်းအကျင့်ကောင်းလည်းဘဲပေါ်လာတယ်၊ အဲဒီသစ္စာကိုကြံတဲ့ အရိယသစ္စာကို မြတ်စွာဘုရားကြံခိုင်းတယ်နော်။ ဣဒံ ဒုက္ခန္တိ ဝိတက္ကော**ယျာထ**၊ ဤသည်ကား ဒုက္ခလို့ကြံကြ၊ အယံ ဒုက္ခသမုဒယောတိ ဝိတက္ကော**ယျာထ**၊ ဤသည်ကား ဒုက္ခသမုဒယလို့ကြံကြ၊ အယံ ဒုက္ခနိရောဓောတိ ဝိတက္ကော**ယျာထ**၊ ဤသည်ကား ဒုက္ခရဲ့ချုပ်ရာနိဗ္ဗာန်လို့ကြံကြ၊ အယံ ဒုက္ခနိရောဓဂါမိနီပဋိပဒါတိ ဝိတက္ကော**ယျာထ**၊ ဤသည်ကား ဒုက္ခချုပ်ကြောင်း အကျင့်ကောင်းဘဲလို့ဆိုတာကို ကြံကြ၊

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ တုမှေ၊ သင်ချစ်သားတို့သည်။ ဧဝံ၊ ဤသို့။ ကုသလေ ဝိတက္ကေ၊ ကုသိုလ်ဝိတက်တို့ကို။ ဝိတက္ကေယျာထ၊ ကောင်းစွာမသွေ ကြံစည်ကြလေကုန်ရာသတည်း။

သာဓု သာဓု သာဓုပါဘုရား။

ဝိတက္ကသုတ္တန်မှာ သံယုတ္တနိကာယ်မှာလာတဲ့ ဝိတက္ကသုတ္တန်မှာ ကြံသင့်တာလေးမျိုးထုတ်ပြထားတယ်၊ အခုနက စတုက္ကနိပါတ်အဂုံတို့ရဲ့မှာ လာတဲ့စရသုတ္တန်ကတော့ ညသာလျှင် အခိုးလွတ်တယ်လို့မဟုတ်ပါဘူးတဲ့ နေ့အခါမှာလည်းဘဲ သွားရင်းလည်းကြံကြတယ် ထိုင်ရင်းလည်းကြံကြတယ် ရပ်ရင်းလည်းကြံကြတယ် အိပ်ရင်းလည်းကြံကြတယ်လို့ဝိတက်ဟာ ဘုန်းကြီးတို့ပရိသတ်များ ကွရိယာပုဒ်လေးပါးစလုံးမှာရှိကြောင်းကိုဖော်ပြထားပါတယ်။

ယော စ စရံ ဝါ တိဋ္ဌံ ဝါ၊ နိသိန္နော ဥဒ ဝါ သယံ။
ဝိတက္ကံ သမယိတ္ဝာန၊ ဝိတက္ကူပသမေ ရတော။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ ယော၊ အကြင်သူသည်။ စရံဝါ၊ သွားသည်မူလည်းဖြစ်စေ။ တိဋ္ဌံဝါ၊ ရပ်သည်မူလည်းဖြစ်စေ။ နိသိန္နောဝါ၊ ထိုင်သည်မူလည်းဖြစ်စေ။ သွားချင်လည်းသွား ရပ်ချင်လည်းရပ် ထိုင်ချင်လည်းထိုင်။ သယာနောဝါ၊ အိပ်သည်မူလည်းဖြစ်စေ။ ဝိတက္ကံ၊ ဝိတက်တရားကိုးပါးတို့ကို။ သမယိတ္ဝာန၊ ငြိမ်းအောင်အားထုတ်၍။ ဟောဝိတက်ငြိမ်းအောင် သွားအားထုတ်လို့ရတယ်၊ ထိုင်အားထုတ်လည်းရတယ်၊ ရပ်ပြီးအားထုတ်လည်း၊ ရပါတယ်ဘုရား။ အိပ်ရင်းအားထုတ်၊ (ရပါတယ်ဘုရား)။ ဟာ အဲဒီအချက်တော့ ဘုန်းကြီးတို့ပရိသတ်အကြိုက်ဆုံးနေမှာဘဲ၊ ဝိတက်ငြိမ်းအောင် အိပ်ရင်းအားထုတ်လည်းရတယ်ဆိုတော့ ဘုန်းကြီးတို့ပရိသတ် ကြိုက်သွားလိမ့်မယ်ထင်တယ် ဘုန်းကြီးတော့တော်တော်ကြိုက်တယ် အိပ်ရင်းအားထုတ်ရတာနော်၊ ပက်လက်ကလေးလှန်ပြီးတော့ ကျောခင်းပြီးတော့ ဗိုက်ပေါ်လက်နှစ်ဘက်တင် အားထုတ်ရတာတယ်ကောင်း။ ဝိတက်မကြာခင် ငြိမ်းသွားတယ်ဗျို့ ဘာဖြစ်လို့လဲ အိပ်ပျော်သွားတာ၊ အံမယ် အိပ်ပျော်သွားတော့ အိပ်မက်တွေထမက်နေတယ် အဲဒါ ဝိတက်တစ်မျိုး။ ဟုတ်လား။

ယော စ စရံ ဝါ တိဋ္ဌံ ဝါ၊ နိသိန္နော ဥဒ ဝါ သယံ။
ဝိတက္ကံ သမယိတ္ဝာန၊ ဝိတက္ကူပသမေ ရတော။
ဘဇ္ဈော သော တာဒိသော ဘိက္ခု၊ ဖုဋ္ဌ သမ္မောဓိမုတ္တမန္တိ။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ ယော၊ အကြင်ရဟန်းတော်သည်။ စရံဝါ၊ သွားသည်မူလည်းဖြစ်စေ။ ဥဒ၊ ထို့ပြင်။ တိဋ္ဌံဝါ၊ ရပ်ချင်လည်းရပ်ပါစေတော့။ ဥဒ၊ ထိုသို့မဟုတ်ရင်။ နိသိန္နောဝါ၊ ထိုင်ချင်လည်း ထိုင်နေပစေတော့။ ဥဒ၊ ထိုသို့မဟုတ်။ သယံဝါ၊ အိပ်ရင်လည်း အိပ်နေပစေတော့။ ရပ်ရင်လည်းရပ် သွားရင်လည်းသွား ထိုင်ချင်လည်းထိုင် အိပ်ရင်လည်း အိပ် ကြိုက်သလိုနေ။ ဝိတက်ကံ၊ ဝိတက်တရားကိုးပါးတို့ကို။ သမယိတ္ဝာန၊ ငြိမ်းစေကြပြီးမှ။ ဝိတက်ကိုးပါးငြိမ်းအောင်လုပ်ပါ ဝိတက်ငြိမ်းရင်သိပ်ချမ်းသာတယ်၊ ဝိတက်ကံ၊ ဝိတက်ကို။ သမယိတ္ဝာန၊ ငြိမ်းစေကြပြီးတော့မှ။ ဝိတက္ကူပသမေ၊ ဝိတက်ငြိမ်းကြောင်းတရားကောင်း၌။ ရတော၊ မွေ့လျော်သည်ဖြစ်၍။ ဝိတက်ငြိမ်းကြောင်းတရားကောင်းကို မွေ့လျော်မှုလည်းဘဲ ဝိတက်ကငြိမ်းမယ်။ ဝိတက်ငြိမ်းတဲ့တရားကို မပျော်မွေ့ဘူးဆိုရင်လည်းဘဲ ဒီပုဂ္ဂိုလ် ဝိတက် ဘယ်တော့မှမငြိမ်းဘူး။ ဝိတက္ကူပသမေ၊ ဝိတက်ငြိမ်းကြောင်း တရားကောင်းမှာ။ ရတော၊ မွေ့လျော်နှစ်ခြိုက်ပျော်ပိုက်သည်ဖြစ်၍။ (ဝါ) မွေ့လျော်နှစ်ခြိုက် ပျော်ပိုက်၍နေသော။ သော ဘိက္ခု၊ ထိုဘုရားသားတော် ရဟန်းတော်သည်။ ဥတ္တမံ၊ မြတ်လှစွာသော။ ဗောဓိ၊ အရဟတ္တမဂ်ဉာဏ် သစ္စဉာဏ်ကို။ ဖုဋ္ဌ၊ လက်ဆုပ်လက်ကိုင် ပိုင်ပိုင်မိမိရရှိဖို့ရန်။ ဘဇ္ဈော၊ ထိုက်တန်လှပါပေ၏။

ရပ်ချင်ရပ်၊ ထိုင်ချင်ထိုင်၊ သွားချင်သွား၊ အိပ်ချင်အိပ် ဝိတက်ငြိမ်းကြောင်းတရားကောင်းကို ပျော်ပိုက်ပြီဆိုရင် ရပ်ရင်းလည်းဘဲအဲဒီပုဂ္ဂိုလ်သည် ဗောဓိဉာဏ်ကိုရနိုင်တယ်၊ ထိုင်ရင်းလည်းဘဲရနိုင်တယ်၊ အိပ်ရင်းလည်း ရနိုင်တယ်၊ သွားရင်းလည်း ရနိုင်တယ်ဟုတ်လား။ ဝိတက်ငြိမ်းကြောင်းတရားကောင်းကိုပျော်မွေ့တဲ့ပုဂ္ဂိုလ်ဟာ သွားရင်း ရပ်ရင်း ထိုင်ရင်း အိပ်ရင်း၊ ဥတ္တမံ၊ မြတ်လှစွာသော။ ဗောဓိ၊ ဗောဓိဉာဏ်ကို။ ဖုဋ္ဌ၊ လက်ဆုပ်လက်ကိုင်ပိုင်ပိုင် မိမိရရှိဖို့ရန်။ ဘဇ္ဈော၊ ထိုက်တန်လှပါပေ၏။ ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ တသ္မာ၊ ထို့ကြောင့်။ တုမှေ၊ သင်ချစ်သားတို့သည်။ ဝိတက္ကူပသမေ

ဓမ္မေ၊ ဝိတက်ငြိမ်းကြောင်းတရားကောင်းမှာ။ ရမထ၊ မွေ့လျော်နှစ်ခြိုက် ပျော်ပိုက်ကြကုန်ရာတော့၏။ ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင်ဘုရားရှင်ကိုယ်တော်မြတ်သည်။ အဝေါစ၊ ကရုဏာရှေ့ထား မေတ္တာအားဖြင့် မိန့်ကြားတော်မူ ခဲ့ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

သွားချင်သွား ရပ်ချင်ရပ် ထိုင်ချင်ထိုင် အိပ်ချင်အိပ် ဝိတက်ငြိမ်းကြောင်း တရားကောင်းတွေ ပျော်မွေ့ပြီး ဝိတက်ငြိမ်းအောင် အားထုတ်ပြီဆိုရင် ထိုပုဂ္ဂိုလ်သည် ဗောဓိဉာဏ်ကိုရမယ်တဲ့။ ဒီတော့ ဝိတက်ငြိမ်းအောင်က သွားရင်းအားထုတ်လည်းဖြစ်တယ်၊ ရပ်ရင်းအားထုတ်တော့ကော၊ ထိုင်ရင်းကော၊ အိပ်ရင်းကော၊ (ဖြစ်ပါတယ်ဘုရား)။ ဘုန်းကြီးတို့ပရိသတ် ဣရိယာပုဒ်လေးပါးနဲ့ဝိတက်ငြိမ်းအောင် ဘယ်ဣရိယာပုဒ်မှာဘဲ အားထုတ် အားထုတ်ရတယ်နော်၊ ဘုန်းကြီးတို့ပရိသတ်က ဘယ်လိုဣရိယာပုဒ်နဲ့ အားထုတ်ရတာအကြိုက်ဆုံးဖြစ်မတုန်း၊ ရပ်ရင်းဘဲ ငြိမ်းအောင်လုပ်ရမလား၊ ထိုင်ရင်းဘဲငြိမ်းအောင်လုပ်ရမလား၊ သွားရင်းဘဲ ငြိမ်းအောင်လုပ်ရမလား၊ အိပ်ရင်းဘဲငြိမ်းအောင်လုပ်ရမလား စဉ်းစားကြည့်စမ်းပါ၊ ထိုင်ရင်းဝိတက်ငြိမ်းအောင်အားထုတ်တော့ ဘုန်းကြီးတို့ပရိသတ်များ ထိုင်ရင်း ထိုင်းရင်းနဲ့ ဝိတက်က ငြိမ်းဘဲငြိမ်းမလား၊ သို့မဟုတ် တိုးဘဲတိုးလာမလား ဟုတ်လား။

ဘုန်းကြီးတို့ပရိသတ်အပေါင်းသူတော်ကောင်းတို့ ထိုင်နေမကြတဲ့ ပုဂ္ဂိုလ်များအထိုင်ခိုင်းရင် ခါးနာတာကစပြီးတော့ ဝိတက်ကတိုးလာတယ်။ ခါးထဲကစစ်စစ်နဲ့တော်ကြာဖိထားတဲ့ခြေထောက်တွေကဖျစ်ဖျစ် အဲဒါနဲ့ဘဲ သူ့ဝိတက်တွေတိုးလို့၊ ဟင်း ဒီအနေအထားနဲ့ထိုင်ရတာနာတယ် မဖြစ်ဘူး၊ ဟိုအနေအထားပြောင်းဦးမှ ဟိုအနေအထားနဲ့ထိုင်ရတာ ပင်ပန်းပြန်တော့ နောက်အနေအထားတစ်ခုပြောင်းဦးမှ သုံးခါလောက်ပြောင်းလဲပြီးရော မထိုင်ချင်တော့ဘူး ထရရင်ကောင်းမယ် မတ်တပ်ကလေးထ ထပြီးတော့သွားတယ် သွားတယ်လျှောက် ဝိတက်ကမငြိမ်း၊ လျှောက်ရတာပင်ပန်းတော့ အိပ်ရရင်ကောင်းမယ် အိပ်၊ ပက်လက်လှန် ဗိုက်ကလေးပေါ်လက်ကလေးနှစ်ဖက်တင် ရှူးရှူးနဲ့မှတ်ရင်းနဲ့ တော်တော်ကြာကြတော့ ခရောသွားရော ဝိတက်ကိုမရှိ

တော့ဘူး၊ တကယ်ငြိမ်းတာ အဲဒီကြမ္ဘငြိမ်းသွားတယ်နော်။

ဝိတက်ငြိမ်းကြောင်းတရားကောင်းကို မပျော်မွေ့ဘူးဆိုရင် ဘယ်သုခ ရမလဲ၊ ဝိတက်ကြောင့်ဆင်းရဲတာ၊ (မှန်လှပါဘုရား) အဲဒီ ဝိတက်ရဲ့နောက် နားမှာ ဘုန်းကြီးတို့ပရိသတ်ရေ ပူလောင်မှုတွေဟာ ကပ်လျက်အကုန်လုံးပါ လာတာကိုးဗျ၊ ဝိတက်ရဲ့နောက်နားကပ်ပါလာတာကတော့အများဆုံး ဒေါမနဿဝေဒနာဟာကပ်ပါတယ်၊ စောစောကပြောခဲ့တဲ့ ဝိတက်ကိုးပါးမှာ ဒေါမနဿ ဝေဒနာထပ်ချပ်ပါတယ်ဆိုတာ အိမ်ရောက်ရင် မယုံရင်နည်းနည်း အခိုးလွှတ်ကြည့်ပေါ့ တရားပွဲပြီးလို့အိမ်ပြန်သွားရင်လေ မနက်ဖြန် ဒို့ဘယ် လိုရောင်းရမလဲ ဒီကနေ့ ဒို့ရောင်းခဲ့ဝယ်ခဲ့တာတွေ ဘယ်လောက်မြတ်တုန်း ဘယ်လောက်ရှုံးတုန်း အဲဒါတွေနည်းနည်းလေးစဉ်းစားပြီးတော့ အခိုးလေးပြန် လွှတ်ကြည့်ပါလား၊ ဒေါမနဿဝေဒနာဟာ နောက်နားကကပ်ပါလာတယ်။ မြတ်ရင်လည်းဘဲ မြတ်တော့မြတ်တယ် လိုသလောက်မမြတ်သေးလို့မကျေ နပ်ဘူး၊ ရှုံးတဲ့သူကတော့သေချာတယ် ဒေါမနဿနော်၊ မနက်ဖြန်ခါ ဘယ်လို အရောင်းအဝယ်လုပ်မတုန်းလို့ စဉ်းစားတာ အဆင်ပြေမှပြေပါ့မလား ငါချိန်း ထားတဲ့သူတွေ လာမှလာပါ့မလားဟဲ့ ကြိုတင်ပြီးတော့ စဉ်းစားလို့ ပင်ပန်းပြီး တော့ငယ်ထိပ်ကလေးများ ဒိန်းဒိန်း ဒိန်းဒိန်းနဲ့ခုန်ပြီးတော့ပူနေတယ်၊ အေး ဒေါမနဿဝေဒနာသည် ချက်ချင်းလာတယ်နော်။ ဒါ့ကြောင့် -

ဝိတက္ကူပသမေ၊ ဝိတက်ငြိမ်းကြောင်းတရားကောင်းမှာ။ ရမယိတ္ထာန၊ မွေ့လျော်နှစ်ခြိုက် ပျော်ပိုက်သည်ဖြစ်၍။ ဝိတက္ကံ၊ ဝိတက်တရားကိုးပါးတို့ကို။ သမယိတ္ထာန၊ ငြိမ်းစေကြကုန်၍။ ဝိတက်ငြိမ်းကြောင်းတရားကောင်းကို ပျော် ပိုက်မှ ဝိတက်ဆိုတာငြိမ်းတယ်၊ ဝိတက်ငြိမ်းကြောင်းတရားက ဘာများပါလိမ့် မလဲဆိုရင်-

အာနာပါနဿတိ ဘာဝေတဗ္ဗာ ဝိတက္ကူပစ္ဆေဒါယ၊ °

မေယိယသုတ်က။ ဝိတက္ကူပစ္ဆေဒါယ၊ ဝိတက်ဖြတ်ဖို့ရန်အလို့ငှာ။ အာနာပါနဿတိ၊ အာနာပါန၌ထားသောသတိကို။ ဘာဝေတဗ္ဗာ၊ ပွားရမယ်။

၁။ အံ၊ ၃။ ၁၆၉

ဝိတက်ငြိမ်းဖို့ရန် အာနာပါနပေါ်မှာသတိထား၊ ဝိတက်ငြိမ်းဖို့ရန်၊
(အာနာပါနပေါ်သတိထားရမှာပါဘုရား)

ထွက်တဲ့လေ ဝင်တဲ့လေပေါ်မှာ သတိတင်ရင် ဝိတက်မဝင်ဘူးတဲ့၊ သတော၀ အဿသတိ၊ သတော၀ ပဿသတိ၊ နှာခေါင်းထဲထွက်တဲ့လေ ဝင်တဲ့လေ ဒီအတိုင်းကောမရှိဘူးလား၊ (ရှိပါဘုရား) သွားရင်းကော၊ (ရှိပါတယ်ဘုရား) ထွက်လေ ဝင်လေ အိပ်တော့ကော၊ (ရှိပါတယ်ဘုရား) ရပ်တော့ကော၊ (ရှိပါတယ်ဘုရား) စားတော့ကော၊ (ရှိပါတယ်ဘုရား) ကျင်ကြီး ကျင်ငယ်စွန့်တော့ကော၊ (ရှိပါတယ်ဘုရား)။ ထွက်လေ ဝင်လေဟာ အမြဲတမ်းရှိနေတယ်နော်၊ အမြဲတမ်းရှိနေတဲ့ ဒီထွက်လေ ဝင်လေကို သတိမထားမိတဲ့အချိန်နဲ့ သတိထားမိတဲ့အချိန် ဘယ်ဟာကများလဲ၊

(သတိမထားမိတဲ့အချိန်က များပါတယ်ဘုရား)။

ရသင့်တဲ့ကုသိုလ်တရားတွေဆုံးရှုံးနေ

သတိနဲ့ ထွက်လေဝင်လေနဲ့ မကပ်မိတဲ့အချိန်ကများပါတယ်နော်။ ဒီလေဟာ ကိုယ်နဲ့ကပ်ပြီးတော့ သွားလေရာရာ ထိုင်လေရာရာ အိပ်လေရာရာ ရပ်လေရာရာမှာ နှာခေါင်းထဲကလေသည် အမြဲတမ်း တောက်လျှောက်ကြီး ပါလျှက်နဲ့ အဲဒါလေး သတိမထားမိတော့ ဘာဖြစ်နေတုန်း၊

(ဝိတက်ဖြစ်နေပါတယ်ဘုရား)

ဟာ ဝိတက်တွေဖြစ်နေတယ်။ တစ်နည်းပြောရရင်တော့ ရသင့်ရထိုက်တဲ့ကုသိုလ်တွေဟာဆုံးရှုံးနေကြတယ်တဲ့။ ရသင့်ရထိုက်တဲ့ကုသိုလ်တရားတွေဟာ သတိမထားလို့ နစ်နာနေကြတယ်၊ အဲဒီ နှာခေါင်းထဲမှာ အလို လို သူ့ဟာသူသွားနေတဲ့လေကို သတိလေးတင်ပေးလိုက်ရင် ကုသိုလ်တရားဟာ လွယ်လွယ်လေးမရဘူးလား။ (ရပါတယ်ဘုရား)။

တရားအားထုတ်တာ ခက်သလား

တရားအားထုတ်တာ ခက်သလား၊ (မခက်ပါဘုရား) နှာခေါင်းထဲသူ့ဟာသူသွားနေတဲ့လေကို သတိလေးတင်လိုက်ရုံဘဲ ဘာမှမမျှားဘူး၊ ဘာမှမမျှားဘူး စျေးရောင်းတာလောက်တောင်မခက်ဘူး၊ ဟုတ်လား စျေးရောင်း

တာလောက်မခက်ဘူး၊ ကျောင်းတက်တာလောက်မခက်ဘူး၊ ရုံးတက်တာလောက်မခက်ဘူး၊ နှာခေါင်းထဲကသူ့ဟာသူ လေရှိုနေရင် အဲဒါ သတိတင်ဒါ လွယ်လွယ်လေးရယ် ခက်သလား၊ အမလေး ကုသိုလ်အချောင်ရဖို့ကိစ္စကို ဘုန်းကြီးတို့ပရိသတ်ဘာမှမလုပ်ကြဘူး၊ များများကြီးမရင်းနှီးရဘူးနော်၊ တစ်လုံးတည်းရယ် တစ်လုံးတည်းရယ် သတိ၊ ဘာတဲ့တုန်း၊

(သတိတစ်လုံးတည်းပါဘုရား)

သတိလေးတစ်လုံးတည်း။ ဘယ်အပေါ်တင်ရမတုန်းဆိုတော့ အာနာပါန၊ ဗမာလိုပြောတော့ ထွက်လေ ဝင်လေ၊ ထွက်သက် ဝင်သက်လို့မပြောနဲ့၊ အသက်ဆိုတာရှိကိုမရှိဘူး။ ထွက်လေ ဝင်လေ အာနနဲ့ပါန။ အဲဒီ အပေါ်မှာ သတိလေးတင်လိုက်ရင် ကုသိုလ်တွေအကြီးအကျယ်မရဘူးလား၊ အကုသိုလ်တွေအများကြီးရပ်ဆိုင်းမသွားဘူးလား၊ (သွားပါတယ်ဘုရား) အကုသိုလ်တွေလည်းရပ်သွားတယ်။ ကုသိုလ်တွေလည်းရလာတယ် သတိဆိုတာကိုးက ကုသိုလ်နှင့်ယှဉ်တဲ့စေတသိက်၊ သတိဆိုတာ၊

(ကုသိုလ်နဲ့ယှဉ်တဲ့စေတသိက်ပါဘုရား)

အဲဒီသတိအကြိမ်ကောင်းလာရင် နောက်နားကလာလိမ့်မယ် သမာဓိတစ်လုံး၊ သမာဓိရင့်လာတော့ ပညာတစ်လုံး ဘယ်နှစ်လုံးရ၊

(သုံးလုံးပါဘုရား)

သတိ သမာဓိ ပညာ၊ အဲဒီပညာကဘယ်အထိသွားမလဲဆိုတော့-

* **ဣဒံ ဒုက္ခန္တိ ယထာဘူတံ ပဇာနာတိ** ဒီအထိသွားမယ်၊ ဣဒံ၊ ဤသည်ကား။ ဒုက္ခံ၊ အော် ဒုက္ခသစ္စာတရားကြီးပါတကားဟူ၍။ ယထာဘူတံ ပဇာနာတိ၊ အမှန်အတိုင်းသိသွားတယ်။

* **အယံ ဒုက္ခသမုဒယောတိ ယထာဘူတံ ပဇာနာတိ**၊ ဒီဥစ္စာဒုက္ခတွေရဲ့အကြောင်းတွေဘဲလို့လည်း အမှန်အတိုင်းသိသွားတယ်။ ဒုက္ခတွေဆိုတာ ဒီအကြောင်းကြောင့်ဖြစ်တာလို့ အမှန်အတိုင်းသိနိုင်တယ်နော်။

* **ဣဒံ ဒုက္ခနိရောဓန္တိ ယထာဘူတံ ပဇာနာတိ**၊ ဤသည်းကား ဒုက္ခချုပ်တယ် ဒုက္ခချုပ်တယ်ဆိုတာ ဒီသဘောပါပဲလို့လည်း ဟုတ်တိုင်းမှန်စွာ

သိသွားနိုင်ပါတယ်။

* အယံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒန္တို့ ယထာဘူတံ ပဇာနာတိ။ ဤသည်ကား ဒုက္ခချုပ်ကြောင်းအကျင့်ကောင်း ဟောဒိ သတိရယ် သမာဓိရယ် ပညာရယ် ဒီတရားသုံးလုံးငါတို့ရတာ ဒုက္ခချုပ်အောင်ကျင့်နေတဲ့ ပဋိပဒါလို့ လည်းဘဲ။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ ပဇာနာတိ၊ သိနိုင်ကြတယ်။ ဘယ်နှစ်မျိုးသိနိုင်တုန်း၊ ဒုက္ခရယ်၊ ဒုက္ခသမုဒယရယ်၊ ဒုက္ခနိရောဓရယ်၊ ဒုက္ခနိရောဓဂါမိနီပဋိပဒါရယ် လေးမျိုး။ အဲဒီလေးမျိုးကို ဘာနဲ့သိမတုန်း၊ ပညာ၊ အဲဒီပညာဘာကြောင့်ရ၊ သမာဓိကြောင့်၊ ဒီသမာဓိဘာကြောင့်ရ၊ သတိကြောင့်။ ဟုတ်လား၊ ထွက်တဲ့လေ ဝင်တဲ့လေပေါ်မှာ သတိတင်လိုက်သည်နှင့် တပြိုက်နက်ထဲ ဒီစိတ်သည် ဝိတက်တွေအကုန်ငြိမ်းလို့ ဘာတဲ့တုန်း၊ ဝိတက်တွေအကုန်ငြိမ်းလို့ငြိမ်သွားတယ်၊ ဝိတက်တွေအကုန်လုံးငြိမ်းတော့ ငြိမ်သွားတယ်၊ ငြိမ်သွားတော့သမာဓိ၊ အဲဒီသမာဓိသည် ဉာဏ်ကိုဆွဲခေါ်လိုက်တာ၊ ဉာဏ်ကနေ ဒုက္ခ၊ ဒုက္ခသမုဒယ၊ ဒုက္ခနိရောဓ၊ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ ဘယ်နှစ်ချက်သိလိုက်လဲ၊

(လေးချက်သိလိုက်ပါတယ်ဘုရား)။

အဲဒီလေးချက်ကိုပိုင်းပိုင်းခြားခြားကြီးသိလိုက်တယ်၊ ဒီဉာဏ်ကို ဘယ်ကအခြေခံရတုန်းဆိုတော့ ထွက်လေ ဝင်လေပေါ်မှာသတိထားလို့ရတာ။

ဒါကြောင့် မရသေးတဲ့ကုသိုလ်တရားတွေကို ရအောင်ကျိုးစားခြင်း၊ ရပြီးတဲ့ကုသိုလ်တွေ ခိုင်မြဲအောင် တိုးပွားအောင်ကျိုးစားခြင်း၊ မဖြစ်သေးတဲ့အကုသိုလ်တွေ ဖြစ်ခွင့်မရအောင်ကျိုးစားခြင်း၊ ဖြစ်ပြီးတဲ့အကုသိုလ်တွေ နှိပ်စက်ခွင့်မရအောင်ကျိုးစားခြင်း၊ ဘယ်နှစ်မျိုးလဲ၊ (လေးမျိုးပါဘုရား)။ မဖြစ်သေးတဲ့ကုသိုလ် ဖြစ်အောင်၊ ဖြစ်ပြီးတဲ့ကုသိုလ် ခိုင်မြဲတိုးပွားအောင်၊ ပြီးတော့ မဖြစ်သေးတဲ့ အကုသိုလ်ဖြစ်ခွင့်မရအောင်၊ ဖြစ်ပြီးတဲ့အကုသိုလ်အကျိုးပေးခွင့်မရအောင် ဘယ်နှစ်မျိုးလဲ၊ (လေးမျိုးပါဘုရား)။ အေး အဲဒါက ဝီရိယနော်၊ ဝီရိယဆိုတာ ဝီရဓာတ်၊ ဘာတဲ့၊ (ဝီရဓာတ်ပါဘုရား)။ ရဲရင့်တဲ့စိတ်ဓာတ်ကို

---

*၊ ဒီ၊ ၂။ ၂၄၃

ဝီရ၊ အဲဒီဝီရ ရှိတယ်ဆိုတော့ ဝီရိယ၊ အား ရဲရင့်တဲ့စိတ်ဓာတ် ဘယ်လောက်ရဲတုန်းဆိုတော့ နှိပ်စက်မည့်အကုသိုလ်တွေကိုတား၊ နှိပ်စက်မည့်အကုသိုလ်တွေကို၊ (တားပါတယ်ဘုရား)။ ဝီရဓာတ် ဝ်ိရိယကတားတယ်။

အား ကိုယ့်မှာဖြစ်ပြီးတဲ့အကုသိုလ်တွေလဲ နောက်ကမနှိပ်စက်နဲ့တော့ ဟော့ဆိုပြီးတော့ ဖယ်ပစ်တယ် ရဲရဲရင့်ရင့်၊ မဖြစ်သေးတဲ့ကုသိုလ်တွေကိုလည်းဘဲ ငါသည် အပင်ပန်းခံဖြစ်အောင်လုပ်မယ် ဇဲရဲရင့်ရင့်၊ ဖြစ်ပြီးတဲ့ကုသိုလ်တွေကိုလည်းဘဲ ပျောက်မသွားအောင်ထိန်းပေးထားမယ်၊ အား အဲဒီ ဝီရဓာတ်ကိုဘဲ ဝီရိယနော်၊ အဲဒီ ဝီရိယရယ် အခုနက သတိရယ် သမာဓိရယ် ပညာရယ် တရားဘယ်နှစ်လုံးရလဲ၊

(လေးလုံးရပါတယ်ဘုရား)။

ဟာ မရသေးတဲ့ကုသိုလ်တွေဟာရလာတယ်။ နှာခေါင်းထဲ အချိန်ရှိတိုင်းသွားနေတဲ့ ထွက်လေ ဝင်လေပေါ်မှာ သတိလေးတစ်လုံးတင်လိုက်တဲ့အတွက်ကြောင့် နည်းတဲ့ကုသိုလ်တွေမဟုတ်ပါဘူး ရလိုက်တာ၊ တစ်သံသရာလုံးကမရဘူးတဲ့ကုသိုလ်တွေနော်။

သတော၀ အဿသတိ၊ သကော၁ ပဿသတိ၊ [၁]

သတိထားပြီးတော့ ထွက်လေ ဝင်လေကို ရှူရှိုက်ပါ၊

ဒီဃံ၀ါ အဿသန္တော ဒီဃံ အဿသာမီတိ ပဇာနာတိ၊ ရဿံ၀ါ အဿသန္တော ရဿံ အဿသာမီတိ ပဇာနာတိ။ ဒီဃံ၀ါ ပဿသန္တော ဒီဃံ ပဿသာမီတိ ပဇာနာတိ၊ ရဿံ၀ါ ပဿသန္တော ရဿံ ပဿသာမီတိ ပဇာနာတိ။ [၂]

နှာခေါင်းထဲသွားနေတဲ့လေ နှာခေါင်းထဲမှာ သွားနေတဲ့ ထွက်တဲ့လေ ဝင်တဲ့လေသည် တစ်ခါတစ်ခါ ကြာကြာဖြစ်တယ် တစ်ခါ တစ်ခါ မြန်မြန်ဖြစ်တယ်၊ ကြာကြာသွားရင်လည်း ကြာကြာဘဲ သတိနဲ့အသိလိုက်၊ ထွက်လေ ဝင်လေက မြန်မြန်ကြီးဖြစ်နေတယ်ဆိုရင်လည်း သတိနဲ့အသိက မှီအောင်လိုက်ပေါ့ ဒီယနဲ့ရသဟာဒါဘဲ။ ကြာတာကိုဒီယ၊ မကြာဘူးခပ်မြန်မြန်သွား

၁။ ၂။ ဒီ၊ ၂။ ၂၃၁

နေတော့ရသ၊ ဒီယရသ အတိုအရှည်ဆိုတာ ပေနဲ့ဂိုက်နဲ့ ကြိုးနဲ့ ဆွဲတိုင်းရတဲ့ အတိုအရှည်မျိုးမဟုတ်ဘူးနော်၊ ကာလ၏ကြာ မကြာ၊ ကာလကြာတော့ ဒီယ၊ ကာလမကြာတော့ ရသ၊

ပုဂ္ဂိုလ်အစားစား ထွက်လေ ဝင်လေ ကွဲပြား

ဟာ ယုန်လေးများအသက်ရှူတာမြင်ဘူးလား၊ ယုန်ကလေးတွေ အသက်ရှူရင်တယ်မြန်တယ် ရှူးရှူး ရှူးရှူးနဲ့ဒီလိုသွားတယ်နော်၊ ကဲ လင်းမြွေကြီးတွေ စပါးကြီးမြွေကြီးတွေအသက်ရှူတော့ ရှူးဆိုအရှည်ကြီး မနေဘူးလား၊ ဟာ ခန္ဓာကိုယ်ရှည်လျားတဲ့သတ္တဝါကြီးတွေရဲ့ ထွက်လေ ဝင်လေဟာကြာသကိုးဗျ၊

ခန္ဓာကိုယ် ပုကွန်မ့်တိုတဲ့ပုဂ္ဂိုလ်တွေရဲ့ ထွက်လေဝင်လေက တိုတောင်းတယ်၊ ဒါ့ကြောင့် လူဝကြီးတွေ အသက်ရှူတာနဲ့ လူပိန်လေးတွေအသက်ရှူတာ၊ လည်ပင်ရှည်တဲ့ပုဂ္ဂိုလ်တွေအသက်ရှူတာနဲ့ လည်ပင်းတိုတဲ့ပုဂ္ဂိုလ်တွေအသက်ရှူတာမတူဘူးဗျ၊ နှာခေါင်းရှည်တဲ့လူတွေရဲ့ ထွက်လေ ဝင်လေနဲ့ နှာခေါင်းပုတဲ့ပုဂ္ဂိုလ်တွေရဲ့ ထွက်လေဝင်လေမတူဘူးဗျာ၊ ဗိုက်ပူကြီးတွေရဲ့ ထွက်လေဝင်လေနဲ့ ဗိုက်ပိန်တဲ့လူတွေရဲ့ ထွက်လေဝင်လေ မတူဘူးဗျာ၊ အဲဒါ ဒီယရသဆိုတာ ကိုယ်အနေအထားလိုက်ပြီးတော့ ဘုရားကဟောထားတာနော်၊

ဒီယံ ဝါ အဿသန္တော ဒီယံ အဿသာမီတိ ပဇာနာတိ၊ ဒီယံ ဝါ ပဿသန္တော ဒီယံ ပဿသာမီတိ ပဇာနာတိ၊ ထွက်တဲ့လေ ဝင်တဲ့လေ ကြာကြာဖြစ်ရင်လည်းဘဲ အဲဒီကြာသလောက် သတိနဲ့သိလိုက်ပေါ့။

ရသံ ဝါ အဿသန္တော ရသံ အဿသာမီတိ ပဇာနာတိ၊ ရသံ ဝါ ပဿသန္တော ရသံ ပဿသာမီတိ ပဇာနာတိ။ ထွက်လေဝင်လေမြန်ရင်လည်းဘဲ သတိနဲ့အသိကမ္မဿောင် ခပ်မြန်မြန်လိုက်ပါ။ တစ် သတိထားပြီး အသက်ရှူ၊ နှစ် မြန်ရင်မြန်သလို နှေးရင်နှေးသလို ဟုတ်လား သတိနဲ့ အသိလိုက်တဲ့။ နောက်တစ်ခါ-

အစ အလယ် အဆုံးသုံးပါးမှတ်ဖွယ်

သဗ္ဗကာယပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ၊ သဗ္ဗကာယ ပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ၊

ထွက်လေဝင်လေရဲ့ အစ အလယ် အဆုံးသုံးချက်လုံးကိုမိအောင်ဖမ်း တတိယ၊ အစ အလယ် အဆုံး၊ ဟိုး နှာ ခေါင်းကစ ရင်ဘတ်ကြတော့အလယ် ချက်ကြတော့အဆုံး၊ ချက်ကစတော့ ရင်ဘတ်အလယ် နှာခေါင်းကြအဆုံးလို့ ဒီလိုမဟုတ်ပါဘူးဗျာ၊ ဟောဒီ နှာသီးဝ ထိတယ်ဆိုတဲ့နေရာလေးမှာပင် စ၍ ထိခြင်း မကုန်မချင်း ကုန်ဆုံးခြင်း ဘယ်နှစ်မျိုးလဲ၊ (သုံးမျိုးပါဘုရား) စ၍ထိခြင်း၊ မကုန်မချင်း၊ ကုန်ဆုံးခြင်း၊ စထိတယ် အစပေါ့၊ မကုန်မချင်း အလယ်ပိုင်းပေါ့၊ ဆုံးသွားပြီတဲ့နော်၊ ထိတဲ့နေရာပင်လျှင် သုံးစက္ကန့်ကြာရင် တစ်စက္ကန့်သည်အစ၊ နှစ်စက္ကန့်သည်အလယ်၊ သုံးစက္ကန့်သည်အဆုံး၊ ထိတဲ့နေရာလေးမှာဘဲ အစ အလယ် အဆုံးရှာရပါတယ်တဲ့၊ နှာခေါင်း ရင်ဘတ် ချက်ဒီလိုမလိုက်ပါနဲ့တဲ့၊ နေရာရွှေ့ခြင်းဖြင့် ဝိက္ခေပဖြစ် လိမ့်မယ် ပျံ့လွင့်လိမ့်မယ်၊ နေရာမရွှေ့ဘူး ထိတဲ့နေရာ ဒီစိတ်လေးကို သတိကြိုးနဲ့ချည်တုပ်ထား၊ ထိတဲ့နေရာမှာ စိတ်ကို သတိဟူသောကြိုးနဲ့ချည်တုပ်ထား၊

စိတ်ဆိုတာ နွားတစ်ကောင်ပမာ

အေး ဝိတက်ဝင်လာရင်ရုန်းလိမ့်မယ် စိတ်ဆိုတာနွားတစ်ကောင်၊ သတိဆိုတာ ကြိုးတစ်ချောင်း၊ ထိဆိုတဲ့သဘောလေးက ချည်တိုင်၊ ဝီရိယက ကြိမ်လုံးလေးပေါ့နော်၊ နွားကျောင်းသား နွားကိုတောထဲကဆွဲလာ တိုင်ငုတ် ခိုင်ခိုင်စိုက် ကြိုးတစ်ချောင်းနဲ့ချည် နွားကတောထဲကျက်စားနေကြနွားဆိုတော့ တောထဲဘဲပြန်ချင်တာ တိုင်ငုတ်ချည်ထားတယ်၊ မနေချင်ဘူးဗျာ၊ အဲဒီတော့ နွားကျောင်းသား ဘေးနားကကြိုးလည်းမပြတ်အောင် တိုင်လည်းမကျွတ် အောင်စောင့်ပြီးတော့ ထိုနွားကို ကြိမ်လုံးနဲ့ တဖျပ်ဖျပ်ချသလိုဗျ လှည့်ပတ်ရုန်း ရုန်းရင်း ရုန်းရင်းနဲ့ တိုင်နဲ့ကြိုးနဲ့ရစ်ပတ် ရစ်ပတ်ပြီးတော့ နောက်ဆုံး ကြိုးလေး ကတိုသွားရော ရုန်းစရာမရှိဘူးဗျ ရိုက်ထားတာကလည်းနာတော့ နွားကလေး ကမောပြီးတော့ တိုင်ချေရင်းအိပ်သွားတယ်၊ ဘုန်းကြီးတို့ပရိသတ် တိုင်ချေရင်း

အိပ်အောင်လုပ်ရမှာ၊ တိုင်ချေရင်းအိပ်ချင်ကြပြီလား၊ အိပ်ချင်ရင် ဟောဒီမှာ ခဏအိပ်ရတယ်၊ ချည်တိုင်ဆိုတာ မှတ်ထားပါ ထိတဲ့အပေါ်၊ (ချည်တိုင်ဆိုတာ၊ ထိတဲ့အပေါ်ပါဘုရား)။ အေး မှတ်မိပါစေ၊

ကြိုးဆိုတာ သတိ၊

အေး ကြိမ်လုံးဆိုတာ ဝီရိယ၊

နွားဆိုတာ စိတ်၊

တောဆိုတာ အာရုံငါးပါးနော်၊

နွားကျောင်း သားဆိုတာက ယောဂီပုဂ္ဂိုလ်၊

နွားကျောင်းသား၊ (ယောဂီပုဂ္ဂိုလ်ပါဘုရား)။ နွားကျောင်းသားဆိုသော ယောဂီပုဂ္ဂိုလ်က စိတ်ဆိုတဲ့နွားရိုင်းလေးတစ်ကောင်ကို အာရုံငါးပါးတောထဲက ဆွဲထုတ်လာပြီးတော့ ထွက်လေဝင်လေနဲ့နှာခေါင်းနဲ့ထိဆိုတဲ့နေရာမှာ သတိကြိုးနဲ့မြဲမြဲချည်ပြီးတော့ ဝီရိယကြိမ်လုံးနဲ့ တဖျပ်ဖျပ်နဲ့ ရိုက်တော့ ရုန်းတယ်နော်၊ တောထဲမှာကျက်စားနေကြနွားတဲ့ တိုင်ငုတ်မှာမနေချင်ဘူး၊ တောကိုဘဲပြန်ချင်တယ်၊ တို့ပရိသတ် နွားဘယ်ပြန်ချင်တုန်း၊ (တောကိုပါဘုရား) နွားရိုင်းလေးတစ်ကောင်နဲ့တူလှစွာသော တစ်သံသရာလုံးက ကြိုးမတုပ်ဘဲနဲ့ တောအုပ်ကြီးထဲမှာ ပစ်ချင်တိုင်းပစ်ထားတဲ့စိတ်ဆိုတဲ့နွားရိုင်းကို ဒီကနေ့ဆွဲချည်တော့ တောပြန်ချင်တယ်ပေါ့ဗျာ။

တိုင်မကျွတ် ကြိုးမပြတ်အောင် သတိဆောင်

မပြန်စေနဲ့တဲ့၊ တိုင်လည်းမကျွတ်ပါစေနဲ့၊ ကြိုးလည်း မပြတ်ပါစေနဲ့။ တိုင်မကျွတ်စေနဲ့ဆိုတာက ထိမှုသဘောမပျောက်စေနဲ့၊ ထွက်လေ ဝင်လေနဲ့နှာခေါင်းထိမပျောက်စေနဲ့၊ ထိမှုပျောက်ရင် တိုင်ကျွတ်တယ်နော်၊ သတိလွတ်ရင် ကြိုးပြတ်ပြီ၊ သတိလွတ်တော့၊ (ကြိုးပြတ်ပါတယ်ဘုရား) ထိမှုပျောက်တော့၊ (တိုင်ကျွတ်ပါတယ်ဘုရား) တိုင်လည်းမကျွတ်ဘူး ထိမှုသဘောလည်းမပျောက်ဘူး၊ သတိလည်းမလွတ်ဘူး ကြိုးလည်းမပြတ်ဘူး။ ရုန်းပါစေ ကြိမ်လုံးနဲ့နာနာရိုက်ပေါ့ ဝီရိယဆိုတာမလျှော့နဲ့၊ ဝီရိယကြိမ်နဲ့နာနာရိုက်တော့ ကြိုးလည်းတဖြည်းဖြည်းတိုလာတယ်၊ နွားကလည်းမောလာတယ်၊ တိုင်ခြေရင်း

နွားကလေးခွေပြီးတော့ အိပ်သွားရော။

အေး ဝိရိယရယ် သတိရယ် စလိုက်တာ သမာဓိဝင်သွားတာပေါ့။ အဲဒီသမာဓိဝင်တဲ့အချိန်ကြတော့မှ ပရမတ္ထဓာတ်သားကို ဖော်ထုတ်လိုက်ရင် ဉာဏ်ဝင်လာတယ်၊ ထွက်လေဝင်လေနဲ့နှာခေါင်းနဲ့ထိဆိုတာ လက်စသပ် ရုပ်တရားတွေလို့ သဘောကျရော၊ ဝါယောရုပ်ရယ် တေဇောရုပ်ရယ် ပထဝီရုပ်ရယ် ထိတဲ့အထဲပါလာလိမ့်မယ်။ တွန်းကန်ခြင်းသဘောသည် ဝါယောရုပ်လို့ သဘောကျ။ တောင့်တင်းခိုင်မာမှုနဲ့ နူးညံ့ပျော့ပျောင်းမှု ထိတဲ့အထဲတွေ့ရင် ပထဝီရုပ်လို့သဘောကျ၊ ပူတာအေးတာကသိနေတော့ တေဇောရုပ်လို့ သဘောကျ၊ ဟုတ်လား အဲဒါ ဖောဋ္ဌဗ္ဗအာရုံတဲ့ ထိတဲ့အထဲကတွေ့တာ။

အဲဒီတော့ သဗ္ဗကာယပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ၊ သဗ္ဗကာယပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ၊

သဗ္ဗကာယပဋိသံဝေဒီ၊ အလုံးစုံသော ထွက်လေ ဝင်လေရဲ့ အစ အလယ် အဆုံးသုံးချက်စလုံးကို ထင်ရှားအောင်ရှု့လျက်၊ အဿသိဿာမီ ပဿသိဿာမီ၊ ထွက်လေဝင်လေကို ရှု့ရှု့က်အံ့။ ကွတိ၊ ဤသို့။ သိက္ခတိ၊ ကျင့်ရမယ်။ သဗ္ဗကာယပဋိသံဝေဒီ၊ အလုံးစုံသော ထွက်လေဝင်လေရဲ့ အစ အလယ် အဆုံး သုံးချက်လုံးကိုမိအောင်ဖမ်းလျက်။ အဿသိဿာမီ၊ ထွက်လေကိုဖြစ်စေအံ့။ ပဿသိဿာမီ၊ ဝင်လေကိုဖြစ်စေအံ့။ ကွတိ၊ ဤသို့။ သိက္ခတိ၊ အားထုတ်ရမယ်။

၁၊ သတိထား၊

၂၊ အတိုအရှည်မှတ်၊

၃၊ အစ အလယ် အဆုံးသုံးချက်လုံးကိုဖမ်း၊

၄၊ ပဿမ္ဘယ် ကာယသခ်ါရံ အဿသိဿာမီတိ သိက္ခတိ၊ ပဿမ္ဘယ် ကာယသခ်ါရံ ပဿသိဿာမီတိ သိက္ခတိ။

ကာယသခ်ါရံ၊ အရှုအရှိုက်ပြင်း၍ ရုန့်ရင်းကြမ်းတမ်းတဲ့ထွက်လေဝင်လေကို။ ပဿမ္ဘယံ ပဿမ္ဘယန္တော၊ သာယာဖြည့်ငင်းရှုရှိုက်ခြင်းဖြင့် ငြိမ်းအေးစေသည်ဖြစ်၍။ အဿသိဿာမီ ပဿသိဿာမီ၊ ထွက်လေ ဝင်လေကို

ဖြစ်စေအံ့။ ဝိတက်တွေ နှိပ်စက်နေတဲ့အချိန် စိတ်တွေက မကြမ်းတမ်းဘူးလား၊ (ကြမ်းတမ်းပါတယ်ဘုရား) ကြမ်းတမ်းသောစိတ်နဲ့တွဲလာတဲ့ စိတ္တဇဝါယောလို့ဆိုရသော ထွက်လေ ဝင်လေလည်းကြမ်းတယ်။ ဝိတက်နှိပ်စက်ရင်စိတ်ကြမ်းတယ်၊ ကြမ်းတမ်းသောစိတ်နဲ့တွဲလာတဲ့ စိတ္တဇဝါယောလို့ဆိုသော ထွက်လေ ဝင်လေလည်းကြမ်းတမ်းတယ်။ တဖြည်းတဖြည်းဝိတက်ငြိမ်းတော့ စိတ်လည်းသိမ်မွေ့သွားတယ်၊ သိမ်မွေ့တဲ့စိတ်နဲ့တွဲဖြစ်လာတဲ့ ထွက်လေဝင်လေလည်းဘဲ သိမ်မွေ့သွားတယ်၊ ဒီတော့ ရှူရင်းရှူရင်းနဲ့နှာခေါင်းထဲကလေဟာ သိမ်မွေ့သိမ်မွေ့ပြီးတော့ နူးညံ့သွားရမယ်ဆိုတဲ့အဓိပ္ပါယ်ကိုမှတ်လိုက်ပါနော်။

တစ်ခါတစ်လေ ထွက်လေ ဝင်လေရှိမှရှိသေးရဲ့လားလို့ထင်ရလောက်အောင်ကို နှာခေါင်းထဲကလေဟာပါးသွားလိမ့်မယ်၊ အဲဒီအခါကြတော့ သတိနဲ့အသိသိပ်ပြီးတော့ ဘုန်းကြီးတို့ပရိသတ်များ ကြိုးကြိုးစားစားလိုက်ရမယ်နော်၊ သတိနည်းရင် အသိနည်းရင် ဝီရိယနည်းရင် အဲဒီအချိန်လွတ်သွားရော၊ ဘာဖြစ်လို့လဲ လေကသိပ်ပါးသွားပြီ၊ စိတ်တွေကသိမ်မွေ့တော့ ထွက်လေဝင်လေကပါးသွားပါပြီ ထွက်လေဝင်လေပါးသွားတော့ ဖမ်းလို့မမိဘူး၊ အဲဒီအခါကြတော့လာလိမ့်မယ် ဝိတက်၊ ဒီအခါမျိုး ဝီရိယနည်းနည်းလေတင်ပေးဖို့လိုအပ်ပါတယ်လို့မှတ်ထားနော်။ ဝီရိယနည်းရင် ဘုန်းကြီးတို့ပရိသတ်များ အဲဒီနေရာမျိုးမှာဝိတက်ဝင်လာတယ်၊ တစ်ခါတစ်ခါကြတော့ သိမ်မွေ့နူးညံ့နေတဲ့ ထွက်လေဝင်လေပေါ်မှာ စိတ်ကလည်းသိမ်သိမ်မွေ့မွေ့လေးငြိမ်ပြီးတော့ သမာဓိသိပ်ကောင်းတော့ အံ့မယ် အိပ်ပျော်သလိုဖြစ်သွားတတ်တယ်၊ အဲဒါကတစ်မျိုး၊ သမာဓိသိပ်အားကောင်းရင် အိပ်ပျော်သလိုဖြစ်တတ်တယ်၊ ထွက်လေဝင်လေ သိပ်ပါးနေတာကို ဝီရိယနဲ့ မလိုက်နိုင်တော့လည်း ဝိတက်တွေဝင်လာတတ်တယ်။

ထွက်လေ ဝင်လေမရှိသူခုနှစ်ယောက်

အဲဒီအစွန်း ဟိုဘက် ဒီဘက်ထွက်တာကို ဘုန်းကြီးတို့ပရိသတ် ထွက်လေဝင်လေပါးသွားလို့ ဖမ်းမမိဘူးဆိုလို့ရှိရင်၊ ထွက်လေဝင်လေမရှိတာလူသေ၊ ထွက်လေဝင်လေမရှိတာ **ရေနစ်နေတဲ့လူ**၊ ထွက်လေဝင်လေ မရှိတာ **အမိဝမ်း**

ကသတ္တဝါ၊ ထွက်လေဝင်လေမရှိတာ **မိန်းမြောနေတဲ့ပုဂ္ဂိုလ်**၊ ထွက်လေဝင်လေမရှိတာ **ငြဟ္မာကြီးတွေ**၊ ထွက်လေဝင်လေမရှိတာ **စတုတ္ထစျာန်ဝင်စားတဲ့ပုဂ္ဂိုလ်**၊ ထွက်လေဝင်လေမရှိတာ **နိရောဓသမာပတ်ဝင်စားတဲ့ပုဂ္ဂိုလ်**၊ ဒီလို လာမှာကို။ ငါသည် ထိုထိုပုဂ္ဂိုလ်တွေမဟုတ်သောကြောင့် ထွက်လေဝင်လေ ရှိကိုရှိရမယ် ဝီရိယတင်ပေးလိုက် တွေ့ရောအဲဒီအချိန်၊

သဗ္ဗကာယပဋိသံဝေဒီ အဿာသိဿာမီတိ သိက္ခတိရဲ့ နောက်နားက ပဿမ္ဘယံ ကာယသခ်ါရံ အဿာသိဿာမီတိ သိက္ခတိ ပဿာ သိဿာမီတိ သိက္ခတိ။ ကာယသခ်ါရံ၊ အရှုအရှိုက်ပြင်းလို့ ရုန့်ရင်းကြမ်းတမ်းနေတဲ့ ထွက်လေဝင်လေကို။ ပဿမ္ဘယံ ပဿမ္ဘယန္တော၊ သာယာဖြေးညှင်း ရှုခြင်းရှိုက်ခြင်းဖြင့် ငြိမ်းအေးစေသည်ဖြစ်၍။ အဿာသိဿာမိ ပဿာသိဿာမိ၊ ထွက်လေဝင်လေကိုဖြစ်စေအံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ အားထုတ်ပါလေတဲ့။

တစ်၊ သတိထား၊

နှစ်၊ အတိုအရှည်မှတ်၊

သုံး၊ အစ အလယ် အဆုံးဖမ်း၊

လေး၊ ထွက် လေဝင်လေ ပါးသွားပေမယ့် ကြိုးစား၍ ဝီရိယနှင့်ရှာလေးနည်းနော်။ အဲဒါ အာနာပါနရဲ့ ပထမစတုက္ကာ။ အာနာပါနသတိပဋ္ဌာန်မှာ ဒါ ပထမစတုက္ကခေါ်ပါတယ်။ နောက် လေးခုတွဲ လေးခုတွဲတွေ သုံးခုရှိသေးတယ်ထား၊ ဒီလေးနည်းအခြေခံရရင် အားထုတ်လို့ဖြစ်ပါတယ်ဗျာ။ အဲဒီတော့ သတိထားခြင်း၊ အတိုအရှည်မှတ်ခြင်း၊ အစ အလယ် အဆုံး မိအောင်ဖမ်းခြင်း၊ ပြီးတော့ သိမ်မွေ့သွားတဲ့ ထွက်လေဝင်လေကို မိအောင်ကြိုးစား၍ဖမ်းခြင်း။ ဟုတ်လား အဲဒီလိုဆိုရင် ဘုန်းကြီးတို့ပရိသတ်များ ဝိတက်ငြိမ်းဖို့တော့လုံလောက်တယ်။

ဂိတ်စောင့်ဥပမာ

မြို့ကြီးတစ်ခုမှာအဝင်ဝ မော်တော်ကားတွေအဝင်အထွက်မှာ ဂိတ်စောင့်တဲ့ပုဂ္ဂိုလ်တွေရှိပေါ့၊ အဲဒီဂိတ်စောင့်တဲ့ပုဂ္ဂိုလ်တွေက မြို့တံခါးဝကနေပြီးတော့ တန်းထားတယ်၊ တားထားတယ်၊ အကာအစည်းလေးတစ်ခုနဲ့ ဟူးဆို

ကားတွေမောင်းလာ ရပ်ဆိုရပ်လိုက်ရော လူတွေလည်းဘဲ ရပ်လိုက်ကြရော၊ အဲဒီ ရပ်နေတဲ့ကားတွေ လူတွေကိုအကုန်လုံး အဲဒီဂိတ်ကနေမစစ်ဘူးလား၊

(စစ်ပါတယ်ဘုရား)

စစ်ဆေးပြီးတော့မှ ကိုင်းသွားကြ သွားကြ၊ သွားစေလိုတဲ့ပုဂ္ဂိုလ်မျှား သွားကြတယ်၊ သွားခွင့်မရတဲ့ပုဂ္ဂိုလ်တွေလည်းရပ်နေတယ် အရေးယူသင့်ယူရ မယ်၊ သွားသင့်တဲ့ပုဂ္ဂိုလ်တွေသွားကြ၊ မသွားသင့်တဲ့ပုဂ္ဂိုလ်တွေ မသွားနဲ့၊ ဂိတ်ကနေစောင့်၍စစ်တာနော်၊ မြို့ထဲကိုဝင်လိုက်မသွားဘူး၊ အဲဒီ စစ်ဆေးတဲ့လူတွေဟာ မြို့ပြင်လည်းဘဲတွေ့ကရာလျှောက်လိုက်ပြီးတော့ မစစ်ဘူး၊ ဝင်တိုင်းထွက်တိုင်းသောပုဂ္ဂိုလ်တွေကို ဝင်ပေါက်ထွက်ပေါက်ဆိုတဲ့ဂိတ်ကစောင့်စစ်တယ် မဟုတ်လား။

ဒီအတိုင်းဘဲတဲ့ တစ်ကိုယ်လုံးထဲကိုချက်အထိဝင်သွားတဲ့ လေနောက်ကိုလည်းလျှောက်ပြီးတော့မလိုက်ပါနဲ့၊ နှာခေါင်းထဲကို နှာခေါင်းဖျားနှာသီးဖျားကိုရောက်မလာသေးတဲ့ အပြင်ဘက်ကလေနောက်ကိုလည်းလျှောက်ပြီးတော့ဖမ်းမနေပါနဲ့၊ ဂိတ်စောင့်ပြီးတော့စစ်ဆေးတဲ့ပုဂ္ဂိုလ်တွေမြို့တွင်းကိုဝင်ပြီးတော့ မစစ်ဆေးဘူး၊ မြို့ပြင်လှည့်လည်ပြီးတော့ မစစ်ဆေးဘူး၊ ဝင်တဲ့ ထွက်တဲ့သူ ဂိတ်ကစောင့်ပြီးတော့စစ်သလိုဘဲ ထွက်လေဝင်လေကမမှဉာန်းစီးဖျန်းတဲ့ အာနာပါနသတိပဋ္ဌာန်ကမမှဉာန်းစီးဖျန်းတဲ့ယောဂီပုဂ္ဂိုလ်လည်းဘဲ နှာသီးဝ ထိရာအရပ်ကနေပြီးတော့ သတိနဲ့အသိနဲ့စောင့်ပါ၊ ထိဆိုတဲ့နေရာကစောင့်လိုက်၊ ကိုယ်ထဲကိုလျှောက်မလိုက်နဲ့ အပြင်ဘက်လျှောက်ပြီးတော့မလိုက်နဲ့ ထိတဲ့နေရာကစောင့်၊ **ဒေါဝါရိကူပမာလို့** တံခါးစောင့်ဥပမာလို့ ဘုန်းကြီးတို့ ပဋိသမ္ဘိဒါမဂ်မျှားကပြောထားတယ်နော်။

ပုခက်လွှဲတဲ့ဥပမာ

လွှဆွဲတဲ့ဥပမာနဲ့ပြောတယ်။ **ပဂုံလောပမာ**ဟုတ်လား ခန္ဓာကိုယ်မရွှေ့လျားနိုင်လို့ ကိုယ်အောက်ပိုင်းသေနေတဲ့ပုဂ္ဂိုလ် ပုခက်လွှဲတဲ့ဥပမာနဲ့လည်းပြောတယ်၊ ခန္ဓာကိုယ်အောက်ပိုင်းလှုပ်ရှားလို့မရဘူး ကိုယ်တစ်ပိုင်းသေနေတဲ့ပုဂ္ဂိုလ်က ပုခက်လွှဲတော့ တိုင်လေးမို့ပြီးတော့ထိုင်နေတာ ပုခက်လေးက

ရှေ့က ဝဲဘက်ပြေးလိုက် ယာဘက်ပြေးလိုက် ဒီလိုမဟုတ်လား၊ (မှန်လှပါဘုရား) ဝဲဘက်ပြေး ယာဘက် ပြေးပြေးနေတဲ့ပုခက်ကို ငဆွံ့လိုကိုယ်တစ်ပိုင်းသေနေတဲ့ပုဂ္ဂိုလ်ကလွဲတာ၊ သူ့ရှေ့ရောက်လာတိုင်း ရောက်လာတိုင်း လက်ကလေးနဲ့ဖမ်းဖမ်းပြီး တွန်းလိုက် ဆွဲလိုက်လုပ်တယ်နော်၊ သူ့ရှေ့ရောက်မလာဟိုဘက်လွန်သွားသူလိုက်နိုင်လား၊

(မလိုက်နိုင်ပါဘုရား)

ဒီဘက်လွန်သွားတော့၊ မလိုက်နိုင်ပါဘုရား။ ရှေ့တည့်တည့်လေးရောက်လာတိုင်း ရောက်လာတိုင်း ဆွဲလိုက် တွန်းလိုက် ဒီလိုလုပ်ရတယ်။ ခန္ဓာကိုယ်မရွှေ့နိုင်တဲ့ပုဂ္ဂိုလ်တွေ တစ်နေရာတည်းကထိုင်စောင့်ပြီးတော့ ဟိုဘက်ဒီဘက်ပြေးနေတဲ့ပုခက်ကို ရှေ့ရောက်တိုင်း ရောက်တိုင်း တွန်းခြင်း ဆွဲခြင်းနဲ့လွဲရသလိုပါဘဲ၊ အာနာပါနသတိပဋ္ဌာန်ကမ္မဋ္ဌာန်းစီးဖျန်းလိုတဲ့ ယောဂီလည်းဘဲ နှာသီးဝဝင်တိုင်း ထွက်တိုင်းသောလေရဲ့ ထိတိုင်း ထိတိုင်း ဖမ်းဖမ်းပြီးတော့ သတိနဲ့အသိကပ်ပါတဲ့၊ (မှန်လှပါဘုရား)။ **ပက်ုံလောပမာတဲ့နော်၊**

လွှဆွဲတဲ့ဥပမာ

လွှဆွဲတဲ့ဥပမာက ကကစူပမာလည်း ဒီအတိုင်းဘဲ၊ လူနှစ်ယောက် သစ်တုံးတစ်တုံးကိုခြေနဲ့ကန်လွှနဲ့ဆွဲကြတာ ရှဲရှဲနဲ့ဆွဲ သစ်တုံးလည်းဘဲ ဒီလူတွေမကြည့်ဘူး၊ ဟိုဘက်ဒီဘက်ပြေးနေတဲ့လွှကြီးကိုလည်းမကြည့်ဘူး၊ လွှအစွယ်လေးနဲ့ သစ်သားပွတ်စားသွားတာလေးကို ကြည့်လိုက်တော့ ဖွားကနဲ လွှစားလေးတွေကျသွားတယ်၊ အဲဒါ ကြည့်ဆွဲမှလွှဆွဲပုံစနစ်ကြတယ် မဟုတ်လား၊ (မှန်လှပါဘုရား။) ဒီတော့သစ်တုံးတစ်ဖက်သာကြည့်ခြင်းဖြင့် နှာခေါင်းတစ်ဖက်သာကြည့်တာနဲ့တူတယ်နော်၊ အေး နှာခေါင်းကို တစ်ဖက်ကစိုက်၍ကြည့်ခြင်းဖြင့် သစ်တုံးကြည့်ပြီးတော့ လွှဆွဲတာနဲ့တူတယ်၊ ထွက်သွားတဲ့လေဝင်သွားတဲ့လေနောက်ကို လျှောက်၍လိုက်ခြင်းဖြင့် ဟိုဘက်ဒီဘက်ပြေးနေတဲ့လွှကြီးကိုကြည့်နေတာနဲ့တူတယ်တဲ့၊ အဲဒီလို မဟုတ်ပါဘဲနဲ့ နှာခေါင်းလေနဲ့ နှာခေါင်းထိဆိုတဲ့သဘောကို ကြည့်ရမှာ၊ လွှဆွဲရင်းနဲ့ သစ်သားပွတ်စားသွား

တာကိုကြည့်သလို **ကကစူပမာ**၊ ဥပမာဘယ်နှစ်ခုရလဲ၊ တံခါးစောင့်ဥပမာ၊ ငဆွံ့ပုခက်လွဲသည့်ဥပမာနော် ပဂုံလောပမာ၊ ပြီးတော့ လွှဆွဲ သည့်ဥပမာ။ အေး ဒါကြောင့်-

ဖုဋ္ဌ ဖုဋ္ဌဌ္ဌာနေ စိတ္တံ ဌပေတွာ။ ဖုဋ္ဌ ဖုဋ္ဌဌ္ဌာနေ၊ ထိရာထိရာအရပ်၌။ စိတ္တံ၊ စိတ်ကို။ ဌပေတွာ၊ ထား၍ ဝါ- ဌပေထ၊ ထားရမယ်။ ထိတဲ့နေရာသတိနဲ့အသိထား။ အာနာပါနရဲ့လိုရင်း အချက်ပေါ့၊ အဲဒါ **အာနာပါနဿတိဘာဝေတဗ္ဗာ ဝိတက္ကုပစ္ဆေဒါယ။** ဝိတက္ကုပစ္ဆေဒါယ၊ ဝိတက်ဖြတ်တောက်ဖို့ရန် အလို့ဌာ။ အာနာပါနဿတိ၊ အာနာပါနဆိုသော သတိပဋ္ဌာန်ဘာဝနာကို။ ကျမိနာ ဝုတ္တာနယေန၊ ဤဆိုခဲ့ပြီးသောနည်းဖြင့်။ ဘာဝေတဗ္ဗာ၊ ကောင်းစွာမသွေ ပွားများထိုက်ပါပေကုန်တော့သတည်း။

သာဓု သာဓု သာဓုပါဘုရား။

အဲဒါ ဝိတက်ငြိမ်းကြောင်းတရားတဲ့၊ ဘာတရားလဲ၊

(ဝိတက်ငြိမ်းကြောင်းတရားပါဘုရား)။

ဝိတက္ကူပသမေ ရတော ဆိုတာဒါဘဲ။ ဘိက္ခဝေ၊ ရဟန်းတော်များအိုချစ်သားတို့။ ယော၊ အကြင်သူသည်။ စရံဝါ၊ သွားချင်သွားပါ။ တိဋ္ဌံဝါ၊ ရပ်ချင်လည်းရပ်ပါ၊ နိသိန္နော ဝါ၊ ထိုင်ချင်လည်းထိုင်ပါ။ သယနော ဝါ၊ အိပ်ချင်လည်းအိပ်ပါ။ ဝိတက္ကံ၊ ဝိတက်ကို။ သမယိတ္ထာန၊ ငြိမ်းစေပြီး၍။ ဝိတက္ကူပသမေ၊ ဝိတက်ငြိမ်းကြောင်းတရားကောင်း၌။ ရတော၊ မွေ့လျော်နှစ်ခြိုက်ပျော်ပိုက်သည်ဖြစ်၍ ဝါ မွေ့လျော်နှစ်ခြိုက်ပျော်ပိုက်၍နေသော။ တာဒိသော၊ ထိုကဲ့သို့သဘောရှိသော။ ဘိက္ခု၊ ဘုရားသားတော် ရဟန်းတော်သည်။ ဥတ္တမံ၊ မြတ်လှစွာသော။ သမာဓိ၊ သစ္စာလေးတန်တရားမှန်ကို ကောင်းစွာထင်ထင်သိမြင်နိုင်တဲ့ ဗောဓိဉာဏ်ကို။ ဖုဋ္ဌံ၊ လက်ဆုပ် လက်ကိုင် ပိုင်ပိုင်မိမိရရှိဖို့ရန်။ ဘဗ္ဗော၊ ထိုက်တန်လှပါပေ၏။ ဝိတက်ငြိမ်းကြောင်း တရားကောင်းကို ထိုကဲ့သို့ပျော်မွေ့တဲ့ပုဂ္ဂိုလ်သည် သစ္စာလေးတန် တရားမှန်ကို ကောင်းစွာထိုးထွင်း သိမြင်နိုင်တဲ့ ဗောဓိဉာဏ်ကိုရဖို့ရန် ထိုက်တယ်လို့။ သတ္ထာ၊ လူနတ်တို့ဆရာဖြစ်တော်မူသော သဗ္ဗညူမြတ်စွာဘုရားသည်။ အဝေါစ၊ ကရုဏာ

ရှေ့ထား မေတ္တာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

အခိုးထွက်တယ်ဆိုတာရယ် ထွက်လာတဲ့အခိုးကိုငြိမ်းအောင် သတ်ရမည့်နည်းရယ်ရပြီနော်၊ မှန်လှပါဘုရား။ အခိုးလွတ်ပုံရယ် အခိုးငြိမ်းအောင်သတ်တဲ့နည်းရယ် ဘုန်းကြီးတို့ပရိသတ်ရပြီလား၊ ရပါဘုးရား။ အခိုးငြိမ်းရင် မီးလျှံကော၊ ငြိမ်းပါတယ်ဘုရား။ မီးအလျှံဆိုတာလည်း ငြိမ်းတာပေါ့။ မီးအလျှံငြိမ်းရင်လည်းဘဲ အခိုးငြိမ်းတာပေါ့။ ဟုတ်ဘူးလား၊ (မှန်လှပါဘုရား)။ ဝိတက်ဆိုတာငြိမ်းရင် ဘုန်းကြီးတို့ပရိသတ်အပေါင်းသူတော်ကောင်းတို့ ဆန္ဒဆိုတာလည်းငြိမ်းတယ်၊ ဆန္ဒငြိမ်းရင် ဝိတက်ဆိုတာလည်း ငြိမ်းတယ် အပြန်အလှန်ပေါ့ဗျာ။ မီးငြိမ်းရင် မီးခိုးငြိမ်းတယ်ပေါ့၊ မီးခိုးငြိမ်းနေတာကိုကြည့်ခြင်းဖြင့် မီးမရှိဘူးဆိုတာလည်းသိရတယ်ပေါ့။ ဝိတက္ကူပသမေ ရတော၊ ဝိတက်ငြိမ်းကြောင်းတရားမှာ မွေ့လျော်နှစ်ခြိုက်ပျော်ပိုက်နိုင်ကြရင်တဲ့ ဗောဓိညာဏ်ကို ရမယ်လို့ စရသုတ္တန်ဖြင့် မြတ်စွာဘုရားပြတယ်။ ထိုစရသုတ္တန်ထဲကို ဘုန်းကြီးတို့ပရိသတ်အပေါင်းသူတော်ကောင်းတို့ အာနာပါနဿတိသုတ္တန်ကို ဘုန်းကြီးတို့ကထည့်စွက်လိုက်ပါတယ်၊ အခိုးငြိမ်းအောင်သတ်ပုံ၊ ဟုတ်လား ဒီတော့ ဘုန်းကြီးတို့ပရိသတ်များ အခိုးလွတ်တာရယ် အခိုးငြိမ်းတာရယ်ရရင် အဲဒီစာပိုဒ်ကလေး ထပ်ပြီးတော့ဆိုလိုက်ပါဦး။

မီးခိုးဟူငြား၊ ဝိတက်ထား၊ မှတ်သားခြောက်ခုပါ။ (ဆိုလိုက်)။

အေး ဘန္တေ၊ ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား။ ရတို့ဓူမာယနာတိ၊ ညဉ့်အခိုးလွတ်တယ်ဆိုတာ။ ကာ၊ အဘယ်ပါနည်းအရှင်ဘုရား။ ဘိက္ခု၊ ချစ်သားရဟန်း။ ယော၊ အကြင်သူသည်။ ဒိဝါ ကမ္မန္တေ၊ နေ့လုပ်ရမည့်လုပ်ငန်းတွေကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ရတ္တိယာ၊ ညဉ့်အခါမှာ။ အနုဝိတက္ကေတိ၊ အဖန်ဖန်ကြံစည်၏။ အနုဝိစာရေတိ၊ အဖန်ဖန်စဉ်းစား၍ နေခဲ့ပါပေ၏။ အယံ၊ ဤကဲ့သို့ နေ့လုပ်ငန်းတွေကို ညဉ့်ကြံခြင်း ကြံစည်ခြင်း စဉ်းစားခြင်းကို။ ရတ္တိဓူမာယနာတိ၊ ညဉ့်အခိုးလွတ်သည်ဟူ၍။ ဝုစ္စတိ၊ မုချကိန်းသေ ဆိုအပ်ပါပေ၏။ ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုရားရှင်ကိုယ်တော်မြတ်သည်။

အာယသ္မန်ကံ ကုမာရကဿပဿ၊ အရှင်ကုမာရကဿပမထေရ်သူမြတ်ရဲ့။ ဆဋ္ဌမံ၊ ခြောက်ခုမြောက်ဖြစ်သော။ ပဉ္ဇံ၊ ပြဿနာကို။ ဗျာကရောတိ၊ ဆုတ်ဆိုင်းမရှိ ဟုတ်တိုင်းမှန်စွာ ဖြေကြားတော်မူခဲ့ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

ခြောက်ခုမြောက်မေးခွန်းအဖြေ ပြီးပါစေနော်။ (မှန်လှပါဘုရား)။ ခုနှစ်ခုမြောက်ကြတော့ သီးသန့်ကျယ်ကျယ်ပြန့်ပြန့်ကြီး ဟောစရာမလိုဘူး ဟောဒီ ခြောက်နားကပ်ပြီးတော့ အသားလေး ဘုန်းကြီးတို့ပေါင်းထည့်လိုက်ရအောင်။

နေ့မီးတောက်တယ်ဆိုတာဘာလဲ

ကာ ဒိဝါ ပဇ္ဇလနာ။ ဘန္တေ၊ ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား။ ဒိဝါ၊ နေ့အခါ။ ပဇ္ဇလနာ၊ မီးတောက်တယ်ဆိုတာ။ ကာ၊ အဘယ်ပါနည်းအရှင်ဘုရား။ ညကြံထားတဲ့အကြံတွေကို နေ့သရုပ်ဖော်တာဟာ မီးတောက်တာဘဲ၊ ညကအကြံတွေ နေ့ထထလုပ်တာဟာ၊

(မီးတောက်တာပါဘုရား)

အေး ကာမဝိတက်ကြံနေတဲ့ အဲဒီကာမဂုဏ်တွေကိုရဖို့ရန် နေ့ ကြိုးစားရင်လောင်ပြီ။ ဗျာပါဒဝိတက်ကြံထားရင် နေ့ခင်းဖျက်စီးတဲ့လုပ်ငန်း ထလုပ်တော့လောင်ပြီ၊ ဝိဟိ သာဝိတက် ညတုန်းကကြံထား နေ့ခင်းထည့်ဆဲတော့ လောင်ပြီတဲ့။ ဟုတ်ပလား၊ (မှန်လှပါဘုရား)။ အဲဒါ နေ့ခင်းမီးလောင်တယ်ဆိုတာဒီသဘောပေါ့။ ဒါကြောင့် ဘိက္ခု၊ ချစ်သားရဟန်း။ ရတ္တိယာ၊ ညဉ့်အခါမှာ။ အနုဝိတက္ကော်တွာ၊ အဖန်ဖန်ကြံစည်ပြီးတော့။ အနုဝိစာရေတွာ၊ အဖန်ဖန်စဉ်းစားပြီးတော့။ ဒိဝါ၊ နေ့အခါကြတော့။ ကမ္မန္တေ၊ ထိုထိုညတုန်းကကြံထားတဲ့လုပ်ငန်တွေကို။ ကာယေန၊ ကိုယ်ဖြင့်လည်းကောင်း။ ဝါစာယ၊ နှုတ်ဖြင့်လည်းကောင်း။ မနသာ၊ စိတ်ဖြင့်လည်းကောင်း။ ပယောဇေတိ၊ အားထုတ်ပါပေတော့၏။ ညတုန်းက စိတ်နဲ့ကြံထားတာတွေ နေ့အခါ လက်နဲ့လုပ် နှုတ်နဲ့လုပ်၊ အဲဒီ ကိုယ်နှုတ်နှစ်ပါးနဲ့ ထ၍လုပ်ခြင်း လုပ်ခြင်းဆိုတဲ့သရုပ်ဖော်

၁။ မ၊ ၁။ ၁၉၇

ခြင်းကို။ ဒိဝါ ပဇ္ဇလနာတိ၊ နေအခါမီးလောင်ခြင်း မီးတောက်ခြင်းဟူ၍။ ဝုစ္စတိ၊ မုချကိန်းသေဆိုအပ်ပါပေ၏။ ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါး သခင် ဘုရားရှင်ကိုယ်တော်မြတ်သည်။ သတ္ထာမံ၊ ခုနှစ်ခုမြောက်သော။ ပဉ်၊ ပြဿနာကို။ ဗျာကရောတိ၊ ဆုတ်ဆိုင်းမရှိ ဟုတ်တိုင်းမှန်စွာ ဖြေကြားတော်မူလိုက်ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

မီးလျှံဟူငြား။ နေ့လုပ်အား။ မှတ်သား ခုနှစ်ပါ။ (ဆိုလိုက်)။

အေး ညကြံတာ အခိုးထွက်တယ်၊ အဲဒီအကြံတွေ နေ့ခင်းထလုပ်ကြတာက မီးလောင်တယ်၊ ကာမဝိတက် ညစ်ကြံရုံကြံတယ်၊ နေ့ခင်းကြတော့ ကာမဂုဏ်ကိစ္စကိုထလုပ်လိုက်ကြတော့လောင်ကုန်တယ်၊ ဗျာပါဒဝိတက် ညကြံရုံကြံတယ်၊ နေ့ခင်းထဖျက်စီးလိုက်ကြတော့လောင်ကုန်ရော၊ ဝိဟိ ံသာဝိတက် ညှင်းဆဲမှုကြံရုံကြံတယ်၊ နေ့ခင်းထညှင်းဆဲလိုက်ကြတော့ လောင်တယ်။ အေး ကြံစည်ခြင်းဝိတက်သည်တဲ့ အခိုးထွက်တာ၊ အဲဒီဝိတက်အကြံကို ထပြီးတော့အလုပ်လုပ်တော့ မီးလောင်တယ်လို့ အရှင်ကုမာရကဿပရဲ့ တောင်ပို့ကြီး ညအခိုးထွက်တယ် နေ့မီးလွှတ်တယ်ဆိုတာ ဘာပါလဲဆိုတဲ့ အမေးရဲ့အဖြေကို မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က ဝမ္မိက တောင်ပို့ဆိုတာ ဤကိုယ်ကာယ၊ ရတ္တိဓူမာယနာ ညအခိုးထွက်တယ်ဆိုတာက ဝိတက်၊ နေ့မီးလောင်တယ်ဆိုတာက ကြံထားတဲ့အလုပ်တွေကို လုပ်ကိုင်ဆောင်ရွက်ခြင်း၊ ဆိုပြီးတော့ တစ်ကနေအဆင့်ဆင့် ဘုန်းကြီးတို့ပရိသတ်များ ခုနှစ်ခုသောမေးခွန်းရဲ့အဖြေအထိ ပြီးပြည့်စုံပါတယ်နော်။ မနက်ဖြန်ခါညကြတော့ ရှစ်ခုမြောက်အမေးနဲ့အဖြေဆက်ရအောင် ဒီကနေ့ ဒီမှာနားကြဦးစို့ ဟုတ်လား။

ဝမ္မိကသုတ္တန်စတုတ္ထပိုင်းပြီး၏

ပဋ္ဌမပိုင်း

၁၃၄၃-ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁-ရက်နေ့၊ မန္တလေးမြို့၊ မဟာသက္ကသီဟမြတ်စွာဘုရား ဗုဒ္ဓပူဇနိယဓမ္မသဘင်ဆင်ယင်ရာ၌ ဟောကြားအပ်သော မဇ္ဈိမနိကာယ်မူလပဏ္ဏာသပါဠိတော်၌လာသော ဝမ်မိကသုတ္တန်တရားတော် ပဋ္ဌမအပိုင်း၊ ဝမ်မိကသုတ္တန်တရားတော်ရဲ့ ပဋ္ဌမအပိုင်းမဟောကြားသေးခင် မနာကြားသေးခင် တရားပိုင်ရှင်ဖြစ်တော်မူသော သဗ္ဗညုမြတ်စွာဘုရားအား ရိုသေစွာလက်အုပ်ချီမိုး၍ ရှိခိုးရအောင်--

ဝမ်မိကသုတ္တန်တရားတော် လေးခုမြောက်အပိုင်း ဘုန်းကြီးတို့ညတုန်းက ဒေးဝန်းဓမ္မာရုံမှာ အခိုးလွှတ်တာနဲ့အလှုံတောက်တာကို ဒိန္နစ်ခုပြီးသွားတယ်၊ တောင်ပို့ကြီး ညညအခိုးတွေလွှတ်တယ် နေ့အခါကြတော့ မီးအလှုံတွေတောက်တယ်ဘုရား၊ တောင်ပို့ဆိုတာဘာမျှားပါလဲ အခိုးတွေလွှတ်ဆိုတာ ဘာကိုဆိုလိုတာပါလဲ မီးအလှုံတွေတောက်တယ်ဆိုတာ ဘာမျှားပါလိမ့်မလဲလို့ အရှင်ကုမာရကဿပမထေရ်ကြီး မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်မေးလျှောက်တော့ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်က-

ဝမ်မိကောတိ ခေါ ဘိက္ခု ဣမသ္မေတံ စာတုမဟာဘူတိကဿ ကာယဿ အဓိဝစနံ မာတာပေတ္တိကသမ္ဘဝဿ ဩဒနကုမ္မာသူပစယဿ အနိစ္စုစ္ဆာဒန ပရိမဒ္ဒန ဘေဒန ဝိဒ္ဓံသန ဓမ္မဿ။ [၁]

ဘိက္ခု၊ ချစ်သားရဟန်း။ ဝမ်မိကောတိ ဧတံ အဓိဝစနံ၊ တောင်ပို့ တောင်ပို့ဟူသောဤစကားသည်။ စာတုမဟာဘူတိကဿ၊ ပထဝီ အာပေါ တေဇော ဝါယောလို့ဆိုရသည့် ဓာတ်လေးပါးကိုအခြေခံ၍ တည်ဆောက်ထားသော။ မာတာပေတ္တိကသမ္ဘဝဿ၊ အမိအဖနှစ်ပါးတို့ရဲ့ သွေးနှစ်ခုရောစပ်သည့်အချိန်ကစပြီးတော့ ဖြစ်ပေါ်၍လာခဲ့သော။ ဩဒနကုမ္မာသူပစယဿ၊ ထမင်း မှုန့်အမျိုးမျိုးတို့ဖြင့်ကြီးထွား၍လာခဲ့သော၊ အာဟာရဇ အာဟာရဖြင့်ကြီးထွား၍လာခဲ့သော။ အနိစ္စ ဥစ္စာဒနပရိမဒ္ဒနဘေဒနဝိဒ္ဓံသနဓမ္မဿ၊ မမြဲသော

၁။ မ၊ ၁။ ၁၉၇

သဘော နှိပ်နယ်ရခြင်းသဘော လိမ်းကြံရခြင်းသဘော ပျက်စီးခြင်းသဘော အဖန်ဖန်ပျက်စီးခြင်းသဘော ရှိ၍နေပေထသော။ ဣမသာ ကာယသာ၊ ဤရူပကာယရဲ့။ အဓိဝစနံ၊ အမည်ပါပေတည်း။

ချစ်သား ကုမာရကဿပ တောင်ပို့ကြီးဆိုတာ တစ်ခြားမဟုတ်ဘူး ရုပ်အဆိုင်အခဲကြီးလို့ဆိုရတဲ့ ဤကိုယ်ကာယကိုပြောတာ။ တောင်ပို့ဆိုတာ ဤကိုယ်ကာယ၊ ဒါဖြင့်ရင် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တောင်ပို့ကြီးညည်းအခိုးတွေထွက်တယ်ဆိုတာ ဘာများပါလိမ့်မလဲ၊ ညအခါ တောင်ပို့ကြီးအခိုးတွေလွှတ်တယ်ဆိုတာ ဘာကိုဆိုလိုပါသနည်း မြတ်စွာဘုရားဆိုတော့၊ ဘုရားရှင်ကိုယ်တော်မြတ်က-

ယံ ခေါ ဘိက္ခု ဒိဝါ ကမ္မန္တေ အာရဗ္ဘ ရတ္တိံ အနုဝိတက္ကေတိ အနုဝိစာရေတိ အယံ ရတ္တိံ ဓူမာယနာ။ ၁

ဘိက္ခု၊ ချစ်သားရဟန်း။ ရတ္တိဓူမာယနာ၊ ညဉ့်အခါအခိုးလွှတ်သည်ဆိုတာကတော့။ ဒိဝါ ကမ္မန္တေ၊ နေ့ခင်းတုန်းကလုပ်ခဲ့သောလုပ်ငန်းတို့ကို ဝါ-မနက်ဖြန်ခါနေ့လည်ခင်း လုပ်စရာရှိသည့်လုပ်ငန်းတို့ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ရတ္တိယာ၊ ညဉ့်အခါမှာ။ အနုဝိတက္ကေတိ၊ အဖန်ဖန်ကြံစည်၍နေခဲ့ပါပေတော့၏။ အနုဝိစာရေတိ၊ အဖန်ဖန်စဉ်းစားဆင်ခြင်၍နေခဲ့ပါပေတော့၏။ အယံ၊ ဤနေ့အခါလုပ်စရာရှိသည့်ကိစ္စ နေ့အခါလုပ်ခဲ့ပြီးသည့် ကိစ္စမှန်သမျှ ညချမ်းကာလကြတော့ ပြန်လှန်၍စဉ်းစားခြင်း တွေးတောခြင်း ကြံစည်ခြင်းကို။ ရတ္တိဓူမာယနာတိ၊ တောင်ပို့ကြီး ညဉ့်အခါအခိုးလွှတ်သည်ဟူ၍။ ဝုစ္စတိ၊ မုချကိန်းသေဆိုရပါပေ၏။

တောင်ပို့ကြီး ညအခိုးလွှတ်တယ်ဆိုတာ နေ့ခင်းတုန်းကလုပ်ခဲ့ပြီးတာတွေ ညအခါပြန်လှန်စဉ်းစား၍နေခြင်း မနက်ဖြန်ခါလုပ်ရမည့်ကိစ္စ ညအခါကြိုတင်၍စဉ်းစားခြင်းကို။ ရတ္တိဓူမာယနာ၊ ညဉ့်အခိုးလွှတ်တယ်လို့ဆိုပါတယ်။ ဒါဖြင့် နေ့အခါ မီးအလျှံတောက်တယ်ဆိုတာက ဘာများပါလိမ့်မတုန်းဘုရား။ ဘန္တေ၊ ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား။ ဒိဝါပဇ္ဇလနာတိ၊

၁။ မ၊ ၁။ ၁၉၇

နေ့အခါ မီးအလျှံတောက်တယ်ဆိုတာက။ ကာ၊ အဘယ်ပါနည်းအရှင်ဘုရား။ နေ့အခါ မီးတွေထထတောက်တယ်ဆိုတာက ဘာကိုခေါ်ဆိုပါသနည်း မြတ်စွာဘုရားဆိုတော့ ဘုရားရှင်ကိုယ်တော်မြတ်က-

ယံ ခေါ ဘိက္ခု ရတ္တိံ အနုဝိတက္ကေတွာ အနုဝိစာရေတွာ ဒိဝါ ကမ္မန္တေ ပယောဇေတိ ကာယေန ဝါစာယ (မနသာ)။ အယံ ဒိဝါ ပဇ္ဇလနာ။ [၁]

ဘိက္ခု၊ ချစ်သားရဟန်း။ ရတ္တိံ၊ ညဉ့်အခါမှာ၊ ဝါ- ရတ္တိယာ၊ ညဉ့်အခါ၌။ အနုဝိတက္ကေတွာ၊ အဖန်ဖန်စဉ်းစားပြီးတော့။ အနုဝိစာရေတွာ၊ အဖန်ဖန်ဆင်ခြင်ပြီးတော့။ ဒိဝါ၊ နေ့အခါကြတော့မှ။ ကမ္မန္တေ၊ လုပ်ငန်းတို့ကို။ ကာယေန၊ ကိုယ်ဖြင့်လည်းကောင်း။ ဝါစာယ၊ နှုတ်ဖြင့်လည်းကောင်း။ မနသာ၊ စိတ်ဖြင့်လည်းကောင်း။ ပယောဇေတိ၊ အားထုတ်ပါပေ၏။

ည ကြံစည်စဉ်းစားပြီးတော့ နေ့အလုပ်တွေ ထ၍ထ၍လုပ်ခြင်းကို။ ညအခါ ကြံစည်တယ်၊ နေ့အခါ ထိုအလုပ်တွေကို အကြံအစည်မြောက်တောင် ကိုယ်နဲ့လုပ်တယ်၊ နှုတ်နဲ့လုပ်တယ်၊ ထ၍လုပ်ကိုင်ဆောင်ရွက်ခြင်းကို။ ကာယေန ပယောဇေတိ၊ ကိုယ်ဖြင့်လည်းအားထုတ်တယ်။ ဝါစာယ ပယောဇေတိ၊ နှုတ်ဖြင့်လည်းအားထုတ်တယ်။ မနသာ ပယောဇေတိ၊ စိတ်နဲ့လည်းအားထုတ်တယ် နေ့အခါ ကာယကံမြောက် ဝစီကံမြောက် မနောကံမြောက် ထပြီးလုပ်ကိုင်ဆောင်ရွက်ခြင်းကို။ ဒိဝါပဇ္ဇလ နာတိ၊ နေ့အခါအခိုးလွှတ်သည်ဟူ၍။ ဝုစ္စတိ၊ မုချကိန်းသေဆိုအပ်ပါပေ၏။ ဒိဝါပဇ္ဇလနာတိ၊ နေ့အခါအလျှံတောက်သည် မီးတောက်သည်ဟူ၍။ ဝုစ္စတိ၊ မုချကိန်းသေဆိုအပ်ပါပေတော့၏။ ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်သည်။ အာယသ္မန္တံ ကုမာရကဿပဿ၊ အရှင်ကုမာရကဿပမထေရ်ရဲ့။ ပဉ္ဉံ၊ မေးခွန်းကို။ ဗျာကရောတိ၊ ဆုတ်ဆိုင်းမရှိ ဟုတ်တိုင်းမှန်စွာ ဖြေလိုက်ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

တောင်ပို့ဆိုတာ ကိုယ်ကာယ၊ ညအခိုးလွှတ်တာ ဝိတက်၊ နေ့ မီးအလျှံ

၁။ မ၊ ၁။ ၁၉၇

တောက်တာက ထိုကြုံထားတာတွေကို ထလုပ်တဲ့ ကာယကံ ဝစီကံတွေ ဤအထိ ညတုန်းက ဒေးဝန်းဓမ္မာရုံတရားပွဲမှာ ဘုန်းကြီးတို့ပြီးသွားပါတယ်။ ယခုအခါ ရောက်ရာကဆက်ဆိုတော့ တောင်ပို့ကို တူးရမည့်အပိုင်း၊ ပုဏ္ဏားဆရာက တောင်ပို့ကြီးတူးဆိုပြီးတော့ တပည့်ပညာရှိလုလင်ကိုမှာတယ်၊ ပုဏ္ဏားဆရာဆိုတာ မြတ်စွာဘုရားဖြစ်ကြောင်းပြောထားခဲ့ပြီ၊ တောင်ပို့တူးမည့်လုလင်ဆိုတာကလည်း ယောဂီပုဂ္ဂိုလ်ဆိုတာ ပြောထားခဲ့ပြီ၊ လက်နက်ကိုင်ရတယ်ဆိုတာက တောင်ပို့ကြီးတူးဖို့ရန် တူရွင်းလက်နက်ကိုင်ရတယ်ဆိုတာက ဝိပဿနာဉာဏ်ဆိုတာ ပြောထားခဲ့ပြီ၊ တောင်ပို့ကို တူးခြင်းဆွခြင်းလုံးလထုတ်ခြင်းဆိုတာကတော့ တူးတယ်ဆွတယ်ဆိုတာကတော့ သမ္မပ္ပဓာန်လုံးလဝီရိယ ပြောထားတယ်၊ ဒီတော့ အရှင်ကုမာရကဿပမထေရ်ကြီးက ဖြဟ္မာကြီးလာပြီးတော့ ပြောသွားတဲ့စကားရပ်တွေထဲက ဟောဒီမှာ-

ဘန္တေ၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ လဂီ လဂီတိ၊ တံခါးမင်းတုပ် တံခါးမင်းတုပ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပါ၏။ ကတမာ၊ အဘယ်သဘောတရားကို။ လဂီတိ၊ တံခါးမင်းတုပ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပါသနည်း ဘုရား။ ကာ လဂီ၊ ပါဠိတော်အမေးတိုက်ရိုက်ရှိတာက၊ ကာ လဂီ၊ လဂီ၊ လဂီဟူသည်ကား။ ကာ၊ အဘယ်ပါနည်းအရှင်ဘုရာ။ လဂီ တံခါးမင်းတုပ်။ လဂီ လဂီတိ၊ လဂီ လဂီဟူ၍။ (ဝါ) တံခါးမင်းတုပ် တံခါးမင်းတုပ်ဟူ၍။ ဝုစ္စတိ၊ ပြောကြပါတယ်။ သာ လဂီ။ ထိုလဂီဆိုသောတံခါးမင်းတုပ်သည်ကား။ ကာ၊ အဘယ်ပါနည်းအရှင်ဘုရား။ ဣတိ၊ ဤသို့။ အာယသ္မာ ကုမာရ ကဿပေါ၊ အရှင်ကုမာရကဿပမထေရ်သည်။ ဘဂဝန္တံ၊ ဘုန်းတော်ခြောက်ပါးသခင်ဘုရားရှင်ကိုယ်တော်မြတ်ကို။ အဋ္ဌမံ၊ ရှစ်ခုမြောက်ဖြစ်သော။ ပဉ္ဟံ၊ မေးခွန်းကို။ အပုစ္ဆိ၊ သိလိုရေးနှင့်မေးလျှောက်ရှာလေတော့သတည်း။

သာဓု သာဓု သာဓုပါဘုရား။

ရှစ်ခုမြောက်မေးခွန်း လဂီတဲ့၊ မြန်မာပြန်ပြောလိုက်တော့ တံခါးပိတ်တဲ့ မင်းတုပ် တံခါးမင်းတုပ်ဆိုတာ ဘာများပါလိမ့်မလဲ မြတ်စွာဘုရား။ အဲဒီတံခါး မင်းတုပ်ကြီးက ဘယ်ကတွေ့တာတုန်းဆိုတော့ တောင်ပို့ကြီးတူးလို့တွေ့တာ ဘုန်းကြီးတို့ပရိသတ်ဘယ်ကတွေ့လဲ၊

(တောင်ပို့ကြီးတူးလို့တွေ့တာပါဘုရား)

အဘိက္ခဏံ သုမေဓ သတ္ထံ အာဒါယ။ ပုဏ္ဏားဆရာကပြောခဲ့တယ် သုမေဓ၊ ပညာရှိတပည့်လုလင်။ သတ္ထံ၊ တူရွင်းပြားကို။ အာဒါယ၊ ကိုင်စွဲပြီး တော့။ ဝမ်မိကံ၊ တောင်ပို့ကြီးကို။ အာဘိက္ခဏ၊ တူးပါလေလော့။ သတ္ထံ အာဒါယ၊ တူးရွင်းပြားကိုင်ပြီးတော့။ ဝမ်မိကံ အာဘိက္ခဏ၊ တောင်ပို့ကိုတူးပါ။ သုမေဓ၊ ပညာရှိ ငါတပည့်။ ငါတပည့် တူရွင်းပြားကိုင် တောင်ပို့ကို တူးလော့လို့ဆိုတော့ အာဘိက္ခဏန္တော သုမေဓော သတ္ထံ အာဒါယ အဒ္ဒသ လဏ်ီ။ သုမေဓော၊ တပည့်လုလင်သည်။ သတ္ထံ၊ တူရွင်းပြားကို။ အာဒါယ၊ ကိုင်စွဲပြီးတော့။ ဝမ်မိကံ၊ တောင်ပို့ကို။ အာဘိက္ခဏန္တော၊ တူးလိုက်သည်ရှိသော်။ လဏ်ီ၊ တံခါးမင်းတုပ်ကြီးကို။ အဒ္ဒသ၊ တွေ့ခဲ့တယ်။

တူရွင်းပြားကိုင် တောင်ပိုတူးတော့ တောင်ပို့ထဲက တံခါးမင်းတုပ်ရ ဟယ်၊ တူရွင်းကိုကိုင်စွဲ တူရွင်းဆိုတာ ဉာဏ်၊ တောင်ပို့ကိုတူး တောင်ပို့ဆို တာက ခန္ဓာ၊ တူးတယ်ဆိုတာက ဝီရိယ၊ တူရွင်းကိုကိုင် တူရွင်းဆိုသော လက် နက်ကိုကိုင် ဝီရိယနဲ့အားထုတ်ပြီးတော့ ခန္ဓာကိုယ်ဆိုသောတောင်ပို့ကို၊ အာဘိက္ခဏန္တော၊ တူးသည့်အခါ။ လဏ်ီ၊ တံခါးပိတ်တဲ့မင်းတုပ်ကြီးကို။ အဒ္ဒသ၊ တွေ့တယ်။ တံခါးပိတ်စရာမင်းတုပ်တစ်ခု တောင်ပို့ထဲကရတယ်။ အဲဒီတံခါး မင်းတုပ်ကြီးရတော့ တပည့်လုလင်က ဆရာပုဏ္ဏားပြောသတဲ့ လဏ်ီ ဘဒ္ဒန္တေ ကိံ ကရောမိ။ ဘဒ္ဒန္တေ၊ အိုဆရာ။ လဏ်ီ၊ တံခါးမင်းတုပ်ကြီးပါ။ ကိံ ကရောမိ၊ ဘယ်လိုလုပ်ရမလဲ။ ဆရာတောင်ပို့တူးလိုက်တာ တံခါးမင်းတုပ်ရတယ် တောင် ပို့ကြီးတူးလိုက်တာ တံခါးမင်းတုပ်ကြီးတစ်ခုရပါတယ်၊ ထိတံခါးမင်းကုပ်ကို အကျွန်ုပ် ကိံ ကရောမိ ဘာလုပ်ရမတုန်းလို့ တပည့်လုလင်က ဆရာပုဏ္ဏား မေးသည့်ကာလ။

ဆရာပုဏ္ဏားက ဥက္ခိပ လဏ်ီ၊တိုတိုဘဲပြောတယ်။ သုမေဓ၊ ပညာရှိ တပည့်လုလင်။ လဏ်ီ၊ တံခါးမင်းတုပ်ကို။ ဥက္ခိပ၊ ပယ်ပစ်လိုက်ပါ မြောက် ပစ်လိုက်ပါ ကောက်ပစ်လိုက်ပါ။ တောင်ပို့ထဲကတွေ့တဲ့တံခါးမင်းတုပ်ကြီး ကောက်ပစ်လိုက် ပယ်ပစ်လိုက် နှုတ်ပစ်လိုက် ထုတ်ပစ်လိုက် တူးပစ်လိုက် ဆွပစ်လိုက်။ တံခါးမင်းတုပ်ကြီးတူးထုတ်ပစ်၊ ဥက္ခိပ လဏ်ီ၊လဏ်ီ၊ တံခါးမင်း

တုပ်ကြီးကို။ ဥက္ခိပ၊ ကောက်၍ပစ်လိုက်ပါ။ တံခါးမင်းတုပ်ကြီးကောက်ပစ်လိုက် တူးပစ်လိုက် ဖယ်ပစ်လိုက်လို့၊ သုမေဓသ၊ ပညာရှိတောင်ပိုတူးနေတဲ့ တပည့်လုလင်အား။ အာစရိယော ပြဟ္မဏော၊ ဆရာ ပုဏ္ဏားက။ ဧဝံ၊ ဤသို့။ အဝေါစ၊ ကောင်းစွာမသွေ မိန့်ကြားခဲ့ပါပေတော့သတည်း။

သာဓု သာဓု သာဓုပါဘုရား။

ဆရာပြောတဲ့အတိုင်းအကျွန်ုပ် တောင်ပို့ကိုတူးပါတယ်၊ တံခါးပိတ်တဲ့မင်းတုပ်တစ်ခုရပါတယ်၊ ဆရာဟောဒီမှာတံခါးမင်းတုပ်ကြီး ဆရာ ပုဏ္ဏားက ဥက္ခိပ လဩိ်၊ တပည့်ရေ အဲဒီတံခါးပိတ်တဲ့မင်းတုပ်ကြီး ဘာမှအသုံးမချနဲ့၊ တူရွင်းပြားနဲ့ခပ်နာနာ အစိပ်စိပ်အမွှာမွှာဖြစ်အောင် ခွဲချပြီးတော့ ကောက်ပစ်လိုက်၊ စွန့်ပစ်လိုက် တံခါးမင်းတုပ်ကြီး ချပြီးတော့ထုတ်ပစ်၊ ဘုန်းကြီးတို့ပရိသတ်များ တံခါးမင်းတုပ်ကြီးကို အသုံးမပြုပါနဲ့တဲ့၊ အသုံးပြုရမှာလား၊ (မပြုရပါဘုရား) ပယ်နှုတ်ပစ်လိုက် ထုတ်ပစ်လိုက်တဲ့ ဆရာကပြောတယ်၊ ဆရာဆိုတာ ဘုရား၊ တူးဆွတဲ့ပညာရှိဆိုတာယောဂီ၊ တောင်ပို့ဆိုတာ ခန္ဓာကိုယ်၊ တူရွင်းဆိုတာ ပညာ၊ တူးတယ်ဆိုတာ ဝီရိယ၊ ဒါလေးများမှတ်မိပါစေ၊ ဤအချက်လေးများအစီအစဉ်တကျ ဘုန်းကြီးတို့ပရိသတ် အသေးစိတ်မဟုတ်တောင်မှ ဤခေါင်းစဉ်လောက်မှတ်မိရင် ဝမ်မိကသုတ်တစ်သုတ်လုံးခြုံမိသွားပါတယ်။ ယခု တံခါးမင်းတုပ်တွေ့တယ်၊ တူးပစ် ဖယ်ပစ် ပယ်ပစ် ချမ္းပြီးတော့ ထုတ်ပစ်လို့ဆိုလိုက်တယ်၊ အဲဒီတံခါးမင်းတုပ်ဆိုတာ ဘာများလဲလို့ အရှင်ကုမာရကဿပမထေရ်မြတ်က မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်အား မေးလျှောက်နေခြင်းပါဘဲ၊ ဒီတော့ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က လဩိဆိုတာကို အရှင်ကုမာရကဿပအား ဖြေရှင်းပြမလို့-

တံခါးပိတ်တဲ့မင်းကုပ်ဆိုတာ အဝိဇ္ဇာ

လဩိတိ ခေါ ဘိက္ခု အဝိဇ္ဇာယေတံ အဓိဝစနံ။ [၁]

ဘိက္ခု၊ ချစ်သားရဟန်း ဝါ ဘိက္ခု၊ ချစ်သားကုမာရကဿပ။ လဩိတိ ဧတံ အဓိဝစနံ၊ လဩိ လဩိ တံခါးမင်းတုပ် တံခါးမင်းတုပ်ဆိုသော ဤစကား

၁။ မ၊ ၁။ ၁၉၇

ဟာ။ အဝိဇ္ဇာယ၊ အဝိဇ္ဇာတရားရဲ့။ အဓိဝစနံ၊ အမည်ပါပေတည်း။ တံခါးပိတ်တဲ့မင်းတုပ်ဆိုတာ အဝိဇ္ဇာကိုပြောတာတဲ့၊ တံခါးပိတ်တဲ့မင်းတုပ်ဆိုတာဘာတဲ့၊

(အဝိဇ္ဇာပါဘုရား)

အမလေး တံခါးကြီးပိတ်ထား မင်းတုပ်ကြီးထိုးထားရင် ဖွင့်လို့ကို မရဘူး ဟာဒီမှာဝေဇယန္တာဓမ္မာရုံကြီး တံခါးတွေအကုန်ပိတ် မင်းတုပ်ထိုးသော့တွေခတ်လိုက် ပိတ်သွားရောမဟုတ်လား။ အတွင်းဘာရှိတယ်ဆိုတာမြင်ရသေးလား၊ (မမြင်ရပါဘုရား) ဒီသော့တွေ မင်းတုပ်တွေ မဖွင့်မချင်း ဒီဓမ္မာရုံထဲဝင်ခွင့်၊

(မရတော့ပါဘုရား)

ဝင်ခွင့်မရတော့ရင် ဒီဓမ္မာရုံထဲက ဘုရားရှင် ကိုယ်တော်မြတ်ကိုဖူးခွင့်၊ (မရတော့ပါဘုရား) ဓမ္မာရုံကြီးရဲ့အတွင်းပိုင်းကို ကြည်ညိုခွင့်မရတော့ဘူး။ အေး တံခါးပိတ်ထားရင် ဝင်ခွင့်မရလို့ဓမ္မာရုံထဲ ဘာရှိတယ်ဆိုတာမသိရသလိုဘဲ ဘုရားရှင်ကိုယ်တော်မြတ် ဓမ္မာရုံထဲကိန်းအောင်းတော်မူနေပေမယ့် မဖူးရသလိုပါဘဲ၊ အဝိဇ္ဇာဆိုတဲ့တံခါးမင်းတုပ်သည် ဟောဒီ ခန္ဓာကိုယ်တစ်ကိုယ်လုံးပိတ်ကာချထားမယ်ဆိုရင် ခန္ဓာမှာဘာရှိတယ်ဆိုတာမြင်ဦးမလား၊

(မမြင်တော့ပါဘုရား)။

အေး အဝိဇ္ဇာနဲ့မင်းတုပ်တဲ့၊ ဗြဟ္မာကြီးအစီအစဉ်တယ်ကောင်းတယ်ဗျာ၊ ဗြဟ္မာကြီးစီစဉ်ပြီးတော့ အရှင်ကုမာရကဿပကိုပေးသွားတာ၊ အရှင်ကုမာရကဿပကို ဗြဟ္မာကြီးစီစဉ်ပေးတာဟာ ဘာကြောင့်ပေးနိုင်တုန်းဆိုတော့ သူကိုယ်တိုင်ကအနာဂါမ်၊ သူကိုယ်တိုင်က၊

(အနာဂါမ်ပါဘုရား)။

ဟို ကဿပမြတ်စွာဘုရားသာသနာတော်တုန်းက အနှစ်နှစ်သောင်းအားထုတ်ထားတဲ့ရဟန်းနော်၊ နှစ်နှစ်သောင်းအားထုတ်ထားတဲ့ ရဟန်းတစ်ပါး အနာဂါမ်တည်ပြီးတော့ သုဒ္ဓါဝါသဗြဟ္မာပြည်ရောက်နေခဲ့တာ၊ ထိုသုဒ္ဓါဝါသဗြဟ္မာပြည်က အနာဂါမ်ဗြဟ္မာကြီးသည် ယခုအခါ အရှင်ကုမာရကဿပကို ဤမေးခွန်းတွေစီစဉ်ပြီးတော့ လာရောက်၍အပ်နှင်းတော်မူတယ်၊ အပ်နှင်းခဲ့တယ်၊ စီစဉ်ပြီးတော့အပ်နှင်းတဲ့မေးခွန်းတွေကို အရှင်ကုမာရကဿပ

မထေရ်သူမြတ်က ဘုရားကိုယ်တော်မြတ်ထံမှောက်လာရောက်ပြီးတော့ အဖြေတောင်းတယ်၊ ဒါ့ကြောင့် ဘုရားရှင်ကိုယ်တော်မြတ်က-

လဂိတိ ခေါ ဘိက္ခု အဝိဇ္ဇာယေတံ အဓိဝစနံ။

ဘိက္ခု၊ ချစ် သားရဟန်း ကုမာရကသပ။ လဂိတိ ဧတံ အဓိဝစနံ၊ လဂိ လဂိ တံခါးမင်းတုပ် တံခါးမင်းတုပ်ဆိုသော ဤစကားသည်။ အဝိဇ္ဇာယ၊ အဝိဇ္ဇာတရားရဲ့။ အဓိဝစနံ၊အမည်ပါပေတည်း။ ဥက္ခိပလဂိ၊ တံခါးမင်းတုပ်ကိုဖယ်လိုက် တံခါးမင်းတုပ်ကိုဖယ်လိုက် တစ်နည်း မင်းတုပ်ကိုဖွင့်လိုက်ဖွင့်လိုက်ဆိုတာက။ ပဇာဟ အဝိဇ္ဇံ။ အဝိဇ္ဇံ၊ အဝိဇ္ဇာတရားကို။ ပဇာဟ၊ ပယ်လိုက်လို့ဆိုတာ။ မင်းတုပ်ဖွင့်လိုက်ဆိုတာဟာ အဝိဇ္ဇာကိုပယ်လိုက်လို့ ပြောတာ။ မင်းတုပ်ဖွင့်ဆိုတာ၊

(အဝိဇ္ဇာကိုပယ်ခိုင်းတာပါဘုရား)။

တံခါးဖွင့်ဆိုတာ အဝိဇ္ဇာကိုပယ်လိုက်။

တံခါးပိတ်ထား အထဲဘာမှမမြင်ရသလိုဘဲ၊ အဝိဇ္ဇာနဲ့ပိတ်ကာထား ခန္ဓာထဲဘာရှိတယ်ဆိုတာ၊ (မမြင်ရပါဘုရား)။ အေးဒါကြောင့် တံခါးမင်းတုပ်သည် အဝိဇ္ဇာ၊ တံခါးပိတ်ထားရင် အတွင်းဘာရှိတယ်ဆိုတာမမြင်ရသလိုဘဲ အဝိဇ္ဇာနဲ့ခန္ဓာ ပိတ်ကာထားတော့ခန္ဓာထဲဘာမှန်းမသိရဘူး၊ ဒါကြောင့် ဥက္ခိပလဂိ၊ မင်းတုပ်ကြီးနှုတ်ပစ်ပယ်ပစ်ဆိုတာ၊ ပဇာဟ အဝိဇ္ဇံ၊ အဝိဇ္ဇာကို ပယ်ပစ်လိုက်လို့ပြောတာပါတဲ့၊ ဥက္ခိပ လဂိ၊ လဂိ၊တံခါးမင်းတုပ်ကို။ ဥက္ခိပ၊ ပယ်မြောက်လိုက် ပယ်ပစ်လိုက် စွန့်ပစ်လိုက်ဆိုတာက၊ ပဇာဟ အဝိဇ္ဇံ။ အဝိဇ္ဇံ၊ အဝိဇ္ဇာတရားကို။ ပဇာဟ၊ ပယ်နှုတ်ပါလေတော့လို့။ ဝုစ္စတိ၊ မုချကိန်းသေဆိုအပ်ပါသတည်း။

သာဓု သာဓု သာဓုပါဘုရား။

ဘုန်းကြီးတို့ပရိသတ် လိုရင်းနှစ်ချက်ရသွားတယ်၊ တံခါးမင်းတုပ်ဆိုတာ အဝိဇ္ဇာ၊ အိမ်ကြီးတစ်လုံး တံခါးပိတ် မင်းတုပ်လျှိုထားဖွင့်လို့မရ ဝင်လို့မရ အတွင်းဘာမှန်းမှ မသိရဆိုသလို ဘုန်းကြီးတို့ပရိသတ်များ သစ္စဉာဏ်ရဲ့ ရှေ့ကနေ အဝိဇ္ဇာဝင်ပြီးတော့ မင်းတုပ်ထိုးလိုက်ရင်တဲ့ သစ္စာတရားတွေမမြင်

တော့ဘူး၊ ဒါကြောင့် တံခါးမင်းတုပ်ကြီးဆွဲဖွင့်လိုက်ရမယ်ဆိုတာလိုဘဲ အဝိဇ္ဇာဆိုတဲ့မင်းတုပ်ကို ဆွဲဖြုတ်လိုက် ဖွင့်လိုက်၊ ဒီအခါ သစ္စဉာဏ်ပေါ်လာမယ်၊ အဝိဇ္ဇာဆိုတာ ဘာလဲဆိုရင် မျှားစွာပြောစရာရှိပေမယ့် တစ်ချက်မှတ်ထား။ အဝိဇ္ဇာဆိုတာ သစ္စာတရားကိုဖုံးကွယ်တာ၊ အဝိဇ္ဇာဆိုတာ၊

(သစ္စာတရားကို ဖုံးကွယ်တာပါဘုရား)

သစ္စာတရားဖုံးကွယ်ထားတာ အဝိဇ္ဇာ၊ အဝိဇ္ဇာမင်းတုပ်ကိုဆွဲဖြုတ်ရင် သစ္စာတရားတွေပေါ်လာတယ်နော်။ ဒါကြောင့်-

တတ္ထ ကတမာ အဝိဇ္ဇာ။ ဘုန်းကြီးတို့ ဝိဘင်းပါဠိတော်မှာ သုတ္တန္တဘာဇနီယခန်း အဝိဇ္ဇာပစ္စယာ သခါရာ၊ သခါရပစ္စယာ ဝိညာဏံဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်ကို ဝိဘင်းပါဠိတော် မြတ်စွာဘုရားဝေဘန်ပြီးတော့ဟောတဲ့အခါ-

အဝိဇ္ဇာဆိုတာဘာလဲ

တတ္ထ ကတမာ အဝိဇ္ဇာ၊ [၁]

တတ္ထ၊ ထိုအဝိဇ္ဇာပစ္စယာ သခါရာဟူသောစကားမှာ။ အဝိဇ္ဇာ၊ အဝိဇ္ဇာတရားဆိုတာ။ ကတမာ၊ အဘယ်လေနည်း။ အဝိဇ္ဇာပစ္စယာ သခါရာမှာ အဝိဇ္ဇာဆိုတာဘာဆိုလိုတာတုန်းဆိုတော့ အဖြေက-

ဒုက္ခေ အညာဏံ၊ ဒုက္ခသမုဒယေ အညာဏံ၊ ဒုက္ခနိရောဓေ အညာဏံ၊ ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ အညာဏံ၊ အယံ ဝုစ္စတိ အဝိဇ္ဇာ။ [၂]

ဒီလိုဟောထားတယ်။ ဘိက္ခဝေ၊ ပရိသတ်လေးပါး ချစ်သားချစ် သမီးတို့။ ဒုက္ခေ၊ ဒုက္ခတရား၌။ အညာဏံ၊ မသိခြင်း ဒုက္ခတရားမသိခြင်း။ ဒုက္ခသမုဒယေ၊ ဒုက္ခရဲ့အကြောင်းတရား၌၊ အညာဏံ၊ မသိခြင်း၊ ဒုက္ခရဲ့အကြောင်းမှန်ကိုမသိခြင်း နှစ်။ ဒုက္ခနိရောဓေ၊ ဒုက္ခချုပ်ငြိမ်းကြောင်း ဒုက္ခချုပ်ငြိမ်းရာ၌မသိခြင်း၊ ငြိမ်းကြောင်း ငြိမ်းရာနှစ်ခုစလုံး၊ ဒုက္ခရဲ့ချုပ်ငြိမ်းမှု၌ မသိခြင်းသုံး။ ဒုက္ခကိုမသိဘူး၊ ဒုက္ခဘာကြောင့်ဖြစ်ဆိုတာကိုမသိဘူး၊ ဒုက္ခချုပ်ငြိမ်းရာကိုမသိဘူး၊ ဒုက္ခချုပ်ငြိမ်းကြောင်းကိုမသိဘူး၊ ဒုက္ခနိရောဓဂါမိနိယာ ပဋိ

၁။ ၂။ အဘိ။ ၂။ ၁၄၂

ပဒါယ အညာဏံ အဝိဇ္ဇာ၊ ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ၊ ဒုက္ခချုပ်ငြိမ်းကြောင်းအကျင့်ကောင်း၌။ အညာဏံ၊ မသိခြင်းသည်။ အဝိဇ္ဇာ၊ အဝိဇ္ဇာတရား ဒုက္ခချုပ်အောင် ကျင့်ရမည့်လမ်းမှန်ကိုမသိခြင်းလည်းဘဲ အဝိဇ္ဇာ၊ ဒုက္ခချုပ်အောင်ကျင့်ရမည့် နည်းမှန်လမ်းမှန်ကိုမသိကြတာလည်းဘဲ၊

(အဝိဇ္ဇာပါဘုရား)

မသိမှုဘယ်နှစ်မျိုးရ၊

(လေးမျိုးပါဘုရား)။

အဲဒီ အမှန်တရားလေးပါးကို ကာထားတာ ပိတ်ထားတာ ဆို့ထားတာ စည်းထားတာ အဝိဇ္ဇာ၊ အမှန်တရားလေးပါး သစ္စာတရားလေးပါးကို ပိတ်ဆို့ကာဆီးထားတာ၊ ဘာတဲ့လဲ၊

(အဝိဇ္ဇာပါဘုရား)

ဒုက္ခေ အညာဏံ အဝိဇ္ဇာ ဒုက္ခဋ္ဌမသိခြင်းသည် အဝိဇ္ဇာတရား၊ ဒုက္ခသမုဒယေ အညာဏံ အဝိဇ္ဇာ၊ ဒုက္ခရဲ့အကြောင်းမှန်ဆိုသော ကိလေသာကို မသိခြင်းသည် အဝိဇ္ဇာတရား၊ ဒုက္ခနိရောဓေ အညာဏံ အဝိဇ္ဇာ၊ ဒုက္ခချုပ်ရာနိဗ္ဗာန်ကိုမသိခြင်းသည် အဝိဇ္ဇာ တရား၊ ဒုက္ခနိရောဓ ဂါမိနိယာ ပဋိပဒါယ အညာဏံ အဝိဇ္ဇာ၊ ဒုက္ခချုပ်ကြောင်း အကျင့်ကောင်းဆိုတဲ့မဂ္ဂင်ရှစ်တန်တရားမှန်ကိုမသိခြင်းသည် အဝိဇ္ဇာတရား၊ အယံ၊ ဤသစ္စာတရားလေးပါး မသိအောင် ဖုံးကွယ်သောသဘောကို။ အဝိဇ္ဇာတိ၊ အဝိဇ္ဇာဟူ၍။ ဝုစ္စတိ၊ မုချကိန်းသေဆိုအပ်ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

ဟော အဝိဇ္ဇာတရားဆိုတာ ဒုက္ခကို မသိအောင် ကာထားတယ်၊ ဒုက္ခတွေ ဘာကြောင့်ဖြစ်တယ်ဆိုတာက မသိအောင် ကာထားတယ် ပိတ်ထားတယ်၊ ဒုက္ခရဲ့ချုပ်ငြိမ်းရာနိဗ္ဗာန်ကို မသိမမြင်နိုင်အောင် ကာထားတယ်၊ ဒုက္ခချုပ်ကြောင်း အကျင့်ကောင်း လမ်းမှန်ကို မသိအောင် ပိတ်ကာထားတယ်၊ ဤလေးပါးသော အမှန်တရား ကာထားတာသည် အဝိဇ္ဇာတဲ့နော်။ မှန်လှပါဘုရား။ ဒါကြောင့်-

အသိနှစ်မျိုး

စတုန်နံ ဘိက္ခဝေ အရိယသစ္စာနံ အနနုဗောဓာ အပ္ပဋိဝေဓာ ဧဝမိဒံ ဒီဃမဒ္ဓါနံ သန္ဓာဝိတံ သံသရိတံ မမဉ္စေဝ တုမှာကဉ္စ။

"စတုန်နံ အရိယသစ္စာနံ၊ ယထာဘူတံ အဒဿနံ။
သံသရိတံ ဒီဃမဒ္ဓါနံ၊ တာသု တာသွေဝ ဇာတိသု။
တာနိ ဧတာနိ ဒိဋ္ဌာနိ၊ ဘဝနေတ္တိ သမူဟတာ။
ဥစ္ဆိန်နံ မူလံ ဒုက္ခဿ၊ နတ္ထိဒါနိ ပုနဗ္ဘဝေါ"တိ။ ၁

ဘိက္ခဝေ၊ ရဟန်းတော်များ အို့ချစ်သားတို့။ စတုန်နံ၊ လေးပါးကုန်သော။ အရိယသစ္စာနံ၊ အရိယာပုဂ္ဂိုလ်တို့ သိအပ်သောသစ္စာတရားတို့ကို။ (ဝါ) မြင့်မြတ်သောသစ္စာတရားတို့ကို။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ အနနုဗောဓာ၊ ထိုးထွင်း၍မသိခြင်းကြောင့်။ အနနုဗောဓာ၊ သိပြီးတော်မူကြတဲ့သစ္စာဉာဏ်၊ ရပြီးတော်မူကြတဲ့ အရှင်မြတ်တို့ ဟောတော်မူသည့်နည်း ပြတော်မူသည့်နည်းကို အစဉ်လျောက်၍မသိမမြင်နိုင်ကြသောကြောင့်။ အပ္ပဋိဝေဓာ၊ မိမိတို့ကိုယ်တိုင်ထိုးထွင်း၍မသိမမြင်ကြခြင်းကြောင့်။ အနနုဗောဓာ၊ ရှေးကသိသွားတဲ့ပုဂ္ဂိုလ်တွေပြောတဲ့အသိဉာဏ်ကို ဟောတဲ့အသိဉာဏ်ကို ပြတဲ့အသိဉာဏ်ကို အစဉ်လျောက်ပြီးတော့ နောက်ကမှန်းသိ အနုဗောဓသိ။ တကယ်သိတဲ့ပုဂ္ဂိုလ်တွေကပြောပြတာကို အနုမာနနည်းနဲ့မှန်းသိလိုက်တော့ အနုဗောဓသိ။ ကိုယ်တိုင်အားထုတ်လို့သိလိုက်တော့ပဋိဝေဓသိနော်။

အဲဒါကို ဘုန်းကြီးတို့ ဝိသုဒ္ဓိမဂ်အဋ္ဌကထာကြီးများကြတော့ ပစ္စက္ခသိဒ္ဓိနည်းနဲ့သိတာရယ်၊ အနုမာနသိဒ္ဓိနည်းနဲ့သိတာရယ်ဆိုပြီးတော့ သိဆိုတာကိုနှစ်မျိုးပြောတယ်။ ပစ္စက္ခသိဒ္ဓိနည်းနဲ့ တိုက်ရိုက်သိသွားတဲ့နည်းကို ပစ္စက္ခသိဒ္ဓိနည်းခေါ်တယ်၊ မှန်းဆပြီးတော့သိရတာ မှန်းဆသိပြီးတော့လည်းဘဲ အဲဒီမှန်းသိထားတဲ့အသိကိုတကယ်ယုံကြည်စိတ်ချပြီးတော့လက်ခံထားတယ် အဲဒါက အနုမာနသိဒ္ဓနည်းခေါ်ပါတယ်။ သစ္စာတရားသိဆိုတာ တိုက်ရိုက်ကိုယ်တိုင်သိ

၁။ ဒီ၊ ၂။ ၇၇

တာရယ် သိပြီးသူတို့ပြန်ဟောတာကို မှန်းပြီးတော့သိရတာရယ် ဘယ်နှစ်မျိုး၊
(နှစ်မျိုးပါဘုရား)။

သံသရာအရှည်ဆုံးပုဂ္ဂိုလ်ဆိုတာ

အနုဗောဓသိ ပဋိဝေဓသိ။ တစ်နည်း ပစ္စက္ခသိဒ္ဓိနည်း အနုမာနသိဒ္ဓိနည်း နှစ်နည်းပေါ့။ ပစ္စက္ခသိဒ္ဓိ ကိုယ်တိုင်တိုက်ရိုက်၊ အနုမာနသိပြီးသူတွေ ပြန်ဟောတာပြောတာကို နာရင်းကြားရင်း သင်ရင်းဖြင့်မှန်းသိတာ။ အနနုဗောဓာ၊ တစ်ဆင့်သိသောနည်းဖြင့်မသိကြသောကြောင့်။ အပ္ပဋိဝေဓာ၊ ကိုယ်တိုင်ကိုယ်ကျ ထိုးထိုး ထွင်းထွင်း မသိမမြင်ကြသောကြောင့်။ နှစ်နည်းစလုံးနဲ့မသိရင် သံသရာရှည်တယ်ဆိုတဲ့အဓိပ္ပါယ်၊ အဲဒီနှစ်နည်းတို့တွင် ပဋိဝေဓနည်းနဲ့ ကိုယ်တိုင်ကိုယ်ကျ တိုက်ရိုက်ထိုးထွင်းပြီးတော့မသိတောင်မှ အနုဗောဓသိဆိုပြီးတော့ ဆရာပြောလို့ ဟောလို့ မှန်းပြီးတော့သိတဲ့နည်းနဲ့ အနုမာနသိဒ္ဓိနည်းနဲ့သိထားဦးမယ်ဆိုရင် ဒီပုဂ္ဂိုလ်ဟာသံသရာမှာ သစ္စာဏ်ရဖို့ မကြာဘူးဗျ၊ ပစ္စက္ခသိ ပဋိဝေဓနည်းနဲ့မသိသေးဘူး၊ အနုမာနနည်း၊ အနုဗောဓနည်းနဲ့လည်းမသိသေးဘူး၊ နှစ်နည်းစလုံး ဘယ်နည်းနဲ့မှသိကိုမသိသေးဘူးဆိုရင်တော့ ဤပုဂ္ဂိုလ်ဟာ သံသရာမှာသူအရှည်ဆုံးဘဲ၊ ကိုယ်တိုင်ကိုယ်ကျ တိုက်ရိုက်ကြီး ပစ္စက္ခသိဒ္ဓိနည်း ပဋိဝေဓနည်းတို့နဲ့မသိသေးတောင်မှ အနုမာနမှန်းဆ၍သိခြင်း၊ အနုဗောဓ ဆရာပြောတာ ပြတာကို ယုံကြည်စိတ်ချပြီတော့ သိခြင်းဆိုတဲ့ အဲဒီသိနည်းလောက်နဲ့သိထားရင် ဒီပုဂ္ဂိုလ်အများကြီးသက်သာတယ်။ ဒါ့ကြောင့် မြတ်စွာဘုရားက-

စတုန္နံ ဘိက္ခဝေ အရိယသစ္စာနံ။ ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ စတုန္နံ အရိယသစ္စာနံ၊ အရိယသစ္စာတရားလေးပါးတို့ကို။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ အနနုဗောဓာ၊ မှန်းဆ၍မသိကြခြင်းကြောင့် (၀၊) ဆရာပြောတာ ပြတာကိုအစဉ်လျောက်၍မသိနိုင်ကြခြင်းကြောင့်။ ဆရာ ပြောပြသည်ကို အစဉ်လျောက်ပြီးတော့မသိနိုင်ကြခြင်းကြောင့်။ အပ္ပဋိဝေဓာ၊ ကိုယ်တိုင်ကိုယ်ကျ ထိုးထွင်းပြီးတော့လည်းဘဲ မသိမမြင်နိုင်ကြခြင်းကြောင့်။ နှစ်နည်းစလုံးနဲ့မသိကြဘူးဆိုရင်၊

အနနုဗောဓာ အပ္ပဋိဝေဓာ ဧဝမိဒံ ဒီဃမဒ္ဓါနံ သန္ဓာဝိတံ သံသရိတံ မမဉ္စေဝ တုမှာကဉ္စ။ [၁]

ဧဝံ၊ ဤသို့။ ဒီဃံ၊ ရှည်လျားလှစွာသော။ ဣမံ အဒ္ဓါနံ၊ ဤသံသရာကာလကြီးတစ်လျှောက်လုံး၊ ရှည်လိုက်တဲ့သံသရာ၊ ဧဝံ၊ ဤသို့။ ဒီဃံ၊ အစမထင် အစကိုရှာမရအောင် ရှည်လျားလှစွာသော။ ဣမံ အဒ္ဓါနံ၊ ဤသံသရာကာလတစ်လျှောက်လုံး။ မမဉ္စေဝ၊ ငါဘုရားရှင်ကိုယ်တော်မြတ်သည်လည်းကောင်း။ တုမှာကဉ္စ၊ သင်ချစ်သားတို့သည်လည်းကောင်း။ သန္ဓာဝိတံ၊ ထိုဘဝမှ ဤဘဝ၊ ဤဘဝမှ ထိုဘဝသို့ပြေးလွှားကျင်လည်ခဲ့ရလေပြီ။ သံသရိတံ၊ ယုတ်ညံ့တဲ့ဘဝမှ မြင့်မြတ်တဲ့ဘဝ၊ မြင့်မြတ်တဲ့ဘဝမှ ယုတ်ညံ့တဲ့ဘဝသို့ တဖြောင်းဖြောင်း တပြန်ပြန် ဆင်းချည်တက်ချည်နဲ့ကျင်လည်ခဲ့ရလေပြီ။ သစ္စာတရားလေးပါးကို အနုဗောဓသိ ပဋိဝေဓသိ အသိနှစ်ပါးနဲ့မသိကြဘူးဆိုရင် ဤကဲ့သို့ရှည်လျားလှစွာသော သံသရာကြီးမှာ စုန်ချည် ဆန်ချည်၊ ဆင်းချည် တက်ချည်၊ ဤဘဝမှထိုဘဝ၊ ထိုဘဝမှဤဘဝ၊ နိမ့်သောဘဝမှ မြင့်သောဘဝ၊ မြင့်သောဘဝမှ နိမ့်သောဘဝ၊ ယုတ်သောဘဝမှ မြတ်သောဘဝ၊ မြတ်သောဘဝမှ ယုတ်သောဘဝသို့။ သန္ဓာဝိတံ သံသရိတံ၊ တဖြောင်း ဖြောင်း တပြန်ပြန် ကျင်လည်ပြေးသွားခဲ့ရလေပြီ။

ဒုက္ခဆိုတာ ခန္ဓာ

ကတမေသံ စတုန္နံ (အရိယသစ္စာနံ)။

သိရမည့်သစ္စာတရားလေးပါးဆိုတာက ဘာတွေတဲ့တုန်း။ ဒုက္ခသဿ အနနုဗောဓာ၊ ဒုက္ခဆိုတာမသိခြင်းကြောင့်။ ဘာကိုမသိလို့၊

(ဒုက္ခကိုမသိလို့ပါဘုရား)

ဘုန်းကြီးတို့ပရိသတ် ဒုက္ခဆိုတာဘာလဲ၊

(ဆင်းရဲတာပါဘုရား)

ဟာ ဟုတ်ပြီ တော်တော်ကြေတယ်၊ အဲဒီအပိုဒ်တော့နော် ဒုက္ခဆိုတာ ဆင်းရဲတာတဲ့ ဟုတ်တယ်၊ အဲဒီ ဆင်းရဲတာက ဘာလဲပြီးပြီ အဲဒီကြတော့မှရပ်

၁။ ဒီ၊ ၂။ ၇၇

သွားတယ်။ ဘုန်းကြီးတို့ပရိသတ်များ နှုတ်ထဲရထားတဲ့စာဘဲဗျ သံခိတ္တောန ပဠုပါဒါနက္ခန္ဓာ ဒုက္ခာ၊ ဟိုးအဖျားကကောက်ပြီးတော့ ဓမ္မစကြာဒုက္ခသစ္စာခန်း နောက်နား ကောက်ရွတ်ကြည့်ပေါ့။

သံခိတ္တောန ပဠုပါဒါနက္ခန္ဓာ ဒုက္ခာ၊ အကျဉ်းချုပ်ပြရင် ဒုက္ခဆိုတာ ခန္ဓာတဲ့။ အကျဉ်းဆုံးပြောမယ် ဒုက္ခဆိုတာ၊ (ခန္ဓာပါဘုရား) ဟော ဒုက္ခဆိုတာ ဆင်းရဲတာလား ခန္ဓာလား၊ (ခန္ဓာပါဘုရား) ဟုတ်လား ဆင်းရဲတာနဲ့ ခန္ဓာနဲ့ တစ်ခြားစီလား၊ ခန္ဓာကို ဘုန်းကြီးတို့ပရိသတ်မြင်ရင် ဆင်းရဲတာ သေသေချာ ချာကိုမြင်ပြီပေါ့။ ဆင်းရဲတာနဲ့ခန္ဓာ ခန္ဓာနဲ့ဆင်းရဲကခွဲလို့ကိုမရဘူး၊ ခန္ဓာသည် ပင်လျှင်ဆင်းရဲနေတာ၊ ခန္ဓာသည်ပင်လျှင်၊

(ဆင်းရဲနေတာပါဘုရား)

ခန္ဓာကိုမြင်ရင် ဒုက္ခသစ္စာမြင်ပြီပေါ့။ ဘုန်းကြီးတို့ပရိသတ် ခန္ဓာကို မမြင်ဘူး သတ္တဝါကိုမြင်နေလို့ ဒုက္ခကိုမမြင်သေးတာ၊ ခန္ဓာနဲ့သတ္တဝါ အဲဒီမှာ လုံးနေတယ်နော်၊ ခန္ဓာဆိုတာဆင်းရဲတာ ဒါသဘောကျမှပေါ့။ ဆင်းရဲဆိုတာ ခန္ဓာမှာဘဲတဲ့ တစ်ခြားမရှိဘူးဗျ။

နတ္ထိ ခန္ဓသမာ ဒုက္ခာ။ [၁]

ခန္ဓသမာ၊ ခန္ဓာနှင့်တူသော။ ဒုက္ခာ၊ ဆင်းရဲဆိုတာ။ နတ္ထိ၊ မရှိနိုင်ကြဘူး။ ခန္ဓာနှင့်တူတဲ့ ဆင်းရဲဆိုတာ၊ (မရှိပါဘုရား) ခန္ဓာသည်အဆင်းရဲဆုံးဘဲ၊ လောကအဆင်းရဲဆုံးတရားပြောဆိုရင် ပြောတတ်ပြီခန္ဓာ၊

ခန္ဓာဘာကြောင့်ဆင်းရဲသလဲ

ခန္ဓာဘာကြောင့် ဆင်းရဲတုန်းဆိုလို့ရှိရင်၊

ခန္ဓာမှာဇာတိရှိတယ်၊ ခန္ဓာမှာဇရာရှိတယ်၊ ခန္ဓာမှာဗျာဓိရှိတယ်၊ ခန္ဓာမှာမရဏရှိတယ်၊ ခန္ဓာမှာသောကရှိတယ်၊ ပရိဒေဝရှိတယ်၊ ဒုက္ခရှိတယ်၊ ဒေါမနဿရှိတယ်၊ ဥပါယာသရှိတယ်၊ ဒါတွေမရှိဘူးလား၊

(ရှိပါတယ်ဘုရား)။

၁။ ဓမ္မပဒ၊ ၎။ ဒု။ ၁၆၉

ခန္ဓာက လောင်စာ၊ ဇာတိစသည်က မီးတောက်၊ ခန္ဓာက လောင်စာ၊ ဇာတိအစရှိတဲ့တစ်ဆယ့်တစ်ပါးကမီးတောက်၊ လောင်စာရှိရင် မီးလောင်တာပေါ့။ လောင်စာကုန်ရင်မီးငြိမ်းတယ်နော်၊ ခန္ဓာဆိုတဲ့လောင်စာရှိသမျှ ဇာတိအစရှိတဲ့ မီးတွေမတောက်ဘူးလား၊

(တောက်ပါတယ်ဘုရား)

အေး ဒီတော့ မီးဟာ ဘာကိုစွဲလောင်တုန်းဆိုရင် လောင်စာကိုစွဲလောင်တာ၊ အဲဒါကို ဘုန်းကြီးတို့ပရိသတ်များ လောင်စာနဲ့မီးတောက်၊ မီးတောက်နဲ့လောင်စာ ဒီနှစ်ခုတစ်ခါတည်းစွဲပြီးတော့လောင်နေပုံကို သဘောကျပြီးတော့ အော်ငါ့ခန္ဓာဟာလောင်စာတုံးကြီးဘဲ။ ဇာတိစသည်ကမီးတောက်တွေလို့ ဒါ ဆင်ခြင်ရမှာ၊ (မှန်လှပါဘုရား) အဲဒီဒုက္ခကိုမမြင်နိုင်ကြလို့ သန္ဓာဝိတံသံသရိတံ မမဆွေဝ တုမှာကဆွ ငါရော သူရော အကုန်လုံး သံသရာများစွာကျင်လည်ခဲ့ပြီလို့ မြတ်စွာဘုရားပြန်ဟောထားတာနော်၊

ဒီတော့ ဒုက္ခဆိုတာခန္ဓာ သဘောကျလိုက်တော့။ ခန္ဓာကိုဘာကြောင့် ဒုက္ခခေါ်တုန်း ခန္ဓာမှာ ဇာတိလည်းဘဲရှိတယ်၊ ကိုင်း ဇာတိဆိုတာ ဘာတုန်း၊ ဇာတိဆိုတာ

(မီးတောက်ပါဘုရား)

မီးတောက် ဟုတ်ပြီ၊ နောက်တစ်မျိုးပြောဦး စဉ်းစားကြဦးစို့တစ်ည အိပ်လောက် ဇာတိပိ ဇာတိပိဆိုပြီးဘော့ခမွမစကြာလည်း ခဏခဏရွတ်တယ် ဟုတ်လား၊ ဇာတိပိ ဒုက္ခာ မရွတ်ဘူးလား၊

(ရွတ်ပါတယ်ဘုရား)

အဲဒီဇာတိဆိုတာ ဘာများပါလိမ့်မလဲဆိုရင် ဇာတိဆိုတာလေ-

ကတမာ စ ဘိက္ခဝေ ဇာတိ။ ယာ တေသံ တေသံ သတ္တာနံ တမ္ဟိ တမ္ဟိ သတ္တနိကာယေ ဇာတိ သဉ္ဇာတိ ဩက္ကန္တိ အဘိနိဗ္ဗတ္တိ ခန္ဓာနံ ပါတုဘာဝေါ အာယတနာနံ ပဋိလာဘော။ အယံ ဝုစ္စတိ ဘိက္ခဝေ ဇာတိ။ [၁]

မဟာသတိပဋ္ဌာန်သုတ်ဒုက္ခသစ္စာခန်းမှာ။ ဓမ္မစကြာဒေသနာတော်

၁။ ဒီ၊ ၂။ ၂၄၃

က ဇာတိပိ ဒုက္ခာ ဒီလောက်ဟောတယ်။ မဟာသတိပဋ္ဌာနသုတ် ဒုက္ခသစ္စာ နိဒ္ဒေသအကျယ်ပြတဲ့ကာလကြတော့ ဘုရားရှင်ကိုယ်တော်မြတ်က ဇာတိပိ ဒုက္ခာ ပဉ္စုပါဒါနက္ခန္ဓာတွေဆင်းရဲဆိုတာ ဘယ်လိုတုန်းဆိုရင်။

ကတမာ စ ဘိက္ခဝေ ဇာတိ။ ယာ တေသံ တေသံ သတ္တာနံ တမ္ပိ တမ္ပိ သတ္တာနိကာယေ ဇာတိ သဉ္ဇာတိ ဩက္ကန္တိ အဘိနိဗ္ဗတ္တိ ခန္ဓာနံ ပါတုဘာဝေါ အာယတနာနံ ပဋိလာဘော။ အယံ ဝုစ္စတိ ဘိက္ခဝေ ဇာတိ။

အာယတနာနံ ပဋိလာဘော၊ အာယတနတစ်ဆယ့်နှစ်ပါးရတာ ဇာတိ၊ **ခန္ဓာနံပါတုဘာဝေါ**။ ခန္ဓာငါးပါးဖြစ်တာဇာတိ၊ အာယတနတွေဖြစ်တာ၊ (ဇာတိပါဘုရား)။ ခန္ဓာတွေဖြစ်တာ၊ (ဇာတိပါဘုရား)။ လိုရင်းကိုင်လိုက်ပါ ခန္ဓာနံ ပါတုဘာဝေါ ဒီအချက်မမေ့လိုက်နဲ့၊ ခန္ဓာနံ၊ ခန္ဓာတို့ရဲ့။ ပါတုဘာဝေါ၊ ဖြစ်ဆိုတာ ဇာတိတဲ့ဟုတ်လား၊ ခန္ဓာတို့ရဲ့ဖြစ်တာဘာပါလိမ့်၊ (ဇာတိပါဘုရား)။ ဖြစ်ပြီးရင်းဖြစ်တဲ့သဘော နဂိုအတိုင်းမနေဘဲနဲ့ ပြောင်းသွားတာက ဇရာ၊ ပြောင်းတိုင်း ပြောင်းတိုင်းနှိပ်စက်နေတာက ဗျာဓိ၊ ပြောင်းပြီးရင်ပျက်တယ် ဆိုတာက မရဏာ၊ ဒီလေးခုစလုံးက ခန္ဓာမှာရှိတာနော်။ ဖြစ်တယ်ဆိုတာရယ် ပြောင်းသွားတယ်ဆိုတာရယ် နှိပ်စက်တယ်ဆိုတာရယ် ပျက်စီးတယ်ဆိုတာရယ် ဘယ်နှစ်မျိုးလဲ၊ (လေးမျိုးပါဘုရား)။

အဲဒါကို ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခာ၊ မရဏာမွိ ဒုက္ခံ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခောလို့ ဒီလို ဆက်ပြီးတော့ ဟောပါတယ်။ ဇာတိ ဖြစ်မှုသဘော၊ ဇရာ ပြောင်းလဲမှုသဘော၊ ဗျာဓိ နှိပ်စက်မှုသဘော၊ မရဏံ ပျက်စီးမှုသဘော၊ အဲဒီလေးခုစလုံးဟာ ခန္ဓာထဲစုနေကြတယ်၊ ခန္ဓာတို့ရဲ့ဖြစ်စ ဇာတိ၊ ဖြစ်လယ်က ဇရာ၊ ဖြစ်ဆုံးတော့ မရဏာ။ အဲဒီ အစ အလယ် အဆုံးသုံးချက်လုံးမှာ တစ်လျှောက်လုံးနှိပ်စက်နေတာက ဗျာဓိ၊ စဖြစ်ကတည်း ကိုကနှိပ်စက်တယ်၊ ဖြစ်တဲ့ခန္ဓာအလယ်ပိုင်းရောက်တော့လဲ နှိပ်စက်တယ်၊ ပျက်စီးတဲ့အချိန်ကြတော့လဲ၊

(နှိပ်စက်ပါတယ်ဘုရား)

တစ်လျှောက်လုံးနှိပ် စက်နေတာဘာခေါ်၊ (ဗျာဓိပါဘုရား) ဖြစ်တာက

ဇာတိ၊ ပြောင်းသွားတာက ဇရာ၊ ပျက်စီးသွားတာက မရဏာ၊ အော်ပျက်ပြီးတော့ နောက်ပြန်မဖြစ်ဘူးလား၊ (ဖြစ်ပါတယ်ဘုရား) ဖြစ်ပြန်တာဘဲ။

သံသရာဆိုတာဘာလဲ

ခန္ဓာနံ ပါတုဘာဝေါ အဲဒီလို တစ်ဖြစ်ပြီးတစ်ဖြစ်၊ တစ်ဖြစ်ပြီးတစ်ဖြစ် တစ်ပျက်ပြီးတစ်ပျက်၊ ဟိုး ဖြစ်လိုက် ပျက်လိုက်နဲ့ တစ်ခါတည်းအစဉ်အတန်း ကြီးပြောင်းပြီးတော့ တစ်ပြောင်းလဲလဲ ပြောင်းလဲ ပြောင်းလဲပြီးတော့သွားနေတာကြီးကို ဘာခေါ်တုန်းဆိုတော့ သန္ဓာဝိတံ သံသရိတံ၊ ပြောတော့ဘဝ တစ်ခုမှ တစ်ခုသို့ပြောင်းတယ် တကယ်သေသေချာချာကြည့်မယ်ဆိုရင် ခန္ဓာတစ်ခုပြီးတစ်ခု တစ်ခုပြီးတစ်ခု ဖြစ်ပြီးတော့ပြောင်းနေတယ်၊ ပြောင်းပြီးတော့ ပျက်နေတယ်၊ ပျက်ပြီးတော့ပြန်ဖြစ်တယ်၊ ဖြစ်ပြီးတော့ပြောင်းတယ်၊ ပြောင်းပြီးတော့ ပျက်တယ်၊ ပျက်ပြီးတော့ပြန်ဖြစ်တယ် အဲဒါကို သံသရာခေါ်တယ်။

ခန္ဓာနဉ္စ ပဋိပါဋိ၊ ဓာတုအာယတနာန စ။
အဘ္ဘောစ္ဆိန်နံ ဝတ္တမာနာ၊ **သံသာရော**တိ ပဝုစ္စတီတိ။ [၁]

ခန္ဓာ အာယတန ဓာတ်တွေ တလစပ်ဖြစ်ပြီးတော့ပျက်၊ ပျက်ပြီးတော့ ပြန်ဖြစ် ဖြစ်တာတွေပျက်လိုက် ပျက်တဲ့နေရာမှာအစားပြန်ဖြစ်လိုက်နဲ့ တလစပ်ကြီးသွားပြီးတော့နေတာသံသရာနော်၊ အဲဒီသံသရာကို ဘုန်းတော်ခြောက်ပါးသခင်ဘုရားရှင်ကိုယ်တော်မြတ်က ဒုက္ခလို့ဒီလိုဟောထားတာ၊ ဓမ္မစကြာဒေသနာတော်ကတော့ ဇာတိပိဖြစ်ဆိုတာလည်းဘဲဒုက္ခ၊ ဇရာပိ ပြောင်းလဲဆိုတာလည်းဘဲ ဒုက္ခ၊ ဗျာဓိပိနှိပ်စက်ဆိုတာလည်း ဒုက္ခ၊ မရဏမိပျက်တယ်သေတယ်ဆိုတာလည်း ဒုက္ခ၊ အဲဒီဒုက္ခတွေ အကုန်လုံးစုပြီးတော့ ဘယ်ထဲအောင်း၊ ခန္ဓာထဲအောင်းတယ်နော်၊ သောကစိုးရိမ်တယ်ဆိုတာလည်းဘဲ ခန္ဓာဘဲ ဝေဒနာကခန္ဓာ၊ ပရိဒေဝငိုကြွေးတယ်ဆိုတာလည်း၊ (ခန္ဓာပါဘုရား) ဟောသူက ဝေဒနာကခန္ဓာ မဟုတ်လား၊ သောက ပရိဒေဝ အဲဒီတရားတွေဟာ အကုန်လုံးဘယ်ထဲဝင်တုန်း ဝေဒနာကခန္ဓာ၊ သောက စိုးရိမ်ခြင်း ပရိဒေဝ ငိုကြွေးခြင်း၊ ဒုက္ခ ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း၊ ဥပါယာသ ပင်ပန်းပြီးတော့နေကြခြင်း၊ အကုန်လုံးပေါင်းလိုက်ရင် အဲဒါလည်းဘဲ ဝေဒနာကခန္ဓာထဲဝင်တာနော်။

၁။ ဒီ၊ ၄၊ ၂။ ၈၆

ချစ်ခြင်းမုန်းခြင်းမကင်းသမျှ တွေ့ရတဲ့ဒုက္ခ

ဒါကြောင့် သံခိတွေနေ အကျဉ်းချုပ်လိုက်တော့ ပဋ္ဌပါဒါနက္ခန္ဓာ တဏှာနဲ့စွဲထားတဲ့ခန္ဓာ ဒဋ္ဌနဲ့စွဲထားတဲ့ခန္ဓာမှန်သမျှ ဒုက္ခ၊ တဏှာနဲ့စွဲထားတဲ့ခန္ဓာတွေ၊ (ဒုက္ခပါဘုရား) ဒိဋ္ဌနဲ့စွဲထားတဲ့ခန္ဓာတွေ ဒုက္ခ။

အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော မုန်းတာနဲ့တွဲရတော့ဒုက္ခ။

ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ချစ်တာနဲ့ခွဲရတော့ ဒုက္ခ။ နှစ်ခုနော်၊ ချစ်တာနဲ့ခွဲရတော့ ဒုက္ခ။ မုန်းတာနဲ့တွဲရတော့ ဒုက္ခ။ အဲဒီဒုက္ခနှစ်ခုစလုံး ဘုန်းကြီးတို့ပရိသတ်ရချင်သလား မရချင်ဘူးလား၊

(မရချင်ပါဘုရား)

ချစ်တဲ့သူနဲ့ခွဲရတဲ့ဒုက္ခလည်းမကြုံချင်ဘူး၊ မုန်းတဲ့သူနဲ့တွဲရတဲ့ဒုက္ခလည်းမကြုံချင်ဘူး၊ ဒါဖြင့် ဘယ်နှယ်လုပ်မလဲ၊ ချစ်ခြင်း မုန်းခြင်းကင်းအောင် အားထုတ်၊ အချစ်မကင်းသမျှ ချစ်သူနဲ့ခွဲရတဲ့ဒုက္ခဟာ အမြဲတမ်းတွေ့ မှာဘဲ၊ အမုန်းမာတ်ဆိုတဲ့ဒေါသမကုန်သေးသမျှ မုန်းသူနဲ့တွဲရတဲ့ ဒုက္ခလည်း၊ (တွေ့မှာပါဘုရား) ကိုယ်ကဒေါသနဲ့ ဟိုလူ့မုန်း ဒီလူ့မုန်းဆိုရင် မုန်းတဲ့သူနဲ့ အမြဲတမ်းတွဲနေရမယ်ဆိုတာသေချာတယ်၊

ဒေါသတွေရှိလို့ လူတကာကိုမုန်းနေတဲ့ပုဂ္ဂိုလ်ဟာ အမြဲတမ်းမုန်းသူနဲ့တွဲနေရတဲ့ **အပ္ပိယ သမ္ပယောဂဒုက္ခ**တဲ့ ခံရတယ်၊ ဟုတ်လား၊ ဟာ ဒို့တောကွာ အမုန်းတရားမရှိပါဘူး၊ အချစ်တရားချည်းဘဲရှိပါတယ်ဆိုရင်လည်း၊ အေး ချစ်တဲ့သူနဲ့ခွဲရတဲ့ဒုက္ခခံရလိမ့်ဦးမယ်၊ ချစ်တဲ့သူနဲ့လည်းမခွဲချင်၊ မုန်းတဲ့သူနဲ့လည်းမတွဲချင် ဒီလိုမဟုတ်လား။။ ချစ်တဲ့သူနဲ့မခွဲချင်ရင် နဂိုကတည်းကိုက ချစ်တဲ့သူနဲ့မတွဲလိုက်နဲ့ဗျာ၊ ဟုတ်လား၊ နဂိုကတည်းကိုကချစ်သူနဲ့မတွဲရင် ဘယ်တော့မှ ချစ်သူနဲ့ခွဲကိုမခွဲရဘူး၊ တွဲထားတဲ့သူတွေက တော့ခွဲရမှာဘဲ၊ မဟုတ်ဘူးလား၊ ဘုန်းကြီးတို့ပရိသတ်က ဘယ်လိုထဲရောက်နေလဲ ခွဲရမည့်အထဲတော့ ရောက်ပြီထင်တယ်၊ ရောက်နေပြီလား၊

(မှန်ပါဘုရား)

အမလေး အဲဒါဆို ဒုက္ခ၊

မာ ပိယေဟိ သမာဂဆ္ဆိ၊ အပ္ပိယေဟိ ကုဒါစနံ၊
ပိယာနံ အဒဿနံ ဒုက္ခံ၊ အပ္ပိယာနဉ္စ ဒဿနံ။ [၁]
ဓမ္မပဒမှာ ဘိက္ခဝေ၊ ရဟန်းတော်များအိုချစ်သားတို့။ ပိယေဟိ၊ ချစ်သောသူတို့နှင့်များ။ မာ သမာဂဆ္ဆိ၊ မပေါင်းဖော်ကြနဲ့။ ချစ်တဲ့သူနဲ့များအတူတကွမပေါင်းကြပါနဲ့။ ဘာ့ကြောင့်လဲ ဒုက္ခဖြစ်မှာစိုးလို့။ ဘာဒုက္ခလည်းလို့မေးရင် ပိယဝိပ္ပယောဂဒုက္ခ၊ ပိယဝိပ္ပယောဂဒုက္ခဖြစ်မှာစိုးလို့ ချစ်တဲ့သူနဲ့များမတွဲပါနဲ့၊ ပိယေဟိ၊ ချစ်သောသူတို့နှင့်များ။ မာ သမာဂဆ္ဆိ၊ မပေါင်းဖော်ကြနဲ့။ ချစ်တဲ့သူနဲ့မပေါင်းရဘူးဆိုရင် မုန်းတဲ့သူနဲ့ကောဆိုတော့၊ အပ္ပိယေဟိ ကုဒါစနံ။ အပ္ပိယေဟိ၊ မချစ်လုံးလုံးမုန်းရမည့်သူတို့နှင့်လည်းဘဲ။ မာ သမာဂဆ္ဆိ၊ ဘယ်တော့မှမပေါင်းလိုက်ကြပါနဲ့။ မုန်းရမည့်သူနဲ့လည်းမတွဲပါနဲ့၊ ချစ်တဲ့သူနဲ့လည်းဘဲ မတွဲပါနဲ့။ မုန်းသူရော ချစ်သူရောနှစ်ယောက်စလုံး မပေါင်းနဲ့၊ ပိယာနံ အဒဿနံ ဒုက္ခံ၊ ပိယာနံ၊ ချစ်သောသူတို့ကို။ အဒဿနံ၊ မမြင်ရခြင်းသည်။ ဒုက္ခံ၊ ဒုက္ခလာလိမ့်မယ်။ ချစ်သူကိုမမြင်ရရင် ခွဲရရင် ဒုက္ခဝေဒနာလာမယ်၊ အပ္ပိယာနဉ္စ ဒဿနံ။ အပ္ပိယနံ၊ မုန်းတဲ့သူတို့ကို။ ဒဿနံ၊ တွေ့ရပြန်တော့လည်းဘဲ။ ဒုက္ခံ၊ ဒုက္ခဝေဒနာလာလိမ့်မယ်။ ချစ်သူနဲ့ခွဲရရင်ဒုက္ခ၊ မုန်းတဲ့သူနဲ့တွဲရရင်လဲ ဒုက္ခ။ အဲဒီတော့ ချစ်ခြင်းမုန်းခြင်းကင်းမှသက်သာမယ်မဟုတ်လား၊

ချစ်ခြင်း မုန်းခြင်း ဘာကြောင့်ဖြစ်

အေး ချစ်ခြင်းမုန်းခြင်းဆိုတာ ဘာကြောင့်ဖြစ်တုန်း။ ပိယာပိယ ပိယနဲ့အပ္ပိယ ချစ်ခြင်းမုန်းခြင်းဆိုတဲ့သဘောတရားဟာ ဘာကြောင့်ဖြစ်တုန်းဆိုလို့ရှိရင် ဘုန်းကြီးတို့ပရိသတ်အပေါင်း သူတော်ကောင်းတို့ သက္ကပဉ္ဉာသုတ္တန်မှာကျိအဓိပ္ပါယ်အကျယ်ပါမယ်ပေါ့။

ပိယာပ္ပိယံ ပန မာရိသ ကိံ နိဒါနံ ကိံ သ မုဒယံ ကိံ ဇာတိကံ ကိံ ပဘဝံ။ [၂]

မာရိသ၊ အို အချင်းမြတ်စွာဘုရား။ ပိယာပ္ပိယံ၊ ချစ်ခြင်းမုန်းခြင်းဆိုတာ။ ကိံ နိဒါနံ၊ အဘယ်အကြောင်းရှိပါသ နည်း။ ကိံ သမုဒယံ၊ အဘယ်

၁။ ဓမ္မပဒ။ ၄၄။ ၂။ ဒီ၊ ၂။ ၂၂၁

ကြောင့်ဖြစ်ပါသနည်း။ ကီ ဇာတိကံ၊ ဘယ်ကစ၍ ဖြစ်ပါသနည်း။ ကီ ပဘဝံ၊ ဘယ်မှာအကြောင်းရင်းရှိပါသနည်း။ ချစ်ခြင်း မုန်းခြင်းဆိုတာ ဘယ်ကစတင်၍ဖြစ်ပါသလဲလို့ ဒေဝါနမိန္ဒော၊ နတ်တို့ကိုအစိုးရသော။ သက္ကော၊ သိကြားမင်းသည်။ ဘဂဝန္တံ၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့်ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားကို။ အပုစ္ဆိ၊ သိလိုရေးနှင့်မေး လျှောက်ခဲ့ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

ပိယာပိယံ၊ ချစ်ခြင်းမုန်းခြင်းဆိုတဲ့သဘောသည် ဘာကြောင့်ဖြစ်တုန်းလို့ သိကြားမင်းကြီး မြတ်စွာဘုရား မေးဘူးတယ်နော်၊ ဒီတော့ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က၊

ချစ်ခြင်း မုန်းခြင်း ဆန္ဒကြောင့်ဖြစ်

ပိယာပိယံ ခေါ ဒေဝါနမိန္ဒ ဆန္ဒနိဒါနံ ဆန္ဒသမုဒယံ ဆန္ဒဇာတိကံ ဆန္ဒပဘဝံ။ [1]

မာရိသ၊ ဆင်းရဲခြင်းကင်း အိုအချင်းနတ်သား။ ပိယာပိယံ၊ ချစ်ခြင်းမုန်းခြင်းဆိုတာ။ ဆန္ဒနိဒါနံ၊ ဆန္ဒလျှင်အကြောင်းရင်းရှိပါတယ်။ ဆန္ဒသမုဒယံ၊ ဆန္ဒကြောင့်ဖြစ်တယ်။ ဆန္ဒဇာတိကံ၊ ဆန္ဒမှစ၍ဖြစ်တယ်။ ဆန္ဒပဘဝံ၊ ဆန္ဒလျှင်အစအမွန်ဖြစ်တယ်။ ချစ်ခြင်းမုန်းခြင်းဆိုတာ ဆန္ဒကြောင့်ဖြစ်တာ အချစ်အမုန်းဘာကြောင့်ဖြစ်၊

(ဆန္ဒကြောင့်ဖြစ်တာပါဘုရား)။

ဆန္ဒရှိရင် ချစ်ခြင်း မုန်းခြင်းဆိုတာဖြစ်တယ်။ ဆန္ဒအလိုပြည့်တော့ ချစ်သပေါ့၊ ဆန္ဒအလိုမပြည့်တော့မုန်းသပေါ့၊ အလွယ်ဆုံးမှတ်လိုက်၊အလိုပြည့်ရင်ချစ်ခြင်းဖြစ်တယ်၊ အလိုမပြည့်ရင်မုန်းခြင်းဖြစ်တယ်၊ ဟင်အလိုပြည့်တော့၊

(ချစ်ခြင်းဖြစ်ပါတယ်ဘုရား)။

အလိုမပြည့်တော့၊

(မုန်းခြင်းဖြစ်ပါတယ်ဘုရား)။

၁။ ဒီ၊ ၂။ ၂၂၁

အော် အချစ်အမုန်း ဒီတရားနှစ်ပါးစလုံးဟာ ဆန္ဒမှာအကြောင်းရင်းရှိတယ်တဲ့။ သက္ကပဉ္ဉာသုတ္တန်မှာ သိကြားက မြတ်စွာဘုရားမေးတော့ ဘုရားကိုယ်တော်မြတ်ကဤကဲ့သို့ဖြေထားတယ်နော်။ ဤအဓိပ္ပါယ်တို့ရဲ့အကျယ်ကို ဘုန်းကြီးတို့ သက္ကပဉ္ဉသုတ္တန်တရားတော်မှာ ကျယ်ကျယ်ပြန့်ပြန့်ဟောထားပါတယ်။ ဒီနေရာ ယခုအခါ ဘာကြောင့်ဘုန်းကြီးတို့ထည့်ပြောလိုက်တုန်းဆိုတော့ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော ချစ်သူနဲ့ခွဲရတဲ့ဒုက္ခ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ မုန်းသူနဲ့တွဲရတဲ့ဒုက္ခ၊ ချစ်သူနဲ့ကွဲရတဲ့ဒုက္ခ၊ မုန်းသူနဲ့တွဲရတဲ့ဒုက္ခ ဒီဒုက္ခဟာဘယ်မှာအကြောင်းရင်းရှိတုန်းဆိုတာကို ဘုန်းကြီး တို့ပရိသတ်အားပြောတော့ ဆန္ဒမှာအကြောင်းရင်းရှိတယ်လို့ဆိုလိုတာ၊ အဓိပ္ပါယ်အကျယ်များ သက္ကပဉ္ဉသုတ္တန်မှာ နာကြားပေါ့။

ဒီတော့ရင် ဘုန်းကြီးတို့ပရိသတ်အပေါင်းသူတော်ကောင်းတို့ ချစ်သူနဲ့ခွဲရတော့လည်းဘဲဒုက္ခဘဲ၊ မုန်းသူနဲ့တွဲရတော့လည်းဘဲ၊ (ဒုက္ခပါဘုရား)။ အဲဒီဒုက္ခဝေဒနာဆိုတာ ဝေဒနက္ခန္ဓာဘဲမဟုတ်လား၊ (မှန်လှပါဘုရား)။ ဆန္ဒဆိုတဲ့အကြောင်းသမုဒယကလည်းဘဲ သခ်ၤါရက္ခန္ဓာထဲမနေဘူးလား၊ (နေပါတယ်ဘုရား)။ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ၊ အကျဉ်းချုပ် အကုန်လုံးဒုက္ခထဲပါတယ်နော်၊ ယမ်ပို့စ် န လဘတိ တမ်ပို ဒုက္ခံတဲ့။ ယံ၊ အကြင်ဝတ္ထုကို။ ကာမံ ကာမစ္ဆန္ဒော၊ လိုလားပါလျက်။ နလဘတိ၊ မရ။ တံ၊ ထိုလိုတိုင်းမရခြင်းသည်။ ဒုက္ခံ၊ ဒုက္ခ။ လိုချင်တိုင်းမရတာ၊ (ဒုက္ခပါဘုရား)။

ဘုန်းကြီးတို့ပရိသတ် ဘာတွေကိုဘယ်လောက်လိုချင်လဲ မြင့်မိုရ်တောင်လောက်ပုံပေးရင်ကျေနပ်မလား၊ ဘာတွေပုံပေးမယ်တော့မသိဘူး၊ ပေးမယ် မြင့်မိုရ်တောင်လောက် အဲဒီလောက်ရရင်ကျေနပ်မလားဆိုတော့ အော် မြင့်မိုရ်တောင်တစ်လုံးနည်းသေးတယ်၊ နှစ်လုံးစားလောက်မှကျေနပ်မယ်၊ နှစ်လုံးစာလောက်ကြီးပေးတော့ အောင်မယ်နည်းသေးတယ်၊ ကိုယ်တော် သုံးလုံးစာလောက်လုပ်ပါ ဒီလိုလာမှာ၊ (မှန်ပါဘုရား)။ တစ်ပေးပြီးရင် နှစ်ပေးပါဦး၊ နှစ်ပေးရင် သုံးပေးပါဦး အို လောဘရဲ့သဘောဟာ နှုတ်ခမ်းမသတ်ဘူးတဲ့၊ အဆုံးမရှိဘူး ဘယ်တော့မှအလိုပြည့်မလဲဆိုတော့ လောဘကုန်ရင်အလိုပြည့်တယ်။ ဘယ်တော့အလိုပြည့်၊

(လောဘကုန်ရင်ပါဘုရား)။

လောဘမကုန်သမျှတော့ အလိုမပြည့်ကြတဲ့အတွက်ကြောင့်ဒုက္ခ ချည်းသွားမှာဘဲ၊ လောဘမကုန်သမျှ အလိုမပြည့်ကြလို့ ဘယ်လိုဖြစ်ကြ၊ (ဒုက္ခဖြစ်မှာပါဘုရား)။

ယမ်မိစ္ဆံ နလာဘီ တမိ ဒုက္ခံ၊ လိုတိုင်းမရတဲ့ဒုက္ခဆိုတာဟာ လောဘ သည်အကြောင်းရင်းနော်။

ဆန္ဒဆိုတာ တရုဏာတဏှာ

ချစ်ခြင်းမုန်းခြင်းဆိုတာ ဆန္ဒသည်အကြောင်းရင်း။ ဆန္ဒဆိုတာ ဘာ လဲမေးရင် တရုဏာတဏှာဘဲ။ ဆန္ဒဆိုတာ ဒီနေရာသိမ်မွေ့နူးညံ့သောတဏှာ ကိုယူရပါတယ်။ ဒီတော့ ဘုန်းကြီးတို့ပရိသတ်အပေါင်းသူတော်ကောင်းတို့ သမူ ဒယသစ္စာ တဏှာလောဘဆိုတာ ဒီနေရာပေါ်လာတယ်၊ **ယမ်မိစ္ဆံ နလာဘီ တမိ ဒုက္ခံ** ငါလိုတိုင်းမရရင် ဒုက္ခ၊ အလိုမကျရင် ဒုက္ခ၊ အလိုမပြည့်ရင် ဒုက္ခ၊ အလိုပြည့်ပြီးပြန်ရင်အဲဒီပြည့်စုံနေတဲ့အလိုတွေပျက်ကုန်ပြန်တော့လည်းဘဲ ဒုက္ခ။ ဟော ဒုက္ခဘယ်မှမလွတ်နိုင်ဘူးနော်၊ အဲဒီဒုက္ခတရားတွေဘယ်မှာ အကုန်လုံးစုတုန်းဆိုလို့ရှိရင် ခန္ဓာမှာလာစုတာ။ ဘယ်မှာလာစုလဲ၊

(ခန္ဓာမှာပါဘုရား)။

ဒီတော့ ခန္ဓာသည်လောင်စာတဲ့၊ ခန္ဓာက၊

(လောင်စာပါဘုရား)။

ဖြစ်ပေါ်တဲ့ဒုက္ခဆိုတာတွေ မီးတောက်၊ ခန္ဓာကိုမှီပြီးတော့ဖြစ်တဲ့ဒုက္ခ တရားတွေက မီးတောက်တွေ၊ လောင်စာရှိရင် မီးလောင်သလိုဘဲ ခန္ဓာရှိရင် ဒုက္ခဆိုတဲ့မီးတွေလောင်တယ်ပေါ့နော်။

အဲဒီ ဒုက္ခဆိုတဲ့ခန္ဓာလောင်စာရယ်၊ ဒုက္ခဆိုတဲ့ခန္ဓာလောင်စာမှာ တောက်လောင်နေတဲ့မီးတွေရယ် ဤနှစ်မျိုးကို အညာဏံ၊ မသိခြင်းသည် ဝါ မသိအောင်ပိတ်ကာ၍ထားခြင်းသည်။ အဝိဇ္ဇာ၊ အဝိဇ္ဇာတရား။ ဤဒုက္ခသစ္စာ ကြီးကိုမသိအောင် ပိတ်ကာထားခြင်းသည်အဝိဇ္ဇာတရား၊ သူ မင်းတုပ်ချထား

တာ တံခါးပိတ်ထားတာနော်၊ ဉာဏ်ကအဲဒီခန္ဓာထဲဝင်ချင်တယ် အဝိဇ္ဇာက မင်းတုပ်ချပြီး တံခါးသေသေချာချာပိတ်ထားတော့ ဉာဏ်ဝင်လို့ရသေးလား၊ (မရပါဘုရား)။ ဟာ တူရွင်းပြားကိုင် တူးမလို့ကြိုးစားလိုက်တာ တံခါးပိတ်ထားတော့တူးခွင့်မရဘူး၊ ရှေ့ဦးစွာတံခါးဖွင့်ရမယ်နော်၊ ယခု ဘုန်းကြီးတို့ ပရိသတ်အား ခန္ဓာနဲ့ဒုက္ခ၊ တစ်နည်း၊ လောင်စာနဲ့မီးတောက် ဒီသဘောကို ပြောနေတာဟာ ဘာလုပ်နေတာလဲဆိုလို့ရှိရင် မင်းတုပ်ဖွင့်နေတာ၊ ပိတ်ကာထားတဲ့အဝိဇ္ဇာဆိုတဲ့တံခါးမင်းတုပ်ကြီးကို အဲဒါဆွဲဖွင့်တာ၊ သစ္စကမ္မဋ္ဌာန်းလို့ဆိုလိုတယ်၊ ဘာကမ္မဋ္ဌာန်း၊

(သစ္စကမ္မဋ္ဌာန်းပါဘုရား)။

ဒုက္ခသစ္စာကိုရှု့တယ်တဲ့ သစ္စကမ္မဋ္ဌာန်း။ သစ္စကမ္မဋ္ဌာန်း စီးဖျန်းဖို့ရန် ဘုန်းကြီးတို့ပရိသတ် မခက်ဘူးဗျို့၊ ရထားတဲ့စာလေးမမေ့နဲ့။

ဇာတိပိ ဒုက္ခာ ဇရာပိ ဒုက္ခာ ဗျာဓိပိ ဒုက္ခော မရဏမ္ပိ ဒုက္ခံ-မမေ့နဲ့ နော်၊ အပိုင်ယေဟိ သမွယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယမ္ပိစ္ဆံ န လဘတိ တမ္ပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။ လို့ ဓမ္မစကြာတစ်ခုလုံး ဘုန်းကြီးတို့ပရိသတ် အခြားအခြားစာပိုဒ်တွေမရချင်နေ အဲဒီတစ်ပိုဒ်ကို ကျေကျေညက်ညက်ရအောင်ဆောင်ပြီးတော့ နေ့တိုင်းအချိန်ရှိသရွေ့ ကိုယ့်ခန္ဓာထဲဉာဏ်သွင်းပြီးတော့ အမြီးပြန်ခေါင်းပြန် အနုလုံ ပဋိလုံ အပြန်ပြန် အလှန်လှန်ရွတ်ပွားပြီးတော့ ဆင်ခြင်နှလုံးသွင်းရင်ကမ္မဋ္ဌာန်းဖြစ်နေတယ်၊ အဲဒီဒုက္ခသစ္စာသဘောပေါက်ရင် သမုဒယတွေ နိရောဓ မဂ္ဂတွေ နောက်က အလိုလိုပြီးလာတယ်၊ အရေးအကြီးဆုံးအချက်ကရှု့ကွက်၊ ဘာလဲ၊

(ရှု့ကွက်ပါဘုရား)။

ဒုက္ခကို မြင်အောင်ရှု၊ ဘာကို၊

(ဒုက္ခကိုမြင်အောင်ရှု့ရမှာပါဘုရား)။

တရားအားထုတ်တယ်ဆိုတာဒုက္ခရှာတာ

ဒီတော့ တရားအားထုတ်ဆိုတာ ဒုက္ခရှာတာ ဟုတ်သကိုးဗျ။ တရားအားထုတ်ဆိုတာ၊

(ဒုက္ခကိုရှာတာပါဘုရား)။

ဒုက္ခကိုတွေ့အောင်ရှာတာ၊ တမင်ဒုက္ခဖြစ်အောင်လုပ်တာတော့ မဟုတ်ဘူးနော်။ သူ့အလိုလို သဘာဝအားလျော်စွာ ကြောင်းကျိုးဆက် ပြီးတော့ဖြစ်နေတဲ့ဒုက္ခကို တွေ့အောင်ရှာရတယ်။ ဒုက္ခကိုတွေ့မှ တရားတွေ့ တယ်လို့ဆိုရင် စကားတစ်ဖက်တော့ အစွန်းထွက်သွားတယ်လို့တော့ မအောက်မေ့နဲ့ ဒုက္ခသစ္စာကိုတွေ့အောင် ရှုရမယ်လို့ပြောတာ၊ ဇာတိပိ ဒုက္ခာ၊ အဖြစ်သဘောသည်ဒုက္ခလို့သိမ်းကြုံးရှု့လိုက်၊ ဇရာပိ ဒုက္ခာ၊ ပြောင်းလဲမှု တွေကိုဇရာဒုက္ခလို့သိမ်းကြုံးပြီးတောရှု့လိုက်၊ ဗျာဓိပိ ဒုက္ခာ နှိပ်စက်တာမှန် သမျှဗျာဓိဒုက္ခလို့ရှု့လိုက်၊ ခန္ဓာထဲမှာနော်၊ မရဏမိပိ ဒုက္ခံ ပျက်စီးနေတာတွေ မရဏဒုက္ခလို့ရှု့လိုက် ခန္ဓာထဲမှာ၊ မရဏမိပိ ဒုက္ခံပြီးတော့မှ အပိုယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ဇာတိဒုက္ခ ဇရာဒုက္ခ ဗျာဓိဒုက္ခ မရဏဒုက္ခ အဲဒါကို ဘုန်းကြီးတို့ပရိသတ်က ဒီဒုက္ခကိုချစ်သလား၊

(မချစ်ပါဘုရား)

ဒုက္ခ ဆင်းရဲတယ်ဆိုတဲ့သဘောကြီးဘယ်သူမှမချစ်ဘူး မနှစ်သက်ဘူး မလိုချင်ဘူးနော်၊ အပိုယသဘောဟာ ဇာတိ ဇရာ ဗျာဓိ မရဏ၊ ဇာတိ ဇရာ ဗျာဓိ မရဏဟာ ပိယတရားလား အပိုယတရားလား၊

(အပိုယတရားပါဘုရား)။

ပဋိသန္ဓေနေခြင်း အိုခြင်း နာခြင်း သေခြင်းကိုဘယ်သူမှမချစ်ဘူး အပိုယ၊ အဲဒီ အပိုယဆိုတဲ့ကိုယ်မချစ်တဲ့ဒီတရားလေးပါးကို ကိုယ်နေ့တိုင်း တွေ့နေရတာဟာ အပိုယေဟိ သမ္ပယောဂေါ ဒုက္ခောလို့နှလုံးသွင်းပေါ့၊ (မှန်လှ ပါဘုရား)။

အပိုယေဟိ၊ မချစ်လုံးလုံးမုန်းစရာကောင်းတဲ့ ဇာတိ ဇရာ ဗျာဓိ မရဏ တရားတို့နှင့်။ သမ္ပယောဂေါ၊ နေ့တိုင်း ဒို့တွေ့ကြုံဆုံစည်းပြီးတော့ တွဲ၍နေ ရခြင်းသည်။ ဒုက္ခော၊ ဒုက္ခပါစကားနှလုံးသွင်းလိုက်။ မုန်းသူနဲ့တွဲရတယ်ဆို တာ ပုဂ္ဂိုလ်သတ္တဝါကိုသွားပြီးတော့ ဘုန်းကြီးတို့ပရိသတ်များ ကမ္မဋ္ဌာန်းအနေ နဲ့အဓိကထားမရှု့နဲ့နော်၊ ဇာတိ ဇရာ ဗျာဓိ မရဏ ဒီတရားတွေဟာ

ငါတို့မချစ်တဲ့တရားတွေ မုန်းတဲ့တရားတွေ ဘယ်လောက်ဘဲဒို့မုန်းမုန်း ဒို့ကြုံ
နေရတဲ့ အပြိယေဟိ သမ္ပယောဂေါ ဒုက္ခော။ ဟုတ်လား၊ (မှန်လှပါဘုရား)။
ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခောတဲ့၊ ပိယေဟိ၊ ချစ်ခင်နှစ်သက်အပ်သောပုဂ္ဂိုလ်
သတ္တဝါ သခါရ အရာဝတ္ထု သဘာဝတရားတို့နှင့်။ ဝိပ္ပယောဂေါ၊ ခွဲရတယ်ဆို
တာ။ ဒုက္ခော၊ ဒုက္ခ ပိယဝိပ္ပယောဂ ဒုက္ခ။ ပိယဝိပ္ပယောဂဒုက္ခ ဘာဒုက္ခလဲ၊
(ပိယဝိပ္ပယောဂဒုက္ခပါဘုရား)။

ပိယ ဝိပ္ပယောဂဒုက္ခ ဘုန်းကြီးတို့ ပရိသတ်အပေါင်းသူတော်ကောင်း
တို့က ဟောဒီကိုယ့်ခန္ဓာကိုယ်ပြန်ကြည့်၊ ကိုယ့်ခန္ဓာကိုယ်ပြန်ကြည့်လိုက် နုပျိုတဲ့
သဘောလေးရှိရင် နုပျိုမှုသဘောလေး ဘုန်းကြီးတို့ပရိသတ်ရဲ့စိတ်ထဲမကျေ
နပ်ဘူးလား၊ (ကျေနပ်ပါတယ်ဘုရား)။ လှပတဲ့သဘောကို၊ (ကျေနပ်ပါတယ်
ဘုရား) ဟို သန်မာတဲ့သဘော၊ သွက်လက်တဲ့သဘောတွေကို၊ (ကျေနပ်
ပါတယ်ဘုရား) ခန္ဓာကိုယ်တစ်ကိုယ်လုံး နုပျိုခြင်း လန်းဆန်းခြင်း လှပခြင်း
သွက်လက်ခြင်း ကြည်လင်းခြင်း မျက်လုံးကကြည်တယ် နားကကြည်တယ်
နှာခေါင်းကကြည်တယ် လျှာကကြည်တယ် ကိုယ်ကကြည်တယ် ပေါ့ပါးတယ်
သွက်လက်တယ် ဒီခန္ဓာကိုယ်တစ်ကိုယ်လုံးရဲ့ ဣဋ္ဌာရုံမှန်သမျှသည် ပိယသ
ဘာဝ၊ ဘာတဲ့တုန်း၊
(ပိယသဘာဝပါဘုရား)။

မိမိခန္ဓာတစ်ကိုယ်လုံး ဣဋ္ဌာရုံမှန်သမျှ ပိယသဘာဝ၊ ချစ်သောတရား
တွေတဲ့နော်။

မျက်လုံးလေးကကြည်ပြီးတော့ တောက်လိုက်တာ တော်တော်ကြာ
မျက်ဝတ်မျက်ခြေး မျက်ရည်တွေဖုံးပြီးတော့ မျက်မှန်မတတ်ရင် မမြင်ရဘူးတဲ့
ပသာဒရုပ်ကလေး အနိစ္စမရောက်ဘူးလား၊
(ရောက်ပါတယ်ဘုရား)။

ဟော ကိုယ်ချစ်ခင်နှစ်သက်တဲ့ ကြည်လင်ပြတ်သားတဲ့သဘောတွေ
ပျက်ဆုံးကုန်ပြီဆိုတော့ စိတ်ထဲမှာ ဒုက္ခ၊ နားကကြည်နေအောင်ကြားတယ်
ယခုအခါမကြားတော့ဘူး သောတပသာဒအနိစ္စရောက်တော့ဒုက္ခ၊ ကြည်

လင်တဲ့သဘောကို ကြည်ကြည်လင်လင် ပီပီပြင်ပြင်ကြားတဲ့သဘော သောတပသာဒရဲ့စွမ်းရည်သတ္တိကို ကိုယ်ကတယ်ကြိုက်တယ်၊ ကြည်ကြည်လင်လင် ပီပီပြင်ပြင်မြင်ရတဲ့ စက္ခုပသာဒရဲ့ စွမ်းရည်သတ္တိကိုလည်းကိုယ်ကကြိုက်တယ်၊ မိမိကြိုက်နှစ်သက်တဲ့ ထိုကြည်လင် ပီပြင်တဲ့သတ္တိတွေဆုံးရှုံးသွားတော့ ဒီမှာဒုက္ခဖြစ်တယ်နော်၊ အဲဒါ ဘာတုန်းဆိုတော့ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ကိုယ်ချစ်ခင်နှစ်သက်နေတယ် ကြိုက်နေတယ် တပ်မက်နေတယ် စွဲလမ်းနေတယ် ကွဋ္ဌာရုံသဘာဝ အကုန်လုံးဆုံးရှုံးပျက်ပြားရတာ ဒုက္ခ၊ ခန္ဓာထဲဘဲနှလုံးသွင်းပါ၊ ခန္ဓာ့အပြင်ဘက် မရောက်ပါနဲ့နော်၊ ခန္ဓာထဲရောက်အောင် ဒီလိုနှလုံးသွင်းကြစမ်းပါ။

သစ္စကမ္မဋ္ဌာန်း

အဲဒါ ဘာကမ္မဋ္ဌာန်းတုန်းဆိုရင် နားလည်ဖို့သစ္စကမ္မဋ္ဌာန်း။ ဘယ်သစ္စာစိုက်ရှုတုန်းဆိုရင် သဘောကျ ဒုက္ခသစ္စာကိုစိုက်၍ရှုရတယ်။ ဒုက္ခသစ္စာကိုရှုရင်းရှုရင်းနဲ့ သမုဒယဆိုတာက ကွာသွားရမှာ၊ အကျိုးဘဲမဟုတ်လား၊ (မှန်ပါဘုရား)။ သမုဒယသစ္စာသည် ဒုက္ခရဲ့အကြောင်းဆိုပေမယ့် ဒုက္ခကိုရှုတဲ့အခါကြတော့ သမုဒယက ကွာသွားတော့ အဲဒီကွာသွားတဲ့သမုဒယသည်ပင်လျှင် သမုဒယရဲ့ကွာသွားခြင်းသည်ပင်လျှင်အကျိုးဖြစ်လာတယ်၊ သမုဒယသစ္စာဆိုတဲ့ တဏှာလောဘရပ်သွားတာသည်ပင်လျှင် ဘုန်းကြီးတို့ပရိသတ် ဒါ နိရောဓဖြစ်လာတာဘဲ၊ ဒုက္ခကိုရှုနေခြင်းသည်ပင်လျှင် မဂ္ဂဖြစ်မနေဘူးလား၊

(ဖြစ်နေပါတယ်ဘုရား)။

အော် အရေးကြီးတာတစ်ခုတည်း။ အရေးကြီးတာ၊

(တစ်ခုတည်းပါဘုရား)။

ဒုက္ခကိုမြင်အောင်ရှု ဒါ တစ်ခုတည်းအရေးကြီးပါတယ်။ ကျန်တာတွေ သူ့ဟာသူအလိုလိုဝင်လာလိမ့်မယ်နော်၊ အေး သစ္စကမ္မဋ္ဌာန်းမှာ ဒုက္ခသစ္စာကိုပိုင်အောင်ရှုလိုက် သမုဒယကွာသွားမယ်၊ နိရောဓဆိုတာ သမုဒယ

၁။ အဘိ၊ ၂။ ၁၄၂

ကွာရင် နိရောဓဘဲ၊ ရှု့နေတာကမဂ္ဂဘဲပေါ့။ တစ်နည်း ပဋိပဒါ ဘဲပေါ့၊ အေး ဒါကို ဘုရားရှင်ကိုယ်တော်မြတ်က -

စတုန္နံ ဘိက္ခဝေ အရိယသစ္စာနံ။ ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ် သားတို့။ စတုန္နံ အရိယသစ္စာနံ၊ အရိယသစ္စာတရားလေးပါး တို့ကို။ ယထာ ဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ အနနုဗောဓာ၊ အနုဗောဓနည်းနဲ့ တစ်ဆင့်သိ မသိနိုင် ကြသောကြောင့် ဒုက္ခဆိုတာကို တစ်ဆင့်ပြောတာတောင်မှမသိကြသော ကြောင့်။ အပ္ပဋိဝေဓာ၊ ကိုယ်တိုင်အားထုတ်ပြီးတော့လည်းဘဲ ထိုးထွင်းပြီးတော့ မသိနိုင်ကြသောကြောင့်။ မမဥ္စေဝ၊ ငါဘုရားရှင်ကိုယ်တော်မြတ်သည်လည်း ကောင်း။ တုမှာကဉ္စ၊ သင်ချစ်သားတို့သည်လည်းကောင်း။ ဧဝံ၊ ဤသို့။ ဒီဃံ၊ ရှည်လျားလှစွာသော။ အဒ္ဓါနံ၊ သံသရာကာလတစ်လျှောက်လုံး။ အဒ္ဓါနံ ဧဝမိဓံ ဒီဃမတ္တာနံ။ ဒီဃံ၊ ရှည်လျားလှစွာသော။ အဒ္ဓါနံ၊ ကာလတစ်လျှောက်လုံးဘဲ။ သန္ဓာဝိတံ သံသရိတံ။ သန္ဓာဝိဓံ၊ ချစ်သားတို့ရော ငါတို့တစ်တွေပါ ယုတ်သော ဘဝမှ မြင့်သောဘဝသို့ မြင့်သောဘဝမှ ယုတ်သောဘဝသို့ မြတ်သောဘဝမှ မြင့်သောဘဝ၊ မြင့်မြတ်သောဘဝမှ ယုတ်ညံ့သောဘဝ၊ ယုတ်ညံ့သောဘဝမှ မြင့်မြတ်သောဘဝ၊ ဤဘဝမှထိုဘဝ ထိုဘဝမှဤဘဝ၊ သုံးဆယ့်တစ်ဘုံစုန် ချည်ဆန်ချည်နဲ့ ကျင်လည်ကျက်စားပြေးသွားခဲ့ရပါပေတော့၏၊ သစ္စာတရား လေးပါးကိုအမှန်အတိုင်းမမြင်ကြတဲ့အတွက်ကြောင့် ဘုံသုံးဆယ့်တစ်မှာ စုန်ချည်ဆန်ချည်နဲ့ ချစ်သားတို့ရော ငါတို့တစ်တွေပါကျင်လည်ကျက်စား ပြေး သွားခဲ့ရလေပြီ။

ကတမေသံ အရိယသစ္စာနံ၊ ကတမေသံ စတုန္နံ အရိယသစ္စာနံ အရိ ယသစ္စာတရားလေးပါးဆိုတာက ဘာများပါလိမ့်မတုန်းဆိုတော့ ဒုက္ခဿ အနနုဗောဓာ ဒုက္ခကိုမသိလို့။ ဘာမသိ၊

(ဒုက္ခကိုမသိလို့ပါဘုရား)။

ဒုက္ခကို သိအောင်ကြည့်နော်။ ဇာတိပိ ဒုက္ခာကစပြီးတော့ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ အဲဒီအထိကြည့်။ အဲဒီအထိ အဲဒါရှု့ရမည့်သစ္စ ကမ္မဋ္ဌာန်းဘဲ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ၊ အဲဒီအထိ ဘုန်းကြီးတို့ ပရိသတ်ရှု့ရမည့်ကမ္မဋ္ဌာန်းပါဘဲဗျာ။ ဒုက္ခဿ၊ ဒုက္ခကို။ အနနုဗောဓာ အပ္ပဋိ

ဝေဓာ၊ တစ်ဆင့်သိ ကိုယ်တိုင်သိ အသိနှစ်ပါးနဲ့မသိနိုင်ကြသောကြောင့်။ ဒုက္ခသမုဒယသာ၊ ဒုက္ခရဲ့အကြောင်းရင်းကို။ အနနုဗောဓာ အပ္ပဋိဝေဓာ၊ တဆင့်သိ ကိုယ်တိုင်သိအသိနှစ်ပါးနဲ့မသိနိုင်ကြသောကြောင့်။ ဒုက္ခသမုဒယသာ၊ ဒုက္ခရဲ့အကြောင်းရင်းကိုမသိဘူး။ ဘာကို၊

(ဒုက္ခရဲ့အကြောင်းရင်းပါဘုရား)။

ဒုက္ခရဲ့အကြောင်းဆိုတာဟာ ဘုန်းကြီးတို့ပရိသတ် ကိလေသာတရား၊ ဘတရား၊

(ကိလေသာတရားပါဘုရား)။

ကိလေသာသည်ဒုက္ခရဲ့အကြောင်းဘဲလို့ ကိလေသာအားလုံးခြုံမိအောင်မှတ်လိုက်ပါ။ ဓမ္မစကြာဒေသနာတော်မှာကတော့ ဒုက္ခရဲ့အကြောင်းကိုတဏှာတစ်လုံးတည်း မြတ်စွာဘုရားဟောတယ်။ သို့သော်လည်းဘဲ အဲဒီတဏှာသည်၊ ဒိဋ္ဌိနဲ့တွဲတဲ့တဏှာဆိုတာလည်းထည့်ဟောထားသေးတယ်။

တဏှာသုံးမျိုး

ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ။ ဘယ်နှစ်မျိုး၊

(သုံးမျိုးပါဘုရား)။

ကာမဂုဏ်ကြိုက်တော့ ကာမတဏှာ၊ ဘဝခိုင်မြဲမှုကိုကြိုက်တော့ ဘဝတဏှာ၊ ဘဝပြတ်တာ ရုပ်တာကိုကြိုက်တော့ ဝိဘဝတဏှာ၊ ကာမဂုဏ်ကြိုက်တာ ကာမတဏှာမှတ်ထား၊ ဘဝမြဲမှု ခန္ဓာမြဲမှုကိုကြိုက်တာ ဘဝတဏှာ၊ အဲဒီမှာ သဿတဒိဋ္ဌိနဲ့တဏှာတွဲသွားတယ်၊ ဟာ ဘဝဆိုတာမရှိဘူးကွ ဘဝရုပ်မှပြတ်မှကောင်းတယ်လို့ သေပြီးနောက် ဘဝမရှိဆိုတာကိုကြိုက်တော့ ဝိဘဝတဏှာ၊ ဥစ္ဆေဒဒိဋ္ဌိနဲ့မတွဲဘူးလား၊ (တွဲပါတယ်ဘုရား)။ အဲဒါကြောင့် ကာမတဏှာသည် ကာမဂုဏ်ကိုကြိုက်ခြင်း၊ ဘဝတဏှာသည်ဘဝကိုကြိုက်ခြင်း၊ သဿတဒိဋ္ဌိနဲ့တွဲတယ်လေ၊ ဒိဋ္ဌိဂတသမ္ပယုတ်လောဘ၊ ဝိဘဝတဏှာဆိုတာ ဘဝပြတ်မှု ရုပ်မှု နောက်ဘဝမရှိဘူးဆိုတာကိုကြိုက်တယ် ဥစ္ဆေဒဒိဋ္ဌိနဲ့တွဲတယ် သူလည်းဘဲ ဒိဋ္ဌိဂတသမ္ပယုတ်လောဘပဲ၊ အဲဒီတော့ စုလိုက်ရင်ဘာရလဲ ဒိဋ္ဌိနဲ့တဏှာ နှစ်လုံးမရဘူးလား၊ ဒိဋ္ဌိတဏှာနှစ်ပါးတို့တွင် ဘယ်သူဦးဆောင်တုန်းကြည့်လိုက်တော့ တဏှာကဦးဆောင်တာ၊ ကာမကိုကြိုက်တယ် တဏှာ၊ ဘဝ

ကြိုက်တယ် တဏှာ၊ ဘဝမရှိတာကြိုက်တယ် တဏှာ၊ ဒီဋ္ဌကအဲဒီနေရာဝင်ပူးထားတာ တကယ်တော့တဏှာကခေါင်းဆောင်ဘဲ၊ ဒါကြောင့် တဏှာကို ဘုန်းကြီးတို့ပရိသတ် မြတ်စွာဘုရားက သမုဒယလို့ဟောတာ၊ အဲဒီကြိုက်မကြိုက်ဆိုတဲ့တဏှာကိုမှပြီးတော့မှ ဒေါသတွေ မောဟတွေအကုန်လုံး သိမ်းကြုံးဖြစ်တာ မဟုတ်လား။

ယခုနကပြောပြီးပါပြီ ချစ်မုန်းဆိုတဲ့ဒိန္နစ်ခုတောင် ဆန္ဒမှီဖြစ်ဆို၊ ဆန္ဒဆိုတာဘာလဲဆိုတော့ တရုဏတဏှာတဲ့၊ သိမ်မွေ့နူးညံ့သောတဏှာကို ဆန္ဒလို့ဒီနေရာခေါ်ပါတယ်၊ တဏှာမှာမှီပြီးတော့အားလုံးဖြစ်တာချည်းပဲ့နော်။ ဒီတော့ တဏှာတစ်ခုကိုအကြောင်းခံ ကျန်တဲ့ကိလေသာကိုးပါးအကုန်ဖြစ်ခွင့်ရှိတယ်၊ တဏှာတစ်လုံးဆိုတဲ့ရေသောက်မြစ်ကိုဖြတ်ပစ်လိုက်ရင်ကျန်တဲ့ကိလေသာဆိုတဲ့ကိုင်းတွေအကုန်ပြတ်တာ၊ ဒါကြောင့်သမုဒယဆိုတာ တဏှာတစ်လုံးကိုအရင်းထား မြတ်စွာဘုရားဟောတယ်၊ အားလုံးစုမိအောင်ပြောရင်တော့ ဘာတဲ့တုန်း၊ သမုဒယသစ္စာ အော် ဒုက္ခကိုဖြစ်စေတဲ့အကြောင်းရင်းဆိုတာ ကိလေသာတရားလို့ ဒီလိုပြောလိုက်ပါ မလွဲဘူးနော်၊ ဒေါသဖြစ်ရင်မဆင်းရဲဘူးလား၊

(ဆင်းရဲပါတယ်ဘုရား)

မာနကြီးရင်ကော၊ ဒိဋ္ဌကြောင့်ကော၊ မနာလိုခြင်းဝန်တိုခြင်းကြောင့်ကော၊ ဟာ အိပ်ချင်ငိုက်မြည်းတဲ့ထိနမိဒ္ဓကြောင့်ကော၊ (ဆင်းရဲပါတယ်ဘုရား) အေး ဆင်းရဲမခံချင်ရင် မငိုက်နဲ့နော်ဟုတ်လား၊ အေး ကိလေသာတရားမှန်ရင် ဘယ်အထဲသွားတုန်း ကိလေသာတရားမှန်ရင် သမုဒယသစ္စာ၊ ဒုက္ခကို သူတို့အကုန်ဖြစ်စေတယ်နော်၊ အေး ကိလေသာတရား အကုန်လုံးသည်တဲ့ဒုက္ခကိုဖြစ်စေတဲ့အကြောင်းမို့လို့ သမုဒယခေါ်ပါတယ်၊ ကိလေသာများစွာတို့တွင် ကိလေသာများစွာတို့ရဲ့ရေသောက်မြစ်သည် တဏှာ လောဘဖြစ်ခြင်းကြောင့် တဏှာလောဘကို ဘုရားကိုယ်တော်မြတ်က သမုဒယသစ္စာဟောပါတယ်။

ဒုက္ခဘာကြောင့်ဖြစ်

ဒုက္ခသမုဒယေ အညာဏံ အဝိဇ္ဇာ၊

ဒုက္ခသမုဒယေ၊ ဒီဒုက္ခတွေ ဘယ်အကြောင်းကြောင့်ဖြစ်ဆိုတာကို။

အညာဏံ၊ မသိခြင်းဆိုတာသည်။ အဝိဇ္ဇာ၊ အဝိဇ္ဇာတရား။ ဒုက္ခဘာကြောင့် ဖြစ်ဆိုတာမသိခြင်းသည်၊

(အဝိဇ္ဇာတရားပါဘုရား)။

ဖြစ်နေတဲ့ဒုက္ခကိုမသိခြင်းသည်၊ (အဝိဇ္ဇာတရားပါဘုရား) အဲဒီ ဖြစ်နေတဲ့ဒုက္ခရဲ့အကြောင်းရင်းမှန်ကိုမသိခြင်းသည်၊ ဒုက္ခငြိမ်းတဲ့နိဗ္ဗာန်ကိုမမြင်နိုင်ကြခြင်းသည်၊ နိဗ္ဗာန်ကိုမြင်ဘို့ ဒုက္ခကိုရှု့ဘို့လမ်းမှန်ကိုမရနိုင်ခြင်းသည်၊ (အဝိဇ္ဇာတရားပါဘုရား) လေးခုမသိတာ၊ စတုန္နံ အရိယသစ္စာနံ၊ သစ္စာတရားလေးပါးတို့ကို။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ၊ အနနုဗောဓာ၊ တဆင့်သိအနေနဲ့ မသိကြသောကြောင့် ပရိယတ္တိနယ်ကအသိကို အနနုဗောဓသိဆိုလိုက်ပါ။ အပ္ပဋိဝေဓာ၊ ပဋိပတ်အားထုတ်ပြီးတော့ မဂ်ဆိုက်လို့သိတဲ့အသိကတော့ ပဋိဝေဓသိလို့ဆိုလိုက်ပါ။ အပ္ပဋိဝေဓာ၊ ကိုယ်တိုင်ကိုယ်ကြ ပဋိပတ်ကိုအားထုတ်လို့ပဋိဝေဓဆိုပြီးတော့ မဂ်နဲ့သိတော့ မဂ်နဲ့သိသောပဋိဝေဓသိနဲ့မသိကြသောကြောင့်။ မမ ဗ္ဗေဝ၊ ငါဘုရားသည်လည်းကောင်း။ တုမှာကဉ္စ၊ သင်ချစ်သားတို့သည်လည်းကောင်း။ ဧဝံ၊ ဤသို့။ ဒီယံ၊ ရှည်လျားလှစွာ။ အဒ္ဓါနံ၊ သံသရာကြီးတစ်လျှောက်လုံး။ သန္ဓာဝိတံ၊ ကျင်လည်ခဲ့ရလေပြီ။ သံသရိတံ၊ အထက်နဲ့အောက် စုန်ချည်ဆန်ချည် ပြေးလွှားခဲ့ရပါပေတော့၏။ ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်ဆူ အောင်လံထူဖြစ်တော်မူသော သဗ္ဗညုမြတ်စွာဘုရားသည်။ အဝေါစ၊ ကရုဏာရှေ့ထား မေတ္တာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

ဒုက္ခေ အညာဏံ အဝိဇ္ဇာ။ ° ဒုက္ခကိုမသိခြင်းသည် အဝိဇ္ဇာ၊

ဒုက္ခ သမုဒယေ အညာဏံ အဝိဇ္ဇာ။ ဒီဒုက္ခဘာ့ကြောင့်ဖြစ်ဆိုတဲ့ကိလေသာဆိုသောအကြောင်းရင်းမှန်ကို မသိနိုင်ခြင်းသည်အဝိဇ္ဇာ၊

ဒုက္ခနိရောဓေ အညာဏံ၊ ကိလေသာချုပ်ငြိမ်းမှု ခန္ဓာချုပ်ငြိမ်းမှုဆိုတဲ့နိရောဓကိုမသိခြင်းသည်အဝိဇ္ဇာ၊

ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ အညာဏံ အဝိဇ္ဇာ။ ဒုက္ခချုပ်အောင် နိရောဓရောက်အောင် ဘယ်လိုကျင့်ရမလဲဆိုတဲ့ အကျင့်မှန်ကိုရှာမရ

နှိုင်ခြင်းလည်းဘဲအဝိဇ္ဇာတဲ့နော်၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်က-

ဘိက္ခု၊ ချစ်သားရဟန်း။ လဏီတိ ဧတံ အဓိဝစနံ၊ လဏီ လဏီ၊ တံခါးမင်းတုပ်ချထားတယ် မင်းတုပ်လျှိုထားတယ်ဆိုသောဤစကားသည်။ အဝိဇ္ဇာယ၊ အဝိဇ္ဇာရဲ့။ အဓိဝစနံ၊ အမည်ပါပေတည်း။ ဘိက္ခု၊ ချစ်သားရဟန်း။ ဥက္ခိပ လဏိံ။ လဏိံ၊ တံခါးမင်းတုပ်ကို။ ဥက္ခိပ၊ ပယ်လိုက်ပါ။ အဝိဇ္ဇာ၊ အဝိဇ္ဇာတရားကို။ ပဇဟ၊ ပယ်လိုက်ပါ။ အဝိဇ္ဇာကိုပယ်လိုက်တဲ့၊ တံခါးမင်းတုပ်ကြီးဆွဲထုတ်လိုက်ဆိုတာ အဝိဇ္ဇာကိုပယ်လိုက်။ အဝိဇ္ဇာဘယ့်နှယ်ပယ်မလဲဆိုရင် နည်းလမ်းအထူးပြောဖို့မလိုဘူး အဲဒီဒုက္ခသစ္စာမြင်အောင်ရှု့ အဝိဇ္ဇာပယ်ပြီးသား၊ ဒုက္ခကိုမြင်အောင်ရှု့ရင်၊

(အဝိဇ္ဇာကိုပယ်ပြီးသားပါဘုရား)။

ဥက္ခိပ လဏိ တံခါးမင်းတုပ်ကိုထုတ်ပစ်၊ ပဇဟ အဝိဇ္ဇံ။ အဝိဇ္ဇာတရားကိုပယ်ပစ်လိုက်။ ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ် ကြီးသည်။ ဗျာကရောတိ၊ ဆုတ်ဆိုင်းမရှိ ဟုတ်တိုင်းမှန်စွာဖြေကြားတော်မူခဲ့ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

ယတော ခေါ ဘိက္ခဝေ အရိယသာဝကော ဣဒံ ဒုက္ခန္တိ ပဇာနာတိ၊ ဘိက္ခဝေ၊ ရဟန်တော်များ အိုချစ်သားတို့။ ယတော ယသ္မာကာရဏာ၊ အကြင်အကြောင်း ကြောင့်။ ဣဒံ၊ ဤသည်ကား။ ဒုက္ခံ၊ ဒုက္ခဟူ၍လည်း။ ပဇာနာတိ၊ သိ၏။ အယံ ဒုက္ခသမုဒယောတိ ပဇာနာတိ၊ ဤသည်ကား ဒုက္ခရဲ့အကြောင်း ရင်းမှန်ဟူ၍လည်း။ ပဇာနာတိ၊ သိ၏။ အယံ ဒုက္ခနိရောဓောတိ ပဇာနာတိ၊ အယံ ဒုက္ခနိရောဓော၊ ဤသည်ကား ဒုက္ခချုပ်ရာနိဗ္ဗာန်ဘဲလို့လည်း။ ပဇာနာတိ၊ သိ၏။ အယံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါတိ ပဇာနာတိ။ ဤသည်ကား ဒုက္ခချုပ်ကြောင်း မဂ္ဂင်ရှစ်တန် အကျင့်မှန်ဆိုတဲ့ နည်းလမ်းကောင်းဟူ၍လည်း ကောင်းစွာသိတယ်။ ဘယ်နှစ်ချက်သိလိုက်လဲ၊

(လေးချက်သိပါတယ်ဘုရား)။

ဒုက္ခကိုသိလိုက်တယ်၊ ဘာကို၊
(ဒုက္ခကိုသိလိုက်ပါတယ်ဘုရား)
ဒုက္ခသိဆိုတာ ခန္ဓာကိုသိလိုက်ရမယ်၊ ခန္ဓာထဲဒုက္ခတွေ အကုန်စုနေတာ၊ ခန္ဓာကိုသိလိုက် မြင်လိုက်ရင် ဒုက္ခကိုသိတယ်။ မြင်ပြီတဲ့ခန္ဓာဟာ ဒုက္ခအစုအပုံကြီးဘဲ၊ ခန္ဓာသည်၊
(ဒုက္ခအစုအပုံကြီးပါဘုရား)။

ပုဏ္ဏော ဒုက္ခဿ ကေဝလော။ အယံ ကာယော၊ ဤခန္ဓာကိုယ်ကြီးသည်ကား။ ဒုက္ခဿ၊ ဒုက္ခရဲ့။ ပုဏ္ဏော၊ ကေဝလော ပုဏ္ဏော၊ အပုံကြီးသက်သက်။ ဤခန္ဓာကိုယ်ဟာ ဒုက္ခအစုအပုံကြီးသက်သက်ဘဲလို့ မြင်လိုက်လို့ရှိရင် အဝိဇ္ဇာဒီနေရာရှိသေးလား၊ (မရှိတော့ပါဘုရား)။ ဟာ ဝိဇ္ဇာဖြစ်လာတယ်၊ အဝိဇ္ဇာကွယ်သွားတယ်၊ သဟဝိဇ္ဇုပ္ပါဒါ၊ ဝိဇ္ဇာဉာဏ်ဖြစ်ပေါ်သည်နှင့်တပြိုက်နက်ထဲနော် ဒုက္ခကိုမြင်လိုက်သော ဝိဇ္ဇာဉာဏ်ဖြစ်ပေါ်လာသည်နှင့်တပြိုင်နက်ထဲ၊ သဟဝိဇ္ဇုပ္ပါဒါ၊ ဝိဇ္ဇာဉာဏ်ဖြစ်ပေါ်သည်နှင့်တပြိုင်နက်ထဲ။ အဝိဇ္ဇာ၊ အဝိဇ္ဇာဆိုသောတံခါးမင်းတုတ်ကြီးကို။ ပဟီယတိ၊ ကောင်းစွာမသွေ ပယ်စွန့်နိုင်ခဲ့ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

ယတော ခေါ ဘိက္ခဝေ အရိယသာဝကော ဣဒံ ဒုက္ခန္တိ ပဇာနာတိ၊ အယံ ဒုက္ခသမုဒယောတိ ပဇာနာတိ၊ အယံ ဒုက္ခနိရောဓောတိ ပဇာနာတိ၊ အယံ ဒုက္ခနိရောဓဂါမိနီပဋိပဒါတိ ပဇာနာတိ။

ချစ်သားတို့ အကြင့်ကြောင့် အရိယာဖြစ်အောင် အားထုတ်နေသောသာဝကသည် ဤသည်ကားဒုက္ခဘဲလို့သိလိုက်တယ်၊ ဤသည်ကားဒုက္ခရဲ့ကြောင်းရင်း ကိလေသာလို့သိလိုက်တယ်၊ ဤသည်ကား ဒုက္ခချုပ်ရာနိဗ္ဗာန်ဘဲလို့သိလိုက်တယ်၊ ဤသည်ကား ဒုက္ခချုပ်ကြောင်းအကျင့်ကောင်း လမ်းမှန်ဘဲလို့သိလိုက်တယ်။ လေးချက်သိလိုက်တော့။ ဘိက္ခဝေ၊ ရဟန်းတော်များအိုချစ်သားတို့။ တတော တသ္မာ ကာရဏာ၊ ထိုကဲ့သို့ ဒုက္ခ ဒုက္ခသမုဒယ ဒုက္ခနိုရောဓ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါဆိုတဲ့ လေးဌာနသိလိုက်ပြီဖြစ်သော

ကြောင့်။ ရာဂါနုသယံ၊ ရာဂါနုသယကို။ ပဟီယတိ၊ ပယ်ခဲ့လေပြီ။ လေးချက်သိလိုက်တော့ ရာဂကိုပယ်တယ်၊ လေးချက်သိလို့ရာဂပယ်တယ်ဆိုတာက ပါဠိတော်အတိုင်း ဘုန်းကြီးတို့ပရိသတ် ဓမ္မသဘာဝစုံအောင်သာပြောတာ၊ တကယ်တော့ ဒုက္ခတစ်လုံး သေသေချာချာသာသိရင် ရာဂဟာပယ်ပြီးသား၊ သေသေချာချာစဉ်းစားကြည့်နော်။

ခန္ဓာသည်ဒုက္ခအစုအပုံကြီးဘဲ။ **အယံ ကာယော ပုဇ္ဇော ဒုက္ခဿ ကေဝလော။** ဤခန္ဓာကိုယ်ကြီးဟာ ဒုက္ခတွေပုံထားတာလို့ သဘောလည်း ပေါက်လိုက်ရော ဒုက္ခအပုံကြီး ဘယ်သူသိမ်းကြုံးပြီးတော့ယူထားဦးမှာလဲ။

(မယူထားပါဘုရား)။

ရာဂံ ပဇဟတိတဲ့ ရာဂကိုအဲဒီမှာပယ်တယ်နော်၊ ရာဂကိုပယ်ပြီဆိုတဲ့ အခါကြတော့ အလိုပြည့်တယ် မပြည့်ဘူးဆိုတာလာဦးမလား။

(မလာတော့ပါဘုရား)။

ရာဂပယ်တယ်ဆိုရင် ဆန္ဒပယ်ပြီးသားနော်၊ ရာဂဆိုတာပရိယာယ်ပြောတာ တကယ်တော့လောဘဘဲ၊ တဏှာဘဲ ရာဂရယ် လောဘရယ် တဏှာရယ်တစ်လုံးတည်းပါနော်၊ အဲဒီ ရာဂ လောဘ တဏှာ သူ့ကိုပယ်လိုက်တဲ့အခါကြတော့ ဆန္ဒသည်၊ (ပယ်ပြီးသားပါဘုရား)။ ဆန္ဒပယ်လိုက်ရင် အလိုပြည့်တာ မပြည့်တာလာဦးမလား၊ (မလာတော့ပါဘုရား)။ ဟာ ဘယ်လောက်ချမ်းသာသွားသလဲကြည့်ပါ ဟုတ်လား၊ အလိုပြည့်တာလည်း မရှိဘူး အလိုမပြည့်တာလည်းမရှိတော့ဘူး။ ဟိုး အလိုမပြည့်လို့ဆင်းရဲခြင်း အလိုပြည့်အောင်ရှာရတဲ့အတွက်ကြောင့်ဆင်းရဲခြင်းတွေ သူ့မှာမရှိဘူးတဲ့။ ဆန္ဒကုန်ရင် အလိုပြည့်မပြည့်ကုန်တဲ့အတွက်ကြောင့် ချစ်ခြင်းမုန်းခြင်းကော၊ (ကုန်ပါပြီဘုရား)။ အလိုပြည့်ရင် ချစ်တယ်၊ အလိုမပြည့်တော့ မုန်းတယ်၊ ဒီလို မဟုတ်လား။

ဒါကြောင့် ဆန္ဒကုန်တော့ အလိုပြည့် မပြည့်ကုန်သွားတာ၊ အလိုပြည့် မပြည့်ကုန်သွားတော့ ချစ်ခြင်းမုန်းခြင်းကုန်သွားတာ၊ အဲဒီမှာ ပိယဝိပွယောဂဒုက္ခတွေ အပ္ပိယသမ္ပယောဂဒုက္ခတွေ အကုန်လုံးကုန်သွားတာ။ ယမ်ပိစ္ဆံ နလဘတိ၊ တမ်ပိ ဒုက္ခံ တွေကုန်သွားတာဟုတ်လား။ အကြောင်းရင်းက

ဘုန်းကြီးတို့ပရိသတ်ရေ ဟောဒီခန္ဓာကိုယ်ဒုက္ခအစုအပုံကြီးလို့ မမြင်မိတဲ့အတွက်ကြောင့် ဘာဖြစ်နေတုန်းဆိုတော့ သုခအစုအပုံကြီးရယ်လို့ထင်ပြီး ပွေ့ပိုက်ထားတာ၊ ဒုက္ခအစုအပုံကြီးရယ်လို့ မမြင်မိခြင်း၊ သုခအစုအပုံကြီးရယ်လို့ အထင်မှားခြင်း သူကအဝိဇ္ဇာ၊ သုခအစုအပုံကြီးရယ်လို့အထင်မှားပြီးတော့ ပွေ့ပိုက်ထားတာက တဏှာ၊ အေး သူတို့ဟာသံသရာဝဋ်ဆွမြစ်ဘဲနော်၊ ဒီတော့ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်က-

ရာဂံ တေန ပဇဟတိ၊ တေန ဉာဏေန၊ ထိုဒုက္ခကို သိလိုက်တဲ့ဉာဏ်ဖြင့်။ ရာဂံ၊ သုခထင်ပြီးတော့ကြိုက်နေတဲ့ရာဂတရားကို။ ပဇဟတိ၊ ပယ်လိုက်ပါပြီ။ ဒုက္ခကိုမြင်လိုက်သောဉာဏ်ဖြင့် သုခထင်ပြီးတော့ပွေ့ပိုက်ထားတဲ့ ရာဂကိုဘာတဲ့တုန်း၊ (ပယ်လိုက်ပါပြီဘုရား)။ ပဇဟတိ၊ ပယ်လိုက်လေပြီ။ နောက်တစ်ဆင့် ပဋိဃာနုသယံ၊ အလိုမပြည့်ရင်စိတ်ဆိုးတယ်ဆိုတဲ့ပဋိဃ၊ ဒေါသမဟုတ်လား၊ အလိုမပြည့်ရင်စိတ်ဆိုးတယ်ဆိုတဲ့ပဋိဃတည်းဟူသော ဒေါသတရားကိုလည်းဘဲ။ သမုဂ္ဃါတေတိ၊ ခွါလိုက်လေပြီ။ ဒေါသကိုလည်းပယ်လိုက်ပြီ၊ ရာဂပယ်ပြီးရင် ဒေါသကိုပယ်ပြီပေါ့ အကြောင်း အကျိုးဆက်ကြည့်နော်၊ ရာဂကြောင့် အလိုပြည့် မပြည့် ဒီလိုဖြစ်ရတာကိုး။ ရာဂကုန်တော့ အလိုပြည့်မပြည့်ကုန်သွားတယ်၊ အလိုမပြည့်ခြင်းကြောင့် ဒေါသလာမယ် မဟုတ်လား၊ ရာဂကိုပယ်ပြီးရင် အလိုမပြည့်ခြင်းကြောင့်ဖြစ်မည့်ဒေါသကိုလည်းဘဲပယ်ပြီးသား။ အလိုဆိုတာက ရာဂ၊ မပြည့်ရင်မကျေဘူးဆိုတာက ဒေါသ၊ ရာဂံ ပဇဟတိ ရာဂပယ်ရင် **ပဋိဃာနုသယံ ပဇဟတိ** ပဋိဃာနုသယဆိုတဲ့ဒေါသကိုလည်းပယ်ခဲ့တယ်။

အသ္မိ မာနာနုသယံ သမူဂ္ဃါတေတိ။ အသ္မိ မာနာနုသယံ၊ ငါတကားကားထောင်လွှားနေတဲ့မာနဆိုတဲ့ အနုသယကိုလည်းဘဲ။ ပဇဟတိ၊ ပယ်လိုက်ပါတယ်။ ငါတကားကားထောင်လွှားနေတဲ့မာနတည်းဟူသောအနုသယတရားကိုလည်း မာနကိုလည်းပယ်ခဲ့ပြီ၊ ဘယ်နှစ်လုံး၊ (သုံးလုံးပါဘုရား)။ ရာဂရယ် ဒေါသရယ် မာနရယ်သုံးလုံးနော်။ အဲဒါ သမုဒယပေါ့ဗျာ။ ဒုက္ခရဲ့အကြောင်းရင်းတွေပေါ့ဗျာ၊ အဲဒီသုံးလုံးသည်ဒုက္ခရဲ့အကြောင်းရင်းဘဲလို့ မသိမှုသည် ဘာပါလိမ့်၊ (အဝိဇ္ဇာပါဘုရား)။ ယခုတော့ ဒုက္ခကိုပိုင်ပိုင်ကြီးသိလိုက်

တော့ ဝိဇ္ဇာဉာဏ်ဆိုတာသူမရဘူးလား၊ (ရပါတယ်ဘုရား)။ တေန ဉာဏေန၊ ထိုဒုက္ခကို ပိုင်းပိုင်းခြားခြားသိလိုက်တဲ့ဝိဇ္ဇာဉာဏ်၊ တေန ဉာဏေန၊ ထိုဒုက္ခရဲ့ အကြောင်းရင်းမှန်ကို သိလိုက်တဲ့ဝိဇ္ဇာဉာဏ်ဖြင့်။ အဝိဇ္ဇာ၊ အဝိဇ္ဇာတရားတည်း ဟူသော မောဟတရားကိုလည်းဘဲ။ ပဇဟတိ၊ ကောင်းစွာမသွေ ပယ်စွန့် နိုင်ခဲ့ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

ဒီစကားရပ်မှာ ဝိဇ္ဇာဖြင့် အဝိဇ္ဇာကိုပယ်တယ်လို့သဘောက၊ ဘာဖြင့် ဘာကို၊ ဝိဇ္ဇာဖြင့်အဝိဇ္ဇာကိုပယ်ပါတယ်ဘုရား။ ဝိဇ္ဇာဉာဏ်ဖြင့်အဝိဇ္ဇာကိုပယ် လိုက်တယ်၊ ဝိဇ္ဇာဆိုတာက တစ်ချက်တည်းမှတ် ဒုက္ခကိုသိတဲ့ဉာဏ်၊ ဒုက္ခသိရင် သမုဒယလည်းသိပြီးသား၊ သမုဒယကသိဖို့မဟုတ်ဘူး ပယ်ဖို့နော်၊ သမုဒယ ပယ်ချင်ရင် ဒုက္ခရှု့၊ သမုဒယကိုပယ်ချင်ရင်၊

(ဒုက္ခကိုရှု့ရမှာပါဘုရား)။

နိရောဓ မြင်ချင်ရင် ဒုက္ခရှု့ဟုတ်လား၊ နိရောဓမြင်ချင်ရင်၊ (ဒုက္ခရှု့ရမှာ ပါဘုရား။) နိရောဓကမြင်ဖို့၊ ဒုက္ခကရှု့ဖို့၊ သမုဒယကပယ်ဖို့ဟုတ်လား၊ ဒုက္ခ စိုက်ရှု့ဖို့ ပဓာနဆိုတာသဘောကျရဲ့လား၊ ဒုက္ခကိုသေသေချာချာမြင်တော့ ဝိဇ္ဇာဉာဏ်မရဘူးလား၊ (ရပါတယ်ဘုရား) ဝိဇ္ဇာဉာဏ်ဖြစ်တော့ အဲဒီလေး ချက်စလုံးကွယ်ထားတဲ့ အဝိဇ္ဇာဆိုတာကြီးကပယ်ပြီးသား။ **သဟဝိဇ္ဇပ္ပါဒါ အဝိဇ္ဇာ ပဟီယတိ**။ သဟဝိဇ္ဇပ္ပါဒါ။ ဝိဇ္ဇာဉာဏ်ဖြစ်ပေါ်လာသည်နှင့် တပြိုင် နက်တည်းဘဲ။ အဝိဇ္ဇာ၊ အဝိဇ္ဇာတရားသည်။ ပဟီယတိ၊ ကောင်းစွာကင်း ပျောက်ခဲ့ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

အခိုးမထွက်အောင် သာဓုဆောင်

ဒါယကာကြီးတစ်ယောက်ကတော့ ဘုန်းကြီးလျှောက်တယ် ဆရာတော်တရားပွဲသာဓုတွေကများလိုက်တာ ဘုန်းကြီးကလည်းများများဘဲပေးတယ် ဘာဖြစ်လို့လဲ ဘုန်းကြီးတို့ပရိသတ်အခိုးလွှတ်မှာစိုးလို့၊ အခိုးထွက်ခွင့်မရအောင်တဲ့ သာဓုချက်များများပေးပါတယ်။ ဘုန်းကြီးတောင် အခုနကသိလ

ပေးရင် အခိုးလွတ်လိုက်တယ်၊ ဟုတ်လား ဘာစဉ်းစားတုန်းဆိုတော့ ငါ့တရား ပွဲဟာ လေးပွဲလား ငါးပွဲလားဟုတ်လား ဘယ်နှစ်ပွဲကျန်သေတုန်း မေးခွန်းတွေ ဘယ်နှစ်ခုကျန်ဦးမလဲ၊ ငါ့တရားပွဲဘယ်နေ့အဆုံးသတ်ရမလဲ၊ လပြည့်ကျော် တစ်ရက်နေ့ ငါရန်ကုန်သွားရမှာ။ အဲဒါ သီလပေးရင်းစဉ်းစားတာ။ အခိုးထွက် သွားတယ်တဲ့ ဟုတ်လား၊ ဝိတက်နော် ဒီတော့ ဘုန်းကြီးတို့ပရိသတ် အခိုးထွက် ခွင့်မရအောင် ဘာလုပ်ရမလဲ၊ (သာဓုခေါ်ရမှာပါဘုရား)။ သာဓုများများပေးရ မယ်၊ ဒါ သူ့နည်းနဲ့သူတော့ဟန်ကျတာဘဲ။

ကိုင်းဒီတော့ရင် အဝိဇ္ဇာနဲ့ဝိဇ္ဇာ ဒီနေရာတစ်ခုနဲ့တစ်ခု အဝင်နဲ့အထွက် ဘဲနော်၊ အဝိဇ္ဇာဝင်နေတုန်း ဝိဇ္ဇာဆိုတာဝင်ခွင့်မရဘူး၊ ဝိဇ္ဇာဉာဏ်ဝင်ရောက် လာတော့ အဝိဇ္ဇာကွယ်ပျောက်တယ်၊ အဝိဇ္ဇာက သစ္စာလေးပါးကိုကွယ်ထား တာ၊ ဝိဇ္ဇာဆိုတာက သစ္စာလေးပါးကိုမြင်သိတာ၊ **သဟဝိဇ္ဇပ္ပါဒါ အဝိဇ္ဇာ ပဟီယတိ**၊ ဒုက္ခကိုသိလိုက်တယ် ဒုက္ခသမုဒယကိုသိလိုက်တယ်၊ ဒုက္ခနိရောဓ ကိုသိလိုက်တယ်၊ ဒုက္ခနိရောဓဂါမိနီပဋိပဒါ ကိုသိလိုက်တယ်၊ ဘယ်နှစ်ချက်သိ၊ (လေးချက်သိပါဘုရား)။ ဝိဇ္ဇာဉာဏ် မင်းတုပ်ကြီးပွင့်ထွက်သွားတယ်၊ တံခါး ကြီးပွင့်ထွက်သွားတယ်၊ တံခါးကြီးဆွဲလည်းဖွင့်လိုက်ရော ဒီတောင်ပို့ထဲ ဒါတွေရှိတယ်ဆိုတာ ဒီတော့မသိရဘူးလား။ (သိရပါတယ်ဘုရား)။

တောင်ပို့ ကြီးထဲမှာဘာတွေရှိလဲ၊ တစ်လုံးတည်းပြော တစ်လုံးတည်း ပြော ဒုက္ခအစုအပုံကြီးတဲ့ဟုတ်ပလား၊ မမေ့ပါနဲ့ **ပုဥ္ဇော ဒုက္ခဿ ကေဝလော**။ အယံ ကာယော၊ ဤခန္ဓာကိုယ်ကြီးသည်ကား။ ပုဥ္ဇော ဒုက္ခဿ ကေဝလော၊ ဒုက္ခအစုအပုံကြီးပါ။ ဘုန်းကြီးတို့ တောင်ပို့အကြောင်းစပြောတုန်းက အရိုးတို့ အရေတို့ အကြောတို့ ဘာတို့ဆိုတာ သမ္မုတိသစ္စာအနေနဲ့သာပြောရတာနော်၊ ပရမတ္ထသစ္စာပိုင်းဝင်ပြီဆိုတော့ အရိုးတွေ အရေတွေ အကြောတွေမရှိ တော့ဘူး။ တစ်လုံးတည်းဘဲဒုက္ခအစုအပုံကြီးလို့မြင်လိုက်ရမယ်တဲ့၊ တောင်ပို့ကြီး ထဲမှာအဲဒါမြင်မှ၊ တောင်ပို့ကြီး တူရွင်းပြားဆိုတဲ့ဝိပဿနာဉာဏ်နဲ့တူးဖြိုချ လိုက်တော့ ဒုက္ခအစုအပုံကြီးဟဲ့လို့သဘောကျလိုက်ရင်လေ အဲဒါ တံခါးမင်း တုပ်ကြီးပွင့်ထွက်သွားတယ်တဲ့။ တံခါးမင်းတုပ်ကြီးပွင့်ထွက်သွားတော့ ဒုက္ခအစု အပုံကြီးမြင်လိုက်ရတော့ ဒုက္ခအစုအပုံကြီးရဲ့ ဟိုဘက်နား သုခအစုအပုံကြီး

ကော မရှိဘူးလား၊

(ရှိပါတယ်ဘုရား)။

နိဗ္ဗာနံ ခန္ဓပဋိဗဒ္ဓမေဝ။ နိဗ္ဗာနံ၊ နိဗ္ဗာန်ဆိုတာ၊ ခန္ဓပဋိဗဒ္ဓမေဝ၊ ခန္ဓာနဲ့ ဆက်စပ်၍နေသည်သာလျှင်တည်း။ မဟာဋီကာကြီးဆိုထားတယ် ဝိသုဒ္ဓိမဂ် မဟာဋီကာကြီးမှာ နိဗ္ဗာနံ၊ နိဗ္ဗာန်ဆိုတာ၊ ခန္ဓပဋိဗဒ္ဓမေဝ၊ ခန္ဓာနဲ့စပ်သည်သာ လျှင်တည်း။ နိဗ္ဗာန်နဲ့ခန္ဓာ၊

(ဆက်စပ်ပါတယ်ဘုရား)။

တစ်စပ်တည်း။ နိဗ္ဗာန်ဆိုတာ တောင်ပို့ကြီးနားကပ်နေတာ၊ နိဗ္ဗာန်ဆိုတာ၊

(တောင်ပို့ကြီးနားကပ်နေတာပါဘုရား)။

တောင်ပို့သာနာနာတူးဗျို့၊ တောင်ပို့ရဲ့ဟိုဘက်ပေါက်ထွက် သွားရင် နိဗ္ဗာန်ချက်ချင်းရောက်တာ၊ ဘုန်းကြီးတို့ပရိသတ် တူးပလား၊ တူရွင်းပြား ဘယ် ရှာရမလဲတောင်မသိသေးဘူး၊ အခု တူရွင်းပြားပေးနေတာဘဲ၊ တူးနည်း ဖြိုနည်း ရော တူရွင်းရောအကုန်ပေးထားတယ် ဘာလိုတုန်းဆိုတော့ ဝိရိယ၊ တူးဖို့ ဖြိုဖို့ဒါဘဲလိုတယ်၊ တူရွင်းလည်းရှိတယ်၊ တောင်ပို့လည်းကိုယ့်အနားကပ် နေတာ၊ တောင်ပို့တူးလို့ တူးတဲ့ဖြိုတဲ့လုပ်ငန်းဆုံး ဟိုဘက်နား နိဗ္ဗာန်ဆိုတာ လည်း ဘဲထင်ရှားနော်။

ဘုန်းကြီးတို့ နိဗ္ဗာန်တရားဟောတုန်းကပြောခဲ့တယ်မဟုတ်လား၊ မြစ်ကြီး ဟိုဘက်ကမ်းနဲ့ ဒီဘက်ကမ်း ဘာလို့ဝေးလဲ၊ ရေပြည့်နေတယ်နော် ရေတွေပြည့်လေလေ ဟိုဘက်ကမ်းနဲ့ ဒီဘက်ကမ်းသည်၊

(ဝေးလေလေပါဘုရား)။

ဝေးလေလေဘဲ တဖြည်းဖြည်းရေခမ်းခမ်း ခမ်းခမ်းသွားတာ ကမ်းနှစ်ခု၊ (နီးသွားပါတယ်ဘုရား)။ ဟာ လုံးဝရေမရှိတော့ ခမ်းသွားပြီဆိုတော့ ကမ်းနှစ်ခုတစ်ဆက်တည်း၊ နိဗ္ဗာန်နဲ့ခန္ဓာ ခန္ဓာနဲ့နိဗ္ဗာန်အနီးလေးဘဲ၊ ခန္ဓာထဲ နိဗ္ဗာန်တော့မရှိဘူးဗျို့၊ ဟိုဘက်ကမ်းနဲ့ဒီဘက်ကမ်းအနီးလေး ဘုန်းကြီးတို့ ပရိသတ်များ ရေခမ်းတဲ့အခါနီးတယ်၊ ရေပြည့်တော့၊ (ဝေးပါတယ်ဘုရား)။

ဟာ ဝေးတယ်၊ ဟိုဘက်ကမ်းသည် ဒီဘက်ကမ်းမဟုတ်ပါဘူး၊ ဒီဘက်ကမ်းသည် ဟိုဘက်ကမ်းမဟုတ်ပါဘူး။ ဟိုဘက်ကမ်းလည်း တစ်ခုဘဲ၊ ဒီဘက်ကမ်းလည်း တစ်ခုဘဲ၊ ရေတွေလျှံလို့ရှိရင် တစ်ခါတစ်ခါကမ်းတောင်ပျောက်တယ်တဲ့၊ ကာမောယဆိုတဲ့ရေတွေ ဘဝေါဃဆိုတဲ့ရေတွေ ဒိဋ္ဌောယဆိုတဲ့ရေတွေ အဝိဇ္ဇာယဆိုတဲ့ရေတွေ။ အဲဒီ သြဃလေးဖြာသံသရာရေတွေလျှံထွက်လာတဲ့အခါ ခန္ဓာနဲ့နိဗ္ဗာန်အကုန်ပျောက်နေတယ်တဲ့၊ ကာမောယလွှမ်းရင် ခန္ဓာလည်းပျောက် နိဗ္ဗာန်လည်းပျောက်၊ ဘဝေယလွှမ်းတော့ခန္ဓာလည်းပျောက် နိဗ္ဗာန်လည်းပျောက်၊ ဒိဋ္ဌောယ အဝိဇ္ဇာယတွေလွှမ်းရင် ခန္ဓာလည်းပျောက်တယ် နိဗ္ဗာန်လည်းပျောက်တယ်၊ ဟိုဘက်ကမ်း ဒီဘက်ကမ်း အကုန်ပျောက်တယ်၊ ရေလျှံရင်ကမ်းပျောက်တယ် တဖြည်းဖြည်းရေခမ်းတော့ ကမ်းပေါ်လာတယ် လုံးဝရေမရှိရင်ကမ်းနှစ်ခုဆက်သွားတယ်၊ အမလေး အဝိဇ္ဇာ တကျာသာကုန်ပစေတဲ့ နိဗ္ဗာန်ဆိုတာတောင်ပို့ကြီးနားကပ်ပြီးတော့ပေါ်လာလိမ့်မယ်။

နိဗ္ဗာနံ ခန္ဓပဋိဗဒ္ဓမေဝ။ နိဗ္ဗာနံ၊ နိဗ္ဗာန်ဆိုတာ၊ ခန္ဓပဋိဗဒ္ဓမေဝ၊ ခန္ဓာနဲ့တစ်စပ်တည်းပါဘဲ ခန္ဓာထဲတော့မရှိဘူးနော်။ ခန္ဓာကို ရှူ့ရင်းရှူ့ရင်း တစ်နည်းတောင်ပို့ကြီးတူးရင်းတူးရင်းနဲ့ တူးတဲ့လုပ်ငန်းဆုံးပြီး တောင်ပို့ကြီးအကုန်လုံးပြိုကြသွားပြီးတော့ ဟိုဘက်နားမှာ နိဗ္ဗာန်ကြီးဘွားကနဲကပ်ပေါ်လာတယ်ဟုတ်လား။ အေး ဒါကြောင့် ဥက္ခိပ လဂိ်၊ လဂိ်၊ တံခါးမင်းတုပ်ကြီးကို။ ဥက္ခိပ၊ ပယ်ပစ်လိုက်ပါတဲ့ ဘယ်သူပြောလဲ၊

(ဘုရားပြောပါဘုရား)။

ဗြဟ္မဏော ဆရာပုဏ္ဏားဆိုသော မြတ်စွာဘုရားက။ အာဟ၊ ဟောကြားတော်မူတယ်။ **ဆရာပုဏ္ဏား မြတ်ဘုရားဟောကြားခဲ့သည်မှာ** မမေ့နဲ့နော်၊ ဆရာပုဏ္ဏား မြတ်ဘုရားက အာဟ၊ ပြောပါတယ်၊ ဘယ့်နှယ့်ပြောတုန်းဆိုတော့ ဥက္ခိပ လဂိ်၊ မင်းတုပ်ကြီးပယ်ပစ်လိုက် အဝိဇ္ဇာကိုပယ်လိုက်လို့ဆိုတာ ဒါကြောင့် အဝိဇ္ဇံ ပဇဟ။ အဝိဇ္ဇံ၊ အဝိဇ္ဇာတရားကို။ ပဇဟ၊ ပယ်လိုက်ပါလေတော့လို့။ အဝိဇ္ဇာကိုပယ်နှုတ်ခြင်းကို မင်းတုပ်ကိုပယ်နှုတ်ခြင်းလို့ဆိုလိုတယ်။ အဘိက္ခဏန္တော သုမေဓော သတ္ထံ အာဒါယ။ သုမေဓော၊ ပညာရှိသည် တပည့်ယောဂီ သည်။ သတ္ထံ၊ တူရွင်းဆိုသောဝိပဿနာဉာဏ်လက်နက်ကို။ အာဒါယ၊

ကိုင်စွဲပြီးတော့။ ဝမ်မိကံ၊ တောင်ပို့ကြီးကို။ အဘိက္ခဏန္တော၊ တူးလိုက်သည်ရှိသော်။ လင်္ဂီတိ သခ်ါတံ၊ တံခါးမင်းတုပ်လို့ဆိုရသော။ အဝိဇ္ဇ၊ အဝိဇ္ဇာဆိုတဲ့ပိတ်ကာတဲ့တရားကို။ အဒ္ဒဿ၊ မျက်ဝါးထင်ထင် သမုဒယအနေနဲ့ကောင်းစွာမသွေ တွေ့မြင်ခဲ့ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

သဟဝိဇ္ဇပ္ပါဒါ၊ ဒုက္ခကိုရှုသော ဝိဇ္ဇာဉာဏ်ဖြစ်ပေါ်လာသည်နှင့်တပြိုင်နက်တည်း။ အဝိဇ္ဇ၊ အဝိဇ္ဇာဆိုသော တံခါးမင်းတုပ်ကြီးကို။ ပဇဟတိ၊ ကောင်းစွာမသွေ ပယ်စွန့်နိုင်ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

ဇတေဝန္တော ဒုက္ခဿ။ ဇတေဝံ၊ ဤကဲ့သို့ အဝိဇ္ဇာဆိုသောတံခါးမင်းတုပ်ကို ပယ်နှုတ်နိုင်ခြင်းသည်ပင်လျှင်။ ဒုက္ခဿ၊ ဒုက္ခတရားတို့၏။ ဒုက္ခဿ၊ ဒုက္ခမျှားစွာအပေါင်း၏။ ဒုက္ခဿ၊ ခန္ဓာဒုက္ခ၏သံသရာဒုက္ခ၏။ ဒုက္ခဿ၊ ဇာတိဇရာ မရဏာ အစရှိတဲ့ဒုက္ခတရားတို့၏။ အန္တော၊ အဆုံးသတ်ပါပေတည်း။ ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့်ပြည့်စုံ တော်မူသော သဗ္ဗညုမြတ်စွာဘုရားသည်။ ဗျာကရောတိ၊ ဆုတ်ဆိုင်းမရှိ ဟုတ်တိုင်းမှန်စွာဖြေကြားခဲ့ပါပေတော့သတည်း။

သာဓု သာဓု သာဓုပါဘုရား။

တံခါးမင်းတုပ်ကိုတွေ့တယ် တံခါးမင်းတုပ်ကြီးပယ်ပစ်လိုက် အဝိဇ္ဇာဆိုတာမင်းတုပ်၊ အဝိဇ္ဇာဆိုတဲ့မင်းတုပ်ကို ဒုက္ခကိုရှုပြီးတော့ပယ် သစ္စကမ္မဋ္ဌာန်းစီးဖျန်း ပယ်ဆိုသောနည်းလမ်းဖြင့် ဘုန်းကြီးတို့ပရိသတ်အား တင်ပြလိုက်ပြီ၊ ဤစာပိုဒ်နဲ့ပတ်သက်တဲ့ နှုတ်ဆောင်ကလေး ယူလိုက်ကြပါဦး။

မင်းတုပ်ဟူငြား၊ အဝိဇ္ဇာထား၊ မှတ်သားရှစ်ခုပါ။ (၃ခေါက်ဆို)

ဘယ်နှစ်ခုပြီးသွားလဲ၊ ရှစ်ခုပါဘုရား။ ဘယ်နှစ်ခုကျန်သေးလဲ၊ ခုနှစ်ခုပါဘုရား။ ခုနှစ်ခုကျန်တယ်။ ဝမ်မိကသုတ္တန်တရားပွဲပေါင်း ဘယ်နှစ်ပွဲပြီးပြီလဲ၊ ငါးပွဲပါဘုရား။ ငါးပွဲအပြီးမှာ မေးခွန်းပေါင်းရှစ်ခုရောက်တယ်နော်၊ ကျန်နေ

သေးတဲ့မေးခွန်းတွေကို မနက်ဖြန်ခါ ဘုန်းကြီးတို့ဆက်ပြီးတော့ဟောမယ် ဤယနေ့ညတော့ ဤမှာဘဲနားကြဦးစို့။ မနက်ဖြန်ည ဘုန်းကြီးတို့တရားပွဲ ဘယ်မှာရှိလဲ၊ (ချမ်းသာရမှာပါဘုရား)။ ချမ်းသာရမြတ်စွာဘုရားမှာ ဝမ္မိကသုတ်တော်ကိုဆက်ပြီးတော့ ဖားပွကြီးဆက်တူးကြဦးစို့နော်၊ တောင်ပို့ကြီးတူးလိုက်တာဖားကြီးတစ်ကောင်ရဆို၊ အေး မနက်ဖြန်ခါဖားတူးမည့်နေ့ပေါ့ဗျာ။၏။

ဆဋ္ဌမပိုင်း

၁၃၄၃-ခုနှစ်၊ သီတင်းကျွတ်လဆန်း(၁၃)ရက်နေ့ည၊ မန္တလေးမြို့၊ ချမ်းသာရထုံးကုန်းရပ်၊ မူလကုသလဘာဝနာအသင်း လူငယ်များနှင့် ရပ်ကွက်မိသားစုလူအပေါင်းတို့ စုပေါင်း စုဆောင်း၍ ဝါတွင်း သီတင်းစဉ် ဥပုသ်ထွက်နံနက်တိုင်း သံဃာတော် အပါး (၄၀၀) ကျော်တို့အား သံဃိကမြောက် ဆွမ်း, ဟင်းလျာများကိုလှူဒါန်းခဲ့ရာ ယခုအခါ (၁၀)ကြိမ်မြောက်ဖြစ်သဖြင့် အာမိသဒါန ပစ္စယဒါနပေးလှူကြရုံနှင့် အားမရတင်းမတိမ်နိုင်ရကား ဓမ္မဒါန, အမတဒါနပေးလှူမယ်လို့ မူလကုသလဘာဝနာအသင်း လူငယ်များ ဆင်ယင်ကျင်းပသည့်ဓမ္မသဘင်၌ ဟောကြားအပ်သော မဇ္ဈိမနိကာယ်, မူလပဏ္ဏာသပါဠိတော်၌လာသော ဝမ္မိကသုတ္တန်တရားတော် ဆဋ္ဌမအပိုင်း ဝမ္မိကသုတ္တန်တရားတော်ရဲ့ ခြောက်ခုမြောက်အပိုင်း ဆဋ္ဌမကဏ္ဍတရား မဟောကြားသေးခင် မနာကြားသေးခင် တရားပိုင်ရှင်ဖြစ်တော်မူသော သဗ္ဗညုမြတ်ဘုရားအား ရိုသေစွာ လက်အုပ်ချီမိုး၍ ရှိခိုးကြရအောင် -

ဝမ္မိကသုတ္တန်တရားကို ဘုန်းကြီးတို့ ပရိသတ်အစဉ်တိုင်း ဟောပြီးတော့ လာရာ ငါးကြိမ်မြောက် ငါးပွဲမြောက်အောင် တရားပွဲသို့ ဘုန်းကြီးတို့ဟောလို့ ပြီးသွားတယ်။ ဝမ္မိကသုတ္တန်တစ်ခုလုံး မေးခွန်းပေါင်းတစ်ဆယ့်ငါးရပ်ပါဝင်တယ်၊ မေးခွန်းတစ်ဆယ့်ငါးရပ်ပါဝင် တန်းဆာဆင်ထားတဲ့ ဝမ္မိကသုတ္တန်ကို ဘုန်းကြီးတို့ ညတုန်းက မဟာသက္ကသီဟစေတီတော်ပရဝုဏ်အတွင်း တည်

ခင်းတဲ့ ဓမ္မသဘင်မှာဟောခဲ့တာ မေးခွန်းအားလုံးရှစ်ခုအထိပြီးသွားတယ်၊ ရှစ်ခုအထိပြီးသွား တရားပွဲကငါးပွဲ မေးခွန်းရှစ်ခုပြီးသွား ကျန်တော့ ဘယ်လောက်ကျန်သလဲ၊ တစ်ဆယ့်ငါးခုရှိတဲ့သုတ္တန်မှာရှစ်ခုပြီးတော့ ခုနှစ်ခုကျန်တယ်၊ ဤယနေ့ညခြောက်ကြိမ်မြောက်တရားပွဲမှာ ဘုန်းကြီးတို့ပရိသတ်ပေါင်းသူတော်ကောင်းတို့အတွက် ကိုးခုမြောက်မေးခွန်းကိုဆက်ရအောင်၊ ဒီတော့ သုတ္တန်ရဲ့ဟောခဲ့ပြီးတဲ့အစီအစဉ်လေးမျှားကို ခြုံပြီးတော့အာရုံယူကြည့်လိုက်ပါဦး၊ အနုသန္ဓေသဘောဟောပြီးတာနဲ့ ယခုဟောမဲ့စကားဆက်စပ်ကြည့်ရအောင်။

မြတ်စွာဘုရားကိုယ်တော်မြတ် သာဝတ္ထိမြို့ ဇေတဝန်ကျောင်း ကိန်းအောင်းနေဆဲကာလ အရှင်ကုမာရကဿပမထေရ်သည် အန္ဓဝန်တောအုပ်မှာတရားအားထုတ်တယ်၊ သန်းခေါင်ကျော်တော့ တောအုပ်ကြီးလုံး အရောင်တွေလင်းပြီးတော့ ငြဟ်ကြီးတစ်ယောက်ပေါ် ပေါက်လာတယ်၊ ထိုငြဟ်ကြီးသည် အရှင်ကုမာရကဿပနဲ့ ကဿပမြတ်စွာဘုရားရှင်ကိုယ်တော်မြတ်လက်ထက်တော်တုန်းက အတူတကွတရားကျင့်ဖော်ကျင့်ဖက် အားထုတ်ဖက်သငြဟ်စာရီ သီတင်းသုံးဖော်မိတ်ဟောင်း ငြဟ်ကြီး၊ ထိုငြဟ်ကြီးက အနာဂါမ်တည်လို့ ကဿပဘုရားလက်ထက်တုန်းက ထိုအနာဂါမ်တည်ခဲ့တဲ့ သံယာတော်က အနာဂါမ်တည်ခဲ့တဲ့ရဟန်းတော်က သုဒ္ဓါဝါသငြဟ်ပြည်ရောက်လို့ ငြဟ်ကြီးဖြစ်နေခဲ့တယ်၊ အရှင်ကုမာရကဿပမထေရ်ခမျာ ပုထုဇဉ်ဘဝနဲ့ စုန်ချည် ဆန်ချည် လူ့ပြည် နတ်ပြည် ကျင်လည်ပြီး ကဿပမြတ်စွာဘုရားသာသနာကနေ ဂေါတမဘုရားသာသနာအထိ ပုထုဇဉ်ဘဝနဲ့ကျင်လည်ခဲ့ရတာ၊ ယခု ဂေါတမရှင်တော်ဘုရားလက်ထက်တော်ကာလ ပုထုဇဉ်အဖြစ်နဲ့ ကျင်လည်ခဲ့တဲ့ အရှင်ကုမာရကဿပမထေရ်ရဲ့အလောင်းအလျာ ကဿပမြတ်စွာဘုရားလက်ထက်တုန်းက နှစ်နှစ်သောင်းအားထုတ်ထားခဲ့တဲ့ ရှင်ကုမာရကဿပမထေရ်ရဲ့ အလောင်းအလျာက စိတ္တရကတီ ဓမ္မကထိက ဇေတဒဂ်ဘွဲ့ကို ရယူလတ်ံဖြစ်သော ရှင်ကုမာရကဿပမထေရ်ရဲ့ အလောင်းအလျာက အန္ဓဝန်တောအုပ်မှာ တရားနှလုံးကျင့်သုံး၍နေခဲ့ပြီ။

သုဒ္ဓါဝါသဘုံရောက်နေတဲ့ အနာဂါမ်ငြဟ်ကြီးက ငါ့ရဲ့သီတင်းသုံးဖော် ဘယ်ရောက်နေဟုန်းလို့ ရှာလိုက်တော့ ဟောဒီမှာ အန္ဓဝန်တောအုပ်မှာ

တရားနှလုံးကျင့်သုံးနေတာတွေ့တော့ ညသန်းခေါင်ကျော်ကာလ တောအုပ်ကြီးတစ်ခုလုံး အရောင်တွေလွှတ်ပြီးတော့ ဗြဟ္မာကြီးက ရှင်ကုမာရကဿပမထေရ်ရဲ့ခြေရင်းကိုဆိုက်ရောက်လာတယ်၊ သဗြဟ္မစာရီတရားကျင့်ဖက်ပုရာဏသာလောဟိတံ ရှေးတုန်းက သဟာယ်ချင်း ခေတ်လိုပြောတော့ သူငယ်ချင်း မိတ်ဟောင်းဆွေဟောင်းဖြစ်သောဗြဟ္မာကြီးက တရားနှလုံးကျင့်သုံးနေတဲ့ ရှင်ကုမာရကဿပမထေရ်ရဲ့ ရှေ့မှောက်ရောက်တော့ မတ်တတ်ရပ် လက်အုပ်ချီပြီးတော့လျှောက်တယ်။

အရှင်ဘုရား တောင်ပို့ကြီးတစ်ခုရှိပါတယ်၊ ထိုတောင်ပို့ကြီးသည် ညအခါကျတော့အခိုးတွေလွှတ်တယ်၊ နေ့အခါကျတော့ မီးတွေတောက်တယ်၊ ညအခိုးလွှတ်ပြီးတော့ နေ့ မီးတောက်တဲ့၊ ဤတောင်ပို့ကို ဆရာပုဏ္ဏားကတပည့်ပညာရှိကိုပြောတယ်၊ တူရွင်းလက်နဲ့ကိုင်ပြီးတော့ တောင်ပို့ နာနာတူးတဲ့၊ ဆရာပုဏ္ဏားကပြောတယ်၊ တပည့်လုလင် လက်နက်ကိုင်စွဲပြီးတော့ ဤတောင်ပို့ကိုတူးပါ၊ တောင်ပို့ကြီးညအခိုးလွှတ်တယ်၊ နေ့အခါကျတော့ မီးတွေတောက်တယ်၊ ဒီလို ဆရာပုဏ္ဏားက တပည့်လုလင်ပြောတော့၊ တပည့်လုလင်က လက်နက်ကိုင်စွဲပြီးတော့ တောင်ပို့ကြီးတူးလိုက်တဲ့အခါ ရှေးဦးစွာ တောင်ပို့ထဲကဘာတွေ့တုန်းဆိုတော့၊

လဂီ ဘဒန္တေ။ ဘဒန္တေ၊ အို ဆရာပုဏ္ဏား၊ လဂီ၊ ဤ တောင်ပို့ထဲကတံခါးပိတ်တဲ့မင်းတုပ်ကြီးတစ်ခုရတယ်၊ တံခါးပိတ်စရာမင်းတုပ်ကြီးထွက်လာတယ်၊ ဆရာပုဏ္ဏား တံခါးပိတ်ရမဲ့ မင်းတုပ်ကြီး အကျွန်ုပ်တောင်ပို့တူးတောတွေ့ပါရဲ့၊ အဲဒါဘာလုပ်ရမှာတုန်း၊

ဥက္ခိပ လင်္ဂေ ၊ သုမေဓ၊ ပညာရှိ တပည့်လုလင်။ လင်္ဂေ၊ တံခါးမင်းတုပ်ကြီးကို။ ဥက္ခိပ၊ ပယ်ပစ်လိုက်ပါ, စွန့်ပစ် လိုက်ပါ တူးပစ်လိုက်ပါ ဖယ်ပစ်လိုက်ပါ။ တံခါးမင်းတုပ်ကြီးဖယ်ပစ်လိုက် တံခါးမင်းတုပ်ကြီးဖယ်ပြီးပြီရှေ့ဆက်ဘာလုပ်ရမှာတုန်းဆိုတော့-

အဘိက္ခဏ သုမေဓ သတ္ထံ အာဒါယ၊ သုမေဓ၊ ပညာရှိ။ သတ္ထံ၊ လက်နက်ကို။ အာဒါယ၊ ကိုင်စွဲ၍။ အဘိက္ခဏ၊ ဆက်လက်၍သာတူးပါ။

လက်နက်ကိုင်စွဲပြီးတော့ တောင်ပို့ကိုဆက်တူးလို့ ဆရာပုဏ္ဏားကပြောတယ်။

အဘိက္ခဏန္တော သုမေဓော သတ္ထံ အာဒါယ အဒ္ဒသ ဥဒ္ဓုမာယိကံ

သုမေဓော၊ တပည့်ပညာရှိသည်။ သတ္ထံ၊ တူရွင်းကို။ အာဒါယ၊ ကိုင်စွဲ၍။ ဝမ္မိကံ၊ တောင်ပို့ကို။ အဘိက္ခဏန္တော၊ တူးလိုက်သည်ရှိသော်။ ဥဒ္ဓုမာယိကံ၊ ဖားပွတစ်ကောင်ကို။ ဥဒ္ဓုမာယိကံ၊ ဖားပွတစ်ကောင်ကို။ အဒ္ဒသ၊ တွေ့ခဲ့ပြန်တယ်။ ဖားပွတစ်ကောင်တွေ့။

'ဥဒ္ဓုမာယိကာ ဘဒန္တေ'

ဘဒန္တေ၊ အိုဆရာ ပုဏ္ဏား။ ဥဒ္ဓုမာယိကာ၊ ဖားပွကြီးပါ။ ကိ ကရောမိ၊ ဘာလုပ်ရမတုန်း။ ဆရာ တောင်ပို့တူးတာ ဖားကြီးတစ်ကောင်ရတယ်၊ အဲဒါ ဘာလုပ်ရမတုန်း၊

'ဥက္ခိပ ဥဒ္ဓုမာယိကံ'

သုမေဓ၊ တပည့်ပညာရှိ။ ဥဒ္ဓုမာယိကံ၊ အဲဒီဖားပွကြီးကို။ ဥက္ခိပ၊ ပယ်ပစ်လိုက် မြောက်ပစ်လိုက် တူးပစ်လိုက် ဖယ်ပစ်လိုက်၊ ဖားပွကြီးကို ပယ်ပစ် ဖယ်ပစ် ဖားပွကြီးပယ်ပစ်ပြီးတော့၊ ဖယ်ပစ်ပြီးတော့ဘာလုပ်ရမတုန်း။

'အဘိက္ခဏ သုမေဓ သတ္ထံ အာဒါယ'

သုမေဓ၊ ပညာရှိတပည့်လုလင်။ သတ္ထံ၊ တူရွင်းလက်နက်ကို။ အာဒါယ၊ ကိုင်စွဲ၍။ အဘိက္ခဏ၊ ဆက်၍သာတူးပါ။ ဘုန်းကြီးတို့ ပရိသတ် အငိုက် ဖမ်းမေးရဦးမှာ။ ဘယ်နှစ်ခါတူးလိုက် (နှစ်ခါတူးပြီးပါပြီဘုရား) နာဘူးတဲ့လူ တွေကပြောကြတယ်။ ဟောဒီ ချမ်းသာရထုံးကုန်းကလူတွေကပြော၊ ဘယ်နှစ်ခါတူး၊ (နှစ်ခါပါဘုရား) အေး နောက်ကလိုက်ပြောတော်ပါတယ်၊ နောက်က လိုက်ပြောဖော်ရတာ။

တောင်ပို့ကြီး ညှဉ်အခိုးလွှတ်တယ်၊ နေ့ မီးတောက်တယ်။ တပည့် ပညာရှိ တူးရွင်းကိုင်၍တောင်ပို့ကိုတူး၊ တူးပါပြီဆရာ၊ ဘာတွေ့တုန်းလို့ဆို တော့၊ လဏီ၊ မင်းတုပ်တွေ့တယ်၊ ဘာလုပ်ရမလဲ ပယ်ပစ်လိုက်၊ ပယ်ပစ်ပြီးပြီ ရှေ့ဆက်ဘာလုပ်ရအုံးမလဲ၊ ဆက်တူး၊ ဆက်တူးပြီဆရာ၊ ဘာတွေ့တုန်း ဥဒ္ဓု မာယိကာ၊ ဖားပွကြီးတစ်ကောင်တွေ့တယ်၊ ဘာတွေ့၊

(ဖားပွကြီးတစ်ကောင် တွေ့ပါတယ်ဘုရား)။

တောင်ပို့ထဲကတွေ့တာ=
(၁) တံခါးမင်းတုပ်
(၂) ဖားပွ၊

ဘယ်နှစ်ခုတွေ့၊ (နှစ်ခုတွေ့ပါတယ်ဘုရား)၊ အဲဒီနှစ်ခုတွေ့တော့ ဘုန်းကြီးတို့ပရိသတ်အပေါင်းသူတော်ကောင်းတို့ တံခါးမင်းတုပ်ကြီးတွေ့တယ်၊ မင်းတုပ်ကိုဖြုတ်ပြီးတော့ တံခါးပွင့်ဆိုပြီးတော့ ညတုန်းက သက္ကသီဟမှာ တံခါးဖွင့်ခဲ့တယ်နော်၊ မင်းတုပ်ဖြုတ်ပြီးတော့ တံခါးဖွင့်လိုက်တာ တံခါးကြီးပွင့်လည်းသွားရော၊ ဘာတွေတွေ့တုန်း။ ပြီးပြီ မင်းတုပ်ကြီးကိုဖြုတ်ခဲ့ပြီ, တံခါးဖွင့်လိုက်ပြီတဲ့ တံခါးဖွင့်လိုက်တော့ တောင်ပို့ထဲမှာဘာတွေတွေ့တုန်း (ဒုက္ခတွေတွေ့ပါတယ်ဘုရား) အေး ဒုက္ခတွေ့တယ်၊ ဒုက္ခတွေ့ပြီ၊ ဒုက္ခသစ္စာလို့ဆိုတာ။

သံဒိတ္တေန ပဠုပါဒါနက္ခန္ဓာ ဒုက္ခာ။ အကျဉ်းချုပ်လိုက်တော့ ဒုက္ခဆိုတာ ခန္ဓာ၊ အကျဉ်းချုပ်တော့ ဒုက္ခဆိုတာ၊

(ခန္ဓာပါဘုရား)

နတ္ထိ ခန္ဓသမာ ဒုက္ခာ ခန္ဓာသည် အဆင်းရဲဆုံးတရား၊ အဆင်းရဲဆုံးတရားပြဆိုရင် ဘာပြ (ခန္ဓာပါဘုရား) ဇာတိဆိုတာလည်း ခန္ဓာ၊ ဇရာဆိုတော့ကော (ခန္ဓာပါဘုရား) အို ဗျာဓိကော၊ မရဏကော၊ သောက ပရိဒေဝ ဒုက္ခဒေါမနဿုပါယာသတွေ အကုန်လုံးဘယ်မှာလဲ (ခန္ဓာမှာပဲဘုရား)။

ယမ္ပိစ္ဆံ န လဘတိ တမ္ပိ ဒုက္ခံ၊ လိုတိုင်းမရတဲ့ဒုက္ခကော (ခန္ဓာမှာပါဘုရား) ခန္ဓာမှာပဲ။ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော ချစ်တဲ့သူနဲ့ခွဲရတဲ့ဒုက္ခကော (ခန္ဓာမှာပါပဲဘုရား)။

အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ မုန်းတဲ့လူနဲ့တွဲရတဲ့ ဒုက္ခကော (ခန္ဓာမှာပါဘုရား) ဒါ့ကြောင့် အကုန်လုံးစုလိုက်ရင် ခန္ဓာဆိုတာဒုက္ခ၊ ဒုက္ခဆိုတာခန္ဓာ။ ဒုက္ခနဲ့ခန္ဓာသည်တစ်ခုတည်းပဲနော်၊ ခန္ဓာကိုသေသေချာချာ မြင်လိုက်တော့ ဘုန်းကြီးတို့ပရိသတ်များ ပရမတ္ထသစ္စာကိုမြင်တယ်ခေါ်တယ် (မှန်လှပါဘုရား) ခန္ဓာသည် ဒုက္ခအစုအပုံကြီး -

'ပုဏ္ဏော ဒုက္ခဿ ကေဝလော'

အယံ ကာယော၊ ဤခန္ဓာကိုယ်ကြီးသည်ကား။ ကေဝလော၊ သက်

သက်။ ဒုက္ခဿ ပုဏ္ဏော၊ ဒုက္ခအပုံကြီးတဲ့၊ ဤခန္ဓာကိုယ်ကြီးဟာ ဒုက္ခအစု အပုံကြီးသက်သက်မျှပဲ၊ ဒုက္ခတွေပုံထားတာလို့ သဘောကျလိုက်တော့ အရိယ သစ္စာ ဉာဏ်ရောက်သွားတယ်။ ဘယ်ရောက်၊

(အရိယသစ္စာဉာဏ် ရောက်ပါတယ်ဘုရား)

အရိယသစ္စာဉာဏ်ရောက်ပြီလည်းဆိုရော အဝိဇ္ဇာဆိုတဲ့တံခါးမင်း တုပ်ကြီးပြုတ်ကျသွားတယ်။ အဝိဇ္ဇာဆိုတာ တံခါးမင်းတုပ်၊ တံခါးမင်းတုပ် ဆိုတာအဝိဇ္ဇာ၊ တောင်ပို့ထဲကမင်းတုပ်ကြီးတွေ့ဆိုတာ အဝိဇ္ဇာကိုတွေ့ပြီ၊ ပိတ် ကာထားတာသူပဲ။ အဝိဇ္ဇာဆိုတဲ့မင်းတုပ်ဖြုတ်လိုက်တော့ တံခါးကြီးပွင့်သွား၊ ဘာတံခါးပွင့်တုန်းဆိုသစ္စာဉာဏ်ဆိုတဲ့တံခါးပွင့်တယ်၊ ဘာပွင့်၊

(သစ္စာဉာဏ်ဆိုတဲ့တံခါးပွင့်ပါတယ်ဘုရား)

ယခု ဘာသစ္စာတွေ့လိုက်သလဲ၊

(ဒုက္ခသစ္စာတွေ့တာပါဘုရား)။

ခန္ဓာဆိုတာဒုက္ခအပုံကြီးတဲ့ တောင်ပို့ကြီးပုံထားသလိုပဲ၊ တောင်ပို့ ကြီး ခြကလေးတွေ မြေကြီးတွေကို နည်းနည်းခြင်း, နည်းနည်းခြင်းစုံလာ ပြီးတော့ ဒီနေရာဝိုင်းပြီးတော့ထွေးပုံထားတာ၊ ခြတောင်ပို့ဆိုတာ ခြကလေးတွေ မြေ ကြီးတွေကို အနည်းငယ် အနည်းငယ်ငုံလာပြီးတော့ တောင်ပို့လုပ်မယ့်နေရာ မှာ စုအန်ပြီးတော့ထွေးလိုက်ကြတာ တောင်ပို့ မဖြစ်လား (ဖြစ်ပါတယ်ဘုရား) ရုပ်တရားစုစု စုစုလာခဲ့၊ ဝေဒနာတွေစုံ၍စုံ၍လာခဲ့ ၊ သညာတွေစုံ၍ စုံ၍လာခဲ့ သင်္ခါရစုံ၍စုံ၍လာခဲ့၊ ဝိညာဏ်တွေစုံ၍ စုံ၍လာခဲ့ဟုတ်လား။ အဲဒီ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ဆိုတဲ့တရားတွေစုပြီးတော့ပုံထားတာ၊ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ဆိုတဲ့တရားတွေစုပြီးတော့ ပုဏ္ဏော တဲ့၊ ပုံထားတယ်၊ ခြကလေးတွေ မြေကြီးတွေကိုသူတို့ပါးစပ်ထဲကအန်မထုတ်ဘူးလား၊

(အန်ထုတ်ပါတယ်ဘုရား)

အရိယာသူတော်ကောင်းတို့သည် ဤခန္ဓာအစုအပုံကြီးအန်ထုတ် ထားပြီ၊ အရိယာသူတော်ကောင်းတို့က ဘယ်လိုတုန်း (အန်ထုတ်ပါဟယ် ဘုရား) အန်ထုတ်ထားတာ ကိလေသာအပြည့်နဲ့ပုထုဇဉ်တွေက အဲဒါ ကောက်

မျိုတယ်နော်။ (မှန်လှပါဘုရား) အရိယာသူတော်ကောင်းတို့အန်ထုတ်ထားတဲ့အတွက်ကြောင့် -

ဝမတီတီ (ဝမိုယတေတီ) ဝမိုကော။ [၁]

အရိယေဟိ၊ အရိယာသူတော်ကောင်းတို့သည်။ ဝမိုယတေ၊ ပျို့အန်အပ်ပါ၏။ ကွတိ (တသွာ) ထို့ကြောင့်။ ဝမိုကော၊ ဝမိုကခေါ်တယ်။ အရိယာပုဂ္ဂိုလ်တွေ ပျို့ထားတဲ့ အန်ထားတဲ့ အပုံကြီးဖြစ်ခြင်းကြောင့် **ဝမိုက**။အရိယာသူတော်ကောင်းတွေက အန်ထုတ်ထားတဲ့ အန်ဖတ်ပုံကြီးလို့ ဆိုလိုက်ကြစို့၊ ခြတွေ ပါးစပ်ထဲက မြေကြီးကလေးများ နည်းနည်း,နည်းနည်း အန်ထုတ်ပြီးပုံလိုက်တော့ တောင်ပို့ကြီးဖြစ်လာသလိုပေါ့။ အရိယာသူတော်ကောင်းများဟာ ဒီခန္ဓာဆိုတာကို အန်ထုတ်ထားတဲ့ အန်ဖတ်ပုံကြီးပါပဲ။

ခြလေးများ ပါးစပ်ထဲကမြေကြီးတွေအန်ထုတ်တော့ အန်ထုတ်လိုက်တဲ့ အန်ဖတ်တုံးလေးတွေကို တစ်တုံးစီ တစ်တုံးစီစုစပ်ပြီးတော့ကပ်ထားတာ၊ အစေးကလေးများ မပါဘူးလား၊

(ပါပါတယ်ဘုရား)

ခြကလေးတွေ အာခံတွင်း က အစေးဓာတ်ကလေးတွေပါတယ်နော်၊ ထိုနည်းတူစွာပင် တဏှာသိနေဟ ဘာတဲ့၊

(တဏှာသိနေဟပါဘုရား)

တဏှာတည်းဟူသော အစေးနဲ့ကပ်ထားတယ်တဲ့၊ ခန္ဓာမှာ ခန္ဓာကို ဘာနဲ့စပ်ထား၊

(တဏှာနဲ့စပ်ထားပါတယ်ဘုရား)

ရုပ်ရုပ်ချင်းစပ်ထားတာ တဏှာအစေး၊ ရုပ်နဲ့ဝေဒနာစပ်နေတာ ဝေဒနာ ဝေဒနာချင်းစပ်နေတာ၊ ဝေဒနာ သညာ သင်္ခါရ ဝိညာဉ် ခန္ဓာတစ်ခုနဲ့ တစ်ခုနဲ့စပ်ပြီးတော့နေတာ တဏှာစေးနဲ့စပ်ထားတာ။ ခန္ဓာဆိုတာက အန်ဖတ်ပုံကြီး၊ တဏှာဆိုတာက ဒီအပုံကြီးမပြိုမကွဲရအောင်ကပ်ထားတဲ့သဘော

၁။ မ၊ ဋ၊ ၂။ ၃၄

နော်၊ အဲဒါကို ဘုန်းကြီးတို့ပရိသတ်အပေါင်း သူတော်ကောင်းတို့ မြင်လိုက်တော့ဘာဖြစ်သွား တံခါးပွင့်သွားတယ်၊ အဲဒီတံခါးကို ဘယ်သူပိတ်တာတုန်း ဆိုတော့ အဝိဇ္ဇာနော်။

လဂီတိ ခေါ ဘိက္ခု အဝိဇ္ဇာယေတံ အဓိဝစနံ။ [၁]

ဘိက္ခု၊ ချစ်သားရဟန်း။ လဂီတိ ဧတံ အဓိဝစနံ၊ တံခါးမင်းတုပ်, တံခါးမင်းတုပ်ဆိုသောဤစကားဟာ။ အဝိဇ္ဇာယ၊ ခန္ဓာကိုမမြင်အောင်၊ သစ္စာကိုမမြင်အောင် ပိတ်ကာတတ်သောအဝိဇ္ဇာတရားရဲ့။ အဓိဝစနံ၊ အမည်ပါပေတည်း။ ဣတိ၊ ဤသို့။ သတ္ထာ၊ လူ, နတ်တို့ဆရာ ဖြစ်တော်မူသော သဗ္ဗညုမြတ်စွာဘုရားသည်။ အာယသ္မတော ကုမာရကဿပဿ၊ အရှင်ကုမာရကဿပမထေရ်ရဲ့။ ပဉ်ံ၊ မေးခွန်းကို။ ဗျာကရောတိ၊ ဆုတ်ဆိုင်းမရှိ ဟုတ်တိုင်းမှန်စွာ ဖြေကြားတော်မူခဲ့ပါပေသတည်း။

သာဓု သာဓု သာဓု ပါဘုရား။

ဝမ်မိကတောင်ပို့ဆိုတာခန္ဓာ၊ တောင်ပို့ဆိုတာ (ခန္ဓာပါဘုရား) အခိုးလွှတ်တယ်ဆိုတာက ကြံစည်ခြင်းဆိုတဲ့ဝိတက်၊ အခိုးလွှတ်တယ်ဆိုတာက၊

(ကြံစည်ခြင်း ဝိတက်ပါဘုရား)

မီးလျှံတောက်တယ်ဆိုတာက၊ ညည ကြံစည်ကြတာမအိပ်နိုင်ဘူးဖူးရွေလက်တင်ဟုတ်လား မအိပ်နိုင်ဘူး၊ အဲဒါအခိုးလွှတ်နေတာ၊ နဖူးပေါ်လက်ကလေးတင် အိပ်လို့မပျော်ကြဘူး၊ ပျော်ရဲ့လားချမ်းသာရ၊ ပျော်ရဲ့လားမပျော်တဲ့လူတွေမပြောနဲ့။ မပျော်တဲ့လူတွေမပြောဘူးနော် အဲဒီတော့ဘာဖြစ်ကြတုန်း အခိုးတယ်လွှတ်တဲ့လူတွေပဲ နဖူးပေါ်လက်တင်ပြီးတော့ ကြံလိုက်ကြတာ စဉ်းစားလိုက်ကြတာ၊ ဒီကနေ့ဘာလုပ်ပြီးပြီ မနက်ဖြန် ဘာလုပ်ရအုံးမယ်ည မကြံဘူးလား၊

(ကြံကြပါတယ်ဘုရား)

အဲဒီညအအခါ ကြံစည်တွေးတောတဲ့ဝိတက်ဆိုတာဟာ တောင်ပို့ကြီးကအခိုးထွက်တယ်ဆိုပါလား၊ အိပ်မပျော်ခင်ကြံလို့မပြီးတော့ ဘာဖြစ်လဲ အိပ်

၁။ မ၊ ၁။ ၁၉၇

ပျော်ရင်တောင် အိပ်မက်ထဲကြုံလိုက်သေးတယ်၊ အိပ်မက်ထဲမှာလည်းကြုံတယ်၊ အိပ်မပျော်မိလည်းကြုံတယ်၊ ညဉ့်အခါကြုံစည်ခြင်းဆိုတဲ့သဘောတရားကို အခိုးလွတ်တယ်လို့ခေါ်တယ်။ အဲဒီအကြုံအစည်တွေကို နေ့ကြတော့ ထ၍ထ၍လုပ်ကိုင်ဆောင်ရွက်ကြတာကတော့ တောင်ပို့ကြီးကမီးတွေတောက်တာတဲ့။

ကာယကံတွေဖြစ်ပြီ ဝစီကံတွေဖြစ်ပြီဆိုတော့ မီးတွေလောင်ပြီပေါ့ ညအခါကြုံရုံ ကြုံနေတာကအခိုးတွေထွက်တာ၊ နေ့အဲဒီအကြုံတွေထလုပ်ကြတာက မီးတောက်တာ၊ တောင်ပို့ဆိုတာ ကာယ၊ ကြုံစည်တာက ဝိတက်၊ မီးတောက်တာကအလုပ်၊ ဘယ်နှစ်မျိုးရတုန်း (သုံးမျိုးရပါဘုရား)။ တောင်ပို့ရဲ့သဘော၊ အခိုးလွတ်တယ်ဆိုတဲ့သဘော၊ မီးလျှံတောက်တယ်ဆိုတဲ့သဘော၊ ဤတောင်ပို့ကြီး လက်နက်ကိုင်ပြီးတော့တူးရမယ်ဆိုတဲ့သဘော၊ ပြောကြားလာတဲ့ဆရာပုဏ္ဏားဆိုတာက မြတ်စွာဘုရား၊ ပုဏ္ဏားဆိုတာက၊

(မြတ်စွာဘုရားပါဘုရား)

တူးတဲ့ပညာရှိတပည့်လုလင်ဆိုတာက တရားအားထုတ်တဲ့ယောဂီသူတော်စဉ်၊ တောင်ပို့တူးသူတပည့်ဆိုတာ ယောဂီပုဂ္ဂိုလ်နော်၊ တောင်ပို့ကြီး ဘယ်သူတူး၊

(ယောဂီပုဂ္ဂိုလ်ပါဘုရား)

တူးရမယ်လို့ဘယ်သူပြော၊

(ဘုရားပြောတာပါဘုရား)

ဘုရားပြောတယ်၊ တူးတဲ့အခါကိုင်ရမည့်လက်နက်ဆိုတာက ပညာနော်၊ လက်နက်ဆိုတာပညာ။ အေး လက်နက်ကိုင်စွဲပြီးတော့-

'သတ္ထံ အာဒါယ'

'သတ္ထံ၊ လက်နက်ကို။ အာဒါယ၊ ကိုင်စွဲပြီးတော့။ ဝမ်မိကံ၊တောင်ပို့ကို။ အဘိက္ခဏာ၊ တူးလော့။ တူးခြင်းဆိုတဲ့ **အဘိက္ခဏန္တိ ခေါ ဘိက္ခု ဝီရိယာရမ္ဘဿေတံ အဓိဝစနံ၊** ဘိက္ခု၊ ချစ်သားရဟန်း။ အဘိက္ခဏန္တိ ဧတံ အဓိဝစနံ၊

၁။ မ၊ ၁။ ၁၉၇

တူးတယ်တူးတယ်ဆိုသော ဤစကားသည်။ ဝီရိယာရမ္ဘသ၊ ဝီရိယဖြင့်အား ထုတ်ခြင်းရဲ့။ အဓိဝစနံ၊ အမည်ပါပေတည်း။ တူးဆွတယ်ဆိုတာက ဝီရိယသန်သန်ထား၍ အားထုတ်တာ တူးတယ်ဆိုတာ (ဝီရိယပါဘုရား) ဝီရိယထား၍အားထုတ်တာ။

တူးဆိုတာ **ဝီရိယ၊**
လက်နက်ဆိုတာက **ပညာ၊**
တောင်ပို့ဆိုတာ **ကာယ၊**
ဆရာဆိုတာ **ဘုရား၊**
တပည့်ဆိုတာက **ယောဂီ၊**
အခိုးထွက်တာက **ဝိတက်၊**
မီးတောက်ဆိုတာက **အကြံတွေထလုပ်တဲ့အလုပ်**၊ လက်နက်ကိုင်စွဲတူး၊ လက်နက်ဆိုတာကပညာ၊ တူးဆိုတာလဲ့လ၊ တူးလိုက်တော့တဲ့တံခါးမင်းတုပ်ကြီးတစ်ခုတွေ့တယ်၊ တံခါးမင်းတုပ်ဆိုတာကတခြားဟာမဟုတ်ဖူး အဝိဇ္ဇာတရား မင်းတုပ်ဆိုတာက (အဝိဇ္ဇာတရားပါဘုရား) အေး မင်းတုပ်ကိုဆွဲဖွင့်လိုက်တော့ တောင်ပို့ထဲက ဘုန်ကြီးတို့ပရိသတ် တွေ့စရာတွေများများကြီးရှိပေမဲ့ သစ္စာဏ်အတွက်တစ်လုံးတည်းပြော (ဒုက္ခသစ္စာပါဘုရား) ဒုက္ခ၊ တံခါးဆွဲဖွင့်လိုက်တာ တောင်ပို့ထဲကဒုက္ခတွေ့တယ်ဟုတ်လား၊ ကောင္ဒဉသနဲ့ပြောရင်တော့ အရိုးတွေတွေ့တယ်၊ အကြောတွေတွေ့တယ်၊ အသားတွေတွေ့တယ်လို့ ဒီလိုပြောရမှာပေါ့နော်၊ ဒါပေမယ့် အဲဒါတွေ အကုန်လုံး တစ်ခုတည်းမှာစုနေတဲ့ဒုက္ခတဲ့၊ ဒီထဲမှာစုဝင်ပါတယ်။

ကိုယ်ကာယတည်းဟူသောတောင်ပို့ကို ဝိပဿနာဉာဏ်တည်းဟူသောတူရွင်းနဲ့ ခပ်ပြင်းပြင်းတူးချလိုက်တာ တံခါးမင်းတုပ်ကြီးပွင့်ထွက်သွားတယ်တဲ့၊ အဝိဇ္ဇာပွင့်ထွက်သွားတယ်၊ ဝိဇ္ဇာဉာဏ်ရောက်လာတယ်၊ တံခါးမင်းတုပ်ကြီးပွင့်သွားတယ်ဆိုတာက အဝိဇ္ဇာကွာသွားတာ ဟုတ်လား။

သဟ ဝိဇ္ဇပ္ပါဒါ **အဝိဇ္ဇာ ပဟီယတိ၊ တဲ့**

သဟ ဝိဇ္ဇပ္ပါဒါ **ဝိဇ္ဇာ၊ ဝိဇ္ဇာဉာဏ်ဖြစ်ပေါ်သည်နှင့်တစ်ပြိုင်နက်တည်း**။

အဝိဇ္ဇာ၊ အဝိဇ္ဇာတရားသည်။ ပဟီယတိ၊ ကောင်းစွာမသွေ ကင်းပျောက်ခဲ့ပါပေသတည်း။

သာဓု-သာဓု-သာဓု ပါဘုရား

ဝိဇ္ဇာဉာဏ်ပေါ်ပေါက်တော့ အဝိဇ္ဇာဆိုတာ ကင်းပျောက်တယ် ဟုတ်လား (မှန်လှပါဘုရား) ဝိဇ္ဇာဉာဏ်ပေါ်ပေါက်တော့ အဝိဇ္ဇာဆိုတာကင်း ပျောက်တယ် အဲဒီမှာ ခန္ဓာဆိုတဲ့တောင်ပို့ကြီး တံခါးမင်းတုပ်တဲ့ ဆွဲဖြုတ်လိုက်တာ ပွင့်ထွက်သွားတော့ သြော် ဒုက္ခဆိုတာဒီတောင်ပို့ကြီးပြောတာနော် ဒုက္ခတွေပုံထားတယ်ဆိုတာ ဒီတောင်ပို့ကြီးနဲ့တူလှစွာသော ခန္ဓာကိုပြောတာ ယခုက အဝိဇ္ဇာဆိုတဲ့ မင်းတုပ်ကိုဆွဲပြီးတော့ ဖြုတ်လိုက်တော့ ပြုန်းကနဲဆိုဘာပေါ်လာတယ်။ ဒုက္ခသစ္စာလို့လင်းကနဲပေါ်လာတယ်။ သစ္စဉာဏ်ဆိုတဲ့တံခါးကြီး ပွင့်ထွက်သွားတယ်နော်၊ သစ္စာဉာဏ်ပေါ်လည်းလာရော ဒုက္ခသစ္စာဉာဏ်အသေချာပေါ်လည်းလာရော သုခတွေပုံထားတာထင်ပြီးတော့ ပွေ့ပိုက်ထားတဲ့သဘော ဒီနေရာရှိအုံးမလား (မရှိတော့ပါဘုရား) စောစောကတော့ တောင်ပို့ကြီး ပွေ့ထားတာ ပိုက်ထားတာ၊ ဘာထင်လို့တုန်းဆိုတော့ ရွှေတောင်ကြီးထင်ပြီးတော့ပွေ့ထားတာ၊ ခုတော့ဗျာ တောင်ပို့ကြီးဆွဲပြီးတော့ တူးလိုက်တာ ဆွလိုက်တာ ဖွင့်လိုက်တာ၊ ကြွက်တွေထွက်လာ မြွေတွေထွက်လာ တောက်တဲ့တွေထွက်လာ အိမ်မြှောင်တွေထွက်လာ ဖွတ်တွေထွက်လာ ပဒတ်တွေထွက်လာ အညစ်အကြေးတွေစုံပုံထားတာ လက်စသတ်ဒုက္ခပုံကြီးလို့လဲဆိုရော တောင်ပို့ကြီးပိုက်ထားအုံးမလား၊ (မပိုက်တော့ပါဘုရား)။

ပွေ့ပိုက်ထားတာ တဏှာလောဘ၊ ပွေ့ ခြင်းပိုက်ခြင်းမှ လွတ်သွားပြီလွတ်လိုက်ပြီလဲဆိုရော တဏှာရဲ့ကုန်ဆုံးမှု နိရောဓ မဆိုဘူးလား၊ တောင်ပို့တူးနေတာက မဂ္ဂ၊ ပွေ့ပိုက်မှုသဘောမှလွတ်မြောက်သွားတာက နိရောဓ၊ တောင်ပို့ကြီးကို ဒုက္ခတွေပုံထားတယ်လို့မြင်တယ်ပေါ့ ဒုက္ခသစ္စာ၊ သစ္စာဉာဏ်လေးခုဟာ ဒီနေရာတပြိုင်တည်းဝင်တာ ဒုက္ခသစ္စာဉာဏ်၊ သမုဒယသစ္စာဉာဏ်၊ နိရောဓသစ္စာဉာဏ် မဂ္ဂသစ္စာဉာဏ် ဘယ်နှစ်ခု (လေးခုပါဘုရား) အဲဒီလေးမျိုးစလုံးအတွက် အလုပ်လုပ်ဖို့သည်တစ်ချက်တည်း အလုပ်လုပ်ဖို့သည် (တစ်ချက်တည်းပါဘုရား) ဘာကိုလုပ်ရမလဲလို့မေးရင် ဒုက္ခသစ္စာတစ်ချက်တည်း

မြင်အောင်လုပ်၊ ကျန်တာတွေ အလိုလိုအကျိုးအနေနဲ့ပေါ်လာတယ်။

ဘုန်းကြီးတို့ပရိသတ် ရှုရမယ့်အချက်သည် ဒုက္ခအစုအပုံကြီလို့ မြင်အောင်သာရှု၊ နိရောဓဆိုတာက တဏှာကုန်ရင် နိရောဓပဲ၊ ရှုနေခြင်းသည် မဂ်ပဲ၊ မဟုတ်ဘူးလား (မှန်လှပါဘုရား) အေး သစ္စာလေးပါးမြင်အောင် အားထုတ်ကြ တကယ်အားထုတ်တဲ့အခါကျတော့ ဒုက္ခသစ္စာကို အသေချာရှာဖွေ၍ရှု၊ ဒုက္ခတွေ့အောင်ရှာပေါ့၊ ဒုက္ခကိုတွေ့ရင် သမုဒယ၊ နိရောဓ၊ မဂ္ဂတွေ ကိစ္စပြီးသွားတယ်နော်။ ဒီတော့ အဝိဇ္ဇာဆိုတာနားလည်လိုက်ပြီ သစ္စာကိုမသိအောင်ဖုံးထားတာ အဝိဇ္ဇာ၊ အဲဒါ တံခါးပိတ်ထားတယ်တဲ့ မင်းတုပ်ကြီးချထားတာ အဝိဇ္ဇာကိုဘာနဲ့ပယ်မတုန်းဆိုတော့ ဝိဇ္ဇာနဲ့ပယ်တယ်၊ ဒုက္ခကိုမြင်အောင်ရှုမယ်၊ သမုဒယကိုပယ်မယ် နိရောဓကိုလဲမြင်အောင်ကြည့်မယ်၊ မဂ္ဂဆိုတာပွားများမယ်၊ ဤလေးခုအားထုတ်လို့ သစ္စာဉာဏ်ရပြီလဲဆိုရော အဲဒီမှာ ဝိဇ္ဇာရောက်တော့ အဝိဇ္ဇာဆိုတာပျောက်တယ်တဲ့ ဟုတ်လား၊ (မှန်လှပါဘုရား)။

ဒါ့ကြောင့် ဘုန်းကြီးတို့ပရိသတ်အပေါင်း သူတော်ကောင်းတို့ မင်းတုပ်ဆိုတာ သစ္စာကိုဖုံးသောအဝိဇ္ဇာကိုပြောတာတဲ့ ဒီလိုဆိုတာမဟုတ်လား (မှန်လှပါဘုရား) အဲဒါကြောင့် ဆိုလိုက်ပါ -

မင်းတုပ်ဟူငြား ၊အဝိဇ္ဇာထား၊ မှတ်သားရှစ်ခုပါ) (သုံးခေါက်ဆို)

ဒုက္ခေ အညာဏံ၊ ဒုက္ခသမုဒယေ အညာဏံ၊ ဒုက္ခနိရောဓေ အညာဏံ၊ ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ အညာဏံ၊ အယံ ဝုစ္စတိ အဝိဇ္ဇာ။ [၁]

ဝိဘင်းပါဠိတော်မှာ။ ဘိက္ခဝေ၊ ရဟန်းတော်များ အို ချစ်သားတို့။ တတ္ထ၊ ထိုအဝိဇ္ဇာပစ္စယာ သခါရာဆိုသောစကားရပ်၌။ အဝိဇ္ဇာ၊ အဝိဇ္ဇာဆိုသည်ကား။ ကတမာ၊ အဘယ်သဘောတရားပါနည်း။ ဘိက္ခဝေ၊ ရဟန်းတော်များအို ချစ် သားတို့။ ဒုက္ခေ၊ ဒုက္ခတရား၌။ အညာဏံ၊ မသိခြင်းသည်။ အဝိဇ္ဇာ၊ အဝိဇ္ဇာရဲ့သဘော။ ဒုက္ခသမုဒယေ၊ ဒုက္ခရဲ့အကြောင်းဖြစ်သော ကိလေသာတရားတို့၌။ အညာဏံ၊ မသိခြင်းသည်။ အဝိဇ္ဇာ၊ အဝိဇ္ဇာရဲ့သဘော။ ဒုက္ခနိ

၁။ အဘိ၊ ၂။ ၁၄၂

ရောဓေ၊ ဒုက္ခချုပ်ရာ နိဗ္ဗာန်ကိုမမြင်ခြင်းသည်။ အဝိဇ္ဇာ၊ အဝိဇ္ဇာရဲ့သဘော။ ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ၊ ဒုက္ခချုပ်ကြောင်းအကျင့်ကောင်း၌။ အညာဏံ၊ မသိခြင်းသည်။ အဝိဇ္ဇာ၊ အဝိဇ္ဇာရဲ့သဘော။ ဘိက္ခဝေ၊ ရဟန်းတော်များ အို ချစ်သားတို့။ အယံ၊ ဤသစ္စာလေးတန် တရားမှန်ကိုမသိမမြင်အောင် ဖုံးကွယ်ထားသော မင်းတုပ်ချထားသော တံခါးပိတ်ထားသော တံခါးကိုအခိုင်အမာပိတ်တတ်သော မင်းတုပ်ကြီးနှင့်တူလှစွာသော အဝိဇ္ဇာတရားကို၊ မင်းတုပ်ကြီးနှင့်တူလှစွာသော အညာဏဆိုသော သဘောတရားကို။ အဝိဇ္ဇာတိ၊ အဝိဇ္ဇာဟူ၍။ ဝုစ္စတိ၊ မုချကိန်းသေ ဆိုအပ်ပါပေသတည်း။

သာဓု -သာဓု -သာဓု ပါဘုရား။

တောင်ပို့တူးတာ မင်းတုပ်တစ်ခုတော့ရပြီတဲ့၊ မင်းတုပ်ကိုလဲ ဖယ်ပစ်ခဲ့ပြီးနော်၊ မင်းတုပ်ကြီးကို ဖယ်ပစ်ပြီးပြီ မင်းတုပ်ဖယ်ပြီးရင် တပည့်လုလင်က တောင်ပို့ကြီးကို ဘာဆက်လုပ်ရမတုန်း ဆရာကြီးကိုမေးတယ်၊ ဆရာ တောင်ပို့ထဲက မင်းတုပ်ကြီးတွေ့ပါတယ်၊ ဘာဆက်လုပ်ရမလဲ အဲဒီမင်းတုပ်ကြီးကို ဖယ်ပစ်လိုက် ဖယ်ပြီးပြီ ဘာဆက်လုပ်ရမလဲ ။

အဘိက္ခဏာ သုမေဓ သတ္ထံ့ အာဒါယ။ သုမေဓ၊ ပညာရှိတပည့်လုလင်။ သတ္ထံ့၊ တူးရွင်းလက်နက်ကို။ အာ ဒါယ၊ ကိုင်စွဲ၍။ ဝမ္မိကံ၊ တောင်ပို့ကို။ အဘိက္ခဏာ၊ ဆက်၍သာတူးပါလော့။ ဣတိ၊ ဤသို့။ ဗြဟ္မဏော၊ ဆရာပုဏ္ဏားက။ သုမေဓံ၊ ပညာရှိတပည့် လုလင်ကို။ အာဟ၊ ပြောပါတယ်။ တပည့် တူရွင်းလက်နက်ကိုင်စွဲပြီးတော့ ဤတောင်ပို့ကို ဆက်၍သာတူးပါ၊ တူရွင်းလက်နက်ကိုင်စွဲ တောင်ပို့ကိုဆက်တူးဖို့ ဆရာပုဏ္ဏားပြောလိုက်သည့်ကာလ တပည့်လုလင်က 'သတ္ထံ့၊ တူးရွင်းလက်နက်ကို။ အာဒါယ၊ ကိုင်စွဲပြီးတော့။ ဝမ္မိကံ၊ တောင်ပို့ကို။ အဘိက္ခဏန္တော၊ ဆက်ခါ ဆက်ခါတူးခဲ့ပြန်သော်။ တောင်ပို့ကို ဆက်ကာဆက်ကာ တူးလိုက်တဲ့ကာလကျတော့။ ဘာတွေ့တုန်းဆိုတော့ -

အဒ္ဒသ ဥဒ္ဓုမာယိကံ၊

ဥဒ္ဓုမာယိကံ၊ ဖားပွတစ်ကောင်ကို။ အဒ္ဒသ၊ မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ပြန်တယ်။ ဆက်တူးတာဘာတွေ့တယ်၊

(ဖားပွတစ်ကောင်တွေ့ပါတယ်ဘုရား)

ဖားပွတစ်ကောင်တွေ့တယ်၊ တောင်ပို့ထဲကတွေ့တာ ဟောဒီမှာ ဖားအထိ နှစ်ခုရှိသေးတယ်နော်၊ မနေ့က သက္ကသီဟဘုရားမှာတူးတာက မင်းတုပ်တွေ့တယ်၊ ဒီယနေ့ ချမ်းသာရစေတီတော် ချမ်းသာရဘုရားရှင်ကိုယ်တော်မြတ်ရဲ့စေတီယဂ်ဏမှာတူးလိုက်ကြတာ ဘုန်းကြီးတို့ပရိသတ်များ ဖားတွေ့တယ်တဲ့ ဒီကနေ့ဖားတူးတဲ့နေ့ပေါ့ဗျာ၊ ဘာတူးတာတုန်း၊

(ဖားတူးတဲ့နေ့ပါဘုရား) ဖားတူးတာ၊

အဘိက္ခဏ သုမေဓ သတ္ထံ အာဒါယ။ သုမေဓ၊ ပညာရှိ။ သတ္ထံ၊ လက်နက်ကို။ အာဒါယ၊ ကိုင်စွဲ၍။ အဘိက္ခဏ၊ တူးပါ။ ကောင်းပြီ တူးလိုက်တဲ့ကာလကျတော့၊ **ဥဒ္ဓုမာယိက ဘဒန္တော်၊** ဘဒန္တော်၊ ဆရာပုဏ္ဏား။ ဥဒ္ဓုမာယိကာ၊ ဖားတစ်ကောင်တွေ့ပါတယ်ဆရာ။ ဖားတွေ့တယ်ဆိုတော့အဲဒီစကားကိုကိုင်စွဲပြီးတော့၊ ဒါဇြဟ္မာကြီးပြောနေတဲ့အထိဟာ ဒီမှာဤစကားကိုသယ်သွားပြီးတော့ အရှင်ကုမာရကဿပကမြတ်စွာဘုရားအားလျှောက်တယ်နော်။

ကာ ဥဒ္ဓုမာယိကာ၊ အရှင်ကုမာရကဿပရဲ့လျှောက်ထားချက်။ ဘန္တေ၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ ဥဒ္ဓုမာယိကာ၊ ဖားပွဆိုသည်ကား။ ကာ၊ အဘယ်ပါနည်းအရှင်ဘုရား။ ဗြဟ္မာကြီးစကား အရှင်ကုမာရကဿပကသယ်သွား ဘုရားကိုလျှောက် ဘန္တေ၊ ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား။ ဥဒ္ဓုမာယိကာ၊ ဖားပွဆိုသည်ကား။ ကာ၊ အဘယ်ပါနည်းအရှင်ဘုရား။ ဖားပွကြီးတစ်ကောင်တွေ့တယ်လို့ ဆရာပုဏ္ဏားက တပည့်လုလင်ကို တူးခိုင်းတော့ တပည့်လုလင် ဆက်တူးတဲ့အခါမှာ ဖားပွတစ်ကောင်တွေ့တယ်၊ ထိုတောင်ပို့ထဲက ဖားပွကြီးတစ်ကောင်တွေ့တယ်ဆိုတာ ဘာဆိုလိုပါသလဲမြတ်စွာဘုရား။ ဣတိ၊ ဤသို့။ အာယသ္မာ ကုမာရကဿပေါ၊ အရှင်ကုမာရကဿပမထေရ်ကြီးက။ ဘဂဝန္တံ၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့်ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားကို။ ဣမံ ပဉှံ၊ ဤကိုးခုမြောက်ဖြစ်သောမေးခွန်းကို။ အပုစ္ဆိ၊ သိလိုရေးနှင့် မေးလျှောက်ရှာလေတော့သတည်း။

သာဓု သာဓု သာဓု ပါဘုရား။

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တောင်ပို့ တူးတာ ဖားပွတစ်ကောင်တွေ့တယ်လို့ဆိုပါတယ်၊ ထိုဖားပွဆိုတာ အဘယ်သဘောတရားကိုဆိုလိုပါသနည်း မြတ်စွာဘုရားလို့ အရှင်ကုမာရကဿပမထေရ်ကြီး မြတ်စွာဘုရားအားမေးလျှောက်သည့်ကာလ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်က ငြဟ်ဂွာကြီးကသင်ပေးလိုက်တဲ့ပြဿနာ အရှင်ကုမာရကဿပကဿယ်ဆောင်လာလို့ ဤပြဿနာရဲ့အဖြေသည် အရှင်ကုမာရကဿပမထေရ်ကြီးအတွက်ဖြစ်ရမယ် ဒါ့ကြောင့် အရှင်ကုမာရကဿပမထေရ်ကို ဘုရားရှင်ကိုယ်တော်မြတ်က ဖြေကြားရမယ်။

ဖားပွဆိုတာ ဒေါသ

ဥဒ္ဓုမာယိကာ တိ ခေါ ဘိက္ခု ကောဓူပါယာသဿတံ အဓိဝစနံ။

ဘိက္ခု၊ ချစ်သားရဟန်း။ ဥဒ္ဓုမာယိကာတိ ဧတံ အဓိဝစနံ၊ ဥဒ္ဓုမာယိကာ ဥဒ္ဓုမာယိကာ ဖားပွဖားပွဆိုသောဤစကားသည်။ ကောဓုပါယာသဿ၊ ကောဓဆိုသောအမျက်ကြောင့်ပင်ပန်း၍နေ၊ ပင်ပန်းသောသဘောတရားရဲ့။ အဓိဝစနံ၊ အမည်ပါပေတည်း။ ကောဓုပါယာသဿ၊ ကောဓကြောင့် ဖြစ်ပေါ်လာသောပင်ပန်းခြင်း၏။ ဝါ၊ အမျက်ဒေါသ၏။ အဓိဝစနံ၊ အမည်ပါပေတည်း။ ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်သည်။ နဝမံ၊ ကိုးခုမြောက်ဖြစ်သော။ ပဉ္ဉံ၊ မေးခွန်းကို။ ဗျာကရောတိ၊ ဆုတ်ဆိုင်းမရှိ ဟုတ်တိုင်းမှန်စွာ ဖြေကြားတော်မူလိုက်ပါ ပေသတည်း။

သာဓု သာဓု သာဓု ပါဘုရား။

ချစ်သားကုမာရကဿပ တောင်ပို့ကြီးဆက်တူးတော့ ဖားပွတစ်ကောင်တွေ့တယ် ဖားပွတစ်ကောင်တွေ့တယ်လို့ ချစ်သား မေးလျှောက်လာတယ်၊ ထိုဖားပွဆိုတာ တစ်ခြားမဟုတ်ဘူး ဖားပွဆိုတာက ဒေါသကိုပြောပါတယ် ဖားပွဆိုတာ (ဒေါသကိုပြောပါတယ်ဘုရား) ဒေါသနော်။

ဒေါသကြီးတဲ့သူ ဖားကလေးနဲ့တူ

ဖားပွ ဥဒ္ဓုမာယိကာ ဖားဆိုတာကို ဘုန်းကြီးတို့ ဟောဒီ အဋ္ဌကထာ

ဦးကာကဘယ်လိုပြောတုန်းဆိုတော့ ဖားအကောင်လေးဟာသေးသေးကလေးပဲ လက်မလောက် လက်သည်းခွံလောက်ကလေးရယ် သေးသေးလေး၊ အဲဒီသေးသေး လက်သည်းခွံမျှရှိတဲ့ ဖားကလေးဟာ ဒေါသအလွန်ကြီးတဲ့ဖားမျိုး၊ သူ့ကို မြေကြီးထဲက တစ်နေရာရာကတွေ့ပြီဆိုရင် မယုံစမ်းကြည့် တုတ်ကလေး သေးသေးလေးနဲ့ နည်းနည်းတို့ကြည့် သို့မဟုတ် ခြေထောက်ကလေးနဲ့ ပွတ်ကြည့်၊ သို့မဟုတ် လက်ကလေးနဲ့ခေါက်ကြည့် သူ့နည်းနည်းလေးထိလိုက်တာနဲ့ တပြိုင်နက်တည်း စိတ်ဆိုးပြီးတော့ ကုန်းပြီးတော့ပွတက်လာတယ်၊ တစ်ချက်ထိလိုက်ရင် တစ်ခါပွရင်း တစ်ချက်တို့လိုက်ရင်း တစ်ခါပွရင်း တစ်ချက်တို့လိုက်ရင်း တစ်ခါပွရင်းနဲ့ တို့တိုင်းတို့တိုင်း ပွပွ ပွပွ ကုန်းကုန်းပြီးတော့ထလာတာ နောက်ဆုံးကျတော့ စိတ်တိုလွန်းလို့ အဲဒီဖားပွပြီးတော့နေခဲ့တာ၊ လက်သည်းလောက်ရှိတဲ့ ဖားကလေးဟာ ဘုန်းကြီးတို့ပရိသတ် ဂုဏ်ဉာဏ်းလောက်ကြီးဖြစ်လာတယ်၊ အကြီးကြီးတစ်ခါတည်း အကောင်ကြီးဟုတ်လား၊ ခွေးသီးလောက် လက်သီးဆုပ်လောက် တစ်ခါတည်းကုန်းပြီးတော့ပွလာတာ၊ အဲဒီလောက် စိတ်ဆိုးလို့ပွပြီးတော့ အကောင်ကြီးဟာ ဖောင်းဖောင်းကြီး ကြီးကြီးလည်းဖြစ်လာပြီလည်းဆိုရော ခြေတွေ လက်တွေ ဘယ်လိုမှမလှုပ်နိုင်တော့ဘူး ခြေထောက်ကလေးသေးသေး လက်ကလေးသေးသေးက အဲဒီ ပွနေတဲ့ကိုယ်လုံးကြီးထဲမှာမြုပ်ပြီးတော့ ဟိုဖိုးဝရုပ် ဇီးကွက်ရုပ်ကြီးလိုဖြစ်နေတာ တစ်ခါတည်းမလှုပ်နိုင်တော့ဘူး ခြေလည်းမလှုပ်နိုင် လက်လည်းမလှုပ်နိုင် ကိုယ်လုံးကြီးပွနေတာနဲ့ ခြေတွေ လက်တွေဟာ သိပ်ပြီးတော့မလှုပ်နိုင်တော့ဘူးတဲ့ တဖြည်းဖြည်းနဲ့ မှောက်ခုံနေရာကနေ အဲဒီဖားဟာ ခြေလေးဘက် တစ်ခါတည်း ခြေရောလက်ရော ကောင်းကင်မြှောက်ပက်လက်ကိုလန်လို့ ဘာမှမလှုပ်နိုင်တော့ဘူး။

ဒေါသမျှားဖြစ်ပြီဆိုရင် အဲဒီဖားပွလိုပါဘဲတဲ့ ဒေါသကြပ်ကြပ်ကြီးပြီဆိုရင် ဖားပွနဲ့တယ်တူတာ၊ ခြေတွေလက်တွေပစ်ပြီးတော့ ပက်လက်ကို လန်လို့ပင်ပန်းနေလိုက်တာ ဟုတ်လား (မှန်လှပါဘုရား) ယခုနက ဖားပွပွ ပွပွ လာတော့ ခြေတွေလက်တွေ လှုပ်နိုင်သေးလား၊

(မလှုပ်နိုင်တော့ပါဘုရား)

မှောက်ခုံနေတုန်းက အဟုတ်သား၊ ဒေါသကြီး တဖြည်းဖြည်းနဲ့ပွလာတဲ့အတွက်ကြောင့် ခြေတွေ လက်တွေပစ် ပက်လက်ကြီးလန်လို့၊ အဲ့ဒီဖား ကျိုးစာ ဌက်စာ မဖြစ်ဖူးလား(ဖြစ်ပါတယ်ဘုရား)။ ကျိုးတွေ ဌက်တွေစားပြီးတဲ့ အဲ့ဒီဖားပွကြီး ဟာ ဒေါသကြောင့်သေဆုံးရဆိုတာလိုပဲတဲ့၊ ဒေါသကြပ်ကြပ်ကြီးတဲ့ပုဂ္ဂိုလ်ဟာ တို့လိုက်ရင်စိတ်ဆိုးတယ်၊ တို့လိုက်ရင်စိတ်ဆိုးတယ်၊ ထိလိုက်ရင် စိတ်ဆိုးတယ်၊ ထိလိုက်ရင်နာတယ်၊ တို့လိုက်ရင်နာတယ်၊ တို့တိုင်းနာ တို့တိုင်းနာ တို့တိုင်းနာ တော်ကြာဘာဖြစ်သွား အမယ်လေးပက်လက်ကိုလန်လို့ စားလို့လဲမဝင်တော့ဘူး၊ အိပ်လို့လဲမပျော်တော့ဘူး၊ အံတကြိတ်ကြိတ်နဲ့နှုတ်ခမ်းတကိုက် ကိုက်နဲ့ အိုး တရှူးရှူးတရဲရဲနဲ့ မျက်လုံးကိုနီပြီးတော့ စားလို့လဲမဝင် အိပ်လို့လဲမပျော် ပက်လက်ကိုလန်ပြီးတော့ ခုနကဖားပွနဲ့တယ်တူတာနော် (မှန်လှပါဘုရား)။

ဖားကြီးပွပက်လက်လန်တော့ ကျိုးကန်းထိုးသွားတယ်ဆိုတာမျိုးဘဲ ဒေါသကြပ်ကြပ်ပြီးတော့ တဖြည်းတဖြည်းမျက်ထောင့်ကြီးနီ အံတကြိတ်ကြိတ်နဲ့ တစ်ခါတည်း သွားတကိုက်ကိုက်၊ နှုတ်ခမ်းတကိုက်ကိုက်နဲ့ ဖြစ်ပြီးတော့ မအိပ်နိုင် မစားနိုင်ဖြစ်နေတဲ့ထိုပုဂ္ဂိုလ်ဟာလည်းအဲ့ဒီ ဒေါသဆိုတဲ့ကျိုးကန်းကထိုးပြီးတော့ သယ်သွားတာ အပါယ်လေးပါးမှာသူလဲဒုက္ခဖြစ်တယ်တဲ့ (မှန်လှပါဘုရား) ဒါကြောင့် ဒေါသဆိုတာဟာဖားပွနဲ့တူတယ် ဖားတို့တိုင်းပွတယ်မဟုတ်လား။ ဒေါသကြီးတဲ့ပုဂ္ဂိုလ်ဟာလည်းဘဲ တို့တိုင်းတို့တိုင်း ဘယ်လိုတို့တို့ အပြောနဲ့တို့တို့ စောင်းၜမြောင်းၜတို့တို့ တည့်တည့်ကြီးဘဲဆိုဆို ဆိုချင်သလိုဆို သူဒေါသဟာ ဆိုတိုင်းဆိုတိုင်း ပွပွထတယ်နော်၊ ဒေါသကြပ်ကြပ်ကြီးတော့ အဲ့ဒီပုဂ္ဂိုလ်ရဲ့ကိုယ်အမူရာ နှုတ်အမူရာ စိတ်အမူရာတွေ ပွပွပြီးတော့ တစ်ခါတည်းထလာလို့ရှိရင် ဖားပွကြီးဒုက္ခဖြစ်သလိုတဲ့ ဤပုဂ္ဂိုလ်လည်း ဒုက္ခဖြစ်ရာတယ်၊ ဒါကြောင့် ဒေါသကိုတို့တိုင်း ပွတဲ့ဖားပွနဲ့တူတယ်လို့ ဥပမာပေးထားတာ၊ ဖားပွဆိုတာ ဒေါသလို့နားလည်လိုက်တော့ (မှန်လှပါဘုရား)

ဥဒ္ဓုမာယိကာ တိ ခေါ ဘိက္ခု ကောဓုပါယာသသေတံ အဓိဝစနံ

ဘိက္ခု၊ ချစ်သားရဟန်း။ ဥဒ္ဓုမာကာတိ ဇတံ အဓိဝစနံ၊ ဥဒ္ဓုမာယိကာ ဥဒ္ဓုမာယိကာ ဖားပွဖားပွဟူသော ဤစကားသည်ကား ။ ကောဓုပါယာသဿ၊

ကောဓ ဒေါသဖြစ်ခြင်းကြောင့်ပင်ပန်းခြင်းရဲ့။ အဓိဝစနံ၊ အမည်ပါပေတည်း။
ဖားပွဆိုတာဒေါသရဲ့အမည်၊ ဖားပွဆိုတာ၊
(ဒေါသရဲ့အမည်ပါဘုရား)

သော စက္ခိက္ကလက္ခဏော ဒေါသော၊ ပဟဋ္ဌာသီဝိသော ဝိယ၊ °

ဒေါသော၊ ဒေါသဆိုသည်ကား။ စက္ခိက္ကလက္ခဏော၊ ကြမ်းတမ်းသောလက္ခဏာရှိ၏။ ဒေါသရဲ့လက္ခဏာ နုသလား ကြမ်းသလား (ကြမ်းပါတယ်ဘုရား) ကြမ်းတမ်းတဲ့လက္ခဏာရှိတယ်။ နွှတ်အမူအရာလည်း ကြမ်းတမ်းတယ် ကိုယ်အမူအရာလည်း ကြမ်းတမ်းတယ် စိတ်အမူအရာလည်းပဲ (ကြမ်းတမ်းပါတယ်ဘုရား) ကိုယ်အမူအရာ နွှတ်အမူအရာ စိတ်အမူအရာ ကာယကံ ဝစီကံ မနောကံ ကံသုံးပါးလုံး ကြမ်းတမ်းတယ် ကြမ်းတမ်းတဲ့အမူအရာသည် ဒေါသကို အခြေခံ၍ ဖြစ်တယ်။စက္ခိက္ကလက္ခဏော ဒေါသော၊ ကြမ်းတမ်းသောလက္ခဏာရှိ၏၊

ပဟဋ္ဌာသီဝိသော ဝိယ။ ဟော အဘိဓမ္မာအဋ္ဌကထာကြီးများကြတော့ပေးတဲ့ ဥပမာကတစ်မျိုးဗျ။ ပဟဋ္ဌာသီဝိသော ဝိယ၊ ဒုတ်နှင့်အခေါက်ခံရသောမြွေနှင့်တူလှပေ၏။ မြွေဟောက်ကလေးများတွေ့ ခေါင်းဒုတ်ကလေးနဲ့နဲနဲ ရိုက်ကြည့် ဘယ်လိုဖြစ်လာတုန်း ရဲ့ကနဲဆိုပါးပြင်းထောင် ပါးစပ်ကကော ပါးစပ်ရှူးကနဲ ခုနကရဲ့ကနဲ ရှူးကနဲမထူးပါဘူး ဒကာကြီးရာ (မှန်လှပါဘုရား) ပါးစပ်ကလေးဖြဲပြီးတော့ လျှာကလေးပြွတ်လွတ်ပြွတ်လွတ်နဲ့ ကိုက်ဖို့အဆင် သင့်လုပ်မနေဘူးလား၊
(လုပ်နေပါတယ်ဘုရား)

အဲဒါပြောတာ ခေါင်းဒုတ်နဲ့ခေါက်လိုက်ရင် ရဲ့ကနဲဆိုပါးပြင်းထောင် ပါးစပ်ဖြဲပြီးတော့ ကိုက်ဖို့အဆင်သင့်ပဲတဲ့ ဒေါသက၊ သွားကလေးများဖွေးလို့ ပေါ်နေလိမ့်မယ် ကြည့်ရဲရင်အသာကြည့်လိုက်တော့ မြွေဟောက်နော် ဘုန်းကြီးတို့ပရိသတ်ထင်ရှားတာ ဟောဒီမှာ ခွေးတွေတစ်ကောင်နဲ့တစ်ကောင် တွေ့ရင် သွားလေးတွေပေါ်မလာဘူးလား ချစ်လို့များပြုံးတယ်မအောက်မေ့နဲ့

၁။ အဘိ၊ ဋ္ဌ။ ၁။ ၂၉၉

ကိုက်ဖို့ နှိပ်စက်ဖို့မဟုတ်လား (မှန်လှပါဘုရား) အေး သွားဖြဲတိုင်းအပြုံးချည်း အောက်မေ့မနေနဲ့နော်။

အပြုံး၏နောက်ကွယ်က

သုနခေါ သုနခံ ဒိသွာ ဒန္တံ ဒဿေတိ ဟိ သိတုံ၊ တဲ့၊

အပြုံးရဲ့နောက်ကွယ်မှာ ဘာရှိဆိုတာစဉ်းစားရမယ် အပြုံးဆိုတာ လူပြောတာမဟုတ်ပါဘူး ပါးစပ်ကလေးဖြဲ သွားကလေးဖြဲပြီးတော့ ပြုံးတာကိုပြောတာ သူတို့ကအပြုံးဆိုတော့ အင်း လူနာမည်အပြုံးမျှားသွားတွက်နေမလား မပြောပါဘူး၊ 'သုနခေါ သုနခံ ဒိသွာ ဒန္တံ ဒဿေတိ ဟိ သိတုံ' ဘုန်းကြီးတို့လောကနီတိက- သုနခေါ၊ ခွေးတစ်ကောင်သည်။ သုနခံ၊ ခွေး တစ်ကောင်ကို။ ဟိ သိတုံ၊ ညှင်းဆဲဖို့ရန်။ ဒန္တံ၊ သွားကို။ ဒဿေတိ၊ ပြတယ်။ 'သုနခေါ၊ ခွေးတစ်ကောင်သည်။ သုနခံ၊ ခွေးတစ်ကောင်ကို။ ဒိသွာ၊ မြင်လိုက်ရင်။ ဟိ သိတုံ၊ ညှင်းဆဲဖို့ရန်။ ဒန္တံ ဒဿေတိ၊ သွားကိုဖြဲပြတယ်။ ခွေးတစ်ကောင်နဲ့ တစ်ကောင်တွေ့လိုက်ရင် သွားကလေး အသာဖော်ပြတယ်ဆိုတာ ပြုံးတယ်လို့မျှားမအောက်မေ့နဲ့။ ညှင်းဆဲမလို့ ဖော်ပြတာတဲ့၊ ဟုတ်လား (မှန်လှပါဘုရား)

ဟာ ကမ္ဘာမှာ ဆန့်ကျင်ဘက်ဝါဒကို ကိုင်ထားတဲ့ ခေါင်းဆောင်ကြီးတွေ တစ်ခါတစ်ခါ တစ်ယောက်နဲ့တစ်ယောက် ပြုံးပြီးတော့လက်ဆွဲနှုတ်ဆက်နေတာ သတင်းစာများမှာတွေ့ကြလိမ့်မယ်နော် စဉ်းစားကြည့် အဲဒီ အပြုံးရဲ့နောက်ကွယ်မှာဘာတွေရှိဆိုတာ ပရိသတ်သိကြမှာပေါ့ သူတို့နှစ်ဦးက လက်ဆွဲနှုတ်ဆက်တဲ့အပြုံးရဲ့နောက်နားမှာ ဘာတွေရှိကြ ဘာတွေရှိ ညှင်းဆဲဖို့ရန် အကြံအစည်တွေ နည်းတာတွေမဟုတ်ဘူး ဟန်လုပ်ပြုံးပြီးတော့သာ လက်ဆွဲနှုတ်ဆက်နေတာ၊ ညှင်းဆဲဖို့တော့အဆင်သင့်ချည်းပဲ (မှန်လှပါဘုရား) ဒီလိုမဟုတ်လား မြွေဟောက်ခေါင်း ဒုတ်နဲ့ခေါက်လိုက်ရင် ပါးစပ်ကလေးဖြဲထားတာ ညှင်းဆဲဖို့အသင့်နော်၊ (မှန်လှပါဘုရား) ခွေးလေးတွေ တစ်ကောင်နဲ့တစ်ကောင်တွေ့လိုက်ရင် သွားလေးများဖြဲထားတာ ညှင်းဆဲဖို့အဆင်သင့်နော် ဒေါသရဲ့သဘောဟာ ညှင်းဆဲဖို့အသင့်ဗျ ၊အဆင်သင့် အဆင်သင့်။

ဒါကြောင့် ' စက္ကိုက္ကလက္ခဏော ဒေါသော 'ကြမ်းတမ်းတဲ့လက္ခဏာ

ရှိတာဒေါသနော်၊ ပဟဋ္ဌာသီဝိသော ဝိယ ဒဋ္ဌဗ္ဗော ခေါင်းကိုဒုတ်နဲ့ ရိုက်ထားတဲ့ မြွေဟောက်နဲ့တူတယ်လို့မှတ်ပါ၊ ဘုန်းကြီးတို့ ပရိသတ်ရပြီနော် ဒေါသရဲ့ လက္ခဏာသည် ကြမ်းတမ်းသောလက္ခဏာ ဥပမာပြောဆိုတော့ ဒုတ်ကလေးနဲ့အရိုက်ခံရတဲ့ မြွေဟောက်ကလေးလိုပဲ (မှန်လှပါဘုရား)

သော စက္ခိုက္ကလက္ခဏော ပဟဋ္ဌာသီဝိသောဝိယ၊ ဝိသပ္ပနရသော, ဝိသနိပါတော ဝိယ၊ အတ္တနော နိဿယဒဟနနရသော။ [၁]

ဒေါသဆိုတာ တောမီးပမာ

အတ္တနော နိဿယဒဟနရသော၊ မိမိရဲ့မှိရာကိုလောင်ကျွမ်းခြင်းကိစ္စရှိ၏။ ဒေါသဆိုတာ အပူဓာတ် မှိရာကိုလောင်ပစ်တယ်၊ ဘာတဲ့တုန်း (မှိရာကိုလောင်ပစ်ပါတယ်ဘုရား) ဒါဝဂ္ဂိ ဝိယ ဒဋ္ဌဗ္ဗော၊ တောမီးနဲ့တူတယ်လို့ မှတ်ပါ၊ တောထဲကဖြစ်လာတဲ့မီး တောမီးခေါ်တယ်၊ တောထဲကဖြစ်လာတဲ့တောမီးသည် အဲဒီ မီးရဲ့တည်ရာဖြစ်သောတောကိုပဲပြန် လောင်တယ်နော် (မှန်လှပါဘုရား)၊ တောထဲကဖြစ်လာတဲ့တောမီးသည် သူရဲ့မှိရာဖြစ်တဲ့တောကိုပြန်ပြီးတော့လောင်တယ်၊ ခန္ဓာထဲကဖြစ်လာတဲ့ဒေါသမီးသည် ဒီခန္ဓာကိုပြန်၍လောင်တယ်၊ ခန္ဓာထဲကဖြစ်လာတဲ့ဒေါသမီး ဘယ်လောင်တုန်း (ခန္ဓာကိုလောင်ပါတယ်ဘုရား) သူတစ်ပါးညှင်းဆဲချင်တဲ့ဒေါသ၊ ဖြစ်တာကကိုယ်မှာ၊ အဲဒီသူများမည်းဆဲရသေးခင် ဒေါသရဲ့မှိရာမိမိကိုယ်ကာယကိုတော့ မိမိရဲ့ဝေဒနာကို သညာကို သင်္ခါရကို ဝိညာဏ်ကို ခန္ဓာငါးပါးစလုံးကိုလောင်ပြီးသွားပြီ၊ တောထဲကမီး ရွာမကူးသေးခင် တောကိုပဲလောင်တယ်နော်၊ တောထဲကမီးရွာမကူးသေးခင် မှိရာတောကိုလောင်တယ်၊ ကိုယ့်နှလုံးသားကဖြစ်လာတဲ့ဒေါသမီး သူများမနှိပ်စက်ရသေးခင် ကိုယ့်ကိုပြန်ပြီးတော့လောင်တယ်။

အတ္တနော နိဿယဒဟနရသော။

အတ္တနော နိဿယဒဟနရသော၊ အဲဒီဒေါသရဲ့မှိရာ ဤခန္ဓာကိုယ်တစ်ကိုယ်လုံးကို လောင်ကျွမ်းခြင်းဆိုသောကိစ္စရှိ၏။ ခေါင်းကစ,ကြည့်လိုက်ပါ

၁။ အဘိ၊ ဋ္ဌ၊ ၁။ ၂၉၉

ဒေါသဖြစ်လာရင် ကိုယ့်ခေါင်းကိုစမ်းကြည့်ပူလို့။ ရင်ဘတ်စမ်းကြည့်တော့လဲ၊
(ပူပါတယ်ဘုရား)
ခြေဖျား လက်ဖျားတွေပူလို့ဟုတ်လား တစ်ကိုယ်လုံး ဆတ်ဆတ်နဲ့ တုန်မလား ဘူးလား၊
(တုန်လာပါတယ်ဘုရား)

လက်တွေ ခြေတွေတုန်လာတယ် နှုတ်ခမ်းတွေတုန်လာတယ် မျက်လုံးကြီးနီလာတယ်နော် မျက်နှာကြီး မည်းပြီးတော့ပုပ်လာတယ်၊ ဒီလိုမဟုတ်လား (မှန်လှပါဘုရား)။ ဒေါသလောင်တာ၊ ဘယ်မှာမှီဖြစ်တုန်း နှလုံးသားမှာ၊ ဘယ်မှာ၊
(နှလုံးသားမှာပါဘုရား)

ဟဒယဝတ္ထုရုပ်လို့ဆိုကြတဲ့နှလုံးအိမ်၊ ဒေါသကမှီလိုက်တော့ အဲဒီ ဒေါသဖြင့်လောင်နေတဲ့နှလုံးအိမ်ကြီးတစ်ခုလုံးလည်းမဲလို့ ဒီလိုနေတာနော်၊ နှလုံးအိမ်ကြီးတစ်ခုလုံး (မဲလို့ပါဘုရား) မဲလို့နော်-

' နိသည်ရာဂ၊ ဒေါသမည်းငြား၊ သားဆေးရည် မောဟ၊ တက္ကပဲရည်၊ ဝါသည်သဒ္ဓါ၊ ပညာပြိုးပြက်၊ ဇောတမျက်သွင်၊ ဖြူစင်လွန်ကဲ၊ လက်စုံကွဲမျှ၊ လောဟိတသည်၊ ပုံစံယဋ္ဌိ တွင်းမှာရှိလတ်၊ သားမြတ်အန္တရာယ်၊ လယ်မှာနေသော နှလုံးသားသည် ၊ အတ္တိ သံဝိဇ္ဇတိ၊ ထင်ရှားပုံသေရှိကုန်ချေ၏တကား လို့၊

ဘုန်းကြီးတို့ ဒဂတ္တိ သာကာရသုံးဆယ့်နှစ်ကောဋ္ဌာသကို ဝိဇယသုတ္တန်ကြီး ဟောတုန်းက ထည့်ပြောထားတယ်။ ဟဒယံဆိုပြီးတော့ နှလုံးသားရဲ့ အကြောင်းကိုပြောတဲ့အခါကျတော့။

ဟဒယဝတ္ထုရုပ်၏တည်နေရာ

နှလုံးသားဟာ သားမြတ်နှစ်ခုကြား ရင်ချိုင့်နားမှာနေပါတယ်၊ ရင်ချိုင့်နားမှာနော် (မှန်လှပါဘုရား) ကြာဖူးကလေးများ ဇောက်ထိုးဆွဲထားတဲ့ပုံမျိုး အပေါ်ကအညှာကလေးနဲ့အကြောတွေ အောက်ကအဖူးလေးအငုံလေး အဲဒီ

ကြာဖူးခပ်သေးသေးလို အဖူးအငုံလေးလို အလယ်မှာ အခေါင်းလေးရှိတယ် တွင်းလေး အဲဒီတွင်းလေးကပုန်းညက်စေ့ပမာဏရှိတယ်တဲ့ တွင်းကလေးက အဲဒီထဲ သွေးအပြည့်အောင်းနေတယ်၊ အဲဒီ သွေးတွေထဲမှာ ပထဝီ တေဇော အာပေါ ဝါယောဆိုတဲ့မာတ်ကြီးလေးပါးရှိပါတယ် ဟဒယဝတ္ထုရုပ်ဆိုတာ အဲဒီ ထဲနေတာနော် (မှန်လှပါဘုရား) မနောဓာတ် မနောဝိညာဏဓာတ်ဆိုတဲ့ နာမ် တရားတွေက ထိုဟဒယဝတ္ထုမှာ မှီတယ်တဲ့ဗျ။

ရာဂများတဲ့ပုဂ္ဂိုလ်အသားနီတယ်

ထိုဟဒယဝတ္ထုမှာမှီတော့ ရာဂများလွှမ်းမိုးပြီဆိုရင် ရာဂတွေလောင် နေတဲ့ ဒီနှလုံးအိမ်မှာ နီပြီတော့ရဲလာတယ် ရာဂစိတ်လွှမ်းမိုးရင် နှလုံး အိမ်ဘယ်လိုဖြစ်တုန်း (နီလာပါတယ်ဘုရား) နီလာတယ် နှလုံးအိမ်ကြီးနီတော့ နှလုံးသွေးတွေကော (နီပါတယ်ဘုရား) နီရဲနေတဲ့သွေးတွေ တစ်ကိုယ်လုံး လှည့်ပတ်သွားတော့ ရူပကာယတစ်ခုလုံးလည်းပဲ (နီရဲသွားပါတယ်ဘုရား) အေး ရာဂလွှမ်းမိုးတဲ့အချိန်နီတယ်နော်၊ ဒေါသလွှမ်းမိုးတဲ့အခါကြတော့ မဲတယ်၊ နီသည်ရာဂ ဒေါသမည်းငြား ဒေါသဖြစ်တော့မဲလာတယ် နှလုံးအိမ် ကြီးမဲ နှလုံးသွေးတွေမဲ နှလုံးသားတွေကမဲ မဲသောသွေးတွေ တစ်ကိုယ်လုံး လှည့်တော့ ကိုယ်ကာယကြီးကော (မဲပါတယ်ဘုရား) ဒါကြောင့် သူမျက်နှာကြီး ပုပ်နေတာပဲတဲ့ ဒေါသဖြစ်တဲ့အခါပြောကြတယ်။

နီသည် ရာဂ၊ ဒေါသ မည်းငြား၊ သားဆေးရည် မောဟ၊ မောဟလွှမ်း မိုးတဲ့အခါကျတော့ အသားဆေးထားတဲ့ ရေလိုဖြစ်တယ်၊ နီကျဲကျဲ တက္ကပဲရည်' ဝိတက်အားကြီးတဲ့ ပုဂ္ဂိုလ်များကျတော့ ပဲပြုတ်ရည်နဲ့တူတယ်၊ ဖြူကျဲကျဲ ညအ ခိုးတွေသိပ်သိပ်လွှတ် ဝိတက် ဝိစာရတွေများ တစ်ညလုံးအိပ်မပျော် မနက်ကျ မျက်နှာလေး ဖြူဖတ်ဖြူရော်မနေဘူးလား (နေပါတယ်ဘုရား) တက္ကပဲရည်တဲ့ နော်၊ တစ်ညလုံးအကြံအစည်တွေကများ ဝိတက်တွေကများ ကြံရစည်ရတော့ ပင်ပန်းလို့အိပ်မပျော် မနက်မိုးလင်း သူ့မျက်နှာကြည့်ရတာ ဖြူလို့ အမလေး နှုတ်ခမ်းလေးကတောင် ဖြူနေပြီ၊ ဟော ဖြူရော်ရော် ပဲပြုတ်ရည်လိုပဲ ဝိတက်၊ ရာဂကြီးရင် နီတယ်၊ ဒေါသကြီးရင် မည်းတယ်၊ မောဟကြီးရင်ပဲ သြော် သား

ဆေးတဲ့ရည်လိုပဲ အသားဆေးထားတဲ့ရေလိုပဲ၊ ပြီးတော့ ဝိတက်ဆိုတဲ့ အကြံအစည်များရင် ဘာဖြစ်တုန်း ပဲပြုတ်ရေလိုပဲ။

စရိုက်ခြောက်မျိုးနှင့်အသားအရောင်ခြောက်မျိုး

ဝါသည် သဒ္ဓါ၊ ဘုရားတရားသံဃာ ရတနာသုံးပါးစိတ်ဓာတ်တွေ လွှမ်းမိုးပြီးတော့ စိတ်တွေကြည်လို့ သဒ္ဓါအားကောင်းတဲ့အခါများ မျက်နှာလေးကို ဝင်းလို့ ရွှေလိုပဲ၊ ဝါရွှေသောအဆင်းရှိသတဲ့ သဒ္ဓါအားကောင်းတဲ့အခါနော်၊ ပညာဉာဏ်လွှမ်းမိုးတဲ့အခါကျတော့ ဖြူစင်လာတယ် သန့်ရှင်းလာတယ်၊ သဒ္ဓါအားကောင်းတော့ဝါဝင်းတယ်၊ ဝိတက်အားကြီးတော့ ဖြူဖတ်ဖြူရော်ဖြစ်တယ်၊ အရောင်ဘယ်နှစ်မျိုးရ၊ တစ်ခေါက်လောက်ပြန်ရအုံးမလား ခြောက်မျိုးတည်းရယ်၊ မများပါဘူးနော် ရာဂကြီးရင်၊

(နီပါတယ်ဘုရား)၊

ဒေါသလွှမ်းတော့၊

(မည်း ပါတယ်ဘုရား)၊

မောဟနှိပ်စက်တော့

(သားဆေးရေလိုပါဘုရား)၊

အသားဆေးရည်၊ ဝိတက်တွေဝင်အကြံများ ပဲပြုတ်ရေလိုပဲ ဖြူဖတ်ဖြူရော်ဟုတ်လား၊ သဒ္ဓါတရားအားကောင်းတော့

(ဝါဝင်းပါတယ်ဘုရား)၊

အေး ဝါဝင်းပြီးတော့ ပညာဉာဏ်အားကောင်းတော့၊

(ဖြူပါတယ်ဘုရား)၊

ဖြူဖွေးတယ် စရိုက်ခြောက်ပါး၊ အဲဒါ ရာဂစရိုက် ဒေါသစရိုက် မောဟစရိုက် ဝိတက်စရိုက် သဒ္ဓါစရိုက် ဗုဒ္ဓိစရိုက်တဲ့ စရိုက်ဘယ်နှစ်ပါး (ခြောက်ပါးပါဘုရား) သတ္တဝါတွေရဲ့စရိုက်ခြောက်ပါးရှိတော့ နှလုံးသွေးလည်းပဲ အရောင်ခြောက်မျိုးဖြစ်တယ်၊ အဲဒီနှလုံးတွေ အရောင်ခြောက်မျိုးဖြစ်တော့ အသားအရောင်တွေလည်း အဲဒီလိုပဲခြောက်မျိုးပဲဖြစ်တယ်။

ဒီတော့ အသားအရောင် မျက်နှာရဲ့အနေအထား အရောင်အသွေးကို ခန့်မှန်းပြီးတော့ ဤပုဂ္ဂိုလ်ဟာ ဘယ်လိုစရိုက်ရှိတယ်ဆိုတာကို ဘုန်းကြီးတို့ ပရိသတ် အလေ့အကျင့်လုပ်ပြီးတော့ ဟောမယ်ပြောမယ်ဆိုရင်မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)။ အဲဒါမျှား အကြားအမြင်တွေပေါက်နေတယ်လို့ သိပ်မ ထင်နဲ့ အဘိဓမ္မာသဘောက ဒါမျိုးမျှားမျှားကြီးလေ့လာရင် ဟောလို့ပြောလို့ရ တယ်နော် ဟုတ်လား၊ (မှန်လှပါဘုရား) ဒိဗ္ဗစက္ခုအဘိညာဏ်ရတဲ့ပုဂ္ဂိုလ်မျှား ကြတော့ တိတိကျကျ သေသေချာချာသိပြီးတော့ဟောနိုင်တယ်၊ နှလုံးသားကို ဒိဗ္ဗစက္ခုအဘိညာဉ်နဲ့ ကြည့်ပြီးတော့ဟောလိုက်တာ ဒီလူရာဂပေါ့။ ဒီလူ ဒေါသ၊ ဒီလူ မောဟ ဒီလိုဟောလို့ရတယ်။ (မှန်လှပါဘုရား)

ဒီတော့ ယခုဘာပြောလိုတာတုန်းဆိုတော့ ဒေါသလွှမ်းမိုးရင်တစ် ကိုယ်လုံးမည်းပုပ်ပြီးတော့ မျက်နှာကြီးကို ပုပ်သိုးသိုးဖြစ်နေတယ်လို့ အရပ်ထဲ ပြောကြတာနော် (မှန်လှပါဘုရား)၊ ကြည့်လိုက်ပါဒေါသကြီးရင်တဲ့ ယခုနက ပြောထားတယ်၊

ဒါဝဂ္ဂီဝိယ ဒဋ္ဌဗ္ဗော တောမီးနဲ့တူတယ်လို့မှတ်ပါ။ တောမီး တောထဲ ကဖြစ်လာတဲ့တောမီးသည် မှီရာတောကိုချက်ချင်းမလောင်ပေဘူးလား (လောင်ပါတယ်ဘုရား)၊ အေး အဲဒီမှာ နှလုံးသားထဲကဖြစ်လာတဲ့ဒေါသ မီးသည် နှလုံးသားကိုချက်ချင်းမလောင်ဘူးလား နှလုံးသားလောင်လိုက်တော့ အရောင်က မီးသွေးခဲကြီးလိုဖြစ်သွားတယ် မည်းပြီးသွားတယ်၊ တောမီးလောင် တဲ့အခါ တောကြီးကြည့်လိုက်အကုန်လုံးပျက်စီးတာနော် (မှန်လှပါဘုရား)။

တောထဲကမီးလောင်တော့ တောကြီးပျက်စီးသွားတယ် အဲဒီ တောထဲ မှာနေတဲ့ မပြေးနိုင်တဲ့သားကောင်တွေ အကုန်လုံး မီးဘေးသင့်သေဆုံးကုန် ကြတယ်၊ ဒေါသလွှမ်းမိုးပြီဆိုရင် မှီရာတောကိုဖျက်ဆီးပစ်သလို ကိုယ့်ကိုယ် ကိုလည်း ကိုယ့်ဒေါသနဲ့ ဖျက်ဆီးလို့ ပင်ပန်းတယ် ဟုတ်လား၊ (မှန်လှပါဘုရား) ကိုယ့်ရဲ့ နီးစပ်ရာပတ်ဝန်းကျင် ပရိသတ်ကိုလည်းပဲ ကိုယ့်ဒေါသနဲ့အကုန်လုံး ဆင်းရဲစေတယ်၊ တောကောင်လေးမျှား မီးလောင်တော့ ပင်ပန်းသလိုပေါ့နော်၊

၁။ အဘိ၊ ဋ္ဌ၊ ၁။ ၂၉၉

ဒေါသကြီးတဲ့ပုဂ္ဂိုလ်ရဲ့အနားနေရတဲ့ပုဂ္ဂိုလ်တွေ စိတ်မချမ်းသာကြဘူးတဲ့၊ တောမီးသင့်ကြတာ (မှန်လှပါဘုရား)

အတ္တနော နိဿယဒဟနရသော။

'အတ္တနော နိဿယဒဟနရသော၊ မိမိရဲ့မှီရာကို လောင်ကျွမ်းခြင်းကိစ္စရှိ၏။ ဒါဝဂ္ဂိ ဝိယ၊ တောမီးနဲ့တူတယ်လို့။ ဒဌ္ဌဇ္ဇော၊ မှတ်ရမယ်။ ဒေါသနဲ့ပတ်သတ်လို့ မှတ်စရာဘယ်နှစ်ချက်ရ (သုံးချက်) ဟင် ကြမ်းတမ်းသောလက္ခဏာရှိ၏၊ မီရာကို လောင်ကျွမ်းတဲ့သဘောရှိ၏၊ ဘယ်နှစ်မျိုးလဲ (နှစ်မျိုးပါဘုရား) တော်လိုက်တာ တတိယတစ်မျိုးပြောမယ်နော် တတိယတစ်မျိုးက-

ဒုဿန ပစ္စုပဋ္ဌာနော ဒေါသော။

ဒုဿန ပစ္စုဋ္ဌာနော ဒေါသော၊ ဒေါသော၊ ဒေါသဆိုသည်ကား။ ဒုဿန ပစ္စုပဋ္ဌာနော၊ ပျက်စီးတဲ့သဘောသည် ထင်ရှား၍ ထင်ရှား၍လာခဲ့ပါတယ်။ ဒေါသဖြစ်ရင်ဘာသဘောထင်ရှားတုန်း၊ မှတ်လိုက်ပါ ပျက်စီးတဲ့သဘောတွေထင်ရှားတယ်။ ကြီးပွားတိုးတက်တဲ့သဘော ထင်ရှားမှာလား ပျက်စီးတာတွေထင်ရှားမှာလား၊

(ပျက်စီးတာတွေထင်ရှားပါတယ်ဘုရား)

အို တောကြီးမီးလောင်တာ ဘယ်ကြီးပွားမှာတုန်း။ ဒီအတိုင်းပဲပေါ့ ဒေါသမီးလောင်တော့ ဘယ်ကြီးပွားကြမှာလဲပျက်စီးမှုပဲထင်ရှားမှာ၊ တောမီးလောင်တော့ တောလဲပျက်တယ်၊ တောမီးသင့်တဲ့သားကောင်တွေလည်းပဲ ပျက်ရတယ်။ ထိုနည်းတူစွာပဲ ဒေါသဖြစ်ရင်ထိုဒေါသဖြစ်သူလည်းပဲပျက်စီးတယ်၊ ထိုဒေါသဖြစ်သူရဲ့ ပတ်ဝန်းကျင်မှီခိုနေတဲ့ပရိသတ်တွေလည်းပဲ ဆင်းရဲကြတယ်၊ သတ္ထုချလိုက်တော့ ပျက်စီးမှုသာထင်ရှားကျန်ရစ်တယ်၊ ကောင်းကျိုးတော့မပေးဘူးပေါ့။ ပစ္စုပဋ္ဌာန်က ဒုဿန၊ ပျက်စီးမှုထင်ရှားပါတယ်၊ ပျက်စီးခြင်းဟာအကျိုးပေါ့ဗျာနော်၊ ဒုဿနပစ္စုပဋ္ဌာနော ဒေါသော၊ ဒေါသော၊ ဒေါသသည်။ ဒုဿန ပစ္စုပဋ္ဌာနော၊ ပျက်စီးတဲ့သဘောသည် ထင်ရှား၍ကျန်ရစ်ပါတယ်။

အဲဒီဥစ္စာကို နောက်တစ်မျိုးလေးပြောလိုက်ရအောင် ဒုဿနပစ္စုပဋ္ဌာ

နော၊ ဖျက်ဆီးမှုသည်ထင်ရှားတယ် ပျက်စီးမှုထင်ရှားတယ်ဆိုတာ ကတ္တားကို ဦးစားမပေးဘူး၊ ပျက်အောင်ဖျက်သူကို ဦးစားပေးမပြောဘူး၊ ဖျက်ဆီးမှုထင်ရှားတယ်ဆိုတော့ ဖျက်ဆီးသူကို ဦးစားပေးပြောတဲ့စကားဖြစ်တယ်နော် (မှန်လှပါဘုရား)၊ ဖျက်ဆီးမှုထင်ရှားတယ်ဆိုတာက ဖျက်သူဒါသကိုတိုက်ရိုက်ပြောတာ ဒါသသည် ကတ္တား၊ ဖျက်ဆီးတတ်သူပုဂ္ဂိုလ်ကိုသွားမစဉ်းစားနဲ့၊ ပျက်စီးမှုထင်ရှားတယ်ဆိုတာ ကံပုဒ်ကိုဦးတည်၍ပြောတာ၊ ပျက်သွားတဲ့အရာဝတ္ထုတွေကိုဦးတည်ပြောလိုက်တယ် ပျက်တာရယ် ဖျက်တာရယ် ဘာနဲ့ဘာလဲ၊

(ပျက်တာနဲ့ ဖျက်တာပါဘုရား)

ပျက်တာက ကံပုဒ်၊ ဖျက်တာက ကတ္တားပုဒ်၊ အဲဒီနှစ်ခုစလုံးပဲ ထင်ရှားလာတယ်လို့မှတ်လိုက်ပါ၊ ဖျက်တာတွေကော ပျက်တာတွေကော အကုန်လုံးထင်လာလိမ့်မယ်ဒါသဝင်ရင် (မှန်လှပါဘုရား)၊ ဘာတွေပြောနေတာလဲတောင်ပို့ကြီးတူးလိုက်တဲ့အခါတွေ့တဲ့ ဖားပွကြီးရဲ့ သဘောကိုပြောနေတာ (မှန်လှပါဘုရား)

ဒုဿနပစ္စုပဋ္ဌာနော၊ ဖျက်ဆီးမှု သို့မဟုတ် ပျက်စီးမှုတွေထင်ရှားလာတယ်၊ ဥပမာပြောဦးကိုယ်တော်ဆိုရင်လေ ဟောဒီမှာ

လဒ္ဓါကာသော ဝိယ သပတ္တော ဝိယ ဒဋ္ဌဗ္ဗော [၁] တဲ့၊

လဒ္ဓါကာသော၊ အခွင့်အရေးကောင်းကိုရသောရန်သူနဲ့တူတယ်လို့။ ဒဋ္ဌဗ္ဗော၊ မှတ်ကြ။ အခွင့်အပေါက်ရတဲ့ ရန်သူနဲ့တူတယ်။

ခန္ဓာက ရွာ၊ ဒါသက သူပုန်

နယ်စပ်ကရွာတစ်ရွာ၊ ရဲတို့ စစ်တို့ အစောင့်ချပြီးတော့ထား၊ သူပုန်ဝင်မှာစိုးလို့၊ အစောင့်တာဝန်ယူကြတဲ့ လုံခြုံရေးတာဝန်ထမ်းတဲ့ပုဂ္ဂိုလ်များကလစ်ဟင်းသွားလို့ ပေါ့လျော့သွားလို့ ပြုန်းဆိုရွာထဲသူပုန်ဝင်ဖို့အခွင့်ရပြီ လုံခြုံရေးတာဝန်ယူတဲ့လူတွေပေါ့လို့ သို့မဟုတ် စိတ်ချရပြီးဆိုတော့ရှောင်သွားလို့ရှိရင် ရွာထဲကိုသူပုန်ဝင်ခွင့် (ရပါတယ်ဘုရား)။ သူပုန်ဝင်ခွင့်ရပြီလည်းဆို

၁။ အဘိ၊ ၁။ ၂၉၉

ရော အဲဒီသူပုန်သည် ဒီတစ်ရွာလုံးကို စဉ်းစားကြည့်စမ်း အခွင့်ရတုန်းတော့ ကွာ မင်းတို့ရွာကြီးသတိထား၊ မီးနဲ့လည်းရှို့မယ်၊ လူတွေကိုလည်းရိုက်မယ်၊ ပစ္စည်းတွေလည်းယူမယ်၊ ဘယ်နှစ်မျိုး (သုံးမျိုးပါဘုရား) ရွာကိုဝင်ခွင့်ရရင် ရွာကိုမီးရှို့တယ်၊ လူတွေကိုနှိပ်စက်တယ်၊ ပစ္စည်းတွေကိုယူတယ်တဲ့၊ ဘယ်နှစ်မျိုး (သုံးမျိုးပါဘုရား)

လဒ္ဓါကာသော ဝိယ ဒဋ္ဌော၊

လဒ္ဓါကာသော၊ အခွင့်အရေးရသွားသော။ သပတ္တောဝိယ၊ ရန်သူတွေနဲ့တူတယ်လို့။ ဒဋ္ဌော၊ မှတ်ကြ။ ဒေါသဝင်လာရင် အခွင့်အရေးရလို့ ရွာထဲ သူပုန်ဝင်တာနဲ့တယ်တူတာ ရွာထဲသူပုန်ဝင်လိုက်တော့ --

(၁) ရွာ မီးရှို့တယ်၊

(၂) ရွာကလူတွေကို နှိပ်စက်တယ်၊

(၃) ရွာထဲရှိတဲ့ ပစ္စည်း အကုန်ယူသွားတယ်။

ဘယ်နှစ်မျိုးတုန်း (သုံးမျိုးပါဘုရား) သူပုန်များအခွင့်ရရင် ဒီလိုလုပ်ဆိုပါလား၊ ဒီလိုပဲတဲ့ ခန္ဓာကိုယ်ဆိုတဲ့ရွာထဲမှာ ဒေါသသူပုန်ဝင်ရင်လေ ရွာကြီးတစ်ရွာလုံး သူပုန်မီးရှို့တာမျိုးပေါ့ (မှန်လှပါဘုရား)။ ဒေါသများဖြစ်ရင် ပူလိုက်တာ ပူလိုက်တာ ဟုတ်လား (မှန်လှပါဘုရား)။ မီးလောင်တာနော် ဒေါသမီးလောင်ပြီဆိုရင် အဲ့ဒီလူ စားလို့အိပ်လို့ဖြစ်သေးလား (မဖြစ်တော့ပါဘုရား) ပင်ပန်းလိုက်တာ နှိပ်စက်သွားတာ ၄-၅-၆-ရက်၇-ရက် ဒီဒေါသမပြေချင်ဘူး စားမဝင် အိပ်မပျော်ဘဲ၊ အဲ့ဒါ သူပုန်ရိုက်သွားတာ၊ ရှိတဲ့ပစ္စည်းကော (ယူသွားပါတယ်ဘုရား) ယူသွား၊ ဘုန်းကြီးတို့ပရိသတ် ရွာထဲဘာပစ္စည်းတွေရှိ ဘာမှမရှိဘးလား၊ ဗလာလား --

။ပ

ဒေါသသူပုန်ကြောင့် ပစ္စည်းခုနှစ်မျိုးဆုံးရှုံး

သဒ္ဓါဓနံ သီလဓနံ၊ ဟိရီဩတ္တပိယံ ဓနံ။
သုတဓနဉ္စ စာဂေါ စ၊ ပညာ ဝေ သတ္တမံ ဓနံ။ [၁]
သဒ္ဓါ သီလ သုတ စာဂ ပညာ ဟိရီ ဩတ္တပ္ပ ဘယ်နှစ်မျိုးရှိ၊

၁။ အံ။ ၂။ ၃၉၈

(ခုနစ်မျိုးရှိပါတယ်ဘုရား)

သဒ္ဓါရယ် သီလရယ် သုတရယ် စာဂရယ် ပညာရယ် ဟိရီရယ် ဩတ္တပ္ပရယ် ဘယ်နှစ်မျိုး(ခုနစ်မျိုးပါဘုရား) ခပ်မြန်မြန်ပြော ဘာတွေ ဘာတွေ

(သဒ္ဓါ သီလ သုတ စာဂ ပညာ ဟိရီ ဩတ္တပ္ပပါဘုရား)

တော်လိုက်တာ ဒကာကြီးရေ သာဓု သာဓု ဒကာကြီးတစ်ယောက်ထဲအတွက်၊ ကျန်တဲ့သူ တွေပြောမှမပြောဘဲနဲ့ သာဓုခေါ်ရာ သူတို့မရှိဘူး။

သဒ္ဓါရယ်သီလရယ် စာဂရယ်ပညာရယ် သုတရယ် ဟိရီရယ် ဩတ္တပ္ပရယ် ဘယ်နှစ်မျိုးလဲ (ခုနှစ်မျိုးပါဘုရား) ကျန်တဲ့သူတွေအကုန်ပြောနော် တစ်လုံးမှမပြောနိုင်ဘူး၊ အဲ့ဒါပေါ့ဗျ ကိုယ့်ရှိတာလေးစားပြတိုက်သွားဆိုတာရှင်းရော၊ သဒ္ဓါတရားတဲ့ မရှိဘူးလား (ရှိပါတယ်ဘုရား) ဒါသဖြစ်ရင် အဲ့ဒီသဒ္ဓါကျန်သေးလား၊

(မကျန်တော့ပါဘူးဘုရား)

မုသာဝါဒါ ဝေရာမဏီတဲ့ ဖရုသဝါစာဝေရာမဏီတဲ့ စောင့်ထားလိုက်တာမနက်ပိုင်းက နေ့ခင်းလဲအိမ်ပြန်ရောက်ရော လင်မယားချင်းရန်ဖြစ်တော့ နင်တွေငါတွေနဲ့ကုန်ရော။ မုသာဝါဒါ ဝေရာမဏီတွေ ဖရုသဝါစါတွေ မကျန်ဘူးနော်။ သီလလည်းမားပြတိုက်သွား တယ်။ ပေးမလို့ လှူမလို့ ပေးမလို့ လှူမလို့ စာဂအဆင်သင့်ကလေးပြင်ထား စိတ်ဆိုးလို့မလှူဖြစ်ဖူး စာဂဒါနကောမားပြမတိုက်ဖူးလား၊

(တိုက်သွားပါတယ်ဘုရား)

သဒ္ဓါ သီလ သုတ နာထားတဲ့တရားတွေ နာထားတဲ့သုတတရားနာထားတာသုတခေါ်တယ်၊ စာတွေဖက်ထားတာသုတခေါ်တယ်၊ စာဖတ်ခြင်း တရားနာခြင်းကို သုတဆိုတဲ့သူတော်ကောင်းဥစ္စာကုန်ရောတဲ့၊ မားပြနောက်ပါသွားတယ်၊ သူခိုးခိုးရင်ကုန်တယ်နော်၊ သဒ္ဓါလည်းကုန်တယ်၊ သုတလည်းကုန်တယ်၊ စာဂလည်းကုန်တယ်၊ အသိဉာဏ်တွေကော၊

(ကုန်ပါတယ်ဘုရား)

ဒါသဝင်ရင် အသိဉာဏ်ဆိုတာပျက်စီးသွားတယ်။

ဒေါသဖြစ်လျှင် အကန်းသွင်

ကုဒ္ဓေါ အတ္တံ နဇာနာတိ။ ၁

ဒေါသဖြစ်ရင်အကျိုးရှိတာမသိဘူး၊ ကုဒ္ဓေါ အတ္တံ နဇာနာတိ၊ အကျိုးရှိတဲ့လုပ်ငန်းကို မမြင်တော့ဘူးနော်။ (မှန်လှပါဘုရား)။

အန္ဓတမံ တဒါ ဟောတိ။ ၂

အဲ့ဒီအခါအမှောင်ကြီးကျပြီတဲ့ ဉာဏ်မျက်စိကန်းသွားတယ် (မှန်လှပါဘုရား) အေး ဒါကြောင့် ဒေါသဝင်ရင် အသိဉာဏ်တွေ ရှိသေးလား၊

(မရှိတော့ပါဘုရား)

ငါဟာဘုရားသားတော်သမီးတော်တစ်ယောက် သူတော်ကောင်းတရားနဲ့နေတဲ့ပုဂ္ဂိုလ်တစ်ယောက် ဗုဒ္ဓဘာသာသူတော်စင်တစ်ယောက် ယုတ်ညံ့တဲ့မုဆိုးမျိုး တံငါမျိုးမဟုတ်ဘူး၊ အဆင့်တန်းမြင့်တဲ့မင်းနေပြည် တော်မှာနေတဲ့ နေပြည်တော်သူ မြို့ကြီးသူ မြို့ကြီးသားဖြစ်တယ်၊ အဲ့ဒီလောက်ကလေးတောင်မှမစဉ်းစားဘူး၊ ဒေါသများဖြစ်လာရင် အမလေး ပါးစပ်ကမကြားနိုင်တဲ့ မကြားဝံ့တဲ့စကားတွေ အကုန်းလုံးထွက်လာတယ်၊ ကိုယ်အမှုအရာကလဲ မမြင်ရတဲ့အမှုအရာတွေကိုဖေါ်ပြတယ်၊ အသိဉာဏ်ခေါင်းပါးသွားတယ်၊ ဟိရီ ဩတ္တပ္ပ အရှက်အကြောက်ဆိုတာကော (မရှိတော့ပါဘုရား)

စိတ်များဆိုးပြီးဆိုရင် တစ်ခါတလေ စျေးသည်ဒကာမကြီးနှစ်ယောက် ရန်ဖြစ်လို့တဲ့၊ စျေးတောင်းကြီးတွေချပြီးတော့ နပန်းလုံးကြတာ ဟိရီ ဩတ္တပ္ပ တရားဆိုတာမကျန်ဘူးနော်။ အေး ဟိရီတရားနဲ့ ဩတ္တပ္ပဆိုတဲ့တရားကိုလည်း ဒေါသကဖယ်ပြစ်တယ်ဗျာ၊ သဒ္ဓါ သီလ သုတ စာဂ ပညာ ဟိရီ ဩတ္တပ္ပဆိုတဲ့ သူတော်ကောင်းဥစ္စာရတနာ ခုနစ်ပါးဆိုတာတို့ ပရိသတ်များမရှိပေဘူးလား (ရှိပါတယ်ဘုရား) ဘယ်လိုဘဲရှိနေနေ ဒေါသဆိုတဲ့သူပုန်ဝင်ရင်ကုန်သွားတယ်၊ တစ်ရွာလုံး သူပုန်ကမီးရှို့သလိုဘဲ ဒေါသဖြစ် ရင်စိတ်တွေပူလို့နော်၊ တစ်ရွာလုံးရှိတဲ့လူကုန်ကို သူပုန်တွေကရိုက်သွားသလို ဘဲ၊ ဒေါသဖြစ်ရင်လေး

၁။ ၂။ အံ၊ ၂။ ၄၇၁

ငါးခြောက်ရက်ခုနစ်ရက်ဒီဒေါသမပြေမချင်း စားလို့မဝင် အိပ်လို့လဲမပျော် ကြဘူး၊ ပင်ပန်းလိုက်တာ၊ သူပုန် ဓားပြ နှိပ်စက်ခဲ့တာ၊ အဲ့ဒီဒေါသမပြေမချင်း သဒ္ဓါ သီလ သုတ စာဂ ပညာ ဟိရီ ဩတ္တပ္ပဆိုတဲ့ သူတော်ကောင်းဥစ္စာတွေ ကောရှိအုံးမလား (မရှိတော့ပါဘုရား) ကုန်ပြီ ဥစ္စာတွေလဲ အကုန်လုံး ဓားပြ သူပုန်တွေယူသွားတယ်၊ အဲ့ဒါကြောင့် လဒ္ဓါကာသော ဝိယ သပတ္တော ဒဠ္ဍတ္တော၊ လဒ္ဓါ ကာသော၊ အခွင့်အရေးကောင်းစွာရသော၊ သပတ္တော ဝိယ၊ ရွာထဲကိုဝင်ရောက်လာတဲ့ သူပုန်ဓားမြနဲ့တူလှတယ်လို့၊ ဒဠ္ဍတ္တော၊ ကောင်းစွာ မသွေ မှတ်ထိုက်ပါပေတော့သတည်း။

သာဓု သာဓု သာဓု ပါဘုရား။

ဒေါသ၏လက္ခဏာများ

(၁) ဒေါသဆိုတာ ကြမ်းတမ်းသောလက္ခဏာရှိတယ် ၊မြွေဟောက်ကြီး ခေါင်းတုတ်နဲ့ရိုက်သလို၊

(၂) ဒေါသဆိုတာ မီ့ရာကိုလောင်ကျွမ်းခြင်း သဘောရှိတယ်၊

(၃) ဒေါသဖြစ်ရင် ရွာထဲကို သူပုန်ဓားမြဝင်ရောက်လာတာနဲ့တူတယ်၊ ပျက်စီးမှု ဖျက်ဆီးမှုထင်ရှားတယ်၊ သုံးချက်ရပြီနော် (မှန်လှပါဘုရား) အဲ့ဒီဒေါသဖြစ်ရင်တဲ့ ဘုန်းကြီးတို့ပရိသတ် နောက်လေးခုမြောက် အချက်ကို ဒီမှာမှတ်ရမယ် ဒေါသော၊ ဒေါသဆိုသည်ကား။

အာယာတဝတ္ထု ပဒဋ္ဌာနော၊ အာယာတဝတ္ထုကြောင့်ဖြစ်တယ်တဲ့။ အာယာတဝတ္ထု ပဒဋ္ဌာနော ဒေါသော၊ ဒေါသဆိုသည်ကား။ အာယာတဝတ္ထု ပဒဋ္ဌာနော၊ အာယာတဝတ္ထုကြောင့်ဖြစ်၏။အာယာတဝတ္ထုကြောင့် ဒီဒေါ သဖြစ်တာ၊ ဒေါသရဲ့အကြောင်းရင်းပဒဋ္ဌာန်ပြောဆိုတော့ အာယာတဝတ္ထု ပါတယ်၊ ဘာပါလိမ့်၊

(အာယာတဝတ္ထုပါဘုရား)

အာယာတဝတ္ထုနော်၊ ဒေါသဖြစ်ခြင်းရဲ့အကြောင်းရင်း ပဒဋ္ဌာန်သည် အာယာတဝတ္ထု၊ အဲဒီအာယာတဝတ္ထုကို ဘုန်းကြီးတို့ပရိသတ်အား ပြောပါ့မယ်၊ ဒါပေမဲ့ ဥပမာလေးကို ရှေးဦးစွာမှတ်ပါအုံး -

ပူတိ မုတ္တံ ဘေသဇ္ဇံ ဝိယ ပဒတ္ထံ ပူတိဝိသာဏိပါတ ပူတိမုတ္တံ ဝိယ ဒဋ္ဌဗ္ဗံ။

ဝိသာဏပါတ၊ အဆိပ်တွေကျရောက်နေသော။ ပူတိမုတ္တံ ဝိယ၊ ကျင်ငယ်နဲ့တူတယ်လို့။ ဒဋ္ဌဗ္ဗံ၊မှတ်လိုက်။အဆိပ်နဲ့ကျင်ငယ်ရောထားသလိုတဲ့၊ အဆိပ်တစ်အိုး ကျင်ငယ်တစ်အိုး နှစ်အိုး၊ အဲဒါရော ဘုန်းကြီးတို့ပရိသတ် စဉ်းစားသာကြည့် နဂိုကတည်းကနှစ်ခုစလုံးအဆိပ်ဖြစ်နေတာ (မှန်လှပါဘုရား) တစ်ဘက်ကအဆိပ် တစ်ဘက်ကကျင်ငယ်ရော ဘယ်ဘက်မှကောင်းကျိုးမပေးဘူးနော်၊ ဒါသနဲ့ အာယာတဝတ္ထုနှစ်ခုပေါင်းမိရင် ကျင်ငယ်အိုးထဲကိုအဆိပ်တွေလောင်းထားသလိုဘဲတဲ့ဗျာ၊ ဒါသနဲ့ အာယာတဝတ္ထုနှစ်ခုပေါင်းမိရင် ဝိသာဏိပါတ ပူတိမုတ္တံဝိယ ဒဋ္ဌဗ္ဗံ အဆိပ်ကျရောက်နေသော (၀၊) အဆိပ်ရောထားသောကျင်ငယ်နဲ့တူတယ်လို့။ ဒဋ္ဌဗ္ဗံ၊ မှတ်လိုက်။ အာယာတဝတ္ထု ဆိတာက ဟောဒီမှာ -

အနတ္ထံ မေ အစရီတိ အာယာတော ဇာယတိ။ [၁]

အယံ ဤသူသည်။ မေ၊ ငါ၏။ အနတ္ထံ၊ အကျိုးမဲ့လုပ်ငန်းတွေကို၊ အစရိ၊ လုပ်ကိုင်ခဲ့တာ။ ဣတိ၊ ဤသို့ရည်ရွယ်၍။ အာယာတော ဇာယတိ၊ ရန်ငြိုးဖွဲ့တယ်။ ဒါသဖြစ်ခြင်းရဲ့အကြောင်း အဲဒါကိုအာယာတဝတ္ထုလို့ ခေါ်တယ်ဗျာ။ ဒါသဖြစ်ဖို့အကြောင်းကိုအာယာတဝတ္ထုလို့ခေါ်ပါတယ်။

(၁) ဤသူသည် ငါရဲ့မကောင်းကျိုးကို လုပ်ဖူးတယ်လို့ စဉ်းစားမိရင် အဲဒီသူအပေါ် ဒါသမဖြစ်လား (ဖြစ်ပါတယ်ဘုရား) ကိုယ့်မကောင်းကျိုး လုပ်ဖူးတယ်ဆိုတဲ့ပုဂ္ဂိုလ်က အိုးတစ်လုံး၊ အဲဒါကိုစဉ်းစားပြီးတော့ပေါ်လာတဲ့ ဒါသက အိုးတစ်လုံး အဲဒီအိုးနှစ်လုံးပေါင်းတော့ ခုနကနှစ်အိုးပေါင်းသလိုဘဲ ခုနကနှစ်အိုးပေါင်းတာသိပြီနော် (မှန်လှပါဘုရား)။

အေး ဒီတော့ ဒီဘယာရာမဆရာတော်ဘုရားကြီး စာရေးသလိုပေါ့ 'ထိုဌ်ဆိုပြီးဖြစ်၍ ဤဌ်မဆို' ဆရာတော်ကြီးကျမ်းရေးတာ ညွှန်းပစ်ခဲ့တာ တိုလိုက်တာ အတိုကြိုက်တဲ့ဆရာတော်ကြီး အတိုကြိုက်လွန်းတော့ 'ထိုဌ်ဆိုပြီး

၁။ အဘိ၊ ၁။ ၂၁၆

ဖြစ်၍ ဤဌ်မဆို' ဟာ ထိုဌ်ဆိုတယ် ဘယ်နေရာဆိုမှန်းမသိဘူး စာကိုကျေ ကျေညက်ညက် သေသေချာချာသာမမှတ်ရင် ဆရာတော်ကြီးတွေရဲ့ကျမ်း ညွှန်းတွေကို နားမလည်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဆရာတော်က တိုလွန်း ကျဉ်းလွန်းတဲ့အတွက်ကြောင့် သဒ္ဒါ ဝိရိယ အသိဉာဏ်နည်းပြီးတော့ ပေါ့ပေါ့ တန်တန်စာဖတ်ရင် ဆရာတော်ရဲ့ကျမ်းတွေက မမှတ်မိဘူးဗျာ အညွှန်းတောင် ရေးထားတာကြည့်လေ 'ထိုဌ်ဆိုပြီးဖြစ်၍ ဤဌ်မဆို' ဘယ်နေရာ ဘယ်နေရာ မှာရေးခဲ့ပြီးပါပြီ ဘယ်အခန်းမှာရေးပြီးပါပြီ စာမျက်နှာဘယ်လောက်မှာ ဒီလို ကိုမပြောဘူး အဲ့တော့ဘယ်နေရာမှာရေးထားပြီးလို့ ဒီနေရာမရေးတော့ဘူး ဒီအဓိပ္ပါယ်သိချင်ရင်ဘယ်ပြန်ကြည့်ပါ။ ဒီလိုဆိုရမှာမဟုတ်လား (မှန်လှပါ ဘုရား)

ဘုန်းကြီးတို့ရေးရင်စာတွေတစ်သီကြီးအရှည်ကြီး ဒီလိုပြောမှာ ဘုန်းကြီးတို့ကတော့ ဟုတ်လား၊ ဆရာတော်ကြီးကတော့ မဟုတ်ဘူးဗျာ 'ထိုဌ် ဆိုပြီးဖြစ်၍ ဤဌ်မဆို' အဲဒါရှာကြ၊ ထိုနှစ်အိုးပေါင်းထားသလိုဘဲတဲ့၊ အခုလည်း ပဲ ဟုတ်တယ် မဟုတ်လား (မှန်လှပါဘုရား) အခုဘာနဲ့ ဘာနဲ့ပေါင်း ဒါသနဲ့ ဟောဗျာ ထိုနှစ်အိုးပေါင်းထားသလိုဘဲ အခု ဘာနဲ့ ဘာနဲ့ပေါင်း ဒါသနဲ့ အာယာတဝတ္ထု အဲဒီလိုလာမှာမဟုတ်လား (မှန်လှပါဘုရား) ဒါသနဲ့ အာယာ တဝတ္ထု ဒီနှစ်ခုပေါင်းမိတာဟာ ထိုနှစ်အိုးပေါင်းထားသလိုနော်၊ အာယာ တဝတ္ထုက (တစ်) မှတ်ထား၊ ဤသူသည် ငါ့ မကောင်းကျိုးကိုလုပ်ခဲ့ဖူးတယ် စဉ်းစား စဉ်းစားပြီးတော့ မလာဘူးလား ဒါသ (လာပါတယ်ဘုရား) အေး ဤသူသည် ငါ့ မကောင်းကျိုးကိုလုပ်ခဲ့ဖူးတယ်။

အာယာတနှင့် အာယာတဝတ္ထု

အနတ္ထံ မေ အစရိတံ အာယာတော ဇာယတိ။

ဤသူသည် ငါ့မကောင်းကျိုးကိုလုပ်ခဲ့ဖူးသည်လို့လည်းဘဲ ရန်ငြိုးဆို တာဖြစ်တယ်၊ တစ်ခုနော်၊ အယံဤသူသည်။ မေ၊ ငါ၏။ အနတ္ထံ၊ အကျိုးမဲ့ကို။ စရတိ၊ ကျင့်သုံးတယ်။ ဒီပုဂ္ဂိုလ်ငါ့မကောင်းကျိုးလုပ်နေတုန်းဘဲဆိုပြီးတော့ လဲဒေါသဖြစ်တယ်၊ တစ်မျိုး၊ အယံ၊ ဤသူသည်။ မေ၊ငါ၏။ အနတ္ထံ၊ အကျိုးမဲ့

ကို။ စရိသတိ၊ လုပ်လိမ့်အုံးမယ်ထင်တယ်။ ဒီလူတော့ငါ့မကောင်းကျိုးလုပ်လိမ့်အုံးမယ်လို့ထင်တယ်လို့ စဉ်းစားပြီးတော့လဲရန်ငြိုးဆိုတာ အတိတ် အနာဂတ် ပစ္စုပ္ပန်ကာလသုံးပါး၊ ဒီလူ ဟာ ငါ့မကောင်းကျိုးလုပ်ခဲ့တယ်၊ ဒီလူငါ့မကောင်းကျိုးလုပ်တုန်းပဲ၊ ဒီလူ ငါ့မကောင်းကျိုး လုပ်လိမ့်အုံးမယ် ဘယ်နှစ်ချက်(သုံးချက်ပါဘုရား)။ အဲဒါ အာယာတဝတ္ထု၊ ဒီသုံးချက်စဉ်းစားရင် ကိုယ့်နှစ်လုံးသားထဲ မီးမတောက်ဘူးလား (တောက်ပါတယ်ဘုရား)၊ နှလုံးသားထဲတောက်တဲ့မီးကအာယာတ၊ ဟိုမှာစဉ်းစားတဲ့သုံးခုက အာယာတဝတ္ထု၊ စဉ်းစားတဲ့ဝတ္ထုက(အာယာတဝတ္ထုပါဘုရား)။ လောင်လာတဲ့ဒေါသကိုတော့ အာယာတ၊ အာယာတရယ် အာယာတဝတ္ထုရယ်ရပြီနော်။ အာယာတဝတ္ထုဆိုတာ အကြောင်းကံကိုပြောတာ၊ လောင်လာတဲ့မီးပုံကို အာယာတလို့ခေါ်တယ်၊ ဒေါသလို့လဲခေါ်တယ်။ သုံးခုတစ်တွဲ။

ပိယဿ မေ မနာပဿ အနတ္ထံ အစရိ။ °

နောက်တစ်ခါ အယံ၊ ဤသူသည်၊ မေ၊ငါရဲ့ ။ ပိယဿ၊ချစ်အပ်သော။ မနာပဿ၊ နှလုံးကိုပွားစေတတ်သော။ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်ရဲ့။ အနတ္ထံ၊ အကျိုးမဲ့ကို။ အစရိ၊ လုပ်ခဲ့ဘူးတယ်။ ဒီလူကွာ ငါ့ရဲ့ ချစ်ခင်လှစွာသော မိတ်ဆွေတို့ရဲ့ မကောင်းကျိုးကြီးလုပ်ခဲ့တာပဲ ကိုယ့်ချစ်သူဘဲ့ စဉ်းစားလိုက်တော့လဲပဲ ငါချစ်သူရဲ့ မကောင်းကျိုးသူချည်းလုပ်နေတာ၊ ငါချစ်ခင်သူရဲ့မကောင်းကျိုးကိုသူလုပ်နေတုန်းဘဲ့ ဒေါသ၊ ငါချစ်သူရဲ့မကောင်းကျိုးတွေကိုလုပ်လိမ့်အုံးမယ်ထင်တယ် ဒေါသ၊ ကိုယ့်ချစ်သူနဲ့ပတ်သတ်လို့ သုံးချက်မစဉ်းစားဘူးလား (စဉ်းစားပါတယ်ဘုရား) အဲဒါအာယာတဝတ္ထု ကိုယ်ဖြစ်လာတာကအာယာတ နောက်တစ်ခါ ရန်သူဘက်စဉ်းစား၊ ရန်သူစဉ်းစားတော့ ဖိုခနောင့်ဆိုင်သုံးခုစဉ်းစားကြည့် (မှန်လှပါဘုရား)။

အယံ၊ ဤသူသည်။ မေ၊ ငါရဲ့။ အပိယဿ အမနာပဿ ပုဂ္ဂလဿ၊ မချစ်လုံးလုံးမုန်းရမဲ့ရန်သူရဲ့။ အတ္ထံ၊ အကျိုးတွေကိုချည်း။ အစရိ၊ ကျင့်နေခဲ့တယ်။ ဒီလူကွာ ငါ့ရန်သူကိုချည်းအားပေးခဲ့တာပဲ ဒါလည်း ဒေါသ၊ ဤသူ

၁။ အဘိ။ ဋ္ဌ။ ၁။ ၂၁၆

သည် ငါ့ရန်သူကိုအားပေးနေတုန်းပဲ ဒါလည်း ဒေါသ၊ ဤသူသည် ငါ့ရန်သူကို အားပေးလိမ့်ဦးမယ်၊ ဘယ်နှစ်ချက်လဲ (သုံးချက်ပါဘုရား) ငါ့ရန်သူကိုအားပေးခဲ့တယ်၊ ငါ့ရန်သူကိုအားပေးတုန်းပဲ၊ ငါ့ရန်သူကိုအားပေးလိမ့်အုံးမယ်၊ သုံးချက်နော်၊ သုံးသုံးလီဆိုတော့ (ကိုးပါဘုရား) အာယာတဝတ္ထု (၉)ပါးတဲ့၊ အေး အဲဒီအာယာဝတ္ထုအကြောင်းပြုမှုဤကိုးခုကြောင့် ဒေါသဆိုတဲ့အာယာတ ကိုယ့်နှလုံးသားထဲလာတာက တစ်လုံးတည်းရယ်၊ အခြေခံတာကကိုးပါးနော် (မှန်လှပါဘုရား) အာယာတဝတ္ထုနဲ့အာယာတ၊ အာယာတဆိုတာဒေါသပဲ အာယာတဝတ္ထုကအဲဒီဒေါသရဲ့အကြောင်းကိုးပါး၊ အာယာတဝတ္ထု ပဒဋ္ဌာနော ဒေါသော။ ဒေါသော၊ ဒေါသဆိုသည်ကား။ အာယာတဝတ္ထု ပဒဋ္ဌာနော၊ အာယာတဝတ္ထုကြောင့်ဖြစ်၏။

ဒီအကြောင်းကိုးပါးကြောင့် ဒီဒေါသဆိုတာဖြစ်တာ ဒီအကြောင်းကိုးပါးတစ်ပါးပါး စဉ်းစား စဉ်းစားပြီးတော့နေလိုက်တာ နှလုံးသားထဲက ဒေါသဟာ ပွပွ ပွပွပြီးတော့ထလာတယ်၊ တုတ်နဲ့နည်းနည်းလေးတို့တို့ပေးတဲ့ ခုနကဖားလေးလိုပဲ ပွလာလိုက်တာ ခြေတွေ လက်တွေကိုမလှုပ်နိုင်၊ ကုသိုလ်ကောင်းမှုမလုပ်နိုင်၊ ဒါန သီလ ဘာဝနာမလုပ်နိုင် သူတော်ကောင်းတို့ရဲ့အလုပ်ကို ဒေါသဖြင့်စိတ်ဆိုးနေရင် ဘာမှမလုပ်နိုင်ဘူးနော် (မှန်လှပါဘုရား)။ ဖားကလေး ခြေပစ် လက်ပစ်ဖြစ်ပြီးတော့ ပက်လက်ကိုလန်နေတယ်ဆိုတာလို သူတော်ကောင်းအလုပ်မှာဒေါသသမားဟာ ပက်လက်လန်ပြီ ဘာမှမလုပ်နိုင်ဘူး။ သံသရာမှာအဲဒီပုဂ္ဂိုလ် ဒုက္ခမဖြစ်ပေဘူးလား၊

(ဖြစ်ပါတယ်ဘုရား)

ခြေတွေ လက်တွေ မိုးပေါ်ပက်လက်လန်နေတဲ့ဖားကလေးကို ကျီးကန်းထိုးခံရသလိုပဲ ထိုးကြသလိုပဲနော်၊ ဒေါသဖြစ်ပြီးတော့ တစ်ကိုယ်လုံး စိတ်နှလုံးတွေပွပြီးတော့ သူတော်ကောင်းတို့ရဲ့အလုပ်မှာ ပက်လက်လန်ပြီးတော့နေတဲ့ထိုပုဂ္ဂိုလ်လည်းပဲအပါယ်လေးပါးမှာ ကျီးစာ ငှက်စာဖြစ်တောမှာပဲ။ အာယာတဝတ္ထုပဒဋ္ဌာနော ဒေါသော၊ ဒေါသော၊ ဒေါသသည်။ အာယာတဝတ္ထု ပဒဋ္ဌာနော၊ အာယာတဝတ္ထု အကြောင်းပြုမှုကိုးပါးကြောင့်ဖြစ်တယ်။ ဝိသသံသဋ္ဌပူတိမုတ္တံ ဝိယ ဒဋ္ဌဗ္ဗော။ အဆိပ်ကျတဲ့ ကျင်ငယ်အိုးနဲ့တူတယ်လို့။ ဒဋ္ဌဗ္ဗံ၊

ကောင်းစွာမသွေ မှတ်ထိုက်ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား

ဒေါသနဲ့ ပတ်သက်လို့ မှတ်စရာ လေးခုပြောပါတယ်၊

(၁) ကြမ်းတမ်းသောသဘောရှိတယ်။

(၂) မိုရာကိုလောင်တတ်တဲ့သဘောရှိတယ်။

(၃) ဖျက်ဆီးမှု ပျက်ဆီးမှုဘဲ ထင်ရှားလိမ့်မယ်။

(၄) အာယာတဝတ္ထုကိုးပါးကြောင့်ဖြစ်တယ်။

စိတ်ဆိုးစရာတွေကြည့် စဉ်းစားလို့ဖြစ်တယ်ပေါ့၊ ဘာကြောင့်ဖြစ်၊

(အပြစ်ကိုကြည့်ရှုလို့ပါဘုရား)

အပြစ်ချည့်ကြပ်ကြပ်ရှု ဒေါသရဲ့အကြောင်းအရင်းကိုသဘောကျ

နော်။

ပရဝဇ္ဇာနုပသိဿ၊ နိစ္စံ ဥဇ္ဈာနသညိနော။

အာသဝါ တဿ ဝမ္မန္တိ၊ အာရာ သော အာသဝက္ခယာ။

ပရဝဇ္ဇနုပသိဿ၊ သူတစ်ပါးတို့ရဲ့အပြစ်တွေကိုချည်း ဖွေရှာပြီးတော့ သုံးသပ်လေ့ရှိသော။ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်များအတွက်။ နိစ္စံ ဥဇ္ဈာနသညိနော၊ အမြဲမပြတ် ကဲ့ရဲ့မှုကိုချည်းရှာဖွေ၍နေသောပုဂ္ဂိုလ်များအတွက်။ အာသဝါ၊ အာသဝေါတရားတို့သည်။ ဝမ္မန္တိ၊ တိုးပွား၍နေကြလေကုန်၏။ အပြစ်ကိုချည်း ဒေါသနဲ့ရှုတဲ့ပုဂ္ဂိုလ်များ အာသဝေါတိုးတယ် ကဲ့ရဲ့မှုကိုချည်းရှာဖွေနေတဲ့ပုဂ္ဂိုလ်များအတွက် အာသဝေါတိုးတယ်တဲ့ ပရဝဇ္ဇ နုပသိဿ နိစ္စံ ဥဇ္ဈာနသညိနော၊ သူတစ်ပါးအပြစ်ကိုရှုလေ့ရှိသော။ နိစ္စံ ဥဇ္ဈာနသညိနော၊ အမြဲတမ်းကဲ့ရဲ့နေသောအမှတ်ပြု၍နေသော။ တဿ ပုဂ္ဂလဿ၊ ထိုပုဂ္ဂိုလ်အား။ အာသဝေါ၊ အာသဝေါတရားလေးပါးတို့သည်။ ဝမ္မန္တိ၊ တိုးပွား၍နေကုန်၏။ သော၊ ထိုကဲ့သို့ အပြစ်တွေရှု ကဲ့ရဲ့ပြီးကြိုးစားနေတဲ့ပုဂ္ဂိုလ်သည်။ အာသဝက္ခယာ၊ အာသဝက္ခယမှ။ အာရာ၊ ဝေးနေတယ်။ ဣဒံ မေ ပုညံ အာသဝက္ခယံ ဟောတု ဆိုပါ 'ဣဒံ မေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု' ဆိုတော့ဆိုပါ ဒါပေမဲ့ အပြစ်

၁။ ဓမ္မပဒ။ ၅၀။

ကိုချည်းဒေါသနဲ့ရှုနေရင် အာသဝက္ခယံ ဝဟံ ဟောတုသည် ဆုတောင်းမပြည့်ဘူးနော်။ အပြစ်ကိုချည်းဒေါသနဲ့ရှုနေရင် ဣဒံ မေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတုဖြစ်ပါ့မလား (မဖြစ်ပါဘုရား) ရထားလို့သာဒီဆုတောင်းနေတာ၊ အပြစ်ရှုတဲ့ဒေါသနဲ့တောင်းနေရင် အာသဝက္ခယံ ဝဟံ ဟောတု မဖြစ်ဘူးနော်။ အာသဝေါတရားတိုးတယ် ဘာတိုး (အာသဝေါတရားတိုးပါတယ်ဘုရား) အေး အာသဝေါတရားတိုးရင် ရှေ့ဘာဆက်ဖြစ်တုန်းဆိုတော့ -

အာသဝါနံ သမုပ္ပါဒါ၊ အဝိဇ္ဇာစ ပဝတ္တတိ၊

အာသဝါနံ သမုပ္ပါဒါ၊ အာသဝါတိုးတိုး တိုးတိုးပြီးတော့လာမယ်ဆိုရင်။ အဝိဇ္ဇာစ၊ အဝိဇ္ဇာရဲ့ မင်းတုပ်ကြီးကလဲဘဲ။ ပဝတ္တတိ၊ တစ်ခုပြီးတစ်ခု, တစ်ခုပြီးတစ်ခု ပိတ်ကာ၍ထားပါတော့၏။ အာသဝေါကြပ်ကြပ်တိုးရင် အဝိဇ္ဇာလဲတိုးတယ်၊ ဒီတော့စဉ်းစားကြည့်လိုက် ဒေါသနဲ့အပြစ်ရှုခြင်းသည် အာသဝေါတိုးခြင်းရဲ့အကြောင်း အာသဝေါတရားတွေတိုးပွား၍လာခြင်းသည် အဝိဇ္ဇာတိုးခြင်းရဲ့အကြောင်းဟုတ်လား၊ (မှန်လှပါဘုရား) အဝိဇ္ဇာတိုးတော့ သခ်ၤါရဝိညာဏ် နာမ်ရုပ် သွားလေရောစက်ကြီးလည်သွား၊

(လည်သွားပါတယ်ဘုရား)

ဒီတော့ဘုန်းကြီးတို့ ပရိသတ်များ ဖားပွကြီးတစ်ကောင်ကို မနှိမ်နင်းနိုင်တဲ့အတွက်ကြောင့် ဖြစ်လာတဲ့အကုသိုလ်တွေက တစ်သိကြီးမဟုတ်လား (မှန်လှပါဘုရား) အေး ဒီမှာ ဘုန်းကြီးတို့ပရိသတ်များ ဖားပွကြီး တစ်ကောင်ကို မနှိမ်နင်းနိုင်လို့ဖြစ်လာတဲ့ အကုသိုလ်တွေဟာ အပြစ်ကိုကြပ်ကြပ်ရှုလို့တဲ့ ဒေါသဆိုတာတိုးပွားတာ။ ဤဘဝ ဘုန်းကြီးတို့ပရိသတ်အပေါင်းသူတော်ကောင်းတို့ ကြုံကြဆုံကြရတဲ့ ဤကမ္ဘာမြေပြင်ပေါ်မှာ မြင်သောအားဖြင့်ဆုံရ၊ ပေါင်းသင်းဆက်ဆံခြင်းအားဖြင့်ဆုံရ၊ စားသောက်သုံးဆောင်ခြင်းအားဖြင့်ဆုံရ၊ အတူနေသောအားဖြင့်ဆုံရ၊ သတင်းကြားပြီးတော့ဆုံရ၊ ဆုံဆည်းကပ်တွေအမျိုးမျိုးရှိပေါ့၊ တစ်ယောက်နဲ့တစ်ယောက်မျက်နှာကြည့်ပြီးတော့လဲဆုံရတယ်၊ အတူတကွ တစ်ခါတည်းလက်စုံနှိုက်စားပြီးတော့လည်းဆုံဆည်းရတယ်၊ မြင်ရုံလေးနဲ့လဲပဲဆုံဆည်းခဲ့ရတယ်၊ သတင်းကြားလေးနဲ့တည်းပဲဆုံ

ဆည်းခဲ့ရတယ်၊ ဘဝသံသရာခရီး ဘုန်းကြီးတို့ပရိသတ် ဆုံဆည်းခဲ့ရတယ် နည်းမျိုးစုံပေါ့နော် (မှန်လှပါဘုရား)။

ဘဝများစွာက တော်ခဲ့ဘူးတဲ့ ဆွေးမျိုးတွေ

အဲဒီလို ဆုံဆည်းနေကြရတဲ့ပုဂ္ဂိုလ်သတ္တဝါတွေ အကုန်လုံးဟာ အနမတဂ် သံသရာစက် အလွန်ရှည်လျားတဲ့ သံသရာခရီးကြီး တစ်လျှောက်လုံးမှာ ဆွေမတော် မျိုးမတော် မိဘမတော် ဉာတိ မိတ်ဆွေ သင်္ဂဟမတော်ခဲ့ဖူးတဲ့ ပုဂ္ဂိုလ်ရယ်လို့ တစ်ယောက်မှမရှိဘူးတဲ့ဟုတ်လား။ တစ်သံသရာလုံးက ဤပုဂ္ဂိုလ်သတ္တဝါအကုန်လုံးဟာ ဆွေမျိုး ဉာတိ စသည် တော်စပ်ခဲ့ဖူးတာတွေချည်ဘဲတဲ့။ အနမတဂ်သံသရာစက်တုန်းက ဆွေမျိုးမိဘတော်စပ်ခဲ့ဖူးတဲ့ပုဂ္ဂိုလ်တွေချည်းဖြစ်တဲ့အတွက်ကြောင့် ဆွေဟောင်း မျိုးဟောင်း မိဟောင်း ဘဟောင်း ညီဟောင်း နှမဟောင်း အစ်ကိုဟောင်း အမဟောင်းတွေအကုန်လုံးလာပြီး တော့ ဤဘဝမှာဆုံတွေ့ပြီးတော့နေကြရတာ၊ ဆွေဟောင်း မျိုးဟောင်းတွေ ဆုံတွေ့နေရတဲ့ နှစ်ပေါင်း ငါးဆယ် ခြောက်ဆယ် တစ်ခုကတာ တစ်ဘဝတာ ကာလအတွင်းမှာ ဘယ်နှယ့်ဗျာ ဆွေမျိုးအချင်းချင်းအပြစ်ရှုလို့ကောင်းပါ့မလား၊

(မကောင်းပါဘုရား)

အေး အပြစ်ရှုခြင်းသည်အကြောင်းလား၊ အပြစ်ရှုတယ်ဆိုတဲ့ အကြောင်းသည် ဒေါသတိုးပွားခြင်းအကျိုး၊ ဒေါသတိုးပွားခြင်းဆိုတဲ့အကျိုးနော်။

အေး အပြစ်ရှုခြင်းဆိုတဲ့အကြောင်းသည် ဘုန်းကြီးတို့ပရိသတ်များ ပရဝဇ္ဇာ နုပသိသ နိစ္စံ ဥဇ္ဈာနသညိနော၊ အာသဝေါကုန်ခမ်းခြင်းရဲ့အကျိုးနော်ဟုတ်လား။ အကြောင်းအရင်းကဒေါသ အကျိုးကအပြစ်ရှု အပြစ်ရှုတာကအကြောင်း အာသဝေါဖြစ်တာကအကျိုး အာသဝေါကအကြောင်း အဝိဇ္ဇာက အကျိုး ထိုအဝိဇ္ဇာကအကြောင်း သခ်ၤါရ ဝိညာဏ် နာမ်ရုပ် သွားဟုတ်လား၊ ဒါကြောင့်တစ်သံသရာလုံး ဆွေမျိုး မိဘတော်စပ်ခဲ့ဖူးတဲ့ ပုဂ္ဂိုလ်တွေ တခါတရံလာပြီးတော့ အခုဆုံဆည်းကြတာဟာ ဆွေမျိုးအချင်းချင်း ညီကိုမောင်နှမ

မိဘသားသမီးအချင်းချင်း အပြစ်ရှုလို့မတော်ဘူးတဲ့ ဟုတ်လား။

ဒီတော့ ဘုန်းကြီးတို့ပရိသတ်များ ဖားပွကြီးကိုနိုင်နင်းအောင် နှိမ်နင်းမယ်ဆိုရင် ဘယ်ကစရမလဲ အပြစ်မရှုတာက စ။ ဘယ်ကစ၊

(အပြစ်မရှုတာက စရမှာပါဘုရား)

အပြစ်မရှုတာကစ၊ နောက်တစ်ခု ကျေးဇူးရှာရစ၊ ဘယ်ကစ

(ကျေးဇူးရှာရာကစရမှာပါဘုရား)

အပြစ်ကိုမရှာဘဲနဲ့ ကျေးဇူးသာရှာလိုက်မယ်ဆိုရင်ဒေါသလာပါအုံးမလား။ အေး ဖားပွကြီးအဲ့ဒီမှာနိုင်သွားပြီနော်၊ အပြစ်ကိုရှာရင် ဖားပွကြီးတုတ်နဲ့တို့သလိုပဲ၊ ဂုဏ်ကျေးဇူးရှာတော့ ဖားပွကြီးကို အသာလေးရေအေးလေးနဲ့များလောင်းပေးတာနဲ့တယ်တူတာ၊ အပြစ်ကိုရှာခြင်းသည် ဥဒ္ဓုမာယိကာဖားပွကြီးကိုတုတ်နဲ့တို့သလိုဖြစ်တယ်၊ ဂုဏ်ကျေးဇူးရှာလိုက်တဲ့ အခါကျတော့ ဖားပွကြီး လေပြေ လေညှင်းလေးနဲ့ရေအေးလေးလောင်းပေးတာနဲ့တယ်တူတယ် ဟုတ်ပြီလား။ ဒါကြောင့် ကျေးဇူးကိုရှာရမယ်တဲ့။

သတ္တာနံ မနာပဘာဝဒဿနပဒဋ္ဌာနာ မေတ္တာ၊ [၁]

မေတ္တာ၊ ဒေါသကိုနှိမ်နင်းကြောင်း မေတ္တာ ဆိုတဲ့တရားကောင်းသည်။ မနာပဘာဝ ဒဿန ပဒဋ္ဌာနံ၊ နှစ်သက်စရာဂုဏ်ကျေးဇူးကို ရွေးချယ်၍ရှာခြင်းကြောင့်ဖြစ်ပေါ်လာတယ်လို့ ။ ဒဋ္ဌဗ္ဗံ၊ ကောင်းစွာမသွေ မှတ်ထိုက်ပါပေတော့ သတည်း။

သာဓု သာဓု သာဓုပါဘုရား။

မနာပဘာဝ ဒဿန ပဒဋ္ဌာနာ မေတ္တာ နော်၊ မေတ္တာဆိုတာ မနာပဘာဝ၊ ဘာတဲ့တုန်း၊ ဂုဏ်အထူးကို မနာပဘာဝ (မှန်လှပါဘုရား) နှစ်သက်ဖွယ်ရာဂုဏ်အထူးကို (မနာပဘာဝပါဘုရား) မနာပဘာဝဆိုတာ နှစ်သက်ဖွယ်ရာဂုဏ်အထူး တစ်စုံတစ်ပေါက်ရဲ့အပေါ်မှာ ဒေါသငြိမ်းဖို့ရန် မေတ္တာပွားဖို့ရန်အတွက် အပြစ်ကိုအသာဖယ်ထား နှစ်သက်စရာဂုဏ်ကျေးဇူးကို ရွေး

၁။ အဘိ၊ ဋ္ဌ။ ၁။ ၂၃၇

ချယ်၍ရှာ၊ ဖားပွကြီးထမလာတော့ဘူး၊ မနာပဘာဝဒဿနပဒဋ္ဌာနာ မေတ္တာ' မေတ္တာ၊ မေတ္တာတရားဆိုတာ။ မနာပဘာဝဒဿနာပဒဋ္ဌာန၊ နှစ်သက်စရာ, ဝမ်းမြောက်စရာ ကျေးဇူးတင်စရာ ဂုဏ်အထူးကို ရွေးချယ် ရွေးချယ်၍ရှုခြင်း ကြောင့်ဖြစ်ပွားတယ်လို့။ ဒဋ္ဌဗ္ဗာ၊ ကောင်းစွာမသွေ မှတ်ထိုက်ပါပေကုန်တော့ သတည်း။

သာဓု သာဓု သာဓုပါဘုရား။

တစ်သံသရာလုံးက ဆွေဟောင်းမျိုးဟောင်း မိဟောင်းဘဟောင်း တွေဖြစ်ခဲ့ကြတော့ ဆွေမျိုးအချင်းချင်း ညီကိုမောင်နှမ မိဘဘိုးဘွား အချင်း ချင်း ဆွေမျိုးညာတိအချင်းချင်း တစ်ယောက်နဲ့ တစ်ယောက်အပေါ်မှာ နှစ်သက် စရာကျေးဇူးတွေပြုခဲ့ဘူးတာရှိတာပေါ့။ တစ်သံသရာလုံး ဆွေမတော်မျိုးမတော် ခဲ့တာမရှိဘူးဆိုတော့ ဆွေမျိုးအချင်းချင်း တစ်ယောက်ပေါ် တစ်ယောက် ကျေး ဇူးတော့ရှိရမယ်၊ ဤဘဝ သူ့ပေါ် မေတ္တာထားမလို့ ကျေးဇူးရှာလိုက်တာ ရှာမရ ဘူးထား။

သံသရာကဆွေမျိုးတော်ခဲ့တဲ့ဘဝမှာ သူ့ကျေးဇူး ငါ့အပေါ် ရှိခဲ့လိမ့် မယ်၊ ငါကလည်း သူ့အပေါ် ကျေးဇူးရှိခဲ့လိမ့်မယ်၊ ပြန်စဉ်းစားရင်ရတာပေါ့ ဒီသဘောစဉ်းစားပြီးတော့ ကျေးဇူးရှင်တွေကို ငါဒေါသမဖြစ်သင့်ဘူး မေတ္တာ သာလျှင်ထားသင့်တယ်၊ ဖားပွကြီးလာအုံးမလား (မလာတော့ပါဘုရား) ဥဒ္ဓုမာ ယိကာကြီးသည် အသာလေးဝပ်သွားတယ် အဲဒီလို ဂုဏ်ကျေးဇူး အကုန်မေ့ပြီး တော့ အပြစ်တွေချည်း ကြိုးစားပမ်းစားရှာရင်တော့ ဖားပွကြီးက တစ်ဖြည်း ဖြည်း ပွပွထလာတယ်၊ နောက်ဆုံးကျတော့ ခြေလေးဘက်ပစ်ပြီးတော့ ပက် လက်လှန် မိုးမျှော်လို့ ကျိုးစာ ငှက်စာဖြစ်မယ်နော် (မှန်လှပါဘုရား)။ မနာပ ဘာဝဒဿနကို မမေ့ရဘူး၊ **မနာပဘာဝဒဿန** ပါဠိဝေါဟာရတစ်လုံးကို မှတ်လိုက်ကြ မနာပဘာဝဒဿန ဘာပါလိမ့် (မနာပဘာဝဒဿနပါဘုရား)

ဒေါသငြိမ်းကြောင်း

နှစ်သက်ဖွယ်ရာ ဂုဏ်အထူးရွေး၍ရှု၊ နှစ်သက်ဖွယ်ရာ ဂုဏ်အထူး ရွေးချယ်၍ရှု၊ အဲဒါမေတ္တာရဲ့အကြောင်း ဒေါသငြိမ်းကြောင်းဟုတ်လား။

အာယာတဝတ္ထုကိုကြံပြီးတော့ရှုရင် ဒေါသဖြစ်ခြင်းရဲ့အကြောင်း နှစ်သက်စရာ ဂုဏ်အထူးရွေးချယ်၍ရှုတော့ မေတ္တာဖြစ်ခြင်းရဲ့အကြောင်း၊ အဲဒီလို မေတ္တာဖြစ်လို့ ကျေးဇူးရှင်ကိုတို့ အပြစ်မရှုထိုက်ဘူး ဒေါသမဖြစ်ထိုက်ဘူးလို့ ဂုဏ်ကျေးဇူးရှုပြီးတော့ မေတ္တာလည်းပွားလိုက်ရော-

သောမွဘာဝပစ္စုပဋ္ဌနာ။ ° တဲ့ ။

သောမွဘာဝပစ္စုပဋ္ဌာနာ၊ ငြိမ်းချမ်းတဲ့ သဘောတွေထင်ရှားလာပါမယ် ဘယ်သဘောထင်ရှား၊

(အေးချမ်းတဲ့သဘော တွေထင်ရှားလာပါတယ်ဘုရား)။

အေးချမ်းတဲ့သဘောငြိမ်းချမ်းတဲ့ သဘောထင်ရှားလာတယ် ခုနက တောကြီးမီးလောင်သလို မဟုတ်တော့ဘူးနော် (မှန်လှပါဘုရား) ခုနက ဒေါသဖြစ်တော့ တောမီးလောင်သလိုပဲ ပြေးကြလွှားကြ၊ အဲဒီ အပြေးအလွှား ကောင်းတဲ့ပုဂ္ဂိုလ်ကြတော့လည်းပဲ ဘုန်းကြီးတို့ ပရိသတ် တောမီးထဲမပါဘူး။ မပြေးနိုင်မလွှားနိုင်တဲ့ သားကောင်လေးတွေကြတော့ တောမီးထဲအကုန်သေကြတယ်။

သောမွဘာဝပစ္စုပဋ္ဌာနာ

မေတ္တာတရားကြီးကြီးထားတဲ့အခါကျတော့ ဘာဖြစ်လာတုန်း တောမီးလောင်တဲ့အခါ သားကောင်တွေပြေးသလိုမဟုတ်ဘူး စိမ်းလန်းစိုပြည် အခက်အလက်တဝေဝေနဲ့ စမ်းရေတွေတသွင်သွင်စီးဆင်းနေတဲ့တောကြီးထဲမှာ ငြိမ်းငြိမ်းချမ်းချမ်း တောကောင်လေးများချမ်းသာစွာ စိမ်းစိုတဲ့ မြက်ကလေးများစားပြီးတော့နေကြသလို သောမွဘာဝပစ္စုပဋ္ဌာနာ ငြိမ်းချမ်းတဲ့သဘောတွေ ဒီလောကထင်ရှားလာတယ် မေတ္တာတရားကြပ်ကြပ်ပွားတော့ ဘာထင်ရှား (ငြိမ်းချမ်းတဲ့သဘောတွေထင်ရှားပါတယ်ဘုရား) အေး သောမွဘာဝပစ္စုပဋ္ဌာန်တဲ့၊ ငြိမ်းချမ်းတဲ့သဘောဆိုတာထင်ရှားလာမယ်၊ ငြိမ်းချမ်းမှုတွေထင်ရှားလာတော့ အေးချမ်းမှုတွေထင်ရှားလာကော နောက်တစ်ခုကြည့်ပါ။

ဟိတာကာရပ္ပဝတ္တိလက္ခဏာ မေတ္တာ၊

၁။ အဘိ၊ ဋ္ဌ။ ၁။ ၂၃၇

မေတ္တာ၊ မေတ္တာတရားသည်။ ဟိတကာမစိတ္တပဝတ္တိတလက္ခဏာ၊ အကျိုးစီးပွားကို လိုလားသောစိတ်ကိုဖြစ်စေခြင်းလက္ခဏာရှိ၏။ အကျိုးစီးပွား ကိုလိုလားတယ်ဆိုတဲ့စိတ်တွေဖြစ်လာပြီပေါ့၊ ဘယ်လိုစိတ်တွေဖြစ်လာ၊

(အကျိုး စီးပွားကိုလိုလားတဲ့စိတ်တွေဖြစ်လာပါတယ်ဘုရား)

ဖျက်ဆီးမယ်ဆိုတဲ့စိတ်တွေ ဖြစ်လာသလား၊ (မဖြစ်ပါဘုရား) ဒေါသပိုင်းကတော့ ဒီလိုလာတယ်၊ အခုဒေါသငြိမ်း၍ မေတ္တာဝင်တော့ အကျိုးစီးပွားလိုလားတဲ့စိတ်တွေဖြစ်လာတယ်၊ ဟိတကာမစိတ်'ဘာတဲ့တုန်း၊

(ဟိတကာမစိတ်ပါဘုရား)

'ဟိတကာမစိတ္တ ပဝတ္တိတလက္ခဏာ၊ အကျိုးစီးပွားကို လိုလားတဲ့စိတ်ဓာတ်တွေကို ဖြစ်စေတဲ့သဘောရှိ၏။ မေတ္တာ၊ အကျိုးစီးပွားကိုလိုလားပြီဆိုရင် နောက်တစ်ဆင့်က ဟိတူပသံဟာရရသာ၊ ဟိတူပသံဟာရရသာ၊ အကျိုးစီးပွားကို နီးနီးကပ်ကပ်ဆောင်ရွက်ခြင်းဆိုတဲ့ကိစ္စကိုလုပ်ပြီ အကျိုးစီးပွားလိုလားတဲ့စိတ်ပေါ်လာပြီလည်းဆိုရော၊ ဟော သူနဲ့ငါကျေးဇူးရှိတယ်တဲ့ကျေးဇူးလည်းရှာထားတယ်၊ အဲဒီ ကျေးဇူးရှင်နှစ်ဦးတို့ရဲ့အကြားမှာ ငြိမ်းချမ်းမှုကလည်းထင်ရှားနေတယ်၊ အကျိုးစီးပွားလိုလားတဲ့စိတ်ကလည်း နှစ်ဦးသားဆက်သွယ်နေကြတယ်၊ အဲဒီနှစ်ဦးသားတို့အကျိုးစီပွားလိုလားတဲ့စိတ်နဲ့ဆက်သွယ်မိပြီလည်းဆိုရောအကျိုးစီးပွားကို နီးနီးကပ်ကပ်ဆောင်ရွက်ပြီးပြီတဲ့၊ အဲဒါလည်းကိစ္စ။

မေတ္တာ၏သဘောတရားများ

ဟိတူပသံဟာရရသာ၊ ဟိတ၊ အကျိုးစီးပွား၊ ဥပ၊ နီးနီးကပ်ကပ်။ သံ၊ ကောင်းစွာ။ ဟာရ၊ ဆောင်တယ်၊ ဟိတူပသံဟာရရသာ၊ အကျိုးစီးပွားကို နီးနီးကပ်ကပ် ကောင်းကောင်းမွန်မွန်ဆောင်ရွက်ပေးခြင်းဆိုသောကိစ္စရှိတယ်၊ မေတ္တာနဲ့ ပတ်သက်လို့ မှတ်စရာလေးချက်။

(၁) အကျိုးစီးပွားလိုလားသော လက္ခဏာရှိတယ်၊
(၂) အကျိုးစီးပွားကို နီးနီးကပ်ကပ်ဆောင်ရွက်ပေးတဲ့သဘောရှိတယ်၊
(၃) ငြိမ်းချမ်းမှု ထင်ရှားလာရမယ်၊
(၄) ဂုဏ်ကျေးဇူးဆိုတဲ့ နှစ်သက်စရာကို ရွေးချယ်၍ ရှာတတ်တယ်။

ဘယ်နှစ်မျိုးလဲ (လေးမျိုးပါဘုရား) အဲဒီလေးမျိုးသောတရား လက်ကိုင်ထားတော့ ခုနက ဖားဘဝကြီးက တဖြည်းဖြည်းဝပ်သွားတယ်ပေါ့ အကယ်၍ဖားကြီးပွသလို ဒေါသနဲ့ ကိုယ်တွေ နှူတ်တွေ စိတ်တွေ ပွရောင်ပြီးတော့ ဖရိုဖရဲကြဲနေရင်လည်းပဲ ဤမေတ္တာတရားကြပ်ကြပ်ပွားရင် တဖြည်းဖြည်း ကျစ်ကျစ်လစ်လစ် ပိတ်ပိတ်သည်းသည်း ဖြစ်ပြီးတော့ ငြိမ်ဝပ်သွားတယ် (မှန်လှပါဘုရား) ဒါကြောင့် -

မေတ္တာဘာဝေတဿ ဒေါသဿ ပဟာနာယ။

ဒေါသဿ၊ ဖားပွနှင့်တူလှစွာသော ဒေါသတရားကို။ ပဟာနာယ၊ ပယ်ရှားဖို့ရန်အလို့ငှါ။ မေတ္တာ၊ သတ္တဝါတို့ရဲ့ကောင်းကျိုးကိုလိုလားသော မေတ္တာတရားကို။ ဘာဝေတဗ္ဗာ၊ ကောင်းစွာမသွေ ပွားများထိုက်ပါပေကုန်တော့သတည်း

သာဓု သာဓု သာဓုပါဘုရား။

ကိုယ်စိတ်နှစ်ဖြာ၊ ဘေးရန်ကွာ၊ ချမ်းသာကြပါစေ။ (နှစ်ခေါက်ဆို)

တရားနှလုံး၊ ကိုယ်စီသုံး၊ ရွှင်ပြုံးကြပါစေ။ (နှစ်ခေါက်)

အေး အဲဒါက ဘာလုပ်တာလဲဆိုတော့ ဖားပွကြီးငြိမ်ငြိမ်နေ မင်းသိပ်သိပ် ပွမထနဲ့ ဟုတ်လား (မှန်လှပါဘုရား)ကိုယ်စိတ်နှစ်ဖြာ၊ ဘေးရန်ကွာ၊ ချမ်းသာကြပါစေ။ တရားနှလုံး၊ ကိုယ်စီသုံး၊ ရွှင်ပြုံးကြပါစေလို့ အရှေ့အရပ် အနန္တစကြဝဠာရှိတဲ့ အနန္တသတ္တဝါတွေရဲ့အပေါ်မှာ အနန္တစိတ်ဓာတ်နဲ့အပိုင်းအခြားမရှိတဲ့မေတ္တာစိတ်နဲ့ဖြန့်ပြီးတော့ ဟောဒီမှာမေတ္တာတရားပွားများ လိုက်မယ်ဆိုရင် ဒေါသဆိုတဲ့ ဖားပွကြီးသည် တဖြည်းတဖြည်းကျစ်သွားတယ်။

ဒါကြောင့် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က-

ဧကံ ဒိသံ ဖရိတ္ဝာ ဝိဟရထ။ တထာ ဒုတိယံ။ တထာ တတိယံ။ တထာစတုတ္ထံ။ ဣတိ ဥဒ္ဓမဓော တိရိယံ သဗ္ဗဓိ သဗ္ဗတ္တတာယ သဗ္ဗာဝန္တံ လောကံ မေတ္တာသဟဂတေန စေတသာ ဝိပုလေန မဟဂ္ဂတေန အပ္ပမာဏေန အဝေရေန အဗျာပဇ္ဇေန ဖရိတ္ဝာ ဝိဟရထ။ တဲ့။ [၁]

၁။ သံ၊ ၃။ ၁၀၁

မေတ္တာသဟဂတေန၊ မေတ္တာနှင့်ယှဉ်သော။ စေတသာ၊ စိတ်ဖြင့်။ ဧကံ ဒိသံ၊ အရပ်မျက်နှာတစ်ခုကို။ ဖရိတ္ဝာ၊ ဖြန့်၍။ ဝိဟရတိ၊ နေရမယ်။ မေတ္တာစိတ်နှင့် အရပ်မျက်နှာတစ်ခုလုံး ဖြန့်ပြီးတော့နေ၊ ဧကံ ဒိသံ ဖရိတ္ဝာ ဝိဟရတိ တထာ၊ ထို့အတူ။ ဒုတိယံ၊ နှစ်ခုမြောက်သော အရပ်ကိုလည်း ကောင်း။ တတိယံ၊ သုံးခုမြောက်သောအရပ်ကိုလည်းကောင်း။ စတုတ္ထံ၊ လေးခုမြောက်အရပ်ကိုလည်းကောင်း။ ဧကံ ဒိသံ၊ အရှေ့က စ။ ဒုတိယံ ဒိသံ၊ နှစ်ခုမြောက်အရပ် တောင်ဘက်။ တတိယံ ဒိသံ၊ သုံးခုမြောက်အရပ်ဆိုတော့ အနောက်။ စတုတ္ထံ ဒိသံ၊ လေးခုမြောက်အရပ်ဆိုတော့ မြောက်။ လေးမျက်နှာ ဥဒ္ဓံ ဒိသံ၊ အထက်အရပ်။ ဇါး အဓောဒ္ဓိတံ၊ အောက်အရပ်ကိုလည်းကောင်း။ တိရိယံ၊ ထောင့်လေးထောင့်ကိုလည်းကောင်း။ ထောင့်လေးထောင့်အရပ်ပါ ထည့်လိုက်တော့အရပ်ဆယ်မျက်နှာနော်။

သဗ္ဗမိ၊ အလုံးစုံသောအရပ်မျက်နှာတို့၌။ သဗ္ဗာဝန္တံ၊ သတ္တဝါ အားလုံး ပါဝင်၍နေသော။ ဘယ်သတ္တဝါမှ ချန်မထားရဘူး၊ ကိုယ်နဲ့ မတည့်တဲ့ ရန်သူ တွေကို ချန်မထားနဲ့၊ ကိုယ့်ချစ်သူတွေလည်း ချန်မထားနဲ့၊ မုန်းသူတွေလည်း ချန်မထားနဲ့၊ ချစ်သူ မုန်းသူနှစ်ဦးသူတစ်ပိုင်း၊ သဗ္ဗာဝန္တံ၊ သတ္တဝါအားလုံး ပါဝင်၍နေသော။ လောကံ၊ သတ္တလောကကြီးတစ်ခုလုံးကိုနော်။

ချစ်သူများခြင်ရင် မေတ္တာများများပွား

သဗ္ဗမိ၊ အလုံးစုံသော အရပ်ဆယ်မျက်နှာတို့၌။ သဗ္ဗာဝန္တံ၊ သတ္တဝါ အားလုံးပါဝင်၍နေသော။ လောကံ၊ သတ္တလောကကြီးတစ်ခုလုံးကို။ မေတ္တာ သဟဂတေန၊ မေတ္တာနှင့်ယှဉ်သော ။ စေတသာ၊ စိတ်ဖြင့်။ ဖရိတ္ဝာ၊ ဖြန့်၍။ ဝိဟရတိ၊ နေကြပါ။ မေတ္တာသဟဂတေန စေတသာ ဝိပုလေန၊ ကျယ်ပြန့် လှစွာသောစိတ်ဖြင့်။ မေတ္တာဆိုတာ ကျဉ်းမြောင်းသောစိတ်မဟုတ်ဘူး ကျယ် ပြန့်သောစိတ်၊ မေတ္တာတရားကကျယ်ပြန့်သောစိတ်ပါ။ ဒေါသက (ကျဉ်း မြောင်းသောစိတ်ပါဘုရား) ဒေါသတရားဟာ အလွန်ကျဉ်းမြောင်းတယ် ဒေါသ ဖြစ်ရင် မုန်းသူတို့ရဲ့အပေါ်မှာစိုက်ပြီးတော့အာရုံပြုနေတယ် ချစ်သူဆိုတာ သူ့ ဘယ်တော့မှမရှိတော့ဘူး။ ဒေါသကြပ်ကြပ်ကြီးတဲ့သူ ချစ်သူတွေမရှိဘူး သူ့

အတွက်မုန်းသူချည်းပဲ၊ ဒါကြောင့် သူ့မှာဘာဒုက္ခခံရတုန်းဆိုမှတ်ထား အပ်ပြီ ယေဟိ သမ္မယောဂေါ ဒုက္ခော၊ နေ့တိုင်းချည်းတွေ့ရတယ်။

အပ်ပြီယေဟိ သမ္မယောဂေါ၊ မုန်းသူတွေနဲ့ တွေ့ရတယ်ဆိုတာ။ ဒုက္ခော၊ ဆင်းရဲတယ်လို့ ဒီလိုပြောထားတာမဟုတ်ဘူးလား (မှန်လှပါဘုရား) အပ်ပြီယေဟိ သမ္မယောဂေါ ဒုက္ခော၊ မုန်းသူနဲ့တွဲရတဲ့ဒုက္ခ၊ ဘယ်သူခံရဒေါသသမား၊ နော် (မှန်လှပါဘုရား) ဒေါသသမားသည် မုန်းသူနဲ့တွေ့ရတယ် ဆုံရတယ် ကြုံရတယ် ဒုက္ခတွေနေ့တိုင်းချည်းပဲခံစားရတယ်၊ ဒါကြောင့် အပ်ပြီယေဟိ သမ္မယောဂေါ ဒုက္ခော မှလွတ်ချင်ရင်ဒေါသမဖြစ်နဲ့ မေတ္တာများများပွား ဟုတ်လား။ ဒေါသကြီးတဲ့ပုဂ္ဂိုလ်သည် အပ်ပြီယေဟိ သမ္မယောဂေါ ဒုက္ခော နေ့တိုင်းတွေ့မယ်၊ မေတ္တာတရားကြီးကြီးမားမားထားတော့ အပ်ပြီယေဟိ သမ္မယောဂေါ ဒုက္ခော၊ အမြဲတမ်းလွတ်တယ်၊ ဒုက္ခသစ္စာထဲက အဲဒီ အပ်ပြီယ သမ္မယောဂဒုက္ခ တစ်ခုကိုလွတ်အောင် ဘာနဲ့ရှောင်မတုန်းဆိုရင် မေတ္တာနဲ့ရှောင်၊ ဒေါသကြီးရင်တော့ အပ်ပြီယ သမ္မယောဂဒုက္ခကို ခဏ ခဏတွေ့မှာပဲတဲ့ဟုတ်လား။ (မှန်လှပါဘုရား) ဒါကြောင့် မေတ္တာယ၊ မေတ္တာတရားဖြင့် (ဝါ) အဒေါသေန၊ အဒေါသဆိုသော မေတ္တာတရားဖြင့်။ အပ်ပြီယသမ္မယောဂဒုက္ခံ၊ မချစ်လုံးလုံး မုန်းရမယ့်လူနဲ့ နေ့တိုင်းတွေ့ရ ဆုံရ ကြုံရတယ်ဆိုတဲ့ အပ်ပြီယသမ္မယောဂဒုက္ခကြီးကို။ သဟတိ၊ ကောင်းစွာမသွေသည်းခံနိုင်ခဲပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

ကျယ်ပြန့်တဲ့စိတ်ထားနဲ့ မေတ္တာသမား

အဒေါသေန၊ အဒေါသဆိုသော မေတ္တာဖြင့်။ အပ်ပြီယံ သမ္မယောဂံ၊ ဒုက္ခံ သဟတိ၊ အဒေါသဆိုတဲ့ မေတ္တာကိုပွားရင်း အပ်ပြီယသမ္မယောဂဒုက္ခ'ကို သည်းခံနိုင်စွမ်းရှိတယ်ဟုတ်လား။ (မှန်လှပါဘုရား) အေး ကောင်းကျိုးဟာ ချက်ချင်းရတယ်နော် ဒုက္ခသစ္စာထဲက တစ်စိတ်တစ်ဒေသ အပ်ပြီယသမ္မ ယောဂဒုက္ခတဲ့၊ သူသက်သာရာရသွားတယ်၊ ဒေါသကဖြစ်နေတော့ စိတ်ဓာတ်က ကျဉ်းမြောင်းပြီးတော့ ဘုန်းကြီးတို့ ပရိသတ်များ အစဉ်သဖြင့် (အချိန်မရွေး) အပ်ပြီယသမ္မယောဂဒုက္ခကိုတွေ့ရမယ်၊ အပမာဏော၊ အပိုင်းအခြားမထား

သော။ ဝိပုလေန၊ ကျယ်ပြန့်လှစွာသော။ မေတ္တာကသိပ်ကျယ်ပြန့်တယ်၊ ချစ်သူ မုန်းသူမရှိတော့ဘူး၊ မေတ္တာက ချစ်သူမုန်းသူ နှစ်ခြမ်းမကွဲပဲနဲ့တသားတည်းတဲ့၊ ကျယ်ပြန့်လိုက်တာ၊ ဝိပုလေန၊ ကျယ်ပြန့်လှစွာသော။ အပွမာဏောန၊ အပိုင်းအခြားကိုမထားဘူး။

ခွဲခြားမှုမရှိတဲ့မေတ္တာ

ဒါဘယ်သူ့အတွက် ဒါဘယ်သူ့အတွက် ဒါဘယ်သူ့အတွက်လို့ ဒီလို ခွဲခြမ်းမှုမရှိဘူး မေတ္တာက၊ ဒေါသကတော့တယ်ခွဲခြား၊ ဒေါသကတော့ မုန်းတဲ့သူကြတော့တစ်မျိုးပေါ့၊ မမုန်းတဲ့သူကြတော့တစ်မျိုးပေါ့နော်၊ ဒေါသကခွဲခြားတယ်။ ဒါကြောင့် သူ့ကိုပမာဏစိတ်ခေါ်ပါတယ်၊ ပမာဏကရဏ စိတ်ခေါ်ပါတယ်၊ မေတ္တာကိုတော့ အပွမာဏစိတ်လို့ ဒီလိုခေါ်တယ်နော်။ အပွမာဏောန၊ အပိုင်းအခြားမရှိသော။ ဝိပုလေန၊ ကျယ်ပြန့်လှစွာသော။ ဝိပုလေန အပွမာဏောန မဟဂ္ဂတေန၊ အထက်တန်းကျလှစွာသော။ ဒေါသကအောက်တန်းကျတဲ့စိတ်၊ ဒေါသရဲ့အကြောင်းပြောထားတယ်၊ အဆိပ်အိုးနဲ့ကျင်ငယ်အိုး နှစ်အိုးပေါင်းသလိုပဲဆိုတော့ သိပ်အောက်တန်းကျပေါ့ဗျာ (မှန်လှပါဘုရား)

ဟောဒီမှာ မေတ္တာတရားကတော့ ဂုဏ်ကျေးဇူးတွေချည်းရှာတယ်ဆိုတော့ အထက်တန်းမကျဘူးလား၊

(အထက်တန်းကျပါတယ်ဘုရား)

မဟဂ္ဂတေန၊ အထက်တန်းကျလှစွာသော (၀၊) အထက်တန်းရပြီးတော့ ဗြဟ္မာ့ပြည်တိုင်အောင်ပေါက်ရောက်နိုင်ပေထသော။ အထက်တန်းဆိုတာ ဗြဟ္မာ့ပြည်အထိရောက်တယ်၊ မဟဂ္ဂတေန၊ အထက်တန်းကျလှစွာသော။ အပွမာဏောန ဝိပုလေန မဟဂ္ဂတေန အပွမာဏောန အဝေရေန၊ ဒေါသဟူဘိ အတွင်းရန်သူလည်း မရှိပေထသော။ အတွင်းရန်လည်းငြိမ်းတယ်၊ အတွင်းရန်ငြိမ်းရင် အပြင်ရန်လည်းပဲ (ငြိမ်းပါတယ်ဘုရား) ငြိမ်းတာပေါ့။ အဝေရေန၊ ဒေါသဟူဘိ အတွင်းရန်သူလည်းမရှိပေထသော။ မေတ္တာသဟဂတေန၊ ကောင်းကျိုးစီးပွားကိုလိုလားခြင်းနှင့်တကွဖြစ်သော။ စေတသာ၊ စိတ်ဖြင့်။ သဗ္ဗဒိ၊ အလုံးစုံသော အရပ်ဆယ်မျက်နှာတို့၌။ သဗ္ဗသကာယသဗ္ဘာဝဋ္ဋန်၊ သတ္တဝါအားလုံးပါဝင်၍နေသောလောကကြီးတခုလုံးကို။ ဖရိတ္တာ၊ ဖြန့်၍နှံ့၍။

ဝိဟရတိ၊ ကောင်းစွာမသွေ သီတင်းသုံးနေထိုင်ကြပေကုန်ရာသတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

ဒါ့ကြောင့် ယခုနကစာနှစ်ပုဒ် ထပ်ဆို-

ကိုယ်စိတ်နှစ်ဖြာ ဘေးရန်ကွာ ချမ်းသာကြပါစေ။ (၃ခေါက်ဆို)

တရားနှစ်လုံးကိုယ်စီသုံး ရွှင်ပြုံးကြပါစေ။ (၃ခေါက်ဆို)

နပရော ပရံ နိကုဗ္ဗေထ၊ နာတိမညေထ ကတ္ထစိ နကိဉ္စိ။

ဗျာရောသနာ ပဋိဃသညာ၊ နာညမညဿ ဒုက္ခမိစ္ဆေယျ။

ဒကာကြီးများရဘူးလား ရမှာပေါ့၊ ဒကာမကြီးတွေတောင်ရသေးဘယ်ကရ၊

(မေတ္တာသုတ်ကပါဘုရား)

ပရိတ်ကြီး(၁၁)သုတ်မေတ္တာ ဟုတ်တယ်နော် (မှန်လှပါဘုရား) ပရော၊ တပါးသောသူ အခြားလူသည်။ ပရံ၊ တပါးသောသူအခြားလူကို။ ကောစိ၊ မည်သူကပဲဖြစ်ဖြစ်။ကိဉ္စိ၊ မည်သူကိုမဆို။ ကတ္ထစိ၊ မည်သည့်အရပ်က မည်သည့်ကိစ္စမျိုးမှာဘဲဖြစ်ဖြစ်။ နပရော ပရံ နိကုဗ္ဗေထ အဲဒီအပိုဒ်ကိုဟုတ်လား၊ ကတ္ထစိ နကိဉ္စိ နပရော ပရံ နိကုဗ္ဗေထ နာတိ မညေထ နနိကုဗ္ဗေထ၊ အထဲတစ်မျိုးအပြင်တစ်မျိုးနဲ့အမျိုးမျိုးလှည့်ပတ်ခြင်းမလုပ်ကြပါစေကုန်လင့်။ နနိကုဗ္ဗေထဆိုတာတစ်ယောက်နဲ့ တစ်ယောက်လှည့်ပတ်တာ၊ အထဲစိတ်က တစ်မျိုးအပြင်ဘက်ကတစ်မျိုး အထဲတစ်မျိုးအပြင်တစ်မျိုးနဲ့ အမျိုးမျိုးလှည့်ပတ်ခြင်းမလုပ်ကြပါစေကုန်လင့်၊ ပရော၊ တစ်ပါးသောသူတစ်ခြားသူသည်။ ပရံ၊ တပါးသောသူအခြားလူကို။ ကောစိ၊ မည်သူကပဲဖြစ်ဖြစ်။ ကိဉ္စိ၊ မည်သူကိုမဆို။ ကတ္ထစိ၊ မည်သည့်အရပ်မည်သည့် ကိစ္စမျိုးမှာပဲဖြစ်ဖြစ်။ နနိကုဗ္ဗေထ၊ တစ်မျိုးပြီးတစ်မျိုးသာ အမျိုးအမျိုးလှည့်ပတ်ခြင်းမပြုကြပါစေကုန်လင့်။ နနိကုဗ္ဗေထ၊ အချင်းချင်းဒေါသအာဃာတဖြင့် နှိပ်စက်ခြင်း ညှင်းဆဲခြင်းမပြုကြပါစေကုန်လင့်။

၁။ ခုဒ္ဒက။ ၁၁။

ပရော၊ တစ်ပါးသော တခြားသူသည်။ ပရံ၊ တပါးသောသူအခြားလူကို။ ကောစီ၊ မည်သူကပဲဖြစ်ဖြစ်။ကိဉ္စိ၊ မည်သူကိုမဆို။ ကတ္ထစိ၊ မည်သည့်အရပ်က မည်သည်ကိစ္စမျိုးမှာဘဲဖြစ်ဖြစ်။ နာတိမညေထ ဒီအတိုင်း မဟုတ်လား။ နာတိမညေထ၊ အချင်းချင်းအထင်မသေးကြပါကုန်လင့်။ နာတိ မညေထ၊ အချင်းချင်းမထေမဲ့မြင်မပြုကြပါစေကုန်လင့်။

နောက်တစ်ပိုဒ် ဗျာရောသနာ ပဋိယသည ဒီအတိုင်းသွားမှာ၊ ပရော၊ တပါးသောသူသည်။ ပရံ၊ တစ်ပါးသောသူကို။ ကောစီ၊ မည်သူကဘဲ ဖြစ်ဖြစ်။ ကိဉ္စိ၊ မည်သူကိုမဆို။ ကတ္ထစိ၊ မည်သည့်အရပ်က မည်သည့်ကိစ္စမျိုးမှာဘဲဖြစ်ဖြစ်။ အညမညဿ၊ အချင်းချင်းရဲ့။ ဗျာရောသနာ (ဗျာရောသနာယ) ချုပ်ချယ်လိုသောစိတ်ဖြင့်။ (ဝါ) ဗျာရောသနာ (ဗျာရောသနာယ)၊ စောင်းမြောင်းလိုသောစိတ်ဖြင့်။ အညမညဿ၊ အချင်းချင်းရဲ့။ ဒုက္ခံ၊ ကိုယ်စိတ်နှစ်ပါးဆင်းရဲပင်ပန်းမှုတွေကို။ န ဣစ္ဆေယျ၊ အလိုမရှိကြပါစေကုန်လင့်။ ဗျာရောသနာ၊ ပြီးတော့ဘာရှိတုန်း။ ပဋိယသည ဟုတ်လား။ (မှန်လှပါဘုရား)။

ပြန်ဆိုပြမယ်။ ပရော၊ တပါးသောသူသည်။ ပရံ၊ တပါးသောသူကို။ ကောစီ၊ မည်သူ ကပဲဖြစ်ဖြစ်။ ကိဉ္စိ၊ မည်သူကိုမဆို။ ကတ္ထစိ၊ မည်သည့်အရပ်က မည်သည့်ကိစ္စ မျိုးမှာဘဲဖြစ်ဖြစ်။ အညမညဿ၊ အချင်းချင်းရဲ့။ ပဋိယသည (ပဋိယသညာ ယ)၊ ညှင်းဆဲလိုသောစိတ်ဖြင့်။ (ဝါ) နှိပ်စက်လိုသောစိတ်ဖြင့်။ အညမညဿ၊ အချင်းချင်းရဲ့။ ဒုက္ခံ၊ ကိုယ်စိတ် နှစ်ပါးဆင်းရဲပင်ပန်းမှုတွေကို။ န ဣစ္ဆေယျ၊ ဘယ်လိုနည်းနဲ့မှအလိုမရှိကြ ကုန်ရာသတည်း။

သာဓု၊ သာဓု၊ သာဓု ပါဘုရား။

မေတ္တာဘာဝနာကို မြတ်စွာဘုရားက မေတ္တာသုတ်မှာအပြည့်အစုံဟောထားတယ်၊ မေတ္တာသုတ်ထဲဟောထားတဲ့မေတ္တာဘာဝနာတွေထဲမှာ ဒီအပိုဒ်ကို ဘုန်းကြီးတို့ ဒကာ ဒကာမတွေ သဘောကျပြီးနေနေမယ် ထင်တယ် ဟုတ်လား။

'နပရော ပရံ နိကုဗ္ဗေထ၊ နာတိမညေထ ကတ္ထစိ န ကိဉ္စိ ။
ဗျာရောသနာ ပဋိယသည၊ နာညမညဿ ဒုက္ခမိစ္ဆေယျ ။

တစ်ပါးသောသူ အခြားသူသည် တစ်ပါးသောသူအခြားလူကို မည်သူကပဲ မည်သူ့ကိုမဆို မည်သည့်အရပ်က မည်သည့်ကိစ္စမျိုးမှာပဲဖြစ်ဖြစ်။ နနိုကုဗ္ဗေထ၊ အထဲတစ်မျိုး အပြင်တစ်မျိုးနဲ့လှည့်ပတ်ခြင်းမလုပ်ကြပါနဲ့။ နနိုကုဗ္ဗေထ၊ အမျက်မထွက်ကြပါနဲ့။ နာတိမညေထ၊ တစ်ယောက်နဲ့တစ်ယောက် အထင်မသေးကြပါနဲ့။ ဗျာရောသနာ (ဗျာရောသနာယ)စောင်းမြောင်းပုတ်ခတ်လိုသောစိတ်ဖြင့်။ အညမညဿ၊ အချင်းချင်းရဲ့။ ဒုက္ခံ၊ ကိုယ်စိတ်နှစ်ပါးဆင်းရဲပင်ပန်းမှုကို။ နကွစ္ဆေယျ၊ အလိုမရှိကြပါစေကုန်လင့်။ ဗျာရောသနာ ဗျာရောသနာယ၊ ချုပ်ချယ်လိုသောစိတ်ဖြင့်။ အညမညဿ (ပ) ဒုက္ခံ (ပ) နကွစ္ဆေယျ၊ ပဋိဃသညာ ပဋိဃသညာယ၊ ညှင်းဆဲလိုသောစိတ်ဖြင့်, နှိပ်စက်လိုသောစိတ်ဖြင့်။ အညမညဿ၊ နကွစ္ဆေယျ၊ ဘယ်လိုနည်းနဲ့မှ အလိုမရှိကြပါစေကုန်သတည်း။

ကွတိ၊ ဤသို့။ သဗ္ဗဓိ၊ အလုံးစုံသော အရပ်ဆယ်မျက်နှာတို့၌။ သဗ္ဗဝန္တံ၊ သတ္တဝါအလုံးစုံပါဝင်၍နေသော။ လောကံ၊ အယုတ်အမြတ်ပိုင်းခြားခြင်းမရှိတဲ့သတ္တလောကကြီးတစ်ခုလုံးကို။ မေတ္တာသဟဂတေန၊ မေတ္တာနှင့်ယှဉ်သော။ ဝိပုလေန၊ ကျယ်ပြန့်လှစွာသော။ အပ္ပမာဏေန၊ အပိုင်းအခြားမထားသော။ မဟဂ္ဂတေန၊ အထက်တန်းကျလှစွာသော။ အဝေရေန၊ ဒေါသဟူဘိ အတွင်းရန်လည်းမရှိပေထသော။ စေတသာ၊ စိတ်ဖြင့်။ ဖရိတ္ဝာ၊ အရပ်မျက်နှာအားလုံးသတ္တလောကကြီးတစ်ခုလုံးအပေါ်မှာဖြန့်၍ နှံ့၍ ပြန့်နှံ့စေ၍။ ဝိဟရထ၊ ကောင်းစွာမသွေ သီတင်းသုံးနေထိုင်ကြကုန်ရာသတည်း။

သာဓု၊ သာဓု၊ သာဓု ပါဘုရား။

ဘယ်နှစ်မျိုးရသွားသလဲ လိုရင်းနှစ်မျိုးပါ (မှန်လှပါဘုရား) တစ်မျိုးကဖားပွဟူသည် ဒေါသ။ ဖားပွဆိုတဲ့ဒေါသကြီးကို ငြိမ်သွားအောင် ဘာသွားလုပ်ဖားပွကိုငြိမ်သွားအောင် နှိမ်နှင်းရမည့်နည်းသည် မေတ္တာတရားအကြောင်းအကျိုး ဘုန်းကြီးတို့ပရိသတ်များ အနာနှင့်ဆေးပေါ့ဗျာ ဟုတ်လား (မှန်လှပါဘုရား) ဖားပွဆိုတဲ့အနာရောဂါကြီး မေတ္တာစိတ်နဲ့ နှိမ်နင်းရင် ငြိမ်းပြီးတော့ချမ်းသာရာရတယ်မဟုတ်ဘူးလား (မှန်လှပါဘုရား) ဒါကြောင့် ကောဆိုတာက ဖားပွနဲ့တူတယ် မေတ္တာဆိုတာ အဲဒီ ဖားပွကြီးကို ငြိမ်အောင်ပေးလိုက်တဲ့

ငြိမ်ဆေးနှင့်တူတယ် ဒီလိုမဟုတ်လား (မှန်လှပါဘုရား)။

ဘန္တေ၊ ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား။ ဥဒ္ဓုမာယိက ဥဒ္ဓု
မာယိကာ၊ ဖားပွ ဖားပွဟူသည်ကား။ ကာ၊ အဘယ်ပါနည်းအရှင်ဘုရား။
အရှင်ကုမာရကဿပမထေရ်ကြီးက ဖားပွဆိုတာအဘယ်ပါနည်း အရှင်
ဘုရားမေးတော့ ဘုန်းတော်ခြောက်ပါးသခင်ဘုရားရှင်ကိုယ်တော်မြတ်က-

ဥဒ္ဓုမာယိကာတိ ခေါ ဘိက္ခု ကောဓုပါ ယာသဿေတံ အဓိဝစနံ။

ဘိက္ခု၊ ချစ်သားရဟန်း။ ဥဒ္ဓုမာယိကာတိ ဧတံ အဓိဝစနံ၊ ဖားပွ ဖားပွဆို
သောဤ စကားသည်ကား။ ကောဓုပါယာသဿ၊ အမျက်ထွက်ခြင်းကြောင့်။
ဖားပွကြီး ခြေလက်နှစ်ဘက် ကောင်းကင်ပစ်ပြီးတော့ပက်လက်လန်သလို
ပင်ပန်း၍နေခြင်းရဲ့။ အဓိဝစနံ၊ အမည်ပါပေတည်း။ ဣတိ၊ ဤသို့။ ဘဂဝါ၊
ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ နဝမံ၊ ကိုးခု
မြောက် ဖြစ်သော။ ပဥ္စံ၊ မေးခွန်းရဲ့အဖြေကို။ ဗျာကရောတိ၊ ဆုတ်ဆိုင်းမရှိ
ဟုတ်တိုင်းမှန်စွာ ရှင်းပြတော်မူခဲ့ပါပေသတည်း။

သာဓု၊ သာဓု၊ သာဓု ပါဘုရား။

ဘုန်းကြီးတို့ပရိသတ် (နှုတ်ဆောင်လေး ထည့်လိုက်ပါမယ်)

ဖားပွဟူငြား၊ ဒေါသထား၊ မှတ်သား ကိုးခုပါ။ (သုံးခေါက်)

အေး ဒီကနေ့ 'ဖားပွဟူငြား၊ ဒေါသထား၊ မှတ်သားကိုးခုပါ၊ ချမ်းသာရ
စေတီယဂ်ဏမှာ ဘုန်းကြီးတို့ ပရိသတ်အပေါင်း သူတော်ကောင်းတို့ တူးလိုက်
တာ ဖားကြီးလည်းရပြီ ဒီကနေ့ ဖားတူးပြီးတော့ အဲဒီဖားကိုလည်းပဲ ငြိမ်
အောင် ဘုန်းကြီးတို့ ဆေးတိုက်လိုက်ပြီ ဖားကလေး တော်တော်ငြိမ်ရဲ့လား
(ငြိမ်ပါတယ်ဘုရား) အေး ဖားငြိမ်ရင်တရားသိမ်းမယ်။ မနက်ဖြန်ခါ ဆက်
တူးရင်လမ်းနှစ်ခွတွေ့မယ်၊ မနက်ဖြန်ခါ ဟေမာဇလမှာဆက်တူးကြအုံးစို့
ဒီတောင်ပို့ကိုနော် (မှန်လှပါဘုရား) ဒီကနေ့ ဖားကလေးအိပ်ပြီဆိုရင် တရား
သိမ်းကြရအောင်။

ဝမ်မိကသုတ္တန်တရားတော် သတ္တမအပိုင်း

၁၃၄၃-ခုနှစ်၊ သီတင်းကျွတ်လဆန်း (၁၄)ရက်နေ့ည၊ မန္တလေးမြို့၊ ဟေမာဇလရပ်၊ ဆွမ်းလောင်းအသင်း ဆွမ်းသိမ်းပွဲနှင့် သီတဂူရေအလှူတော် ဓမ္မသဘင်ဆင်ယင်ရာ၌ဟောကြားအပ်သော မဇ္ဈိမနိကာယ် မူလပဏ္ဏာသပါဠိတော်၌လာသော ဝမ်မိကသုတ္တန်တရားတော် သတ္တမအပိုင်း ခုနှစ်ခုမြောက်အပိုင်း မဟောကြားသေးခင် မနာကြသေးခင် တရားပိုင်ရှင်ဖြစ်တော်မူသော သင္ဃညူမြတ်စွာဘုရားအား ရိုသေစွာလက်အုပ်ချီမိုး၍ ရှိခိုးကြရအောင် -

ဘဝဟောင်း ဟိုး လွန်လေပြီးတဲ့ ကဿပမြတ်စွာဘုရားလက်ထက်တော်ကာလ ကဿပမြတ်စွာဘုရားရဲ့သာသနာတော်မှာ သီလသိက္ခာ သမာဓိသိက္ခာ ပညာသိက္ခာ သိက္ခာသုံးပါးမြတ်တရား ချစ်မြတ်နိုးစွာဖြင့် ရဟန်းတရားပွားများကြိုးကုတ် အားထုတ်တော်မူခဲ့သောအရှင်ကုမာရကဿပမထေရ်တဲ့ အားထုတ်ထားခဲ့တာ နှစ်ပေါင်းနှစ်သောင်းခန့်၊ ထိုဘဝ အနှစ်နှစ်သောင်းအားထုတ်ပေမယ့် ဘာမှမဖြစ်ရှာဘူး။ ဘာလို့တုန်း ကွန္ဒြိယပရိပါကမဖြစ်လို့တဲ့တရားမရရှာဘူး၊ ကွန္ဒြိယပရိပါက ကွန္ဒြေရင့်ကျက်မှုကိုမရလို့ သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေလို့ ကွန္ဒြေငါးမျိုးရှိရာတွင် သဒ္ဓိန္ဒြေနဲ့ ပညိန္ဒြေ ညီညီညွတ်ညွတ်တက်လာရမယ်၊ ဝီရိယိန္ဒြေနဲ့ သမာဓိန္ဒြေကလည်း ညီညီညွတ်ညွတ်တက်လာရမယ်။

ကွန္ဒြေငါးပါးညီညွတ်စွာထား

နွားနှစ်ကောင် ထမ်းပိုးထမ်း လှည်းတစ်ခုရုန်းတဲ့အခါ တစ်ကောင်က သိပ်ရွေ့ကသွား တစ်ကောင်ကရီလေးခိုပြီးတော့နောက်ကလိုက် နွားနှစ်ကောင်ထမ်းပိုးထမ်းမညီဘူးဆိုတာကိုး၊ အဲဒီလိုဆိုခဲ့ရင် ရွေ့ကနေတဲ့အားရုန်းဆွဲသွားတဲ့ နွားဟာပင်ပန်းကျန်ရစ်ပြီး ရုန်းရလို့လှည်းနှင့်တကွလှည်းပေါ်ပါလာတဲ့ ဝန်တစ်ခုလုံး ရွေ့ကနေလွန်သွားတဲ့ နွာတစ်ကောင်က တအားရုန်းရလို့ ထိုနွားကြီးပင်ပန်း၊ ဒါဖြင့် နောက်ကနေမှေးပြီးတော့ ထမ်းပိုးကြီးတစောင်းကြီးဖြစ်ပြီးလိုက်တဲ့နွားကတော့ မပင်ပန်းဘူးလားလို့မေးရင် သူလည်းပင်ပန်းတာ

ဘဲ၊ ဘာဖြစ်လို့နောက်ကနေမှေးလိုက်ရတာ ပင်ပန်းရတာတုန်းလို့မေးတော့ နောက်ကကျန်ရစ်တော့ သူရဲ့တံခါက်ခွက်ကိုလှည်းဘီး ခဏာခဏာနင်းတယ်၊ အဲဒါကြောင့် ဒီနွားလည်းဘဲပင်ပန်းတယ်၊ ရှေ့လွန်သွားတဲ့နွား ဝန်ကိုတစ်ကောင်တည်းနဲ့ရှန်းရတယ်၊ နောက်ကျန်ရစ်တဲ့နွားဖနောင့်ကို တံခါက်ကိုလှည်းဘီးခဏာခဏာတိုက်တယ်၊ ထမ်းပိုးထမ်းမညီရင် နှစ်ကောင်လုံးပင်းပန်တယ်။

ဒီအတိုင်းပါဘဲ သဒ္ဓိန္ဒြေနဲ့ ပညိန္ဒြေ နှစ်ခုညီပါစေ၊ မညီလို့ရှိရင် တရားလည်းမရဘူး၊ ယောဂီလည်းပင်ပန်းတယ်၊ ဝီရိယိန္ဒြေနဲ့ သမာဓိန္ဒြေညီပါစေ၊ ဒီနှစ်ခုမညီရင် ယောဂီလည်းပင်ပန်းတယ်၊ တရားလည်းမတက်ဘူး၊ ဒီလိုဖြစ်လာတယ်၊ သဒ္ဓါနဲ့ပညာ ဝီရိယနဲ့သမာဓိ၊ ဒီကွန်ဒြေလေးပါးကို အတွဲလိုက်အတွဲလိုက်၊ အစုံလိုက် အစုံလိုက်ပေါ့ ညီမျှအောင် ညှိဖို့ဆိုတာက သတိသည် အထိန်းပဲ။

ကဿပမြတ်စွာဘုရားရှင်ကိုယ်တော်မြတ် လက်ထက်တော်ကာလ အရှင်ကုမာရကဿပမထေရ်ကြီး နှစ်ပေါင်းနှစ်သောင်း အားထုတ်တော်မူခဲ့ပါတယ်၊ သို့သော်လည်းပဲ သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေ ဆိုပြီးတော့ ကွန်ဒြေငါးပါး ညီညွတ်မှု ရင့်ကျက်မှုကို မရသေးတဲ့အတွက်ကြောင့် ထိုဘဝပင် ကဿပဘုရား သာသနာမှာ တရားထူးမရခဲ့ဘဲနဲ့ မျိုးစေ့မျှ ရခဲ့တယ်၊ ဝိပဿနာရဲ့ဗဒ္ဓ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရဲ့ ဗဒ္ဓ မျိုးစေ့လောက်တော့ရခဲ့တယ်။

ထိုကဿပဘုရားရှင်ရဲ့ သာသနာတော်မှာ ချထားခဲ့တဲ့မျိုးကို ကဿပဘုရားသာသနာနှင့် ဂေါတမသာသနာခေတ်၊ ဒီဗုဒ္ဓန္တရ ခေတ်ကြီးတစ်ခေတ်လုံး ထိန်းသိမ်းစောင့်ရှောက်တော်မူခဲ့ပြီးတော့ ဂေါတမမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သာသနာတော်ရောက်တဲ့ကာလ ဘုရားရှင်ကိုယ်တော်မြတ်တည်းဟူသောကလျာဏမိတ္တ (တစ်နည်း) ဘဝဟောင်းက မိတ်ဟောင်းလို့ဆိုရတဲ့ ဗြဟ္မာကြီးတည်းဟူသောကလျာဏမိတ္တ၊ ကလျာဏမိတ်နှစ်ယောက်။ ဘဝဟောင်းက မိတ်ဟောင်းဆွေဟောင်း ဗြဟ္မာကြီးလည်းပဲကလျာဏမိတ်ပဲ၊ ဒါပေမဲ့ ထိုဗြဟ္မာကြီးဆိုတဲ့ကလျာဏမိတ်က အရှင်ကုမာရကဿပမထေရ်ကြီးကို တရားထူးရအောင်တဲ့ အထောက်အပံ့လောက်တော့ပေးတယ် တိုက်ရိုက်

အားဖြင့်ကျေးဇူးမပြုဘူး၊ တိုက်ရိုက်ကျေးဇူးပြုတာကမြတ်စွာဘုရား။

မျိုးစေ့မှန်က ကြီးပွားရ

ဒါကြောင့် အရှင်ကုမာရကဿပမထေရ်ကြီးသည် ယခုဂေါတမ ရှင်တော်ဘုရားလက်ထက်တော်ကာလကျတော့ ငြဟ္မာကြီးတည်းဟူသော ကလျာဏမိတ် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်တည်းဟူသောကလျာဏမိတ်၊ မိတ်ကောင်းကိုလည်း သူသည်ရခဲ့တယ်၊ မျိုးစေ့ဘယ်တုန်းကရ ကဿပမြတ်စွာဘုရားရှင်ကိုယ်တော်မြတ်လက်ထက်တော်ကာလကချခဲ့တဲ့ မျိုးစေ့ဂေါတမရှင်တော်ဘုရားရဲ့သာသနာတော်တည်းဟူသောလယ်ယာမြေမှာ ဘုရားကိုယ်တော်မြတ်နဲ့ ငြဟ္မာကြီးလို့ဆိုရတဲ့ ကလျာဏမိတ်၊ ဘုရားကိုယ်တော်မြတ်ရဲ့တရားတော်တည်းဟူသော တရားကိုနာရခြင်းတည်းဟူသော ဓမ္မသဝန၊ နှစ်ခု။ ကလျာဏမိတ္တနဲ့ဓမ္မသဝန၊ အေး တစ်လုံးဖြည့်စွက်လိုက်ပါ သဒ္ဓမ္မသဝန။ ကလျာဏမိတ္တက ငြဟ္မာကြီးရော မြတ်စွာဘုရားရော၊ နှစ်ယောက်စလုံးပဲ။ သဒ္ဓမ္မသဝနက ငြဟ္မာကြီးထံက အမေးရတယ်၊ မြတ်စွာဘုရားထံက အဖြေရတယ်၊ နှစ်ခုစလုံးဟာ သဒ္ဓမ္မသဝနပဲ။

ကဿပဘုရားသာသနာ အရှင်ဘုရားနဲ့တပည့်တော်တို့ တရားအားထုတ်လိုက်ကြတာ အသက်အသေခံပြီးတော့ ခန္ဓာကိုမငဲ့ဘဲနဲ့ ဇီဝိတနိကန္တိမရှိဘဲအားထုတ်ကြတာ၊ အရှင်ဘုရားဘာမှမဖြစ်ခဲ့ဘူး၊ ထိုဘုရားသာသနာတော်တုန်းက တပည့်တော် အနာဂါမ်တည်ပြီးတော့ သုဒ္ဓါဝါသငြဟ္မာပြည်သို့ဆိုက်ရောက်ခဲ့တယ်ဘုရား။ တပည့်တော် အရှင်ဘုရားရဲ့ကလျာဏမိတ်ဟောင်းပါပဲ၊ ကလျာဏမိတ်ဟောင်းဖြစ်တဲ့တပည့်တော် ငြဟ္မာပြည်ပြောင်းတော့ ငြဟ္မာပြည်ကနေ အရှင်ဘုရားဘယ်အရပ်ဒေသ, ဘယ်ဌာန, ဘယ်တိုင်းပြည် ဘယ်ဘဝရောက် နေကြောင်း ငြဟ္မာပြည်ကနေ နေ့စဉ်နေ့စဉ် ကြည်ရှုဆင်ခြင်ခဲ့ရာမှ အရှင်ဘုရား ယခုအခါအန္တဝန်တောအုပ်ထဲ တရားနှစ်လုံး ကျင့်သုံးနေတာကို လာပြီးတော့တွေ့ပါတယ်၊ အရှင်ဘုရား ကဿပဘုရားသာသနာတော်တုန်းကချထားခဲ့တဲ့ ဝိပဿနာမျိုးစေ့ ဒီအခါအပင်ပေါက်ဖို့ရန်အချိန်တန်ပြီ၊ သိမြင်တော်မူလို့ သိတော်မူလို့ သိခဲ့လို့ တပည့်တော်က အရှင်ဘုရား

အတွက် ထိုမျိုးစေ့အပင်ပေါက်ဖို့ရန် ရေလောင်းပေးမယ်။

ကလျာဏမိတ်နဲ့ သဒ္ဓမ္မသဝန ဒီနှစ်ခုဟာ မြတ်စွာဘုရားသာသနာတော်ခေတ်တည်းဟူသော လယ်ယာ မြေကောင်းမှာ အရှင်ကုမာရကဿပရဲ့ အလောင်းအလျာ ကဿပဘုရားသာသနာတုန်းကတရားအားထုတ်သောရဟန်းတော်တစ်ပါးသည် ချထားခဲ့တဲ့မျိုးစေ့ ယခုဂေါတမဘုရားသာသနာတည်းဟူသောလယ်ယာမြေကောင်းမှာအပင်ပေါက်ဖို့ရန် ကလျာဏမိတ္တနဲ့ သဒ္ဓမ္မသဝနဆိုတဲ့ရေဖျန်းလိုက်တယ်၊ ကလျာဏမိတ်ရယ်၊ သဒ္ဓမ္မသဝနရယ် ဘယ်နှစ်ခုလဲ (နှစ်ခုပါဘုရား) အဲဒါ ဘယ်ပေါ်လောင်းတုန်းဆိုရင် မှတ်ရမယ် ယောနိသောမနသိကာရပေါ်မှာလောင်းတယ်၊ ယောနိသောမနသိကာရတည်းဟူသောမျိုးစေ့ပေါ်မှာ ကလျာဏမိတ်နဲ့ သဒ္ဓမ္မသဝနတည်းဟူသောမိုးရေဖျန်းတော့ ဘုန်းကြီးတို့ပရိသတ် မင်ဉာဏ်ဆိုတဲ့အပင်မပေါက်ဘူးလား။

(ပေါက်ပါတယ်ဘုရား)

မျိုးစေ့ဆိုတာဒီနေရာမှာ ဘုန်ကြီးတို့ပရိတ်သတ် အပေါင်းသူတော်ကောင်းတို့အားပြောမယ် ယောနိသောမနသိကာရ၊ မိုးရေဖျန်းပေးတယ်ဆိုတာက ကလျာဏမိတ်နဲ့သဒ္ဓမ္မသဝန၊ မိုးရေဖျန်းတာကဘယ် နှစ်ခုလဲ (နှစ်ခုပါဘုရား) ကလျာဏမိတ်ရယ် သဒ္ဓမ္မသဝနရယ်၊ ကလျာဏမိတ် မိတ်ကောင်းသဒ္ဓမ္မသဝန သူတော်ကောင်းတရားနာရခြင်း အပေါင်းဘယ်နှစ်ပါး (နှစ်မျိုးပါဘုရား) အဲဒီနှစ်မျိုးကမိုးရေဖျန်းပေးတာ၊ ဘယ်မျိုးစေ့ကို မိုးရေဖျန်းတုန်းဆိုရင် ယောနိသောမနသိကာရတည်းဟူသောမျိုးစေ့ကိုဖျန်းလိုက်တဲ့မိုး၊ ဒီ ယောနိသောမနသိကာရတည်းဟူသောမျိုးစေ့က ဘယ်လယ်ယာမြေမှာ ယခုအခါကြဲထားတုန်းဆိုတော့ ဂေါတမမြတ်စွာဘုရား၏သာသနာတည်းဟူသော လယ်ယာမြေမှာချထားတယ်တဲ့ ဟုတ်လား (မှန်လှပါဘုရား)

အကောင်းသုံးပါးညီမှ တရားရ

ဒီတော့ အကြောင်းတရား ယခုအခါသုံးခု ကလျာဏမိတ္တရယ်၊ သဒ္ဓမ္မသဝနရယ်၊ ယောနိသောမနသိကာရရယ် ဘယ်နှစ်ပါးလဲ (သုံးပါးပါဘုရား) မိတ်ကောင်းရယ်၊ တရားကောင်းရယ်၊ စိတ်ကောင်းရယ် ဘယ်နှစ်မျိုးကောင်း၊

(သုံးမျိုးကောင်းပါတယ်ဘုရား)

အဲဒီအကြောင်းသုံးပါးစုံလျှင် မင်္ဂလာဆိုတဲ့အပင်သေချာပေါက်ရမယ်။ ယောနိသောမနသိကာရသည်မျိုး၊ ကလျာဏမိတ္တနှင့်သဒ္ဓမ္မသဝနသည်မိုး ဟုတ်လား (မှန်လှပါဘုရား) ဘုရားသာသ နာဆိုတာက လယ်ယာမြေ၊ သာသနာ့လယ်ယာမြေမှာ စိတ်ကောင်းဆိုတဲ့မျိုးလေးကြဲထား၊ မိတ်ကောင်းနဲ့တရားကောင်းဆိုတဲ့မိုးမရွာသေးခင် အပင်မပေါက်ဘူးဗျ၊ ဘုရားသာသနာသည်လယ်ယာမြေ ယောနိသောမနသိကာရဆိုသော စိတ်ကောင်းက၊

(မျိုး စေ့ပါဘုရား)

မျိုးစေ့၊ တရားကောင်း၊ မိတ်ကောင်းဆိုတဲ့အကောင်းနှစ်ပါးက၊

(မိုးရေပါဘုရား)

မိုးရေဖျန်းတာ၊ အဲဒီအခါကျတော့ ဘာဖြစ်လာသလဲ မင်္ဂလာ ဖိုလ်ဉာဏ်ဆိုတဲ့အပင်တွေ တစ်ခါတည်းပေါက်ရောက်လာတယ် (မှန်လှပါဘုရား)။

အေး ဘုန်းကြီးတို့ပရိသတ်များ ဟိုး ကဿပဘုရားသာသနာတော်တုန်းက တရားအတူကျင့်လာခဲ့တဲ့ပုဂ္ဂိုလ်တစ်ယောက်က ငြဟ္မာပြည်မှာ သုဒ္ဓါဝါသငြဟ္မာပြည်မှာ ငါ့ရဲ့သီတင်းသုံးဖော် ဘယ်တုန်းလို့ ကြည့်လိုက်တော့ တစ်ပါးသောကိုယ်တော်သည် အန္ဓဝန်တောမှာ ကိုင်း ငါ့ရဲ့မိတ်ဆွေကို ငါသည်သွားပြီးတော့ကူညီအုံးမှပဲ ဆိုက်ရောက်လာပြီးတော့ ငါ့ရှင်ကုမာရကဿပမထေရ်ကြီးကို ငြဟ္မာကြီးကဘာတွေပြောခဲ့တုန်း၊

တောင်ပို့ကြီး ညအခိုးထွက်တယ်။ နေ့ မီးလျှံတွေတောက်တယ်၊ နေ့မီးလျှံတောက်တဲ့ ထိုတောင်ပို့ကို တူးရွင်းကိုင်ပြီးတော့တူးပါ။ တူရွင်းကိုင်တူးလိုက်တော့ ရွှေဦးစွာဘာတွေ့မလဲ၊

(မင်းတုပ်ကြီးတွေ့ပါတယ်ဘုရား)

တံခါးပိတ်တဲ့မင်းတုပ်တစ်ခု တောင်ပို့ထဲကရတယ်၊ အဲဒီမင်းတုပ်ကြီးဖယ်ပြီးတော့ ဆက်တူးတဲ့၊ နောက်တစ်ခါ ဘာရပြန်တုန်း၊

(ဖားကြီးတွေ့ပါတယ်ဘုရား)

အမလေး ဖားပွကြီးတစ်ကောင်တွေ့တယ်၊ ဒီဖားကြီးဖယ်ပစ်ပြီးတော့ နောက်တစ်ခါဆက်တူး တောင်ပို့ထဲကဘာရအုံးမလဲ၊

(လမ်းနှစ်ခွတွေ့ပါတယ်ဘုရား)

လမ်းနှစ်ခွဆိုတာ တစ်ခါတွေ့လိမ့်မယ်၊ ဒီနေ့ လမ်းနှစ်ခွရောက်တာနော် (မှန်လှပါဘုရား) အဲဒီပြဿနာတွေကို ဘုရားရှင်ကိုယ်တော်မြတ်ကိုမေးပါဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ် ဖြေကြားသည့်အတိုင်းသာ အရှင်ဘုရားမှတ်သားတော်မူပါ၊ တပည့်တော်ထံက ပြည့်ပြည့်စုံစုံလုံလုံလောက်လောက်အဖြေရလိမ့်မယ်မဟုတ်ဘူး၊ ဤလောကဘုရားကလွဲ အရိယာသံဃာတော်များကလွဲပြီးတော့ ဤမေးခွန်းရဲ့အဖြေကိုဖြေကြားနိုင်တဲ့ပုဂ္ဂိုလ် ဤလူ့ လောက နတ်လောက တပည့်တော်မမြင်ကြောင်းပါ၊ မြတ်စွာဘုရားကိုမေးလျှောက်ပါ ဘုရားကိုယ်တော်မြတ်ဖြေတော်မူသည့်အတိုင်းသာလျှင် အရှင်ဘုရားမှတ်သားပါလေလို့ ငြဟ္မာကြီးလျှောက်လိုက်၊ အရှင်ကုမာရကဿပ မထေရ်က ဤမေးခွန်းတွေအကုန်လုံးမှတ်သားပြီးတော့ ဘုရားရှိရာသာဝတ္ထိပြည်မွန် ဇေတဝန်ရွှေကျောင်းဆိုက်ရောက်လာပြီးတော့ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်မေးပါတယ်။

ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား တောင်ပို့ဆိုတာဘာပါတုန်း၊ ချစ်သားကုမာရကဿပ တောင်ပို့ဆိုတာ ဤကိုယ်ကာယကိုခေါ်တယ်၊ တောင်ပို့ဆိုတာက ဤကိုယ်ကာယ တစ်လံမျှ၊ တောင်ပို့ကြီး ညဉ့်အခိုးလွတ်တယ်ဆိုတာက ဘာတဲ့တုန်း၊ ညည့်အခါ စိတ်ကူးကြံစည် စဉ်းစားတွေးတောပြီးတော့နေတာကို တောင်ပို့ထဲက အခိုးတွေထွက်တယ်လို့ ခေါ်တယ်၊ မီးလျှံတွေတောက်တယ်ဆိုတာက ဘာဖြစ်တာတုန်း၊ နေ့ခင်းကျတော့မီးတောက်တယ်၊ အဲဒါကဘာဖြစ်တာတုန်း၊ နေ့ခင်းမီးတောက်တယ်ဆိုတာက တခြားမဟုတ်ဘူး၊ ညတုန်းက ကြံစည်စဉ်းစားတွေးတောထားတာတွေကို နေ့ခင်းကျတော့ စဉ်းစား၍ ကိုယ်နဲ့နှုတ်နဲ့လုပ်ကိုင်ဆောင်ရွက်နေကြတာ၊ အဲဒါ မီးတောက်တယ်လို့ ခေါ်ပါတယ်။

ညကြံစည်တာ အခိုးလွတ်တယ်၊ နေ့ထပြီးတော့ ဒီအကြံတွေကို လုပ်

လိုက်တာက မီးတောက်တာ၊ တောင်ပို့ကြီးရဲ့ အခိုးလွှတ်ခြင်း မီးတောက်ခြင်း သဘော၊ အဲဒီမီးတွေ အခိုးတွေထနေတဲ့တောင်ပို့ကြီး တူရွင်းကိုင်ပြီးတော့ တူးဟော့ တူးရွင်းပြားဆိုတာက ဉာဏ်၊ တူးဆိုတာက ဝီရိယ၊ ဉာဏ်နဲ့ ဝီရိယ ဒီနေရာပဓာနကျတယ်၊ ဉာဏ်တည်းဟူသောတူးရွင်းကိုင် ဘုန်းကြီးတို့ပရိသတ်များ ကိုင်ဖို့လက်ဆိုတာ ဒီနေရာပြောမထားဘူးနော်၊ တူးခြင်းဆိုတာတော့ လုံ့လဝီရိယလို့ ပြောထားတယ်။ (မှန်လှပါဘုရား)

သဒ္ဓါတရားဆိုတာ လက်

တူရွင်း ဘာနဲ့ကိုင်မလဲ လက်နဲ့ကိုင်ရအောင်တဲ့၊ လက်ဆိုတာကိုတော့ ဘုန်းကြီးတို့ပရိသတ်ဖြည့်စွက်၍ထည့်လိုက်ဦးပေါ့ဗျာ၊ သဒ္ဓါတရားဆိုတာလက် သဒ္ဓါဆိုတာ (လက်ပါဘုရား) သဒ္ဓါတရားနည်းရင်တဲ့ သဒ္ဓါတရားမရှိရင်ပေါ့လေ အဲဒီပုဂ္ဂိုလ် လက်ကျိုးတာနဲ့တူတယ်၊ လက်များမပါရင် ဘုန်းကြီးတို့ပရိသတ်များ လူအသုံးအဆောင်တွေ ဘာမှကိုင်လို့ ဆွဲလို့ မရဘူး လက်မပါရင် ဘာကိုမှ ကိုင်ဆွဲလို့မရသလို ယူဆွဲလို့မရသလို ယူ၍ ကိုင်၍ ငင်၍သုံး၍ ဆောင်၍မဖြစ်တော့သလိုပဲ၊ သဒ္ဓါတရားမရှိရင် ဒါနကိုလည်း မကိုင်နိုင်၊ သီလလည်းမကိုင်နိုင်၊ သမာဓိလည်းမကိုင်နိုင်၊ ပညာကိုလည်းမကိုင်နိုင်၊ ဟုတ်ရဲ့လား။ လက်မရှိရင် ပုဆိုးမကိုင်နိုင် ထမီမကိုင်နိုင် အင်္ကျီမကိုင်နိုင် ထမင်းမကိုင်နိုင်ဖြစ်သလိုပဲ သဒ္ဓါမရှိရင် ဒါနကိုကိုင်ဆွဲနိုင်သေးသလား၊

(မကိုင်ဆွဲနိုင်တော့ပါဘုရား)

သီလကိုဆုပ်ကိုင်နိုင်သေးသလား၊

(မဆုပ်ကိုင်နိုင်ပါဘုရား)

သမာဓိကိုခေါ်ယူနိုင်သေးသလား၊

(မခေါ်ယူနိုင်ပါဘုရား)

ပညာကိုယူနိုင်သေးရဲ့လား (မယူနိုင်တော့ပါဘုရား) လက်မပါ ပုဆိုး ထမီကိုင်လို့မဖြစ်သလိုပဲ၊ သဒ္ဓါမရှိရင် ကုသိုလ်ကောင်းမှုကိုင်ဆွဲလို့မရဘူး။ အဲဒါကြောင့် သဒ္ဓါဆိုတာ လက်၊ သဒ္ဓါဆိုတာ (လက်ပါဘုရား)။ ကမ္မက္ခယေ၊ ဉာဏ်ပုဆိန်ကို ရွယ်ချိန်မိုးလျက် ချိုးဖျက်တော်မူခဲ့လေပြီ၊ ဝီရိယခြေ သီလ

မြေထက် သဒ္ဓါလက်ဖြင့် ကမ္မက္ခယေ ဉာဏ်ပုဆိန်ကို ရွယ်ခုိန်မိုးလျက် ခုိုးဖျက်တော်မူခဲ့လေပြီလို့ ဟို ဂုဏ်တော်အဖွင့် အရဟံဂုဏ်ထူးကိုဖွင့်ဆိုတဲ့နေရာ၊ ထိုအရဟံဂုဏ်ပုဒ်ကို အနက်ပေးတော့ ဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးက အဲဒီလို လင်္ကာနဲ့အရှည်ကြီးပေးထားတယ်။

ဝီရိယခြေ သီလမြေထက် သဒ္ဓါလက်ဖြင့် ဝီရိယဆိုတာခြေထောက်၊ (ခြေထောက်ပါဘုရား)

ဝီရိယမရှိရင် ခြေကျိုး၊ လှုပ်ကိုမလှုပ်နိုင်ဘူး ခြေကျိုးတော့ရင်၊ သီလဆိုတာ မြေကြီး၊ သီလမပါရင် ရပ်တည်ရာမရှိဘူးပေါ့ မြေကြီးမရှိသလိုပဲ၊ ဝီရိယခြေ သီလမြေထက် သဒ္ဓါလက်ဖြင့် သဒ္ဓါကလက် ကမ္မက္ခယေ ဉာဏ်ပုဆိန်ကို ဉာဏ်ဆိုတာက ပေါက်ဆိန် (ပုဆိန်) ရွယ်ခုိန်မိုးလျက် ခုိုးဖျက်တော်မူခဲ့လေပြီ။ ဘာတွေဖျက်ပစ်တုန်းဆိုတော့ ခန္ဓာအိမ်ကြီးဖျက်ပစ်လိုက်တာ၊ (မှန်လှပါဘုရား) ဒါက အရဟံဂုဏ်တော်ရဲ့အဖွင့်ကစကား ဒီနေရာ ဘုန်းကြီးတို့ ယူပြောချင်တာက သဒ္ဓါဆိုတာ လက်ပါလို့သဘောကျ (မှန်လှပါဘုရား) သဒ္ဓါတရားက လက်၊ သဒ္ဓါမရှိရင် လက်မရှိဘူး၊ လက်မရှိရင် ပုဆိုးထမီတောင် ကိုင်မဖြစ်သလိုပေါ့ သဒ္ဓါမရှိရင် ဘယ်ကုသိုလ်မှကိုင်နိုင်ခြင်းငှါမတတ်သာဘူး ကိုင်ဆွဲခြင်းငှါ မတတ်သာဘူး။

ပြီး တစ်ခုစဉ်းစားအုံးပေါ့ လက်ဟာ ဘုန်းကြီးတို့ ပရိသတ်များ မစင်အစရှိတဲ့ အညစ်အကြေးများ မကိုင်လိုဘူးနော် (မှန်လှပါဘုရား) ဒီအတိုင်းပေါ့ သဒ္ဓါတရားကောင်းတဲ့ပုဂ္ဂိုလ်ဟာ သဒ္ဓါအားကြီးတဲ့ပုဂ္ဂိုလ်ဟာ အကုသိုလ်ဒုစရိုက်များကို ဘယ်တော့မှမကိုင်လိုဘူး မဆွဲလိုဘူး မလုပ်လိုဘူး မျက်စိနှစ်ဖက် ကောင်းစွာလင်းတဲ့ပုဂ္ဂိုလ်တစ်ယောက်ဟာ မိမိလက်ဖြင့် မစင်စသော အညစ်အကြေးကိုမကိုင်လိုသလိုပဲ မကိုင်ယူသလိုပဲ မကိုင်ဆွဲသလိုပဲ သဒ္ဓါတရားအားကောင်းတဲ့ပုဂ္ဂိုလ်တစ်ယောက်ဟာလဲပဲ ပါဏာတိပါတလည်း မလုပ်ချင် အဒိန္နာဒါနလည်း မလွန်ကျူးချင် အကုသိုလ်ဒုစရိုက်တွေကို သူသည် ဘာမှမလုပ်ချင်ဘူး။

လက်သည် ဘုန်ကြီးတို့ ပရိသတ်များ ကောင်းရာ ကောင်းရာကို ရွေး

ချယ်ပြီးတော့ကိုင်တယ်၊ ထိုနည်းတူစွာ သဒ္ဓါအားကောင်းတဲ့ပုဂ္ဂိုလ်လည်း ဒါန, သီလ, သမာဓိ, ပညာ, ကုသိုလ်လုပ်ငန်းကိုမှ ရွေးချယ်ဆုပ်ကိုင်တယ် ဟုတ်လား (မှန်လှပါဘုရား) ဒါကြောင့် သဒ္ဓါတရားဆိုတာလက်ပါ၊ သဒ္ဓါဆိုတာက (လက်ပါဘုရား) အေး ဤသုတ္တန်မှာတော့ သဒ္ဓါတရားကိုတိုက်ရိုက်မဟောထားပေမယ့် ထည့်စွက်ပြီးတော့ယူလိုက်မယ်ဆိုရင် သဒ္ဓါဆိုတာလက် မှန်တယ်နော်။

အေး တောင်ပို့ဆိုတာ ကိုယ်ကာယ၊

အခိုးလွှတ်တယ်ဆိုတာက ဝိတက်၊

မီးလှံတောက်တယ်ဆိုတာက ကမ္မဋ္ဌာန်၊ ကြံထားတာတွေကို ထလုပ်တာ၊

သဒ္ဓါတရားဆိုတာက လက်၊

ကိုင်ဆွဲရမယ့် တူးရွင်းဆိုတာက ပညာ၊

တူးခြင်း ဆွခြင်းဆိုတာက ဝီရိယ၊

တောင်ပို့ကြီးတူးလိုက်တော့ တံခါးမင်းတုပ်ကြီးတစ်ခုရတယ်ဆိုတာက အဝိဇ္ဇာတရား၊ တံခါးမင်းတုပ်ကို ဖယ်ပစ်ပြီးတော့ ဆက်လက်တူးတော့ ဟားပွကြီးတစ်ကောင်ရတယ်တဲ့။ အဲဒီ ဟားပွဆိုတာက ဒေါသ၊ ညတုန်းက ချမ်းသာရတရားပွဲ ဘုန်းကြီးတို့တူးလိုက်တာ၊ ဟားတစ်ကောင်ရတယ်နော်၊ ကိုင်း ဤယနေ့ ဆက်တူးကြရအောင် တရားအနုသန္ဓေ ဤမျှဆို ဆက်လို့ဖြစ်သွားပြီ၊ ဒီတော့ ယခုနကဘုန်းကြီးတို့တည်လိုက်တဲ့ စကားသုံးခု မမေ့လိုက်နဲ့၊ ဘာတဲ့တုန်းဆိုတော့ ယောနိသော မနသိကာရရယ်၊ ကလျာဏမိတ္တရယ်၊ သဒ္ဓမ္မဿဝနရယ် ဘယ်နှစ်ခုလဲ (သုံးခုပါဘုရား) အေး ဒါအရေးကြီးတယ်။ ဒါဘယ်မှာအရေးကြီးလဲဆိုတော့ ဒီကနေ့ရလာတဲ့ လမ်းနှစ်ခွဆိုတဲ့နေရာမှာ ဒီတရားသုံးလုံးဟာ အရေးကြီးတာ၊ လမ်းနှစ်ခွ လမ်းနှစ်ခွ လမ်းနှစ်ခုရောက်လာရင် အဲဒီသုံးလုံး အရေးကြီးတယ် စိတ်ကောင်းရယ်၊ မိတ်ကောင်းရယ်၊ သဒ္ဓမ္မဿဝနရယ်၊ ဘယ်နှစ်ခုအရေးကြီးလဲ၊

(သုံးခုအရေးကြီးပါတယ်ဘုရား)

အဲဒီသုံးခုမပြည့်စုံရင် လမ်းဆုံရောက်နေတဲ့ပုဂ္ဂိုလ်သည် လမ်းမှားကိုလိုက်မိတတ်တယ်၊ လမ်းနှစ်ခွ ရောက်နေတယ်တဲ့ ယောနိသောမနသိကာရ မိမိရဲ့စိတ်နှလုံးကိုက ဖြောင့်ဖြောင့်ဖြူးဖြူးမရှိရင် လမ်းမှားပဲသွားလိမ့်မယ်။

စိတ်နှလုံးဘယ်လောက်ကောင်းကောင်း မိတ်ကောင်းမရသေးခင်လဲပဲ ဘယ်ဟာသည် လမ်းမှန်၊ ဘယ်ဟာသည် လမ်းမှားဆိုတာမခွဲနိုင်ဘူး။ အေး ကလျာဏမိတ္တရပေမယ့် ထိုကလျာဏမိတ္တရဲ့ထံက သဒ္ဓမ္မသဝန တရားကောင်း မနာရသေးခင်လည်းပဲ လမ်းမှန် လမ်းမှားကို (မရောက်နိုင်ပါဘုရား) အေး မရွေးချယ်တတ်ဘူးဟုတ်လား၊ ဒို့ဓာပထ လမ်းနှစ်ခွမှာ ယခုပြောခဲ့တဲ့ အချက်သုံးခုသည် ဘုန်းကြီးတို့ပရိသတ်အတွက် အရေးကြီးတဲ့အချက်သုံးခုပါ။ ဒါကြောင့် ထိုအချက်သုံးခုကို ဘုန်းကြီးတို့ပရိသတ်ရဲ့နှုတ်ထဲ ဦးစွာထည့်လိုက်ရအောင် ဘုန်းကြီးတို့ပရိသတ်အတွက် ဆောင်ပုဒ်ကလေးနှစ်ခု ဟောဒီမှာကဲ့ ဆောင်ပုဒ်ကလေးသုံးခု ဆိုကြရအောင်။

စိတ်ကောင်းထားပါ၊ မိတ်ကောင်းရှာ၊ ကောင်းစွာတရားနာ
(၃ခေါက်ဆို)

ဟင်းကောင်းတစ်ခွက်

ဘုန်းကြီးတို့ပရိသတ်အပေါင်းသူတော်ကောင်းတို့ ဟင်းတစ်အိုးချက်တယ် ဥပမာဆိုကြပါစို့ အသားဟင်းပဲ့၊ ဆိတ်သား ကြက်သား ပုစွန်တစ်ခု အသားဟင်း ဟင်းတစ်အိုးချက် ထုံးစံအတိုင်း မဆလာ ဘာညာစတဲ့ ဟင်းမွှေးနံ့သာစုံအောင်ထည့်ပြီးတော့ချက်၊ စားပွဲပေါ်တင်ထားလိုက်တဲ့ ထမင်းပွဲ အငွေ့တထောင်းထောင်းထနေတဲ့ ဟင်းခွက်က အနံ့တွေမွှေးလို့ အနံ့ရလို့ စားချင်စဖွယ်လေးမဖြစ်ဘူးလား၊ (ဖြစ်ပါတယ်ဘုရား) ဘာပြောချင်တုန်းဆိုတော့ ဒီဟင်းခွက်ကမွှေးလိုက်တာဟုတ်လား။ တစ်ခါတစ်လေများ လမ်းလျှောက်သွားဟင်းနံ့မွှေးနေတာပဲ ဒီအိမ်တော့ဟင်းကောင်းချက်တယ်ဟေ့ ဟင်းကောင်းနံ့ရရင်ပေါ့လေ၊ ငါးပိရည်နံ့ရလျှင်လဲ ငါးငံရည်ပေါ့ဟုတ်လား၊ အနံ့တော့ထွက်လာတယ်နော်။ (မှန်လှပါဘုရား)။

ဟဲ့ ဟောဒီမှာ ဆိတ်သားတစ်ခွက်ချက် မွှေးလိုက်တာ အသားဟင်းဟင်းကောင်းပေါ့ကွာ၊ အနံ့ရရုံနဲ့ ဟင်းကောင်းဆိုတာသိတယ်၊ ကိုင်းကောင်းပြီ ဘုန်းကြီးတို့ပရိသတ်မေးမယ် မွှေးလိုက်တာ မွှေးလိုက်တာ ဟင်းအိုး ဘာဟင်းအိုးတုန်း ဆိတ်သားဟင်းဗျို့ မပြောဘူးလား (ပြောပါတယ်ဘုရား) ကိုင်း အဲဒီ

မွေးတာ ဘာကမွေးတာလဲသေချာပြော၊ ဆိတ်သားကမွေးသလား မဆလာက မွေးသလား၊

(အနုံကမွေးပါတယ်ဘုရား)

အဲဒီမွေးတဲ့အနုံ ဆိတ်သားကထွက်သလား မဆလာကထွက်သလား၊ ဆိတ်သားကထွက်တာလား မဆလာကထွက်တာလား၊ ဘယ်ကမွေးတုန်း ဆိတ်သားချည်းသန့်သန့်သက်သက် ရေလုံ ပြုတ်မွေးပါအုံးမလား

(မမွေးပါဘုရား)၊

မဆလာကမွေးတာနော် အေး မဆလာနဲ့မပေါင်းရင် ဟာဒီဆိတ်သား ဘယ်တော့မှမမွေးဘူးသဘောကျ၊ အသားဆိုတာတယ်ညှီစော်နံ မဟုတ်လား၊ ဘာအသားပဲဖြစ်ဖြစ် သူ့အတိုင်းဆိုအလွန်နံတာ ဟင်းမွေးနုံ့သာမျိုးစုံပေါင်းတော့ ဒီအသားဟာမွေးပြီးတော့ အနုံကောင်း အရသာကောင်း ဒီလို မဟုတ်လား။ (မှန်လှပါဘုရား)။

စိတ်ကောင်းဆိုတာ ဘယ်လောက်ပဲရှိရှိ ယောနိသောမနသိကာရ ဘယ်လောက်ပဲရှိနေနေ ကလျာဏမိတ္တဆိုတဲ့ မဆလာလေးမခပ်ရင် မမွေးသေးဘူးဗျ၊ စိတ်ကောင်းဆိုတာ ခုနကအသားတစ်မျိုး စိတ်ကောင်းဆိုတာက ဟင်းချက်စရာအသားတစ်မျိုးပေါ့၊ မိတ်ကောင်းရယ် ခုနကတရားကောင်းရယ် ပါဦးလိုပြောတော့ ကလျာဏမိတ္တနဲ့ သဒ္ဓမ္မသဝန ဒီနှစ်ခုနော် (မှန်လှပါဘုရား) အဲဒီ စိတ်ကောင်းဆိုတဲ့ ကလျာဏမိတ္တ၊ သဒ္ဓမ္မသဝနဆိုတဲ့အကောင်းနှစ်ပါးနဲ့ ပေါင်းမပေးသေးသမျှတော့ ဘာဟင်းမွေးနုံ့သာ မဆလာကြက်သွန်အစရှိတဲ့ ဟင်းမွေးနုံ့သာတစ်ခုမှမထည့်ပဲ ပကတိအတိုင်းထားတဲ့ဆိတ်သား ဝက်သား စသည်လိုပါပဲတဲ့နော်၊ အသားဆိုတာစားစရာပဲကောင်းတဲ့အရသာတော့ တစ်မျိုးပဲလို့မှတ် ဒါပေမယ့် သူ့ဟင်းမွေးနုံ့သာ ဘာမှမထည့်ရင် သူမွေးပါ့မလား (မမွေးပါဘုရား) သူ့ရဲ့ပင်ကိုယ်အရသာ ဘယ်လိုပဲကောင်းကောင်း အနုံကတော့ အလွန်ဆိုးသကိုဗျာ။ (မှန်လှပါဘုရား)။

ဟင်းမွေးနုံ့သာများစွာလောင်းတော့မှ ရနုံကောင်းဆိုတာလိုပဲ ဟောဒီမှာ စိတ်ကောင်းဆိုတဲ့ ယောနိသောမနသိကာရ ဆိတ်သားထဲမှာ ဘာထည့်မလဲ သဒ္ဓမ္မသဝနရယ် ကလျာဏမိတ္တရယ်တဲ့ ဘယ်နှစ်ခုထည့်လိုက်၊

(နှစ်မျိုး ထည့်ရပါတယ်ဘုရား)

သဒ္ဓမ္မသဝနရယ် ကလျာဏမိတ္တရယ် ဘယ်နှစ်မျိုးထည့်တုန်း၊
(နှစ်မျိုးထည့်ပါတယ်ဘုရား)

သူတော်ကောင်းတရားနာကြားခြင်းရယ် မိတ်ကောင်းဆွေကောင်း ပေါင်းဖော်ခြင်းရယ် နှစ်မျိုးမဟုတ်လား၊ အဲဒီနှစ်မျိုး ပေါင်းပေးလိုက်တာဟာ မဆလာခပ်လိုက်တယ်လို့သာသဘောကျ (မှန်လှပါဘုရား) စိတ်ကောင်းတစ်ခုတည်းရှိနေရုံနဲ့ စိတ်ကောင်းမရရင် တရားကောင်းမနာရ၊ မကျင့်ရရင် ဒီပုဂ္ဂိုလ် မဂ်ဖိုလ်မရဘူးဟုတ်လား။ ဒါ့ကြောင့် ဘုန်းကြီးတို့ပရိသတ်များ ဆိုပေးလိုက်တယ်၊

စိတ်ကောင်းထားပါ၊ မိတ်ကောင်းပါ၊ ကောင်းစွာတရားနာ။

ဘယ်နှစ်ချက်လဲ (သုံးချက်ပါဘုရား) စိတ်ကောင်းထားပါ၊ မိတ်ကောင်းပါ၊ ကောင်းစွာတရားနာ။ ဟုတ်လား၊ နောက်တစ်ပိုဒ်ဆက်လိမ့်မယ် ဘုန်းကြီးတို့ပရိသတ် နောက်တစ်ပိုဒ်ဆက်လိမ့်မယ်ဆိုလိုက်ပါ

စိတ်ကောင်းလည်းထား၊ မိတ်ကောင်းထား၊ တရားကောင်းကိုနာ။

ခုနတိုင်းပဲ မထူးဘူးနော်ဆိုလိုက် -

အဂီါသုံးပါး၊ ပြည့်စုံငြား၊ ယုံမှားကင်းစင်ကွာ။ (သုံးခါက်ဆို)

အမှား အမှန်မသိ ယုံတာ ဝိစိကိစ္ဆာ

ယုံမှားဆိုတာ ပါဠိမှာ ဝိစိကိစ္ဆာ၊ ဝိစိကိစ္ဆာဆိုတာ ယုံမှား ယုံတော့ ယုံတယ် အမှားလား အမှန်လား မခွဲခြားတတ်ဘူးတဲ့၊ အဲဒီမှာ သူယုံနေတာ ဟုတ်သလား မဟုတ်သလား၊ ဟုတ်သလား မဟုတ်သလား ဟုတ်လား (မှန်လှပါဘုရား) ဟုတ်လေသလား မဟုတ်လေသလားလို့ဆိုပြီးတော့ ယုံကြည်ချက်မှာ အဲဒီလို အမှားမှား အယွင်းယွင်းဖြစ်နေတာကို ယုံမှား၊ ဘာတဲ့၊

(ယုံမှားပါဘုရား)

ပါဠိလိုပြောတော့ ဝိစိကိစ္ဆာ မဝေခွဲနိုင်ဘူး၊ လမ်းနှစ်ခွရပ်ပြီးတော့ လမ်းဆုံလမ်းခွမှာရပ်ပြီးတော့ ဟာ လက်ဝဲဘက်လိုက်ရကောင်းမလား လက်

ယာဘက်လိုက်ရကောင်းမလား ဘယ်လမ်းအမှန်တုန်းလို့ လမ်းထိပ်ကရပ်ပြီး တော့ဝေခွဲလို့မရတာသည် ဝိစိကိစ္ဆာ ယုံမှား၊ အဲဒီယုံမှားဆိုတဲ့ ဝိစိကိစ္ဆာ ပြေပျောက်ကြောင်းဟာ ဘာလဲလို့ဆိုရင် ယခုပြောခဲ့တဲ့အချက်သုံးခုပဲ၊ ငိစိကိစ္ဆာလို့ ဆိုရသည့် ယုံမှားမှုပြေပျောက်အောင် အချက်သုံးပါးနဲ့ပြည့်စုံရမယ်၊ အချက် ဘယ်နှစ်ပါး (သုံးချက်ပါဘုရား)။

စိတ်ကောင်းထားပါ၊ မိတ်ကောင်းရှာ၊ ကောင်းစွာတရားနာ၊

ဒါမဟုတ်လား၊ အဲဒါကို စိတ်ကောင်း လည်းထား၊ မိတ်ကောင်းထား၊ တရားကောင်းကိုနာ၊ အတူတူပဲမဟုတ်လား၊ ဘာဖြစ်လို့စာကြီးနှစ်ပိုဒ်ဖြစ်နေတုန်း တူရဲ့သားနဲ့ဆိုတော့ ဘုန်းကြီးတို့ ကာရန်တူအောင် ဘုန်းကြီးကကြိုးစားကြည့်တာ၊ စိတ်ကောင်းလည်းထား၊ မိတ်ကောင်းထား၊ တရားကောင်းကိုနာဆိုတော့၊ အား အားချည်းသွားတာ မဟုတ်လား အားကာရန် (မှန်လှပါဘုရား) နောက်ပြီးတော့ကြည့် အဂီါသုံးပါး၊ ပြည့်စုံငြား၊ ယုံမှားကင်းစင်ကွာဆိုတော့ အားအားချည်းသွားတာမဟုတ်လား၊ အားကာရန်ကိုက်တာပေါ့ ခုနက ရှေ့ကစာပိုဒ်ကလေးကတော့ ဆိုကောင်းတာနဲ့ အဲဒါအပျင်းပြေထည့်ထားတာ စိတ်ကောင်းထားပါ၊ မိတ်ကောင်းရှာ၊ ကောင်းစွာတရားနာ၊ သူကတော့ အာ ကာရန်သွားတယ်နော်။

ယုံမှားမှုပျောက်အောင် ဘာတွေလိုအပ်သလဲ

ကဲ ဒီတော့ အဓိပ္ပါယ်ကတော့ စိတ်ကောင်းရှိခြင်း စာလိုပြောတော့ မနသိကာရ၊ မိတ်ကောင်းရှိခြင်း၊ ဘာတဲ့တုန်း ကလျာဏမိတ္တ၊ ပြီးတော့သူတော်ကောင်းတရားကိုနာကြားရခြင်း သဒ္ဓမ္မသဝန၊ သုံးချက်မနေဘူးလား (သုံးချက်ပါဘုရား) အဲဒီ အဂီါသုံးချက်နဲ့ပြည့်စုံလို့ရှိရင်၊ အဂီါသုံးပါး၊ ပြည့်စုံငြား၊ ယုံမှားကင်းကွာ၊ ဒီအဂီါသုံးချက်နဲ့ပြည့်စုံတဲ့ပုဂ္ဂိုလ်သည် ယုံမှားသံသယဆိုတာကင်းတယ်၊ စိတ်ကောင်းနှလုံးကောင်းဘယ်လိုပဲရှိနေနေ သူတော်ကောင်းကိုမပေါင်းဖော်ရသေးရင် ယုံမှားမှုမပျောက်သေးဘူး၊ သူတော်ကောင်းကိုပေါင်းဖော်ရပေမယ့် သူတော်ကောင်းတရား မနာရသေးရင် ယုံမှားသံသယမပျောက်သေးဘူး၊ လမ်းနှစ်ခွရပ်နေတယ်ဟုတ်လား၊ စိတ်ကောင်းထားပါ၊ မိတ်ကောင်းရှာ၊

ကောင်းစွာတရားနာ၊ အဂီါသုံးပါး၊ ပြည့်စုံငြား၊ ယုံမှားကင်းစင်ကွာ။ အချက်အလက်သုံးခုရပြီလား၊ (ရပါပြီဘုရား) ဘုန်းကြီးတို့ပရိသတ်များ တောင်ပို့ကြီးတူးလိုက်တာ၊ တောင်ပို့ကြီးတူးလိုက်တာ မနေ့တုန်းက (ဖားပွကြီး) ဖားပွကြီး။

အဘိက္ခဏာ သုမေဓ သတ္ထုံ အာဒါယ ဥက္ခိပ၊ ဥဒ္ဓုမာယိကံ ဖားပွကြီးတွေ့လာတာ ဖယ်ပစ်လိုက် ဖားပွကြီးဖယ်ပြီးပြီ၊ ဘာလုပ်ရမတုန်းဆိုတော့၊

ပြင်းထန်တဲ့ဒေါသဆိုတာ ဖားပွပါ

ဥက္ခိပ ဥဒ္ဓုမာယိကံ ပဇဟ ကောဓူပါယာသံ၊ ဝ

ဖားပွကြီး ဖယ်ပစ်လိုက်ဆိုတာ ဒေါသကိုဖယ်လိုက်လို့ဆိုလိုတယ်၊ ဖားပွကြီး ဖယ်လိုက်ဆိုတာ၊

(ဒေါသကိုဖယ်ခိုင်းတာပါဘုရား)

ဒေါသကိုဖယ်လိုက်။ ထန်းရွက်ခြောက် သစ်ရွက်ခြောက် သစ်ကိုင်းခြောက်တို့ရဲ့အကြားမှာ လက်သည်းခွံ လက်မရဲ့လက်သည်းခွံ ခြေမရဲ့ခြေသည်းခွံလောက်ရှိတဲ့ဖား၊ အဲဒီဖားကို လူတစ်ယောက်ကဖမ်းလာ မြေကြီးချတုတ်ကလေးနဲ့ ဟိုဘက်တို့ ဒီဘက်တို့ တို့လိုက်တာ တို့တိုင်း တို့တိုင်း ပွပွပွပွပြီးတော့ထလာတယ် စိတ်ဆိုး လွန်းလို့တဲ့၊ ဒီဖားဟာပွလာတယ်၊ တဖြည်းဖြည်းနဲ့ပွလာတာ နောက်ဆုံးကြတော့ ဘုန်းကြီးတို့ပရိသတ်ရေ ဂုံငြင်းလောက်ဥသျှစ်သီးလောက် တစ်ခါတည်းဖားကြီးဟာလုံးပြီးတော့ ခြေလေးဘက်ပစ်ပြီးတော့ ဘာမှမတတ်နိုင်တော့ဘူး၊ ပက်လက်ကိုလန်နေတာပဲနော်။

အဲလို ပက်လက်လန်နေတဲ့ဖား ဘာမှ မတတ်နိုင်တဲ့အချိန် နောက်ဆုံးကြတော့ သူ့ဒေါသမပြေမချင်းပွတာဟာ ပြန်ပြီးတော့ဖြစ်ပါဦးမလား၊

(မဖြစ်တော့ပါဘုရား)

ဒေါသပြေသွားမှ ပွနေတဲ့ကိုယ်ကြီးပြန်ဖြစ်မှာ၊ အဲလို ပြန်မဖြစ်သေးမီ ခြေလက်ပစ်ပြီးတော့ ပက်လက်လန်နေတဲ့အခါ ကျီးစာ ငွေးတအစာ ငှက်အစာဖြစ်မယ်တဲ့ ဒီဖားဟာ၊ ကျီးစာ ငှက်စာမဖြစ်ဘူးလား၊

(ဖြစ်ပါတယ်ဘုရား)

ဒေါသကြပ်ကြပ်ကြီးပြီးတော့ ဘုန်းကြီးတို့ပရိသတ်များ အနည်းငယ်မျှ တို့လိုက်ထိလိုက်ရုံနဲ့ ဒေါသသိပ်ကြီးတဲ့ပုဂ္ဂိုလ်ဟာ အဲဒီဖားပွလိုပဲတဲ့၊ ဒေါသ ကြောင့် ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်ဆိုတဲ့အပါယ်လေးဘုံမှာ ဘုန်းကြီး တို့ပရိသတ်များ ဒုက္ခများတတ်တယ်လို့-

ဒေါသကို မေတ္တာနဲ့ပယ်

ဥဒ္ဓုမာယိကာတိ ဧတံ အဓိဝစနံ၊ ဥဒ္ဓုမာယိကာ ဖားပွ ဖားပွဆိုသော ဤစကားသည်ကား။ ကောဓုပါယာသဿ၊ ပြင်းထန်စွာသောဒေါသတရား၏။ အဓိဝစနံ၊ အမည်ပါပေတည်း။ ဥက္ခိပ ဥဒ္ဓုမာယိက၊ ဖားပွကြီးကိုပယ်လိုက် ဘာနဲ့ပယ်မလဲ မေတ္တာနဲ့ပယ်ရတယ်၊ ဒေါသဆိုသောဖားပွ၊ မေတ္တာနဲ့ပယ် တဲ့ဟုတ်လား၊ မေတ္တာတရားပွားပြီးတော့ ဒေါသငြိမ်းအောင်ပြုတော့ ဖားပွကြီး ကိုပယ်ခဲ့ပြီးပြီ။ ကောဓံ ပဇဟ၊ ဖားပွကိုပယ်လိုက်ပါပြီ၊

ပဇဟ ကောဓုပါယာသံ၊ အဘိကွဏ္ဏ သုမေဓ သတ္ထံ အာဒါယာတိ အယမေတဿ အတ္ထော။ °

သုမေဓ၊ ပညာရှိ။ သတ္ထံ၊ တူရွင်းလက်နက်ကို။ အာဒါယ၊ ကိုင်ပြီးတော့။ အဘိကွဏ္ဏ၊ တူးပါလေလော့။ ဣတိ အယံ၊ ဤသည်ကား။ အတ္ထော၊ ဥဒ္ဓုမာယိကာဆိုသောပုဒ်၏အနက်ပါပေတည်း။ ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ ဗျာကရောတိ၊ ကောင်းစွာမသွေ ဖြေကြားတော်မူခဲ့ပါပေသတည်း။

သာဓု သာဓု သာဓု ပါဘုရား

ဖားပွဆိုတဲ့ဒေါသကို မေတ္တာနဲ့ပယ်ပြီးပြီ၊ တောင်ပို့ကို တပည့်တော်တို့ ဆက်လက်၍ ဘာလုပ်ရအုံးမှာတုန်းလို့ အရှင်ကုမာရကဿပ မထေရ်ကြီးမေးတော့ ငြဟ်ကြီးကဆက်တူးဒီလိုပြောရမယ်နော် (မှန်လှပါဘုရား) တကယ် ငြဟ်ကြီးပြောမိတာကတော့ ပုဏ္ဏားဆရာက တပည့်လုလင်ကို ပြောတယ်

၁။ မ။ ၁။ ၁၉၇

ဖားပွကြီးပယ်ပြီးရင် တောင်ပို့ကိုဆက်၍ သာတူးပါ။ ဆက်တူးပြန်တော့ တောင်ပို့ထဲက ဘာတွေ့ပြန်တုန်းဆိုတော့ ဒို့မာပထော ဘဒန္တေ။ ဘဒန္တေ၊ အို ဆရာပုဏ္ဏား။ ဒို့မာပထော၊ လမ်းနှစ်ခွပါ။ ဒို့မာပထံ၊ လမ်းနှစ်ခွကို။ အဒ္ဒသ၊ တွေ့ပြန်တယ်။ လမ်းနှစ်ခွဆိုတဲ့ လမ်းဆုံကိုတွေ့ပြန်ပြီ လမ်းနှစ်ခွ လမ်းဆုံတွေ့ပြီဆိုတော့ အဲဒီလမ်းနှစ်ခွ လမ်းဆုံကို ဘာလုပ်မလဲဆိုတော့-

အဘိက္ခဏာ သုမေဓ သတ္ထံ အာဒါယ၊ သုမေဓ၊ ပညာရှိတပည့်လုလင်။ သတ္ထံ၊ တူးရွင်းလက်နက်ကို။ အာဒါယ၊ ကိုင်ဆွဲပြီးတော့။ တံ ဒို့မာပထံ၊ ထိုလမ်းနှစ်ခွကိုလည်းပဲ။ အဘိက္ခဏာ၊ တူးပါလေလော့။ ဥက္ခိပ၊ မြောက်လိုက်ပါလော့ ပယ်လိုက်ပါလော့ စွန့်လိုက်ပါလော့ ပစ်လိုက်ပါလော့။ ဥက္ခိပ ဒို့မာပထံ၊ လမ်းနှစ်ခွ ပယ်ပစ် ဖယ်ပစ် တူးပစ် ဟုတ်လား၊ လမ်းနှစ်ခွတွေ့ပြန်ပြီ အဲဒီလမ်းနှစ်ခွ ဘာလုပ်မလဲ ဥက္ခိပ၊ ပယ်လိုက်။ အဘိက္ခဏာ၊ အဲဒီလမ်းနှစ်ခွကို ပျောက်သွားအောင်တူးပစ် ၊ ဒီလိုမဟုတ်လား (မှန်လှပါဘုရား) ဒီမေးခွန်းကို အရှင်ကုမာရကဿပက မြတ်စွာဘုရားအားမေးပါတယ်။

ဘန္တေ၊ ဘုန်းတော် ကြီးတော်မူသောမြတ်စွာဘုရား။ ကော ဒို့မာပထော၊ ဒို့မာပထော၊ လမ်းနှစ်ခွဆိုသည်ကား။ ကော၊ အဘယ်ပါနည်းအရှင်ဘုရား။ ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား တောင်ပို့ကြီးတူးတော့ လမ်းနှစ်ခွတွေ့လို့ဆိုပါတယ်၊ ထိုလမ်းနှစ်ခွ လမ်းနှစ်ခွဆိုသည်ကား။ ကော၊ အဘယ်ပါနည်း မြတ်စွာဘုရား။ ဣတိ၊ ဤသို့။ အာယသ္မာကုမာရကဿပေါ၊ အရှင်ကုမာရကဿပမထေရ်သည်။ ဘဂဝန္တံ၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားကို။ ဣမံ ပဉ်၊ ဤမေးခွန်းကို။ သတ္ထာမံ၊ ခုနှစ်ခုမြောက် ဖြစ်သော။ ဣမံ ပဉ်၊ ဤမေးခွန်းကို။ အပုစ္ဆိ၊ သိလိုရေးနှင့် မေးလျှောက်ရာလေတော့သတည်း။

သာဓု သာဓု သာဓု ပါဘုရား။

သတ္ထာမံ ခုနှစ်ခုမြောက်တဲ့ တရားပွဲခုနှစ်ပွဲမြောက်မေးခွန်းက တစ်ဆယ်ဗျာ (မှန်လှပါဘုရား) ခုနှစ်ပွဲမြောက်မှာ မေးခွန်းတစ်ဆယ်ရောက်တာ ဒီတော့ ခုနှစ်ခုမြောက် မေးခွန်းဖြစ်သွားတယ်နော်၊ ဒါလဲပဲ အခိုးထွက်တာပဲ၊ ခုနှစ်ပွဲမြောက်မှာ မေးခွန်းတစ်ဆယ်ရောက်ပါတယ်၊ ဒသမံ၊ ဆယ်ခုမြောက်ဖြစ်

သော။ ပဉ္စံ၊ မေးခွန်းကို။ အပုစ္ဆိ မေးမြန်းတော်မူခဲ့လေပြီ ထည့်လိုက်၊ ဆယ်ခု မြောက်မေးခွန်းကို အရှင်ကုမာရကဿပကမထေရ်ကြီးမေးပါတယ် လမ်းနှစ်ခွ ဆိုတာ ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား ဘာများမိန့်တော်မူလိုပါ သလဲ လမ်းနှစ်ခွဆိုတာဘာပါလိမ့်မလဲ ဒီအခါ မြတ်စွာဘုရားရှင်ကိုယ် တော်မြတ်က ချစ်သားကုမာရကဿပ တောင်ပို့ကြီးဆက်တူး လမ်းနှစ်ခွ ဆိုတာ တစ်ခြားမဟုတ်ဘူး။

လမ်းနှစ်ခွဆိုတာ ဝိစိကိစ္ဆာ

ဒွိဓာပထောတိ ခေါ ဘိက္ခု ဝိစိကိစ္ဆာယေတံ အဓိဝစနံ။ [၁]

ဘိက္ခု၊ ချစ်သားရဟန်း။ ဒွိဓာပထောပိ ဧတံ အဓိဝစနံ၊ လမ်းနှစ်ခွ လမ်းနှစ်ခွဆိုတဲ့ ဒီစကားသည်ကား။ ဝိစိကိစ္ဆာယ၊ ဝိစိကိစ္ဆာတရား၏။ အဓိဝစနံ၊ အမည်ပါပေတည်း။ လမ်းနှစ်ခွဆိုတာက ဝိစိကိစ္ဆာဖြစ်နေတာတဲ့ ဘာပါလိမ့် (ဝိစိကိစ္ဆာဖြစ်နေတာပါဘုရား) လမ်းနှစ်ခွဆိုတာ ဝိစိကိစ္ဆာဖြစ်နေတာနော်။ ဘိက္ခု၊ ချစ်သားရဟန်း။ ဒွိဓာပထော ဧတံ အဓိဝစနံ၊ လမ်းနှစ်ခွ လမ်းနှစ်ခွ ဆိုသောဤစကားသည်ကား။ ဝိစိကိစ္ဆာယ၊ ဝိစိကိစ္ဆာတရား၏။ အဓိဝစနံ၊ အမည်ပါပေတည်း။ ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်သည်။ ဒဿံ၊ ဆယ်ခုမြောက်ဖြစ်သော။ ပဉ္စံ၊ မေးခွန်း ကို။ ဗျာကရောတိ၊ ဆုတ်ဆိုင်းမရှိ ဟုတ်တိုင်းမှန်စွာ ဖြေကြားတော်မူခဲ့ပါပေ သတည်း။

သာဓု -သာဓု -သာဓု ပါဘုရား။

လမ်းနှစ်ခွဆိုတာက ဝိစိကိစ္ဆာ၊ ချစ်သား ကုမာရကဿပ တောင်ပို့ကြီး ထဲမှာ လမ်းနှစ်ခွရှိတယ်ဆိုတာတစ်ခြားမဟုတ်ဘူး ချစ်သား ပုထုဇဉ်တို့ရဲ့ခန္ဓာ ထဲမှာ ဝိစိကိစ္ဆာဆိုတာရှိတယ် ပုထုဇဉ်တို့ရဲ့ကိုယ်ထဲမှာဘာရှိ၊

(ဝိစိကိစ္ဆာရှိပါတယ်ဘုရား)

ဘုန်းကြီးတို့ပရိသတ်များ သောတာပန်မဖြစ်သေးရင် ဝိစိကိစ္ဆာရှိ

၁။ မ။ ၁။ ၁၉၈

သကိုနော်၊ အဲဒါကြောင့် ပုထုဇဉ်တို့ရဲ့ကိုယ်ကာယလို့ဆိုရတဲ့ ဤတောင်ပို့ကြီးထဲမှာ ဝိစိကိစ္ဆာဆိုတဲ့လမ်းနှစ်ခွသည်ရှိပါတယ်တဲ့၊ ပုထုဇဉ်တို့ရဲ့ကိုယ်ကာယကလမ်းနှစ်ခွကိုရောက်ရင် ဘုန်းကြီးတို့ပရိသတ်အပေါင်းသူတော်ကောင်းတို့ အဲဒီလမ်းနှစ်ခွ ပယ်ပစ်၊ တစ်လမ်းတည်းရှိရမယ်၊ ဥဇုမဂ္ဂံ ဖြောင့်သောလမ်း တစ်လမ်းတည်းဟုတ်လား၊ အဲဒီဖြောင့်နေတဲ့လမ်းကြောင်းကြီးတစ်ခုတည်းကို ပဋိပန္နသွားရမယ်၊ ဥဇုမဂ္ဂပဋိပန္နာ ဘာပါလိမ့်၊

(ဥဇုမဂ္ဂပဋိပန္နပါဘုရား)

မဂ္ဂဆိုတဲ့ စာလုံးကိုဖြုတ်လိုက်ရင် ဥဇုပဋိပန္နာ မဖြစ်ဘူးလား၊

(ဖြစ်ပါတယ်ဘုရား)။

ဥဇုမဂ္ဂံ၊ လမ်းဖြောင့်ကို။ ဥဇုံ၊ ဖြောင့်ဖြောင့်မတ်မတ်။ ပဋိပန္နာ၊ သွားတယ်။ လမ်းဖြောင့်ကိုဖြောင့်ဖြောင့်သွားတဲ့ ဥဇုမဂ္ဂပဋိပန္နာ အဲဒါ ဥဇုပဋိပန္နာဖြစ်ပါတယ်နော်၊ လမ်းနှစ်ခွရောက်လို့ တစ်နည်း ဝိစိကိစ္ဆာဝင်နေပြီဆိုရင် အဲဒီပုဂ္ဂိုလ်သည် ဥဇုမဂ္ဂပဋိပန္နာဖြစ်ဘုံးမလား၊ (မဖြစ်တော့ပါဘုရား) လမ်းနှစ်ခွရောက်နေတယ် လမ်းမှားနဲ့လမ်းမှန်ကိုခွဲပေးမည့်ပုဂ္ဂိုလ်မရှိရင်၊ ခွဲပေးမယ့်တရားမရှိရင် နှစ်မျိုးနော် (မှန်လှပါဘုရား)။

၁။ လမ်းမှားနဲ့လမ်းမှန်ကိုခွဲပေးမည့်ပုဂ္ဂိုလ်မရရင်

၂။ လမ်းမှားနဲ့လမ်းမှန်ကိုခွဲခြားပေးမယ့်တရားမရရင်

လမ်းမှား နဲ့လမ်းမှန်ကို ခွဲခြားသိနိုင်တဲ့အသိဉာဏ်ဆိုတဲ့ ယောနိသောမနသိကာရ ကိုယ့်မှာမရှိရင် လမ်းဆုံရပ်ပြီးတော့ ဒီဘက်လား ဟိုဘက်လား ဟိုဘက်လား ဒီဘက်လားတွေးနေလိမ့်မယ်၊ ဤလမ်း လမ်းမှန်ထင်ပြီးတော့ သွားလိုက်ရင် လမ်းမှားချည်းပဲဖြစ်ကောင်းဖြစ်လိမ့်မယ် ဟုတ်လား၊ ဒါကြောင့်

ကုမ္မဂ္ဂစ္စ ဝိဇ္ဇေတွာ၊ သုမဂ္ဂံ ယန္တိ ပါဏိနော။
ဝက်္ခာဟံ ဝိဝေဇ္ဇေတွာ၊ ဥဇုံ သုမဂ္ဂတော ဘဝေ။ လို့

ဒီပဲယင်းဆရာတော်ဘုရားကြီး ပရမတ္ထသံခိပ်မှာ ပရမတ္ထစက္ခုကျမ်းရဲ့ နိဂုံးမှာ အဲဒီဆုတောင်းထည့်ထားတယ် (မှန်လှပါဘုရား) အရေးကြီးလို့-

ကုမ္မဂ္ဂဥ္စ ဝိဝဒေ့တွာ၊ သုမဂ္ဂံ ယန္တ္ဟ ပါဏိနော။

ပါဏိနော၊ များလ့သောင်းသောင်း သတ္တဝါအပေါင်းတို့သည်။ ကုမဂ္ဂံ၊ နိဗ္ဗာန်ရောက်ကြောင်း ခရီးကောင်းမဟုတ်တဲ့လမ်းကောက်ကြီးကို။ နိဗ္ဗာန်ရောက်ကြောင်း ခရီးကောင်းမဟုတ်တဲ့ လမ်းဆိုးကြီးကို။ ဝိဝဒေ့တွာ ၊ ရှောင်ရှား ဖယ်ကြဉ်၍။ သုမဂ္ဂံ၊ နိဗ္ဗာန်ရောက်ကြောင်း ခရီးကောင်းကို။ ဥဇုံ၊ ဖြောင့်ဖြောင့် မတ်မတ်။ ယန္တ္ဟ၊ လိုက်သွားနိုင်ကြပါစေကုန်သတည်း။ တစ်ပိုဒ်၊ ပါဏိနော၊ များလ့သောင်းသောင်း သတ္တဝါအပေါင်းတို့သည်။ ဝက်၊ နိဗ္ဗာန်ရောက်ကြောင်း ခရီးဖြောင့်မဟုတ်တဲ့လမ်းကောက်ကြီးကို။ ကုမ္မဂ္ဂက လမ်းဆိုး၊ ဝက် ဆိုတာက လမ်းကောက်၊ ဘယ်နှစ်မျိုး (နှစ်မျိုးပါဘုရား) လမ်းကောက် လမ်းဆိုးနော် ကုမ္မဂ္ဂံ၊ လမ်းဆိုးကို။ ဝက် ၊လမ်း ကောက်ကို ဤနှစ်မျိုးကို ဝိဝဒေ့တွာ ရှောင်ရှား ဖယ်ကြဉ်၍။သုမဂ္ဂံ၊ နိဗ္ဗာန်ရောက်ကြောင်း ခရီးကောင်းကို။ ဥဇုံ၊ ဖြောင့်ဖြောင့် မတ်မတ်။ ယန္တ္ဟ၊ လိုက် သွားနိုင်ကြပါစေကုန်သတည်း။

ဘုန်းကြီးတို့ပရိသတ်များ သူတစ်ပါးအတွက်လည်း ဒီဆုတောင်းပေး၊ ဆုတောင်းဆိုတာ အဲဒီနေရာမေတ္တာပို့တစ်မျိုးဖြစ်တယ် (မှန်လ့ပါဘုရား) သြော် သတ္တဝါတွေ လမ်းဆိုးလမ်းမှားကြီးပယ်ပြီးတော့ လမ်းမှန်ကိုလိုက်နိုင်ကြပါစေ မေတ္တာတစ်မျိုးပေါ့နော် ကိုယ့်ဘက်လည်းပဲအဲဒါပြန်ထားပေါ့၊ အဟမ်ပေါ့၊ ငါလည်းပဲ။ ကုမဂ္ဂံ၊ နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းမဟုတ်တဲ့လမ်းဆိုးကြီးကို။ ဝက်၊ နိဗ္ဗာန်ရောက်ကြောင်း ခရီးကောင်းမဟုတ်တဲ့ ခရီးဖြောင့်မဟုတ်တဲ့လမ်းကောက်ကြီးကို။ ဝိဝဒေ့တွာ၊ ရှောင်ရှားဖယ်ကြဉ်၍။ ဥဇုံ၊ ဖြောင့်ဖြောင့် မတ်မတ်။ သုမဂ္ဂကော၊ နိဗ္ဗာန်ရောက်ကြောင်း ခရီးကောင်းကို လိုက်သွားနိုင်တဲ့ပုဂ္ဂိုလ်သည်။ ဘဝေ(ဘဝေယျံ)၊ ကောင်းစွာမသွေ ဖြစ်ရပါစေသတည်း။

သာဓု သာဓု သာဓု ပါဘုရား။

ဝိစိကိစ္ဆာရဲ့အဓိပ္ပါယ်

ဝိစိကိစ္ဆာရဲ့သဘောကို ဟောဒီမှာ စဉ်းစားကြည့်အုံးစို့ဗျာ လမ်းနှစ်ခွဆိုတာဝိစိကိစ္ဆာလို့ ဘုန်းကြီးတို့ ပရိသတ်ရထားပြီ၊ အဲဒီဝိစိကိစ္ဆာရဲ့ သဘောကို ဘုန်းကြီးတို့ပရိသတ်များ လေးမျိုးမှတ်ရအောင်၊ ဘယ်နှစ်မျိုးမှတ်မလဲ၊

(လေးမျိုး မှတ်ရပါမယ်ပါဘုရား)။

(၁) **သံသယလက္ခဏာ ဝိစိကိစ္ဆာ** [၁] တဲ့၊ တစ်က သံသယလက္ခဏာ ဝိစိကိစ္ဆာတဲ့နော်၊ ဝိစိကိစ္ဆာဆိုတာ သံသယလက္ခဏာရှိတယ်၊ ဘာလက္ခဏာ၊ (သံသယလက္ခဏာရှိပါတယ်ဘုရား)။

သံသယဆိုတဲ့ပါဠိစကားလုံးဟာ လူ့လောက ကလေးတွေတောင်နား လည်နေကြသေးတော့ အဲဒါကို ဘာသာမပြန်ပဲ၊ ဒီအတိုင်းထားတာပိုကောင်းတယ်၊ အကုန်လုံးနားလည်ပြီးသားဖြစ်နေတဲ့ဝေါဟာရကို ဘာသာမပြန်ရင်ပိုပြီးတော့ကောင်းမယ်၊ သံသယတဲ့ ဝိစိကိစ္ဆာဆိုတာ ဘာလဲဟ့ဆို သံသယနော်။ (မှန်လှပါဘုရား)

သံသယဆိုတာ ဟုတ်လေသလော မဟုတ်လေသလော မှားလေသလော မှန်လေသလော အဲဒီလောတွေမျှားနေတာဟာ သံသယပဲ။ သံသယလက္ခဏာ ဝိစိကိစ္ဆာ၊ ဝိစိကိစ္ဆာ၊ ဝိစိကိစ္ဆာဆိုတာသံသယလက္ခဏာရှိ၏။ ဝိစိကိစ္ဆာ၏လက္ခဏာသည်သံသယနော်၊ ကောင်းပြီသံသယဝင်လာပြီလဲဆိုရော ဝိစိကိစ္ဆာက ဘယ်လိုကိစ္စတွေကိုလုပ်သလဲဆိုတော့၊

ကမ္မနရဿာ၊ ကမ္မနရဿာ၊ တုန်လှုပ်ခြင်းဆိုသောကိစ္စကို ဆောင်ရွက်တယ်၊ ကမ္မနရဿာ တုန်လှုပ်တဲ့ကိစ္စတွေသူလုပ်နေတယ်၊ ဟော ဘယ်နှစ်ခုရပြီ (နှစ်ခုပါဘုရား)။

ဝိစိကိစ္ဆာဆို သံသယလက္ခဏာရှိတယ်၊ ဝိစိကိစ္ဆာသည် တုန်လှုပ်တဲ့ကိစ္စကိုလုပ်တယ်၊ သံသယဝင်လည်းတုန်လှုပ်တာပဲနော်၊ သံသယလက္ခဏာ ဝိစိကိစ္ဆာ သံသယလက္ခဏာရှိနေတာ ဝိစိကိစ္ဆာရဲ့သဘော၊ ကမ္မနရဿာ သူ့ကို တုန်လှုပ်စေတယ်၊ ငါ့ကိုလည်းတုန်လှုပ်စေတယ်၊ သူ့နဲ့ငါနှစ်ဦးသားတို့ကိုလည်း တုန်လှုပ်စေတယ်၊ စိတ်ဓာတ်တွေကိုတုန်လှုပ်ခြောက်ခြားစေတယ်ဆိုတာ သံသယလက္ခဏာရှိတဲ့ ဝိစိကိစ္ဆာကဆောင်ရွက်နေတာ။ ကမ္မနရဿာ၊ တုန်လှုပ်ခြင်းကိစ္စကိုပြုတယ်တဲ့လက္ခဏာရယ် ကိစ္စရယ် ဘယ်နှစ်ခုရလဲ (နှစ်ခုပါဘုရား)။

၁။ အဘိ၊ ဋ္ဌ။ ၁။ ၃၀၀

နောက်တစ်ခါ ဘုန်းကြီးတို့ပရိသတ်များ **အနိစ္စယ ပစ္စုပ္ပဒ္ဒါနာ** တဲ့ အနိစ္စယပစ္စုပ္ပဒ္ဒါနာ အနိစ္စယနော် ဝိနိစ္စယမဟုတ်ဘူး၊ 'အနိစ္စယပစ္စုပ္ပဒ္ဒါနာ' မဆုံးဖြတ်နိုင်တဲ့သဘောတွေထင်ရှားလာတယ် အကြိတ်ပေါ်လာတာ သံသယဝင်ပြီလည်းဆိုရော တုန်လှုပ်လာတယ်၊ တုန်လှုပ်လာပြီဆိုတဲ့အခါကျတော့ မဆုံးဖြတ်နိုင်တဲ့သဘောတွေဝင်လာတယ် ထင်ရှားလာတယ်။ ဒါအဆင့်ဆင့်သွား လက္ခဏာက သံသယ၊ ဆောင်ရွက်တဲ့ကိစ္စက ကမ္မန၊ ပေါ်လာတဲ့အကျိုးက အနိစ္စယ၊ ဘယ်နှစ်ခုရ (သုံးခုပါပြီဘုရား) သံသယဖြစ်ရင် ကမ္မနဖြစ်တယ်၊ ကမ္မနဖြစ်တော့ အနိစ္စယဖြစ်တယ်။ ဒီလိုမဟုတ်လား၊ ယုံမှားသံသယတွေဖြစ်ပြီဆိုလို့ရှိရင် တုန်လှုပ်ကုန်ရော၊ တုန်လှုပ်ပြီဆိုတဲ့အခါကျတော့ အနိစ္စယမဆုံးဖြတ်နိုင်တော့ဘူးနော်။ (မှန်လှပါဘုရား)။

စိတ်ကောင်းမရှိတာ အယောနိသောမနသိကာရ

သံသယလက္ခဏာ ဝိစိကိစ္ဆာ၊ ဝိစိကိစ္ဆာဆိုတာ သံသယလက္ခဏာရှိတယ်၊ **ကမ္မနရသာ**၊ တုန်လှုပ်စေသော တုန်လှုပ်သောကိစ္စကို သူသည်ဆောင်ရွက်ပါတယ် (ဝါ) တုန်လှုပ်စေသောကိစ္စရှိ၏၊ **အနိစ္စယပစ္စုပ္ပဒ္ဒါနာ**၊ မဆုံးဖြတ်နိုင်တဲ့သဘောတွေ ထင်ရှား၍လာပေလိမ့်မယ်၊ သုံးခုမဟုတ်လား။ (သုံးခုပါဘုရား) အဲဒီဝိစိကိစ္ဆာ ဘာကြောင့်ဖြစ်ပေါ်တာတုန်း အကြောင်းရင်းကို ပဒဋ္ဌာန်ကိုမေးလိုက်တော့၊

အယောနိသော မနသိကာရပဒဋ္ဌာနာ တဲ့ဗျ။ ဝိစိကိစ္ဆာ၊ ဝိစိကိစ္ဆာဆိုသည်ကား။ အယောနိသောမနသိကာရပဒဋ္ဌာနာ၊ အယောနိသော မနသိကာရကြောင့်ဖြစ်တာ။ ခုနက ယောနိသောမနသိကာရ၊ ယခုတော့ အယောနိသောမနသိကာရ၊ အယောနိသောမနသိကာရ၊ မမှန်မကန်နှလုံးသွင်း၊ မသင့်မတင့်နှလုံးသွင်း၊ မှားမှားယွင်းယွင်းနှလုံးသွင်း၊ တိုတိုလေးပြောရင်တော့ စိတ်ကောင်းမရှိတာဟုတ်လား။ (မှန်လှပါဘုရား) အယောနိသော မနသိကာရနှလုံးသွင်းမမှန်ဘူးဆိုတာဟာ ဝိစိကိစ္ဆာရဲ့အကြောင်းရင်းပဲ၊ ပဒဋ္ဌာန်ဆိုတာနီးကပ်နေတဲ့အကြောင်း၊ ဝိစိကိစ္ဆာရဲ့အကြောင်းရင်းပြော ဝိစိကိစ္ဆာဘာကြောင့်ဖြစ်ဆိုတော့ မမှန်မကန်နှလုံးသွင်းလို့ဖြစ်တယ်၊ စာအတိုင်းပြောတော့

အယောနိသောမနသိကာရကြောင့်ဖြစ်တာ၊ အယောနိသော မနသိကာရ ပဒဋ္ဌာနာ၊ ဝိစိကိစ္ဆာဆိုသည်ကား။ အယောနိသောမနသိကာရပဋ္ဌာနာ၊ မသင့်မတင့်နှလုံးသွင်းခြင်းကြောင့်ဖြစ်တယ် အကြောင်းရင်းက မသင့်မတင့်နှလုံးသွင်းမှု၊ ပေါ်လာတဲ့အကျိုးက အနိစ္ဆယ၊ ဘာမှမဆုံးဖြတ်နိုင်တော့ဘူး ဟုတ်လား၊ စိတ်ဓာတ်တွေကတုန်လှုပ်နေပြီ၊ လက္ခဏာက သံသယဝင်တယ် ဘယ်နှစ်မျိုး၊

(လေးမျိုးပါဘုရား)

သံသယလက္ခဏာရှိတယ်၊ တုန်လှုပ်စေသောကိစ္စကိုပြုတယ်၊ မဆုံးဖြတ်နိုင်မှုတွေပဲလွှမ်းမိုးနေတယ်၊ အယောနိသော မနသိကာရ မသင့်မတင့်နှလုံးသွင်းမှုသည် ဝိစိကိစ္ဆာရဲ့အကြောင်းရင်းပဲ ဟုတ်လား။ (မှန်လှပါဘုရား)။

အဲဒါကို ဘုန်းကြီးတို့ အဘိဓမ္မာအဋ္ဌကထာကြီးများက လက္ခဏာဒိစတုက္ကလို့ခေါ်တယ်ဗျ (မှန်လှပါဘုရား) မှတ်စရာလက္ခဏာအစရှိသောလေးချက် ဘုန်းကြီးတို့ပရိသတ်ရပြီ ဝိစိကိစ္ဆာရဲ့လက္ခဏာကဘာရှိတုန်း ဝိစိကိစ္ဆာရဲ့လက္ခဏာကဘယ်လိုတုန်း၊

(သံသယပါဘုရား)

သံသယ အဲဒီဝိစိကိစ္ဆာရဲ့လက္ခဏာက ဘာကိုဆောင်ရွက်တုန်း၊

(တုန်လှုပ်တာကိုဆောင်ရွက်ပါတယ်ဘုရား)

တုန်လှုပ်အောင်လုပ်တယ် ဝိစိကိစ္ဆာဖြစ်တော့ ဘာတွေထင်ရှား၊ မဆုံးဖြတ်နိုင်တာတွေထင်ရှားတယ်၊ ဝိစိကိစ္ဆာဘာကြောင့်ဖြစ်ရ၊ အယောနိသောမနသိကာရကြောင့်ဖြစ်ရတယ်၊ လမ်းနှစ်ခွရောက်ဆိုတာဒါပဲလို့ သဘောကျ။

ဝိစိကိစ္ဆာဖြစ်စေခြင်းနဲ့ပယ်ခြင်းအကြောင်းရင်း

ပုထုဇဉ်တို့ရဲ့ဓမ္မတာ ဤလမ်းနှစ်ခွဟာ မကြာမကြာတွေ့ရတယ်၊ ကလျာဏမိတ္တနဲ့ သဒ္ဓမ္မသဝနကိုမရရင် ဒီလမ်းနှစ်ခွကိုကျော်နိုင်ဖို့မလွယ် ကြဘူးဟုတ်လား။ (မှန်လှပါဘုရား) ယောနိသောမနသိကာရ စိတ်ကောင်းမည်မျှရှိစေကာမူ ကလျာဏမိတ္တကိုမရသေးသမျှ သဒ္ဓမ္မသဝနကိုမရသေးသမျှ လမ်းနှစ်ခွကိုကျော်လွန်ဖို့ မလွယ်ကြဘူးဗျာ၊ ဒါကြောင့် အယောနိသောမနသိ

ကာရက ဝိစိကိစ္ဆာကိုဖြစ်စေတဲ့အကြောင်းရင်း၊ ယောနိသော မနသိကာရက ဝိစိကိစ္ဆာကိုကင်းလွတ်စေတဲ့အကြောင်းရင်း။ ဒီလိုလာတယ် (မှန်လှပါဘုရား)။

အယောနိသောမနသိကာရက ဝိစိကိစ္ဆာကိုဖြစ်စေတယ်၊ ယောနိသော မနသိကာရက ဝိစိကိစ္ဆာကိုပယ်တယ် ဟုတ်လား၊ ဝိစိကိစ္ဆာကိုပယ်တာက ယောနိသောမနသိကာရ၊ ဝိစိကိစ္ဆာကိုဖြစ်စေတာက အယောနိသောမနသိကာရ သဘောရပြီလား (မှန်လှပါဘုရား) ဟိုဘက် ဒီဘက်ညှပ်ထားလိုက် အလယ်ခေါင်က စည်းလေးထား၊ ဝိစိကိစ္ဆာကိုပယ်တာက ယောနိသောမနသိကာရ၊ ဝိစိကိစ္ဆာကိုဖြစ်စေတာက၊

(အယောနိသောမနသိကာရပါဘုရား)

ယောနိသောမနသိကာရရရင်တဲ့ ဝိစိကိစ္ဆာပယ်ဖို့ရန်အတွက် သုံးပုံတစ်ပုံအခြေခံလုံလောက်ပြီ ယောနိသောမနသိကာရကနေ ကလျာဏမိတ္တကိုကူးသွားတဲ့အခါကျတော့ သုံးပုံနှစ်ပုံဝိစိကိစ္ဆာ ပယ်ဖို့ရန်လုံလောက်ပြီ (မှန်လှပါဘုရား)။

သဒ္ဓမ္မသဝနရပြီလည်းဆိုရော သူတော်ကောင်းတရား အမှန်တရားနာလိုက်ရတာ ခုနကယုံမှားကြီးဟာ၊

(ကွာသွားပါပြီပါဘုရား)

ဟာ အကြောင်းတရားသုံးပါး ဝိစိကိစ္ဆာကိုပယ်ဖို့၊ ဝိစိကိစ္ဆာဖြစ်စေဖို့ကတော့ တစ်ပါးတည်းရယ် ဖြစ်စေဖို့က အယောနိသောမနသိကာရ၊ ဝိစိကိစ္ဆာပယ်ဖို့ကြတော့သုံးပါးတောင်ရှိတယ်၊ ဒီတော့မကောင်းတဲ့ဘက်ဖြစ်ဖို့က တယ်လွယ်တယ်။ အကြောင်းတရားနည်းတယ်၊ ကောင်းတယ်ဆိုတဲ့အချက်အလက်ဖြစ်ဖို့ကြတော့ စုဆောင်းလိုက်ရတာမနည်းဘူးတဲ့၊ အကြောင်းသုံးပါးစုံမှ၊ ဒီလိုမဟုတ်လား (မှန်လှပါဘုရား)။

အေး ဒီတော့ ဝိစိကိစ္ဆာဖြစ်ခြင်းရဲ့အကြောင်းနဲ့ ဝိစိကိစ္ဆာကိုပယ်ဖို့ အကြောင်းများ အတွဲလိုက် ဘုန်းကြီးတို့ပရိသတ်ရကြပြီလား (ရကြပါပြီဘုရား) သံသယလက္ခဏာ ဝိစိကိစ္ဆာ၊ ဝိစိကိစ္ဆာသည် သံသယလက္ခဏာရှိတယ်။ 'ကမ္မနရသာ ဝိစိကိစ္ဆာ၊ တုန်လှုပ်တဲ့ကိစ္စရှိ၏။ ဝိစိကိစ္ဆာသည်တုန်လှုပ်တဲ့ကိစ္စရှိ

၏နော်၊ အနိစ္စယပစ္စုပဋ္ဌာနာ၊ မဆုံးဖြတ်နိုင်တဲ့အမှုတွေ ဝိစိကိစ္ဆာဖြစ်တဲ့အခါ ထင်ရှားထင်ရှားနေတယ်။ မဆုံးဖြတ်နိုင်မှုအကျိုးတွေပေါ်လာတယ်ပေါ့ အယောနိသောမနသိကာရပဒဋ္ဌာန၊ မသင့်မတင့်နှလုံးသွင်းမှုတွေကြောင့် ဝိစိကိစ္ဆာဖြစ်တယ်။ ဝိစိကိစ္ဆာကိုပယ်ဖို့ရန်အတွက် ယောနိသောမနသိကာရအကြောင်းကိုရှာ၊ ဒါကြောင့် သပ္ပုရိသူပနိဿအကြောင်းကိုရှာ၊ ကလျာဏမိတ္တာနောက် သပ္ပုရိသူပနိဿယ အတူတူပဲ၊ သူတော်ကောင်းတို့ ပေါင်းဖော်ဆိုတာ ကလျာဏမိတ္တာကိုပြောတာနော်၊ သဒ္ဓမ္မသဝနသူတော်ကောင်းတရားကိုနာကြားခြင်းအကြောင်း (သုံးခုပါဘုရား) သုံးခု အဲဒီသုံးခုစုံရင် အခုယုံမှားမှုဆိုတာကွာသွားတယ်။

ဒီတော့ ဘုန်းကြီးတို့ ပရိသတ် အပေါင်းသူတော်ကောင်းတို့ ဆိုလိုက်ဦးခုနက ပါဠိရစေချင်လို့ပါနော် (မှန်လှပါဘုရား) ဆိုလိုက်ဦး ဆိုမပေးတော့ဘူးကိုယ်ဘာကိုယ်ဆိုတော။

စိတ်ကောင်းထားပါ၊ မိတ်ကောင်းရှာ၊ ကောင်းစွာတရားနာ။
အဂီါသုံးပါး၊ ပြည့်စုံငြား၊ ယုံမှားကင်းစင်ကွာ (သုံးခေါက်)

အဂီါသုံးပါးပြည့်စုံရင် ယုံမှားသံသယဆိုတာကင်းပြီးတော့ လမ်းနှစ်ခွမှာတွေ့ပြီးတော့ ရပ်မနေဘူး ဤသည်ကားလမ်းမှား၊ ထားခဲ့၊ ဤသည်ကားလမ်းမှန် ငါသည်လျှောက်ရမယ့် ဥဇုမဂ္ဂပဋိပန္နဒီတော့မှဖြစ်တယ်ဟုတ်ပြီလား (မှန်လှပါဘုရား) ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်က-

ဒွိဓာပထောတိ ခေါ ဘိက္ခု ဝိစိကိစ္ဆာယေတံ အဓိဝစနံ။

ဘိက္ခု၊ ချစ်သား ရဟန်း။ ဒွိဓာပထောတိ ဇတံ အဓိဝစနံ၊ လမ်းနှစ်ခွလမ်းနှစ်ခွဆိုသော ဤစကားသည်။ ဝိစိကိစ္ဆာယ၊ ဝိစိကိစ္ဆာဆိုသော ယုံမှားသံသယ (ဝါ) ယုံမှားမှုကြီး၏။ အဓိဝစနံ၊ အမည်ပါပေတည်း။ ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်သည်။ ဗျာကရောတိ၊ ဆုတ်ဆိုင်းမရှိ ဟုတ်တိုင်းမှန်စွာ ဖြေကြားတော်မူခဲ့ပါပေသတည်း။

သာဓု သာဓု သာဓု ပါဘုရား။

ယုံမှားခြင်း (၈)ပါး

ယုံမှားဆိုတဲ့စာလုံး ဝိစိကိစ္ဆာဆိုတဲ့စာလုံး ဘုန်းကြီးတို့ပရိသတ်ရသွား ပြီ အဲဒီယုံမှားခြင်းရဲ့အမျိုးအစားများကို တိုးခဲ့ပြီးတော့နည်းနည်းစဉ်းစား အောင်၊ ယုံမှားခြင်းတရားဆိုတာကို ဘုန်းကြီးတို့ပါဠိတော်များမှာ ရှစ်ပါး တစ်မျိုး၊ ဆယ့်ခြောက်ပါးတစ်မျိုး နှစ်မျိုးဟောပါတယ်။ ယုံမှားခြင်းရှစ်ပါး၊ ယုံ မှားခြင်းတစ်ဆယ့်ခြောက်ပါး ဒေသနာတော်များမှာနှစ်မျိုးဟောထားပါတယ် နော်၊ ပစ္စယသုတ္တန် နိဒါနဝဂ္ဂသံယုတ်ပါဠိတော်၊ စူဠနိဒ္ဒေသပါဠိတော် နောက် တစ်ခါ ဘုန်းကြီးတို့ယခုဟောနေတဲ့သုတ္တန်ရဲ့တည်ရာဖြစ်သော မူလပဏ္ဏာသ ပါဠိတော် သဗ္ဗာသဝသုတ္တန်တဲ့၊ ထိုထိုသုတ္တန်များမှာ ယုံမှားခြင်းရှစ်ပါး၊ ယုံမှား ခြင်း(၁၆)ပါးဆိုပြီးတော့ မြတ်စွာဘုရားက ပုဂ္ဂလဇ္ဈာသယကိုင့်ပြီးတော့ နှစ်မျိုး ဟောထားတယ်။

အဲဒီနှစ်မျိုး ဘုန်းကြီးတို့ပရိသတ် ရှစ်ပါးတစ်မျိုးကို ဟောဒီမှာစဉ်းစား ကြည့်ရအောင် ယုံမှားဆိုတာ၊ ဗုဒ္ဓေ ကင်္ခတိ၊ ဘုရား၌ယုံမှားတယ် ဘုရားယုံရ တာ ဟုတ်မှဟုတ်ရဲ့လား ဒီဘုရားအားကိုးရတာ ဟုတ်မှဟုတ်ရဲ့လား ဗုဒ္ဓဆိုတာ ဟုတ်မှဟုတ်ရဲ့လား အဲ ယုံမှားတယ်နော်။ ဓမ္မေ ကင်္ခတိ၊ ဗုဒ္ဓရဲ့တရားတော် တွေဟာ ကိလေသာငြိမ်းတယ်ဆိုတာ ဟုတ်မှဟုတ်ရဲ့လား။ သံဃေ ကင်္ခတိ' ကိလေသာငြိမ်းတဲ့တရားတွေကို ဒီသံဃာတွေကျင့်တယ်ဆိုတာ ဟုတ်မှ ဟုတ်ရဲ့လား။ ဘုရား၌ယုံမှားလာတယ်၊ တရား၌ယုံမှားလာတယ်၊ သံဃာ၌ ယုံမှားလာတယ် ဘယ်နှစ်မျိုးရ (သုံးမျိုးရပါတယ်ဘုရား)

သတ္ထရိ ကင်္ခတိ၊ ဓမ္မေ ကင်္ခတိ၊ သံဃေ ကင်္ခတိ၊ ၁

ဘုရား၌ယုံမှားခြင်း တရား၌ယုံမှားခြင်း၊ သံဃာ၌ ယုံမှားခြင်း သုံးခုပြီး တော့၊ **ပုဗ္ဗန္တေ ကင်္ခတိ**၊ အတိတမဒ္ဓါနံ၊ အတိတ်ကာလ၌လည်းပဲ။ အတိတမဒ္ဓါနံ ဟုတ်ပြီ အတိတ်ကာလ၌၊ ကင်္ခတိ၊ ယုံမှားတယ်။ ဟာ အတိတ်ဘဝ လွန်ခဲ့တဲ့ ဘဝတွေရှိတယ်ဆိုတာ ဟုတ်မှဟုတ်ရဲ့လားတစ်မျိုးရမဟုတ်လား (မှန်လှပါ ဘုရား) ပုဗ္ဗန္တေ ကင်္ခတိ၊ နောက်ပြီးတော့၊ **အပရန္တေ ကင်္ခတိ**၊ အနာဂတမဒ္ဓါနံ၊

၁။ ၂၀၈

အနာဂတ်ဘဝ နောက်လာဦးမယ့်ဘဝတွေရှိသေးတယ်ဆိုတာ ဟုတ်မှဟုတ်ရဲ့လား၊ မရောက်သေးတဲ့အနာဂတ်ကြီးမျှော်ပြီးတော့လည်းပဲ သွားရမယ့်အနာဂတ်ခရီးပေါ်မှာ ယုံမှားနေတယ် ဘယ်နှစ်ခု၊ (ငါးခုမြောက်ပါပြီဘုရား)။

အတိတ်သံသရာကို ယုံမှားတယ် အနာဂတ်သံသရာကို ယုံမှားတယ် ဒီလိုမှတ်လိုက်ပါတော့နော် (မှန်လှပါဘုရား) နောက်တစ်ခါ ဆဋ္ဌမခြောက်ခုမြောက်အချက်က၊ **ပုဗ္ဗန္တာပရန္တေ ကင်္ခီတိ**၊ နှစ်ခုစလုံး အတိတ်နာဂတမဒ္ဓါန်၊ အတိတ်ကာလကိုလည်းယုံမှားတယ် အနာဂတ်ကာလကိုလည်းယုံမှားတယ် အတိတ်ဘဝရှိမှရှိရဲ့လား အနာဂတ်ဘဝရှိမှရှိရဲ့လား နှစ်မျိုးစလုံးကိုပေါင်းပြီးတော့ သူယုံမှားမှုဝင်တယ်၊ ဘယ်နှစ်ခုရ (ခြောက်ခုရပါပြီဘုရား)။

သိက္ခာယ ကင်္ခီတိ၊ သိက္ခာယ၊ သီလ သမာဓိ ပညာ သိက္ခာသုံးပါး အကျင့်တရား၌။ ကင်္ခီတိ၊ ဒီအကျင့်ကျင့်ရင် ကိလေသာငြိမ်းဆိုတာ နိဗ္ဗာန်ရဆိုတာ ဟုတ်မှဟုတ်ပါလေလားဆိုပြီးတော့ သိက္ခာသုံးပါးရဲ့အပေါ်မှာ ယုံမှားမှုဖြစ်တယ် သီလလည်းယုံချင်မှယုံတယ်၊ သမာဓိဆိုတာယုံချင်မှယုံတယ် ဝိပဿနာပညာဆိုတာ ယုံချင်မှယုံလိမ့်မယ်ပေါ့၊ သီလကျင့်ကွာ ကိလေသာငြိမ်း ဟုတ်ချင်မှဟုတ်မှာ၊ သမထအားထုတ်ရင် နိဝရဏကင်းတယ်ဆိုတာ ဟုတ်မှဟုတ်ပါ့မလား၊ ဝိပဿနာအားထုတ်ရင် ကိလေသာကင်းတယ်ဆိုတာ ဟုတ်မှဟုတ်ရဲ့လားလို့။ သိက္ခာယ၊ သိက္ခာသုံးပါးအကျင့်တရားမှာ။ ကင်္ခီတိ၊ ယုံမှားတယ်။ ဘယ်နှစ်ခုရ (ခုနှစ်ခုရပါပြီဘုရား) ခုနှစ်ခု။

ကွဒပ္ပစ္စယတာ ပဋိစ္စသမုပ္ပန္နေသု ဓမ္မေသု ကင်္ခီတိ၊ ရှစ်ခုပေါ့၊ ပဋိစ္စသမုပ္ပန္နေ၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံဟောတဲ့ အဲဒီကြောင်းကျိုးဆက်တရားသည် ဟုတ်မှဟုတ်ရဲ့လား အဝိဇ္ဇာဆိုတာရှိမှရှိရဲ့လား၊ သင်္ခါရဆိုတဲ့စေတနာတွေရှိမှရှိရဲ့လားလို့ ပဋိစ္စသမုပ္ပါဒ်ရဲ့စက်ရဟတ်ရဲ့အပေါ်မှာ ယုံမှားသံသယဝင်တယ်၊ အားလုံးပေါင်းတော့ (ရှစ်မျိုးပါဘုရား)။

၁၊ ဘုရား့အပေါ်မှာယုံမှားတယ်၊ ၂၊ တရားတော်တွေကိုယုံမှားတယ် ၃၊ သံဃာတော်တွေကိုယုံမှားတယ်၊ ၄၊ အတိတ်ဘဝကိုယုံမှားတယ်၊ ၅၊ အနာဂတ်ဘဝယုံမှားတယ်၊ ၆၊ အတိတ် အနာဂတ်ဘဝကိုယုံမှားတယ်၊ ၇၊ သိက္ခာ

သုံးပါးကိုယုံမှားတယ်၊ ၈၊ ပဋိစ္စသမုပ္ပါဒ်ကိုယုံမှားတယ်၊ ရှစ်မျိုးမနေလား။ အဲဒါ ဘာလဲဆိုရင် ဝိစိကိစ္ဆာရှစ်ပါး၊ ယုံမှားခြင်းရှစ်ပါး ဟုတ်လား(မှန်လှပါဘုရား) ဝိစိကိစ္ဆာတဲ့ အဲဒီရှစ်ခုသောဌာန ဒီရှစ်ချက်သောတရားတို့ရဲ့အပေါ်မှာ သံသယဝင်ဝင်၊ ဝင်ဝင်လာတာကို ဝိစိကိစ္ဆာလို့ခေါ်တာ။

ဘုရားတရားသံဃာရဲ့အပေါ်မှာ၊ အတိတ်ဘဝ အနာဂတ်ဘဝတို့ရဲ့ အပေါ်မှာ၊ သိက္ခာသုံးပါးမှာ၊ ပဋိစ္စသမုပ္ပါဒ်ဆိုတဲ့ကြောင်းကျိုးဆက်ဒေသနာ တော်ကြီးမှာ၊ ဟုတ်မှဟုတ်ရဲ့လားလို့ သံသယတွေ ဖြစ်ဖြစ်လာတာကို ဝိစိကိစ္ဆာ လို့ခေါ်တာ၊ ဘုန်းကြီးတို့ပရိသတ် သဘောကျဖို့မခက်ဘူးနော် ၊ ဘုရားတရား သံဃာ ရတနာသုံးပါးရဲ့အပေါ်မှာ ဟုတ်မှဟုတ်ရဲ့လား ဟုတ်မှ ဟုတ်ရဲ့လား သံသယဝင်ရင်ဘာလဲ (ဝိစိကိစ္ဆာပါဘုရား) ဝိစိကိစ္ဆာ အတိတ်ဘဝ အနာဂတ် ဘဝတွေ ဟုတ်မှဟုတ်ရဲ့လားလို့ သံသယဝင်ရင် (ဝိစိကိစ္ဆာပါဘုရား)။

သိက္ခာသုံးပါး၊ သီလ သမာဓိ ပညာတွေကျင့် အမလေး နိဗ္ဗာန်ရဆို တာ ဟုတ်မှဟုတ်ရဲ့လား ဒီအကျင့်ကိုယုံမှားတော့ရော၊

(ဝိစိကိစ္ဆာပါဘုရား)

အဝိဇ္ဇာပစ္စယာ သင်္ခါရာဆိုတာကွာ ဒါမမြင်ရတာတွေဟောထားတာ ဟုတ်မှဟုတ်ရဲ့လားဆိုဝိစိကိစ္ဆာတဲ့၊ ဆုံးဖြတ်နိုင်ခဲတဲ့သဘောပဲနော် (မှန်လှပါ ဘုရား) သံသယလက္ခဏာ ဝိစိကိစ္ဆာ အဲဒီရှစ်ချက်မှာသံသယရောက်ရင် ဝိစိကိစ္ဆာခေါ်တယ် ဝိစိကိစ္ဆာဝင်ရင်တဲ့ အဲဒီလူရဲ့စိတ်ဟာ ကမ္ဘနရသာ တုန်လှုပ် နေတယ် အဲဒီလူရဲ့စိတ်တွေမငြိမ်ဘူး၊ ခြောက်ခြားနေတယ်၊ အနည်းဆုံးနှစ် မျိုးဖြင့်ခြောက်ခြားတာဟုတ်သလား မဟုတ်သလား ဘယ်နှစ်မျိုး (နှစ်မျိုး ပါဘုရား) ဟုတ်သလား မဟုတ်သလား အဲဒီနှစ်မျိုး ဟိုဘက် ဒီဘက်လှိမ့်ပြီး တော့သူခြောက်ခြားတယ်၊ ပုခက်လွှဲသလိုဖြစ်နေတယ်၊ ပုခက် ဟိုဘက် ဒီဘက် ပြေးမဟုတ်လား (မှန်လှပါဘုရား) ဟုတ်သလားဆိုတော့လည်း ပြေးလိုက် မဟုတ်ဘူးလားဆိုတော့လည်း ပြေးလိုက် သြော် ဒီလူ့စိတ်ဟာ ဟိုဘက်ဒီဘက် ပုခက်လွှဲသလိုဘဲတဲ့ ကမ္ဘနရသာ လှုပ်ခြောက်ခြားတဲ့သဘောတွေဖြစ်နေတယ် (မှန်လှပါဘုရား)။

အနိစ္စယာပစ္စုပဋ္ဌာနာ၊ မဆုံးဖြတ်နိုင်မှုတွေ သူ့မှာထင်ရှား ထင်ရှားလာတယ်၊ သူသည်ဆုံးဖြတ်ဖို့ရန်ခက်နေတယ်၊ မဆုံးဖြတ်နိုင်တော့ဘူး အကြောင်းက ဘာကြောင့်ဖြစ်တာတုန်းဆိုတော့ အယောနိသော မနသိကာရကြောင့်ဖြစ်တာ၊ ဘာကြောင့်ဖြစ်လဲ ။

(အယောနိသောမနသိကာရကြောင့်ပါဘုရား)

ဘုရားပေါ်မှာနှလုံးသွင်းမမှန်ဘူး၊ တရားပေါ်မှာနှလုံးသွင်းမမှန်ဘူး၊ သံဃာတော်တို့ရဲ့အပေါ်မှာနှလုံးသွင်းမမှန်ဘူး၊ အတိတ်ဘဝပေါ်မှာနှလုံးသွင်းမမှန်ဘူး၊ အနာဂတ်ဘဝမှာ နှလုံးသွင်းမမှန်ဘူး၊ သိက္ခာသုံးပါးပေါ်မှာနှလုံးသွင်းမကောင်းဘူး၊ ပဋိစ္စသမုပ္ပါဒ်တရားပေါ်မှာ နှလုံးသွင်းမမှန်ကန်ဘူးဆိုတဲ့ အယောနိသောမနသိကာရပဒဋ္ဌာနာ၊ နှလုံးသွင်းမမှန်ကန်မှုဆိုတဲ့အယောနိသောမနသိကာရလျှင် ဤဝိစိကိစ္ဆာမှာနီးစွာသောအကြောင်းရှိနေတယ်လို့။ ဒဋ္ဌပ္ပံ၊ ကောင်းစွာမသွေ မှတ်ထိုက်ပါပေသတည်း။

သာဓု- သာဓု -သာဓု ပါဘုရား။

ယုံမှားခြင်း ရှစ်မျိုးရတယ်နော်၊ အကြောင်းရင်းက ဒီရှစ်ဌာန၊ ဟုတ်သလား မဟုတ်သလားလို့ သံသယတွေဝင်ဝင်နေတာဟာ နှလုံးသွင်းကောင်းလို့လား မကောင်းလို့လား၊

(မကောင်းလို့ပါဘုရား)

အယောနိသောမနသိကာရ ကြောင့်ဒါတွေဖြစ်တာ၊ အယောနိသောမနသိကာရကြောင့်ဖြစ်ရင် ယောနိသောမနသိကာရပြောင်းပါလား၊ ယောနိသောမနသိကာရကို၊

(ပြောင်းရမှာပါဘုရား)

ပြောင်းလိုက် နှလုံးသွင်းကောင်းသွားရင် ခုနကရှစ်ချက်ကိုယုံမှားအုံးမလား (မယုံမှားတော့ပါဘုရား)။ ဒါဖြင့် ယောနိသောမနသိကာရကို ဘယ်နှယ့်လုပ်ပြောင်းမတုန်းဆိုရင်၊ (၁) ပညာရှိသူတော်ကောင်းကို မှီဝဲပေါင်းဟုတ်လား၊ သူတော်ကောင်းလည်းမှီဝဲလိုက်တယ်၊ သူတော်ကောင်းတရားလည်းနာလိုက်တယ်ဆိုရင် ခုနက အယောနိသောမနသိကာရသည် ယောနိ

သော မနသိကာရဘက်ကို တစ်ရိပ်ရိပ်နဲ့ကူးသွားလိမ့်မယ်၊ ယောနိသော မနသိကာရဘက် မှန်ကန်တဲ့နှလုံးသွင်းဘက်ကိုကူးပြီလည်းဆိုရော ခုနက ယုံမှားမှုကြီးတွေဟာ တဖြည်းဖြည်းပါးပြီးတော့ရှင်းသွားရော မဟုတ်လား။ အဲဒီတော့မှလမ်းမှန်ကိုရောက်တာ၊ အကြောင်းရင်းကိုနားလည်ရင် အဲဒီအကြောင်းပယ်ရင် ခုနကအကျိုးသည် အလိုလိုသေပြီးသားဖြစ်သွားတယ်နော်၊ သံသယလက္ခဏာလေးကို ဘုန်းကြီးတို့ပရိသတ်သဘောကျအောင်ပြောပါတယ်၊ နောက်တစ်ခါ ယုံမှားခြင်းဆယ့်ခြောက်ပါးဆိုတာကို ဘုန်းကြီးတို့ပရိသတ် နည်းနည်းစဉ်းစားကြအုံးစို့လား (မှန်လှပါဘုရား)။

ယုံမှားခြင်း(၁၆)ပါး

ဘုန်းကြီးတို့ပရိသတ်များ ယုံမှားခြင်းဆယ့်ခြောက်ပါးကို ပထမငါးခု တစ်တွဲမှတ်၊ ယုံမှားခြင်းဆယ့်ခြောက်ပါးကို မူလပဏ္ဏာသပါဠိတော် သဗ္ဗာသဝသုတ်တော်ကနေ ထုတ်နှုတ်ပြီး တော့ပြောပါ့မယ်။

အဟောသိံ နု ခေါ အဟံ အတီတမဒ္ဓါနံ၊ [၁]

ပါဠိတော်က အဟံ၊ ငါသည်။ အတီတမဒ္ဓါနံ၊ အတိတ်ဘဝကာလတုန်းက။ အဟောသိ နုခေါ၊ ဖြစ်မှဖြစ်ခဲ့လေသလော။ ငါသည်အတိတ်ဘဝသံသရာတွေတုန်းက ဖြစ်မှဖြစ်ခဲ့သလား၊ ရှိမှခဲ့သလား၊ ဘယ်ဘဝတွေတုန်းက ငါသည်ဖြစ်ခဲ့တုန်း အတိတ်ဘဝသံသရာက ငါဖြစ်မှဖြစ်ခဲ့တာဟုတ်ရဲ့လားလို့ အတိတ်ဘဝမှာငါရှိခဲ့ရဲ့လားလို့တွေးပြီးတော့ယုံမှားတာတစ်ပါး၊ အတိတ်ဘဝတွေတုန်းက ငါရှိမှရှိခဲ့ရဲ့လားလို့ဆိုပြီးတော့ တွေးတာတစ်ပါးမဟုတ်လား၊ (တစ်ပါးပါဘုရား)။

နောက်တစ်ခါ န နု ခေါ အဟောသိံ အတီတမဒ္ဓါနံ၊ [၂]

အတိတ်ဘဝတွေတုန်းက။ အဟံ၊ ငါသည်။ န အဟောသိ နုခေါ၊ မဖြစ်များမဖြစ်ခဲ့လေသလော၊ မရှိများမရှိခဲ့လေသလောတစ်မျိုးလာတယ်။ ခုနကစဉ်းစားတာက အတိတ်ဘဝတုန်းကငါရှိခဲ့သလား၊ ခုလာတာကအတိတ်

၁။ ၂။ မ။ ၁။ ၁၀

ဘဝတုန်းက ငါမရှိခဲ့ဘူးလား စဉ်းစားပုံဘယ်နှစ်မျိုးရ (နှစ်မျိုးရပါပြီဘုရား) အတိတ်ဘဝတွေတုန်းက ငါရှိခဲ့သလား အတိတ်ဘဝတွေ ဘဝတွေမှာ ငါမရှိခဲ့ဘူးလား ဘယ်နှစ်မျိုးလဲ (နှစ်မျိုးပါဘုရား) အတိတ်ဘဝတွေတုန်းက ငါရှိခဲ့လေသလားဆိုတဲ့ စဉ်းစားခန်းတွေက သဿတဒိဋ္ဌကိုအခြေခံစဉ်းစားတယ်၊ အတိတ်ဘဝတွေတုန်းက ငါမရှိခဲ့ဘူးလားလို့စဉ်းစားတာက ဥစ္ဆေဒဒိဋ္ဌကို အခြေခံစဉ်းစားတာ၊ ဝိစိကိစ္ဆာနဲ့ ဒိဋ္ဌနဲ့ ဒီမှာပူးနေတယ်ဟုတ်လား၊ တစ်ခုနဲ့ တစ်ခုကျေးဇူးပြုနေတယ်။

အတိတ်ဘဝတွေတုန်းကငါရှိမှရှိခဲ့သလားဆိုရင် သဿတဒိဋ္ဌကို အခြေခံတယ်။ အတိတ်ဘဝတွေဘဝတွေတုန်းက ငါမရှိခဲ့ဘူးလားလို့ဆိုခဲ့ရင် ဘာကို ဥစ္ဆေဒဒိဋ္ဌကိုအခြေခံတယ်။ သဿတဒိဋ္ဌကို အခြေခံစဉ်းစားတာက ငါရှိခဲ့သလား၊ ဥစ္ဆေဒဒိဋ္ဌကိုအခြေခံစဉ်းစားတာက ငါမရှိခဲ့လေသလား၊ ရှိသလား မရှိသလားဆိုတဲ့နောက်နားမှာ ဒိဋ္ဌနှစ်မျိုးပါကြောင်းကိုစဉ်းစားထားပါ။ ဝိစိကိစ္ဆာက ဘာကိုအားပေးနေတယ်ဆိုတာ သဘောကျပြီလား (မှန်လှပါဘုရား) ဘာကိုအားပေး၊

(ဒိဋ္ဌကိုအားပေးပါတယ်ဘုရား)

အေး ဒိဋ္ဌကိုအားပေး ဒိဋ္ဌ ဝိစိကိစ္ဆာ၊ ဝိစိကိစ္ဆာ ဒိဋ္ဌ ဒါအမြီးနဲ့ခေါင်းပဲ အဲဒါ သောတာပတ္တိမဂ်ကျမှကုန်မှာဟုတ်လား။

ငါသည်အတိတ်ဘဝက ရှိခဲ့သလား၊ ဘယ်ဒိဋ္ဌအခြေခံ၊

(သဿတဒိဋ္ဌအခြေခံပါတယ်ဘုရား)

ငါသည် အတိတ်ဘဝကမရှိခဲ့ဘူးလား၊ ဘာဒိဋ္ဌအခြေခံ၊

(ဥစ္ဆေဒဒိဋ္ဌအခြေခံပါတယ်ဘုရား)

ဥစ္ဆေဒဒိဋ္ဌကိုအခြေခံတယ် သဿတဒိဋ္ဌနှင့် ဥစ္ဆေဒဒိဋ္ဌတဲ့ သဿတဒိဋ္ဌကဘဝများစွာသံသရာတစ်ဆက်တည်း ငါချည်းလာခဲ့တယ်ဆိုတာ သဿတဒိဋ္ဌ၊ ဘဝတွေဘဝတွေမှာငါမရှိဘူး ပြတ်တယ် ပြတ်တယ် ဟိုဘဝနှင့် ဒီဘဝ မဆိုင်ဘူး ဤဘဝနှင့်နောင်ဘဝမဆိုင်ဘူးလို့ တစ်ခြားစီ တစ်ခြားစီလုပ်တာက ဥစ္ဆေဒဒိဋ္ဌဟုတ်လား၊ (မှန်လှပါဘုရား) အဲဒီ သဿတနှင့်ဥစ္ဆေဒဒိဋ္ဌနှစ်ပါးသည်

ဘယ်အပေါ်မှာမှီ၍ဖြစ်တုန်းဆိုရင် သက္ကာယဒိဋ္ဌမှာမှီဖြစ်တာ။ ဘယ်အပေါ်မှာ၊ (သက္ကာယဒိဋ္ဌမှာမှီဖြစ်ပါတယ်ဘုရား)။

ဣမာ ခေါ ဂဟပတိ ဒိဋ္ဌိယော သက္ကာယဒိဋ္ဌိယာ သတိ ဟောန္တိ၊ သက္ကာယဒိဋ္ဌိယာ အသတိ နော ဟောန္တိတိ။ [၁]

သက္ကာယဒိဋ္ဌိယာ၊ သက္ကာယဒိဋ္ဌိသည်။ သတိ၊ ရှိသော်။ ဒွါသဋ္ဌိ ဒိဋ္ဌိဂတိယာ၊ (၆၂)ပါးသော မိစ္ဆာအယူတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သက္ကာယဒိဋ္ဌိယာ၊ သက္ကာယဒိဋ္ဌိသည်။ အသတိ၊ မရှိခဲ့သော်။ ဒွါသဋ္ဌိဒိဋ္ဌိဂတိယော (ယာ)၊ (၆၂)ပါးသောမိစ္ဆာအယူတို့သည်။ နဟောန္တိ၊ မဖြစ်ကြလေကုန်။သက္ကာယဒိဋ္ဌိရှိရင် ဒိဋ္ဌ (၆၂)ပါးအကုန်ဖြစ်နိုင်တယ်၊ သက္ကာယဒိဋ္ဌိမရှိရင် ဒိဋ္ဌ (၆၂)ပါးမဖြစ်နိုင်တော့ဘူး။ သက္ကာယဒိဋ္ဌိ နိသာယ၊ သက္ကာယဒိဋ္ဌိကို အမှီပြု၍။။ ဣမာ ဒွါသဋ္ဌိဒိဋ္ဌိဂတိယော၊ ဤ(၆၂)ပါးသော မိစ္ဆာအယူတို့သည်။ ဥပဒ္ဒန္တိ၊ ဖြစ်ကြလေကုန်၏။' သက္ကာယဒိဋ္ဌိကိုအမှီရမှ ဒိဋ္ဌ (၆၂)ပါးဆိုတာဖြစ်တယ်တဲ့ ဟုတ်လား (မှန်လှပါဘုရား)။

စိတ္တသံယုတ် စိတ္တသူကြွယ်ကြီးအကြောင်းဟောတုန်းက ဘုန်းကြီးတို့ ဒါထည့်ပြောထားတာ၊ ယခုကြည့်လိုက်ပါ ငါသည်အတိတ်ဘဝကရှိခဲ့သလား၊ ငါသည်အတိတ်ဘဝကမရှိခဲ့ဘူးလား၊ အတ္တကိုအခြေခံ၍ ဒါစဉ်းစားနေတာ၊ အတိတ်ဘဝကအတ္တရှိရင် ယခုငါရှိတယ်၊ အတိတ်ဘဝက အတ္တရှိရင် အတိတ်ဘဝမှာငါလည်းရှိတယ်၊ အတိတ်ဘဝမှာအတ္တမရှိရင် အဲဒီအတိတ်ဘဝမှာ ငါမရှိဘူး၊ ဩော် ဥစ္ဆေဒနှင့်သဿတ အတ္တကိုအခြေခံလာတယ်၊နှစ်ခုဖြစ်ပြီနော်၊

နောက်တစ်ခါတတိယက **ကိ ံ နု ခေါ အဟောသိ ံ အတီတမဒ္ဓါနံ**။ အဟံ၊ ငါသည်။ အတီတမဒ္ဓါနံ၊ အတိတ်ဝေးစွာရှေးကမ္ဘာတုန်းက။ **ကိ ံ**၊ အဘယ်အမျိုးဇာတ်သည်။ အဟောသိ နုခေါ၊ ဖြစ်ခဲ့သလဲ။ အတိတ်ဘဝတုန်းက ငါဖြစ်ခဲ့တယ်လို့ပဲထားတော့ ဘယ်လိုအမျိုးဇာတ်မှာငါဖြစ်ခဲ့တုန်း အတိတ်ဘဝကငါရှိတယ် ဘယ်လိုမျိုးရှိတာတုန်းပြောဆိုတော့၊ ဟာအမျိုးရှာမရဘူး။ အတိတ်ဘဝက ငါဆိုတဲ့အတ္တကြီး တစ်တန်းတည်းကြီးတော့မြင်ထားတယ်၊

၁။ သံ၊ ၂။ ၄၇၈

သို့သော် အဲဒီငါဆိုတဲ့အတ္တသည် ဘယ်အမျိုးထဲဖြစ်တုန်းလို့ရှာတော့ အမျိုးရှာမရတော့ ဟာ ဟုတ်မှဟုတ်ရဲ့လား၊ ဟုတ်မှဟုတ်ရဲ့လားဖြစ်လာပြန်လာရောနော်။

အတိတ်ဘဝက အတ္တရှိတာကို လက်ခံပြီးတောင်မှ အဲဒီအတ္တလေးက ဘယ်အမျိုးထဲဖြစ်တာတုန်းလို့ ရှမ်းမျိုးလား ဗမာမျိုးလား ကရင်မျိုးလား တရုတ်မျိုးလား ကုလားမျိုးလား အင်္ဂလိပ်မျိုးလား ဘယ်အမျိုးတုန်းလို့ စဉ်းစားလိုက်တာ၊ အမျိုးရှာမရတော့ ဟာ အတိတ်ဘဝကအတ္တရှိမှရှိရဲ့လား၊ အမျိုးရှာမရတော့ အတ္တသံသယဖြစ်၊ အတ္တရှာမရပြန်တော့ ငါဆိုတဲ့သတ္တဝါတစ်ယောက် ဟာ အတိတ်ဘဝကရှိခဲ့ဘူးတာ ဟုတ်မှဟုတ်ရဲ့လား ဒီလိုတွေဆက်တိုက်စဉ်းစားသွားတာ၊ ထိုတတိယအချက်သည် အမျိုးဇာတ်ကိုစဉ်းစားပြီးတော့ သံသယဖြစ်တယ်။

နောက်စတုတ္ထအချက် - **ကထံ နု ခေါ အဟောသိ အတိတမဒ္ဓါနံ။** အဟံ၊ ငါသည်။ အတိတမဒ္ဓါနံ၊ အတိတ်ဝေးစွာ ရှေးအခါကမ္ဘာတစ်ခုတုန်းက။ ဝါ၊ ရှေ့ဘဝများစွာသံသရာတုန်းက။ ကထံ၊ အဘယ်ရုပ်ပုံသဏ္ဌာန်အားဖြင့်။ အဟောသိ နု ခေါ၊ ဖြစ်များဖြစ်ခဲ့တုန်း။ ပုံသဏ္ဌာန်စဉ်းစား၊ ခုနကအမျိုး၊ အမျိုးရှာလို့ရတယ်ပဲထား၊ ဟာ အတိတ်ဘဝက ငါအတ္တဟာ ဗမာမျိုးထဲဖြစ်တာ ဗမာမျိုးထဲငါအတ္တလေးဖြစ်တော့ ငှါရဲ့အဲဒီအတ္တလေးဟာဘယ်ပုံလေးလဲ အဖြူလား အမဲလား အဝလား အပိန်လား အရှည်လား၊ ကထံ နု ခေါ၊ ပုံသဏ္ဌာန်ကိုစဉ်းစားတယ် ဘယ်ပုံနဲ့ဖြစ်ခဲ့တာတုန်းဆိုတော့ ပုံသဏ္ဌာန်သူပြန်ပြီးတော့ မမြင်ပြန်ဘူး၊ ပုံသဏ္ဌာန်ပြန်မမြင်တော့ ဘဝမရှိ အတ္တမရှိဆိုပြီးတော့ ဟော ငါမရှိ ပုဂ္ဂိုလ်မရှိ သတ္တဝါမရှိ နောက်ဘဝမရှိ ကုသိုလ်မရှိ အကုသိုလ်မရှိဆိုပြီးသွားပြန်ရောမဟုတ်လား၊ မရှိတာတွေတသီကြီး သွားတတ်တယ်နော်။

ပုံသဏ္ဌာန်တွေ့ရင်လည်းပဲ တစ်မျိုးရှိလာလိမ့်ဦးမယ် အတိတ်ဘဝက အတ္တရှိတယ် ဘယ်အမျိုးမှာ ဖြစ်တယ် ဘယ်ပုံသဏ္ဌာန်နဲ့ ဝဝလေး ပိန်ပိန်လေး ဖြူဖြူလေး မျက်လုံးကဘယ်လို မျက်ခုံးကဘယ့်နှယ့် နှာတံကဘယ်လို ငါဘယ်လိုဖြစ်ခဲ့ဘူးတယ်ဆိုတာကို သေသေချာချာမြင်နေရင်လည်းပဲ လာအုံးမယ်ဒီဌိ

ပဲ၊ ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ် ဘဝဟောင်းပြန်ပြောင်းသိတဲ့ ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်ရပြီးတော့ အဲဒီလိုဒိဋ္ဌဖြစ်နေတဲ့ပုဂ္ဂိုလ်ကြီးတွေက အများကြီးပဲ (မှန်လှပါဘုရား) အတိတ်ဘဝပြန်စဉ်းစား လွန်လေပြီးတဲ့ကမ္ဘာလေးဆယ်တုန်းက ငါသည် ဒီအမျိုးမှာဖြစ်ခဲ့ဘူးတယ် ဒီလိုပုံပန်းသဏ္ဌာန် ဒီလိုအရွယ်အစားနဲ့ ဒီလိုစည်းစိမ်ဥစ္စာတွေနဲ့ ငါသည်ဖြစ်ခဲ့ဘူးတယ် လွန်လေပြီးတဲ့ကမ္ဘာလေးဆယ်တုန်းက ငါ့နာမည်ဒီလိုခေါ်တယ်လို့ ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်နဲ့ပြန်စဉ်းစားလို့ တွေ့လိုက်မယ်ဆိုရင် ထိုပုဂ္ဂိုလ်ကြီးရဲ့ သန္တာန်မှာ ကမ္ဘာလေးဆယ်တစ်လျှောက်လုံး ငါချည်းတစ်ဆက်တည်းလာခဲ့တာ သွားလေရော သဿတဒိဋ္ဌနော်၊ (မှန်လှပါဘုရား)။

ကိ ဟုတ္တာ ကိ အဟောသိ နု ခေါ အဟံ အတီတမဒ္ဓါနံ၊

အဟံ၊ ငါသည်။ အတီတမဒ္ဓါနံ၊ အတိတ်ဘဝတုန်းက။ ကိ ဟုတ္တာ၊ ဘယ်ဘဝမှာ ဘယ်လိုဖြစ်ပြီးတော့။ ကိ အဟောသိနု ခေါ၊ ဘယ်လိုများဖြစ်ခဲ့တုန်း။ အဲဒီစဉ်းစားပုံကတစ်မျိုး ဒီသံသယကတစ်မျိုးလေး သူကဟိုးအတိတ်ဘဝတွေဘဝတွေကို သူရှိတယ်လက်ခံထားတယ်နော်၊ အတ္တာလေးရှိတယ် လက်ခံထားတယ်၊ အတိတ်ဘဝတွေဘဝတွေမှာရှိတယ် ငါရှိတယ် အတ္တာရှိတယ် ဘဝရှိတယ်လက်ခံထားတယ်၊ ဘယ်ဘဝကနေပြီးတော့ ငါဘယ်ဘုံဖြစ်ပြီးတော့ အဲဒီဘယ်ဘုံထဲဖြစ်တဲ့ဘုံဘဝကနေပြီးတော့ အခြားဘဝတစ်ခုခုကို ဘယ်လိုပုံနဲ့ ကူးတာတုန်း အကူးအသန်းကို သူစဉ်းစားတယ်ဟုတ်လား။

ငါ မန္တလေးနေတုန်းကဘယ်လိုနေခဲ့တယ် ရန်ကုန်ငါဘယ်လိုပြောင်းသွားတယ်၊ ဟာ ရန်ကုန်တစ်နှစ်လောက်နေပြီးတော့ မော်လမြိုင်ပြောင်းတယ် ဘယ်ကနေ ဘယ်ပြောင်း ငါဘယ်လိုဘယ်လိုတွေပြောင်းလာတာပါလိမ့်မလဲလို့ အဲဒီအပြောင်းများတဲ့ပုဂ္ဂိုလ်တွေ နှစ်ပေါင်းများစွာကြာလာ ကိုယ့်နောက်ကြောင်း ကိုယ့်အပြောင်းအလဲတွေပြန်စဉ်းစားတယ် ဟာ စဉ်းစားလို့တစ်ခါတစ်ခါ မပေါ်ဘူး၊ ဒီလိုမဟုတ်လား (မှန်လှပါဘုရား) ဒီမှာ စဉ်းစားပုံကလည်း 'ကိ ဟုတ္တာ ကိ အဟောသိ နု ခေါ အဟံ အတီတမဒ္ဓါနံ' ငါသည် တတိယဘဝတုန်းက ဘယ်လိုဖြစ်ပြီးတော့ ဒုတိယဘဝမှာ ဘယ်လိုဖြစ်ခဲ့တုန်း ယခုဘဝ

မှာတော့ ဒီလိုဖြစ်နေပြီ၊ သုံးခုလောက်ပဲစဉ်းစားကြည့်စမ်းပါ။

လွန်ခဲ့တဲ့ တတိယဘဝတုန်းက ဘယ်လို ဖြစ်ခဲ့ပြီးတော့ ဒုတိယဘဝမှာ ဘယ်လိုပုံကြီးနဲ့ ဖြစ်လာပြီးတော့ ဟေ့ အဲဒီဒုတိယဘဝကနေပြီးတော့ ယခု ဤဘဝကို ငါသည်ဘယ်လိုပြောင်းလာခဲ့တုန်းလို့ အပြောင်းအလဲလမ်းကြောင်းကို ပြန်စဉ်းစားတော့လည်း ပိုင်ပိုင်နိုင်နိုင်သူစဉ်းစားနိုင်ရဲ့လား (မစဉ်းစားနိုင်ပါဘုရား) ပိုင်ပိုင်နိုင်နိုင်မစဉ်းစားနိုင်တော့ ဘဝတစ်ခုမှ တစ်ခုသို့ပြောင်းတယ်၊

သစ္စာကိုမသိလျှင် အမှန်ကိုမမြင်

စတုန္နံ အရိယသစ္စာနံ၊ ယထာဘူတံ အဒဿနာ။ °

ပဏ္ဍိတော အတီတ မဒ္ဓါနံ၊ မမဉ္စစေဝ တုမှာကဉ္စ။

မြတ်စွာဘုရားက ချစ်သားတို့ သစ္စာလေးတန်တရားမှန်ကို ငါလည်းမသိ၊ သင်တို့လည်း မသိခဲ့သောကြောင့် ဘဝများစွာ သံသရာကာလပတ်လုံး ငါဘုရားရှင်ကိုယ်တော်မြတ် အလောင်းတော်ကြီးလည်းပဲ စုန်ချည် ဆန်ချည်နဲ့ ကျင်လည်ခဲ့ရပြီး၊ ချစ်သားတို့လည်း စုန်ချည် ဆန်ချည် ကျင်လည်ခဲ့ကြလေပြီလို့ သစ္စာမသိလို့ကျင်လည်ရတာကိုဟောတယ် မဟုတ်လား၊ သစ္စာမသိလို့ ကျင်လည်ရတာကို ဘုရားရှင်ကိုယ်တော်မြတ် ဘယ်လိုပဲဟောဟော ဤဝိစိကိစ္ဆာအားကြီးနေတဲ့ပုဂ္ဂိုလ်ကတော့ ငါသည် ဘယ်ဘဝမှာ ဘယ်လိုဖြစ်ပြီးတော့ အဲဒီဘဝကနေ နောက်ဘဝတစ်ခုကို ဘယ်လိုပြောင်းခဲ့တုန်းကြည့်လို့ မရဘူး၊ (မှန်လှပါဘုရား) ထိုဘဝကနေပြီးတော့ ဤဘဝကို ဘယ်လိုပြောင်းခဲ့တုန်း ကြည့်လို့မရဘူး၊ (မရပါဘုရား) ကြည့်လို့မြင်လို့ မရတာနဲ့ ဒီဘဝတွေရှိဆိုတာ ဟုတ်မှဟုတ်ရဲ့လား သွားပြန်ရော ငါးခုတစ်တွဲရပြီနော်။

ပြန်စဉ်းစားလိုက်ကြ ငါသည် အတိတ်ဘဝက ဖြစ်ခဲ့သလော ငါသည် အတိတ်ဘဝက မဖြစ်ခဲ့ဘူးလော ငါသည် ဘယ်လိုအမျိုးဇာတ်မှာဖြစ်ခဲ့တုန်း ငါသည် တတိယဘဝမှာ ဘယ်လိုပုံပန်းသဏ္ဌာန်နဲ့ ဖြစ်ခဲ့တုန်း ငါသည် တတိယဘဝမှာ ဘယ်လိုဖြစ်ပြီးတော့ ဒုတိယဘဝဘယ်လိုပြောင်းလို့ အဲဒီ ဒုတိယ

၁။ ဒီ၊ ၂။ ၇၇

ဘဝကနေ ဤဘဝဘယ်လိုပြောင်းလဲ၍လာခဲ့တုန်း ပြောင်းလဲမှုကိုစဉ်းစားတာ ဘယ်နှစ်ချက်စဉ်းစားငါးချက်နော်၊ (မှန်လှပါဘုရား) အတိတ်ကို ပြန်စဉ်းစား ဒီငါးချက်မဟုတ်လား ယခုနက ဝိစိကိစ္ဆာရှစ်ပါးမှာ ဘုန်းကြီးတို့ပြောလိုက်တော့ **အတီတမဒ္ဓါနံ ကင်္ခတိ**၊ အတိတ်ဘဝ၌ယုံမှားခြင်းလို့တစ်လုံးထဲပြောထားတယ်မဟုတ်လား (မှန်လှပါဘုရား)။

'အတီတမဒ္ဓါနံ ကင်္ခတိ' အတိတ်ဘဝယုံမှားခြင်းဆိုတဲ့တစ်လုံးထဲဟောထားတဲ့ဘုန်းကြီးတို့ပရိသတ်များ စူဠဥနိဒ္ဒေသပါဠိတော်စကား ပစ္စယသုတ္တန်ပါဠိတော်စကားရပ်တို့ကို ဟောဒီမှာ သဗ္ဗာသဝသုတ်တော်မှာ ဟောပြောချက်နှင့်ချဲ့လိုက်တော့ငါးခုဖြစ်သွားတယ်။ **အတီတ မဒ္ဓါနံ ကင်္ခတိ** ဆိုတဲ့ ပါဠိတော်တစ်ခုသည် သဗ္ဗာသဝသုတ်တော်ရောက်လာတဲ့အခါကျတော့ ငါးခုဖြစ်လာတယ်နော် (မှန်လှပါဘုရား) **အနာဂတမဒ္ဓါနံ ပဋိကင်္ခတိ** နောက်ဘဝယုံမှားတယ်လို့ ခုနကတစ်လုံးထဲ ပြောထားတာမဟုတ်လား (မှန်လှပါဘုရား)

အဲဒီ နောက်ဘဝယုံမှားတယ် တစ်လုံးထဲပြောထားတဲ့ ပစ္စယသုတ္တန်ပြီးတော့ စူဠဥနိဒ္ဒေသပါဠိတော်လာတဲ့စကားရပ်တို့ကို ဟောဒီသဗ္ဗာသဝသုတ်တော်လာငါးမျိုးတို့ဖြင့် ဟောဒီမှာယုံမှားခြင်းကိုချဲ့ပြတယ်ဗျာ။

ဘဝိဿာမိ နု ခေါ အဟံ အနာဂတမဒ္ဓါနံ၊ တစ် ငါသည်နောက်ဘဝမှာဖြစ်ဦးမှာလား နော်။

န နု ခေါ ဘဝိဿာမိ အဟံ အနာဂတမဒ္ဓါနံ၊ ငါသည် နောက်ဘဝမှာမဖြစ်တော့ဘူးလား။ နှစ်။

ကိ ံ နု ခေါ ဘဝိဿာမိ အနာဂတမဒ္ဓါနံ။ ငါသည် နောက်ဘဝဘယ်အမျိုးဇာတ်မှာဖြစ်ရမှာတုန်း။ သုံး။

ကထံ နု ခေါ ဘဝိဿာမိ အနာဂတမဒ္ဓါနံ။ ငါသည် အဲဒီအမျိုးဇာတ်မှာ ဘယ်လိုရုပ်ပုံသဏ္ဌာန်နဲ့ဖြစ်ရမှာတုန်း။ လေး။

ကိ ံ ဟုတ္ဝာ ကိ ံ ဘဝိဿာမိ ဒုတိယဘဝမှာ ဘယ်လိုဖြစ်ပြီးတော့ တတိယဘဝဘယ်ပြောင်းရမလဲ စတုတ္ထဘဝဘယ်သွားရမလဲလို့ အနာဂတ်သွားရမယ့် ပြောင်းရမယ့်သံသရာခရီးလမ်း မျှော်မှန်းပြီးတော့ သူသည်ယုံမှားနေတယ် ငါးခုမဟုတ်လား (ငါးခုပါဘုရား)

အဲဒီငါးခုသည် ဘယ်ကပွားလာတာတုန်းဆိုတော့ အနာဂတမဒ္ဓါနံ ပဋိကခ်ံတိ အနာဂတ်ကိုယုံမှားဆိုတာ ဒီငါးမျိုးပါ၊ ခုနက ရှစ်မျိုးထဲက အတိတ် ဒ္ဒယုံမှားခြင်း အနာဂတ်ဒ္ဒယုံမှားခြင်းဆိုတဲ့ အဲဒီအတိတ် အနာဂတ်ယုံမှားမှု နှစ်ပါးကို ဟောဒီမှာပွါးလိုက်တဲ့အခါကျတော့ ငါးခု ငါးခုနှစ်လီဖြစ်မသွားဘူး လား၊ (ဖြစ်သွားပါတယ်ဘုရား) ဟော အတိတ် အနာဂတ်သည် ဆယ်မျိုးရ ပြီနော် (ဆယ်မျိုးပါဘုရား)။

ကဲ နောက်တစ်ခါကြည့်အုံး **အဟံ နု ခေါ်သို့၊** ငါ ယခုရှိဆိုတာဟုတ်မှ ဟုတ်ရဲ့လား၊ ကိုယ့်ကိုယ်တိုင် စဉ်းစားပြီးတော့ ဘုန်းကြီးတို့ပရိသတ် ငါရှိဆိုတာ ဟုတ်မှဟုတ်ရဲ့လား၊ အံမယ် တစ်ခါတစ်ခါတွေးကြည့်တာ၊ ပညတ်နဲ့ ပရမတ် နှစ်မျိုး ဟိုဘက်တစ်ဖက်ကစဉ်းစား ဒီဘက်တစ်ဖက်ကစဉ်းစားရင်ဒီလိုဖြစ် တာနော် (မှန်လှပါဘုရား) ပရမတ္ထရုပ်နာမ်ချည်း တစ်ဖက်သတ်စဉ်းစားရင်း စဉ်းစားရင်းနဲ့ အတ္တဒိဋ္ဌလက်ခံထားတဲ့ပုဂ္ဂိုလ်များဘက်ကဆိုပြန်တော့လည်းပဲ မြင်တယ်ဆိုတာအတ္တ၊ ကြားတယ်ဆိုတာအတ္တ၊ နံတယ်ဆိုတာအတ္တ၊ စားတယ် ဆိုတာအတ္တ၊ ထိတယ်ဆိုတာအတ္တ၊ သိတယ်ဆိုတာအတ္တဆိုပြီးတော့ အာယ တနခြောက်ပါးမှာ မြင်ခြင်း, ကြားခြင်း, နံခြင်း, စားခြင်း, ထိခြင်း, သိခြင်းဆိုတဲ့ ဒီကိစ္စခြောက်ပါးကို လုပ်ကိုင်ဆောင်ရွက်နေတာဟာဝိညာဉ်လို့ သူတို့က လက်မခံပဲနဲ့ အတ္တလို့လက်ခံတာကိုး (မှန်လှပါဘုရား)။

ဒီတော့ ယခုအခါ ငါအတ္တရှိမှရှိရဲ့လား ထိုင်ရင်းထိုင်ရင်း ဒါကအပျင်း ပြေ တစ်ခါတစ်ခါစဉ်းစားသေးတာ၊

အဟံ နု ခေါ်သို့၊ ငါ အတ္တရှိတယ်ဆိုတာ ဟုတ်မှဟုတ်ရဲ့လား ငါဆို တာအတ္တဟုတ်မှဟုတ်ရဲ့လား။ တစ်နော် (မှန်လှပါဘုရား)။

နော နု ခေါ်သို့၊ ငါ့အတ္တမရှိဘူးမျှားဖြစ်နေလေသလား၊ ငါသည် အတ္တ မဟုတ်ပဲမျှားနေလေရော့သလား နှစ်ပေါ်။

ကိ နု ခေါ်သို့၊ ငါ့အတ္တရှိရင် ဒီအတ္တသည် ဘယ်လိုအမျိုးဇာတ်က လာခဲ့တဲ့အတ္တတုန်း ခုလောလောဆယ် ထိုင်စဉ်းစားတာ၊

ကထံ နု ခေါ်သို့၊ ငါ့အတ္တက ဘယ်လိုပုံပန်းသဏ္ဌာန်လေးတုန်းနော်။

အယံ နုခေါ သတ္ထော ကုတော အာဂတော၊ ဒီသတ္တဝါတွေ ဘယ်က လာကြတာပါလိမ့်မလဲ စဉ်းစားတာပိုက်ဆံပေးရတာမှမဟုတ်ပဲ၊ ကြံချင်တိုင်း ကြံပေါ့၊ ဟုတ်ဟုတ် မဟုတ်ဟုတ်၊ အကြောင်းအကျိုးရှိရှိ မရှိရှိ ကြံချင်တိုင်းကြံ နော် (မှန်လှပါဘုရား)။

ငါးရံ့ဥပမာ ဝိစိကိစ္ဆာ

ဘုန်းကြီးတို့ပရိသတ်များ ဉာဏ်နည်းတဲ့လူတစ်ယောက်ဟာ တစ်ခါတည်း ပုဆိုးကြီးခါးတောင်းကျိုက်ပြီးတော့ အိုင်ကြီးတစ်ခုထဲဆင်းပြီးတော့ ငါးဖမ်းတာ ဟာ အဲဒီအိုင်ထဲကငါးက ပေါင်လုံးလောက်ရှိတယ်ငါးရံ့ကြီးတွေ တယ်တဲ့၊ ငါးရံ့ကြီးတွေဘယ်လောက်ရှိ၊

(ပေါင်လုံးလောက်ရှိပါတယ်ဘုရား)

ငါးရံ့ကြီးတွေဟာဆို ဖမ်းလိုက်တာ သူ့ပေါင်လုံးကြီးသူဆွဲတာ အမ လေး ငါးရံ့ ကြီး အကြီးကြီးပဲဗျို့ဆို ဆွဲမြှောက်တာ ရေထဲပက်လက်ကိုလန်လို့။

အဲ ဝိစိကိစ္ဆာဆိုတာဒီလိုဗျာ၊ အပျင်းပြေအပျင်းပြေ ဟိုကြံဒီကြံ ကြံရင်း ကြံရင်းနဲ့ တစ်ခါတစ်ခါကျတော့ ကိုယ့်ပေါင်လုံးကိုယ့်ဟာကို ငါးရံ့ထင်တယ် နော်၊ (မှန်လှပါဘုရား) အေး ကိုယ့်ပေါင်လုံးကိုငါးရံ့ထင်တော့ ဘယ်လိုဖြစ် သလဲ၊ ငါးရံ့ဆိုဖမ်းလိုက်တာ ပေါင်လုံးကြီးပျောက်ရောမဟုတ်လား၊ ငါးရံ့လို့ ထင်လိုက်တဲ့အချိန်မှာပေါင်လုံးကြီး၊

(ပျောက်ပါတယ်ဘုရား)

ပျောက်ကရော ငါးရံ့ဟော့လို့ဆွဲဖော်လိုက်တော့ သူ့ပေါင်လုံးကြီးပြန် တွေ့တယ်၊ အဲဒီတော့ ဘာပျောက်တာတုန်း ငါးရံ့ပျောက်တာပေါ့ (မှန်လှပါ ဘုရား)

ဒီတော့ ဘုန်းကြီးတို့ပရိသတ်များ ဥပမာတယ်ကောင်းတယ်ဗျာ (မှန် လှပါဘုရား) ဘုန်းကြီးတို့တိထွင်တာ မဟုတ်ပါဘူး အဋ္ဌကထာကြီးထဲကပါတာ ကောက်ပြောတာ အဋ္ဌကထာထဲကပါတာကို ဘုန်းကြီးတို့ပရိသတ်နားလည် လွယ်အောင် ဒီလိုပြောရတာနော် (မှန်လှပါဘုရား) ငါးရံ့ဆိုဖမ်းလိုက်တော့

ဘာပျောက်သွား (ပေါင်ပျောက်သွားပါတယ်ဘုရား) ဟာ ဟုတ်ရဲ့လား ငါးရံ့ဟေ့ဆိုဆွဲပြီးတော့ဖမ်းလိုက်တာ ဘုန်းကြီးတို့ပရိသတ်များ ငါးရံ့ပျောက်တာပေါ့ဗျ ဟုတ်ရဲ့လားစဉ်းစားလေ၊ ငါးရံ့ဆိုဆွဲဖမ်းလိုက်တော့ ဘာဖမ်းမိတုန်း (ပေါင်ကြီးဖမ်းမိပါတယ်ဘုရား)

ပေါင်ကြီးဖမ်းမိတော့ ငါးရံ့ပျောက်တာ၊ မဖမ်း သေးခင် ငါးရံ့ကြီးဟေ့ဆိုတော့ဘာဖြစ် ပေါင်ပျောက်နေတယ်၊ ဟာ ဟိုဟာပျောက် ဒီဟာပျောက် သံသယများတယ်ခက်ကိုဗျနော်၊ အေး သံသယက တစ်ခါတစ်ခါကျတော့ အဲဒီလို ဟိုဟာတွေ ဒီဟာတွေ ပျောက်နေတတ်တယ် (မှန်လှပါဘုရား)။

သံသယဝင်ရောက် အမှန်တရားတွေပျောက်

တကယ်တော့ သံသယဝင်ရင်လွယ်လွယ်လေးမှတ် အမှန်တရားပျောက်တယ်ဟုတ်လား၊ (မှန်လှပါဘုရား) ပေါင်တစ်လှည့် ပျောက်တယ်၊ ငါးရံ့တစ်လှည့်ပျောက်တယ်၊ အမှန်တရားဟာ အကုန်ပျောက်တယ်၊ ဒီတော့ရင် ဉာဏ်နည်းတဲ့လူတစ်ယောက်ဟာ ပုဆိုးခါးတောင်ကျိုက်ပြီးတော့ အိုင်ထဲမှာ ငါးရံ့ကြီးပေါင်လုံးလောက်ကို ဖမ်းတာမျိုးဖြစ်ပါတယ်လို့ သဘောကျလိုက် (မှန်လှပါဘုရား) သံသယ သံသယဟာ ဒီလိုပဲဖြစ်တာ။ ဒီတော့ ယခုလည်းပဲ ငါရှိမှရှိရဲ့လား၊ ငါမရှိဘူးများဖြစ်နေလေသလား၊ ထိုင်ရင်း ထိုင်ရင်း ပေါင်နဲ့ ငါးရံ့ခွဲမရဘူး (မှန်လှပါဘုရား)။ ငါရှိမှ ရှိရဲ့လား၊ ငါမရှိဘူးများဖြစ်နေလေရော့သလား နှစ်မျိုး (မှန်လှပါဘုရား)။ ငါသည်ဘယ်အမျိုးဇာတ်ကဖြစ်တာတုန်း မင်းမျိုးကဖြစ်လာတဲ့ လူတစ်ယောက်ဟာ ဘုန်းကြီးတို့ပရိသတ်များ အမျိုးဆက်ပြတ်ပြီးတော့ အဖေမေ့ အမေမေ့ အဘိုး အဘွားတွေမေ့ပြီးတော့ တစ်ခါတစ်ရံကျတော့ တောကြိုတောင်ကြား ဓားမတိုတစ်ချောင်းနဲ့ သစ်ခုတ်စားရတာတွေရှိသေးကိုဗျနော်။ (မှန်လှပါဘုရား)။

အဲဒီလိုဘဝမျိုးရောက်နေတဲ့အခါကြတော့ တောထဲကနေ သစ်တွေထမ်းပြီးတော့ ဓားမလေးခါးထိုးပြီးတော့ပြန်လာ လမ်းမတ်တပ် သူစဉ်းစားမှာပေါ့။ ငါဘယ်အမျိုးတုန်း ငါဘာလူမျိုးတုန်း သူကအမှန်ကတော့ မင်းမျိုးနော် (မှန်လှပါဘုရား) အဖိုးအဖွားလည်းမမှတ်မိ အမေ အဖေလည်း မမှတ်မိ၊ အမှန်

ကတော့သူသည် မင်းမျိုးအစဉ်အဆက်ဆက်ကလာခဲ့တာ အဲဒီအမျိုးတို့အစဉ် အဆက်တို့ကို မသိရှိ မမှတ်မိတော့တဲ့အတွက်ကြောင့် အမျိုးအနွယ်ကစွန့်လိုက် သလိုဖြစ်ပြီးတော့ မျိုးပြတ်ဆွေပြတ်နဲ့ ဓားမတိုတစ်ချောင်းခါးစိုက်ပြီး ခါးထိုးပြီး တော့ တောထဲသစ်ခုတ် သစ်တုံးလေးထမ်းပြီးတော့ တောတန်းကပြန်လာ လမ်းခုလတ် ချွေးတလုံးလုံးနဲ့ မောလိုက်တာ ရွှေနန်းတော်ကြီးမှာဆိုရင်တော့ ငါ့ ဒီလိုထင်းထမ်းရမှာမဟုတ်ဘူး ထိုင်ပြီးတော့စဉ်းစားတာ (မှန်လှပါဘုရား) စဉ်းစားပြီးတော့မှတခါတည်း သူ့ကိုယ်သူငုံကြည့်လိုက်တော့ အမလေး ထိုး ကွင်းမင်ကြောင်နဲ့ ပုဆိုးခါးတောင်းကျိုက် ချွေးတလုံးလုံးနဲ့ဓားမတိုလေးနဲ့ သူဘဝသူပြန်မြင်လိုက်တယ် ငါမင်းမျိုးဆိုတာဟုတ်မှဟုတ်ရဲ့လား၊ ဒီလို မဟုတ် လား (မှန်လှပါဘုရား) **ကထံ နုဓေါ် အဟံ အဟောသိ** ကိုယ့်ကိုယ်ကို ပြန်ပြီးတော့စဉ်းစားလို့ သံသယတွေဝင်တယ်။

ဒါကဥပမာပြောတာ တကယ်တော့ ငါ လူဆိုတာဟုတ်မှဟုတ်ရဲ့လား ကိုယ်တော်တို့ဟောတာက ရုပ်ရှိတယ် ဝေဒနာရှိတယ် သညာရှိတယ် သင်္ခါရ ရှိတယ် ဝိညာဏ်ရှိတယ် ဒီလိုဟောတယ်၊ အဲဒီတော့ ရုပ်ထဲလူမရှိဘူး၊ ဝေဒနာ ထဲလူမရှိဘူး၊ သညာထဲလူမရှိဘူး၊ သင်္ခါရထဲလူမရှိဘူး၊ သညာ သင်္ခါရ ဝိညာဉ် ထဲမှာ၊

(လူမရှိပါဘုရား)

ခန္ဓာထဲမှာလူမရှိဘူး၊ ခန္ဓာသည်လူမဟုတ်ဘူးဆိုတော့ ငါဟုတ်မှ ဟုတ် ရဲ့လား သွားရောသံသယ၊ သမုတိသစ္စာ ပရမတ္ထသစ္စာ သူနားမလည်ဘဲကိုး နော်၊ (မှန်လှပါဘုရား)။

ကထံ နု ခေါ် အဟောသိ၊ ငါသည် ဘယ်ပုံသဏ္ဌာန်နဲ့ဖြစ်တုန်း၊

အယံ နု ခေါ် သတ္တော ကုတော အာဂတော၊ သည်သတ္တဝါသည် ဘယ်အရပ်က ဘယ်ဘဝကလာခဲ့တာတုန်း၊ သည်သတ္တဝါတွေ သည်ပုဂ္ဂိုလ် တွေ ဘယ်ဘဝ ဘယ်အရပ်ကလာ ဘယ်ဘဝလာခဲ့ကြတာတုန်း။

သော ကုဟိ ဂါမီ ဘဝိဿာ မိ၊

သော အဟံ၊ ထိုငါသည်။ ကုဟိ၊ဘယ်အရပ်သို့။ ဂါမီ၊ သွားသည်။

ဘဝိသာမိ၊ ဖြစ်ရအံ့နည်း။ နှစ်ခုအတွဲလိုက် ဒီမှာစဉ်းစားတာ ငါဘယ်ဘဝက လာခဲ့တာတုန်းစဉ်းစားတယ် ငါသည်ဘယ်ဘဝကိုသွားရမှာတုန်းစဉ်းစားတယ် အတွဲ လိုက်မဟုတ်လား၊ (မှန်လှပါဘုရား) အေး အဲ့ဒီမှာခြောက်ခုဗျာ သံသယ ဖြစ်စရာတွေနော်၊ ငါရှိသလားရယ်၊ ငါမရှိဘူးလားရယ်၊ ငါသည် ဘယ်လူမျိုး လဲဆိုတာရယ်၊ ငါ့ပုံပန်းသဏ္ဌာန်က ဘယ်လိုတုန်းဆိုတာရယ်၊ သုံးဆယ့်နှစ် ကောဋ္ဌာသနဲ့ကမ္မဋ္ဌာန်းရှုလိုက်တော့ ပုံပန်းသဏ္ဌာန်ကလဲပျောက်သေးတယ် မဟုတ်လား။ (မှန်လှပါဘုရား)။

မရှိ ကမ္မဋ္ဌာန်း

ဘုန်းကြီးတို့ပြောဖူးပါတယ် 'မရှိ မရှိ မရှိ 'ဆိုတဲ့ကမ္မဋ္ဌာန်းရှုတဲ့ လူကြီး တစ်ယောက်လေ ယောကျ်ား မရှိ မိန်းမ မရှိ ဘုန်းကြီး မရှိ ဘာမှမရှိ မရှိမရှိ တိုင်းပြည်မရှိ ငြဟ္မာမရှိ မရှိမရှိလုပ်လိုက်တာ ငါမရှိတစ်ခုဘဲချန်ထား ဟုတ် လား၊ (မှန်လှပါဘုရား) ယောကျ်ားမရှိ မိန်းမမရှိ ပုဂ္ဂိုလ်မရှိ သတ္တဝါမရှိ ငြဟ္မာ မရှိ နတ်မရှိ တိုင်းမရှိ ပြည်မရှိ အိုးမရှိ ခွက်မရှိ ပုဆိုးမရှိ ထမီမရှိ ဟုတ်လား၊ ငါမရှိတစ်ခုထဲချန်ထားတယ်ဗျို့၊ ငါကြတော့အရှိဖြစ်နေတာ နောက်ဆုံးကြ တော့ သူမရှိမရှိဆိုတဲ့ဥစ္စာ သူစိတ်ထဲသူဟာသူညို့သလိုဖြစ်လာတာ သူစိတ်ကို သူဟာသူညို့သလိုဖြစ်လာပြီးတော့ ဘုန်းကြီးတို့ပရိသတ် နောက်ဆုံးကြတော့ တစ်လောကလုံးဘာမှမရှိဘူးလို့စိတ်ထဲအထင်ရောက် ငါတစ်ယောက်ဘဲရှိ တယ်လို့ထင်နေတာ၊ အဲ့ဒီမှာမျက်စိဖွင့်လိုက်တော့ လန့်ပြီးတော့အော်လိုက်တာ ကယ်တော်မူကြပါဗျို့ ကယ်တော်မူကြပါ၊ ကမ္မဋ္ဌာန်းတိုက်တစ်တိုက်လုံးလန့်ပြီး အော်ပြီးတော့ထွက်လာတာ၊ ဟိုမှာလူကြီးတစ်ယောက်တော့မြွေကိုက်သလား၊ ဘာလား၊ သရဲဖမ်းသလား၊ မသိဘူး အနားရောက်တော့မှ ဗျို့ခင်ဗျားဘာ ဖြစ်လာတာတုန်းလို့ ကမ္မဋ္ဌာန်းဆရာကြီးကမေးတော့ တစ်လောကလုံးဘယ်သူ မှမရှိဘူး၊ ကျွန်တော်တစ်ယောက်ထဲရှိတော့တယ် ကယ်ပါဦးဖြစ်တော့တာဘဲ၊ အဲ့ဒီတော့မှ ကမ္မဋ္ဌာန်းတိုးပေးလိုက်တယ်၊ ယောဂီပုဂ္ဂိုလ်ဆက်ရှု ငါမရှိလို့ဆက် ရှု အဲ့ဒီတော့ကုန်ရော ဘာမှမကျန်ဘူး။

ဘုန်းကြီးတို့ပရိသတ်များ ရှု့တော့ရှု့တာဘဲတစ်ကွက်တည်းကျန်နေ တယ် တစ်ကွက်ထဲကျန်နေတယ် ဘာကျန်နေတုန်း၊

(ငါကျန်နေပါတယ်ဘုရား)

ငါမရှိဆိုတဲ့ရှူ့ကွက်လေးတစ်ကွက်ထဲကျန်နေတယ်၊ အဲ့ဒါကြောင့် ဘုန်းကြီးတို့ပရိသတ်များ အဟံ ဝိပဿာမိ၊ ငါ ဝိပဿနာရှူ့နေတယ်၊ မမ ဝိပဿနာ ငါရဲ့ဝိပဿနာဘဲ ဒီလိုမလုပ်နဲ့နော်၊ ငါဝိပဿနာရှူ့နေတယ်၊ ငှါရဲ့ ဝိပဿနာဘဲဆိုရင် အဲ့ဒီတော့ငါပါမနေဘူးလား၊

(ပါနေပါတယ်ဘုရား)။

ကျန်တာတွေ အကုန်မရှိလုပ်ပြီးတော့ ငါတစ်ယောက်ထဲအရှိထား ဘုန်းကြီးတို့ပရိသတ်များ အဲ့ဒီပုဂ္ဂိုလ်ဟာအတ္တဒိဋ္ဌဘယ်ပျောက်တော့မှာလဲ၊

(မပျောက်ပါဘုရား)၊

အတ္တဒိဋ္ဌ ကိုယ့်ဘက်ကအကုန်ကျန်တယ်၊ သူ့ဘက်ကျတော့အကုန် ပျောက်တယ်လို့ဆိုရမယ်၊ မိမိဘက်ကျတော့ အတ္တဒိဋ္ဌကအစုလိုက်အပုံလိုက် ကျန်ရစ်တယ်၊ တစ်လောကလုံး သူတစ်ပါးတို့ရဲ့ဘက်ကြည့်လိုက်တော့ အတ္တ တွေ ဘာတွေ ဘာမှမရှိဘူးမဟုတ်လား။ (မရှိပါဘုရား)။

အဲ့ဒါကြောင့် ဘုန်းကြီးတို့ပရိသတ်များ မရှိတစ်ခို့ ရှိတစ်ခို့၊ မမြဲ တစ်ခို့ မြဲတစ်ခို့လို့ အဲ့ဒီလိုလျှောက်လုပ်တာကို ဧကစ္စသဿတဝါဒလို့ ခေါ်ပါတယ် (မှန်လှပါဘုရား) ဒိဋ္ဌခြောက်ဆယ့်နှစ်ပါးထဲမှာ ဧကစ္စသဿတ ဒိဋ္ဌဆိုတာ တစ်ခို့တစ်ဝက် အနိစ္စ၊ တစ်ခို့တစ်ဝက် နိစ္စလုပ်တာ ဟုတ်လား၊ အေး ဒီတော့ ဝိပဿနာရှုဆိုပေမဲ့ ဘုန်းကြီးတို့ပရိသတ်ပြောပြီနော် ကလျာဏ မိတ္တ သဒ္ဓမ္မသဝန မလိုဘူးလား၊

(လိုပါတယ်ဘုရား)။

ယောနိသောမနသိကာရ တကယ့်သဒ္ဓါကောင်းကောင်း စိတ်ကောင်း ကောင်းနဲ့ရှုပင်ရှုသော်လည်းဘဲ ကလျာဏမိတ္တတည်းဟူသော ဆရာသမား ကောင်းကို မမှီဝဲရသေးရင် သဒ္ဓမ္မသဝနဆိုတဲ့သူတော်ကောင်းတရားကို တကယ်မှန်မှန်ကန်ကန်မနာကြားရ သေးရင် ခုနကဝိစိကိစ္ဆာတွေပျောက်မလား (မပျောက်ပါဘုရား)၊

အေးဒါ အရေးကြီးတာပေါ့နော်၊ အရေးကြီးတော့ ခုနကစာပိုဒ်ကလေး

ဆိုပါဦး မေ့လောက်ရင် ပြန်ပြန်ကိုင်ရတယ်လုပ်ပါဦး။

စိတ်ကောင်းထားပါ ၊ မိတ်ကောင်းရှာ၊ ကောင်းစွာတရားနာ။

အရသာသိပ်ရှိတာနော် ဝိစိကိစ္ဆာ ယခုဆယ်ခြောက်ပါးတစ်တွဲရပြန် ရောမဟုတ်လား အဲ့ဒီ ဆယ့်ခြောက်ပါးသောဝိစိကိစ္ဆာသည် ယခုနကရှစ်ပါးက ပွါးထွက်လာတာပါပဲ၊ အခြေခံကဘယ်မှာလဲဆိုတော့ ဒိဋ္ဌမှာအခြေခံတယ်၊ ဒိဋ္ဌ ကနှစ်မျိုးဘဲဒီနေရာမှတ်လိုက်၊ ဘယ်နှစ်မျိုးလဲ (နှစ်မျိုးပါဘုရား)၊ သဿတ ဒိဋ္ဌရယ်, ဥစ္ဆေဒဒိဋ္ဌရယ်၊ သဿတဒိဋ္ဌဆိုတာက အတ္တတစ်ဆက်တည်းရှိတယ်၊ ဥစ္ဆေဒဒိဋ္ဌဆိုတာက ငါသူတစ်ပါး ယောကျ်ား မိန်းမ ဘဝတွေမရှိ၊ မရှိ ဟုတ်လား (မှန်လှပါဘုရား)။ အရှိနဲ့ မရှိပေါ့၊ တစ်ဆက်တည်း တစ်လျှောက်တည်း အမြဲရှိသဿတ၊ တစ်ဆက်တည်း တစ်လျှောက်တည်းအမြဲမရှိ ဥစ္ဆေဒ၊

ထိုသဿတ ဥစ္ဆေဒရဲ့ ရသောက်မြစ်ကြီးကသက္ကာယ၊ သက္ကာယ ဒိဋ္ဌသည်ရသောက်မြစ် အဲဒီကနေ ခွထွက်တာ၊ အခွကြီးနှစ်ခုအပေါ်ကနေပြီးတော့ အို ခွပြီးတော့ထွက်လာလိုက်တာ သဿတနဲ့ဥစ္ဆေဒ ထိုသဿတနဲ့ ဥစ္ဆေဒဆိုတဲ့ ပင်ခွကြီးတစ်ခု၊ ဥစ္ဆေဒဒိဋ္ဌဆိုတဲ့ပင်ခွကြီးတစ်ခု အခွလိုက်ပေါက်နေတဲ့ထိုအပင်ကြီးနှစ်ပင်ကနေ အကိုင်းတွေဖြာပြီးတော့ထွက်သွားလိုက်တာ ယုံမှားခြင်းရှစ်ပါး၊ ယုံမှားခြင်းဆယ့်ခြောက်ပါး အကိုင်းတွေဖြာပြီးတော့ထွက်သွားလိုက်တာဟုတ်ရဲ့လား၊ (မှန်လှပါဘုရား)။ အဲ့ဒါကို ဒွိဓာပထ၊လမ်းနှစ်ခွ' လို့ဒီလိုခေါ်တယ်၊ ဘာခေါ်တုန်း၊

(လမ်းနှစ်ခွလို့ခေါ်ပါတယ်ဘုရား)။

ဒွိဓာပထောတိ ခေါ ဘိက္ခု။ ဘိက္ခု၊ ချစ်သားရဟန်း။ ဒွိဓာပထောတိ ဧတံအဓိဝစနံ၊ လမ်းနှစ်ခွရောက်ပြီ လမ်းနှစ်ခွရောက်ပြီဆိုသော ဤစကား သည်ကား။ ဝိစိကိစ္ဆာယ၊ ဝိစိကိစ္ဆာတရားရဲ့။ အဓိဝစနံ၊ အမည်ပါပေတည်း။ ကင်္ခတိ၊ ဤသို့၊ သတ္ထာ၊ လူနတ်တို့ဆရာ ဘုရားမြတ်စွာသည်။ အာယသ္မာတော ကုမာရကဿပဿ၊ အရှင်ကုမာရကဿပမထေရ်ရဲ့။ ဒဿံ၊ ဆယ်ခုမြောက်ဖြစ်သော။ ပဠုံ၊ မေးခွန်းကို။ ဗျာကရောတိ၊ ဆုတ်ဆိုင်းမရှိ ဟုတ်တိုင်းမှန်စွာဖြေကြားတော်မူလိုက်ပါပေသတည်း။

သာဓု သာဓု သာဓု ပါဘုရား

အေး ဝိစိကိစ္ဆာရဲ့သဘောရယ် ဝိစိကိစ္ဆာအမျိုးအစားတွေရယ်၊ ဝိစိကိစ္ဆာ တိုးပွားကြောင်းဆိုတဲ့ အယောနိသောမနသိကာရရယ် ဝိစိကိစ္ဆာပယ်ဖျောက်ကြောင်းဆိုတဲ့ အကြောင်းတရားသုံးပါးရယ်ရပြီလား (မှန်လှပါဘုရား)။ အဲ့ဒီ ဝိစိကိစ္ဆာဟာ ဝိပဿနာအားထုတ်ရင် ဘုန်းကြီးတို့ပရိသတ်များ ဘယ်ကျမှကင်းတုန်းဆိုရင်လေ ဝိပဿနာဉာဏ်ထဲမှာသမ္မသနဉာဏ်ပြီးတော့ ဥဒယဗ္ဗယ၊ ဥဒယဗ္ဗယဉာဏ်ပြီးတော့ ဘင်္ဂ၊ ဘင်္ဂပြီးတော့ ဘယ၊ အာဒီနဝ၊ မုစ္စိတုကမျတာ၊ ပဋိသင်္ခါရုပေက္ခာ၊ အနုလောမာ အဲ့ဒါ ဘုန်းကြီးတို့ပရိသတ်များ အထက်တန်းရောက်သွားတယ်၊ ဝိပဿနာဉာဏ်များနော် (မှန်လှပါဘုရား) သမ္မသနဉာဏ်ရဲ့ အောက်နားမှာ ဘုန်းကြီးတို့ပရိသတ် ဉာဏ်ဘယ်နှစ်ပါးရှိဆိုတာသိလား မြန်မြန်ပြော မိန့်တော်မူပါအုံး သမ္မသနလုပ်ဆိုတာ ရုပ်နာမ်နှစ်ပါးကိုလုပ်ရတယ် ဘာနဲ့ဘာကိုလဲ၊

(ရုပ်နဲ့နာမ်ပါဘုရား)။

နာမရူပပရိစ္ဆေဒဉာဏ်သည် သမ္မသနဉာဏ်ရဲ့ရှေ့ကရှိပါစေဟုတ်လား၊ (မှန်လှပါဘုရား)။

နာမ်ရုပ် နှစ်ပါးသိပြီ ဒီနာမ်နဲ့ဒီရုပ်သည် ဖန်ဆင်းလို့ဖြစ်တာလား အလိုလိုဖြစ်တာလား အကြောင်းကြောင့်ဖြစ်တာလားလို့ စဉ်းစားစရာဖြစ်မနေဘူးလား (နေပါတယ်ဘုရား) အဲ့ဒီလိုစဉ်းစားတဲ့အခါကြတော့ ဖန်ဆင်းလို့ဖြစ်တာ အကြောင်းကင်းလို့ဖြစ်တာဆိုရင်သွားရော၊ အဲ့ဒါ ဥစ္ဆေဒဒိဋ္ဌိ ဟုတ်လား၊ အဓိစ္စသမုပ္ပန္နဝါဒလို့ ငြဟ္မဇာလသုတ်ထဲဟောပါတယ်၊ နာမ်ရုပ်တရားနှစ်ပါးသည် အကြောင်းကြောင့်ဖြစ်လာတဲ့အကျိုးလို့နားလည်ရင် ခုနက သဿတတွေ ဥစ္ဆေဒတွေဝင်အုံးမလား (မဝင်တော့ပါဘုရား)။ ဥစ္ဆေဒဒိဋ္ဌိ ဒိနေရာ တိုတ်ရိုက်ရှင်းသွားတယ် ဘာဉာဏ်လဲဆိုရင်ပစ္စယပရိဂ္ဂဟဉာဏ်ခေါ်တယ်၊ ဘာဉာဏ်၊

(ပစ္စယပရိဂ္ဂဟဉာဏ်ပါဘုရား)

နာမရူပပရိစ္ဆေဒဉာဏ်ရယ်၊ ပစ္စယပရိဂ္ဂ ဟဉာဏ်ရယ် ဘယ်နှစ်ပါးလဲ

(နှစ်ပါးပါဘုရား)

အဲ့ဒီဉာဏ်နှစ်ပါးကိုအခြေခံမှ သမ္မသနလုပ်လို့ကောင်းပါတယ်၊ (မှန်လှပါဘုရား)။

စူဠသောတာပန်ပုဂ္ဂိုလ်

ဒီဉာဏ်နှစ်ပါးကိုအခြေမခံရင် သမ္မသနလုပ်လို့မလွယ်ဘူးဗျ (မှန်လှပါဘုရား) နာမ်ရုပ်ကိုပိုင်မှ သက္ကာယကိုနိုင်တယ် ပစ္စယအကြောင်းကိုသိမ်းဆည်းနိုင်မှဘာတဲ့တုန်း ဝိစိကိစ္ဆာကိုနိုင်တယ်ဟုတ်လား၊ ရုပ်နာမ်ဘာကြောင့်ဖြစ်တာတုန်း အကြောင်းကိုရှာတဲ့ ဒီမှာစဝင်တာ၊ ရုပ်တရားတော့တွေ့ပြီ အဲ့ဒီရုပ်ကြီး ဘာကြောင့်ဖြစ်တုန်း၊ ဝေဒနာတွေ့ပြီ ဒီဝေဒနာ ဘာကြောင့်ဖြစ်တုန်း၊ အားထုတ်ရင်း တစ်ခါတစ်ခါစဉ်းစားသေးတာကိုး အဲဒီမှာအကြောင်းရှာမရဘူး ဝိစိကိစ္ဆာ၊ အကြောင်းမှန်ကိုရောက်မှ ဝိစိကိစ္ဆာပျောက်တယ်၊ ဒါကြောင့် နာမရူပပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ် ဒီဉာဏ်နှစ်ပါးကို ဘာခေါ်တုန်းဆိုတော့ ယထာဘူတဉာဏ်လို့ ခေါ်ပါတယ်။ ဘာဉာဏ်တဲ့တုန်း၊

(ယထာဘူတဉာဏ်လို့ခေါ်ပါတယ်ဘုရား)

ဓမ္မဋ္ဌိတိဉာဏ်လို့လည်းခေါ်ပါတယ်၊ ဘာတဲ့တုန်း၊

(ဓမ္မဋ္ဌိတိဉာဏ် လို့ခေါ်ပါတယ်ဘုရား)

အဲဒီကျမှခိုင်မြဲတာနော် နာမရူပပရိစ္ဆေဒဉာဏ်ပိုင်ရင် သက္ကာယဒိဋ္ဌိကိုပယ်နိုင်တယ်၊ ပစ္စယပရိဂ္ဂဟဉာဏ်ပိုင်တော့ ဝိစိကိစ္ဆာကိုပယ်နိုင်တယ် ဒိဋ္ဌ, ဝိစိကိစ္ဆာ ဒီကစပယ်တယ်ဟုတ်ဘူးလား၊ (မှန်လှပါဘုရား) အခြေခံကျတဲ့ဖြစ်ခြင်းများနော်၊ အဲ့ဒီဉာဏ်နှစ်ပါးပိုင်ရင် ဓမ္မဋ္ဌိတိဉာဏ်ကိုရတော့ တစ်နည်းယထာဘူတဉာဏ်ကိုရတော့ ဤပုဂ္ဂိုလ်မျိုးကို သမ္မသနမလုပ်ရသေးပေမယ့် စူဠသောတာပန်ခေါ်တယ်၊ (မှန်လှပါဘုရား)။

ဣမိနာ ပန ဉာဏေန သမ္မန္နာဂတော ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓဿာသော ပတိဋ္ဌော နိယတဂတိတော စူဠသောတာပန္နော နာမ။ [၁]

၁။ ဝိသုဒ္ဓိ၊ ဒု၊ ၂၄၀

ကျွမိနာ ပန ဉာဏေန၊ ဤဉာဏ်နှင့်။ သမ္ပန္နာဂတော၊ ပြည့်စုံသော။ ဝိပဿကော၊ ဝိပဿနာရှုမှတ်နေသောယောဂီပုဂ္ဂိုလ်သည်။ ဤဉာဏ်နှစ်ပါးနှင့်ပြည့်စုံပြီးတော့ ဝိပဿနာစခန်းတက်လှမ်းနေတဲ့ယောဂီပုဂ္ဂိုလ်၊ ဒီဉာဏ်နှစ်ပါးဆိုတာ ရုပ်နာမ်သိတဲ့ဉာဏ် ရုပ်နာမ်နှစ်ပါးဘာကြောင့်ဖြစ်နေတယ် အကြောင်းကိုသိမ်းဆည်းတဲ့ ပစ္စယပရိဂ္ဂဟဉာဏ် ဤဉာဏ်နှစ်ပါးပြည့်စုံသော။ ဝိပဿကော၊ ဝိပဿနာရှုမှတ်တဲ့ယောဂီပုဂ္ဂိုလ်သည်။ ဗုဒ္ဓသာသနေ၊ အံ့ဘွယ်ရှစ်ဖြာ ဘုရားမြတ်စွာရဲ့သာသနာတော်၌။ လဒ္ဓဿာသော၊ သက်သာရာကောင်းစွာရသည်။ ဟောတိ၊ ဖြစ်ပါပေ၏။ သက်သာရာရပြီ၊ ဒီဌိနဲ့ဝိစိကိစ္ဆာပယ်တော့ သက်သာပြီပေါ့၊ လဒ္ဓပတိဋ္ဌော၊ ထောက်ရာတည်ရာ မှီရာကိုရပြီ။ ထောက်တည်ရာရသွားပြီ သက်သာရာရပြီ ထောက်တည်ရာရပြီးတော့၊ နိယတဂတိကော၊ ခိုင်မြဲသောဂတိရှိသည်။ ဟောတိ၊ ဖြစ်၏။ ဂတိမြဲသွားတယ် လူ, နတ်, ဗြဟ္မာ သုဂတိတွေခိုင်မြဲသွားပြီ၊ ဘယ်နှစ်မျိုးရ၊

(သုံးမျိုးရပါဘုရား)

သက်သာရတယ် ထောက်တည်ရာရတယ် ပြီးတော့သုဂတိမှာမြဲတယ် ဘယ်နှစ်မျိုးရ (သုံးမျိုးရပါတယ်ဘုရား) ဉာဏ်နှစ်ပါးပိုင်ထားတဲ့ပုဂ္ဂိုလ်သည် အဲဒီလို အကျိုးတရားတွေရတယ်၊ ဉာဏ်နှစ်ပါးက နာမရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ ဗမာလိုပြော နာမ်ရုပ်ကိုသိတဲ့ဉာဏ်၊ နာမ်ရုပ်ဘာကြောင့်ဖြစ်ဆိုတာကိုသိတဲ့ဉာဏ်၊ နာမ်ရုပ်သိတဲ့ဉာဏ်က ဒီဌိကိုပယ်လှန်တယ်၊ နာမ်ရုပ်ရဲ့အကြောင်းသိမ်းဆည်းသိရှိနားလည်တဲ့ဉာဏ်က ဝိစိကိစ္ဆာကိုပယ်တယ်။

အဲဒီဒိဌိ ဝိစိကိစ္ဆာကို ပယ်နိုင်တဲ့ ဒီဉာဏ်နှစ်ပါး ရရင် လဒ္ဓဿာသော၊ သက်သာရာသိပ်ရသွားပြီတဲ့။ သာသနာလူဖြစ်ရတာ အဲဒီမှာ သက်သာတာ (မှန်လှပါဘုရား) လဒ္ဓပတိဋ္ဌော၊ သာသနာတော်မှာ ထောက်ရာတည်ရာ မှီရာကို သူသည်ကောင်းစွာရပြီ၊ ကျေနပ်စရာပေါ့ဟုတ်လား၊ နိယတိဂတိကော၊ လူ, နတ်, ဗြဟ္မာဆိုတဲ့ သုဂတိဘဝမှာကျိန်းသေမြဲသည်။ ဟောတိ၊ ဖြစ်ပါပေ၏။ ဂတိလည်းမြဲသွားပြီ၊ စူဠသောတာပန္နောနာမ ဟောတိ၊ မဟာသောတာပန်တော့မဟုတ်သေးဘူး၊ စူဠသောတာပန္နောနာမ၊ စူဠသောတာပန်မည်သော

ပုဂ္ဂိုလ်သည်။ ဟောတိ၊ ကောင်းစွာမသွေ ဖြစ်ပါပေတော့သတည်း။

သာဓု သာဓု သာဓု ပါဘုရား။

ဒီဉာဏ်နှစ်ပါးရရင် ဒီလိုယောဂီကိုဘာခေါ်တုန်း၊

(စူဠဋ္ဌသောတာပန်လို့ခေါ်ပါတယ်ပါဘုရား)

စူဠဋ္ဌသောတာပန် ဒီလိုခေါ်လိုက်တာ၊ အဲဒါဘုန်းကြီးတို့ ပရိသတ်များမခက်ဘူးနော်၊ မဟာသောတာပန်ဖြစ်ဖို့ကခက်ချင်ခက်လိမ့်မယ် စူဠဋ္ဌသောတာပန်ဖြစ်ဖို့ကတော့ ဘုန်းကြီးတို့ပရိသတ် မခက်ဘူးဗျ။ နာမ်ရုပ်သိအောင်ကြိုးစား၊ ဒါဖတ်လို့လည်းသိတယ်၊ နာလို့လည်းသိတယ်၊ အားထုတ်လို့လည်းသိတယ် ဖတ်လည်းဖတ် နာလည်းနာ အားလည်းအားထုတ် နာမ်ရုပ်သိဖို့ မခက်ဘူး။ ဒီနာမ်နဲ့ ဒီရုပ် ဘာကြောင့်ဖြစ်တုန်းလို့ အကြောင်းကိုရှာဖွေလို့လည်းပဲ မခက်ဘူးဗျ ဒီနှစ်ပါးရဖို့ကမခက်ဘူး သမ္မသန ကိုင်း တင်ပလ္လင်ခွေထိုင် ရှုကြစို့ဟေ့ဆို အဲဒီကျမှခက်တာ။

နာမ်ရုပ်ကိုသိအောင်ကြိုးစားပါမခက်ဘူး၊ နာမ်ရုပ်တွေဘာကြောင့်ဖြစ်ဆိုတာ သိအောင်ကြိုးစားပါ မခက်ဘူး ဟုတ်လား၊ ဒီနေရာဒီအချက်နဲ့ဆိုင်တာကတော့ နာမ်ရုပ်တရားနှစ်ပါးတို့ရဲ့အကြောင်းမှန်ကိုသိဖို့ကြိုးစားပါ၊ ဤတိုက်တွန်းချက်ကို ဒွိဓာပထ လမ်းနှစ်ခွနဲ့ဆိုင်တယ်၊ နို့မဟုတ်ရင် လမ်းမှားလမ်းမှန်မခွဲနိုင်ဘူး၊ မခွဲနိုင်တော့တဲ့အတွက်ကြောင့် လမ်းမှားမတော်တဆ ရောက်သွားနိုင်တယ်၊ နာမ်နဲ့ရုပ်သည် ဖန်ဆင်းလို့ဖြစ်တာလား၊ အကြောင်းကြောင့်ဖြစ်တာလားလို့ စဉ်းစားရင် ဖန်ဆင်းလို့ဖြစ်တာလို့ ဟိုဘက်ကူးသွားရင် အဲဒါ လမ်းမှားကိုသွားတာ၊ လမ်းမှန်ပြန်ရောက်ဖို့ရာ ယောနိသောမနသိကာရလုပ်ရမယ်၊ သပ္ပုရိသူပနိဿယလုပ်ရမယ်၊ သဒ္ဓမ္မသဝနလုပ်ရမယ်၊ ဒီသုံးပါးစုံအောင်ပြန်ကြိုးစား၊ ဒီတော့မှလမ်းမှန်ပြန်ရောက်မယ်၊ ဒီတော့ အကြောင်းနည်းနည်းရှာကြည့်စမ်းပါ။

အတိတ်အကြောင်းငါးပါး

မောဟော အဝိဇ္ဇာ တစ်ပါး၊ အာယူဟနသခ်ၤခါရာ တစ်ပါး၊ နိကန္တိကတဏှာ တစ်ပါး၊ ဥပဂမနံ ဥပါဒါနံ တစ်ပါး၊ စေတနာ ဘဝေါ တစ်ပါး၊

ဘယ်နှစ်ပါး (ငါးပါးရပါတယ်ဘုရား) အဲဒါ အတိတ်အကြောင်းငါးပါး အတိတ် အကြောင်း (ငါးပါးပါဘုရား)။ လွန်ခဲ့တဲ့အကြောင်း၊ ယခုရနေသောဘဝတည်း ဟူသောအကျိုးကိုဖြစ်စေသော လွန်ခဲ့တဲ့အကြောင်းငါးပါးနော်၊ (မှန်လှပါ ဘုရား)၊ မောဟော အဝိဇ္ဇာ၊ မောဟော အဝိဇ္ဇာဆိုကတည်းကိုက အဝိဇ္ဇာမရ ခင်က မောဟပဲလို့သိလိုက်ပေရော့၊ မောဟော၊ မောဟသည်။ အဝိဇ္ဇာ၊ အဝိဇ္ဇာ တရား။ မောဟဆိုတဲ့အဝိဇ္ဇာသည် အကြောင်းတစ်ပါး၊ မောဟဆိုတာ အဝိဇ္ဇာ ဘာတွေတုန်းဆိုတော့ သစ္စာလေးပါးမသိတဲ့သဘောပဲနော်၊ ဒုက္ခဆိုတာ မသိဘူး၊ ဒုက္ခရဲ့အကြောင်းမှန်ကိုလည်း မသိဘူး၊ နိရောဓကိုလည်း မသိဘူး၊ နိရောဓရဲ့အကြောင်းကိုလည်းမသိဘူး၊ ဒီလေးခု မသိခြင်းဆိုတဲ့ မောဟသည် အဝိဇ္ဇာ၊ အဲဒီ အဝိဇ္ဇာကိုအကြောင်းခံပြီးတော့ ဘာလုပ်သလဲဆိုတော့ အာယူဟန အာယူဟန ဘာပါလိမ့်၊ အာယူဟနာဆိုတာ အားထုတ်တာ၊ ဘာအား ထုတ်တုန်းဆိုတော့ ဘဝတွေ ကာမတွေရဖို့ရန်အားထုတ်တာ၊ ဘဝရဖို့ ကာမ ရဖို့ ခန္ဓာရဖို့ အားထုတ်တာ အာယူဟနာ (မှန်လှပါဘုရား)။

အဲဒီ အာယူဟနာ အားထုတ်မှုသည်တဲ့၊ ဘာဖြစ်တုန်းဆိုတော့ သခ်ါရ ဖြစ်တယ် အားထုတ်ရင် (သခ်ါရဖြစ်ပါတယ်ဘုရား) အကုသိုလ်အားထုတ်မယ် အပုညာဘိသခ်ါရ လူချမ်းသာ နတ်ချမ်းသာခံစားတဲ့ ကာမချမ်းသာအားထုတ် မယ် ပုညာဘိသခ်ါရ၊ စျာန်ချမ်းသာခံစားဖို့အားထုတ်မယ် အာနေဉ္စာဘိသခ်ါရ၊ ငါးပါးပေါ့နော် (မှန်လှပါဘုရား) အဝိဇ္ဇာကို အခြေခံအားထုတ်တော့ အာယူ ဟနဆိုတဲ့ အားထုတ်မှုတစ်ခုသည် သခ်ါရာ၊ သခ်ါရတစ်ခုဖြစ်လာတယ် အဝိဇ္ဇာရယ် သခ်ါရရယ် နှစ်ခုပေါ့ဗျာ (မှန်လှပါဘုရား) အဲဒီကနေတစ်ဆင့် တက် **နိကန္တိတဏှာ** နိကန္တိ၊ နှစ်သက်ခြင်း၊ တပ်မက်ခြင်း၊ အားထုတ်တယ် ဆိုကတည်းကိုက အားထုတ်ခြင်းကြောင့်ရလာမယ့်အကျိုးကို သူတပ်မက်လို့ အားထုတ်တာ၊ ဒါလေး အားထုတ် ဒီအကျိုးရတယ် ဒီလိုလုပ် ဒီလုပ်ခရတယ်၊ ဒီအလုပ်လုပ် ဒီအခရတယ်၊ ရလတဲ့သောအဖိုးအခကိုမျှော်ပြီးတော့နေတာ နိကန္တိလို့ခေါ်တယ် (မှန်လှပါဘုရား)။ အဲဒီနိကန္တိကို တဏှာလို့လည်းခေါ်တယ်၊ သုံးခုမရဘူးလား အဝိဇ္ဇာရယ် သခ်ါရရယ် တဏှာရယ်နော်၊ နိကန္တိ နှစ်သက် မိပြီဆိုရင် နှစ်သက်တဲ့အရာဝတ္ထုကို မလွတ်ဘူး၊ မျိုကပ်ထား၊ ကပ်ထားတော့

ဥပဂမနံ ဥပါဒါနံ ဥပဂမနံ၊ ကပ်ထားခြင်းသည်။ ဥပါဒါနံ၊ ဥပါဒါန်ခေါ်သတဲ့၊ နှစ်သက်လို့ အဲဒါလေးအတင်းကပ်ထား ဥပါဒါန်၊ ဘယ်နှစ်လုံးရ (လေးလုံး ပါဘုရား)။

အဝိဇ္ဇာ သခ်ါရ တဏှာ ဥပါဒါန် ကဲ့ ဒီလေးခုပေါင်းလိုက်တော့ **စေတနာ ဘဝေါ** တဲ့ ၊ စေတနာဖြစ်သွားပြီ၊ အဝိဇ္ဇာ သခ်ါရ တဏှာ ဥပါဒါန် ဒီလေးခုကိုအခြေခံပြီးတော့နောက်နားက၊ ဘဝ အဲဒီဘဝဆိုတဲ့ဖြစ်မှုက ဘာဖြစ်တာတုန်းဆိုတော့ စေတနာတွေဖြစ်တာ၊ ဥပါဒါန်နဲ့တွဲ စေတနာဖြစ်၊ တဏှာနဲ့တွဲ စေတနာဖြစ်၊ အဝိဇ္ဇာနဲ့တွဲ စေတနာဖြစ်၊ မဖြစ်ဘူးလား၊ အဲဒီ စေတနာလေးဖြစ်ဖြစ်လာတာကို ဘဝခေါ်တာ၊ စေတနာဖြစ်တာကို (ဘဝလို့ ခေါ်ပါတယ်ဘုရား) ဘာ ဘဝလဲလို့မေးမယ် ကမ္မဘဝ အားလုံးပေါင်းလိုက် ငါးခုမရဘူးလား (ငါးခုပါဘုရား) အဲဒါ အတိတေ ဟေတဝေါ ပဋ္ဌ အတိတ်က ဖြစ်ခဲ့တဲ့ အကြောင်းတွေဟာ ဒါပဲနော် (မှန်လှပါဘုရား)။

အတိတေ ဟေတဝေါ ပဋ္ဌ၊ အတိတ်တုန်းက တို့ဘဝဖန်ဆင်းခဲ့တာ ဒီအကြောင်းငါးပါးလို့သဘောကျ၊ အတိတ်အကြောင်းငါးပါးသည် အဝိဇ္ဇာရယ် တဏှာရယ် ဥပါဒါန်ရယ် သခ်ါရရယ် ဘဝရယ် ဘဝက ကမ္မဘဝ၊ ဘုန်းကြီးတို့ အဋ္ဌကထာအတိုင်း ပြန်ပြီးတော့နားထောင်ကြည့်ဦး၊ **မောဟော အဝိဇ္ဇာ**၊ မောဟဆိုတဲ့အဝိဇ္ဇာကတစ်ပါး၊ **အာယူဟန သခ်ါရာ**၊ အားထုတ်ခြင်းဆိုတဲ့သခ်ါရကတစ်ပါး၊ **နိကန္တိတဏှာ**၊ နှစ်သက်လို့ အားထုတ်တယ်ဆိုတဲ့တဏှာကတစ်ပါး၊ **ဥပဂမနံ ဥပါဒါနံ**၊ နှစ်သက်ရင်ကပ်ထားတယ်ဆိုတဲ့ဥပါဒါန်ကတစ်ပါး၊ ဟုတ်လား၊ **စေတနာ ဘဝေါ**၊ ဒီလေး ခုကိုအခြေခံပြီးတော့ဖြစ်လာတဲ့ စေတနာသည်ကမ္မဘဝ၊ငါးခုမနေဘူးလား။ အဲဒါ အကြောင်းငါးပါးတဲ့ ဒီအကြောင်းငါးပါးကို အခြေခံပြီးတော့ပေါ်လာတဲ့အကျိုးလည်းပဲငါးမျိုးပေါ့၊

ပေါ်လာတဲ့ အကျိုးတရားငါးပါးက **ပဋိသန္ဓိဝိညာဏံ** တစ်ပါး၊ **ဩကန္တိနာမရူပံ** တစ်ပါး၊ **ပသာဒေါ အာယတနံ** တစ်ပါး၊ **ဖုဋ္ဌော ဖဿော** တစ်ပါး၊ **ဝေဒယိတံ ဝေဒနာ** တစ်ပါး၊ ဘယ်နှစ်ပါး၊

(ငါးပါးရပါတယ်ဘုရား)

ပဋိသန္ဓိဝိညာဏ် စေတနာရဲ့နောက်နားက ဘဝဟောင်းက ဘဝသစ်ကိုစပ်ပေးတဲ့ ဝိညာဏ်လေးတစ်ခုပေါ်တယ်၊ စေတနာရဲ့နောက်နား (ဝိညာဉ်ပါဘုရား) ဘဝဟောင်းနဲ့ဘဝသစ်ကိုစပ်ပေးတဲ့ဝိညာဏ် အဲဒါပဋိသန္ဓေဝိညာဏ်ခေါ်တယ်။

ဝိညာဏ်ဆိုတဲ့ ဝိညာဏကွန္ဓာဖြစ်ရင် ဝေဒနာ သညာ သင်္ခါရဆိုတဲ့ နာမ်တရားတွေ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား) ပထဝီ, အာပေါ, တေဇော, ဝါယော ဝဏ္ဏ ဂန္ဓ ရသ သြဇာ ပြီးတော့ ဇီဝိတ ကာယဘာဝ ဝတ္ထု ကာယပသာဒ ပြီးတော့ဘာဝရုပ်၊ ဝတ္ထုရုပ်၊ ဇီဝိတရုပ် ရုပ်(၁၂)မျိုးလုံးမဖြစ်ဘူးလား၊ အဋ္ဌကလာပ်ရုပ်ရှစ်ခု ဝဏ္ဏ ဂန္ဓ ရသ ပထဝီ အာပေါ တေဇော ဝါယော ရှစ်ခုနော်၊ ဇီဝိတထည့် (ကိုးခုပါဘုရား) ဘာဝရုပ်ထည့် (ဆယ်ခုပါဘုရား) နောက်ပြီး ကာယပသာဒထည့် (ဆယ့်တစ်ခုပါဘုရား) ဝတ္ထုရုပ်ကောထည့် (ဆယ့်နှစ်ခုပါဘုရား) အဲဒီရုပ်(၁၂)မျိုးရယ် သူမှီဖြစ်တဲ့ဝိညာဏ်ရယ်၊ ခုနက ဝေဒနာ သညာ သင်္ခါရတွေရယ်၊ အဲဒါ နာမ်ရုပ်နော်ဟုတ်လား၊ ပဋိသန္ဓေဝိညာဏ်ပြီးတော့ အတွဲလိုက်လာခဲ့တဲ့ နာမ်တရားနဲ့ရုပ်တရား ဝိညာဉ် နာမ်ရုပ် ဒီလိုမဟုတ်လား။ ရုပ်တရားဖြစ်ရင် ဘုန်းကြီးတို့ပရိသတ်အပေါင်းသူတော်ကောင်းတို့ ရုပ်ထဲမှာအကြည်ဓာတ်ဆိုတဲ့ ပသာဒလေးတွေမလာဘူးလား၊

(လာပါတယ်ဘုရား)

ခက်မငါးဖြာပေါ်ပြီဆိုတဲ့အခါ ဦးခေါင်းဆိုတဲ့အရာဝတ္ထုပေါ်ဖို့ရန် အသားတစ်ကလေး အသားအဖုလေးနေရာကိုကြည့်လိုက် အသားတစ်ကနေပြီးတော့ ခက်မငါးဖြာ၊ ခက်မငါးဖြာတစ်ဖြည်းဖြည်း လှည့် လှည့်လာတော့ ဘုန်းကြီးတို့ပရိသတ် ခေါင်းကတစ်နေရာ၊ လက်နှစ်ဘက်က နှစ်နေရာ၊ ခြေနှစ်ဖက်က နှစ်နေရာ၊ ငါးခုမနေဘူးလား၊ (ငါးခုပါဘုရား)။

အဲဒီ အဖုကလေး ငါးခုကနေ သူ့အင်္ဂါလေးတွေ သူ့ဟာသူ ပေါ်လာလို့ ခေါင်းကလေး ထင်ထင်ရှားရှားဖြစ်ပြီးတော့ မျက်လုံးနောက် ထင်ရှားလာတော့ စက္ခုပသာဒ၊ နှာခေါင်းထင်ရှားလာတော့ ဃာနပသာဒ၊ နားထင်ရှားလာတော့ သောတပသာဒ၊ လျှာထင်ရှားလာတော့ ဇိဝှါပသာဒ၊ ကိုယ်ထင်ရှားလာတော့ ကာယပသာဒတဲ့၊ ပသာဒါ အာယတနံ၊ အဲဒီ ပသာဒတွေပေါ်လာရင် အာယ

တနဆိုတာဖြစ်တယ် သင်္ဌာယတနဟုတ်လား၊ မနဖြစ်နေကတည်းကိုက မနာယတနရှိပြီပေါ့၊ ဝိညာဏ်ဖြစ်တယ် ပဋိသန္ဓေဝိညာဏ်၊ အဲဒီနောက်နားက နာမ်နဲ့ရုပ်နှစ်ခုအတွဲလိုက်ဖြစ်တယ်၊ အေး တစ်ခုပြီးတစ်ခုစီ ခက်မငါးဖြာထင်ရှားထင်ရှားရင့်ကျက်ရင့်ကျက်လာတော့ စက္ခု သောတ ဃာန ဇိဝှါ ကာယ, မနတွေ ထင်ရှားဖြစ်ပွားလာတော့ အာယတနတရားတဲ့၊ ပဿာဒတွေပေါ်ရင် အာယတနပေါ်ပြီ **ပဿာဒေါ အာယတနံ** ဘယ်နှစ်ခုရတုန်း (သုံးခုရပါတယ် ဘုရား) ဒါအကျဉ်းနော်။

ပဿာဒေါ အာယတနံ ပဿာဒရှိရင် အဲဒီပဿာဒကို ထိဆိုတဲ့ဖဿလာလိမ့်မယ်၊ **ဖုဋ္ဌော ဖဿော** ထိခိုက်ခြင်းသည် ဖဿ ထိခိုက်လို့ပေါ်တော့၊ **ဝေဒယိတံ ဝေဒနာ** ခံစားခြင်းဆိုတဲ့ဝေဒနာ ပေါ်မလာဘူးလား၊ (လာပါတယ် ဘုရား)။ ဒါဟာ ပဋိစ္စသမုပ္ပါဒ်သင်တန်းမှာပြောထားတယ် ဝိညာဉ် နာမ်ရုပ် သင်္ဌာယတန ဖဿ ဝေဒနာလို့နော် ဒီလိုမဟုတ်လား၊ အတိတ်အကြောင်းကငါးပါး၊ ယခုပစ္စုပ္ပန်ပေါ်နေတဲ့အကျိုးကငါးပါးနော်၊ ယခုအခါ အကြောင်းငါးပါး ထပ်မံပြီးစုဆောင်း၍ နောင်အကျိုးငါးပါးလာအုံးမယ် မဟုတ်လား၊ အဲဒါ သံသရာစက်လည်တယ်လို့ခေါ်တာ၊ ဘုန်းကြီးတို့ပရိသတ်အပေါင်းသူတော်ကောင်းတို့ သံသရာစက်လည်ဆိုတာ ဒီလိုလာပါတယ်နော်။

ဘုန်းကြီးတို့ပရိသတ်အပေါင်းသူတော်ကောင်းတို့ကို တစ်ခုလောက် မေးမြန်းပါရစေ ဖြေကြမှာလား၊ မဖြေဘူးဆိုတဲ့လူက အသာလေးနေကြတာပေါ့ တစ်ခုထည်းမေးပါမယ် မမျှားပါဘူး တစ်ခုတည်း တစ်ခုတည်း၊ မှန်ဘီလူးဆိုတဲ့အရာဝတ္ထု၊ ဘုန်းကြီးတို့ပရိသတ်များ နေနဲ့တွေ့ရင် မီးထွက်တယ်ဆိုတဲ့မှန်ဘီလူးများကြားဖူးတယ်နော်၊ မှန်ဘီလူးနေရောင်ပြင်းပြင်းပူရင် သူကမီးထွက်တယ် အဲဒီမှန်ဘီလူးနေရောင်နဲ့တည့်တည့်ထား မှန်ဘီလူးကနေထိုးထားတဲ့ ဟို နေရောင်ခြည်စက်ဝိုင်းကလေးထဲမှာ ဝါဂွမ်းလေးပုံထား၊ တဖြည်းတဖြည်းနဲ့နေရောင်ခြည်ကထိုး၊ မှန်ဘီလူးဖြတ်ပြီးတော့ထိုး၊ မှန်ဘီလူးကထွက်သွားတဲ့အပူဓာတ်ကဝါဂွမ်းထိတော့ ဝါဂွမ်းမီးမတောက်ဘူးလား၊

(မီးတောက်ပါတယ်ဘုရား)

မီးဘယ်မှာတောက်နေတုန်း၊

(ဝါဂွမ်းမှာတောက်နေပါတယ်ဘုရား)
အဲဒီမီး နေကထွက်လာတာလား၊ (မဟုတ်ပါဘူးဘုရား)။
မှန်ဘီလူးကထွက်လာတာလား (မဟုတ်ပါဘူးဘုရား)။ ဟော ဘယ်
ကလာ၊ နေရောင်ရယ် မှန်ဘီလူးရယ် ဝါဂွမ်းရယ်ဆုံစည်းတယ်နော်၊
မှန်ဘီလူးထဲမှာ မီးမရှိဘူး၊ မီးထဲမှာ မှန်ဘီလူးမရှိဘူး၊ နေထဲမှာ မီးမရှိဘူး၊
မီးထဲမှာ နေမရှိဘူး၊ ဝါဂွမ်းထဲမှာ မီးမရှိ ဘူး၊ မီးထဲမှာ ဝါဂွမ်းဆိုတာမရှိဘူးတဲ့၊
ဟုတ်လား၊ (မှန်လှပါဘုရား)။

ဘုန်းကြီးတို့ပရိသတ်အပေါင်း သူတော်ကောင်းတို့ မျိုးစေ့ထဲမှာအပင်
မရှိဘူး အပင်ထဲမှာမျိုးစေ့မရှိဘူး ဟော သဘာဝတွေကဒီလိုစဉ်းစားရင်
ဘုန်းကြီးတို့ပရိသတ် အကြောင်းနဲ့အကျိုးနားလည်ဖို့ ဘာခက်တုန်းဗျ၊ ဒါကို
ယောနိသောမနသိကာရခေါ်နေတာ (မှန်လှပါဘုရား) ဒီလို စဉ်းစားတတ်ဖို့
အသိဉာဏ်ပေးတဲ့ ဆရာကိုမှီဝဲရတယ်၊ ဒါကို သပ္ပုရိသူပနိဿယ, ကလျာဏ
မိတ္တခေါ်တာ၊ ဒီလိုအသိဉာဏ်ပေးတဲ့ တရားကိုနာရတယ် ဒီလိုစာအုပ်မျိုးတွေ
ကိုဖတ်ရတယ် ဒါကိုဘာခေါ်တုန်း သဒ္ဓမ္မသဝနခေါ်တာ၊ (မှန်လှပါဘုရား)

စေတနာမှန်သောကံတရား

ကမ္မဿ ကာရကော နတ္ထိ၊ ဝိပါကဿ စ ဝေဒကော။
သုဒ္ဓမ္မာ ပဝတ္တန္တိ၊ ဧဝေတံ သမ္မဒဿနံ။ [၁]

ကမ္မဿ၊ ကံကို။ ကာရကော၊ လုပ်တဲ့ပုဂ္ဂိုလ်သည်။ နတ္ထိ၊ မရှိဘူး။
ကံကိုလုပ်သူ ကတ္တားမရှိပါဘူး၊ စေတနာသာပဓာန၊ ဒီကံတွေ ဘယ်သူလုပ်
ဆိုရင် လုပ်သူရှာမနေနဲ့၊ စေတနာကိုသဘောကျပါ၊ စေတနာကိုရံနေတဲ့အဝိဇ္ဇာ
တွေ တဏှာတွေကိုလည်းသဘောကျပါ၊ အကြောင်းငါးပါးပြောထားတယ်၊
ကမ္မဿ ကာရကော နတ္ထိ၊ ကမ္မဿ၊ ကံကို။ ကာရကော၊ လုပ်သူသည်။ နတ္ထိ၊
မရှိဘူး။ အကြောင်းငါးပါးပဲရှိတယ်၊ ဝိပါကဿ စ ဝေဒကော၊ ဝိပါကဿ စ၊
အကျိုးကိုလည်း။ ဝေဒကော၊ ခံစားတဲ့ပုဂ္ဂိုလ်သည်။ နတ္ထိ၊ မရှိဘူး။ အကျိုးကို

၁။ ဝိသုဒ္ဓိ၊ ၂။ ၂၃၇

ခံစားသူ ပုဂ္ဂိုလ်သတ္တဝါမရှိဘူး၊ ကံကို ပြုလုပ်သူလည်းမရှိဘူး၊ အကျိုးကိုခံစားသူလည်းမရှိဘူး။

တစ်မျိုးပြောရအောင် ကံကိုပြုလုပ်သူ ကာရကမရှိဘူး၊ ဝေဒနာကို ခံစားသူ တစ်နည်း ဝိပါက်ကိုခံစားသူ ဝေဒကဆိုတာမရှိဘူး၊ အကြောင်းတရား ငါးပါးရှိတယ်၊ အကျိုးတရားငါးပါးရှိတယ်၊ ဒါပဲမဟုတ်လား။ အဲဒါ ပစ္စယပရိဂ္ဂဟဉာဏ်ခေါ်တာ၊ ဓမ္မဋ္ဌိတိဉာဏ်ခေါ်တာဟုတ်လား၊ ဒီ အကြောင်းတွေ ဒီလိုအကျိုးတွေဟာ စုလိုက်ရင် နာမ်ရုပ်တွေပဲမဟုတ်လား၊ နာမရူပပရိစ္ဆေဒဉာဏ်ခေါ်တာ၊ အဲဒီဉာဏ်ပိုင်ရင် စူဠသောတာပန်ပဲ ဘာတဲ့တုန်း၊

(စူဠသောတာပန်ပါဘုရား)

လဒ္ဓဿာသော တဲ့၊ သက်သာရာသိပ်ရတယ်၊ လဒ္ဓပတိဋ္ဌော၊ ထောက်ရာတည်ရာမှီရာရမယ်၊ နိယတိဂတိကော၊ ဂတိမြဲမယ်။ စူဠသောတာပန္နော နာမ၊ စူဠသောတာပန်မည်သည်။ ဟောတိ၊ ကောင်းစွာမသွေ ဖြစ်ပါပေတော့သတည်း။

သာဓု သာဓု သာဓုပါဘုရား။

ကမ္မဿ၊ ကံကို။ ကာရကော၊ လုပ်သူသည်။ နတ္ထိ၊ မရှိဘူး။ ဝိပါကဿ၊ အကျိုးကိုလည်း။ ဝေဒကော၊ ခံစားသူသည်။ နတ္ထိ၊ မရှိဘူး။ သုဒ္ဓမ္မာပဝတ္တန္တိ' သုဒ္ဓမ္မာ၊ အကြောင်းအကျိုး သက်သက်သော တရားနှစ်မျိုးတို့သည် သာလျှင်။ ပဝတ္တန္တိ၊ ဖြစ်ပေါ်၍ နေကြလေကုန်၏။ ဧဝံ၊ ဤသို့ သဘောရှိသော။ ဒဿနံ၊ အမြင်သည်။ သမ္မဒဿနံ၊ ယထာဘူတဆိုက်အောင် မြင်လိုက်တဲ့ သမ္မဒဿနခေါ်တဲ့ အမြင်မှန်ပါပေတည်း။ ဣတိ၊ ဤသို့။ သတ္ထာ၊ လူနတ်တို့ ဆရာဖြစ်တော်မူသော သဗ္ဗညုမြတ်စွာဘုရားသည်။ ကထေတိ၊ ကရုဏာရှေ့ထား မေတ္တာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း။

သာဓု သာဓု သာဓု ပါဘုရား။

ကမ္မာ ဝိပါကာ ဝတ္တန္တိ၊ ဝိပါကော ကမ္မသမ္ဘဝေါ။

ကမ္မာ ပုနဗ္ဘဝေါ ဟောတိ၊ ဧဝံ လောကော ပဝတ္တတိတိ။ °

၁။ ဝိသုဒ္ဓိ၊ ၂။ ၂၃၇

ဘိက္ခဝေ၊ ပရိသတ်လေးပါး ချစ်သား ချစ်သမီးတို့။ ကမ္မာ၊ ကံကြောင့်။ ကံကို ဦးတည်ပြောတယ်နော်၊ အဲဒီကမ္မဘဝဆိုတဲ့ ကံတွေရံထားတဲ့ တရားလေး ခုမမေ့လိုက်နဲ့ (မှန်လှပါဘုရား) အဝိဇ္ဇာရယ် သခ်ၤါရရယ် တဏှာရယ် ဥပါဒါန်ရယ် ဟုတ်လား (မှန်လှပါဘုရား) ဒီလေးခုက ကံကိုရံထားတယ်။ ကံက ဦးဆောင်တယ်၊ ဒါကြောင့် ဦးဆောင်တဲ့တရားကို ဒီမှာဦးတည်ပြီးတော့ ဟောပါတယ်။ ကမ္မာ၊ ကံကြောင့်။ ဝိပါကာ၊ ဝိပါက်တို့သည်။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။ ကံကြောင့် ဝိပါက်ဖြစ်တယ်၊ ဝိပါက်ဆိုတာ ဝိပါကပုဒ်ကိုပြောတာ ကံက အကြောင်း ဝိပါကအကျိုး၊ ကံဆိုတဲ့တရားကိုယ်သည် စေတနာလေးပါ၊ အဲဒီ စေတနာကိုအားပေးနေတာတွေက အဝိဇ္ဇာတွေ တဏှာတွေ ဥပါဒါန်တွေ ဟုတ်လား၊ (မှန်လှပါဘုရား) ကမ္မာ၊ ကံကြောင့်။ ဝိပါကာ၊ ဝိပါက်ဆိုတဲ့အကျိုး တို့သည်။ ဝတ္တန္တိ၊ ဖြစ်ပေါ်၍လာကြကုန်၏။ ဝိပါကော၊ ဝိပါက်ဆိုသောအကျိုး သည်။ ကမ္မသမ္ဘဝေါ၊ ကံကြောင့်ဖြစ်၏။'ဝိပါက်ဆိုတဲ့အကျိုးသည် ကံကြောင့် ဖြစ်တယ်။ ကမ္မာ၊ ကံကြောင့်။ ပုနဗ္ဘဝေါ၊ ဘဝတစ်ဖန် ဖြစ်ရခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ကံကြောင့်ဘဝသစ်ဆိုတာဖြစ်တာ၊ ဧဝံ လောကော ပဝတ္တတိ။ ဧဝံ၊ ဤသို့လျှင်။ လောကော၊ သတ္တလောက သခ်ၤါရလောကဆိုတဲ့လောက ကြီးသည်။ ပဝတ္တတိ၊ ကောင်းစွာမသွေ ဖြစ်၍နေခဲ့ပါပေသတည်း။

သာဓု သာဓု သာဓု ပါဘုရား။

မျိုးစေ့ အပင် ဥပမာ ဝိပါကာ

ကမ္မံ နတ္ထိ ဝိပါကမ္ပိ၊ ပါကော ကမ္မေ န ဝိဇ္ဇတိ။
အညမညံ ဥဘော သုညာ၊ န စ ကမ္မံ ဝိနာ ဖလံ။ [1]

ဘိက္ခဝေ၊ ပရိသတ်လေးပါး ချစ်သား ချစ်သမီးတို့။ ဝိပါကမ္ပိ၊ ဝိပါက်ဆိုသောအကျိုးထဲမှာ။ ကမ္မံ၊ ကံသည်။ နတ္ထိ၊ မရှိဘူး။' အကျိုးထဲမှာအကြောင်းကံမရှိဘူး။ အကျိုးထဲမှာအကြောင်းကံမရှိဘူး၊ မှန်ဘီလူးထဲမှာမီးမရှိဘူးပေါ့ ဟုတ်လား၊ (မှန်လှပါဘုရား) အဲဒီအတိုင်းပဲ အကျိုးထဲမှာအကြောင်းကံမရှိဘူး။ ကမ္မံ နတ္ထိ ဝိပါကမ္ပိ။ ဝိပါကမ္ပိ၊ ဝိပါက်လို့ခေါ်ဆိုရတဲ့အကျိုးထဲမှာ။ ကမ္မံ၊ ကံ

၁။ ဝိသုဒ္ဓိ၊ ၂။ ၂၃၈

သည်။ နတ္ထိ၊ ဝင်နေတာမဟုတ်ဘူးတဲ့ဟုတ်လား၊ အကျိုးဝိပါက်တွေထဲမှာ ကံတရားတွေဝင်ပြီးတော့ကိန်းအောင်းနေကြတာမဟုတ်ဘူး၊ ဝိပါကော၊ ဝိပါက်လို့ခေါ်ဆိုတဲ့အကျိုးကလည်းပဲ။ ကမ္မေ၊ ကံထဲမှာ။ နတ္ထိ၊ ဝင်နေတာမဟုတ်ဘူးတဲ့၊ (မှန်လှပါဘုရား) အကျိုးတရားကလည်း အကြောင်းထဲဝင်နေတာမဟုတ်ဘူး၊ မျိုးစေ့သည်အပင်ထဲမှာမရှိဘူး၊ အပင်သည် မျိုးစေ့ထဲမှာမရှိဘူးနော်၊ ကမ္မံ နတ္ထိ ဝိပါကမှိ။ ကမ္မံ၊ ကံသည်။ ဝိပါကမှိ၊ ဝိပါက်ထဲမှာ။ နတ္ထိ၊ မရှိဘူး။ ပါကော၊ အကျိုးလည်းပဲ။ ကမ္မေ၊ ကံတရားထဲမှာ။ န ဝိဇ္ဇတိ၊ မရှိပါဘူး။ ဥဘော၊ ကံနဲ့အကျိုးတရားဥ္ဈန့စ်ပါးတို့သည်။ အညမညံ၊ အချင်း ချင်း။ သုညာ၊ ဆိတ်သုဉ်း၍နေကြလေကုန်၏။

ကံထဲမှာ ဝိပါက်မရှိ၊ ဝိပါက်ထဲမှာ ကံမရှိ၊ အကြောင်းထဲမှာ အကျိုးဝင်နေတာမဟုတ်ဘူး၊ အကျိုးထဲမှာအကြောင်းဝင်နေတာမဟုတ်ဘူး၊ အကြောင်းနဲ့ အကျိုးဆက်နေတယ်လို့ပြောတာ၊ တစ်ခုနဲ့ တစ်ခု ဝင်ထွက်မနေဘူးဟုတ်လား (မှန်လှပါဘုရား)၊ အကြောင်းနဲ့အကျိုးဆက်နေတာ အပင်ထဲမှာ မျိုးတွေဝင်မနေဘူး၊ မျိုးထဲမှာ အပင်တွေဝင်မနေဘူး၊ မျိုးကြောင့်အပင်ပေါက်တာ ဒီလိုပေါ့ဗျာ၊ ကမ္မံ နတ္ထိ ဝိပါကမှိ၊ ဝိပါက်ထဲကံမရှိဘူး၊ ကမ္မေ၊ ကံထဲမှာလည်းပဲ။ ပါကော၊ အကျိုးသည်။ န ဝိဇ္ဇတိ၊ မရှိပါဘူး။ ဣတိ ဥဘော၊ ဤကမ္မ, ကမ္မဝိပါကတရားနှစ်ပါးတို့သည်။အညမညံ၊ အချင်းချင်း။ သုညာ၊ ဆိတ်သုဉ်း၍နေကြလေကုန်၏။

အကြောင်းကင်းသော အကျိုးမရှိ

ကံနဲ့ အကျိုးတရား ဤနှစ်ပါး အချင်းချင်းတစ်ခုနဲ့ တစ်ခု ဆိတ်သုဉ်းနေကြပါတယ်၊ နု စ ကမ္မံ ဝိနာ ဖလံ၊ ကမ္မံ၊ ကံသည်။ ဖလေန၊ အကျိုးနှင့်။ ဝိနာ၊ ကင်း၍။ နု ပဝတ္တတိ၊ မဖြစ်ဘူး။ ဖလာနိ၊ အကျိုးတို့လည်းပဲ။ ကမ္မေန၊ ကံနှင့်။ ဝိနာ၊ ကင်း၍။ နု ပဝတ္တတိ၊ မဖြစ်ပါဘူး။ မျိုးစေ့သည် အပင်နဲ့ကင်းလို့တော့ မဖြစ်ဘူးပေါ့၊ အပင်လေးစည်ကားလာတော့ နောက်တစ်ခါ မျိုးပြန်ဖြစ်ဦးမယ်၊ အဲဒီမျိုးကနေ နောက်တစ်ခါအပင်ဖြစ်အုံးမယ် ဒီလိုမဟုတ်လား။ ကမ္မံ၊ ကံသည်။ ဝိပါကေန၊ ဝိပါက်ဆိုတဲ့အကျိုးနဲ့။ ဝိနာ၊ ကင်း၍။ နု ပဝတ္တတိ၊

မဖြစ်ဘူးတဲ့။ ကံသည် အကျိုးဝိပါက်နဲ့တော့မကင်းနိုင်ဘူး၊ ဝိပါကာနိ၊ အကျိုးဝိပါက်တို့လည်းပဲ။ ကမ္မေန၊ ကံဆိုသောအကြောင်းနှင့်။ နှ ပဝတ္တတိ၊ မဖြစ်နိုင်ဘူး။ ကံလည်း ဝိပါက်နဲ့မကင်းဘူး ဝိပါက်လည်း ကံနှင့်မကင်းဘူး အကြောင်းလည်းအကျိုးနှင့်မကင်းဘူး။ အကျိုးလည်းအကြောင်းနှင့်မကင်းပါဘူး။ ဒါပေမယ့် အကြောင်းထဲအကျိုးတော့ဝင်မနေဘူးနော်၊ အကျိုးထဲမှာလည်းပဲ အကြောင်းသည်ဝင်မနေဘူး။ အကျိုးထဲမှာလည်းပဲ အကြောင်းသည်ဝင်မနေဘူးတဲ့ အကြောင်းကြောင့် အကျိုးဆိုတာဖြစ်လာတယ်လို့ သဘောက္ခ။

အဲဒါကိုဘာခေါ်လဲ ပစ္စယပရိဂ္ဂဟဉာဏ် သုံးသပ်တဲ့နည်းဟုတ်လား၊ ဘာအတွက်သုံးသပ်ရတုန်း လမ်းနှစ်ခွရှင်းသွားအောင်လို့၊ ဘာရှင်းသွားအောင်လို့၊ ဩော် ဒီနာမ် ဒီရုပ် တစ်နည်း ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတဲ့ဒီအကျိုးတွေဟာ ဒီအကြောင်းကြောင့်ဖြစ်တာ ဟုတ်လေသလား မဟုတ်လေသလားဆိုတဲ့လမ်းနှစ်ခွမှာရပ်ပြီးတော့ တွေဝေပြီးတော့ မနေကြရလေအောင်၊ ဒွိဓာပထ လမ်းနှစ်ခွကို ဘုန်းကြီးတို့ပရိသတ် တူရွှင်းကောင်းကောင်းနဲ့ဟောဒီမှာတူးတယ်တဲ့ ပစ္စယပရိဂ္ဂဟဉာဏ်ဆိုသောတူရွှင်းနဲ့တူးလိုက်တာ လမ်းနှစ်ခွဟာတစ်ခုတည်းရှိတော့တယ်၊ (မှန်လှပါဘုရား)။

ဟော အကြောင်းကြောင့်ပေါ်တဲ့အကျိုး အကြောင်းကင်း၍ ဖြစ်တာမဟုတ်ဘူး၊ ဖန်ဆင်းလို့ဖြစ်တာမဟုတ်ဘူး အကြောင်းကင်းလို့ဖြစ်တာ မဟုတ် အကြောင်းကြောင့်ပေါ်တဲ့အကျိုးလို့ နားမလည်လိုက်ဘူးလား၊

(နားလည်လိုက်ပါတယ်ဘုရား)။

အကြောင်းကြောင့်ပေါ်တဲ့အကျိုးလို့ နားလည်လိုက်ရင် ခုနစကားကို ပြန်ကိုင်ထား ဓမ္မဋ္ဌိတိဉာဏ် ဘာတဲ့တုန်း၊

(ဓမ္မဋ္ဌိတိဉာဏ်ပါဘုရား)

ယထာဘူတဉာဏ် ဘာဉာဏ်တဲ့ (ယထာဘူတဉာဏ်ပါဘုရား)။

နောက်တစ်ခါ ပစ္စယပရိဂ္ဂဟဉာဏ် ဘာဉာဏ်လဲ (ပစ္စပရိဂ္ဂဟဉာဏ်ပါဘုရား)။ အကြောင်း အကျိုးတွေတစ်ခါတည်းဆက်စပ်ပုံနားလည်တော့ ဒီအမြင်သုံးမျိုးရတဲ့ဉာဏ်ကိုပိုင်တယ်ပေါ့ ဟုတ်လား၊ အဲဒီအမြင်သုံးမျိုးရ

တဲ့ဉာဏ်ဆိုတဲ့အကြောင်း အကျိုးသိမ်းဆည်းတဲ့ဉာဏ် ဓမ္မသဘာဝမှာ ကောင်းစွာတည်တဲ့ ဓမ္မဋ္ဌိတိဉာဏ်၊ အကြောင်းအကျိုးမှန် အကြောင်းမှန်အကျိုးမှန်ကို ပိုင်းပိုင် ခြားခြားသိတဲ့ ယထာဘူတဉာဏ်၊ ဒီဉာဏ်ကိုမရသေးသမျှတော့ -

ဒိဋ္ဌိပန္ဓနဗန္ဓါ တေ၊ တဏှာသောတေန ဝုယ္ဟရေ။

တဏှာသောတေန ဝုယ္ဟန္တာ၊ န တေ ဒုက္ခာ ပမုစ္စရေ။ °

ဒိဋ္ဌိပန္ဓန ဗန္ဓာ၊ မိစ္ဆာဒိဋ္ဌိ တည်းဟူသော အနှောင်အဖွဲ့ တုပ်နှောင်ခံရကုန်သော အကြောင်းကင်းတဲ့ ဥစ္ဆေဒဒိဋ္ဌိတဲ့ဟုတ်လား (မှန်လှပါဘုရား) အတ္တတွေ သံသရာခရီး တစ်ဆက်ထဲ လာခဲ့တယ်ဆိုတဲ့ သဿတဒိဋ္ဌိ ဒိဋ္ဌိပန္ဓန ဗန္ဓာ၊ မိစ္ဆာဒိဋ္ဌိတည်းဟူသော သံယောဇဉ်ကြိုးဖြင့် တုပ်နှောင်ခံရကုန်သော။ ယေနရာ၊ အကြင်လူရောနတ်ပါ သတ္တဝါမှန်သမျှတို့သည်။ ဒုက္ခာ၊ ဒုက္ခ အပေါင်းမှ။ န ပမုစ္စရေ၊ န ပမုစ္စန္တိ၊ ဘယ်လိုနည်းနဲ့မျှ လွတ်မြောက်နိုင်ခြင်း မရှိကြလေကုန်။ တဏှာသောတေန ဝုယ္ဟရေ တဏှာသောတေန၊ တဏှာသောတတည်းဟူသောရေယာဉ်ကြောမှာ။ ဝုယ္ဟရေ၊ မြောပါ၍နေကြလေကုန်၏။ တဏှာသောတေန၊ တဏှာတည်း ဟူသောရေယာဉ်ကြောမှာ။ ဝုယ္ဟန္တော၊ မြောပါ၍နေကြလေကုန်သော။ တေနရာ၊ ထိုဒိဋ္ဌိကြိုး, ဒိဋ္ဌိသံယောဇဉ်ကြိုး တုပ်နှောင်ခံရကုန်သော လူရောနတ်ပါ သတ္တဝါအနန္တ မှန်သမျှတို့သည်။ ဒုက္ခာ၊ သံသရာဒုက္ခ, ခန္ဓာဒုက္ခာမှ။ နပမုစ္စရေ၊ န ပမုစ္စန္တိ၊ ဘယ်လိုနည်းနဲ့မျှ လွတ်မြောက်နိုင်ခြင်း မရှိကြလေကုန်သတည်း။

သာဓု သာဓု သာဓု ပါဘုရား။

အေးဘုန်းကြီးတို့ပရိသတ်အပေါင်း သူတော်ကောင်းတို့အတွက် ဒီဓမာပထလမ်းနှစ်ခွ နဲ့ ပတ်သက်လို့ လမ်းနှစ်ခွဖြစ်ပုံရယ် လမ်းနှစ်ခွကနေ ဖြောင့်မတ်တဲ့လမ်းတစ်ကြောင်းတည်း သွားရမဲ့နည်းရယ် ရပြီမဟုတ်လား (မှန်လှပါဘုရား) ဒီတော့အရေးကြီးတာကိုရစေချင်တော့ ထပ်ကာထပ်ကာ ဆိုပါအုံးဘာတဲ့လဲ။

၁။ ဝိသုဒ္ဓိ၊ ၂။ ၂၃၈

စိတ်ကောင်းထားပါ၊ မိတ်ကောင်းရှာ၊ ကောင်းစွာတရားနာ။
အဂီါသုံးပါး၊ ပြည့်စုံငြား၊ ယုံမှားကင်းစင်ကွာ။ (သုံးခေါက်)

သတ္တမပိုင်းပြီး၏

ဝမ်မိကသုတ္တန်တရားတော် အဋ္ဌမအပိုင်း

၁၃၄၃-ခုနှစ်၊ သီတင်းကျွတ်လပြည့်၊ အဘိဓမ္မာအခါတော်နေ့ည၊ မန္တလေးမြို့ (၈၄)လမ်း၊ ကျောက်သွေးတန်းနေ ဦးဘမြင့် + ဒေါ်ညိုနှင့် သား သမီးမြေးတစ်စုတို့က စစ်ကိုင်းတောင်တခို ဝါဆိုလျက် ဓုရန္နစ်ဖြာ သာသနာ အလုပ် အားထုတ်တော်မူကြကုန်သော ရဟန်း, သာမဏေသူတော် သီလရှင် တို့အား သောက်ရေသုံးရေ ဆေးကြောရေဖြင့် မသွေလန်းဖြာ ချမ်းသာပါစေ ခြင်းအကျိုးငှါ သီတဂူရေအလှူတော်စီမံကိန်း၌ ငါးထောင်ကျပ်မျှတန်ဖိုးရှိ သောပစ္စည်းတို့ကိုပါဝင်ကြ၍ ပါနီယဒါန မြတ်ပုည ကောင်းစွာပြုလုပ် အား ထုတ်ကြသည့် ပါနီယဒါန ဓမ္မသဘင်ဆင်ယင်ရာ၌ ဟောကြားအပ်သော မဇ္ဈိမနိကာယ် မူလပဏ္ဏာသပါဠိတော်၌လာရှိသော ဝမ်မိကသုတ္တန်တရားတော် ရှစ်ခုမြောက်အပိုင်း ဝမ်မိကသုတ္တန်တရားတော်ရဲ့ ရှစ်ခုမြောက်အပိုင်း၊ အဋ္ဌမ ကထာတရား မဟောကြားသေးခင် မနာကြားသေးခင် တရားပိုင်ရှင်ဖြစ်တော်မူ သော သဗ္ဗညုမြတ်စွာဘုရားအား ရိုသေစွာလက်အုပ်ချီမိုး၍ ရှိခိုးကြရအောင်၊

ဘုန်းကြီးတို့ရဲ့ သီတဂူမော်ကွန်းမှာ မော်ကွန်းလွှာလေးများရထားတဲ့ ဒကာကြီးတွေ ဒကာမကြီးတွေ မော်ကွန်းဓာတ်ပုံရဲ့ နောက်ကျောဖတ်ကြည့် လိုက်လို့ရှိရင် တွေ့ကြရမယ် ဘာတွေ့ရမတုန်းဆိုတော့ **'သီတဂူမော်ကွန်းသစ်'** ဆိုပြီးတော့ အဲဒီဓာတ်ပုံရဲ့နောက်ကျောမှာရိုက်ထည့်ထားတယ်၊ **'ဘိသိက် တော်ဖျန်းဓလေ့ နန်းရဝေ့တန်ဆာ'** ဒီလိုရေးထားတာ၊ ဘိသိက်တော် ဖျန်းသွားတာ နည်းတောင်နည်းသေးတယ်၊ ခုနက တော်တော်ဖျန်းသွားလား နည်းနည်းပဲလား ဒါထက်ဖျန်းမှကောင်းမှာ၊ ဟုတ်လား ဒကာမကြီးဒေါ်ညို **'ဘိသိက်တော်ဖျန်းဓလေ့ နန်းရဝေ့တန်ဆာ'** ဆိုတော့ ရေဟာနန်းတော်ရဲ့

တန်ဆာပဲ၊ ရွှေနန်းတော်ရဲ့တန်ဆာတစ်ခု၊ ဘာဖြစ်လို့တုန်း ရှင်ဘုရင်များ ထီးနန်းတက် သီတာရေချမ်းနဲ့ အဘိသိက်ဖျန်းပြီးတော့မှ တက်ရတာဆိုတော့ ရေဟာ ရွှေနန်းတော်ရဲ့တန်ဆာတစ်မျိုးပဲ၊ နန်းတော်ရဲ့အင်္ဂါတစ်ခု။

ဒါဆိုထားတော့ **'ဘိသိက်တော် ဖျန်းဓလေ့ နန်းရဝေ့တန်ဆာ၊ စန်းအင်္ဂေ့လျှံဝါငယ် စံပမာဆိုစို့' 'စန်းအင်္ဂေ့လျှံဝါငယ်'** သီတင်းကျွတ်လပြည့်ဆိုတော့ စန်းကလည်း ပြည့်ပြည့်ဖြိုးဖြိုး မိုးကလေးကလည်း ရွာ၊ နေ့ခင်းက မိုးကလည်းအံ့ထားတော့ အေးလို့ဟန်ကျတယ် **'စန်းအင်္ဂေ့ လျှံဝါငယ် စံပမာဆိုစို့၊ အေးရောင်ဓာတ် အရည်တူတယ် သီတဂူကိန်း ဆိုက်ချိန်မို့'** သီတဂူကိန်းဆိုတာ မိုးရွာကိုရွာရမှာ အဲဒါများ စိတ်ပျက်မနေနဲ့ **'အေးရောင်ဓာတ် အရည်တူတယ် သီတဂူကိန်းဆိုက်ချိန်မို့၊ အမတဘိသေကာ ဝိဇ္ဇယျာအောင်မြို့ '** ဘာလုပ်တာလဲတဲ့၊

(အမတဘိသိက်သွန်းတာပါဘုရား)

ဒီလို သဘောထား ဘုန်းကြီးတို့ပရိသတ်များ မိုးရွာတာဘာလုပ်တာလဲဟာ ရွာပါစေပေါ့၊ ဘာဖြစ်လဲ ဘုန်းကြီးတို့ပရိသတ် မျှောသွားတော့ဘာဖြစ်လဲ **'အမတ ဘိသေကာ ဝိဇ္ဇယျာအောင်မြို့'** ဝိဇ္ဇယျာဆိုတာ ကိလေသာအားလုံးကိုအောင်သွားတယ်၊ တစ်နည်း မာရ်ငါးပါးတို့ကို အောင်သွားတယ်တဲ့ နိဗ္ဗာန်ကိုပြောတာ၊ အမတဘိသိက်ဟာ ဘယ်အတွက်သွန်းတာတုန်းဆိုတော့ နိဗ္ဗာန်ဆိုတဲ့အောင်မြို့တော်အတွက်သွန်းတာ၊ **အမတဘိသေကာ ဝိဇ္ဇယျာအောင် မြို့** အောင်မြို့ဆိုတာနိဗ္ဗာန်၊ **အမတဘိသေကာ ဝိဇ္ဇယျာအောင်မြို့။**

ဒီကနေ့ အမတဘိသိက်သွန်းတာ နိဗ္ဗာန်ဆိုတဲ့အောင်မြို့တော်အတွက်ပါ၊ **'အမတဘိသေကာ ဝိဇ္ဇယျာအောင်မြို့၊ ကိလေသာမလောင်ဖို့ရယ်နဲ့'** ဟော အကျိုးက ယခုဖျန်းထားတဲ့ အမတဘိသိက်ဟာ တစ်သံသရာလုံးကလောင်လာတဲ့ ကိလေသာမီးတွေတဲ့ငြိမ်းဖို့ပါ၊ **'အမတဘိသေကာ ဝိဇ္ဇယျာအောင်မြို့၊ ကိလေသာမလောင်ဖို့ရယ်နဲ့ ၊ နောင်မချို့ အေးစေ'** တစ်သံသရာလုံးအေးဖို့ တစ်သံသရာလုံးအေးဖို့ ဘုန်းကြီးတို့ပရိသတ်ဘာအတွက်။

(တစ်သံသရာလုံးအေးဖို့ပါဘုရား)

တစ်သံသရာလုံးအေးလိုလျှင် သီတဂူမှာ ဘုန်းကြီးတို့ပရိသတ် အဘိသိက်သွန်းတဲ့ဟုတ်လား။ အမတဘိသိက်။ **အမတဘိသေကာ၊ ဝိဇေယျာ အောင်မြို့၊ ကိလေသာမလောင်ဖို့ရယ်နဲ့၊ နောင်မချို့အေးစေ၊ နောင် အမြဲတမ်းအေးကြမှာ စေတနာဖြူပါလှ၊ လှူဒါနနောတတ်အိုင်ရေ၊**

ကိုးဆယ်ခြောက်ပါးရောဂါအတွက် ဆေးကောင်းတစ်ခွက်

အနောတတ္တာအိုင်ဆိုတာ ဟိမဝန္တာတောက အိုင်ကြီးခုနှစ်အိုင်မှာ တစ်အိုင်အပါအဝင်၊ အနောတတ္တာရေအိုင်ကြီးထဲကရေသည် ဘယ်သောအခါဖြစ် ဖြစ်အမြဲတမ်းအေးပြီးတော့စိမ့်နေတာ။ **'စေတနာဖြူပါလှ လှူဒါန နောတတ် အိုင်ရေ'** အဲဒီအနောတတ်အိုင်ကရေ သုမနသာမဏေက သပိတ်နဲ့ခပ်ပြီး တော့ အနုရုဒ္ဓါမထေရ်ကြီးကိုဆက်ကပ်တုန်းက မထေရ်ကြီးလေနာ ရောဂါ ပျောက်ဖူးတယ်၊ ဒါကြောင့် ရေဆိုတာ ဆေး၊ ရေဆိုတာ (ဆေးပါဘုရား)။

'ကိုးဆယ့်ရှစ်ဖြာ၊ သစ်သစ်လာသား၊ ရောဂါကပ်ဆိုး၊ အမျိုးမျိုး၏ အဖိုးတန်သော၊ မတန်သောဟု၊ ပြောဖို့အရေး၊ မလွယ်သေးသည်၊ ဆေး ကောင်းတစ်လက် ရေသာတည်း၊'

ကိုးဆယ့်ရှစ်ပါး၊ ကိုးဆယ့်ခြောက်ပါး အနာရောဂါတို့ အတွက် အကောင်းဆုံးဆေးဟာ ဘာလဲဆိုရင်ရေပဲတဲ့၊ အနာရောဂါများစွာပျောက် ကြောင်း ဆေးကောင်းတစ်လက်ဟာဘာပါလိမ့်၊ (ရေပါဘုရား) ဘဝများစွာ သံသရာအနာရောဂါကင်းလိုလျှင် ရေကိုများများလှူ ကျန်းမာရေးကောင်းလို လျှင် ရေကိုများများလှူ ဒကာကြီဦးဘမြင့်ရေများများလှူကျန်းမာသွားအောင်။

ရှင်အနုရုဒ္ဓါ ရဲ့ လေနာရောဂါ

'ကိုးဆယ့်ရှစ်ဖြာသစ်သစ်လာသား ရောဂါကပ်ဆိုး အမျိုးမျိုး၏ အဖိုးတန်သော မတန်သောဟု' ရေပဲကွာ ဘယ်လောက်အဖိုးတန်လို့တုန်း ကျိုးထဲက ခပ်ပေးလိုက်ရတာပဲ အမယ် အဲဒီလိုအဖိုးတန်တာ မတန်တာ တွက် မနေနဲ့ အသုံးဝင်တာ မဝင်တာကိုတွက်ပါ အသုံးမဝင်, ဝင်ဆိုတဲ့စကားတွက် လိုက်တဲ့အခါကျတော့ အနုရုဒ္ဓါမထေရ် လေနာရောဂါဖြစ်ပါတယ်၊ တပည့်

သုမနက ဆရာ့လေနာရောဂါကို တပည့်ဘာဆေးတိုက်ရမှာပါလဲ လျှောက်တင်တော့ ဆရာကြီးအနုရုဒ္ဓါမထေရ်က တပည့်လေးသုမနအား မိန့်ကြားတယ်၊

ငါ့တပည့် ငါ့အတွက်အခြားဆေးမတိုက်နဲ့ အနောတတ်အိုင်ကရေတစ်သပိတ်လောက်ရရင်လေနာပျောက်ပါတယ်တဲ့ ဟိမဝန္တာတောမှာ လျှောင်းခြင်း ထိုင်ခြင်း ရပ်ခြင်း သွားခြင်း ဣရိယာပုထ်လေးပါးရှိရာတွင် လျှောင်းစက်သော ဣရိယာပုထ်ကိုအသုံးမပြုပဲ ထိုင်သောဣရိယာပုထ်၊ ရပ်သောဣရိယာပုထ်၊ သွားသောဣရိယာပုထ်၊ ဣရိယာပုထ်သုံးပါးထဲနဲ့ တစ်နေ့လုံး တစ်ညလုံး သီတင်းသုံးတော်မူသော အနုရုဒ္ဓါမထေရ်ကြီး ရပ်ရတာများ ထိုင်ရတာကများ သွားရတဲ့စင်္ကြံတွေကများတော့ လေနာရောဂါဖြစ်သတဲ့။

အထူးသဖြင့် ဘုန်းကြီးတို့ပရိသတ်များ စင်္ကြံသွားတဲ့အခါ ဝမ်းထဲမှာ အစာအာဟာရအလွန်နည်းတဲ့အချိန် စင်္ကြံသွားရင်တဲ့ လေပူထတတ်တယ်ဆိုတာလေးသတိချပ် (မှန်လှပါဘုရား) လမ်းလျှောက်ရင် ကျန်းမာတယ်ဆိုပေမဲ့လည်း တစ်ဖက်သတ်ကြီးမလုပ်သင့်ဘူးပေါ့ အလွန်တရာရာသီကပူပြင်းအအိပ်ကပျက်ပြီးတော့နေတဲ့အချိန် အစားကပျက်ပြီးတော့နေတဲ့အချိန် မနက်လေးနာရီလောက်ထပြီးတော့ လမ်းအပြင်းလျှောက် ဝမ်းထဲအစာကမရှိဘူးတည်လုံး လေရောနေပူရောနှိပ်စက်ထားတာ မနက်ခင်းထ အပြင်းကြီးလမ်းလျှောက်တော့ ဟာဒီလေဟာ လှုပ်ရှားလေလေ လေထလေလေ တဇော နှိပ်စက်လေလေ လေပူထလေလေပဲ တဇောနဲ့ဝါယောက မိတ်ဆိုတော့ လှုပ်ရှားမှုနဲ့ မီးဓာတ်ဟာပေါင်းစပ်သွားတယ် အဲဒါကြောင့် အစာမရှိတဲ့အချိန် လမ်းသိပ်လျှောက်တော့ လေနာရောဂါရတယ် လျှောင်းစက်တဲ့ဣရိယာပုထ်ကို မသုံးဘူး ထိုင်ခြင်းရပ်ခြင်းသွားခြင်း ဣရိယာပုထ်သုံးပါး များများကြီးသုံး အနုရုဒ္ဓါမထေရ်ကြီးလေနာဖြစ်တယ်တဲ့၊ သဒ္ဓါ ဝီရိယသန်လွန်းတဲ့အတွက်ကြောင့် မအိပ်ဘူး အဲဒါလေထတာ။

လေနာအတွက်ဆေးတခွက် ကိုရင်သုမနအရှာထွက်

ငါ့တပည့် အနောတတ်အိုင်ကရေ တစ်သပိတ်လောက်ရအောင် ယူခဲ့ပါ လေနာပျောက်လိမ့်မပေါ့ ရှင်သုမန ရေအိုးထမ်းပြီးတော့ အနောတတ်အိုင်

ကိုချဉ်းကပ်တယ် ပန္နဂနဂါး အနောတတ်အိုင်ကြီးထဲမှာ ထိုနေ့ သူက နဂါးမတွေနဲ့ပျော်ပွဲကြီးဆင်မလို့ ပြင်ဆင်ထားတုန်း ကိုရင်သုမန ရေအိုးနဲ့ကောင်းကင်ရပ်လိုက်တော့ နဂါးစိတ်ဆိုးသွားတယ် ဘာပြုလို့နဂါးစိတ်ဆိုးတာတုန်းဆိုတော့ သူ့ခေါင်းပေါ်မှာ ကိုရင်ကရပ်လာတော့ ဒီမှာပျော်မယ်ပါးမယ် ကပွဲကြီးဆင် အခမ်းအနားပြင်ထားတုန်း အရပ်လိုပြောရရင် ဇနီးခင်ပွန်း ချစ်ချစ်ခင်ခင်နေကြတုန်းပေါ့လေ ပြုန်းဆိုအိမ်ထဲကိုယ်တော်တစ်ပါး ရောက်လာတော့ အကုန်းလုံး အနေရအထိုင်ရခက်ကုန်တာ ဒီသဘောမျိုး ဒီသဘောမျိုး နဂါးကြီးဖြစ်တာ နဂါးပျိုမတွေနဲ့ပျော်မယ်ဆိုပြီးတော့နေတုန်း ကိုရင်ကသပိတ်နဲ့ကောင်းကင်ကရပ်တော့ စိတ်ဆိုးတယ် ဘယ့်နှယ့်ကြောင့် ကောင်းကင်ကနေ ငါ့ခေါင်းထက် ခြေမှုန့်တွေချရတာတုန်း၊

ဒီတော့ ရှင်သုမနက မိန့်ကြားတယ်။

သုဏောဟိ မေ နာဂရာဇ၊ ဥဂ္ဂတေဇ မဟဗ္ဗလ။

ဒေဟိ မေ ပါနိယဃဋ်၊ ဘေသဇ္ဇတ္ထမ့ အာဂတော"တိ။ °

နာဂရာဇ၊ ပန္နဂမည်ရင်း အိုနဂါးမင်း။ မေ၊ ငါရဲ့။ ဝစနံ၊ စကား တစ်ခွန်းလောက်တော့။ သုဏောဟိ၊ နားထောင်စမ်းပါ။ ဥဂ္ဂတေဇမဟဗ္ဗလ၊ ခွန်အားလည်းကြီးမား တန်ခိုးလည်းပြင်းထန်တဲ့ အို နဂါးမင်း။ မေ၊ ငါရဲ့။ ဝစနံ၊ စကားကို။ သုဏောဟိ၊ နားထောင်စမ်းပါ။ ဒေဟိ မေ ပါဏိယဂတံ ဘေသဇ္ဇတ္ထမ့ အာဂတော။ အဟံ၊ ငါသည်။ ဘေသဇ္ဇတ္ထံ၊ ငှါဆရာအတွက် လေနာရောဂါပျောက်ဖို့အရေးဆေးအလို့ငှါ။ အဟံ၊ ငါသည်။ အာဂတော၊ လာခဲ့သည်။ အမှိ၊ ဖြစ်တယ်။ မေ၊ ငှါအား။ ပါနိယဃဋ်၊ သောက်ရေတစ်အိုး လောက်တော့။ ဒေဟိ၊ ဆေးအလို့ငှါပေးပါလို့ တရားသဖြင့်တောင်းတာပါ၊

ကိုရင်သုမနက နဂါးကြီးရဲ့ရေကို ဘုန်းကြီးတို့ပရိသတ်များ တရားသဖြင့်တောင်းတာ ဆရာ့လေနာရောဂါအတွက်တဲ့ ရေတစ်အိုးလောက်ပေးပါလို့ တရားသဖြင့်အလှူခံနေတာကို နဂါးကစိတ်ဆိုးပြီးတော့၊

ကိုယ်တော် ဟိုအရှေ့ ဘက်နား ဂင်္ဂါမြစ်ကြီးရှိသားပဲ အဲဒီသွားခပ်ပေါ့ ဂင်္ဂါမြစ်ကြီးရှိပါတယ် အဲဒီ သွားခပ်ပေါ့။

ပုရတ္ထိမသ္မိံ ဒိသာဘာဂေ၊ ဂင်္ဂါ နာမ မဟာနဒီ။
မဟာသမုဒ္ဒမပ္ပေတိ၊ တတော တံ့ ပါနီယံ ဟရာ"တိ။ ၁

ဟိုအရှေ့ဘက်နား ဂင်္ဂါမြစ် သမုဒ္ဒရာထိ စီးသွားတယ်၊ ဂင်္ဂါမြစ်ထဲက ရေကို ခပ်ပါလို့ဆိုခဲ့တယ်၊ ကိုရင်ကလည်း အနောတတ်အိုင်ရေမှ ရချင်တာ ဂင်္ဂါမြစ်ကရေ မလိုချင်ဘူး အနောတတ်အိုင်ကရေက အလွန်အေးလွန်းလို့ ဟိမဝန္တာတောကြီး တစ်တောလုံးကြည့်လိုက်ရင် သတ္ထုဓာတ်တွေ များစွာဟာ မြေကြီးထဲမှာရှိပါတယ် သံဓာတ် ဒုဋ္ဌာဓာတ် အစရှိသည်ဖြင့် ဓာတ်သတ္ထုများစွာတို့သည်တောထဲမှာရှိတယ် ထိုဆေးဒန်း, မြင်းသီလာအစရှိတဲ့ ဓာတ်သတ္ထုများစွာတို့ရဲ့ပေါ်မှာတည်၍ မှီ၍နေတဲ့ ဤရေဟာ ဘယ်ဆေးမဖြစ်ပဲနေပါ့မလဲ၊ ဒါကြောင့် အနောတတ်အိုင်ကရေကိုမှရချင်တာ အဲဒါဟာ ဆေးပဲ ဟာ နဂါးက ဘာပြောတုန်းဆိုတော့ ကိုရင်စွမ်းနိုင်ရင်ယူ -

သာမဏေရ သစေ အတ္ထိ၊ တဝ ဝိက္ကမ ပေါရိသံ။
အဘိနန္ဒာမိ တေ ဝါစံ၊ ဟရသေ့ ပါနီယံ မမာ"တိ။ ၂

သာမဏေရ၊ သုမနမည်တဲ့ အိုသာမဏေငယ်။ တော၊ သင့်ရဲ့။ ဝစနံ၊ စကားကို။ အဟံ၊ ငါသည်။ အဘိနန္ဒာမိ၊ ကြိုက်ပါတယ် ကိုရင့်စကားကြိုက်ပါတယ်။ သာမဏေရ သစေ အတ္ထိ တဝ ဝိက္ကမ ပေါရိသံ။ တဝ၊ သင့်မှာ။ ပေါရိသံ၊ ပုရိသဗလံ၊ ယောက်ျားတို့ရဲ့စွမ်းအားသည်။ သစေ အတ္ထိ၊ တကယ် လို့ရှိရင်တော့။ ဣတော၊ ဤအနောတတ်အိုင်ကပဲ။ ပါနီယံ၊ သောက်ရေကို။ ဟရသေ့၊ ခပ်သွားပါ ဆောင်သွားပါ ထမ်းသွားပါ။

ကိုရင်ပြောတဲ့စကားကြိုက်ပါတယ် ကိုရင်စွမ်းနိုင်ရင်တော့ အနော တတ်အိုင်ထဲကရေကိုပဲခပ်ပါ။ ကောင်းပြီ စွမ်းနိုင်ရင်ယူဆိုတဲ့စကားက အဲဒါပေးပြီးသားဖြစ်ပါတယ်၊ စွမ်းနိုင်ရင်ယူဆိုတဲ့ စကားကပေးပြီးသားဖြစ်တော့ ကောင်းပြီဆိုပြီးတော့ ကိုရင်သုမနက ကိုင်း ငါတစ်ယောက်တည်း ဒီအတိုင်းယူသက်သေထူစရာမရှိရင် နောက်ပိုင်းကျတော့ ငါ့ကို သူစွပ်စွဲလိမ့်အုံးမယ် သက်သေတော့ထားအုံးမှပဲ နတ်ပြည်ခြောက်ထပ်က နတ်တွေအကုန်သွားဖိတ်တာ

၁။ ၂။ ဓမ္မပဒ၊ ဋ္ဌ။ ဒု။ ၃၈၈

ဖြဟ္မာပြည်ကလည်းပဲ ပဉ္စဝေါကာရဖြဟ္မာကြီးတွေ အကုန်ဖိတ်လာတယ် ကြွကြွပါဗျို့ ကြွကြွပါ ဘယ်ကိုလဲ ဦးဘမြင့်တို့ရဲ့အိမ်ရှေ့ကို ဟောဒီမှာ သီတဂူရေလှ့။ နေတာ ကြွကြွစမ်းပါ၊ ဒီလို ဟုတ်လား။

ဣတောဝ ပါနီယံ ဟာသံ။

ဣတောဝ၊ ဤအနောတတ်အိုင်မှရေကိုသာလျှင်။ ပါနီယံ၊ သောက်ရေကို။ ဟာသံ၊ ဆောင်ချင်ပါတယ် ယူချင်ပါတယ် ရချင်ပါတယ် ကိုရင်က ကိုရင်စွမ်းနိုင်ရင်ယူ။ သစေ အတ္ထိ၊ အကယ်၍ရှိရင်ဘာလဲ၊ ဝိဣမ အားထုတ်ပါ၊ ပေါရိသံ၊ ပုရိသဗလံ၊ ယောက်ျားတို့ရဲ့စွမ်းအား တကယ်ရှိကိုရင်အားထုတ်၍ယူလို့ သူကဒါပြောတာ၊ မစွမ်းနိုင်ရင်တော့အခက်ပဲ ဒီနေရာရဖို့မလွယ်ကူဘူး၊ ရေတစ်အိုးတောင်မလွယ်ဘူး၊ အစွမ်းရှိမှရမှာ နတ်ပြည်ခြောက်ထပ်နဲ့ ပဉ္စဝေါကာရဖြဟ္မာတွေအကုန်ဖိတ်ထား ဘာအတွက်လဲသက်သေထူဖို့၊ စွမ်းနိုင်ရင်တစ်ပိုင်းယူ တစ်ပိုင်းယူဆိုတာက ဘာတဲ့လဲအခွင့်ပြုတာ၊ စွမ်းနိုင်လျှင် ဆိုတာကအစွမ်းကိုပြရအုံးမှာ ဒီလိုမဟုတ်လား၊ ဘုန်းကြီးတို့တော့မစွမ်းပါ ဘူးဗျာ။

စောစောက ဖြောက်ဖြောက်နဲ့မိုးကျတာတောင် ဘုန်းကြီးတို့က မတားနိုင်ပါဘူး နတ်တွေရော ဖြဟ္မာတွေရောတခါတည်း အနောတတ်အိုင်ကြီး ဝိုင်းမိပြီးဆိုတော့မှ ကိုရင်သုမနက တစ်ကြိမ်တဲ့ ရေအလှူခံတယ် နဂါးမင်း ငါဆရာလေနာရောဂါပျောက်ဖို့အရေး ဆေးအလို့ငှာရေတစ်အိုးပေးပါ ကိုရင် စွမ်းနိုင်ရင်ယူဒါပဲ။ လေနာရောဂါပျောက်ဖို့အရေး ဆေးအလို့ငှါ ရေတစ်အိုးလောက်ပေးစမ်းပါ ကိုရင်စွမ်းနိုင်ရင်ယူပေတော့ နှစ်ကြိမ်တောင်းတယ် နှစ်ကြိမ်ပြောတယ် သုံးကြိမ်တောင်းတယ် သုံးကြိမ်ပဲပေးပါတယ်။

ဒီတော့မှ ကိုရင်ကောင်းကင်တခါတည်းတက်သွားပြီး အမြင့်ကြီးကောင်းကင်တက်သွား နဂါးကလည်းပဲ ရေအိုင်ကြီးတစ်ခုလုံးပါးပြင်းနဲ့အုပ်ပြီးတော့ဖုံးထားတာ ရေဆိုလို့ ဘုန်းကြီးတို့ ပရိသတ်ရေ အပ်ဖျားလောက်တောင် မတွေ့ရဘူး၊ အုပ်ထားတာပါးပြင်းနဲ့ဖြန့်ထား အဲဒီထဲ ဘုန်းကြီးကစဉ်းစားကြည့်တယ် စာထဲတော့မပါဘူး နဂါးမလေးတွေ ဘယ်နေရာသွားကပ်နေလဲ မသိဘူး။ ကိုရင်က အပေါ်ကတဖြားနင်းတော့မှာ၊ ကိုရင်သုမန ကောင်းကင်တက်

အမြင့်ကြီးတက်သွားတာ ဟေ့ ပန္နဂ ရေပေးပါ သောက်ရေတစ်အိုးလောက်' ကိုယ်တော့်စွမ်းနိုင်ရင်ယူ ယောက်ျားစွမ်းအားပြပြီးတော့ယူပေါ့' အမြင့်ကြီး ကောင်းကင်တက်သွား ကောင်းကင်ကနေပြီးတော့ အရှိန်နဲ့တအားကြီးကို တစ်ခါတည်းခုန်ဆင်းလာတာ ပါးပြင်းထောင်နေတဲ့နဂါးနှာခေါင်းတည့်တည့် သေသေချာချာချိန်ပြီးတော့ ကိုရင်သုမန ဖနောင့်နှစ်ဖက်နဲ့နှာခေါင်းနှစ်ပေါက်ကို သေချာချိန်နင်းလိုက်တာ၊ နဂါးဘယ်လောက်မွန်းသွားမယ်မသိဘူး။

နဂါးရဲ့နှာခေါင်းနှစ်ပေါက်ကို ကိုရင်က ဖနောင့်နှစ်ဘက်နဲ့ သေသေချာချာချိန်ပြီးတော့နင်းချလိုက်တာ ဘုန်းကြီးတို့ပရိသတ်များ မောင်းထောင်းသလို တအားဆောင့်နင်းတာတော့မဟုတ်ပါဘူး၊ အဲဒီနေရာချိန်ပြီးတော့ သေချာနင်းတာ၊ နဂါးကြီးမွန်းထူပြီးတော့ ရေထဲနှာခေါင်းကြီးမြုပ်သွားတာ ဗြုန်းဆိုရေတစ်အိုင်လုံးအုပ်ထားတဲ့ပါးပြင်းတွေ ကြာရွက်အလယ်ကနင်းလိုက်တော့ နှုတ်ခမ်းတွေထောင်လာသလိုပေါ့ ဟိုကနေ ဒီကနေ ပါးပျင်းကြီးထောင်ပြီးတော့တက်လာတော့ ပါးပျင်းတွေရဲ့အကြား အကြားကနေရေတွေ ကောင်းကင်ပန်းပြီးတော့တက်သွားတာ ရေပန်းကြီးတွေတဲ့ အနောတတ်အိုင်ကြီးလှလိုက်တာ ကိုရင့်အစွမ်းပြတာ ဘုန်းကြီးတို့တော့ မစွမ်းတော့ မိုးလေးဖြောက်ဖြောက်ပဲရွာတယ် မျှောအောင်မရွာဘူး။

ကိုရင်သုမနကြောင့် ပန္နဂအရှက်ကွဲရ

အဲဒီတော့ ကောင်းကင်ကပဲအိုးနဲ့ရေအပြည့်ခံယူသွားတယ်တဲ့ ရေတစ်အိုး ကောင်းကင်မှာပဲခံယူသွားတယ် အိုင်ထဲတောင်ဆင်း မခပ်လိုက်ရဘူးဗျာ ဟန်ကျတာ ရေအိုးထမ်းပြီးတော့ကိုရင်ကျောင်းတော်ပြန်တော့ နတ်တွေ နဂါးတွေ လက်ခုပ်လက်ဝါးတီး ဝစီတွေမှုတ် ခေါင်းပေါင်းတွေမြောက် ဆူလို့ နတ်တွေ နတ်တွေကျေနပ်လွန်းလို့ ဟုတ်လား ကိုရင်ရဲ့အစွမ်းကြည်ညိုကြလို့ နတ်တွေက အဲဒီလို လက်ခုပ် လက်ဝါးတီး အားပါးတရ တခါတည်းလုပ်ကြလေလေ ဟိုပန္နဂနဂါးကြီးက ရှက်လေလေပဲ။

ငါဒုက္ခများပြီ ဒီကိုရင် ငါပရိသတ်အလယ်အရှက်ခွဲတာ ဒီကိုရင် သေပေတော့ မိတဲ့နေရာတော့ငါသတ်မယ်ဆိုပြီးတော့ နဂါးတအားလိုက်တာ

ဘုန်းကြီးတို့ပရိသတ် နဂါးတအားလိုက် ကျွဒ္ဓိဝိဓအဘိညာဉ်ရတဲ့ကိုရင်ကို ဒီနဂါး ဘယ်မှီအောင် လိုက်နိုင်မှာတုန်း ကျောင်းတော်ရောက် အနုရုဒ္ဓါမထေရ်ကြီးရဲ့ ခြေရင်းဝပ်စင်းပြီးတော့ ရေအိုးလေးချ ပြုန်းဆိုနောက်က နဂါးမှီလာတယ်ဗျို့ နဂါးကမီလာ အနုရုဒ္ဓါမထေရ်ကြီး ရေမဘဉ်းပေးရသေးဘူး နဂါးက ချက်ချင်း ဝင်လျှောက်တယ် 'အရှင်ဘုရား အဲဒီရေ အရှင်ဘုရားမဘဉ်းပေးပါနဲ့ ဘာဖြစ်လို့တုန်း၊ ဒီကိုရင် တပည့်တော်နှိပ်စက်ပြီးယူသွားတာဘုရ့ာ ဓမ္မိယလဒ္ဓတရား သောပစ္စည်းမဟုတ်ဘူး မတရားတဲ့ပစ္စည်းယူသွားတာ ကိုယ်တော်မဘဉ်းပေးပါနဲ့' ဟာ နဂါးစွဲချက်တင်တယ်။

အဲဒါကြောင့်မို့လို့ပေါ့ နတ်တွေ ဗြဟ္မာတွေ အကုန်ဖိတ်ထားရဆိုတာ ဒါကြောင့် ဒါကြောင့်စောစောက နတ်တွေ ဗြဟ္မာတွေ ဖိတ်သာမထားရင် ဒီနဂါးပြောတဲ့တစ်ဖက်သတ်စကားနဲ့ ကြားလူတွေယုံရမလိုဖြစ်နေတယ်။ အနုရုဒ္ဓါမထေရ်ကြီးကတော့ ရဟန္တာမထေရ်ကြီး ဒီစကားမျိုး ဘယ်ယုံမှာတုန်း ကြားလူတွေသာဆိုရင်တော့ ဒါယုံတော့မှာပဲ မတရားတဲ့ပစ္စည်းတွေယူလာတာ ဒါကြောင့်မို့လို့ အရှင်ဘုရား ဒီအဓမ္မပစ္စည်းကြီး အဓမ္မိကပစ္စည်းကြီး မဘဉ်းပေးပါနဲ့ ကိုရင်တပည့်တော်ကို နှိပ်စက်သွားတယ်၊ မပေးပဲနဲ့ယူသွားတယ်၊ ရေသူခိုးပါဒီလိုပြောမှာ ဒီတော့ အနုရုဒ္ဓါမထေရ်ကြီးက ငါတပည့်သုမန နဂါး ဒီလိုလျှောက်နေတယ် ဟုတ်ရဲ့လား၊ မဟုတ်ရကြောင်းပါဘုရား၊ နဂါးနဲ့ တပည့်တော်ရေယူတဲ့နေရာမှာ နတ်တွေ ဗြဟ္မာတွေ တစ်အုံကြီး တပြုံကြီးရှိပါတယ် ဘုရား၊ သက်သေတွေရဲ့ရှေ့မှာတပည့်တော်ယူခဲ့တာပါဘယ်လိုလုပ်ယူခဲ့တုန်း၊

"သာမဏေရ သစေ အတ္ထိ၊ တဝ ဝိက္ကမ ပေါရိသံ။
အဘိနန္ဒာမိ တေ ဝါစံ၊ ဟရသု ပါနိယံ မမာ"တိ။

လို့ ပြောပါတယ်၊ 'ကိုရင်သုမန ယောက်ျားစွမ်းအား ပြနိုင်ရင် ဟောဒီအနောတတ်အိုင်ကရေကို ရအောင်ယူလို့သူပြောပါတယ်၊ ဒါကြောင့် ဘုရား တပည့်တော်သည် နတ်ပြည်ခြောက်ထပ်နဲ့ ပဉ္စဝေါကာရဗြဟ္မာတွေ အကုန် ဖိတ်ပြီးတော့ ယောက်ျားစွမ်းအားပြပြီးတော့ ယူခဲ့တာပါဘုရား သူပေးပြီးသား ဖြစ်နေပါတယ်၊ အဒိန္နာဒါနပစ္စည်းမဟုတ်ကြောင်းပါ။ ဒီလိုလည်းလျှောက်တင်လိုက်ရော အနုရုဒ္ဓါမထေရ်ကြီးက ပန္နဂနဂါးကြီးဆုံးမတယ်။

နဂါး အရိယာ ပုဂ္ဂိုလ်ကိုသင်စွပ်စွဲမိပြီ၊ အရိယာပုဂ္ဂိုလ်ကိုစွပ်စွဲမိပြီ၊ အရိယာပုဂ္ဂိုလ်ကိုစွပ်စွဲတဲ့အရိယူပဝါဒကံဟာ သင့်မှာအပါယ်လေးပါးဒုက္ခများလိမ့်မယ်လို့ အနုရုဒ္ဓါမထေရ်ကြီးက နဂါးတရားဟောရတယ်ဗျာ၊ အနုရုဒ္ဓါမထေရ်ကြီးက နဂါးကိုအရိယူပကံနဲ့ပတ်သတ်လို့တရားဟောတယ်၊ ဘုန်းကြီးတို့ပရိတ်သတ်များ အဲဒီတရားများနာချင်သေးလား (နာချင်ပါတယ်ဘုရား) နဂါးကြီးကိုဟောတဲ့ တရားလေစာထဲမှာမတွေ့ဘူးဗျာ၊ အနုရုဒ္ဓါမထေရ်ကြီးက ပန္နဂနဂါးဆုံးမစကားဟောတယ်လို့မှာတမ်းပဲ အဋ္ဌကထာကပြောတယ်၊ ဘာတရားဟောဆိုတာရှာမရလို့ ရှာတွေ့တဲ့နေကျတော ပြန်ဟောမယ်နော်၊ ပြီးသွားပြီတစ်ပုဒ် ကျော်သွားပြီ၊ တစ်ပုဒ်ကျော်သွားပြီ ကျော်ချင်လို့ အဲဒီလိုလုပ်ရတာ ဟုတ်လား။

ပန္နဂတောင်းပန် ရေအတွက်ကျောင်းအရောက်လာလျှုမည်

ဒီတော့ ပန္နဂနဂါး ထိုင်ပြီးတော့တောင်းပန်တယ်၊ ခမာဟိ မေ ဘန္တေ အပရာဓံ။ ဘန္တေ ၊ အို အရှင်ဘုရား။ မေ၊ တပည့်တော်ရဲ့။ အပရာဓံ၊ စွဲချက်တင်မိတဲ့အပြစ်ကို။ ခမာဟိ၊ သည်းခံခွင့်လွှတ်တော်မူပါလို့ နဂါးကြီး တောင်းပန်ဝန်ချကန်တော့ပါတယ် တောင်းပန်ပြီးတော့မှ ပန္နဂနဂါးက အရှင်ဘုရား ရေများအလိုရှိရင် နောက်တစ်ခါကိုယ်တော်တို့ ကိုယ်တိုင်မလာခဲ့ပါနဲ့၊ ကိုရင် အနောတတ်အိုင်ကရေလိုချင်ရင် တပည့်တော်တို့ရဲ့ဟိမဝန္တာထဲကိုနောင်သောအခါ ဘယ်တော့မှမကြွခဲ့ပါနဲ့ ကျောင်းတော်ကနေတယ်လီဖုန်းသာဆက်လိုက်ပါ၊ တပည့်တော်ကပို့ယအဖြစ်နဲ့ဘုရား ရေအိုးထမ်းကျောင်းအရောက်ပို့ပါမယ် ဒကာကြီးဦးဘမြင့်+ဒေါ်ညိုတို့လိုမဟုတ်ဘူး၊ ဒကာကြီး ဦးဘမြင့် ဒေါ်ညိုတို့ကတော့ ကိုယ်တော်အိမ်ရှေ့ကိုကြွအုံးတဲ့ ရေလိုချင်ရင်ဟုတ်လား၊ ပန္နဂနဂါးကြီးများ ဟန်ကျလိုက်တာ ကိုယ်တော်ရေများအလိုရှိ နောက်မလာခဲ့ပါနဲ့၊ ကျောင်းတော်အရောက်ရေအိုးထမ်းလို့ တပည့်တော်ပို့မယ် ကိုယ်တော်ဆိုပြီးတော့ နဂါးကျေကျေနပ်နပ် ဖိတ်ကြားပြီးတော့ပြန်သွားတယ်။

အထခေါ်။ ထိုအခါမှာ။ သုမနသာမဏေရော၊ သုမနသာမဏေသည်။ အနောတတ္တာဒဟတော၊ အနောတတ်အိုင်က။ ဟရိတံ၊ ဆောင်ယူလာခဲ့သော။

ပါနီယံ၊ သောက်ရေကို။ အာယသ္မတောအနုရုဒ္ဓသ၊ အရှင်နုရုဒ္ဓါ မထေရ်ကြီးအား။ ဥပနန္ဒေတိ၊ ဆက်ကပ်တော်မူခဲ့လေပြီ။ အာယသ္မာ အနုရုဒ္ဓေါ၊ အရှင်နုရုဒ္ဓါမထေရ်ကြီးသည်။ အနောတတ္တာဒဟတာ ဟရိတံ ပါနီယံ၊ အနောဒတတ္တာအိုင်ကဆောင်ယူလာခဲ့တဲ့သောက်ရေကို အနောဒတတ္တာရေအိုင်က တပည့်သုမနယူဆောင်လာတဲ့ သောက်တော်ရေကို။ ပိဝိ၊ သောက်တော်မူခဲ့လေပြီ။ ပိဝိတွာ၊ သောက်တော်မူပြီးသည်ရှိသော်။ အာယသ္မတော အနုရုဒ္ဓသ၊ အရှင်အနုရုဒ္ဓါမထေရ်ကြီးရဲ့။ ဝါတာဗာဓော၊ လေနာရောဂါသည်။ ပဋိပဿန္ဒိ၊ ကောင်းစွာမသွေ ငြိမ်းပျောက်တော်မူခဲ့ပါပေသတည်း။

သာဓု သာဓု သာဓု ပါဘုရား။

ဒကာကြီးဦးဘမြင့်ရေ ဘာမှအားငယ်မနေနဲ့၊ ကျန်းမာရေးအတွက် ဆေးတစ်ခွက် ရေများများသာလှူ ဒကာကြီးကျန်းမာသွားမှာ ဟုတ်လား။

'ကိုးဆယ့်ရှစ်ဖြာ၊ သစ်သစ်လာသား၊ ရောဂါအဆိုး၊ အမျိုးမျိုးရဲ့ ၊ အဖိုးတန်ဆုံးသော မတန်သောဟု ပြောဖို့အရေး၊ မလွယ်သေးသည်၊ ဆေးကောင်းတစ်လက် ရသာတည်း။'

သီတဂူရေသောက်နည်း

ကျန်းမာရေးအတွက် ဆေးတစ်ခွက်ဆိုတာ ရေပြောတာ ကျန်းမာရေးအတွက် ဆေးတစ်ခွက်ဆိုတာ (ရေပြောတာပါဘုရား) ရေ ရေ ဟုတ်လား (မှန်လှပါဘုရား) ရေ အဲဒီရေကျတော့ ဘယ်လို ဘယ်လိုသောက်မလဲဆိုတော့ သီတဂူရေသောက်နည်းရှိတယ်နော် (မှန်လှပါဘုရား) ဘယ်လိုသောက် (အမိန့်ရှိတော်မူပါဘုရား)

ရေကြောင့် ကျေညက်၊ မီးကြောင့်ကျက်ဖို့၊ ပိုင်းဝက်လေးပုံ၊ စားနှစ်ပုံနှင့်၊ တစ်ပုံရေဖို့၊ လေးတစ်ဖို့ဟု၊ လေးဖို့စာအိမ်၊ ရေဖြင့်စိမ်၏၊ မွေ့သိမ်ထက်စွ၊ အနှစ်ယူတည်း။

ဒီလို မိမိအစာအိမ် မိမိချိန်ထား အစာအိမ်တစ်ချို့ကျဉ်းတယ် တစ်ချို့ကျယ်တယ် တစ်ချို့အလတ်စားရှိတယ် တစ်ယောက်နဲ့တစ်ယောက် အစာအိမ်

အကျဉ်းအကျယ်မတူပါဘူး အဲဒါ ပုံသေနည်းချ ဘယ်သူဖြစ်ဖြစ် မိုးလင်းရေ (၇၅)ကျပ်သား သောက်ဆိုတဲ့ ဂျပန်နည်းကတော့ ဒါတစ်မျိုးပေါ့။

ဘုန်းကြီးတို့ သီတဂူနည်းကတော့ ကိုယ့်အစာအိမ်ကိုချိန်ထား အစာအိမ်ထဲမှာ အစာသည်လေးပုံနှစ်ပုံရှိပါစေ၊ ဘယ်လောက် (လေးပုံနှစ်ပုံပါဘုရား) အစာအိမ်ကို လေးပုံပုံ၊ နှစ်ပုံကအစာထည့်၊ တစ်ပုံကရေထည့်၊ အစာနဲ့ ရေနဲ့ မွှေထား၊ နှစ်ပိုင်းတစ်ပိုင်း ပြီးတော့မှ လေလှည့်ဖို့ရန်ကွက်လပ်တစ်ပုံချန်ထား၊ ဟာ လေလည်းပဲနေရာရမယ်၊ ရေလည်းနေရမယ်၊ အစာလည်းနေရမယ်၊ အစာအိမ်ထဲ လေလှည့်ဖို့နေရာမချန်ဘူး၊ ရေအပြည့် အစာအပြည့် ကြပ်နေအောင်ထည့်ရင် အဲဒါ ကိုယ့်အစာအိမ်ကို စဉ်းစားသာကြည့်၊ စားသောက်ပြီး အစာကလည်းတင်း ရေကလည်းတင်း၊ အစာဝင် ရေကဝင်၊ ဝင်လာလေလေ ဟိုလေတွေက ထွက်ပြေးရလေလေပဲ၊ အစာထည့်လိုက် ရေထည့်လိုက်၊ ရေထည့်လိုက် အစာထည့်လိုက်ဆိုတော့အထဲရှိတဲ့လေတွေ မထွက်ရဘူးလား၊ (ထွက်ရပါတယ်ဘုရား) ထွက်ပေါက်ရရင်တော်တာပေါ့၊ ထွက်ဖို့ရန်အခွင့် မရတော့ ဟိုတိုး ဒီတိုးနဲ့ ဝမ်းထဲကျိကျိ ကျိကျိနဲ့ နာဆိုတာအဲဒါ လေတိုးတာနော် ဒါကြောင့် မျှရမယ်တဲ့၊ လေးပုံပုံ၊ နှစ်ပုံကအစာ၊ တစ်ပုံကရေ တစ်ပုံကလေမွှေဖို့ လေလှည့်ဖို့ ကွက်လပ်ထား၊ အစာကို ရေနဲ့စိမ်ပြီးတော့ လေကမွှေပေးရမယ် မဟုတ်လား။

ထမင်းချက်အိုးထဲမှ ရေနဲ့ဆန် ဆန်နဲ့ရေမျှရတယ်နော်၊ ဆန်တွေကများ ရေကနည်းရင်ကျိုးကပ်မယ်၊ ရေကများ ဆန်ကများ ကြာကြာကြီးမီးထိုးပြီးတော့မွှေပြန်တော့ ကော်ဖြစ်သွားမယ်၊ ဒီလိုမဟုတ်လား (မှန်လှပါဘုရား) အစာနဲ့ရေနဲ့ပဲမျှပါစေတဲ့ ထမင်းနဲ့ရေမျှ မီးအနေတော်ထိုးတော့ သေချာမကျက်ဘူးလား (ကျက်ပါတယ်ဘုရား)၊ ထမင်းကျက်ဖို့ရန် (၁) မီးလိုပါတယ် (၂) ရေလိုပါတယ် ဘယ်နှစ်မျိုး (နှစ်မျိုးပါဘုရား) မီးဓာတ် ရေဓာတ်စာလိုပြောတဇောနဲ့အာပေါဟုတ်လား၊ ဝမ်းထဲအစာချက်ဖို့ရန် အစာအိမ်ထဲမှာ အစာချက်ဖို့ရန် (၁) တဇောဓာတ်လည်းလိုပါတယ် (၂) အာပေါဓာတ်လည်း လိုပါတယ်၊ လေကြောင့်ကြည်က်၊ ပိုင်းဝက်လေးပုံ၊ စာနှစ်ပုံနှင့်၊ တစ်ပုံရေဖို့၊ လေတစ်ဖို့ဟုရပြီနော်၊ အစာအိမ်ကို ဘယ်နှစ်ပုံပုံတုန်း (သုံးပုံပုံပါတယ်ဘုရား) သုံး

ပုံလား၊ သုံးပုံပုံရင် ဟိုတစ်ပုံက ဘယ်ပစ်ရမတုန်း၊ လေးပုံပုံလိုက် တစ်ပုံကို ရေထည့်၊ နှစ်ပုံကိုအစာထည့်၊ တစ်ပုံကလေလှည့်ဖို့ထား။

အစာကြေဘို့အကြောင်းနှစ်ပါး

'ရေကြောင့်ကြေညက်၊ မီးကြောင့်ကျက်ဖို့' အစာကြေဖို့ အကြောင်းနှစ်ပါး၊ ရေကြောင့်ကြေညက်၊ မီးကြောင့်ကျက်ဖို့၊ ပိုင်းဝက်လေးပုံ၊ စာနှစ်ပုံနှင့်၊ တစ်ပုံရေဖို့၊ လေတစ်ဖို့ဟု၊ လေးဖို့ စာအိမ်၊ ရေဖြင့်စိမ်၏၊ မွေ့သိမ် ထက်စွ၊ အနပ္ပတည်း'

'ရေမှကင်းလျှင်၊ ပန်းသစ်ပင်နှင့်၊ မြေပြင်တစ်ကြော၊ တောင်ယာတောတို့၊ လယ်ကောကုန်းခွင်၊ ကြက်တီးဝင်၏၊ မြူတိမ်ညစ်ကြေး၊ ရေဖြင့်ဆေး၏၊ ရေနွေးကျက်ရည်၊ လက်ဖက်ရည်ဟု၊ ချိုရည်အကြမ်း၊ ယာဂုဆွမ်းတို့၊ ခန္ဓာကိန်းသေ၊ ရေမကင်းတည်း'

ရေကဘယ်မှမကင်းဘူး တရားဟောတောင် ရေခွက်ဘေးနားချ ဟောရတာ ဟုတ်ဘူးလား၊ အလျှံလျှံဖို့တဲ့ ရေစက်ခွက်ရှေ့ချ ရတယ်၊ မင်္ဂလာဆောင်လဲ ရေခွက်ပါသေးတာ၊ သင်္ကြန်အတာတဲ့ နှစ်ဟောင်းနဲ့နှစ်သစ်ပြောင်းရေကိုလောင်းသေးတာ၊ လက်ဖက်ရည်လေးယူခဲ့ပါဦး ရေနွေးကြမ်းလေးပေးပါဦး၊ ဖျော်ရည်လေးကပ်ပါဦး၊ ရောဘယ်မှမကင်းပါဘူး၊ ယာဂုကျိုအုံးမလား၊ ထမင်းချက်အုံးမလား၊ ဟင်းချက်အုံးမလား၊ ရေကင်းရဲ့လား (မကင်းပါဘုရား) ဟောဒီ တရားပွဲတောင် ရေမကင်းဘူး၊ ဒီလို ဒ့ါကြောင့် ရေဟာနေရာတကာမှာ အရေးကြီးသောပစ္စည်းတစ်မျိုး၊ အရေးကြီးအသုံးဝင်တဲ့ပစ္စည်းတစ်မျိုး၊ အဖိုးတန်တဲ့ပစ္စည်းတစ်မျိုး ဆေးပစ္စည်းအတွက် ရေသည် အသုံးဝင်ကြောင်းကို ဘုန်းကြီးတို့ ဘယ့်နှယ့်ပြောတုန်း -

ကိုးဆယ့်ရှစ်ဖြာ၊ သစ်သစ်လာသား၊ ရောဂါအကျိုး၊ အမျိုးမျိုးရဲ့ အဖိုးတန်သော၊ မတန်သောဟု ပြောဖို့အရေး၊ မလွယ်သေးသည် ဆေးကောင်းတစ်လက် ရသာတည်း'

ဟုတ်လား (မှန်လှပါဘုရား) အေး ဒ့ါကြောင့် ခုန ဘာတဲ့တုန်း

စေတနာဖြူပါလှ လှူဒါန နောတတ်အိုင်ရေ၊
တောင်စစ်ကိုင်း တောင်စစ်ကိုင်း ဆက်ကြစမ်းပါ ချောင်တိုင်းဝေမယ်
စေတနာဖြူပါလှ လှူဒါန၊ နောတတ်အိုင်ရေ၊
တောင်စစ်ကိုင်း ချောင်တိုင်းဝေမယ်၊
ဖောင်နှိုင်းလေ မဂ္ဂင်ရှစ်ရယ်နဲ့'
ဖောင်တောင်ဖွဲ့ပြီးတော့ ဟောဒိမှာ ကူးရဦးမှာ မိုးကြိုးကြိုးရွာရင် -
တောင်စစ်ကိုင်း ချောင်တိုင်းဝေမယ်၊
ဖောင်နှိုင်းလေ မဂ္ဂင်ရှစ်ရယ်နဲ့၊
တက်ပြင်အသစ် ကူးကြညီတူ၊
ထူးလှ သီတဂူ၊
မော်ကွန်းသစ် တစ်ကြိမ်ထူမယ်၊
စိန်ဆူဆူ ရတုသို့လေး 'လို့

ဘုန်းကြီးတို့မော်ကွန်း ဒဲ့ကြောင့် ဘုန်းကြီးတို့ ပရိသတ်များ ရေအလှူဟာ ဘယ်လောက်တန်ဖိုးရှိတယ် ဘယ်မျှအရေးကြီးတယ်ဆိုတဲ့ အကြောင်းကို များများကြီးမပြောပဲနဲ့ ခုနက ရေသောက်နည်းရယ် အနုရုဒ္ဓါမထေရ်ကြီးရဲ့ လေနာရောဂါပျောက်ခဲ့တယ်ဆိုတဲ့သာဓကရယ် ဤနှစ်ရပ်ဖြင့် ဘုန်းကြီးတို့ ပရိသတ်များ မှတ်တမ်းတင်ထိုက်ပါတယ်နော် (မှန်လှပါဘုရား)။

သေလမှ် ဝသတံ ကေန၊ ဝိကလာနံ သုခေတဝိ။
ဒကဒါနံ ဒဒန္တေဟိ၊ ကရောန္တံ ပုညမဂ်လံ။

သေလမှ်၊ တောင်စဉ်မလပ် ချောင်စဉ်ထပ်၍ ရစ်ပတ်ဝေဆာ သေလာခေါင်တီး ဇေယျာဆိုသောတောင်တော်ကြီး၌။ ဝသတံ၊ ပရိယတ်ပဋိပတ် မြင့်မြတ်အလုပ် အားထုတ်ရှင်ပျော် နေထိုင်တော်မူကြပေကုန်သော။ ကေန၊ စင်ကြယ်သန့်ရှင်း မွတ်သိပ်ကင်းဝေး ကိုယ်တွင်းအေးသည့် သောက်သုံးရေဖြင့်။ ဝိကလာနံ၊ မပြည့်မစုံ ချို့တဲ့ကုန်သည့် ကျင့်ဂုဏ်မြင့် သူတော်စင်များတို့အား။ သုခေတဝိ၊ သောက်သုံးရေ ဆေးကြောရေဖြင့် မသွေလမ်းဖြာ ချမ်းသာပါစေခြင်းအကျိုးငှါ။ ဒကဒါနံ၊ အကျိုးတရား တစ်ဆယ့်ငါးကို ရငြားစေတတ်

ထူးမြတ်ထင်ပေါ် အကျိုးတရား (တစ်ဆယ့်ငါးပါးပါဘုရား) ဘယ့်နှယ့် ကိုယ်တော့်မျှားလှချည်လား မကျေမနပ်မရှိနဲ့ နည်းတောင်နည်းသေးတယ် ရေအကျိုးဆယ့်ငါးပါး နည်းတောင်နည်းပါသေးတယ်။

ကေန ကံ် ကဿ နိဗ္ဗာတိ၊ ကေန ဝိန္ဒတိ ကဒ္ဓယံ်။
ကေန ကသို်ပတိဋ္ဌာတိ၊ ကေန ဝိန္ဒတိ ကဿယံ်။

ကေန၊ ရေအလှူကြောင့်။ ကဿ၊ ငရဲသနင်း ယမမင်းရဲ့။ ကံ၊ ငရဲမီးသည်။ နိဗ္ဗာတိ၊ ငြိမ်းအေးရ၏။ ရေအလှူကြောင့် ငရဲမီးငြိမ်းတယ်။ 'ကေန ကံ ကဿ နိဗ္ဗာတိ၊ ကေန ဝိန္ဒတိ ကဒ္ဓယံ်'ကေန၊ ရေအလှူကြောင့်။ ကဒ္ဓယံ၊ ရုပ်ရည်လှပ်ဝါ, အသံသာခြင်းဆိုသောကျိုးနှစ်မျိုးကိုလည်း။ ဝိန္ဒတိ၊ ရမယ်။ ရေအလှူကြောင့် ရုပ်ရည်လှပ်ဝါ ရုပ်ချောခြင်း, အသံကောင်းခြင်းဆိုတဲ့ အကျိုးနှစ်မျိုးကို။ ဝိန္ဒတိ၊ ရမယ်။ ကေန ကသို်ပတိဋ္ဌာတိ။ ကေန၊ ရေအလှူကြောင့်။ ကသို်၊ မကိုင်္ဍအလား ဦးထိပ်ဖျားမှာ။ ပတိဋ္ဌာတိ၊ တည်နေ ရပ်တန့်နိုင် တယ်။

တစ်တိုင်းလုံး တစ်ပြည်လုံး ထိပ်ဆုံးကရှင်ဘုရင် ရှင်ဘုရင့်ထိပ် ဦးထိပ် ဆောင်းထားတာ မကိုင်္ဍဆောင်းဆိုတာလိုပဲ ရေအလှူ့ရှင်ကြီးတွေဘဝ သံသရာ ရှင်ဘုရင့်ထိပ်ကမကိုင်္ဍလိုပါ နေရာတကာထိပ်တန်းကအကျိုးပေးမှာ ဟုတ်လား၊ အေး ဒါ့ကြောင့် ကေန၊ ရေအလှူကြောင့်။ ကသို်၊ မကိုင်္ဍအလား ဦးထိပ်ဖျားမှာ။ ပတိဋ္ဌာတိ၊ တည်နေရပ်တန့်နိုင်တယ်။ ကေန၊ ရေအလှူကြောင့်။ ကဿယံ်၊ ချမ်းသာစည်းစိမ် ဂုဏ်သိရ်အာဏာဟုဆိုအပ်သော အကျိုးသုံးမျိုးကိုလည်း။ ဝိန္ဒတိ၊ ရနိုင်တယ်။

ဤဂါထာမှာ အားလုံး အကျိုးရှစ်ပါးရှိပါတယ်၊ အခြား အခြားအကျိုးတွေ ဘုန်းကြီးတို့ပရိသတ် ရရိုးရခဲ့၊ ဘုန်းကြီးတို့ပရိသတ်မှတ်မိတယ် အစဉ်အလာရှိသည်အားလျော်စွာမှတ်ထားတဲ့ အစဉ်အလာက အကျိုးတွေနဲ့ပေါင်းရင် ဟောဒီမှာ (၁၅)မျိုးပေါ့ ဟုတ်လား၊ (မှန်လှပါဘုရား) အေး တူရာ တူရာ အသာဖယ် မတူတာယှဉ်လိုက်ရင် (၁၅)မျိုး ဖြစ်တယ်၊ ယခု ပြောတာတွေက မတူတဲ့အကျိုးတွေ သီးသန့်ထုတ်ပြောတာပါ ၊ ဒါ့ကြောင့် ဒကဒါနံ၊ အကျိုးတရား တစ်ဆယ့်ငါးကို ရငြားစေတတ် ထူးမြတ်ထင်ပေါ် ရေအလှူတော်ကို။

ဒဒန္တေဟိ၊ သဒ္ဓါဖွေးဖြူ အလေးမူလျက် ပေးလှူပူဇော်ခြင်းတို့ဖြင့်။ ပုညမင်္ဂလံ၊ ကိလေမြူကင်း ဖြူစင်စေတတ် သီတဂူဆိုသော ရေအလှူတော်လုပ်ငန်း မြတ်ကို။ ကရောန္တံ-ကရောန္တေ၊ အခွင့်သာခိုက် လုံ့လစိုက်၍ နှစ်ခြိုက်ရွှင်ပျော် ပြုလုပ်တော်မူနိုင်ကြပါစေကုန်သတည်း။

သာဓု သာဓု သာဓု ပါဘုရား။

သီတဂူရေအလှူဓမ္မသဘင်မှာ သီတဂူနိဒါန်း ဘုန်းကြီးတို့ ပရိသတ်ဤမျှဆိုရင်ကျေနပ်လောက်ပါတယ် ဘုန်းကြီးတို့ရဲ့ ဝမ္မိကသုတ္တန်ကို ဆက်ကြပါအုံးစို့ ဝမ္မိကသုတ္တန်ဘုန်းကြီးတို့ဟောလာတယ် အပိုင်းပေါင်း (၇)ပိုင်း ပြီးသွားပြီနော် (မှန်လှပါဘုရား) (၇)ပိုင်းပြီးသွားပြီ (၇)ပိုင်းပြီးသွား ယခု (၈)ခုမြောက် အပိုင်းမှာ ဝမ္မိကသုတ်တော်ရဲ့ မေးခွန်းတစ်ဆယ့်တစ်သို့ ရောက်လာပါဘယ်၊ ဝမ္မိကသုတ္တန်တရားတော် (၇)ပွဲမှာ မေးခွန်းအားလုံး တစ်ဆယ့်ထိ ဘုန်းကြီးတို့ပြီးတယ်၊ ယခုအခါ ရှစ်ခုမြောက်သော ရှစ်ကြိမ်မြောက်သော တရားပွဲမှာ မေးခွန်းဆယ့်တစ်ခုသို့ ရောက်ပါတယ် ဟုတ်လား၊ (မှန်လှပါဘုရား) ဒီတော့ ပါဠိတော်ပြန်ပြီးတော့ စဉ်းစားကြည့်လိုက်ပါ ဘန္တေ၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ ကော နုခေါ် ဝမ္မိကော၊ တောင်ပို့ဆိုတာ ဘာပါလဲ။

တောင်ပို့ဆိုတာ ဘာတဲ့တုန်း (ခန္ဓာကိုယ်ပါဘုရား) တောင်ပို့ဆိုတာ ဤခန္ဓာဟုတ်လား (မှန်လှပါဘုရား) ကာ ရတ္တိဓူမာယနာ၊ တောင်ပို့ကြီး ညအခိုးလွတ်တယ်ဆိုတာ ဘာများပါလဲ (ဝိတက်ပါဘုရား) အေး ဝိတက် တောင်ပို့ကြီး ညညအခိုးလွတ်တယ်ဆိုတာဟာ၊

ဒိဝါ ကမ္မန္တေ အာရဗ္ဘ ရတ္တိ • အနုဝိတက္ကော တိ အနုဝိစာရေတိ အယံ ရတ္တိဓူမာယနာ။

ဒိဝါကမ္မန္တေ အာရဗ္ဘ၊ နေ့တုန်းကလုပ်ထားတဲ့လုပ်ငန်းတွေအကြောင်းပြုပြီးတော့။ ရတ္တိယာ၊ ညဉ့်အခါမှာ။ အနုဝိတက္ကော တိ၊ အဖန်ဖန်ကြံ၍နေတယ်။ အနုဝိစာရေတိ၊ အဖန်ဖန်စဉ်းစား၍နေတယ်။ အယံ၊ ဤညအချိန်ကာလကြံခြင်းဆိုတဲ့ဝိတက်ကို။ ရတ္တိ ဓူမာယနာတိ၊ ညဉ့်အခိုးလွတ်သည်ဟူ၍။ ဝုစ္စတိ၊ ဆိုရပေ၏။

တောင်ပို့ဆိုတာက ဤကိုယ်၊ ညဉ့် အခိုးလွတ်တယ်ဆိုတာက ညတိုင်း ညတိုင်းကြုံစည်ကြတာ ဝိတက်တရား၊ ကာ ဘန္တေ ဒိဝါ ပဇ္ဇလနာ ဘန္တေ၊ ဘန္တေ၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ ဒိဝါ ပဇ္ဇလနာ၊ နေ့ မီးတောက်တယ်ဆိုတာဟာ။ ကာ၊ အာဘယ်ပါနည်းအရှင်ဘုရား။ နေ့ မီးတောက်တာက ဘာပါလဲဘုရား မေးတယ် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က ဘိက္ခု၊ ချစ်သားရဟန်း။ ဒိဝါပဇ္ဇလနာတိ၊ နေ့နေ့ မီးတောက်တယ် မီးတောက်တယ် ဆိုတာကတော့။ ရတ္တိယာ၊ ညဉ့်အခါမှာ။ အနုဝိတက္ကော်တွာ၊ အဖန်ဖန် ကြုံစည်ပြီးတော့။ အနုဝိစာရေတွာ၊ အဖန်ဖန်စဉ်းစားပြီးတော့။ ဒိဝါ၊ နေ့အခါ၌။ ကမ္မန္တေ၊ လုပ်ငန်းတို့ကို။ ကာယေန၊ ကိုယ်ဖြင့်လည်းကောင်း။ ဝါစာယ၊ နှုတ်ဖြင့်လည်းကောင်း။ ပယောဇေတိ၊ အားထုတ်၏။ အယံ၊ ဤညကြုံစည်ပြီးတော့ နေ့ထပြီးတော့ ဒီအကြုံမြောက်အောင် လုပ်ကိုင်ခြင်း, ဆောင်ရွက်ခြင်းကို။ ဒိဝါ ပဇ္ဇနာလနံ၊ နေ့မီးတောက်သည်ဟူ၍။ ဝုစ္စတိ၊ ဆိုရတယ်။

ညကြုံတယ် ဝိတက် အခိုးလွတ်တာ ညတုန်းကကြုံထားတာ မနက်ခင်း နေ့လည်ခင်းထထ လုပ်ကိုင်ဆောင်ရွက်လိုက်ကြတာက မီးတောက်တာ သြော် တောင်ပို့ဟာ ညလည်းပဲ အခိုးတွေထွက်လို့ နေ့လည်းပဲ မီးတွေတောက်လို့ ဘုန်းကြီးတို့ပရိသတ်များ မိမိတို့အိမ်ပြန်ရောက်တဲ့ကာလ အိပ်ယာထက် ပက်လက်လှန် ပိုက်ပေါ်မှာလက်နှစ်ဖက်အသာတင် မျက်စိနှစ်လုံးမှိတ်ပြီးတော့ တိတ်တိတ်ကလေး စဉ်းစားကြည့်လိုက်စမ်းပါ ဒီခန္ဓာကိုယ်ဆိုတဲ့ တောင်ပို့ကြီးယခုဘာဖြစ်နေတုန်း အိပ်ယာထဲပက်လက်လှန်စဉ်းစားကြည့်လိုက်ရင် အခိုးထွက်နေတာတွေ့ရမယ်နော်၊ တစ်နေ့လုံး တလှုပ်လှုပ်တရွရွနဲ့ အရှေ့အနောက် တောင်မြောက် အထက်အောက် ကျိတ်ကျိတ် ကျိတ်ကျိတ်နဲ့ ပြေးလွှားပြီးတော့ နေကြတဲ့လူထုကြီးကြည့်ပြီးတော့ သြော် မီးတွေတောက်နေလိုက်တာ ဒီလို စဉ်းစားရမယ် (မှန်လှပါဘုရား)။

နေ့မီးတောက်တယ်တဲ့ တစ်နေ့လုံးလုပ်ကိုင်ဆောင်ရွက်နေကြရတဲ့ စားရေးနေရေးဝတ်ရေးအတွက် ပြေးလွှားနေကြရတာကို နေ့မီးတောက်နေတယ်လို့ပြောပါတယ် ညတိုင်း ညတိုင်းဒီအရေးတွေနဲ့ ကြုံစည်နေရတာကို ညအခိုးလွတ်တယ်လို့ပြောပါတယ် မှတ်မိပါစေနော် (မှန်လှပါဘုရား)။ အဲ့ဒီ

တောင်ပို့ကိုတူရွှင်းကိုင်စွဲပြီးတော့ ငါ့တပည့်တူးရမယ်လို့ ဆရာပုဏ္ဏားက ညွှန်ကြားလာတယ်၊ ညွှန်ကြားလာတဲ့ဆရာပုဏ္ဏားဆိုတာက မြတ်စွာဘုရား၊ တူးမည့်တပည့်ဆိုတာက ယောဂီပုဂ္ဂိုလ်၊ ကိုင်စွဲတဲ့လက်နက်ဆိုတာက ပညာ၊ ဝိပဿနာဉာဏ်ပညာ၊ သဒ္ဓါတရားက လက်၊ တူးဆွတယ်ဆိုတာက ဝီရိယဟုတ်လား၊ (မှန်လှပါဘုရား) တူးလိုက်ပြီ။

အဘိက္ခဏာ သုမေဓ သတ္ထုံ အာဒါယ

သုမေဓ၊ ပညာရှိ။ သတ္ထုံ၊ တူရွှင်းကို။ အာဒါယ၊ ကိုင်ပြီးတော့။ အဘိက္ခဏာ၊ တူးပါလေလော့။ ငါ့တပည့် တူရွှင်းကိုင်ပြီးတော့။ ဝမ္မိကံ၊ တောင်ပို့ကြီးကို။ အဘိက္ခဏာ၊ တူးလိုက်လော့ဆိုတော့။ ဧဝံ ဘန္တေ၊ ကောင်းပြီဆိုပြီးတော့။ သုမေဓာ၊ ပညာရှင်သည်။ ဝမ္မိကံ၊ တောင်ပို့ကို။ အဘိက္ခဏန္တော၊ တူးခဲ့သည်ရှိသော်။ အဘိက္ခဏန္တော၊ တောင်ပို့တူးလိုက်တဲ့ကာလ။ ပထမံ၊ ရှေးဦးစွာ။ ဘာတွေ့တုန်း (မင်းတုပ်ကြီးတွေ့ပါတယ်ဘုရား) လဂီ ဘန္တေ၊ တံခါးပိတ်ရတဲ့ မင်းတုပ်ကြီးတစ်ခု တောင်ပို့ထဲကထွက်လာတယ်၊ အဲဒီမင်းတုပ်ဆိုတာ ဘာတဲ့တုန်းဆိုတော့၊

လဂီတိ ဓေါ ဘိက္ခု၊ အဝိဇ္ဇာယေတံ အဓိဝစနံ၊

ဘိက္ခု၊ ချစ်သားရဟန်း။ လဂီတိ ဧတံ အဓိဝစနံ၊ တံခါးပိတ်ရမဲ့မင်းတုပ်ကြီးဆိုတာက။ အဝိဇ္ဇာယ၊ အဝိဇ္ဇာတရားရဲ့။ အဓိဝစနံ၊ အမည်ပါပေတည်း။

အိမ်ကြီးတံခါးပိတ် မင်းတုပ်ထိုး အိမ်ထဲဘာရှိတယ်ဆိုတာမမြင်နိုင်ဘူး လူလည်းမဝင်နိုင်ဘူး ဒီအတိုင်းပဲတဲ့ ဤဓန္ဓာကိုယ်ဆိုတဲ့တောင်ပို့ဟာ အဝိဇ္ဇာတည်းဟူသော မင်းတုပ်နဲ့ချပြီးတော့ပိတ်ထားလိုက်ရင် ဒီဓန္ဓာကိုယ်ဆိုတဲ့တောင်ပို့ကြီးထဲက ဒုက္ခအစုအပုံကြီးဆိုတာ မမြင်နိုင်တော့ဘူးပေါ့။ ဥက္ခိပလဂီ၊ မင်းတုပ်ကြီးကိုပယ်ပစ်လိုက်ဆိုတာက ပဇဟအဝိဇ္ဇ၊ အဝိဇ္ဇာကိုပယ်ရမယ်လို့ပြောတာ၊ အဝိဇ္ဇာပယ်ရမယ်ဆိုတော့ ဝိဇ္ဇာဉာဏ်ကိုရအောင်လုပ် ဟုတ်လား၊ (မှန်လှပါဘုရား) ဝိဇ္ဇာဉာဏ်ကို ဘယ့်နှယ်ရအောင်လုပ်မလဲ ဒုက္ခမြင်အောင်ရှုရတယ် ဘာရှုရမှာတုန်း၊

(ဒုက္ခမြင်အောင်ရှုရမှာပါဘုရား)

ပုဏ္ဏော ဒုက္ခဿ ကေဝလော ခန္ဓာကိုယ်တစ်ခုလုံး ဒုက္ခတွေပုံထားတယ်လို့မြင်အောင်ရှုလိုက်၊ ခန္ဓာကိုယ်တစ်ခုလုံး ဒုက္ခတွေပုံထားတယ်လို့မြင်အောင်ရှုလိုက်ရင် အဲဒီမှာ အဝိဇ္ဇာပယ်ပျောက်လို့ ဝိဇ္ဇာဉာဏ်မလာဘူးလား (လာပါတယ်ဘုရား)။

သဟ ဝိဇ္ဇုပ္ပါဒါ၊ ဒုက္ခသစ္စာ မြင်လိုက်တဲ့ ဝိဇ္ဇာဉာဏ်ပေါ်ပေါက်လာသည်နှင့်တစ်ပြိုင်နက်တည်း။ အဝိဇ္ဇာ၊ အဝိဇ္ဇာဆိုတဲ့မင်းတုပ်ကြီးကို။ ပဟီယတိ၊ ကောင်းစွာမသွေ ပယ်စွန့်နိုင်ခဲ့ပါပေသတည်း။

သာဓု သာဓု သာဓု ပါဘုရား။

ပထမတွေ့တာ မင်းတုပ် (မှန်လှပါဘုရား) မင်းတုပ်ဆိုတာ ဘာပါလိမ့် အဝိဇ္ဇာတရားနော်၊ မင်းတုပ်ဆိုတဲ့အဝိဇ္ဇာကို တူးလိုက်ပြီ ဖယ်ပစ်လိုက်ပြီ ကိုင်းရှေ့ဆက်တူး ဘုန်းကြီးတို့ပရိသတ်များ နောက်တစ်ခါဘာတွေ့တုန်း၊

(ဖားပွတွေ့ ပါတယ်ဘုရား)

ဥဒ္ဓုမာယိကာ။ ဥဒ္ဓုမာယိကာ ဘဒန္တေ၊ ဖားပွကြီးပါဘုရား။ ကာ ဥဒ္ဓုမာယိကာ၊ ဖားပွကြီးဆိုတာဘာတဲ့တုန်း။

ဥဒ္ဓုမာယိကာတိ ခေါ ဘိက္ခု ကောဓုပါယာသေတံ အဓိဝစနံ။

ဘိက္ခု၊ ချစ်သားရဟန်း။ ဥဒ္ဓုမာယိကာတိ ဧတံ အဓိဝစနံ၊ ဖားပွဖားပွဆိုသောဤစကားသည်။ ကောဓုပါယာတဿ၊ ကောဓကြောင့် ပင်ပန်းဆင်းရဲဒုက္ခရောက်ရခြင်းရဲ့။ အဓိဝစနံ၊ အမည်ပါပေတည်း။

ဖားပွကြီးတစ်ကောင်တွေ့တယ်ဆိုတာကဒေါသ၊ ဖားကလေးတစ်ကောင် လက်သည်းခွံလောက် အမှိုက်ကြား သစ်ပင်ကြား သစ်ကိုင်းကြားနေတယ်၊ ဥဒ္ဓုမာယိကာဖားဟာသေးသေးလေးရယ် လက်သည်းခွံလောက်ကလေး အဲ ဒီကောင်လေးတွေ့ တုတ်ကလေးနဲ့တို့ ပွလာ တုတ်ကလေးနဲ့တို့ ပွ စိတ်ဆိုးလွန်းလို့တဲ့ တို့တိုင်း ပွပွလာတယ်၊ နောက်ဆုံးကျတော့ အဲဒီကောင် စိတ်ဆိုးလွန်းလို့ ပွလာတာ ဥဿုစ်သီးလောက် ဒူးခေါင်းလောက်ကြီးဖြစ်ခြေကလေးတွေ့ လက်ကလေးတွေဟာဆန့်တန့်ပြီးတော့ ဘာမှမလှုပ်နိုင်တော့

ဘူး လေးဘက်ပစ်ပြီးတော့ ပက်လက်ကိုလန်လို့ ဟုတ်လား၊ (မှန်လှပါဘုရား)

ဒကာကြီးတွေ စိတ်ဆိုးလွန်းလို့ ခြေပစ်လက်ပစ်နဲ့ ပက်လက်လန်နေတဲ့ အကြိမ်ပေါင်း နည်းမယ်မဟုတ်ဘူးဗျာ၊ ခုနက ဖားစိတ်ဆိုးလွန်းလို့ ပွပြီးတော့ လေးဘက်ပစ် ပက်လက်လန်နဲ့ ကျီးကန်းမထိုးဘူးလား (ထိုးပါတယ်ဘုရား) အဲ ဘုန်းကြီးတို့ပရိသတ် စိတ်ဆိုးရင်ကျီးစာဖြစ်တတ်တယ်၊ အပါယ်လေးပါးမှာ ကျီးစာဖြစ်မယ် ငှက်စာဖြစ်မယ် ဒါသဆိုတာဖားပွနဲ့တူတယ် မေတ္တာနဲ့နှိမ်မှ အဲဒီဒေါသဆိုတာငြိမ်းတယ်ဟုတ်လား (မှန်လှပါဘုရား) ရှေ့ဆက်တူးတဲ့ နောက်တစ်ခါတွေ့ပြန်ပြီ။

ဒွိဓာပထော ဘဒန္တေ ဟုတ်လား၊ ဒွိဓာပထော ဘဒန္တေ၊ အိုဆရာ ပုဏ္ဏား လမ်းနှစ်ခွဆိုတာတွေ့လာပြန်တယ် အရှင်ကုမာရကဿပက၊ **ကော နုခေါ ဘန္တေ ဒွိဓာပထော**၊ လမ်းနှစ်ခွဆိုတာဘာများပါလဲ မေးတယ်၊ ဘုရား ရှင်ကိုယ်တော်မြတ်က-

ဒွိဓာ ပထောတိ ခေါ ဘိက္ခု ဝိစိကိစ္ဆာ ယေတံ အဓိဝစနံ။

ဘိက္ခု၊ ချစ်သားရဟန်း။ ဒွိဓာပထောတိ ဧတံ အဓိဝစနံ၊ လမ်းနှစ်ခွ လမ်းနှစ်ခွဆိုသောဤစကားသည်ကား။ ဝိစိကိစ္ဆာယ၊ မဝေခွဲနိုင်အောင်ဖြစ်သော ဆုံးဖြတ်ချက်မချနိုင်အောင်ဖြစ်၍နေသော ဝိစိကိစ္ဆာတရားရဲ့။ အဓိဝစနံ၊ အမည်ပါပေတည်း။

ဆုံးဖြတ်ချက်မချနိုင် မဝေခွဲနိုင်အောင် လမ်းမှားနဲ့ လမ်းမှန် မဆုံးဖြတ်နိုင်တဲ့ အကျင့်မှားနဲ့ အကျင့်မှန် မဆုံးဖြတ်နိုင်တဲ့ ဝိစိကိစ္ဆာဆိုတာ လမ်းနှစ်ခွရောက်တာ လမ်းနှစ်ခွရောက်ရင် ဘယ်လမ်းလိုက်ရမတုန်းလို့ တွေဝေတတ်တယ်နော်၊ အဲဒီတွေဝေမှုဆိုတဲ့လမ်းနှစ်ခွဟာ ဘာတုန်းဆိုတော့ ဝိစိကိစ္ဆာကိုပြောတာ သံသယလက္ခဏာ ဝိစိကိစ္ဆာ၊ ကမ္မနရသာ၊ အနိစ္ဆယပစ္စုပဋ္ဌာနာ၊ အယောနိသော မနသိကာရပဒဋ္ဌာနာလို့လေးချက် ညတုန်းကဘုန်းကြီးတို့ ဟိုဟေမဇလသီတဂူမှာရေအကြောင်းကိုအကျယ်ပြောခဲ့တယ်၊ သံသယလက္ခဏာရှိတယ် ဝိစိကိစ္ဆာဝင်ရင်လေမှတ်ထား သံသယလက္ခဏာ ဘာလက္ခဏာလဲ၊

(သံသယလက္ခဏာပါဘုရား)။

သို့လောသို့လော ဟုတ်သလား မဟုတ်ဘူးလား သံသယလက္ခဏာ ဝိစိကိစ္ဆာ ကမ္မနရသာ တုန်လှုပ်တဲ့ကိစ္စရှိတယ်၊ သံသယဝင်ရင် တုန်လှုပ်တယ် စိတ်တွေ ဟုတ်လား မဟုတ်လားနဲ့ အမျိုးမျိုးတုန်လှုပ်လာတယ်၊ အနိစ္စဃယပစ္စုပဋ္ဌာနာ မဆုံးဖြတ်နိုင်ဘူးဆိုတာတွေ ထင်ရှားလိမ့်မယ် ဘာမှဆုံးဖြတ်ချက်ကို မချရဘူး အဲဒီအခါဘာကြောင့်ဖြစ်တာတုန်းဆိုတော့ အယောနိသော မနသိကာရပဒဋ္ဌာနာ မသင့်မတင့်နှလုံးသွင်းကြလို့ ဟောဒီဝိစိကိစ္ဆာဖြစ်တယ် မသင့်မတင့်နှလုံးသွင်းတဲ့ အယောနိသောမနသိကာရကြောင့်ဘာဖြစ်တုန်း၊

(ဝိစိကိစ္ဆာ ဖြစ်ပါတယ်ဘုရား)

ဝိစိကိစ္ဆာ အဲဒီဝိစိကိစ္ဆာဆိုတဲ့လမ်းနှစ်ခွကိုတူးပစ်တဲ့၊ တူရွင်းနဲ့နာနာတူးဆိုပါလား၊ ဝိစိကိစ္ဆာလမ်းနှစ်မှာ ဘာနဲ့တူးမတုန်းဆိုရင် မနေ့ကပေးထားတယ်၊ သုံးချက်သုံးချက်ဘာတဲ့တုန်း စာပိုဒ်ကလေးရှိမှာပေါ့ ဘုန်းကြီးတော့ မေ့ပါပြီ ပရိသတ်ကရမှာ လုပ်ပါအုံး၊

စိတ်ကောင်းထားပါ၊ မိတ်ကောင်းရှာ၊ ကောင်းစွာ တရားနာ၊

ဝိစိကိစ္ဆာကင်းကြောင်းသုံးပါး

ဘယ်နှစ်ချက်ပါတုန်း (သုံးချက်ပါဘုရား) စိတ်ကောင်းဆိုတာက ယောနိသော မနသိကာရ၊ မိတ်ကောင်းဆိုတာက ကလျာဏမိတ္တတစ်မျိုး သပ္ပုရိသူပနိဿယ မိတ်ကောင်းနော်၊ သဒ္ဓမ္မသဝန ဘယ်နှစ်ချက် (သုံးချက်ပါဘုရား) ယောနိသောမနသိကာရ ဘယ်လိုပဲရှိရှိ သူတော်ကောင်း မမှီဝဲရသေးရင် ဝိစိကိစ္ဆာမပျောက်သေးဘူး၊ စိတ်ကောင်းဘယ်လိုပဲရှိရှိ သူတော်ကောင်းတရား မနာရ မကျင့်ရသေးရင် ဝိစိကိစ္ဆာမပျောက်သေးဘူး၊ သြော် ဘယ်လောက်ကောင်းတယ်ပြောပြော မူလဟင်းပစ္စည်းကကောင်းတာမဟုတ်ဘူး အရံထည့်တဲ့ပစ္စည်းကကောင်းတာ၊ ဂျင်းသုတ်ဘယ်လောက်ကောင်းကောင်းပါတယ်ပြောပြော ဂျင်းသုတ်တစ်ခုတည်းကကောင်းတာမဟုတ်ပါဘူး ကျန်တဲ့ဆယ့်တစ်မျိုးက ကောင်းတာပါ မဟုတ်ဘူးလား (မှန်လှပါဘုရား) အေး (၁၂)မျိုးဂျင်းသုတ်မှာလေ ဂျင်းဖယ်လိုက်ရင် ဆယ့်တစ်မျိုးမကျန်ဘူးလား (ကျန်ပါတယ်ဘုရား) အဲဒီဆယ့်တစ်မျိုးကြောင့် ဂျင်းကောင်းရတာ။

လူတိုင်းအတွက်လိုအပ်တဲ့အကောင်းသုံးပါး

ဒါ့ကြောင့် စိတ်ကောင်းဘယ်လိုပဲရှိရှိ မိတ်ကောင်းဆိုတာလိုတယ်၊ တရားကောင်းဆိုတာလိုတယ်၊ မိတ်ကောင်းဘယ်လိုပဲရှိရှိ တရားကောင်းဆိုတာလိုတယ် ဟုတ်လား။ အေး သဒ္ဓမ္မသဝနအရေးကြီးတယ်၊ သပ္ပုရိသူပနိဿယကော၊

(အရေးကြီးပါတယ်ဘုရား)

အရေးကြီးတယ် သဒ္ဓမ္မသဝန သပ္ပုရိသူပနိဿယ ဒီနှစ်ခုရတော့ ဘာဖြစ်လဲ ယောနိသောမနသိကာရ စိတ်ကောင်းဆိုတာတခါတည်း ဖြောင့်ဖြူးလို့ချောသွားတာ။

အဲ့ဒီတော့မှ သံသယလက္ခဏာတွေ ကမ္ဘနရသတွေရှင်းရော တုန်လှုပ်ခြင်းတို့ ချောက်ခြားခြင်းတို့ မဆုံးဖြတ်နိုင်ခြင်းတို့ တွေဝေခြင်းတို့ သံသယတွေကုန်ရောမဟုတ်လား (မှန်လှပါဘုရား) ဒါကြောင့် ယောနိသော မနသိကာရရှိမှ သဒ္ဓမ္မသဝနဖြစ်မှ၊ ကလျာဏမိတ္တ သပ္ပုရိသူပနိဿယကိုရမှ ဝိစိကိစ္ဆာကင်းပါတယ်လို့ မှတ်လိုက်ပါဟုတ်လား။ ဒွိဓာပထံ၊ လမ်းနှစ်ခွကို။ အဒ္ဒိသ၊ တွေ့တယ်။ ဘန္တေ၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ ဒွိဓာပထော၊ လမ်းနှစ်ခွဆိုတာ။ ကော၊ အဘယ်ပါနည်းအရှင်ဘုရား။ ဘိက္ခု၊ ချစ်သားရဟန်း။ ဒွိဓာပထောတိ၊ လမ်းနှစ်ခွဟူသည်ကား။ ဝိစိကိစ္ဆာ၊ ဝိစိကိစ္ဆာတရားပါပေတည်း။ ဘိက္ခု၊ ချစ်သားရဟန်း။ သတ္ထံ၊ တူရွင်းလက်နက်ကို ဝိပဿနာဉာဏ်အသိဉာဏ်ပညာဆိုသောလက်နက်ကို။ အာဒါယ၊ ကိုင်စွဲပြီး တော့။ ဒွိဓာပထံ၊ လမ်းနှစ်ခွဆိုတဲ့ဝိစိကိစ္ဆာတရားကြီးကို။ ဥက္ခိပ၊ ပယ်ပစ်လိုက်ပါ။ ဥက္ခိပ၊ တူးပစ်လိုက်ပါ။ ပဇဟ၊ စွန့်ပစ်လိုက်ပါ။ ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်သည်။ ဗျာကရောတိ၊ ဆုတ်ဆိုင်းမရှိ ဟုတ်တိုင်းမှန်စွာ ဖြေကြားတော်မူလိုက်ပါပေသတည်း။

သာဓု သာဓု သာဓု ပါဘုရား။

အေး ဘုန်းကြီးတို့ပရိသတ်များ အဲဒီအထိ ဘုန်းကြီးတို့ပြီးတာ မဟုတ်လား (မှန်လှပါဘုရား) ဒီတော့ ဆရာပုဏ္ဏားက တပည့်လုလင်ကို အဘိဂ္ဓဏ

သုမေဓ သတ္ထံ အာဒါယ၊ လမ်းနှစ်ခွကိုလည်း တူးလိုက်ပါပြီ၊ ဝိစိကိစ္ဆာကိုလည်း အဂီါသုံးချက်နဲ့ ပယ်လိုက်ပြီနော်၊ (မှန်လှပါဘုရား)

စိတ်ကောင်းထားပါ၊ မိတ်ကောင်းရှာ၊ ကောင်းစွာတရားနာ၊

ဒီသုံးချက်နဲ့ ဝိစိကိစ္ဆာရှင်းပြီးပြီနော်၊ အဲဒီ ဝိစိကိစ္ဆာတစ်လုံးကို ညတုန်းက ဘုန်းကြီးတို့တစ်ပွဲဟောလိုက်တာပြီးပါတယ်နော်၊ ယခုအခါ

အဘိက္ခဏ သုမေဓ သတ္ထံ အာဒါယ။

သုမေဓ၊ ပညာရှိ။ သတ္ထံ၊ တူရွင်းလက်နက်ကို။ အာဒါယ၊ ကိုင်စွဲပြီးတော့။ ဝမ်မိကံ၊ တောင်ပို့ကို။ အဘိက္ခဏ၊ ဆက်တူးပါ။ ဆရာပုဏ္ဏားမှာကြားတော့ လုလင်ကလည်း။ သတ္ထံ၊ တူရွင်းလက်နက်ကို။ အာဒါယ၊ ကိုင်စွဲပြီးတော့။ ဝမ်မိကံ၊ တောင်ပို့ကြီးကို။ အဘိက္ခဏန္တော၊ တူးခဲ့ပြန် သည်ရှိသော်။ တပည့် လုလင် တောင်ပို့ကိုဆက်ပြီးတူးတော့ ဘာတွေ့တုန်းဆိုတော့။

စင်္ဂါရော ဘဒန္တေ၊

ဘဒန္တေ၊ အို ဆရာပုဏ္ဏား။ စင်္ဂါရောတဲ့၊ ဆပ်ပြာရေစစ်ကြီးတစ်ခုပါ၊ ဘာရတုန်း၊

(ဆပ်ပြာရေစစ်ကြီးတစ်ခုပါဘုရား)

စင်္ဂါရံ၊ ဆပ်ပြာရေစစ်တစ်ခုကို။ အဒ္ဒသ၊ တွေ့မြင်ခဲ့လေပြီ။ အထခေါ၊ ထိုအခါ။ သုမေဓော၊ ပညာရှိသည်။ ဗြာဟ္မဏံ၊ ဆရာပုဏ္ဏား ကို။ ဧတံ ဝစနံ၊ ဤစကားကို။ အဝေါစ၊ ပြောတယ်။ ဘဒန္တေ၊ အို ဆရာပုဏ္ဏား။ စင်္ဂါရော၊ ဆပ်ပြာရေစစ် ကြီးပါ။ ကီ ကရောမိ၊ ဘာလုပ်ရမတုန်းဆိုတော့၊ ဆရာပုဏ္ဏားက ဆက်ပြော တယ်၊ သုမေဓ၊ ပညာရှိတပည့်။ စင်္ဂါရံ၊ အဲဒီ ဆပ်ပြာရေစစ်ကြီးကို။ ဥက္ခိပ၊ ပယ်ပစ်လိုက်ပါ။ ဥက္ခိပ၊ မြောက်ချီ၍ပစ်လိုက်ပါ။ ပဇဟ၊ ပယ်ပစ်လိုက်ပါ။ ကွတိ၊ ဤသို့။ အဝေါစ၊ ပြောတယ်။

တပည့် ဆပ်ပြာရေစစ်ကြီး တောင်ပို့ထဲကတွေ့ရင် အဲဒါပယ်ပစ်လိုက်၊ ဆရာတပည့်ပြောကြတဲ့စကား ဒါပါပဲ၊ အဲဒီစကားကို ဘယ်သူသင်ပေးလိုက်တုန်း၊ ဘဝဟောင်းက တရားကျင့်ဖော်ကျင့်ဖက် အနာဂါမ်ပြဟ္မာကြီးက အရှင်

ကုမာရကဿပကို သင်ပေးနေတာ၊ အရှင်ဘုရား ဤမေးခွန်းကို သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ ကိန်းအောင်းတော်မူသော မြတ်စွာဘုရားကိုသာမေးပါတော့ ဗုဒ္ဓသည်လည်းကောင်း၊ ဗုဒ္ဓ၏အရိယာသာဝကသည်လည်းကောင်း၊ ဤမေးခွန်းကိုဖြေနိုင်ပေလိမ့်မယ် ဗုဒ္ဓနဲ့ ဗုဒ္ဓရဲ့အရိယာသာဝကကလွဲလို့ တစ်ခြားပုဂ္ဂိုလ်များဖြေနိုင်မဲ့ပုဂ္ဂိုလ်ကို လူလောက နတ်လောက တစ်ခုလုံး တပည့်တော်ကြည့်မမြင်ဘူးဘုရား မြတ်စွာဘုရားကိုမေးတော်မူပါ၊ မှာလိုက်တယ်၊အဲ့ဒါကြောင့်

အာယသ္မာကုမာရသဿပေါ၊ အရှင်ကုမာရကဿပမထေရ်ကြီးသည်။ ဘဂဝန္တံ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်ကို။ ဣမံပဉ်ဳ၊ ဤဆယ့်တစ်ခုမြောက်မေးခွန်းကို။ အပုစ္ဆိ၊ မေးပါတယ်။ ဘန္တေ၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ စက်ဝါရော၊ ဆပ်ပြာရေစစ်ဆိုသည်ကား။ ကော နုခေါ၊ အဘယ်ပါနည်းအရှင်ဘုရား။ ဣတိ၊ ဤသို့။ ဧကာဒသမံ၊ တစ်ဆယ့်တစ်ခုမြောက်ဖြစ်သော။ ပဉ်ဳ၊ မေးခွန်းကို။ အပုစ္ဆိ၊ သိလို ရေးနှင့်မေးလျှောက်ရှာလေတော့သတည်း။

သာဓု သာဓု သာဓု ပါဘုရား။

ဆယ့်တစ်ခုမြောက်မေးခွန်း ဆက်လက်၍မေးတဲ့ကာလ စက်ဝါရ ဆပ်ပြာရေစစ် ဆပ်ပြာရေစစ် ရှေးခေတ် ရှေးခေတ်ကို မျှော်ကြည့်ပါ၊ ခဝါသည်တွေ အဝတ်လျှော်မယ်လုပ်၊ ဆောင်းတွင်းကာလ ဘုန်းကြီးတို့ အညာဒေသမှာလေ ချောင်းကြီးတွေ ချောင်းကြီးတွေထဲမှာ မနက်ခင်းတဲ့ သဲခုံလေးတွေမှာ ဆပ်ပြာတွေပွင့်ပြီးတော့ ဖွေးဖွေး ဖွေးဖွေးနဲ့နေတာကို ဘုန်းကြီးတို့ပရိသတ်တွေကြရမှာမဟုတ်လား (မှန်လှပါဘုရား)။

အဲ့ဒီဆပ်ပြာတွေနဲ့ အဝတ်လျှော်တော့မယ်ဆိုတော့ ဟိုဆပ်ပြာတွေနဲ့ဖျော် သဲဆပ်ပြာဟုတ်လား ကော့စတစ်က အများကြီးပါတဲ့ထိုသဲဆပ်ပြာတွေကို ရေနဲ့ဖျော် ရေနဲ့ဖျော်ပြီးတဲ့အခါကျတော့မှ ရေစစ်ကြီးထဲကိုအဲဒီသဲတွေနဲ့ ဆပ်ပြာတွေဖျော်ထားတာကိုလောင်းထည့် ဘာလုပ်ဖို့လဲ အောက်ကနေခံလိုက်တော့ ရေကြည်မရဘူးလား (ရပါတယ်ဘုရား) သဲတွေမြေကြီးတွေဖုန်တွေသဲတွေ အကုန်လုံးရေစစ်ထဲတင်ကျန်ရစ်တယ် ရေတစ်စက်ကလေး

တောင်မတင်ဘူး၊ ရေစစ်ထဲမှာရေမကျန်ဘူးတဲ့ ခဲတွေ သဲတွေ မြူတွေ ဖုတ်တွေ အသုံးမဝင်တာ အကုန်ကျစ်ရစ်တယ်၊ ဘာတွေကျန်ရစ်၊
(သဲတွေခဲတွေပါဘုရား)။

အသုံးမဝင်တဲ့ သဲတွေ ခဲတွေ မြူတွေအမှိုက်တွေ အညစ်အကြေး အကုန်လုံး ရေစစ်ထဲမှာကျန်ရစ်ပါတယ် ဟုတ်လား၊ ရေစစ်ရဲ့အောက်ကိုယို စိမ့်ပြီးတော့ကျသွားတာက တကယ့်ဆပ်ပြာရေတွေ အသုံးဝင်တာတွေကစိမ့်ပြီးတော့ထွက်ကျသွားတယ် အသုံးဝင်တာတွေက စိမ့်ပြီးတော့ ယိုကျသွားတယ် အသုံးမဝင်တာတွေ အဲဒီရေစစ်ထဲမှာဇောင်ပြီးတော့ ကျန်ရစ်တယ် ဘုန်းကြီးတို့ ပရိသတ်များ ယိုကျသွားတဲ့ပစ္စည်းကို စိမ့်ကျသွားတဲ့ပစ္စည်းကိုသုံးရမှာ (မှန်လှပါဘုရား) ရေစစ်ထဲတင်ကျန်ရစ်တဲ့ပစ္စည်းက အသုံးမဝင်တာ တင်ကျန်ရစ်တဲ့ပစ္စည်းအသုံးမဝင်တော့ သွန်မပစ်ရဘူးလား၊
(သွန်ပစ်ရပါတယ်ဘုရား)

ဟော ခဝါသည်တွေ ဆပ်ပြာကိုရေနဲ့ဖျော် သဲဆပ်ပြာနော် ရေနဲ့ဖျော် စစ်လိုက်တော့ အသုံးဝင်တဲ့ရေသည်စိမ့်ကျသွားတယ် အသုံးမဝင်တာတွေ တင်ပြီးတော့ကျန်ရစ်တယ်၊ စင်္ဂါဝါရ ဆပ်ပြာရေစစ်သဘောက (မှန်လှပါဘုရား)။

ဆပ်ပြာရေစစ်ဆိုတာဘာလဲ

အဲဒီဆပ်ပြာရေစစ်ကို ဒီမှာ ရှင်ကုမာရကဿပမထေရ်ကြီးက မြတ်စွာဘုရားကိုမေးမလို့ 'ဘန္တေ၊ ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား။ စင်္ဂါဝါရော၊ ဆပ်ပြာရေစစ်ဆိုသည်ကား။ ကော နုခေါ၊ အဘယ်ပါနည်းအရှင်ဘုရား။ ဆပ်ပြာရေစစ်ဆိုတာက ဘာများပါလိမ့်မလဲမေးပြီ။ အထခေါ၊ ထိုအခါ။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်က။ ဗျာကရောတိ၊ ဖြေကြားတော်မူတယ်။ ဘိက္ခု၊ ချစ်သားရဟန်း။ စင်္ဂါဝါရောတိ ဇတံ အဓိဝစနံ၊ စင်္ဂါဝါရော၊ ဆပ်ပြာရေစစ် ဆပ်ပြာရေစစ်ဆိုသော ဤစကားသည်ကား။ ပဏ္ဍာနံ နီဝရဏာနံ၊ ငါးပါးသောနီဝရဏတို့၏။ အဓိဝစနံ၊ အမည်ပါပေတည်း။ ဆပ်ပြာရေစစ်ဆိုတာ နီဝရဏငါးပါးတဲ့ဟုတ်လား၊ (မှန်လှပါဘုရား) ပဏ္ဍာနံ

နိဝရဏာနံ၊ ကာမစ္ဆန္ဒနိဝရဏ ဗျာပါဒနိဝရဏ ထိနမိဒ္ဓနိဝရဏ ဥဒ္ဓစ္စကုက္ကုစ္စ နိဝရဏ ဝိစိကိစ္ဆာနိဝရဏလို့ဆိုရသော နိဝရဏတရားငါးမျိုးတို့ရဲ့။ အဓိဝစနံ၊ အမည်ပါပေတည်း။ ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုရားရှင်ကိုယ် တော်မြတ်သည်။ ဧကောဒသမံ၊ တစ်ဆယ့်တစ်ခုမြောက်ဖြစ်သော။ ပဠုံ၊ စင်္ဂဝါရ လို့ဆိုလာသော မေးခွန်းရဲ့အဖြေကို။ ဗျာကရော၊ ကရုဏာရှေ့ထား မေတ္တာအားဖြင့် ဖြေကြား တော်မူလိုက်ပါပေသတည်း။

သာဓု -သာဓု -သာဓု ပါဘုရား။

ဆပြာရေစစ်ဆိုတာ နိဝရဏတရား

နိဝရဏငါးပါးဆိုတာ ဆပ်ပြာရေစစ်ကိုခေါ်တယ်၊ နိဝရဏငါးပါးဆိုတာ၊

(ဆပ်ပြာရေစစ်ပါဘုရား)

နိဝရဏငါးပါးသည် ရေစစ်နဲ့တူတယ်၊ ရေစစ်ထဲမှာရေတစ်စက်မှ မကျန်ဘူး အသုံးမဝင်တာအကုန်ကျန်ရစ်တယ်၊ နိဝရဏရေစစ်ကြီးထဲကို ကုသိုလ်တွေ အကုသိုလ်တွေ အကုန်လောင်းထည့် ဘုန်းကြီးတို့ပရိသတ်များ စဉ်းစားလိုက်ပါ နိဝရဏငါးပါးကို ရေစစ်ခွက်ကြီးလိုသဘောထား ကုသိုလ်တွေ လောင်းထည့် အကုသိုလ်တွေလောင်းထည့် အဲဒီနိဝရဏရေစစ်ကြီးထဲမှာ ကုသိုလ်တရားတစ်ခုမှမကျန်ရစ်ဘူး အကုသိုလ်တွေအကုန် သိမ်းကျန်ရစ်တယ်၊ အသုံးမဝင်တာတွေ တင်မကျန်ရစ်ဘူးလား၊

(တင်ကျန်ရစ်ပါတယ်ဘုရား)။

ကာမစ္ဆန္ဒဖြစ်နေရင်တဲ့ ကုသိုလ်နဲ့ အကုသိုလ် ထိုနှစ်မျိုးကို ကာမစ္ဆန္ဒထဲကို လောင်းထည့်လိုက်စမ်းပါ ကာမစ္ဆန္ဒပေါ်ပေါက်နေတဲ့ ပုဂ္ဂိုလ်ရဲ့ ရေစစ်ထဲမှာ ကုသိုလ်တရားမတင်ပဲနဲ့၊ ကာမတဏှာ ကိလေသာကာမဆိုတဲ့အကုသိုလ် အညစ်အကြေးတွေတင်ကျန်ရစ်မယ်၊ ဟုတ်ရဲ့လား (မှန်လှပါဘုရား) အေး ဗျာပါဒတဲ့ ဒေါသဖြစ်နေတဲ့ပုဂ္ဂိုလ်ရဲ့စိတ်၊ ဒေါသဆိုသောဗျာပါဒနိဝရဏ ရေစစ်ကြီးထဲကို ကုသိုလ်နဲ့ အကုသိုလ် ဒိနှစ်မျိုးလောင်းထည့် ခံထားတဲ့ရေစစ်က ဒေါသဟုတ်လား၊ (မှန်လှပါဘုရား) အဲဒီဒေါသဆိုတဲ့ ဗျာပါဒနိဝရဏ ရေစစ်ထဲ

ကို ကုသိုလ်လောင်းတဲ့ အကုသိုလ်လောင်းထည့် ဘယ်ဥစ္စာကျန်မလဲ ၊

(အကုသိုလ်ကျန်ပါမယ်ဘုရား)

အကုသိုလ်တွေ ကျန်ရစ်မယ်တဲ့ အာယာတဝတ္ထုတွေ ဟိုတစ်နေ့က ဘုန်းကြီးတို့ ဖားပွကြီးတူးတုန်းက ကြုံပြောထားတယ် ဗျာပါဒနီ ဝရဏလေးကို ဟိုအာယာတဝတ္ထုဆိုတာတွေအကုန်တင်နေခဲ့တာ ကုသိုလ်တရားဘာမှ မတင်ဘူး ဒီလိုမဟုတ်လား၊ ကာမစ္ဆန္ဒ ဗျာပါဒ ထိနမိဒ္ဓ ဘာတဲ့တုန်း (ထိနမိဒ္ဓပါဘုရား) စိတ်တွေ စေတသိက်တွေ ရုပ်တွေထိုင်းပြီးတော့ ခပ်မှိုင်းမှိုင်းဖြစ်လာတဲ့အခါဟုတ်လား၊ စိတ်တွေ စေတသိက်တွေ ရုပ်တွေ ထိုင်း မှိုင်းမှိုင်းဖြစ်လာတဲ့အခါ ကုသိုလ်နဲ့ အကုသိုလ် ဒီနှစ်မျိုးလောင်း ဘယ်ဟာကျန်မတုန်း၊

(အကုသိုလ်ပဲကျန်ပါတယ်ဘုရား)

အထူးသဖြင့် မောဟအကုသိုလ် ထိုင်းမှိုင်းတဲ့အချိန် များများကြီးကျန်တယ်၊ အိပ်ချင်လိုက်တာဆိုကတည်းကိုက ကုသိုလ်စိတ်ကကုန်နေတယ်၊ မောဟဆိုတဲ့အကုသိုလ်ကချက်ချင်းဝင်လာတာမဟုတ်လား (မှန်လှပါဘုရား)။

ဒါကြောင့် ထိနမိဒ္ဓဆိုတဲ့ နီဝရဏဝင်ရင် အကုသိုလ်တွေပဲတင်တယ် ကုသိုလ်တွေကလွှင့်စင်သွားတယ် တရားအားထုတ်ရင်ဝိုက်, ဝိပဿနာဉာဏ်က ဘယ်ရောက်မှန်းမသိဘူး၊ အဲဒီထိနမိဒ္ဓထဲ ဘာပေါင်းလဲဆိုတော့ မောဟဝင်ပေါင်းတာ၊ မောဟော အဝိဇ္ဇာသူဝင်ပေါင်းတာ၊ အဝိဇ္ဇာဝင်ပေါင်းတော့ ဝိပဿနာဉာဏ်ဆိုတဲ့ဝိဇ္ဇာရှိသေးလား (မရှိတော့ပါဘုရား) မကောင်းတာတင်ကျန်ရစ်တယ် ကောင်းတာပျောက်သွားတယ်၊ ကောင်းတာကယိုကျသွားတာ စိမ့်ထွက်သွားတာဟုတ်လား (မှန်လှပါဘုရား) ဥဒ္ဓစ္စကုက္ကုစ္စ ဥဒ္ဓစ္စကပျံ့ပြီးတော့နေတာ၊ ကုက္ကုစ္စဟာပူနေတာ၊ စိတ်တွေပူလောင်ပြီးတော့ ပျံ့လွင့်နေတာလည်းပဲ ဒါနီဝရဏပဲ။ (မှန်လှပါဘုရား)။

နီဝရဏဆိုတာ ပိတ်ထားတာ၊ ဘာပိတ်ထားတုန်းလို့ ကုသိုလ်ကိုပိတ်ထားတယ်၊ အကုသိုလ်ကျတော့လက်ခံတယ်၊ ဟော ရေစစ်ဟာတဲ့ ဘုန်းကြီးတို့ ပရိသတ်များ ရေကြတော့ထွက်ချင်တိုင်းထွက်၊ အညစ်အကြေးကြတော့ အကုန်ခံထားတယ်၊ မဟုတ်လား (မှန်လှပါဘုရား) ဒီအတိုင်းပေါ့ဗျာ ဥဒ္ဓစ္စဖြစ်

မယ်စိတ်တွေက ပျံ့လွင့်လို့ ပြာပုံထဲရေတွေချသလို ကုက္ကစ္စဖြစ်နေမယ် လို့က် လို့က် လို့က်လို့က်နဲ့ အတွင်းနှလုံးသားထဲပူနေကြတယ်၊ အဲဒီ ဥဒ္ဓစ္စ,ကုက္ကစ္စဆို တာဝင်လာခဲ့ရင် ကုသိုလ်နဲ့အကုသိုလ် ဒီနှစ်မျိုးထည့်လိုက်ပြီဆိုတဲ့အခါကြ တော့ အကုသိုလ်တွေကျန်ရစ်လို့ ကုသိုလ်တွေကယိုစီးထွက်သွားတယ်၊ ကုသိုလ်မကျန်ဘူး၊ ရေစစ်ထဲ သဲတွေပဲကျန်ဆိုတာမျိုးပေါ့နော် (မှန်လှပါဘုရား) ဥဒ္ဓစ္စ, ကုက္ကစ္စ, ဝိစိကိစ္ဆာ၊ ဝိစိကိစ္ဆာ မဝေခွဲနိုင်အောင်ဖြစ်နေတဲ့ဝိစိကိစ္ဆာ နီဝရဏဝင်လာရင်ကြည့်အုံး၊ ဝိစိကိစ္ဆာနီဝရဏဝင်လာပြန်တဲ့အခါကြတော့လည်း ပဲ ဝိစိကိစ္ဆာ ဟုတ်လားမဟုတ်လား ဟုတ်လား, မဟုတ်လား အေးစဉ်းစားပြီး တော့တွေဝေနေတာနဲ့ကိုပဲ အဲဒီမှာဘာတွေဝင်လာတုန်းကြည့်ရအောင် မနေ့ ကပြောထားပါတယ်၊ ဝိစိကိစ္ဆာရဲ့မိတ်ဆွေက ဒိဋ္ဌိ၊ ဟုတ်လား (မှန်လှပါဘုရား) ဒိဋ္ဌိနဲ့ဝိစိကိစ္ဆာတွဲလိုက်နေကြတာကို ယုံမှားသံသယဖြစ်လာပြီဆိုကတည်းကိုက ကိုယ်ကအယူမှားမှုကကပ်လာတတ်တယ်၊

အမှားသုံးမျိုး

အယူမှားပြီးဆိုကတည်းကိုက အကျင့်မှားလည်းပဲကပ်လာတတ်တယ် အယူမှား၊ ယုံမှား၊ အကျင့်မှား၊ ဘယ်နှစ်မျိုး (သုံးမျိုးပါဘုရား) ဟိုတွေဝေ မှုလို့ဆိုတဲ့ မဝေခွဲနိုင်မှုလို့ဆိုသော ဝိစိကိစ္ဆာကနေစလိုက်တာ၊ အယောနိသော မနသိကာရကအားပေးလိုက်တော့ သွားရောတဲ့အယူမှားရော အကျင့်မှားရော အဲဒီမှာဝင်တာ (မှန်လှပါဘုရား) မိတ်ကောင်းမရသမျှ သူတော်ကောင်းတရား မနာရသမျှတော့ အဲဒီအမှားတွေမပယ်နိုင်ကြဘူးပေါ့၊ ဒါကြောင့် ဝိစိကိစ္ဆာ နီဝရဏရေစစ်ကြီး ခံ၊ ကုသိုလ်နဲ့ အကုသိုလ် ဒီနှစ်မျိုးရေတွေလောင်းပြီးတော့ ထည့်၊ ကုသိုလ်ဆိုတဲ့ရေကြည်တွေ အကုန်လုံးစိမ့်စီးသွားပြီးတော့ အကုသိုလ်ဆိုတဲ့ အညစ်အကြေးတွေက အဲဒီရေစစ်ထဲတင်ကျန်ရစ်တယ်၊ ရေစစ်ထဲ သဲတွေပဲကျန်ရစ်တယ် ဆိုတာမျိုးပေါ့။

ပဉ္စနှံ့ နီဝရဏာနံ၊ ငါးပါးကုန်သောနီဝရဏတရားတို့ရဲ့။ ကာမစ္ဆန္ဒ နီဝရဏ၊ ကာမဂုဏ်ကိုတောင့်တတဲ့စိတ်၊ ဗျာပါဒနီဝရဏ၊ စိတ်ဆိုးတယ်ဆိုတဲ့ ဒေါသ၊ ထိနမိဒ္ဓနီဝရဏ၊ အိပ်ခြင်တယ် ငိုက်မျဉ်းတယ် ထိုင်းမှိုင်းတယ်ဆိုတဲ့

နီဝရဏာ၊ ဥဒ္ဓစ္စကုက္ကုစ္စ၊ ပျံ့လွင့်တယ်ပူလောင်တယ်ဆိုတဲ့နီဝရဏာ၊ ဝိစိကိစ္ဆာ၊ မဝေခွဲနိုင်အောင် သံသယတွေဖြစ်နေတယ်ဆိုတဲ့ဝိစိကိစ္ဆာနီဝရဏာ၊ ပဉ္စန္နံ နီဝရဏာနံ၊ ငါးမျိုးသောနီဝရဏာတရားတို့ရဲ့။ အဓိဝစနံ၊ အမည်ပါပေတည်း။ ကွတိ၊ ဤသို့။ သတ္ထာ၊ နတ်လူတို့ဆရာဘုရားမြတ်စွာသည်။ ဧကာဒသမံ၊ တစ်ဆယ့်တစ်ခုမြောက်ဖြစ်သော။ ပဥ္စံ၊ မေးခွန်းကို။ ပဥ္စံ၊ ပြဿနာကို၊ ဗျာကရောတိ၊ ဆုတ်ဆိုင်းမရှိဟုတ်တိုင်းမှန်စွာ ဖြေကြားတော်မူခဲ့ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

နီဝရဏာငါးပါးကို ဆပ်ပြာရေစစ်လိုသဘောကျ တစ်ဆယ့်ခုမြောက် မေးခွန်းမှာဟုတ်လား၊ (မှန်လှပါဘုရား) ဒီတော့ ဘုန်းကြီးတို့ပရိသတ်အပေါင်း သူတော်ကောင်းတို့ ဤမေးခွန်းနှင့်အဖြေကို ဘုန်းကြီးတို့ပရိသတ်ရဲ့နှုတ်ထဲထည့်ဖို့ရန် နှုတ်ဆောင်စာပိုဒ် ဘုန်းကြီးတိုင်ပေးရမယ်။ ဤနှုတ်ဆောင်စာပိုဒ်မှာ ဘုန်းကြီးတို့စာပိုဒ်ကလေးတွေ ရေးစပ်တဲ့အခါကြတော့ ကာရန်ရှာလိုက်ရတာ တော်တော်ခက်တယ်။ ဘာပြုလို့လဲဆိုတော့ နီ, ဝ, ရ, ဏာ ဆိုက တည်းကိုက စကားလုံးက မများဘူးလား။ နီ, ဝ, ရ, ဏာ, လေးလုံးနေတယ်။ အဲဒီ လေးလုံးသောနီဝရဏာဆိုတဲ့ဥစ္စာကို ဘယ်နေရာက ထားရေးရရင် ကောင်းမလဲ နေရာရှာရတာ ဘုန်းကြီးတို့ပရိသတ် တော်တော်ခက်သားပဲ။ အစလေးလုံး အလယ်သုံး အဆုံးငါးခုနှစ်သာလို့သံပေါက်စပ်တာနော်။

အစလေးလုံး အလယ်သုံး အဆုံးကငါးလုံးလည်း နေနိုင်တယ် ခုနှစ်လုံးလည်းနေနိုင်တယ်။ ဒီလိုကိုး အစလေးလုံး အလယ်သုံး အဆုံးငါး, ခုနှစ်သာဆိုတဲ့နည်းနှင့်သာ သံပေါက်စပ်အုံး အို . . . စပ်ရခက် ဆိုလို့လည်းတယ် မချောဘူး၊ နီဝရဏာ၊ နီဝရဏာဆိုတော့ ဒကာ ဒကာမတွေရဲ့နှုတ်ထဲ အဲဒီဥစ္စာကျိုးဖို့ရာ မလွယ်လှဘူး။ ဒီတော့နှုတ်ထဲ ဘုန်းကြီးတို့ပရိသတ် ရခြင်လည်းရရော၊ နှုတ်ထဲမရလည်း ကက်ဆက်ထဲရရော့ပေါ့ ဟုတ်လား၊ (မှန်ပါဘုရား) ဟောဒီမှာ အဆုံးငါး, ခုနှစ်သာ ဆိုတော့ အဆုံးဘယ်နှစ်လုံးထည့်ရမလဲဆိုတာ ဘုန်းကြီးတို့ပရိသတ် အစဘယ်နှစ်လုံးထည့်ရမလဲ၊ အလယ်ဘယ်နှစ်လုံး အဆုံးဘယ်နှစ်လုံးထည့်ရမလဲဆိုတဲ့အကြောင်းကို စာဆိုပြီးရင် ဘုန်းကြီးတို့ပရိသတ်က ဝေဖန်ပေးပါ။ လိုက်ဆို -

ရေစစ်ဟူငြား၊ နီဝရထား၊ မှတ်သားဆယ့်တစ်ပါး။ (၃ ခေါက်ဆို)

အစလေးလုံးကိုက်ရဲ့လား ရေ,စစ်,ဟူ,ငြား ရေစစ်ဟူငြား ဟုတ်လား။ (မှန်လှပါဘုရား) အလယ်သုံးကိုက်ရဲ့လား နီ. ဝ ရ ထား၊ အစလေးလုံး၊ အလယ်သုံး၊ နီဝရထား၊ အဆုံးငါးခုနှစ်သာ၊ အဆုံးဘယ်နှစ်လုံးလဲ ငါးလုံး ဟုတ်လား၊ ဒီတော့ ဘယ်လိုဖြစ်သွားလဲ နီဝရဏာက (ဏာ)ကြီးကိုပြုတ်မကျန်ဘူးလား၊ နီဝရဏာထားလို့ (ဏာ)ကြီးတစ်လုံးထပ်တိုးလိုက်ရင် နီရယ် ဝရယ် ရရယ် ဏာရယ် ထားရယ် အလယ်ငါးလုံးကြီးဖြစ်မနေဘူးလား၊ အဲဒီတော့ ကာရန်လည်းမကိုက်ဘူး၊ ဆိုရတာကလည်း မချောဘူး၊ ပါဠိတော်ကို ဘုန်းကြီးတို့ ပရိသတ်အပြည့်အစုံပါတယ်မဟုတ်လား၊ ကြိုက်ရင်လည်း အဲဒီလိုဆိုရမယ်၊ ရေစစ်ဟူငြား၊ နီဝရဏာထား၊ မှတ်သားဆယ့်တစ်ပါ။ ဒီလိုဆိုလိုက်လည်း ရတယ်မဟုတ်လား။ (မှန်လှပါဘုရား)။ ဆိုအုံးပေါ့-

ရေစစ်ဟူငြား၊ နီဝရဏာထား၊ မှတ်သားဆယ့်တစ်ပါ။

ရေစစ် ဆပ်ပြာရေစစ်ဆိုတာ နီဝရဏာတရားငါးပါး၊ အဲဒါ ဆယ့်တစ်ခုမြောက်မေးခွန်းရဲ့အဖြေလို့ ဂဏန်းအစီအစဉ်တည့်အောင် နောက်နားက တစ်ဆယ် ဆယ့်တစ် ဆယ့်နှစ်ကလည်း သေချာထည့်ထားတယ်၊ အဲဒါကျော်ဆိုရင်တော့မရဘူးဟုတ်လား၊ (မှန်လှပါဘုရား)။ တစ်ကနေစ အကုန်လုံးစာပိုဒ်တွေစဉ်ပြီးတော့ စစ်လိုက်လို့ရှိရင် ဂဏန်းနှင့် သူ့ဟာသူတန်းပြီးသားကျော်လို့မရဘူး။ ဘုန်းကြီးတို့ ဝမ်မိကသုတ်ကြီးဆုံးတဲ့အခါကြတော့ ဒီသံပေါက်ဆယ့်ငါးပါးကို အခြားအခြား ကြားကြားကသံပေါက်ကလေးများနှင့်စုဆည်းပြီးတော့ စာရွက်ကလေးရိုက်လိုက်ရင် အားလုံးစုပြီးသားဖြစ်သွားမယ်နော်။ ကောင်းပြီထိုနီဝရဏာတရားငါးပါးဆိုတဲ့ရေစစ်ကြီးကို ဘုန်းကြီးတို့ပရိသတ် ဒီအတိုင်းထားလို့ဘယ်ဖြစ်ပါ့မလဲ၊ တောင်ဘို့ကြီးတူးတာ ရေစစ်တွေ့တယ်ဘုရား၊ အဲဒီရေစစ်ဆိုတာ နီဝရဏာငါးပါး၊ ကောင်းပြီ ရေစစ်ဘယ်နှယ့်လုပ်မလဲဆိုတော့။

နီဝရဏာပယ်ဖို့ရန်အင်္ဂါလေးပါး

ဥက္ခိပ စင်္ဂါရဲ့ မိန့်တယ်၊ ဥက္ခိပ စင်္ဂါရဲ့။ စင်္ဂါရဲ့၊ ဆပ်ပြာရေစစ်ကို။ ဥက္ခိပ၊ ပယ်ပစ်ပါ။ ဆပ်ပြာရေစစ်ကို ပယ်နှုတ်ပစ် ဆိုလိုတာကတော့- နီဝရ

ကာနိ၊ ငါးမျိုးသောနိဝရဏတရားတို့ကို။ ပဇဟ၊ ပယ်ရမယ်။ နိဝရဏတရား ငါးပါးကိုပယ်ရမယ်။ ရေစစ်ကြီးပယ်ပစ်ဆိုတာက နိဝရဏငါးပါးကိုပယ် ပစ်ရမယ်လို့ပြောတာ။ နိဝရဏငါးပါးကိုပယ်မယ်ဆိုရင် ဘာနဲ့ပယ်မတုန်း၊ ပယ်ဖို့ရာမလိုဘူးလား၊

(လိုပါတယ်ဘုရား)။

အဲဒီနိဝရဏငါးပါးပယ်ဖို့ရန်နည်းလမ်းကိုမပြောပဲနဲ့ ရေစစ်ဆိုတာ နိဝရဏပဲလို့ မာတိကာ ဒီခေါင်းစဉ်လောက်လေးပြောပြီးတော့ ရှေ့ဆက်သွားရင် ဘုန်းကြီးတို့ဝမ်မိကသုတ်ကုန်တာကြာလှပြီ ဟုတ်လား၊ (မှန်လှပါဘုရား)။ အဲဒီတော့ မကုန်ခြင်သေးဘူးဗျာဆိုအုံး-

သီလလုံစေ၊ ဣန္ဒြေထိန်း၊ မယိမ်းသတိ၊ ပညာရှိ၊ သန္တုဋ္ဌိနှင့်ပေါင်း။

အဲဒါပြီးတော့ဆိုခိုင်းရင်ပုဒ္ဓန်ခြေကျိုးမလုပ်နဲ့ဟုတ်လား၊ (မှန်လှပါဘုရား)။ သီလလုံစေ, ဣန္ဒြေထိန်း, မယိမ်းသတိ, ပညာရှိ, သန္တုဋ္ဌိနှင့်ပေါင်း။ အချက်အလက်ပေါင်း ဘယ်လောက်ပါတယ်ဆိုတာမှတ်ဆို။ သီလလုံစေ, ဣန္ဒြေထိန်း၊ မယိမ်းသတိ၊ ပညာရှိ၊ သန္တုဋ္ဌိနှင့်ပေါင်း။ ရပါ့မလား ရပါ့မလား စာပိုဒ်ငါးပိုဒ်ဖြစ်နေတယ်နော် တရားကိုယ်ကလေးခု။

၁။ သီလရှိရမယ် သီလပြည့်စုံရမယ်။

၂။ ဣန္ဒြေငါးပါး ထိန်းရမယ်။

၃။ မယိမ်းသတိ ပညာရှိ အဲဒီနှစ်ခုက တစ်လုံးတည်းယူရမယ်။ သတိနှင့်ပညာ ဒီလိုမဟုတ်လား။ အဲဒါကို ဘုန်းကြီးတို့ ပါဠိတော်က သတိသမ္ပဇဉ်လို့ခေါ်တယ်။ သမ္ပဇဉ်ကိုပညာ၊ ပညာကိုသမ္ပဇဉ် အတူတူယူပါ။ သတိသမ္ပဇဉ်ဟုတ်လား(မှန်လှပါဘုရား)။ နောက်ပြီးတော့မှ သန္တုဋ္ဌိ ဘယ်နှစ်မျိုး (လေးမျိုးပါဘုရား)။ သီလနှင့်ပြည့်စုံရမယ်။ ဣန္ဒြေငါးပါးကိုထိန်းရမယ်။ သတိသမ္ပဇဉ်နှင့် ပြည့်စုံရမယ်။ သန္တုဋ္ဌိနှင့် ပြည့်စုံရမယ်။ လေးချက်မို့လား၊ အဲဒီအင်္ဂါလေးချက်နှင့်ပြည့်စုံတဲ့ပုဂ္ဂိုလ်သည် နိဝရဏငါးပါးကို ပယ်ရှားနိုင်တယ်တဲ့ဗျာ။ ဒါပြောထားတာ (မှန်လှပါဘုရား)။ ဤလေးချက်မပြည့်စုံရင်နိဝရဏငါးပါးကိုပယ်ဖို့ရာမလွယ်ဘူးဗျာ။ သီလလုံစေ၊ ဣန္ဒြေထိန်း၊ မယိမ်းသတိ၊ ပညာရှိ၊ သန္တုဋ္ဌိနှင့်

ပေါင်း။ ဘုန်းကြီးတို့ပရိသတ် သီလလုံစေ၊ ဣန္ဒြေထိန်း၊ မယိမ်းသတိ၊ ပညာရှိ, သန္တုဋ္ဌနှင့်ပေါင်း။ ဘုန်းကြီးတို့ပရိသတ်လုပ်ပါအုံး-

သီလလုံစေ၊ ဣန္ဒြေထိန်း၊ မယိမ်းသတိ၊ ပညာရှိ၊ သန္တုဋ္ဌနှင့်ပေါင်း။

နိဝရဏငါးပါးကိုပယ်ဖို့ရန်အဂီါဘယ်နှစ်ပါး (လေးပါးပါဘုရား)။

၁။ သီလနှင့် ပြည့်စုံရမယ်။

၂။ ဣန္ဒြေငါးပါးကိုထိန်းနိုင်ရမယ်။

၃။ သတိသမ္ပဇဉ်နှင့် ပြည့်စုံရမယ်။

၄။ သန္တုဋ္ဌနှင့်ပြည့်စုံရမယ်။

ဘယ်နှစ်ချက်လဲ (လေးချက်ပါဘုရား)။ အဲဒီလေးချက်သောအဂီါနှင့်ပြည့်စုံရင် နိဝရဏငါးပါးဆိုတာ ကွာသွားတယ် ဟုတ်လား။ ဆိုလိုက်ပါ--

အဂီါလေးဝ၊ ပြည့်စုံက၊ နိဝရဏကင်းစင်ကြ။ (၃-ခေါက်)

အေး ခုနက သန္တုဋ္ဌနှင့်ပေါင်းဆိုတော့ ဒီကနိဝရဏကင်းစင်ကြောင်း ဟုတ်လား။ အဂီါဘယ်နှစ်ပါးတုန်း (လေးပါဘုရား)

တစ်ကဘာအဂီါ (သီလပါဘုရား)။

နှစ်က (ဣန္ဒြေပါဘုရား)။ ဣန္ဒြေငါးပါးထိန်း။

သုံးက (သတိပညာ ပါဘုရား)။ အေး သတိပညာ သတိသမ္ပဇဉ်။

လေးက (သန္တုဋ္ဌပါဘုရား)။ သန္တုဋ္ဌ တဲ့ဟုတ်လား။

သန္တုဋ္ဌ ဆိုတာဘာလဲ

များများမစဉ်းစားနဲ့ သန္တုဋ္ဌတစ်လုံးကိုလေးလေးနက်နက်စဉ်းစားပါ မရောင့်ရဲမတင်းတိမ်နိုင်ကြဘူးဆိုရင် နိဝရဏဘယ်လောက်နှိပ်စက်ဆိုတာ စမ်းကြည့်ပေါ့။ ရှိတာလေးနဲ့မရောင့်ရဲဘူး၊ ရတာလေးနဲ့မရောင့်ရဲဘူး။ ကိုယ်ပိုင်တာလေးနဲ့မရောင့်ရဲဘူး၊ ဘယ်နှစ်မျိုးလဲ (သုံးမျိုးပါဘုရား)။ ရှိတာလေးနှင့် မရောင့်ရဲဘူး၊ ရတာလေးနှင့်မရောင့်ရဲဘူး၊ ကိုယ်ပိုင်သမျှနှင့်မရောင့်ရဲဘူး ဟုတ်လား။ ရောင့်ရဲခြင်းဆိုတဲ့ သန္တုဋ္ဌဟာ သံ-ထင်ရှားရှိသော အရာဝတ္ထုနှင့် တုဋ္ဌ -ရောင့်ရဲရမယ်။ သံ -ကိုယ်ပိုင်သောအရာဝတ္ထုကို၊ တုဋ္ဌ-ရောင့်ရဲရမယ်။

သံ က ထင်ရှားရှိတယ်, ကိုယ်ပိုင်တယ် ဒီလိုရတာကိုး။ နောက် ကိုယ်ပိုင်သမျှ နဲ့ရောင့်ရဲပါ၊ ကိုယ်ပိုင်သမျှနဲ့ရောင့်ရဲပါဟုတ်လား၊ ကိုယ်ရသမျှနဲ့ ရောင့်ရဲပါ။ ကိုယ်ရှိသမျှနဲ့ရောင့်ရဲပါ။ ရောင့်ရဲဆိုတာဘယ်နှစ်ချက် (သုံးချက်ပါဘုရား)။

၁။ ပိုင်သလောက်နဲ့ရောင့်ရဲကြပါ၊

၂။ ရသလောက်နဲ့ရောင့်ရဲကြပါ၊

၃။ ရှိသလောက်နဲ့ ရောင့်ရဲကြပါ။

တစ်ခါတစ်ခါ ရတာတော့အများကြီးရတယ်။ ရထားတဲ့ဥစ္စာတွေ အကုန်လုံးကိုယ်လက်ထဲရှိခြင်မှရှိမှာ။ ကိုယ်ရပေမယ့် တစ်ခြားလက်ထဲလဲ ရောက်နေတာတွေ ရှိကောင်းရှိမှာကိုးဟုတ်လား၊ ငါရှာလို့ရတာက တစ်ရာ, ငါပိုင်တာကတစ်ရာ။ ဒါပေမယ့် ငှါလက်ထဲငါးဆယ်ပဲရှိတယ်။ ငါးဆယ်ကငှါလက်ထဲမရောက်သေးဘူးဟ။ ဘယ်သူ့ဆီမှာကျန်နေတာ အဲဒါ စဉ်းစားပြီးတော့ဝင်ပြီ နိဝရဏာ။ မရနိုင်မကျေနပ်ဘူး၊ ဗျာပါဒဟုတ်လား။ ရခြင်လိုက်တာကာမစ္ဆန္ဒ၊ ဘယ်နှစ်မျိုးလဲ (နှစ်မျိုးပါဘုရား)။ မရနိုင်လို့မကျေနပ်တော့ ဗျာပါဒနော်။ ရခြင်လိုက်တာလို့ကြံစည်နေရတာက ကာမစ္ဆန္ဒ။ အေး ရှိတာလေးနဲ့ မကျေနပ်ဘူး။ ငါပိုင်သလောက်နှင့်မှကျေနပ်မယ်ဆိုတော့ ပိုင်ဆိုင်ခြင်တာက ဘယ်လောက်တောင်ပိုင်ခြင်တာတုန်း နည်းတာမှမဟုတ်ပဲ။

ယခုနက ဥပမာသာကိုင်ထားလိုက်ပါ၊ ငါတစ်နေ့ရှာတစ်ရာရ။ ဒါပေမယ့် ငှါလက်ထဲငါးဆယ်ပဲရောက်တယ်။ ငါးဆယ်က သူ့လက်ထဲကျန်ရစ်သေးတယ်။ အဲဒီငါးဆယ် ဘယ်လိုမျှားရပ့ါမလဲ ကာမစ္ဆန္ဒနိဝရဏာ။ ပေးရင်ပေးမပေးရင်မကျေနပ်ဘူး ဗျာပါဒ၊ ဟုတ်ဘူးလား။ အဲဒီ နိဝရဏာဝင်လာပြီဆိုတော့ ကုသိုလ်တရားတွေကျန်သေးလား (မကျန်တော့ပါဘုရား)။ လောဘနှင့်ဒေါသတို့ အညစ်အကြေးပဲတင်ပြီးတော့ကျန်ရစ်တယ်။

အဲဒါကြောင့် သူက ရေစစ်ကြီးနော်။ သန္ဓိဋ္ဌိတစ်လုံးနှင့် နိဝရဏာများများကြီးဝင်ပုံ။ နိဝရဏာကို ပယ်ပုံသဘောကြလား (မှန်လှပါဘုရား)။ သန္ဓိဋ္ဌိမဖြစ်ရင် နိဝရဏာတွေအများကြီးဝင်တယ်။ သန္ဓိဋ္ဌိဖြစ် ပိုင်သလောက်နဲ့ကျေနပ်၊ ရှိသလောက်နဲ့ကျေနပ်၊ ရသလောက်နဲ့ကျေနပ်၊ အဲလိုကျေနပ်နေတဲ့ပုဂ္ဂိုလ်မှာ တောင့်တတာလည်းမရှိဘူး၊ ကြောင့်ကြတာလည်းမရှိဘူး။ တောင့်တခြင်း

ကြောင့်ကြခြင်းကင်းပြီဆိုကတည်းက သူ့မှာ နိဝရဏဖြစ်အံ့မှာလား၊ (မဖြစ်ပါဘုရား)။ အေး နိဝရဏတွေငြိမ်းလို့ချမ်းသာရတယ်။ ဒါကြောင့် နိဝရဏကင်းခြင်းရဲ့အကြောင်းမှာ သန္တုဋ္ဌိကိုထည့်ထားတာ ဒီသဘောကြောင့်ထည့်တာနော်။

ကုက္ကုစ္စဆိုတာဘာလဲ

သီလနှင့်မပြည့်စုံရင် ကုက္ကုစ္စဝင်တယ်လို့ဆိုကတည်းကိုက ဘုန်းကြီးတို့ပရိသတ်များ ကုက္ကုစ္စဆိုတာ၊

ပစ္ဆာနုတာပလက္ခဏံ ကုက္ကုစ္စံ။ ကုက္ကုစ္စံ၊ ကုက္ကုစ္စဆိုသည်ကား။ ပစ္ဆာနုတာပလက္ခဏံ၊ နောက်ကြောင်းပြန်စဉ်းစားပြီးတော့ပူပန်ခြင်းသဘောရှိနေတာ ကုက္ကုစ္စ။

ကတာကတနုသောစန ရသံ၊ လုပ်ခဲ့မိတဲ့မကောင်းမှုပြန်စဉ်းစားမလုပ်လိုက်ရတဲ့ကောင်းမှုတွေ ပြန်စဉ်းစား ဘယ်နှစ်မျိုးလဲ၊

(နှစ်မျိုးပါဘုရား)။

နောက်ကြောင်းပြန်စဉ်းစားတော့ လုပ်ခဲ့မိတဲ့မကောင်းမှုတွေ၊ မလုပ်လိုက်ရတဲ့ကောင်းမှုတွေ၊ ဘယ်နှစ်မျိုးစဉ်းစားမိတုန်း (နှစ်မျိုးပါဘုရား)။ ဒီနှစ်မျိုးစဉ်းစားလိုက်တယ်၊ လုပ်မိတဲ့မကောင်းမှုတွေ စဉ်းစားပြီးတော့ စိတ်ထဲပူလာလိမ့်မယ်။ မလုပ်လိုက်ရတဲ့ကောင်းမှုတွေစဉ်းစားပြီးတော့လည်း လက်လွတ်ကုန်ပြီဆိုပြီးတော့ပူလာမယ်မို့လား၊ (မှန်လှပါဘုရား)။ အဲဒီပူပန်မှုနှစ်မျိုးကို ကုက္ကုစ္စခေါ်တာ။ ဒီအပူဝင်ပြီဆိုရင်စိတ်ငြိမ်အုံးမလား၊

(မငြိမ်တော့ပါဘုရား)။

ဥဒ္ဓစ္စခေါ်တာ။ ဥဒ္ဓစ္စနှင့်ကုက္ကုစ္စ မကောင်းတာပြန်စဉ်းစားမိ လက်လွတ်တဲ့ကောင်းမှုတွေပြန်စဉ်းစားပြီးတော့ စိတ်ထဲပူလာတာကုက္ကုစ္စ။ ဆက်လက်ပြီးတော့စိတ်တွေလွင့်နေတာက ဥဒ္ဓစ္စ ဟုတ်လား၊

ကတာကတနုသောစနရသံ။ လုပ်ခဲ့မိတဲ့ မကောင်းမှုရယ်၊ မလုပ်လိုက်

၁။ အဘိ၊ ဋ္ဌ၊ ၁။ ၂၉၉

ရတဲ့ကောင်းမှုရယ်၊ ဒီနှစ်ခုပြန်ပြောင်းစဉ်းစားပြီးတော့ ပူပန်ရခြင်းလက္ခဏာရှိ၏။

ဝိပွဋိသာရပစ္စုပဋ္ဌာနံ၊ စိတ်နှလုံးမသက်သာတဲ့အမူအရာ မျက်နှာမှာထင်ရှားနေတယ်ဟုတ်လား။

ကတာကတ ပဒဋ္ဌာနာနံ၊ လုပ်မိတဲ့မကောင်းမှု၊ မလုပ်မိတဲ့ကောင်းမှုဒီနှစ်ခုကြောင့် ကုက္ကုစ္စ ဖြစ်တယ်။ ကုက္ကုစ္စနိဝရဏရဲ့အကြောင်း။ ဒီတော့ရင် သီလပြည့်စုံနေလို့ရှိရင် ဘာစဉ်းစားပြီးတော့ ဘာပူစရာလိုတုန်း။ ဘာမှပူစရာမလိုတဲ့အတွက်ကြောင့် ကုက္ကုစ္စနိဝရဏသည် သီလနှင့်ပြည့်စုံသူ များအတွက် မဖြစ်ပါဘူး။ သီလချွတ်ယွင်းခဲ့ရင်တော့ ကုက္ကုစ္စ နိဝရဏလာမယ်။

ဒါကြောင့် သီလပြည့်စုံသူတို့ကိုရှေ့ကထားလိုက်တယ်။ အဲဒီ နောက်နားကပါတဲ့ ကွန်ဒြေထိန်းဟုတ်တယ်မို့လား၊ သီလလုံစေ, ကွန်ဒြေထိန်း, ဒီလိုလာတယ်။ ကွန်ဒြေကိုထိန်းဆိုတာက မျက်လုံးထိန်း၊ နားထိန်း၊ နှာခေါင်း, ပါးစပ်ကိုယ်ကွန်ဒြေငါးပါး မနထိန်းရင်ခြောက်ပါး၊ အဲဒီခြောက်ပါးထားစမ်းပါအုံး၊ မျက်လုံး, နားထိန်းနိုင်ရင်ကိုပဲသက်သာလှပါပြီ။ မြင်ရာမြင်ရာ ကြားရာကြားရာမှာ သတိပညာ ခုနကတရားနှစ်လုံး သတိ သမ္ပဇဉ်ဟုတ်လား (မှန်လှပါဘုရား)။ မယွင်းသတိ, ပညာရှိဆိုတာက မြင်ထဲ ကြားထဲမှာ သတိ ပညာကပ်ထားလိုက်လို့ရှိရင် နိဝရဏာမလာဘူး (မလာပါဘုရား)။

စက္ခုနာ ရူပံ ဒိသွာ၊ မျက်လုံးနှင့်အဆင်းကိုမြင်ခဲ့ရင်။ န နိမိတ္တဂ္ဂါဟီ၊ နိမိတ်ကိုမယူရဘူး၊ နာနုဗျဉ္ဇနဂ္ဂါဟီ၊ အနုဗျဉ္ဇနကို မယူရဘူးနှစ်မျိုး။ အဆင်းကို မျက်လုံးနဲ့မြင်ရင် နိမိတ်မယူရဘူး၊ အနုဗျဉ္ဇန မယူရဘူး။ ဘယ်နှစ်မျိုးလဲ (နှစ်မျိုးပါဘုရား)။ ယောက်ျား မိန်းမဆိုတဲ့ပုံပန်းသဏ္ဌာန်နိမိတ်ကိုမယူလိုက်နှင့် မည်သည့်ယောက်ျား မည်သည့်အမျိုးသမီးဆိုတဲ့ပုံပန်းသဏ္ဌာန် အမှတ်နိမိတ် ယူမိပြန်တော့လည်း အနုဗျဉ္ဇန၊ လက်ဟန် ခြေဟန် ကိုယ်ဟန် ပြုံးဟန်ရယ်ဟန်ဆိုတဲ့အနုဗျဉ္ဇန အသေးစိတ်တွေကိုရှောက်ပြီးတော့မရှုနှင့်။ အသေးစိတ်ရှောက်ရှုတာကအနုဗျဉ္ဇန။ ယောက်ျား မိန်းမစသည့် ပုံပန်းသဏ္ဌာန်လုံးပြီး

၁။ အဘိ၊ ၄၊ ၁။ ၂၉၉

တော့မှရှုလိုက်တာက နိမိတ္တဂ္ဂါဟ၊ နိမိတ္တဂ္ဂါဟလဲမဖြစ်ဘူး၊ အနုဗျဉ္ဇနဂ္ဂါဟလဲမဖြစ်ဘူးဆိုလို့ရှိရင် ဒီပုဂ္ဂိုလ်နိဝရဏာ မဝင်ဘူးပေါ့၊ နိမိတ္တဂ္ဂါဟ ယောက်ျားမိန်းမစသည်ပုံ ဟောဒီနိမိတ်ယူလိုက်မယ်ဒီလောက်နှင့်ရပ်မနေဘူး။ အနုဗျဉ္ဇနဂ္ဂါဟ အသေးစိတ် ဆံပင်မွေးညှင်း မျက်လုံး ကိုယ်အနေအထားစသည် အသေးစိတ်ရှောက်ပြီးတော့ မျက်လုံးလက်ရုံးစသည်ရှုလိုက်တော့ ဘာဖြစ်လဲ အနုဗျဉ္ဇနဂ္ဂါဟ။ အဲဒီ လဲကြရော ကာမစ္ဆန္ဒတို့ဗျာပါဒတို့အကုန်လာတော့တာ။

စက္ခုနာ ရူပံ ဒိဿာ န နိမိတ္တဂ္ဂါဟီ ဟောတိ နာနုဗျဉ္ဇနဂ္ဂါဟီ။

စက္ခုနာ၊ မျက်လုံးဖြင့်၊ ရူပံ၊ ရူပါရုံကို။ ဒိဿာ၊ မြင်ရသည်ရှိသော်။ နနိမိတ္တဂ္ဂါဟီ၊ နိမိတ္တကိုမယူရဘူးတဲ့။ နာနုဗျဉ္ဇနဂ္ဂါဟီ၊ အနုဗျဉ္ဇနအသေးစိတ်ကိုမယူရပါဘူးတဲ့၊ ဒီလိုမှာထားတာ (မှန်လှပါဘုရား)။ အဲဒါ ပြောင်းပြန်လုပ်ကြည့်ပေါ့။ စက္ခုနာ၊ မျက်လုံး ဖြင့်။ ရူပံ၊ ရူပါရုံကို။ ဒိဿာ၊ မြင်လိုက်သည်ရှိသော်။ နိမိတ္တဂ္ဂါဟီ၊ နိမိတ်ကိုယူမိသည်ရှိသော် အာရုံလှ မလှစသည်ကိုယူလိုက်ပြီ။ အနုဗျဉ္ဇနဂ္ဂါဟီ၊ ဘယ်နည်း ဘယ်ပုံလှတယ် ဘယ်နည်း ဘယ်ပုံအရုပ်ဆိုးတယ်ဆိုတဲ့ အနုဗျဉ္ဇနကိုရှုလိုက်ပြီဆိုရင်ဟုတ်လား။

ယတ္ထာ မိကရဏံ၊ ယတောအဓိကရဏံ၊

အကြင်စက္ခုဣန္ဒြေကို မစောင့်ရှောက်နိုင်ခြင်းဆိုသောအကြောင်းကြောင့်။ စက္ခုန္ဒြိယံ၊ စက္ခုန္ဒြေကို။ အသံဝုတံ၊ မစောင့်စည်းပဲ။ ဝိဟရန္တံ၊ နေသော။ နေံဘိက္ခံ၊ ထိုသံသရာဘေးရှုလေ့ရှိသောယောဂီပုဂ္ဂိုလ်ကို။ အဘိဇ္ဈာဒေါမနဿာ၊ ရုပ်အဆင်းရှုပါရုံကိုပြင်းစွာလိုလားသည့်အဘိဇ္ဈာတရား၊ မရနိုင်ခြင်းကြောင့် ပင်ပန်းသည့်ဒေါမနဿတရားတို့သည်။ ပါပကာ၊ ယုတ်မာကုန်သော၊ အကုသလာ၊ အကုသိုလ်ဖြစ်ကုန်သော။ အဘိဇ္ဈာဒေါမနဿာ၊ အဘိဇ္ဈာနှင့်ဒေါမနဿတရားနှစ်ပါးတို့သည်။ အန္ဝာသဝေယျံ၊ အနုအာသဝေယျံ၊ အစဉ်တစိုက်လိုက်ကာလိုက်ကာနှိပ်စက်ကြလေကုန်ရာ၏။

နိမိတ္တဂ္ဂါဟ အနုဗျဉ္ဇနဂ္ဂါဟယူဆိုတာက သတိပညာမကပ်လို့နော်။ သတိ ပညာနှင့် မျက်လုံးစောင့်မထားတဲ့အတွက်ကြောင့် နိမိတ်နှင့်အနုဗျဉ္ဇနဂ္ဂါဟယူလိုက်မိပြီလို့လဲဆိုလိုက်ရော လိုက်လာတာက အဘိဇ္ဈာနှင့်ဒေါမနဿ

ခုနကဂါဟနှစ်ပါရဲ့နောက်မှာအဘိဇ္ဈာရယ် ဒေါမနဿရယ်၊အဘိဇ္ဈာက ပြင်းစွာတောင့်တတယ်၊ ဒေါမနဿက မရမနေပင်ပန်းနေတယ်၊ ဘယ်နှစ်မျိုး (နှစ်မျိုးပါဘုရား)။ စက္ခုန္ဒြိယံ အသံဝုတံ၊ စက္ခုန္ဒြေကိုမစောင့်စည်းပဲ။ ဝိဟရန္တံ၊ နေသော။ ဧတံဘိက္ခဝေ၊ ထိုအမျိုးသား အမျိုးသမီးကို။ အဘိဇ္ဈာဒေါမနဿာ ပါပကာအကုသလာဓမ္မာ အန္ဝာသဝေယျုံ၊ ယုတ်မာသောအကုသိုလ်လို့ဆိုရတဲ့အဘိဇ္ဈာ၊ သူကကာမစ္ဆန္ဒနီဝရဏထဲသွားတယ်။ ဒေါမနဿဆိုတာက ဗျာပါဒနီဝရဏကိုသွားပါတယ်။ အန္ဝာသဝေယျုံ၊ အနုအာသဝေယျုံ၊ အစဉ် တစိုက်လိုက်ကာ လိုက်ကာနှိပ်စက်ကြလေကုန်ရာ၏။ နီဝရဏဝင်ပုံက ဒီလို ဝင်တာ။

ရူပံ ဒိသွာ သတိ မုဋ္ဌာ၊ ပိယံ နိမိတ္တံ မနသိ ကရောတော။
သာရတ္တစိတ္တော ဝေဒေတိ၊ တဉ္စ အဇ္ဈောသ တိဋ္ဌတိ။

တဿ ဝမ္ဟုန္တိ ဝေဒနာ၊ အနေကာ ရူပသမ္ဘဝါ။
အဘိဇ္ဈာ စ ဝိဟေသာ စ၊ စိတ္တမဿူပဟညတိ။
ဧဝံ အာစိနတော ဒုက္ခံ၊ အာရာ နိဗ္ဗာန ဝုစ္စတိ။ [၁]

ရူပံ ဒိသွာ၊ ရူပါရုံကိုမြင်သည်ဖြစ်၍ (ဝါ)မြင်လိုက်သောအခါ။ သတိမုဋ္ဌာ၊ သတိလွတ်သည်ဖြစ်သောကြောင့်။ ရူပါရုံမြင် သတိလွတ်တဲ့အတွက်ကြောင့် ဘာလွတ်သွားလဲ (သတိလွတ်တာပါဘုရား)။ မယိမ်းသတိ, ပညာရှိပြောထားတယ် အဆင်းကိုမြင် သတိလွတ်သည့်အတွက်ကြောင့်၊ ရူပံ ဒိသွာ သတိမုဋ္ဌာ၊ ရူပါရုံမြင်တဲ့အခါ သတိလွတ်သည်ဖြစ်သောကြောင့်။ ရူပံ ဒိသွာ သတိမုဋ္ဌာ ပိယနိမိတ္တံ မနသိ ကရောတိ၊ သတိလွတ်ရင် ပိယနိမိတ်ကို နှလုံးသွင်းတယ် ဘာနိမိတ်၊

(ပိယနိမိတ်ပါဘုရား)။

ပိယ၊ ကြိုက်စရာချစ်စရာ နှစ်သက်စရာဆိုသောအမှတ်ကိုယူလိုက်တာ။ ရူပါရုံကိုမြင်သောအခါ သတိလွတ်ရင် ပိယနိမိတ် ချစ်ခင်ဖွယ်ကောင်းတဲ့အာရုံကို သူသည်နှလုံးသွင်းပြီးတော့ယူခဲ့၏။ သတိလွတ်လို့ ဘာဖြစ်လို့။ ပိယနိမိတ္တံ မနသိကရောတော၊ ပိယနိမိတ်ကို နှလုံးသွင်းမိတဲ့ပုဂ္ဂိုလ်များအတွက်

၁။ သံ၊ ၂။ ၂၉၆

ပိယနိမိတ္တံ မနသိကရောတော သာရတ္တစိတ္တော ဝေဒေတိ၊ သာရတ္တစိတ္တော ရူပါရုံကိုတပ်မက်တဲ့စိတ်ရှိသည်ဖြစ်၍။ တံ ရူပရသံ၊ ထိုရူပါရုံရဲ့အရသာကို၊ ဝေဒေတိ၊ တမြုံ့မြုံ့နဲ့ခံစားနေတယ်။ ပိယနိမိတ်နှလုံးသွင်း ချစ်ခင်ဖွယ်လို့နှလုံးသွင်းလဲပြီးရော ရာဂနှင့်တွဲပြီးတော့ ထိုရူပါရုံ၏အရသာခံစား၏ဟုတ်လား။ ရူပါရုံအရသာခံစားတာ ဝေဒနာနှင့်ရာဂနှင့် ပေါင်းမသွားဘူးလား၊ ဝေဒနာနှင့် ဘာနဲ့ပေါင်းလဲ၊

(ရာဂနှင့်ပါဘုရား)။

နောက်တစ်မျိုးပြောလိုက်ရအောင် ဝေဒနာမှာတဏှာဝင်သွားတယ် ဘယ်ကစတာတုန်း ရူပါရုံမြင်တဲ့အခါသတိလွတ်မိလို့ သတိလွတ်မိတဲ့အတွက်ကြောင့် ပိယနိမိတ်ကိုနှလုံးသွင်း၊ ပိယနိမိတ်နှလုံးသွင်းလိုက်တော့ရာဂဝင်၊ ခံစားတဲ့ဝေဒနာရာဂနှင့်တွဲတယ်။ ရူပါရုံအရသာ ရာဂနှင့်တွဲသောဝေဒနာဖြင့် ခံစားမိပြီ။

သာရတ္တစိတ္တော ဝေဒေတိ တဉ္စ အဿော စ တိဋ္ဌတိ၊

သာရတ္တစိတ္တော၊ တပ်မက်သောစိတ်ရှိသည်ဖြစ်၍၊ တံ ရူပရသံ၊ ထိုရူပါရုံအရသာကို။ ဝေဒေတိ၊ ခံစားနေတယ်။ ဝေဒနာမှာတဏှာမီးလောင်သွားတယ်။ တဉ္စ အဿောသ တိဋ္ဌတိ၊ တဉ္စ၊ ထိုရူပါရုံကိုလည်း၊ အဿောသ၊ မျိုး၍။ တိဋ္ဌတိ၊ တည်တယ်။ ရာဂနှင့် တအားပွေ့ပိုက်ထားတယ် ရူပါရုံရဲ့ပိယနိမိတ်ကို အဿောသ တိဋ္ဌတိတဲ့၊ မျိုထားတယ်။ ရာဂနှင့်သိမ်းပိုက်ထားတာကိုပြောတာ

တဿ ဝမုန္တီ ဝေဒနာ၊ အနေကာ ရူပသမ္ဘဝါ။ တဿ၊ ထိုမသင့်မတင့်နှလုံးသွင်းမိတဲ့ပုဂ္ဂိုလ်အား။(ဝါ) သတိလွတ်သောပုဂ္ဂိုလ်အား (ဝါ) ပိယနိမိတ်ကိုယူမိတဲ့ပုဂ္ဂိုလ်အား။ ရူပသမ္ဘဝါ၊ ရူပါရုံကြောင့်ဖြစ်ကုန်သော။ အနေကာ၊ မြောက်များလှစွာကုန်သော။ ဝေဒနာ၊ ဝေဒနာတို့သည်။ ဉပ္ပဇ္ဇန္တိ၊ ဖြစ်ပေါ်၍လာကြလေကုန်၏။ ဝမုန္တိ၊ တိုးပွားလာကြလေကုန်၏။ ရူပါရုံကို မသင့်မတင့်နှလုံးသွင်းမိတဲ့ပုဂ္ဂိုလ်အား ရူပါရုံကြောင့်ဖြစ်တဲ့ဝေဒနာတွေတိုးပွားနေတယ်။ ဘာတွေတိုးပွား၊

(ဝေဒနာတွေတိုးပွားပါတယ်ဘုရား)။

အဲဒီ ဝေဒနာဘာကြောင့်ဖြစ်၊ ရူပသမ္ဘဝါ၊ ရူပါရုံကြောင့်ဖြစ်တာ၊ ဘာကြောင့်ဖြစ်၊ (ရူပါရုံကြောင့်ပါဘုရား)။

မြို့ကြီးရဲ့တန်ဆာ သီရိမာ

ဘုန်းကြီးတို့ပရိသတ်များ ဟိုး ရာဇဂြိုဟ်တမြို့လုံးရဲ့ အလှတန်ဆာဖြစ်တဲ့သီရိမာအိမ်ဆွမ်းခံသွားတဲ့ကိုယ်တော်ကြည့်လေ ရာဇဂြိုဟ်တစ်မြို့လုံးရဲ့ တန်ဆာ ရာဇဂြိုဟ်ပြည်ကြီးတစ်ခုလုံးရဲ့တန်ဆာ ရာဇဂြိုဟ်ပြည်ကြီးတစ်ခုလုံးရဲ့ တန်ဆာ အမျိုးသမီးအလှ တစ်နေ့သံယာရှစ်ပါးဆွမ်းလောင်းတယ်။ သပိတ်ထဲ မုန့်ရောဆွမ်းရော ဆေးရောအပြည့် တစ်ပါးဆွမ်းခံရင် လေးပါးဘုန်းပေးလောက်တယ်။ ကိုယ်တော်တစ်ပါး အဲဒီအိမ်ကဆွမ်းခံ ဆွမ်းဘုဉ်းပေးပြီးတော့ ရာဇဂြိုဟ်ကနေခရီးထွက်သွားတာ ဘုန်းကြီးတို့ပရိသတ် မိုင်သုံးဆယ်လောက်ဝေးတဲ့ခရီးကြွသွားတယ်နော်။ ရာဇဂြိုဟ်မြို့ရဲ့အပြင် မိုင်သုံးဆယ်လောက်ဝေးတဲ့ခရီးတခုသို့ ရောက်သွားတယ်လို့ဆိုပါစို့။ တောရွာလေးရောက်သွား တောကျောင်းလေးတစ်ကျောင်းဝင်တည်း။ ကျောင်းကတော တောရွာကျောင်းကဆရာတော်တွေကမေးတယ်၊

ဥ့ရှင်ဘယ်ကကြွလာသလဲ။

ရာဇဂြိုဟ်ကကြွတာပါဘုရား။

ဒီကနေ့ ကိုယ်တော် ရာဇဂြိုဟ်ထွက်လာတာ ဘယ်ကဆွမ်းများဘုဉ်းပေးခဲ့တုန်း။ ရာဇဂြိုဟ်ပြည်ကြီးတစ်ခုလုံးရဲ့တန်ဆာသဖွယ်လှတဲ့ သီရိမာအိမ်ကဆွမ်းဘုဉ်းပေးခဲ့ပါတယ်ဒီလိုပြောတာ။ ဟာ သီရိမာ နာမည်ကြီးဘုရား အဲဒီဆွမ်းလောင်းတော့ ဘယ်လိုများလောင်းတုန်း၊ ဘယ်လိုများကိုယ်တော်ဘုဉ်းပေးရတုန်းပြောစမ်းပါ။ မြို့ကလာတဲ့ကိုယ်တော်ဆိုတော့ ခေတ်လိုပြောလိုက်ရရင် အာကောင်းကောင်းနှင့်သူကပြောတာ သီရိမာအိမ်ကဆွမ်းတော့ မပြောပါရစေနှင့် အရှင်ဘုရားတို့ ဘယ်လောက်ကောင်းဆိုတော့ ဟောဒီမှာ တစ်ချက်ပဲပြောမယ် သီရိမာအိမ်ကဆွမ်းကိုဘုဉ်းပေးရတာတော့ အသာထားစမ်းပါ။ အဲဒီဆွမ်းဒကာမကြီးသီရိမာထိုင်ကြည့်နေရတာကိုက တပည့်တော်တော့ 'ဝ' ရော့ဘုရား အပြောကောင်းလိုက်တဲ့ဖြစ်ခြင်း။

သီရိမာအိမ်ဆွမ်းခံရေး တောရွာက ကိုယ်တော်လေး

ဟိုးတောရွာကကိုယ်တော်တွေမနေနိုင်ဘူး၊ ငါဆွမ်းခံသွားမယ် ငါဆွမ်းခံသွားမယ်ဖြစ်ရော့။ အဲဒီအထဲအငယ်ဆုံးမထေရ်တစ်ပါးက ကိုင်း သီရိမာရဲ့ရုပ်ချောတာ ဒီကိုယ်တော်ဒီလောက်ပြောငါဆွမ်းခံသွားအုံးမယ်။ အဲဒီစကားဝိုင်းဆုံးရုံရှိသေးတယ် ချက်ခြင်းထပြီးတော့ သပိတ်သင်္ကန်းပြင်ရော့ဗျာ မအိပ်ဘူး သပိတ်ကြီးထမ်းပြီးတော့တောရွာကနေရာဇဂြိုဟ်ကို အပြင်းချီတက်လာတာ အရုဏ်တက်မှရောက်တယ်။ တစ်ညလုံးမအိပ်ဘူး ဘာဖြစ်တယ်ဆိုတာသိပြီပေါ့။

တသ ဝမ္ဟိန္တိ ဝေဒနာ အနေကာ ရူပသမ္ဘဝါ ဟုတ်လား (မှန်လှပါဘုရား)။ တသ ပုဂ္ဂလဿ၊ ထိုကဲ့သို့ မယိမ်းသတိ, ပညာရှိ ဒီနှစ်ခုလွတ်သွားတာ။ သတိပညာ သတိသမ္ပဇဉ်လက်လွတ်လိုက်တဲ့ပုဂ္ဂိုလ်အား။ ရူပသမ္ဘဝါ။ ရူပါရုံမြင်တောင်မမြင်ရသေးဘူး သတင်းကြားရုံရှိသေးတယ်။ ရူပသမ္ဘဝါ၊ ရူပါရုံကြောင့်ဖြစ်ကုန်သော။ အနေကာ၊ မြောက်များလှစွာကုန်သော။ ဝေဒနာ၊ ဝေဒနာတို့သည်။ တစ်ညလုံးလာရတာ နည်းတဲ့ဝေဒနာမဟုတ်ဘူး။ အိပ်ရသေးလား (မအိပ်ရပါဘုရား)။ မိုင်သုံးဆယ်ခရီးအဝေးကြီးလာရတာ။ သပိတ်ထမ်းတစ်ညလုံး မနက်ဆွမ်းခံမှီအောင်လေ ကိုးနာရီ ဆယ်နာရီမှရောက်ရင်အခက်အဲဒီဆွမ်းသူဒီနေ့ရမှာမဟုတ်တော့ဘူး။ ဟိုကလည်း ဆွမ်းကပ်တာ ဆွမ်းလောင်းတာက တစ်နေ့ကို ရှစ်ပါးရှစ်ပါး အဌကဘတ်။ ရာဇဂြိုဟ်ဝင္ဆုဝန်ကျောင်းက ဘတ္တာဒ္ဒေသကမထေရ်က သီရိမာအိမ်ကို မနေ့ကကိုယ်တော်ရှစ်ပါး ဘယ်ကိုယ်တော် ဘယ်ကိုယ်တော်ကြွသွားတယ်။ ဘယ်ဝါကနေပြီးတော့ ဘယ်ဝါစဉ်ထေရ်စဉ်ကိုရောက်ပါပြီ။

ဘတ္တာဒ္ဒေသသရဲ့တာဝန် ဝါတွေစဉ်

ဒီကနေ့ဘယ်ထေရ်စဉ် ဝါစဉ်ကနေ ဘယ်နံပါတ်ကနေ ဘယ်နံပါတ်အထိဒီကနေ့ကြွပါလို့ ဘတ္တာဒ္ဒေသကဆွမ်းစီစဉ်တဲ့ကိုယ်တော်က ဒီလိုစီစဉ်စာရင်းနှင့်မှတ်ပြီးတော့လွတ်ရတာဗျာ။ ဆိုကြပါစို့ ဒီကနေ့ သီရိမာအိမ်ဆွမ်းခံကြွတဲ့ကိုယ်တော်သည် ဆယ့်ငါးဝါအကြီးဆုံးကြွသွားတယ်။ ဆယ့်ငါးဝါကိုယ်

တော်တွေ ကျန်သေးရင်ဆက်တန်းပေါ့။ ဆယ့်ငါးဝါကိုယ်တော်တွေကုန်ပြီ ဆိုရင်ဆယ့်ခြောက်ဝါကစ။ ဒီလိုလား (မှန်လှပါဘုရား)။ ဘယ်ဟုတ်မှာတုန်း အောက်ဆင်းရမှာ ဆယ့်လေးဝါဆင်း၊ ကြီးရာကစလာတာဗျာ ဘုန်းကြီးတို့ ပရိသတ် အငိုက်ဖမ်းအကုန်မိတာပဲ။ ကြီးရာကစတာဗျာ့ ထေရ်စဉ် ဝါစဉ်ဆို တာဟုတ်လား ကြီးရာကနေ ငယ်ရာငယ်ရာ ဖြည်းဖြည်းခဲ့သွားတာ ဒီကနေ့ ဆယ့်ငါးဝါမထေရ်ကြီးတွေရောက်သွားရင် မနက်ဖန်ခါ ဆယ့်လေးဝါအကြီး ဆုံးကြွ။ ဆယ့်လေးဝါကိုယ်တော်ရှစ်ပါးရရင်ရှစ်ပါး၊ မရရင် ဆယ့်လေးဝါကိုယ် တော်ငါးပါးရရင် နောက်နားကဆယ့်သုံးဝါကိုယ်တော်သုံးပါးကြွပေါ့။ ဒါထေရ်စဉ် ဝါစဉ်သဘောကိုပြောတာပါ။

အဲလိုစီစဉ်ပြီးတော့ အစီစဉ်နှင့်စနစ်ကျလွတ်နေရတာ။ သူက တစ်ည လုံးမအိပ်ပဲနှင့်သပိတ်ထမ်းအပြင်းခြီတက်လာတဲ့ကိုယ်တော်က မနက်အရုဏ် တက်လို့သံဃာတွေစဉ်နေပြီ သီရိမာအိမ်ဆွမ်းခံကြွဖို့ ရှစ်ပါးရွေးနေပြီ။ အဲဒီ စာရေးတံမဲစာရင်းကိုင်ပြီးတော့စီစဉ်နေတဲ့ ဘတ္တုဒ္ဒေသကကိုယ်တော်ရှေ့နား အပြေးအလွှားဗျာ မောကြီးပန်းကြီးနှင့်ပြေး ပြီးတော့ဝင်လာပြီးတော့ မတ်တတ် ရပ်တယ်။ တပည့်တော်လည်း ဆွမ်းခံစာရင်းထဲထည့်ပါ သူက။

ကိုယ်တော် ဘယ်နှစ်ဝါရပြီလဲ။ ဆိုကြပါစို့ဗျာ ဆယ့်လေးဝါရပါပြီ။ ဟာ ဟုတ်ပြီ၊ မနေ့တုန်း ကဆယ့်ငါးဝါမှာဆုံးသွားတယ်။ ဒီကနေ့ဆယ့်လေးဝါ ကစစဉ်ရမယ်။ ကိုယ်တော်ကဆယ့်လေးဝါလား၊ ဟုတ်ပါတယ်။ ဒါဖြင့်ကိုယ် တော်မထေရ်ကြီးပေါ့ရှေ့ဆုံးကကြွ၊ အမယ်အမောကိုပြေသွားတာ။ ကိုယ်တော် မထေရ်ကြီးရှေ့ဆုံးကကြွဆိုပြီးတော့ နောက်ကဆယ့်သုံးဝါတွေ ဘာတွေစီ တန်း၊ သူကမထေရ်ကြီးနဲ့ မားမား မားမားနဲ့တစ်ခါတည်းရှေ့ကကြွလာ။ မနေ့ တုန်းကညနေစောင်း ဟိုး မထေရ်သူမြတ်တို့ ဟိုးတောရွာကကျောင်းကလေး မှာ စုပေါင်းပြီးတော့ သီရိမာအကြောင်းကိုဆွေးနွေးတိုင်ပင်၍နေကြစဉ်မှာ ပဲတဲ့။

ဆွမ်းအမကြီးသီရိမာ သေလောက်တဲ့ဝေဒနာစွဲကပ်လာ

သီရိမာဆွမ်းအမကြီးက ညနေစောင်းသေလောက်တဲ့ရောဂါ အပြင်း

အထန်ဖြစ်လို့ အိပ်ရာကမထနိုင်ဘူးဆိုပါလား။ အားခဲပြီးတော့တစ်ညလုံးလာရတဲ့ကိုယ်တော်မောလို့ တစ်ခါတည်း သီရိမာကအိပ်ရာထဲကမထနိုင်လဲ ကိုယ်တော်တွေလဲမနက်ရှစ်ပါးတော့ကြွမှာပဲ အိမ်စေအမျိုးသမီးတွေပြောထားတယ်၊ ကိုယ်တော်တို့ဆွမ်းခံကြွလာရင် ဆွမ်းခဲဖွယ်ဘောဇဉ်တွေကို အခါတိုင်းလို မွန်မွန်မြတ်မြတ်လောင်းပါ၊ နေရာထိုင်ခင်းသပ်သပ်ရပ်ရပ်ပြင်ဆင်၍ပေးပါ၊ နေရာထိုင်ခင်းမှာ ကိုယ်တော်တို့ကိုနေစေ၍ အာသနေ ပညာပေတွာ၊ နေရာတွေကိုခင်းစေ၍။ ပဌမံ၊ ရွှေဦးစွာ။ ယာဂုံ၊ ယာဂုကို။ ဒေထ၊ ပေးကြပါ။ နေရာပထမ ခင်း အဲဒီနောက်နားကယာဂုကိုကပ်၊ ယာဂုံ ဒတွာ၊ ယာဂုကပ်ပြီးတော့မှ၊ ခါဒနီယံ၊ ခဲဖွယ်ကို။ ဒေထ၊ ပေးကြ။ မုန့်လေးဆက်ပြီးတော့မှ ခါဒနီယံ ဒတွာ၊ ခဲဖွယ်ကပ်ပြီးတော့မှ၊ ဘောဇနီယံ၊ ဘောဇဉ်ကို။ ဒေထ၊ ပေးလှူကြ။ အစီအစဉ်ဘယ်နှစ်ခု (သုံးခုပါဘုရား)။ နေရာခင်းပေးခြင်း တစ်၊ ယာဂုကပ်ပါ၊ ပြီးတော့မုန့်ကပ်ပါနော်၊ ကပ်တဲ့အစီအစဉ်ကသုံးခုနော် အေး၊

ဘုရာလက်ထက်က ဆွမ်းကပ်ပုံအစီအစဉ်

(၁) ယာဂု
(၂) မုန့်
(၃) ဆွမ်း

ဘုရားလက်ထက်ကအစီစဉ်က ဒီလိုလာတာကိုဗျနော်။ ရွှေဦးစွာယာဂုခပ်ကျဲကျဲကပ်တယ် လေငြိမ်မိုးငြိမ်ယာဂုလေးခပ်ကျဲကျဲသောက် လေငြိမ်သွားပြီဆိုတော့မှ မုန့်လေးနဲနဲစားထား လေကသိပ်ကျသွား၊ ယာဂုတွေတအားသောက်လို့လေတွေချောင်သွားပြန်ရင်လည်း ဟိုကဆွမ်းပြင်နေတုန်းသိပ်ဆာနေမှာပဲ အဲ့ဒါကြောင့် အလိုက်သင့်မုန့်လေးကပ်ထားတော့ လိုတဲ့ကိုယ်တော်လဲဘဉ်းပေးလိမ့်မယ်၊ မလိုတဲ့ကိုယ်တော်လဲမဘဉ်းပေးဘူးပေါ့။ ယာဂုပေးပါ၊ ပြီးတော့မုန့်ပေးပါ၊ အဲဒီနောက်နားကျတော့မှဆွမ်းကပ်ရတယ် အစီအစဉ်လေးများ သီရိမာကမှာထားတယ်။ အိမ်စေအမျိုးသမီးတို့ကလဲ ဒီအတိုင်းစီစဉ်ထားကြပါတယ်၊ ဟိုမှာမထေရ်သူမြတ်ရှစ်ပါးတို့ကြွလာကြပြီ။ ခါတိုင်းခါတိုင်းဆို အိမ်လှေခါးရင်းကဆီးပြီးတော့ လက်အုပ်ကလေးချီကာ

ခြိကာနှင့်ကြုံလင့်ရှာတဲ့သီရိမာဒီကနေ့တော့မကြုံနိုင် အိပ်ယာထဲလဲလို့ မထေရ် သူမြတ်ရှစ်ပါးတို့ကို အိမ်ပေါ်လာမကြုံဘူး၊ ဘယ်များရောက်တုန်းတွေးပြီးတော့ တက်လာတယ်။ ဝင်နေပြီနိဝရဏနော်၊ (မှန်လှပါဘုရား) ကာမစ္ဆန္ဒနီဝရဏနှင့် ကာမဝိတက်တွေ ဒီမှာအတွဲလိုက်လာတယ်။

ဆွမ်းခံကိုယ်တော်လေး သီရိမာအတွက် ကာမဝိတက်တွေတက်

အိမ်ပေါ်တက်သွား သီရိမာမတွေ့ပါလား ထိုင်သာနေရတယ် ခင်းပေးတဲ့နေရာမှာထိုင်၍ သာနေရတယ် သီရိမာရှာမတွေ့ဘူး၊ ရှေးဦးစွာယာဂုကပ်ပါတယ် မလာသေးဘူး၊ ယာဂုပြီးတော့ မုန့်ခဲဘွယ်ကပ်ပါတယ် မလာသေးဘူး၊ အဲဒီနောက်နားကြတော့မှ သပိတ်ရှစ်လုံးဆွမ်းအပြည့်ထည့် မုန့်ခဲဘွယ်တွေ အပြည့်ထည့် သပိတ်ရှစ်လုံးမှာဆွမ်းခဲဘွယ်တွေနှင့် မုန့်တွေပြည့်ပြီဆိုတဲ့ ကာလကြတော့မှ ကိုယ်တော်တွေကိုသပိတ်ကပ်တော့မယ်နော်။ အဲဒီတော့မှ အိမ်ရှိတဲ့အပေါင်းအဖော် အမျိုးသမီးတွေက သီရိမာကို လေးယောက်သား ပွေ့ချီပြီးတော့သယ်လာကြတာ အဲဒီတော့ဟိုခေါင်းရင်းက ထိုင်နေတဲ့မထေရ် တစ်ညလုံးမအိပ်ဘဲ အပြင်းချီတက်ခဲ့တဲ့ကိုယ်တော်က လှမ်းကြည့်လိုက်တယ်။ လှမ်းကြည့်လိုက်တော့ အဝတ်အစားတွေကလဲ သပ်သပ်ရပ်ရပ်ဘယ်ရှိမှာတုန်း ရောဂါသည်ဘဲ ဖြီးပြီးသား လိမ်းပြီးသားလဲဘယ်ရှိ မှာတုန်း ရောဂါသည်ကြီးဘဲ ဆံပင်တွေကလဲ ဖရိုဖရဲနေကြမှာပေါ့၊ အဲ့ဒီတော့ ခေါင်းရင်းကထိုင်ပြီးတော့ စဉ်းစားတယ်၊ ဟိုကိုယ်တော်က ဘယ့်နှယ်စဉ်းစားလိုက်တုန်း-

ဘဝများစွာကသိုလှောင်ထားတဲ့ ကိလေသာတွေပေါက်ကွဲ

အယံ၊ ဤသီရိမာသည်။ ဂိလာနာယ တာဝ၊ ဖျားနာနေသည်ဖြစ်ပါလျက်နှင့်တောင်မှ။ ရူပသမ္ပတ္တိ၊ ရုပ်အဆင်းတင့်တယ်ခြင်းသည်ကား။ ဤဒိသေ၊ ဤသို့သဘောရှိပေသေး၏။ စဉ်းစားလိုက်တာ။ ဂိလာနာယ တာဝ၊ ဖျားနာနေသည်ဖြစ်ပါလျက်နှင့်တောင်မှ။ ရူပသမ္ပတ္တိ၊ ရုပ်အဆင်း တင့်တယ်ခြင်းသည်ကား။ ဤဒိသေ၊ ဤသို့သဘောရှိနေသေးတယ်။ ဖျားနာနေတာတောင်မှ သူ့ရုပ်ရည်ဒီလောက်လှနေသေးတယ်၊ အရောဂကာလေပန၊ အနာကင်းကွာ ကျန်းမာသောကာလမှာဆိုရင်တော့။ သဗ္ဗာဘရဏပဋိမဏ္ဍိတာယ၊

အမျိုးသမီးတို့ရဲ့ အဆင်တန်ဆာတွေ အကုန်လုံးတန်ဆာဆင်လိုက်မယ်ဆိုရင်။ ကီဒိသေ ရူပသမ္ပတ္တိ၊ ရုပ်အဆင်းတင့်တယ်ခြင်းသည်ဘယ်ကလောက်များလှ လိုက်မလဲလို့ မကျန်းမမာဖြစ်လို့ ခန္ဓာကိုယ်တန်ဆာမဆင်နိုင်တာတောင်မှ ဒီလောက်လှသေးရင် ကျန်းကျန်းမာမာနဲ့ တစ်ကိုယ်လုံးအမျိုးသမီးတို့ရဲ့တန်ဆာအကုန်လုံးဆင်ထားရင် ဘယ်ကလောက်လှမလဲလို့စဉ်းစားပြီးတော့ သူက သီရိမာကိုတန်ဆာဆင်ကြည့်နေတာ။

အဲဒီနေရာ အဋ္ဌကထာကပြောလိုက်တယ် နှစ်ပေါင်းများစွာ ကမ္ဘာပေါင်းများစွာ ဘဝပေါင်းများစွာက သိုလှောင် ထားခဲ့တဲ့ ကိလေသာကုဋ္ဌေကုဋ္ဌာတို့ဟာ အဲဒီနေရာမှာတခါတည်းပေါက်ကွဲပြီးတော့ ထွက်လာတယ်တဲ့။

လောင်လိုက်တာ ဆွမ်းသပိတ်ဘယ်လိုကိုင်လိုက်ရမှန်းမသိဘူးတဲ့၊ သီရိမာဒကာမကြီးက တစ်ပါးခြင်းတစ်ပါးခြင်း သပိတ်ကလေးများကပ် လက်အုပ်ဦး တင်ဖူးမြင်ကန်တော့ပြီးတော့ သီရိမာဒကာမကြီး ပြန်ထွက်သွားတယ်။ ကိုယ်တော်အရှင်မြတ်ရှစ်ပါးတို့ သပိတ်ပိုက်ပြီးတော့အိမ်ပေါ်ကဆင်းကြ၊ ခုနစ်ပါးကချမ်းချမ်းသာသာ၊ ဘာကြောင့်လဲဆိုတော့ သတိ သမ္ပဇဉ်ဉာဏ်ယှဉ်ပြီးတော့ကွန်ဒြကိုထိန်းထား၊ ဘာကိုထိန်းထား၊

(သတိသမ္ပဇဉ်ဖြင့်ထိန်းထားတာပါဘုရား)

သတိသမ္ပဇဉ်ဖြင့်ကွန်ဒြကိုထိန်းထားတယ်၊ စက္ခုန္ဒြကိုထိန်းသိမ်းထားတဲ့ကိုယ်တော်ခုနစ်ပါး ချမ်းသာတော်မူကြပေမယ့် စက္ခုန္ဒြမှာသတိပညာမကပ်တဲ့အရှင်မြတ်မှာတော့ သပိတ်ပိုက်ပြီးတော့ ကျောင်းခပ်မြန်မြန်ပြန်သွားရတယ် မစားနိုင်ဘူး၊ ကျောင်းရောက်တော့၊ အဲဒီဆွမ်းအပြည့်ထည့်ထားတဲ့ သပိတ်ကြီး ခဲဘွယ်တွေ မုန့်တွေအပြည့်ထည့်ထားတဲ့သပိတ်ကြီး ကုဋ္ဌင် အောက်ပစ်ထားလိုက်တာ၊ ကုဋ္ဌင်ပေါ်ကသီတင်ပြီးတော့ ပက်လက်ကြီးဆင်းလို့ပါးစပ်ကတငြီးငြီးဖြစ်နေတယ်၊ မစားနိုင်တော့ဘူး အိပ်လဲမအိပ်နိုင်တော့ဘူး ဘုန်းကြီးတို့ပရိသတ်များ တငြီးငြီးဖြစ်နေတယ်၊ ပါးစပ်က သီရိမာသီရိမာဆိုပြီးတော့ မအိပ်နိုင်မစားနိုင် တလိမ်လိမ် တပိန်ပိန်ဖြစ်နေတာ၊ ကုဋ္ဌင်အောက် သပိတ်ကြီးလဲသိုးရော သုံးရက်ကြာတယ် အဲဒီကိုယ်တော်မထဘူး။ သုံးရက်ကြာ အဲဒီ ကိုယ်တော်မထဘူး။

သီရိမာကွယ်လွန်

အဲဒီဆွမ်းခံသွားတဲ့နေ့ညနေခင်းမှာဘဲ သီရိမာဒကာမကြီးကွယ်လွန်တယ်၊ သီရိမာဒကာမကြီးကွယ်လွန်တော့ သူကယာမာနတ်ပြည်သို့ရောက်တယ်။ သုယာမနတ်မင်းကြီးရဲ့မိဖုရားကြီးတွေထဲမှာ တစ်ပါးအပါအဝင်ဖြစ်သွားတယ်။ အဋ္ဌကဘတ် ဆွမ်းကိုများစွာလောင်းလိုက်ရတဲ့ကောင်းမှုရဲ့ကျေးဇူးသီရိမာ မြို့ကြီးတန်ဆာအမျိုးသမီးဟာ ယာမာနတ်ပြည်က နတ်သမီးကြီးဖြစ်သေးတယ်နော်။ ကျန်ရစ်တဲ့အလောင်းမှန်းသာကြည့် သီရိမာကွယ်လွန်သွားပြီး ဗိမ္မသာရဘုရင်မင်းကြီး သတင်းကြား ဗိမ္မသာရဘုရင်မင်းကြီးသတင်းကြား၊ ဘုရာရှင်ကိုယ်တော်မြတ်ထံသတင်းပို့၊ သီရိမာကွယ်လွန်ပါပြီ မြတ်စွာဘုရား သီရိမာရဲ့အလောင်း သုဿာန်မှာတပည့်တော်တို့မြှပ်နှံမယ်ဘုရား။ ကိုယ်တော်မြတ် အသုဘရှုကြွတော်မူပါ။ ဗိမ္မသာရဘုရင်မင်းကြီးက မြတ်စွာဘုရားပင့်လျှောက်။ ဘုရားရှင်ကိုယ်တော်မြတ်ကသိနေတယ်၊ ဟိုကိုယ်တော်မထဘူး။ သိနေတယ် ဆွမ်းလဲမစားနိုင်ဘူးအိပ်ယာထဲက မထဘူး၊ သပိတ်ကြီးလဲသိုးနေပြီသိတယ်၊ ဒါကြောင့် ဘုရားရှင်ကိုယ်တော်မြတ်က-

ဒကာတော်ဗိမ္မသာရ ဟောဒီသီရိမာရဲ့ရုပ်ကလာပ် ရာဇဂြိုဟ်သုဿာန်မှာလေ ညောင်စောင်းထက်ပက်လက်သိပ်ထားတဲ့။ ကျီးတွေခွေးတွေငှက်တွေတစ်ကောင်းစားစေနှင့် သီရိမာရဲ့အလောင်းကိုအစောင့်ကောင်းစွာချပြီးတော့ သုဿာန်မှာသုံးရက်သိပ်ထားလိုက်ပါ။ မြတ်စွာဘုရားအမိန့်တော်ပေးတော့ ဗိမ္မသာရဘုရင်မင်းကြီးက သီရိမာရဲ့ရုပ်ကလာပ် သုဿာန်ပို့ပြီးတော့ ညောင်စောင်းထက် အလောင်းပြင်ထားတာ၊ ဘုန်းကြီးတို့ပရိသတ် ဘယ်နှစ်ရက်တုန်းဗျာ၊

(သုံးရက်ပါဘုရား)။

ကိုင်းခပ်မြန်မြန်သုံးရက်ရောက်စေသတည်း။ သုံးရက်တောင်ကြာအုံးမယ်ဆိုတော့ ဘာဖြစ်မတုန်း မနက်ဖြန်ခါ ဘုန်းကြီးက ရန်ကုန်သွားရမှာ (မှန်လှပါဘုရား)။ ဒီအလောင်းကြီးပုတ်သွားလိမ့်မယ်။ သီရိမာရဲ့အလောင်းသုဿာန်မှာပက်လက်ပြင် သုံးရက်အသာဆင်ထား၊ ကျီးတွေခွေးတွေငှက်တ

တွေ့ မစားစေနှင့် အလောင်းမပျက်စေနဲ့ ပြင်ထားပါ။ ဘုရားကိုယ်တော်မြတ်က ဆူးစူးရင်ဆူးနဲ့ ဘဲထွင်ရတယ် ဟုတ်လား (မှန်လှပါဘုရား)။

ဆူးစူးလျှင်ဆူးနဲ့ထွင်

ဘုရားရှင်ကိုယ်တော်မြတ်က ငါးကြင်းကိုငါးကြင်းဆီနဲ့ကြော်ရတယ် ဆိုတာလို၊ ဆူးစူးရင်ဆူးနဲ့ထွင်ရတယ်ဆိုတာလို၊ သီရိမာကြောင့် ရာဂမျှားဆူးနေတဲ့ကိုယ်တော်ကို သီရိမာရဲ့အလောင်းနဲ့ဘဲ အဲဒီမျှားကိုနှုတ်မလို့ ထားခိုင်းတာ၊ သုံးရက်လဲစေ့ရောကြည့်လိုက်စမ်း ဥဒ္ဓုမာတက၊ ဥဒ္ဓုမာတကံ၊ သေသည်မှနောက်သုံးရက်မြောက်၌လေဖြင့်ပြီးသော လေဖြင့်ပြည့်သော လေထိုးထားသော သားရေအိတ်ကြီးသဖွယ် ဖူးဖူးရောင်လျက် အညိုကွက် အနီကွက် အကွက်ကွက်ထ စက်ဆုပ်ခဲ့ရှာဖွယ်ကောင်း ပိုးလောက်တထောင်းထောင်းထနေတဲ့ အကောင်ပုပ်ကြီးတစ်ကောင် ဘယ်ကြည့်ကောင်းပါ့မလဲ (မှန်လှပါဘုရား)။ သီရိမာအလောင်း သုသာန်ဒီအတိုင်းပစ်ထားတယ်၊ အဲဒီတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရမင်းကို အမိန့်တော်ချတယ်။ ဒကာတော်မင်းကြီး ရာဇဂြိုဟ်ကြေငြာလိုက်မောင်းခတ်လိုက် ရာဇဂြိုဟ်ကြေငြာလိုက်မောင်းခတ်လိုက်၊ ဘယ်နဲ့မောင်းခတ်ရမတုန်း။

သီရိမံ ဒဿနာယ အာဂစ္ဆန္တု။ သဗ္ဗေ၊ အလုံးစုံကုန်သော။ နဂရဝါသိနော၊ ရာဇဂြိုဟ်မြို့မှာနေကြတဲ့လူအပေါင်းတို့သည်။ သီရိမံ၊ သီရိမာရဲ့အလောင်းကို။ ဒဿနာယ၊ အသုဘရှုဘို့ရန်၊ အာဂစ္ဆန္တု၊ လာကြကုန်စေသတည်း။ ရာဇဂြိုဟ်မြို့တစ်မြို့လုံး သီရိမာအလောင်းအသုဘရှုဘို့ရန် အကုန်လုံးလာကြရမယ်။ အနာဂစ္ဆန္တာနံ၊ မလာရောက်ကြတဲ့ပုဂ္ဂိုလ်အပေါင်းတို့အား။ အဌကဟာပကော ဒဏ္ဍော၊ ရှစ်အသပြာဒဏ်တတ်ရမယ်။ သီရိမာအလောင်းကြည့်ဖို့ရန် ရာဇဂြိုဟ်မြို့တစ်မြို့လုံးအကုန်ထွက် မလာတဲ့သူငွေရှစ်ကျပ်ဒဏ်တပ် ဟာ ဘုရင့်အမိန့် ဘုရားနဲ့တိုင်ပင်လုပ်ကြတာ၊ တစ်မြို့လုံး အုံးအုံးကြွက်ကြွက်ထွက်လာလိုက်ကြတာ။

ဌပေတွာ ဂေဟရက္ခကေ ဒါရကေ၊ အိမ်စောင့်ဆိုလို့ကလေးဘဲချန်ထားရတယ်တဲ့။ ရာဇဂြိုဟ်သုသာန် လူကိုကြပ်နေမှာနော်၊ တစ်မြို့လုံး

အုံးအုံးကြွက်ကြွက်သုသာန်ထွက်၊ ကလေးအိမ်စောင့်ထား၊ နည်းတဲ့လူအုပ်ကြီး မဟုတ်ပါဘူး။ ဘုရားရှင်ကိုယ်တော်မြတ်နဲ့ သံဃာတော်တွေ အလောင်းခေါင်း ရင်းဘက်ထိုင်၊ လက်ယာဘက်ကဗိမ္မိသာရဘုရင် မင်းကြီးနှင့်တကွနန်းတွင်း ကမူးမတ်တွေထိုင်ကြ၊ လက်ဝဲဘက်က မိထွေးတော်ဂေါတမီနှင့်တကွ ဘိက္ခု နီမတွေထိုင်ကြ၊ ခြေရင်းဘက်နေပြီးတော့ မလ္လိကာမိဖုရားကြီးနှင့်တကွ ဒကာမ တွေ အသုဘရှုမလို့ထိုင်လိုက်ကြတာ။

သီရိမာအလောင်းလေလံတင်ပွဲ

အဲဒီ ခေါင်းရင်းကနေဘုန်းတော်ခြောက်ပါးသခင်ဘုရားရှင်ကိုယ် တော်မြတ်က ဒကာတော်ဗိမ္မိသာရ ဟေ့ ကြေငြာမောင်းခတ်ဟ။ သီရိမာ အလောင်း အသပြာတစ်ထောင်ပေးပြီးတော့ယူရမယ်မောင်းခတ်။ အသပြာ တစ်ထောင်ပေး၊ သီရိမာအလောင်းယူစေဆိုပြီး မောင်းထု ဘယ်သူမှယူမည် သူမရှိဘူး။ စောစောတုန်းကတော့ ဟုတ်လား၊ အသက်မသေခင်တုန်းကတော့ တစ်နေ့အသပြာတစ်ထောင်ပေးပြီးတော့ သူနဲ့ပျော်ပျော်ပါးပါးနေဖို့ရန် လူတွေ ဟာတန်းစီကြရတယ်။ ယခုအခါ ဒီအလောင်းတစ်ထောင်ပေးပြီးယူစေ ဘယ် သူယူအုံးမလဲ (မယူပါဘုရား)။ စျေးများတယ်လျှော့အုံးလျှော့အုံး၊ ငါးရာအသ ပြာငါးရာပေးပြီးတော့ သီရိမာအလောင်းကိုယူကြစမ်းပါ၊ ဘယ်သူမှမယူဘူး၊ အဲဒီ ကြေငြာမောင်းခတ် သီရိမာအလောင်းလေလံတင်နေတဲ့ ဟောဒီ လေလံ ပွဲမှာ ဟိုကိုယ်တော်လေးပါတယ်။

သုံးရက်ဆွမ်းမစားတဲ့ကိုယ်တော်က သီရိမာသုသာန်ပို့လိုက်ပြီတဲ့ မြတ်စွာဘုရားကိုယ်တော်မြတ်သီရိမာကိုကြည့်ရအောင် သုသာန်ကြွမလို့တဲ့ဆို တော့ပြုန်းဆို သူကထပြီးတော့လိုက်လာတယ်ဗျာ။ သပိတ်ကြီးဆေးရတာသိုး လို့၊ အဲဒီမှာ ထိုကိုယ်တော်အရှင်မြတ် မြတ်စွာဘုရားဘေးနားကနေရပ်ပြီးတော့ ပါးစပ်အဟောင်းသားနဲ့ငေးကြည့်နေတယ်၊ ဘုန်းကြီးတို့ပရိတ်သတ်လိုဘဲ ဟုတ်လား။ ပါးစပ်ကြီးအဟောင်းသားနဲ့မော့ပြီးကြည့်နေလိုက်တာ၊ မြတ်စွာ ဘုရားကိုယ်တော်မြတ်အမိန့်တော်ချ မင်းကြီးက ကြေငြာလိုက်တယ်၊ တစ် ထောင်ပေးပြီးတော့ ဒီအလောင်းယူ၊ ယူမည်သူ (မရှိပါဘုရား)။ ငါးရာပေးပြီး

တော့ယူ (မရှိပါဘုရား)။ စေ့းတွေကများတယ်ထင်ပါတယ်၊ လျှော့ဒုံး တစ်ရာ ပေးပြီးတော့ယူ (မရှိပါဘုရား)၊ မယူဘူးဟုတ်လား။

ဟိုကိုယ်တော်မြတ် တဖြည်းဖြည်းသဘောပေါက်သွားပြီ အာယု ဥသမ ဝိဉာဏ်မရှိရင် ဒီဥစ္စာဘာမှအသုံး မဝင်ဘူးဟုတ်လား (မှန်လှပါဘုရား)။

သေတယ်ဆိုတာ ဘာလဲ

အာယု ဥသ္မာ စ ဝိဉာဏံ၊ ယဒါ ကာယံ ဇဟန္တိမံ။
အပဝိဒ္ဓေါ တဒါ သေတိ၊ ပရဘတ္တံ အစေတနံ။ [၁]

ဘိက္ခဝေ၊ ပရိသတ်လေးပါးချစ်သားချစ်သမီးတို့။ အာယုစ၊ ရုပ်ဇီဝိတ သည်လည်းကောင်း။ ဥသ္မာ စ၊ ကမ္မဇတေဇောဓာတ်သည်လည်းကောင်း။ ဝိဉာဏံ စ၊ ဝိဉာဏ်သည်လည်းကောင်း။ ဧတေတယောဓမ္မာ၊ ဤတရားသုံးပါး တို့သည်။ ဣမံ ကာယံ၊ ဤအမောင်တို့အမိတို့ခန္ဓာကိုယ်ကြီးကို။ ဇဟန္တိ၊ စွန့်ခွာ၍သွားကြလေကုန်၏။ တဒါ၊ ထိုအခါ၌။ မတော၊ သေခဲ့သည်ဖြစ်၍။

အဲဒီ အခါသေတယ်ခေါ်တာ။ အာယု ရုပ်ဇီဝိတ၊ ဥသမ ကမ္မဇ တေဇော၊ ဝိဉာဏ် ဝိဉာဏကွန္ဓာ ဤသုံးပါးရပ်ရင် အဲဒါသေတယ်ခေါ်တာဘဲ။ ယဒါ ကာယံ ဇဟန္တိမံ။ ယဒါ၊ အကြင်အခါမှာ။ ဣမံ ကာယံ၊ ဤခန္ဓာကိုယ် ကြီးကို။ ဇဟန္တိ၊ စွန့်ခွာ၍သွားကြလေကုန်၏။ တဒါ၊ ထိုကဲ့သို့အာယု ဥသမ ဝိဉာဏ်သုံးပါး ရပ်စဲပြတ်စဲသောကာလမှာ။ အပဝိဒ္ဓေါ၊ မသေမှီခါ ချစ်လှစွာ သော ဆွေဉာတိရင်း မိတ်တသင်းတို့က မသေခင်တုန်းကနော် (မှန်လှပါ ဘုရား)။ မသေခင်က ချစ်လှစွာသော ဆွေဉာတိရင်းမိတ်တသင်းတို့က မငဲ့ မကွက် ရက်ရက်စက်စက်စွန့်ပစ်ခံရသည်ဖြစ်၍ ဟိုတုန်းကတစ်သိန်းပေး တောင်ယူအုံးမှာ၊ တစ်ထောင်မပြောပါနဲ့ တစ်သိန်းပေးယူဆိုလဲ သီရိမာအရှင် တုန်းကတော့ (ယူမှာပါဘုရား) အသက်ရှင်တုန်းကတော့တစ်သိန်းပေးယူ ဆိုလဲယူကြမှာ။ အခုတော့ တစ်ရာပေးတာယူမဲ့သူရှိသေးလား၊ တစ်ရာပေး ပြီးတော့ ယူကြ ယူမည်သူရှိသေးလား (မရှိပါဘုရား)။

၁။ သံ၊ ၂။ ၁၁၇။

တစ်ဆယ်ပေးပြီးတော့ ယူဆိုရင်ကော၊ (မရှိတောပါဘုရား)။
အေး တစ်ခြင့်ရွေးလောက်ပေးပြီးတော့ယူကြဆိုရင်ကော၊ (မရှိပါဘုရား)။
အလကားယူကြဆိုရင်ကော၊ (မရှိပါဘုရား)။ အလကားတောင် မယူဘူးလား။ အပဝိဒ္ဓေါ၊ မသေမှီခါ ချစ်လှစွာသော ဆွေဥာတိရင်း မိတ်တသင်းတို့က ထိုသူတစ်ဖန်ပြန်၍အသက်မဆက်တော့ပြီ မှန်လှသည်ဟု ရည်ရွယ်ရိုးရင်း အပြီးတိုင်ငဲ့ကွက်ခြင်းကင်းကာ စွန့်ပစ်ခြင်းခံရသည်ဖြစ်၍။ ပရဘတ်၊ ကျီးခွေးဥင်းတပိုးလောက်တို့ရဲ့အစာဖြစ်လျက်။ အစေတနံ၊ စိတ်စေတနာ မရှိတော့ပါဘဲ။ သေတိ၊ မသာခေါင်းဝယ် လျောင်းရရှာလေတော့သတည်း။

သာဓု သာဓု သာဓုပါဘုရား။

ဘေးနားရပ်ပြီးတော့ စဉ်းစားတဲ့ကိုယ်တော် ဘုန်းကြီးတို့ပရိသတ်ရေတဖြေးဖြေးတဖြေးဖြေး ကာမစ္ဆန္ဒနိဝရဏကွာသွားပြီ။ ဗျာပါဒနိဝရဏလဲပဲ (ကွာသွားပါပြီဘုရား)။ ဟိုမှာ ကုက္ကုစ္စဆိုတဲ့ပူလောင်မှုတွေရော (ကွာသွားပါပြီဘုရား)။ တဖြေးဖြေးကွာသွားပြီး ဟုတ်လား၊ ဘာတွေဝင်ဝင်လာသလဲဆိုတော့ သတိ ပညာတွေဝင်ရောက်ဝင်ရောက်လာတယ်။ အဲဒီနေရာပေါ့ မြတ်စွာဘုရားက -

စရံ ဝါ ယဒိ ဝါ တိဋ္ဌံ၊ နိသိန္နော ဥဒ ဝါသယံ။
သမိဉ္စေတိ ပသာဒေတိ၊ ဧသာ ကာယဿ ဥဇုနာ။ [၁]

အစရှိသော တစ်ဆယ့်လေးဂါထာဖြင့်တန်ဆာဆင်တဲ့ဝိဇယသုတ္တန်ကို အဲဒီသုတ်မှာဟောတာပဲ။ ဝိဇယသုတ္တန်ဒေသနာနိဂုံးဆုံးတော့ ဤကိုယ်တော်အရှင်မြတ် သောတာပတ္တိမဂ်ဖိုလ်သို့ရောက်တယ်။ ထိုသုတ္တန်အခြေခံဆက်လက်ကျင့်ကြံအားထုတ်တာ ထိုကိုယ်တော်ရဟန္တာဖြစ်သွားတယ်နော်၊ (မှန်လှပါဘုရား)။

ဒီတော့ ဘုန်းကြီးတို့ပရိသတ်ဘာဆိုလိုတာတုန်း **အနေကာ ရူပသမ္ဘဝါ** အနေကာ၊ မြောက်များလှစွာကုန်သော။ ရူပသမ္ဘဝါ၊ ရူပါရုံကြောင့်ဖြစ်

၁။ အံ၊ ၁၊ ၃၂၁

ကုန်သော။ ဝေဒနာ၊ ကာယိကဒုက္ခ စေတသိကဒုက္ခဆိုတဲ့ ဝေဒနာတို့သည်။ ဥပ္ပဇ္ဇန္တိ ၊ ဖြစ်ပေါ်၍လာကြလေကုန်၏။ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)။ ဘယ့်နှယ့်ဗျာ တရားရမယ်ဆိုရင် တညလုံးမအိပ်ပဲ ဒီခရီးသွားခြင်မှသွားမှာ။ ယခုတော့ သီရိမာကြည့်ခြင်တာနဲ့ မအိပ်ဘူးတဲ့။ တညလုံးလာခဲ့ရတာ နည်းတဲ့ ဒုက္ခဝေဒနာမဟုတ်ပါဘူး။ ဒီကြတော့သီရိမာကွယ်လွန်ပြီဆိုတော့ ဒီကိုယ် တော်ပင်ပန်းရှာတယ်။ သီရိမာရောဂါရပြီဆိုတာပင်ပန်းရှာတယ်။ ဒီလောက် လှနေတဲ့သီရိမာကို ငါမရနိုင်ဘူးဆိုတာသိတဲ့အတွက်ကြောင့်လည်း ပင်ပန်း ရှာတယ်။ ဒီလောက်လှတဲ့အလှငါမရနိုင်ဘူး။ သီရိမာရောဂါဖြစ်ပြီ သီရိမာ ကွယ်လွန်ပြီ မပင်ပန်းဘူးလား၊

(ပင်ပန်းပါတယ်ဘုရား)။

ဒေါမနဿဝေဒနာ ဟုတ်လား။ စိတ်မှာဖြစ်တဲ့ဝေဒနာ ရုပ်မှာဖြစ်တဲ့ ဝေဒနာ နှစ်မျိုးစလုံး ဒီကိုယ်တော်ခံရတယ်။ ရူပသမ္ဘဝါ၊ ရူပါရုံကြောင့်ဖြစ် ကုန်သော။ အနေကာ၊ မြောက်များလှစွာကုန်သော။ ပါပကာ၊ ယုတ်မာကုန် သော။ ဝေဒနာ၊ ကာယိကဒုက္ခ စေတသိကဒုက္ခဝေဒနာတို့သည်။ ဝမ္ဘန္တိ၊ တိုးပွား၍လာကြကုန်လေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

ကုန္ဒြိယသံဝရသီလပျက် အဘိဇ္ဈာနှိပ်စက်

တဿ ဝမ္ဘန္တိ ဝေဒနာ၊ အနေကာ ရူပသမ္ဘဝါ။

အဘိဇ္ဈာ စ ဝိဟေသာ စ၊ စိတ္တမဿုပဟညတိ။ [၁]

အဘိဇ္ဈာ စ၊ အဘိဇ္ဈာတရားသည်လည်းကောင်း။ ပြင်းစွာလိုလား တောင့်တတာ အဘိဇ္ဈာ၊ ဒါကိုကာမစ္ဆန္ဒနီဝရဏခေါ်တယ် (မှန်လှပါဘုရား)။ အဘိဇ္ဈာ စ၊ ပြင်းစွာလိုလားတပ်မက်တတ်တဲ့အဘိဇ္ဈာတရားသည်လည်း ကောင်း။ ဝိဟေသာ စ၊ မရနိုင်လွန်းသည့်အတွက်ကြောင့်ပင်ပန်းခြင်းဆိုတဲ့ ဗျာပါဒနီဝရဏသည်လည်းကောင်း။ နှစ်ပါး၊ အဘိဇ္ဈာ စ ဝိဟေသာစ၊ ကာမစ္ဆန္ဒ ဗျာပါဒဆိုသော နီဝရဏတရားနှစ်ပါးသည်။ အဿ ပဋိလဿ၊ ထိုပဋိပက္ခလ်ရဲ့။

၁။ သံ၊ ၂။ ၂၉၆

စိတ္တံ၊ စိတ်ကို။ ဝိဟညတိ၊ နှိပ်စက်ပါပေတော့၏။ အဘိဇ္ဈာဗျာပါဒနီဝရဏာ တရားနှစ်ပါးသည် ထိုပုဂ္ဂိုလ်ကိုနှိပ်စက်တယ်။ ဘုန်းကြီးတို့ပရိသတ်နားလည် သွားပြီ။ ဘာဖြစ်တာတုန်းဆိုတော့ ကျန္ဒြိယသံဝရသီလရဲ့ပျက်စီးမှုကြောင့် ဒီလိုဖြစ်တာ။ ဘာပျက်စီးတာလဲ၊

(ကျန္ဒြိယသံဝရသီလပျက်စီးတာပါဘုရား)။

ဒီပါတိမောက္ခသံဝရပျက်စီးရင်လဲဒီအတိုင်းပဲ၊ ကျန္ဒြိယသံဝရသီလ ပျက်စီးတော့ ပင်ပန်းရှာတယ်။ ကျန္ဒြိယသံဝရသီလဘာကြောင့်ပျက်ဆိုတော့ သတိသမ္ပဇဉ်မယှဉ်လို့ပျက်တာ။

* **အဘိက္ကန္တေ ပတိက္ကန္တေ သမ္ပဇနကာရီ ဟောတိ** ရှေ့ပဲသွားသွား နောက်ပဲသွားသွား သတိသမ္ပဇဉ်ပါပါစေ။

* **အာလောကိတေ ဝိလောကိတေ သမ္ပဇာနကာရီ ဟောတိ** ရှေ့ကိုပဲ ကြည့်ကြည့် ဘေးကိုပဲကြည့်ကြည့် သတိသမ္ပဇဉ်ပါပါစေ။

* **သမိဉ္ဇိတေ ပသာရိတေ သမ္ပဇာနကာရီ ဟောတိ**၊ ခန္ဓာကိုယ် ကွေးခြင်ကွေး ဆန့်ခြင်ဆန့် သတိသမ္ပဇဉ်ပါပါစေ ဟုတ်လား။

* **သယ်ာဇ္ဈိပတ္တာစီဝရဓာရဏေ**၊ အဝတ်သင်္ကန်းတွေကိုကိုင်တွယ်တဲ့ အခါမှာ လဲသတိသမ္ပဇဉ်ပါပါစေ။ အဝတ်အထည်တွေကိုကိုင်ရင် သတိ သမ္ပဇဉ်နဲ့ကိုင်။

* **အသိတေ ပီတေ ခါယိတေ သာယိတေ သမ္ပဇာနကာရီ ဟောတိ**၊ စားရင်လဲသတိသမ္ပဇဉ်ယှဉ်, သောက်ရင်လဲသတိသမ္ပဇဉ်ယှဉ်, ခဲရင် ခဲဆိုတာက မုန့်လေးဘာလေးများ ကိုက်စားတာ အဲဒီအခါမှာလဲသတိသမ္ပဇဉ် ယှဉ်, လျှက်ဆားလေးများလျှက်ရင်လဲပဲသတိသမ္ပဇဉ်ယှဉ်။

* **ဥစ္စာရပသာဝ ကမ္မေ သမ္ပဇာနကာရီ ဟောတိ**၊ ကျင်ကြီးကျင်ငယ်စွန့် တာတောင်မှ။ သမ္ပဇာနကာရီ၊ သတိသမ္ပဇဉ်ယှဉ်သတိပညာမလွတ်နဲ့။

* **ဂတေ ဌိတေ နိသိန္နေ သုတ္တေ ဇာဂရိတေ ဘာသိတေ တုဏှီဘာဝေ**

---

*။ ဒီ၊ ၂။ ၂၃၃

သမ္ဗဇာနကာရီ ဟောတိ၊ ဂတော၊ သွားသည်ရှိသော်သွားတယ် သူမှာလည်း သတိသမ္ဗဇ်ပါရမယ်။ ဌိတော၊ ရပ်ပြန်တော့လည်း။ သမ္ဗဇာနကာရီ၊ သတိသမ္ဗဇ်ပါရမယ်။ နိသိန္နော၊ ထိုင်တော့လည်းပဲ။ သုတ္တော၊ အိပ်ပြန်တော့လည်းပဲ။ ဇာဂရိတော၊ နိုးတဲ့အခါမှာလည်းပဲ။ သမ္ဗဇာနကာရီတဲ့။ ဒီတော့ တနေ့လုံး တည်လုံးခန္ဓာကိုယ်ရဲ့လှုပ်ရှားမှုတိုင်းမှာ သတိပညာကပ်ပြီးတော့ထားတဲ့ပုဂ္ဂိုလ်ဟာ သီလလဲမပျက်ဘူး။ ဣန္ဒြေလဲ (မပျက်ပါဘုရား)။ ပါတိမောက္ခသံဝရသီလနှင့်ဣန္ဒြေယသံဝရသီလနှစ်ပါးအတွက်အခြေခံပြီး သတိ ပညာဆိုတာ နားလည်ထားရမယ်။ သတိသမ္ဗဇ်။

သီလလုံစေ၊ ဣန္ဒြေထိန်း၊ မယိမ်းသတိ၊ ပညာရှိနော်။

သန္တိဋ္ဌ နှင့်ပေါင်းရတာလေးနှင့်ကျေနပ်မှုပေါ့၊ ဟိုးတောရွာက ဆန်ကြမ်းလေးနှင့်နှမ်းပတ်ချဉ်လေးတော်ရောပေါ့။ ဘာဖြစ်လို့ ရာဇဂြိုဟ်က သီရိမာဆွမ်းကြိုက်ရတာတုန်း။ အဲဒါကြောင့်လောင်သွားတာ။ သန္တိဋ္ဌ၊ ရောင့်ရဲတင်းတိန်မှုမရှိရင် ပင်ပန်းတယ်မဟုတ်လား။ ရောင့်ရဲတင်းတိန်မှု မရှိတော့ ဘာဖြစ်တုန်း နိဝရဏတွေဝင်တာပေါ့။ ဒါကြောင့် သီလပျက်ရင် နိဝရဏဝင်တယ်။ ဣန္ဒြေပျက်ရင် နိဝရဏဝင်တယ်။ သတိလွတ်ရင် နိဝရဏဝင်တယ်။ ပညာလွတ်ရင် နိဝရဏဝင်တယ်။ ရောင့်ရဲတင်းတိန်မှုမရှိရင် နိဝရဏဝင်တယ်။ အဲဒီနိဝရဏကိုသီလနှင့်ထိန်းရမယ်။ ဣန္ဒြေနဲ့ထိန်းရမယ်။ သတိနဲ့ထိန်းရမယ်။ ပညာနဲ့ထိန်းရမယ်။ သန္တိဋ္ဌဆိုတဲ့ရောင့်ရဲတင်းတိန်မှုနဲ့ထိန်း မှ နိဝရဏဆိုတာ ခေါင်းပါးတယ် ဟုတ်ပြီလား (မှန်လှပါဘုရား)။

ဣမိနာ ပန သီလေန သမ္ပန္နာဂတော။

ဣမိနာ သီလေနစ၊ ဤသီလနှင့်လည်းကောင်း။ ဣမိနာ ဣန္ဒြေယသံဝရေနစ၊ ဤဣန္ဒြေယသံဝရဆိုတဲ့ဣန္ဒြေတို့ကိုစောင့်ရှောက်မှုနှင့်လည်းကောင်း။ ဣမိနာ သတိသမ္ဗဇေနစ၊ ဤသတိသမ္ဗဇ်တရားနှစ်ပါးနှင့်လည်းကောင်း။ ဣမာယ သန္တိဋ္ဌိယာ စ၊ ဤသန္တိဋ္ဌိ တရားနှင့်လည်းကောင်း။ ဘယ်နှစ်ပါးလဲ (လေးပါဘုရား)။ ပါတိမောက္ခသံဝရ သီလရယ် ဣန္ဒြေယသံဝရသီလရယ် သတိပညာဆိုတဲ့သတိသမ္ဗဇ်ရယ် သန္တိဋ္ဌိရယ်ဘယ်နှစ်ပါးလဲလေးပါး။

ကွမေဟိ စတူဟိ ဓမ္မေဟိ၊ ဤလေး ပါးတို့နှင့်။ သမ္ပန္နာဂတော၊ ပြည့်စုံသော။ ဘိက္ခု၊ ဘုရားသားတော်ရဟန်းတော်သည်။

ကမ္မဋ္ဌာန်းအားထုတ်ရမည့်နေရာ

ဝိဝိတ္တံ သေနာသနံ ဘဇတိ အရည် ရုက္ခမူလံ ပဗ္ဗတံ ကန္ဒရံ ဂိရိဂုဟံ သုသာနံ ဝနပတ္ထံ အဗ္ဘောကာသံ ပလာလပုဉ္ဇံ။ တဲ့။ [၁]

နေရာရွေး ဤလေးပါးသောအင်္ဂါနှင့်ပြည့်စုံတဲ့အခါကြတော့ ဝိဝိတ္တံ သေနာသနံ ဘဇတိ၊ လူသူ လေးပါးကင်းလို့ အာရုံငါးပါးတိတ် အပေါင်းဖော် တွေတိတ်တဲ့ဝိဝိတ္တသေနာသနသို့ချဉ်းကပ်၊ ဝိဝိတ္တံ သေနာသနံ၊ ဆိပ်ငြိမ်တဲ့ ကျောင်းအိပ်ရာနေရာကို။ ဘဇတိ ချဉ်းကပ်ရမယ်။ ဆိပ်ငြိမ်တဲ့ကျောင်း အိပ်ရာ နေရာ သရုပ်ထုပ်ပြောဆိုတော့ အရည်၊ တော။ ရုက္ခမူလံ၊ သစ်ပင်ရင်း။ ပဗ္ဗတံ၊ တောင်တန်းကြီးတွေ။ ကန္ဒာရံ ၊ချောက်ကြားထဲ။ ဂိရိဂုဟံ၊ တောင်စောင်းတဲ့ လှိုဏ်ခေါင်းတဲ့။ သုသာနံ၊ သုသာန်။ ဝနပတ္ထံ၊ တောနက်, တောခြုံ, တောအုံ အဲလိုနေရာတွေသွားပါ။ အဗ္ဘောကာသံတဲ့။ တချို့ကြတော့လဲ လွင်တီးခေါင်, ကွင်းပြင်ကြီးများ, အရိပ်အာဝါသမရှိ ကွင်းပြင်ကြကြီးထဲသွားအားထုတ်ပါ။ အဲဒါဘာအတွက် အဗ္ဘောကာသကိုပြောတာတုန်းဆိုတော့ ဘုန်းကြီးတို့ ပရိသတ် ထိနမိဒ္ဓ နိဝရဏကိုဖြေဖြောက်ဖို့ရန်အတွက်ပြောတာ။ အခန်းလေးက မှောင်လည်းမှောင်သေးတယ်၊ လုံလည်းလုံသေးတယ်၊ သစ်ရိပ်တွေကလဲဖုံးနေသေးတယ်။ အအေးဓာတ်တွေကလဲလွှမ်းနေသေးတယ်။ အဲဒီထဲထိုင် နာရီဝက်ဆိုအိပ်ပြီ ဟုတ်လား။

ထိနမိဒ္ဓကင်းပျောက်သည့်နေရာ

အဲဒါကြောင့် အလင်းရောင်ကောင်းကောင်းရ လေလေးတဖြူးဖြူးနှင့် ကွင်းပြင်ကြီးထဲထိုင်လိုက်ရင် အိပ်ခြင်ခြင်း ငိုက်မျဉ်းခြင်းကင်းသပေါ့။ အာလောကသညီနော် ဟုတ်လား။ တနည်း အလင်းရောင်ဆိုတာကို ကောင်းကောင်းကြီးရှုမှတ်နေသောပုဂ္ဂိုလ်သည် အိပ်ခြင်းငိုက်မျဉ်းခြင်း မရှိဘူးပေါ့။ အာလော

၁။ မ၊ ၁။ ၃၄၂

ကသညာသည် ထိနမဒ္ဓကို ပြေပြောက်စေတယ်။

ဒါကြောင့် အဇ္ဈောကာသံ၊ လွင်တီးခေါင်၊ ရှိသေးတယ်ပြီးတော့ နောက်နားက ပလာလပုဠ်၊ ကောက်ရိုးပုံလေးများလည်း တရားထိုင်လို့ကောင်းတယ်။ ဆောင်းတွင်းနွေးတယ်။ အဇ္ဈောကာသံ ပလာလပုဠ် အဲဒီလိုနေရာကိုချဉ်းကပ်ပါတဲ့။ ဝိဝိတ္တံ သေနာသနံ၊ ဤကဲ့သို့ပြောပြထားခဲ့တဲ့ကျောင်းအိပ်ရာ နေရာတွေကို။ ဘဇတိ ချဉ်းကပ်တယ်။ ချဉ်းကပ်ပြီးတဲ့အခါကြတော့၊ ပလ္လင်္ကံ အာဘုဇိတ္စာ၊ တင်ပလ္လင်ခွေပြီးတော့။ဥဇုံ ကာယံ ပဏိဓာယ၊ အထက်ပိုင်းကိုယ်ဖြောင့်ဖြောင့်ထား အောက်ပိုင်းကိုခွေထား။ သတိ ၊ သတိကိုပရိဘာဂကမ္မဋ္ဌာန်းအာရုံရှိရာရှေ့ရှု၊ ဥပဋ္ဌာပေတွာ၊ ဖြစ်စေ၍။ ကမ္မဋ္ဌာန်းအာရုံရှိရာကိုရှေ့ရှု သတိထားပြီးတော့။ နိသီဒတိ၊ ကောင်းစွာမသွေထိုင်ရပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

နိဝရဏဂြိမ်းအောင် အားထုတ်ရန်အဂ်ီ

နေရာလဲ ဘုန်းကြီးတို့ ပရိသတ်ပေးလိုက်တယ် နိဝရဏကွာအောင် အားထုပ်ဖို့ဆိုပြီးတော့ နေရာရယ်၊ ခန္ဓာကိုယ်အနေအထားရယ်၊ ပြီးတော့ အခြေခံအဂ်ီလေးခုရယ် သီလရယ် ဣန္ဒြေထိန်းသိမ်းမှုရယ် သတိသမ္ပဇဉ်ရယ် သန္တုဋ္ဌိရယ် ဘယ်နှစ်ပါးလဲ (လေးပါးဘုရား) အဲဒီ အခြေခံတရားလေးပါးကို စောင့်ရှောက်ပြီးတော့ ဆိပ်ငြိမ်တဲ့အရပ်ကလေးများချဉ်းကပ် တိတ်တိတ်ဆိတ်ဆိတ်တဲ့တစ်ယောက်တည်း ဘုန်းကြီးတို့ပရိသတ် ကမ္မဋ္ဌာန်းအာရုံကိုပေါ် သတိတင်ပြီးတော့ အဲဒီမှာဆင်ခြင်တဲ့ကမ္မဋ္ဌာန်းတခုခုပေါ့ ဘယ်ကမ္မဋ္ဌာန်းပဲဖြစ်ဖြစ် သမထပဲဖြစ်ဖြစ် ဝိပဿနာပဲဖြစ်ဖြစ် အာနာပါနပဲဖြစ်ဖြစ် ကာယာနုပဿနာ ဝေဒနာနုပဿနာ စိတ္တာနုပဿနာ ဓမ္မာနုပဿနာတစ်ခုခု ဘယ်ကမ္မဋ္ဌာန်းမဆိုအားထုတ် နိဝရဏဂြိမ်းနိုင်တာပေါ့။

ယခုနက အခြေခံလေးပါးပြည့်စုံကတည်းက နိဝရဏဟာတဝက်လောက်ကုန်နေပါပြီ (မှန်လှပါဘုရား) သီလလဲပြည့်စုံတယ်၊ ဣန္ဒြေကိုလဲနိုင်တယ်၊ သတိပညာလဲပြည့်စုံတယ်၊ သန္တုဋ္ဌိနှင့်လဲပြည့်စုံတယ် နိဝရဏကကုန်တော့မယ်။ အဲဒီမှာကမ္မဋ္ဌာန်းအာရုံကို ကောင်းကောင်းကြီးယူလိုက်ပြီလဲဆို

ရော နီဝရဏသည်ဝင်ခွင့်မရဘူး။ အာနာပါနဆိုကြပါစို့-

(၁) သတော ဝါ အဿသတိ ပဿသတိ၊ သတိထား၍ပြီးတော့ ထွက်လေ ဝင်လေကိုရှုလိုက်၊

(၂) ဒီဃ ရဿ အတိုအရှည် ထွက်လေ ဝင်လေ ကြာမကြာ သတိထား၍ပြီးတော့ရှုလိုက် ကြာရင်ကြာသလောက် သတိအသိလိုက် မြန်ရင် မြန်သလောက် သတိနှင့်အသိလိုက်ထား ဒီဃရဿ၊

(၃) သဗ္ဗကာယပ္ပဋိသံဝေဒီ အစလည်းသိပါစေ၊ အလယ်လည်း သိပါစေ၊ အဆုံးလည်းသိပါစေ၊ အစ အလယ် အဆုံး သုံးချက်လုံးကိုမိအောင် သတိနဲ့အသိလိုက်ပါ။

(၄) တဖြည်းဖြည်း စိတ်တွေငြိမ်သွားတဲ့အတွက်ကြောင့် နူးညံ့သွား သောထွက်လေ ဝင်လေကိုလည်း သတိမလွတ်အောင် နူးညံ့သိမ်မွေ့တဲ့ သတိနဲ့ပဲမိအောင်လိုက်၊ အဲဒါက ပဿမ္ဘယံ ကာယသင်္ခါရံကိုပြောတာ။ အာနာပါနသတိရဲ့ဒါလေးခုတွဲရှုမှတ်တဲ့နည်းပေါ့နော်။ ဝိတက်ငြိမ်းအောင် အခိုးတွေငြိမ်းအောင်သတ်တဲ့အပိုင်းတုန်းက ဒီအကြောင်းရာကိုအကျယ်ဟောထားခဲ့ပါတယ်။ ယခုအခါထပ်ပြောရင် နှစ်ထပ်ကွမ်းကြီးဖြစ်ပါလိမ့်မယ်။ ဒါကြောင့် အာနပါနရှုပွားနည်းအကျယ်ကို အခိုးငြိမ်းအောင်သတ်တဲ့နည်း၊ ဝိတက်ဆိုတာ အခိုးလွှတ် အခိုးငြိမ်းအောင် ဘယ်နှယ့်လုပ်မလဲ။ အာနပါနဆိုတာကို ပြောထားခဲ့ပါတယ်။

အာနပါနသတိ ဘာဝေတဗ္ဗာ ဝိတက္ကူပစ္ဆေဒါယ။ ဒီအပိုင်းပြောခဲ့လို့ ဒီနေရာဒီလောက်ပဲထားလိုက်။

သော အဘိဇ္ဈံ လောကေ ပဟာယ ဝိဂတာ ဘိဇ္ဈေန စေတသာ ဝိဟရတိ၊ အဘိဇ္ဈာယ စိတ္တံ ပရိသောဓေတိ။ [၁]

ထွက်လေ ဝင်လေရဲ့ အစ, အလယ်, အဆုံးသုံးချက်လုံးကိုလည်း မိတယ်။ သိမ်မွေ့နူးညံ့တဲ့ ထွက်လေဝင်လေကိုလည်း သိမ်မွေ့စွာသောအသိနှင့်

၁။ မ၊ ၁။ ၃၄၂

သတိကလည်းလိုက်နိုင်တယ်ဆိုတော့ ထွက်လေဝင်လေနှင့်သတိနှင့်တွဲပြီးတော့ တစ်လျှောက်တည်းသွားတော့ အခုနကနိဝရဏတွေ ဒီမှာဝင်ခွင့်ရအုံးမှာလား (မရပါဘုရား)။ သော အဘိဇ္ဈံ လောကေ ပဟာယ ဝိဂတာဘိဇ္ဈေန စေတသာ ဝိဟရတိ။ သော၊ ထိုယောဂီပုဂ္ဂိုလ်သည်။ အဘိဇ္ဈံ၊ အဘိဇ္ဈာတရားကို။ ပဟာယ၊ ပယ်စွန့်ပြီးတော့။ ဝိဂတာဘိဇ္ဈေန စေတသာ၊ အဘိဇ္ဈာကင်းသောစိတ်ဖြင့်။ ဝိဟရတိ၊ နေနိုင်ခဲ့တယ်။ အဘိဇ္ဈာကင်းကွာသာရှင်းသောစိတ်ဖြင့် ဟောဒီမှာနေနိုင်သွားပြီ။ အဘိဇ္ဈာယ စိတ္တံ ပရိသောဓေတိ၊ အဘိဇ္ဈာယ၊ အဘိဇ္ဈာဆိုသောကာမစ္ဆန္ဒနိဝရဏမှ။ စိတ္တံ၊ တောင့်တနေတဲ့စိတ်ကို။ ပရိသောဓေတိ၊ ကောင်းစွာ မသွေသုတ်သင်နိုင်ခဲ့ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

အမည်အမျိုးမျိုးရ ထိုဒေါသ

ဗျာပါဒပဒေါသံ ပဟာယ အဗျာပန္နစိတ္တော ဝိဟရတိ သဗ္ဗပါဏဘူတဟိတာနုကမ္ပီ၊ ဗျာပါဒပဒေါသာ စိတ္တံ ပရိသောဓေတိ။ ။

သော၊ ထိုယောဂီပုဂ္ဂိုလ်သည်။ ဗျာပါဒပဒေါသံ၊ ဗျာပါဒနိဝရဏကို။ ပဟာယ၊ ပယ်စွန့်၍၊ သဗ္ဗပါဏဘူတဟိတာနုကမ္ပီ၊ အလုံးစုံသော ထွက်သက်ဝင်သက် မပျက်မသွေရှိ၍နေသောသတ္တဝါတို့၌ ကောင်းကျိုးကိုလိုလားသောစိတ်ဖြင့်။ ဗျာပါဒပဒေါသာယ၊ ဗျာပါဒနှင့်ပဒေါသ တရားကိုယ်ဟာ ဒေါသစေတသိတ်တစ်လုံးတည်းပဲ၊ နိဝရဏကြတော့သူကိုဗျာပါဒလို့သုံးပါတယ်။ ပိုပြီးတော့ထင်ရှားအောင်-

သူတစ်ပါးရဲ့ချမ်းသာကိုဖျက်ဆီးတဲ့အပိုင်းကြတော့ ပဒေါသ (တနည်း) ပဒုဋ္ဌ ဒီလိုသုံးတယ်။ သူတစ်ပါးတို့ရဲ့ချမ်းသာမှုကိုဖျက်ဆီးတဲ့ အပိုင်းကြတော့ ပဒုဋ္ဌစေတနာ။ ဒေါသနှင့်စေတနာတွဲပုံဒါမျိုးလည်းသုံးပါတယ်။

မိမိရဲ့စိတ်ချမ်းသာမှုကိုဖျက်ဆီးတဲ့အပိုင်းကြတော့ ဟောဒီမှာ နိဝရဏထဲက ဗျာပါဒ။ ဗျာပဇ္ဇတိ၊ မိမိရဲ့ ချမ်းသာမှုကို နှောင့်ယှက်ပြစ်တယ် ဖျက်ဆီးပြစ်တယ်။ အဲဒါကြောင့် ဗျာပါဒ။

၁။ မ၊ ၁။ ၃၄၂

ဒေါသကိုနှိမ်နင်းတဲ့နည်းလမ်း

ဗျာပါဒပဒေါသံ ပဟာယ၊ ဗျာပါဒပဒေါသံ၊ မိမိရဲ့ချမ်းသာကိုနှောင့်ယှက်ခြင်း မိမိစိတ်ကိုနှောင့်ယှက်ခြင်း၊ သူတစ်ပါးစည်းစိမ်ကိုဖျက်ဆီးခြင်းဆိုသောဗျာပါဒတရားကို။ ပဟာယ။ ပယ်စွန့်၍။ သဗ္ဗပါဏ ဘူတဟိတာနုကမ္ပီ၊ အလုံးစုံသောသတ္တဝါတို့ရဲ့အကျိုးစီးပွားကိုစောင့်ရှောက်လိုသောစိတ်ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေရမယ်။

သီလရယ် ဣန္ဒြေထိန်းမှုရယ် သတိသမ္ပဇဉ်ရယ် သန္တုဋ္ဌိရယ်ဤတရားလေးပါးလုံခြုံတဲ့ပုဂ္ဂိုလ်ဟာ ဒေါသကိုနှိမ်နှင်းနိုင်တယ်။ ဗျာပါဒကိုနှိမ်နင်းနိုင်တယ်။ သဗ္ဗပါဏဘူတဟိတာနုကမ္ပီ၊ အလုံးစုံသောသတ္တဝါတို့ရဲ့အကျိုးကိုလိုလားတဲ့စိတ် သူသည်မွေးနိုင်တယ်။ သဗ္ဗပါဏဘူတဟိတာနုကမ္ပီ၊ အလုံးစုံသောသတ္တဝါတို့ရဲ့အကျိုးကိုလိုလားတဲ့စိတ်ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေရမယ်။ ဗျာပါဒပဒေါသာ၊ ဗျာပါဒတရားမှ။ စိတ္တံ၊ စိတ်ကို။ ပရိသောဓေတိ၊ ကောင်းစွာမသွေ သန့်ရှင်းအောင်သုတ်သင်နိုင်ခဲ့ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

ဘုန်းကြီးတို့ပရိသတ်များ ဘယ်နှစ်ခုရသွားတုန်း၊
(ဆယ်တစ်ခုပါ ဘုရား)

ကာမစ္ဆန္ဒရယ် ဗျာပါဒရယ် ဒိန္နစ်ခုပယ်တဲ့အကြောင်းကို ဘုန်းကြီးတို့ပရိသတ်အားပြောပြထားတယ်။ တံတွေးသီးတာနဲ့ ပါးစပ်ထဲဘာဝင်တယ် မသိပါဘူး။ ကာမစ္ဆန္ဒဗျာပါဒပြီးတော့ ဘာနီဝရဏလဲ (ထိနမိဒ္ဓပါဘုရား)။

အလင်းရောင်ရောက် အိပ်ချင်စိတ်ပျောက်

ထိနမိဒ္ဓံ ပဟာယ ဝိဂတထိနမိဒ္ဓေါ ဝိဟရတိ အာလောကသညီ သတော သမ္ပဇာနော။ [၁]

ထိနမိဒ္ဓံ၊ ထိနမိဒ္ဓတရားကို။ ပဟာယ၊ ပယ်စွန့်၍၊ ဝိဂတထိနမိဒ္ဓေါ၊ ကင်းသော ထိနမိဒ္ဓရှိသည်ဖြစ်၍။ အာလောကသညီ၊ အလင်းရောင်ကိုမှတ်

၁။ မ၊ ၁။ ၃၄၂

သားသော အာလောကသညာဆိုတဲ့အမှတ်အသားရှိသည်ဖြစ်၍။ ထနမိဒ္ဓ ကင်းဖို့ရန်အတွက် အာလောကသညာကိုရအောင်ယူ။ အာလောက ဘာပါ လိမ့်၊

(အာလောကပါဘုရား)

လွင်းတီးခေါင်းမှာနေခြင်းဖြင့် အာလောက သညာကောင်းစွာရတယ်၊ အကယ်၍လေတိုက်မယ် နေပူမယ် မိုးရွာမယ်ဆိုရင် လွင်တီးခေါင်မှာမနေနိုင်ဘူး။ လွင်တီးခေါင်မနေနိုင်တော့ အာလောကသညာ မရဘူး။ အဲဒီတော့ ကမ္မဋ္ဌာန်းကျောင်းလေးထဲဝင်၊ လေတိုက်ရင်ကျောင်းထဲဝင်၊ မိုးရွာရင်ကျောင်း ထဲဝင်၊ နေပူရင်ကျောင်းထဲဝင်၊ လေတိုက်ခြင်း နေပူခြင်း မိုးရွာခြင်းက ကျောင်း ထဲဝင်ပြီးတော့အားထုတ်နေ၊ ကိုင်း ထိန မိဒ္ဓဝင်လာပြီဆိုတော့ ငိုက်လာပြီဆို တော့ အာလောကသညာကိုတံခါးပိတ်နေတဲ့ကျောင်း တိတ်တိတ်ထဲကဘယ် လိုလုပ်အာလောကသညာယူမလဲ၊ အဲဒီအခါကြတော့ တံခါးဖွင့်၊ ငိုက်လာတယ် အိပ်ခြင်လာတယ်ဆိုရင်ကျောင်းပြင်ထွက် ဟုတ်လား၊ (မှန်လှပါဘုရား) ငိုက် လာတယ် အိပ်ခြင်လာတယ်ဆို တံခါးဖွင့်ကျောင်းပြင်ကိုထွက် ကျောင်းပြင် ထွက်တော့လဲပဲ ကမ္မဋ္ဌာန်းကျောင်းအပြင်ထွက်တော့လဲပဲ တစ်လောကလုံးက ညကြီးသန်းခေါင်ကျော်ကြီးဗျာ မှောင်းကြီးကျနေလို့တဲ့ အာလောကသညာ ကိုင်းဘယ်နှယ်လုပ်မလဲ။

ကောင်းကင်းမော့ကြည့်လိုက်စမ်းပါ၊ မိုးသားတိမ်တိုက်တွေမရှိဘူး၊ ကြယ်တွေ လတွေသွားနေတယ်၊ လ မထွက်ဘူးပဲထား ကြယ်လေးတွေဖွေးဖွေး နှင့်သွားနေရင်ကိုပဲအာရုံယူလိုက်တော့ အာလောကသညာမရဘူးလား၊

(ရပါတယ်ဘုရား)

အဲဒါကြောင့် အိပ်ခြင်လာ တိုတိုပြောမယ် မှောင်းကြီးကြနေတဲ့ ညအခါများ ကျောင်းပြင်ထွက် အိမ်ပြင်ထွက် ကောင်းကင်မော့ကြည့် ကြယ် လေးတွေဖွေးဖွေး ဖွေးဖွေးနှင့်သွားနေတာကိုမြင်ရခြင်းအားဖြင့် အိပ်ခြင် ငိုက် မျဉ်းတဲ့စိတ်ဟာ အဲဒီမှာကင်းရှင်းပြီးတော့သွားပါတယ်။ အာလောကသညာ သည် ထိနမိဒ္ဓကိုပြေပျောက်စေပါတယ်။

အာလောကသညီ သတော သမ္မဇာနော ထိနမိဒ္ဓါ စိတ္တံ ပဒ္ဓိသော ဓေတိ၊

အာလောကသညီ၊ အလင်းရောင်းကိုကောင်းစွာအမှတ်ရသည်ဖြစ်၍။ ထိန မိဒ္ဓါ၊ ထိနမိဒ္ဓတရားမှ။ စိတ္တံ၊ စိတ်ကို။ ပရိသောဓေတိ၊ ကောင်းစွာမသွေ သုတ်သင်နှိုင်ခဲ့ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

ဘယ်နှစ်ခုလဲ (သုံးခုပါဘုရား)။ အဘိဇျာရယ် ဗျာပါဒရယ် ထိနမိဒ္ဓ ရယ်၊ ကာမစ္ဆန္ဒနီဝရဏ၊ ဗျာပါဒနီဝရဏ၊ ထိနမိဒ္ဓနီဝရဏ၊ ပြီးတော့ဥဒ္ဓစ္စ ကုက္ကုစ္စ တဲ့။

ငြိမ်လည်းငြိမ် ငြိမ်းလည်းငြိမ်း

ဥဒ္ဓစ္စကုက္ကုစ္စံ ပဟာယ အနုဒ္ဓတော ဝိဟရတိ အဇ္ဈတ္တံ ဥပသန္တ စိတ္တော၊ ဥဒ္ဓစ္စကုက္ကုစ္စာ စိတ္တံ ပရိသောဓေတိ။ ၂

ဥဒ္ဓစ္စကုက္ကုစ္စဆိုတဲ့ပုဂ္ဂလောင်မှု ဒီနှစ်ခုကိုလည်းပဲ၊ ပဟာယ၊ ပယ်စွန့်၍။ အနုဒ္ဓတော၊ ပြန့်လွင့်ခြင်းမရှိပဲ။ ခုနက ထွက်လေ ဝင်လေပေါ်မှာ သတိက ငြိမ်ပြီး စိတ်ကငြိမ်ပြီးတော့ကျနေတယ်။ ဘာနဲ့ထိန်းပေးလို့တုန်းဆိုတော့ သတိပညာနဲ့ထိန်းပေးထားတာနော်။ သတိ ပညာနဲ့ထိန်းပေးထားတော့ စိတ်သည် ထွက်လေဝင်လေပေါ်မှာငြိမ်ပြီးတော့ကျနေတဲ့အတွက်ကြောင့်။ အနုဒ္ဓတော၊ မပြန့်တော့ဘူး။ အဇ္ဈတ္တံ၊ အတွင်းသန္တာန်ပိုင်းမှာ၊ ဥပသန္တစိတ္တော၊ ငြိမ်းချမ်းသောစိတ်ရှိသည်ဖြစ်၍။ ငြိမ်ပြီးတော့နေပါတယ်။ ငြိမ်လည်းငြိမ်တယ် ငြိမ်းလည်းငြိမ်းတယ်။ ငြိမ်ဆိုတာက ဥဒ္ဓစ္စမရှိတာ။ ငြိမ်းဆိုတာက ကုက္ကုစ္စ မရှိတာဟုတ်လား (မှန်လှပါဘုရား)။ အနုဒ္ဓတော၊ လှုပ်ရှားခြင်းမရှိတော့သည် ဖြစ်၍။ အဇ္ဈတ္တံ ဥပသန္တစိတ္တော၊ အတွင်းပိုင်းမှာလည်း ငြိမ်းချမ်းသောစိတ်ရှိသည်ဖြစ်၍။ ဥဒ္ဓစ္စကုက္ကုစ္စာ၊ ဥဒ္ဓစ္စတရားကုက္ကုစ္စတရားမှ။ စိတ္တံ၊ စိတ်ကို။ ပရိသောဓေတိ၊ ကောင်းစွာမသွေ သုတ်သင်နှိုင်ခဲ့ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

၁။ ၂။ မ၊ ၁။ ၃၄၂

ကျွးလွန်မိတဲ့မကောင်းမှု လက်လွတ်ဆုံးရှုံးသွားတဲ့ကောင်းမှု

ဘယ်နှစ်ခုရသလဲ (လေးခုရပါတယ်ဘုရား)။ ပဥ္စမနိဝရဏကဘာလဲ (ဝိစိကိစ္ဆာပါဘုရား)။ ဝိစိကိစ္ဆာနော်။

ဝိစိကိစ္ဆံ ပဟာယ တိဏ္ဏဝိစိကိစ္ဆော ဝိဟရတိ အကထံကထီ ကုသ လေသု ဓမ္မေသု ဝိစိကိစ္ဆာယ စိတ္တံ ပရိသောဓေတိ။ [၁]

ဝိစိကိစ္ဆံ၊ ဝိစိကိစ္ဆာတရားကို။ ပဟာယ၊ ပယ်စွန့်၍။ ဝိစိကိစ္ဆာ၊ ဝိစိကိစ္ဆာတရားမှ။ စိတ္တံ၊ စိတ်ကို၊ ပရိသာဒေတိ၊ သုတ်သင်တယ်။ ဝိစိကိစ္ဆာကို သုတ်သင်တယ်ဆိုတာကတော့ ဘုန်ကြီးတို့ပရိသတ် ယခုနကပြောခဲ့တဲ့နှစ်ချက်ပဲ။ ဘယ်နှယ့်တုန်းဆိုတော့-

တစ်က လုပ်မိတဲ့မကောင်းမှု၊ မလုပ်လိုက်မိတဲ့ကောင်းမှု။ ဒီနှစ်ခုကို ပြန်စဉ်းစားတာ မဟုတ်လား။ အကယ်၍လုပ်မိတဲ့ မကောင်းရှိရင် အဲဒါပြန်မစဉ်း စားနဲ့၊ လက်လွတ်ဆုံးရှုံးသွားတဲ့ကောင်းမှုတွေရှိရင်လဲပဲ ပြန်မစဉ်းစားနဲ့။ တရားအားထုတ်တဲ့အခါ အဲဒီနှစ်ခုကိုအသာလေးချန်ထားလိုက်။ ဒါပဲထပ်တလဲလဲစဉ်းစားရင် ပူလာလို့ အဲဒါရှူလို့ မဖြစ်တော့ဘူးနော်။ ပိုကောင်းတာကတော့ လုပ်မိတဲ့မကောင်းမှုလည်းမရှိစေနဲ့၊ လက်လွတ်ဆုံးရှုံးသွားတဲ့ကောင်းမှုဆိုတာလည်းမရှိစေနဲ့။ ကောင်းမှုမှန်သမျှဘယ်မှလက်မလွတ်စေနဲ့ကြိုးစားထား၊ မကောင်းမှုမှန်သမျှအားလုံးပဲရှောင်လိုက်။ ဒါဆိုရင် ကုက္ကုစ္စလာဉီးမှာလား (မလာတော့ပါဘုရား)။ ကတံကတပဒဋ္ဌာနံ မရှိဘူးတဲ့ဟုတ်လား (မှန်လှပါဘုရား)။ အေး ဒီတော့ရင် ကုက္ကုစ္စငြိမ်းခြင်းရဲ့အကြောင်းကတော့ ဒီနှစ်ခုထိန်းဖို့ပါပဲ။ လုပ်မိတဲ့မကောင်းမှုကင်းဖို့ရယ်၊ မလုပ်လိုက်မိတဲ့ကောင်းမှုဆိုတာမရှိဘို့ရယ် ဒီနှစ်ပါး၊ (မှန်လှပါဘုရား)။ ဒါကြောင့် ကုက္ကုစ္စာ၊ ကုက္ကုစ္စာတရားမှ။ စိတ္တံ၊ စိတ်ကို။ ပရိသာဓေတိ၊ ကောင်းစွာမသွေ သုတ်သင်နိုင်ခဲ့ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

အဲဒီအချိန် စိတ်ထဲမှာမှန်ပြီးတော့ ကြည့်လိုက်စမ်းပါ။

၁။ မ၊ ၁။ ၃၄၃

သော တတော နိဒါနံ လဘေထ ပါမောဇ္ဇံ၊ အဓိဂစ္ဆေယျ သောမနသ်ံ။ [၁]

သော ပုဂ္ဂလော၊ ထို ကဲ့သို့သောပုဂ္ဂိုလ်သည်။ တတောနိဒါနံ၊ ထိုကဲ့သို့သောနိဝရဏာငါးပါးကိုပယ်ရှားနိုင်ခဲ့သည်ဖြစ်ခြင်းကြောင့်။ ပါမောဇ္ဇံ၊ ဝမ်းမြောက်ခြင်းဟူသောပါမောဇ္ဇတရားကို။ အဓိဂစ္ဆေယျ၊ ရခဲ့လေရာ၏။ လဘေယျ ပါမောဇ္ဇံ အဓိဂစ္ဆေယျ သောမနသ်ံ။ သောမနသ်ံ၊ ဝမ်းသာခြင်း ချမ်းသာခြင်းဆိုသောသောမနဿဝေဒနာကိုလည်းပဲ။ အဓိဂစ္ဆေယျ၊ ကောင်းစွာမသွေ ရရှိနိုင်ခဲ့ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

ဝမ်းမြောက်ကြည်နူးလိုလျှင် နိဝရဏတွေပယ်

ဒီနိဝရဏတရားငါးပါး ကင်းသွားတဲ့အခါ
လဘေထ ပါမောဇ္ဇံ အဓိဂစ္ဆေယျ သောမနသ်ံ၊

ပါမောဇ္ဇဆိုတာက နုသောဝမ်းမြောက်ခြင်းနော်။ သောမနဿဆိုတာကတော့ အားပါးတရဝမ်းမြောက်တာကို သောမနဿ။ သိမ့်သိမ့်, သိမ့်သိမ့်နဲ့ ဖြေး ဖြေးခြင်းဝမ်းမြောက်တာကို ပါမောဇ္ဇလို့ခေါ်တယ်။ အားပါးတရကြီးဖြစ်သွားတဲ့အခါကြတော့ သောမနဿခေါ်တယ်။ သောမနဿတရားရဲ့ အနု, အရင့်ပဲနော် (မှန်လှပါဘုရား)။ အဲဒီဝမ်းမြောက်ခြင်း ကြည်နူးခြင်း ရွှင်မြူးခြင်းဆိုတဲ့ပါမောဇ္ဇတရား သောမနဿတရားတွေကို ဒီအချိန်ရလာတယ်တဲ့၊ ဘာကြောင့်ရတာတုန်းဆိုတော့ နိဝရဏာငါးပါးကိုပယ်နိုင်လို့။ သီလနဲ့ပယ်၊ ဣန္ဒြေကိုထိန်းချုပ်ပယ်၊ သတိပညာနဲ့ပယ်၊ သန္တုဋ္ဌိနဲ့ပယ်၊ ဟုတ်လား။

ဒီတရားလေးပါးကိုအခြေခံပြီးတော့ ဆိတ်ငြိမ်ရာ ချဉ်းကပ်ပြီးတော့ တစ်စုံတစ်ခုသောတရားကို ရှုမှတ်လိုက်တဲ့အခါ ထိုတရားအာရုံပေါ်မှာ စိတ်သည်ငြိမ်ဝပ်ပြီး ကျရောက်သွားတဲ့အခါ ယခုနကငါးမျိုးသောတရားတို့ သည်ဝင်ရောက်ခွင့်မရတဲ့အတွက်ကြောင့် **လဘေထ ပါမောဇ္ဇံ အဓိဂစ္ဆေယျ**

၁။ မ၊ ၁။ ၃၄၃

သောမနဿ။ ပါမောဇ္ဇ၊ ဝမ်းမြောက်ခြင်းကို။ လဘေယျ၊ ရမယ်၊ သောမနဿ၊ ဝမ်းမြောက်ခြင်းကို၊ အဓိဂစ္ဆေယျ၊ ရမယ်။ နုသောဝမ်းမြောက်ခြင်း ပါမောဇ္ဇ၊ အားကောင်းသောဝမ်းမြောက်ခြင်းဆိုတဲ့သောမနဿ အဲဒါကိုရတယ်။

နီဝရဏာကင်းခြင်းသည် ကြွေးကင်းတဲ့ပုဂ္ဂိုလ်နဲ့တူတယ်

ဘုန်းကြီးတို့ပရိသတ်များ တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်သည် တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်ထံက ငွေများကြေးများကိုချေးငှားပြီးတော့ စားသုံးကြတယ်။ မိမိရှိပစ္စည်းနဲ့ မိမိမစားလောက် မသုံးလောက်တော့ သူတစ်ပါးဆီက ချေးငှားပြီးတော့စားရသုံးရတယ်။ အဲဒီလို ချေးငှားပြီးတော့စားသုံးနေသမျှ ကာလပတ်လုံး၊ ဤကြွေးကိုပြန်မဆပ်နိုင်သေးသမျှကာလပတ်လုံး၊ ကြွေးကြောက်တဲ့ထိုပုဂ္ဂိုလ်သည်၊ ကြွေးကိုလည်းမရှောင်နိုင်လို့ ချေးငှားပြီးစားနေရတဲ့အတွက်ကြောင့် ထမင်းပွဲထိုင်ပြီးတော့ ထိုသူဟာစဉ်းစားတယ်။ ထမင်းလုတ်ကိုမြှောက်၍မြှောက်၍စဉ်းစားတယ်။ ဤထမင်းဟာဘယ်သူထမင်းတုန်းစဉ်းစားစမ်းပါ။ စားမှာကတော့ကိုယ်ကိုတိုင်စားမှာပဲ။ သူတစ်ပါးဆီက ချေးငှားပြီးတော့ချက်ပြုတ်စားတဲ့အတွက်ကြောင့် ဒီထမင်း ကိုယ့်ထမင်းမဟုတ်တော့ဘူးဗျာ့။ သူတစ်ပါးထမင်းကိုငါစားတာ သဘောကတော့အဲဒီလို မသက်ရောက်ဘူးလား။ အလေးအနက်စဉ်းစားမိရင် ဒီထမင်းလုတ်မျိုချဖို့တောင် မလွယ်ဘူးဗျ။ သူများထမင်းနေ့တိုင်းစားနေရတဲ့သဘောရှိတယ်။ အဲဒီတော့ စိတ်ထဲထိုသူချမ်းသာပါ့ဦးမလား၊

(မချမ်းသာနိုင်တော့ပါဘုရား)။

ဒီကြွေးသာမကျေမခြင်း ငါဖြင့် စားရတဲ့ထမင်းတိုင်း ထမင်းတိုင်းဟာ သူ့ထမင်း သူ့ထမင်းငါစားတာဆိုပြီးတော့စိတ်ထဲမချမ်းသာဘူး။ စားရပေမယ့် အရသာမပေါ်ဘူးပေါ့။ တစ်နေ့လဲကြရော ကြိုးစားပန်းစားအလုပ်လုပ်ပြီးတော့ ငွေကြေးအားပါးတရစု လုံလောက်ပြီဆိုတော့မှ ကြွေးရှင်ရှော့ပို့ ခင်ဗျားဆီကယူထားတဲ့ကြွေးတွေကိုပြန်ဆပ်လိုက်။ ကိုင်း ကြွေးများကျေသွားပြီတဲ့ဗျာ့။ ငါးပိရည်ချက်နှင့် ထမင်းဖျော်ပြီးတော့ ဟာဒီမှာ သောက်မလို့မြိန်ယှက်လိုက်တာ နတ်သုဒ္ဓါ လောက်ကောင်းတယ် ကိုယ့်ထမင်းကိုယ်ပိုင်စားတာ။ ဒီတော့

နိဝရဏတွေ ဝင်တယ်ဆိုတာဟာ ကြွေးတင်ခံရတဲ့ပုဂ္ဂိုလ်လိုပဲတဲ့ မချမ်းသာဘူး။ နိဝရဏကင်းတဲ့ပုဂ္ဂိုလ်သည် ကြွေးရှင်းတဲ့ပုဂ္ဂိုလ်နဲ့တူတယ်ဟုတ်လား (မှန်လှပါဘုရား)။

နိဝရဏကင်းခြင်းသည် ရောဂါပျောက်သလို

နောက်တစ်ခါ လူတစ်ယောက်ဟာ ရောဂါကြီးစွဲလို့အိပ်ရာမှာ နှစ်ပေါင်းများစွာလဲနေတယ်။ ရောဂါကြီးစွဲ အိပ်ရာမှာနှစ်ပေါင်းများစွာလဲနေတဲ့ ထိုရောဂါသည်,သည် နှစ်ပေါင်းများစွာကြာအောင် ဆရာသမားနဲ့ကု ရောဂါမပျောက်ဘူးအိပ်ရာထဲလဲ။ ဘယ်ဆရာသမားနဲ့ကုမပျောက်ဘူး။ ဒီဆရာသမားနဲ့ကုမပျောက်ဘူး။ ဟိုဆရာသမားနဲ့ကုမပျောက်ဘူး။ နှစ်ကကြာ စိတ်ညစ်လိုက်တာ ရောဂါကြီးနဲ့မထနိုင်ဘူး။ စိတ်ညစ်လိုက်တာနော်၊ တစ်နေ့တော့ ဆေးကောင်းတွေ့လို့ရောဂါကပျောက် ဒေါင်ဒေါင်, ဒေါင်ဒေါင်နဲ့ထနိုင် သွားနိုင် ပြေးနိုင်ပြီလဲဆိုရော့ ကြည့်စမ်း၊

ဟိုး နှစ်ပေါင်များစွာအိပ်ရာထဲလဲရတဲ့ ဘဝတွေကို ကာလတွေကိုပြန်စဉ်းစားပြီးတော့ ယခုအခါ ထောင်ထောင် ထောင်ထောင်နဲ့ပြေးသွားနေရတဲ့ကိုယ့်ဘဝ နှစ်ခုပြန်ယှဉ်လိုက်ရင် ဟိုတုန်းကဘဝဟာ တယ်စိတ်ညစ်စရာကောင်းတဲ့ဘဝပါလား။ အိပ်ရာထဲလဲပြီးတော့ မစားနိုင် မသောက်နိုင် တမှိုင်မှိုင် တထွေထွေ ထူမှထနိုင်တဲ့ဘဝမျိုးဆိုတာ စိတ်ညစ်စရာကြီးပေါ့။ ယခုတော့ကိုယ့်ကိုထူပြီးတော့ ထနိုင် သွားနိုင် ပြေးနိုင် လွှားနိုင် စားနိုင် သောက်နိုင်, ပျော်ပျော်ပါးပါး လုပ်ငန်းကိုင်ငန်းလုပ်နေလိုက်တာ ရောဂါကင်းလို့ ကျန်းမာခြင်းရောက်ပြီဆိုတော့ သိပ်ဝမ်းသာမှုရတယ်နော် (မှန်လှပါဘုရား)။ နိဝရဏတွေမှားစွာနှိပ်စက်နေတယ်ဆိုတာက ရောဂါတစ်ခုနှိပ်စက်နေတာနဲ့တူတယ်။ နိဝရဏကင်းသွားတယ်ဆိုတာက ကျန်းမာရေးကောင်းသွားရတဲ့ပုဂ္ဂိုလ်နဲ့တူတယ်။ ဥပမာဘယ်နှစ်ခု (နှစ်ခုပါဘုရား)။ တတိယ ဥပမာတစ်ခုမှတ်ဦး။

နိဝရဏကင်းသူ ထောင်ထွက်သမားနဲ့တူ

လူတစ်ယောက်ဟာပြစ်မှုတစ်ခုလွန်ကျူးလို့ထောင်ကြီးထဲကျ။ အကျဉ်း

ထောင်နော် (မှန်လှပါဘုရား)။ ဟာ ငါးနှစ်တဲ့၊ ဆယ်နှစ်တဲ့၊ ထောင်ထဲမှာနော်။ ထောင်ထဲကမထွက်မခြင်း သားနဲ့လည်းမတွေ့ရ၊ သမီးနဲ့လည်းမတွေ့ရ ဇနီးနဲ့လည်းမတွေ့ရ၊ ပွဲလမ်းသဘင်လည်းမကြည့်ရ၊ ဘာသာရေးသာသနာရေးအခမ်းအနားတွေလည်းဘာမှမကြည့်ညှိရလို့ အဲဒီအကျဉ်းထောင်ထဲကပုဂ္ဂိုလ်ရဲ့စိတ်နှလုံး ဘယ်နှယ့်တုန်းဗျာ့။ ပူလောင်ပြီးတော့ မချမ်းသာဘူးပေါ့။

တစ်နေ့ တော့ သူရဲ့ပြစ်ဒဏ်စေ့လို့ထောင်ကထွက်လာပြီ။ ရက်စေ့လို့ ထောင်ထွက်တဲ့အခါ ထောင်ပေါက်ဝကနေ သမီးကကြိုမယ် ဇနီးကကြိုမယ် ဆွေမျိုးတွေကကြိုမယ် ဝတ်ကောင်းစားလှနဲ့ကြိုကြမယ်။ အိမ်ရောက်လို့ပျော်ပျော်ပါးပါး မိသားစုထမင်းလက်ဆုံစားလိုက်ကြမယ်။ ပွဲလမ်းသဘင်တွေကို သွားပြီးတော့ကြည့်ကြမယ်။ သူ့အတွက်ပျော်ဘူးလားဗျာ (ပျော်ပါတယ်ဘုရား)။ နိဝရဏတွေနှိပ်စက်နေတယ်ဆိုတာက ထောင်ထဲကပုဂ္ဂိုလ်နဲ့ကူတယ်။ နိဝရဏကင်းပြီဆိုတာက ထောင်ထဲကထွက်လာတဲ့လူလိုပဲ။ ဘယ်နှစ်ခုရတုန်း (သုံးခုရပါတယ်ဘုရား)။

နိဝရဏမကင်းသေးသူ ကျွန်နဲ့အလာတူ

လေးခုမြောက်ဥပမာ လူတစ်ယောက်ဟာ သူတစ်ပါးအိမ်မှာကျွန်ခံရတယ်။ စားစရာမရှိဘူး ဝတ်စရာမရှိဘူး နေစရာမရှိဘူး။ သူများပေးမှ ကျွေးမှရမယ်။ သူတစ်ပါးအိမ်ကျွန်ခံနေရတဲ့ထိုပုဂ္ဂိုလ် သူများပေးသမျှ ကျွေးသမျှ ယူစားပြီးတော့ ကျွန်ခံနေရတဲ့ထိုပုဂ္ဂိုလ်သည် အဲဒီကျွန်အဖြစ်ကမလွတ်မခြင်း သူ့စိတ်ထဲ (မချမ်းသာပါဘုရား)။ ဆင်းရဲလိုက်တာ သူများနှင့်စပ်ပြီးတော့ အသက်မွေးရတဲ့ဝါဘဝ ဒုက္ခဆိုပြီးပင်ပန်းတယ်နော်၊ တစ်နေ့ကြတော့ ရက်စေ့လို့(တနည်း)တန်ရာတန်ဖိုးပေးနိုင်လို့ကျွန်အဖြစ်ကလွတ်ခဲ့ပြီဆိုတဲ့အခါ လက်ခမောင်းခတ်ပြီးတော့ မလုပ်ခြင်လဲနေ၊ မစားခြင်လဲနေ၊ မလွတ်လပ်ဘူးလား၊ (လွတ်လပ်ပါတယ်ဘုရား)။

နိဝရဏငါးပါးနှိပ်စက်ခံနေရတဲ့ထိုပုဂ္ဂိုလ်သည် ကျွန်အဖြစ်ကမလွတ်သလိုပဲ သူတစ်ပါးအိမ်ကျွန်ခံနေရသလိုပဲ (မှန်လှပါဘုရား)။ အကျဉ်းအကျပ်တွေထဲက၊ နိဝရဏငါးပါးကင်းရှင်းပြီးတဲ့ ထိုပုဂ္ဂိုလ်သည် ကျွန်ဘဝကလွတ်

လာတာနဲ့တူတယ်တဲ့ဟုတ်လား။ ဘယ်နှစ်မျိုးရ၊ (လေးမျိုးရပါတယ်ဘုရား)။

နိဝရဏငါးပါးဆိုတာ ကြွေး၊
နိဝရဏငါးပါးဆိုတာ ရောဂါ၊
နိဝရဏငါးပါးဆိုတာ ထောင်အိမ်။
နိဝရဏငါးပါးဆိုတာ ကျွန်အဖြစ်။

နိဝရဏနှိပ်စက်ခံရသူသည် ကြွေးချေး၍စားသူ၊ နိဝရဏနှိပ်စက်ခံရသူသည် ရောဂါနှိပ်စက်ခံရသူ၊ နိဝရဏနှိပ်စက်ခံရသူဆိုတာ ထောင်ကျတဲ့သူ၊ နိဝရဏနှိပ်စက်ခံရတယ်ဆိုတာ ကျွန်ခံရတာဟုတ်လား။

နိဝရဏမကင်းသေးသူ ကန္တာရခရီးသွားနဲ့တူ

နောက် ကန္တာရဒွါနမဂ္ဂါ ကန္တာရခရီးသွားတယ်။ ရေမရှိဘူး, အစာမရှိဘူး, သစ်ရိပ်မရှိဘူး။ အလွန်တရာပူတဲ့သဲကန္တာရကြီးကို ဝန်ထုပ်ဝန်ပိုးကြီးနဲ့ လူတစ်ယောက်ခရီးသွားတယ်တဲ့။ ရိက္ခာလဲမရ ရေလည်းမရ နေရိပ်လဲမခိုရသူခမျာမပင်ပန်းဘူးလား၊

(ပင်ပန်းပါတယ်ဘုရား)။

နိဝရဏငါးပါးနှိပ်စက်တယ်ဆိုတာ သဲကန္တာရခရီးကြမ်းကြီး သွားနေရသလိုပဲ။ နိဝရဏဆိုတာကန္တာရခရီးကြမ်း။ ကန္တာရခရီးကြမ်းကိုလွန်ပြီးတော့လေ စိမ်းလန်းစိုပြေအခက်အလက်တဝေဝေနဲ့ရွာကြီးတစ်ခုရောက် ရွာဘေးကသစ်ပင်ရိပ်လေတဖြူးဖြူးနဲ့ အသာလေးဇရပ်ပျက်ကလေးပေါ် အိပ်ပြီးတော့ အင်း စိမ်းစိုနေတဲ့သစ်တောသစ်ရိပ်ကလေးရဲ့အောက်မှာ ဖန်ပြာခွက်နဲ့ ကျောက်စက်ရေကလေးသောက်ပြီးတော့ ဘုန်းကြီးတို့အခမ်းအနားဖြင့်ပြောရရင် သီတဂူရေချမ်းလေးများသောက်ပြီးတော့၊ အသာအယာလေးတစ်မှေးအိပ်၊တစ်ရေးအိပ်လိုက်ရရင် ဘယ်လောက်များဟန်ကြလိုက်မလဲလို့ မချမ်းသာဘူးလား။ ကဲ ချမ်းသာရင်အိပ်ကြဗျာ။ ကန္တာရခရီးကြမ်းပင်ပန်းစွာသွားရတယ်ဆိုတဲ့ထိုပုဂ္ဂိုလ်ရဲ့ဒုက္ခကို မှန်းကြည့်ပါ။ နိဝရဏနှိပ်စက်တယ်ဆိုတာ အဲဒါထက်ဆိုးတယ်။ နိဝရဏငါးပါးကိုလွတ်အောင်အားထုတ်နိုင်ရင် ကန္တာရခရီးကိုလွန်မြောက်ခဲ့ပြီလို့ သဘောကြ။ ဒါကြောင့်-

ယထာ ဣဏံ ယထာ ရောဂံ ယထာ ဗန္ဓနာဂါရံ ယထာ ဒါသဗျံ ယထာ ကန္တာရဒ္ဓါနမဂ္ဂံ ဣမေ ပဉ္စ နီဝရဏေ အပ္ပဟီနေ အတ္တာနိ သမနုပဿတိ။ [1]

နီဝရဏငါးပါးဆိုတာက ယထာ ဣဏံ၊ ကြွေးနဲ့လဲတူတယ်၊ ယထာ ရောဂံ၊ ရောဂါနဲ့လဲတူတယ်၊ ယထာ ဗန္ဓနာဂါရံ၊ ထောင်အိမ်နဲ့လဲတူတယ်၊ ယထာ ဒါသဗျံ၊ ကျွန်အဖြစ်နဲ့လဲတူတယ်၊ ယထာ ကန္တာရဒ္ဓါနမဂ္ဂံ၊ ကန္တာရခရီးကြမ်းကြီးနဲ့လဲတူတယ်၊ ဘယ်နှစ်မျိုးရသလဲ၊

(ငါးမျိုးရပါဘုရား)။

ဧဝံ၊ ဤသို့။ ဣမေ ပဉ္စနီဝရဏေ၊ ဤငါးမျိုးသောနီဝရဏတရားတို့ကို။ အပ္ပဟီနေ၊ မပယ်နှုတ်ရသေးမှီ။ အတ္တာနိ၊ မိမိရဲ့သန္တာန်မှာ။ သမနုပဿတိ၊ ကောင်းစွာမသွေ သုံးသပ်ရပါပေတော့သတည်း။

သာဓု သာဓု သာဓုပါဘုရား။

အပဟီနေ၊ မပယ်နှုတ်ရသေးကုန်သော။ ဣမေ ပဉ္စ နီဝရဏေ၊ ဤနီဝရဏတရားငါးပါးတို့ကို။ အတ္တာနိ၊ မိမိသန္တာန်မှာ။ သမနုပဿတိ၊ ရှုပါလေ။ နီဝရဏငါးပါးနှိပ်စက်နေလို့ မပယ်ရသေးရင် မပယ်ရသေးဘူးဆိုတဲ့ထိုနီဝရဏတွေကိုရှုပေး။ ဟိုး ဓမ္မာနုပဿနာသတိပဋ္ဌာန် နီဝရဏပဗ္ဗပိုင်းမှာလေ၊ အဇ္ဈတ္တံ၊ မိမိသန္တာန်မှာ။ ဥပ္ပန်း၊ ဖြစ်ပေါ်၍လာခဲ့သော။ ကာမစ္ဆန်ဒံဝါ၊ ကာမစ္ဆန္ဒနီဝရဏကိုလည်းပဲ။

အတ္ထိ မေ အဇ္ဈတ္တံ ကာမစ္ဆန္ဒောတိ ပဇာနာတိ၊ [2]

မေ၊ ငါ့ သန္တာန်မှာ၊ ကာမစ္ဆန္ဒော၊ ကာမစ္ဆန္ဒသည်။ အတ္ထိ၊ ရှိနေတယ်လို့။ ပဇာနာတိ၊ သိအောင်ရှု။ ကိုယ့်သန္တာန်မှာကာမစ္ဆန္ဒဖြစ်နေရင် ဖြစ်နေတဲ့ကာမစ္ဆန္ဒကိုသိပါစေတဲ့ဟုတ်လား၊ (မှန်လှပါဘုရား)။ ကာမစ္ဆန္ဒဖြစ်နေရင် ဖြစ်မှန်းကိုသိပါစေ။ သတိပညာလွတ်ရင်တော့မသိဘူး။ သတိပညာရှိရင်တော့ ငါကာမစ္ဆန္ဒတွေဖြစ်တယ်၊ ငါကာမစ္ဆန္ဒတွေဖြစ်တယ်သိတယ်။ အဲဒီ အသိ သတိလည်းဝင်ရော ကာမစ္ဆန္ဒတွေ တဖြည်းဖြည်းပါးသွားဟုတ်လား။

၁။ မ၊ ၁။ ၃၄၄ ၂။ ဒီ၊ ၂။ ၂၃၈

သန့် ဝါ အဗ္ဗတ္တံ ကာမစ္ဆန္ဒံ အတ္ထိ မေ အဗ္ဗတ္တံ ကာမစ္ဆန္ဒောတိ ပဇာနာတိ။ ဝ

မိမိသန္တာန် ကာမစ္ဆန္ဒဖြစ်၍ ဖြစ်မှန်းသိ အောင်ရှုလော့။ သတိပဋ္ဌာန် သုတ်မှာမြတ်စွာဘုရားဟောတော်မူသည့်အတိုင်း၊ ဧဝံ၊ ဤသို့၊ အပဟီနေ၊ မပယ်နှုတ်ရသေးကုန်သော။ ဣမေ ပဉ္စ နီဝရဏာ ၊ ဤနီဝရဏတရားငါးပါး တို့ကို။ အတ္တနိ၊ မိမိသန္တာန်မှာ။ သမနုပဿတိ၊ နီဝရဏာဝင်ရင် ဝင်မှန်းသိ အောင် ကောင်းစွာမသွေ ရှုသင့်ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

ကြွေးတင်တဲ့ဘဝက လွတ်ခဲ့တယ်။ ရောဂါနှိပ်စက်တဲ့ ဘဝကလွတ်ခဲ့ တယ်။ ထောင်ထဲကထွက်ခဲ့တယ်။ ကျွန်အဖြစ်ကလွတ်လာတယ်။ ကန္တာရကို ကျော်ခဲ့တယ်။ ဘယ်နှစ်မျိုးလဲ (ငါးမျိုးပါဘုရား)။ **အဲဒီ ငါးမျိုး**သောအခက်ခဲကို ကျော်သွားတယ်ဆိုတာ နီဝရဏငါးပါးကို ပယ်ပစ်တဲ့ပုဂ္ဂိုလ်ကိုပြောတာ။

ယထာ အာဏနယံ၊ ကြွေးကင်းတဲ့အဖြစ်ကဲ့သို့လည်းကောင်း။ ယထာ အရောဂျံ၊ ရော ဂါကင်း ကျန်းမာခြင်းနှင့်ပြည့်စုံတဲ့ဘဝမျိုးကဲ့သို့လည်းကောင်း။ ယထာ ဗန္ဓနာဂါရ ပမုတ္တံ၊ ထောင်အိမ်မှလွတ်လာတဲ့ပုဂ္ဂိုလ်ရဲ့ဘဝမျိုးကဲ့သို့ လည်းကောင်း။ ယထာ ဘုဇိဿံ၊ ကျွန်အဖြစ်မှလွတ်လာတဲ့ပုဂ္ဂိုလ်ကဲ့သို့လည်း ကောင်း။ ယထာ ကန္တာရဒ္ဓါနမဂ္ဂံ တိဏ္ဏံ၊ ကန္တာရခရီးကိုလွန်မြောက်လာ တဲ့ပုဂ္ဂိုလ်ရဲ့ ဘဝမျိုးကဲ့သို့လည်းကောင်း။ ငါးမျိုးမဟုတ်လား။ ပဟီနေ၊ ပယ်စွန့် ခဲ့ကုန်ပြီးသော။ ဣမေ ပဉ္စနီဝရဏေ၊ ဤနီဝရဏတရားငါးမျိုးတို့ကိုလည်းပဲ။ ဒီနီဝရဏတရား ငါးပါးပယ်ပြီးလည်းပဲ မရှုပဲမနေရဘူးလို့ဆိုလိုတယ်။ ထောင်ကထွက်လာတဲ့ သူလည်းပဲ ငါတော့ထွက်ပြီဆိုတဲ့သဘောလေးတော့ သူမှာရှိတယ်။

ရောဂါပျောက်ကျန်းမာတဲ့သူလည်း ငါကျန်းမာတယ်ဆိုတဲ့ အမှတ် တော့ရှိတယ်နော်။ ကြွေးကင်းသော်လည်း ကြွေးကင်းတယ်ဆိုတဲ့အမှတ်လေး တော့ရှိတယ်နော်။ ကျွန်အဖြစ်ကလွတ်တော့ကော (ရှိပါတယ်ဘုရား)။ ငါ,

---

၁။ ဒီ၊ ၂။ ၂၃၈

လွတ်တယ် လွတ်တယ် ဒီသဘော။ ကန္တာရကြီးကျော်ပြီးတော့လဲ ငါ လွတ်မြောက်ပြီ ဒီလိုမဟုတ်လား (မှန်လှပါဘုရား)။ ကာမစ္ဆန္ဒကလွတ်ရင် ငါ ကာမစ္ဆန္ဒလွတ်နေပြီဆိုတဲ့အသိနဲ့သတိတော့ကပ်ထားအုံးတဲ့ဟုတ်လား။ ဗျာပါဒကလွတ်နေရင်တော့ ငါ ဗျာပါဒနီဝရဏကင်းတယ် ကင်းတယ်ဆိုတဲ့အသိနဲ့ သတိတော့ကပ်ထားအုံးပေါ့။ ကင်းပြီဆိုစိတ်ချလက်ချမနေလိုက်နဲ့။ ဒါဆို- ဧဝံ၊ ဤသို့။ အတ္တာနိ၊ မိမိသန္တာန်မှာ။ ပဟီနေ၊ ပယ်ခဲ့ကုန်ပြီးသော။ ဣမေ ပဉ္စနီဝရဏေ၊ ဤနီဝရဏတရားငါးပါးတို့ကိုလည်းပဲ။ သမနုပဿတိ၊ ပယ်ပြီးတာကို ပယ်ပြီးကြောင်း အဖန်ဖန်အထပ်ထပ်ရှုမှတ်၍ နေသင့်ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

ဤပါဠိတော်နှစ်ပိုဒ်ဟာ မပယ်ရသေးရင်လဲ မပယ်သေးတဲ့ နီဝရဏကို မပယ်ရသေးဘူးလို့ အသိနဲ့သတိနဲ့ရှုနေပါ။ ပယ်ပြီးသော်လည်း ပယ်ပြီးတဲ့ နီဝရဏတွေကို ပယ်ပြီးပြီ ပယ်ပြီးပြီလို့ပဲရှုနေပါ။ လိုရင်းအတိုချုပ်ကဒါပြောတာ။

တသိမေ ပဉ္စနီဝရဏေ ပဟီနေ အတ္တာနိ သမနုပဿတော ပါမောဇ္ဇံ ဇာယတိ။

ဘိက္ခဝေ၊ ပရိသတ်လေးပါး ချစ်သားချစ်သမီးတို့။ ဣမေ ပဉ္စနီဝရဏေ၊ ဤငါး မျိုးသောနီဝရဏတရားတို့ကို။ ပဟီနေ၊ ပယ်စွန့်ခဲ့ပြီးသည်တို့ကို၊ အတ္တာနိ၊ မိမိရဲ့သန္တာန်မှာ။ ပဟီနေ၊ ပယ်စွန့်ခဲ့ပြီးသည်တို့ကို (ဝါ)ပယ်စွန့်ခဲ့ပြီးသော။ နီဝရဏေ၊ နီဝရဏတရားတို့ကို။ သမနုပဿတော၊ အဖန်ဖန်အထပ်ထပ်ရှုမှတ်၍နေသော။ တဿ၊ ထိုယောဂီပုဂ္ဂိုလ်အား။ ပါမောဇ္ဇံ ၊ ဝမ်းမြောက်ခြင်းဆိုသောပါမောဇ္ဇတရားသည်။ ဇာယတိ၊ ဖြစ်လာလိမ့်မယ်။ မပယ်ရသေးတဲ့ နီဝရဏကိုရှုခြင်း၊ ပယ်ပြီးတဲ့နီဝရဏကိုရှုခြင်း၊ ဤနီဝရဏတရားငါးပါးတို့ကို ပယ်ပြီးမပယ်ရသေးနှစ်မျိုးစလုံးကို သတိပညာနဲ့ရှုနေတဲ့ပုဂ္ဂိုလ်မှာ၊ ပါမောဇ္ဇံ၊ ဝမ်းမြောက်ခြင်းဆိုတဲ့ ပါမောဇ္ဇတရားသည်။ ဇာယတိ၊ ဖြစ်လာလိမ့်မယ်။ ဆိုလိုတာက နီဝရဏတွေကိုပယ်ပြီးပြီဆိုရင် ဝမ်းမြောက်ဝမ်းသာလေးစိတ်ထဲမှာကြည်လို့ အားပါးတရလေးဖြစ်လာလိမ့်မယ်။ ဆုတ်နစ်တဲ့သဘောတွေဘယ်တော့မှ မရှိဘူးပေါ့နော် (မှန်လှပါဘုရား)။ ပါမောဇ္ဇံ၊ ဝမ်းမြောက်ခြင်းဆိုတာ။ ဇာယတိ၊ ဖြစ်လာတယ်။ ပမုဒိတသ၊ ဝမ်းမြောက်မှုအဖြစ်များတဲ့

ပုဂ္ဂိုလ်မှာ။ ပိတိ၊ ပိတိသည်။ ဇာယတိ၊ ဖြစ်တယ်။ ဝမ်းမြောက်ခြင်းအဖြစ်မျာ
မှပိတိရတယ်။ ရင်ထဲနှလုံးထဲ ထမင်းမစားရရင်နေပါစေပြည့်လို့ ဟာလာဟင်း
လင်းကြီးမရှိပါဘူး။ ပိတိကဖြည့်ထားတယ်။ ပါမောဇ္ဇကနေ ပိတိနော်။

ပိတိ မနသ္သ ကာယော ပဿမ္ဘတိ။ ပိတိ မနသ၊ နှစ်သက်ရွှင်လန်း
အားရဝမ်းသာ တဲ့ပိတိလွှမ်းနေတဲ့ပုဂ္ဂိုလ်ရဲ့။ ကာယော၊ ရူပကာယ နာမကာယ
နှစ်ပါးစလုံးပဲ။ ပဿမ္ဘတိ၊ ကောင်းစွာမသွေ ငြိမ်းချမ်းခဲ့ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

ပိတိကနေ ပဿဒ္ဓိ၊ ဘာတဲ့တုန်း ငြိမ်းချမ်းသွားတယ် ငြိမ်းချမ်းသွား
တယ်နော်။ ဗမာလိုပြောတော့ (ငြိမ်းချမ်းသွားပါတယ်ဘုရား)။ ငြိမ်းချမ်းသွား
တယ်။ ပိတိရရင် **ပဿဒ္ဓိ**။

ပဿဒ္ဓကာယော သုခံ ဝေဒေတိ။ ပဿဒ္ဓါကာယော၊ ငြိမ်းချမ်းသော
ကိုယ်စိတ်ရှိတဲ့ပုဂ္ဂိုလ်သည်။ သုခံ၊ သုခဝေဒနာကို။ ဝေဒေတိ၊ ခံစားရတယ်။
ကိုယ်မှာလည်းငြိမ်းချမ်းတယ်။ ရောဂါပျောက်သလိုပေါ့။ စိတ်မှာလည်း ငြိမ်း
ချမ်းတယ် နီဝရဏာကင်းလို့။ အဲဒီအခါဘာဖြစ်လဲ သုခံ၊ သုခဝေဒနာကို။
ဝေဒေတိ၊ ခံစားရမယ်။ ကိုယ်စိတ်နှစ်ပါးမှာနီဝရဏငြိမ်းသွားပြီဆိုတော့ သုခ
ဝေဒနာသီးခြားရတယ်။ အဲဒီသုခဝေဒနာခံစားရတာက နတ်စည်းစိမ်လောက်
ကောင်းသွားပြီ။ **ပဿဒ္ဓ ကာယော သုခံ ဝေဒေတိ** ။ပဿဒ္ဓါကာယော၊ ကိုယ်
စိတ်နှစ်ပါးငြိမ်းချမ်းတဲ့ပုဂ္ဂိုလ်သည်။ သုခံ၊ သုခဝေဒနာကို။ ဝေဒေတိ၊ ခံစား
ရတယ်။

သုခိနော စိတ္တံ သမာဓိယတိ။ သုခိနော၊ ကိုယ် စိတ်နှစ်ဖြာ ချမ်း
သာသောပုဂ္ဂိုလ်ရဲ့။ စိတ္တံ၊ စိတ်သည်။ ဟောဒီမှာအကျိုးကား ကိုယ်စိတ်နှစ်
ဖြာချမ်းသာသောပုဂ္ဂိုလ်ရဲ့။ စိတ္တံ၊ စိတ်သည်။ သမာဓိယတိ၊ မယိမ်းမယိုင်
ကျောက်စာတိုင်ကဲ့သို့ ကောင်းစွာမသွေ ခိုင်ခံ့ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

သုခဖြစ်တော့ သမာဓိဖြစ်တယ်လို့ဆိုတာ။ ဘုန်းကြီးတို့ပရိသတ် စဉ်
လိုက်ပေတော့ စဉ်လိုက်ပေတော့ စဉ်လိုက်ရင်ဘာရမလဲ သီလရယ် ဣန္ဒြေ

ထိန်းမှုရယ်၊ ပြီးတော့ သတိပညာရယ်၊ ပြီးတော့သန္ဓိဋ္ဌိရယ် အဲဒီလေးခုပြည့်စုံအောင်ကျင့်သုံးနိုင်ရင် နိဝရဏငါးပါးကွာသွားတယ်။ နိဝရဏငါးပါးကွာပြီဆိုရင် ကြွေးကင်းတဲ့လူလိုပဲ၊ ရောဂါပျောက်တဲ့လူလိုပဲ၊ ထောင်ကထွက်လာတဲ့လူလိုပဲ၊ ကျွန်အဖြစ်ကလွတ်လာတဲ့လူလိုပဲ၊ ကန္တာရကြီးကိုကျော်ဖြတ်ခဲ့တဲ့ပုဂ္ဂိုလ်လိုပဲနော်။ ဒီလိုပုဂ္ဂိုလ်ဖြစ်လာပြီဆိုတဲ့အခါကြတော့ နိဝရဏလည်းပယ်ပြီးပြီ၊ ပါမောဇ္ဇရတယ်၊ အဲဒီကနေ ပီတိရမယ်၊ ထိုကနေ ပဿဒ္ဓိရမယ်၊ ပဿဒ္ဓိကနေပြီးတော့ သုခရမယ်၊ သုခကနေ တဆင့်တက်တော့ သမာဓိရမယ်။

သမာဟိတော ယထာဘူတံ ပဇာနာတိ။ သမာဟိတော၊ ကောင်းစွာတည်တန့်ခိုင်ခံ့သော စိတ်မာတ်ရှိသောပုဂ္ဂိုလ်သည်။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ နာမ်ရုပ်တရားနှစ်ပါးဆိုတဲ့သင်္ခတတရား နိဗ္ဗာန်ဆိုတဲ့ အသင်္ခတတရားနှစ်ပါးကို။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ၊ ပဇာနာတိ၊ ကောင်းစွာမသွေသိရှိနိုင်ခဲ့ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

သမာဓိဖြစ်ရင် ယထာဘူတဉာဏ်ကိုရတယ်။ သမာဓိဖြစ်တော့-
(ယထာဘူတဉာဏ်ရပါတယ်ဘုရား)။

အေး ဘုန်းကြီးတို့ပရိသတ်များ ရေစစ် ကြီးဆယ်လိုက်ရတာ မနည်းဘူးလား။ တောင်ပို့တွေတူးလိုက်ရတာ ဆယ့် တစ်ခုမြောက်ဘာရသလဲ၊
(ရေစစ်ကြီးရပါတယ်ဘုရား)။

ဆပ်ပြာရေစစ်ရပါတယ်။ ဆပ်ပြာရေစစ်ဆိုတာ နိဝရဏငါးပါး၊ ဆပ်ပြာရေစစ်ထဲသဲဆပ်ပြာတွေ ရေနဲ့ဖျော်လောင်းချလောင်းချချ အသုံးဝင်တဲ့ဆပ်ပြာရေကြည်တွေ စိမ့်ဆင်းသွားတယ်။ အသုံးမဝင်တဲ့ သဲတွေ ခဲတွေကကျန်ရစ်တယ်။ ထိုနည်းတူစွာ နိဝရဏရေစစ်ထဲ ကုသိုလ်နဲ့အကုသိုလ်လောင်းအကုသိုလ်တွေအကုန်ကျန်ရစ်ပြီးတော့ ကုသိုလ်တွေကထွက်ကုန်လိမ့်မယ်။ ဒါကြောင့် နိဝရဏသည် ရေစစ်နဲ့တူတယ်လို့ဆိုခဲ့တာ။ အဲဒီရေစစ်ကြီးပယ်ပစ်လိုက်ဆိုတော့ သီလနဲ့ပယ်ပါ, ဣန္ဒြေထိန်းမှုနဲ့ပယ်ပါ၊ သတိသမ္ပဇဉ်နဲ့ပယ်ပါ၊ သန္ဓိဋ္ဌိတရားနဲ့ပယ်ကြပါ။ လေးပါး။ ဤလေးပါးအခြေခံ ဆိတ်ငြိမ်ရာ

အရပချဉ်းကပ် ကမ္မဋ္ဌာန်းတရားပွားများကြိုးကုတ်အားထုတ်လို့ နိဝရဏကို ပယ်နိုင်ရင် ပါမောဇ္ဇရတယ် ပီတိရတယ် ပဿဒ္ဓိရတယ် သုခရတယ် သမာဓိရတယ် သမာဓိကနေပြီးတော့ ယထာဘူတဉာဏ်တိုင်အောင်သွားမယ် ဟုတ်လား (မှန်လှပါဘုရား)။ အေး ဒီကနေ့ည ဟောလိုက်တဲ့တရား စုလိုက်ရင် အဲဒါပဲ။ ဒါကြောင့် ဘုန်းကြီးတို့ ပရိသတ်ဆိုလိုက်ပါ-

ရေစစ်ဟူငြား၊ နိဝရဏထား၊ မှတ်သားဆယ့်တစ်ပါ။ (၃ခေါက်)

မေးခွန်းဘယ်နှစ်ခုပြီးသလဲ (ဆယ့်တစ်ခုပြီးပါပြီဘုရား)။ ဆယ့်တစ်ခုပြီးသွားပြီ။ လေးခုကျန်သေးတယ်။ အဲဒီလေးခုသောမေးခွန်းတို့ကို ဘုန်းကြီးတို့ပရိသတ်အပေါင်းသူတော်ကောင်းတို့ အခုသီတင်းကျွတ်လပြည့်ကျော်(၁-ရက်၊ ၂-ရက်၊ ၃-ရက်)နေ့ သုံးည ဘုန်းကြီးရန်ကုန်ကိုသွားမယ်။၄-ရက်နေ့ကြတော့ရန်ကုန်ကပြန်လာပြီး ဘုန်းကြီးတို့ကမုံရွာသွားမယ်နော် (မှန်လှပါဘုရား)။ ၅-ရက်နေ့ကြတော့မှ မန္တလေးတရားပွဲပြန်ရှိမယ်။ အဲဒီကြတော့မှ တစ်ဆယ့်နှစ်ခုမြောက်မေးခွန်းကနေ ပြန်ဆက်မယ်ဟုတ်လား။ ဒီကနေ့ည တော့ ဒီမှာပဲနား၊ နိဝရဏကင်းကြောင်း တရားလေးခုအပေါင်းကိုဆိုပြီးတော့ ရေစက်သွန်းရအောင်-

သီလလုံစေ၊ ဣန္ဒြေထိန်း၊ မယိမ်းသတိ၊ ပညာရှိ၊ သန္တုဋ္ဌိနှင့်ပေါင်း။
အဂီါလေးဝ၊ ပြည့်စုံက၊ နိဝရဏကင်းစင်ကြ။ (သုံးခေါက်ဆို)

ဝမ်ိဳကသုတ္တန်နဝမပိုင်း

၁၃၄၃ -ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၅)ရက်နေ့ည မန္တလေးမြို့၊ လမ်းလယ်ဘုရား စေတီယပူဇာဓမ္မသဘင်၌ဟောကြားအပ်သော မဇ္ဈိမနိကာယ် မူလပဏ္ဏာသပါဠိတော်၌လာသော ဝမ်ိဳကသုတ္တန်တရားတော် ကိုးခုမြောက်အပိုင်း ဝမ်ိဳကသုတ္တန်တရားတော်ရဲ့ နဝမကဏ္ဍကိုးခုမြောက်တရားမဟောကြားသေးခင်း မနာကြားသေးခင် တရားပိုင်ရှင်ဖြစ်တော်မူသော သဗ္ဗညုမြတ်စွာဘုရားအား ရိုသေစွာလက်အုပ်ချီမိုး၍ ရှိခိုးကြရအောင်။

တောင်ဘို့ကြီး ဘုန်းကြီးတို့ တူးခဲ့တာရှစ်ကြိမ်တူးပြီးသွားပြီ။ ယခုအခါကိုးကြိမ်းမြောက်တောင်ဘို့ကိုတူးကြမယ်။ တောင်ဘို့ကြီးညဉ့်အခိုးလွှတ်ပြီးတော့ နေ့မီးလျှံတွေထွက်တယ်။ ညဉ့်အခါအခိုးလွှတ်၊ နေ့အခါမီးလျှံတောက်တဲ့ထိုတောင်ဘို့ကို တူယွင်းလက်နက်ကိုင်းပြီးတော့ ငါ့တပည့်တူးသာတူးလို့ ဆရာပုဏ္ဏား တပည့်ပညာရှိကို မှာကြားပစ်ခဲ့တယ်။ တောင်ဘို့ဆိုတာက ခန္ဓာ။ ညဉ့်အခိုးလွတ်တယ်ဆိုတာက ဝိတက်တွေ။ နေ့အခါမီးလျှံတောက်တယ် ဆိုတာက ကာယကံ ဝစီကံ မနောကံတွေနှင့် နေ့အခါလုပ်ကိုင်ဆောင်ရွက်နေကြတာလို့။

ထိုကဲ့သို့ နေ့မီးတောက်ပြီးတော့ ညအခိုးထွက်တဲ့တောင်းဘို့ကြီး ငါ့တပည့် တူးဆိုတော့ တူးပြီးတော့လာခဲ့တာ ဘုန်းကြီးတို့ပရိသတ်များ တောင်းဘို့ကြီး ပထမဦးစွာတူးလိုက်တာဘာတွေ့၊ တံခါးမင်းတုပ်တွေ့တယ်။ မင်းတုပ်ဆိုတာ **အဝိဇ္ဇာ**။ ဆက်ကာဆက်ကာတူးလိုက်ပြန်တော့ တောင်ဘို့ထဲက ဘာတွေ့တုန်း၊

(ဖားတွေ့ပါတယ်ဘုရား)။

ဖားပွတကောင်တွေ့တယ်။ ဖားပွဆို တာက **ဒေါသတရား**။

ဆက်ကာတူးဘာတွေ့တုန်း၊

(လမ်းနှစ်ခွတွေ့ပါတယ်ဘုရား)။

လမ်းနှစ်ခွတွေ့နေတယ် လမ်းနှစ်ခွဆိုတာက **ဝိစိကိစ္ဆာတရား**။ ဆက်ကာတူးအုံးမယ်။ ဘာတွေ့မလဲ၊

(ဆပ်ပြာရေစစ်တွေ့ပါတယ်ဘုရား)။

ဆပ်ပြာရေစစ်ဆိုတာတွေ့တယ်သတဲ့။ ဆပ်ပြာရေစစ်ဆိုတာက **နီဝရဏာဝါးပါး**။

ဆက်ကာဆက်ကာ တူးအုံးမယ်တဲ့။ ဘာတွေ့မတုန်း

(လိပ်တွေ့ပါတယ်ဘုရား)။

လိပ်တွေ့မယ် ဟုတ်လား။ အစီအစဉ်ကလိပ်နော်။ ဤကနေ့ရောက်လာတယ် အဲဒီ လိပ်တူးရမဲ့အခန်းကိုရောက်လာတယ်။ ဒီကနေ့လမ်းလယ်မှာ

လိပ်တူးမယ် ဟုတ်လား (မှန်လှပါဘုရား)။

အဘိက္ခဏ သုမေဓ သတ္ထံ အာဒါယ။ သုမေဓ၊ ပညာရှိ။ သတ္ထံ၊ တူယွင်းလက်နက်ကို။ အာဒါယ၊ ကိုင်စွဲ၍။ အဘိက္ခဏ၊ ဆက်၍သာတူးပါလေတော့၊ သုမေဓော၊ ပညာရှိသည်။ သတ္ထံ၊ တူးယွင်းလက်နက်ကို။ အာဒါယ၊ ကိုင်စွဲ၍။ အဘိက္ခဏန္တော၊ ဆက်ကာဆက်ကာ တူးခဲ့ပြန်သည်ရှိသော်။ ကုမ္ဗံ၊ လိပ်တစ်ကောင်ကို။ အဒ္ဒသ၊ မျက်ဝါးထင်ထင်တောင်ဘို့ထဲကတွေ့မြင်ခဲ့ လေပြီ။ သတ္ထံ၊ တူယွင်းလက်နက်ကို။ အာဒါယ၊ ကိုင်စွဲ၍၊ အဘိက္ခဏန္တော၊ ဆက်ကာဆက်ကာတူးခဲ့ပြန်သော်။ ကုမ္ဗံ၊ လိပ်ကို။ အဒ္ဒသ၊ တွေ့ခဲ့လေပြီ။ တူယွင်းလက်နက်ကိုင်စွဲ တောင်ဘို့ကြီးတူးလိုက်သည့်ကာလ တောင်ဘို့ထဲက လိပ်တစ်ကောင်တွေ့တယ်။ ဒီတော့ တပည့်ပညာရှိက ဆရာပုဏ္ဏားကိုပြောသတဲ့။

ကုမ္ဗော ဘဒန္တေ၊ ဘဒန္တေ၊ အိုဆရာပုဏ္ဏား။ ကုမ္ဗော၊ လိပ်ကြီးတစ်ကောင်တွေ့ပါတယ်။ ဣတိ၊ ဤသို့။ သုမေဓော၊ တပည့်ပညာရှိက။ ပြဟ္မဏံ၊ ဆရာပုဏ္ဏားကို၊ ဧတံ ဝစနံ၊ ဤစကားကို။ အဝေါစ၊ ပြောကြားခဲ့ပါပေတော့၏။ တောင်ဘို့ထဲက လိပ်တစ်ကောင်တွေ့တယ်။ လိပ်ဆိုသောစကားကို အရှင်ကုမာရကဿပမထေရ်ကြီးက မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ထံချဉ်းကပ်ပြီးတော့၊ ဘန္တေ၊ ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား။ ဘန္တေ၊ ဘုန်းတော်ခြောက်စုံတန်ခိုးဂုဏ်နှင့်ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရား၊ ကုမ္ဗောတိ၊ ကုမ္ဗဟူသည်ကား (ဝါ) လိပ်ဆိုသည်ကား။ ကော၊ အဘယ်ပါနည်း အရှင်ဘုရား။ တောင်ဘို့ထဲဆက်ကာတူးတော့ တပည့်တော်တို့ဟောဒီမှာ လိပ်တစ်ကောင်တွေ့ပါတယ်။ လိပ်ဆိုတာကဘာပါလိမ့်မြတ်စွာဘုရား။

ကောနု ခေါ ဘန္တေ ကုမ္ဗော၊ ဘန္တေ၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ ကုမ္ဗော၊ လိပ်ဆိုသည်ကား။ ကောနု ခေါ၊ အဘယ်ပါနည်း အရှင်ဘုရား၊ ဣတိ၊ ဤသို့။ အာယသ္မာ ကုမာရကဿပေါ၊ အရှင်ကုမာရကဿပမထေရ်သည်။ ဘဂဝန္တံ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားကိုယ်တော်မြတ်ကို။ ဒွါဒသမံ၊ တစ်ဆယ့်နှစ် ခုမြောက်ဖြစ်သော။ ပဉ္ဉံ၊ မေးခွန်းကို။ အပုစ္ဆိ၊ သိလိုရေးနှင့် မေးလျှောက်ရာ လေတော့သတည်း။

သာဓု သာဓု သာဓုပါဘုရား။

တစ်ဆယ့်နှစ်ခုမြောက် မေးခွန်းရောက်သွားတယ်။ “ဒွါဒသမံ ပဉ္ဉံ အပုစ္ဆိ” အရှင်ကုမာရကဿမထေရ်ကြီးက တစ်ဆယ့်နှစ်ခုမြောက်မေးခွန်း ဘုရားရှင်ကိုယ်တော်မြတ်ကိုမေးတယ်။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တောင်ဘို့ထဲကလိပ်တစ်ကောင်တွေ့တယ်လို့ဆိုပါတယ်။

ကောနု ခေါ ဘန္တေ ကုမ္မော။ ဘန္တေ၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ ကုမ္မော၊ လိပ်ဆိုသည်ကား။ ကောနု ခေါ၊ အဘယ်ပါနည်း အရှင်ဘုရား။ လိပ်ဆိုတာကဘာပါလဲဘုရား။ ဗြဟ္မာကြီးမှာကြားသွားသည့်စကား အရှင်ကုမာရကဿပမထေရ်ကြီး သယ်လာပြီးတော့ မြတ်စွာဘုရားကိုယ်တော်မြတ်ထံမှာမေးတယ်။ တောင်ဘို့ထဲကလိပ်တွေ့တယ် မြတ်စွာဘုရား။ လိပ်ဆိုတာဘာများပါလိမ့်မတုန်းလို့ အရှင်ကုမာရကဿပမထေရ်မေးလာတဲ့မေးခွန်းဟာ တစ်ဆယ့်တစ်ခု အမေးရောအဖြေပါအားလုံးပြီးသွားတယ်။ ယခုအခါ တစ်ဆယ့်နှစ်ခုမြောက် တစ်ဆယ့်နှစ်ခုမြောက်မေးခွန်းက။

လိပ်ဆိုတာဘာလဲ

ကော နု ခေါ ဘန္တေ ကုမ္မော။ လိပ်ဟူသည်ကား အဘယ်နည်းတဲ့။ အထခေါ၊ ထိုသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်က။ အာယသ္မာတော ကုမာရကဿပဿ၊ အရှင်ကုမာရကဿပမထေရ်ကြီး၏။ ဒွါဒသမံ၊ တစ်ဆယ့်နှစ်ခုမြောက်ဖြစ်သော။ ပဉ္ဉံ၊ မေးခွန်းကို။ ဗျာကရောတိ၊ ဖြေကြားတော်မူပါတယ်။ အရှင်ကုမာရကဿပမထေရ်ရဲ့ တစ်ဆယ့်နှစ်ခုမြောက်မေးခွန်းကိုဖြေကြားမယ်။

ကုမ္မောတိ ခေါ ဘိက္ခု ပဋ္ဌပါဒါနက္ခန္ဓာနံ အဓိဝစနံ။ [၁]

ဘိက္ခု၊ ချစ်သားရဟန်း။ ကုမ္မောတိ ဧတံအဓိဝစနံ၊ ကုမ္မဟူသော ဤစကားသည် (ဝါ)လိပ်ဆိုသောဤစကားသည်။ ပဋ္ဌပါဒါနက္ခန္ဓာနံ၊ ငါးပါးကုန်သောဥပါဒါနက္ခန္ဓာတို့ရဲ့။ အဓိဝစနံ၊ အမည်ပါပေတည်း။ သေယျထိဒံ၊ ထိုဥပါဒါနက္ခန္ဓာငါးပါးတို့ဟူသည်အဘယ်တို့နည်း။ ရူပုပါဒါနက္ခန္ဓသ၊ ရုပ်ဟူ

၁။ မ၊ ၁။ ၁၉၈

သောဥပါဒါနက္ခန္ဓာ၏လည်းကောင်း။ ဝေဒနုပါဒါနက္ခန္ဓသ၊ ဝေဒနာဟူသော ဥပါဒါနက္ခန္ဓာ၏လည်းကောင်း။ သညုပါဒါနက္ခန္ဓသ၊ သညာဟူသော ဥပါဒါနက္ခန္ဓာ၏လည်းကောင်း။ သင်္ခါရုပါဒါနက္ခန္ဓသ၊ သင်္ခါရဟူသောဥပါဒါနက္ခန္ဓာ၏လည်းကောင်း။ ဝိညာဏုပါဒါနက္ခန္ဓသ၊ ဝိညာဏ်ဟူသော ဥပါဒါနက္ခန္ဓာ၏လည်းကောင်း။ ဣတိ၊ ဤသို့။ ပဉ္စန်း၊ ငါးပါးကုန်သော။ ဥပါဒါ နက္ခန္ဓာန်း၊ ဥပါဒါနက္ခန္ဓာတို့ရဲ့။ အဓိဝစန်း၊ အမည်ပါပေတည်း။ ဣတိ၊ ဤသို့၊ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်သည်။ ကုမ္မောတိ ပဥ္စသ၊ ကုမ္မဟူသောပြဿနာ၏။ ဝိသဇ္ဇန်း၊ အဖြေကို။ အဝေါစ၊ ကရုဏာ ရှေ့ထားမေတ္တာအားဖြင့် မိန့်ကြားတော်မူခဲ့ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

လိပ်ဆိုတာ ခန္ဓာငါးပါး

လိပ်ဆိုသည်ကား ခန္ဓာငါးပါးတဲ့။ တောင်ဘို့ထဲက လိပ်တစ်ကောင်တွေ့တယ် လိပ်ဟူသည်အဘယ်နည်း မြတ်စွာဘုရား။ ဘုရားရှင်ကိုယ်တော်မြတ်က ချစ်သားကုမာရကဿပ လိပ်ဆိုတာတခြားမဟုတ်ဘူးတဲ့ ခန္ဓာငါးပါးကိုပြောတာ။ လိပ်ဆိုတာဘာပါလိမ့် (ခန္ဓာငါးပါးပါဘုရား)။ တောင်ဘို့ထဲက လိပ်တွေ့တယ်ဆိုတာဟာ ခန္ဓာငါးပါးကိုတွေ့တယ်လို့ဆိုလိုတယ်။ ဘုန်းကြီးတို့ပရိသတ်များတောင်ဘို့ကြီးတူးတဲ့အခါ လိပ်ရအောင်တူးကြနော်။ လိပ်ရအောင်တူးဆိုတာ ဘာတဲ့တုန်းဆိုတော့ ခန္ဓာကိုတွေ့အောင်တူးလို့ဆိုလိုတယ်။ ဘာတွေ့အောင်၊

(ခန္ဓာကိုတွေ့အောင်ပါဘုရား)။

ဗမာစကားတော့ရှိတယ်ဗျာ့ ဘုရားလဲဖူးလိပ်ဥလဲတူးတဲ့။ ဘုန်းကြီးတို့ကတော့ ဟောဒီမှာ တရားလဲနာ လိပ်ဥမဟုတ်ပါဘူး လိပ်ကိုတွေ့အောင်တူးလို့ဒီလိုဆိုရမယ်။ တရားလဲနာပါ လိပ်ကိုလဲတွေ့အောင်တူးပါ။ နာရုံနှင့်ပြီးမနေဘူး ဘုန်းကြီးတို့ပရိသတ်များ ခန္ဓာကိုတွေ့ပါစေလို့ဆိုတယ်။ ဘာတွေ့ရမလဲ၊

(ခန္ဓာကိုယ်တွေ့ရမှာပါဘုရား)

တရားတွေ့တယ်ဆိုတာ ဘာပါလဲဆိုတော့ ခန္ဓာကိုတွေ့သွားတာ။ ခန္ဓာတွေ့မှ ထိုပုဂ္ဂိုလ်သည်တရားတွေ့တယ်၊ တောင်ဘို့ကြီးတူး လိပ်တစ်ကောင်တွေ့တယ် လိပ်ဆိုတာ ခန္ဓာ။

ဒီတော့ ခန္ဓာတွေ့မှ တရားတွေ့တယ်။ ဝမ်မိကတောင်ဘို့ ထိုတောင်ဘို့ထဲကရှိတဲ့ပစ္စည်းတွေ တောင်ဘို့ထဲတွေ့တဲ့ပစ္စည်းတွေရဲ့အစီအစဉ်လဲနည်းနည်းမှတ်ထားနော်။ တောင်ဘို့ထဲတွေ့တဲ့ပစ္စည်းတွေလဲအစီအစဉ်နှင့်မှတ်ထား။ တောင်ဘို့ထဲမှာ မဟုတ်တဲ့အပြင်ဘက်ကအရာဝတ္ထုတွေလဲပဲ အစီအစဉ်နှင့်မှတ်ထား။ အဏ္ဏတ္တနှင့်ဗဟိဒ္ဓ အတွင်းနှင့်အပြင်ခွဲလိုက်တဲ့အခါ တရားနိဂုံးချုပ်တော့ အတွင်းနားကဘယ်လောက်ရှိတယ် အပြင်ပိုင်းကဘယ်လောက်ရှိတယ်ဆိုတာပြန်စုရမယ်။ ဘုန်းကြီးတို့ဝမ်မိကသုတ္တန်ပြီးဆုံးဖို့ရန် မကြာတော့ပါဘူး၊ ယခု (၁၂)ခုမြောက်မေးခွန်းရောက်ပြီ နောက်ထပ်အားလုံးသုံးခုပဲကျန်တယ်။ ကျန်တဲ့မေးခွန်းသုံးခုကို ဘုန်းကြီးတို့နှစ်ပွဲနှင့်ပြီးသွားမှာ။

ဤယနေ့ညတော့ လိပ်တစ်ကောင်တွေ့ရင် ဘုန်းကြီးတို့ပရိသတ်တော်မယ်။ ဒီနေ့ညတော့ လိပ်တစ်ကောင်လောက်ပတူးရအောင်။ လိပ်တူးမဲ့နေ့ညကြမှ မိုးရွာထားတယ်ဆိုတော့ ဒါ တရားပွဲလဲပြီးရော လိပ်လဲပဲရေထဲသွားရောဆိုတာကြနေပြီ ဟုတ်လား။ အေး မိုးကလဲရွားထားတယ် ဟောနေရင်းမျှားရွာမလားမသိဘူး ဒကာကြီးမျှား ဒကာမကြီးမျှား အောက်ကထိုင်ရတာလဲ ရေစိုလို့အေးနေတယ်။ အဲဒါအအေးလဲမိကုန်ကြအုံးမယ်၊ ဒီတော့ လိပ်တစ်ကောင်တွေ့ရင်ဤယနေ့ညတော်ကြစို့။ တွေ့ပြီလား (တွေ့ပါတယ်ဘုရား) တွေ့ပြီလား၊ အခုမှ တူးပဲမတူးရသေးဘူး တွေ့နေပြီ။

ကုမ္မောတိ ခေါ ဘိက္ခု ပဉ္စန္နံ ဥပါဒါနက္ခန္ဓာနံ အဓိဝစနံ။

ဘိက္ခု၊ ချစ်သားရဟန်း။ ကုမ္မောတိ ဧတံ အဓိဝစနံ၊ ကုမ္မဟူသော ဤစကားသည်ကား။ ပဉ္စန္နံ၊ ငါးပါးကုန်သော။ ဥပါဒါနက္ခန္ဓာနံ၊ ဥပါဒါန်၏အာရုံဖြစ်သောခန္ဓာတို့ရဲ့။ အဓိဝစနံ၊ အမည်ပါပေတည်း။ ဥပါဒါန်နှင့်တွဲနေတဲ့ခန္ဓာတဲ့ ဥပါဒါန်၏အာရုံဖြစ်သောခန္ဓာငါးပါးကို ဒီနေရာမှာ ဘုန်းကြီးတို့ပရိသတ်များ လိပ်လို့ဆိုလိုက်တယ်။

ဥပါဒါန်ဆိုတာက၊ ဥပဂမနံ ဥပါဒါနံ ကပ်ထားတာတဲ့သဘောကို ဥပါဒါန်လို့ခေါ်တယ်။ ဥပါဒါန်ဆိုတာဘာလဲဆိုကပ်ထားတာ၊ တဏှာကဘာလဲဆိုတော့ နိကန္တိ နှစ်သက်နေတာ၊ နှစ်သက်တဲ့အရာဝတ္ထုကို မခွာတော့ဘူး၊ ကပ်ထားတယ်ဆိုတာက ဥပါဒါန်။ တဏှာနှင့်ဥပါဒါန်တို့ရဲ့သဘော။ တဏှာက နိကန္တိတဏှာ၊ ဥပါဒါနံဆိုတဲ့ပုဒ်ကိုတော့ ဥပဂမနံ ဥပါဒါနံလို့ဒီလိုပြတယ်၊ နိကန္တိ၊ တပ်မက်ခြင်း နှစ်သက်ခြင်းသည် တဏှာ။ ဥပဂမနံ၊ တပ်မက်တဲ့နှစ်သက်တဲ့အရာဝတ္ထုကိုကပ်ထားတယ်ဆိုတာကဥပါဒါန်၊ နှစ်သက်တဲ့အရာဝတ္ထုကိုကပ်ထားတယ်တဲ့တဏှာနှင့်ဥပါဒါန်သဘော။

ကပ်ထားတယ်ဆိုတဲ့နေရာမှာ ဒိဋ္ဌိနှင့်ကပ်ထားတာရယ်၊ တဏှာနှင့်ကပ်ထားတာရယ်နှစ်မျိုးရှိတယ်။ ဒိဋ္ဌိဖြင့်ကပ်ထားခြင်း၊ တဏှာဖြင့်ကပ်ထားခြင်းဘယ်နှစ်မျိုး (နှစ်မျိုးပါဘုရား) ရုပ်ပေါ်မှာဒိဋ္ဌိနှင့်ကပ်ထားတယ်။ ရုပ်ပေါ်မှာတဏှာနှင့်ကပ်ထားတယ်။ ရုပ်နှင့်တဏှာ ရုပ်နှင့်ဒိဋ္ဌိကပ်နေကြတယ်ဆိုရင် အဲဒါကိုဥပါဒါန်ခေါ်တယ်။ ဒီတော့ဥပါဒါနက္ခန္ဓာဆိုတာဟာ တဏှာဒိဋ္ဌိရဲ့ အာရုံဖြစ်သောခန္ဓာ။ တဏှာဒိဋ္ဌိရဲ့ကပ်ရာဖြစ်သောခန္ဓာတဲ့။ ဒါကိုဥပါဒါနက္ခန္ဓာလို့ အလွယ်ဆုံးမှတ်လိုက်ပါ။ ဥပါဒါန် (၄)ပါးကိုစုလိုက်ရင် တဏှာနှင့် ဒိဋ္ဌိဒီနှစ်လုံးပဲရတာပဲမို့လား။

ဥပါဒါန်လေးပါး

ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန် ဘယ်နှစ်မျိုးလဲ (လေးမျိုးပါဘုရား)။ ကာမုပါဒါန်ဆိုတာက-

ပဠွသု. ကာမဂုဏေသု ဆန္ဒရာဂေါ ကာမုပါဒါနံနာမ။ ငါးပါးသောအာရုံ ကာမဂုဏ်တို့မှာစွဲလမ်း ညှိကပ်တပ်မက်နေတဲ့တဏှာလောဘသည် ကာမုပါဒါန်၊ အာရုံငါးပါးကြိုက်တဲ့တဏှာသည် ကာမုပါဒါန်ခေါ်သတဲ့။ ဒိဋ္ဌုပါဒါန်ကြတော့-

ဒွါသဋ္ဌိ ဒိဋ္ဌိဂတိယော ဒိဋ္ဌုပါဒါနံနာမ ခြောက်ဆယ့်နှစ်ပါးသောမိစ္ဆာဒိဋ္ဌိကိုတော့ ဒိဋ္ဌုပါဒါန်ခေါ်တယ်။

သီလဗွတုပါဒါန်ဆိုတာကတော့ အကျင့် မှာစွဲတဲ့ဒိဋ္ဌိပဲ။
အတ္တဝါဒုပါဒါန်ဆိုတာကတော့ အနတ္တလို့ဘယ်လိုပြောပြော အတ္တဝါဒကြီးစွဲနေတာ အတ္တဝါဒုပါဒါန်။

အဲဒီ အတ္တ အနတ္တနှင့်ပတ်သတ်လို့ ပြောရင် သက္ကာယဒိဋ္ဌနှစ်ဆယ်ကို အကျယ်ချဲ့ပြောစရာရှိပါတယ်။ သို့သော် ဤသုတ္တန်မှာ ထိုဒိဋ္ဌကိုအကျယ်ချဲ့လိုက်ရင် ဘုန်းကြီးတို့ရဲ့လိပ်ပြောက်သွားလိမ့်မယ်။ ဒါကြောင့် လိုရင်းမှတ်ထားဖို့က ကာမဂုဏ်ကြိုက်တဲ့တဏှာကို ကာမုပါဒါန်ခေါ်ပါတယ်။ အယူမှားခြောက်ဆယ့်နှစ်ပါးအကုန်စုပြီးတော့ တစ်လုံးတည်းဒိဋ္ဌုပါဒါန်လို့ခေါ်ပါဟုတ်လား။ အကျင့်မှားစွဲတဲ့ဒိဋ္ဌိကိုလည်းပဲ သီလဗွတုပါဒါန်ခေါ်ပါ။ အနတ္တလို့ခေါ်ရတဲ့ခန္ဓာပေါ်မှာ အတ္တလို့စွဲနေတဲ့ဒိဋ္ဌိကို အတ္တဝါဒုပါဒါန်ခေါ်ပါတဲ့။ ဥပါဒါန်လေးပါးမှာ ဒိဋ္ဌိကဘယ်နှစ်မျိုးပါသွားလဲ (လေးမျိုးပါဘုရား)။

ဒိဋ္ဌုပါဒါန်သည် ဒိဋ္ဌိ၊ သီလဗွတုပါဒါန်သည် ဒိဋ္ဌိ၊ အတ္တဝါဒုပါဒါန်သည် ဒိဋ္ဌိဟုတ်လား (မှန်လှပါဘုရား)။ အယူမှား အကျင့်မှား နောက်ပြီးတော့ အနတ္တလို့ဆိုတဲ့ခန္ဓာငါးပါးကို အတ္တဆိုပြီးတော့အစွဲမှား၊ အေး သူကတော့ အတ္တဝါဒုပါဒါန်ဆိုတော့ ဝါဒစွဲလို့ဆိုကြတယ်။ ဝါဒမှားကိုစွဲတာ အတ္တဝါဒုပါဒါန်၊ အနတ္တဝါဒကို သူသည်လက်မခံပဲနှင့် အတ္တဝါဒကိုစွဲတော့ သူသည်အတ္တဝါဒုပါဒါန်၊ ဒိဋ္ဌိစေတသိက်ပဲရတယ်နော်၊ အကျင့်မှား။ မဂ္ဂင်ရှစ်ပါးဆိုတဲ့အကျင့်မှန်ကို လက်မခံပဲနှင့် အတ္တကိလမထနုယောဂအစရှိတဲ့ အကျင့်မှားကိုစွဲတော့ မဂ္ဂင်ရှစ်ပါးဆိုတဲ့အကျင့်မှန်ကိုလက်မခံပဲနှင့် အတ္တကိလမထနုယောဂဆိုတဲ့ အကျင့်မှားစွဲလိုက်တဲ့အခါကြတော့ဘာဖြစ်တုန်း သီလဗွတုပါဒါန်ဟုတ်လား။ အယူမှားမှန်သမျှအကုန်းလုံး သိမ်းကြုံး၍စွဲလိုက်တဲ့ကာလကြတော့ ဒိဋ္ဌုပါဒါန် ဒီလို့မို့လား (မှန်လှပါဘုရား)။

ပရိသတ်ဒီတော့ အကျင့်ကောင်းသည် မဂ္ဂင်ရှစ်ပါး။ အဲဒီ မဂ္ဂင်ရှစ်ပါးကိုအကျင့်မှန်ရယ်လို့လက်မခံဘူး။ ခွေးကဲ့သို့ကျင့် နွားကဲ့သို့ကျင့်အစရှိတဲ့အကျင့်မှားတွေ အတ္တကိလမထအကျင့်မှားတွေကိုစွဲတာ သီလဗွတုပါဒါန်ခေါ်တယ်။ အတ္တဝါဒကိုစွဲနေတဲ့ဥပါဒါန်ကို အတ္တဝါဒုပါဒါန်ခေါ်တယ်။ ဒိဋ္ဌိ

စေတသိက်ပဲသူတို့ဟာ။ ကျန်တဲ့အယူမှားအကုန်လုံးစွဲ ဘာခေါ်တုန်း ဒိဋ္ဌပါဒါန်။ အဲဒီဥပါဒါန်သုံးပါးစုလိုက်ရင် တစ်လုံးတည်းရတယ် တစ်လုံးတည်း ဒိဋ္ဌိစေတသိက်တစ်လုံးတည်းပါဟုတ်လား၊ (မှန်လှပါဘုရား)

ကာမဂုဏ်ငါးပါးကြိုက်သတဲ့ ရူပါရုံကြိုက် ရူပတဏှာမနေဘူးလား (နေပါတယ်ဘုရား)။ သဒ္ဒါရုံကြိုက်ရင် သဒ္ဒတဏှာ၊ ဂန္ဓာရုံကြိုက်တော့ (ဂန္ဓတဏှာပါဘုရား) ရသာရုံကြိုက်တော့ (ရသတဏှာပါဘုရား)။ ဖောဋ္ဌဗ္ဗာရုံကြိုက်တော့ (ဖောဋ္ဌဗ္ဗတဏှာပါဘုရား)။ ရူပတဏှာ, သဒ္ဒတဏှာ, ဂန္ဓတဏှာ, ရသတဏှာ, ဖောဋ္ဌဗ္ဗတဏှာ ဘယ်လိုပဲကွဲနေနေ-

ပဉ္စသု ကာမဂုဏေသု ဆန္ဒရာဂေါ ကာမုပါဒါနံ နာမ၊

အာရုံ ငါးပါးကာမဂုဏ်တရားကြိုက်တဲ့ တဏှာလောဘသည် ကာမုပါဒါန်ခေါ်တယ်။ အာရုံအားလျော်စွာ အာရုံကိုအမှီပြုပြီးတော့ တဏှာအမျိုးအမည်ကွဲကွဲ ကွဲကွဲသွားပေမယ့်လည်း တရားကိုယ်ကတော့ ဘုန်းကြီးတို့ပရိသတ် လောဘစေတသိက်တစ်လုံးတည်းပဲလို့မှတ်လိုက်ပါ။ ဒါကြောင့် **ဥပဂမနံ ဥပါဒါနံ၊** အာရုံငါးပါးကိုအပြင်းအထန်ကပ်ထားတဲ့ လောဘစေတသိက် နောက်ပြီးတော့ အယူမှားတွေ အကျင့်မှားတွေ ဝါဒမှားတွေကို ကပ်ထားတဲ့ဒိဋ္ဌိစေတသိက် ဟုတ်ပြီလား။ အယူမှား အကျင့်မှား ဝါဒမှား အဲဒီ အမှားတွေ အပေါ်မှာကပ်ထားတဲ့ဒိဋ္ဌိစေတသိက်မှတ်မိပြီလား။ အာရုံငါးပါးပေါ်မှာကပ်ထားတဲ့ လောဘစေတသိက် ဟုတ်ပြီလား (မှန်လှပါဘုရား)။

အဲဒီ လောဘနှင့်ဒိဋ္ဌိ ဒီနှစ်လုံးပဲတဲ့ ဥပါဒါန်လေးပါးကွဲပေမဲ့တရားကိုယ်က လောဘစေတသိက်နှင့်ဒိဋ္ဌိစေတသိက် ဒီနှစ်လုံးတည်းပါ။ ထိုလောဘနှင့်ဒိဋ္ဌိပေါင်းမိတဲ့အခါကြတော့ အဘိဓမ္မတ္ထသင်္ဂဟကျမ်းကဆိုပါတယ်။ ဒိဋ္ဌိဂတသမ္ပယုတ်လောဘ သူတို့ကပူးတတ်တယ်ဗျာ့။ ဒိဋ္ဌိနှင့်လောဘဟာ ပူးတာတယ်များတယ်။ အယူမှားလေးသိပ်ကြိုက်ပြီးမသိမသာ ဒါတဏှာဖြစ်နေတာ။ ဒီအယူမှားစွဲတော့ သူကဒိဋ္ဌိခေါ်တာ၊ ကိုယ့်အမှားလေးကိုယ်ဟာကိုကျေနပ်နှစ်သိမ့်နေတာ ဒါ သိမ်မွေ့တဲ့တဏှာတစ်မျိုးပဲ တရုဏတဏှာလို့ခေါ်တယ်။

အဲဒီသိမ်မွေ့စွာသော တဏှာနှင့်ဒိဋ္ဌိနှင့်တွဲသွားတော့ဒိဋ္ဌိဂတသမ္ပယုတ်

လောဘ၊ ဒီတော့ဥပါဒါန်ဆိုသည်ကား ဒိဋ္ဌနှင့်တဏှာ(တနည်း)ဒိဋ္ဌစေတသိက်နှင့်လောဘစေတသိက်ဟုတ်ကြလား (မှန်လှပါဘုရား)။ တဏှာဒိဋ္ဌတို့၏အာရုံ၊ တဏှာဒိဋ္ဌတို့၏ကပ်ရာ၊ တဏှာဒိဋ္ဌတို့၏စွဲယူရာဖြစ်သောခန္ဓာကို ဒိနေရာဘာခေါ်တုန်းဆိုတော့ ဥပါဒါနက္ခန္ဓာဟုတ်လား။ တဏှာ ဒိဋ္ဌတို့၏ကပ်ရာ၊ တဏှာဒိဋ္ဌတို့၏စွဲရာ၊ တဏှာဒိဋ္ဌတို့၏အာရုံပြုရာဖြစ်သောခန္ဓာကိုဘာခေါ်တုန်း၊

(ဥပါဒါနက္ခန္ဓာပါဘုရား)။

ဥပါဒါနက္ခန္ဓာ။ ထိုဥပါဒါနက္ခန္ဓာကို ဤသုတ္တန် မှာလိပ်နှင့်တူတယ်လို့ မြတ်စွာဘုရားက အဖြေထုတ်တားတယ်။

ဒါကြောင့် ဘိက္ခု၊ ချစ်သားရဟန်း။ **ကုမ္မောတိ ဧတံအဓိဝစနံ**၊ လိပ်ဆိုသောဤစကားသည်ကား။ ပဉ္စန္နံ၊ ငါးပါးကုန်သော။ ဥပါဒါနက္ခန္ဓာနံ၊ ဥပါဒါနက္ခန္ဓာတို့ရဲ့။ အဓိဝစနံ၊ အမည်ပါပေတည်း။ ချစ်သားကုမာရကဿပ တောင်ဘို့ထဲကတွေ့တဲ့လိပ်တစ်ကောင်ဆိုတာတခြားမဟုတ်ဘူး ဥပါဒါနက္ခန္ဓာငါးပါးကိုပြောတာ။ သေယျဒိဒံ၊ ထိုဥပါဒါနက္ခန္ဓာငါးပါးဟူသည်အဘယ်နည်းဆိုတော့ ရူပုပါဒါနက္ခန္ဓသ၊ ရုပ်ဟူသောဥပါဒါနက္ခန္ဓာ၏လည်းကောင်း။ ဝေဒနုပါဒါနက္ခန္ဓသ၊ ဝေဒနာဟူသောဥပါဒါနက္ခန္ဓာ၏လည်းကောင်း။ သညုပါဒါနက္ခန္ဓသ၊ သညာဟူသောဥပါဒါနက္ခန္ဓာ၏လည်းကောင်း။ သင်္ခါရုပါဒါနက္ခန္ဓသ၊ သင်္ခါရဟူသောဥပါဒါနက္ခန္ဓာ၏လည်းကောင်း။ ဝိညာဏုပါဒါနက္ခန္ဓသ၊ ဝိညာဏ်ဟူသောဥပါဒါနက္ခန္ဓာ၏လည်းကောင်း။ ဣတိ၊ ဤသို့၊ ပဉ္စန္နံ၊ ငါးပါးကုန်သော။ ဥပါဒါနက္ခန္ဓာနံ၊ ဥပါဒါနက္ခန္ဓာတို့ရဲ့။ အဓိဝစနံ၊ အမည်ပါပေတည်း။ ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်သည်။ ဒွါဒမံ၊ တစ်ဆယ့်နှစ်ခုမြောက်ဖြစ်သော။ ပဥ္စံ၊ မေး ခွန်းကို။ ဗျာကရောတိ၊ ဆုတ်ဆိုင်းမရှိ ဟုတ်တိုင်းမှန်စွာဖြေကြားတော်မူခဲ့ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

ဥပါဒါန်ဆိုတဲ့သဘောရယ် ဥပါဒါန်ရဲ့တရားကိုယ်ရယ် ဒီဥပါဒါန်လို့ခေါ်ရတဲ့တရားကိုယ်နှစ်လုံး လောဘနှင့်ဒိဋ္ဌ (တနည်း) ဒိဋ္ဌနှင့်တဏှာ ဤတရားနှစ်ပါးတို့ဟာရုပ်ပေါ်မှာကပ်နေကြပြီဆိုလို့ရှိရင် ဘုန်းကြီးတို့ပရိသတ်များ ရုပ်

ပေါ်မှာဒီဋ္ဌနှင့်တဏှာကပ်နေပြီဆိုလို့ရှိရင် အဲဒီရုပ်ကို ရူပုပါဒါနကွန္ဓာ ဒီလို ခေါ်တယ်။ ထိုရုပ်ပေါ်မှာ ဒီဋ္ဌနှင့်တဏှာမကပ်ဘူးဆိုလို့ရှိရင် ရူပက္ခန္ဓာလို့ခေါ် နိုင်ခွင့်ရှိတယ်။ ရူပုပါဒါနကွန္ဓာဆိုတာ ရုပ်ပေါ်မှာဒီဋ္ဌနှင့်တဏှာကကပ် နေ တယ်။ ရူပက္ခန္ဓာလို့ဆိုလိုက်ရင် ရုပ်ပေါ်မှာဒီဋ္ဌနှင့်တဏှာမကပ်ဘူး။ ဒါကြောင့်-

ခန္ဓာနှင့် ဥပါဒါနက္ခန္ဓာ

ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်မှာ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က-

ပဥ္စ ဘိက္ခဝေ ခန္ဓေ ဒေသေဿာမိ ပဥ္စုပါဒါနက္ခန္ဓေ စ၊ [1]

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ ခန္ဓေ စ၊ ခန္ဓာတို့ကိုလည်း ပဲ။ အဟံ၊ ငါဘုရားရှင်ကိုယ်တော်မြတ်သည်။ ဒေသေဿာမိ၊ ဟောကြားပေ အံ့။ ဥပါဒါနက္ခန္ဓေ စ၊ ဥပါဒါနက္ခန္ဓာ တို့ကိုလည်းပဲ။ ဒေသေဿာမိ၊ ဟောကြား ပေအံ့လို့။ ခန္ဓာနှင့်ဥပါဒါနက္ခန္ဓာကို နှစ်မျိုးခွဲပြီးတော့ဟောတဲ့သုတ္တန်တစ်ခုရှိ တယ်။ ပဥ္စ ဘိက္ခဝေ ခန္ဓေ ဒေသေဿာမိ ဥပါဒါနက္ခန္ဓေ စ။ ဘိက္ခဝေ၊ ရဟန်း တော်များအိုချစ်သားတို့။ ခန္ဓေ စ၊ ခန္ဓာတို့ကိုလည်းပဲ။ ဒေသေဿာမိ၊ ဟော ကြားပေအံ့။ ဥပါဒါနက္ခန္ဓေစ၊ ဥပါဒါနက္ခန္ဓာတို့ကိုလည်းပဲ။ ဒေသေဿာမိ၊ ဟောကြားပေအံ့။ ဒီလိုဟောတယ် ခန္ဓာကိုလည်းဟောပါတယ် ဥပါဒါနက္ခန္ဓာ ကို လည်းဟောပါတယ်။ ဘယ်နှစ်မျိုးဟော၊

(နှစ်မျိုးဟောပါတယ်ဘုရား)။

ခန္ဓာနှင့် ဥပါဒါနက္ခန္ဓာနှစ်မျိုးလို့ခွဲဟောတယ်။ အဓိပ္ပါယ်ကတော့ ဒိဋ္ဌ နှင့်တဏှာကပ်နေတဲ့ခန္ဓာကိုတော့ဥပါဒါနက္ခန္ဓာခေါ်လိုက်။ ဒိဋ္ဌနှင့်တဏှာကွာ ပြီးပြီဆိုတဲ့ခန္ဓာကြတော့ ဥပါဒါနက္ခန္ဓာလို့မသုံးတော့ပဲနှင့် ဥပါဒါန်ဆိုတဲ့စာလုံး ကိုဖြုတ်လိုက် ခန္ဓာ ဒီလိုပဲသာမညခေါ်ရတယ်နော်။ ဘုန်းကြီးတို့ပရိသတ် နားလည်ဘို့ ဘာမှဒါမခက်ဘူး။ ခန္ဓာပေါ်မှာဒိဋ္ဌတဏှာ ကပ် မကပ် ဒါပဲစဉ်း စားရမှာ။ ဒိဋ္ဌ တဏှာနှင့်တွဲတဲ့ခန္ဓာကိုဘာလို့ခေါ်တုန်း ဥပါဒါနက္ခန္ဓာ။ ဒိဋ္ဌ တဏှာကင်းသွားတဲ့ခန္ဓာကြတော့ ခန္ဓာလို့သာမညပဲခေါ်။ အနုပါဒါနက္ခန္ဓာ

၁။ သံ၊ ၂။ ၃၅၅

လို့လည်းခေါ်ခွင့်ရှိပါ တယ်။ ဒါပေမဲ့ခန္ဓာဆိုတဲ့သာမညအသုံးကပို့များတယ်။ အဲဒီသဘောကို တစ်ခါ တစ်ခါ မပို့င်တော့ဘယ်လိုဖြစ်သွားတာတုန်းဆိုတော့ အခုနကသုတ္တန်ကိုစဉ်းစားတယ်။

ပဠု ဘိက္ခဝေ ခန္ဓေ ဒေသေဿာမိ ဥပါဒါနက္ခန္ဓေ စ။

အောင်မယ် ဘုရားကခန္ဓာလည်းဟောတယ် ဥပါဒါနက္ခန္ဓာလည်းဟောတယ်ဆိုတော့ လူတစ်ယောက်တစ်ယောက်မှာ ခန္ဓာဟာနှစ်ထပ် နှစ်ထပ်ပါလာတယ်လို့ ဒီလိုအတွေးလွဲသွားတယ်။ ခန္ဓာနှစ်ထပ်ပါလာတာမဟုတ်ဘူးတဲ့၊ ခန္ဓာကတစ်ထပ် ဥပါဒါနက္ခန္ဓာကတစ်ထပ်လို့ တစ်ယောက်တစ်ယောက်မှာ အဲဒီခန္ဓာငါးပါးဟာ နှစ်ထပ်တွဲကြီးပါလာတာမဟုတ်ဘူး။ တဏှာဒိဋ္ဌိနှင့် အာရုံပြုထားရင် ဥပါဒါနက္ခန္ဓာလို့ခေါ်။ တဏှာဒိဋ္ဌိကင်းနေတဲ့ခန္ဓာကြတော့ ခန္ဓာလို့သာမညခေါ်ဒီလိုပြောတာဟုတ်လား (မှန်လှပါဘုရား)။ လူတစ်ယောက်မှာ ခန္ဓာငါးပါးကတစ်ထပ်၊ ဥပါဒါနက္ခန္ဓာငါးပါးကတစ်ထပ် အမ လေးနှစ်ထပ်ကြီးလို့ ဒီလိုမလုပ်လိုက်ပါနဲ့ဗျာ ဒီလိုမဟုတ်ပါဘူးဗျာ။ တဏှာဒိဋ္ဌိ၏စွဲရာ မှီရာ တည်ရာဆိုလို့ရှိရင်တော့ဘာခေါ်မတုန်း ဥပါဒါနက္ခန္ဓာ၊ တဏှာဒိဋ္ဌိလုံးဝမရှိတော့ဘူးဆိုတဲ့အခါကြတော့ ခန္ဓာဟုတ်လား။

ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ခန္ဓာငါးပါးမှာတဏှာဒိဋ္ဌိရှိသေးလား၊
(မရှိတော့ပါဘုရား)။
ရဟန္တာသခင်အရှင်သူမြတ်တို့ရဲ့ခန္ဓာမှာတဏှာဒိဋ္ဌိရှိသေးလား၊
(မရှိတော့ပါဘုရား)။
ပစ္စေကဗုဒ္ဓါ အရှင်သူမြတ်တို့ရဲ့ခန္ဓာမှာရော၊
(မရှိပါဘုရား)။ အေး အဲဒါကြတော့ ခန္ဓာသာမညခေါ်ပေါ့။

ဟောဒီမျက် မှောက်မှာရှိနေကြတဲ့ ပရိသတ်ပေါင်းသူတော်ကောင်းတို့ရဲ့ခန္ဓာမှာကြတော့ တဏှာဒိဋ္ဌိတွေရှိနေသေးရင် တဏှာဒိဋ္ဌိမရှိတဲ့ ဒကာ, ဒကာမတွေအလွတ်ထား၊ တဏှာဒိဋ္ဌိကင်းကွာပြီးပြီဆိုတဲ့ ဒကာ ဒကာမတွေအလွတ်ထား။ ဒါကလဲ ချွင်းချက်ကလဲထားပြောရသေးတယ်။ တော်တော်ကြာကြတော့ တဏှာဒိဋ္ဌိကင်းနေတဲ့ ဒကာ ဒကာမပါလာရင် ဒို့သိမ်းကြုံးစွဲသွားတယ်ဖြစ်အုံးမှာ။ မှန်လှပါတို့ဒကာကြီးများ တဏှာဒိဋ္ဌိကင်းနေရင်လေ ဒကာကြီးရဲ့

ခန္ဓာ ဥပါဒါနက္ခန္ဓာထဲမထည့်နှင့် တဏှာ ဒိဋ္ဌနှင့်တည်နေတဲ့ခန္ဓာ၊ တဏှာ ဒိဋ္ဌနှင့်စွဲညိနေတဲ့ကပ်နေတဲ့ခန္ဓာအားလုံးကို ဥပါဒါနက္ခန္ဓာ လို့ခေါ်ပါသည်။ တဏှာဒိဋ္ဌတို့မရှိတော့ဘူးဆိုတဲ့ခန္ဓာကိုတော့ ခန္ဓာသာမညခေါ်ပါတယ်။

ဤနေရာမှာ လိပ်ဆိုတာဟာ ဘာပြောနေတာတုန်းဆိုတော့ တဏှာဒိဋ္ဌ မလွတ်သေးတဲ့ခန္ဓာကိုပြောတာနော်။ ဒါကြောင့်မို့လို့ ခန္ဓာနှင့် ဥပါဒါနက္ခန္ဓာကို ဘုန်းကြီးတို့ ရှေ့ကခွဲပြီးတော့ပြောလိုက်တယ်။ ဤသုတ္တန်မှာ လိပ်ဆိုတာ ဘယ်ခန္ဓာယူရမတုန်း၊ ခန္ဓာသာမညယူရမလား ဥပါဒါနက္ခန္ဓာယူရမှာလား။

(ဥပါဒါနက္ခန္ဓာယူရမှာပါဘုရား)။

အေးပေါ့ အဲဒါမှတူးကွက်ရတာ။ ခန္ဓာသာမညဆို ဘာမှတူးဖို့မလိုတော့ဘူး တဏှာဒိဋ္ဌကုန်နေရင်တူးစရာလိုသေးလား၊

(မလိုတော့ပါဘုရား)။

အေး တဏှာဒိဋ္ဌမကုန်သေးလို့တူးရဖြို့ရတာတဲ့။ ဒီနေရာ လိပ်ဆိုတာ တဏှာ ဒိဋ္ဌကင်းပြီးတဲ့ခန္ဓာသာမညမဟုတ်ဘူး။ တဏှာ ဒိဋ္ဌနှင့်တွဲနေတဲ့ ဒိဋ္ဌနှင့်တဏှာ ကပ်နေတဲ့ခန္ဓာကို ဒီနေရာယူပါတယ်။ ဒါကြောင့်

ကုမ္မောတိ ခေါ ဘိက္ခု ပဠုန္နေတံ ဥပါဒါနာက္ခန္ဓာနံ အဓိဝစနံ။

ဘိက္ခု ချစ်သားရဟန်း။ ကုမ္မောတိ ဧတံ အဓိဝစနံ၊ ကုမ္မဆိုသော ဤစကားသည်ကား၊ ပဠုန်း၊ ငါးပါးကုန်သော။ ဥပါဒါနက္ခန္ဓာနံ၊ ဥပါဒါန်နှင့်တွဲနေသောခန္ဓာတို့ရဲ့၊ အဓိဝစနံ၊ အမည်ပါပေတည်း။ ရူပုပါဒါနက္ခန္ဓဿ ဝေဒနုပါဒါနက္ခန္ဓဿ သညုပါဒါနက္ခန္ဓဿ သင်္ခါရုပါဒါနက္ခန္ဓဿ ဝိညာဏုပါဒါနက္ခန္ဓဿ ရုပ်ဆိုသောဥပါဒါနက္ခန္ဓာ, ဝေဒနာဆိုသောဥပါဒါနက္ခန္ဓာ, သညာတည်းဟူသောဥပါဒါနက္ခန္ဓာ, သင်္ခါရတည်းဟူသောဥပါဒါနက္ခန္ဓာ, ဝိညာဏ်တည်းဟူသောဥပါဒါနက္ခန္ဓာ။ ဣတိ၊ ဤသို့။ ပဠုန်း၊ ငါးမျိုးကုန်သော။ ဥပါဒါနက္ခန္ဓာနံ၊ တဏှာ ဒိဋ္ဌနှင့်ကပ်နေသောခန္ဓာတို့ရဲ့။ အဓိဝစနံ၊ အမည်ပါပေတည်း။ တောင်ဘို့ကြီးတူးပြီး ဘုန်းကြီးတို့ပရိသတ်ပေါင်းသူတော်ကောင်းတို့ လိပ်တစ်ကောင်တွေ့ပြီ။ အဲဒီလိပ်တစ်ကောင်ဆိုတာက ဥပါဒါနက္ခန္ဓာငါးပါး။ ကိုင်း လိပ်ပြန်ကြည့်လိုက်ပါဦး။ လိပ်တစ်ကောင်ကြည့်လိုက်ပါအုံး။

ဘုန်းကြီးတို့ပရိသတ် **ကုမ္မောပမသုတ်** နာဖူးတယ်နော် (မှန်လှပါဘုရား)။ ကုမ္မောပမသုတ္တန်မှာလိပ်ဆိုတာကို ဘုန်းကြီးတို့ပရိသတ်အပေါင်းသူတော်ကောင်းတို့ပြောလိုက်တော့ လိပ်မှာအပြင်ထွက်တဲ့အဂီါ ဘယ်နှစ်ခုရှိ (ငါးခုရှိပါတယ်ဘုရား)။ ခေါင်းရှိတယ်၊ ခြေနှစ်ဘက်ရှိတယ်၊ လက်နှစ်ဘက်ရှိတယ်နော်၊ ခေါင်းရှိတယ်, ခြေနှစ်ဘက်ရှိတယ်, လက်နှစ်ဘက်ရှိတယ် အဲဒီလိပ်ကလေး တွားတွား, တွားတွားနှင့်သွားနေတဲ့အခါ သူရဲ့ကိုယ်ခန္ဓာတစ်ခုလုံးဟာ အစွန်းတွေ အစွန်းတွေထွက်ထွက်လာတာ ဘယ်နှစ်မျိုးလဲ (ငါးမျိုးပါဘုရား)။ အဲဒီ ငါးမျိုးသောအစွန်းတွေ အကုန်ဖြတ်တောက်ပစ်လိုက်ရင် ဒီလိပ်ဆိုတဲ့အကောင်လေးသွားနိုင်သေးလား (မသွားနိုင်ပါဘူးဘုရား)။ ရပ်သွားပြီ ရပ်သွားပြီ။ ထွက်ပြူလာတဲ့အစွန်းတွေကိုဖြတ်နိုင်ရင် ဤလိပ်သည်ရပ်သွားပြီ။

ဘုန်းကြီးတို့ပရိသတ်များ ရပ်အောင်လုပ်ရမှာလား၊ သွားအောင်လုပ်ရမှာလား၊

(ရပ်အောင်လုပ်ရမှာပါဘုရား)။

ဘုန်းကြီးတို့ပရိသတ်များ သံသရာစက်ကြီးကိုရပ်အောင်လုပ်ရမှာဟုတ်လား။ လိပ်ကလေးအစွန်းတွေထွက်ထွက်လာတော့ အပြင်ဘက်မာရ်နတ်ချောင်းဆို။ ကိုင်း ခန္ဓမာရ် မစ္စုမာရ် ကိလေသမာရ် အဘိသင်္ခါရမာရ် ဒေဝပုတ္တမာရ်ရယ်လို့ သဗ္ဗညုမြတ်စွာဘုရား ဗောဓိပင်နားမှာ မာရ်ငါးပါးအောင်ဆိုတာ ဘုန်းကြီးတို့ပရိသတ်ကြားဖူးပါတယ်

မြေးခွေးနဲ့လိပ်ကလေး

ထိုကုမ္မောပမသုတ္တန်ဟောတုန်းက ကုမ္မံ ကစ္ဆပံ၊ လိပ်ဆိုမှလိပ်ကို။ သိဂီလော၊ မြေခွေးသည်။ ဒူရတောဝေ၊ အဝေးကပင်လျှင်။ ဂေါစရပသုတံ၊ စားကျက်၌ကျက်စားအပ်သည်ကို။ အဒ္ဒသ၊ မျက်ဝါးထင်ထင်တွေ့မြင်ခဲ့တယ်။ လိပ်ကို မြေခွေးအဝေးကပင်လှမ်းပြီးတော့မြင်လိုက်တယ် မြင်လိုက်တဲ့အခါကြတော့ မြေခွေးက အေး ဒီမှာ ငါ့အစာတွေ့ပြီဆိုပြီးတော့ မြေခွေးသည် လိပ်ရှိရာခဏီတက်မလာဘူးလား၊

(လာပါတယ်ဘုရား)။

သိဂၤါလော၊ မြေခွေးသည်။ ကုမ်ဳ ကစ္ဆပ်၊ လိပ်ကို။ ဒိသွာ၊ တွေ့မြင်ရသည်ဖြစ်၍။ ယေန၊ အကြောင်အရပ်မှာ။ ကုမ္မော ကစ္ဆပေါ၊ လိပ်သည်။ အတ္ထိ၊ ရှိပါပေ၏။ တေန၊ ထိုလိပ်ရှိရာသို့။ ဥပသင်္ကမိ၊ ချဉ်းကပ်လာတယ်။ ဥပသင်္ကမိတွာ၊ ချဉ်းကပ်လာပြီး၍၊ ကုမ်ဳ ကစ္ဆပ်၊ လိပ်ကို။ ပစ္စုပဋ္ဌိတော၊ အနီး ကစောင့်၍တည်နေသည်။ ဟောတိ ဖြစ်၏။ လိပ်ကလေးစားကျက်မှာ ကျက်စားနေတာ မြေခွေးအဝေးကတွေ့လိုက်တော့ ငါ့အစာပဲဆိုပြီးတော့ခြီတက်လာတာအနားရောက်လာတယ်။ အနားလဲရောက်ရော ဘုန်းကြီးတို့ပရိသတ်များ ဘယ်အစကနေဖမ်းကိုက်လိုက်ရပါ့မလဲလို့ဆိုပြီးတော့ မြေခွေးချောင်းတာကိုက်စရာအစရှာလို့ရရဲ့လား (မရပါဘုရား)။ လိပ်ကလေးကို မြေခွေးကိုက်ဖို့အစရှာတာမရဘူးနော်၊ ခေါင်းကကိုက်ရမလား ခေါင်းရှာလို့မရဘူး။ ခြေထောက်ကကိုက်ရမလား ခြေထောက်နှစ်ဘက်လည်းရှာမရဘူး။ လက်နှစ်ဘက်ကိုက်ရမလားလို့ရှာကြည့်တယ်မရဘူး။ ဒီတော့ လိပ်ကဘယ်နှယ်လို့နေလိုက်တာတုန်း။

ကုမ္မော ကစ္ဆပေါ၊ လိပ်သည်၊ သောဏ္ဍိပဉ္စမာနိ အဂၤါနိ။ အတ္တာနော၊ မိမိရဲ့။ သောဏ္ဍိပဉ္စမာနိ အဂၤါနိ၊ ဦးခေါင်းလျှင်ငါးခုမြောက်ရှိတဲ့အင်္ဂါတို့ကို ဦးခေါင်းနှင့်တကွငါးပါးသောအင်္ဂါတို့ကို။ သကေ ကပါလေ၊ အသာလေးမိမိရဲ့အရိုးခွံထဲမှာ။ သမောဒဟိတွာ၊ ထည့်လိုက်ပြီးတော့။ အပ္ပေါသုက္ကော၊ ကြောင့်ကြမဲ့ အစာကိုလည်းမကြောင့်ကြဘူး ရေကိုလည်းမတောင့်တဘူး အစာနှင့်ရေကိုလည်းမကြောင့်ကြဘူး မတောင့်တဘူး။ အနီးမှာရန်သူရောက်နေတယ်လို့လဲပဲမကြောင့်ကြဘူး၊ အပ္ပေါသုက္ကော၊ ကြောင့်ကြခြင်းကင်းမဲ့စွာရေနှင့် အစာကိုလည်းမတောင့်တ။ အနီးရောက်နေတဲ့မြေခွေးအတွက်လည်းမကြောင့်ကြ၊ အော် ချမ်းသာလိုက်တာဟုတ်လား။ ဘာပြုလို့ချမ်းသာတာလဲဆိုတော့ ခေါင်းရော ခြေရော လက်ရောအကုန်လုံးထည့်ထားလို့ ဟုတ်လား၊ (မှန်လှပါဘုရား)။

အေး ချမ်းသာဆိုတာ အဲဒီလို ဘုန်းကြီးတို့ပရိသတ်များ။ ဟိုကမြေခွေးဆွဲစရာ ကိုက်စရာ ခေါင်းတွေ လက်တွေခြေတွေကို အကုန်လုံးသိမ်းထားတဲ့အတွက်ကြောင့် မြေခွေးကိုကြောင့်ကြစရာများရှိသေးလား၊

(မရှိတော့ပါဘုရား)။

မြေခွေး ကြောင့်ကြစရာမရှိဘူးဆိုတော့ မြေခွေးကအနားကထိုင်စောင့် သူထွက်ခွင့်မရဘူးပေါ့။ တနည်းအားဖြင့် ထွက်ခွင့်မရတဲ့အတွက်ကြောင့် အစာ နှင့်ရေကော သူတောင့်တသေးရဲ့လား၊

(မတောင့်တတော့ပါဘုရား)။

တောင့်တခြင်းကင်း ကြောင့်ကြခြင်းကင်းတဲ့ဘဝဟာ ဘယ်လောက် ချမ်းသာတုန်းစဉ်းစားကြည့်ပေါ့၊ အဲဒါ ဘာဖြစ်လို့လဲဆိုတော့ လက်တွေ ခြေ တွေ ခေါင်းတွေ မထွက်လို့တဲ့ ဟုတ်လား (မှန်လှပါဘုရား)။

အတ္တနော အင်္ဂါနိ၊ မိမိရဲ့အင်္ဂါတို့ကို။ သကေ ကပါလေ၊ အသာလေး မိမိအရိုးခွံထဲမှာ။ သမောဒဟိတ္တာ၊ ထည့်လိုက်ပြီးတော့။ အပ္ပေါသုက္ကော၊ ကြောင့်ကြမဲ့တောင့်တမဲ့။ တုဏှီဘူတော၊ မဆိုတိတ်တိတ်ဆိတ်ဆိတ်ပဲ။ သင်္ဃ သာယတိ၊ နေလိုက်တော့တယ်။ ချမ်းချမ်းသာသာလိပ်ကလေးနေတယ်။ မြေ ခွေးကတော့အနားလေးစောင့်လို့ အမြီးလေးတနှဲ့နှဲ့ နှာခေါင်းလေးတရှဲ့ရှဲ့နှင့် ထွက်ရာကငါကိုက်မယ်ဟုတ်လား။ ထွက်လာတဲ့အစကို ငါဖမ်းပြီးတော့ဆွဲမယ် စောင့်မနေဘူးလား (စောင့်နေပါတယ်ဘုရား)။ ထွက်ရာအစကို ငါဖမ်းပြီး တော့ဆွဲမယ်လို့၊ သိဂီလော၊ မြေခွေးသည်။

သောဏ္ဍိပဉ္စမာနံ အင်္ဂါနံ အညတရံ ဝါ အညတရံ ဝါ အင်္ဂံ အဘိ နိန္နာမေဿတိ၊ [1]

ဦးခေါင်းလျှင်ငါးခုမြောက်ရှိတဲ့အင်္ဂါတို့တွင်တစ်ခုခုသည် တချိန်ချိန် မှာတော့ထွက်လာလိမ့်မယ်။ အထ တသွီ ကာလေ၊ ထိုကဲ့သို့အင်္ဂါငါးပါး တစ် ပါးပါးထွက်ပေါ်လာသောကာလမှာ။ အဟံ၊ ငါသည်။ ကုမ္မံ ကစ္ဆပံ၊ လိပ်ကို။ ဥဒ္ဒါလိတွာ၊ ဖောက်ခွဲပြီးတော့။ ခါဒိဿာမိ၊ ခဲစားလိုက်မယ်။ အင်္ဂါတစ်ခုခု ထွက်လာရင်တော့ ဟောဒီလိပ်ကြီးကိုဖောက်ခွဲပြီးတော့ ငါစားပစ်မယ်ဆိုပြီး တော့။ ပစ္စုပဋ္ဌိတော၊ အနီးကစောင့်၍တည်နေသည်။ ဟောတိ၊ ဖြစ်၏။ အင်္ဂါ တစ်စစထွက်လာရင်တော့ ကိုက်ဆွဲပြီးတော့ဖောက်ခွဲစားမယ် မြေခွေးစောင့် နေတယ်။ မြေခွေးစောင့်နေတော့ လိပ်ကလေးကထွက်သေးလား၊

၁။ သံ၊ ၂။ ၃၅၅

(မထွက်တော့ပါဘုရား)။
ခေါင်းကောထုတ်သေးလား၊
(မထုတ်တော့ပါဘုရား)။
ခြေတွေ လက်တွေကော၊
(မထွက်တော့ပါဘုရား)။

ချမ်းသာလိုက်တာ။ ဘယ်ကမှ အစထွက်မလာတော့ တယ်ချမ်းသာတယ်။ မြေခွေးစောင့်ရင်းစောင့်ရင်းနဲ့ တဖြေးဖြေးညဉ့်ဦးယံကုန်သွားတယ်။ စောင့်တာညနေစောင်းကစောင့်တာ ညဉ့်ဦးယံကုန်သွားတယ် လိပ်ကမထွက်ဘူး။ သန်းခေါင်းယံကျော်သွားပြီ လိပ်ကလေးထွက်ရဲ့လား၊
(မထွက်ပါဘုရား)။

လိပ်ကလေးအတွက် မြေခွေးရတက်ပွေ

တဖြေးတဖြေးလင်းအားကြီးဘက်ရောက်လာပြီထွက်ပြီလား (မထွက်ပါဘုရား)။ မိုးကိုစင်စင်လင်းလို့ တံငါသည်တွေလည်းပဲ တဖြေးတဖြေးနဲ့ လှေကလေးနှင့်မြစ်ထဲ ဘုန်းကြီးတို့ပရိသတ် ငါးဖမ်းဖို့ထွက်ကြပြီ။ သောင်ပေါ်မှာ စိုက်ကြ ပျိုးကြတဲ့ တောင်ယာသမားတွေလဲပဲ ထွန်တွေ တူးယွင်းတွေ ခားတွေ ကိုင်စွဲပြီးတော့လာထွန်ကြပြီ။ လူတွေဟာကိုယ့်လုပ်ငန်းခွင်ကိုယ်ဝင်။ ဟောဒီမှာ လိပ်နှင့်မြေခွေးရင်ဆိုင်တုန်းရှိသေးတယ်။ မိုးလင်းပြီ ဘုန်းကြီးတို့ပရိသတ်များ လိပ်ရဲ့နေပုံထိုင်ပုံဟာ၊ **အပ္ပေါသုက္ကော** တဲ့ ကြောင့်ကြမဲ့။ ဘယ်လိုနေတာလဲ၊
(ကြောင့်ကြမဲ့ပါဘုရား)။

ကြောင့်ကြခြင်းလဲကင်းပါတယ်၊ တောင့်တခြင်းလဲကင်းပါတယ်။ ချမ်းသာလိုက်တာ မြေခွေးလေးခမျာတော့ ညတုန်းကတော့ အဟုတ်သား၊ ညဉ့်ဦးယံပိုင်းတုန်းကအတော်သား၊ သန်းခေါင်ယံပိုင်းသူတော်သေးတယ်၊ လင်းအားကြီးပိုင်းလဲတော်သေးတယ်။ မိုးသေသေချာချာလင်းပြီလဲဆိုရော အဲဒီမြေခွေးပြန်စဉ်းစားကြည့် ဘယ်လိုဖြစ်သွားလဲ၊ ဟာ လူတွေက ခားတွေ တူယွင်းတွေ လုံတွေ တက်တွေနှင့် တခါတည်းလယ်ထဲဆင်းတဲ့သူကဆင်း၊ သောင်ပေါ်တက်သူကတက်၊ မြစ်ထဲသွားတဲ့သူကသွား၊ ကမ်းပါးသွားတဲ့ သူကသွားဆိုတော့

အဲဒီလူတွေ လူပ်ရှားတာမြင်လာတဲ့အခါကြတော့ ဒီမြေခွေးလေး နေလို့ထိုင်လို့ဖြောင့်နိုင်သေးလား၊

(မဖြောင့်နိုင်တော့ပါဘုရား)။

လိပ်ကိုချောင်းတဲ့ မြေခွေး မိုးလင်းတော့ သူထွက်ပြေး

အကြီးအကျယ်ကြောင့်ကြနေရတာက အဲဒီမြေခွေးဗျာနော်။ မိုးလင်းပြီဆိုတော့ ကြောင့်ကြရတာဘယ်သူလဲ (မြေခွေးပါဘုရား)။ အေး မိုးမလင်းသေးခင်ချောင်းပေါ့။ မိုးလင်းရင်တော့ကြောင့်ကြရမဲ့အချိန်သည် မြေခွေးအတွက်ပဲနော်။ လယ်သမားတွေကလဲလာကြပါပြီ။ ယာသမားတွေလဲလာကြပါပြီ။ တံငါသည်တွေကလဲ တက်တွေထမ်းပြီးတော့မြစ်ထဲကိုဆင်းတော့မယ်။ မြေခွေးနှင့်သောင်ပြင်မှာ ဟောဒီလယ်သမားတွေ ယာသမားတွေ လှေသမားတွေ တံငါသည်တွေ မြေခွေးနှင့်သောင်ပြင် ရင်ဆိုင်တွေ့ရင်တော့ အဲဒီမြေခွေးတော့ တက်နှင့်ပဲခုတ်မလား ဓားမနှင့်ပဲခုတ်မလားမသိဘူး စောင့်သာကြည့်ကြ။ အဲဒါကြောင့် ကြောင့်ကြခြင်းမကင်းတာက မြေခွေးဗျနော် (မှန်လှပါဘုရား)။ ကြောင့်ကြခြင်းမကင်းတဲ့မြေခွေး မိုးစင်စင်လင်းတော့မနေရဲဘူးတဲ့။ ဟောဒီလိပ်ဟာ ခေါင်းလဲမထွက်ဘူး လက်လဲမထွက်ဘူး ခြေလဲမထွက်ဘူး။ ပြေးလေမှပဲဆိုပြီးတော့ အဲဒီတော့မှ မြေခွေးဟာ -

ကုမ္မမှာ နိဗ္ဗဒ္ဓ ပက္ကာမိ ဩတာရံ အလဘမာနော။ [၁]

သီဂီလော၊ မြေခွေးသည်။ ကုမ္မံမှာ နိဗ္ဗဒ္ဓ လိပ်ကိုစိတ်ပျက်သည်ဖြစ်၍ လို့ဆိုကြစို့ နိဗ္ဗဒ္ဓ စာအတိုင်းပြောတော့ ငြီးငွေ့သည်ဖြစ်၍လို့ဆိုတယ်။ ငြီးငွေ့တာကတရားသံနဲ့နဲပါတယ်။ သဘာဝသံလေးပြောရအောင်။ ကုမ္မမှာ နိဗ္ဗဒ္ဓ လိပ်ကိုစိတ်ပျက်သည်ဖြစ်၍ဟုတ်လား။ ဩတာရံ၊ ငါနှိပ်စက်ရမဲ့အခွင့်အရေးကို။ အလဘမာနော၊ မရနိုင်ရကား။ ပက္ကာမိ၊ ဖဲခွါခဲ့ပါပေတော့၏။ မြေခွေးပြေးပြီလား (ပြေးပါပြီဘုရား)။ လိပ်ကိုစိတ်ပျက်ပြီးတော့ မြေခွေးထွက်သွားတယ်။ အခွင့်အရေးမရတဲ့အတွက်ကြောင့် စိတ်ပျက်၍ထွက်ခွါသွား၊ သွားရင်

၁။ သံ၊ ၂။ ၃၈၅

သွား၊ မသွားရင် အဲဒီသောင်ပြင်မှာ ဒီမြေခွေးပဲသေဖို့ရှိတော့တာ။ ကိုင်း မြေခွေး ထွက်သွားပြီဆိုတော့ လိပ်ကလေးမချမ်းသာဘူးလား၊

(ချမ်းသာပါတယ်ဘုရား)။

ဘုန်းကြီးတို့ပရိသတ်များ ကိလေသမာရ်ဆိုတာဟာ မြေခွေး၊ ကိလေသမာရ်ဆိုတာ (မြေခွေးပါဘုရား)။

မြေခွေးဆိုတာကိလေသမာရ်

အေး ဘုန်းကြီးတို့ ဟိုတစ်နေ့ကဟောခဲ့တော့ မလွန်တရားပွဲဟောခဲ့တော့ မာရ်စစ်သည်ဆယ်ပါးဆိုပြီးတော့ သံပေါက်တွေတိုင်ပေးပြီးတော့ အကျယ်ဟောခဲ့တယ်နော်။ မာရ်စစ်သည်ဆယ်ပါး စုလိုက်ရင် တစ်လုံးတည်းရယ် တစ်လုံးတည်းရယ်၊ ကိလေသမာရ်တဲ့ ဘာတဲ့တုန်း (ကိလေသမာရ်ပါဘုရား)။ ခန္ဓမာရ်, မစ္စုမာရ်, ကိလေသမာရ်, အဘိသခ်ါရမာရ် ဒေဝပုတ္တမာရ်, မာရ်ငါးပါး ဒါဘုရားကိုယ်တော်မြတ် အောင်တော်မူတဲ့မာရ်ငါးပါး၊ ဘုန်းကြီးတို့ပရိသတ်အပေါင်း သူတော်ကောင်းတို့ ဤယနေ့ တိုက်ရိုက်ဆိုင်နေတာက မြေခွေးဆိုတဲ့ကိလေသမာရ် မြေခွေးဆိုတဲ့ (ကိလေသမာရ်ပါဘုရား)။ ကိလေသာ၊ ဘာတဲ့တုန်း (ကိလေသာပါဘုရား)။ ဒိဋ္ဌနှင့်တဏှာဆိုတဲ့ကိလေသာတည်းဟူသောမြေခွေးသည် ရူပက္ခန္ဓာကို စွဲမိရင် မသက်သာဘူး။ ဒိဋ္ဌနှင့်တဏှာကိလေသာဆိုတဲ့မြေခွေးသည် ဝေဒနက္ခန္ဓာကိုစွဲမိရင်ကော၊

(မသက်သာပါဘုရား)။

သညက္ခန္ဓာစွဲလိုက်ရင်၊ သခ်ါရက္ခန္ဓာစွဲလိုက်ရင်၊ ဝိညာဏက္ခန္ဓာစွဲလိုက်ရင်ကော (မသက်သာပါဘုရား)။ ဒိဋ္ဌတဏှာ ကိလေသာမြေခွေးဆွဲစရာ အစဘယ်နှစ်ခုရှိလဲ (ငါးခုပါဘုရား)။ ခေါင်းဆိုတဲ့ရူပက္ခန္ဓာ၊ ဝေဒနာ, သညာ, သခ်ါရ၊ ဝေဒနက္ခန္ဓာ၊ သညက္ခန္ဓာဆိုတဲ့လက်နှစ်ဘက်ဆိုကြစို့။ သခ်ါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာဆိုတဲ့ ခြေနှစ်ဘက်ဆိုကြစို့။ ဟော ဆွဲစရာအစ ဘယ်နှစ်ခုရလဲ (ငါးခုရပါတယ်ဘုရား)။ လိပ်တစ်ကိုယ်လုံးသိမ်းကြုံးလိုက်ရင် အစငါးခုထွက်နေတယ်နော်။ သတ္တဝါ သန်တတရားတွေ အကုန်လုံးသိမ်းကြုံးလိုက်ရင် ငါးခုထဲဝင်သွားတယ်။

သန်တ အသန်တပရမတ်

လိပ်တစ်ကောင်လုံးဆွဲစရာအစကို သိမ်းကြုံးလိုက်ရင်ငါးခုရတယ်။ သန်တလောကကြီးတစ်ခုလုံးစုလိုက်မယ်ဆိုရင် ငါးမျိုးပဲရတယ်။ ပရမတ္ထဓမ္မက နှစ်စု၊ သန်တပရမတ်ရယ်၊ အသန်တပရမတ်ရယ် ဘယ်နှစ်စုလဲ (နှစ်ခုပါဘုရား)။ အသန်တပရမတ်ဆိုတာက နိဗ္ဗာန်၊ သန်တပရမတ်ဆိုတာကတော့ စိတ်တွေ စေတသိတ်တွေ ရုပ်တွေ သတ္တာတွေနှင့်ပြောလဲမရေနိုင်အောင်လာတယ် (မှန်လှပါဘုရား)။ လူလောက နတ်လောက ဗြဟ္မာလောက ဒီလိုသြကာသလောကတွေနှင့်ပြော၊ သတ္တလောကတွေနှင့်ပြော၊ သင်္ခါရလောကနှင့်ပြောလဲ မရေမတွက်နိုင် အများကြီးထွက်တယ်နော်။ သန်တလောကသည်ကျယ်ပါတယ်တဲ့၊ လူလောက နတ်လောက ဗြဟ္မာလောက တိရိစ္ဆာန်လောက ပြိတ္တာလောက ငရဲလောက နည်းတဲ့လောကတွေမှမဟုတ်ပဲ။ သင်္ခါရလောက သတ္တာလောက သြကာသလောက တသီကြီးမဟုတ်လား။ ဘယ်လောက်ပဲများပါစေတဲ့ သန်တလောကကြီးတစ်ခုလုံးကို စုလိုက်ရင် ငါးခုထဲမှာဝင်သွားတယ်၊ သန်တလောကကြီးတစ်ခုလုံးစုလိုက်ရင် ဘယ်နှစ်ခုထဲဝင်သွား၊

(ငါးခုထဲဝင်သွားပါတယ်ဘုရား)။

အေး ငါးခုထဲဝင်သွားတော့ ဖောက်ပြန်တဲ့တရားမှန်သမျှ ရူပက္ခန္ဓာအစုဝေးထဲအကုန်ထည့်။ ခံစားတဲ့တရားမှန်သမျှ ဝေဒနက္ခန္ဓာအစုထဲအကုန်ထည့်။ မှတ်တဲ့တရားမှန်သမျှ သညက္ခန္ဓာအစုထဲအကုန်ထည့်။ ပြုမူမှုမှန်သမျှကို သင်္ခါရက္ခန္ဓာအစုထဲအကုန်ထည့်။ သိမှုမှန်သမျှကို ဝိညာဏက္ခန္ဓာမှာအကုန်ထည့်ပါ။ ဘယ်နှစ်ခုရတုန်း၊ (ငါးခုရပါတယ်ဘုရား)။

ရာသဒ္ဓေန ခန္ဓာ၊ ရာသဒ္ဓေန၊ ပေါင်းစုထားသောအနက်သဘောကြောင့်။ ခန္ဓာ၊ ခန္ဓာလို့ခေါ်ပါတယ်။ ပေါင်းထားတဲ့ စုထားတဲ့သဘောရှိလို့ ဘာခေါ်ရ (ခန္ဓာလို့ခေါ်ပါတယ်ဘုရား)။ ပေါင်းစုထားတာတွေကိုခန္ဓာ။ ဘာတွေပေါင်းတုန်းဆိုလို့ရှိရင် ဖောက်ပြန်မှုသဘောတွေပေါင်းထားတဲ့ ရူပက္ခန္ဓာ၊ ခံစားမှုတွေအကုန်စုပေါင်းထားတဲ့ဝေဒနက္ခန္ဓာ၊ မှတ်သားမှုတွေစုထားတဲ့ သညက္ခန္ဓာ၊ ပြုပြင်မှုတွေစုထားတဲ့သင်္ခါရက္ခန္ဓာ၊ သိမှုတွေစုထားတဲ့ ဝိညာက္ခန္ဓာ

အော် ဘယ်နှစ်စုရတုန်း (ငါးခုရပါတယ်ဘုရား)။ သတ္တလောကကြီးတစ်ခုလုံးကို ကျယ်ခြင်တိုင်းကျယ်ပြန့်ပါစေ။ ပေါင်းရုံး၍စုလိုက်ရင် ငါးခုထဲမှာအကုန်ဝင်သွားတယ်။ လောက က သန်တလောက အဲဒီသန်တလောကကြီးစုလိုက်တော့ ငါးခုထဲအကုန်ဝင်တယ် (မှန်လှပါဘုရား)။

အခုနက သောင်ပြင်မှာသွားနေရ တာသတွားလေး လိပ်မဟုတ်လား။ လိပ်ကကိုယ်လုံသိမ်းကြုံးစုလိုက်ရင် ထွက်ပြုလာတဲ့အင်္ဂါသည်ငါးခုထဲနော်။ ဒါကြောင့်လိပ်တစ်ကိုယ်လုံး သိမ်းကြုံးယူလိုက်ရင်အင်္ဂါငါးခုတည်းရှိဆိုတာလိုပဲ၊ သန်တလောကကြီးတစ်ခုလုံးစုလိုက်ရင် ခန္ဓာငါးခုထဲရှိပါတယ်။ သန်တလောကကြီးတစ်ခုလုံးကိုစုလိုက်ရင် ခန္ဓာအနေနှင့်ဘယ်နှစ်ခုရ၊

(ငါးခုရပါတယ်ဘုရား)

တသွာ၊ ထိုကြောင့်။ ကုမ္မ သဒိသတ္တာ၊ လိပ်နှင့်တူသည်ဖြစ်ခြင်းကြောင့်။ လိပ်နှင့်တူသည်ဖြစ်ခြင်းကြောင့် လိပ်မှာလဲပဲအင်္ဂါငါးခုတည်းရှိတယ်။ သန်တလောကကြီးလဲစုလိုက်တော့ခန္ဓာငါးခုတည်းရှိပါတယ်။ ကုမ္မ သဒိသတ္တာ၊ လိပ်နှင့်တူနေသည်၏အဖြစ်ကြောင့်။ ပဥ္စုပါဒါနက္ခန္ဓေ၊ ငါးပါးသောဥပါဒါနက္ခန္ဓာတို့ကို။ ကုမ္မောတိ၊ ကုမ္မဟူ၍။ ဝုစ္စတိ၊ မုချကိန်းသေဆိုအပ်ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

မြေခွေးနဲ့တူတဲ့ ကိလေသာ

လိပ်နှင့်တူသည်ဖြစ်ခြင်းကြောင့် ခန္ဓာငါးပါးကိုလိပ်လို့ဆိုရပါတယ်။ လိပ်နှင့်တူသည်ဖြစ်ခြင်းကြောင့် ခန္ဓာငါးပါးကို၊

(လိပ်လို့ခေါ်ပါတယ်ဘုရား)။

လိပ်တစ်ကောင်ကိုစုလိုက်ရင် အင်္ဂါဘယ်နှစ်ပါး (ငါးပါးပါဘုရား)။ သန်တလောကကြီးတစ်ခုလုံးစုလိုက်ရင်၊

(ခန္ဓာငါးပါးရပါတယ်ဘုရား)။

အဲဒီ ငါးခုသောအစုအဝေး စုပုံခြင်းတူနေသည့်အတွက်ကြောင့် ခန္ဓာကိုလိပ်နှင့်တူပါတယ်။ ဘုရားရှင်ကိုယ်တော်မြတ်ကနော်။ ဥပမာနှင့်ကပ်ပြော

တော့ မှတ်ရအလွန်လွယ်ပေါ့ဟုတ်လား။

ဥပမာယပိဓေကစ္စေ ဝိညူ ပုရိသာ ဘာသိတဿ အတ္ထံ အာဇာနန္တိ။

ဣမ၊ ဤလောကမှာ။ ဝိညူ ပုရိသာ၊ ဉာဏ်ရှိတဲ့အမျိုးသား အမျိုးသမီး တို့သည်။ ဥပမာယ၊ ဥပမာဖြင့်။ အတ္ထံ၊ ဆိုလိုသောအနက်အဓိပ္ပါယ်ကို။ ဇာနန္တိ၊ သိကြပါတယ်။ ဥပမာနှင့်ပြဉာဏ်ရှိတဲ့ပုဂ္ဂိုလ်များမှတ်လို့လွယ်တယ်တဲ့နော်။ ကောင်းပြီခန္ဓာငါးပါးလိပ်နှင့်တူကြောင်းနားလည်သွားရင် အခုနက လိပ်ကလေးကို ဘေးနားကဘာခေါ်း၊

(မြေခွေးခေါ်းပါတယ်ဘုရား)

မြေခွေးခေါ်းတယ်။ ဟောဒီခန္ဓာမှာလဲမှတ်ထား အမြဲတမ်းနှိပ်စက်မလို့ ဘယ်သူ ခေါ်းတုန်းဆိုရင် ကိလေသာခေါ်းတယ်။ ခန္ဓာကိုနှိပ်စက်မလို့ ဘယ်သူခေါ်းလဲ၊

(ကိလေသာခေါ်းပါတယ်ဘုရား)။

ကိလေသာနှင့်ခန္ဓာနဲ့တခြားစီဖြစ်သွားပြီ၊ (တနည်း) ကိလေသာခန္ဓာပေါ်မှာကိလေသာကပ်မနေဘူးဆိုရင် လိပ်နားကမြေခွေးခွာသွားသလိုပဲ ဟုတ်လား။ ဒိဋ္ဌတဏှာဂျိန့စ်ဖြာ ခန္ဓာပေါ်မှာကပ်နေတဲ့အတွက်ကြောင့် ဒီခန္ဓာကို ဥပါဒါနက္ခန္ဓာလို့ ဆိုမထားလား၊

(ဆိုထားပါတယ်ဘုရား)။

အဲဒီဥပါဒါန်ဆိုတဲ့ဒိဋ္ဌတဏှာနှစ်လုံးပြုတ်သွားလို့ရှိရင် မြေခွေးထွက်ခွာသွားတာနှင့်တူတယ်ဟုတ်လား။ ဒါဖြင့်ရင် ဘုန်းကြီးတို့ပရိသတ်ဘာလုပ်ရမလဲ ဆိုတာနားလည်ပြီးလား။ ဘာလုပ်ရမလဲ

(ကိလေသာကွာအောင်လုပ်ရမှာပါဘုရား)

အေး ကိလေသာကွာအောင်လုပ် အထူးသဖြင့် နှစ်လုံးတည်း နှစ်လုံးတည်း။ ဒိဋ္ဌနှင့်တဏှာ၊ ဘာတဲ့တုန်း၊

(ဒိဋ္ဌ တဏှာပါဘုရား)။

၁။ သံ၊ ၂။ ၄၃၅

အဲဒီ ဒိဋ္ဌ တဏှာဆိုတဲ့မြေခွေး ထွက်ခွာသွားအောင်လုပ်ရမှာ။ ဒိဋ္ဌ တဏှာမြေခွေး၊ မာရ်နှင့်ပြောရင်ကိလေသမာရ်၊ ဒိဋ္ဌ, တဏှာဆိုတာကို ကိလေသမာရ်၊ သူသည်မြေခွေးပဲ၊ သူဆွဲမလို့စောင့်နေတာ၊ ဒိဋ္ဌ တဏှာက ရူပက္ခန္ဓာကို ဝင်ကပ်မယ်။ ဝေဒနက္ခန္ဓာကိုဝင်ကပ်မယ်၊ သညာက္ခန္ဓာကိုဝင်ကပ်မယ်၊ သင်္ခါရက္ခန္ဓာကိုဝင်ကပ်မယ်၊ ဝိညာဏက္ခန္ဓာကိုဝင်ကပ်မယ်။ ရုပ်နှင့်ဒိဋ္ဌနှင့်ပူးရင်ဘုန်းကြီးတို့ပရိသတ်များ ဘာဖြစ်တယ်မှတ်တုန်း အနီးစပ်ဆုံးပြောမယ်။ ရူပံ အတ္တာတော သမနုပဿတိ၊ ဖြစ်ကရော။ ရူပက္ခန္ဓာဆိုတဲ့ဦးခေါင်းမှာ ဒိဋ္ဌဆိုတဲ့မြေခွေးဂင်ဆွဲရင် ဘာဖြစ်တယ်မှတ်တုန်း၊ ရူပံ အတ္တာတော သမနုဿတိ၊ ရုပ်သည်အတ္တာပဲ။ အဲဒါမြေခွေးဆွဲသွားတာနော်။ ရူပံ အတ္တာတော သမနုဿတိ၊ ရုပ်သည်အတ္တာပဲ၊ ဘာဆွဲသွားလဲ၊

(မြေခွေးဆွဲသွားပါတယ်ဘုရား) ဒိဋ္ဌမြေခွေးဆွဲသွားပြီနော်။

ဧတံ မမ၊ ဧတံ၊ ထိုရုပ်တရားသည်။ မမ သန္တကံ၊ ငါပိုင်တဲ့ဥစ္စာ။ ရုပ်သည်ငါပိုင်သောရုပ်ဆိုတော့ တဏှာဆိုတဲ့မြေခွေးဝင်ဆွဲပြန်တာ။ ဟာ ဒိဋ္ဌ, တဏှာ မြေခွေးက ခန္ဓာဝင်ပြီးတော့ဆွဲလိုက်တာ အဲဒီအချိန်ဒုက္ခဖြစ်တာနော်။ ဝေဒနံ အတ္တာတော သမ နုဿတိ၊ ဝေဒနာသည်အတ္တာပဲဆိုခဲ့ရင် (ဒိဋ္ဌမြေခွေးဝင်ဆွဲတာပါဘုရား)။ ဒိဋ္ဌ မြေခွေးဝင်ဆွဲတာ။ ဧတံ မမ၊ ဆိုခဲ့တော့၊ ဤဝေဒနာသည် ငါပိုင်တဲ့ဝေဒနာ ဗမာလိုလွယ်လွယ်လေးပြောမယ် ငါခံစားရတယ်၊ ဒိဋ္ဌမြေခွေးဝင်ဆွဲတာမို့လား၊ ငါခံစားရတယ်ဆိုတော့ ဒိဋ္ဌမြေခွေးကဝင်ဆွဲပြီးတော့ ငါရဲ့ခံစားမှုလေး ချမ်းသာလိုက်တာဆိုတော့ တဏှာမြေခွေးကဝင်မဆွဲဘူးလား (ဆွဲပါတယ်ဘုရား)။ ကိလေသမာရ်ဆိုတဲ့မြေခွေးချောင်းတယ်တဲ့ ခန္ဓာဆိုတဲ့လိပ်ကိုဟုတ်လား။ ခန္ဓာဆိုတဲ့လိပ်ကို ကိလေသမာရ်တည်းဟူသောမြေခွေးသည် အစဉ်မပြတ်အနီးကပ်ပြီးတော့ချောင်းမနေဘူးလား၊

(ချောင်းနေပါတယ်ဘုရား)။

အဲဒီ မြေခွေးကိုနှင်ထုတ်ဖို့လိုတယ်နော်။ မြေခွေးကိုနှင်ထုတ်ဖို့မလိုပေဘူးလား (လိုပါတယ်ဘုရား)။ ကောင်းပြီ မြေခွေးဘယ်လိုလုပ်နှင်ထုတ်မလဲ။ ဧတံ မမ ကိုပြောင်းပြန်လှန်၊ နေတံ မမ၊ ဧသောဟမသ္မိ-ကိုပြောင်းပြန်ဆို၊ နဧသောဟသ္မိ၊

ဧသော မေ အတ္တာကိုပြောင်းပြန်ဆိုတော့ နမေသော အတ္တာ၊ နော် ပါဠိတော်သုံးပို့ဒ်။ **ဧတံ မမ၊ ဧသောဟသ္မိ၊ ဧသော မေ အတ္တာ**။ ဧတံ၊ ဤရုပ်, ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ဆိုသော တရားငါးခု ခန္ဓာအစုသည်။ ဧတံ၊ ဤရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် ဆိုသော ခန္ဓာငါးခု တရားအစုသည်။ မမ သန္တကံ၊ ငါပိုင်တဲ့ဥစ္စာ ရုပ်ကိုပဲဖြစ်ဖြစ် ဝေဒနာကိုပဲဖြစ်ဖြစ် သညာကိုပဲဖြစ်ဖြစ် သင်္ခါရကိုပဲဖြစ်ဖြစ် ဝိညာဏ်ကိုပဲဖြစ်ဖြစ်၊ ဧတံ မမ၊ ငါပိုင်တယ်လို့ ဆိုထားရင် ဘာဝင်နေတုန်း၊

(ဒိဋ္ဌမြေခွေးဝင်နေပါတယ်ဘုရား)။

ဒိဋ္ဌမြေခွေး ဝင်တယ်လား တဏှာမြေခွေးဝင်တယ်လား ဘာဝင်တုန်း (ဒိဋ္ဌမြေခွေးဝင်ပါတယ်ဘုရား) ဒိဋ္ဌလား။

နောက်တပို့ဒ် **ဧသောဟသ္မိ**၊ ဧသော၊ ဤရုပ် ဝေဒနာ သညာ သင်္ခါရ, ဝိညာဏ်ဆိုသောခန္ဓာငါးခုတရားအစုသည်။ အဟံ၊ ငါသည်။ အသ္မိ၊ ဖြစ်၏။ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ဆိုသောခန္ဓာငါးပါးသည် ငါပဲဆိုတော့ ဘာလဲ အဲဒါလုပ်ပါအုံး ငါပိုင်ဆိုတာက တဏှာကသိမ်းပိုက်တာ။ တဏှာနှင့်ပွေ့ပိုက်ထားတာ ငါပိုင်ငါပိုင် ငါဥစ္စာ ငါဥစ္စာ ငါဥစ္စာ ဘယ်သူကသိမ်းပိုက်၊

(တဏှာကသိမ်းပိုက်တာပါဘုရား)။

ငါပဲ ငါပဲဆိုတာက ဘယ်သူက (ဒိဋ္ဌကပါဘုရား)။ **ဧသော မေ အတ္တာ**၊ ဧသော၊ ဤရုပ် ဝေဒနာ သညာ သင်္ခါရ, ဝိညာဏ်ဆိုသောခန္ဓာငါးခု တရားအစုသည်။ မေ၊ ငါရဲ့။ အတ္တာ၊ အတ္တပါပေတည်း ငါ့ရဲ့အတ္တပဲဟုတ်လား။

အေး အဲဒီတော့ ဘုန်းကြီးတို့ပရိသတ်အပေါင်းသူတော်ကောင်းတို့ ဒိဋ္ဌနှင့်တဏှာ ဤနှစ်ဖြာသည် ဘယ်မှာ ဘယ်မှာ ဝင်၍ ဝင်၍ပူးတုန်းဆိုတော့ ရုပ်မှာဝင်ပူးတယ်၊ ဝေဒနာမှာဝင်ပူးတယ်၊ သညာမှာဝင်ပူးတယ်၊ သင်္ခါရမှာ ဝင်ပူးတယ်၊ ဝိညာဏ်မှာဝင်၍ပူးပါတယ်။ ဒိဋ္ဌတဏှာဆိုတဲ့ကိလေသမာရ် တည်းဟူသောမြေခွေးသည် ရူပက္ခန္ဓာမှာဝင်ကပ်တော့ အဲဒီရုပ်ကြီးဒုက္ခ မရောက်ဘူးလား၊ (ရောက်ပါတယ်ဘုရား) ဒိဋ္ဌ တဏှာကြောင့်သံသရာ ဒုက္ခ ဖြစ်တာနော်။ ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် ကျန်တဲ့ခန္ဓာတွေမှာဝင်ပြီး

တော့ပူးရင်ကော ဒုက္ခမဖြစ်ပေဘူးလား (ဖြစ်ပါတယ်ဘုရား) ဒါကြောင့် မို့လို့ နေတံ မမ၊ နေသောဟသို့၊ နှ မေသော အတ္တာတိ ဧဝမေတံ ယထာဘူတံ သမ္မပညာယ ဒဋ္ဌဗ္ဗံ။ [၁]

ဧတံ၊ ဤရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ဆိုသောခန္ဓာငါးခု တရားအစုသည်။ မမ သန္တကံ၊ ငါပိုင်သောဥစ္စာသည်။ နှ ၊ မဟုတ်ဘူး။ နေတံ မမက မမသန္တကံ နှ မဟုတ်ဘူးတဲ့၊ မမ၊ ငါရဲ့။ သန္တကံ၊ ပိုင်ဆိုင်သောဥစ္စာသည်။ နှ၊ မဟုတ်ဘူး။ ရုပ်တရားသည် ငါပိုင်သောဥစ္စာမဟုတ်ဘူးတဲ့။ ဝေဒနာက လဲပဲဒီအတိုင်း။ နေတံ မမ ဧတံ၊ ဤဝေဒနာတရား သည်။ မမ၊ ငါရဲ့။ သန္တကံ၊ ပိုင်သောဥစ္စာသည်။ နှ၊ မဟုတ်ဘူး။ ဧတံ၊ ဤသညာတရားသည်။ ဧတံ၊ ဤသင်္ခါတရားသည်။ ဧတံ၊ ဤဝိညာဏ်တရားသည်၊ မမ သန္တကံ၊ ငါပိုင်သောဥစ္စာသည်။ နှ၊ မဟုတ်ဘူး။ ဤရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ဆိုသောခန္ဓာငါးခုတရားအစုသည် ငါပိုင်သောဥစ္စာမဟုတ်ဘူး။ နေတံ မမ နေသောဟမသို့၊ ရုပ် ဝေဒနာ သညာ သင်္ခါရ, ဝိညာဏ်ဆိုသော ခန္ဓာငါးခုတရား အစုသည် ငါမဟုတ်ဘူး။ နှ မေသော အတ္တာ၊ ဤ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ဆိုသောခန္ဓာငါးခုတရားအစုသည် ငါ့ရဲ့အတ္တာမဟုတ်ဘူး။ ဘယ်နှစ်ချက်ရှုရမတုန်း။ ငါမပိုင်ဘူး ငါမဟုတ်ဘူး ငါ့ရဲ့အတ္တာမဟုတ်ဘူးလို့ ဒီလိုသုံးချက်ရှုရမယ်လို့မဆိုပေဘူးလား (ဆိုပါတယ်ဘုရား)။

ကောင်းပြီဒီလောက်နှင့် ဘုန်းကြီးတို့ပရိသတ် ရှုကွက်ထဲပေါ်ပြီးလာမေးတော့ ငါမပိုင်ဘူးဆိုရုံနှင့် အတ္တာက တဏှာကကွာမသွားဘူး။ ငါ့ရဲ့အတ္တာ မဟုတ်ဘူး၊ ငါမဟုတ်ဘူးဆိုရုံနှင့် တဏှာက (မကွာပါဘူးဘုရား)။ ဒီဋ္ဌိက (မကွာပါဘူးဘုရား)။ ဒီလောက်နှင့် ဘုန်းကြီးတို့ပရိသတ်မကွာသေးဘူး။ ငါမပိုင်ဘူးဆိုတာကို သဘောကျဖို့ရန်အတွက် အနိစ္စကိုလား ဒုက္ခကိုလား တခုခုကိုတော့ မြင်မှနော်။ အနိစ္စအချက်ကိုမြင်လိုက်ရင် ဒီလောက်ပျက်စီးနေတာကြီး ငါမပိုင်ဘူး ငါဥစ္စာမဟုတ်ဘူးဆိုတာကိုသဘောပေါက်သွားလိမ့်မယ်။ အနိစ္စအချက်ကိုမမြင်တောင်မှ ဒုက္ခအချက်ကိုမြင်သွားရင်လဲဘဲ ခန္ဓာငါးပါးဟာဒုက္ခအစု

၁။ ဝိ၊ ၃။ ၁၉

အပုံကြီးပဲလို့ သဘောကျလိုက်ရင်လဲပဲ ငါမပိုင်ဘူး ငါ့ဥစ္စာမဟုတ်ဘူးဆိုတာအေး သဘောကျသွားတယ်။ ဒီတော့ရှုတဲ့အထဲမှာ ဘာသဘောကျရမှာတုန်းဆိုတော့ အနိစ္စလား ဒုက္ခလား ဒီနှစ်ခုတခုခုနော်။ အနိစ္စအချက်ကို သို့မဟုတ် ဒုက္ခအချက်ကို ဤအချက်နှစ်ချက် တခုခုကိုမြင်အောင်ရှုလိုက်ရင်၊

နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။ နောက်တခါတည်းလာတယ်၊ အနိစ္စရောက်နေသောရုပ်သည် ငါပိုင်သောဥစ္စာမဟုတ်ဘူး၊ ဒီမှာသဘောကျသွားတယ်။ အေး အရှင်းဆုံးပြောရင်တော့၊ တစ်ယောက်နှင့်တစ်ယောက်အတူတူနေကြတာ မသေမသေးခင်သာပါ။ သေပြီးသွားတဲ့အလောင်းကြီးကြတော့ ဒါ ငါပုဂ္ဂိုလ် ငါချစ်သူပဲ၊ ငါရဲ့မိခင်ပဲ၊ ငါရဲ့ဇနီးပဲ၊ ငါရဲ့ခင်ပွန်းပဲလို့ ဘယ်သူမှမထားတော့ပါဘူးဟုတ်လား၊ (မှန်လှပါဘုရား)။ အနိစ္စမရောက်သေးခင်မှာ ငါပိုင်၊ အနိစ္စရောက်ပြီဆိုတဲ့အခါကြတော့ ငါပိုင်ရယ်လို့သိမ်းသေးသလားဗျာ၊

(မသိမ်းတော့ပါဘုရား)။

ဒီတော့ ဆိုလိုရင်းအဓိပ္ပါယ်နားလည်ကြရမှာက အနိစ္စအချက်ကိုမြင်ရင် ဧတံ မမ၊ ဧသောဟသ္မိ၊ ဧသော မေ အတ္တာတွေ မလာတော့ဘူး။ အနိစ္စအချက်ကိုမမြင်သေးခင်တော့ ဧတံ မမ၊ ဧသောဟသ္မိ၊ ဧသော မေ အတ္တာတွေချည်းပဲ ဒီလိုမို့လား (မှန်လှပါဘုရား)။ ဒါကြောင့်မို့ အနတ္တလက္ခဏာဒေသနာတော်မှာ မြတ်စွာဘုရားကပဉ္စဝဂ်တို့ကိုမေးတာ ဘယ်ကစမေးတုန်းကြည့်ပါ။

တံ ကိ˙ မညထ ဘိက္ခဝေ ရူပံ နိစ္စံ ဝါ အနိစ္စံ ဝါ။ [၁]

ဒီကစမေးတာ။ တံ ကိ˙ မညထ ဘိက္ခဝေ ရူပံ နိစ္စံ ဝါ အနိစ္စံ ဝါ ဒီကစပြီးတော့မေးပါတယ်။ ဘိက္ခဝေ၊ ရဟန်းတော်များအိုချစ်သားတို့။ မယာ၊ ငါဘုရားရှင်ကိုယ်တော်မြတ်သည်။ ဝုစ္စမာနံ၊ ဆိုလတ္တံ့သော။ တံ ဝစနံ၊ ထိုစကားကို။ တုမှေ၊ သင်ချစ်သားတို့သည်။ ကိ˙ မညထ၊ ဘယ်လိုမျှားမှတ်ထင်ကြပါကုန်ဘိသနည်း။ ချစ်သားတို့ ငါဘုရားဆိုလတ္တံ့သောစကားကို ဘယ်လိုမျှား

၁။ ၀ိ၊ ၃။ ၁၉

မှတ်ထင်ကြပါကုန်သနည်း။ ရူပံ၊ ရုပ်တရားကြီးသည်။ နိစ္စံ ဝါ၊ နိစ္စလေလော။ အနိစ္စံ ဝါ၊ အနိစ္စလေလော။ ဘုန်းကြီးတို့ ဒကာ ဒကာမတွေအရမျှားတဲ့ အနတ္တသုတ်ထဲကဟုတ်လား။ အနတ္တလက္ခဏသုတ်ထဲကနော်။ ပဉ္စဝဂ်တို့ကို မြတ်စွာဘုရားစတင်မေးသော မေးခွန်းသည် ဤမေးခွန်းပဲ။

တံ ကိ ံ မညထ ဘိက္ခဝေ ရူပံ နိစ္စံ ဝါ အနိစ္စံ ဝါ တိ၊

ဘိက္ခဝေ၊ ရဟန်းတော်များအိုချစ်သားတို့။ မယာ၊ ငါဘုရားရှင်ကိုယ်တော် မြတ်သည်။ ဝုစ္စမာနံ၊ ဆိုလတံ့သော။ တံဝစနံ၊ ထိုစကားကို။ တုမ္ဟေ၊ သင်ချစ် သားတို့သည်။ ကိ ံ မညထ၊ ဘယ်လိုမျှားမှတ်ထင်ကြပါကုန်သနည်း။ ရူပံ၊ ရုပ်တရားသည်။ နိစ္စံ ဝါ၊ နိစ္စဖြစ်သောရုပ်ပေလော။ အနိစ္စံ ဝါ၊ အနိစ္စ ရောက်သောရုပ်ပေလော၊ ဣတိ ဤသို့။ ဘဂဝါ၊ ဘုရားရှင်ကိုယ်တော် မြတ်သည်။ ပုစ္ဆတိ၊ မေးတော်မူ၏။ ချစ်သားတို့ ငါဘုရားဆိုမဲ့စကားဘယ်လိုမျှား ထင်တုန်း။ ရုပ်တရားသည် နိစ္စလား အနိစ္စလားမေးလိုက်တယ်မို့လား။ ပဉ္စဝဂ် ငါးပါးတို့ဟာ တပြိုင်တည်းပဲတဲ့သဘောပေါက်သွားလိုက်ကြတာ **အနိစ္စံ ဘန္တေ** လို့ တညီတညွတ်တည်းလျှောက်လိုက်ကြတယ်။ သဘောကိုသူတို့ ချက်ခြင်း ပေါက်သွားတယ် (မှန်လှပါဘုရား)။

ဒီတော့ ရုပ်တရားဟာနိစ္စလား, အနိစ္စလားဆိုတဲ့မေးခွန်းကို မေး လိုက်ပြီဆိုကတည်းကိုက ဤကိုယ်တော်အရှင်မြတ်ငါးပါးတို့ရဲ့သန္တာန်မှာ ရုပ် ကိုကြုံတင်၍ သဘောပေါက်ပြီးသားဆိုတာလည်းမှတ်ထားနော်၊ ရုပ်ကိုကြုံ တင်ပြီးတော့သဘောပေါက်ထားပြီးတော့မှ ရုပ်သည်နိစ္စလား, အနိစ္စလားလို့ မေးရတာ။ ရုပ်ကိုကြုံတင်ပြီးတော့ သဘောပေါက်မထားရင် ရုပ်ဟာ နိစ္စလား အနိစ္စလားဆိုတော့ နိစ္စ အနိစ္စကိုမပြောပါနဲ့အုံးကိုယ်တော် ရုပ်ဘယ်လိုလဲပြော ပါအုံးလို့ မေးစရာကြီးဖြစ်မနေဘူးလား။ အေး နိစ္စံ ဝါ အနိစ္စံ ဝါ ဆိုတဲ့မေး ခွန်းရဲ့ရှေ့နားက ထိုအရှင်မြတ်ငါးပါးတို့သည် ရုပ်ကိုအားလုံးပဲသဘောပေါက် ပြီးသားဟုတ်လား (မှန်လှပါဘုရား)။

နိစ္စံ ဝါ အနိစ္စံ ဝါ။ နိစ္စလေလော အနိစ္စလေလော တပြိုင်တည်းပဲ **အနိစ္စံ ဘန္တေ**၊ အနိစ္စပါမြတ်စွာဘုရား။ သဘောကိုသေချာကြသွားတယ်။

နာရင်းနဲ့ ထိုအရှင်မြတ်တို့ရဲ့သန္တာန်မှာ ဘာဝနာဉာဏ် ဟာတခါတည်းရောက်လာတယ်။ သုတမယဉာဏ်ရဲ့နောက်မှာ ဘာဝနာမယဉာဏ်ဆိုတာဟာ ဘုန်းကြီးတို့ပရိသတ်များ ကပ်လျက်တစ်ခါတည်းပါသွားတယ်နော်။ နာရင်းကြားရင်းနဲ့ ဘုန်းကြီးတို့ပရိသတ်များ ဘာဝနာအလိုလိုဖြစ်နေတယ်၊ ဒီတော့တရားနာတာ ဘာဝနာဖြစ်ကြောင်း ဘုန်းကြီးတို့ပရိသတ်များ သဘောကျလက်ခံထားပါဟုတ်လား။ အဲဒီပဉ္စဝဂ်မထေရ်တို့ဟာ ဤဒေသနာတော်ကို နာရင်း နာရင်းနဲ့ပဲ ဒေသနာနိဂုံးအဆုံးမှာ အားလုံးကျွတ်တန်းဝင်သွားကြတာဗျာ။ ကိုင်း မေးခွန်းအစီအစဉ်အတိုင်း ဘုန်းကြီးတို့ပရိသတ်များ နားထောင်ကြည့်စမ်းပါ။

တံ ကိ˙ မညထ ဘိက္ခဝေ၊ ရူပံ နိစ္စံ ဝါ အနိစ္စံ ဝါတိ။

ချစ်သားတို့ ရုပ်သည် နိစ္စလား အနိစ္စလားဆိုတော့၊ အနိစ္စံ ဘန္တေ၊ အနိစ္စပါမြတ်စွာဘုရား။ အနိစ္စသဘောပေါက်သွားတယ်နော်။ နောက်တစ်ဆင့်ဘာမေးအုံးမတုန်းကြည့်ပါ အနိစ္စံ ဘန္တေ၊

ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ။ ˚

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ ယံ ပန ရူပံ၊ အကြင်ရုပ်တရားသည်ကား။ အနိစ္စံ၊ အနိစ္စရောက်သောရုပ်၊ ရုပ်တရားသည် အနိစ္စရောက်နေသောရုပ်။ တံ၊ ထို အနိစ္စံရောက်နေသောရုပ်သည်။ ဒုက္ခံဝါ သုခံဝါ၊ ဒုက္ခလေလော သုခလေလော ဟုတ်လား။ အနိစ္စရောက်နေသောရုပ်သည် ဒုက္ခလား သုခလားလို့မေးလိုက်တယ် ဘုန်းကြီးတို့ပရိသတ်ကဖြေကြည့်စမ်းပါ (ဒုက္ခပါဘုရား)။ ဒုက္ခံ ဘန္တေ၊ လို့ မထေရ်ကြီးများဖြေကြတယ်ဗျာနော်။

ဘန္တေ၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ တံ ရူပံ၊ ထိုအနိစ္စရောက်နေသောရုပ်သည်။ ပဋိသေဓတစ်ပုဒ်ထည့်လိုက်ရအောင်။ န သုခံ၊ သုခမဟုတ်ပါဘုရား။ ကပ်နှင့်မြစ်တဲ့အပိုဒ်ကလေးထည့်လိုက်ရအောင်၊ န သုခံ၊ သုခမဟုတ်ပါဘုရား။ သုခမဟုတ်ရင်ဘာတဲ့တုန်း၊ ဒုက္ခံ ဘန္တေ၊ ဒုက္ခပါဘုရားတဲ့ဟုတ်လား။ ဒီတော့အစီအစဉ်က ရုပ်တရားကိုသဘောကြထားတယ်။ အဲဒီ

၁။ ဝိ၊ ၃။ ၁၉

ရုပ်တရားဟာ နိစ္စလား အနိစ္စလားလို့မေးလိုက်တော့ အနိစ္စကိုသဘောကြသွားတယ်။ အနိစ္စရောက်နေတဲ့ရုပ်ဟာ ဒုက္ခကိုရောက်ရမယ် ဒီလို့သဘောကြမသွားလား (ကြသွားပါတယ်ဘုရား)။အေး ရုပ်တရားလို့သဘောကြပြီးကတည်းကိုက အရှင်မြတ်တို့ရဲ့သန္တာန်မှာ အနတ္တကိုသဘောပေါက်ပြီးသားလို့မှတ်ထားနော်၊ အဲဒီအနတ္တပို့၍ လေးနက်သွားအောင်အနိစ္စဆက်ပြီးမေးလိုက်တော့ နိစ္စလား အနိစ္စလားလို့ဆိုတော့ ရုပ်တရားသည်၊

(အနိစ္စပါဘုရား)။

အနိစ္စ ရောက်နေတဲ့ရုပ်သည် ဒုက္ခလား သုခလားဆိုတော့ဒုက္ခ၊ ဒီလောက်တောင် အနိစ္စရောက်ရတဲ့ရုပ် ဒုက္ခရောက်ရတဲ့ရုပ်ကို ဆက်ပြီးတော့ မေးကြည့်အုံးမယ်။

ယံ ပနာ ရူပံ အနိစ္စံ၊ ယံ ပန ရူပံ၊ အကြင်ရုပ်သည်။ အနိစ္စံ၊ အနိစ္စရောက်၏။ တံ ရူပံ၊ ထိုအနိစ္စရောက်နေသောရုပ်တရားသည်။ သုခံ ဝါ ဒုက္ခံ ဝါ၊ ဒုက္ခလေလော သုခလေလော။ ဒုက္ခံ ဘန္တေ။ ယံ ပန ရူပံ အနိစ္စံ ဒုက္ခံ ဝါ သုခံ ဝါ ဒုက္ခံ ဘန္တေ ယံ ပန ရူပံ၊ အကြင်ရုပ်တရားသည်။ အနိစ္စံ၊ အနိစ္စရောက်၏။ တံ၊ ထိုအနိစ္စရောက်နေသောရုပ်သည်။ ဒုက္ခံ ဝါ၊ ဒုက္ခလေလော၊ သုခံ ဝါ၊ သုခလေလော။ ဒုက္ခံ ဘန္တေ၊ ဒုက္ခရောက်နေသောရုပ်ပါဘုရား။ ယံ ပန ရူပံ၊ အကြင်ရုပ်တရားသည်။ အနိစ္စံ၊ အနိစ္စရောက်၏။ ဒုက္ခံ၊ ဒုက္ခရောက်၏။ ဝိပရိဏာမဓမ္မံ၊ ဖောက်ပြန်သောသဘောရှိ၏။ ဘယ်နှစ်ချက်လဲ (သုံးချက်ပါဘုရား)။

အနိစ္စရောက်တယ် ဒုက္ခရောက်တယ်၊ အနိစ္စရောက်တယ် ဒုက္ခရောက်တယ်ဆိုတာဟာ ဝိပရိဏာမပါပဲ။ ချမ်းသာတယ် ချမ်းသာတယ်ဆိုတာကနေ ဆင်းရဲတဲ့ဘက်ပြောင်းသွားတာ၊ မြဲတယ်မြဲတယ်ဆိုတာကနေပြီးတော့ ပျက်စီးတဲ့ဘက်သို့ပြောင်းသွားတာ ဟုတ်လား (မှန်လှပါဘုရား)။ ခိုင်မြဲတယ် ခိုင်မြဲတယ်ဆိုတာကနေ ပျက်စီးတဲ့ဘက်သို့ပြောင်းသွားတာ၊ ချမ်းသာတယ် ချမ်းသာတယ်လို့မှတ်နေရာကနေ ဆင်းရဲတဲ့ဘက်ပြောင်းသွားတာ၊ အဲဒါ ဝိမရိဏာမဓမ္မ။ နဂိုတိုင်းမနေပဲနှင့်ပြောင်းသွားတာကို ဝိပရိဏာမဓမ္မ။ အဲဒီ ဝိပရိဏာမဓမ္မဖြစ်နေတဲ့ရုပ်ကို၊

ကလ္လံ နု တံ သမနုပဿိတုံ "ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ"တိ။ [၁]

ဘိက္ခဝေ၊ ရဟန်းတော်များအိုချစ်သားတို့။ ဧတံ၊ ထိုအနိစ္စရောက် သောရူပ် ဒုက္ခရောက်သောရူပ် ဝိပရိဏာမဖြစ်နေသောရူပ်တရားကို။ ဧတံ မမတိ ဝါ၊ ငါပိုင်သောရူပ်ဟူ၍လည်းကောင်း။ ဧသောဟမသ္မိတိ ဝါ၊ ဤရူပ် ဟာငါပဲဟူ၍လည်းကောင်း။ ဧသော မေ အတ္တာတိ ဝါ၊ ဤရူပ်သည်ငါ၌အတ္တပဲ ဟူ၍လည်းကောင်း။ သမနုပဿိတုံ၊ တဏှာ, ဒိဋ္ဌိဖြင့်ယူစွဲခြင်းငှာ။ ကလ္လံ နု၊ သင့်မှသင့်ပါ့မလား။ ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရား ရှင်ကိုယ်တော်မြတ်သည်။ အပုစ္ဆိ၊ သိလိုရေးနှင့်မေးမြန်းတော်မူခဲ့ပါသတည်း။

သာဓု သာဓု သာဓုပါဘုရား

အနိစ္စလက္ခဏာမြင်အောင်ရှု့

ဒီလောက် အနိစ္စရောက်နေတဲ့ရူပ် ဒီလောက်ဒုက္ခဖြစ်နေတဲ့ရူပ် ဒီလောက်တောင်ဖောက်ပြန်နေတဲ့ရူပ်ကို ဧတံ မမလို့ ယူစွဲခြင်းငှာသင့်ပါမလား ဧသောဟမသ္မိ လို့ယူစွဲခြင်းငှါသင့်ပါ့မလား ဧသောမေ အတ္တာလို့ ယူစွဲခြင်းငှာ သင့်ပါ့မလား ငါပိုင်သောရူပ် ရူပ်သည်ငါပဲ ရူပ်သည်ငါ့အတ္တပဲလို့ သမနုပဿိတုံ တဏှာ ဒိဋ္ဌိနှင့် စွဲယူစွဲခြင်းငှာ။ ကလ္လံ နု၊ သင့်မှသင့်ပါ့မလားလို့မေးလိုက်တာ (မှန်လှပါဘုရား) အနိစ္စ ဒုက္ခဖြစ်နေတဲ့ရူပ်ကို ငါပိုင်တယ် ငါ့ဥစ္စာ ငါအတ္တပဲလို့ ယူလို့သင့်ပါ့မလားလို့ဆိုတော့ မထေရ်သူမြတ်ငါးပါးတို့ကတပြိုင်တည်းပဲ လျှောက်လိုက်တယ်၊ နော ဟေတံ ဘန္တေ၊ ဘယ်လိုလျှောက်လိုက်၊

(နော ဟေတံ ဘန္တေပါဘုရား)

ဧတံ၊ ထိုကဲ့သို့ယူခြင်းသည်။ နော ဟိ ဧဝ၊ မသင့်သည်သာလျှင်တည်း။ နော ကလ္လံ၊ (မသင့်ပါဘုရား) တဏှာ မာန ဒိဋ္ဌိနှင့် ဤရူပ်တရား အနိစ္စရောက်နေသောရူပ် ဒုက္ခရောက်နေသောရူပ်ကို တဏှာ မာန ဒိဋ္ဌိနှင့် ယူစွဲခြင်းငှာ မသင့်ကြောင်းပါမြတ်စွာဘုရားလို့ သူတို့တွေဟာတပြိုင်တည်းပဲ လျှောက်တင်လိုက်ကြတယ်။

၁။ ဝိ၊ ၃။ ၁၉

အဲဒီလိုလျှောက်တင်ခြင်းရဲ့အဆုံးမှာ မှန်းပြီးတော့ အာရုံယူကြည့်ပါ မထေရ်မြတ်ငါးပါးတို့ဟာ ဘယ်လိုသဘောပေါက်သွားတုန်းဆိုတော့ ရုပ်တရားရဲ့အပေါ်မှာ အနိစ္စကိုလဲပဲသဘောပေါက်သွားတယ်၊ ဒုက္ခကိုလဲပဲသဘောပေါက်သွားတယ်၊ ဝိမရိဏာမကိုရောသဘောပေါက်သွားတယ်။ အနိစ္စကို နိစ္စဖြစ်အောင်လုပ်မရကြောင်း၊ ဒုက္ခကို သုခဖြစ်အောင်လုပ်မရကြောင်း၊ ဝိမရိဏာမသဘောကို သဿတိသမ၊ ခိုင်မြဲတဲ့သဘော ပင်ကိုယ်အတိုင်းဖြစ်အောင်လုပ်၍မရကြောင်း၊ သူတို့တတွေသဘောပေါက်သွားတယ်။ အဲလိုသဘောပေါက်သွားခြင်းနှင့် မထေရ်မြတ်တို့ရဲ့သန္တာန်မှာ အတ္တရဲ့ဆန့်ကျင်ဘက် အနတ္တာနုပဿနာဉာဏ်ဆိုတာဒီမှာဝင်လာတာ။ အတ္တကတော့ ဘာတဲ့တုန်းဆိုတော့ ဣဿရနိမ္မာနဝါဒ အတ္တဝါဒတို့မှာ ကိုယ်စိုး ကိုယ်ပိုင် ကိုယ်ထင်တိုင်းပြုလို့ရတယ်၊ ကိုယ်စိုး ကိုယ်ပိုင် ကိုယ်လုပ်ခြင်တိုင်းလုပ်လို့ရတယ် ဆိုတဲ့ဝါဒတွေ သူတို့ရဲ့သန္တာန်မှာ ဟိုး အစဉ်အလာကစွဲပြီးတော့လာခဲ့တဲ့ အတ္တဝါဒကြီးပဲ၊ ယ္ခုတော့ အနိစ္စလဲရောက် ဒုက္ခလဲရောက် ဝိမရိဏာမလဲဖြစ် အနိစ္စ, ဒုက္ခ ဝိမရိဏာမဖြစ်နေတဲ့ရုပ်ကြီးထဲမှာ ဝသဝတ္တနသဘော ကိုယ်အလိုကျသဘောဘာမှမရှိကြောင်း သူတို့တတွေပိုင်မသွားဘူးလား၊

(ပိုင်သွားပါတယ်ဘုရား)။

အဲဒါကိုပဲ အဝါသဝတ္တနဌေန အနတ္တာ ဒီလိုခေါ်တယ်။ ဒုက္ခကိုသုခဖြစ်အောင်ပြောင်းလဲလို့မရကြောင်း၊ အနိစ္စကို နိစ္စဖြစ်အောင်ပြောင်းလဲလို့မရကြောင်း၊ ဝိပရိဏာမသဘောကို သဿတိသမဖြစ်အောင် ပြောင်းလဲလို့မရကြောင်း၊ သဘောပေါက်သွားတော့ **အဝါသဝတ္တနဌေန အနတ္တာ** ဟုတ်လား၊ အဝါသဝတ္တနဌေန၊ သူ့အလိုအတိုင်းဖြစ်၍မလာသောသဘောကြောင့်။ အနတ္တာ၊ အနတ္တတရားတို့ပါတကား။ ဣတိ ဧဝံ၊ ဤသို့၊ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ သမ္မပညာယ၊ မှန်ကန်သော အနတ္တာနု ပဿနာဉာဏ်ဖြင့်။ ဒဋ္ဌဗ္ဗံ၊ ကောင်းစွာမသွေရှုသင့်မှတ်သင့်ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

ဒီတော့ရင် ရုပ်တရားထဲမှာ အနိစ္စလက္ခဏာတွေ့အောင်ရှာ။ ရုပ်ထဲမှာ-

(အနိစ္စလက္ခဏာတွေ့.အောင်ရှာပါဘုရား)။

အနိစ္စလက္ခဏာတွေ့.ရင် အနိစ္စရောက်နေတဲ့ ဒီရုပ်သည် ဒုက္ခပဲလို့ သဘောကျအောင်ကြည့်အစီစဉ်မှာနော်။ ရုပ်ကိုအနိစ္စလက္ခဏာတွေ့.အောင် ရှာ။ အနိစ္စလက္ခဏာတွေ့.ရင် အနိစ္စရောက်နေတဲ့ရုပ်သည် ဒုက္ခပဲ။ အဲဒီအနိစ္စ ဒုက္ခရောက်နေတဲ့ဒီရုပ်တရားကို နိစ္စဖြစ်အောင် သုခဖြစ်အောင်ပြောင်းလဲလို့ မရဘူးဆိုတာကို သဘောကျအောင်ရှုလိုက်တော့ အဝါသဝတ္တနဌေန အနတ္တာလို့ဟောဒီမှာ အနတ္တာနုပဿနာဉာဏ်သည်ဝင်မလာဘူးလား၊

(ဝင်လာပါတယ်ဘုရား)။

အနိစ္စရယ် ဒုက္ခရယ်, အနတ္တရယ် ဟုတ်လား။

ဘယ်ကစရှုတာလဲလို့ဆိုရင် ဘုန်းကြီးတို့ပရိသတ်များ အနိစ္စကစရှုတာ။ ဒုက္ခကစရှုလို့ကောမဖြစ်ဘူးလား ဖြစ်ပါတယ်ဟုတ်လား။ ဒုက္ခကစရှုလဲပဲ အဲဒီဒုက္ခထဲ အနိစ္စလဲဝင်တာပဲ၊ အနတ္တလဲဝင်တာပဲ။ ဒီတော့ရင် ဒီနေရာမှာ ဘုန်းကြီးတို့ပရိသတ်များ အနတ္တလက္ခဏဒေသနာတော်ကို ပဉ္စဝဂ်တို့အား မြတ်စွာဘုရားဟောတဲ့အခါကြတော့ အနိစ္စလက္ခဏာကို ပိုင်ပိုင်ကြီးသဘောပေါက်အောင် သူတို့ကိုရှေးဦးစွာဟောပါတယ်။ အနိစ္စရောက်နေသောရုပ်သည် ဒုက္ခရောက်ပါတယ်။ အနိစ္စ ဒုက္ခရောက်နေတဲ့ရုပ်ကို နိစ္စ သုခဖြစ်အောင် လုပ်မရတာသည်အနတ္တပဲဟုတ်လား။ ဒါဟာ အနတ္တာနုပဿနာဒေသနာတော်။ အဲဒီမှာစုလိုက်တော့မှ အခုနကအချက်ထဲဝင်သွားတယ်။

အဝါသဝတ္တနဌေန အနတ္တာ၊ အဝါသဝတ္တနဌေန၊ မိမိရဲ့အလိုတိုင်း လိုက်၍မလာသောသဘောကြောင့်။ အနတ္တာ၊ အနတ္တတရားတို့ပါတကား၊ ကျွတိဧဝံ၊ ဤသို့။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ သမ္မပညာယ၊ မှန်ကန်သောဉာဏ် ပညာဖြင့်။ ဒဋ္ဌဗ္ဗံ၊ ကောင်းစွာမသွေ ရှုသင့်မှတ်သင့်ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

တံ ကိ ံ မညထ ဘိက္ခဝေ၊ ဝေဒနာ နိစ္စာ ဝါ အနိစ္စာ ဝါတိ။ အနိစ္စာ ဘန္တေ၊ ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံဝါတိ။ ဒုက္ခံ ဘန္တေ။ ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ ကလ္လံ နု တံ သမနုပဿိတုံ ဧတံ မမ၊ ဧသောဟသ္မိ၊ ဧသော

မေ အတ္တာတိ။ နော ဟေတံ ဘန္တေ။ [၁]

ဘိက္ခဝေ၊ ရဟန်းတော်များအိုချစ်သားတို့။ မယာ၊ ငါဘုရားရှင်ကိုယ်တော်မြတ်သည်။ ဝုစ္စမာနံ၊ ဆိုလတ္တံ့သော။ တံဝစနံ၊ ထိုစကားကို။ တုမ္ဟေ၊ သင်ချစ်သားတို့သည်။ ကိံ မညထ၊ ဘယ်လိုမျှား မှတ်ထင်ကြပါကုန်သနည်း။ ဝေဒနာ၊ ဝေဒနာသည်။ နိစ္စာဝါ၊ နိစ္စလေလော။ အနိစ္စာဝါ၊ အနိစ္စလေလော။ ဝေဒနာသည် နိစ္စလော, အနိစ္စလော ဘယ်လိုဖြေလိုက်လဲ (အနိစ္စာ ဘန္တေ ဘုရား) အနိစ္စာ ဘန္တေ၊ အနိစ္စပါ မြတ်စွာဘုရား၊ ယံပနာနိစ္စံ ဒုက္ခံ ဝါ တံ သုခံ ဝါတိ၊ အနိစ္စရောက်နေတဲ့ဝေဒနာသည် ဒုက္ခလေလော သုခလေလော။ ဘယ်လိုဖြေလိုက်လဲ၊

(ဒုက္ခံ ဘန္တေပါဘုရား)။ ဒုက္ခံ ဘန္တေ၊ ဒုက္ခပါမြတ်စွာဘုရား။

ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ ကလ္လံ နု တံ သမနုပဿိတုံ၊ [၂]

ဘိက္ခဝေ၊ ရဟန်းတော်များအိုချစ်သားတို့၊ ယာဝေဒနာ၊ အကြင်ဝေဒနာသည်၊ အနိစ္စံ၊ အနိစ္စရောက်၏။ ဒုက္ခံ၊ ဒုက္ခဖြစ်၏။ ဝိပရိဏာမဓမ္မံ၊ ဖောက်ပြန်သောသဘောရှိ၏။ တံ၊ ထိုအနိစ္စ ဒုက္ခ အနတ္တ ဝိပရိဏာမဖြစ်နေသောဝေဒနာကို၊ ဧတံ မမတိ ဝါ၊ ငါပိုင်သောဝေဒနာဟူ၍လည်းကောင်း။ ဧသောဟမသ္မိတိ ဝါ၊ ခံစားတာငါပဲဟူ၍လည်းကောင်း။ ဧသော မေ အတ္တာတိဝါ၊ ငါရဲ့ဝေဒနာသည် အတ္တဖြစ်၍နိစ္စပဲဟူ၍လည်းကောင်း။ သမနုပဿိတုံ၊ တဏှာဒိဋ္ဌိနှင့်ယူစွဲသုံးသပ်ခြင်းငှါ။ ကလ္လံ နု၊ သင့်မှသင့်ပါ့မလား။ ဘယ်လိုဖြေလဲ

(နော ဟေတံ ဘန္တေပါဘုရား)။

နော ဟေတံ ဘန္တေ ၊ မသင့်ပါမြတ်စွာဘုရားတဲ့ ပဉ္စဝဂ်တို့ဖြေလိုက်တယ်။ ဒီတော့ ဝေဒနာကိုလဲပဲဘယ်ကစမေးတုန်း နိစ္စ အနိစ္စ ဒီ အချက်ကစမေးတယ်။ မထေရ်တို့က အနိစ္စဖြစ်နေတဲ့ဝေဒနာဟာ ဒုက္ခလား သုခလားဆိုတော့ကော (ဒုက္ခပါဘုရား)။ ပျက်စီးရင်ဒုက္ခပဲပေါ့နော်။ ပျက်စီးနေတဲ့ဝေဒနာသည် ဒုက္ခရောက်တယ်။ အဲဒီ အနိစ္စဖြစ်တဲ့ဝေဒနာ ဒုက္ခဖြစ်တဲ့ဝေဒနာ ဝိပရိဏာမဖြစ်နေတဲ့ဝေဒနာကို၊ ဧတံ မမ၊ ငါပိုင်တယ်။ ဧသောဟမသ္မိ၊ ငါမို့လို့ခံစား

၁။ ၂။ ဝိ၊ ၃၊ ၁၉

ရတယ်။ ဧသော မေ အတ္တာ၊ ငါခံစားတဲ့ဒီဝေဒ နာဆိုတဲ့အတ္တာသည် နိစ္စပဲလို့ ယူစွဲခြင်းဌါသင့်ပါ့မလားလို့မေးလိုက်တော့။ နော ဟေတံ ဘန္တေ၊ မသင့်ပါမြတ်စွာဘုရား ဟုတ်လား။

အနိစ္စလက္ခဏာကိုစတင်၍ရှုခိုင်းတယ်။ ပြီးတဲ့နောက်မှာဒုက္ခ လက္ခဏာရှုခိုင်းပါတယ်။ အနိစ္စနှင့်ဒုက္ခသဘောကိုပေါက်တော့မှ အဲဒါတွေ အကုန်စုပြီးတော့ အော် အနိစ္စကိုလည်းပဲနိစ္စဖြစ်အောင်ပြောင်းလဲလို့မရဘူး။ ဒုက္ခကိုလည်း သုခဖြစ်အောင်ပြောင်းလဲလို့မရဘူး။ အေး အဲဒီလို ပြောင်းလဲလို့မရတဲ့ သဘော ကိုယ့်အလိုကြဖြစ်မလာတဲ့ သဘောဟာအနတ္တပါတကားလို့ မထေရ်တို့ရဲ့ဉာဏ်ထဲမှာတစ်ခါတည်းဝင်သွားတာ။ သညာ, သခ်ါရ, ဝိညာဏ်တို့လဲဒီအတိုင်းလာမှာပဲမို့လား (မှန်လှပါဘုရား)။ နောက်တစ်ခါ မီးမပျက်သေးခင် ဝိညာဏ်ကျော်လိုက်ရအောင်။

တံ ကိ ံ မညထ ဘိက္ခဝေ၊ ဝိညာဏံ နိစ္စံ ဝါ အနိစ္စံ ဝါတိ။ ံ

ဘိက္ခဝေ၊ ရဟန်းတော်များအိုချစ်သားတို့။ မယာ၊ ငါဘုရားရှင်သည်။ ဝုစ္စမာနံ၊ ဆိုလတ့် သော။ တံဝစနံ၊ ထိုစကားကို။ တုမှေ၊ သင်ချစ်သားတို့သည်။ ကိ ံ မညထ၊ ဘယ်လိုမျှားထင်ကြကုန်သနည်း။ ဝိညာဏံ၊ သိမှုသဘောသည်။ နိစ္စံ ဝါ အနိစ္စံ ဝါ၊ နိစ္စလေလော အနိစ္စလေလော ဖြေစမ်းပါ။

(အနိစ္စံ ဘန္တေ ပါဘုရား)။

အနိစ္စပါဘုရားဟုတ်လား။ ယံ ပနာနိစ္စံ ဒုက္ခံ ဝါ သုခံ ဝါတိ၊ အနိစ္စရောက် နေတဲ့ဝိညာဏ်သည် ဒုက္ခလား သုခလား (ဒုက္ခပါဘုရား)။ အနိစ္စဖြစ်နေတဲ့ဝိညာဏ် ဒုက္ခဖြစ်နေတဲ့ဝိညာဏ် ဖောက်ပြန်ပျက်စီးနေတဲ့ဝိညာဏ်ကို ငါပိုင်သောဝိညာဏ်လို့သုံးသပ်ခြင်းဌါသင့်ပါမလား (မသင့်ပါဘုရား)။ ဝိညာဏ်သည် ငါပဲလို့ယူစွဲခြင်းဌာသင့်ပါမလား၊ (မသင့်ပါဘူးဘုရား) ဝိညာဏ်ကို ငါ့ရဲ့အတ္တလို့ယူစွဲခြင်းဌာသင့်ပါမလား (မသင့်ပါဘူးဘုရား)။ အေး အနိစ္စကိုလဲ နိစ္စလုပ်လို့မရ၊ ဒုက္ခကိုလဲ သုခလုပ်လို့မရ၊ ဝိပရိဏာမဓမ္မကိုလဲ သဿတိမလုပ်လို့မရသောကြောင့် အဝါသဝတ္တနဌေနအနတ္တာ ရှုကွက်ထဲပေါင်းထည့်

၁။ ဝိ၊ ၃။ ၁၉

လိုက်။ အဝါသဝတ္တာနဌေန၊ ကိုယ့်အလိုကျဘာမှဖြစ်မလာသောအနက်သဘောကြောင့်။ အနတ္တာ၊ အနတ္တာတို့ပါတကား။ ဣတိ ဧဝံ၊ ဤသို့။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ သမ္မပညာယ၊ မှန်ကန်သောဉာဏ်ပညာဖြင့်။ ဒဋ္ဌဗ္ဗံ၊ ကောင်းစွာမသွေ ရှုသင့်မှတ်သင့်ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

လိပ်တစ်ကောင်လုံး ဘုန်းကြီးတို့ပရိသတ် ခေါင်းကိုလဲပဲတူယွင်းပြားနဲ့ ထုလိုက် ခြေတွေလက်တွေကိုကော အို အကုန်လုံးထုချေပြီးတော့ဖြတ်လိုက်တောက်လိုက်တာ လိပ်ကလေးကို ငုတ်ငုတ်ကိုတိုလို့ သွားနိုင်သေးလား မသွားနိုင်တော့ဘူး အကုန်လုံးဖြတ်ပစ်ရမှာ ဘာလုပ်ရမှာ၊

(ဖြတ်ပစ်ရမှာပါဘုရား)။

ဥက္ခိပ ကုမ္မံ၊ တဲ့ပါဦးတော်မှာ ဘိက္ခု၊ ချစ်သားကုမာရကသပ။ ကုမ္မံ၊ လိပ်ကို၊ ဥက္ခိပ၊ တူးပစ်လိုက်ပါ။ အဲဒီလိပ်ကြီးတူးပစ်လိုက်။ လိပ်ကြီးကို ဘာနဲ့တူး မတုန်းဆိုတော့ ဉာဏ်တည်းဟူသောတူယွင်းနှင့်။ ဘာနဲ့ဉာဏ်တည်းဟူသောတူယွင်းနှင့်။ သတ္တံ၊ တူယွင်းလက်နက်ကို။ ဉာဏသတ္တံ၊ ဉာဏ်တည်းဟူသောတူယွင်းလက်နက်ကို။ အာဒါယ၊ ကိုင်စွဲ၍။ ကုမ္မံ၊ လိပ်ကို။ ဥက္ခိပ၊ တူးလိုက်ပါ၊ ဟုတ်လား။

လိပ်ဆိုတာ ခန္ဓာ၊ မြေခွေးဆိုတာ ကိလေသာ

လိပ်ကိုတူးပစ်ဆိုတာတခြားမဟုတ်ဘူးတဲ့။ ပဇဟ၊ ပယ်လိုက် စွန့်လိုက်ပါ။ ဘာကိုပယ်ရမှာလဲ၊

(လိပ်ကြီးကိုပယ်ရမှာပါဘုရား)။

လိပ်ကြီးကိုပယ်ရမယ် ဟုတ်လား ဟေးဟေး ခန္ဓာကိုပယ်ရမှာလား ကိလေသာကိုပယ်ရမှာလား၊

(ကိလေသာကိုပယ်ရမှာပါဘုရား)။

သဘောပေါက်မြန်လိုက်တာ။ လိပ်ကိုပယ်ပစ်ရမှာလား၊ လိပ်ချောင်းနေတဲ့မြေခွေးကိုရိုက်ပစ်ရမှာလား၊

(မြေခွေးကို ရိုက်ပစ်ရမှာပါဘုရား)။

အဲဒါလိုရင်းပေါ့ လိပ်ကိုသွားပြီးတော့ထုမပစ်နဲ့။ လိပ်နားမှာချောင်းနေတဲ့မြေခွေးကို နာနာရိုက်နှက်ပစ်ရမယ်နော်ဟုတ်လား၊ ချောင်းနေတဲ့မြေခွေးဆိုတာ ပြောပြီးပြီဘာတုန်း၊

(ကိလေသာပါဘုရား)။

အထူးသဖြင့် ဒီနေရာ တဏှာနှင့်ဒိဋ္ဌိဟုတ်လား။ ယခု ဘုန်းကြီးတို့ ပရိသတ်များ အနိစ္စကိုလည်းရှုလိုက်တယ်၊ ဒုက္ခကိုလည်းရှုလိုက်တယ်၊ အနိစ္စရှုလိုက်တော့ ဘာကုန်သွားသလဲ၊ ဒုက္ခရှုလိုက်တော့ ဘာကုန်သွားသလဲဆိုတာ နားလည်ရမယ်။

အနိစ္စာနုပဿနာယ မာနာနုသယံ ပဇဟတိ၊

အနိစ္စာနုပဿနာယ၊ အနိစ္စာနုပဿနာဉာဏ်ဖြင့်။ မာနာနုသယံ၊ ငါတကားကား ထောင်လွှားတဲ့ မာနတည်းဟူသောအနုသယကို။ ပဇဟတိ၊ ကော်ငင်းစွာမသွေပယ်စွန့်နိုင်ပါ ပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

အနိစ္စာနုပဿနာဉာဏ်က မာနကိုပယ်တယ်တဲ့။ အနိစ္စာနုပဿနာဉာဏ်က၊

(မာနကိုပယ်ပါတယ်ဘုရား)။

မြေခွေး တော်တော်လေးနောက်ဆုတ်သွားပြီဟုတ်လား။ ဘုန်းကြီးတို့ ပရိသတ်များ တူယွင်းပြားနဲ့တူးပစ် လိပ်ကြီးတူးပစ်ဆိုတာတကယ်တော့လိပ်ကိုတူးရမှာမဟုတ်ဘူး။ လိပ်နားချောင်းနေတဲ့မြေခွေးကိုရိုက်ပစ်ရမှာ။ ဒါ သဘောကျလား။ အနိစ္စာနုပဿနာယ မာနာနုသယံ ပဇဟတိ၊ အနိစ္စာနုပဿနာဉာဏ်ဖြင့် မာနာနုသယကိုပယ်ခဲ့ပြီ။ ဒုက္ခာနုပဿနာယ၊ ဒုက္ခာနုပဿနာဉာဏ်ဖြင့်။ ရာဂါနုသယံ၊ တဏှာလောဘဆိုတဲ့ရာဂါနုသယကို။ ပဇဟတိ၊ ကောင်းစွာမသွေ ပယ်စွန့်နိုင်ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

ဒုက္ခာနုပဿနာဉာဏ်က ရာဂကိုပယ်တယ် ဒုက္ခာနုပဿနာဉာဏ်က

(ရာဂကိုပယ်ပါတယ်ဘုရား)။

ဒုက္ခလို့သဘောပေါက်ရင် ဘယ်သူပွေ့ပိုက်ထားအုံးမှာတုန်း၊ (မပွေ့ပိုက်တော့ပါဘုရား)။

ရူပက္ခန္ဓာကို အနိစ္စလို့သဘောကြ မာနစင်တယ်။ ရူပက္ခန္ဓာကို ဒုက္ခလို့ သဘောကြတော့ ရာဂစင်တယ် ဟုတ်လား (မှန်လှပါဘုရား)။ အနတ္တာနုပဿနာယ၊ အနတ္တာနုပဿနာဉာဏ်ဖြင့်။ အတ္တာ ဒိဋ္ဌ၊ အတ္တာဒိဋ္ဌကို။ ပဇဟတိ၊ ကောင်းစွာမသွေ ပယ်စွန့်နိုင်ခဲ့ပါပေသတည်း။ အနတ္တာနုပဿနာဉာဏ်ကအတ္တာဒိဋ္ဌကိုပယ်တယ်။ အနတ္တာနုပဿနာဉာဏ်က၊

(အတ္တာဒိဋ္ဌကိုပယ်ပါတယ်ဘုရား)

သူက ဒိဋ္ဌာနုသယပယ်လိုက်တာပေါ့ (မှန်လှပါဘုရား)။ ရာဂါနုသယဆိုတာ တဏှာ။ မာနာနုသယဆိုတာကတော့ မာနပဲ။ ဒိဋ္ဌာနုသယက ဒိဋ္ဌပေါ့။ ကိုင်း အခုနက ဥပါဒါန်လေးပါးကို ဘုန်းကြီးတို့စုပြထားတာ တဏှာ ဒိဋ္ဌနှစ်လုံးတည်းမို့လား။ ဟောဒီမှာ အနုပဿနာဉာဏ်သုံးပါးလုံးက အနုသယသုံးပါးပယ်ထားပြီ။ အနိစ္စာနုပဿနာဉာဏ်က မာနပယ်မှာ၊ ဒုက္ခာနုပဿနာဉာဏ်က တဏှာကိုပယ်မှာ၊ အနတ္တာနုပဿနာဉာဏ်က ဒိဋ္ဌကိုပယ်မှာ၊ တဏှာမာန ဒိဋ္ဌကုန်တယ် မဟုတ်လား (မှန်လှပါဘုရား)။

အဲဒီလိုဆို ဘုန်းကြီးတို့ပရိသတ်များ ခန္ဓာငါးပါးဆိုတဲ့လိပ်ကလေးနားမှာ မြေခွေးဆိုတဲ့ကိလေသာဝင်ခွင့်ရပါ့အုံးမလား (မရပါဘုရား)။ အဲဒီမှာ သက်သာရာရသွားတယ်။ အဲဒါမြေခွေးထွက်သွားတယ်လို့ဆိုလိုတယ်။ ဒါဖြင့် ဒီမြေခွေးကိုဘာနဲ့ ဘုန်းကြီးတို့ပရိသတ်များ ရိုက်နှက်ပစ်လိုက်တာဘာတုန်းဆိုတော့ အနုပဿနာဉာဏ်သုံးပါး။ ဘာတဲ့လဲ၊

(အနုပဿနာဉာဏ်သုံးပါးပါဘုရား)။

အနိစ္စာနုပဿနာဉာဏ် ဒုက္ခာနုပဿနာဉာဏ် အနတ္တာနုပဿနာဉာဏ် စတင်ရှုသည်ကတော့ အနိစ္စာနုပဿနာဉာဏ်ကိုစ၍ကိုင်တယ်။ ရှုပံ နိစ္စံ ဝါ အနိစ္စံ ဝါ မေးထားတယ်မို့လား။ ဝေဒနာ နိစ္စံ ဝါ အနိစ္စံ ဝါ၊ သညာ နိစ္စံ ဝါ အနိစ္စံ ဝါ၊ သင်္ခါရာ နိစ္စံ ဝါ အနိစ္စံ ဝါ၊ ဝိညာဏံ နိစ္စံဝါ အနိစ္စံဝါ။ ရုပ်

ဝေဒနာ, သညာ သခ်ၤါရ ဝိညာဏ် ခန္ဓာငါးခုတရားစုသည် နိစ္စလား အနိစ္စလား။ (အနိစ္စပါဘုရား)။ အနိစ္စဖြစ်နေတဲ့ခန္ဓာသည် ဒုက္ခလား သုခလား။ (ဒုက္ခပါဘုရား)။ အနိစ္စ, ဒုက္ခတို့ကို နိစ္စ သုခလုပ်လို့ရပါ့မလား (မရပါဘုရား)။ အနုပဿနာဉာဏ်ဘယ်နှစ်ပါးဝင်တုန်း (သုံးပါးဝင်ပါတယ်ဘုရား)။

အနိစ္စာနုပဿနာဉာဏ်ဝင်တယ် မာနကိုပယ်ဖို့ရန်။ ဒုက္ခာနုပဿနာဉာဏ်ဝင်သွားတယ် ရာဂကိုပယ်ဖို့ရန်။ တဏှာကိုဟုတ်လား။ အနတ္တာနုပဿနာဉာဏ်ဝင်သွားတယ် ဒိဋ္ဌိကိုပယ်ဖို့ရန်။ တဏှာ မာန ဒိဋ္ဌိကုန်ရောမဟုတ်လား။ အဲဒီလိုဆိုရင် လိပ်နှင့်မြေခွေးအတူတူလား တခြားစီလား။

(တခြားစီပါဘုရား)။

အော် မိုးကသေသေချာချာလင်းပြီဆိုတော့ မြေခွေးပြေးရော့ မဟုတ်လား။ **အာလောကော ဥဒပါဒိ** လို့ ဘုန်းကြီးတို့ပရိသတ် ထပ်ခါထပ်ခါ ရွတ်တယ်နော်(မှန်လှပါဘုရား)။ ဝိပဿနာဉာဏ် မဂ်ဉာဏ်ဆိုတဲ့အလင်းရောင်ဟာ လင်းခနဲလက်ခနဲပေါ်လဲလာရော လိပ်ကလေးနားမှာစောင့်ချောင်းနေတဲ့ရန်သူဖြစ်တဲ့မြေခွေးဟာ ပြေးရှာတယ်တဲ့ဟုတ်ပြီလား။

သဟဝိဇ္ဇပ္ပါဒါ အဝိဇ္ဇာ ပဟီယတိ။ သဟဝိဇ္ဇပ္ပါဒါ၊ ဝိဇ္ဇာဉာဏ်ဖြစ်ပေါ်လာသည်နှင့်တပြိုင်နက်တည်း။ အဝိဇ္ဇာ၊ အဝိဇ္ဇာဆိုတဲ့အမှောင်ကြီးသည်။ ပဟီယတိ၊ ကင်းကွာခဲ့ပါတယ်။ ပဟီယတိ၊ ကင်းပြောက်ခဲ့ပါတယ်။ ဝိဇ္ဇာဉာဏ်ဆိုတဲ့အလင်းပေါ်လာသည်နှင့်တပြိုင်နက်တည်း အဝိဇ္ဇာဆိုတဲ့အမှောင်ကြီးသည် ရှိသေးလား၊ (မရှိတော့ပါဘုရား)။ အဝိဇ္ဇာအမှောင်ကြီးကွယ်ပျောက်တော့ မြေခွေးဆိုတဲ့ကိလေသာမာရ်ရန်သူကြီးသည် ဒီနေရာကပြေးရော့မို့ လား (မှန်လှပါဘုရား)။

အေး အဲဒီတော့မှ လိပ်ကလေးချမ်းသာရာရတာ။ ဒါကြောင့် ဥက္ခိပကုမ္မဲ၊ ကုမ္မဲ၊ လိပ်ကို။ ဥက္ခိပ၊ တူးပါ။ လိပ်ကိုတူးဆိုတာ တကယ့်ကိုလိပ်ကြီးတူးပစ်ရတာမဟုတ်ဘူး။ အဲဒီ လိပ်လို့ခေါ်တဲ့ခန္ဓာထဲကို ဝိပဿနာဉာဏ်ဆိုတဲ့တူယွင်းထည့်လိုက်ရမှာနော်။ လိပ်ဆိုတဲ့ခန္ဓာထဲကို ဝိပဿနာဉာဏ်ထည့်လိုက်တဲ့အခါကျတော့ ကိလေသမာရ်ဆိုတဲ့မြေခွေး ဒီမှာပြေးတာ။ ဒါကြောင့်-

ပဇဟ ကုမ်ဗံ ကုမ်ဗံ၊ လိပ်ကို။ ပဇဟ၊ ပယ်လိုက်ပါဆိုတာက၊ **ပဇဟ ပဉ္ဈပါဒါနက္ခန္ဓေ၊** ပဉ္ဈပါဒါနက္ခန္ဓေ၊ ဥပါဒါနက္ခန္ဓာတို့ကို။ ပဇဟ၊ ပယ်လိုက်ပါ။ အစီအစဉ်မှာ လိပ်ကိုတူးပစ်ပယ်ပစ်ဆိုတာဟာ ခန္ဓာငါးပါးကို တူးလို့ဆိုလိုတာတဲ့။ ခန္ဓာငါးပါးတူးလို့ဆိုတဲ့ဥစ္စာဟာ ဘာပြောတာတုန်းဆိုတော့ **ပဇဟ ကီလေသေ၊** တဲ့ အဋ္ဌကထာက ကိလေသေ၊ ခန္ဓာမှာစွဲငြိနေတဲ့ တဏှာဒိဋ္ဌဆိုတဲ့ကိလေသာတို့ကို။ ပဇဟ၊ ပယ်လိုက်ပါလေ။ အယံ၊ ဤဆိုခဲ့သည်ကား။ ဧတသ၊ ဤလိပ်ကိုတူးရမယ်တူးရမယ်ဆိုသောစကားရဲ့။ အတ္ထော၊ ဆိုလိုတဲ့အဓိပ္ပါယ်ပါပဲ။ ကတိ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါး သခင် ဘုရားရှင်ကိုယ်တော်မြတ်သည်။ ဗျာကရောတိ၊ ဆုပ်ဆိုင်းမရှိဟုတ်တိုင်းမှန်စွာ ဖြေကြားတော်မူခဲ့ပါ သတည်း။

သာဓု သာဓု သာဓုပါဘုရား။

လိပ်ကိုပယ်ပစ်ဆိုတာ ဘာကိုပယ်ရမလဲ

ဥက္ခိပ ကုမ်ဗံ ပဇဟ ပဉ္ဈပါဒါနက္ခန္ဓေ၊ အဘိက္ခဏာ သုမေဓ သတ္ထံ အာဒါယာတိ အယမေတသ အတ္ထော။ [၁]

ဆိုတဲ့ပါဠိတော်စကားမှာချစ်သားကုမာရကဿပ လိပ်ကြီးပယ်ပစ်ဆိုတာ အခြားပြောတာမဟုတ်ဘူး ခန္ဓာကိုပယ်ပစ်လို့ပြောတာ ဟုတ်လား။ ခန္ဓာပယ် ပစ်လို့ဆိုတာ တခြားကိုပြောတာမဟုတ်ဘူးတဲ့၊ ဒီခန္ဓာပေါ်မှာကပ်ရောက်နေတဲ့ တဏှာ ဒိဋ္ဌ ကိလေသာကိုခွာပစ်လို့ဆိုလိုတာ။ တဏှာ ဒိဋ္ဌ ကိလေသာခွါဖို့ကတော့ အခုနက အနုပဿနာဉာဏ်သုံးပါးရအောင်ကိုင်လိုက်ပါ။ အနိစ္စနုပဿနာဉာဏ်ကိုင်လိုက်တော့ မာနပယ်သွားပြီ။ ဒုက္ခာနုပဿနာဉာဏ်ပိုင်လိုက်တော့ ရာဂပယ်သွားပြီ။ ရာဂစင်သွားပြီ။ အနတ္တာ နုပဿနာဉာဏ်ပိုင်လိုက်တော့ ဒိဋ္ဌစင်သွားပြီ။ တဏှာ မာန ဒိဋ္ဌကုန်တယ်မို့လား။ အဲဒါ ပဇဟ ပဉ္ဈပါဒါနက္ခန္ဓေ၊ ချစ်သား ဥပါဒါ နက္ခန္ဓာငါးပါးကိုပယ်ပစ်ဆိုတာ လိပ်ကြီးတူးပစ်လို့ပြောတာ၊ လိပ်ကြီးတူးပစ်ဆိုတာ တကယ်တော့ကွာ တဏှာ မာန ဒိဋ္ဌကို အနုပဿနာဉာဏ်သုံးပါးနှင့်ပယ်ပစ်လို့ဆိုလိုတာပါတဲ့။

၁။ မ၊ ၁။ ၁၉၈

အဘိက္ခဏာ သုမေဓ သတ္ထံ အာဒါယာတိ အယမေ တဿ အတ္ထော၊ ဘိက္ခု၊ ချစ်သား ကုမာရကဿပ။ သုမေဓ၊ ပညာရှိတပည့်လုလင်။ သတ္ထံ၊ လက်နက်ကို။ အာဒါယ၊ စွဲကိုင်ပြီးတော့။ အဘိက္ခဏာ၊ တူးလော့။ ဣတိ အယံ၊ ဤသည်ကား။ ဧတဿ ထိုဥက္ခိပ ကုမ်မံ ပဇဟ ပဉ္စုပါဒါ နက္ခန္တေ၊ ဟူသောပုဒ်ရဲ့။ အတ္ထော၊ အနက်ပါပေတည်း။ ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါး သခင် သဗ္ဗညုဘုရားရှင် ကိုယ်တော်မြတ်သည်။ ဗျာကရောတိ၊ ဆုပ်ဆိုင်းမရှိ ဟုတ်တိုင်းမှန်စွာ ဖြေကြားတော်မူလိုက်ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

ဘုန်းကြီးတို့ပရိသတ် နှုတ်ဆောင်လေးထည့်လိုက်ရအောင် နှုတ်ဆောင်လေးထည့်လိုက်ရအောင်ဆိုပါ-

လိပ်ဆိုသည်ကား, ခန္ဓာငါး, မှတ်သားဆယ့်နှစ်ပါ။
လိပ်တကိုယ်လုံး, သိမ်းကာကြုံး, ပေါင်းရုံးငါးအင်္ဂါ။
သခ်ၤတအားလုံး, သိမ်းကာကြုံး, ပေါင်းရုံးငါးခန္ဓာ။ (သုံးခေါက်)

သခ်ၤတတရားအားလုံးကို သိမ်းကာကြုံးလိုက်ရင် ခန္ဓာငါးပါးရပါတယ်။ လိပ်တစ်ခုလုံးရှိသမျှအင်္ဂါတွေကိုစုလိုက်ရင်လဲ ငါးခုတည်းပါ။ ဒါကြောင့် လိပ်ဆိုတာဟာခန္ဓာငါးပါးဟုတ်လား (မှန်လှပါဘုရား)။ အဲဒီလိပ်ကြီးတူးပစ်ဆိုတာဟာ တကယ်တော့လိပ်ကိုတူးဆိုတဲ့နေရာမှာ ဘုန်းကြီးတို့ပရိသတ် လိပ်ကိုတူးပစ်ရမှာ မဟုတ်ပါဘူး။ ဘာတဲ့တုန်းဆိုတော့ လိပ်နားမှာချောင်းနေတဲ့ မြေခွေးကိုနှင်ထုတ်ရမယ်ဆိုတာလိုပါပဲ ခန္ဓာငါးပါးပေါ်မှာကပ်ညှိနေတဲ့ တဏှာ ဒိဋ္ဌဆိုတဲ့ဥပါဒါန်ကို ပယ်ပစ်လို့ဒါဆိုတာ။ ပါဠိတော်ကတော့ ပဇဟ ပဉ္စုပါဒါနက္ခန္ဓေ၊ ပဉ္စုပါဒါနက္ခန္ဓေ၊ ဥပါဒါနက္ခန္ဓာငါးပါးတို့ကို။ ပဇဟ၊ ပယ်လိုက်ပါ။ ခန္ဓာငါးပါးကိုပယ်လိုက်ဆိုတာ ခန္ဓာပေါ်မှာကပ်ညှိနေတဲ့ တဏှာ,ဒိဋ္ဌကို ပယ်လိုက်လို့ဆိုလိုတာမဟုတ်လား (မှန်လှပါဘုရား)။

ခန္ဓာပေါ်မှာကပ်ညှိနေတဲ့တဏှာဒိဋ္ဌကိုပယ်ဖို့ရန်ဆိုရင် အနိစ္စလက္ခဏာ၊ ခန္ဓာနှင့်အနိစ္စ၊ အနိစ္စနှင့်ခန္ဓာတသားတည်းနေအောင်ရှုဟုတ်လား။ ခန္ဓာသည်ပင်လျှင် အနိစ္စပဲ။ အနိစ္စဆိုတာ ခန္ဓာပဲ။ အနိစ္စလက္ခဏာပိုင်တော့ မာနာ

နုသယကင်းတယ်။ အနိစ္စရောက်နေတဲ့ခန္ဓာသည် ဒုက္ခပဲလို့ဆိုလိုက်တော့ တဏှာရာဂစင်တယ်။ အနိစ္စကို နိစ္စဖြစ်အောင်လဲလုပ်မရဘူး၊ ဒုက္ခကို သုခဖြစ်အောင်လဲလုပ်မရဘူးဆိုတော့၊ အဝါသဝတ္တနဌေန အနတ္တာ အလိုကြဖြစ်မလာသောကြောင့် အနတ္တာ၊ ရှုလိုက်တော့ ဒိဋ္ဌစင်တယ်။ တဏှာ, မာန, ဒိဋ္ဌိ စင်လဲစင်ရော ခန္ဓာဆိုတဲ့လိပ်ကြီး တူးခြင်းကိစ္စပြီးရော့မို့လား။

အေး (၁၂)ခု မြောက်မေးခွန်း ဘုန်းကြီးတို့ပရိသတ် ဤမှာပဲပြီးကြပါစို့။ (၁၃) ခုမြောက်မေးခွန်းကို ဘုန်းကြီးတို့ပရိသတ်များအတွက် (၇)ရက်နေ့ကြမှ ဘုန်းကြီးတို့ဟောမယ်။ (၆)ရက်နေ့ညမနက်ဖန်ခါ ဘုန်းကြီးတို့တရားပွဲမနွှလေးမရှိဘူးနော်။ (၇)ရက်နေ့ကြတော့ ဘုန်းကြီးတို့ပရိသတ် ကျန်တဲ့မေးခွန်း ဆက်ပြီးတော့ဟောကြအုံးစို့။ ဤယနေ့ည ဤမှာပဲနားကြရအောင်ပါ။

ဝမ်ိဳကသုတ္တန် ဒသမအပိုင်း

၁၃၄၃-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၇) ရက်နေ့ည မန္တလေးမြို့၊ မောရဂိဝါရပ်၊ ၃၃ -လမ်း၊ ယောဂီအပေါင်းတို့ စုပေါင်းစုစောင်း၍ လက်ယာရပ်ဓမ္မာရုံ၌ဆင်ယင်ကျင်းပသော သီတဂူရေအလှူတော်ရေစက်ချ ဓမ္မသဘင်၌ ဟောကြားအပ်သော မဇ္ဈိမနိကာယ် မူလပဏ္ဏာသပါဠိတော်၌လာသော ဝမ်ိဳကသုတ္တန်တရားတော် ဆယ်ခုမြောက်အပိုင်း ဝမ်ိဳကသုတ္တန်တရားတော်ရဲ့ ဒသမကဏ္ဍဆယ်ခုမြောက်အပိုင်း မဟောကြားသေးခင် မနားကြားသေးခင် တရားပိုင်ရှင်ဖြစ်တော်မူသော သဗ္ဗညုမြတ်စွာဘုရားအား ရိုသေစွာလက်အုပ်ချီမိုး၍ ရှိခိုးကြရအောင်။

ဝမ်ိဳကသုတ္တန်တရားတော် (၁၀) ခုမြောက်အပိုင်း (၁၃) ခုမြောက်မေးခွန်းသို့ ဘုန်းကြီးတို့ရောက်ရှိလာတယ်။ အရှင်ကုမာရကဿပမထေရ်ကမြတ်စွာဘုရားရှင်ကိုယ်တော်မြတ်အား တောင်ဘို့တူးရမယ်ဆိုလို့ တပည့်တော်တူးပါတယ်ဘုရား။ တောင်ဘို့ကြီးတူးလိုက်တဲ့အခါကြတော့ ဘုရားတပည့်

တောင်ဘို့ကတွေ့တာ ပြီးခဲ့တာတွေအသာထားလိုက်တော့ ဘုန်းကြီးတို့ ပရိသတ်ပေါင်း သူတော်ကောင်းတို့ ဤယနေ့ရောက်လာတဲ့ တိုက်ရိုက်ဆက်ရ အောင်။ တောင်ဘို့ကြီးတူးလိုက်တော့ဘုရား တပည့်တော် (၁၃) ခုမြောက် တောင်ဘို့ထဲက အသိသူန၊ အသိ တစ်ခု၊ သူန တစ်ခု နှစ်ခု။ အသိသူနဆိုတဲ့ အရာဝတ္ထုတောင်ဘို့ထဲတွေ့ပါတယ်။ ထိုတောင်ဘို့ထဲကတွေ့တဲ့ အသိသူန ဆိုတာဘာပါတုန်းဘုရား။

သန်လျက်နဲ့စဉ်တီတုံးဆိုတာဘာလဲ

အဘိက္ခဏာ သုမေဓ သတ္ထံ အာဒါယ၊ အဘိက္ခဏာန္တော သုမေဓော သတ္ထံ အာဒါယ အဒ္ဒသ အသိသူနံ။

သုမေဓော၊ ပညာရှိတပည့်လူလိမ္မာသည်၊ သတ္ထံ၊ တူရွင်းလက်နက်ကို။ အာဒါယ၊ ကိုင်စွဲ၍။ ဝမ္မိကံ၊ တောင်ဘို့ကို။ အဘိက္ခဏာန္တော၊ တူးခဲ့ပြန်သည် ရှိသော်။ အသိသူနံ၊ အသိသူနခေါ်သောအရာ ဝတ္ထုကို။ အဒ္ဒသ၊ တွေ့ခဲ့ပြန် တယ်။ တပည့်ပညာရှိ တူရွင်းလက်နက် ကိုင်စွဲ တောင်ဘို့ကိုတူး မှန်လှပါဆရာ မိန့်ကြားသည့်အတိုင်း တပည့် တူရွင်းလက်နက်ကိုကိုင်စွဲပြီးတော့ တောင်ဘို့ကို တူးပါတယ်။ အဘိက္ခဏာန္တော သုမေဓော သတ္ထံ အာဒါယ။ လက်နက်ကိုင်စွဲ တောင်ဘို့ကြီးကိုတူးလိုက်တဲ့အခါကြတော့-

အဒ္ဒသ အသိသူနံ၊ အသိဆိုတာ သံလျက်၊ သူနဆိုတာက စင်းတီတုန်း၊ အသိသူနံ၊ သံလျက်နှင့်စင်းတီတုန်းကို (၀၂) ဓားမတစ်ချောင်းနှင့်စင်းတီတုန်း တစ်ခုကို။ အဒ္ဒသ ခေါ အဒ္ဒသံယေဝ၊ မျက်ဝါးထင်ထင် တောင်ဘို့တွင်းမှာ တွေ့မြင်ခဲ့ပြန်လေ၏။ အထခေါ၊ ထိုအခါ၌။ သုမေဓော၊ ပညာရှိတပည့် လု လင်သည်။ ဗြဟ္မာဏံ၊ ဆရာပုဏ္ဏားကို။ ဘဒန္တေ၊ အိုဆရာပုဏ္ဏား။ အဟံ၊ တပည့် ပညာရှိသည်။ ဝမ္မိကံ၊ တောင်ဘို့ကို။ အဘိက္ခဏာန္တော၊ လက်နက်ကိုင်စွဲတူးခဲ့ သည်ရှိသော်။ အသိသူနံ၊ သံလျက်နှင့်စင်းတီတုန်းကို (၀၂) ဓားမနှင့်စင်းတီတုန်း ကို။ အဒ္ဒသံ၊ မျက်ဝါးထင်ထင်တွေ့မြင်ခဲ့ပါပြီဘုရား။ ဣတိ၊ ဤသို့၊ သုမေဓော၊

၁။ မ၊ ၁။ ၁၉၈

ပညာရှိတပည့်လုလင်သည်။ ငြဟ္မဏ်၊ ဆရာပုဏ္ဏားကို။ ဧတံ ဝစနံ ဤစကား ကို။ အဝေါစ၊ ကော်င်းစွာမသွေလျှောက် ထားခဲ့ပါပေတော့်သတည်း။

သာဓု သာဓု သာဓုပါဘုရား။

တူယွင်းလက်နက်ကိုင်စွဲ တောင်ဘို့ကြီးတူးလိုက်သည့်ကာလ ဆရာ တောင်ဘို့ထဲက အသိသူနခေါ်ဆိုရတဲ့ သံလျက်နှင့်စဉ်းတီတုန်း(တနည်း) ဓားမ တစ်ချောင်းနှင့်စဉ်းတီတုန်းတွေ့ပါတယ်။ ကောင်းပြီ အဲဒီအသိသူန သံလျက် နှင့်စဉ်းတီတုန်း(တနည်း) ဓားမတစ်ချောင်းနှင့်စဉ်းတီတုန်းဆိုတာကို အရှင် ကုမာရကဿပမထေရ်ကြီးက ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ် တော်မြတ်ကိုမေးတယ်။

ဘန္တေ၊ ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား။ အသိသူနာ၊ အသိ သူနာတိ၊ စဉ်းတီတုန်းနှင့်ဓား စဉ်းတီတုန်းနှင့်ဓားလို့ဆိုနေပါတယ်။ ကာ အသိ သူနာ၊ အသိသူနာ၊ စဉ်းတီတုန်းနှင့်ဓားဟူသည်ကား။ ကာ၊ အဘယ်ပါနည်း အရှင်ဘုရား။ ဣတိ၊ ဤသို့။ အာယသ္မာ ကုမာရကဿပေါ၊ အရှင်ကုမာရ ကဿပမထေရ်မြတ်သည်။ ဘဂဝန္တံ၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့်ပြည့် စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားကို။ တေရသမံ၊ တစ်ဆယ့်သုံးခုမြောက် ဖြစ်သော။ ပဉ်၊ မေးခွန်းကို။ အပုစ္ဆိ၊ သိလိုရေးနှင့်မေးလျှောက်ရာလေတော့ သတည်း။

သာဓု သာဓု သာဓုပါဘုရား။

ဆရာပုဏ္ဏားကပြောတယ် တပည့် တောင်ဘို့ကိုတူးတွေ့လိမ့်ယ် တစ်စုံ တစ်ခု။ တူးပါပြီဆရာ၊ တွေ့တယ်၊ ဘာတွေ့တုန်း စဉ်းတီတုန်းနှင့်ဓားတစ် ချောင်း။ ကောင်းပြီ စဉ်းတီတုန်းနှင့်ဓားတစ်ချောင်းတွေ့တယ်။ အဲဒါ ဘာလုပ် ရမတုန်းဆိုတော့ ဥက္ခိပအသိသူနံ၊ အသိသူနံ၊ အဲဒီဓားနှင့်စဉ်းတီတုန်းတို့ကို ဖယ်ပစ်လိုက်၊ ပယ်ပစ်လိုက်။ ဤမေးခွန်းကို အရှင်ကုမာရကဿပကဿယ် ဆောင်လာပြီးတော့ မြတ်စွာဘုရားအားမေးတယ်။ ဘုန်းတော်ကြီးတော်မူ သော မြတ်စွာဘုရား တောင်ဘို့ကိုတူးတော့ စဉ်းတီတုန်းနှင့်ဓားတွေ့တယ်လို့ ပြောတယ်ဘုရား။

အဲဒီစဉ်းတီတုန်းနှင့်မားဟူသည်အဘယ်ပါနည်း။ မည်သည့် တရားကမား၊ မည်သည့်တရားက စဉ်းတီတုန်းပါလဲလို့ ကုမာရကဿပမထေရ် မြတ်စွာဘုရားအားမေးတယ်။ တစ်ဆယ့်သုံးခုမြောက်ဖြစ်သောအမေး အရှင်ကုမာရကဿပမေးတော့ မြတ်စွာဘုရားကိုယ်တော်မြတ်က။

သံလျက်နဲ့စဉ်တီတုံးဆိုတာ ကာမဂုဏ်ငါးပါး

အသိသူနာ တိ ဓေါ ဘိက္ခု ပဉ္စန္နေတံ ကာမဂုဏာနံ အဓိဝစနံ။[၁]

ဘိက္ခု၊ ချစ်သားရဟန်း။ အသိသူနာတိ ဧတံ အဓိဝစနံ၊ သံလျက်နှင့် စဉ်းတီတုန်း(ဝါ) မားနှင့်စဉ်းတီတုန်းဆိုတာက။ ပဉ္စန္နံ၊ ငါးပါးကုန်သော။ ကာမဂုဏာနံ၊ ကာမဂုဏ်တို့ရဲ့ဝတ္ထုအာရုံငါးစုံသောကာမဂုဏ်တို့ရဲ့။ အဓိဝစနံ၊ အမည်ပါပေတည်း။ တောင်ဘို့ထဲကတွေ့တဲ့ မားတစ်ချောင်းနှင့်စဉ်းတီတုန်းဆိုတာ တခြားပြောတာမဟုတ်ဘူး။ ကာမဂုဏ်ငါးပါးကိုပြောတာ၊ ဣတိ၊ ဤသို့။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ တေရသမံ၊ တစ်ဆယ့်သုံးခုမြောက်ဖြစ်သော။ ပဥ်း၊ မေး ခွန်းကို။ ဗျာကရောတိ၊ ဆုတ်ဆိုင်းမရှိဟုတ်တိုင်းမှန်စွာ ဖြေကြားတော်မူခဲ့ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

တောင်ဘို့ထဲက တစ်ဆယ့်သုံးခုမြောက် တောင်ဘို့ထဲကတွေ့လာတဲ့ အရာဝတ္ထုအသိသူနဆိုတာဟာ တစ်ဆယ့်သုံးခုမြောက်မေးခွန်းအနေနှင့် မေးလိုက်တာ။ ဘုရားကိုယ်တော်မြတ်ရဲ့အဖြေမှာ စဉ်းတီတုန်းနှင့်မား (တနည်း) သံလျက်နှင့်စဉ်းတီတုန်းဆိုတဲ့ဥစ္စာဟာ တခြားမဟုတ်ဘူးတဲ့။ ပဉ္စန္နံ ကာမဂုဏာနံ အဓိဝစနံ။ ကာမဂုဏ်ငါးပါး စဉ်းတီတုန်းနှင့်မားဆိုတာ ကာမဂုဏ်ငါးပါးတဲ့ ဘုန်းကြီးတို့ပရိသတ်များ ဘာများပါလိမ့်၊

(ကာမဂုဏ်ငါးပါးပါဘုရား)။

ကာမနှင့်ဂုဏာ စကားနှစ်ရပ် ကာမနှင့်ဂုဏာ ဂုဏာသဒ္ဒါ ဂုဏ်ကျေးဇူးမဟုတ်ဘူး။ ဒီနေရာ အစုအပုံဆိုတဲ့အဓိပ္ပါယ် ကာမတရားတို့ရဲ့အစုအဝေး

၁။ မ၊ ၁။ ၁၉၈

တွေတဲ့ ဒါကိုကာ့မဂုဏ်လို့ခေါ်တယ် (မှန်လှပါဘုရား)။ ကာမဂုဏာ ကာမတရားတို့ရဲ့ အစု အဝေး ကာမတရားငါးပါးတို့ရဲ့ အစုအဝေးတွေဆိုတာက၊

စက္ခုဝိညေယျာနံ ရူပါနံ ဣဋ္ဌာနံ ကန္တာနံ မနာပါနံ ပိယရူပါနံ ကာမူပသံဟိတာနံ ရဇနီယာနံ။ [၁]

ဘိက္ခု၊ ချစ်သားရဟန်း။ စက္ခုဝိညေယျာနံ၊ မျက်စိဖြင့်မြင်အပ်ကုန်သော။ ဣဋ္ဌာနံ၊ အလိုရှိအပ်ကုန်သော။ ကန္တာနံ၊ နှစ်သက်အပ်ကုန်သော။ မနာပါနံ၊ စိတ်နှစ်လုံးကိုရွှင်ပြုံး တိုးပွားစေတတ်ကုန်သော။ ပိယရူပါနံ၊ ချစ်အပ်သောသဘောရှိကုန်သော။ သာတရူပါနံ၊ သာယာအပ်သောသဘောရှိကုန်သော။ ကာမူပသံဟိတာနံ၊ ကိလေသာကာမနှင့်စပ်၍နေကြကုန်သော။ ရဇနီယာနံ၊ ရာဂဖြင့်တပ်မက်ဖွယ်ရာကောင်းလှကုန်သော။ ရူပါနံ၊ ရူပါရုံတို့၏လည်းကောင်း။ သောတဝိညေယျာနံ၊ သောတဝိညာဏ်ဖြင့်သိအပ်ကုန်သော။ သဒ္ဒါနဉ္စ၊ သဒ္ဒါရုံတို့၏လည်းကောင်း။ ဃာနဝိညေယျာနံ၊ ဃာနဝိညာဏ်ဖြင့်သိအပ်ကုန်သော။ ဂန္ဓာနဉ္စ၊ ဂန္ဓာရုံတို့၏လည်းကောင်း။ ဇိဝှါဝိညေယျာနံ၊ ဇိဝှါဝိညာဏ်ဖြင့်သိအပ်ကုန်သော။ ရသာနဉ္စ ရသာရုံတို့၏လည်းကောင်း။ ကာယဝိညေယျာနံ၊ ကာယဝိညာဏ်ဖြင့်သိအပ်ကုန်သော။ ဣဋ္ဌာနံ၊ အလိုရှိအပ်ကုန်သော။ ကန္တာနံ၊ နှစ်သက်အပ်ကုန်သော။ မနာပါနံ၊ စိတ်နှလုံးကိုရွှင်ပြုံးတိုးပွားစေတတ်ကုန်သော။ ပိယရူပါနံ၊ ချစ်အပ်သောသဘောရှိကုန်သော။ သာတရူပါနံ၊ သာယာအပ်သောသဘောရှိကုန်သော၊ ကာမူပသံဟိတာနံ၊ ကိလေသာကာမနှင့်ဆက်စပ်၍နေကြကုန်သော။ ရဇနီ ယာနံ၊ ရာဂဖြင့်တပ်မက်ဖွယ်ရာကောင်းကြကုန်သော။ ကာယဝိညေယျာနံ၊ ကာယဝိညာဏ်ဖြင့်သိအပ်ကုန်သော။ ဖောဋ္ဌဗ္ဗာနဉ္စ၊ ဖောဋ္ဌဗ္ဗာရုံတို့၏လည်းကောင်း။ ဣတိ၊ ဤသို့။ ပဉ္စန္နံ၊ ငါးပါးကုန်သော။ ကာမဂုဏာနံ၊ ကာမဂုဏ် ငါးပါးအစုတရားတို့ရဲ့။ အဓိဝစနံ၊ အမည်ပါပေတည်း။

အလိုရှိအပ်သော နှစ်သက်အပ်သော စိတ်နှစ်လုံးကိုရွှင်ပြုံးတိုးပွားစေတတ်သော ချစ်အပ်သော သာယာအပ်သော ရာဂဖြင့်တတ်မက်ဖွယ်ရာ

၁။ မ၊ ၁။ ၁၉၈

ကောင်းကုန်သော ရူပ သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗဆိုရသော အဆင်း အသံ, အနံ့ အရသာ အတွေ့အထိ အဆင်းမျိုးစုံရူပါရုံ၊ အသံမျိုးစုံသဒ္ဒါရုံ၊ အနံ့မျိုးစုံဂန္ဓာရုံ၊ စားဖွယ်သောက်ဖွယ်မျိုးစုံရသာရုံ၊ အတွေ့အထိမျိုးစုံဖောဋ္ဌဗ္ဗာရုံတို့၏။ အဓိဝစနံ၊ အမည်ပါပေတည်း။ ဝါ-ကာမဂုဏ်ငါးပါးကို၊ အသိသူန၊ သံလျက်နှင့်စဉ်းတီတုံး (တနည်း) ဓားနှင့်စဉ်းတီတုံးဟူ၍။ ဝုစ္စတိ၊ မုချကိန်းသေဆိုအပ်ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

မြတ်စွာဘုရား မိန့်တော်မူသည့် ပါဠိတော်စကားရပ်များဟာ ဤမျှသာပဲ ကာမဂုဏ်ငါးပါး ဘယ့်နှယ်ကာမဂုဏ်တုန်းဆိုတော့ အနိဋ္ဌဖြစ်သောကာမလား၊ ဣဋ္ဌဖြစ်သောကာမလားဆိုတော့ ဣဋ္ဌဖြစ်သောကာမ၊ ဣဋ္ဌ အလိုရှိအပ်တဲ့ အဆင်း အသံ အနံ့ အရသာ အတွေ့အထိငါးမျိုး ဣဋ္ဌာနံ၊ အလိုရှိအပ်ကုန်သော။ ကန္တာနံ၊ နှစ်သက်စရာကောင်းကုန်သော။ ပိယရူပါနံ၊ချစ်အပ်သောသဘောရှိကုန်သော။ သာတရူပါနံ၊ သာယာအပ်သောသဘောရှိကုန်သော။ ကာမူပသံဟိတာနံ၊ ကိလေသာကာမနှင့်စပ်၍နေကြကုန်သော။ ရဇနီယာနံ၊ ရာဂဖြင့်တပ်မက်ဖွယ်ရာကောင်းကုန်သော။

အဲဒီနောက်နှစ်ပိုဒ်ဟာ ဤနေရာမှာအရေးကြီးတဲ့အပိုဒ်။ ကာမူပ သံဟိတာနံ၊ ကိလေသာကာမနှင့် စပ်၍နေကြကုန်သော ရူပ သဒ္ဒ ဂန္ဓ ရသ, ဖောဋ္ဌဗ္ဗ ဒီငါးပါးကိုဝတ္ထုကာမလို့ခေါ်တယ်။ ရူပရယ် သဒ္ဒရယ် ဂန္ဓရယ်, ရသရယ် ဖောဋ္ဌဗ္ဗရယ် ဤငါးမျိုးကိုဝတ္ထုကာမ၊ အဆင်းမျိုးစုံရူပါရုံ၊ အသံမျိုးစုံသဒ္ဒါရုံ၊ အနံ့မျိုးစုံဂန္ဓာရုံ၊ စားဖွယ်သောက်ဖွယ်မျိုးစုံရသာရုံ၊ အတွေ့ထိမျိုးစုံဖောဋ္ဌဗ္ဗာရုံ ငါးပါး။ ဒီငါးပါးကိုအလိုရှိအပ်သောကြောင့် ကာမ။ ဤငါးမျိုးစုထားတော့ ဂုဏ်တဲ့။ ဒါကိုကာမဂုဏ ကာမဂုဏ်ဒီလိုခေါ်တယ်။

ဒီငါးမျိုးသောတရားဟာ လူတိုင်းအလိုရှိအပ်တဲ့တရားမို့လို့ ဣဋ္ဌ။ လူတိုင်းလူတိုင်းပဲ ကာမတဏှာမကုန်သေးတဲ့သတ္တာတိုင်းပဲ တပ်မက်၍နေသောကြောင့် နှစ်သက်၍နေသောကြောင့် ကန္တ၊ ကာမတဏှာမကင်းတဲ့သတ္တာတိုင်းချစ်အပ်တဲ့အတွက်ကြောင့်မို့လို့ ပိယရူပ။ ကာမတဏှာရှိထားတဲ့

ပုဂ္ဂိုလ်တိုင်းသာယာနေလို့ သာတရူပ။ ပိယရူပ၊ သာတရူပ၊ ဣဋ္ဌ၊ ကန္တ၊ မနာပ ပိယရူပ၊ သာတရူပ၊ ကိလေသာကာမနှင့်စပ်ပြီးတော့နေကြတယ်ဒီဂါးမျိုးသော တရားဟာ။ ဒီဂါးပါးသောတရား ကိလေသာကာမနှင့်စပ်နေတော့ ဘာဖြစ် တုန်း။ ကာမူပသံဟိတ၊ ကိလေသာကာမနှင့် ဤတရားငါးမျိုးဟာ အမြဲတမ်း စပ်ပြီးတော့နေကြတယ်။ ကိလေသာကာမနှင့်စပ်ပြီးတော့ နောက်နားက ရဇနီယာ၊ တပ်မက်ဖွယ်ရာကောင်းကြတယ်။

ရာဂ၏အမည်အမျိုးမျိုး

ဒီဂါးမျိုးသောတရား ဘယ်သူကတပ်တုန်းလို့မေးလို့ရှိရင်တဲ့ရာဂဖြင့် တပ်တယ်။ ထိုရာဂသည်ပင်လျှင် လောဘ၊ လောဘသည်ပင်လျှင်ပင် တဏှာ၊ တဏှာသည်ပင်လျှင် ရာဂ။ ဒီတရားဟာပရိယာယ်ပဲ။ တရားကိုယ်ကတော့ လောဘစေတသိက်တစ်လုံးတည်း။ တပ်မက်တယ်ဆိုတဲ့နေရာကြတော့ ရာဂ လို့သုံးတယ်။ တပ်မက်တယ်ဆိုတဲ့နေရာကြတော့ ရာဂလို့သုံးပြီးတော့။ လိုခြင် တယ်ဆိုတဲ့နေရာကြတော့ လောဘလို့သုံးပြန်တယ်။ တောင့်တတယ်ဆိုတဲ့ နေရာကြတော့ တဏှာလို့သုံးပြန်တယ်။ စေတသိတ်တစ်လုံးတည်းကို ဌာန အားလျော်စွာ အကြောင်းအားလျော်စွာ ဌာနအားလျော်စွာနာမည်ခွဲပြီးတော့ ဒီလိုခေါ်ပါတယ်။ စေတသိက်ကတော့ လောဘစေတသိက်တစ်ခုတည်း။ အဲဒီ လောဘစေတသိတ်ကို ကာမဂုဏ်ငါးပါးနှင့်စပ်လိုက်တဲ့အခါကြတော့ ဘယ့် နှယ်ခေါ်တုန်းဆိုတော့ ကိလေသကာမလို့ဒီလိုခေါ်တယ်။

ဝတ္ထုကာမဆိုတာဘာလဲ

ရူပ သဒ္ဒ ဂန္ဓ ရသ, ဖောဋ္ဌဗ္ဗဒီဂါးမျိုးကိုတော့ ကိလေသာကာမရဲ့ တပ်မက်ရာစွဲလမ်းရာ အာရုံဖြစ်ခြင်းကြောင့် သူ့ကိုတော့ဝတ္ထုကာမ၊ ကိလေ သာကာမရဲ့တည်ရာဖြစ်ခြင်းကြောင့် ဝတ္ထုကာမ။ အခုနက လောဘစေတ သိက်ကို ဒီဂါးမျိုးကိုတပ်မက်၍နေသောကြောင့် ကိလေသာကာမ၊ ကာမနှစ်မျိုး ဝတ္ထုကာမရယ် ကိလေသာကာမရယ် ဘယ်နှစ်မျိုးလဲ (နှစ်မျိုးပါဘုရား)။ ဝတ္ထု ကာမဆိုတာက အဆင်းကိုခေါ်တယ်၊ အသံကိုခေါ်တယ်၊ အနံ့ကိုခေါ်တယ်၊

ရသာကိုခေါ်တယ်၊ အတွေ့.အထိကိုခေါ်တယ်၊ ငါးမျိုးကို ဝတ္ထုကာမ။ အဆင်းကို အသံကို အနံ့ကို ရသာကို အတွေ့.အထိကို ဒီငါးမျိုးကိုဘာခေါ်တယ် (ဝတ္ထုကာမပါဘုရား)။ ကိလေသကာမရဲ့တည်ရာ၊ ဝတ္ထုဆိုတာတည်ရာ၊ ဘယ်သူ၏တည်ရာလဲဆိုတော့ လောဘစေတသိက်လို့ဆိုရတဲ့ ကိလေသာကာမ၏ တည်ရာဖြစ်ခြင်းကြောင့် သူ့ကို ဝတ္ထုကာမ။

အဲဒီ ဝတ္ထုကာမပေါ်မှာတည်ပြီးတော့ ဖြစ်လာတဲ့လောဘဟာ သတ္တဝါတွေကို သံသရာတခွင်မှာညစ်နွမ်းစေတဲ့အတွက်ကြောင့် ကိလေသကာမ၊ သတ္တဝါတွေရဲ့ စိတ် စေတသိက် ရုပ်အားလုံးတို့ကိုညစ်နွမ်းစေတယ်။ သတ္တဝါတွေရဲ့ ကိုယ် နှုတ် စိတ် ကာယကံ ဝစီကံ မနောကံသုံးပါးကို ညစ်နွမ်းစေတယ်။ ဘဝသံသရာတခွင်လုံးမှာ ညစ်နွမ်းစေတယ်။ သတ္တဝါတို့ရဲ့ကိုယ်နှုတ်စိတ် သုံးပါးကိုညစ်နွမ်းစေလို့ ကိလေသကာမ၊ ဘဝသံသရာတလျှောက်လုံးညစ်နွမ်းစေတဲ့အတွက်ကြောင့် ကိလေသာကာမ။ အဲဒီကိလေသကာမဟာ ဘာလဲဆိုတော့ စေတသိက်ကလောဘစေတသိက်တစ်လုံးပါပဲ။ ထိုကိလေသာကာမသည် ဘယ်ပေါ်မှာတည်ရမှီရတုန်းဆိုတော့ ဝတ္ထုကာမပေါ်မှာတည်ရတယ်၊ ကိလေသာကာမသည်ဘယ်ပေါ်ဖြစ်တုန်ဆိုရင် အဆင်းပေါ်မှာဖြစ်တယ်၊ အသံပေါ်မှာဖြစ်တယ်၊ အနံ့ပေါ်မှာဖြစ်တယ်၊ အရသာပေါ်မှာဖြစ်တယ်၊ အတွေ့.အထိပေါ်မှာဖြစ်တယ် ငါးဌာနမှာဖြစ်တယ်။

ဒါကြောင့် စက္ခုဝိညေယျာနံ၊ မျက်စိနှစ်လုံးနှင့်မြင်အပ်ကုန်သော။ သောတဝိညေယျာနံ၊ နားနှစ်ဘက်နှင့်ကြားအပ်ကုန်သော။ ဃာနဝိညေယျာနံ၊ နှာခေါင်းနှင့်ရှူအပ်ကုန်သော။ ဇိဝှါဝိညေယျာနံ၊ လျှာဖြင့်စားအပ်ကုန်သော (ဝါ)ဇိဝှါဝိညာဏ်ဖြင့်သိအပ်ကုန်သော။ ကာယဝိညေယျာနံ၊ ကိုယ်ဖြင့်ထိအပ်ကုန်သော (ဝါ) ကာယဝိညာဏ်ဖြင့်သိအပ်ကုန်သော။ ဣဋ္ဌာနံ၊ အလိုရှိအပ်ကုန်သော။ ကန္တာနံ၊ နှစ်သက်အပ်ကုန်သော။ မနာပါနံ၊ စိတ်နှလုံးကိုရွှင်ပြုံးတိုးပွားစေတတ်ကုန်သော။ ပိယရူပါနံ၊ ချစ်အပ်သောသဘောရှိကုန်သော။ သာတရူပါနံ၊ သာယာအပ်သောသဘောရှိကုန်သော။ ကာမူပသံဟိတာနံ၊ ကိလေသာကာမတရာ လောဘနှင့်ဆက်စပ်၍နေကြကုန်သော။ ရဇနီယာနံ၊ တပ်မက်ဖွယ်ရာကောင်းကုန်သော။ ပဉ္စန္နံ ကာမဂုဏာနံ၊ ငါးပါးကုန်သောကာမဂုဏ်

တရားတို့ရဲ့။ အဓိဝစနံ၊ အမည်ပါပေတည်း။ ဝါ ပဠကာမဂုဏာ၊ ငါးဖြာအာရုံကာမဂုဏ်တရားတို့ကို။ အသိသူနာတိ၊ အသိသူနာဟူ၍။ ဝုစ္စတိ၊ မုချကိန်းသေးဆိုအပ်ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

ဒီတော့ ဒီမှာပါဦးတော်က နှစ်ခုပေးထားတယ်။ မြတ်စွာဘုရားမေးဘို့တည်ထားတာက နှစ်ခုတည်ထားတယ်။ ဖြေတဲ့အခါကြတော့ တစ်လုံးတည်းဖြေထားတာကို ဘုန်းကြီးတို့ပရိသတ် သတိထားမိကောင်းမှ ထားမိလိမ့်မယ်။ တောင်ဘို့ထဲတူးလိုက်တဲ့အခါတွေ့တာက သံလျက်နှင့်စဉ်းတီတုန်း။ အဲဒီသံလျက်ကိုတဲ့ တစ်မျိုးပြောရအောင် မားနှင့်စဉ်းတီတုန်းဆိုကြစို့။ တွေ့တာက မားရယ် စဉ်းတီတုံးရယ်အတွဲလိုက်ပါ။ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ဖြေကြားထားတာက မားနှင့်စဉ်းတီတုံးဆိုတာ ကာမဂုဏ်ငါးပါးလို့တစ်လုံးတည်းဖြေကြားတယ်။

စဉ့်တီတုံး နှင့်စဉ်းလှီးတုံး

အဲဒီအဖြေကို ဘုန်းကြီးတို့ပရိသတ်က ကြည့်လိုက်တဲ့အခါကြတော့ ထိုအဖြေကိုကြည့်လိုက်တဲ့အခါကြတော့ တခုခုတော့လိုနေတဲ့သဘောရှိတယ်။ တွေ့တာကနှစ်ခု ဖြေထားတာကကာမဂုဏ်ငါးပါးလို့တစ်လုံးတည်းဖြစ်နေတယ်။ စဉ်းတီတုံးပေါ်မှာသားကောင်တွေတင်၍တင်၍ မားနှင့်သေသေ ချာချာ နုတ်နုတ်စင်းတာ စဉ်းတီတုံးလို့ခေါ်ရိုးရှိတယ်။ ဘုန်းကြီးတို့ကတော့ စဉ်းလှီးတုံးလို့ဒီလိုကြုံက်နေတာ စင်းပြီးတော့လှီးတာကိုး။ အကောင်ပေါင်းများစွာကို ဒီတုံးလေးပေါ်တင် စဉ်းစဉ်းပြီးတော့လှီးတဲ့အတွက်ကြောင့် သတ္တဝါပေါင်းများစွာကိုစင်း၍လှီးရာဖြစ်သောတုံးကို စဉ်းလှီးတုံးလို့ ဘုန်းကြီးတို့ ဒီလိုကြုံက်တာ။ ဒါပေမယ့်ဆိုရိုးဆိုစဉ်ကတော့ စဉ်းတီတုံးတဲ့ ဒီဝေါဟာရ စီစစ်ဦးမယ်။ အေး စဉ်းလှီးတုံးပေါ်မှာ သတ္တဝါပေါင်းမြောက်များစွာတို့ဟာ စင်း၍စင်း၍သေခဲ့ရတာဟာမရေနိုင်ဘူး။ ဘာနှင့်စင်းလို့တုန်းမေးရင် မားထက်ထက်နှင့် စင်းတာ။ ဘာနှင့်ပါလိမ့်၊

(မားထက်ထက်နှင့်ပါဘုရား)။

ဓားထက်ထက်ဆိုတာတစ်ခုရှိတယ်။
အစဉ်းခံရမဲ့သတ္တဝါမျှားစွာဆိုတာက တစ်ခုရှိတယ်။
ထိုသတ္တဝါမျှားစွာတို့ လည်စင်းလှီးရာဖြစ်တဲ့အောက်ကခံတုံးကြီး ကတစ်ခုရှိတယ်၊ ဘယ်နှစ်ခုလဲ (သုံးခုပါဘုရား)။ ဒီလိုပဲလာရမှာပေါ့။

ကာမဂုဏ်ငါးပါးကို စဉ်းလှီးတုံးလိုသဘောထား။

ကာမဂုဏ်ကြိုက်တဲ့သတ္တဝါတွေကို အစဉ်းခံရမဲ့သတ္တဝါတွေလို့ သဘောထား။ ကာမဂုဏ်ငါးပါးကို စဉ်းလှီးတုံး၊ ကာမဂုဏ်ကြိုက်တဲ့ကာမဘုံသား သတ္တဝါများကြတော့အစဉ်းခံရမဲ့သတ္တဝါတွေ၊ ကာမတဏှာကိုတော့ အလွန်တရာထက်မြက်တဲ့ဓား၊ ဒီလိုမှ သဘာဝကြတာ။ ဘယ်နှစ်ခုယူရမတုန်း (သုံးခုယူရမှာပါဘုရား)။

ကာမဂုဏ် ငါးပါးက ဘာတဲ့တုန်း **(စဉ်းလှီးတုံးပါဘုရား)**။
ကာမဘုံသားသတ္တဝါတွေက **(အစဉ်းခံရမဲ့သတ္တဝါတွေပါဘုရား)**
ကာမတဏှာက **(ဓားပါဘုရား)**။

အေး အလွန်တရာထက်သောဓား၊ ကာမတဏှာကဘာပါလိမ့် (ဓားပါဘုရား)။ အလွန်ထက်တယ်နော်။ ကာမဂုဏ်ငါးပါးဆိုတာက စဉ်းလှီးတုံးဟုတ်လား။ ကာမတဏှာဆိုတာက (တနည်း) သံလျက်လို့ ဟိုး စာအတိုင်းပြောခြင်ပြော။ ဒါဖြင့်အရပ် တွေ့ဖူးလား၊ သားကောင်တွေစင်းပြီးတော့ သားကောင်တွေတုံးပေါ်စင်းပြီးတော့ လှီးတဲ့နေရာကြည့်လိုက်လို့ရှိရင် သံလျက်နှင့်လှီးတာရှိမှမရှိဘဲ။ ဓားမနှင့်ခုတ်တာပဲရှိတာ (မှန်လှပါဘုရား)။ အဲဒါကြောင့် အသိဆိုတဲ့ဉစ္စာ ဒီနေရာ ဘုန်းကြီးတို့ကတော့ ဓားမကြီးလို့ပြောခြင်ပါတယ်။ ဓားမကြီးကြီးနှင့် သားကောင်တွေတုံးပေါ်တင် စဉ်းပြီးတော့လှီးလိုက်တာ သွေးချင်းချင်းနီလို့ အဲဒီ စဉ်းလှီးတုံးပေါ်မှာ စဉ်းတီတုံးပေါ်မှာ သားကောင်ပေါင်းမြောက်များစွာသေဖူးတယ်နော်။ ဒီတော့ရင် မြတ်စွာဘုရားရဲ့အဖြေကို အဋ္ဌကထာဆရာတော်ကြီးက ဖြည့်စွက်ပြီးတော့ဖြေပြတယ်။

ပုဂ္ဂိုလ်လေးမျိုး

အရှင်ကုမာရကသပမထေရ်က ဉာဏ်အလွန်ထက်တဲ့ပုဂ္ဂိုလ်ဆို

တော သံခိတ္တာရုစိပုဂ္ဂိုလ်။ ဉာဏ်အလွန်ထက်တဲ့ပုဂ္ဂိုလ်ဆိုတော့ သံခိတ္တာရုစိ အကျဉ်းကြိုက်တယ်၊ တိုတိုကျဉ်းကျဉ်းလိုရင်းကြိုက်တဲ့မထေရ်က **ဥဿဒိတည်။ ဝိပဉ္စိတည်။ နေယျ၊ ပဒပရမ** ပုဂ္ဂိုလ်လေးမျိုးရှိရာတွင်၊ ဥဿဒိတည်။ဆို တာကတော့ မာတိကာခေါင်းစဉ်လောက် အကျဉ်းသခ်ေပပြောလိုက်ရုံနှင့် ကျွတ်တမ်းဝင်တယ်၊ နားလည်သွားတယ်။

ဝိပဉ္စိတည်။ဆိုတဲ့ပုဂ္ဂိုလ်မျိုးကြတော့ အဲဒီ အကျဉ်းသခ်ေပကို အကျယ် ချဲ့ဟောမှနားလည်တယ်။

နေယျပုဂ္ဂိုလ်ဆိုတာက အကျဉ်းလဲနားမလည်၊ အကျယ်လဲနား မလည်၊ အားထုတ်ယူမှနားလည်သွားတယ်။

ပဒပရမပုဂ္ဂိုလ်မျိုးဆိုတာကတော့ အကျဉ်းလဲနားမလည်၊ အကျယ်လဲ နားမလည်၊ အားထုတ်လို့လဲဘာမှမသိ၊ ပါရမီဖြစ်ရုံပဲဆိုတာက ပဒပရမပုဂ္ဂိုလ်၊ ဘယ်နှစ်မျိုးလဲ (လေးမျိုးပါဘုရား)။

ဥဿဒိတည်။ပုဂ္ဂိုလ်က အကျဉ်းဟောရုံနှင့် မဂ်ဖိုလ်ဆိုက်တယ်လို့ဆိုကြ စို့။ ဝိပဉ္စိတည်။ပုဂ္ဂိုလ်က အကျယ်ဟောမှမဂ်ဖိုလ်ဆိုက်တယ်။ နေယျပုဂ္ဂိုလ် မျိုးကြတော့ အကျဉ်းဟောရုံနှင့်လဲ မဂ်ဖိုလ်မဆိုက်၊ အကျယ်ဟောရုံနှင့်လဲမဂ် ဖိုလ်မဆိုက်။ အားထုတ်ယူမှ မဂ်ဖိုလ်ဆိုက်တယ်။ ပဒပရမပုဂ္ဂိုလ်မျိုးကြတော့ အကျဉ်းနှင့်လဲမဂ်ဖိုလ်မဆိုက်၊ အကျယ်နှင့်လဲမဂ်ဖိုလ်မဆိုက်၊ အားထုတ်လို့လဲ မဂ်ဖိုလ်မဆိုက်တဲ့။ နောင်ဘုရားလက်ထက်ကြတော့မှ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရ အောင်အားထုတ်မယ်တဲ့၊ ဝါသနာပါပြီး ပါရမီဖြည့်ခန်းလောက်ပဲသူရတယ်။ ပုဂ္ဂိုလ်လေးမျိုးရှိတယ်။

အဲဒီလေးပါးသောပုဂ္ဂိုလ်တို့တွင် အရှင်ကုမာရကဿပ မထေရ်ကြီး သည် ဥဿဒိတည်။ပုဂ္ဂိုလ်မျိုးတဲ့ ဟုတ်လား။ အကျဉ်းလေးပြောလိုက်ရုံနှင့် အဓိပ္ပါယ်အကျယ်ချဲ့ပြီးတော့ နားလည်သွားတာ။

မြတ်စွာဘုရားမေးပုံကိုကြည့်လေ မြတ်စွာဘုရား တောင်ဘို့ကြီးတူး လိုက်တာ သံလျက်တစ်ချောင်းနှင့် စဉ်းတီတုန်းတစ်ခုတွေ့တယ်။ အဲဒါဘာဆို လိုတာပါလိမ့်။ မြတ်စွာဘုရားဖြေလိုက်တယ် ချစ်သား အဲဒါ ကာမဂုဏ်ငါးပါး

ခေါ်တယ်။ ဒါပဲမို့လား (မှန်လှပါဘုရား)။ အရှင်ကုမာရကဿပကို ဒါထက် ပိုပြီးတော့မပြောရဘူး အကျယ်ကိုအကုန်နားလည်သွားတယ်။

အဲဒါ ဘုန်းကြီးတို့ကြတော့ ဒီပါဠိတော်ကြည့်ပြီးတော့စဉ်းစားတယ်။ တွေ့တာကနှစ်ခုပါ၊ ဘုရားဖြေထားတာက တစ်ခုတည်း။ ဒါအဓိပ္ပါယ်တော့လို နေပြီထင်တယ်ဆိုပြီးတော့ ဘုရားဖြေတာလိုတယ်လို့ဆိုလိုတာမဟုတ်ဘူးနော် သင်္ဂီယနာတင် မှတ်တမ်းပြုတဲ့အခါကြတော့ အကျဉ်းစုပြီးတော့ မှတ်တမ်းတင်ထားလို့ဒါလိုနေတယ်လို့ဆိုရတာ။ အဲဒီအဓိပ္ပါယ်ကို အဋ္ဌကထာဆရာကြီးကဖွင့်ပေးလိုက်တော့ ဟော ကာမဂုဏ်ငါးပါးဆိုတာတဲ့ စဉ်းတီတုံး အောက်ခံတုံး။ ကာမတဏှာဆိုတာကတော့ အလွန်တရာထက်မြက်တဲ့ ဓား။

အဲဒါကို အဋ္ဌကထာ သုံးတိုင်းပြောရင် ဝတ္ထုကာမဆိုတာ စဉ်းလှီးတုံး၊ ကိလေသာကာမသည် သံလျက် (တနည်း) ဓားထက်ထက်။ ကာမဂုဏ်ငါးပါး ကြိုက်နေတဲ့သတ္တဝါမိုက်တွေ ကာမဘုံသားတွေဆိုတာကအဲဒီစဉ်းလှီးတုံး ပေါ်မှာအစဉ်းခံရလို့ သေဆုံးကြတဲ့သတ္တဝါတွေ၊ ဒီလိုဖြေထားတယ်။ ဘုန်းကြီးတို့ပရိသတ်အားလုံး သုံးခုဆက်စပ်လို့ရပြီလား။ ကာမဂုဏ်ငါးပါးကဘာတဲ့တုန်း၊

(စဉ်းလှီးတုံးပါဘုရား)။

ကာမဘုံသားသတ္တဝါတွေက၊

(အစဉ်းခံရမဲ့ သတ္တဝါတွေပါဘုရား)။

အစဉ်းခံရမဲ့သတ္တဝါတွေ၊ ကိလေသာကာမ တဏှာ လောဘက၊

(ဓားပါဘုရား)။

အလွန်တရာထက်မြက်သောဓားဟုတ်လား၊ ကာမဂုဏ်နောက်ကောက်ကောက်လိုက်ပြီးတော့ ဟောဒီမှာ ဘဝမျှားစွာသံသရာတုန်းက လည်ပင်းဖြတ်လို့သေခဲ့ရတဲ့ဘဝတွေ၊ ရင်ဝမ်းနှင့်ထိုးခံရလို့သေရတဲ့ဘဝတွေ၊ လုံထိုးခံရလို့သေရတဲ့ဘဝတွေ၊ သေနတ်မှန်လို့သေရတဲ့ဘဝတွေ၊ ကာမဂုဏ်ကြောင့် သေရတဲ့ဘဝပေါင်း ဘယ်ရေတွက်နိုင်မှာတုန်း၊

ဘဝများစွာ သံသရာ ၁

အနမတဂ္ဂေါယံ ဘိက္ခဝေ သံသာရော၊ ပုဗ္ဗာ ကောဋိ န ပညာယတိ။ ဘိက္ခဝေ၊ ချစ်သားတို့ သံသရာကြီးအစမထင် မမြင်နိုင်အောင်ရှည်လျားတဲ့သံသရာကာလပတ်လုံး ချစ်သားတို့ရော ငါတို့တစ်တွေပါ ရူပါရုံကြိုက်နှစ်သက်လို့ လည်ပင်းပြတ်လို့သေရတဲ့ဘဝ၊ ရင်ဝမ်းနှင့်ထိုးခံရလို့သေရတဲ့ဘဝ၊ လုံနှင့်ထိုးခံရလို့သေရတဲ့ဘဝ၊ လက်ပြတ်လို့သေရတဲ့ဘဝ၊ ခြေပြတ် လို့သေရတဲ့ဘဝ၊ သူတစ်ပါးနှိပ်စက်လို့သေရတဲ့ဘဝ၊ ကိုယ့်ကိုသတ်လို့သေရတဲ့ဘဝတွေ၊ ကိုယ့်ချစ်သူ ကိုယ့်နှိပ်စက်လို့သေရတဲ့ဘဝတွေ မရေနိုင်ဘူးဆိုပြီးတော့ အနမတဂ္ဂသုတ်တော်ကြီးမှာ မြတ်စွာဘုရားက ဟောထားတယ်။

နည်းလမ်းမျိုးစုံ သေခဲ့ပုံ

မိမိတို့သေရတဲ့ဘဝ သေရတဲ့နည်းတွေကို ဘုန်းကြီးတို့ပရိသတ်များ ဂဏန်ချပြီးတော့ ဤသည်ကားဓားနှင့်သေရတဲ့ဘဝပေါင်း၊ ဤသည်ကား လုံနှင့်သေရသည့်ဘဝပေါင်း၊ ဤသည်ကားသေနတ်နှင့်သေရသည့်ဘဝပေါင်း၊ ဤသည်ကားအဆိပ်နှင့်သေရသည့်ဘဝပေါင်း၊ အဲဒါ ဂဏန်းချပြီးတော့ ရေတွက်ကြည့်မယ်ဆိုလို့ရှိရင် ကမ္ဘာမြေကြီးသာကုန်ဆုံးသွားဖွယ်ရာရှိတယ်။ ကမ္ဘာမြေကြီးပေါ် ကမြေမှုန်တွေကို တစ်မှုန့်နှစ်မှုန့်လို့ရေတွက်လို့ရှိရင် ရခြင်ရအုံးမယ်။ ကမ္ဘာမြေကြီးသာကုန်သွားမယ်။ အဲဒီလို ကာမဂုဏ်ကြောင့် ဒုက္ခရောက်ပြီးတော့သေကြတဲ့ ဘဝပေါင်းကိုရေတွက်ကြည့်ရင် ရေလို့မဆုံးနိုင်ဘူးလို့ အနမတဂ္ဂသုတ်မှာဟောထားတယ် (မှန်လှပါဘုရား)။

အဲဒါကြောင့် ကာမဂုဏ်ငါးပါးဆိုတာစဉ်းလှီးတုံးပါတဲ့ဟုတ်လား။ ကိလေသာကာမဆိုတာက သံလျက်ဓား၊ ဝတ္ထုကာမဆိုတာက စဉ်းလှီးတုံး၊ ကိလေသာကာမဆိုတာ သံလျက်ဓား၊ ကာမတဏှာမကင်းနိုင်ကြသဖြင့် ကာမဂုဏ်ငါးပါးနောက်လိုက်ရင်းလိုက်ရင်းနှင့်သေကြတဲ့သတ္တဝါတွေဆိုတာက သားကောင်တွေ၊ စဉ်းလှီးတုံးပေါ်မှာသေရတဲ့သားကောင်တွေနော်။

၁။ သံ၊ ၁။ ၃၈၇

ကွဌာနံ၊ အလိုရှိအပ်ကုန်သော။ ကန္တာနံ၊ နှစ်သက်အပ်ကုန်သော။ မနာပါနံ၊ စိတ်နှလုံးကိုရွှင်ပြုံးတိုးပွားစေတတ်ကုန်သော။ ပိယရူပါနံ၊ ချစ်အပ်သော သဘောရှိကုန်သော။ သာတရူပါနံ၊ သာယာအပ်သောသဘော ရှိကုန်သော။ ကာမူပသံဟိတာနံ၊ ကိလေသာကာမနှင့်စပ်၍နေကြကုန်သော။ ရဇနီယာနံ၊ တက်မက်ဖွယ်ရာကောင်းကြကုန်သော။ ရူပါနဉ္စ၊ ရူပါရုံတို့၏လည်းကောင်။ စက္ခုဝိညေယျာနံ ရူပါနံ၊ မျက်စိဖြင့်မြင်အပ်ကုန်သောရူပါရုံတို့၏လည်းကောင်း။ သောတဝိညေယျာနံ သဒ္ဒါနံ၊ သောတဝိညာဏ်ဖြင့်သိအပ်ကုန်သော အသံတို့၏လည်းကောင်း။ ဃာနဝိညေယျာနံ ဂန္ဓာနံ၊ ဃာနဝိညာဏ်ဖြင့် သိအပ်ကုန်သောရနံ့တို့၏လည်းကောင်း။ ဇိဝှါဝိညေယျာနံ ရသာနံ၊ ဇိဝှါ ဝိညာဏ်ဖြင့်သိအပ်ကုန်သောရသာတို့၏လည်းကောင်း။ ကာယဝိညေယျာနံ ဖောဋ္ဌဗ္ဗာနံ၊ ကာယဝိညာဏ်ဖြင့်သိအပ်ကုန်သောဖောဋ္ဌဗ္ဗအာရုံတို့၏လည်းကောင်း။ ဣတိ၊ ဤသို့။ ပဉ္စန္နံ၊ ငါးပါးကုန်သော။ ကာမဂုဏာနံ၊ ကာမဂုဏ်တို့ကို။ ကာမဂုဏာ၊ ကာမဂုဏ်တို့ကို။ သူနာတိ၊ စဉ်းလှီးတုံးဟူ၍။ ဝုစ္စတိ၊ မုချကိန်းသေဆိုအပ်ပါပေသတည်း။

သာဓု, သာဓု, သာဓုပါဘုရား။

ကိလေသာကာမော စ၊ ကိလေသာကာမကိုတော့၊ အသီတိ၊ သံလျက်ဟူ၍ (၀၊) ဓားမကြီးနှင့်တူလှသည်ဟူ၍၊ ဝုစ္စတိ၊ မုချကိန်းသေဆိုအပ်ပါပေသတည်း။ ဘုန်းကြီးတို့ပရိသတ်များ ဇာတက မစ္ဆဇာတ်တော်ထဲမှာ မစ္ဆဇာတ်တော်ထဲမှာ တံငါသည်တွေ မြစ်ထဲငါးထောင်ကြတော့ ငါးကြီးအကြီးကြီးတစ်ကောင်ပိုက်ထဲမှာမိတယ်။ မိတော့ အဲဒီငါးကြီး လူလောက်ရှိတဲ့ငါးကြီးကို ကမ်းပေါ်ဆွဲတင် ကမ်းပေါ်ဆွဲတင်ပြီးတော့ ဗဟက်ကနေကြိုးနှင့်လျှိုပြီးတော့ ငုတ်ခိုင်ခိုင်တတ် အဲဒီငါးကြီးကို သောင်ပြင်မှာချည်ထားတယ် ကြိုးနှင့်ချည်ထား။ ဘုန်းကြီးတို့ပရိသတ်များ မယုံလို့ရှိရင်ပုံပြင်လို့သာသဘောထားနော်။

ငါးကြီးရဲ့ဝိုရှိုက်သံ

အဲဒီငါးကြီးက ငိုတယ်တဲ့ဗျာ့ ကျွကျွပါအောင် အကြီးအကျယ်ငိုတာ သောင်ပြင်မှာငိုလိုက်တာ။ ငါးကြီးကငိုတော့ တံငါသည်တွေကမေးသတဲ့၊ ဟဲ့

ငိုလှချည်လား။ မင်းဘယ်နှယ်ကြောင့်ငိုတာတုန်း သေရမှာကြောက်လို့ငိုတာလား၊ မဟုတ်ရပါဘူးဗျာ။ ဒါဖြင့် မင်းဗဟတ်ကြိုးနှင့်ထိုးထားတဲ့အတွက်ကြောင့်မို့လို့ အဲဒါငိုတာလား၊ မဟုတ်ရပါဘူးဗျာ။ အမြီးကလဲတဖျပ်ဖျပ်ခတ်သေးတာကိုး၊ အဲဒါကြောင့် အမြီးလဲပဲသံချွန်နှင့် မြေကြီးကိုဖောက်ပြီးတော့ ရိုက်ထိုးထားတယ်။ အဲဒီသံချွန်ကြီးနှင့်အမြီးရိုက်ထိုးထားတဲ့အတွက်ကြောင့်ငိုတာလား၊ မဟုတ်ရပါဘူးဗျာ။ ဒါဖြင့်ရင် သောင်ပြင်မှာနေပူလို့ငိုတာလား မဟုတ်ရပါဘူးဗျာ။ နေပူလို့လဲမငိုဘူး။ အမြီးသံချွန်နှင့်ဖောက်ထိုးထားလို့လဲငိုတာမဟုတ်ဘူး။ ဗဟတ်ကြိုးလျှိုထားလို့လဲငိုတာမဟုတ်ဘူး။ သေရမှာကြောက်လို့လား အဲဒါကြောင့်လဲ ငိုတာမဟုတ်ဘူး။ ဘာဖြစ်လို့ငိုတာတုန်းဆိုတော့ သူ့ငိုခြင်းရဲအကြောင်းကို အဲဒီငါးကြီးကပြောသတဲ့။ ငါးကြီးကပြောတယ် ဘုန်းကြီးတို့ပရိသတ်များ။

အို တံငါသည်တို့၊ အကျွန်ုပ်ငိုတာ တခြားမဟုတ်ပါဘူး။ အကျွန်ုပ်တို့ရေထဲမှာဗျာ ရှေးကငါးမတစ်ကောင်ကအပြေး ကျုပ်ကငါးထီးအနေနှင့် နောက်ကရေထဲမှာမြူးတူးပျော်ပါးကစားရင်းနှင့်တအားလိုက်တာ ငါးမကရှေ့ကအပြေး ဟောဒီငါးထီးကြီးကနောက်ကတအားလိုက်တာ မြူးတူးပျော်ပါးကစားရင်းနှင့် ရေထဲမှာလိုက်တမ်း ပြေးတမ်းကစားကြတာ။ ငါးမက ပိုက်ကြီးကိုကျော်ပြီးတော့ ရှေ့ရောက်သွားတယ်။ ငါးထီးက ငါးမနောက်မလိုက်နိုင်ဘူး။ အဲဒီပိုက်ထဲဝင်ပြီးတော့ သူကျန်ရစ်တယ်။ ပိုက်ထဲဝင်ပြီးတော့ကျန်ရစ်တဲ့ငါးကြီးက အဲဒီမှာငိုရှာတယ်တဲ့။ သေမှာကြောက်လို့လဲ မငိုဘူးနော်။ သေမှာကြောက်လို့လဲ ငိုတာမဟုတ်ဘူး။ မားနှင့်သံချွန်နှင့်အမြီးထိုးထားလို့လဲ ငိုတာမဟုတ်ဘူး။ ဗဟတ်ကြိုးကြိုးနှင့် ချည်ထားလို့လဲ ငိုတာမဟုတ်ဘူး။ သောင်ပြင်မှာနေပြင်းပြင်းပူလို့လဲငိုတာ မဟုတ်ဘူး။ ဘာဖြစ်လို့ငိုတယ်မှတ်တုန်း၊

(ငါးမကြီးမရှိလို့ပါဘုရား)။

ဟဲဟဲ ဒကာကြီးကသဘောပေါက်သွားပြီဟုတ်လား။ တို့လက်ဝဲဘက် ဒကာကြီးသဘောပေါက်သွားတယ်။ ရှေ့ကငါးမကပြေး သူကနောက်ကအလိုက် ကြားထဲပိုက်ကဝင်ခုလိုက်တာ ငါးမကလွတ်တယ်မို့လား။ သူခမျာ ငါးမနောက်မလိုက်နိုင်ဘူးတဲ့ ပိုက်ထဲဝင်မိတာ။ ဘာပြုလို့ငိုဆိုတာရှင်းနေတာ

ပဲဗျ။ ဒကာကြီးတွေ ဒကာမကြီးတွေ နေတိုင်းငိုနေတာနှင့်တွဲပြီးတော့စပ်ကြည့်လိုက်ပေါ့ အော် တို့လိုနေမှာပဲလို့ဟုတ်လား (မှန်လှပါဘုရား)။

အဲဒီ ငါးကြီးကပြောပါတယ် အကျွန်ုပ်ငိုတာတခြားကြောင့်မဟုတ်ပါဘူးတဲ့။ အဲဒီ ငါးမကိုလိုက်ရင်း လိုက်ရင်းနှင့် ပိုက်ထဲဝင်မိတော့ ငါးမရှေ့ကနေနောက်နားကကျပ်ပါလာတယ်ထင်ပြီးတော့ သူကတော့ပြေးနေတာပဲ။ ကျပ်တော့ပိုက်ထဲကျန်ရစ်တာဗျာ။ တော်တော်လေးခရီးလှမ်းလှမ်းရောက်ရင် အဲဒီငါးမဟာ နောက်ပြန်ကြည့်လိမ့်မယ်၊ ငါ့နောက်ကမောင်ကြီးလိုက်မလာဘူး ပြန်ကြည့်လိမ့်မယ်ဟုတ်လား။ ငါ့ မောင်ကြီးနောက်ကပါမလာဘူးဆိုတာပြန်ကြည့်သိရင်တော့ ပိုက်ထဲမိသွားတယ်ဆိုတာသူသိမျှားသိရင် ဒီငါးမဟာ ဘယ်လောက်မျှားပူရှာမလဲ ငါးမရဲ့အပူကိုကျပ်ကဒီကတွေးကြည့်ပြီးတော့ ဒီ ငါးမသနားလို့ကျပ်ငိုမိတာဗျို့တဲ့။

ကိုယ်သေရမဲ့ဥစ္စာ ကိုယ့်ကိုယ်ကိုတော့မသနားဘူး။ ဟို ငါးမပူမှာတွေးပြီးသနားနေတာ။ မြစ်ထဲကငါးကြီးပြောပါတယ်။ လူသားတွေဘယ်လိုမျှားလဲဆိုတာတော့ စဉ်းစားသာကြည့်ကြပေတော့ မစ္ဆာဇာတ်ထဲမှာ ဟုတ်လား။ ပူလို့လဲငိုတာမဟုတ်ဘူး၊ ကုန်းပေါ်ဆယ်တင်ထားလို့လဲငိုတာမဟုတ်ဘူး၊ ငါးမနှင့်ခွဲရလို့ ငိုတာလဲမဟုတ်ပါဘူး။

အဓိပ္ပါယ်က ဘုန်းကြီးတို့ပရိသတ်သဘောသေချာစဉ်းစား၊ ငါးမနှင့်ခွဲရ သူစိတ်ထဲပူလှတယ်ဆိုတာက ငါးမအပေါ်မှာသူလွမ်းတယ်ဆိုတာထက်ဟို ငါးမကလေး သူ့ကိုလွမ်းပြီးတော့ ရင်ကွဲနာကြသွားမှာ သူကသိပ်စိုးရိမ်နေတယ်မို့လား။ အဲဒါကြောင့် ငါးမလေးသိပ်သနားပြီး သူငိုမိတာဆိုတော့ သူကိုယ်သူတောင် မသနားဘူးဖြစ်တော့တာ။ အဲဒါဘာဖြစ်တာလဲ ကိလေသာကာမဟာဇာ လောဘရဲ့လောင်ကျွမ်းတဲ့သဘော၊ နှိပ်စက်တဲ့သဘော၊ သံလျက်နှင့်ထိုးတာထက်မဆိုးဘူးလား (ဆိုးပါတယ်ဘုရား)။ ဟို ငါးမသည် စဉ်းလှီးတုံးဟုတ်လား။ ဒီငါးကြီးက သားကောင်နော်။ ဒီငါးမလေးငါနှင့်ခွဲရပြီဆိုပြီးတော့တွေးပြီးတော့ လောင်နေတဲ့ကိလေသာ ကာမတဏှာလောဘက သံလျက်မား၊ ဟုတ်လား၊ (မှန်လှပါဘုရား)။

အဲဒါပြောထားတာ အတွင်းကလဲပူတယ် တနည်းဆိုရရင် အပြင်ကလဲပူတယ်။ အတွင်းဘာနဲ့ပူဆိုတော့ ကိလေသာကာမနှင့်ပူတယ်။ အပြင်ကတော့ ဝတ္ထုကာမလောင်စာတွေနှင့်ပူတယ်။ နှစ်ဘက်ညှပ်ပြီးတော့ ပူတာ။ ဆန္ဒင်းမကင်းဖုတ်တာနှင့်လဲတူတယ်။ ဆန္ဒင်းမကင်းကြတော့ အထက်မီးအောက်မီးနှစ်ဘက်ညှပ်ဖုတ်လိုက်တာ၊ အမယ် သူက အနေတော်လေးစားလို့အတော်ကောင်းပုံရတယ်။ နာနာထိုးသူလဲပဲတူးသွားရင်စားလို့မဖြစ်ဘူးဗျ။ ဒီတော့ ဘုန်းကြီးတို့ပရိသတ်ပေါင်းသူတော်ကောင်းတို့လဲပဲ ဆန္ဒင်းမကင်းဖုတ်သလိုတော့ ဖြစ်တော့ဖြစ်နေတာပဲ။ အနေတော်လေး အပူပေးထားတော့ အမယ် သူတို့ကျက်နေတာ။ သိပ်ပူရင်တော့ကျွမ်းကုန်မယ်ထင်တယ်။

အန္ဓောတတ္တာ ဗဟိတတ္တာ၊ ဒိဋ္ဌဏ္ဍာဟိ ပတာပိတာ။
သတ္တာ သောတ္ထိ နဂစ္ဆန္တိ၊ အဂ္ဂိ တတ္တာဝ အာတပေ။

ဘောန္တော၊ တရားချစ်ခင်စိတ်ကောင်းဝင်ကြသည့် သူတော်စင်အပေါင်းတို့။ တုမ္ဟေ၊ သင်တို့မှာ။ အန္ဓောတတ္တာ စ၊ အတွင်းက ကိလေသာအပူမီးတို့ဖြင့် တည်းညီးတဖြောင်ဖြောင် တောက်လောင်၍နေကြလေကုန်၏။ အတွင်းက ကိလေသာကာမနှင့်ပူလိုက်တာ လှိုက်လှိုက်လှိုက်လှိုက်၊ ဗဟိတတ္တာ၊ အပြင်ဘက်ကလဲပဲဝတ္ထုအာရုံ ငါးစုံသောကာမဂုဏ်လောင်စာတို့ဖြင့် တည်းညီးတဖြောင်ဖြောင် တောက်လောင်၍နေကြလေကုန်၏။ အတွင်းက ကိလေသာကာမနော်။ အပြင်ဘက်က ဝတ္ထုကာမ အတွင်းကဘာကာမ၊

(ကိလေသာကာမပါဘုရား)။

ကိလေသာကာမနှင့်ပူတယ်။ အပြင်ဘက်က ဝတ္ထုကာမနှင့်လောင်တယ်။ အတွင်းရောအပြင်ရော။ အန္ဓောတတ္တာ၊ အတွင်းကတစ်ဆယ့်တသီးကိလေသာကာမအစရှိတဲ့အပူမီးတို့ဖြင့်တည်းညီး တဖြောင်ဖြောင် တောက်လောင်၍နေကြလေကုန်၏။ ဗဟိတတ္တာ၊ အပြင်ဘက်ကအဆင်းမျိုးစုံရူပါရုံ, အသံမျိုးစုံသဒ္ဒါရုံ, အနံ့မျိုးစုံဂန္ဓာရုံ, စားဖွယ်သောက်ဖွယ်မျိုးစုံ ရသာရုံ, အတွေ့ထိမျိုးစုံဖောဋ္ဌဗ္ဗာရုံဆိုသော ငါးဖြာအာရုံ ကာမဂုဏ်အပူမီးတို့ဖြင့် တည်းညီးတဖြောင်ဖြောင် နေ့တိုင်းတောက်လောင်၍နေကြလေကုန်၏။ ဘုန်းကြီးတို့

ပရိသတ်ပေါင်း သူတော်ကောင်းတို့ လှမ်းမျှော် ပြီးတော့ စဉ်းစားကြည့်စမ်းပါ။

ကုန်ပေါ်မှာလဲပူ ရေထဲမှာလဲပူတဲ့ငါး

အခုနက ရေထဲကငါး ကုန်းပေါ်ဆယ်ထားတာ တယ်ပူတယ်နော်။ ဒါဖြင့် အဲဒီငါးရေထဲစိမ်လိုက်ရင်ကော ပူတာပဲဗျ။ ကိလေသာကာမတဏှာလောဘကို ရေစိမ်လို့ဘယ်အေးမှာတုန်း။ ကိလေသာကာမတဏှာလောဘကို ရေစိမ်လို့အေးမှားလား (မအေးပါဘုရား)။ ဘယ်အေးမှာတုန်း ကိလေသာကာမတဏှာလောဘဟာ ရေစိမ်လို့အေးတာမျိုးမဟုတ်ဘူး။ ရေထဲလဲပဲ သူတို့ပူတာပဲ။ ဟိုငါးမကလေးခမျာမျှော်ကြည့် သူပူနေမှာပေါ့ဟုတ်လား။ အော် ငါ့မောင်ကြီးဘယ်များကျန်ရစ်ပါလိမ့်မလဲ နောက်ပြန်တစ်ကျော့ သူလဲရှာနေမှာ။ ဒီကုန်းပေါ်ကလဲ နဖားကြိုးထိုးခံထားရတဲ့ နှာခေါင်းကြိုးထိုးခံရတဲ့ငါးကြီးကလဲ အော် ငါ့ရဲ့နှမတော်လေးသွားရှာပြီ သူလဲပဲပူတာပဲ ဟုတ်လား။ ရေထဲကကောင်လဲပူတာပဲ။ ကုန်းပေါ်ကကောင်လဲပူတာပဲ။

အော်ဒါဖြင့် ရေထဲကကောင်ကုန်းပေါ်ဆယ်တင်၊ ကုန်းပေါ်ကကောင် ရေထဲချ ဘယ်လိုတုန်းပူမှာပါပဲ။ ကိလေသာကာမတဏှာ လောဘအပူကို ရေနှင့်ဖြန်းလို့မျှားငြိမ်းတယ်မအောက်မေ့ပါနှင့်၊ မငြိမ်းပါဘူး။ ဒါဖြင့်ရင် ဘုန်းကြီးတို့ပရိသတ်ပေါင်းသူတော်ကောင်းတို့ သူတို့နှစ်ကောင်ပေါင်းစုံမိလိုက်ရလို့ရှိရင် အလိုပြည့်ပြီးတော့ အေးသွားမယ်မျှားထင်သေးလား၊ ဒီနှစ်ကောင်ပေါင်းစုံပေးလိုက်ရင် ပိုတောင်လောင်လာလိုက်လိမ့်အုံးမယ်ထင်တယ်။ ကိလေသာကာမတွေတခါတည်း တရှိမ်းရှိမ်းနှင့်ပိုပြီးတော့လောင်လာလိမ့်အုံးမယ်။

အင်္ဂိက္ခန္ဓော သမုဒ္ဒေါ စ၊ မဟိဏ္ဏော စာပိ ပုဂ္ဂလော ။
သကဋ္ဌေန ပစ္စယံ ဒေတု၊ တယောပေတေ အတပ္ပယာတိ။ °

အင်္ဂိက္ခန္ဓော စ၊ မိးပုံကြီးလည်းကောင်း။ မိးပုံကြီးတဟုန်းဟုန်း တောက်နေတဲ့ထင်းတွေကိုစွဲ ကောက်ရိုးပုံကြီးလို့ဆိုကြစို့ ထင်းပုံကြီးလို့ဆိုကြစို့ မိးရှို့မိးတွေတဟုန်းဟုန်းလောင် အဲဒီမိးပုံကြီးထဲထင်းတွေထပ်ထည့်။ ထင်းတွေ ထပ်

၁။ မ၊ ဌ၊ ၂။ ၄၅

ထည့် ထည့်တိုင်းထည့်တိုင်း မလောင်ဘူးလား (လောင်ပါတယ်ဘုရား)။ ထင်းတွေထပ်ကာထပ်ကာထည့် ထည့်တိုင်းလောင်တာပဲ။ ကျုပ်တော့မလောင်နိုင်တော့ဘူးဗျို့။ ထင်းမပေးပါနှင့်တော့လို့ ဒီမီးပုံဘယ်တော့မှ မငြင်းပါဘူး ထည့်တိုင်းလောင်တယ်နော် (မှန်လှပါဘုရား)။

သမုဒ္ဒရာကြီးတဲ့ သမုဒ္ဒရာကြီး ပင်လယ်ကြီး ဘင်္ဂလားပင်လယ်အော်တဲ့ မုတ္တမပင်လယ်ကွေ့တဲ့ ဟုတ်လား (မှန်လှပါဘုရား)။ မြစ်တကာမြစ်တို့က နေ့စဉ်စီးနေတဲ့ရေတွေဟာ အဲဒီပင်လယ်ကွေ့ထဲ အကုန်ဝင်တာပဲမို့လား (မှန်လှပါဘုရား)။ မြစ်ထဲကရေတွေလဲ ကုန်နိုင်တယ်မရှိဘူး နေ့တိုင်းစီးနေတာပဲ။ ဧရာဝတီတို့စစ်တောင်းတို့ ချင်းတွင်းတို့အကုန်းလုံးစီးတာ နေ့တိုင်းရေတွေမစီးဘူးလား(စီးပါတယ်ဘုရား)။ ပင်လယ်ကြီးထဲကြတော့ အဲဒီရေတွေနေစရာနေရာမရှိဘူး မဆုံတော့ဘူးရယ်လို့ဘယ်နှစ်ခါဖြစ်ဘူးတုန်း၊

(မဖြစ်ဖူးပါဘုရား)။

ပင်လယ်တန်းကြီး ဘယ်တော့မှရေမလျှံဖူးဘူး လာသမျှရေဒီပင်လယ်သည်အကုန်လက်ခံတယ်။ မီးပုံကြီးလဲပဲ လာသမျှလောင်စာကို အကုန်လုံးလက်ခံတယ်။ လောဘတဏှာဆိုတဲ့ကိလေသာကာမဟာ ဝတ္ထုကာမဂုဏ်လာခြင်တိုင်းလာတဲ့ အကုန်လက်ခံတယ်ဟုတ်လား (မှန်လှပါဘုရား)။ ကိလေသာ ကာမဆိုတဲ့မီးပုံကြီးထဲကို ဝတ္ထုကာမဆိုတဲ့လောင်စာတွေထည့်မယ်။ ထည့်တိုင်း ထည့်တိုင်းအကုန်လောင်တယ်တဲ့၊ အလိုပြည့်တယ်လို့မျှားမရှိဘူး။

အဂ္ဂိက္ခန္ဓော စ၊ မီးပုံကြီးသည်လည်းကောင်း။ သမုဒ္ဒါ စ၊ သမုဒ္ဒရာကြီးသည်လည်းကောင်း။ ဟောဒိမှာ မဟိစ္ဆောစာပိ ပုဂ္ဂလော၊ ကိလေသာကာမတဏှာ လောဘဆိုတဲ့တရား အလွန်တရာကြီးမားတဲ့ပုဂ္ဂိုလ်ကြီးသည်လည်းကောင်း။ ကွတိ၊ ဤသို့။ ဧတေ တယော၊ ဤသုံးယောက်သို့သော၊ သကဋ္ဌေန ပစ္စယံ ဒေတု၊ လှည်းနှင့်တိုက်ပြီးတော့ပစ္စည်းတွေပေးနိုင်ရင်ပေးပါ။ အတပ္ပယာ၊ ရောင့်ရဲတင်းကိမ်ခြင်းအလျင်းမရှိကြကုန် ဟု သတည်း။

သာဓု သာဓု သာဓုပါဘုရား။

ဟောဒိ ငါးထီးကြီးကုန်းပေါ်ရောက်ပြီလား ရေထဲကငါးမကလေး

တစ်ကောင်တည်း မရောင့်ရဲဘူးဆိုပြီးတော့ မြစ်ထဲရှိတဲ့ငါးမတွေအကုန်ပေး ပင်လယ်ထဲရှိတဲ့ ငါးမတွေအကုန်ပေး သူရောင့်ရဲကျေနပ်မလားလို့ မေးကြည့်ဘယ်တော့မှ မရောင့်ရဲမကျေနပ်ဘူး။ ငါးထီးက မကျေနပ်တာလားဆိုတော့ မဟုတ်ဘူးတဲ့ သူ့သန္တာန်ကိန်းနေတဲ့ ကိလေသာကာမကမကျေနပ်တာနော် (မှန်လှပါဘုရား)။ ဘုန်းကြီးတို့ပရိသတ် နာဘူးသပေါ့ဗျာ။ သိကြားမင်းကြီးမှာ မိဘုရားအငယ်ဟာနှစ်ကုဋေငါးသန်းကိုရှိတာ။ မိဘုရားအကြီးကြီးက လေးယောက်ရှိတာ။ အဲဒါ သိကြားမင်း ကျေနပ်သလားလို့မေး နတ်ပြည်ခြောက်ထပ်ရှိတာအကုန်ပေးတောင်သူမကျေနပ်သေးဘူးနော်။

မန္ဓာတုစကြာမင်း

မန္ဓာတုစကြာမင်း လူတွေအသခ်ိဳ့ယျအသက်ရှည်တဲ့ခေတ်တုန်းက စည်းစိမ်ခံစားတာ လေးကျွန်းသနင်းမန္ဓာတုစကြာမင်း လူတွေမရေနိုင်အောင် အသခ်ိဳ့ယျခေတ်ကပေါ်ခဲ့ဖူးသတဲ့။ အဲဒီမန္ဓာတုမင်းကြီး အရှေ့ အနောက် တောင် မြောက် ကျွန်းကြီးလေးကျွန်းလုံးကို အစိုးရတဲ့စကြာမင်းကြီးလုပ်ပြီး တော့အုပ်ချုပ်၍နေစဉ် လေးကျွန်းလုံးရှိတဲ့စည်းစိမ်တွေအကုန်လုံး သူချည်းပိုင်တာ။ အသက်ကရှည်လိုက်တာမရေနိုင် အသခ်ိဳ့အနန္တအသက်ရှည်နေတော့ တစ်နေ့တစ်နေ့ ဘုန်းကြီးတို့ပရိသတ် ဒီအာရုံပဲ ဒီအာရုံပဲဆိုတော့ ကြာတဲ့အခါကြတော့ ဘယ်လောက်ပဲကောင်းကောင်းငြီးငွေ့တဲ့သဘောရှိသကိုဗျ။ အမလေး ဟင်းလေးကောင်းလိုက်တာ ဟင်းလေးကောင်းလိုက်တာ ကောင်းရင် ဒီနေ့ချက်။ မနက်ဖန်ချက်၊ သဘက်ခါလဲချက်၊ သုံးရက်လောက်ဆို ဘယ်လောက်ကောင်းတဲ့ဟင်းခွက်ဖြစ်ဖြစ် တယ်ပြန်ကြည့်ခြင်တာမဟုတ်ဘူးနော်

ဒီတော့ နေ့စဉ်နေ့စဉ်ခံစားနေတဲ့လူကာမကို မန္ဓာတုစကြာမင်းဟာ အားမရဘူးတဲ့ ငြီးငွေ့သလိုလိုဖြစ်လာတယ် လွတ်တော်မှာစည်းဝေးခေါ်အမတ်ကြီးများမေးတယ်။ ဟဲ့ လူကာမထက်ကောင်းတာ ဘာများရှိသေးတုန်း။ နတ်တို့ရဲ့ကာမဂုဏ်စည်းစိမ်ကောင်းပါတယ်မင်းကြီး။ ဟ ဘယ်လောက်ကောင်းတုန်း လက်နှစ်ဘက်နှင့်အသာလေးပွေ့ကြည့်ပါလား၊ မင်းကြီးသုံးနှစ်လောက်မေ့သွားစေရမယ်တဲ့၊ ဖောင့်ဖွဘာရုံ ပြင်းထန်တာ။ အဲဒီလိုလဲဆိုရော

မန္ဓာတုစကြာမင်းသဘောကြ၊ နတ်သမီးရှာ နတ်သမီး လူ့ပြည်ရှာလို့ ဘယ်မှာရတုန်း။ မင်းကြီးစကြာရတနာရှိသားပဲ နတ်ပြည်တက်ပေါ့။

လူဘုံကာမအားမရ နတ်ပြည်ကြွတဲ့ရှင်ဘုရင်

အဲဒီမှာ စကြာရတနာကိုပြင်ဆင်ပြီးတော့ မန္ဓာတုမင်း နတ်ပြည်တက်တယ်။ စတုမဟာရာဇ်နတ်ပြည်ရောက်ပါတယ်။ စတုမဟာရာဇ်နတ်ပြည်ရောက် နတ်မင်းကြီးလေးယောက်တို့ကကြိုဆိုတယ်။ အရှင်မင်းကြီး ဘယ်အကြောင်းကြောင့် နတ်ပြည်ရောက်လာတာတုန်း။ ငါ လူကာမဂုဏ်ခံစားနေရတာ အားမရတင်းမတိန်နိုင် နတ်စည်းစိမ်ခံစားခြင်လို့တက်ခဲ့တာ။ စတုမဟာရာဇ်နတ်မင်းကြီးလေးယောက် တံခါးပိတ်ပြီးကြိတ်ကြိတ်တိုင်ပင်ကြတယ်။ ဟောဒီ ရှင်ဘုရင်ကြီးရဲ့ လောဘတဏှာ တို့စတုမဟာရာဇ်နတ်ပြည်က နတ်သမီးတွေဆက်လဲ အားရကျေနပ်မှာမဟုတ်ဘူး။ ဒီတော့ ဒီမင်းကြီးတို့နဲ့နဲ့လွဲပေးလိုက်မှ လမ်းပြောင်းပေးလိုက်မှကောင်းမယ်။

မင်းကြီးတဲ့ နတ်မင်းကြီးလေးယောက်ကသံတော်ဦးတင်ကြတယ် အကျွန်ုပ်တို့စတုမဟာရာဇ်နတ်ပြည်ဆိုတာက မြေကြီးပေါ်နေတာ လူ့ပြည်နှင့်တဆက်တည်းပါ တောင်စဉ် (၇)ထပ်နှင့်မြေပြင်မှာနေကြတဲ့လူ့ပြည်နှင့်တထပ်တည်း စတုမဟာရာဇ်နတ်သမီးတွေဆိုတာ လူ့ပြည်ကအမျိုးသမီးတွေနှင့်သိပ်ပြီးတော့ ခြားနားတာမဟုတ်ပါဘူး၊ မင်းကြီး အလွန်တရာကောင်းတဲ့ကာမဂုဏ်စည်းစိမ် နတ်စည်းစိမ်ခံစားခြင်တယ်ဆိုရင် တာဝတိ သာနတ်တို့ရွာကို မင်းကြီးကြွတော်မူပါ၊ မြင့်မိုရ်တောင်ထိပ်။ အေး ကောင်းပြီ ကောင်းပြီဆိုပြီး ဘယ်လမ်းကသွားမလဲဆိုတော့ ဒီလမ်းကကွပါ ကွပါ၊ လက်ယာလမ်းကကွပါ။ အဲဒါနဲ့ပဲမန္ဓာတုစကြာမင်း စကြာရတနာစီးပြီးတော့ လက်ယာကြောင်းလား လက်ဝဲကြောင်းလားတော့မသိဘူး ကွသွားလိုက်တာ မြင့်မိုရ်တောင်ထိပ်ရောက် သိကြားမင်းကကြိုဆိုတယ်မိုးနဲ့ မိုးနဲ့ဟုတ်လား။

မင်းကြီး ဘယ်လမ်းကကွတုန်း လက်ယာခြမ်းကကွ၊ မိုးလေးဘားလေးများမတွေ့ဘူးလား၊ တွေ့ပါရဲ့။ ကျန်းခဲ့သာလို့မာရဲ့လား၊ မာပါတယ်၊ ဘာကိစ္စနဲ့လာတုန်း၊ ငါတိုတိုပြောမယ် လူ့ပြည့်ကာမဂုဏ်အားမရလို့ မင်းတို့နတ်

ပြည်ငါတက်ခဲ့တာကွာ။ နတ်သမီးလေးများ တစ်ယောက်တလေ ငါ့မပေးနိုင်ဘူးလား။ သိကြားမင်းကြီးကကြည့်ပြီးတော့ ဟောဒီ မန္ဓာတုမင်းဟာ အလွန်တရာဘုန်းကံအာနုဘော် ဘုန်းတန်ခိုးအာနုဘော်ကြီးတဲ့ရှင်ဘုရင် နတ်သမီးမပေးလို့တော့မဖြစ်ဘူး။ မပေးရင်သူဘာလုပ်မှန်းမသိဘူးဆိုပြီးတော့၊ သိကြားမင်းလည်းခပ်ကြောက်ကြောက်ရှိတာနဲ့ မန္ဓာတုစကြာမင်းကြီးကို သူ့စည်းစိမ်တစ်ဝက်ပေးပါတယ်တဲ့တစ်ဝက်။

မန္ဓာတုမင်းကြီးသည် နတ်သမီးဘယ်လောက်ရ (တစ်ဝက်ပါဘုရား)။ ရှင်းနေတာပဲတစ်ဝက်။ တစ်ကုဋေနဲ့နှစ်သန်းခွဲရတယ်ပေါ့။ ဘယ်နှယ့်နောက်ကလူတွေရှင်းသွားတာ။ နှစ်ကုဋေငါးသန်း တစ်ဝက်ခွဲ တစ်ကုဋေနှင့်နှစ်သန်းခွဲပေါ့။ အဲဒီ တစ်ဝက်တင်ပဲလား၊ ဟို တစ်ဝက်မပါဘူးလား။ သုစိတ္တာ သုဓမ္မာ သုနန္ဒာ သုဇာတာလေးယောက်တော့ တစ်ဝက်မပေးဘူးလား (မပေးပါဘုရား) မပေဘူး။ အဲဒါကြတော့သိကြားမင်းက အဲဒီလေးယောက်တော့မပေးဘူး သိကြားမင်းက ကျန်တဲ့အငယ်လေးတွေ နှစ်ကုဋေငါးသန်းတော့ တစ်ဝက်ခွဲပြီးတော့ပေး တာဝတိ သာနတ်ပြည်ကြီးလဲတစ်ခြမ်း ဟုတ်လား။ ဟိုး ကိုရိုးယားနှစ်ခြမ်းကွဲနေကြသလို။ တစ်ဖက်ရုရှား၊ တစ်ဖက်ကအမေရိကန်ဝင်လိုက်တာကိုရိုးယားနှစ်ခြမ်းကွဲဆိုတာလို၊ ဟောဒီမှာ မန္ဓာတုမင်း လောဘကြီးတဲ့ရှင်ဘုရင် ရောက်သွားတာ တာဝတိ သာနှစ်ခြမ်းကိုကွဲရော့။

မန္ဓာတုမင်းတစ်သက် သိကြာမင်း(၃၆)ဆက်

အေး နတ်သမီးတွေနဲ့တစ်ကုဋေနှစ်သန်းခွဲနဲ့နတ်စည်းစိမ်ခံလို့ မန္ဓာတုမင်းနေလိုက်တာ သိကြားမင်းသက်တန်းစေ့လို့သေတော့ မန္ဓာတုမင်းက မသေသေးဘူးတဲ့။ သိကြားက နတ်တို့ရဲ့အသက် နတ်တို့ရဲ့နှစ်အရေအတွက်နဲ့ဆိုရင် နှစ်တစ်ထောင်နေရသကိုး။ နတ်တို့ရဲ့အရေတွက်နဲ့နှစ်တစ်ထောင်လူတို့ရဲ့အရေတွက်နဲ့ဆိုရင် သုံးကုဋေခြောက်သန်း ဟုတ်လား (မှန်ပါဘုရား)။ နှစ်ပေါင်းသုံးကုဋေခြောက်သန်းအချိန်စေ့လို့၊ ကာလစေ့လို့၊ နှစ်စေ့လို့ နတ်သက်စေ့လို့ သိကြားမင်းနတ်သက်ကြွေသေ၊ မန္ဓာတုမင်းက အသခ်ဲ့ အနန္တအသက်ရှည်တဲ့ရှင်ဘုရင်ဆိုတော့ သူမသေနိုင်ဘူး။

ဒုတိယသိကြားတစ် ယောက်ပေါ်ပေါက်လာ၊ ငြုံးဆို ဝေဇယန္တာထဲရောက် ကြည့်လိုက်တော့၊ ဟာ ရှေ့ကသွားတဲ့သိကြား ဘယ်လိုမျှားလုပ်သွားတယ်မသိဘူး။ မိဖုရားတစ်ဝက်ပဲရှိတယ်။ လိုက်ရှာလိုက်တာဘုန်းကြီးတို့ ပရိသတ်ရေ တစ်ဝက်သောမိဖုရားတွေ ဘယ်ရောက်တုန်းလို့လိုက်ရှာလိုက်တာ မန္ဓာတုမင်းကြီးလက်ထဲရောက်တာ။ အဲဒီတော့မှ အသာလေးခပ်ကုတ်ကုတ်နဲ့ ဒုတိယသိကြားနောက်ပြန်ဆုတ် မလုပ်နဲ့မလုပ်နဲ့ ဒီလူကြီးလက်ထဲရောက်နေတာ မလုပ်နဲ့လို့နောက်ပြန်ဆုတ်လာ၊ အဲဒီသိကြားလဲသေပြန်ရောသက်တန်းစေ့လို့ နှစ်ပေါင်းသုံးကုဋေခြောက်သန်း၊ ဟို မန္ဓာတုမင်း မသေသေးဘူး။ ဒီလိုနဲ့သိကြားတစ်ယောက်လဲ တစ်ယောက်လဲသွားလိုက်တာ သိကြားမင်းပေါင်း သုံးဆယ်နှင့်ခြောက်ဆက်လဲသွားတယ် မန္ဓာတုမင်းသေသေးဘူး။

အဂ္ဂိက္ခန္ဓော သမုဒ္ဒါ စ၊ မဟိစ္ဆော စာပိ ပုဂ္ဂလော။
သကဋ္ဌေန ပစ္စယံ ဒေတု၊ တယောပေတေ အတပ္ပယာတိ။ [၁]

မီးပုံကြီးလောင်စာတွေ ဘယ်လောက်ထည့်ထည့် မလောင်နိုင်ဘူးရယ်လို့ မရှိပါဘူး။ ပင်လယ်သမုဒ္ဒရာကြီးထဲကို မြစ်တွေ, ချောင်းတွေ, အင်းတွေ, အိုင်တွေကရေတွေ နေ့စဉ်ဘယ်လောက်ပဲစီးဝင်ဝင် ပင်လယ်သမုဒ္ဒရာကြီးရေပြည့်တယ်လို့မရှိပါဘူး။ လောဘတဏှာ ကိလေသာကာမကို ဝတ္ထုကာမဆိုတဲ့လောင်စာတွေ ဘယ်လိုပဲထည့်ပေးပေး ကိလေသာကာမ တဏှာလောဘဟာ အလိုပြည့်နိုင်တယ်လို့မရှိဘူး။ သိကြားသုံးဆယ့်ခြောက်ဆက်လဲသွားတာတောင် မန္ဓာတုမင်းနတ်စည်းစိမ်ခံစားရတာ အားမရသေးပါဘူးဆိုတော့ ဘယ့်နှယ်လုပ်ကြမှာတုန်း ဘယ့်နှယ်လဲ။

သိကြားမင်းကိုသတ်လိုသောမန္ဓာတု

ဟောဒီမှာ သုံးဆယ့်ခုနှစ်ယောက်မြောက်ပေါ်ပေါက်လာတဲ့ သိကြားကိုသတ်ပြီးတော့ ရှိသမျှစည်းစိမ်အကုန်း သိမ်းရုံပဲရှိတော့တယ်မဟုတ်လား (မှန်လှပါဘုရား) အဲဒီလိုကြံတယ်တဲ့ မန္ဓာတုမင်းက။ သုံးဆယ့်ခုနှစ်ယောက်

၁။ မ၊ ၆၊ ၂။ ၄၅

မြောက် ပေါ်ပေါက်လာတဲ့သိကြားကို သတ်ပြီးတော့ရှိသမျှနှစ်ကုဋေငါးသန်း အကုန်ငါသိမ်းမယ် ဟို လေးယောက်လဲသိမ်းမယ်။ အဲဒီလိုကြံလိုက်တာ၊ ဘာခေါ်တုန်းအဘိဗျာခေါ်ပါတယ်၊ ဘာတဲ့ (အဘိဗျာပါဘုရား)။

ပရသမွတ္တိ ဉဿူယနလက္ခဏာ၊ ပရသမွတ္တိ၊ သူတစ်ပါးတို့၏စည်းစိမ်ကို။ အဘိမုခံ၊ ရှေ့ရှု။ ဉဿူယနလက္ခဏာ၊ အလွန့်အလွန်ကြံခြင်းလက္ခဏာသည်အဘိဗျာတဲ့။ သူတစ်ပါးပိုင်တဲ့စည်းစိမ်ကို အလွန့်အလွန်ကြံစည်တဲ့ သဘောကို ဘာခေါ်တုန်း (အဘိဗျာလို့ခေါ်ပါတယ်ဘုရား)။ သူတစ်ပါးပိုင် တဲ့ စည်းစိမ်ကိုအလွန်လိုခြင်တဲ့လောဘက မတရားကြံ ဒါအဘိဗျာ။ အဲဒီ အဘိဗျာရဲ့ နောက်နားက ဒီသိကြားသတ်ပစ်လိုက်မယ် ဗျာပါဒနော် (မှန်လှပါဘုရား)။

အဘိဗျာ ဗျာပါဒဆိုတဲ့ကိလေသာနှစ်ပါး မန္ဓတုမင်းကြီးရဲ့နှလုံးအိမ်မှာတရေးရေးနဲ့လောင်သွားတယ်။ အဲဒီအချိန်မန္ဓာတုမင်း နတ်ပြည်မှာနေလို့ မဖြစ်တော့ဘူးတဲ့။ လေထဲမှာဝါဂွမ်းစိုင်လေးများလွင့်သလိုပဲ၊တာဝတိ ံသာနတ်ပြည် မြင့်မိုရ်တောင်ထိပ်ကနေလွင့်ကြလာတယ် မန္ဓာတုမင်း။ ဖတ်ဖတ်ဖတ်ဖတ်နဲ့လေထဲ လွင့်ပြီးတော့လာလိုက်တာ လူ့ပြည်ရောက် လူ့ပြည်ကြတော့ သားဖြစ်သူက ရှင်ဘုရင်တက်လုပ်နေတဲ့ဥယျာဉ်ထဲကကျောက်ဖြာပေါ်မှာလာကျတယ်ဆိုပါလား၊ လေယျာဉ်ပျံကြီးပျက်ကြသလိုဗုံးခနဲမကျတာ ကံကောင်းတယ်နော်။ ဝါဂွမ်းလေး လေထဲလွင့်သလိုလွင့်ပြီးတော့ ကျောက်ဖြာပေါ်ပက်လက်ကျ အသက်တောင်မနည်းရှုရတယ် သေလုလုဖြစ်နေပြီ။

ဘာကြောင့်သေလုလုဖြစ်တာတုန်းနားလည်ပါတော့ အဘိဗျာ ဗျာပါဒကြောင့်။ ကြောက်စရာမကောင်းဘူးလား (ကောင်းပါတယ်ဘုရား)။ အဲဒါကြောင့်ပြောသပေါ့ ကာမဂုဏ်ငါးပါးဆိုတာစဉ်းလှီးတုံး၊ ကိလေသာကာမတဏှာလောဘသည် အလွန်တရာထက်မြက်တဲ့ ဓား၊ မန္ဓာတုမင်းကြီးကိုလှီးလိုက်ပြီ အဲဒီဓားနဲ့။ မန္ဓာတုမင်းဆိုတဲ့သားကောင်ကြီးကျောက်ဖြာပေါ်မှာသေတော့မယ် ဟုတ်လား (မှန်လှပါဘုရား)။ သားတွေသမီးတွေက ဒို့ဖေကြီးနတ်ပြည်ကပြန်လာတယ်ဟေ့ ဆိုပြီးတော့ဝိုင်းကြည့်ကြတယ် အမလေးတပြုံလိုက်ကြီးထွက်လာလိုက်ကြတာ နန်းတော်ထဲကလူအကုန်ပဲ။ သားရော

သမီးရော မိဖုရားတွေရော ရုန်းရုန်းနဲ့ထွက်လာ မင်းကြီးပြန်လာပြီပေါ့ မင်းကြီးပြန်လာပြီ မင်းကြီးဘယ်ကပြန်တုန်း နတ်ပြည်ကပြန်လာ၊ နတ်ပြည်အကြောင်းနည်းနည်းပြောပါအုံး။

အလို မပြည့်ပဲသေကြရတယ်

အမလေး တခြားတွေမေးမနေနဲ့ ငါလိုရင်းသာပြောမယ်။ ပြောပါပြောပါဆိုတော့ အဖေကြီးကသားတွေသမီးတွေကိုမှာပစ်ခဲ့တယ်။ သားတို့ သမီးတို့ရေ ကိလေသာကာမ တဏှာလောဘရဲ့အလိုမျှားမလိုက်ကြနဲ့ အလို မပြည့်ပဲနဲ့သေရတယ်လိုပြောသွားတယ်။ ကိလေသာကာမတဏှာ လောဘရဲ့အလိုကိုမလိုက်ပါနဲ့၊ ဘာတဲ့တုန်းအလိုမပြည့်သေးခင်သေကြမယ် ဟုတ်လား၊ (မှန်လှပါဘုရား) ကိုင်း ကိုယ့်ကိုယ်ကိုမေးကြည့် ဒို့ အလိုပြည့်သလား (မပြည့်ပါဘုရား)။ လောဘ ရှိသမျှ ဘယ်တော့မှအလိုဟာမပြည့်ဘူး နော်။ အဲဒီလောဘကိုကုန်အောင် လုပ်ပစ်လိုက်လို့ရှိရင် လောဘကုန်တဲ့အခါ အလိုတွေအကုန်ပြည့်တယ်၊ မှန်ရဲ့လား။ လောဘရှိသမျှအလိုမပြည့်ကြဘူးတဲ့ လောဘကုန်ရင် အလိုပြည့်လာတယ်။

ဒီတော့ အလိုဆန္ဒပြည့်အောင်ဘယ့်နှယ်လုပ်ရမတုန်းဆိုတော့ ကိလေသာကာမ တဏှာလောဘဆိုတဲ့သံလျက်ဓားကို တစ်ခါတည်းအကြွင်းမဲ့ ပယ်ပစ်ရမယ် ဟုတ်လား။ လောဘကုန်အောင်အားထုတ်ရင် အလိုဆန္ဒအကုန်ပြည့်တယ်။ လောဘမကုန်သမျှအလိုမပြည့်ကြဘူး။ ဒါကြောင့် သားတို့ သမီးတို့ ကိလေသာကာမတဏှာလောဘရဲ့အလိုမျှားမလိုက်ကြပါနဲ့ ကိလေသာကာမတဏှာလောဘရဲ့အလိုကိုလိုက်ရင်အလိုမပြည့်မှီသေရတတ်တယ်လို့ မန္ဓာတုမင်းကြီးပြောပြီးတော့ဖတ်ခနဲဆိုသေရော့ဗျာ့။

အဲဒါဘာဖြစ်တာလဲ သံလျက်ဓားထက်ထက်နဲ့ မင်းကြီးပိုင်းလိုက်တာနော် (မှန်လှပါဘုရား)။ ကာမဂုဏ်စည်းစိမ်ဆိုတာ စဉ်းလှီးတုံးဟုတ်လား။ ကိလေသာ ကာမတဏှာ လောဘဆိုတာက သံလျက်ဓားနော်။ အဲဒီ ကာမဂုဏ်ကြိုက်တဲ့သတ္တဝါတွေဆိုတာက သားကောင်တွေ။ ကာမဂုဏ်စဉ်းလှီးတုံးပေါ်မှာ ဝတ္ထုအာရုံကာမဂုဏ်ဆိုတဲ့စဉ်းလှီးတုံးပေါ်မှာ ကိလေသာကာမ

တဏှာ လောဘစားနဲ့စဉ်းစဉ်းပြီးတော့ အလိုးခံရလို့သေရတဲ့ ကာမဘုံသား သတ္တဝါတွေ ဘယ်ရေနိုင်မှာတုန်း။ မိမိတို့ဘဝလဲ ဒီလိုပဲပေါ့ဗျာ ဟုတ်လား။ အေးဒါကြောင့်-

အဂိုက္ခန္ဓော သမုဒ္ဒေါ စ၊ မဟိစ္ဆော စာပိ ပုဂ္ဂလော။
သကဋ္ဌေန ပစ္စယံ ဒေတု၊ တယောပေတေ အတပ္ပယာတိ။ [၁]

မိုးပုံကြီးလောင်စာ ဘယ်လောက်ထည့်ထည့် မလောင်နိုင်ဘူးဆိုတာ မရှိဘူး ထည့်တိုင်းလောင်တယ်။ ပင်လယ်ကြီးရေတွေ ဘယ်လောက်ပဲစီးဝင် စီးဝင် ပင်လယ်ကြီးရေလျှံတယ်လို့မရှိဘူး စီးဝင်တဲ့ရေတိုင်းကိုလက်ခံတယ်။ ကိလေသာကာမတဏှာလောဘ ကာမဂုဏ်ငါးပါးဆိုတဲ့လောင်စာတွေထည့် ခြင်တိုင်းထည့် လာတိုင်းလက်ခံတယ်။ ကိလေသာကာမတဏှာ လောဘဆိုတာက အတွင်းမီးနော်။ ဝတ္ထုအာရုံငါးစုံသော ကာမဂုဏ်ဆိုတာကအပြင် ဘက်ကဖို့ပေးတဲ့ထည့်ပေးတဲ့လောင်စာ။ အန္တောတတ္တာ၊ အတွင်းကလည်း ကိလေသာကာမတဏှာလောဘဖြင့်တညီးညီး တပြောင်ပြောင်တလှိုက်လှိုက်နဲ့ လောင်၍နေကြကုန်၏၊ ဗဟိတတ္တာ စ၊ အပြင်ဘက်ကလဲဝတ္ထုအာရုံငါးစုံသော ကာမဂုဏ်တို့ဖြင့် တညီးညီးတပြောင်ပြောင်နေ့တိုင်း နေ့တိုင်းတောက်လောင်၍နေကြလေကုန်၏၊ ဒိဋ္ဌဏှော်ဟိ၊ အတွင်းကကိလေသာအာရုံ ကိလေသာကာမတဏှာလောဘဆိုသောအပူမီး အပြင်ဘက်ကဝတ္ထုအာရုံငါးစုံသော ကာမဂုဏ်ဆိုသောအပူမီးတို့ဖြင့် နှစ်ဖြာဖြစ်ညှစ် တပ်မတပ်တို့ဖြင့်။ ပတာပိတာ၊ နေ့ကိုလဲမရှောင် ညကိုလဲမရှောင် အမြဲလောင်သဖြင့်ပူလောင်နှိပ်စက် အခံခက်၍နေကြလေကုန်၏။

အဂိုတတ္တာဝ အာတပေ၊ အာတပေ၊ ကဆုန် နယုန် ဆွေ့ဆွေ့ခုန်အောင် ပူအောင်တောင်စွဲနေပူထဲမှာ၊ အဂိုတတ္တာဝ၊ မီးပြင်းပြင်းတိုက်ကာ အမြိုက်ခံကြရလေကုန်ဘိသကဲ့သို့။ ကဆုန်လနေကမွန်းတည့် လူတစ်ကိုယ်လုံး အဝတ်တွေအကုန်လုံးချွတ် လေးဘက်မီးပုံကြီးဖို မီးဖိုကြီးလေးခု အလယ်ခေါင် အဲဒီလူကြီးရပ် ကောင်းကင်ကနေပူ လေးမျက်နှာကမီးပူ ဟုတ်လား။

၁။ မ၊ ၄၊ ၂။ ၄၅

အောက်မြေပြင်ကလဲ ခြစ်ခြစ်တောက်ပူ ဘယ်လောက်များပူလိုက်မလဲဆိုတာ မျှော်ကြည့်ပေါ့။ အာတပေ၊ ကဆုန် နယုန်ဆွေ့ဆွေ့ခုန်အောင် ပူအောင် တောင်စွဲနေပူထဲမှာ။ အဂိုတတ္တာဝ၊ မီးပြင်းပြင်းတိုက်သဖြင့်အမြိုက်ခံကြရလေ ကုန်ဘိသကဲ့သို့။ သတ္တာ၊ သူရော ငါရော သောသောကြွက်ဆူခပ်သိမ်းသူတို့ သည်၊ သောတ္ထိ၊ ခဏလေးမျှ အေးမြသဖြင့် ချမ်းသာရာချမ်းသာခွင့်ကို။ နဂစ္ဆန္တိ၊ ကိုယ့်အဖြစ်ကို ကိုယ်ထင်မြင်အောင်ဆင်ခြင်ကာတွေးကြပေတော့ ချမ်းသာရေးလမ်းပေါက်အောင် မရောက်နိုင်ပဲရှိကြလေကုန်သတည်း။

သာဓု သာဓု သာဓုပါဘုရား။

မန္ဓာတုမင်းကြီးအစဉ်းခံလိုက်ရသလား၊
(အစဉ်းခံလိုက်ရပါတယ်ဘုရား)။

ဘယ်ဓားနှင့်စဉ်းတာတုန်း၊
(ကိလေသာဓားနှင့်ပါဘုရား)။

ကိလေသာကာမနော်။ ကိလေသာဆယ်ပါးရှိပါတယ် ဒီနေရာတစ်လုံးတည်းပြောတာ။ ကိလေသာကာမတရာလောဘဆိုတဲ့ဓားနှင့်စဉ်းလိုက်တာ ဘယ်စဉ်းလို့းတုံးပေါ်မှာလဲ။ ဖြေရင်ဖြေ မေးအုံးမယ် ဘယ်စဉ်းလို့းတုံးပေါ်မှာလဲ၊

(ကာမဂုဏ်ပေါ်မှာပါဘုရား)။ ဆိုလိုက်ပါ-

စဉ်းလို့းနှင့်ဓား၊ ကာမထား၊ မှတ်သားဆယ့်သုံးပါ။ (၃) ခေါက်

အဲဒါ မြတ်စွာဘုရားရဲ့အဖြေတော်အတိုင်းပဲ။ စဉ်းလို့းနှင့်ဓား စဉ်းလို့းတုံးနှင့်ဓားဆိုတာ ကာမတရား ကာမဂုဏ်ငါးပါးလို့ ဆယ့်သုံးခုမြောက်အဖြေကို မှတ်ပါဟုတ်လား (မှန်ပါဘုရား)။ အဲဒါအခုနက ဘုန်းကြီးတို့ပြောထားတဲ့ အဓိပ္ပါယ်ကိုတော့ ဟောဒီမှာ ဆက်ပြီးတော့ဆိုရမယ်။

ဝတ္ထုကာမ၊ ရှာကြံကြ၊ ညှင်းလှကိလေသာ။ (၃) ခေါက်

ဝတ္ထုကာမကိုရှာတဲ့အခါ ကိလေသာကာမကညှင်းဆဲတယ်တဲ့။ အဓိပ္ပါယ် (မှန်လှပါဘုရား)။

တဏှံ ပဋိစ္စ ပရိယေသနာ၊ တဏှာအကြောင်းပြု၍ ရှာတယ်ဟုတ်လား။ တဏှံ ပဋိစ္စ ပရိယေသနာ၊ တဏှာကိုအကြောင်းခံ ၍ ရှာတယ်။

ပရိယေသနံ ပဋိစ္စ လာဘော၊ ရှာတာအကြောင်းပြုလို့ရတယ် ရှာတာအကြောင်းပြုလို့ (ရပါတယ်ဘုရား)။ ရရင် ဒီတဏှာလောဘ ရပ်သလား (မရပ်ပါဘုရား) ရပ်ဘူးဗျာ့။

လာဘံ ပဋိစ္စ ဝိနိစ္ဆယော၊ ရတာအကြောင်းပြုပြီးတော့ ငါပိုင်ပြီလို့ဆုံးဖြတ်ချက်ချတယ်၊ ရပ်သလား (မရပ်သေးပါဘုရား)။ ရပ်သေးဘူး။

ဝိနိစ္ဆယံ ပဋိစ္စ ဆန္ဒရာဂေါ၊ ငါပိုင်ပြီလို့ဆုံးဖြတ်ချက်ချလိုက်သည်နှင့်တပြိုင်နက်တည်း၊ ငါပိုင်ဆိုသောပစ္စည်းပေါ်မှာ လောဘနှင့်ကပ်ထားတယ်။ ရပ်သလား (မရပ်သေးပါဘုရား)။

ဆန္ဒရာဂံ ပဋိစ္စ အဇ္ဈောသာနံ၊ လောဘနှင့်ကပ်မိပြီဆိုတဲ့ပစ္စည်းကို ဖြစ်နိုင်ရင်မျိုတောင်ထားလိုက်ခြင်သေးတာ။ ခုနက ငါးကြီးကုန်းပေါ်ငိုနေတာကြည့် ပေါ့။ မျိုထားမရလို့ရရင်မျိုထားခြင်တာ သူငါးမလေးကိုလေဟုတ်လား။ အေး ဆန္ဒရာဂံ ပဋိစ္စ၊ ဆန္ဒရာဂအကြောင်းပြု၍၊ အဇ္ဈောသာနံ၊ မျိုထားတယ် မျိုထားခြင်မတတ်၊ အဇ္ဈောသာနံ၊ မျိုထားရင်ဖြစ်မလားဆိုပြီးတော့ကြံမိတယ်။ တဏှာနှင့်မျိုသိပ်ထားတယ်လို့ဆိုကြပါစို့ဗျာ။

အဇ္ဈောသာနံ ပဋိစ္စ ပဋိဂ္ဂဟော၊ အဇ္ဈောသာနံ၊ မျိုသိပ်ထားမှုအကြောင်းပြုပြီးတော့၊ အဇ္ဈောသာနံ ပဋိစ္စ၊ မျိုသိပ်ထားမှုအကြောင်းပြုပြီးတော့၊ ပဋိဂ္ဂဟော၊ ဥပါဒါန်နှင့်သိမ်းပိုက်တယ်။ မျိုထားမတတ်ခင်မိပြီလဲဆိုရော ဥပါဒါန် ဘာတဲ့တုံး (ဥပါဒါန်ပါဘုရား)။ အဇ္ဈောသာနံ ပဋိစ္စ ပဋိဂ္ဂါဟော အဇ္ဈောသာနံ၊ မျိုထားမတတ်ခင်မိသည်ကိုအကြောင်းပြုပြီးတော့၊ ပရိဂ္ဂဟော၊ သိမ်းပိုက်ခြင်းသည်။ သမ္ဘဝတိ၊ ဖြစ်တယ်။

ပရိဂ္ဂဟံ ပဋိစ္စ မစ္ဆရိယံ၊ ဖြစ်လာတယ်။ ပရိဂ္ဂဟံ၊ သိမ်းပိုက်ထားမှုကို၊ ပဋိစ္စ၊ အကြောင်းပြု၍၊ မစ္ဆရိယံ၊ မပေးနိုင်ဘူးဆိုတဲ့ သဘောသည်၊ သမ္ဘဝတိ၊ ဖြစ်လာတယ်။ မျိုထားခြင်မတတ် တဏှာလောဘ သည်ပြင်းထန်စွာဖြစ်တော့ အဲဒါသိမ်းထားတယ် ပိုက်ထားတယ်။ ဘာနဲ့သိမ်းပိုက်ထားတုန်းဆိုတော့

၁။ ဒီ၊ ၂။ ၅၀

တဏှာနှင့်။ တဏှာနှင့်သိမ်းပိုက်ထားမိပြီလဲဆိုရော ထုတ်ပေးအုံးမလား (မပေးတော့ပါဘုရား)။ မပေးခြင်ဘူး မစွန့်ခြင်ဘူး မလွှတ်နိုင်ဘူး မစ္ဆရိယ (မှန်လှပါဘုရား)။ ပရိဂ္ဂဟံ ပဋိစ္ဆ၊ သိမ်းပိုက်မှုကိုအကြောင်းပြု၍။ မစ္ဆရိယံ၊ မပေးနိုင် မစွန့်နိုင်သည့်မစ္ဆရိယသည်။ သမ္ဘဝတိ၊ ဖြစ်တယ်။

မပေးနိုင်တော့ စောင့်ရှောက်ရ

မစ္ဆရိယံ ပဋိစ္ဆ အာရက္ခောတဲ့၊ မစ္ဆရိယံ၊ မပေနိုင်သောမစ္ဆရိယကို။ ပဋိစ္ဆ၊ အကြောင်းပြု၍။ အာရက္ခော၊ စောင့်ရှောက်တယ်။ ဘာနဲ့အဓိပ္ပါယ်သွားတူသလဲဆိုတော့ တဏှာနဲ့၊ တဏှာက သိမ်းပိုက်ထားပြီးပြီလဲဆိုရော ထုတ်ပေးအုံးမလား၊ (မပေးပါဘုရား) မပေးချင်ဘူး၊ မစွန့်ချင်ဘူး၊ မလွှတ်နိုင်ဘူး မစ္ဆရိယ။ ပရိဂ္ဂဟံ ပဋိစ္ဆ မစ္ဆရိယံ၊ ပရိဂ္ဂဟံ၊ သိမ်းပိုက်မှုကိုအကြောင်းပြု၍။ မစ္ဆရိယံ၊ မပေးနိုင် မစွန့်နိုင်တွေသည်။ သမ္ဘဝတိ၊ ဖြစ်တယ်။ မစ္ဆရိယံ ပဋိစ္ဆ အာရက္ခော၊ တဲ့၊ မစ္ဆရိယံ၊ မပေးနိုင်သောမစ္ဆရိယကို။ ပဋိစ္ဆ၊ အကြောင်းပြု၍၊ အာရက္ခော၊ စောင့်ရှောက်ရတယ်။ မပေးနိုင်တာတွေစောင့်ရှောက်ရတယ်။ ပေးချင်တဲ့အရာဝတ္ထုကြီးစောင့်စရာမလိုဘူးဗျာ့၊ ဟုတ်လား။ ပေးမယ် စွန့်မယ် လှူမယ် တန်းမယ် ယူချင်သလိုယူကြဆိုတဲ့ပစ္စည်း၊ သူကထိန်းရ စောင့်ရသေးလား၊ (မစောင့်ရပါဘုရား)။

ကိုယ်တော်တို့ တရားဟောထွက် ကျောင့်စောင့်ရှိသေးလား၊ ရှိနေတယ် ဦးဇင်းတွေ ကိုရင်တွေ အများကြီးထားပစ်ခဲ့တာ မပေးနိုင်လို့ဘဲပေါ့၊ ပေးနိုင်ရင် တံခါးကြီးဖွင့်ပြီး ယူခြင်တဲ့လူယူကြလို့ ဒီလိုပြောမှာပေါ့ ဟုတ်လား၊ (မှန်လှပါဘုရား)။ အေး မပေးတတ်လို သဝန်တိုတဲ့မစ္ဆရိယကြောင့် ဘာဖြစ်တုန်း၊ စောင့်ရှောက်ရတယ်၊ အဲဒါ အာရက္ခဒုက္ခ၊ ဘာ ဒုက္ခတဲ့တုန်း၊ (အာရက္ခဒုက္ခပါဘုရား)။ ဒီအတိုင်း ရိုးရိုးသားစောင့်ရှောက်လို့ လုံခြုံမယ်မထင်ရင်လေလာလိမ့်မယ်။

စောင်ရှောက်ရတော့ ရန်များ

အာရက္ခာမိကရဏံ၊ စောင့်ရှောက်ရမှု အကြောင်းပြုပြီးတော့။ ဒဏ္ဍာ

ဒါန၊ အံမယ် ဒုတ်ကလေးများတောင်ကိုင်ရတယ်။ တခါတလေလုံခြုံရေး တယ် စိတ်မချဘူးထင်တယ်၊ အိပ်ယာဘေးလုံကလေးဆောင်ထားဦးမှ၊ ဒဏ္ဍာ၊ တုတ် ကိုင်တယ်။ သတ္တာ၊ လက်နက်ကိုင်တယ်။ လုပ်တတ်တယ်နော်။ ဒဏ္ဍာ သတ္တာ၊ တုတ်တွေ ဓါးတွေ လုံတွေ လက်နက်တွေ သေနပ်တွေ ကိုင်စွဲတဲ့အခါကြပြန် တော့၊ လာပြီးယူခြင်တဲ့လူက ယူခြင်တဲ့လူလာတဲ့အခါကြတော့။

ကလဟ ဝိဂ္ဂဟ ဝိဝါဒ၊ နင်လား ငါလားဆိုပြီးတော့ စကားတွေမများ ကြဘူးလား၊ (များပါတယ်ဘုရား)။ အဲဒီအခါကြတော့ ဒေါသအထိတိုးခဲ့. သွားတယ်။

ကလဟ ဝိဂ္ဂဟ ဝိဝါဒ တုံတုံ ပေသုညံ၊ တုံတုံ၊ နင်လား ငါလားနဲ့.။ ပေသုည၊ အချစ်ပျက်ကြောင်း မကောင်းတဲ့စကားတွေကိုပြောရ တယ်၊ အချစ်ပျက်တဲ့စကားတွေအဲဒီအချိန်ပြောရပြီ။ စောင့်ရှောက်ရလို. ဟုတ် လား။

မစောင့်ရှောက်ဘဲ လွတ်လွတ်ကျွတ်ကျွတ် စွန့.လွှတ်ထားတဲ့ပစ္စည်း များကြတော့ လာခြင်တဲ့သူလာခဲ့၊ ကိုယ်ကလဲ ဘာမှ မကြောင့်ကြဘူး၊ ယူခြင် တဲ့သူကလဲ ယူသွား၊ ဟိုကလဲ ဝမ်းသာလို. ဒီလိုဆိုတော့ နင်လား ငါလားတွေ ဆိုကြသေးလား၊ (မဆိုတော့ပါဘုရား)။ တုံတုံ ပေသုည၊ ယခုတော့ စောင့် ရှောက်ရလို. ဘာဖြစ်တုန်း၊ အာရက္ခ ဒုက္ခ၊ ရိုးရိုးစောင့်လို.မရဘူးဆိုရင် တုတ် ဓား လက်နက်တွေ သံလျက်တွေကိုင်ပြီးတော့စောင့်ရမယ်။ အဲနေကာ၊ မြောက် များလှစွာကုန်သော။ ပါပကာ၊ ယုတ်မာကုန်သော။ အကုသလာဓမ္မာ၊ အကု သိုလ်တရားတို.သည်။ သမ္ဘဝန္တိ၊ တနေ.တခြားတိုးပွား၍လာကြလေကုန်သ တည်း။ ဒါကြောင့် ဘုန်းကြီးတို.ပရိသတ် -

ဝတ္ထု ကာမ၊ ရာကြံကြ၊ ညှင်းကြ ကိလေသာ။

ဝတ္ထုကာမကိုရှာပြီဆိုကတည်းကိုက နောက်က ကိလေသာတွေညှင်း ဆဲဖို.တသီကြီးစောင့်နေကြတယ်ဗျ၊ ကိလေသာကာမသည် ညှင်းဆဲသော တရား၊ နှိပ်စက်သောတရား။ လိုက်ဆိုလိုက်ကြပါ -

---

၁။ ဒီ၊ ၂။ ၅၀

ဝတ္ထု ကာမ၊ ရာကြံကြ၊ ညှင်းထ ကိလေသာ။
ကိလေသာများ၊ သတ်ညှင်းအား၊ မှီငြား ဝတ္ထုမှာ။

ကိလေသာတို့ရဲ့ ညှင်းဆဲ သတ်ဖြတ်တဲ့အားဆိုတာ ဝတ္ထုကာမပေါ် မှာမှီနေတယ်၊ တည်နေတယ်၊ ကိလေသာကာမတွေရဲ့ သတ်ဖြတ်ညှင်းဆဲတဲ့ အားဟာ ဘယ်အပေါ် မှီပြီးဖြစ်လာတယ်ဆိုရင်၊ ဝတ္ထုကာမပေါ် မှာမှီ၍ တည်၍ဖြစ်လာပါတယ်။ ဒါကြောင့် -

ကိလေသာများ၊ သတ်ညှင်းအား၊ မှီငြား ဝတ္ထုမှာ။

နောက်တပိုဒ် -

ထိုကြောင့် စဉ့်တီ၊ ဝတ္ထုမည်၊ ဓားသည်ကိလေသာ။

အေး ဒါကြောင့် စဉ့်တီတုန်းဆိုတာ ဝတ္ထုအမည်ဆိုတော့ ဝတ္ထုကာမ၊ ဓားသည် ကိလေသာ၊ ဓား သန်လျက်ဆိုတာ ကိလေသာကာမ၊ ဟုတ်လား၊ စုံသွားတယ်နော်။ ထိုကြောင့် စဉ်တီ၊ ဝတ္ထုမည်၊ ဓားသည် ကိလေသာ။ ဒါဖြင့် ဘာကိုပယ်ရမလဲ၊ ဘုန်းကြီးတို့ပရိသတ် ပါဠိပြောကြည့်ရအောင်-

ငါးဖြာအာရုံ ကာမဂုဏ်ကိုပယ်လိုက်ပါ

ဥက္ခိပ အသိသူနံ။ ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ အသိသူနံ၊ သန်လျက်ဓားနဲ့ စဉ့်တီတုန်းကို။ ဥက္ခိပ၊ ပယ်လိုက်ပါတဲ့။ သံလျက်ဓားနဲ့ စဉ့်တီတုန်းကိုပယ်လိုက်ပါ၊ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက အရှင်ကုမာရကဿပမထေရ်ကြီးကို၊ ချစ်သားကုမာရ တောင်ပို့ကြီးမှာတွေ့လာတဲ့ သံလျက်ဓားနဲ့ စဉ့်တီတုန်းကို ချစ်သားပယ်ပစ်ပါဆိုတဲ့ အဓိပ္ပါယ်ဟာ ဘာပြောတာတုန်းဆိုတော့။ ပဇဟ ပဉ္စ ကာမဂုဏေ။ ပဉ္စကာမဂုဏေ၊ ငါးဖြာသောအာရုံ ကာမဂုဏ်တို့ကို။ ပဇဟ၊ ပယ်လိုက်ပါ။ သံလျက်ဓားနဲ့ စဉ့်တီတုန်းကို ပယ်ပစ်ဆိုတာ ကာမဂုဏ်ငါးပါးကို ပယ်ပစ်လို့ဆိုတယ်။ ဘာကိုပယ်၊

(ကာမဂုဏ်ငါးပါးကိုပယ်ရမှာပါဘုရား)။

သံလျက်ဓားနဲ့စဉ့်တီတုန်းပယ်လိုက်ဆိုတာ ဘာကိုပယ်ရမှာလဲ၊

(ကာမဂုဏ်တရားတွေပယ်ရမှာပါဘုရား) ပါဠိတော်မှာနော်။

ဘုန်းကြီးတို့ပရိသတ်စဉ်းစားကြည့်လိုက်ပါဦး အဆင်း၊ ထိုအဆင်းကြိုက်သောတဏှာနော်၊ အဆင်းဆိုတာ စဉ့်တီတုန်း၊ ဒါကိုကြိုက်တဲ့တဏှာကား၊ အဆင်းဆိုတဲ့စဉ့်တီတုန်းရယ်၊ ထိုအဆင်းကိုကြိုက်နေတဲ့မား၊ မားဆိုတာက တဏှာ၊ ဒီနှစ်ခု ဘယ်ဟာပယ်ရမယ်ဆိုတာ ဘုန်းကြီးတို့ပရိသတ် သဘောပေါက်ဖို့လိုတယ်၊ အဆင်းကိုပယ်ပစ်ရမှာလား၊ တဏှာပယ်ပစ်ရမှာလား၊ ဒါစဉ်းစား၊ စဉ့်တီတုန်းပယ်ပစ်ရမှာလား၊ မားပယ်ပစ်ရမှာလား၊ ဒါလေးကိုလဲစဉ်းစား။ စဉ့်တီတုန်းပယ်ပစ်တယ်၊ မားကိုတော့ပယ်မပစ်ဘူးဆို အဲဒီမားကတုန်းမရှိပဲနဲ့ခုတ်လို့ရတယ်၊ တုံးဘယ်နှစ်တုံးရှိနေ ရှိနေ မားမရှိ ဘာနဲ့ခုတ်မှာတုန်း။ ဒီတော့ ဘာပယ်ရမတုန်း၊

(မားပယ်ရမှာပါဘုရား)။

ဝတ္ထုကာမကို ပယ်ရမှာလား၊ ကိလေသာကာမကိုပယ်ရမှာလား၊
(ကိလေသာကာမကိုပယ်ရမှာပါဘုရား)။

ပါဠိတော်ကတော့ **ပဇဟ ပဉ္စ ကာမဂုဏေ**။ ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ပဉ္စ ကာမဂုဏေ၊ ကာမဂုဏ်ငါးပါးကို။ ပဇဟ၊ ပယ်လိုက်ပါ။ ဒီလိုဟောတယ်နော်။ ကာမဂုဏ်ငါးပါးကို ပယ်လိုက်ပါဆိုတော့ တည်ရာကိုပယ်ခိုင်းတယ်၊ ကိလေသာကာမရဲ့အကြောင်းရင်းဖြစ်တဲ့ဝတ္ထုကာမကို မြတ်စွာဘုရားက ပယ်ခိုင်းနေတယ်။ တကယ်ဆိုလိုတာက မားမဟုတ်ဘူး၊ နန္ဒီရာဂ ပဇဟလို့ဆိုလိုတယ်၊ နန္ဒီရာဂံ၊ အဲဒီငါးဖြာအာရုံကာမဂုဏ်အနှစ်၌ စွဲမက်နေတဲ့ နန္ဒီရာဂဆိုသော ကိလေသာကာမတဏှာလောဘကို။ ပဇဟ၊ ပယ်လိုက်ပါ။ ဣတိ၊ ဤသို့။ ဝုတ္တံ ဝုတ္တော၊ ဆိုလိုသည်။ ဟောတိ၊ မကာင်းစွာမသွေဖြစ်ပါပေတော့သည်း။

သာဓု သာဓု သာဓုပါဘုရား။

စဉ့်တီတုန်းကိုပယ်ရမှာလား၊ မားကိုပယ်ရမှာလား၊
(မားကိုပယ်ရမှာပါဘုရား)။

မားကိုပယ်မှ အခုတ်မခံရမှာ၊ စဉ့်တီတုန်းဘယ်နှတုန်းတုန်းရှိရှိ မားမရှိရင် အေး ဘယ်အညှင်းဆဲ အနှိပ်အစက်ခံရမတုန်းဗျနော်၊ ကာမဂုဏ်ငါးပါး

ကိုပယ်၊ ကာမဂုဏ်ငါးပါးကိုပယ်ဆိုတဲ့တရားမှာ ကာမဂုဏ်ငါးပါးပယ်ဖို့၊ မပယ်ဖို့အရေးမကြီးဘူး၊ ကာမဂုဏ်ငါးပါးကြိုက်တဲ့ ကိလေသာကာမတဏှာ လောဘပယ်ဖို့အရေးကြီးတယ်။

အဲဒါကြောင့် ဘုန်းကြီးတို့ပရိသတ် နောက်တစ်ပိုဒ်ဆိုပါဦး - စဉ့်တီဓားကို၊ ပယ်စွန့်လို၊ ထိုထိုအပြစ်ရှု။ (၃)ခေါက် ကာမဂုဏ်ကိုပယ်လိုလျှင် ကာမရဲ့အပြစ်ကိုရှု

ပါဠိတော်အတိုင်း စဉ့်တီတုန်းနဲ့ဓားကိုပယ်ရမယ်၊ စဉ့်တီတုန်းနဲ့ဓားဆိုတာ အသိသူန၊ စဉ့်တီတုန်းနဲ့ဓားကို ပယ်လိုက်ဆိုတာက ကာမဂုဏ်ငါးပါးကိုပယ်လိုက်လို့ဆိုလိုတယ်၊ ကာမဂုဏ်ငါးပါးကို ပယ်လိုက်ဆိုတဲ့နေရာမှာလဲ ကာမဂုဏ်ငါးပါးကြိုက်တဲ့ ကိလေသာကာမတဏှာလောဘပယ်ရမယ်၊ ဒီလိုဆိုလိုတယ်၊ စဉ့်တီတုန်းနဲ့ဓားဆိုတဲ့ ကိလေသာကာမတဏှာလောဘကိုပယ်လိုတဲ့ ယောဂီပုဂ္ဂိုလ်သည်၊ အဲဒီကာမဂုဏ်ငါးပါးရဲ့အပြစ်ကိုရှုပါတဲ့၊ ဘာတဲ့တုန်း၊

(ကာမဂုဏ်ငါးပါးရဲ့အပြစ်ကိုရှုရမှာပါဘုရား)။

စဉ့်တီဓားကို၊ ပယ်စွန့်လို၊ ထိုထိုအပြစ်ရှု။ စဉ့်တီတုန်းနဲ့ဓားကိုပယ်စွန့်ခြင်ရင် အဲဒီစဉ့်တီတုန်းနဲ့ဓားတို့ရဲ့အပြစ်ကိုရှုပါတဲ့ ဟုတ်လား၊

(မှန်လှပါဘုရား)။

ဒီတော့ ကာမာနံ အာဒီနဝကထာသည် ဒီနေရာဝင်လာတယ်၊ ကာမဂုဏ်ရဲ့အပြစ်၊ ဘာတဲ့၊

(ကာမဂုဏ်ရဲ့အပြစ်ပါဘုရား)

ကာမဂုဏ်ပယ်ဆိုရင် ကာမဂုဏ်ရဲ့အပြစ်ကိုရှုမှပယ်မှာဖြစ်တယ်။ အပြစ်မရှုရင်ပယ်လို့မရဘူး။ ကာမာ၊ ကာမတရားတို့သည်။ အပ္ပဿာဒါ၊ သာယာမှုကနည်းကြလေကုန်၏။ ဗဟုဒုက္ခာ၊ ဆင်းရဲမှုကများကြလေကုန်၏။ ကာမဂုဏ်တရားဆိုတာ သာယာမှုကအနည်းငယ်မျှရှိတယ်၊ ဆင်းရဲခြင်းဒုက္ခကပိုများတယ်။

အပွဿဒါ ကာမာ ဝုတ္တာ ဘဂဝတာ ဗဟုဒုက္ခာ ဗဟုပါယာသာံ။ ဗဟုပါယာသာ၊ ပင်ပန်းမှုတွေ ပို၍များကြလေကုန် ၏။ ဧတ္ထ၊ ဤငါးဖြာအာရုံကာမဂုဏ်တရားတို့၌။ အာဒီနဝေါ၊ အပြစ်တွေ သာလျှင်။ ဘိယျော ဘိယျော၊ ပို၍ ပို၍များကြလေကုန်၏။ ကာမဂုဏ်အပြစ်ပြကို မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက (၁၂) ပါးဟောထားတယ်။ အဲဒီအပြစ်က ဘုန်းကြီးတို့ ပရိသတ်ကြီးရိုးလောက်ပြီထင်ပါတယ်၊ တစ်ခုထပ်ပြီးတော့ပြောအုံးမယ်၊ ကာမာ၊ ကာမတရားတို့သည်။

အမဲရိုးကြိုက်တဲ့ခွေးကလေး အညှီနံ့ကမွှေး

အဋ္ဌကက်လူပမာ၊ အသားတစ်စက်ကမျှမရှိတဲ့ အညှီနံ့မျှသာရသော အရိုးခြောက်နှင့်တူလှပေ၏။တဲ့ အသားတစက်မှမရှိတဲ့ အညှီနံ့တော့ရှိတယ်၊ အံမယ် အရိုးခြောက်ကလေးတစ်ချောင်း ခွေးကလေးတစ်ကောင်ကတွေ့တယ်၊ နှားခေါင်းလေးနဲ့ရှုကြည့် အမလေး မွှေးလိုက်တာ၊ အဲဒီ ညှီစို့စို့အနံ့ဒီခွေးမွှေးနေတာ၊ သတ္တဝါတစ်ယောက်မှာ အနိဋ္ဌာရုံ၊ သတ္တဝါတစ်ယောက်ကြတော့ ကဋ္ဌာရုံ၊ သတ္တဝါတစ်ယောက်ရဲ့ကဋ္ဌာရုံသည် အခြားသတ္တဝါတစ်ယောက်မှာ အနိဋ္ဌာရုံ၊ ဟုတ်လား၊ (မှန်လှပါဘုရား)။ အမဲရိုးခြောက်ကြတော့ အဲဒီခွေးဟာ မွှေးပြီးတော့နေတယ်နော်၊ နှင်းဆီပန်းကလေးပေးလိုက်တော့ သူမွှေးဦးမလား၊ (မမွှေးပါဘုရား)။ ဘုန်းကြီးတို့ပရိသတ်အပေါင်း သူတော်ကောင်းတို့က အဲဒီအမဲရိုးကမွှေးသလား၊ နှင်းဆီပန်းကမွှေးသလား၊

(နှင်းဆီပန်းကမွှေးပါတယ်ဘုရား)။

ဟုတ်မှ ပြောနော်။ အမဲရိုးကလေးလဲ တော်တော်မွှေးပုံရတယ်။

အဋ္ဌကက်လူပမာ ကာမာ။ ကာမာ၊ ကာမဂုဏ်တရားတို့သည်။ အဋ္ဌကက်လူပမာ၊ အသားတစက်ကမျှမရှိ အညှီနံ့မျှသာရသော အရိုးခြောက်နဲ့တူလှတယ်။ အရိုးခြောက် ခွေးတစ်ကောင်ချီလာတယ်၊ ညှီစို့စို့အနံ့ကလေးရတယ် မွှေးလိုက်တာနတ်တို့ရဲ့ဂန္ဓာရုံလားပေါ့၊ အားပါးတရချီလာတယ်၊

၁။ မ၊ ၁။ ၁၈၂

အမျိုက်ပုံကလေးထဲချ၊ ရှေ့လက်ကလေးနှစ်ချောင်းနဲ့ဖိ တပျတ်ပျတ်နဲ့ဝါးလိုက်တာ ခြောက်သွေ့နေတဲ့အမဲရိုး စတင်ဝါး ဘာအရသာမှမရှိဘူးပေါ့။ အသားလဲမပါဘူး၊ ခြောက်လဲခြောက်နေတယ်ဆိုတော့ အရသာ၊ (မရှိပါဘုရား)။

မရှိဘူး။ ဒါပေမယ့် အညှိနှံ့ကိုမက်မောလို့ကိုက်တာ၊ အသားတစ်စက်မှမရှိပေမယ့် အညှိနှံ့ကိုမက်မောပြီးတော့ အမဲရိုးကိုခွေးကိုက်သလို ကိုက်နေတာနော်။ ကိုက်ရင်း ကိုက်ရင်းနဲ့ခြောက်နေတဲ့အမဲရိုး သူ့တံတွေးနဲ့ သူဟာသူစိုလာတယ်ဗျ၊ သူ့ဟာသူ ကိုက်ရင်းကိုက်ရင်းနဲ့စိုဖတ်ဖတ်ဖြစ်လာတဲ့အမဲရိုးကို လျှာကလေးနဲ့လျှက်ကြည့်တယ်၊ အဲဒီတော့ဘာဖြစ်တုန်း၊ သားငံရည်ဓာတ်အရသာလေး ဒီခွေးရလာတယ်၊ စောစောကဂန္ဓာရုံအပေါ်မှာ အရသာတွေ့လား၊ (မတွေ့ရပါဘုရား)။

ယခုတော့ ဂန္ဓတဏှာကနေပြီးတော့ ရသတဏှာကူးမသွားဘူးလား၊ အဲဒီမာကြောကြောအရိုးကြီး တကျွတ်ကျွတ်နဲ့ကိုက်နေတဲ့ ဖောဋ္ဌဗ္ဗအာရုံ ကိုသူသိပ်ကျေနပ်တယ်၊ ဖောဋ္ဌဗ္ဗတဏှာမဖြစ်ဘူးလား၊ (ဖြစ်ပါတယ်ဘုရား)၊ အဲဒီလို အရောင်အဆင်းမရှိပေမယ့်လဲ ဒီခွေးရဲ့မျက်လုံးကြည့်လိုက်တော့ အံမယ် ဘုန်းကြီးတို့ပရိသတ် သူ့ဟာသူလှနေမှာပဲ ဒီအရိုးဟာ။

အဲဒီတော့ ဘုန်းကြီးတို့ ဒကာ ဒကာမအပေါင်းတို့ ဟင်းမျှားချက်ရင် ဟင်းလှအောင်လို့ဆိုပြီးတော့ ဟိုစပ် ဒီစပ်နဲ့ စားတာကအရသာ စားတာ၊ ဟင်းစားတာမဟုတ်ဘူး၊ ဟင်းခွက်လှတာဘာဖြစ်လို့တုန်း၊ အလှဘာဖြစ်လို့ဆင်တုန်း၊ မျက်စိနဲ့ရူပါရုံအပေါ်ခံစားချင်တာ၊ အနံ့ကလေးတထောင်းထောင်းနဲ့ ဘာဖြစ်လို့ဖြစ်စေခြင်တာတုန်း၊ နှာခေါင်းက ဂန္ဓာရုံကိုလိုချင်တယ် ဟုတ်လား၊ စားတာကအနံ့ကိုစားတာလဲမဟုတ်ဘူး၊ အဆင်းကိုစားတာလဲမဟုတ်ဘူး၊ ဘာစားလဲ၊

(အရသာကိုစားတာပါဘုရား)။

ရသာရုံကိုစားတာ၊ ဒါပေမယ့် အနံ့ကလေးလဲကောင်းမှ အဆင်းကလေးလဲလှအုံးမှနော်၊ အေး ရသာရုံရဲ့အခြံအရံဟာ အဆင်းနဲ့အနံ့ ဟုတ်လား၊ (မှန်လှပါဘုရား)။

ဗမာက အဲဒီလိုဘဲ အတွဲနဲ့ အတွဲနဲ့လာတယ်၊ တောကလေးလှလိုက်တာဆိုပြီးရော၊ မပြီးဘူးဗျ၊ တောကလေး သာယာလိုက်တာ ဒီလိုမျိုးလေးပြီးရောပေါ့။ မပြီးဘူး၊ တောတောင်ရဲ့သာ၊ ဟဲဟဲ ဒီလိုရေးတယ် ဟုတ်လား၊ (မှန်လှပါဘုရား) တောင်နဲ့တောဟာ တွဲလိုက်တယ်မို့လား၊ တောင်ကလေးသာယာတယ်၊ တောကလေးသာယာတယ် ဒီလိုရေးဖို့ကောင်းတယ်၊ မဟုတ်ဖူးဗျ တောင်တောရဲ့သာ ဒီလိုရေးတယ်၊ ဒါနဲ့မပြီးသေးဘူး ရှေ့ရှိသေးတယ်၊ မာလာရယ်ငုံဖူး ဟုတ်လား၊ အငုံရော အဖူးရောတွဲလိုက်တယ်၊ အေး အငုံလေးလဲပါတယ်၊ အဖူးလေးလဲပါတယ်၊ ဟော တစ်တောလုံး တစ်တောင်လုံးစုံအောင်ဖွဲ့ထားတယ်နော်။ (မှန်လှပါဘုရား)။ ကာမဂုဏ်ရဲ့သဘောတရားဟာ ဒီလိုဘဲ အသိုင်းအဝိုင်းတွေတယ်များတယ်လို့ဆိုလိုတာ။ အေး ဗမာကဒီလိုရေးထားတယ်၊ တောင်တောရယ်သာ၊ မာလာရယ်ငုံဖူး၊ တစ်ပင်ကိုနှစ်ပင်ယှက်တယ် သီချင်းကိုဖြစ်နေတယ်။

အဆင်းမကောင်းပေမယ့် အလွန်တရာခြောက်သွေ့နေတဲ့အမဲရိုး၊ အဆင်းမလှပေမယ့် လူတိုင်းရဲ့အမြင်မှာအဆင်းမလှပေမယ့် ခွေးလေးရဲ့အမြင်မှာလှတယ်၊ ညီစို့စို့အနံ့ဟာ လူတိုင်းမှာတော့မကောင်းပေမယ့် ဒီခွေးကလေးကြတော ကောင်းမနေဘူးလား၊

(ကောင်းနေပါတယ်ဘုရား)။

ညီစို့စို့အနံ့ဟာ လူတိုင်းမှာတော့ အနိဋ္ဌာရုံ၊ ဒါပေမယ့် ခွေးကလေးမှာတော့ ကဋ္ဌာရုံ၊ ဟုတ်လား။ ခြောက်နေတဲ့အရိုးကို ကိုက်ရင်းကိုက်ရင်းနဲ့ စိုဖတ်ဖတ်ဖြစ်လာတော့ လျှာကလေးနဲ့လျက်ကြည့်တော့ ရသာရုံ သားငံရည်မာတ်ကလေးမရဘူးလား၊ (ရပါတယ်ဘုရား)။ မာကြောတဲ့အရိုးခြောက်ကြီးကို တကျွတ်ကျွတ်နဲ့ ဝါးရင်းနဲ့အတွေ့အထိကကောင်းလိုက်တာ ဖောဋ္ဌဗ္ဗာရုံ။ နည်းတဲ့အာရုံတွေ မဟုတ်ဘူး၊ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ အာရုံငါးပါးမနေဘူးလား၊ (နေပါတယ်ဘုရား)။ သူ့ဟာသူအရိုးကလေးဝါးရင်းကျွတ်ကျွတ်အသံကလေးမည်တော့ ဒီအသံလေးက သူ့အတွက်တော့ ကဋ္ဌာရုံ။

ဘုန်းကြီးတို့ပရိသတ်များ ထမင်းစား တစ်ခါတလေအရိုးကလေး ဘာလေးများပါလို့ ဝါးမိရင်ကျွတ်ကျွတ်နဲ့ကိုယ့်အသံကိုနားထောင်လို့တယ်

ကောင်းတယ်နော်။ ဘေးလူကသာ ဒီလူထမင်းစားရင်ပါးစပ်ကတယ်မည်တာပဲ။ ဘေးလူကတော့ အနိဋ္ဌာရုံ၊ ကိုယ့်ဟာကိုတော့ကဋ္ဌာရုံပေါ့။ ဒီတော့ ဘာဖြစ်လာလဲဆိုတော့ ဘုန်းကြီးတို့ပရိသတ် အာရုံငါးပါးဟာ ကြဲကြဲဖန်ဖန် သူ့နေရာနဲ့သူဖြစ်ကြတယ်၊ သတ္တဝါတစ်စုံတစ်ယောက်ရဲ့ကဋ္ဌာရုံသည် တစ်စုံတစ်ယောက်အတွက်ကြတော့ အနိဋ္ဌာရုံဖြစ်တယ်။ ဒါကြောင့် အညီကြိုက်တာမာတဲ့အရိုးကြီးကိုက်တာ၊ သားငံရည် အရသာဘာမှမကောင်းပေမယ့် ဒီခွေးကလေးကြ ကောင်းမနေဘူးလား၊

(ကောင်းနေပါတယ်ဘုရား)။

သတ္တဝါတွေကိုလှည်းစားတတ်သော တရားနှစ်ပါး

ဘုန်းကြီးတို့ပရိသတ် အဝိဇ္ဇာနဲ့တဏှာသဘောဟာ သတ္တဝါတွေကို ဒီလိုလှည့်စားတယ်။ အဝိဇ္ဇာနဲ့တဏှာဟာ သတ္တဝါတွေကို ဘယ်လိုလုပ်လှည့်တုန်းဆိုရင်၊ ဝိညာဏ်မှာဝင်ပူးပြီးတော့ လှည့်တာ၊ ဘယ်မှာဝင်ပူးလဲ၊ (ဝိညာဏ်မှာပါဘုရား) အရသာကိုသိတဲ့ဝိညာဏ်က ဘာဝိညာဏ်လဲ ဇိဝှါဝိညာဏ်၊ အနံ့ကိုသိတဲ့ဝိညာဏ်က ဃာနဝိညာဏ်၊ အဆင်းကိုသိတဲ့ဝိညာဏ်က စက္ခုဝိညာဏ်၊ ဝါးရင်း ဝါးရင်းနဲ့အသံကလေးကိုကြားသိတဲ့ဝိညာဏ်က သောတဝိညာဏ်။ ဝိညာဏ်တွေနည်းသလား၊ (မနည်းပါဘုရား)။ အဲဒီဝိညာဏ်မှာ အဝိဇ္ဇာတွေက ဝင်ပူးတယ်၊ တဏှာတွေက ဝင်ပူးတယ်ဗျာ၊ အဝိဇ္ဇာနဲ့တဏှာဝင်ပူးတဲ့အခါကြတော့ ဝိညာဏ်တွေမျက်လှည့်ဖြစ်သွားတယ်။ **မာယူပမဋ္ဌဝိညာဏံ**၊ ဝိညာဏံ၊ သိတတ်သောဝိညာဏ်သည်။ မာယူပမံ၊ မျက်လှည့်နဲ့တူ၏၊ ဝိညာဏ်ဆိုတာ မျက်လှည့်နဲ့တူတယ်။

တခါက ပန်းကန်ပြားလောက်ရှိတဲ့နွားချေးခြောက် အကြီးကြီးကို ရော့ဟော့ မုန့်ပြားသလက်ဆိုရင် ဘုန်းကြီးတို့ပရိသတ် အားပါးတရဝါးမှာနော်၊ နွားချေးခြောက်အချပ်ကြီး မျက်လှည့်ဆရာက တခါတည်းမုန့်ပြားသလက်လုပ်ပြ၊ ကလေးတွေသဘောကျ၊ လူကြီးတွေကလည်းသဘောကျတာဘဲ ဟုတ်လား၊ (မှန်လှပါဘုရား)။ အော် ဘုန်းကြီးတို့ပရိသတ် ဝိညာဏ်ဆိုတာ မျက်လှည့်တဲ့၊ ဝိညာဏ်ဆိုတာမျက်လှည့်။

ဖေဏပိဏ္ဍူပမံ ရူပံ၊ ဝေဒနာ ပုဗ္ဗုဠူပမာ။
မရီစိကူပမာ သညာ၊ သင်္ခါရာ ကဒလူပမာ။
မာယူပမဉ္စ ဝိညာဏံ၊ ဒေသိတာဒိစ္စဗန္ဓုနာ။ [၁]

ရူပံ၊ ရူပက္ခန္ဓာတည်းဟူသောရုပ်တရားကြီးသည်ကား။ **ဖေဏပိဏ္ဍူ**ပမံ၊ ရေမြှုပ်ဆိုင်နဲ့တူ၏။ ရေမြှုပ်ကြီးကိုင်ကြည့် ဘာအနှစ်မှမရှိဘူး။ ရူပက္ခန္ဓာလည်းအနှစ်ရှာမရ၊ ရေမြှုပ်ဆိုင်နဲ့တူ၏။

ဝေဒနာ ပုဗ္ဗုဠူပမာ၊ ဝေဒနာကြတော့ ရေပူဖောင်းနဲ့တူသတဲ့၊ ရေမျက်နှာပြင်ပေါ်မှာအညစ်အကြေးလေးရှိတယ်၊ ကောင်းကင်ပေါ်က မိုးသည်းထန်စွာရွာချ ရေသီးရေပေါက်တွေ ပလုံ ပလုံနဲ့ကျတော့ ရေမျက်နှာပြင်ပေါ် ရေပူဖောင်းတွေဖြစ်ပြီးတော့မနေဘူးလား (ဖြစ်နေပါတယ်ဘုရား)။ လှလိုက်တာ ကလေးတွေက ကစားခြင်တော့ သွားပြီးတော့ကောက်၊ ထိလည်းထိရော ထိုင်းကနဲပေါက် ခံစားရတဲ့ဝေဒနာဘယ်လောက်ပဲကောင်းကောင်း၊ ဘုန်းကြီးတို့ပရိသတ်များ ခဏခြင်း ခဏခြင်း ပေါက်ကွဲပျက်စီးနေကြတာ ရေပူဖောင်းလိုပဲ။ **ဝေဒနာ ပုဗ္ဗုဠူပမာ**၊ ဝေဒနာရေပူဖောင်းနဲ့တူတယ်။

မရီစိကူပမာ သညာ။ သညာကြတော့ တံလျှပ်နဲ့တူတယ်၊ ကတ္တရာလမ်းပေါ် ၂ နာရီလောက်မော်တော်ကားစီးသွား၊ ဟိုးရှေ့ ကိုက်တစ်ရာ နှစ်ရာမှာ အမလေး ရေတွေစီးနေတယ်ထင်ရတယ်၊ ဘယ်ဟုတ်မလဲဗျာ၊ နေပူလှိုင်ကြီးတွေထနေတာ ရေထင်နေသတဲ့၊ (မှန်လှပါဘုရား) သညာဆိုတာ အဲဒီလိုအလွဲမှတ်တာနော်၊ အဝိဇ္ဇာကပ်နေတဲ့ သညာဟာ ဒီလိုအလွဲမှတ်သတဲ့၊ **မရီစိကူပမာ သညာ**။ သညာ၊ မှတ်သားမှုတည်းဟူသောသညာသည်။ မရီစိကူပမာ၊ တံလျှပ်နဲ့တူတယ်။

သင်္ခါရာ ကဒလူပမာ။ သင်္ခါရာ၊ ဝေဒနာ သညာမှ ကြွင်းတဲ့ သင်္ခါရက္ခန္ဓာဆိုတဲ့စေတသိက်ငါးဆယ်တို့မှာတော့။ ကဒလူပမာ၊ ငှက်ပျောတုံးနဲ့တူတယ်။ အကာပဲတစ်ဖတ်ခွာလဲ အကာပဲ၊ ခွာတိုင်း ခွာတိုင်း အကာကြီးပဲထွက်တယ်။ အနှစ်ရယ်လို့ ဘယ်ငှက်ပျောတုံးမှာမှ မထွက်ဘူးနော်။ သင်္ခါရ

၁။ သံ၊ ၂။ ၁၁၆

တရားကို တစ်ဖတ်စီ တစ်ဖတ်စီ ဉာဏ်ဓားနဲ့ခွာကြည့်၊ အကာကြီးပဲထွက်သတဲ့ အနှစ်မရှိပါဘူး။ **သခ်ီရာ ကဒလူပမာ**။ သခ်ီရာ၊ သခ်ီရတရားတို့သည်။ (ဝါ) ဝေဒနာ သညာမှကြွင်းတဲ့ စေတသိက်ငါးဆယ် သခ်ီရကွန္ဓာတရားသည်။ ကဒလူပမာ၊ ဌက်ပျော်တုံးနဲ့တူပါပေ၏။

မာယူပမဉ္စ ဝိညာဏံ။ ဝိညာဏံ၊ သိတတ်သော စိတ်ဝိညာဏ်ဆိုသော ဝိညာဏကွန္ဓာတရားကတော့။ မာယူပမံ၊ မျက်လှည့်နဲ့တူလှပါပေ၏။ ဝိညာဏ်က မျက်လှည့်၊ ခန္ဓာငါးပါး၊ ရူပကွန္ဓာဘာနဲ့တူသလဲ၊

(ဌက်ပျော်တုံးနဲ့တူပါတယ်ဘုရား)။ အဲ သာဓုဗျာ

ဖေဏပိဏ္ဍူပမံ ရူပံ၊ ဝေဒနာ ပုဗ္ဗုဠူပမာ။
မရီစိကူပမာ သညာ၊ သခ်ီရာ ကဒလူပမာ။
မာယူပမဉ္စ ဝိညာဏံ၊ ဒေသိတာဒိစ္စဗန္ဓုနာ။

ရူပံ၊ ရုပ်(၂၈) ပါးတည်းဟူသော ရူပကွန္ဓာသည်။ ဖေဏပိဏ္ဍူပမံ၊ ရေမြုပ်ဆိုင်နဲ့တူတယ်။ ဝေဒနာ ပုဗ္ဗုဠူပမာ၊ ဝေဒနာရေပူဖောင်းနဲ့တယ်။ မရီစိကူပမာ သညာ၊ သညာကတော့ တံလျှပ်နဲ့တူတ၏။ တံလျှပ်ကိုရေမှတ်သလိုပဲ သညာက အလွဲကိုမှတ်တယ်။ သခ်ီရာ ကဒလူပမာ၊ သခ်ီရကွန္ဓာကတော့ ဌက်ပျော်တုံးနဲ့တူတယ်။ မာယူပမဉ္စ ဝိညာဏံ။ ဝိညာဏံ၊ ဝိညာဏ်ကတော့။ မာယူပမဉ္စ၊ မျက်လှည့်လိုပဲ လှည်းစားသတဲ့။ အာဒိစ္စဗန္ဓုနာ၊ နေမျိုးနွယ်ဖြစ်တော်မူသော ငါတို့ရဲ့ ဘုရားရှင်သည်။ ဒေသိတာ၊ ကရုဏာရှေ့ထား မေတ္တာအားဖြင့် မိန့်ကြားတော်မူခဲ့ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

ရူပကွန္ဓာ ဘာနဲ့တူ၊ (ရေမြုပ်နဲ့တူပါတယ်ဘုရား)။
ဝေဒနာကွန္ဓာ ဘာနဲ့တူ၊ (ရေပူဖောင်းနဲ့တူပါတယ်ဘုရား)။
သညာကွန္ဓာ ဘာနဲ့တူ၊ (တံလျှပ်နဲ့တူ ပါတယ်ဘုရား)။
သခ်ီရကွန္ဓာ၊ (ဌက်ပျော်တုံးနဲ့တူပါတယ်ဘုရား)။
ဝိညာဏကွန္ဓာ၊ (မျက်လှည့်နဲ့တူပါတယ်ဘုရား)။

အေး မျက်လှည့်၊ အဲဒီ ခန္ဓာငါးပါးကို အကျယ်ဟောထားတာက

ဖေဏပိဏ္ဍူပမသုတ္တန်တဲ့ ဝိပဿနာရှုနည်း ဘုန်းကြီးတို့စာအုပ်ကြီး ထွက်ထား ပြီးပြီ။ ဝိညာဏ်ဆိုတာက မျက်လှည့်၊ ဘယ်နှယ့်ဗျာ၊ စက္ခုဝိညာဏ်ရယ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ်ရယ် ဝိညာဏ် ဘယ်နှစ်ပါးလဲ၊ (ငါးပါးပါဘုရား)။ ပြီးတော့ မနောဝိညာဏ်ရယ် (၆)ပါး၊ ဝိညာဏ်(၆)ပါး။

အဲဒီ ဝိညာဏဓာတ်ဝိညာဏ် (၆)ပါးဟာ အဝိဇ္ဇာကပ်လိုက်တဲ့အခါကြတော့ ဘယ်နှယ့်ဗျာ ဘာအဆင်းမှမရှိတဲ့ အမဲရိုးလှနေတယ်။ ဘာရနံ့မှ မကောင်းတဲ့ညှီစို့စို့အနံ့ကြီးမွှေးနေတယ်၊ ဒီလောက်မာကြောတဲ့ အထိအတွေ့က သူမှာနှည့်နေတယ်၊ ကိုက်လို့သိတ်ကောင်းနေတယ်၊ (မှန်လှပါဘုရား) ဘယ်လိုမှမကောင်းတဲ့အရသာကြီးကို သိပ်ကြိုက်မနေဘူးလား၊ (ကြိုက်နေပါတယ်ဘုရား)။ ဝိညာဏကွန္ဓာက အဝိဇ္ဇာမျက်လှည့်လုပ်ပြီးတော့ ကိုက်ခိုင်းလိုက်တာ၊ ဒါကြောင့် ကိုက်လိုက်ရတာ။

ကာမာ၊ ကာမတရားတို့သည်။ အဋ္ဌကထာလူပမာ၊ အသားတစ်စက်ကမှမရှိ အညှီနံ့သာရတဲ့ အမဲရိုးခြောက်နဲ့တူလှပါပေ၏။ တကျွတ်ကျွတ်နဲ့ခွေးကလေးဝါးတာ၊ ခြောက်နေတဲ့အရိုးတံတွေးတွေစိုမသွားဘူးလား၊ (စိုပါတယ်ဘုရား)။ အဲဒီတော့ လျှက်ကြည့်အရသာပေါ်တယ်၊ သိပ်ကောင်းတဲ့ အရသာ(၆)ပါးရှိမယ်ထင်လို့ကိုက်လိုက်တာ၊ ကိုက်ရင်း ကိုက်ရင်းနဲ့ညနေလဲ စောင်းရော၊ ဟော သွားတွေကျိုးလို့ သွားဖုံးနဲ့မှေးကိုက်တယ်ဗျ၊ တစ်ညတာမောသွားပြီဆိုတော့ ဒီခွေးက အပန်းဖြေအိပ်ပြန်ရော ဘယ်သွားအိပ်သလဲ၊ အမဲရိုးအနားခွေခွေလေးအိပ်တာ၊ မခွါနိုင်ဘူး၊ မနက်မိုးလင်းတော့ မင်းသားက ဒီအရိုးကလေးခေါင်းထောင်ကြည့်ပြန်တယ်၊ သွားတော့မရှိဘူး ဆက်ကိုက်သေးတာပဲ၊ သွားဖုံးနဲ့မှေးကိုက်တာ။

ကိုင်း ဒကာကြီးတွေကို အိမ်ကအမဲရိုးကို ပြန်သာကြည့်ကြပေရော။ ကိုက်လာတာ ဘယ်လောက်ကြာပြီလဲ အောက်သွားတွေရောရှိသေးလား၊ ကုန်ပြီ ကိုယ်ဖြင့်ကိုက်လိုက်ရတာ၊ ဒီအမဲရိုးအနားကလဲမခွါနိုင်ဘူး၊ အေး ကာမဂုဏ်ငါးပါးဆိုတာ ခြောက်သွေ့နေတဲ့အမဲရိုးလိုဘဲနော်။ (မှန်လှပါဘုရား)။ အမဲ

ရိုးကြိုက် ခွေးမိုက်ဆိုတာက ကာမဘုံကသတ္တဝါတွေ ဟုတ်လား။ ကိလေသာ တဏှာလောဘဆိုတာက အမဲရိုးကို ဆွတ်ဖျန်းပေးထားတဲ့တံတွေးနဲ့တူတယ်။ အမဲရိုးစိုလို့အရသာထွက်တာ၊ ခြောက်ရင်ထွက်မလား၊ (မထွက်ပါဘုရား)။ တဏှာရှိတဲ့အတွက်ကြောင့် ကာမဆိုတဲ့အရသာထွက်နေတာ၊ တဏှာကုန်ရင် ကာမဘယ်လောက်ကြီး ဝိုင်းနေ ဝိုင်းနေ အရသာပေါ် အုံးမလား။ အမဲရိုးမှာ စိုနေတဲ့တံတွေးနဲ့တူတဲ့တဏှာကို စွန့်ပစ်ရမှာနော်၊ (မှန်လှပါဘုရား)။

ကာမာ၊ ကာမတရားတို့သည်။ အဋ္ဌကဓ်လူပမာ၊ အသားတစက်ကမှ မရှိ အညှီနံ့သာရတဲ့ အမဲရိုးခြောက်နဲ့တူကြပါပေ၏။ ကိုက်လိုက်ရတာ ဒုက္ခ အရသာကနည်းနည်းမို့လား။ အပွသာဒါ၊ သာယာမှုကအလွန်နည်းတယ်။ ဗဟုပါယာသာ၊ ပင်ပန်းမှုတွေက အလွန်များလှပါပေ၏။ ဧတ္ထ၊ ဤကာမဂုဏ်တရားတို့၌။ အာဒီနဝ၊ ပင်ပန်းတဲ့အပြစ်တွေအပြစ်တွေက။ ဘိယျော ဘိယျော၊ တိုး၍ တိုး၍များလှပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

အဲဒါ ဘာပြောတာတုန်းဆိုတော့ အာဒီနဝကိုရှုတာ၊ ဘာပါလိမ့်မလဲ၊ (ကာမဂုဏ်အပြစ်ကိုရှု့တာပါဘုရား)

ဘာဖြစ်လို့အပြစ်ကိုရှာနေတာတုန်းဆိုတော့ စွန့်ခြင်လို့၊ ဘာဖြစ်လို့ (စွန့်ခြင်လို့ပါဘုရား)။

စွန့်ခြင်လို့အပြစ်ကို ရှာတာ၊ စွန့်ခြင်ရင်၊ (အပြစ်ကိုရှာရမှာပါဘုရား)။

တစ်ယောက်နဲ့တစ်ယောက် စွန့်ခြင်တယ် ခွဲခြင်တယ် ခွါခြင်တယ် ဆိုရင် တစ်ယောက်တဒေသစီခွဲခွါတော့မယ်ဆိုရင် အပြစ်ကလေးတွေ စ စပြောတာ၊ တစ်ယောက်နဲ့တစ်ယောက် ချစ်တုန်းခင်တုန်းကတော့ ဘာအပြစ်မှမရှိကြဘူး၊ ရှိတဲ့အပြစ်တွေ အကုန်လုံးခွင့်လွှတ်ကျေနပ်နေလိုက်ကြတာ။ အေး စွန့်လွှတ်တော့မယ်ဆိုရင် အပြစ်ကလေးတွေပြောပြောလာတော့ အပြစ်တွေများပြီလဲဆိုရော အဲဒါ စွန့်ခွါသွားကြတာဟုတ်လား၊ (မှန်လှပါဘုရား)။

လောကမှာကာ ဒီအတိုင်းရှိတာပေါ့၊ အဲဒီမှာ ဓမ္မသဘာဝလဲ ဒီ

အတိုင်းဘဲ၊ ကာမဂုဏ်ကိုစွန့်မယ်ကြံရင် ကာမဂုဏ်ကို အပြစ်ရှုပါ၊ ကာမဂုဏ်ကိုစွန့်မယ်ဆိုရင် ဘာလုပ်ရမှာလဲ၊ (အပြစ်ရှုရမှာပါဘုရား)။ အပြစ်ရှု့၊ အပြစ်ရှု့တာက အာဒီနဝနုပဿနာလို့ခေါ်ပါတယ်၊ အပြစ်ရှု့တဲ့အခါကြတော့ အဿာဒကုန်သွားတယ်၊ ဘာတဲ့လဲ၊

(အဿာဒကုန်သွားပါတယ်ဘုရား)

အဿာဒကုန်သွားတယ်ဆိုတာက သာယာမှုတွေကုန်သွားတာကို အဿာဒကုန်တယ်လို့ပြောပါတယ်၊ အပြစ်တွေ့တော့ ငြီးငွေ့၊ ငြီးငွေ့တော့ သာယာမှုကုန်၊ သာယာမှုကုန်တဲ့အခါကြမှ စွန့်ပြီ၊ သာယာမှုတွေကုန် အပြစ်တွေငြီးငွေ့တော့ မစွန့်ဘူးလား၊ (စွန့်ပါတယ်ဘုရား)။ အဲဒါကြောင့် ဘုန်းကြီးတို့ပရိသတ် တို့ဘုရားရှင်ကိုယ်တော်မြတ်ကြီးက =

ဘိက္ခဝေ၊ ချစ်သား ရဟန်းတို့။ ကာမာနံ၊ ကာမဂုဏ်ငါးပါးတို့ရဲ့။ အာဒီနဝံ၊ အပြစ်ကို။ ပဿိတွာ၊ ကောင်းစွာထင်ထင် ရှုဆင်ခြင်နိုင်သည်ဖြစ်၍။ နန္ဒီရာဂံ ဆန္ဒရာဂံ၊ ကာမဂုဏ်ငါးပါးကိုကြိုက်နေတဲ့ ဆန္ဒရာဂတဏှာလောဘ ကိလေသာကာမကို။ ပဇဟာ၊ ပယ်စွန့်ပါလေ။ ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်သည်။ ဗျာကရောတိ၊ ဆုတ်ဆိုင်းမရှိ ဟုတ်တိုင်းမှန်စွာ ဟောကြားတော်မူခဲ့ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

စဉ့်တီတုံးနဲ့ဓားကို စွန့်လိုက်ဆိုတာက ကာမဂုဏ်ကိုကြိုက်နေတဲ့တဏှာလောဘကိုပယ်စွန့်လိုက်လို့ရှိရင်၊ ကာမဂုဏ်ကိုကြိုက်တဲ့တဏှာ လောဘကိုစွန့်မယ်ကြံရင် ကာမဂုဏ်ကို အပြစ်ရှု၊ ဘာတဲ့၊

(ကာမဂုဏ်ကိုအပြစ်ရှုရမှာပါဘုရား)။

ဘယ်လိုအပြစ်ရှုရမတုန်းဆိုတော့၊ ကာမဂုဏ်ငါးပါးဆိုတာ အလွန်ခြောက်သွေ့တဲ့ အညှီနံ့မျှသာရတဲ့ အမဲရိုးခြောက်နဲ့တူတယ်။ ကိုယ်ခံစားနေတဲ့ကာမဂုဏ်ကို အမဲရိုးခြောက်လို့သဘောပေါက်လာအောင်၊ ထပ်တလဲလဲဆင်ခြင်လိုက်ရင် တဖြေးဖြေးနဲ့ အပြစ်တွေငြီးငွေ့လို့ သာယာမှုတွေကုန်ကုန်လာပြီ၊ဟုတ်လား၊ (မှန်လှပါဘုရား)။

သာယာမှုတွေကုန်ခမ်းပြီလဲဆိုရော ခုနက အလွန်တရာထက်မြက်တယ်ဆိုတဲ့ခား ကာမတဏှာဟာ ကွာသွားတယ်။ ကာမတဏှာကွာထွက် သွားတယ်ဆိုတာ အသာဒကွာသွားတာ ဒီလိုခေါ်တာ။ အဲဒီတော့ ဆိုလိုက်ကြပါ။

စဉ့်တီ ခားမ၊ စွန့်ဟူက၊ ရာဂပယ်လိုမှူ။
စဉ့်တီခားကို၊ ပယ်စွန့်လို၊ ထိုထိုအပြစ်ရှု့။ (၃) ခေါက်ဆို
အသိသူနာတိ ခေါ ဘိက္ခု ပဉ္စန္နေတံ ကာမဂုဏာနံ အဓိဝစနံ။

ဘိက္ခု၊ ချစ်သားရဟန်း။ အသိသူနာတိ ဇတံ၊ ဒီသံလျက်နဲ့စဉ့်တီတုံးဟူသောစကားသည်ကား။ ပဉ္စန္နံ၊ ငါးပါးကုန်သော။ ကာမဂုဏာနံ၊ ကာမဂုဏ်တရားတို့၏။ အဓိဝစနံ၊ အမည်ပါပေတည်း။ ဥက္ခိပ အသိသူနံ၊ သံလျက်နဲ့စဉ့်တီတုံးကို ပယ်လိုက်လို့ဆိုလိုတာ။ ပဇဟ ကာမဂုဏော၊ ကာမဂုဏ်ငါးပါးကို ပယ်လိုက်လို့ဆိုလိုတယ်။ ပဇဟ ကာမဂုဏော၊ ကာမဂုဏ်ငါးပါးကိုပယ်ဆိုတာက၊ ပဇဟ ဆန္ဒရာဂံ၊ ကာမဂုဏ်ကြိုက်နေတဲ့ တဏှာလောဘ ဆန္ဒရာဂကိုပယ်လိုက်လို့ဆိုလိုပါတယ်။ အယံ၊ ဤဆိုအပ်ခဲ့ပြီးသည်ကား။ ဇတာသ၊ ဤအသိသူနံဟူသောပုဒ်၏။ အတ္ထော၊ ဆိုလိုသောအနက်အဓိပ္ပါယ်ပါပေတည်း။ ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်စုံ အောင်လံထူဖြစ်တော်မူသော သဗ္ဗညူ မြတ်စွာဘုရားသည်။ ဗျာကရောတိ၊ ဆုတ်ဆိုင်းမရှိ ဟုတ်တိုင်းမှန်စွာ ဖြေကြားတော်မူခဲ့ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

(၁၃)ခုမြောက် စဉ့်တီတုံးနဲ့ခား တွေ့တယ်ဆိုတဲ့အကြောင်းအရာကို ပြည့်စုံပါပြီ၊ မနက်ဖြန်ခါမှာ ဝမ်မိကသုတ္တန်နိဂုံးချုပ် အပြီးသတ်ကို ဘုန်းကြီးတို့ဟောပါမယ်၊ ဒီကနေ ဒီမှာဘဲ နားပါပြီး။

ဝမ်မိကသုတ္တန်ဧကာဒသမအပိုင်း

၁၃၄၃-ခု၊ သီတင်းကျွတ်လပြည့်ကျော်(၈)ရက်နေ့ည မန္တလေးမြို့၊ ဦးပေစိမြတ်စွာဘုရား နှစ်(၁၀၀)ပြည့် ဗုဒ္ဓပူဇနိယပွဲ ဓမ္မသဘင်ဆင်ယင်ကျင်း

ပရာဒ္ဓ ဟောကြားအပ်သော မဇ္ဈိမနိကာယ် မူလပဏ္ဏာသပါဠိတော်၌လာသော ဝမ္မိကသုတ္တန်တရားတော်(၁၁)ခုမြောက်အပိုင်းနိဂုံးချုပ်အပိုင်းကို မဟောကြားသေးခင် မနာကြားသေးခင် တရားပိုင်ရှင်ဖြစ်တော်မူသော သဗ္ဗညုမြတ်စွာဘုရားအား ရိုသေစွာ လက်အုပ်ချီမိုး၍ ရှိခိုးကြရအောင်။

မန္တလေးမှာ ဒီစက်ဟာ ပထမဆုံးဘဲ ဒီစက်မျိုးဒီတခါဘဲတွေ့.ဘူးသေးတယ်၊ ဘုန်းကြီးတို့.တရားပွဲစတာ (၈) နာရီခွဲ အခါတိုင်း ဒီအချိန်ဆိုရင် တဝက်တောင်ကျော်ပြီ၊ (၇)နာရီခွဲသာသာစဟောကြတာ၊ မနက်က ဘုန်းကြီးတို့.မိတ္ထီလာကထိန်ပွဲသွားဟောတာ၊ ကျောင်းတိုက်ပေါင်း(၁၀)ခု စုပေါင်းပြီးတော့ ဒကာတဦးတည်းကကထိန်လှူတာ၊ အဲဒီပွဲ မနက်သွားဟောကြတော့၊ နေ့.(၁၂)နာရီခွဲတရားစဟော (၂)နာရီခွဲတော့ ကထိန်တရားပွဲပြီးရော၊ တရားပွဲလဲပြီးရော ဘုန်းကြီးထွက်မဲ့မော်တော်ယာဉ် ကိုင်းထွက်ဟော့ဆိုတော့ ကာဗရိုက်တာထဲရောဝင်လို့.(၃)နာရီခွဲမှထွက်ဖြစ်တယ်၊ (၃)နာရီခွဲလောက်ကနေမောင်းလာတာ စစ်ကိုင်းတောင်ရိုးကို (၆)နာရီ(၄၅)မိနစ်လောက်ရောက်သွားပါတယ်၊ တောင်ပေါ်မှာ နာရီဝက်လောက်နားပြီးတော့ စစ်ကိုင်းကပြန်ထွက်လာတာ အလှူဒကာအိမ်ရောက်တော့ (၈)နာရီ(၅)မိနစ်လောက်ရောက်ပါတယ်၊ ဒါကြောင့်၊ ဘုန်းကြီးတို့.တရားပွဲစတာနောက်ကျသွားတယ်။

ဘုန်းကြီးတို့.ပရိသတ်စောင့်နေရတာ (၁)နာရီလောက်တော့ အချိန်ပိုသွားမယ်ထင်တယ်၊ ထွက်တဲ့အချိန်နောက်ကျတော့စောစောများရောက်မလားဆိုပြီး၊ ကိုင်းမင်းတို့.မော်တော်ကားခနရပ်ထား ငါရှေ့.ကပြေးကြည့်မယ်ဆိုပြီးတော့ ပြေးကြည့်တာ ကားလွတ်အောင်မပြေးနိုင်ဘူး၊ အဲဒါနဲ့.ကားပေါ်ပြန်တက်ရတယ်ဆိုကြပါစို့.ဟုတ်လား၊ ဘာပဲဖြစ်ဖြစ် ဒီကနေ့.ဝမ္မိကသုတ္တန်ရဲ့.နိဂုံးချုပ်တဲ့အပိုင်းပေါ့၊ ဝမ္မိကသုတ္တန်ကို ဘုန်းကြီးတို့.မန္တလေးနေပြည်တော်ကိုလှည့်ပြီးဟောတာ (၁၀) ညဟောပြီးသွားပြီ၊ ဒီကနေ့.(၁၁) ခုမြောက်ညမှာ ဦးပေစိရဲ့.တရားပွဲမှာ အသံ ချဲ့.စက်ကလေး ပေစိစိနဲ့.ဟောကြစို့.။ ဗျူတ်ပတ်နဲ့.လိုက်ပါတယ်၊ ဦးပေစိရဲ့ တရားပွဲမှာ အသံချဲ့.စက်ကပေကပ်ကပ်ဖြစ်နေတယ်၊

(၁၁)ခုမြောက်ကဏ္ဍမှာ ဘုန်းကြီးတို့.မေးခွန်း(၁၄)ကနေပြီးတော့(၁၅)ထိမေးခွန်းနှစ်ခုကျန်တယ်၊ ထိုကျန်နေတဲ့မေးခွန်းနှစ်ခုကို ဘုန်းကြီးတို့. ယခု

နိဂုံးချုပ်ရအောင်ပါ။

တောင်ပို့ကြီးတူးတဲ့အခါ တောင်ပို့ကြီးထဲကထွက်ထွက်လာတာတွေကို သုမေဓခေါ်တဲ့ ပညာရှိတပည့်လုင်က ဆရာပုဏ္ဏားအား ဘာတွေတွေ့တယ်ဆိုတဲ့အကြောင်းလျှောက်တင်တယ်၊ တောင်ပို့ဆိုတာက ကိုယ်ကာယ၊ တောင်ပို့ကြီးတူးရမယ်လဲပြောလာတာက မြတ်စွာဘုရားက တောင်ပို့ကိုတူးကြတဲ့ တပည့်ပညာရှိဆိုတာက ယောဂီပုဂ္ဂိုလ်၊ တောင်ပို့ကြီးညှဉ့်အခိုးတွေလွှတ်တယ်ဆိုတာက ဝိတက်တွေဖြစ်ပွားပြီးတော့ အကြံမှားနေတာ၊ နေ့အခါတောင်ပို့ကြီး မီးတွေတောက်တယ်ဆိုတာက ညတုန်းက ကြံထားတာတွေနေလယ်ခင်းထ၍ ညတုန်းကကြံထားတဲ့ဝိတက်တွေရဲ့အကျိုးတရားတွေကိုနေ့လယ်ခင်းကာလ ထ၍ ကိုယ်နဲ့လုပ်တယ်၊ နှုတ်နဲ့လဲလုပ်တယ်၊ ကာယကံဝစီကံကိုဆောင်ရွက်တဲ့ ကိုယ်အမူယာ နှုတ်အမူအယာတွေမှာ လောဘ ဒေါသတွေဖြစ်ပွားနေတာကိုဆိုတယ်၊

ငါ့တပည့် တူရွင်းလက်နက်ကိုင်ဆွဲပြီးတော့ တူးဆိုတော့ လက်နက်ဆိုတာကညာဏ်၊ ကိုင်တယ်ဆိုတာက သဒ္ဓါ၊ သဒ္ဓါလက်နဲ့ သဒ္ဓါတည်းဟူသောလက်ဖြင့် ပညာဆိုသောတူရွင်းလက်နက်ကိုကိုင်စွဲ ခန္ဓာဆိုသောတောင်ပို့ကို ဝီရိယဖြင့်နာနာတူး တောင်ပို့ထဲကရှေဦးစွာတွေ့လာတာက ယခင်တရားပွဲနာဘူးတဲ့ပရိသတ်တွေပြောပါ၊ မနာဘူးတဲ့ပရိသတ်တွေမပြောနဲ့ တောင်းပန်ပါတယ်။

နံပါတ်(၁) ဘာတွေ့လဲ၊

(မင်းတုပ်တွေ့ပါတယ်ဘုရား) အော် တံခါးပိတ်တဲ့မင်းတုပ်ကြီး၊ မင်းတုတ်ဆိုတာ **အဝိဇ္ဇာတရား**။

ဒုတိယဘာတွေ့လဲ၊

(ဖားပွကြီးတွေ့ပါတယ်ဘုရား)

ဖားပွကြီးတကောင်တွေ့တယ်၊ ဥဒ္ဒုမာယိက ဖား၊ ဖားပွဆိုတာ တခြားမဟုတ်ဘူး **ဒေါသတရား**၊ ဖားပွဆိုတာ ကောဓ၊ ဒေါသကို ဖားပွခေါ်သတဲ့။

နောက်တတိယတူးလို့တွေ့တာက၊

(လမ်းနှစ်ခွပါဘုရား) လမ်းနှစ်ခွဆိုတာဘာတုန်း၊ **ဝိစိကိစ္ဆာတရား** ဟုတ်လား မဟုတ်လား၊ မဟုတ်လား ဟုတ်လား၊ အဲဒီလမ်းမျိုး ဟုတ်သည် ဆုံးဖြတ်ချက်မချနိုင်ဘဲနဲ့ စိတ်ထဲမှာနှစ်ခွဖြစ်နေတာ၊ အဲဒါ လမ်းနှစ်ခွရောက်တာ။ လမ်းနှစ်ခွဆက်တူးတဲ့ လမ်းနှစ်ခွကိုတူးပစ်လိုက် ဝိစိကိစ္ဆာကိုပယ်လိုက် ဝိစိကိစ္ဆာကိုပယ်ကြောင်းတရားတွေကို ဘုန်းကြီးတို့ ပြောထားခဲ့ပါတယ်၊ ဝိစိကိစ္ဆာလမ်းနှစ်ခွပယ်ပြီးတော့။

ရှေ့ဆက်တူး နောက်တခါဘာတွေ့တုန်း
(ဆပ်ပြာရေစစ်တွေ့ပါတယ်ဘုရား)

ဆပ်ပြာရေစစ်ဆိုတာဘာလဲဆိုတော့ **နီဝရဏတရားငါးပါး**၊ ဆပ်ပြာရေစစ်နီဝရဏတရားငါးပါးပယ်ပြီးတော့ ဆက်ခါ ဆက်ခါတူး။

နောက်တခါဘာတွေ့၊
(လိပ်တစ်ကောင်တွေ့ပါတယ်ဘုရား)

လိပ်တစ်ကောင်တွေ့တယ်၊ လိပ်ဆိုတာ **ပဉ္စုပါဒါနက္ခန္ဓာ ခန္ဓာငါးပါး**၊ လိပ်ဆိုတာခန္ဓာငါးပါး၊ လိပ်ကြီးတူးပစ်၊ ခန္ဓာငါးပါးမှာကပ်နေတဲ့ နန္ဒီရာဂ တဏှာလောဘ ဆန္ဒရာဂကိုပယ်ပစ်ရ မယ်ဆိုတော့ ခန္ဓာငါးပါး၌ငြိကပ်နေတဲ့ တဏှာလောဘကိုပယ်ပြီးပြီ။

ရှေ့ဆက်တူး၊ နောက်တခါ ဘာတွေ့အုံးမလဲ၊
(စဉ့်တီတုံးနဲ့ဓားပါဘုရား)

စဉ်တီတုံးနဲ့ဓားမကြီးတချောင်း၊ သံလျှက်ဆိုတာကနန်းတော်ထဲသုံးတာ၊ သားကောင်တွေတုံးပေါ်တင်ပြီးစင်းတဲ့အခါ သံလျှက်နဲ့ဘယ်စင်းမှာလဲ၊ (မှန်လှပါဘုရား)။

ကိုင်းအခု ရှေ့ဆက်ပြီးတူးလိုက်တာ ဘာတွေ့တယ်၊
စဉ့်တီတုံးနဲ့ဓား မကြီးတချောင်း၊

ကောင်းပြီ စဉ်တီတုံးနဲ့ဓားမကြီးတချောင်းက ဘာဖြစ်တာတုန်း ဘာတွေ့တာလဲ၊ အဲဒါ **အာရုံငါးပါး ကာမဂုဏ်တရား** ဟုတ်လား၊ ကာမဂုဏ်ငါး

ပါးဆိုတာ စဉ့်တီတုံး၊ ကာမတဏှာသည် သားလျိုးမား၊ ကာမဂုဏ်ဆိုတဲ့ စဉ့်တီတုံးပေါ်မှာ ကာမဂုဏ်ကြိုက်တဲ့သတ္တဝါတွေကို စင်းပြီးတော့ ကာမတဏှာမားနဲ့လျိုးတာတဲ့၊ အနမတဂ်သံသရာစက်မှာ ကာမဂုဏ်ကြောင့် ဝတ္ထုကာမကြောင့် ကိလေသာကာမနှိပ်စက်လို့ ဆင်းရဲဒုက္ခရောက်ခဲ့ရတာတွေ မရေနိုင်ဘူးဆိုပြီးတော့ စဉ့်တီတုံးနဲ့မားကိုပယ်ဘို့ရန် ကာမရဲ့အပြစ်ကိုရှုဆိုပြီးတော့ စဉ့်တီတုံးနဲ့မား၊ အဲဒါ ယမန်နေ့ညက ဘုန်းကြီးတို့ဟောတာနော်၊ အဲဒီ စဉ့်တီတုံးနဲ့မားပယ်ပြီးပြီတဲ့၊ ယခုရောက်လာတဲ့မေးခွန်းနံပါတ်(၁၄)မှာ တောင်ပို့ထဲကတွေ့တဲ့အရာဝတ္ထု ဘုန်းကြီးတို့ပရိသတ်ရေ၊

ပညာရှိတပည့်လုလင်။ သတ္ထံ၊ တူးရွင်လက်နက်ကို။ အာဒါယ၊ ကိုင်စွဲပြီးတော့။ ဝမ်မိကံ၊ တောင်ပို့ကို၊ အဘိက္ခဏာ၊ ဆက်ခါဆက်ခါတူးလိုက်ပါလောဒ့ါတပည့်ပညာရှိလုလင်။ တူးရွင်လက်နက်ကို ကိုင်စွဲပြီးတော့ တောင်ပို့ကို ဆက်၍သာတူးပါ၊ ကောင်းပါပြီဆိုပြီးတော့ တပည့်ပညာရှိက၊

အဘိက္ခဏန္တော သုမေဓ သတ္ထံ အာဒါယ ဝမ်မိကံ။

သုမေဓ၊ ပညာရှိ တပည့်လုလင်သည်။ သတ္ထံ၊ တူးရွင်းလက်နက်ကို။ အာဒါယ၊ ကိုင်စွဲပြီးတော့။ ဝမ်မိကံ၊ တောင်ပို့ကို။ အဘိက္ခဏန္တော၊ ဆက်ကာဆက်ကာတူးပြန်သည်ရှိသော်။ မံသပေသီ၊ အသားတုံး အသားတစ်တခုကို။ အဒဿ၊ မျက်ဝါးထင်ထင် တွေ့မြင်ပြန်သည်။ တောင်ပို့ကိုဆက်တူးပြန်တော့ တောင်ပို့ကြီးထဲကတွေ့လာပြန်ပြီ အသားတုံး အသားတစ်တခုတဲ့။ ဘာပါလိမ့်

(အသားတစ်တခုပါဘုရား)

သွေးသံတွေရဲလို့ အသားတစ်တခုတဲ့ တောင်ပို့ထဲကရလာပြန်ပြီ၊ အဲဒီတောင်ပို့ကြီးထဲကထွက်လာတဲ့ အသားတစ်ကြီး သွေးသံရဲနေတာကို တောင်ပို့တူးတဲ့တပည့်ပညာရှိလို့ဆိုရမယ့် ယောဂီပုဂ္ဂိုလ်ဖြစ်တော်မူသော အရှင်ကုမာရကဿပမထေရ်မြတ်ကြီးက။

ဘန္တေ၊ ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား။ မံသပေသိ၊ အသားတစ်ကြီးပါဘုရား။ ကိ ကရောမိ၊ ဘာလုပ်ရမှာတုန်းလို့မေးတယ်၊ ဘန္တေ၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ မံသပေသိတိ၊ အသားတစ်ဆို

သည်ကား။ ကာ၊ အဘယ်ပါနည်းအရှင်ဘုရား။ မေးတယ် အမေးနှစ်ခု မံသ ပေသိ၊ အသားတစ်ဟူသည်ကား။ ကာ၊ အဘယ်ပါနည်း။ မံသပေသိ၊ အသား တစ်ကြိုးကို။ ကိ ံကရောသိ၊ ဘယ်လိုလုပ်ရမှာပါလဲဘုရား။ ကွတိ၊ ဤသို့၊ အာယသ္မာကုမာရကဿပေါ၊ ယောဂီပုဂ္ဂိုလ်ဖြစ်သော အရှင်ကုမာရကဿ ပမထေရ်မြတ်သည်။ ဘဂဝန္တံ၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့်ပြည့်စုံတော် မူသော သဗ္ဗညုမြတ်စွာဘုရားကို။ စုဒ္ဒသမံ၊ (၁၄)ခုမြောက်ဖြစ်သော။ ပဉ္ဟံ၊ မေးခွန်းကို။ အပုစ္ဆိ၊ သိလိုရေးနှင့် မေးမြန်းတော်မူခဲ့ပါပေသတည်း။

သာဓု သာဓု သာဓု ပါဘုရား။

တောင်ပို့ထဲကတပည့်တော်များဆက်ပြီးတူးသည့်ကာလ တောင်ပို့ထဲက အသားတစ်တခုရပါသည်ဘုရား၊ အသားတစ်ဆိုတာဘာများပါလဲမြတ်စွာ ဘုရား၊ အဲဒီအသားတစ်ကြိုးကို တပည့်တော် ဘယ်လိုလုပ်ရမှာလဲလို့ အရှင် ကုမာရကဿပမထေရ်သည် ငြဟ္မာကြိုးပေးလိုက်တဲ့မေးခွန်းကို သယ်ဆောင် လာ၍ မြတ်စွာဘုရားအားလျှောက်တော့ - မြတ်စွာဘုရားရှင်ကိုယ်တော်မြတ် က အသားတစ်ဆိုတာတခြားမဟုတ်တဲ့၊

"မံသပေသီ" တိ ခေါ ဘိက္ခု နန္ဒီရာဂဿေတံ အဓိဝစနံ။ ံ

ဘိက္ခု၊ ချစ်သား ရဟန်း။ မံသပေသီတိ ဧတံ အဓိဝစနံ၊ အသား တစ် အသားတုံးဟူသောဤ စကားသည်။ နန္ဒီရာဂဿ၊ နန္ဒီရာဂရဲ့။ အဓိဝစနံ၊ အမည်ပါပေတည်း။ အသား တစ်ဆိုတာ နန္ဒီရာဂကိုခေါ်တယ်။ ကွတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက် ပါးသခင် မြတ်စွာဘုရားသည်။ ဗျာကရောသိ၊ ဆုပ်ဆိုင်းမရှိ ဟုတ်တိုင်းမှန်စွာ ဖြေကြားတော်မူခဲ့ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

အိုးကင်းပူထဲကပ်နေတဲ့အသားတုံးကြီး

အသားတစ်ဆိုတာနန္ဒီရာဂ အသားတစ်ဆိုတာဘာတဲ့ (နန္ဒီရာဂပါ ဘုရား) ဘုန်းကြီးတို့ပရိသတ်များ အိုးတစ်ခု မီးနာနာထိုး မီးဖိုပေါ်တင်ထား

၁။ မ၊ ၁။ ၁၉၈

အဲဒီ အိုးကင်းထဲဆီမထည့်နဲ့. ယခုအခါသွေးသံရဲနေတဲ့ အသားတုံးကြီးကို မီးထိုးလို့ပူနေတဲ့အိုးကင်းပူကြီးထဲကိုပစ်ထည့်လိုက်စမ်းပါ။ အိုးကင်းပူကြီးထဲ ရောက်တဲ့အခါ အဲဒီ အသားတုံးကြီးဟာလဲ ဘယ်လိုဖြစ်သွား၊ ဘုန်းကြီးတို့ ပရိသတ် ဘာပြောမယ်ဆိုတာကို ဘုန်းကြီးက ဟိုဘက်မြင်နေတယ်၊ အိုးကင်းထဲရောက် ကျက်သွားလိမ့်မယ်၊ သူတို့က ဒီလိုတွက်မှာပေါ့၊ စားချင်တာကိုဗျ ဘာဖြစ်သွား ဒီလောက်ပူနေတဲ့အိုးကင်း ဆီမပါဘဲနဲ့အသားတုံးပစ်ထည့်ကပ်နေမှာပေါ့၊ ဘာဖြစ်သွားလဲ၊

(ကပ်နေပါတယ်ဘုရား)

ဆီမရှိဘဲကပ်နေမှာ ပူလေကပ်လေ ပူလေကပ်လေ ဘယ်လိုမှခွါမရဘူး၊ ဒီလိုနဲ့အသားတုံးကြီးကို အိုးကင်းပူထဲပစ်ထည့် ရှဲကနဲဆို တခါတည်းကပ်နေတာ ခွါလို့ကိုမရဘူး မီးထိုး တဖြည့်ဖြည့်နဲ့ကပ်သွားနောက် ဆုံးကြတော့ ကျွမ်းပြီးတော့ ဒီအသားတုံးကြီး ကို စားလို့ကိုမဖြစ်တော့ဘူးဗျာ။

နန္ဒီရာဂဆိုတာ တရားကိုယ်ကောက်ရင် လောဘစေတသိက်၊ နန္ဒီနှစ်သက်တယ်၊ ရာဂစွဲသွားတယ်၊ နှစ်သက်ပြီးရင်စွဲသွားတယ်တဲ့၊ နန္ဒီရာဂဆိုတာ နှစ်သက်ပြီးရင် (စွဲသွားပါတယ်ဘုရား) ရူပါရုံကိုနှစ်သက်မိရင် စွဲသွားတယ်၊ သဒ္ဒါရုံကို နှစ်သက်မိရင်စွဲသွားတယ်၊ ဂန္ဓာရုံကို နှစ်သက်မိရင်စွဲသွားတယ်၊ ရသာရုံကို နှစ်သက်မိရင်စွဲသွားတယ်၊ ဖောဋ္ဌဗ္ဗာရုံကို နှစ်သက်မိရင် စွဲမက်သွားတယ်၊ အာရုံငါးပါး ကာမဂုဏ်တရားတွေကိုနှစ်သက်မိရင် စွဲသွားတဲ့နန္ဒီရာဂ၊ ရောက်ရာ ရောက်ရာဘဝ ဖြစ်ရာ ဖြစ်ရာဘဝကို နှစ်သက်မိရင် စွဲမက်သွားတယ်၊ ရရာ ရရာခန္ဓာကိုနှစ်သက်မိရင် စွဲမက်သွားတယ်၊ ရရာ ရရာကာမဂုဏ်ကိုနှစ်သက်မိရင် စွဲမက်သွားတယ်၊ နန္ဒီရာဂ တရားကိုယ်ကလောဘစေတသိက်၊ အဲဒီ နှစ်သက်ခြင်း စွဲမက်ခြင်းဆိုတဲ့နန္ဒီရာဂဖြစ်ရင် အဲဒါ ဒုက္ခဖြစ်ပြီလို့မှတ်ထား။

ဘာဖြစ်လို့လဲဆိုတော့ အိုးကင်းပူထဲ အသားတုံးကြီးပစ်ထည့် တော့ကပ်မနေဘူးလား၊ (ကပ်နေပါတယ်ဘုရား) အဲဒီကပ်နေတဲ့အသားတုံး ခွါ၊ ခွါတိုင်း ခွါတိုင်းဟိုဘက်ကပဲ့ထွက် ဒီဘက်ကပဲ့ထွက်၊ ဒီဘက်ကလှိမ့်ပြီးတော့ခွါ

လိုက် ကွာသွားရင် အသားတွေကရဲ့ကနဲအိုးကင်းမှာပဲ့ကျန်ရစ်တာ။ နောက် ဘက်ဟိုဘက်လှိမ့်ခွါ၊ လှိမ့်ရာကကပ်၊ ကပ်တဲ့နေရာကခွါလိုက်၊ အသားတွေက ပဲ့ကျန်ရစ်၊ နောက်ဆုံးကြတော့ ဒီအသားတုံးအကောင်းမကျန်ဘူးနော်၊ နန္ဒီရာဂနဲ့ကာမဂုဏ်ငါးပါးနဲ့ကပ်ပြီးပြီဆိုရင် အိုးကင်းပူနဲ့အသားတုံးကပ်ငြိတာထက် ပိုဆိုးတယ်၊ ဒုက္ခသိပ်များတယ်နော်။ နန္ဒီရာဂနဲ့ဘဝသုံးပါးကပ်ငြိရင်လဲ ဒီလိုဘဲ ခွါလို့ကိုမရဘူးတဲ့ ဒုက္ခသိပ်များတယ်။ ဒါကြောင့် ပုဏ္ဏာဝါဒ သုတ္တန်ကောက် နှုတ်ချက်ကို ဘုန်းကြီးတို့ပရိသတ်ကို ခဏ ခဏဆိုပေးဘူးပါတယ်၊

နန္ဒီသမုဒယာ ဒုက္ခသမုဒယော ပုဏ္ဏာတိ ဝဒါမိ။ [၁]

ဘာတဲ့တုံး၊ (နန္ဒီသမုဒယာ ဒုက္ခသမုဒယော ပါဘုရား) အဲဒါနှုတ်ငုံ ဆောင်ပေါ့ဗျာ၊ ပါဠိတော်နှုတ်ဆောင်ဆိုတာ အဲဒါလိုရင်းဘဲ။ နန္ဒီသမုဒယာ ဒုက္ခသမုဒယော။ နန္ဒီသမုဒယာ၊ နန္ဒီရာဂဖြစ်ခြင်းကြောင့်။ ဒုက္ခသမုဒယော၊ ဒုက္ခဖြစ်တယ်။ နန္ဒီသမုဒယာ၊ နှစ်သက်မှုဖြစ်ခြင်းကြောင့်။ ဒုက္ခသမုဒယော၊ ဒုက္ခဖြစ်တယ်။ နန္ဒီရာဂဖြစ်ရင် ဘာဖြစ်တုံး၊

(ဒုက္ခဖြစ်ပါတယ်ဘုရား)

နှစ်သက်မှုဖြစ်ရင်၊

(ဒုက္ခဖြစ်ပါတယ်ဘုရား)

အေး ဒုက္ခဖြစ်တယ်၊ အဲဒါကိုသစ္စာနှစ်ပါးစပ်ပြီးတော့ပြတယ်။ နန္ဒီသမုဒယာ ဒုက္ခသမုဒယော။ နန္ဒီသမုဒယာ၊ နန္ဒီရာဂဆိုတဲ့အသားတစ်ကြိုးဖြစ်ပေါ်လာတဲ့အတွက်ကြောင့်။ ဒုက္ခသမုဒယော၊ အိုးကင်းပူမှာအသားတုံးကပ်နေသလို ဘဝတွေ ခန္ဓာတွေ ကာမတွေမှာကပ်ငြိပြီးတော့ဒုက္ခရောက်တယ်။ အဲဒါပြောင်းပြန်လှန်လိုက်တော့၊

နန္ဒီနိရောဓာ ဒုက္ခနိရောဓော၊ ဒီလိုလာတယ်၊ နန္ဒီနိရောဓာ ဒုက္ခနိရောဓော၊ ဒီနှုတ်ငုံဆောင်ဘို့မမေ့ပါနဲ့၊ ပထမဝဋ္ဋသစ္စာနှစ်ပါးကို **နန္ဒီသမုဒယာ ဒုက္ခသမုဒယော**။ နောက် ဝိဝဋ္ဋသစ္စာနှစ်ပါးကိုတော့ **နန္ဒီနိရောဓာ ဒုက္ခနိရောဓော** တဲ့၊ နန္ဒီရာဂချုပ်ရင် ဒုက္ခချုပ်တယ်တဲ့နောက်အပိုဒ်က၊ ရှေ့အပိုဒ်

၁။ မ၊ ၃။ ၃၁၁

ကတော့ နန္ဒီရာဂဖြစ်ရင် ဒုက္ခဖြစ်တယ်၊ နန္ဒီရာဂဖြစ်ရင် သူကသမုဒယဒုက္ခ ဖြစ်တယ်၊ ဒုက္ခသစ္စာဟုတ်လား၊ အဲဒါ သံသရာဝဋ်ထဲမှာဖြစ်တဲ့သစ္စာနှစ်ပါး မို့လို သူ့ကို ဝဋ္ဋသစ္စာဒီလိုခေါ်တာ။ ဝိဝဋ္ဋသစ္စာ သံသရာဝဋ်ဆင်းရဲမှုလွတ် မြောက်ပြီးဖြစ်လာတဲ့သစ္စာကြတော့ နန္ဒီနိရောဓာ ဒုက္ခနိရောဓော။

နှစ်သက်စရာသုံးမျိုး

ဒီစာနှစ်ပိုဒ်ဟာ သစ္စာလေးပါးကိုဖော်ပြတဲ့စာပိုဒ်ပါ၊ ပုဏ္ဏောဝါဒသုတ်ထဲမှာဆိုကြည့်ပါအုံး - နန္ဒီသမုဒယာ ဒုက္ခသမုဒယော၊ ဟုတ်ပြီ နန္ဒီသမုဒယာ၊ နှစ်သက်မှုဖြစ်ရင်။ ဒုက္ခသမုဒယော၊ ဒုက္ခများပြီ၊ နှစ်သက်စရာကများများ မပြောဘူး သုံးမျိုးထဲရယ်၊

(၁) ဘဝ
(၂) ခန္ဓာ
(၃) ကာမတဲ့

ဘယ်နှစ်မျိုးလဲ (သုံးမျိုးပါဘုရား) ဘဝကိုနှစ်သက်ရင် ဒုက္ခဖြစ်ပြီ၊ ခန္ဓာကိုနှစ်သက်ရင် ဒုက္ခဖြစ်ပြီ၊ ကာမဂုဏ်ငါးပါးကိုနှစ်သက်ရင် ဒုက္ခဖြစ်ပြီ၊ နှစ်သက်စရာဘယ်နှစ်မျိုးရှိတုံး စုခြုံပြီးပြောရင်ဒီသုံးမျိုးသာ ဘဝကိုနှစ်သက်တယ်၊ ခန္ဓာကိုနှစ်သက်တယ်၊ ကာမကိုနှစ်သက်တယ် ဟုတ်လား၊ အဲဒီနှစ်သက်တယ်ကို တရားကိုယ်ကောက်လိုက်ရင် လောဘစေတသိက်၊ ဘာစေတသိက်လဲ၊

(လောဘစေတသိက်ပါဘုရား)

ဒီလောဘက ဘဝကိုနှစ်သက်တယ်၊ ခန္ဓာ၊ ကာမဂုဏ်ငါးပါးနှစ်သက်တယ် သူသည် သမုဒယသစ္စာတရား၊ အသားတစ်နဲ့အိုးကင်းပူကပ်သလို ဘဲတဲ့၊ လောဘစေတသိက်ကို တရားကိုယ်ယူရတဲ့၊ နန္ဒီ ရာဂတရားဟာ ဘဝမှာလဲကပ်နေတယ်၊ ခန္ဓာမှာလဲကပ်နေတယ်၊ ကာမမှာလဲကပ်နေတယ်၊ ကပ်တိုင်းကပ်တိုင်း အဲဒါ ဒုက္ခဖြစ်ဘို့ချည်းဘဲနှလုံးသွင်းထား၊ အဲဒီ ကပ်နေတဲ့နန္ဒီရာဂ ဘဝပေါ်မှာ ခန္ဓာပေါ်မှာကာမပေါ်မှာကပ်နေတဲ့နန္ဒီ ရာဂကိုခွါနိုင်ရင် ထိုပုဂ္ဂိုလ်သည် အား နိရောဓရောက်လို့ အဲဒီမှာသုခတဲ့ ဟုတ်လား၊ ဒီတော့ ဘုရားကိုယ်တော်မြတ်က-

မံသပေသိတိ ဧခါ ဘိက္ခု နန္ဒီရာဂဿေတံ အဓိဝစနံတဲ့၊

ဘိက္ခု၊ ချစ်သားရဟန်း။ မံသပေသိတိ ဧတံ အဓိဝစနံ၊ မံသပေသိ ဟူသော ဤစကားသည်ကား။ နန္ဒီရာဂဿ၊ နန္ဒီရာဂဆိုသောတဏှာလောဘ သမုဒယ သစ္စာတရားရဲ့။ အဓိဝစနံ၊ အမည်ပါပေတည်း။

အသားတစ်ဆိုတာပစ်ရာ ပစ်ရာ ထားရာ ထားရာမှာကပ်ငြိနေလို့ အသားတစ်ဟာ အိုးကင်းပူမှာတင်ကပ်တယ်မထင်နဲ့ ဘယ်နေရာထားထား ထားတဲ့နေရာကပ်တယ်၊ သွေးသံရဲနေတဲ့အသားတုံးတနေရာထား ပျဉ်ပြားပေါ်ချထား၊ ကြမ်းပေါ်မှာချထား၊ စားပွဲပေါ်မှာချထား ပန်ကန်ပြားထဲထည့်ထား အိုးထဲထည့်ထား ခွက်ထဲထည့်ထား ထားချင်တဲ့နေရာထား ဒီအသားတုံးဟာရောက်ရာ ရောက်ရာ ထိရာ ထိရာမှာ ထားရာ ထားရာမှာကပ်နေတယ်။ ထားရာ ထားရာ ရောက်ရာ ရောက်ရာ ထိရာ ထိရာမှာ ကပ်နေတဲ့သဘော ရှိတဲ့ အသားတုံးကို မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က နန္ဒီရာဂလို့သဘော ကျလိုက်ပါတဲ့ ဟုတ်လား၊ (မှန်လှပါဘုရား) ဓမ္မစကြာမှာ ဘုန်းကြီးတို့ပရိသတ်ရမှာပေါ့ အဆိုတော့မခိုင်းတော့ပါဘူး၊ ကိုယ်ဟာကို မရတရဆိုကြည့်ရအုံးမယ်၊ မှားရင်ဘုန်းကြီးတို့ပရိသတ်ထောက်ပေးပါနော်။ ဒုက္ခသစ္စာပြီးရင် ဓမ္မစကြာမှာ ဘာသစ္စာများလာတယ် မသိဘူး၊ (သမုဒယသစ္စာပါဘုရား) သမုဒယသစ္စာဘယ်ကစရွတ်မလဲ-

ကွဲဒံ ဧခါ ပန ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ၊ ယာယံ တဏှာ ပေါနောဘဝိကာ နန္ဒီရာဂသဟဂတာ တတြတတြာဘိနန္ဒိနီ။ သေယျထိဒံ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ၊ [၁]

အဲဒီအထဲမှာ တတြ တတြဘိနန္ဒိနီဆိုတဲ့စာပိုဒ်မပါဘူးလား၊ တတြ တတြ၊ ထိုထိုရောက်ရာဘဝ၌။ တတြတတြ၊ ထိုထိုရရာ ခန္ဓာငါးပါး၌။ ရရာ ခန္ဓာငါးပါး (သို့မဟုတ်) လေးပါး (သို့မဟုတ်) တစ်ပါး၊ ခန္ဓာငါးပါးအပြည့်အစုံရှိတဲ့ဘဝကျတော့ ပဉ္စဝေါကာရဘုံကြတော့ငါးပါးရတယ်၊ အရူပဘုံ၊ စတုဝေါကာရဘုံကြတော ခန္ဓာလေးပါး၊ အသညသတ်ဘုံကြတော့ ရူပက္ခန္ဓာတပါး

၁။ ဝိ၊ ၃။ ၁၅

တည်းရတယ်၊ ဘယ်ဘဝ ဘယ်ခန္ဓာရောက်ရောက် ရသလောက်ခန္ဓာလေးကို အဲဒီနန္ဒီရာဂတဏှာလောဘဟာ အဘိနန္ဒီတဲ့၊ ဘာတဲ့ (အဘိနန္ဒီနီပါဘုရား) နန္ဒီနီဆိုတော်ရောပေါ့၊ အဘိဆိုတဲ့စာလုံးကိုရှေ့ကထည့်ပြီးတော့ မြတ်စွာဘုရားကဟောထားတယ်။

နန္ဒီနီ၊ နှစ်သက်လေ့ရှိတယ် ဘယ်လောက်တောင်နှစ်သက်လေ့ရှိတုံးဆိုတော့၊ အဘိနန္ဒီနီ၊ အလွန်.အလွန်ကိုနှစ်သက်လေ့ရှိတာ၊ ဟုတ်လား တတြတတြ၊ ထိုထိုဖြစ်ရာခန္ဓာငါးပါး၌။ တတြတတြ၊ ထိုထိုရရာအာရုံငါးပါး ကာမဂုဏ်တရားတို့၌။ အဘိနန္ဒီနီ၊ အလွန်နှစ်သက်လေ့ရှိပေထသော။ ယာယံတဏှာ၊ ယင်းတဏှာသည်။ ယာယံတဏှာ၊ ယင်းလောဘတဏှာသည် နန္ဒီရာဂသဟဂတာ၊ နှစ်သက်ခြင်း၊ စွဲမက်ခြင်းနဲ့ဖြစ်လာတယ်။ အဲဒီတဏှာဟာ နှစ်သက်ခြင်း စွဲမက်ခြင်းနှင့်ဖြစ်လာတယ်၊ နန္ဒီရာဂ သဟဂတာ တတြ တတြ ဘိနန္ဒီနီ သေယျထိဒံ၊ အဲဒီ နန္ဒီရာဂတဏှာလောဘကဘာတွေတုံးဆိုတော့၊ ကာမတဏှာ ကမာဂုဏ်ကြိုက်တဲ့တဏှာတမျိုးရှိတယ်၊ ဘဝတဏှာ ဘဝခိုင်မြဲမှုကိုကြိုက်တဲ့တဏှာတမျိုးရှိတယ်၊ ဝိဘဝတဏှာ၊ သေပြီးရင်ပြတ်တာပဲကောင်းတယ်တဲ့ ဘဝပြတ်စဲမှုကြိုက်တဲ့တဏှာတမျိုးရှိတယ်၊ ဘယ်နှစ်မျိုးလဲ (သုံးမျိုးပါဘုရား)။

သေခြင်းတရားကို ကြိုက်သူနှင့် မကြိုက်သူ

ဘုန်းကြီးတို့.ပရိသတ်ရှင်းရှင်းလေးမေးမယ် ဘုန်းကြီးတို့ ပရိသတ် သေခြင်သလား မသေခြင်ဘူးလား၊

(မသေခြင်ပါဘုရား)

အဲဒီ မသေခြင်ဘူး ဆိုတာကိုက ဘဝခိုင်မြဲမှုကိုကြိုက်နေတာ၊ အဲဒါ ဘဝတဏှာမြဲတာကြိုက်တယ်ဆိုတော့ ဒါ ဘဝတဏှာ၊ အဲဒီထဲ ဒိဋ္ဌိကပူးဝင်သွားတယ်၊ ဘာပူးသွားသလဲ၊ (ဒိဋ္ဌိပါဘုရား)။ ပူးသွားတဲ့ဒိဋ္ဌိကို သဿတဒိဋ္ဌိခေါ်တယ်၊ ခိုင်မြဲမှုကြိုက်တဲ့ဒိဋ္ဌိဆိုတော့ သဿတဒိဋ္ဌိပေါ့ဗျာ။

တခို့ပုဂ္ဂိုလ်တွေကျတော့ရော အို သေပြီးပြတ်တာဘဲကောင်းပါတယ်ကွာ နောက်ဘဝမရှိတာဘဲကောင်းပါတယ်ဆိုတော့ ဘာကြိုက်တာတုံး ဘဝ

ပြတ်တာမကြိုက်ဘူးလား၊

(ကြိုက်ပါတယ်ဘုရား)

အဲဒီပြတ်သွားတာလေးကို ဘဲ ကြိုက်နေတော့ အဲဒီမှာလဲ ကာမတဏှာမပါလား၊

(ပါပါတယ်ဘုရား)၊

မပြတ်ပေမယ့် ပြတ်သလိုယူသွားတော့ အဲဒါက ဒိဋ္ဌမနေလား၊ ဥစ္ဆေဒဒိဋ္ဌနဲ့တဏှာဟာတွဲလိုက်သွားတယ်၊ နောက်ဘဝမရှိဆိုတဲ့လူတစ်စုမှာနော်၊ (မှန်လှပါဘုရား) နောက်ဘဝရှိဆိုတဲ့ပုဂ္ဂိုလ်များကြပြန်တော့လဲ ဒီသား ဒီသမီး ဒီခင်ပွန်းနဲ့ ဒီဘဝလဲအတူတူပေါ့ နောက်ဘဝလဲအတူတူပေါ့ နိဗ္ဗာန်ဝင်တော့လဲအတူတူပေါ့ သွားလေရောတသီကြီး တဆက်တည်းဟုတ်လား၊ သူတို့ကြတော့ သဿတဒိဋ္ဌနဲ့တဏှာတွဲပြီးတော့သွားတယ်။ နောက်ဘဝပြတ်တာမပြတ်တာတွေ မစဉ်းစားဘူး၊ ဒိဋ္ဌမမှ ဒီဘဝမှာ ကာမဂုဏ်တွေ မြိန်မြိန်ကြီးခံစားရရင် တော်ပြီဟော့ဆိုပြီးတော့ သူတို့မှာကာမတဏှာတွေ ဖြစ်နေတယ်။ အဲဒါကြောင့် ကာမဂုဏ်ငါးပါးကြိုက်တဲ့တဏှာ၊ ဘဝခိုင်မြဲရေးကြိုက်တဲ့တဏှာ၊ ဘဝပြတ်စဲတာကြိုက်တဲ့တဏှာ ဘယ်နှစ်မျိုးလဲ (သုံးမျိုးပါဘုရား) အဲဒီတဏှာလောဘသည် တတြတတြ ထိုထိုရောက်ရာရောက်ရာဘဝ၊ ဖြစ်ရာ ဖြစ်ရာခန္ဓာ၊ ရရာ ရရာကာမမှာ။ အဘိနန္ဒိနီ၊ အလွန်နှစ်သက်လေ့ရှိတတ်ပါတယ်၊ စွဲမက်လေ့ရှိတတ်ပါတယ်။

ဒါကြောင့် နိန္ဒိရာဂသဟဂတာ၊ နှစ်သက်ခြင်းတွေ စွဲမက်ခြင်းတွေနဲ့တကွဖြစ်နေတယ်၊ ယာယံတဏှာ၊ ယင်းတဏှာသည်။ နန္ဒိရာဂသဟဂတာ၊ နှစ်သက်ခြင်းနဲ့လဲတကွဖြစ်တတ်တယ်၊ စွဲမက်ခြင်းနဲ့လဲတကွဖြစ်တတ်တယ်၊ အယံ၊ ဤသည်ကား။ ဒုက္ခသမုဒယော၊ ဒုက္ခရဲ့အကြောင်းပါပေတည်း။ အဲဒါဟာဒုက္ခရဲ့အကြောင်း ဒါကြောင့်မို့လိုပုဏ္ဏောဝါဒသုတ်က နန္ဒိသမုဒယာ ဒုက္ခသမုဒယော၊ နှစ်သက်ရင်စွဲမက်သွားတယ် နှစ်သက်မှု စွဲမက်မှုတွေ အတူတကွပူးဝင်သွားပြီလဲဆိုရော အိုးကင်းပူမှာအသားတုံးကပ်သလိုပဲတဲ့ကာမဂုဏ်နဲ့ဒီနန္ဒိရာဂကပ်ထားတယ်၊ ခန္ဓာနဲ့နန္ဒိရာဂကပ်ထားတယ်၊ ဘဝနဲ့နန္ဒိရာဂနဲ့

လည်းကပ်ထားတယ်၊ အဲဒီကပ်မိတဲ့ပုဂ္ဂိုလ်တွေခွါမရရင် ဒုက္ခတဲ့ ဟုတ်လား၊ (မှန်လှပါဘုရား) ဒီတော့မြတ်စွာဘုရားကိုယ်တော်မြတ်က-

အသားတစ်ဆိုတာ လောဘတဏှာ

မံသပေသီ ပဇဟ၊ ဘိက္ခု။ ချစ်သားရဟန်း။ မံသပေသီ၊အသားတစ်ကြိမ်းကို။ ပဇဟ၊ ပယ်လိုက်ပါလေ။ အသားတစ်ကိုပယ်ပစ်လိုက်။ ဥက္ခိုပမံသပေသီ၊ မံသပေသီ၊ အသားတစ်ကြိမ်းကို။ ဥက္ခိုပ၊ တူးပစ်လိုက်ပါ။ ပဇဟ၊ ပယ်ပစ်လိုက်ပါ။ အသားတစ်ပယ်ပစ် တူးပစ်ဆိုတာ တခြားမဟုတ်တဲ့၊ နန္ဒီရာဂံ၊ နန္ဒီရာဂတဏှာလောဘကို။ ပဇဟ၊ ပယ်လိုက်ပါလေ အသားတစ်ပယ်ဆိုတာ နန္ဒီရာဂပယ်လို့ပြောတာ၊ အသားတစ်ကြိမ်းပယ်ဆိုတာဘာလဲ၊

(နန္ဒီရာဂကိုပယ်ခိုင်းတာပါဘုရား)

နန္ဒီရာဂံ၊ နန္ဒီရာဂကို။ ပဇဟ၊ ပယ်လိုက်ပါ။ ဣတိအယံ၊ ဤသည်ကား။ အတ္ထော၊ ဧတသ ဥက္ခိ မံသပေသိ ပဇဟ နန္ဒီရာဂံဟူသောပုဒ်၏အနက်ပါပေတည်း။ ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုရားရှင်ကိုယ်တော်မြတ်သည်။ ဗျာကရောသိ၊ ကောင်းစွာမသွေ ဖြေကြားတော်မူခဲ့ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

အသားတစ်ပယ်ဆိုတော့ ဘုန်းကြီးတို့ပရိသတ် ဒီအသားတစ် ဘယ်နှယ်လုပ်ပယ်မတုံးဆိုတော့ ဘုန်းကြီးတို့ပြောနေကြမူအတိုင်းအပြစ်ရှုပယ်ပါ၊ ဘယ်လိုပယ်မလဲ၊ (အပြစ်ရှုပယ်ရမှာပါဘုရား) အေး ကာမဂုဏ်ကို နန္ဒီရာဂတဏှာလောဘနဲ့ကပ်နေရင် ဒီကာမကိုအပြစ်ရှုလိုက်၊ ကာမာနံ အာဒီနဝကထာကို ဘုန်းကြီးပြောတော့ရင် မနေ့ကတခုပြောခဲ့တယ်၊ ဒီနေ့တခုထည့်ရအောင်၊ မံသပေသူပမာ ကာမာ၊ ကာမသုတ္တန်ရဲ့အဋ္ဌကထာအဖွင့်မှာ-

ကာမဂုဏ်ဆိုတာ သွေးသံရဲရဲနှင့်အသားတုံး

မံသပေသူပမာ ကာမာ ဗဟုဒုက္ခာ ဗဟုပါယာသာ အာဒီနဝေါ ဇတ္ထ ဘိယျော။ ကာမာ၊ ကာမတရားတို့သည်။ မံသပေသူပမာ၊ သွေးသံရဲနေတဲ့ အသားတုံးနဲ့လည်းတူကြလေကုန်၏။ နန္ဒီရာဂက ဘုန်းကြီးတို့ပရိသတ်

များ ဒီကာမဂုဏ်အပေါ်မှာကပ်နေတယ်ဆိုတော့ ဒီကာမဂုဏ်ပေါ်က နန္ဒီရာဂကွာသွားအောင် ဘယ်နှယ်လုပ်မတုံးဆိုတော့ ဒီကာမဂုဏ်ကိုရှုရတယ်၊ ကာမဂုဏ်ကိုဘာရှုမလဲဆိုတော့ အဿာဒအနေနဲ့.မရှုနဲ့.တဲ့ အာဒီနဝအနေနဲ့.ရှုပါ၊ ကာမဂုဏ်ကို အဿာဒသာယာဖွယ်အနေနဲ့.ရှုရမလား၊ အပြစ်အနေနဲ့.ရှုရမလား၊

(အပြစ်အနေနဲ့.ရှုရမှာပါဘုရား)

အပြစ်အနေနဲ့.ရှုမှနန္ဒီရာဂကကွာတယ်၊ အဿာဒ သာယာဖွယ် အနေနဲ့. ကာမကိုရှုနေရင် နန္ဒီရာဂမကွာဘူး၊ ပိုတောင်ကပ်လာလိမ့်အုံးမယ်။ ဒါပေမဲ့ ဒီကနေ့. ကာမဘုံသားတွေရဲ့မျက်စိမှာ ကာမဂုဏ်ကိုမြင်လိုက်ပြီဆိုရင် အာဒီနဝအနေနဲ့.ရှုတာတယ်မရှိတတ်ဘူး၊ အဿာဒအနေနဲ့.ရှုနေကြတော့ အသားတုံးနဲ့.အိုးကင်းပူကပ်ကပ်နေလို့. အဲဒီမှာ ဒုက္ခဖြစ်ကြတယ်၊ ဟုတ်လား၊ (မှန်လှပါဘုရား)။

အေး အာဒီနဝရှုလိုက်စမ်းပါ ဟောဒီမှာ **မံသပေသူပမာ ကာမာ။** ကာမာ၊ ထိုသို့.သွေးသံရဲနေတဲ့အသားတုံးတစ်ခုကာမဂုဏ် သွေးသံရဲနေတဲ့ အသားတုံးတစ်ခုကဘာလဲ၊

(ကာမဂုဏ်ပါဘုရား)

အဲဒီမှာ ကာမဆိုတဲ့ အသားတစ်တစ်ခု ဘုန်းကြီးတို့.ပရိသတ် ပြောနေပုံတမျိုးနော်၊ သွေးသံရဲနေတဲ့အသားတုံးကြီးတစ်ခုကို ဥပမာအမဲသားတုံးကြီးဆိုပါစို့. ဝက်အူချောင်းဆိုပါစို့. အိမ်ရှေ့မှာလှန်းထား တွဲလောင်းချိတ်ပြီးတော့ နေပူလှန်းထား၊ ကျီးကန်းတွေကတရုံးရုံးမနေဘူးလား၊ (နေပါတယ်ဘုရား) ကျီးကန်းတွေကတရုံးရုံး စွန်တွေကတဗျုန်းဗျုန်းနဲ့.အဲဒီ အသားတုံးချောင်းနေကြတာ၊ သူတို့.တတွေ စားချင်လွန်းလို့. သွေးသံရဲနေတဲ့ အသားတုံးကို စင်မြင့်မှာတင် နေပူလှန်းထား ကျီးကန်းတွေက စားချင်လို့.ချောင်းနေကြတာ၊ အဲဒီကျီးကန်းတွေ စွန်တွေထဲက အားကောင်းသောစွန်တစ်ကောင် လျှင်မြန်ထက်မြက်တဲ့စွန်တစ်ကောင်ဟာ ထိုအသားတုံးသုတ်ခြီပြီးတော့ပျံသွားတယ်ဆိုပါစို့၊ အသားတုံးကုပ်ခြီ၍ ထိုစွန် ကောင်းကင်မှာပျံသွားကြည့်လိုက်ပါ၊ ကျီးကန်းဖြစ်ဖြစ် စွန်ဖြစ်ဖြစ် အသားတုံးကြီးရသွားပြီတဲ့၊ အသားတုံးမရတဲ့ ကျီးကန်းတွေ

စွန်တွေဟာ အသားတုံးရသွားတဲ့ ကျီးကန်းနောက် စွန်နောက်မှာ တပြုံးကြီး ဝိုင်းပြီးတော့မလိုက်ကြဘူးလား။

(လိုက်ကြပါတယ်ဘုရား)

ဘာဖြစ်လို့လိုက်တာလဲလို့မေးရင်၊ ဟို အကောင်အသားတုံးချိသွား တယ် အသားတုံးချိသွားတဲ့စွန်နောက် ကျီးကန်းနောက် ကျန်တဲ့စွန်တွေ ကျီး ကန်းတွေဝိုင်းအုံးပြီးတော့လိုက်ကြ အသားတုံးချိသွားတဲ့ စွန် ကျီးကန်းလွတ် အောင်ပြေးရင်ပြေး မပြေးရင်တော့ အဲဒါ သေပေတော့ မှီတဲ့နေရာ မိတဲ့နေ ရာမှာ နောက်ကစွန်တွေ ကျီးကန်းတွေဟာ အသားတုံးချိသွားတဲ့စွန် ကျီး ကန်းကို ထိုးကြမယ် ဆိတ်ကြမယ် နှိပ်စက်ကြမယ် မှီတာနဲ့ထိုးခြင်း ဆိတ် ခြင်းဖြင့် မနှိပ်စက်ဘူးလား၊ (နှိပ်စက်ပါတယ်ဘုရား) ဘာပြုလို့နှိပ်စက်ခံရ တာလဲဆိုတော့ အသားတုံးကုပ်ထားလို့၊ ဘာဖြစ်လို့လဲ၊

(အသားတုံးကုပ်ထားလို့ပါဘုရား)။

အသားတုံးကုပ်ထားလို့ ထိုစွန် ထိုကျီးကန်း နှိပ်စက်ခံရပါတယ်၊ အသားတုံးစားလဲမစားရဘူး၊ နှိပ်စက်တဲ့ရန်သူတွေ လုယက်တဲ့ရန်သူတွေ ကာ ကွယ်ရတာနဲ့ပဲသူအချိန်ကုန်တယ်၊ ဒုက္ခလည်းများသေးတယ်၊ စားလည်း မစား ရဘူး၊ တဖြေးဖြေးနဲ့ ဒီစွန် ဒီကျီးကန်းဟာ အသားတုံးကိုကုပ်ထားရင်း ကုပ် ထားရင်းနဲ့ သူစိတ်ပျက်လာတယ်၊ ငြီးငွေ့လာတယ်၊ ဒီအသားတစ်ကြောင့် ဒီကောင်တွေ ငါ့ကိုဝိုင်းပြီးတော့ နှိပ်စက်နေတယ်ဆိုတဲ့အကြောင်း သဘော ပေါက်သွားတယ်၊ အဲဒီလိုသဘောပေါက်လာပြီလဲဆိုရော အသားတုံးအပေါ် မှာ ခင်တွယ်တဲ့စိတ်တွေတဖြေးဖြေးကုန်ခမ်းမသွားဘူးလား၊

(ကုန်ခမ်းသွားပါတယ်ဘုရား)

ခင်တွယ်တဲ့စိတ်ကုန်ခမ်းသွားတော့ အောက်ကအသားတုံးကုပ်ထား တဲ့ခြေးသည်းကလေးဟာ တဖြေးဖြေးနဲ့ဆန့်ထွက်လာတယ်၊ နောက်ဆုံးကြ တော့ ခြေသည်းထဲကအသားတုံး ပြုန်းဆိုပြုတ်ကျသွားတယ်၊ အသားတုံးလွတ် ကျသွားလို့လွတ်လိုက်တော့ အဲဒီစွန်ကြီးလွတ်လပ်စွာပျံခြင်ရာပျံ သူ့ နောက် ဘယ်အကောင်လိုက်သေးတုန်း၊ (မလိုက်တော့ပါဘုရား) နောက်က ဘယ် ရန်သူမှမလိုက်ဘူးဆိုတာသေချာတယ်။

ဒီလိုနဲ့ဘုန်းကြီးတို့ပရိတ်သတ်အပေါင်းတို့က လွတ်ဘို့ကြိုးစားနေကြတာလား၊ သိမ်းပိုက်ဘို့ ကြိုးစားနေကြတာလား ကိုယ့်ဘဝကိုပြန်ကြည့်ပါ၊ အသားတုံးတွေကိုလွတ်ဘို့ကြိုးစားနေကြတာလား၊ တစ်တုံးပြီးတစ်တုံးသိမ်းပိုက်ဘို့ ကြိုးစားနေကြတာလား၊ တစ်တုံးပြီးတစ်တုံး စုနေတယ်ထင်တာပဲ၊ မနက်ဖြန်ကြတစ်ယောက်မှစျေးချိုထဲမသွားနဲ့၊ စွန့်လွတ်ဘို့ကြိုးစားနေတယ်ဆိုရင် အဲဒီရှိနေတဲ့အသားတုံးတွေ ဟာဒီဦးပေစိမှာ အကုန်ရေစက်ချခဲ့၊ အိမ်မှာဘယ်လောက်လောင်ထားတယ်ဆိုတာ ဝိုင်းလို့မဟုတ်လား၊ (မှန်လှပါဘုရား)အသားတုံးများလေလေ စွန့်ဝိုင်းလေလေဘဲ။

အသားတစ်ဆိုတာကို ကာမာနံအာဒီနဝကထာကြတော့ ဘုန်းကြီးတို့ပရိသတ်ရေ ကာမဂုဏ်ငါးပါးလို့ မြတ်စွာဘုရားကဟောထားတယ်၊ အသားတစ်ဆိုတာဘာလဲ၊

(ကာမဂုဏ်ငါးပါးပါဘုရား)

ဝမ္မိကသုတ္တန်ကျတော့ အသားဟစ်ဆိုတာ

(နန္ဒီရာဂပါဘုရား)

ဒီလိုဟောလိုက်တယ်၊ အသားတစ်ဆိုတာဘာလဲ၊ (နန္ဒီရာဂပါဘုရား) ဘုန်းကြီးတို့ပရိသတ်များ တည်ရာနဲ့ တည်ရန်ဖြစ်သောကာမဂုဏ်နဲ့၊ ကာမဂုဏ်ကိုတပ်မက်နေတဲ့ ကာမဂုဏ်အပေါ်မှာတည်၍မှီ၍ဖြစ်လာတဲ့ ကာမဂုဏ်ကိုအကြောင်းပြု၍ဖြစ်လာတဲ့ နန္ဒီရာဂ၊ အကြောင်းနဲ့အကျိုး ဒါဘဲကွာတယ်၊ အသားတစ်ကို ကာမာနံ အာဒီနဝကထာပိုင်းမှာ ကာမဂုဏ်ငါးပါးလို့ဆိုတယ်၊ အဲဒီအသားတုံးမှာစိုက်ဝင်နေတဲ့ ဆုတ်ထားတဲ့စွန်ခြေသည်းကလေးများကြတော့ ကာမတဏှာ၊ တနည်း နန္ဒီရာဂဒီလိုဆိုတယ်၊ ဒါက ကာမသုတ္တန်ကိုဖွင့်ဆိုတဲ့ အဋ္ဌကထာကပြောတာ၊ အဲဒီအသားတုံးကိုကြပ်ကြပ်ကုပ်ထားတဲ့ ပုဂ္ဂိုလ်ဟာ ဘာဖြစ်တုံးဆိုတော့ အသားတုံးဆုပ်ထားတဲ့စွန်ဟာ ရန်သူတွေဝိုင်းနေတယ်၊ ရန်သူတွေဝိုင်းပြီးတော့နှိပ်စက်ခံရတယ်။

ကာမဂုဏ်ခင်တွယ် ရန်များမယ်

ဒါကြောင့် ဘုန်းကြီးတို့ပရိသတ်များ ကာမဂုဏ်လို့ဆိုရတဲ့အသား

တုံးအပေါ်မှာ နန္ဒီရာဂ တဏှာလောဘနဲ့ ကြပ်ကြပ်သိမ်းပိုက်ပြီးတော့ မက်မောတွယ်တာပြီးတော့ ဖက်ထားတဲ့ပုဂ္ဂိုလ်အား ဒုက္ခတွေများတယ်တဲ့၊ အသားတုံးစွန်တွေ ဝိုင်းသလို ရန်သူတွေဝိုင်းပြီးတော့နေတယ်ဆိုတာကိုသဘောကျပါ၊ (မှန်ပါဘုရား)။ တိုက်ရိုက်အားဖြင့် ရန်သူမျိုးငါးပါးကိုညွှန်ပါတယ်၊ မီးဆိုတဲ့ရန်သူ၊ ရေဆိုတဲ့ရန်သူ၊ သူခိုး ဓားပြဆိုတဲ့ရန်သူတွေ၊ သားဆိုး သမီးဆိုးဆိုတဲ့ရန်သူ၊ မင်းဆိုးဆိုတဲ့ရန်သူ၊ ရန်သူမျိုးငါးပါးဝိုင်းနေတာကို ဘယ်မှာဝိုင်းနေတုံးဆိုတော့ ကာမဂုဏ်ငါးပါးမှာဝိုင်းတာ၊ အသားတစ်မှာစွန်တွေတပြုံကြီးဝိုင်းပြီး နှိပ်စက် ထိုးဆွနေကြသလို၊ အသားတစ်ရတဲ့စွန်ကို တခြားစွန်တွေတပြုံကြီးဝိုင်းပြီးတော့ နှိပ်စက်ထိုးဆွနေကြသလို၊ ကာမဂုဏ်ငါးပါးကို မြဲမြံကြီးစုဆောင်းထားတဲ့ပုဂ္ဂိုလ်မှာ ရန်သူ မျိုးငါးပါးဝိုင်းနေတယ်လို့ ကာမာနံအာဒီနဝကထာက ဒီလိုပြတယ်။

ဒီနေရာမျာ ဘုန်းကြီးတို့ပရိသတ်များ လိုရင်းမှတ်ထားဘို့ကတော့ ကာမဂုဏ်ငါးပါးတို့များလေလေ၊ နန္ဒီရာဂနဲ့ ဟောဒီကာမဂုဏ်ကို ငြိကပ်ထားလေလေ၊ နန္ဒီရာဂ ဟောဒီ ကာမဂုဏ်ကို ငြိကပ်ထားလေလေ၊ နန္ဒီရာဂ ကာမတဏှာကို ကာမဂုဏ်ငါးပါးမှာငြိထားလေလေ။ နန္ဒီရာဂကာမတဏှာကို ကာမဂုဏ်ငါးပါးမှာငြိထားလေလေ၊ အသားတစ် စွန်တွေဝိုင်းသလိုဘဲ၊ ငါတို့ပစ္စုပ္ပန်သံသရာဒုက္ခများမယ်ဆိုပြီးတော့၊

ကာမာ၊ ကာမတရားတို့သည်။ မံသပေသူပမာ၊ သွေးသံရဲနေတဲ့အသားတုံးနဲ့လည်းတူကြလေကုန်၏။ ဗဟုဒုက္ခာ၊ ဆင်းရဲဒုက္ခတွေများကြလေကုန်၏။ ဗဟုပါယာသာ၊ ပင်းပန်းမှုတွေကများကြလေကုန်၏။ ဣတိ၊ ဤသို့။ ကာမာနံ၊ ကာမဂုဏ်ငါးပါးအာရုံတရားတို့၏၊ အာဒီနဝံ၊ အပြစ်ကို။ ကာမဂုဏ်ငါးပါးတို့ရဲ့အပြစ်ကို အာဒီနဝနှစ်ခု စပ်ခေါ်တော့ ကာမနံအာဒီနဝ ဟုတ်လား၊ (မှန်လှပါဘုရား)။

ကာမဂုဏ်ပေါ်မှာကပ်ငြိနေတဲ့ နန္ဒီရာဂဆိုတဲ့ ကာမတဏှာကိုပယ်ဖို့ရန် ဘာရှုမလဲ၊ ဒီကာမဂုဏ်ရဲ့အပြစ်ကိုရှုလိုက် အသားတစ်စွန်ဝိုင်းသလိုဘဲ၊ ကာမဂုဏ်များရင် ရန်သူဝိုင်းမယ်၊ ရန်သူငါးပါးဝိုင်းနေတဲ့ဒီကာမကိုပယ်မှသက်သာရာရမယ်လို့ အပြစ်ကိုထပ်တလဲလဲရှု၍ရှု၍ နန္ဒီရာဂပါးပါးသွားအောင်

ဘုန်းကြီးတို့ပရိသတ်သုံးသပ်ပါ။ ကာမဂုဏ်မည်မျှရှိစေကာမူ နန္ဒီရာဂမရှိ တော့ဘူးဆိုရင် ဒီပုဂ္ဂိုလ်သက်သာရာရတော့တာဘဲ၊ ဒါကြောင့် -

ဥက္ခိပ မံသပေသီ၊ အသားတုံးကိုပယ်ပစ်ဆိုတာ အခြားမဟုတ်တဲ့ ကာမဂုဏ်ကြိုက်နေတဲ့ နန္ဒီရာဂတဏှာ လောဘကို ကွာအောင်ရှုလို့ဆိုလိုတာ၊ ကွာအောင်ဘယ်လို့ရှုမလဲ ဒီကာမဂုဏ်ကိုဘဲ အာဒီနဝဆိုတဲ့အပြစ်ကိုရှာရှု၊ အာဒီနဝဆိုတဲ့အပြစ်ရှာရှုတော့ ဘာဖြစ်တုံး အသာဒဆိုတဲ့နန္ဒီရာဂကွာသွားတယ်ဟုတ်လား၊ (မှန်လှပါဘုရား) နောက်တခါ ကာမာ၊ ကာမတရားတို့သည်။ အပွဿဒါ၊ သာယာမှုကနည်းကြပါပေကုန်၏။ ဗဟုဒုက္ခာ၊ ဒုက္ခတွေကများကြပါပေကုန်၏။ ဗဟုပါယာသာ၊ ပင်ပန်းမှုတွေကများကြပါပေကုန်၏။ ဧတ္ထ၊ ဤကာမတရားတို့တွင်။ အာဒီနဝါ၊ အပြစ်တွေကသာလျှင်။ ဘိယျောဘိယျော၊ တိုး၍ တိုး၍များလှပါပေ၏။ ကာမာ၊ ကာမတရားတို့သည်။

မြက်မီးရှူးနဲ့တူတဲ့ကာမဂုဏ်

တိဏုက္ကူပမာ၊ မြက်မီးရှူးနဲ့လဲတူကြလေကုန်၏။ ဘာတဲ့၊
(မြက်မီးရှူးနဲ့တူပါတယ်ဘုရား)။

မြက်ခြောက်ကြီးတတောင်လောက် နှစ်တောင် လောက်အတောင့်ကြီးပြု ကျစ်နေအောင်လိတ် မြက်ခြောက်တွေ ကောက်ရိုးတွေ ရှေးခေတ်က လက်နှိပ်ဓာတ်မီးတို့ လျှပ်စစ်မီးတို့မရှိတဲ့ရှေးခေတ်က တောသူ တောင်သားလယ်သမားတို့ အဲဒီမြက်ခြောက်လိတ်ကြီး ကောက်ရိုးလိတ်ကြီး တခါတည်းကျစ်နေအောင်လိတ်ပြီးတော့ ကညင်ဆီတို့ထည့်ပြီးတော့ ချောင်းထဲသွားကြတာ လေကတဟူးဟူးတိုက်တော့ အဲဒီမြက်မီးတောင့်ကြီးဟူးဟူးနဲ့အဖျားကလောင်လာလိုက်တာ စောစောတုံးကကိုင်ထားတာ ခါးလယ်လောက်ကကိုင်တာဘဲ၊ မီးကတဖြေးဖြေးလောင်လောင်လာတော့ အဲဒီကိုင်ထားတဲ့လက်သည် နောက်ကိုရွှေ့ မီးကအလယ်ပိုင်းရောက်တော့ လက်ကနောက်ပိုင်းရောက်၊ တဖြေးဖြေးမီးကတိုးခဲ့လောင်လောင်လာတော့ မြက်မီးရှူးတောင့်ကြီးကတိုသွားတယ်၊ တိုသွားတဲ့အခါကျတော့ လက်ကနောက်နား ရွှေ့၊ မီးလောင်လိုက် လက်ကနောက်နားရွှေ့လိုက်နဲ့ အဖျားလေးတိုတိုလေးဘဲ ကျန်တော့တယ်၊ အဲဒီမှာလဲ

မီးကလောင်တုံးရှိသေးတာ၊ ဒီတော့ မီးရှူးတောင့်ကြီးကိုစွန့်.ရင်စွန့်.လိုက် ချထားရင် ချထားလိုက်၊ မစွန့်.လိုက် ချမထားလိုက်ဘူးဆိုရင် နောက်ဆုံးကြတော့ အဲဒီမီးရှူးတောင့်ကိုင်ထားတဲ့သူရဲ့လက်ကို မီးမလောင်ပေဘူးလား။ (လောင်ပါတယ်ဘုရား)။

အေးကာမဂုဏ်ငါးပါးဆိုတာ မီးရှူးတောင့် မြက်မီးရှူး၊ နန္ဒီရာဂတဏှာလောဘဆိုတာ မီးတောင့်၊ အဲဒီ မီးရှူးတောင့်ကြီးကိုင်ထားတယ် ဆုပ်ထားတယ်ဆိုတဲ့ပုဂ္ဂိုလ်ဟာ ကာမဂုဏ်ကြိုက်နေတဲ့ပုဂ္ဂိုလ်ပဲ။ လွတ်ချင်ရင်လွတ်မလွတ်ဘူးဆိုရင်ဘာဖြစ်မလဲ လက်မီးလောင်လိမ့်မယ်၊ ကာမဂုဏ်ငါးပါးကိုစွဲကိုင်ထားသောပုဂ္ဂိုလ်ဟာ ကာမတဏှာကြိုက်နေတဲ့ပုဂ္ဂိုလ်မျှား ကြုံတုန်းပြောလိုက်အုံးမယ် ဆေးလိပ်လေးနဲ့.တူတယ်၊

ဒကာကြီးတို့.ဆေးလိပ်မကြိုက်ဘူးလား၊ ကြိုက်တဲ့လူရှိမှာပေါ့၊ ဘယ်လောက်ထိကြိုက်တုန်း မီးညှိဖွာလိုက်တာ ခါးလယ်ကကိုင်ထား တဖြည်းဖြည်းရှူရင်းရှူရင်းနဲ့.တိုလာလိုက်တာ အလယ်ကကိုင်ထားတဲ့လက်တော်တော်ကြာနှုတ်ခမ်းနားရောက်သွား မီးကတဖြည်းဖြည်းနဲ့.လက်နားရောက်လာပြီလဲဆိုရောလက်နှစ်ချောင်းနဲ့.တအားညှစ်ပြီးတော့ကိုင်ထား တဖြည်းဖြည်းမီးကလောင်လိုက်တော့ လက်မကိုင်သာတော့ ဘယ်လိုလုပ်သောက်တုန်းဆိုတော့ အဲဒီအတိုကလေး လက်တဆစ်လောက်လေးကိုနှုတ်ခမ်းစုချန်ပြီးတော့ တအားရှူတယ်ဗျာ၊ နှုတ်ခမ်းတော့ပြီးတော့ အတိုလေး ပြစ်လိုက်ပါတော့လားလို့.ပြောကြည့်တယ်၊ တချို့ ဒကာကြီးများကပြန်ပြောတယ်၊ ကိုယ်တော်တဲ့ ဆေးလိပ်ဆိုတာ တိုလေကောင်းလေဘဲတဲ့ဆေး ဆီတွေကအဲဒီမှာသွားပြီးတော့စုတာကို။

ထိုကာမဂုဏ်ငါးပါးဆိုတဲ့ဥစ္စာ ဘယ်လောက်ကောင်းလဲ မကောင်းဘူးဆိုတာ အသာထား၊ အဲဒီဆေးလိပ်တိုလေးကို မစွန့်နိုင်သာတာကြည့်တော့ တရားအားထုတ်ကြရအောင်ဆိုရင် ကမ္မဋ္ဌာန်းကျောင်းထဲမျက်စိနှစ်လုံးပိတ်တံခါးပိတ် တိတ်တိတ်ကလေးထိုင်လိုက်ရင် ချက်ခြင်းဆေးလိပ်သောက်ခြင်စိတ်ပေါက်လာတယ်၊ ဆေးလိပ်ကြိုက်တဲ့လူများပြောပါတယ်၊ အဲဒီကစ အမှတ်ရတာ တော်ကြာခံတွင်းချင်သလိုလို ခေါင်းမူးသလိုလို ရင်ထဲကဟာသလိုလိုနဲ့. အဲဒါထပြီးတော့ ဆေးလိပ်ရှူတော့တာပဲ။

ဘုန်းကြီးတို့ပရိသတ်များ ကာမတရားများ စွန့်လွှတ်ဘို့ခက်ခဲပုံ မှန်းသာကြည့်လိုက်ပါ ပါဠိတော်မှာတော့ **တိဏုက္ကူပမာ ကာမာတဲ့**၊ ကာမာ၊ ကာမတရားတို့သည်။ တိဏကွက်ကူကမာ၊ မြက်မီးရှူးနဲ့လဲတူပါပေ၏။ ခုနက မီးရှူးတောင့်ကြီးဆိုတာက ကာမဂုဏ်ငါးပါး၊ စွဲနေတဲ့မီးဆိုတာက နန္ဒီရာဂ၊ မီးရှူးတောင့်ဆုပ်ကိုင်ထားတဲ့ပုဂ္ဂိုလ်ဟာ ကာမဂုဏ်မက်မောနေတဲ့ပုဂ္ဂိုလ်။ ဒီလိုရှုပါ၊ ရှုပြီးတော့ခွါပစ်ရမယ်၊

နောက်တခါ ကာမာ၊ ကာမတရားတို့သည်။ **အင်္ဂါရကာသူပမာ**၊ ရဲရဲတောက်နေတဲ့မီးကျည်းခဲနဲ့လဲတူကြပါပေ၏။ ရဲရဲတောက်နေတဲ့မီးကျည်းတွင်း မီးကျည်းခဲတွေအပြည့် မီးကျည်းခဲတွေအပြည့် အဲဒီတွင်းကြီးထဲကို အားကောင်းသောလူနှစ်ယောက်က အားနည်းတဲ့လူတယောက်ကို လက်မောင်းတဖက်တချက်ဆွဲ ရဲရဲတောက်နေတဲ့မီးကျည်းတွင်းထဲပြစ်ချလိုက်မယ်တဲ့ ဇောက်ထိုးကျသွားမယ် မလောင်ဘူးလား။

(လောင်ပါတယ်ဘုရား)

ဇောက်ထိုးမို့လိုလောင်တာထင်ပါတယ်၊ မတ်တတ်ကျရင်ကော။ (လောင်ပါတယ်ဘုရား) ပက်လက်ကျရင်လဲ၊ တစောင်းကျရင်လဲ၊ မှောက်ခုံကျရင်လဲ၊ (လောင်ပါတယ်ဘုရား) ဘယ်အနေအထားနဲ့ပဲကျကျ မီးကျည်းခဲပြည့်နေတဲ့ တွင်းထဲကျရင်လောင်မှာပဲ။

အေး ကာမ(၁၁)ဘုံဆိုတာ မီးကျည်းတွင်းတဲ့၊ ကာမ(၁၁)ဘုံဆိုတဲ့မီးကျည်းတွင်းထဲမှာ ကိလေသာကာမ တဏှာလောဘ နန္ဒီရာဂဆိုတဲ့မီးတွေတဟုန်းဟုန်းတောက်နေတော့ ကာမဂုဏ်ကြိုက်တဲ့သတ္တဝါတိုင်း သတ္တဝါတိုင်း ကာမဘုံထဲရောက်လာရင် ဘယ်လိုပုံနဲ့ဘဲရောက်လာ ရောက်လာ မလောင်ဘူးလား၊

(လောင်ပါတယ်ဘုရား)

သူဌေးအနေနဲ့လာရင်၊ ဆင်းရဲသားအနေနဲ့လာရင်၊ အလုပ်သမားအနေနဲ့လာရင် မင်းစိုးရာဇာအနေနဲ့ သူတောင်းစားအနေနဲ့စကြာမင်းကြီးအနေနဲ့လာရင်လဲလောင်မှာပဲ။

သုဇြဟ္မာနတ်သား၏အပူ

နတ်မင်းကြီးတွေ သုဇြဟ္မာနတ်သား နတ်သမီးတထောင်နဲ့ နတ်သမီး(၅၀၀)က ပန်းပင်ပေါ်မှာပန်းခူး သီးချင်းတွေတကြော်ကြော်နဲ့၊ နတ်သမီး(၅၀၀)က အောက်မှာပန်းတွေကောက် ပန်းကုံးတွေသီကုံး၍ဆက် ပျော်လိုက်တာ တစ်ထောင်ဆိုတော့ ပျော်မှာပေါ့ ဟုတ်လား၊ ဘုန်းကြီးတို့ဒကာကြီးတွေတောင် တစ်ယောက်ထဲနဲ့ပျော်နေသေးတာ၊ ဟိုကတစ်ထောင်ဆိုတော့ သာပြီးပျော်တာပေါ့။ ငြိန်းကနဲဆို ပန်းပင်ပေါ်ကအသံတွေတိတ်သွား ပန်းပင်ပေါ်ကသီးချင်းသံတွေတိတ်သွား၊ အောက်ကပန်းကောက်နေတဲ့နတ်သမီးတွေကလဲ ပန်းပင်ပေါ်ကအသံတော့တိတ်ကုန်ပြီ ပန်းပင်ပေါ်ကနတ်သမီးတွေ ဘယ်သွားတုန်းကြည့်လိုက်တာ တစ်ယောက်မှမရှိတော့ဘူး၊ အဲဒီမှာ ထိတ်ထိတ်ပျာပျာဖြစ်ပြီးတော့ ပန်းကောက်နေတဲ့နတ်သမီးတွေက သုဇြဟ္မာနတ်သားထံသံတော်ဦးတင်ကြတယ်။

အရှင်နတ်မင်း ပန်းပင်ပေါ်ကနတ်သမီးတွေပျောက်ကုန်တယ်၊ ဘယ်ရောက်ကုန်လဲမသိဘူး၊ လူလဲပျောက်အသံလဲတိတ်ပဲ။ သုဇြဟ္မာနတ်သားက ဒိဗ္ဗစက္ခုနဲ့ကြည့်လိုက်တာ သူ့ရဲရှေ့တော်တစ်ဝက်ဟာ အကုန်လုံးအဝီစိငရဲအိုးထဲမှာတွေ့တယ်၊ တွေ့လိုက်တော့ သုဇြဟ္မာနတ်သားစိတ်ထဲထိတ်သွားတယ်၊ ငါ့အသက်နဲ့ခန္ဓာကော ဘယ်လောက်ကြာဦးမလဲ ငါ့ရှေ့ကနတ်သမီးငါးရာကော နတ်ပြည်မှာဘယ်လောက်ကြာဦးမှာလဲ ဆင်ခြင်ကြည့်လိုက်တဲ့အခါကျတော့၊ သူရော ကျန်ရစ်တဲ့နတ်သမီးငါးရာပါ(၇)ရက်မျှသာအသက်ရှင်တော့မှာ၊ (၇)ရက်နေရင် ငါတို့တတွေလဲသေတော့မှာဆိုတာကို အဲဒီမှာ ငြိန်းဆိတော တယ်။

(၇)ရက်လွန်လို့ငါနှင့်ကျန်ရစ်တဲ့နတ်သမီးငါးရာ ဘယ်သွားမှာတုန်းဆိုတော့ ရှေ့ကသွားတဲ့နတ်သမီးတွေရဲ့လမ်းဘဲလိုက်မှာသိတယ်၊ သိတဲ့အချိန်စဉ်းစားသာကြည့်ပေတော့၊ သုဇြဟ္မာနတ်မင်းရဲ့ဗိမာန်ကို အဝီစိငရဲမီးတက်လောင်တယ်လို့ဆိုရမယ်၊ အဝီစိငရဲမီးနဲ့သုဇြဟ္မာနတ်မင်းရဲ့ဗိမာန်ဟာ တစပ်တည်းဖြစ်သွားပြီ၊ အဲဒီတော့မှမနေနိုင်ဘူး ဘုရားကယ်ပါ ဘုရားဘယ်မှာလဲ

ရှာလိုက်တာ ဇေတဝန်ကျောင်းမှာဘုရားရှင်သီတင်းသုံးနေတယ်၊ အဝီစိငရဲမီး အောက်ကကုလားထိုင်ကြီးပူပြီးဆိုတော့မှ သုဇြဟ္မာ ဘုရားရှာတတယ်တဲ့ ဟုတ်လား။ ဒီအပူတွေငြိမ်းရအောင် ဘုရားရှာလေမှပဲဆိုပြီးတော့ မြတ်စွာဘုရားရှိရာကိုချက်ခြင်းကြီးရောက်လာပြီးတော့၊ မြတ်စွာဘုရားကို အဲဒီမှာသူ့ရဲ့ ငြိမ်းရာငြိမ်းကြောင်းတရားမေးတော့ မြတ်စွာဘုရားက-

နာညတြ ဗောဇ္ဈာ တပသာ၊ နာညတြိန္ဒြိယသံဝရာ။
နာညတြ သဗ္ဗနိဿဂ္ဂါ၊ သောတ္ထိ ပဿာမိ ပါဏိနန္တိ။ [၁]

ဗောဇ္ဈင်ခုနှစ်ပါးအကျင့်တရားမှတပါး အဲဒီမီးတွေငြိမ်းရာငြိမ်းကြောင်းအကျင့်ကောင်းကို ငါဘုရားမတွေ့ဘူးတဲ့၊ ဗောဇ္ဈင်ခုနှစ်ပါးဟော တရားနိဂုံးချုပ်တော့ အဲဒီသုဇြဟ္မနတ်သား သောတာပတ္တိဖိုလ်ရောက်တယ်တဲ့၊ ငရဲရှစ်ထပ်မီးတွေငြိမ်းမသွားဘူးလား၊

(ငြိမ်းသွားပါတယ်ဘုရား)

ဘုန်းကြီးတို့ပရိသတ် အပေါင်းသူတော်ကောင်းတို့ ကာမ(၁၁)ဘုံဆိုတဲ့မီးကျီးတွင်းထဲကို ကာမဘုံ သားတွေရောက်လာလို့ရှိရင် ဘယ်လိုအဆင့်အတန်း ဘယ်လိုအမျိုးအစားနဲ့ပဲလာခဲ့ လာခဲ့ လောင်ပါတယ်၊ မီးကျီးတွင်းကြီးထဲကို လူတစ်ယောက်က ဇောက်ထိုးကျလည်းလောင်တာပဲ၊ ပက်လက်ကျလည်းလောင်တာပဲ၊ မှောက်ခုံကျလည်းလောင်တာပဲ၊ မတ်တတ်ကျလည်းလောင်တာပဲ၊ ထိုနည်းတူစွာ ကာမ (၁၁) ဘုံ ဘယ်ဘဝ ဘယ်ဌာန ဘယ်အမျိုးအစား ဘယ်အဆင့်အတန်းနဲ့ ဘယ်လိုပဲရောက်ရောက် ရောက်ရောက်ရာမှာလောင်တယ်။

ကာမတရားဆိုတာ မီးကျီးတွင်း

ကာမာ၊ ကာမတရားတို့သည်။ အဂီါရကာသူပမာ၊ ရဲရဲတောက်နေတဲ့ မီးကျီးတွင်းနဲ့လည်းတူကြလေကုန်၏။ ဗဟုဒုက္ခာ၊ ဆင်းရဲဒုက္ခတွေကများကြလေကုန်၏။ ဗဟုပါယာသာ၊ ပင်ပန်းမှုတွေကများလှလေကုန်၏။ ဧတ္ထ၊ ဤ

၁။ သံ၊ ၁။ ၅၂

ကာမတရားတို့တွင်။ အာဒီနဝါ၊ အပြစ်တွေကသာလျှင်။ ဘိယျော ဘိယျော၊ တိုး၍တိုး၍များလှပေ၏။ ကာမဂုဏ်အပြစ်ရှုဖို့ရာ ဘုန်းကြီးပြောတာဘယ်နှစ်ခုရသလဲ။

(၁) အသားတစ်စွန်ဝိုင်းသလိုပဲ ကာမဂုဏ်ငါးပါးဆိုတာရန်သူဝိုင်းတယ်၊ အဲဒီလိုရှုပြီးတော့ နန္ဒီရာဂကိုခွါပါ။

(၂) မြက်မီးရှူးတောင့်ကြီး တဖြည်း ဖြည်းနဲ့လောင်ပြီးတော့ မလွတ်နိုင်ရင် လက်ကိုလောင်ကျွမ်းမယ်ဆိုတာလိုဘဲ ကာမဂုဏ်ငါးပါးကိုမလွတ်တဲ့ပုဂ္ဂိုလ် ဆုပ်ကိုင်ထားတဲ့ပုဂ္ဂိုလ်က ကာမတဏှာ နန္ဒီရာဂလောင်တတ်တယ်၊ အဲဒီအပြစ်ရှုပြီးတော့နန္ဒီရာဂကိုခွါပါ။

(၃) နောက်တခါ ရဲရဲတောက်နေတဲ့မီးကျီးတွင်းထဲကို လူတစ်ယောက်ကျရင် ဘယ်အနေအထားနဲ့ကျကျ လောင်ကျွမ်းမယ်ဆိုတာလိုဘဲ ကာမ(၁၁)ဘုံမီးကျီးတွင်းထဲကျရောက်လာကြတဲ့ကာမဘုံသားတွေ နန္ဒီရာဂတဏှာလောဘမီးတွေလောင်ကျွမ်းတယ် ဟုတ်လား၊ (မှန်လှပါဘုရား)

အေး ကာမအပြစ်ရှုနည်း(၁၂)နည်း ရှိပါတယ်၊ ဘုန်းကြီးတို့ပရိသတ်အပေါင်း(၃)နည်းမျှရရင်ကျေနပ်လောက်ပါတယ်။ အဲဒီလိုအာဒီနဝ အပြစ်တွေရှု၊ အာဒီနဝရင့်သန်တော့ နိဗ္ဗိန္ဒ ကာမမှာငြီးငွေ့လာတယ်၊ ငြီးငွေလာတော့၊ နိက္ခမ ထွက်လမ်းကိုရှာတယ်တဲ့၊ အဲဒီမှာ နိဿရဏထွက်လမ်းရသွားတယ်။

ပဇဟ နန္ဒီရာဂံ၊ နန္ဒီရာဂံ၊ နန္ဒီရာဂဆိုတဲ့အသားတစ်ဟူသောအပြစ်ကို။ ပဇဟ၊ ပယ်ပါ။ ဤကဲသို့အပြစ်ရှု၍ပယ်ပါလို့ မြတ်စွာဘုရားကဆိုလိုတာ၊ နန္ဒီရာဂပယ်လိုက်ပြီ ဘယ်လိုနည်းနဲ့ပယ်မတုန်း၊ အာဒီနဝ အပြစ်ရှု၍ပယ်ပါတယ်။ ကာမရာဂရဲ့အပြစ်ကိုကြပ်ကြပ်ရှု နန္ဒီရာဂကိုပယ်လိုက်တဲ့အခါကြတော့ ဘုန်းကြီးတို့ပရိသတ်များ နန္ဒီသမုဒယလား၊ နန္ဒီနိရောဓလား၊

(နန္ဒီနိရောဓပါဘုရား)

နန္ဒီရာဂအပြစ်တွေ ရပ်သွားတယ် ချုပ်သွားတယ်၊ ကာမဂုဏ်အပေါ်မှာ အပြစ်တွေ့တော့ နန္ဒီရာဂရပ်သွားပြီ။ အဲဒါကြောင့် နန္ဒီရောဓော ပုဏ္ဏာတိ ဝါဒါမိ။ ပုဏ္ဏောဝါဒသုတ်ကောက်နှုတ်ချက်၊ ပုဏ္ဏာ၊ ချစ်သား ပုဏ္ဏ။ နန္ဒီရော

ဓော၊ နန္ဒီရာဂချုပ်ငြိမ်းခြင်းကြောင့်။ ဒုက္ခနိရောဓော၊ ဒုက္ခတွေချုပ်ငြိမ်းတယ်။ ဣတိ၊ ဤသို့။ အဟံ၊ ငါဘုရားရှင်ကိုယ်တော်မြတ်သည်။ ဝဒါမိ၊ ကောင်းစွာ မသွေ ဟောကြားတော်မူခဲ့ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

နန္ဒီ သမုဒယာ ဒုက္ခသမုဒယော၊ နန္ဒီနိရောဓာ ဒုက္ခနိရောဓော၊ သစ္စာလေးချက်တခဲနက်မြင်လိုက်ရင် အဲဒီမှာ ရဟန္တာပဲတဲ့။ ဆိုလိုက်ပါ -

သားတစ်ဟူငြား၊ နန္ဒီထား၊ မှတ်သားဆယ့်လေးပါ။
သားတစ်ဟူသည်၊ ငြိကပ်သည်၊ ထို ဤဌာနမှာ။
ရာဂဟူသည်၊ ငြိကပ်သည်၊ ထို ဤဘဝမှာ။
နန္ဒီရာဂ၊ ပယ်စွန့်မှ၊ မုချချမ်းသာရာ။

အေး အသားတုံးနဲ့အိုးကင်းပူကပ်သလို ကပ်မနေဘူးဆိုရင် ချမ်းသာပြီပေါ့ ဟုတ်လား၊ (မှန်လှပါဘုရား) အေး တစ်ဆယ့်လေးခုမြောက်မေးခွန်းပြီးသွားပြီလို့ဆိုကြပါစို့နော်၊ တစ်ဆယ့်ငါးခုမြောက်မေးခွန်းကိုဆက်ကြရအောင်၊ တောင်ပို့ကြီးဆက်တူး အခုနန္ဒီရာဂလည်းပယ်ပြီးသွားပြီ ဘယ်နှယ်လုပ်ပယ်တုန်းဆိုတော့ အာဒီနဝကိုရှု၍ပယ်တယ်၊ ကာမရဲ့အပြစ်ကိုရှုပြီးတော့ ကာမပေါ်မှာကျရောက်နေတဲ့ နန္ဒီရာဂကိုပယ်တယ်၊ ခန္ဓာရဲ့အပြစ်ကိုရှုပြီးတော့ ခန္ဓာပေါ်မှာကျရောက်နေတဲ့ နန္ဒီရာဂကိုပယ်တယ်၊ ဘဝရဲ့အပြစ်တွေကိုရှုပြီး ဘဝပေါ်မှကျရောက်နေတဲ့နန္ဒီရာဂကိုပယ်တယ်၊ အဲဒီအခါ နန္ဒီနိရောဓာ ဒုက္ခနိရောဓောတဲ့၊ နိရောဓဆိုက်ပြီလဲဆိုရော အရဟန္တပဲ မဟုတ်လား။

၁၅-ခုမြောက် မေးခွန်းနှင့်အဖြေ

အဲဒါကြောင့် **အဘိက္ခဏာ သုမေဓ သတ္ထံ အာဒါယ**။ သုမေဓ၊ ပညာရှိတပည့်လုလင်။ သတ္ထံ၊ တူးရွင်းလက်နက်ကို။ အာဒါယ၊ စွဲကိုင်ပြီးတော့။ ဝမ္မိကံ၊ တောင်ပို့ကို။ အဘိက္ခဏာ၊ ဆက်၍သာတူးလိုက်ပါလေ။ တူရွင်းလက်နက်ဆွဲကိုင်ပြီးတော့ ဆက်တူး၊ တူးပါပြီဆရာ တောင်ပို့ထဲကဘာတွေ့တုန်းဆိုတော့ နာဂေါ ဘန္တေ၊ နာဂပါဆရာ၊ တောင်ပို့ထဲကဘာရတုန်း၊

(နာဂရပါတယ်ဘုရား)
နာဂဒီလောက်ပဲထား နဂါးအထိဘာသာမပြန်လိုက်နဲ့၊

နာဂဆိုတာဘာလဲ

နာဂပုဒ်သည် နဂါးအဓိပ္ပါယ်လည်းရတယ်၊ နာဂ ပဉ္စင်းလောင်းဆိုတဲ့ အဓိပ္ပါယ်လည်းရပါတယ်၊ ဦးနာဂဆိုတဲ့အဓိပ္ပါယ်လဲရပါတယ်၊ ပြီးတော့ နာဂရဟန္တာဆိုတဲ့အဓိပ္ပါယ်လည်းရပါတယ်၊ ဒီနေရာမှာ ပဉ္စင်းလောင်းလည်း မဟုတ်ဘူး၊ နဂါးကြီးလဲမဟုတ်ဘူး၊ နာဂဆိုတာဘာတဲ့တုန်း၊ အရှင်ကုမာရကဿပက မြတ်စွာ ဘုရားကိုမေးတယ်တဲ့ -

ကော နု ခေါ ဘန္တေ နာဂေါ၊

ဘန္တေ၊ ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား၊ တောင်ပို့ထဲတပည့်တော်ဆက်တူးတော့ တပည့်တော်နာဂတွေ့ပါတယ်ဘုရား၊ နာဂေါ၊ နာဂဆိုသည်ကား၊ ကော၊ အဘယ်ပါနည်းမြတ်စွာဘုရား။ အရှင်ကုမာရကဿပက နာဂဆိုတာဘာလဲလို့ မြတ်စွာဘုရားကိုမေးလျှောက်တော့ မြတ်စွာဘုရားက-

နာဂေါတိ ခေါ ဘိက္ခု ခီဏာ သဝသေတံ အဓိဝစနံ။ [၁]

ဘိက္ခု၊ ချစ်သားကုမာရကဿပ။ နာဂေါတိ ဧတံ အဓိဝစနံ၊ နာဂဟူသောဤစကားရပ်သည်။ ခီဏာသဝဿ၊ ရဟန္တာပုဂ္ဂိုလ်ရဲ့။ အဓိဝစနံ၊ အမည်ပါပေတည်း။ နာဂဆိုတာ နဂါးမဟုတ်ဘူး နာဂဆိုတာ ရဟန္တာ၊ သစ္စာလေးပါးသိတော့ ရဟန္တာမနေဘူးလား၊ သစ္စာလေးချက်တခဲနက် ကောင်းစွာထင်ထင်သိမြင်သွားတဲ့အတွက်ကြောင့် ရဟန္တာဖြစ်တယ်၊ နာဂေါ တိ ဧတံ အဓိဝစနံ၊ နာဂတွေ့တယ်ဆိုတာကတခြားတွေ့တာမဟုတ်ဘူး။ ခီဏာသဝဿ၊ ရဟန္တာပုဂ္ဂိုလ်ရဲ့။ အဓိဝစနံ၊ အမည်ပါပေတည်း။ နာဂတွေ့ဆိုတာ ရဟန္တာဖြစ်ပြီလို့ ဒီလိုဆိုလိုတာ။ အဲဒီနာဂတွေ့ တပည့်တော်တို့ဘာဆက်လုပ်ရမှာတုန်း တူရွင်းပြားကြီးနဲ့ကော်ပစ်ရမှာလား။

၁။ မ၊ ၁။ ၁၉၈

တိဋ္ဌတု နာဂေါ မာ နာဂံ ယဒ္ဓေသိ၊ နမော ကရော ဟိ နာဂဿ။

ဘိက္ခု၊ ချစ်သားကုမာရကဿပ။ နာဂေါ၊ နာဂမည်သော ရဟန္တာကြီးသည်။ တိဋ္ဌတု၊ တည်ပါစေ ရှိပါစေ။ ရဟန္တာဖြစ်ပြီဆိုရင်တော်တော့်တဲ့ ရှေ့ဆက်မတူးနဲ့တော့၊ ရဟန္တာဖြစ်ရင် တူးရအုံးမလား၊ (မတူးရပါဘုရား) အေးမဖြစ်သေးရင်တော့ တူးအုံးပေါ့၊ ဖားတွေ့မလား လိပ်တွေ့မလား တွေ့ချင်ရာတွေ့၊ ရဟန္တာမဖြစ်ခင်တူးတဲ့၊ ရဟန္တာဖြစ်ရင်၊ (မတူးရပါဘုရား)။ ဒါကြောင့် တိဋ္ဌတု နာဂေါ၊ နာဂဖြစ်ရင် ဒီအတိုင်းထားရပ်တော့၊ တိဋ္ဌတု၊ ရပ်လော၊ နာဂေါ၊ နာဂသည်။ တိဋ္ဌတု၊ တည်ပါစေ။ တိဋ္ဌတု၊ နေပစေ ရှေ့ဆက်မတူးနဲ့ ဤနေရာမှာရပ်ထား။ မာ နာဂံ ယဒ္ဓေသိ။ နာဂံ၊ နာဂခေါ်တဲ့ရဟန္တာကြီးကို။ မာယဒ္ဓေသိ၊ မပုတ်ခတ်နဲ့။ နာဂဆိုတဲ့ရဟန္တာကြီး ချစ်သားတို့မပုတ်ခတ်လိုက်နဲ့ မထိပါးလိုက်ပါနဲ့ မစော်ကားလိုက်ပါနဲ့၊ တူရွင်းပြားနဲ့မကော်လိုက်ပါနဲ့၊ ဘာလုပ်ရမှာတုန်းဆိုတော့၊ နမော ကရောဟိ နာဂဿ၊ နာဂဿ၊ နာဂခေါ်ဆိုရဟန္တာပုဂ္ဂိုလ်သူမြတ်အား။ နမော၊ ရှိခိုးခြင်းကို။ ကရောဟိ၊ ရှိခိုးပါလေ။ ရဟန္တာဖြစ်ပြီဆိုရင် ထိုင်သာရှိခိုးပေတော့၊ တူးပစ်ရမလား၊

(မတူးရပါဘုရား)

မတူးနဲ့ရှေ့ဆက်မတူးနဲ့ နမော ကရောဟိ နာဂဿ အဲဒီနာဂခေါ်တဲ့ ရဟန္တာမထေရ်ကိုရှိခိုးတဲ့ ဟုတ်လား၊ (မှန်လှပါဘုရား) ဒီတော့ ရဟန္တာပုဂ္ဂိုလ်ကို ဘယ်နှယ်ကြောင့်ရဟန္တာပုဂ္ဂိုလ်ခေါ်ဆိုရတုန်းဆိုတော့-

နာဂခေါ်ပုံအမျိုးမျိုး

ဆန္ဒာဒီဟိ နု ဂစ္ဆန္တီတိ နာဂါ။ [၂]

ဆန္ဒဉ္စ ဒေါသဉ္စ မောဟဉ္စ ဘယဉ္စ၊ ဆန္ဒ ဒေါသ မောဟ ဘယဆိုတဲ့ စတ္တာရော အဂတိယော၊ လေးပါးသောအဂတိတို့ကို။ နဂစ္ဆန္တီတိ၊ မလိုက်တတ်သည်၏အဖြစ်ကြောင့်။ နာဂေါ၊ နာဂ ခေါ်တယ်။ နဂစ္ဆန္တီတိ နာဂေါ၊ နဂစ္ဆတီတိ နာဂေါ။ ဆန္ဒ ဒေါသ မောဟ ဘယာဆိုတဲ့ အဂတိလေးပါး စတ္တာရော အဂ

၁။ မ၊ ၁။ ၁၉၈ ၂။ မ၊ ဋ၊ ၁။ ၁၅၇

တိယော၊ အဂတိလေးပါးတို့ကို။ နဂစ္ဆတိ၊ မလိုက်ဘူး။ အဂတိလေးပါးကို မလိုက် စားတဲ့အတွက်ကြောင့်နာဂလို့ခေါ်တယ်။ ရဟန္တာပုဂ္ဂိုလ်ဟာအဂတိ လေးပါးမလိုက်စားလို့နာဂခေါ်တယ်။

နာဂဟူငြား၊ ရဟန္တာထား၊ မှတ်သား (၁၅)ပါ။
အဂတိလေးပါး၊ မလိုက်စား၊ မှတ်သားနာဂပါ။ (၃)ခေါက်ဆို။

အဂတိလေးပါးမလိုက်စားတဲ့အတွက်ကြောင့် နာဂလို့ခေါ်တယ်၊ ရဟန္တာနော်၊ (မှန်လှပါဘုရား) နောက် ဒုတိယနာဂခေါ်ရခြင်းရဲ့အကြောင်းက-

(ကိလေသဝဿံ) နာဂစ္ဆတီတိ နာဂေါ။ [၁]

ကိလေသာရဲ့အလိုကိုမလိုက် တော့ဘူး အဲဒါကြောင့် နာဂခေါ်သတဲ့၊ ကိလေသာကုန်ပြီဆိုတော့ ကိလေသာ အလိုကိုလိုက်စရာလိုသေးသလား၊ ကိလေသာနောက်ကိုဘယ်တော့မှမလိုက် လို့ နာဂ ခေါ်တာ။

ကိလေသာကို၊ မလိုက်လို၊ ခေါ်ဆိုနာဂပါ။

အေး ကိလေသာအလိုမလိုက်လို့ ကိလေသာနောက်ကိုမလိုက်လို့ နာဂခေါ်တယ်။ အဂတိလေးပါး မလိုက်စားလို့လည်း နာဂခေါ်တယ်၊ ကိလေသာရဲ့အလိုကိုမလိုက်တဲ့အတွက်ကြောင့်လည်း နာဂခေါ်တယ်။ နောက် တတိယနည်းက၊

အာဂုံ (ပါပံ) န ကရောတီတိ နာဂေါ။ [၂]

အပြစ်မှန်သမျှ မပြုတော့တဲ့ အတွက်ကြောင့် နာဂခေါ်တယ်။

အပြစ်ထိုထို၊ မပြုလို၊ ခေါ်ဆိုနာဂပါ။

အပြစ်မှန်သမျှ မပြုတဲ့အတွက်ကြောင့် နာဂခေါ်တယ်။ အဲဒီနာဂဖြစ်ပြီဆိုလို့ရှိရင် ဤဂုဏ်ထူး ၃ ပါးနဲ့ပြည့်စုံတဲ့နာဂပုဂ္ဂိုလ်ကြီးဖြစ်ပြီဆိုရင် ဆက်တူးရအုံးမလား၊

(မတူးရပါဘုရား)၊

၁။ ၂။ မဟာနိဒ္ဒေသ ၁၅၅-၁၅၆

မတူးနဲ့တော့တဲ့ နာဂဖြစ်ရင် ကိစ္စပြီးသွားပြီ ထိုနာဂကိုရှိခိုးရမယ်။ နမော ကရောဟိ နာဂဿ၊ နာဂဿ၊ နာဂခေါ်ဆို ရဟန္တာပုဂ္ဂိုလ်အရှင်သူမြတ်အား။ နမော၊ ရှိခိုးခြင်းကို။ ကရောဟိ၊ ပြုပါ။ တိဋ္ဌတု နာဂေါ၊ နာဂဒီအတိုင်းရှိပါစေတော့၊ မာ နာဂံ ယဒ္ဓေသိ၊ နာဂခေါ်ဆို ရဟန္တာအရှင်မြတ်အား မပုတ်ခတ်ပါနဲ့လို့ မြတ်စွာဘုရားကနိဂုံးချုပ်မှာလိုက်တယ်၊ ဒါကြောင့် ဤစာပိုဒ်ကလေးများရဲ့အဓိပ္ပါယ်ကို တစ်ပိုဒ်ထဲစုပြီးတော့ဆိုလိုက်ကြပါ-

ရဟန္တာအား၊ မထိပါး၊ ဝပ်တွားရှိခိုးပါ။

နာဂခေါ်ဆို ပုဂ္ဂိုလ်သူမြတ် ရဟန္တာမထေရ်အား ရှိခိုးပါလို့ မြတ်စွာဘုရားက မိန့်တော်မူလိုက်တော့ အရှင်ကုမာရကဿပမထေရ်ဟာ တရားအားထုတ်ရမည့်အစီအစဉ်အပြည့်အစုံရတော့ မြတ်စွာဘုရားကိုယ်တော်မြတ်ထံမှောက်ကနေ မြတ်စွာဘုရားကို လက်အုပ်ချီမိုး ရှိခိုးပြီးတော့ ဖဲ့သွားတယ်။ ဤဝမ္မိကသုတ္တန်က အချက်အလက်များကိုမှတ်သား၊ အန္ဓဝန်တောအုပ်မှာ ချဉ်းကပ်လို့ ရဟန်းတရားကို ဝမ္မိကသုတ်တော်လာသည့်အတိုင်း ပွားများကြိုးကုတ် အားထုတ်တော်မူရာ အရှင်ကုမာရကဿပမထေရ် မကြာခင် အာသဝေါကင်းကွာ ရဟန္တာဖြစ်တော်မူတယ်။

ဣဒမဝေါစ ဘဂဝါ။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်သည်။ ဧတံ ဝစနံ၊ ဤစကားကို။ အဝေါစ၊ မိန့်ကြားတော်မူခဲ့ပါပေ၏။ အာယသ္မာကုမာရကဿပေါ၊ အရှင်ကုမာရကဿပမထေရ်သည်။ ဘဂဝါ၊ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်၏။ (ဝါ) သည်။ ဘာသိတံ၊ ဟောကြားတော်မူအပ်သော။ ဣမံ ဝမ္မိကသုတ္တံ၊ ဤဝမ္မိကသုတ္တန်လာ ဓမ္မကထာဒေသနာကို။ အဘိနန္ဒိတုံ၊ ကောင်းပေစွဘုရားလို့ နှစ်သက်ဝမ်းသာလက်ခံတော်မူခဲ့ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

အဘိနန္ဒိတွာ၊ နှစ်သက်သည်ဖြစ်၍၊ ဘဂဝန္တံ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကို။ အဘိဝါဒေတွာ၊ အလွန်အလွန်ရိုသေစွာရှိခိုး၍။ ပဒက္ခိဏံ ကတွာ၊ သုံးကြိမ်လှည့်လည်၍။ ပဒက္ခိဏံ ကတွာ၊ လက်ျာ

ရစ်သုံးကြိမ်လှည့်ကာ အရိုအသေပြုပြီးတော့။ ပက္ကာမိ၊ ဖဲ့ခွာတော်မူခဲ့လေပြီ။ ပက္ကာမိ၊ ဖဲ့ခွာတော်မူခဲ့၍။ အန္ဓဝနေ၊ အန္ဓဝန်တောအုပ်ကြီး၌။ ဝိဟာရန္တေ၊ သီတင်းသုံးနေတော်မူလျက်။ ဒေသနာနုသာရေန၊ ဝမ္မိကသုတ္တန်ဒေသနာတော် အား အစဉ်လျှောက်သဖြင့်။ ဓမ္မံ၊ ရဟန်းတရားကို။ ပစ္စဝေက္ခန္တော၊ ဆင်ခြင်ကြိုးကုတ် ပွားများအားထုတ်တော်မူခဲ့ရာ။ နှ စိရနေဝ၊ မကြာမြင့်သောကာလမှာပင်လျှင်။ ကုမာရကဿပေါ။ အရှင်ကုမာရကဿပမထေရ်ကြီးသည်။ ဆဋ္ဌာဘိညာဟိ စ၊ အဘိညာဉ်ခြောက်ပါးတရားတို့နှင့်လည်းကောင်း။ သဟ ပဋိသမ္ဘိဒါဟိ စ၊ ပဋိသမ္ဘိဒါဉာဏ်လေးပါးတို့နှင့်လည်းကောင်း။ အဋ္ဌသမာပတ္တိ စ၊ ဃမာပတ်အတွက်(၈)ပါးတို့နှင့်လည်းကောင်း။ သဟ၊ အတူတကွ။ အရဟတ္တံ၊ အာသဝေါကင်းကွာ ရဟန္တာအရှင်သူမြတ်အဖြစ်သို့။ သမ္ပာပုဏိ၊ ကောင်းစွာမသွေ ဆိုက်ရောက်တော်မူခဲ့ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

ဤသုတ္တန်ကိုနှုတ်ငုံဆောင် အန္ဓဝန်တောအုပ်ကိုကြွပြီးတရားအားထုတ် မကြာမီ အရှင်ကုမာရကဿပမထေရ်သည် ရဟန္တာအဖြစ်သို့ ဆိုက်ရောက်တော်မူပါတယ်။ နာဂဖြစ်သွားတယ်။ နာဂဖြစ်ပြီဆိုရင် နာဂကိုရှိခိုးပြီး ဘုန်းကြီးတို့တရားသိမ်းကြရအောင်။

ဗုဒ္ဓါ သော ဘဂဝါ ဗောဓာယ ဓမ္မံ ဒေသေတိ၊
ဒန္တော သော ဘဂဝါ ဒမထာယ ဓမ္မံ ဒေသေတိ၊
သန္တော သော ဘဂဝါ သမထာယ ဓမ္မံ ဒေသေတိ၊
တိဏ္ဏော သော ဘဂဝါ တရဏာယ ဓမ္မံ ဒေသေတိ၊
ပရိနိဗ္ဗုတော သော ဘဂဝါ ပရိနိဗ္ဗာနာယ ဓမ္မံ ဒေသေတိ၊
တံ လောကံ သရဏံ နမေ။

အဋ္ဌကထာမှ နာဂအားရှိခိုးရမယ်ဆိုတော့ ရှိခိုးပုံရှိခိုးနည်းကို ဤအတိုင်းဘဲဖွင့်ပြထားပါတယ်။

သောဘဂဝါ၊ ထိုဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ ဗုဒ္ဓါ မိမိကိုယ်တော်တိုင် သစ္စာလေးရပ် သစ္စာလေးပါး မြတ်

တရားကို ပြတ်သားထင်ထင် ကိုယ်တော်တိုင်သိမြင်တော်မူခဲ့ပြီးသည်ဖြစ်၍။ ဗောဓာယ၊ ဝေနေယျများစွာ သတ္တဝါအပေါင်းတို့ ကိုယ်တော်အထံသို့ သစ္စာလေးပါး မြတ်တရားသိရှိနားလည်ပါစေခြင်းအကျိုးငှါ။ ဓမ္မံ၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်စေကြောင်း ကောင်းမြတ်သောတရားကို။ ဒေသေတိ၊ ကရုဏာရှေ့ရှု ဟောကြားတော်မူခဲ့ပါပေ၏။

သောဘဂဝါ၊ ထိုဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ ဒန္တော၊ မိမိကိုယ်တော်တိုင်က ကိုယ် နှုတ် နှလုံးကောင်းစွာယဉ်ကျေးအောင်ဆုံးမခဲ့ပြီးသည်ဖြစ်၍။ ဒမထာယ၊ ဝေနေယျများစွာ သတ္တဝါအပေါင်းတို့ ကိုယ့်တော်ထပ်တူ ယဉ်ကျေးပါစေခြင်းအကျိုးငှါ။ ဓမ္မံ ယဉ်ကျေးကြောင့် တရားကောင်းကို။ ဒေသေတိ၊ ဟောကြားတော်မူခဲ့ပါပေ၏။

သော ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ သန္တော၊ မိမိကိုယ်တော်တိုင်က သခ်ၤါရခပ်သိမ်း အေးငြိမ်းခဲ့ပြီးသည်ဖြစ်၍၊ သမထာယ၊ ဝေနေယျများစွာ သတ္တဝါအပေါင်းတို့ သခ်ၤါရခပ်သိမ်းမှ အေးငြိမ်းပါစေခြင်းအကျိုးငှါ။ ဓမ္မံ၊ သခ်ၤါရခပ်သိမ်း ငြိမ်းရာငြိမ်းကြောင်း တရားအပေါင်းကို။ ဒေသေတိ၊ ကရုဏာရှေ့ရှု ဟောကြားတော်မူခဲ့ပါပေ၏။

သော ဘဂဝါ၊ ထို ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ တိဏ္ဏော၊ မိမိကိုယ်တော်တိုင်က သြဃလေးဖြာ သံသရာခရီးခဲကို ကူးမြောက်တော်မူခဲ့ပြီးသည်ဖြစ်၍။ (ဝါ) သံသရာပင်လယ်ပြင်ကြီးကို ကူးမြောက်တော်မူခဲ့ပြီးသည်ဖြစ်၍။ တရဏာယ၊ ဝေနေယျများစွာ သတ္တဝါအပေါင်းတို့ ကိုယ့်တော်ထပ်တူ သံသရာခရီးခဲကို ကူးမြောက်ပါစေခြင်းအကျိုးငှါ။ ဓမ္မံ၊ သြဃလေးဖြာ သံသရာကူးရာ ကူးကြောင်း တရားကောင်းကို။ ဒေသေတိ၊ ကရုဏာရှေ့ရှု ဟောကြားတော်မူခဲ့ပါပေ၏။

သော ဘဂဝါ၊ ထို ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ ပရိနိဗ္ဗုတော၊ မိမိကိုယ်တော်တိုင်က ခန္ဓာနဲ့ ကိလေသာ ဤနှစ်ဖြာ ငြိမ်းတော်မူခဲ့ပြီးသည်ဖြစ်၍။ (ဝါ) ခန္ဓပရိနိဗ္ဗာန် ကိလေသပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ဘဝဇာတ်ရုတ်သိမ်းတော်မူခဲ့ပြီးသည်ဖြစ်၍။ ပရိနိဗ္ဗာနာယ၊ ဝေ

နေယျများစွာ သတ္တဝါအပေါင်းတို့ ကိုယ်တော်ထပ်တူ ခန္ဓပရိနိဗ္ဗာန် ကိလေသပရိနိဗ္ဗာန် ပရိနိဗ္ဗာန်နှစ်တန်ဖြင့် ဝင်စံချုပ်ငြိမ်း ရုတ်သိမ်းကြပါစေခြင်းအကျိုးငှါ။ (၀၂) ဘဝဇာတ်ချုပ်ငြိမ်း ရုတ်သိမ်းကြပါစေခြင်းအကျိုးငှါ။ ဓမ္မံ၊ ငြိမ်းရာငြိမ်းကြောင်းတရားကောင်းတွေကို။ ဒေသေတိ၊ ကရုဏာရှေရှု ဟောကြားတော်မူခဲ့ပါပေ၏။

ဧဝမာဒိဂုဏ္ဍူပေတံ၊ ဤသို့ဆိုအပ်ပြီးသောဂုဏ်အပေါင်းနှင့်ပြည့်စုံတော်မူသော။ တံ ဗုဒ္ဓနာဂံ၊ ထိုဗုဒ္ဓနာဂအမည်ရပေသော။ လောကသရဏံ၊ လောကသုံးပါးရဲ့ကိုယ်စားရာစင်စစ်ဖြစ်တော်မူသော။ ဘဂဝန္တံ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်ကို။ မယံ၊ တရားဟောပုဂ္ဂိုလ် တရားနာပုဂ္ဂိုလ်ဆိုကြကုန်သော ထိုထိုများစွာ ငါးခန္ဓာကို သူငါသမုတ် အကျွန်ုပ်တို့သည်။ နမေ နမာမ၊ ကိုယ် နှုတ် နှလုံးသုံးပါးပြောင်းပျော့ မာန်ကိုလျော့၍ ကန်တော့မြတ်နိုး လက်စုံမိုးကား ရှိခိုးကန်တော့ကြပါကုန်စို့.မြတ်စွာဘုရား။ သာဓု သာဓု သာဓုပါဘုရား။

ဝမ္မိကသုတ္တန်တရားတော်ပြီး၏

Ciraṃ tiṭṭhatu lokasmiṃ,
sammāsambuddhasāsanaṃ
Tasmiṃ sagāravā niccaṃ,
hontu sabbepi pāṇino.

Sītagū
International Buddhist
Academy

ဒီဇိုင်း - သီတဂူမောင်မျိုး